www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁၉၉၁-ခုနှစ်၊ ဩဂုတ်လတွင် စတင်ထုတ်ဝေသည့်

ဒီဒီး(နီကွန်)စိစစ်တည်းဖြတ်သည့်

# ဂန္ဓာရ မဂ္ဂဇင်း


**အကြံပေး**

ဦးစိန်မျိုးမြင့်

ဆရာရန်အောင်ဟိန်း(B.Sc)

**အယ်ဒီတာ**

မောင်မောင်လတ်

အမှတ်(၂၆၉)၊ ၂၀၁၇ ဒီဇင်ဘာလ



၆။ ဗိုလ်တထောင် ကိုဦး

ရွှေဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ဒင်းမဲ (သို့မဟုတ်) ကျိုက်ဒေးခလုတ်စေတီတော်

၁၆။ မောင်ထည်ဝါ(ပျော်ဘွယ်)

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့

ကျက်သရေဆောင်

စူဠာမုနိစေတီတော် သာသနာ့နယ်မြေ

၂၄။ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ရွှေဟောင်းသမိုင်းဝင်

ထားဝယ်ရှင်ကိုးရှင်ဘုရားဖူးခရီး

၃၂။ နဂါးဗိုလ်မောင်မောင်သက်

ဘုရားလောင်း ငါးရံ့မင်းတောင်

၃၈။ မြမဥ္ဇူဝေ(ကျုံမငေး)

သံတွဲမြို့ရှိ သမိုင်းဝင်

ဗျာဒိတ်ပေး တန့်တော်မူစေတီတော်

၄၂။ တေဇအောင်

အလောင်းတော်ကဿပရှင်းတမ်း

၄၆။ ကိုမောင်သန်းဝင်း

နမောတဿဟူသည်

၅၂။ ကိုရွှေမြသန်း(သမိုင်း)

တရားသေလို့ သပိတ်သွတ်ခဲ့သူ

၅၅။ မောင်ဉာဏ်လင်း(တောင်ကုတ်)

ချုပ်နှောင်ခြင်း၊ လွတ်မြောက်ခြင်းနှင့် မောရသုတ်ပရိတ်တော်

၆၀။ ထက်ဘုန်းလှူ

သိမှု မသိမှုနှင့် သဒ္ဒါပညာ ပြဋ္ဌာန်းရာ

၆၄။ ဓမ္မာစရိယသန်းထွန်း

ထင်ရှားကျော်ကြား

သာမဏေများ(၁၂)






www.burmeseclassic.com

www.burmeseclassic.com

၇၀။ လှကျော်ညွန့်(ရေကင်း)
သူတော်အလုပ် မယုတ်စေရာ
၇၅။ မောင်ဉာဏ်စိန်
ကြွက်သေတစ်ခု အရင်းပြု၍
သူဌေးဖြစ်အောင် လုပ်နည်း
၇၈။ ရဲမြတ်တင်
ကပ်ကြီး(၃)ပါး
၈၄။ မောင်ကောင်းထက်(ကျောက်တံတား)
အကျိုးပေးမြန်သည့် ဂါထာပြန်









၈၈။ စကြာကောင်းစံ
အဘအောင်မင်းခေါင် ရေးတဲ့ စာတွေ
၉၄။ ရန်နိုင်
သုံးဘွဲ့ရပုဂ္ဂိုလ်မော် ဟိုးလေးတကျော်
၁၀၀။ ရေနံ့သာ အောင်ချမ်းဇော်
အသုဘရုပ်အလောင်းနှင့် ကောင်းမှုကုသိုလ်
၁၀၈။ ဂမ္ဘီရ ဆရာလှမျိုး(B.Sc)
ထူးထူးခြားခြား ကျောက်လက်ဝါးများ
၁၁၄။ အောင်မော်စံဆရာတော်(ကချင်ပြည်နယ်)
ကျောက်စိမ်းကျိန်စာ
၁၁၈။ ပုရောဟိတ် ဆရာဦးမြတ်စံ
သစ်ပုပ်ပင် သက်သေတည်
နွားမသားဝှက် ဂါထာကူညီ
၁၂၀။ ပုရောဟိတ် ဆရာဦးမြတ်စံ
သရဏဂုံ ကိုယ်လုံးခြုံအင်း
၁၂၄။ ဂမ္ဘီရဆရာလှမျိုး(B.Sc)
မြန်မာ့ရိုးရာ ကံကြမ္မာပြ ဇယားဇေဒင်
၁၂၈။ မင်းနေထွန်း(ကန့်ဘလူ)
ဆီမီးခွက်အောက် အလင်းရောက်ခြင်း
၁၃၂။ သာထက်ဇော်(မကွေး)
သင့်အိမ်ထောင်ဖက် ဟုတ်,မဟုတ်
၁၃၆။ ဦးတိုး(တက္ကသိုလ)
ထီတစ်ကိုယ်တည်းထိုးမလား၊
ထီစပ်တူထိုးမလား
၁၄၄။ မင်းမဟော်ညွန့်
နက္ခတ်ကောဇာ ရက်မြတ်ကောင်း အချိန်အခါ
၁၅၀။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ
၁၅၆။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်
၁၆၂။ ဆရာရန်အောင်ဟိန်း(B.Sc)
ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လက်နှင့် မွန်းတည့်မျဉ်းဖြတ်ဇယား
၁၆၄။ ဆရာရန်အောင်ဟိန်း(B.Sc)
ဒုတိယအိမ်ထောင် ကျမည်လားနှင့်
ခရစ်ရှနားမူတီးပဒ္ဓတိ
ရှေ့ဆောင်နက္ခတ်ဗေဒင်ပညာ
၁၆၈။ မောင်ဝဏ္ဏ(IC)
ကျွန်ုပ်တို့ ကျန်းမာဖို့
ဘာတွေကို ဘယ်လောက်စားသင့်ပါသလဲ

www.burmeseclassic.com



၁၇၂။ ဟိန်း(ဘူမိ)
ချယ်ရီသီးနှင့် တရုတ်ဆီးသီးတို့၏
ကျန်းမာရေးအကျိုးကျေးဇူးများ

၁၇၇။ ဆရာဦးသီဟ(တိုင်းရင်းဆေး)
အမျိုးသားများ သတိထား ဆင်ခြင်ရမည့်
ပန်းသေ ပန်းညှိုးရောဂါ

BURMESE CLASSIC

၁၈၀။ ရွှေတိုင်ခင်မောင်ထွေး
တောရွာလေ့၊ တောရွာဘဝ ကြည်နူးသာယာလှ

၁၈၂။ ကိုကိုလတ်(ဆည်မြောင်း)
ဖူးဆည်မှ ထူးရှယ်နတ်ဆေး

၁၈၈။ ရှင်ထွေးအောင်
အသွားမတော်တစ်လှမ်း
အပြောမတော်တော့တစ်ခွန်း

၁၉၆။ ညွှန့်ညွှန့်(ကသာ)
တိုက်ဆိုင်တာပဲလား ထိရောက်မှုပဲလား

၂၀၀။ ဖျာပုံ ရည်လွင်အောင်
သိုက်နန်းပြန်ချိန်

၂၀၈။ ချစ်မင်းသူ
ဂန္ဓာရီခရီးသွား

၂၁၈။ ဦးကိုကိုကြီး(စစ်ဆေးရေး)
အမေကြမ်း ရောက်ခဲ့သည့် တစ္ဆေပြည်

၂၂၂။ မျိုးကြီး(အမရပူရနေ)
ရင်သွေးနိမိတ်

၂၂၆။ ရှစ်ခွင်ကျော်(ဖောင်တော်သီ)
ခြေရာထင်၍ လူမမြင်ပါ

၂၃၂။ ဂါဦးနွန်းကို
နတ်တောင်ပေါ်က တစ်ယောက်သောသူ

၂၄၆။ အောင်ချိန်ဘွား
အော်သံ

၂၅၀။ ဒါရိုက်တာမျိုးဇော်အောင်
ပရလောကသူနှင့် တစ်ခဏတာ

၂၅၆။ ထွန်းတောက်
ကံစီရွာက သွေးစက်များ၏
ရင်နင့်ဖွယ် ဆိုးကျိုးကြီး

၂၆၄။ မောင်ဒသသန(ဆင်ဖြူကျွန်း)
နှလုံးသားထက်က ကမ္ပည်းအက္ခရာ

၂၇၈။ ဂမ္ဘီရလူမော်
ကပ်ပါးဝိညာဉ်

၂၈၂။ ဆန်းဝင်း(အောင်မြေ)
သေနတ်ပြီးသောအင်း

၂၉၀။ စိုးယဉ်ထွန်း
စွဲလမ်းမှု၏ဒဏ်

၂၉၇။ တက္ကသိုလ်အပန်ငယ်
ဘယ်ကိုသွားမှာလဲ

၃၀၀။ ကောင်းသော်
အပြန်လမ်း

**ထုတ်ဝေသူ** – ဦးသန်းဦး(မြဲ–၀၀၅၃၆) ၊ **ဂမ္ဘီရ Logo** – မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဇေပြိုး
**အတွင်းသရုပ်ဖော်** – ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ညွှန့်နိုင်လှ၊ ဇော်ညွှန့်ဖေ၊ မိုးကျော်၊ ကျော်စိုးညိန်း၊ ဇော်လွင်
**အတွင်းသားဖလင်**–STARS။ **စာအုပ်ချုပ်**–အဂျေ။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**– ၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြဲ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြဲ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့
**အယ်ဒီတာအဖွဲ့ရုံး** ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ (၀၁) ၃၇၄၅၄၅ ၊ 📱 ၀၉ ၂၆၀၀ ၈၅ ၈၆၀

www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်းသမိုင်းဝင်

ဗိုလ်တာထောင်ကိုဦး

# ဆံတော်ရှင်ကျိုက်ဒင်းမဲ (သို့မဟုတ်) ကျိုက်ဒေးခလုတ်စေတီတော်

ဝေပုလ္လပ်တ္တမြားရတနာကို အကြောင်းပြု၍ သာသနာသက္ကရာဇ် (၂၃၉)ခုနှစ်တွင် သီဟိုဠ်ပြည်မှ ဒေဝါနံပီယတိဿမင်းကြီးသည် ရဟန္တာအရှင်မြတ်များဖြစ်သော အရှင်ယသ၊ အရှင်သောဏ၊ အရှင်သုစိ ဦးဆောင်သော ရဟန္တာအရှင်မြတ် ရှစ်ပါးအား စေလွှတ်ခဲ့ရာ ရဟန္တာတို့သည် သီဟဒီပကျွန်းသို့ ရောက်ရှိလာခဲ့ကြ၏။ သီဟဒီပကျွန်း အရှင်ဘောဂသေနတိဿ သီဟဒီပဓမ္မရာဇာမင်းအား အကျိုးအကြောင်း ပြောပြကာ သီဟိုဠ်မင်းထံမှ ပါးလိုက်သည့် ဓမ္မလက်ဆောင်အဖြစ် မြတ်စွာဘုရားရှင်၏ ဆံတော်(၁၆)ဆူနှင့် သရီရဓာတ်တော် (၃၂)ဆူတို့ကို ပေးအပ်လေ၏။ သီဟဒီပမင်း၏ လျှောက်ထားတောင်းပန်မှုကြောင့် ရဟန္တာအရှင်မြတ် ရှစ်ပါးသည် သီဟဒီပကျွန်းသို့ သာသနာပြုရန် တစ်ဖန်ကြွရောက်လာကြလေ၏။

မင်းနှင့်တကွ ပြည်သူအပေါင်းသည် ဗုဒ္ဓမြတ်စွာ၏ ဆံတော်နှင့် သရီရဓာတ်တော်တို့ကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ပူဇော်ခွင့်ရသည့်အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရ၏။ အရှင်မြတ်တို့၏ ဟောကြားချီးမြှင့်သော တရားဒေသနာကို နာယူခွင့်ရကြ၍ ဗုဒ္ဓသာသနာတော်၌ ပိုမိုသက်ဝင်ယုံကြည် ကိုးကွယ်လာကြလေ၏။

မင်းကြီးသည် ရဟန္တာအရှင်မြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံဖြင့် လှူဒါန်းပူဇော်လေ၏။ ဗုဒ္ဓမြတ်စွာ၏ ဆံတော်နှင့် ဓာတ်တော်တို့ကို မည်သည့်အရပ် မည်သည့်ဌာနတွင် ဌာပနာပြု စေတီတည်ထားပါက နောင်အရှည် သာသနာတည်တံ့နိုင်မည့်အကြောင်း မေးမြန်းလျှောက်ထားလေ၏။

အရှင်ပဿမထေရ်သည် ဗုဒ္ဓဘုရားရှင် ဗျာဒိတ်ထားတော်မူခဲ့သည့်အတိုင်း တိဂုံဆံတော်ရှင်တည်ရှိရာ သိင်္ဂုတ္တရကုန်းတော်ကို ဝန်းရံပတ်သည့် ကုန်းတော်တို့၌ စေတီများတည်ထားရန် မိန့်ဆို၏။

## ပထမ ပတိတကုန်းတော်တွင် ဦးစွာစေတီတည်ခြင်း

ရဟန္တာအရှင်မြတ်၏ ညွှန်ကြားမိန့်ဆိုမှုကြောင့် သီဟဒီပမင်းကြီးသည် ဦးစွာပထမ သိင်္ဂုတ္တရကုန်းတော်၏ အရှေ့မြောက်ယွန်းယွန်းအရပ်ရှိ ပထမပတိတကုန်းတော်တွင် စေတီတည်ထားတော်မူလေ၏။



အရုပ်စံတန်ဆောင်းအတွင်း ပူဇော်ထားသည့် ဗုဒ္ဓမြတ်စွာ

ပတိတကုန်းတော် ဆိုသည်မှာ ဂေါတမဘုရားအလောင်းတော် ဟင်္သာမင်းဘဝဖြစ်စဉ်က ဟင်္သာအပေါင်းနှင့် သမုဒ္ဒရာကို ဖြတ်သန်းခိုက် လေပြင်းမုန်တိုင်းဒဏ် ကြုံတွေ့ခဲ့ရ၏။ လေပြင်းဒဏ်ကြောင့် ရေသို့ကျခဲ့ရ၏။ နောင်အခါ ပင်လယ်ရေများ ဆုတ်ယုတ်လျက် ကုန်းမြေအဖြစ် ပေါ်လာ၏။ ဘုရားအလောင်းတော် ရေသို့ကျခဲ့ရာ နေရာသည် ပထမဦးစွာ ကုန်းမြေအဖြစ် ပေါ်လာခြင်း



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ၄င်းကုန်းကို ပထမ ပတိတကုန်းတော်ဟု ခေါ်တွင်ခဲ့ကြသည်။

ရှေးရှေးအခါက ဗုဒ္ဓမြတ်စွာသည် သုဝဏ္ဏဘူမိသို့ ကြွရောက်ခဲ့စဉ် ရသေ့ကြီး ရသေ့ခေါက်အား ဆံတော်မြတ် ချီးမြှင့်တော်မူခဲ့လေ၏။ ရရှိခဲ့သော ဘုရားရှင်၏ ဆံတော်အား ဌာပနာလျက် စေတီတော်တစ်ဆူ တည်ထားခဲ့၏။ ထိုစေတီတော်ကား ပထမပတိတကုန်းတော်တွင် တည်ထားခဲ့ခြင်း ဖြစ်၏။

သီဟဒီပမင်း လက်ထက်၌ ရဟန္တာအရှင်မြတ်တို့ ပင့်ဆောင်လာခဲ့သော ဘုရားရှင်ဆံတော်နှင့် ဓာတ်တော်တို့ကို အရှင်ယသ ဦးဆောင်၍ သီဟဒီပမင်းကြီးကိုယ်တိုင် ပထမ ပတိတကုန်းတော်ရှိ ယခင်ရှိပြီးသော စေတီတော်ကိုငုံ၍ ဒုတိယအကြိမ် ဆံတော်ဓာတ်တော်တို့ကို ဌာပနာထည့်သွင်းကာ တည်တော်မူလေ၏။ စေတီတော်အဲ့ကို ကျိုက္ကဆံစေတီဟု သမုတ်တော်မူလေ၏။

ကျိုက္ကဆံစေတီတော်သည် အရှင်ယသ၊ အရှင်သောဏ၊ အရှင်သုစိ ရဟန္တာအရှင်မြတ်တို့ အမှူးပြု၍



ငြိမ်တိုင်ရှိ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်



ဆံတော်ရှင်ကျိုက်ခေါင်းမဲ (သို့မဟုတ်) ကျိုက်ဒေးလရွတ်စေတီတော်

သီဟဒီပမင်းကြီး စေတီတော်တည်ရာ၌ ပထမဦးဆုံး တည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ်လေသည်။

စေတီတော်တည်ထားပြီးနောက် ရဟန္တာအရှင်မြတ်တို့သည် သီဟိုဠ်သာသနာ ထုံးထမ်းစဉ်လာအတိုင်း နောင်အနာဂတ် ဗုဒ္ဓသာသနာအကျိုး ရည်မျှော်ကိုးကာ စေတီတော်အနောက်အရပ်တွင် ခဏ္ဍသိမ်တော်ကြီး တစ်လုံးကို တည်ဆောက်တော်မူလေ၏။ ထိုသိမ်တော်ကြီးကို ရဟန္တာအရှင်မြတ်များ တည်ဆောက်ထားခဲ့ခြင်းကြောင့် ရဟန္တာသိမ်တော်ကြီးဟု လူအများ ခေါ်တွင်ကြကုန်၏။

စေတီနှင့် သိမ်တော် ဆောက်လုပ်တည်ထားပြီးနောက် ဦးဆောင်ရဟန္တာအရှင်မြတ် အရှင်ယသသည် ကျိုက္ကဆံစေတီအနီး၌ပင် ပျံလွန်တော်မူခဲ့သည်။

ဘုရင်မင်းမြတ်သည် အရှင်ယသ ရဟန္တာအရှင်မြတ်အား ကောင်းမွန်စွာ သာဓုကီဠာနသဘင် ဆင်ယင်ကျင်းပ၍ ကြွင်းကျန်ရစ်သော သရီရအရိုးတော်၊ ဓာတ်တော်တို့ကို ဌာပနာလျက် အရှင်ယသစေတီတော်ကို ကျိုက္ကဆံစေတီအနီး၌ တည်ထားခဲ့လေ၏။

www.burmeseclassic.com




ဝတ္တုကာမြေအတွင်းရှိ နဂါးရုံဘုရား

**အမတ်စစ်သူကြီးတို့အား**
**တာဝန်ခွဲဝေ စေတီတော်တည်ခိုင်း**

သီဟာဒီပမင်းသည် အရှင်ယသ ရဟန္တာအရှင်မြတ် ပျံလွန်တော်မူသွားသဖြင့် လွန်စွာဝမ်းနည်းကြေကွဲခြင်း ဖြစ်ရ၏။ ရဟန္တာအရှင်မြတ်ကြီး စီစဉ်ထားရှိခဲ့သည့် စေတီတော် တစ်ဆယ့်တစ်ဆူနှင့် သိမ်တော်ကြီးကိုးလုံး တည်ဆောက်မည့် အစီအစဉ်အတွက် မင်းကြီးသည် ကိုယ်တော်တိုင် မဆောင်ရွက်လိုတော့ပေ။ လွန်စွာအားကိုးယုံကြည်ရသော အမတ်သူရဲကောင်း စစ်သူကြီးတစ်ကျိပ်တို့အား တာဝန်ခွဲဝေ၍ ဘုရားရှင်၏ ဆံတော်၊ ဓာတ်တော်နှင့် အရှင်ယသ သရီရဓာတ်တော်တို့ကို ပေးအပ်ကာ စေတီတော်များအား အသီးသီး တည်စေလေ၏။

မဟာသူရသေန အမတ်စစ်သူကြီး အမှူးပြုသော အမတ်စစ်သူကြီး တစ်ကျိပ်တို့သည် ရဟန္တာအရှင်မြတ်အရှင်သောဏ၊ အရှင်သုစိ ဦးဆောင်သော ရဟန္တာအရှင်မြတ်ခုနစ်ပါးတို့ ဦးဆောင်ကြီးကြပ်လမ်းညွှန်မှုဖြင့် စေတီနှင့် သိမ်တော်ကြီးများ တည်ထားကြလေ၏။

အမတ်စစ်သူကြီး တစ်ကျိပ်တို့သည် တစ်ဦးလျှင်



မြို့ဟက်တိုင်အရုံစေတီတော်နှင့်ဖူးတွေ့ရသည့်စေတီ

စေတီတော်တစ်ဆူစီ တာဝန်ယူလျက် သိင်္ဂုတ္တရကုန်းတော်ကို ဝန်းရံနေသော အရပ်ဒေသများတွင် အသီးသီး စေ[illegible] တည်ခဲ့ကြလေ၏။

**သီဟာဒီပမင်းကောင်းမှုတော်စေတီများ**

(၁) ကျိုက်အသုက် ခေါ် ဆူးလေစေတီတော်သည် သိင်္ဂုတ္တရကုန်းတော်၏ တောင်ဘက်အရပ်တွင်ရှိ၏။ ဥ[illegible] လာပမင်းကြီး သိင်္ဂုတ္တရကုန်းတော်ကို ရှာဖွေစဉ်က စု[illegible] တိုင်ပင်ကြရာ ကုန်းတော်ဖြစ်၏။ အသုက်အမည်ရှိ အ[illegible] စစ်သူကြီး ဦးဆောင်တည်ထားခဲ့၍ ကျိုက်အသုက်စေ[illegible] ဟု ရှေးယခင်က ခေါ်ဆိုခဲ့ကြလေ၏။

(၂) ကျိုက်မဲသံကရော ခေါ် ကျိုက်မြတ်သံချိုစေတီတော်သည် သိင်္ဂုတ္တရကုန်းတော်တောင်ဘက် ယခု သိမ်ကြီး[illegible] (စီ)ရုံ ရှိရာနေရာတွင် တည်ထားလေ၏။ မွန်တို့က ကျိုက်[illegible] မဲသံကရောစေတီဟု ခေါ်ကြပြီး မြန်မာတို့ကမူ ကျိုက်[illegible] မြတ်သံချိုစေတီဟု ခေါ်တွင်ခဲ့၏။

(၃) ကျိုက်ကမာကမှ စေတီတော်သည် သိင်္ဂုတ္တရ[illegible] တော်၏ အရှေ့တောင်အရပ်တွင် ရှိ၏။ ယခု ဗိုလ်[illegible] ကျော်လမ်းနှင့် အနော်ရထာလမ်းထောင့် သူရိယ[illegible]



www.burmeseclassic.com

www.burmeseclassic.com

စာတိုက်၏တောင်ဘက် ဗိုလ်အောင်ကျော်လမ်း၌ တည်ရှိ၏။

(၄) ကျိုက်ကမာစိန် စေတီတော်သည် သိင်္ဂုတ္တရကုန်းတော်၏ အရှေ့တောင်ယွန်းယွန်းအရပ်၌ရှိ၏။ ပုဇွန်တောင်ချောင်းအနီး ဆင်များ ရေသောက်ဆင်းသည့် ကန်အနီး စေတီတည်ထားခြင်းဖြစ်၍ ယခုအခါ ဗိုလ်တထောင်ဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့် ဘုရားဖြူကျောင်းတိုက်အတွင်း တည်ရှိ၏။

(၅) ကျိုက်ဒေးတဲ့ စေတီတော်သည် သိင်္ဂုတ္တရကုန်းတော်၏ အနောက်တောင်အရပ်၌ရှိ၏။ မြစ်ဆိပ်အနီး ကျောက်ကုန်းတန်းပေါ်တွင် စေတီတည်ထားခြင်းဖြစ်၏။ ယခုအခါ ဘုန်းကြီးလမ်းနှင့် ကျုံးကြီးလမ်းဆုံ၏ အနောက်မြောက်ဘက်ရှိ သူနာပြုတက္ကသိုလ်၏ အရှေ့တည့်တည့်တွင်ရှိ၏။ ရန်ကုန်ထောင်ကြီးအတွင်း တည်ရှိခဲ့သောကြောင့် ထောင်မှူးဘုရားဟုလည်း ခေါ်တွင်ကြ၏။


(၆) ကျိုက်ဖွဲကမော့ စေတီတော်ကား သိင်္ဂုတ္တရကုန်းတော်၏ အနောက်ဘက်တွင်ရှိ၏။ ယခုအခါ အလုံ အ·ထ·က(၄) ကျောင်းဝင်းအတွင်း ကုန်းမြင့်ပေါ်၌ တည်ထားခဲ့၏။

(၇) ကျိုက်ဒင်းမဲ စေတီတော်ကား သိင်္ဂုတ္တရကုန်းတော် အနောက်မြောက်အရပ်တွင် ရှိ၏။ အမတ်စစ်သူကြီး ဒင်းမဲ ကိုယ်တိုင် ဦးဆောင်တည်ထားသောကြောင့် ကျိုက်ဒင်းမဲ စေတီဟု ခေါ်တွင်၏။

(၈) ကျိုက်ခပေါက်စနွတ် စေတီတော်ကား သိင်္ဂုတ္တရကုန်းတော်၏ အနောက်မြောက်အရပ်တွင် ရှိ၏။ ယခင် ဝင်ဒါမီယာကာလပ်လမ်း (ယခု သံလွင်လမ်းဟုခေါ်တွင်သော ဆံတော်ကြိုလမ်း)တွင် တည်ထားခဲ့၏။

(၉) ကျိုက်ခပေါက်ဆွတ် စေတီတော်သည် သိင်္ဂုတ္တရကုန်းတော်၏တောင်ဘက် အလံပြကုန်းတွင် တည်ရှိ၏။ အလံပြဘုရားစေတီဟု ယူဆနိုင်၏။

(၁၀)ကျိုက်ဒေးအပ် စေတီတော်သည် သိင်္ဂုတ္တရကုန်းတော်၏ အရှေ့တောင်အရပ်၌ ရှိ၏။ ယခုအခါ ဗိုလ်တထောင်စေတီ တစ်ဆယ့်ဆစ်ဆူအနက် အင်္ဂလိပ်နယ်ချဲ့တို့ မြန်မာပြည်အောက်ပိုင်း သိမ်းယူထားစဉ်က ရန်ကုန်မြို့ ကွက်ရိုက်ရန်အတွက် မြေနေရာ မလွတ်ကင်းသော စေတီတော်အချို့ ဖြိုချဖျက်ဆီးခြင်း ခံခဲ့ရလေ၏။


ဗန္ဓုကာမြေအတွင်းရှိ ရှင်ဥပဂုတ္တမထေရ်မြတ်

ငှင်းစေတီများမှာ-

(၁) ကျိုက်မဲသံကရော ခေါ် ကျိုက်မြတ်သံချိုစေတီ၊

(၂) ကျိုက်ကမာကမုစေတီ၊

(၃) ကျိုက်ဒေးတဲ့စေတီ၊

(၄) ကျိုက်ဖွဲကမော့စေတီ၊

(၅) ကျိုက်ခပေါက်စနွတ်စေတီတို့ ဖြစ်ကြပါသည်။

## ကျိုက်ဒင်းမဲ့ (သို့မဟုတ်) ကျိုက်ဒေးခလုတ်စေတီတော်

မဇ္ဈိမဒီပကျွန်းအရှင် သီဟဒီပမင်း၏ ကောင်းမှုတော်စေတီများအနက် ကျိုက်ဒင်းမဲစေတီတော်သည်လည်း ပါဝင်၏။ မြတ်စွာဘုရားရှင်၏ ဆံတော်နှင့် ဓာတ်တော်များ၊ ရဟန္တာအရှင်ယသ၏ ဓာတ်တော်များကို ဌာပနာလျက် အမတ်သူရဲကောင်းစစ်သူကြီး ဒင်းမဲက ဦးဆောင်တည်ထားခဲ့သောကြောင့် ကျိုက်ဒင်းမဲစေတီဟု အမည်တွင်၏။

စေတီတော်သည် အင်းလျားအိုင်(ကန်)မှ စီးဆင်းလာသောရေများ ကမာရွတ်(မကရုတ်)ချောင်း တစ်ဖက်ကမ်းရှိ ဥယျာဉ်အတွင်း ကုန်းမြင့်ပေါ်တွင် တည်ထားခဲ့၏။

ဘဒ္ဒန္တယောနက ဓမ္မရက္ခိတ(မူလဓမ္မာစရိယ) ပြုစု




www.burmeseclassic.com

www.burmeseclassic.com

သော ကျိုက်ဒေးခလုတ်စေတီတော် သမိုင်းအကျဉ်းတွင် ရေးအခါက ကျိုက်ဒင်းမဲစေတီမှာ ယခုအခါ အင်းလျားကန်အောက် တံတားဖြူ ကန်လမ်း၊ လှိုင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက် ခြံကြီးအတွင်းတွင် တည်ရှိသည့် ကျိုက်ဒေးခလုတ်စေတီတော် ဖြစ်သည်ဟု ဖော်ပြထားလေ၏။

မူလစေတီတော်တွင် ဘုရားရှင်၏ ဆံတော်ရှင်တစ်ဆူနှင့် ဓာတ်တော်နှစ်ဆူအပြင် အရှင်ယသ၏ ဓာတ်တော်များ၊ မင်း၊ မိဖုရား၊ အမတ်၊ စစ်သူကြီးများ ရှိခိုးပူဇော်နေဟန် ရုပ်တုများကို ဌာပနာထည့်သွင်းထားခဲ့လေ၏။

နှစ်ကာလကြာသောအခါ စေတီတော်မှာ ပျက်စီးယိုယွင်းလာခဲ့၏။ သက္ကရာဇ်(၄၀၇)ခုနှစ်တွင် ကေလာသရသေ့သည် မြတ်စွာဘုရားရှင်၏ ဆံတော်တစ်ဆူနှင့် နဖူးသင်းကျစ်တော်ကို ထပ်မံထည့်သွင်း ဌာပနာလျက် စေတီတော်အသစ် တည်ထားလေ၏။ ဘွဲ့တော်ကို ကျိုက်ဒေးခရွတ်စေတီဟု ဘွဲ့မည်ပေးတော်မူ၏။ ကျိုက်-ဘုရား၊ ဒေး-တောင်ကုန်း၊ ခရွတ်-နှစ်ခုဟု အဓိပ္ပာယ်ထွက်သဖြင့် တောင်ကုန်းနှစ်ခုအကြား စီးဆင်းသွားသော ချောင်းထိပ်ဘုရားဟု ဆိုလို၏။ ဉာဏ်တော်အမြင့် ဆယ်တောင်



ဆင်မြူးတော်လေးကောင်ရုပ်တုနှင့်အတူ တွေ့ရသည့် တံခွန်တိုင်

ရှိလေ၏။

သက္ကရာဇ်(၈၀၈-၈၁၀)ခုနှစ်တွင် ဟံသာဝတီပြည့်ရှင် ရာဇဓိရာဇ်၏သားတော် ဗညားရံမင်းမိဖုရား၊ အင်းဝမိုးညှင်းမင်းတြားကြီး၏ တူမတော် သင်းကြီးမင်းသမီး စိုးမင်းဝိမလာဒေဝီသည် ပျက်စီးနေသော ကျိုက်ဒေးခရွှန်စေတီတော်ကို ပြုပြင်တည်ထားလေ၏။ ဘွဲ့မည်တော်ကိုလည်း ကျိုက်ဒေးခရွှန်စေတီမှ ကျိုက်ဒေးခလုတ်စေတီဟု သမုတ်တော်မူခဲ့ရာ ယနေ့ထိတိုင် ဖြစ်ပေသည်။

## အဖေကြီး ဦးအောင်ချမ်းသာနှင့် ဆုံတွေ့ခြင်း

ဘုရားဒကာကြီးဖြစ်လာမည့် ဦးကွန်းဇော်သည် ခရစ်နှစ်(၁၈၉၉)ခုနှစ်တွင် မွေးဖွားခဲ့၏။ အင်္ဂလိပ်နယ်ချဲ့တို့ မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းယူထားစဉ်ကာလ အရွယ်ရောက်လာသည့် ကိုကွန်းဇော်သည် အလုပ်သမားရေးရာမင်းကြီးရုံး၌ ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့၏။ ခေတ်ပညာတတ်၍ ကြိုးစားမှုကြောင့် အလုပ်သမားဌာနတွင် အရေးပိုင်မင်းကြီး ဖြစ်လာသည်အထိ အဆင့်ဆင့် ရာထူးတိုးတက်လာခဲ့၏။ ဦးကွန်းဇော်၏ အလုပ်ကြိုးစားမှုကို သိသော အင်္ဂလိပ်အစိုးရက ချီးမြှင့်သည့် ရွှေစလွယ်ဆုကို ရရှိခဲ့သည်။

ဦးကွန်းဇော်သည် အလုပ်သမားရေးရာ အရေးပိုင်မင်းကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေစဉ် ကာလမှာပင် ယခုအခါ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်ဟု ခေါ်တွင်သော ယခင်အခါက မရမ်းတောကြီးများဖြင့် ပြည့်နှက်လျက်ရှိသည့် ဥယျာဉ်ခြံမြေတစ်ခုကို ဝယ်ယူခဲ့၏။ အင်းလျားကန် တံတားဖြူမှ ရန်ကုန်-အင်းစိန် ကားလမ်းမ ပေါက်သည်အထိ သွားရာလမ်းသည် မရမ်းတောကြီး ဖြစ်လေ၏။ ထိုမရမ်းတောကြီးအတွင်း အောက်ခြေများမှာလည်း ချုံနွယ်တို့ဖြင့် ပြည့်သိပ်လျက်ရှိ၏။ တစ်ခြံနှင့်တစ်ခြံမှာ အော်ခေါ်၍ မကြားနိုင်လောက်အောင် ကျယ်ဝန်းလေ၏။ ကန်လမ်း၏တစ်ဖက်တွင် ခပေါင်းလမ်းဟု ယနေ့ခေါ်တွင်နေသော မာတင်လမ်းတွင် မစ္စတာမာတင်ပိုင်သောခြံကြီး ရှိလေ၏။ တစ်ခြံနှင့် တစ်ခြံမှာ ဆက်စပ်လျက်ရှိသော်လည်း လွန်စွာအလှမ်းကွာဝေးကြ၏။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသောအခါ ဦးကွန်းဇော်မိသားစုသည် ထိုနေရာ၌ပင် စစ်ပြေးခိုလှုံခဲ့ကြ၏။ ထို့အတူ အခြားသူတို့သည် မာတင်ခြံအတွင်း၌ အောဝမ်း



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာရုံအတွင်းရှိ မြတ်ဗုဒ္ဓရှင်တော်ဘုရား

ရုပ်ရှင်အုပ်စုသည်လည်း စစ်ပြေးပုန်းရှောင် ရောက်ရှိလာ၏။ အေဝမ်းအုပ်စုသည် အဖေကြီး ဦးအောင်ချမ်းသာကို ဆည်းကပ်ကိုးကွယ် ယုံကြည်ကြသူများ ဖြစ်၏။

အဖေကြီး ဦးအောင်ချမ်းသာသည် မာတင်ခြံအတွင်းရှိ အေဝမ်းဦးအေးဖေထံ မကြာခဏ လာရောက်တတ်သည်။ လာသည့်အခါတိုင်း ကမာ်ရွတ်ရှိ ကာကာလက်ဖက်ရည်ဆိုင်သို့ သွားရောက်သည့်အခါ ဦးကွန်းဇော်ခြံအတွင်း မရမ်းတောကြီးမှ ဖြတ်သန်းကာ သွားရောက်ကြသည်။

ဦးကွန်းဇော်ခြံအတွင်းမှ မကြာခဏ ဖြတ်သန်းသွားလာခဲ့ရသဖြင့် ခြံပိုင်ရှင် ဦးကွန်းဇော်နှင့် အဖေကြီး ဦးအောင်ချမ်းသာသည် မျက်မှန်းတန်းမိခဲ့၏။ ရင်းနှီးကျွမ်းဝင်ခြင်း မရှိသေးပေ။ ထို့ပြင် ဦးကွန်းဇော်ခြံအတွင်း မရမ်းတော တစ်နေရာမှ ရောင်ခြည်တော်များ လွှတ်လေ့ရှိသည်ကို အဖေကြီး ဦးအောင်ချမ်းသာက သတိထားမိခဲ့၏။

တစ်နေ့တွင် အဖေကြီး ဦးအောင်ချမ်းသာသည် အေဝမ်းဦးအေးဖေနှင့်အတူ ကမာရွတ်ရှိ ကာကာလက်ဖက်ရည်ဆိုင် သွားကြရာ ဦးကွန်းဇော်ခြံအတွင်း မရမ်းတောကြီး၌ ခြံပိုင်ရှင် ဦးကွန်းဇော်နှင့် ဆုံမိကြ၏။ အဖေကြီး ဦးအောင်ချမ်းသာသည် ဦးကွန်းဇော်နှင့် ဆုံတွေ့ခိုက် ဤသို့ ပြောလေ၏။

'မိတ်ဆွေကြီး..ဘုရားဒကာ ဖြစ်ချင်ဘူးလား' ဟု မေးမြန်းရာ ဦးကွန်းဇော်မှာ ဘာပြန်ပြောရမှန်း မသိအောင် ကြောင်သွားလေ၏။

နောက်မှသတိရကာ 'ဘယ်လို ဘုရားဒကာ ဖြစ်မှာလဲ' ဟု ပြန်မေးမိလေ၏။

ထိုအခါမှ အဖေကြီး ဦးအောင်ချမ်းသာက 'ခင်ဗျားခြံထဲမှာ ရှေးဟောင်းဘုရား စေတီတစ်ဆူရှိတယ်။ အခုတော့ ပျက်စီးနေပြီ။ ဒါကို ခင်ဗျားက ဖော်ထုတ်ပြီး စေတီတော်အသစ်တည်ပါက ခင်ဗျားလည်း ဘုရားဒကာဖြစ်ပြီပေါ့' ဟု ပြောဆိုကာ ကာကာဆိုင်သို့ ထွက်ခွာသွားလေ၏။

ထိုအချိန်က အဖေကြီး ဦးအောင်ချမ်းသာသည် ထွက်ရပ်လမ်း မြန်းတော့မည့် မကြာတော့သောအချိန် ဖြစ်လေသည်။

## စေတီတော်တည်လေပြီ

ဦးကွန်းဇော်နှင့် ဇနီး ဒေါ်အေးကြိုင်တို့သည် အလုပ်သမားများ ငှားရမ်း၍ မရမ်းတောကြီးအောက်ခြေကို ခုတ်ထွင်ဖယ်ရှား ရှင်းလင်းကြရာ တစ်နေရာတွင် အုတ်ပုံအဖြစ် ကျန်ရှိနေသော ဘုရားငုတ်တိုစေတီပျက် တစ်ဆူ



[illegible]



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်စံတန်ဆောင်းနှင့် ဓမ္မာရုံ

ကို တွေ့ကြရသည်။ အချိန်ကာလကား ဖက်ဆစ်ဂျပန်ခေတ်အတွင်း ဖြစ်၏။

ဦးကွန်းဇော်သည် မိမိပိုင်ငွေကြေးအချို့ကို မ,တည်လျက် စစ်ပြေးပုန်းခိုနေကြသော အဝေမ်းအုပ်စု၊ ရုပ်ရှင်မင်းသား မောင်မောင်တာနှင့် အိန္ဒိယနွယ်ဖွား ဗုဒ္ဓဘာသာကိုးကွယ်သူတို့နှင့်တကွ စစ်ပြေးဒုက္ခသည်တို့ ပူးပေါင်း၍ စေတီတော်ကို တဖြည်းဖြည်းချင်း အသစ်တည်ထားလာခဲ့ရာ စေတီတော်မှာ ပြီးမြောက်ခဲ့၏။ ဉာဏ်တော်အမြင့် (၂၇)တောင် ရှိလေ၏။ သာသနာပြုပုဂ္ဂိုလ် အဖေကြီး ဦးအောင်ချမ်းသာမှ ဦးစီး၍ ဦးကွန်းဇော်မိသားစုနှင့် စစ်ပြေးရှောင်ပြည်သူ ခုနစ်နေ့သားသမီးများ ကောင်းမှုဖြင့် တည်ထားခဲ့သော ကျိုက်ဒေးခလုတ်စေတီတော်မှာ ယနေ့တိုင် ထင်ရှားစွာ တည်ရှိလေ၏။

ဦးကွန်းဇော်သည် စေတီတော် တည်ထားပြီးနောက် အင်္ဂလိပ်ခေတ်က ဆုအဖြစ်ရရှိခဲ့သော ရွှေစလွယ်ကို ရောင်းချရာ ငွေသားကျပ်ကိုးထောင်တိတိ ရရှိလေ၏။ ရရှိလာသောငွေဖြင့် စေတီတော်အနီး တနင်္လာထောင့်တွင် အလျားပေငါးဆယ်၊ အနံ ပေနှစ်ဆယ်ရှိ ပျဉ်းကတိုးသစ်တိုင်များတို့ဖြင့် ဓမ္မာရုံတစ်ခုကို ဆောက်လုပ်ခဲ့ရာ ယနေ့အခါ သားသမီးမြေးများက ပျက်စီးနေသော အချို့နေရာများတွင် အုတ်အင်္ဂတေတို့ဖြင့် အစားထိုး၍ ပြုပြင်တည် ဆောက်ထားလေ၏။

<u>သားမြေးများမှ ထိန်းသိမ်းစောင့်ရှောက်</u>

ဘုရားဒါယကာကြီး ဦးကွန်းဇော်သည် (၁၉၇၇)ခုနှစ်တွင် ကွယ်လွန်ခဲ့လေ၏။ ကွယ်လွန်ချိန်တွင် အသက်(၇၈)နှစ် ရှိပြီဖြစ်၏။ ဇနီးဒေါ်အေးကြိုင်နှင့် သားသမီးများဖြစ်သော ဒေါ်တင်တင်ဦး၊ ဦးခင်မောင်ဇော်၊ ဒေါ်ကြိုင်ကြိုင်ဇော်နှင့် ဒေါ်ကြည်ကြည်နွယ်တို့ ကျန်ရစ်ခဲ့၏။ ဇနီးဒေါ်အေးကြိုင်နှင့် သားသမီးတို့သည် စေတီတော်အား ဆက်လက်ထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြ၏။ မြေးမလေးဖြစ်သူ ဒေါ်ခင်မျိုးယဉ်မှာ အဘွားနှင့်အတူ နေထိုင်ကြီးပြင်းခဲ့ရသောကြောင့် စေတီတော်သမိုင်းကြောင်းကို အဘွားဖြစ်သူ ပြောပြ၍ ပိုမိုသိရှိကာ ရှင်းပြနိုင်လေ၏။ ဒေါ်အေးကြိုင်မှာလည်း အသက်(၁၀၀)နှစ်တွင် ကွယ်လွန်ခဲ့လေသည်။

ခရစ်နှစ်(၂၀၀၀)ပြည့်နှစ်တွင် ဒေါ်ခင်မျိုးယဉ်၏ ဦးလေးဖြစ်သူ ဦးခင်မောင်ဇော်၏ဇနီးသည် ကင်ဆာရောဂါကြောင့် ရန်ကုန်မြို့တွင် ဆေးကုသမှု ခံယူခဲ့ရာ မသက်သာသောကြောင့် စင်ကာပူနိုင်ငံတွင် ဆေးကုသမှု ခံယူရန် အကြောင်းဖန်လာလေ၏။ သို့





www.burmeseclassic.com

ကြောင့် ဦးခင်မောင်လွင်သည် နိုင်ငံခြားသို့ သွားရောက်ဆေးကုသမှုမခံယူမီ ပုပ္ပားသို့ သွားရောက်ကာ မိဋ္ဌာန်ပြုခဲ့လေ၏။

ထို့နောက် စင်ကာပူနိုင်ငံတွင် ဆေးကုသနေစဉ်အတွင်း ဇနီး၏ ရောဂါဝေဒနာ သက်သာပျောက်ကင်းလာသောကြောင့် တူမဖြစ်သူ ဒေါ်ခင်မျိုးယဉ်ထံ ဖုန်းဆက်သွယ်၍ မိမိတို့ခြံအတွင်းရှိသော ရှေးဟောင်းစေတီတော်အနီး၌ လှူလုပ်လိုဏ်ဂူတစ်ခု ပြုလုပ်ပေးရန် တောင်းဆိုလေ၏။ လှူလုပ်ဖန်တီးထားသော လိုဏ်ဂူပြုလုပ်ပြီးနောက် ထိုလိုဏ်အတွင်း ပုဂ္ဂိုလ်ခြောက်ဦးရုပ်တု ပြုလုပ်ထားလေ၏။ အဘရာကျော်ဆရာတော်၊ ယက်ကန်းစင်တောင်ဆရာတော်နှင့် ဆေးဝိဇ္ဇာတို့ကတစ်ဖက်၊ အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်နှင့် အဖေကြီးဦးအောင်ချမ်းသာတို့က တစ်ဖက် အသီးသီးပူဇော်ထားရှိလေ၏။

**အနီးကပ် ထိန်းသိမ်းစောင့်ရှောက်သူ**

ဘုရားဒကာကြီး ဦးကွန်းဇော်၊ ဒေါ်အေးကြိုင်တို့၏ မြေး ဦးမျိုးသက်၊ ဒေါ်ခင်မျိုးယဉ် မိသားစုသည် စေတီတော်ပရိဝုဏ်နှင့် ကပ်လျက်နေထိုင်ကြသောကြောင့် စေတီတော်အား ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးတို့ကို နေ့စဉ်ကပ်လှူပူဇော်လေ၏။ ဦးမျိုးသက်၊ ဒေါ်ခင်မျိုးယဉ်တို့သည် သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီ၏ အနီးကပ်ဩဝါဒခံယူကာ စေတီတော်အား ပြုပြင်မွမ်းမံခြင်း၊ တည်ဆောက်ခြင်းများ ပြုလုပ်လေ့ရှိ၏။

ဝိဇ္ဇာ၏ သားသမီးဖြစ်သော **သီလရှင်ဆရာလေး** ခေမာစာရီသည် (၉)နှစ်အရွယ်တွင် သီလရှင်ဝတ်ခဲ့၏။ ယခုအခါ အသက်(၈၀)ကျော်ရှိပြီဖြစ်သော သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီသည် ကမာရွတ်ဗေယျာသိဒ္ဓိ စာသင်တိုက်ကြီး၏ ပဓာနနာယက သီလရှင်ဆရာကြီး ဖြစ်နေသည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်က ဆရာကြီး၏ ဩဝါဒအရ စေတီတော် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် အဘိုးဖြစ်သူ စေတီပျက်ကို တည်ထားစဉ်က စေတီဝှက်တီ မြေသားများ၌ အင်္ဂတေလောင်း၍ထားခဲ့သော အမြင့်ကိုးပေရှိ ပန်းတင်ခုံအား ကျောက်တုံးကြီးများဖြင့် ထပ်မံခိုင်ဆို့ကာ သံချောင်းများဖြင့် ရစ်ပတ်ချည်နှောင်ထားလေ၏။ ကျောက်တုံးများဖြင့် ထပ်မံပိတ်ဆို့ကာရံထားသော အမြင့်မှာ ခြောက်ပေရှိ၏။ တနင်္လာထောင့်တွင် ဘုရားဖူးများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန် အာရုံခံတန်ဆောင်းတစ်ခု ဆောက်လုပ်ထား၏။ အင်္ဂါထောင့်တွင် ဆင်ဖြူတော်ရုပ်လေးကောင်ဝပ်ကာ ဟင်္သာရုပ်ပါရှိသည့် တံခွန်တိုင် စိုက်ထူထားလေ၏။

ရှေးယခင်က လွန်စွာကျယ်ဝန်းခဲ့သော ဥယျာဉ်ခြံကြီးသည် ခေတ်မီအဆောက်အအုံများ ဆောက်လုပ်ထားသောကြောင့် ယခုအခါ၌ စေတီတော်ဝတ္တကမြေမှာ အနည်းငယ်သာ ကျန်ရှိတော့သည်။ စေတီတော်ရင်ပြင်အကျယ်မှာ ပေငါးဆယ်ပတ်လည် ရှိလေ၏။

သောကြာထောင့်တွင် ဘုရားဝတ္တကမြေအတွင်း အပေါ်၌ စေတီငယ်တစ်ဆူရှိသော လိုဏ်ဂူတစ်ခုအပြင် နဂါးရုံဘုရားတစ်ဆူ၊ ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်တုတော်တစ်ဆူ၊ အဘဘိုးဘိုးအောင်နှင့် အဘဘိုးမင်းခေါင်ရုပ်တုအပြင် ဗောဓိညောင်ခြေရင်း၌ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့နိုင်ပါသည်။

ရှေးဟောင်းသမိုင်းဝင် ကျိုက်ဒင်းမဲစေတီတော်အဖြစ်



ရှေးဟောင်းခေါင်းလောင်းတော်

www.burmeseclassic.com



ဆရာဘကာကြီး ဦးတွန်းဖော်နှင့် ဇနီး ဒေါ်ခင်မြိုင်

လူအများ မသိရှိကြတော့ဘဲ ရှေးဟောင်းဘုရား တစ်ဆူ အဖြစ်သာ ပတ်ဝန်းကျင် ကမာရွတ်ဒေသရှိ လူအများ သည် စေတီပွဲတော်ရက်ဖြစ်သော တပို့တွဲလ အဖိတ်နေ့နှင့် လပြည့်နေ့များ၌ စည်ကားစွာ လာရောက်ကြလေ၏။

အဘိုးရှိစဉ်က စေတီတော်ပွဲတော်ရက် အဖိတ်နေ့ ညတွင် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်ရှင်တို့ဖြင့် ပွဲခံ၍ လပြည့်နေ့ တွင် စေတီတော်အား ဆွမ်းတော်ကပ်ခြင်း၊ ဘုရားအနေ ကဇာတင်ခြင်း၊ သံဃာတော်များအား ဆွမ်းလောင်းလှူ ခြင်းနှင့် ဧည့်ပရိသတ်များအား ကျွေးမွေးဧည့်ခံခြင်းပြု ၏။

သားသမီးမြေးများလက်ထက်၌ ဘုရားပွဲတော်ရက် မတိုင်မီ (၂)ရက်အလိုတွင် မိသားစုဝင်များသည် ပတ်ဝန်း ကျင်ရပ်ကွက်အတွင်း အလှူခံထွက် ရှိ၏။ ထိုနှစ်ရက် ကောက်ခံရရှိသော အလှူတော်ငွေသည် အနည်းဆုံး သိန်း သုံးဆယ်ကျော်အထက် ရရှိလေ၏။ ထိုသို့ အလှူခံကြရင်း စေတနာထက်သန်လှသော အလှူရှင်အချို့သည် တပို့တွဲ လပြည့်နေ့၌ ထမနဲပွဲ ကျင်းပနိုင်အောင် တစ်ဒယ်၊ နှစ် ဒယ်၊ သုံးဒယ် စသည်ဖြင့် တာဝန်ယူ လှူဒါန်းကြလေ၏။

အဖိတ်နေ့အရုဏ်တက်တွင် ပတ်ဝန်းကျင်ရှိ ဘုန်း တော်ကြီးကျောင်းများ၊ စာသင်တိုက်များ၊ သီလရှင်စာသင် တိုက်များကို အရုဏ်ဆွမ်းအဖြစ် မုန့်ဟင်းခါး အချိန် ငါးဆယ်ပိဿာ ကပ်လှူ၏။ နေ့ဆွမ်းကိုမူ မိသားစုဝင် များက စုပေါင်းလှူဒါန်းပြီးနောက် ရောက်ရှိလာကြကုန် သော ပရိသတ်တို့အား မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေး လေ၏။ မုန့်အချိန် ပိဿာနှစ်ရာ ကုန်သည်ဟူ၏။ အလှူရှင် သုံးဦးက နှစ်စဉ်မပျက် မ,တည်လှူဒါန်းသည်ဟု ရှင်း လေသည်။ ညနေပိုင်းမှစ၍ ရောက်ရှိလာကြသော ဧည့် ပရိသတ်တို့အား တစ်ယောက်မကျန်ရလေအောင် ထမ နဲဖြင့် ဧည့်ခံကျွေးမွေးလေ၏။ ထမနဲဒယ်ပေါင်း သုံးလေး ဆယ်မက ထိုးရသည်ဟု သိရ၏။



လစဉ်မပျက်မကွက် တနင်္ဂနွေနေ့တိုင်း ဆရာရှင်အား ဆွမ်းဆက်ကပ်ပြီး ဧည့်ပရိသတ်တို့ ကျွေးမွေးဧည့်ခံနေစဉ်

တပို့တွဲလပြည့်နေ့၌ စေတီ တော်ပရိဝုဏ်အတွင်း ကျင်း သော ဗုဒ္ဓဘုရားရှင်အား အ ပြု၍ ဆွမ်းတော်ကပ်လှူခြင်း၊ သံဃာတော်များက ဘုရားအ ကဇာတင်ခြင်း၊ သံဃာတော်မျာ အား ဆွမ်းလောင်းလှူခြင်းနှ ဧည့်ပရိသတ်တို့အား ကျွေးမွေ ဧည့်ခံခြင်း ပြုလေ၏။

ကျိုက်ဒေးခလုတ်စေတီ သည် ထူးခြားမှုအဖြစ် မ

www.burmeseclassic.com

www.burmeseclassic.com

ရောင်ခြည်တော်များ လွှတ်လေ့ရှိကြောင်း သိရ၏။ ဒေါ်ခင်မျိုးယဉ်ကိုယ်တိုင် နှစ်ကြိမ်မက တွေ့မြင်ခဲ့ကြောင်း ရှင်းပြ၏။ စေတီတော်ဘက်စုံပြုပြင် လှူဒါန်းမှုများကို ဒေါ်ခင်မျိုးယဉ်စိတ်ထဲ ဖြစ်ပေါ်လာသည့်အခါတိုင်း မိသားစုဆွေမျိုးများနှင့် တိုင်ပင်ကာ လှူဒါန်းလေ့ရှိ၏။ ဆရာကြီး ဒေါ်ခေမာစာရီ၏ အနီးကပ်ဩဝါဒခံယူပြီး စေတီတော်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ နေ့စဉ် စေတီတော်အား ဆွမ်းကပ်လှူခြင်းများ ပြုလုပ်လျက်ရှိ၏။

စေတီတော်၏ ပွဲတော်ရက်ကို နှစ်စဉ် တပို့တွဲအဖိတ်နေ့နှင့် လပြည့်နေ့တို့၌ ကျင်းပလေသည်။ လတစ်လ၏ ပထမပတ် တနင်္ဂနွေနေ့တိုင်း မိသားစုဆွေမျိုးအသိုင်းအဝိုင်းသည် စေတီတော်အား အစဉ်အလာမပျက် ဆွမ်းကပ်လှူဒါန်းကြလေ၏။

**မှဒီတာစကား**

လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်သုံးရာကျော်ကာလက တည်ထားကိုးကွယ်ခဲ့သည့် စေတီတော် တစ်ဆယ့်တစ်ဆူအနက် ခြောက်ဆူသာ ကျန်ရှိခဲ့သော သီဟဒီပမင်း၏ ကောင်းမှုတော်စေတီတော်များတွင် ကျိုက်ဒင်းမဲခေါ် ကျိုက်ဒေးခလုတ်စေတီမှာ ဗုဒ္ဓဘာသာဝင်လူအများ သိရှိကြားဖူးခြင်း မရှိတော့ပါ။ ယနေ့တိုင် လူများ သိရှိခြင်း မရှိကြတော့သည့် ကျိုက်ဒင်းမဲခေါ် ကျိုက်ဒေးခလုတ်စေတီတော်အား မိမိပိုင်ငွေကြေးဥစ္စာတို့ဖြင့် မိဘဘိုးဘွားအမွေကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်နေကြသော ဘုရားဒကာကြီး ဦးကွန်းဇော်၊ ဒေါ်အေးကြိုင်တို့၏ သားသမီးနှင့် မြေးများအား ဝမ်းမြောက်ဝမ်းသာ သာဓုသုံးကြိမ် ခေါ်ဆိုပါ၏။

သိရှိလိုသမျှ မေးမြန်းမှုအားလုံးကို မခြွင်းမချန်ရှင်းပြပေးခဲ့သော သားကြီးဦးခင်မောင်ဇော်နှင့် မြေးမ ဒေါ်ခင်မျိုးယဉ်တို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ဤဆောင်းပါးဖတ်မိ သိရှိကြသော ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းသည်လည်း ကျိုက္ကဆံ၊ ဗိုလ်တထောင်၊ ဆူးလေစေတီတော်များနှင့်အတူ တစ်ပြိုင်တည်း တည်ထားခဲ့သည့် ရှေးဟောင်းသမိုင်းဝင် ကျိုက်ဒေးခလုတ်စေတီတော်အား သွားရောက်ဖူးမြော် ကြည်ညိုနိုင်ရန် နိဗ္ဗာန်အကျိုးမျှော် နိုးဆော်လိုက်ပါ၏။



လမ်းညွှန်မှာ အင်းလျားကန် တံတားဖြူကန်လမ်းမှ ဝင်ရောက်ခဲ့ပါက ညာသို့ချိုးကွေ့သော နေရာအရောက် ရှေ့အနည်းငယ်အကွာတွင် ညာသို့ချိုးဝင်သည့် လမ်းသွယ်တစ်ခုကို တွေ့ပါလိမ့်မည်။ ရန်ကုန်-အင်းစိန် လမ်းမကြီး ဘူတာရုံလမ်းထိပ်အနီး ကမာရွတ် ကန်လမ်းအတိုင်း လှိုင်မြင်းမိုရ်အိမ်ရာဝင်းလမ်းအတိုင်း ဝင်ရောက်ခဲ့ပါက ညာသို့ ချိုးကွေ့သောနေရာအရောက် ရှေ့ပေတစ်ရာခန့်တွင် လက်ဝဲသို့ချိုးဝင်သည့် လမ်းသွယ်တစ်ခုကို တွေ့ပါလိမ့်မည်။ ထိုလမ်းသွယ်ကား ဦးကွန်းဇော်ရိပ်သာလမ်းသွယ်ဖြစ်ပြီး လမ်းသွယ်အတွင်း ဝင်ရောက်ပါက စေတီတော်အား ဖူးတွေ့နိုင်ပါပြီ။

ခုနစ်နေ့သားသမီးအပေါင်း ဘေးဘယာကင်းဝေးကြပါစေ။

ဗိုလ်တထောင် ကိုဦး

**မိုငြမ်း**

ဟံသာဝတီ ဦးအုံးကြိုင်ရေး ကကုသန္ဓမြတ်ဗုဒ္ဓ၏ ဇိဝမာနက သကောသဓာတုဝင် သာဓုဆံတော်ရှင်

ကျွန်တော်သည် လွန်ခဲ့သော မဟာသင်္ကြန်ပွဲတော် ကာလအတွင်းက မွေးရပ်ဌာနေ ဇာတိမြေဖြစ်သော ပျော်ဘွယ်မြို့နယ်၊ သိမ်ကုန်းရွာသို့ သွားရောက်ခဲ့ပါသည်။ ဝေးကွာနေသော ကျေးရွာသင်္ကြန်ပွဲတော်ကို ငယ်ပေါင်းသူငယ်ချင်းများနှင့်အတူ ပါဝင်ဆင်နွှဲရသည်မှာ အလွန်ပျော်ရွှင်ရပါသည်။ ငယ်ဘဝ၏ဖြစ်ရပ်များ ပြန်လည်မြင်ယောင်ပြီး လွမ်းမောခံစားမိပါသည်။


မွေးရပ်ရွာ သင်္ကြန်ပွဲအပြီးမှာတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့၌ နေထိုင်သော တူမဖြစ်သူ မငွေးမြင့်ခိုင်နှင့် မနိုင်တို့၏ ဖိတ်ခေါ်မှုကြောင့် သာစည်မြို့နယ် ဘုရားငါးဆူလမ်းဆုံမှ ဇာတိမာန် မှန်လုံဘီအမ်ကားလေးဖြင့် ရပ်စောက်မြို့သို့ ခရီးဆက်ခဲ့ပါတော့သည်။ ဘုရားငါးဆူ လမ်းဆုံသည် ရှမ်းပြည်နယ်တောင်ပိုင်းသို့ သွားရောက်ရန် ပထမဆုံးဖြတ်ကျော်ရသည့် လမ်းဆုံလမ်းဝ ဖြစ်သည်။

ထိုလမ်းဆုံမှ စတင်ထွက်ခွာသည်နှင့် မှန်လုံကားလေးသည် တောင်တက်ခရီးကို တဖြည်းဖြည်းပြေး၍ တက်နေလေသည်။ ပထမဆုံး ဖြတ်သန်းရသည့်ရွာမှာ ကျဲတပ်ဆုံရွာ ဖြစ်၏။ ကျွန်တော် မူလတန်းကျောင်းသားဘဝတုန်းက အဘနှင့်အတူ ရောက်ခဲ့ဖူးသော တောင်ပေါ်ရွာ ဖြစ်၏။ ယခုအခါ ထိုရွာ၌ကား တိုက်အိမ်၊ ဈေးဆိုင်၊ လျှပ်စစ်မီးတွေနှင့် ဖွံ့ဖြိုးစည်ကားနေ၏။ ရထားဘူတာရုံလည်းရှိ၏။ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာခြင်းပင် ဖြစ်၏။

မောင်ထည်ဝါ(ပျော်ဘွယ်)

# ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့ ကျက်သရေဆောင်

# စူဠာမုနိစေတီတော် သာသနာ့နယ်မြေ



စူဠာမုနိစေတီတော် တောင်ဘက်မုခ်

ကျွန်တော်တို့ မှန်လုံကားလေးသည် တောင်ကမ်းပါး ကို ကွေ့ကာပတ်ကာ ဆင်းလိုက်တက်လိုက် နိမ့်ချည်မြင့် ချည်ဖြင့် ပြေးသွားနေ၏။ တစ်ခါတစ်ရံ တံတောင်ဆ ချိုးအကွေ့များကို ဘွားခနဲတွေ့လိုက်ရသဖြင့် ကားတစ်စီး နှင့်တစ်စီး မျက်နှာချင်းဆိုင် ထိပ်တိုက်တွေ့ရတတ်သည်။ သို့အတွက် အန္တရာယ်မရှိရအောင် အထူးသတိထား၍ ကားကို မောင်းနေရသည်။ လမ်းတစ်ဖက်မှာ တောင်ကမ် ပါးယံ ရှိနေသလို တစ်ဖက်မှာလည်း အသူရာနက်သော ချောက်ကြီးတွေ ရှိနေ၏။ မတော်လို့ ကားအန္တရာယ် တစ်စုံတစ်ခုဖြစ်ခဲ့သော် ဖြစ်ပေါ်လာမည့် အကျိုးဆက်ကို မတွေးဝံ့အောင်ပင်။

ဤသို့ဖြင့် ကျွန်တော်တို့ မှန်လုံကားလေးသည် ယင် မာပင်မြို့လေးသို့ ရောက်ရှိလာ၏။ မြို့၏အရှေ့ဘ ကလောမြို့သို့အတွက် ဒဂုန်သစ္စာ ထမင်းဆိုင်၌ ကား နားပေး၏။ ခရီးသည်များ အပေါ့အပါးသွား၊ ကိုယ်လ သန့်စင်ပြီး နေ့လယ်စာ ထမင်းစားကြ၏။ ထိုဆိုင်

www.burmeseclassic.com

ရှမ်းအစားအစာ၊ တရုတ်အစားအစာ၊ မြန်မာထမင်းစသည်ဖြင့် ကြိုက်နှစ်သက်ရာ မှာယူသုံးဆောင်နိုင်သည်ဟု ဆိုပါသည်။

ကျွန်တော်ကတော့ ရန်ကုန်မှာ မစားဖြစ်တာကြာပြီဖြစ်သော ရှမ်းထမင်းသုပ်ကို မှာစားခဲ့သည်။ မစားရတာကြာပြီဆိုတော့ ရှမ်းထမင်းသုပ်စားရတာ ခံတွင်းမြိန်လှပါသည်။

ခရီးသည်များ နေ့လယ်စာ ထမင်းစားပြီးသောအခါ ခရီးဆက်၍ ထွက်ခွာလာရာ မွန်းလွဲ(၁)နာရီခွဲတွင် ကလောမြို့သို့ ဆိုက်ရောက်ခဲ့သည်။ ကလောမြို့က ရှုခင်းသာယာလှပသော တောင်စခန်းမြို့ဖြစ်သည်။ ကလောမြို့ ကားဂိတ်တွင် ခေတ္တရပ်နားပေးပါသည်။ ကျွန်တော်လည်း လက်ဖက်ရည်မှာသောက်နေရင်း ကလောမြို့ အောင်ပန်း၌ နေထိုင်ခဲ့သော ကွယ်လွန်သူ စာရေးဆရာကြီး ဒဂုန်တာရာကို ပြန်လည်သတိရမိပါသည်။


ဆရာကြီးသည် မြန်မာစာပေလောကတွင် နေတစ်ဆူလတစ်ပါးကဲ့သို့ ထင်ရှားခဲ့သော စာပေပညာရှင်ကြီး ဖြစ်သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ရန်သူမရှိ၊ မိတ်ဆွေသာရှိဟူသော ဆောင်ပုဒ်ကို ဖော်ထုတ်လမ်းညွှန်ခဲ့သော ဆရာကြီးဖြစ်၏။ ဆရာကြီးအား လေးစားကြည်ညိုကြသော စာရေးဆရာများ၊ အနုပညာရှင်များနှင့် မိတ်ဆွေများက အောင်ပန်းမြို့ မယ်ခိုတောင်အရပ်၌ အမှတ်တရအဖြစ် ဆရာကြီး၏အုတ်ဂူကို ပြုလုပ်ထားရှိခဲ့ကြောင်း သိရသည်။

မွန်းလွဲ(၂)နာရီတွင် ကျွန်တော်တို့ မှန်လုံကားလေးသည် ကလော-အောင်ပန်းမှ ဆက်လက်ထွက်ခွာခဲ့ရာ ကလောနှင့် ဟဲဟိုးမြို့ကြား လမ်းတစ်နေရာတွင် ခရီးသည်ကားများနှင့်အတူ ကျွန်တော်တို့ မှန်လုံကားလေးသည် ရပ်နားလိုက်ပြီးနောက် "ခရီးသည်များခင်ဗျား… ဘဝသံသရာတံတားကို ရောက်ပါပြီ။ (၁၅)မိနစ်နားပါမယ်"ဟု ကားစပယ်ယာလေးက ပြောဆိုသတိပေးပါသည်။

ကျွန်တော်လည်း ကြုံတောင့်ကြုံခဲ အခွင့်အရေးဖြစ်သို့ ကားပေါ်မှ အမြန်ဆင်း၍ ဘဝသံသရာ မီးရထားတံတားပေါ်တွင် လမ်းလျှောက်ရင်း လေ့လာခဲ့၏။ လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံများလည်း ရိုက်ယူခဲ့၏။

အဆိုပါ ဘဝသံသရာတံတားသည် သာစည်-ရွှေညောင်ကြား မိုင်တိုင်(၃၇၉/၇-၈)၊ တံတားအမှတ်(၃၈၂) အရှည်ပေ(၂၀၀)၊ အမြင့်(၆၂)ပေရှိ၍ CIP. R 13 A သံပေါင်အမျိုးအစား တံတားတစ်စင်းဖြစ်ပြီး (၁၉၂၇)ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။ အဆိုပါတံတားကို ဘဝသံသရာတံတားဟု ခေါ်ဆိုရခြင်းမှာ တောင်ပေါ်လမ်းဖြစ်သည့် ရွှေညောင်မှ လာရာခရီး၌ အရှည်ပေ(၆၀)၊ တံတားအမှတ်(၃၈၆) တစ်စင်းဖြစ်သည့် အောက်တံတားမှ အထက်ဟဲဟိုးသို့တက်ရာတွင် ခရုပတ်စက်ဝိုင်းသဏ္ဌာန် အတက်အဆင်းများစွာဖြင့် မောင်းနှင်ရကာ အနိမ့်အမြင့်၊ အကွေ့အကောက်၊ အတက်အဆင်းများလှသောကြောင့် လူ့ဘဝနှင့် နှိုင်းယှဉ်၍ ဒါရိုက်တာဆရာကြီးဦးသုခက ဘဝသံသရာ ရုပ်ရှင်ဇာတ်ကားကို အဓိကဇာတ်ဝင်ခန်းအဖြစ် ရိုက်ကူးခဲ့ရာမှ ဘဝသံသရာတံတား အမည်တွင်ခဲ့ကြောင်း သိရသည်။

ဘဝသံသရာတံတားကို လေ့လာပြီးသောအခါ ကျွန်တော်တို့ မှန်လုံကားလေးသည်လည်း ရပ်စောက်မြို့သို့ ခရီးဆက်ခဲ့ပါသည်။ ညနေပိုင်း(၅)နာရီခန့်တွင် ရပ်စောက်



ရွှေဘုန်းပွင့်စေတီတော်


www.burmeseclassic.com

မြို့သို့ ကောင်းမွန်စွာရောက်ရှိခဲ့သည်။ ရပ်စောက်မြို့ကားဂိတ်တွင် တူဖြစ်သူ မောင်ဇော်လွင်နှင့် တူမဖြစ်သူ မဌေးမြင့်ခိုင်တို့က ကျွန်တော့်ကို ဝမ်းသာအားရ ကြိုနေကြ၏။ ရပ်စောက်မြို့ မြို့ဦးရပ်ကွက်ရှိ မောင်ဇော်လွင်၏ နေအိမ်၌ တည်းခိုရပ်နားခဲ့သည်။


◆◆◆

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရပ်စောက်မြို့မှာ တောင်ကြီးခရိုင်တွင်ပါဝင်သော မြို့နယ်တစ်ခုဖြစ်သည်။ ပင်လယ်ရေပြင်အထက် ပေ(၃၀၅၀)ပေအမြင့်၌ တည်ရှိသည်။ တောင်ပေါ်ဒေသဖြစ်သော်လည်း ပြန့်ပြူးသော မြေပြင်ပေါ်၌ တည်ရှိပြီး မြို့၏မနီးမဝေးတွင် မိုးမခတောင်၊ ပလောင်တောင်၊ နွားလပို့တောင်နှင့် ငှက်ကြီးအန်တောင်တို့ ဝန်းရံလျက်ရှိပြီး ဒယ်အိုးပမာ လယ်ယာကွင်းပြင်များလည်းရှိသည်။ ကျေးရွာအုပ်စု (၁၃)ခုရှိပြီး မြို့ဦးရပ်ကွက်၊ ဇော်ဂျီ၊ အုတ်တံတား၊ ဈေးတန်းမြို့ကုန်း၊ တောင်ကွက်သစ်၊ မြောက်ကွက်သစ်နှင့် ဗထူးရပ်ကွက်ဟူ၍ (၈)ခုရှိ၏။

ရပ်စောက်မြို့တွင် ရှေးဟောင်းသမိုင်းဝင် အင်းခေါင်းကန်ကြီးတည်ရှိပြီး ထိုကန်မှ အခြေခံ၍ ရေကြည်ချောင်း၊ နဂါးပတ်ချောင်း၊ ဇော်ဂျီချောင်းတို့ မြို့လယ်မှ ဖြတ်သန်းစီးဆင်းနေသည်။ ရပ်စောက်မြို့နယ်တွင် ရှမ်း၊ ဓနု၊ တောင်ရိုးတောင်သူ၊ ပလောင်၊ ပအိုဝ်၊ ဗမာ စသောတိုင်းရင်းသားလူမျိုးများ နေထိုင်ကြပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်ယာစိုက်ပျိုးခြင်း၊ ခြံစိုက်ခြင်းတို့ဖြစ်သည်။ လူဦးရေမှာ မြို့နယ်ပြန်ဆက်ရေး၏ မှတ်တမ်းများအရ (၂၀၁၅)ခုနှစ်တွင် တစ်သိန်းလေးသောင်းကျော်ရှိသည်။



ရှစ်သောင်းဘုရားစေတီတော်




ဓမ္မတိုက်အတွင်းရှိ ပုံစံငယ်စေတီတော်များ

ကျွန်တော်သည် ရပ်စောက်မြို့သို့ ရောက်ရှိပြီးနောက် တစ်နေ့မှာတော့ မြေးဖြစ်သူ ထွန်းလင်းဦးက မြို့ကျက်သရေဆောင် စူဠာမုနိသာသနာ့နယ်မြေရှိ စူဠာမုနိစေတီတော်ကြီးသို့ လိုက်ပို့ပေးပါသည်။ စေတီတော်ကြီးမှာမြို့၏ ကုန်းမြင့်ထက်၌ တည်ရှိနေသဖြင့် လွန်စွာပင် သပ္ပာယ်တင့်တယ်လှပေ၏။ ကျွန်တော်နှင့် ထွန်းလင်းဦးတို့လည်း ရှေးဦးစွာ စူဠာမုနိစေတီတော်မြတ်ကြီးကို လှည့်လည်ဖူးမြော် ကြည်ညိုပြီးလျှင် မှတ်တမ်းဓာတ်ပုံများ ရိုက်ယူခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်ကြီးကုသိုလ်တော်
မြောက်ဘက်မုခ်ရှိ ဆင်းတုတော်

၏။

ထို့နောက်မှာတော့ ဘုရားဂေါပကအဖွဲ့ဝင် လူကြီးများထံ ကျွန်တော်တို့ သွားရောက်တွေ့ဆုံ၍ စေတီတော်ကြီး၏ သမိုင်းကြောင်းကို မေးမြန်းလေ့လာဖြစ်ခဲ့သည်။ ဂေါပကအဖွဲ့မှ စာရင်းကိုင် ဦးစိန်မောင်၊ ဦးတင်လှ၊ ဦးအောင်မြင့်စိန်တို့ ပြောပြချက်များအရ စူဠာမုနိစေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းနှင့် ရပ်စောက်မြို့ ဖြစ်ပေါ်လာပုံတို့ကို သိရှိလေ့လာ မှတ်သားခဲ့ရပါသည်။

ရပ်စောက်မြို့ကို ရှေးရှေးအခါက ရဿဝတီမြို့ဟု ခေါ်ဆိုခဲ့ကြသည်။ ပုဂံပြည်၏ (၄၈)ဆက်မြောက်ဘုရင်ဖြစ်သော နရပတိစည်သူမင်းကြီးသည် ကမ္ဘောဇတိုင်း ရှမ်းပြည်နယ် တစ်နံတစ်လျားသို့ တိုင်းခန်းလှည့်လည်လာခဲ့ရာ ယခု ရပ်စောက်မြို့ တည်ရှိရာဒေသသို့ ရောက်ရှိလာခဲ့သည်။ နရပတိစည်သူမင်းကြီးသည် ယခု ဘုရားကြီးတည်ရှိရာ ကုန်းတော်ပေါ်၌ မုတ္တောစေတီကို တည်ထားကိုးကွယ်ခဲ့သည်။ ထိုအချိန်တွင် မိုးနဲမြို့မှ ဆက်သလာသော လှပသည့် ပိန္နဲသီးမှ အစေ့ကို မင်းကြီးသည် အဓိဋ္ဌာန်ပြု၍ မတ်တတ်ရပ်လျက် စိုက်ပျိုးခဲ့ရာ ပိန္နဲပင်သည် သတင်းချင်း လူတစ်ရပ်ခန့် ကြီးထွားလာ၏။ ထိုအခြင်းအရာကို အကြောင်းပြု၍ ရဿဝတီမြို့ကိုလည်း ရပ်စိုက်မြို့ဟု ပြောင်းလဲခေါ်တွင်စေခဲ့သည်။ မုတ္တောစေတီတော်ကိုလည်း ရွှေပိန္နဲစေတီဟု ခေါ်ဆိုကြည်ညိုကိုးကွယ်ခဲ့ကြသည်။ ထိုစေတီတော်မှာ စူဠာမုနိဘုရားကြီး၏ အရှေ့ဘက်၌ တည်ရှိ၏။ ရပ်စိုက်မြို့ကိုလည်း ယခုအခါ ရပ်စောက်မြို့ဟု ခေါ်တွင်လာကြသည်။

ရပ်စောက်မြို့နှင့်စပ်လျဉ်း၍ ရှေးယခင်က တဘောင်တစ်ခုရှိခဲ့သည်။ ယင်းမှာ လဲတစ်ပိုင်၊ ညောင်တစ်ပင်၊ ယပ်တစ်စင်း၊ တဘက်နှစ်ထည် ဟူ၍ဖြစ်သည်။

ယင်း၏ အနက်အဓိပ္ပာယ်မှာ-

လဲတစ်ပိုင် - လဲချားစော်ဘွား အဆက်အနွယ်မှ ပုဂ္ဂိုလ်တစ်ဦး ပေါ်ပေါက်လာမည်။

ညောင်တစ်ပင် - ညောင်ရွှေစော်ဘွား အမျိုးအနွယ်မှ ပုဂ္ဂိုလ်တစ်ယောက် ပေါ်လာမည်။

ယပ်တစ်စင်း - ရပ်စောက်စော်ဘွား အမျိုးအနွယ်မှ ပုဂ္ဂိုလ်တစ်ယောက် ပေါ်လာမည်။

တဘက်နှစ်ထည် - တောင်ကြီးမြို့ ကက္ကူစေတီအနီးရှိ တဘက်ရွာကို အပိုင်စားရသော စော်ဘွားနှစ်ယောက် ပေါ်ပေါက်လာမည်။




စူဠာမုနိဘုရားကြီးဂေါပကအဖွဲ့ စော်ဘွားကြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီး မြောက်ဘက်မှ အဝင်ဆောင်တန်း

ထိုတဘောင်အရ ထူးချွန်ထင်ရှားသော ပုဂ္ဂိုလ်လေးယောက် ပေါ်ပေါက်လာပါက ဤရပ်စောက်မြို့ဒေသသည် ကြက်ပျံမကျ စည်ကားဖွံ့ဖြိုးတိုးတက်လာမည်ဟူ၍



ရှေးဟောင်းသမိုင်းဝင် အင်းဆေါင်းအနန်တော်ကြီး

ဖြစ်၏။ ယပ်တစ်စင်းဟူသော တဘောင်နှင့်အညီ ရပ်စောက်မြို့ကို အပိုင်စားရသော စော်ဘွားမှာ စောဝိုင်းဖြစ်သည်။ စော်ဘွားစောဝိုင်းသည် ဗုဒ္ဓမြတ်စွာသာသနာတော်ကို ကြည်ညိုလေးစားသည့် ဗုဒ္ဓဝါဒီပုဂ္ဂိုလ်ကြီးဖြစ်သည့်အားလျော်စွာ ရွှေဘုန်းပွင့်စေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။

သက္ကရာဇ်(၁၂၄၇)ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ကာလတွင် စော်ဘွားစောဝိုင်းသည် အမျိုး၊ ဘာသာ၊ သာသနာတော်နှင့် နိုင်ငံတော်ကို နယ်ချဲ့အင်္ဂလိပ်တို့ရန်မှ ကာကွယ်ရန်အတွက် မျိုးချစ်စိတ်အပြည့်အဝ ဖြင့် ရှမ်း၊ ပအို့ဝ်၊ တောင်ရိုး၊ ဓနု၊ ပလောင်၊ အင်းသား စသည့်လူမျိုးများကို စည်းရုံးဦးဆောင်၍ ရရာလက်နက် ဆွဲကိုင်ကြလျက် နယ်ချဲ့တို့အား ခုခံတော်လှန် တိုက်ပွဲဝင်ခဲ့သော စော်ဘွားကြီး ဖြစ်သည်။ ထိုသို့ တော်လှန်တိုက်ခိုက်နေစဉ် လူအင်အား၊ လက်နက်အင်အား မယှဉ်နိုင်သဖြင့် စော်ဘွားကြီး စောဝိုင်းမှာ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံနယ်သို့ တိမ်းရှောင်ထွက်ခွာသွားခဲ့ရသည်။ ထို့ကြောင့် စော်ဘွားကြီး စောဝိုင်း တည်ခဲ့သော ရွှေဘုန်းပွင့်စေတီကိုလည်း ကျိုင်းတုံပြေးဘုရားဟု ခေါ်ဆိုခဲ့ကြသည်။

တဘက်နှစ်ထည်ဟူသော ရှေ့ပြေးတဘောင်နိမိတ်အရ နောင်အခါတွင် တောင်ကြီးမြို့နယ် မွေတော်ကက္က စေတီတော်အနီးရှိ တဘက်ရွာမှ စော်ဘွားစောခွန်နု ဟူသော ပုဂ္ဂိုလ်တစ်ဦး ပေါ်ထွန်းလာခဲ့သည်။ ထိုစောခွန်နုကား ယခု ရပ်စောက်မြို့ ကျက်သရေဆောင် ရှုဋ္ဌာမုနိဘုရားကြီး တည်ထားကိုးကွယ်ခဲ့သော စော်ဘွားကြီး စောစောဆိုတ်၏ ဖခင်ကြီးပင်ဖြစ်သည်။ စော်ဘွားကြီး စောခွန်နုသည် ဗုဒ္ဓသာသနာတော်ကို လွန်စွာကြည်ညိုသော ပုဂ္ဂိုလ်ကြီးဖြစ်ရာ ရွှေချမ်းသာစေတီတော်ကို နယ်သူနယ်သားများ ဖူးမြော်ကြည်ညိုနိုင်စေရန် တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။

ရပ်စောက်မြို့ကျက်သရေဆောင် ရှုဋ္ဌာမုနိဆုတောင်းပြည့်စေတီတော်ကြီး၏ ဒါယကာမှာ ရပ်စောက်မြို့စား စော်ဘွားကြီး စပ်ခွန်ချို (ခေါ်) စောစောဆိုတ် ဖြစ်၏။ ဗုဒ္ဓသာသနာတော်ကို လွန်စွာကြည်ညိုသော ပုဂ္ဂိုလ်ဖြစ်၏။ စော်ဘွားကြီး စောစောဆိုတ်မှာ သက္ကရာဇ်(၁၂၆... ခုနှစ်တွင် ရပ်စောက်မြို့နှင့် မိုင်းပျဉ်းမြို့တို့ကို အပိုင်စား




www.burmeseclassic.com

www.burmeseclassic.com

အုပ်ချုပ်စေခဲ့ရသည်။ စော်ဘွားကြီး စောစောဆိတ်မှာ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးစားသူ ဖြစ်သဖြင့် မန္တလေးမဟာမြတ်မုနိဘုရားကြီးသို့ အခါအားလျော်စွာ သွားရောက်ဖူးမြော်၍ ဘုရားကြီးအား ရွှေသင်္ကန်း ကပ်လှူ ပူဇော်ခြင်းများ ပြုလေ့ရှိ၏။

ထိုစဉ်အခါက စော်ဘွားကြီး စောစောဆိတ်သည် နယ်သူနယ်သား လူထုအများ ဖူးမြော်ကြည်ညိုနိုင်ရန် ရပ်စောက်မြို့ ကုန်းမြင့်ပေါ်တွင် ဆုတောင်းပြည့်စေတီ တစ်ဆူ တည်ဆောက်လျက်ရှိပြီး သက္ကရာဇ်(၁၂၆၇)ခုနှစ်တွင် ထီးတော်တင်ရန် စီမံထားသည်။ ထိုစဉ်ကာလတွင် စော်ဘွားကြီး စောစောဆိတ် ကံကောင်းသည်ဟု ဆိုရမည့်ကိန်း ကြုံလာရ၏။ မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီးကို ထီးတော်သစ်တင်လှူရန်အတွက် ဘုရားဒါယကာ မဲနိုက်ကြရာ သုံးကြိမ်တိုင်တိုင် မဟာမြတ်မုနိစေတီ ထီးဒကာ မဲကျခဲ့လေသည်။ ဂေါပကအဖွဲ့၏ စီမံမှုဖြင့် ရေရှည်ခိုင်ခံ့တည်တံ့မည့် ထီးတော်သစ်သွန်းထုခဲ့၏။ ထီးတော်သစ် သွန်းလောင်းပြုလုပ်၍ ပိုလျှံသော ကျောက်သံ၊ ကြေး၊ ငွေ သတ္တုပစ္စည်းအပိုင်းအစများကို ရပ်ပွားဆင်းတုတော်လေးဆူ သွန်းလောင်း၏။ ရရှိလာသော ဆင်းတုတော် လေးဆူကို မဟာမြတ်မုနိဘုရားကြီး၏ ရင်ငွေ့တော်ထုံမွှမ်းလှုံယူပြီး မဟာမြတ်မုနိစေတီ၏ မူလထီးတော်နှင့်အတူ မန္တလေး နေပြည်တော်မှ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့သို့ ဆင်တော်ဖြင့် သယ်ယူပင့်ဆောင်လာခဲ့သည်။



ဘုရားကြီးရင်ပြင်တော်ပေါ်မှ တွေ့မြင်ရသော ရပ်စောက်မြို့ရှုခင်း

ရပ်စောက်မြို့သို့ ထီးတော်ရောက်ရှိလာသောအခါ မြို့ကုန်းပေါ်ရှိ ဆုတောင်းပြည့် စေတီတော်တွင် ပင့်ဆောင်လာသော မဟာမြတ်မုနိ မူလထီးတော်ကို တင်လှူပူဇော်ခဲ့ကြ၏။ ထိုစေတီတော်၏ ဘွဲ့တံဆိပ်တော်ကိုလည်း မဟာမုနိဆုတောင်းပြည့်စေတီတော်ဟု ခေါ်တွင်သမုတ်ခဲ့သည်။ ပင့်ဆောင်လာသော ဆင်းတုတော် လေးဆူကိုလည်း စေတီတော် မုခ်လေးမုခ်အတွင်း၌ ထားရှိပူဇော်ထား၏။ အရှေ့မုခ်ရှိ ဆင်းတုတော်မှာ စော်ဘွားကြီး၏ ကုသိုလ်တော် ဖြစ်၏။ မြောက်ဘက်မုခ်ရှိ ဆင်းတုတော်မှာ စော်ဘွားကြီး၏ မယ်တော်ကြီး ကုသိုလ်တော်ဖြစ်၏။ အနောက်ဘက်နှင့် တောင်ဘက်မုခ်ရှိ ဆင်းတုတော်များမှာ မဟာဒေဝီ စောနန်းမြင့်နှင့် ခင်လေးမြင့်တို့၏ ကုသိုလ်တော်များ ဖြစ်သည်။

သက္ကရာဇ်(၁၂၄၇)ခုနှစ် သီပေါမင်း ပါတော်မူပြီးနောက်ပိုင်းတွင် လူမျိုးကျွန်ဖြစ်၊ နိုင်ငံနှံ့နစ်ခဲ့ရသဖြင့် မြန်မာတစ်မျိုးသားလုံး ညှိုးချုံးဒုက္ခရောက်ခဲ့ရသလို ဗုဒ္ဓသာသနာတော်ကြီးသည်လည်း ညှိုးမှိန်ခဲ့ရရှာသည်။ မည်သို့ပင်ဖြစ်စေ ရှမ်း၊ ပအိုဝ်၊ ဓနု၊ အင်းသား၊ တောင်ရိုး၊ ပလောင်၊




[illegible]



www.burmeseclassic.com

www.burmeseclassic.com


ဘုရားကြီးဂေါပကအဖွဲ့ဝင် (တရင်းကိုင်) ဦးစိန်မောင်အား
စာရေးသူ တွေ့ဆုံမေးမြန်းစဉ်

ဗမာ စသော တိုင်းရင်းသားများသည် ဗုဒ္ဓသာသနာတော်ကို ကြည်ညိုရင်းစွဲ ရှိခဲ့ကြသည့်အတိုင်း သာသနာတော်ကို အညိုးမခံဘဲ မိမိတို့စွမ်းနိုင်သမျှ စုပေါင်းထည့်ဝင်ကြပြီးသော် ခေတ်အဆက်ဆက် ဘာသာရေး၊ သာသနာရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။

ယခုအခါ စူဠာမုနိဆုတောင်းပြည့်ဘုရားကြီးမှာ သက်တမ်း (၁၂၆၇-၁၃၇၈) နှစ်ပေါင်း(၁၁၁)ကျော်ခဲ့ပြီဖြစ်သည်။ စူဠာမုနိဘုရားကြီး၏ သာသနာ့နယ်မြေတွင် ရွှေဘုန်းပွင့်စေတီ၊ ရှစ်သောင်းဘုရား၊ ရွှေချမ်းသာဘုရား စသည့် ဘုရားပုထိုးများကို တစ်ဆက်တည်း အားပါးတရ ဖူးတွေ့နိုင်ပါသည်။

စာရှုသူမိတ်ဆွေများ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့သို့ ရောက်ရှိခဲ့ပါက မြို့ကျက်သရေဆောင် စူဠာမုနိဆုတောင်းပြည့်ဘုရားကြီးသို့ သွားရောက်ဖူးမြော်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မောင်ထည်ဝါ(ပျော်ဘွယ်)**


# တောင်တွင်းကြီးမဟာတံခွန်

## နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်

**အမှတ်-၄၃၇(၇-လွှာ) ကျိုက္ကဆံလမ်း၊ အစွန်လွတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**☎ ၇၀၈၆၂၁၊ 📱 ၀၉ ၅၀ ၆၉၇၆၄၊ ☎ (၀၁) ၄၀၁၁၆၅**

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး) စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်းဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။




www.burmeseclassic.com

www.burmeseclassic.com

# ရှေးဟောင်းသမိုင်းဝင်
# ထားဝယ်
# ရှင်ကိုးရှင်ဘုရားဖူးခရီး

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ခရီးသွားခြင်းကို နှစ်သက်သော ကျွန်တော့်အတွက် ယခုနှစ်၊ သင်္ကြန်ခရီးစဉ်သည် (OD Tour) မှ စီစဉ်သော ထားဝယ်(ရှင်ကိုးရှင်)ဘုရားဖူးနှင့် မောင်းမကန်ကမ်းခြေ (၄)ညအိပ် (၅)ရက်ခရီးစဉ် ပင် ဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသရှိ ထားဝယ်မြို့နှင့်ပတ်သက်၍ စာရေးဆရာကြီး ရွှေဝယ်ဧ ရေးသားသော ထားဝယ်ရာဇဝင်သမိုင်း စာအုပ်တွင် ဤသို့ရေးသားထားသည်။

ထားဝယ်ခေါ်ကြရင်းအစ ဝေမိဿကတောင်(ကနန်းတောင်ထိပ်)ဝယ် ရှင်တော်မြတ်စွာ ထက် ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသည်ကို အစွဲပြု၍ ယွန်း၊ ရှမ်း၊ ယိုးဒယားတို့ ဘာသာဖြင့် ထဝှာပြုတော် မူသည်ဟု သမုတ်ကြသောကြောင့် ထဝှါဒေသကို ထဝှာတိုင်းတွင်သည်။ ကာလရှည်များလတ်သော် ဝ,အက္ခရာ၌ ဟထိုးပျောက်ပြီး ထားဝယ်ဟူ၍ ယနေ့တိုင် အများခေါ်ဝေါ်ကြလေသည်။

<u>ရှင်ကိုးရှင်ဟူသည်ကား</u>

ကျမ်းများ၏အဆိုအရ ထားဝယ်ဒေသတွင် ခေတ်အဆက်ဆက် ရှေးမဆွကပင် ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်ကိုးကွယ်လာခဲ့ကြသည်။ ထားဝယ်ဒေသရှိ သမိုင်းဝင် ရှေးဟောင်းမြို့များကို လေ့လာကြည့်လျှင် ထားဝယ် ရှေးဟောင်းလူများသည် ဗုဒ္ဓဘာသာကို အစဉ်ကိုးကွယ်ခဲ့ကြသည်။

ထားဝယ်ဒေသသည် အေဒီ(၃)ရာစုခေတ်ကတည်းက လောကီပညာရပ်ဆိုင်ရာ တန်ခိုးသိဒ္ဓိ၊ ဣဒ္ဓိဝိဇ္ဇာအဘိ ညာဉ်စခန်းများ၊ ပညာရပ်များ ပေါ်ထွန်းခဲ့ပြီး ရှင်ကိုးရှင်ဘုရားများ ပေါ်ပေါက်ထွန်းကား လျက် သာသနာအရောင် ထွန်းပြောင်ခဲ့သည်။

ရှင်ကိုးရှင်ဟူသည်ကား တောင်သုံးတောင်၊ တောသုံးတော၊ မြို့သုံးဆူ အောင်နိမိတ်ယူဟူသော အဆို အရလည်းကောင်း၊ ဟောမာဂီရိ၊ မြို့တြိ၊ မှတ်ဘိရှင်ကိုးရှင်ဟူသော အဆိုအရလည်းကောင်း၊ ထားဝယ်ခရိုင် အတွင်းရှိ တောင်သုံးတောင်၊ တောသုံးတောနှင့် ထားဝယ်မြို့ ဘုရားသုံးဆူ၊ ပေါင်း ဘုရား(၉)ဆူကို တစ်နည်း အားဖြင့် ရှင်ကိုးရှင်ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

ဤတွင် တောင်သုံးတောင်ဟူသည်ကား တောင်များပေါ်တွင်ရှိသော ဘုရားသုံးဆူ ဖြစ်သည်။

(၁) ရှင်ဆံတော်စေတီ (ကလိန်အောင်ဆံတော်ရှင်စေတီ)

(၂) ရှင်မော်တောင်စေတီနှင့်

(၃) ရှင်တောင့်ပုံစေတီကို ရည်ညွှန်းသည်။

တောသုံးတောဟူသည်ကား တောရွာများတွင်ရှိသော ဘုရားသုံးဆူဖြစ်သည့်-


(၁) ရှင်ဓာတ်ဝဲစေတီ၊

(၂) ရှင်ဇလွန်စေတီနှင့်



www.burmeseclassic.com

www.burmeseclassic.com


ရှင်ဆံတော် (ကလိန်အောင်)

(၃) ရှင်တောက်ထိန်ရုပ်ပွားဆင်းတုတော်တို့ကို ဆိုလိုသည်။

မြို့သုံးဆူဟူသည်ကား ထားဝယ်မြို့နှင့် မုတ္တသုခနဂရမြို့ (ယခု ရှင်မုတ္တီးကျေးရွာ)များတွင် ဘုရားသုံးဆူဖြစ်သည့်-

(၁) ရှင်ပင်ခရုစေတီ၊
(၂) ရှင်ဥဩစေတီနှင့်
(၃) ရှင်မုတ္တီးရုပ်ပွားဆင်းတုတော်တို့ကို ဆိုလိုသည်။

ရှင်မုတ္တီးဆရာတော်ကြီး ဦးနန္ဒိယက ရှင်ကိုးရှင်ကို အောက်ပါအတိုင်း အမှတ်စဉ် သတ်မှတ်ရန် စာရေးဆရာမောင်သန်းဆွေ(ထားဝယ်)က မှတ်တမ်းတင်ဖော်ပြခဲ့သည်။

(၁) ရှင်ပင်ခရု၊ (၂) ရှင်မုတ္တီး၊ (၃) ရှင်တောင့်ပုံ၊ (၄) ရှင်မော်တောင်၊ (၅) ရှင်တောက်ထိန်၊ (၆) ရှင်ဥဩ၊ (၇) ရှင်ဇလွန်၊ (၈) ရှင်ဓာတ်ဝဲနှင့် (၉) ရှင်ဆံတော် (ကလိန်အောင်ဆံတော်ရှင်)တို့ ဖြစ်ပါသည်။

**Day-1 (၁၂.၄.၂၀၁၇) ဗုဒ္ဓဟူးနေ့**


ည(၇)နာရီတွင် ရန်ကုန်မြို့ OD Tour ရုံးခန်းရှေ့ ရပ်မှ စတင်ထွက်ခွာသည်။ Scania Epress ကား(၄၅) စီးဖြင့် ထွက်လာရာ ညလယ်စာကို (၃၉)မိုင်ရှိ သပြေရိပ်စားသောက်ဆိုင်တွင် သုံးဆောင်ကြသည်။ ကားပေါ်တွင် ညအိပ်လိုက်ပါခဲ့ရသည်။

**Day-2 (၁၃.၄.၂၀၁၇) ကြာသပတေးနေ့**

နံနက်စောစော ရေးမြို့သို့ ရောက်ရှိသည်။ စားသောက်ဆိုင်တွင် မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး နံနက်စာကို သုံးဆောင်ကြသည်။ စားသောက်ဆိုင်တွင် ရှင်ကိုးရှင်ဘုရားဖူးများဖြင့် ပြည့်နေသည်။ သည့်နောက် ရေးမြို့မှ ထားဝယ်မြို့သို့ ခရီးဆက်ခဲ့ကြသည်။ ရေး-ထားဝယ် ကားလမ်းသည်ကား အကွေ့အကောက် တောင်စဉ်တောင်တန်းများဖြင့် သဘာဝရှုခင်းတွေက လှပလို့နေပါသည်။ ရေးမြို့တွင် ကွမ်းပင်များစွာ တွေ့ရသည်။ တောင်သုံးတောင်တွင် တစ်ခုအပါအဝင်ဖြစ်သော ရှင်ဆံတော်သို့ တောင်တက်ကားဖြင့် သွားရောက်ဖူးမြော်ခွင့်ရပါသည်။

**(၁) ရှင်ဆံတော်(ကလိန်အောင်ဆံတော်ရှင်စေတီ)**

ရှင်ဆံတော်စေတီသည် ရှင်ကိုးရှင် အစဉ်တိုင်းတွင် နံပါတ်ကိုး၌ရှိသည်။ ရှင်ဆံတော်စေတီတော်သည် ထားဝယ်မြို့မှမြောက်ဘက် ထားဝယ်-ရေး ကားလမ်း (၄၇) မိုင်အကွာ ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့ တောင်ပေါ်တွင် တည်ရှိပါသည်။ ဤစေတီတော်မြတ်သည် ရှေးနှစ်ပေါင်းများစွာမှ တည်ထားကိုးကွယ်ခဲ့သော ဆံတော်မြတ်


ရှင်ဓာတ်ဝဲ (မောင်မယ်ကျောင်း)



www.burmeseclassic.com

www.burmeseclassic.com

များ ဌာပနာထားသည့် စေတီတော်မြတ်ဖြစ်သည်။ ဘုရား သမိုင်းအကျဉ်းမှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ ဂေါတမမြတ်စွာဘုရား (၁၁)ဝါမြောက်တွင် ဘုရားရှင်က ဆံတော်သုံးဆူပေး၍ ရသေ့၊ နတ်သားနှင့် ဘီလူးတို့အား ဝေဿဝဏ္ဏတောင်ကုန်း၌ ရှေးဘုရားသုံးဆူဖြစ်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့၏ ဆံတော် မြတ်များရှိရာ ယင်းဆံတော်တို့နှင့်အတူ မိမိ၏ဆံတော် သုံးဆူကိုပါ ဌာပနာရန် ဗျာဒိတ်ထားတော်မူခဲ့သည်။

ဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်း ဝေဿဝဏ္ဏ တောင်ကုန်းတွင် စောက်အတောင်(၄၀) အနံ၊ အလျား အတောင်(၃၀) တူးပြီး ကျောက်အင်္ဂတေတို့ဖြင့် ချောမွတ် သေသပ်စွာဖြင့် ဆံတော်သုံးဆူ ဌာပနာ၍ ဉာဏ်တော် (၁၅)တောင်ရှိ ကျောက်စေတီကို တည်ထားခဲ့သည်။ ယင်းစေတီသည် ဆုတောင်းတိုင်း ပြည့်စုံသည့်အတွက် ဆုတောင်းပြည့်ဆံတော်ရှင်ဟု အမည်တွင်သည်။

ဤဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလပြည့်နေ့ တွင် ကျင်းပပြီး ရောင်ခြည်တော်အသွယ်သွယ် ကွန့်မြူး သည်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ကိုယ်တွေ့မျက်မြင် ဖူးမြော်ခွင့်ရကြသည်။

သည့်နောက် ထားဝယ်မြို့အဝင်ရှိ ရှင်ဓာတ်ဝဲစေတီ တော်သို့ သွားရောက်ဖူးမြော်ခဲ့ကြသည်။



ရှင်တောင့်ပုံ(အရက်ရောင်မြို့)

(၂) ရှင်ဓာတ်ဝဲစေတီတော်

ရှင်ဓာတ်ဝဲဘုရားသည် ထားဝယ်မြို့မှမြောက်ဘက် ရေဖြူသွားကားလမ်း၏ (၇)မိုင်သို့ဝေးသည့် မောင်မယ် ရှောင်ရွာတွင် တည်ရှိသည်။ ကားလမ်းမကြီးမှ အတွင်း ဘက်သို့ (၂)ဖာလုံခန့် ဝင်သွားလျှင် စေတီတော်ကို ဖူး မြော်နိုင်ပြီး ယင်းစေတီတော်သည် ထားဝယ်ခြမ်း ရှေ့ ဘက်ကမ်းတွင် တည်ရှိသည်။ ဤစေတီတော်သည် ရှင် ကိုးရှင်အစဉ်တွင် အမှတ်စဉ်(၈)၌ ရှိပါသည်။

ရှင်ဓာတ်ဝဲစေတီတော်ဟု အမည်တွင်ခဲ့သော သမိုင်း ကြောင်းမှာ ဤသို့ဖြစ်သည်။ သက္ကရာဇ်(၁၅၀)ပြည့်နှစ် တွင် ရဟန္တာတစ်ပါးသည် ဈာန်ဖြင့် ကြွလာပြီး ဂေါဝိန္ဒ ရသေ့ မွေးမြူစောင့်ရှောက်ထားသော ရှင်ဖော ရှင်ဖဲ မောင် နှမတို့အား သာသနာတော်အကျိုး မျှော်ကိုး၍ မြတ်စွာ ဘုရား၏ ဓာတ်တော်တစ်ဆူ ပေးတော်မူခဲ့သည်။ အဆိုပါ မောင်နှမသည် တစ်ဆူတည်းသော ဓာတ်တော်ကို လုကြ ရာ မွေးစားဖခင် ရသေ့ကြီးက ရဟန္တာအရှင်မြတ်ထံသွား ၍ ဓာတ်တော်နှစ်ဆူဖြစ်ရန် အဓိဋ္ဌာန်ပြုစေခဲ့ပါသည်။ သမိုင်းမှတ်တမ်းအရ မူလဓာတ်တော်အစစ်ကို ရှင်ဖဲရပြီး ကျန်ဓာတ်တော်ကို ရှင်ဖော ရသည်ဟု ဆိုသည်။

ရှင်ဖဲ(ယောကျ်ားကလေး)သည် ရရှိသော ဓာတ် တော်ကို ဘုရားတည်ရန် အဓိဋ္ဌာန်ဖြင့်လွှတ်ရာ ဓာတ်တော် ပျံဝဲသည့် တည်နေရာတွင် စေတီတည်၏။ ဓာတ်တော် ဝဲနေသည်ကို အစွဲပြု၍ ရှင်ဓာတ်ဝဲဘုရားဟု တွင်သည်။ ရှင်ဓာတ်ဝဲဘုရားအနီးတွင် ထိုင်တော်မူဘုရားနှင့် ဘုရား ပွင့်တော်မူသော ဗောဓိပင်များ [တနင်္သာရီတိုင်းဒေသကြီး ရှိ အကြီးဆုံးနှင့် အမြင့်ဆုံး ဉာဏ်တော်(၁၅)ပေခန့်ရှိ ကျောက်ဆင်းတုတော် ထိုင်တော်မူတစ်ပါး]ကိုလည်း ဖူး မြော်ဦးခိုက်ခဲ့ရသည်။

သည့်နောက် ထားဝယ်မြို့သို့ ပြန်လာခဲ့ကြသည်။ ထားဝယ်မြို့ကား သန့်ရှင်းသပ်ရပ်သော မြို့ဖြစ်သည်။ မြို့လယ်တွင် ကြည့်ကောင်းသော တိုက်တာများစွာကို တွေ့ရသည်။ Diamond Crown Hotel တွင် Check In ဝင်ရောက်ပြီး နေ့လယ်ပိုင်း အနားယူကြသည်။ ညနေ ပိုင်းတွင် ရှင်ကိုးရှင်အစဉ်အတိုင်းတွင် နံပါတ်သုံး၌ တည် ရှိသော ရှင်တောင့်ပုံစေတီသို့ သွားရောက်ဖူးမြော်ခဲ့ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃) ရှင်တောင့်ပုံစေတီ


ရှင်တောင့်ပုံစေတီသည် ရှင်တောင့်ပုံ ထားဝယ်ဒိန်းသံကြောင့် နာမည်ကြီး၍ လူသိများလာသည်။ ရှင်တောင့်ပုံစေတီသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့၏အရှေ့ဘက် မနီးမဝေးတောင်တန်းတွင် တည်ရှိသည်။ ယင်းစေတီတော်သည် အမြင့်ပေနှစ်ထောင်ကျော်ခန့်တွင်ရှိသော်လည်း ယခုအခါ ကွန်ကရစ်လမ်းဖြင့် ပြုပြင်ထားသဖြင့် မော်တော်ကား၊ ဆိုင်ကယ်တို့ဖြင့် စေတီတော်အရောက် သွားရောက်ဖူးမြော်နိုင်ပြီဖြစ်သည်။ ရှင်တောင့်ပုံစေတီသည် မြားပုံ၊ မြားပလုံး၊ မြားကျည်တောက်များ စုပုံရာ ဘုရားစေတီဟု အဓိပ္ပာယ်ရသည်။

သမိုင်းအကျဉ်းမှာ ဆင်ဖြူရှင် မဟာနရိန္ဒဘွဲ့ခံ မင်းတရား၏ မိဖုရားကြီး စုမဒ္ဒီဒေဝီ အလိုဆန္ဒအတိုင်း ရွှေအဆင်းရှိသော ဥဒေါင်းကို ဖမ်းယူရန်ရှာရင်း ရှင်တောင့်ပုံစေတီတည်ရာ တောင်ပေါ်သို့ ရောက်လာသော မုဆိုးမောင်နှမနှင့် ဂီရိပစ္စယရသေ့ကြီးတို့ တွေ့ကြရာ ရသေ့က တရားဓမ္မဟောပြ၍ မောင်နှမတရားရကာ ဂေါဝိန္ဒအမည်ဖြင့် ရသေ့ဝတ်လေသည်။ ဤတွင် မုဆိုး၏ အသုံးအဆောင် လက်နက်ကိရိယာထည့်သော တောင်းပလုံးတို့ကို မီးပုံ၍ရှို့သော နေရာတွင် အထိမ်းအမှတ်စေတီတည်ရာ (ရှင်တောင့်ပုံစေတီ)ဟု အမည်တွင်လေသည်။

ရှင်တောင့်ပုံစေတီသည် ထေရဝါဒဗုဒ္ဓဝါဒီများအတွက် အထွတ်အမြတ်စေတီဖြစ်ပြီး ကောဇာသက္ကရာဇ် (၉၇)ခုနှစ်က ဖြစ်နိုင်ခြေရှိသည်ဟု သုတေသီများက ဆိုကြသည်။ ပုဂံခေတ်ဦး ပျူခေတ်ကတည်းက တည်ထားခဲ့သည်ဟု ယူဆခဲ့ကြသည်။ ထို့ပြင် ရှင်တောင့်ပုံစေတီတွင် မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို ဌာပနာတည်ထားခဲ့သည်ဟု ဆိုကြသည်။ လက်တွေ့ဖူးမြင်ခဲ့ရသူများက ရှင်တောင့်ပုံစေတီတော်တွင် ရောင်ခြည်တော်ကွန့်မြူးပြီး တန်ခိုးပြာဋိဟာတော် ပြသည်ဟု ဆိုကြသည်။ ရှင်တောင့်ပုံစေတီကို ဖူးမြော်ပြီးနောက် ရှင်မုတ္ထီးဘုရားသို့ ခရီးဆက်ခဲ့ကြသည်။

## (၄) ရှင်မုတ္ထီးဘုရား

ရှင်မုတ္ထီးဘုရားသည် သမိုင်းဝင် ရှင်ကိုးရှင်အစဉ်အတိုင်းတွင် နံပါတ်နှစ်၌ ရှိပါသည်။ ရှင်မုတ္ထီးဘုရားသည် ထားဝယ်မြို့ ရှင်မုတ္ထီးကျေးရွာ၊ ထားဝယ်မြို့နှင့် (၆)မိုင်



ရှင်မုတ္ထီး (ရှင်မုတ္ထီးရွာ)

ကွာဝေးသော ထားဝယ်-မြိတ် ကားလမ်းနံဘေးတွင်တည်ရှိသည်။ ရှင်မုတ္ထီးကျေးရွာကို အစွဲပြု၍ ရှင်မုတ္ထီးဘုရားဟု ခေါ်ဝေါ်ခဲ့ကြသည်။ သမိုင်းကြောင်း မှတ်တမ်းအရ ရှင်မုတ္ထီးရွာသို့ သင်္ဘောတုံးပေါ် ခံတော်မူ မျောလာသော ကိုယ်စားတော်အား သီလရှင်ကြီး မယ်အေးသီက အိပ်မက်အရ ချည်ခုနစ်မျှင်ကြိုးဖြင့် သစ္စာအဓိဋ္ဌာန်ပြု၍ဆွဲပြီး စေတီတော်တည်ရာ အရပ်သို့ရောက်လျှင် ရပ်တန့်တော်မူလေသည်။ ယင်းနေရာသည် ယခုဖူးမြင်ရသော မုတ္ထီးဘုရားပင်ဖြစ်သည်။ ရှင်မုတ္ထီးဘုရားသမိုင်း စာအုပ်အရ မူလရုပ်ပွားတော်သည် စေတီတော်အတွင်း ဌာပနာထားသည်ဟု ဆိုသည်။

သည့်နောက် Diamond Crown Hotel တွင် ညစာသုံးဆောင်ပြီး ညအိပ်အနားယူကြသည်။

## Day-3 (၁၄-၄-၂၀၁၇) သောကြာနေ့

နံနက်(၇း၀၀)နာရီတွင် ဟိုတယ်၌ နံနက်စာ သုံးဆောင်ပြီး ထားဝယ်မြို့နှင့် (၅၂)မိုင်ကျော် ကွာဝေးသော ရှင်မော်စေတီသို့ သွားရောက်ဖူးမြော်ခဲ့သည်။ မြတ်ရှင်မော်ဘုရားဟု လူသိများသော ရှင်မော်တောင်စေတီသည် ပင်လယ်ဝတွင် တည်ရှိသည်။


## (၅) ရှင်မျှော်တောင်စေတီတော်

ရှင်မော်၏ အဓိပ္ပာယ်မှာ ပင်လယ်ကမ်းခြေတော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မျှော်တောင်(ကြက်လွှတ်ရွာ)

တောင်၏ အငူအစွန်းတွင်တည်ရှိသော စေတီတော်(ဘုရားရှင်)ဟူသော အဓိပ္ပာယ်ရသည်။ ရှင်မျှော်တောင်စေတီသည် လောင်းလုံမြို့နယ်၊ ကြက်လွှတ်ရွာတွင် တည်ရှိပြီး ယင်းရွာအထိသွားပြီး တောင်ပေါ်ခရီး သုံးမိုင်တက်ရသည်။ ယခုအခါ ရှင်မျှော်တောင်စေတီသို့ မော်တော်ကားဖြင့် တိုက်ရိုက်ရောက်ရှိပြီ ဖြစ်သည်။

သင်္ကြန်ပွဲတော်ရက်ဖြစ်၍ ယင်းစေတီသို့ လာရောက်ဖူးမြော်ကြသော ဘုရားဖူးယာဉ်၊ ကိုယ်ပိုင်ကားများဖြင့် လမ်းတစ်လျှောက် စည်ကားပြည့်ကျပ်လို့နေသည်။ လမ်းက ကျဉ်းလွန်းသဖြင့် ယာဉ်တစ်စီးနှင့်တစ်စီးရှောင်ကာ မောင်းနှင်ရသည်။ လမ်းတစ်လျှောက် ပင်လယ်ရှုခင်းနှင့် သဘာဝအလှတွေက မမေ့နိုင်အောင် ထူးခြားလှသည်။

ရှင်မျှော်တော်စေတီသည် ရှင်ကိုးရှင်အစဉ် ဘိုင်းနံပါတ်(၄)၌ တည်ရှိသည်။ သက္ကရာဇ်(၂၃၈)ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ရှင်မျှော်တောင်ဘုရားကို တည်ခဲ့ကြသည်။ ရှင်မျှော်တောင (အံတော်)စေတီတွင် သီလစင်ကြယ်စွာ ယုံယုံကြည်ကြည် ဆောက်တည်၍ မိမိတို့အလိုရှိသောဆုကိုတောင်းသော် ပြည့်စုံသောကြောင့် ဆုတောင်းပြည့်စေတီဟုလည်း ခေါ်ကြသည်။ ရှင်မျှော်တောင်တွင် အုံ့ဖွယ်ရာခြောက်ဖြာ ရှိသည်။

ရှင်မျှော်တောင်စားသောက်ဆိုင်တွင် နေ့လယ်စာသုံးဆောင်ပြီးနောက် ရှင်တောက်ထိန်ဘုရားသို့ ဖူးမြော်ရန် သွားရောက်ခဲ့သည်။

## (၆) ရှင်တောက်ထိန်ဘုရား

ရှင်တောက်ထိန်ဘုရားသည် ရှင်ကိုးရှင်အစဉ်အတိုင်းတွင် နံပါတ်(၅)နေရာတွင်ရှိသည်။ ရှင်တောက်ထိန်ဘုရားသည် ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ ကမြောကင်းကျေးရွာတွင် တည်ရှိသည်။ ရှင်တောက်ထိန်ဘုရားကို ဓာတ်ဘုရားဟု ခေါ်ကြသည်။ ယင်းသည် ထိုင်တော်မူရုပ်ပွားတော်ဖြစ်သည်။ ရှင်တောက်ထိန်ဘုရားသည် စနေနံ(၂)လုံး ဆက်နေခြင်းကြောင့် ထွက်ရပ်လမ်းစဉ်လိုက်သူများ၊ အဓိဋ္ဌာန်ဝင်သူများအတွက် အထူးအကျိုးပေးသောဘုရားတစ်ဆူ ဖြစ်သည်။ ရှင်တောက်ထိန်ဘုရားသည် (ကုန်းမြင့်တောင်ပေါ်မှဘုရား)ဟုလည်း ယူဆကြသည်။ အဓိဋ္ဌာန်ဝင်သူများ၏ ပြောပြချက်အရ ရုပ်ပွားတော်သည် မျက်တောင်ခတ်ခြင်း၊ ပြုံးတော်မူခြင်း စသည့်တန်ခိုးပြာဋိဟာတော် ပြတော်မူတတ်သည်ဟု သိရသည်။ ရှင်ကိုးရှင်တွင် အဓိဋ္ဌာန်ဝင်သူများသည် ရှင်တောက်ထိန်တွင်စ၍ အဓိဋ္ဌာန်ဝင်ပြီး အဆုံးတွင် တစ်ဖန် ရှင်တောက်ထိန်နှင့်ပြန်၍အဆုံးသတ်ရသည်ဟု ဆိုသည်။ စတင်တွေ့ရှိချိန်မှစ၍ ရုပ်ပွားတော်သည် ရုပ်ရှင်တော်ဖြစ်သဖြင့် တဖြည်းဖြည်း ကြီးလာသည်ဟု ဆိုကြသည်။



ရှင်တောက်ထိန် (ကမြောကင်းရွာ)

www.burmeseclassic.com

www.burmeseclassic.com

ယင်းနေ့ခရီးစဉ်အပြီး ဟိုတယ်တွင် ညစာသုံးဆောင်ပြီး အိပ်စက်အနားယူကြသည်။

**Day-4 (၁၅.၄.၂၀၁၇) စနေနေ့**

ရှင်ကိုးရှင်ဘုရားဖူးကို ယနေ့အဆုံးသတ်ပြီး မောင်းမကန်ကမ်းခြေသို့ သွားမည်ဖြစ်ရာ Check Out ကို ယနေ့နံနက်မှာပင် ကြိုတင်ပြုလုပ်ထားကြသည်။ နံနက်စာ (Breakfast) သုံးဆောင်ပြီး ကျန်ရှိနေသော စေတီ(၃)ဆူကို ဖူးမြော်ပြီး မောင်းမကန်ကမ်းခြေသို့ သွားမည်ဖြစ်သည်။ ပထမဦးစွာ ထားဝယ်မြို့ပေါ်ရှိ ရှင်ဥသြစေတီသို့ သွားရောက်ဖူးမြော်ကြသည်။

**(၇) ရှင်ဥသြစေတီ**

ရှင်ဥသြစေတီသည် ရှင်ကိုးရှင် အစဉ်တိုင်းတွင် နံပါတ်ခြောက်နေရာ၌ရှိသည်။ ယင်းစေတီသည် ထားဝယ်မြို့ ပိန္နဲတောရပ်ရှိ ရွှေကျောင်းကြီးဝင်းအတွင်း တည်ရှိသည်။ ရွှေတောင်စားမင်းသည် ယင်းဘုရားကို နန်းတော်နှင့် တစ်ပြိုင်တည်းတည်၍ နန်းဦးဘုရားဟုလည်း ဘွဲ့တော်သ,သည်။ ရွှေတောင်စားမင်းသည် ယင်းစေတီကို သက္ကရာဇ်(၁၁၂၂)ခုနှစ်တွင် တည်ခဲ့သည်။ ရှင်ဥသြစေတီနှင့် တခြားစေတီများ ကွာခြားချက်မှာ ယင်းစေတီ၏ ခေါင်းရစ်တော်မှာ (၁၁)ရစ်ဖြစ်သည်။ သိုက်နန်းရှင်များက စေတီတော်နှင့် သိမ်တော်ကြီးအား စောင့်ကြပ်နေကြသည်ဟု လူအများက ယုံကြည်ကြသည်။ ရှင်ဥသြစေတီ ခန်းတွင် နှစ်ပေါင်း(၂၀၀)ကျော်ပြီး ထားဝယ်မြို့တွင် ဒုတိယရှေးအကျဆုံး ကြေးခေါင်းလောင်းကြီးတစ်လုံးရှိသည်။



ရှင်ဥသြ (ပိန္နဲတောရပ်)



ရှင်ပင်ခရ (ကရပ်ပြင်)


**(၈) ရှင်ပင်ခရစေတီတော်**

ရှင်ပင်ခရစေတီတော်သည် ရှင်ကိုးရှင်အစဉ်တိုင်းတွင် နံပါတ်တစ်တွင် တည်ရှိပါသည်။ ရှင်ပင်ခရဘုရားသည် ထားဝယ်မြို့ ကရပ်ပြင်ရပ်၊ အာဇာနည်လမ်း အနီးတွင် တည်ရှိသည်။ ဤစေတီတော်မြတ်ကို ရှေးနှစ်ပေါင်း (၃၀၀)ကျော်ခန့်ကပင် စတင်တည်ဆောက်ခဲ့သည်။ ရှင်ပင်ခရဘုရားတွင် ထူးခြားချက်(၈)ချက်ရှိသည်ဟု ဆိုကြသည်။ သိသာထင်ရှားသော ထူးခြားမှုကား (၁၉၉၆) ခုနှစ်၊ မတ်လ (၂၆)ရက်နေ့တွင် ကရပ်ပြင်တောင်တစ်ရပ်ကွက်လုံးနီးပါး မီးလောင်ခံရသောအခါ စေတီတော်အရှေ့ဘက် အာရုံခံတန်ဆောင်း မီးကွင်းကျန်ခဲ့သည်။ မီးကွင်းသည့်ဘုရား၊ သူခိုး ခိုးယူရန် မရသောဘုရားအဖြစ် ထင်ရှားခဲ့သည်။ ယခုအခါ အဓိဋ္ဌာန်ဝင်သူများ၊ ဆုတောင်းပြည့်၍ ဘုရားဖူးလာ ဧည့်သည်များနှင့် စည်ကားလှသော တန်ခိုးကြီးစေတီတော်တစ်ဆူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဇလွန် (မြို့ဟောင်းရွာ)

**(၉) ရှင်ဇလွန်စေတီတော်**

ရှင်ဇလွန်စေတီတော်သည် ရှင်ကိုးရှင်အစဉ်အတိုင်းတွင် နံပါတ်ခုနစ်တွင် တည်ရှိသည်။ ယင်းစေတီတော်သည် ထားဝယ်မြို့မှ (၇)မိုင်ခန့်ဝေးသော လောင်းလုံမြို့နယ် မြို့ဟောင်းကျေးရွာ ရှေးအခေါ် သာဂရမြို့တွင် တည်ရှိသည်။ ထားဝယ်မြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ ရှင်ဇောကဓာတ်တော်များကိုရရှိပြီး ရှင်ဇလွန်ဘုရားကို တည်သည်။ မိန်းမတည်သော ရှင်ဇလွန်ဘုရားဖြစ်၍ ထီးတော်တင်သည့်အခါ မိန်းမပါမှ အောင်မြင်သည်ဟု အယူရှိသည်။

သက္ကရာဇ်(၁၇၀)ပြည့်နှစ်တွင် စေတီဟောင်းကို ထပ်မံဌာပနာပြီး ဘုရားစေတီတည်သည်ဟု အဆိုရှိသည်။ ဤဘုရား၏ ထူးခြားချက်မှာ စေတီ၏ ခေါင်းလောင်းပုံ အထက်ပိုင်းပတ်လည် အင်္ဂတေပန်းဖြစ်သည်။ သီရိဝစ္ဆပုံ အင်္ဂတေပန်းဖြစ်၍ အလွန်ရှေးကျပြီး ပျူခေတ်နှင့် ခေတ်ပြိုင်ဟု ယူဆရသည်။ ဤစေတီသည် မြင့်မြတ်သော ဗုဒ္ဓသလွန်တော် ကိန်းဝပ်သည့် တစ်ဆူတည်းသော စေတီတော်ဖြစ်သည်။ ဆုတောင်းပြည့်ပြီး တန်ခိုးသိဒ္ဓိနှင့် ပြည့်စုံခြင်း၊ ထွက်ရပ်လမ်းကိုလိုက်သူများ၊ အဓိဋ္ဌာန်ဝင်သူများအတွက် အဓိကကျသော စေတီတော်တစ်ဆူအဖြစ် ထင်ရှားကျော်ကြားသည်။

ရှင်ဇလွန်စေတီတော်မှ မောင်းမကန်ကမ်းခြေသို့ ခရီးဆက်သည်။ မောင်းမကန်ရောက်တော့ နေ့လယ်စာစားချိန် ရောက်နေပြီ။ မောင်းမကန်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ ရေပက်ခံကားများဖြင့် စည်ကားလို့နေသည်။ ဈေးတန်းတစ်လျှောက်တွင် အမှတ်တရပစ္စည်း ဒေသထွက်ပစ္စည်းများ ရောင်းချကြသည်။ စားသောက်ဆိုင်များလည်းရှိသည်။ ရေဆင်းချိုးသူချိုး၊ နားသူနားနှင့် မောင်းမကန်တွင် အပန်းဖြေကြသည်။

ထို့နောက် မျှော်ရစ်ဘုရားသို့ သွားရောက်ဖူးမြော်ကြသည်။ မျှော်ရစ်ပတ်ဝန်းကျင်၏ ပင်လယ်အလှ၊ သဘာဝမြင်ကွင်းများကား ထူးခြားလှ၏။ ပြီးလျှင် ဒေသထွက်လက်ဆောင်ပစ္စည်းများ ဝယ်ယူရန် မလိငါးပိဆိုင်သို့ ပို့ဆောင်ပေးသည်။ ထိုမှသည် ရန်ကုန်သို့ မထွက်ခွာခင် Diamond Crown Hotel တွင် ညစာသုံးဆောင်ကြသည်။ သည့်နောက် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာလာရာ Express ကားပေါ်တွင် ညအိပ်သည်။

**Day-5 (၁၆.၇.၂၀၁၇) တနင်္ဂနွေနေ့**

နံနက်စာကို ကျိုက်ထိုအနီး Feel စားသောက်ဆိုင်တွင် သုံးဆောင်ရင်း ခေတ္တအနားယူသည်။ ရန်ကုန်မြို့သို့ နံနက်(၁၀)နာရီခန့်တွင် ရောက်ရှိသည်။

OD Tour နှင့် သွားရောက်ခဲ့သော ရှင်ကိုးရှင်ဘုရားဖူးနှင့် မောင်းမကန်အပန်းဖြေခရီးသည် တိုတောင်းသော သင်္ကြန်ကာလအတွင်း ဝန်ဆောင်မှုကောင်းကောင်း [illegible] စွမ်းနိုင်သဖြင့် ခရီးသွားဧည့်သည်များ စိတ်ကျေနပ်မှု အပြည့်ရရှိသော ခရီးစဉ်တစ်ခုဖြစ်သည်ဟု ဆိုလိုက်ရပါသည်။

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

**ရည်ညွှန်း**

၁။ ထားဝယ်ရာဇဝင်သမိုင်း (ဒုတိယအကြိမ် ၂၀၁၅ ခုနှစ်၊ ဩဂုတ်)၊ စာရေးဆရာကြီး ရွှေဝယ်ဇ။

၂။ ရှေးဟောင်းသမိုင်းဝင် ရှင်ကိုးရှင်ဘုရားသမိုင်းအကျဉ်းချုပ်၊ ဆရာဦးဘမြင့်(ထားဝယ်)၊ (၂၀၁၆)ခုနှစ်၊

၃။ ထားဝယ်ဘုရားသမိုင်း စာအုပ်များ။



www.burmeseclassic.com

www.burmeseclassic.com

## ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

## Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)
ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြောတက်၊
အသည်းရောင်အသားဝါ
ရောဂါများအတွက် သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

**Diseases to be applied**

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

**ဝင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်-၇၄၁၊ ဓနသိဒ္ဓိလမ်း (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅**


www.burmeseclassic.com

# ဘုရားအလောင်း
# ငါးရံ့မင်းတောင်


နဂါးပိုလ်မောင်မောင်သက်(ငြိမ်း/စစ်)

မြန်မာနိုင်ငံတွင် ဘုရားရှင်နှင့်ပတ်သက်၍ ရှေးရှေးကာလမှ တည်ထားခဲ့သော သမိုင်းဝင်ဘုရားများ ရှိခဲ့ပါသည်။

ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ စစ်ကိုင်းခေတ်နှင့် ကုန်းဘောင်ခေတ်တို့၌ ရှေးဘုရင်များ တည်ထားကိုးကွယ်ခဲ့သော ဘုရားများသည် စာရေးသူဇာတိ မန္တလေးမြို့၌ အများဆုံးရှိပါသည်။ ထိုခေတ်တွေထက် ရှေးကျသော ဘုရားနှစ်ဆူတွင် အညာသီဟတောဘုရား၊ ငါးမွန်းတောင်ဘုရား၊ ဆားခါတောင်ဘုရား၊ တောင်ပုန်းလုံဘုရားနှင့် ရန်ကင်းတောင်ဘုရားတို့မှာ ဂေါတမဘုရားရှင်ပွင့်တော်မမူခင်ကာလမှ ယခုခေတ်တိုင် တည်ရှိနေပါသည်။



ရန်ကင်းတောင်လိုဏ်ဂူအတွင်း ဘုရားအလောင်းငါးရံ့မင်း ကျောက်သားရုပ်တုတော်



ဝသုန္ဓရာမြို့နယ်ရှိ ငါးမွန်းတောင်

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ ကိုးကွယ်ပူဇော်သော ဘုရားရှင်တော်မြတ်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော် ဖြည့်ဆည်းတော်မူခဲ့ပါသည်။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ ကာလသုံးပါးရှိရာ ထိုကာလသုံးပါးတွင် အတိတ်ကာလကို ပယ်ထား၍မ
ပါ။ ထို့ကြောင့် သက်ရှိသတ္တဝါတို့မှာ ဘဝဟောင်းက အတိတ်ရှိခဲ့ပါသည်။ လူသားများ
ပင် မဆိုထားနှင့်၊ ဂေါတမဘုရား
ရှင်တော်မြတ်ပင်လျှင် အတိတ်
ဘဝဟောင်း ရှိခဲ့ပါသည်။

ဂေါတမဘုရားရှင်နှင့် ပတ်
သက်၍ နှမှာငါးရာ ရင့်မှာ တစ်
ကျိပ် အဆိုရှိပါသည်။ နှမှာ ငါး
ရာမှာ ဘုရားရှင်သည် အတိတ်
ကာလ တိရစ္ဆာန်ဘဝပေါင်းများစွာ
ဖြစ်ခဲ့ဖူးပါသည်။ ရင့်မှာ တစ်ကျိပ်
ဆိုစကားမှာ ဘုရားရှင်သည် တေ
ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ
ဝေ ဟူသည့် လူ့ဘဝတွင် (၁၀
ဘဝဖြစ်ခဲ့ကြောင်း ဇာတ်တော်ကြီး
(၁၀)ဘွဲ့တွင် ဖော်ပြထားပါသည်

ဂေါတမဘုရားရှင် နှမှာ ငါး
တိရစ္ဆာန်ဘဝ ဖြစ်ခဲ့သည်မှာ ကြ
ကြာ၊ ဟသ်ာ၊ ခို၊ ကျေးငှ
ဝက်၊ ကရဝိက်၊ ကိန္နရာ၊ ဇာ
ဥဒေါင်း၊ ကြက်၊ မြင်း၊
မျောက်၊ သာလိကာ၊ ကျွဲ၊



www.burmeseclassic.com


www.burmeseclassic.com

မင်း၊ ငါးရံ့မင်း ဘဝတို့ ဖြစ်ပါသည်။

ဂေါတမဘုရားအလောင်း ခြင်္သေ့မင်းဘဝတွင် အညာသီဟတော၌ ခြင်္သေ့ဘဝ(၆)ဘဝ နေထိုင်ကျက်စားသည်။ ရှေးကာလ ခြင်္သေ့မင်း ကျက်စားရာတောဖြစ်၍ သီဟတောဟု ခေါ်ပါသည်။ သီဟတောမှ အထက်အညာဒေသတွင်ရှိ၍ အညာသီဟတော အမည်တွင်ပြီး သီဟတောဘုရား ရှိပါသည်။ မန္တလေးမြို့မှ ဧရာဝတီမြစ် ရေလမ်းခရီးဖြင့် ဗန်းမော်သို့သွားသော သင်္ဘောကိုစီးလျှင် သီဟတောဘုရားသို့ ရောက်ပါသည်။ စာရေးသူကိုယ်တိုင် ရောက်ခဲ့ပါသည်။ ထိုသီဟတောရွာတွင် နေထိုင်ကြသူများက သေချင်ရင် စိန်မစားနဲ့၊ အညာသီဟတောသွားဟူ၍ ပြောဆိုသည့်ဓလေ့ ရှိပါသည်။ ထိုစကားမှာ သီဟတောရောက်လျှင် ငှက်ဖျားရောဂါ ဖြစ်တတ်ကြသဖြင့် ပြောဆိုခြင်း ဖြစ်ပါသည်။

ဂေါတမဘုရားရှင်သည် မန္တလေးမြို့မှ ရေလမ်းခရီးဖြင့် အထက်မိုင်(၂၀)ခန့်ဝေးသော သီဟတော၌ ခြင်္သေ့မင်း ဘဝဖြင့် နေထိုင်ခဲ့ဖူးပါသည်။

ထို့နောက် ဂေါတမဘုရားလောင်း ငါးရံ့မင်းဘဝဖြစ်စဉ်ကာလ၌ မန္တလေးမြို့၏ အနောက်မြောက်ဒေသ (၁၈)မိုင်ခန့်ဝေးသော ဧရာဝတီမြစ်တွင်း၌ စုန်ဆန်ကူးလူးသွားလာကျက်စား မြူးထူးပျော်ပါးနေစဉ်အချိန်၌ မြစ်တွင်း၌ တံငါမုဆိုးထောင်ထားသော ငါးပိုက်ကွန်တွင် ငမ်းမိနေသည်။ ဘုရားအလောင်း ငါးရံ့မင်းသည် လွတ်အောင်မရုန်းနိုင်ဘဲ ဖြစ်နေစဉ်တွင် ငါးမုဆိုးသည် ဘုရားအလောင်း ငါးရံ့မင်းကို ပိုက်ကွန်မှယူ၍ မိမိတံငါရွာသို့ ပြန်လာရာ ငါးရံ့မင်းသည် တံငါမုဆိုးလက်မှ လွတ်အောင်ရုန်းရာ တံငါမုဆိုး မနိုင်တော့သဖြင့် ရွာသို့ရောက်မီ လမ်းခုလတ်ရှိ တောင်ကုန်းပေါ်၌ ပါလာသော ငါးခုတ်သည့် ဓားမဖြင့် ဘုရားအလောင်း ငါးရံ့မင်းကို ဓားဖြင့် လှီးမွှန်းပြီး ငါးရံ့မင်း တစ်ကိုယ်လုံးကို ဓားရာများဖြင့် လူးသည်။ ဘုရားအလောင်း ငါးရံ့မင်းသည် တစ်


ငါးမွှန်းတောင်စေတီတော်

ကိုယ်လုံး သွေးများယိုစီး၍ အလွန်နာကျင်သဖြင့် တံငါမုဆိုးလက်မှ လွတ်မြောက်အောင် ရုန်းကန်လှုပ်ရှား၍ ထွက်ပြေးသွားသည်။

ဘုရားအလောင်း ငါးရံ့မင်းကို တံငါမုဆိုး ဓားနှင့်မွှန်းသည့်တောင်ကို ငါးမွှန်းတောင်ဟု ယခုခေတ်တိုင် ခေါ်ကြပါသည်။ ငါးမွှန်းတောင်သည် မတ္တရာသွားသော ကားလမ်းဘေးရှိ ဝသုန္ဒရရွာအနောက်ဘက် (၂)မိုင်ခန့်


တောင်မုန်းလုံတောင်ရှိ သိုက်နန်းရှင်ညီအစ်မသုံးဖော်

www.burmeseclassic.com



ငါးမွန်းတောင်ပေါ် အတက်လမ်းမုခ်ဦး

ကွာဝေးသည့် နေရာတွင် ရှိပါသည်။

ဘုရားအလောင်း ငါးရံ့မင်းသည် ငါးမွန်းတောင်မှ အရှေ့စူးစူးသို့ ထွက်ပြေးလာသည်။ တံငါမုဆိုးလည်း ဓားကိုဆုပ်ကိုင်၍ ငါးရံ့မင်းနောက်မှ လိုက်၍လာသည်။ ငါးရံ့မင်းသည် ဝသုန္ဒရရွာသို့ ရောက်သည့်အခါ ထိုရွာမှ အရှေ့ဘက်လမ်းကို ကျော်ဖြတ်၍သွားရာ ထီးတော်မိုးရွာ ရောက်သော် ထီးတော်မိုးရွာ အရှေ့ဘက်အနီးရှိ တောင်ကုန်းပေါ်သို့ ပြေးတက်၍ မိမိကိုယ်ပေါ်မှ ဆားများကို ခါချသည်။ (ထိုငါးရံ့မင်း ဆားခါသည့်တောင်ကို ဆားခါတောင်ဟု ယခုခေတ်တိုင် ခေါ်ကြပါသည်။)

တံငါမုဆိုးလည်း ငါးရံ့မင်း ထွက်ပြေးရာနောက်သို့ မျက်ခြည်မပြတ်လိုက်သည်။ တံငါမုဆိုးလိုက်လာသည်ကို ငါးရံ့မင်း သိရှိ၍ ထိုတောင်ကုန်းပေါ်တွင် ဆားများကို အလျင်အမြန် ခါပြီး ထိုတောင်ကုန်း အရှေ့စူးစူး တူးမြောင်းမှ အရှေ့ဆီသို့ ထွက်ပြေးရာ မင်းကန်ရွာသို့ရောက်သော် ပုန်းအောင်းရန် လိုဏ်မရှိ၍ ငါးရံ့မင်းသည် ထိုနေရာမှ တောင်အရပ်ဆီသို့ လှမ်းမျှော်ကြည့်ရာ ညို့ညို့မှိုင်းမှိုင်း တောင်တစ်လုံးကို တွေ့မြင်၍ ထိုတောင်ရှိရာဆီသို့ မှန်း၍ ပြေးသွားသည်။ (ဘုရားအလောင်း ငါးရံ့မင်း မှန်းပြေးသည့်တောင်မှာ မန္တလေးတောင်ဖြစ်သည်။ မန္တလေးတောင်ကို ရှေးကာလက မှန်းပြေးတောင်ဟု ခေါ်ပါသည်။)

ငါးရံ့မင်းသည် မှန်းပြေးလာရာ ထိုတောင်(မန္တလေးတောင်)တွင် ပုန်းအောင်းရန် လိုဏ်ဂူမရှိသဖြင့် ထိုတောင်မှ အရှေ့စူးစူးတွင်ရှိသော တောင်ကုန်းဆီသို့ ဆက်၍ပြေးသွားပြီး ထိုတောင်ကုန်း အောက်ခြေရှိ လိုဏ်ဂူငယ်အတွင်းသို့ဝင်၍ ပုန်းအောင်းနေစဉ် တံငါမုဆိုးလည်း နောက်မှ လိုက်လာသဖြင့် အနောက်ဘက်ရှိ တောင်မကြီးဆီ သို့ ထွက်ပြေးသည်။

[ငါးရံ့မင်း ခိုဝင်ပုန်းအောင်းရာ တောင်ငယ်ကို ရှေးက တောင်ပုန်းလုံဟု ခေါ်ပါသည်။ ယခု အခါတွင် တောင်ပုလုပ္ပဟူ၍ ခေါ် ကြပါသည်။ တောင်ပုန်းလုံတောင်သည် မန္တလေးမြို့နှင့် (၅)မိုင်ခန့်ကွာဝေးပြီး ဆည်တော်ကြီး ဆည်မြောင်းအရှေ့ ဘက် အစိုးရ ဆည်မြောင်းဌာနရုံးဝင်း၏ မြောက်ဘက် အနီးတွင် ရှိပါသည်။]



ငါးမွန်းတောင် ဆိုတ်နန်းရှင်



www.burmeseclassic.com

www.burmeseclassic.com

ငါးရုံ့မင်းသည် အနောက်ဘက်ရှိ တောင်မကြီးဆီသို့ ပြေးသွားရာ၌ တောင်မကြီးအလယ်တောင်အောက်၌ လိုဏ်ဂူကြီးတွေ့၍ ထိုလိုဏ်ဂူကြီးအတွင်းသို့ဝင်ပြီး ပုန်းအောင်းနေလိုက်သည်။



ဆားခါတောင်စေတီတော်

ထိုသို့ပုန်းအောင်းနေသဖြင့် တံငါမှုဆိုးသည် ဘုရားအလောင်း ငါးရုံ့မင်းကို လုံးဝမတွေ့ရတော့သဖြင့် မိမိ တံငါရွာသို့ ပြန်သွားပါတော့သည်။

(ငါးရုံ့မင်း ပုန်းအောင်းသည့်တောင်သည် ရှေးရှေးက ဘီလူးမ မယ်ယက္ခ နေထိုင်သော မယ်ယက္ခတောင် ဖြစ်ပါသည်။ ထိုမယ်ယက္ခတောင်ကို ယခုခေတ်တွင် ငါးရုံ့မင်း ပုန်းအောင်းနေထိုင်ခဲ့၍ ငါးရုံ့မင်းတောင်ဟု ခေါ်ကြပါသည်။ ထို့ပြင် ငါးရုံ့မင်းသည် တံငါမုဆိုး ဘေးရန်မှ ကင်းလွတ်သဖြင့် ရန်ကင်းတောင်ဟူ၍လည်း ခေါ်ကြပါသည်။ ပြည်သူများက ရန်ကင်းတောင်ဟူ၍သာ ခေါ်ကြပါသည်။)



ဆားခါတောင်ရှိ ကျောက်ဆင်ဖြူတော်

ရှေးယခင်ကာလ ပုဂံမင်းဆက် (၅၅)ဆက်ရှိရာ မင်းဆက်(၄၆)ဆက်မြောက် မြန်မာသက္ကရာဇ်(၄၇၅)ခုနှစ်၊ အေဒီ (၁၁၁၃-၁၁၆၀)တွင် ကျန်စစ်သားမင်းကြီး၏မြေးတော် အလောင်းစည်သူမင်း နန်းတက်သည်။

တစ်နေ့သော် ရတနာပုံ မိဖုရားမှ ဖွားမြင်သော သားတော်မင်းရှင်စောအပေါ် ခမည်းတော် အလောင်းစည်သူမင်းက အမျက်တော်ရှ၍ မင်းရှင်စောအား ပုဂံနေပြည်တော်မှ ပြည်နှင်ဒဏ်ပေးလိုက်သည်။



ငါးမွန်းတောင်စောင့် သိုက်မောင်နှမ

ဤတွင် မင်းရှင်စောသည် နောက်လိုက်ဖိုလ်ပါ၊ အခြွေအရံများနှင့်တကွ ပုဂံနေပြည်တော်မှ ထွက်ခွာလာခဲ့



www.burmeseclassic.com

ရာ မန္တလေးမှ မေမြို့သွားသော လက်ကောင်းရွာ တောင်ဘက်ရှိ ပုတက်ကုန်းရွာရောက်သော် ထိုရွာတွင် ယာယီနန်းတည်၍ နေထိုင်သည်။ ထိုသို့နေထိုင်စဉ်တွင် မင်းရှင်စောသည် ဆင်တော်ယာဉ်သာစီး၍ နယ်မြေဒေသကို လှည့်လည်ကြည့်ရှုရာ ရန်ကင်းတောင်သို့ ရောက်သည့်အခါတွင် သစ်ကနက်သား ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူ ထုလုပ်ပြီး ရန်ကင်းတောင် လိုဏ်ဂူအတွင်း၌ ထားရှိပူဇော်သည်။ ထို့ပြင် ငါးရံ့မင်းရုပ်တုကိုလည်း ထုလုပ်ထားပါသည်။



ဆားခါတောင်ရှိ ကြံတိုင်အောင်စေတီ



ငါးမွန်းတောင်ရှိ ဘုရားအလောင်း ငါးရံ့မင်းရုပ်တုတော်

ဤသို့ဖြင့် ဘုရားအလောင်း ငါးရံ့မင်းဘ၀ဖြစ်စဉ်မှ ငါးမွန်းတောင်၊ ဆားခါတောင်၊ တောင်ပုန်းလုံတောင်၊ ရန်ကင်းတောင်တို့မှာ ယခု မျက်မှောက်ခေတ်ကာလတိုင် အထင်အရှား တည်ရှိကြောင်း ရေးသားလိုက်ရပါသည်။



ဆားခါတောင် မြစိမ်းရောင်သိုက်နန်းရှင်

**နဂါးမိုလ် မောင်မောင်သက်(ငြိမ်း/စစ်)**

ကျမ်းကိုး


၁။ မှန်နန်းမဟာရာဇ၀င်တော်ကြီး (တွဲ-၁)။
၂။ ဦးကုလားရာဇ၀င်ချုပ်။
၃။ ရန်ကင်းတောင်သမိုင်း။
၄။ မန္တလေးတောင်သမိုင်း။
၅။ ငါးမွန်းတောင်သမိုင်း။
၆။ တောင်ပုန်းလုံသမိုင်း။
၇။ စာရေးသူကိုယ်တွေ့မှတ်တမ်း။




www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



# မြတ်ပန်းပွင့်
## ကလေးအာဟာရအားဆေး

ကလေးများ အားအင်ပြည့်ဖြိုး၍ စိတ်ရွှင်လန်းစေခြင်း
အစာစားချင်စိတ်ကို ဖြစ်ပေါ်စေ၍ အစာကြေလွယ်ခြင်း
နှစ်မြိုက်စွာအိပ်ပျော်စေ၍ ဖွံ့ဖြိုးကြီးထွားမှုကိုဖြစ်စေခြင်း
ဖျတ်လတ်တက်ကြွ၍ ထူးချွန်ထက်မြက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၇၂



# မြတ်ပန်းပွင့်
## သွေးတိုး၊ နှလုံးသွေးကြောကျဉ်းသောက်ဆေး

သွေးတိုး နှလုံးသွေးကြောကျဉ်းခြင်း။ အသဲအဆီဖုံးခြင်း။
ရင်ဘတ်-ကျောတင်းခြင်း။ အောင့်ခြင်း။ အဝလွန်ခြင်း။
ခေါင်းအုံ့/လေးခြင်း။ မျက်နှာအမ်းခြင်း။ ဆီးချို-သွေးချိုဖြစ်ခြင်း။
မီးယပ်ထိန်ငုပ်ခြင်း။ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၇၃





# စော်ဘွား
## အကြောပြေလိမ်းဆေး

အဆစ်အမြစ်ရောင်ခြင်း။ လေးဘက်နာရောဂါ၊ ခါးနာ၊
အကြောတောင့်၊-အကြောလွဲခြင်း။ ပခုံးကပ်၊ ဇက်ကြောတက်၊
မူးဝေခြင်း။ ကြွက်တက်ခြင်း။ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည့်ဝေဒနာများ ခံစားနေရပါက မိမိလိမ်းလိုသောနေရာတွင်
ဤဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နာနာပွတ်လိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာပျောက်ကင်းစေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်

မြတ်ပန်းပွင့်ဆေးတိုက်၊ အမှတ် (၃၃)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ - (၀၁) ၂၂၇၃၆၈

www.burmeseclassic.com

### သံတွဲမြို့ရှိ

# သမိုင်းဝင် ဗျာဒိတ်တော်ပေး

# တန့်တော်မူစေတီတော်

မြမဥ္ဇူဝေ(ကျုံမငေး

မြတ်ဗုဒ္ဓဂေါတမ ဘုရားရှင်သည် ဓညဝတီပြည်၌ သီတင်းသုံးနေစဉ် မင်းနှင့်ပြည်သူ ရှင်လူအများ ဗိုလ်ပါ ပရိသတ်အပေါင်း သံသရာမှ လွတ်မြောက်ကြစေရန် ဓမ္မကထာ တရားဒေသနာတော်များကိုလည်းကောင်း၊ မင်းတို့ကျင့်အပ်သော လောက,ကထာများကိုလည်းကောင်း ဟောကြားတော်မူခဲ့ပါသည်။ ထိုအချိန်သည် မဟာမြတ်မုနိ စက်တော်သွန်းလုပ်ချိန်လည်းဖြစ်၍ ဆောင်ရွက်စရာများ ပြီးပြည့်စုံသောအခါ မိမိနှင့်အတူ လိုက်ပါတော်မူကြကုန်သော ရဟန္တာအရှင်မြတ်တို့အား မိန့်ဆိုစကားပြုခဲ့ပါသည်။



တန့်တော်မူစေတီတော်

"ချစ်သားတို့..ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း၌ သော ဤရက္ခပူရတိုင်း ဓညဝတီပြည်ကြီးသည် သော သနဂိုရ်ထက် သာလွန်သောကြောင့် နှစ်သက်ဖွယ်များနှ ပြည့်စုံပါ၏။ နောင်တော်ဘုရားသုံးဆူတို့သည်လည်း ဤ ပြည်ကြီးကို ဓညဝတီပြည် ဗျာဒိတ်ပေးခဲ့လေပြီ။ ထို ကြောင့် ခပ်သိမ်းသော မှီခိုနေကြသူများ တစ်ခါတစ်ရံ ပင် ငတ်မွတ်ခြင်းဆိုသော ဘေးဆိုးများနှင့် ဝေးခဲ့ကြ

ဤသို့မိန့်ဆိုပြီး ကောင်းကင်ခရီးဖြင့် ဝိသကြံနတ် သားက ဖန်ဆင်းအပ်သော ပြာသာဒ်ယာဉ်ပျံကို စီးတော် မူလျက် ဒွါရဝတီ (ယခုအခါ သံတွဲ)မြို့ရှိ တစ်ခုသော တောင်ကုန်းမြင့်၌ ရပ်တန့်တော်မူ၏။ ထိုသို့ ရပ်တန့်တော် မူသော တောင်ကုန်းမြင့်ကို အကြောင်းပြု၍ တန့်တော်



တန့်တော်မူလိုက်အတွင်းရှိ ဆုတောင်းပြည့်ရုပ်ပွားတော



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းဟူ၍ ယနေ့တိုင် ခေါ်ဝေါ်နေခဲ့ပါသည်။

ဘုရားရှင်သည် တန့်တော်မူသော အချိန်တွင် ပြုံးတော်မူလိုက်သည်ကို ညီတော်အာနန္ဒာ သိမြင်တော်မူလိုက်သဖြင့် ပြုံးတော်မူရခြင်း အကြောင်းရင်းကို တောင်းခံလျှောက်ထားလိုက်သောအခါ ဘုရားရှင်က-

ချစ်သားအာနန္ဒာ ငါဘုရားသည် ဤဒွါရဝတီပြည်တွင် လူမင်းအဖြစ်ဖြင့် အကြိမ်များစွာ စံစားကျင်လည်ခဲ့၏။ သတ္တဝါအမျိုးမျိုး ဘဝဖြင့်လည်း များစွာနေခဲ့ဖူး၏။ ငါ ယခု ရပ်တော်မူသောတောင်မှ အနောက်မြောက် (၂) ဥသဘခန့် အကွာတွင် ဝါသုရတောင်ရှိ၏။ ထိုတောင်၌ ခြင်္သေ့မင်းဘဝ ကျက်စားမိခဲ့သည်ကို အကြောင်းပြု၍ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်နောက် ငါဘုရား၏ အံတော်ဓာတ်ကို ဌာပနာပြီးလျှင် စေတီတည်ထား ကိုးကွယ်ကြလတ္တံ့။ ထိုစေတီကို အံတော်စေတီဟု ခေါ်တွင်လိမ့်မည်။

ဝါသုရတောင်မှ အနောက်တောင်ထောင့် (၂)ဂါဝုတ်အကွာရှိ ရောဟာကုဋ္ဌတောင်သည် ငါဘုရား ခါမင်းအဖြစ် ကျင်လည်ခဲ့ဖူးသောကြောင့် ငါဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် နံရိုးတော်ဓာတ်ကို စေတီတည်ပြီး နံတော်စေတီဟု ခေါ်လတ္တံ့။

ရောဟာကုဋ္ဌတောင်မှ အရှေ့တောင်ထောင့် တစ်ဂါဝုတ်ကျော်ခန့်တွင် မဏိကေသ အမည်ရှိသောတောင်တွင် ငါဘုရား စာမရီငှက်မင်းအဖြစ် နေခဲ့ဖူးရာတွင် ငါဘုရား ပရိနိဗ္ဗာန်စံလွန်ပြီးနောက် ဆံရှင်တော်ဓာတ်ကို စေတီတည်၍ ဆံတော်စေတီဟု ခေါ်တွင်ကြအံ့ ဟူသော ဗျာဒိတ်တော်ထားပြီး မဇ္ဈိမဒေသ သာဝတ္ထိပြည်သို့ ကြွသွားခဲ့လေသည်။

တန့်တော်မူသော တောင်ကုန်းထက်တွင် စေတီသုံးဆူ တည်ထားကြမည့်အကြောင်း မိန့်ဆိုဗျာဒိတ်ထားရှိခဲ့သည်ကို အကြောင်းပြု၍ တန့်တော်မူစေတီတစ်ဆူကို တည်ခဲ့ကြပါသည်။

ဘုရားရှင် ဓညဝတီမြစ်(သံတွဲ)မြို့သို့ ကြွတော်မူခဲ့သော သက္ကရာဇ်(၁၂၃)ခုနှစ်တွင် တန့်တော်မူစေတီကို သံတွဲမြို့နယ်၊ တလင်းဆိပ်ကျေးရွာ ဘုရားရှင် တန့်တော်မူ



တန့်တော်မူတောင်တော်သို့ အတက်မုခ်ဦး




ဗျာဒိတ်ပေးတန့်တော်မူရုပ်ပွားတော်

www.burmeseclassic.com



အာရုံခံတန်ဆောင်းအတွင်းရှိ
ရှေးဟောင်းဆုတောင်းပြည့် ကျောက်ဆစ်ဆင်းတုတော်



အလှူရှင်များ၏ကောင်းမှုအလှူဖြစ်သော အုတ်ကျောင်း
တန့်တော်မူကျောင်းတိုက်

သောနေရာရှိ တောင်ကုန်းထက်၌ တည်ထားခဲ့သည်ဟု ဒေသခံများ ဆိုစကားအရ မှတ်သားခဲ့ရပြီး ဘုရားတည် ဒါယကာကိုမူ အမှတ်အသားထားခြင်း မရှိပါကြောင်းသာ သိခဲ့ရပါသည်။

ရခိုင်ရှေးရာဇဝင် စာပေများတွင် ဖော်ပြခဲ့သော ... နံတော်၊ ရွှေဆံတော်၊ ရွှေအံ့တော်စေတီများကို အမတ်... ဓမ္မသူရမှ စန္ဒာသူရိယမင်းကြီး၏ တာဝန်ပေးခြင်းကို ... ကာ တည်ထားခဲ့သောကြောင့် တန့်တော်မူစေတီကို... အမတ်ကြီးကပင် တည်... သည်ဟု မှတ်ယူနိုင်ပါသည်။




ဗျာဒိတ်ပေးတန့်တော်မူစေတီသို့ အသွားလမ်းဆုံတွင် စာရေးသူအမှတ်တရ

ယခုအခါ တန့်တော်မူ... သည် သံတွဲမြို့နှင့် (၃)... အကွာရှိ တလင်းဆိပ်ရွာဦး ... ရှိပြီး တန့်တော်မူစေတီကို ... စေတီအဖြစ် ဖူးတွေ့ရမှာ ... လိုဏ်အတွင်း၌ ဘုရားရှင်... ဒိတ်ပေးဟန်၊ မုဒြာဟန်၊ ... ရုပ်ပွားတစ်ဆူနှင့် ဆုတောင်း... ရုပ်ပွားတော်တစ်ဆူကို ... ရမှာ ဖြစ်ပါသည်။

တန့်တော်မူကုန်းတော်...



www.burmeseclassic.com

www.burmeseclassic.com

မျှော်၍ ဖူးတွေ့ရသော ရွှေနံ့တော်၊ ရွှေဆံတော်၊ ရွှေအံတော် စေတီသုံးဆူသည် သံတွဲမြို့ကို သုံးထောင့်ပုံ ဝန်းရံထားသည့်အလား ဖူးတွေ့ရပါသည်။ တန့်တော်မူကုန်းမြေသည် သာသနိကမြေအဝန်း ခပ်ကျဉ်းကျဉ်း ဖြစ်သော်လည်း ကျောင်း၊ ဇရပ်၊ ဓမ္မာရုံစုံစွာဖြင့် ဘုရားဖူးလာရှင်၊ လူအများ၏ စိတ်ကို အေးချမ်းစေပါသည်။

ရှေးယခင်အခါက တန့်တော်မူစေတီသည် တောင်ကုန်းတော်မှ မြေစိုက်စေတီအဖြစ် ဖူးတွေ့ရသော်လည်း သဘာဝဘေးဒဏ်၊ စစ်ဘေးစစ်ဒဏ်များ ခံစားရပြီး ပြိုကျပျက်စီးခဲ့ရကာ ဒေသခံများ၏ သဒ္ဓါဖြူသော စိတ်စေတနာဖြင့် တင့်တယ်သပ္ပာယ်သော သာသနိကများနှင့် ပြုပြင်ထိန်းသိမ်းခဲ့ကြ၍ ဗျာဒိတ်ပေး တန့်တော်မူစေတီအဖြစ် ဖူးတွေ့နေကြရခြင်း ဖြစ်ပါသည်။

သံတွဲမြို့သည် ဤကဲ့သို့ ရှေးဟောင်းသမိုင်းဝင် ဗျာဒိတ်ပေး ဗျာဒိတ်တော်ရ စေတီများနှင့် သာသနာကြွယ်သည့် ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်သောကြောင့် ဘုရားဖူးခရီးလည်း ခရီးသွားများဖြင့် စည်ပင်ဖွံ့ဖြိုးနေသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ ခရီးလမ်းသွားလာမှု အဆင်ပြေခြင်းများကြောင့် ပြည်တွင်းခရီးသွားများသာမက နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားများပါ လာရောက်နေကြကြောင်း တွေ့မြင်ခဲ့ရပါသည်။

ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်ပေး ဗျာဒိတ်ရ စေတီဘုရားများသို့လည်း တစ်ခါမက ဘုရားဖူး ရောက်စေချင်ပါသည်။ စာရေးသူအနေဖြင့်လည်း တစ်ခါမက ဘုရားဖူး ရောက်ခဲ့ပြီးသော်လည်း ထပ်မံ၍ ရောက်ရ ဘုရားဖူးရပါစေကြောင်း တောင်းဆုပြုနေမိပါသည်။


**မြမဥ္ဇူဝေ(ကျုံမငေး)**

__မှီငြမ်းမှု__

* စာရေးသူ၏ သံတွဲ၊
ငပလီဘုရားဖူး အပန်းဖြေခရီးမှတ်တမ်း
(၂၀-၄-၂၀၁၆/၂၀၁၇)။
* ဒွါရဝတီနှင့် ရွှေဆံတော်သမိုင်းသစ်
(ဦးသက်စု၊ ဦးဘိုးဝါ၊ ဥပါသကာကြီးများ)။


နလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

**နှန်းထိပ်တင်**




နလုံးခုန်နှုန်း မမှန်ခြင်း၊ နလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်မြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှနိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(တနယ်ဖင်း)]

**နလုံးအားတိုးဆေး**

ပင်ရင်း နှန်းထိပ်တင်ဆေးတိုက် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉၂၀၀၀၉၉၇၊ ☎ (၀၁)၂၁၁၈၈၃
ရန်ကုန် မြဉ္စေမြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50. 51) ရွှေပြည့်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး ဦးအေးမြင့် မြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ(သဖင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချို မန္တလေးမြို့။ ☎ (၀၂)၃၁၀၈၀




www.burmeseclassic.com

www.burmeseclassic.com



# အလောင်းတော်ကဿပရှင်းတမ်း

တောဇေအောင်

'အလောင်းတော်ကဿပဆိုတာ ဘုရားရှင်လက်ထက်က အရှင်မဟာကဿပကြီးလား။ တချို့က ပေါင်လောင်ရှင်ကဿပလို့ပြောတယ်။ တချို့က ပေါင်လောင်သင်ကဿပတဲ့။ ဘယ်စကားကို အမှန်ယူရမလဲ'

အလောင်းတော်ကဿပ တည်ရှိရာတောင်ကို ရောက်ဖူးသူတိုင်း ဤအမေးစကားကို မေးတတ်ကြသည်။ စာရေးသူတို့သည် ကုသိုလ်ရယူလို၍ ဘုရားဖူးကြသည်ဟု ဆိုပါလျှင် မိမိအိမ်မှာ ကိုးကွယ်ထားကြသည့်ဘုရားကိုပင် နိစ္စပတ်ဝတ်ဖြင့် မပြတ်ဖူးမြော် ပူဇော်နေကြခြင်းသည်ပင် ကုသိုလ်အလုပ် ဖြစ်ပါသည်။ သို့သော် ရောက်ဖူးချင်၍ (သို့မဟုတ်) ဗဟုသုတရယူလို၍ ဘုရားဖူးသွားသည်ဟု ဆိုပါလျှင် မိမိရောက်ရှိ ဖူးမြော်လာခဲ့သည့် ဘုရားနှင့်ပတ်သက်သော သမိုင်းအခြေခံမှုလောက်ကို မှန်ကန်တိကျစွာ သိရှိထားကြရန် လိုအပ်ပါသည်။ သိရှိလာရသော သမိုင်းဆိုသည်များကိုလည်း ဖြစ်နိုင်ခြေရှိသည်, မရှိသည်၊ ယုတ္တိဗေဒ ကျနသည်,မကျနသည်ကိုလည်း တွေးခေါ်မြော်မြင်တတ်ရန် လိုအပ်ပါသည်။

အလောင်းတော်ကဿပဟာ မုံရွာမြို့ အနောက်မြောက်ဘက် မိုင်(၆၀)အကွာမှာရှိတဲ့ မဟူတောင်၊ ခေါက်လောက်တောင်နဲ့ ပုံတောင်ပုံညာတောင်များရဲ့ ဆုံရာအကြား အနိမ့်ကွက်လပ်ပေါ်မှာ တည်ရှိပါတယ်။ ဘေးမှာ ဝိုင်းရံထားကြတဲ့ တောင်ကြီးတွေက မြင့်မားလွန်းတာကြောင့် မွန်းတည့်ချိန်လောက်မှ နေကို မြင်ရပါတယ်။ အင်မတန် အေးစိမ့်တဲ့ နေရာပါ။

ခုတော့ ရှိရင်းစွဲ တောင်သုံးလုံးအမည်အစား မန္တိမဒေသက ရာဇဂြိုဟ်ကို ဝိုင်းရံထားကြတဲ့ တောင်သုံးလုံးရဲ့ အမည် ဝေပုလ္လ၊ ဝေဘာရ၊ ဂိဇ္ဈကုဋ် ဆိုတဲ့အမည်တွေကို ပြောင်းလဲခေါ်ဝေါ်ထားပါတယ်။ မုံရွာက ချင်းတွင်းမြစ်တစ်ဖက်ကမ်းကိုကူးပြီး ယင်းမာပင်-ပုလဲသွားတဲ့ ကားလမ်းအတိုင်းသွားရင် တောင်ခြေရှာ ကပိုင်ကို ရောက်ပါတယ်။ ကပိုင်ရွာက အလောင်းတော်ကဿပရဲ့ တောင်တောစပ် ခရီးအစပါပဲ။

အလောင်းတော်ကဿပနဲ့ပတ်သက်ပြီး လေ့လာစရာ လေးမျိုးလေးပါး ကွဲပြားနေပါတယ်။ ပထမဆုံးတစ်မျိုးက အလောင်းတော်ကဿပဆိုတာ တတိယသာဝကကြီး ဖြစ်တော်မူတဲ့ ရှင်မဟာကဿပ ရဟန္တာအရှင်မြတ်ကြီး ဖြစ်တယ်လို့ ဆိုပါတယ်။ ဒုတိယတစ်မျိုးက စစ်ကိုင်းခရိုင်၊ ကျောက်ရစ်ရွာဇာတိ၊ သက္ကရာဇ်(၅၃၁)ခုနှစ်ဖွားမြင်သော ပေါင်လောင်သင်ရှင်မည် **မဟာကဿပ** ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီအရှင်ရဲ့ အတ္ထုပ္ပတ္တိကို မြောင်မြို့နယ်၊ ရွှေပေါင်လောင်ဘုရားကျောက်စာမှာ ရေးထိုးထားတာ လေးမျက်နှာရှိတယ်လို့ သိရပါတယ်။ ဆေး... အတတ်မှာ တစ်ဖက်ကမ်းမြောက်တဲ့ **ဘေသဇ္ဇပါရဂူ** ဖြစ်ပါတယ်။ ဒီအရှင်ဟာ သက်တော်တစ်ရာကျော်အထိ ...ခဲ့ရပြီး မုံရွာနယ်မှာ တောကျောင်းဆောက်တည်နေ... ပျံလွန်တော်မူသွားတာဖြစ်လို့ ယခု လူအများ သွား...



www.burmeseclassic.com

www.burmeseclassic.com

ဖူးမြော်နေကြတဲ့ အလောင်းတော်ကဿပဆိုတာ ပေါင်လောင်ရှင်ကဿပသာ ဖြစ်တယ်လို့ ဆိုကြပါတယ်။ ဒီအဆိုကို အမျိုးသားပညာဝန် ဦးဖိုးကျားနှင့် သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းတို့ရဲ့ အယူအဆမှာလည်း ထပ်တူတွေ့ရပါတယ်။

ဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ **မဟာကဿပဝိုဏ်း** သုတေသနစာတမ်းမှာ ခေတ်ပြိုင်မဟုတ်ပေမယ့် အေဒီ(၁၃၈၈)ခုနှစ်မှာ ရေးထိုးတဲ့ မြောင်မြို့နယ်၊ ကျောက်ရစ်ရွာ ရွှေပေါင်လောင်ဘုရား၊ လေးမျက်နှာကျောက်စာကို အကိုးအကားပြုပြီး ဘယ်လိုယူဆထားပါသလဲဆိုတော့-

ပေါင်လောင်သင် အမည်ရှိတဲ့ ရှင်မဟာကဿပဟာ အေဒီ(၁၁၆၉)ခုနှစ်၊ ရှေးအခေါ် မရိမ်၊ အခုအခေါ် ပရိမ္မ အရပ်မှာ မွေးဖွားတယ်။ အဘိုးဖြစ်သူမှာ သကြီမ္ဘသူ အမည်ရှိ မင်းမှူထမ်းတစ်ဦးဖြစ်တယ်။*ပိဋကတ်ကို အင်မတန် တတ်ကျွမ်းတယ်။ ဗုဒ္ဓမြတ်စွာဘုရားရဲ့ တပည့်သာဝက မဟာကဿပနှင့်တန်းတူ အကျင့်သီလသိက္ခာ သမာဓိနဲ့ ပြည့်စုံတယ်။ ဘုရားလောင်းတစ်ကျိပ် အပါအဝင်ဖြစ်တယ်။ ဆင်မင်းဘဝက ဂေါတမမြတ်စွာဘုရားထံတော်အောက်မှာ ဗျာဒိတ်တော်ယူခဲ့တယ်။ ကျောက်ရစ်ရွာမှာ တောကျောင်းတည် သီတင်းသုံးနေစဉ် အေဒီ(၁၂၁၅)ခုနှစ်မှာ နားတောင်းများမင်းက သူခံစားနေရတဲ့ ဝေဒနာကို ကြွရောက်ကုသပေးဖို့ အတန်တန် ပင့်လျှောက်လို့ ပုဂံကို ကြွရောက်ကုသပေးတယ်။ ရောဂါချက်ချင်းပျောက်ကင်းသွားလို့ နားတောင်းများမင်းက ပူဇော်ကိုးကွယ်ပြီး ထီးဖြူဆက်ကပ် လှူဒါန်းတယ်။

မဟာကဿပဟာ ကျောက်စရစ်၊ ပရိမ္မ၊ အမြင့်အနီး စတဲ့အရပ်တွေမှာ တောကျောင်းတွေ တည်ထောင်တယ်။ အေဒီ(၁၂၃၃)ခုနှစ်မှာ မင်းနန်သူ၊ အေဒီ(၁၂၃၆)ခုနှစ်မှာ ဖွားစောအရပ်တွေမှာ တောကျောင်းတွေ တည်တယ်။ ပုဂံမှာ မင်းပရိသတ်တွေရဲ့ ကြည်ညိုပူဇော်မှုကို ခံယူပြီး အေဒီ(၁၂၄၄)ခုနှစ်မှာ ကျောက်ဆည်နယ်မှာ တောကျောင်းတွေ တည်တယ်။

ယောနယ်ဘက်ကို သာသနာပြုကြွစဉ် မုံရွာမြို့မှ အနောက်မြောက် မိုင်(၆၀)အကွာ ပုံတောင်ပုံညာနဲ့ မဟူတောင်တို့ ဆုံရာအရပ်မှာ အေဒီ(၁၂၇၂)ခုနှစ်နှင့် (၁၂၇၈)ခုနှစ်အကြားမှာ ပျံလွန်တော်မူတယ်။ အမည်အဲဆင့်ဆင့်ပေါင်လောင်သင်၊ ပေါင်လောင်ရှင်ရယ်လို့ ဆင့်ပွားပြောင်းလဲလာခဲ့တယ်။ ဆရာတော်ရဲ့ ကဿပဂိုဏ်းဟာ အေဒီ(၁၅၀၀)ကျော်အထိ ဆက်လက်ထွန်းကားလာတယ်လို့ ဆိုထားပါတယ်။

တတိယတစ်မျိုးက သက္ကရာဇ်(၅၃၆)ခုနှစ်၊ ပုဂံပြည်နရပတိစည်သူမင်းလက်ထက်၊ ဂူနီနေဝင် အရပ်သားအကျင့်သိက္ခာနဲ့ ပြည့်စုံပြီး ရဟန္တာအရှင်မြတ်လို့ ကျော်ကြားတဲ့ ပေါင်လောင်ရှင်ကဿပ ဖြစ်တယ်လို့ ဆိုပါတယ်။ ရှေးအခါက ကူခန်းကြီးနယ်လို့ခေါ်တဲ့ ပခန်းနယ်၊ ယခု ပခုက္ကူမှာရှိတဲ့ ဂူနီနေဝင်ရွာဟာ အနောက်တောင်ရိုးနဲ့ နီးတဲ့အတွက် အနောက်တောင်ရိုးမှာနေတဲ့ ဓားပြတွေရဲ့ အတိုက်အခိုက်ကို မကြာခဏ ခံရတယ်လို့ ဆိုပါတယ်။

တစ်ခါမှာ ဂူနီနေဝင်ရွာကို ပလောင်ရှမ်းဓားပြတွေဝင်ရောက်တိုက်ခိုက်ကြပြီး ရွာသားတွေကို ဖမ်းဆီးသွားတဲ့အခါမှာ ပေါင်လောင်ရှင်ကဿပ အလောင်းကို ကိုယ်ဝန်အရင့်အမာ လွယ်ထားရတဲ့ မယ်တော်ရော ခမည်းတော်ပါ လိုက်ပါသွားရတယ်။ ခမည်းတော်က ထွက်ပြေးလွတ်မြောက်လာပါတယ်။ မယ်တော်ကတော့ ရွာသားတွေ လိုက်ရှာတဲ့အခါ တောထဲမှာ အနိစ္စရောက်နေရှာပြီး ဖွားစကလေးက အသက်ရှင်နေတာကို တွေ့ရလို့ ခမည်းတော်က ပြုစုစောင့်ရှောက်လာပါတယ်။ အရွယ်ရောက်တော့ သာမဏေပြုတယ်၊ ရဟန်းပြုတယ်။ ဘွဲ့တော်က ကဿပ တွင်တယ်။ ပလောင်လူမျိုးတွေကို ဗုဒ္ဓစာပေများ သင်ကြားပေးပြီး သာသနာပြုတယ်။ ပလောင်များချစ်ခင်ကြည်ညိုတာကြောင့် ပလောင်များရဲ့အရှင် **ပလောင်ရှင်ကဿပ** တွင်လာတယ်လို့ ဆိုပါတယ်။

နောက်ပါ ပလောင်တပည့်ငယ်များနှင့်အတူ ဆောနယ်၊ ယောနယ်များကိုလှည့်ပြီး သာသနာပြုတော်မူရင်း ပုံတောင်ပုံညာနဲ့ မဟူတောင်တို့ ဆုံရာဖြစ်တဲ့ မုံရွာမြို့အနောက်ဘက် မိုင်(၆၀)အကွာမှာ ပျံလွန်တော်မူတဲ့နေရာမှာပဲ အလောင်းတော်ကို မြှုပ်နှံသင်္ဂြိုဟ်ကြပါတယ်။ အခုသွားရောက်ဖူးမြော်နေကြတာ ဒီအလောင်းတော်ကိုပဲ ဖြစ်တယ်လို့ အမျိုးသားပညာဝန် ဆရာကြီးဦးဖိုးကျားက ယူဆရေးသားထားပါတယ်။

ဆရာကြီး မြကေတုက **ဒုတိယရှင်မဟာကဿပနှင့်**



www.burmeseclassic.com

www.burmeseclassic.com

**တတိယရှင်မဟာကဿပ နှစ်ပါးလုံးသည် အမှန်စင်စစ် တစ်ပါးတည်းသာဖြစ်၏**လို့ **ရှင်မဟာကဿပနှင့် ပုဂံပြည်** ဆောင်းပါးမှာ ဖော်ပြထားပါတယ်။

စတုတ္ထတစ်မျိုးဖြစ်တဲ့ မြို့ထောင့်ကျောင်း ဆရာတော် ဘဒ္ဒန္တသီရိသံဝရထေရ် အရှင်မြတ်ပြုစုတော်မူတဲ့ **အလောင်းတော်ကဿပသမိုင်း** စာအုပ်မှာတော့-

ယခု လူအများ သွားရောက်ဖူးမြော်နေကြသည့် အလောင်းတော်ကဿပဟူသည် အဂ္ဂသာဝကကြီး ဖြစ်တော်မူသော ရဟန္တာအရှင်မြတ်ကြီး အရှင်မဟာကဿပ လုံးဝမဟုတ်၊ တောင်ကြားရွာ ဇာတိဖြစ်သည့် ရှင်မဟာကဿပ ဖြစ်သတည်း။ ဤအရှင်သည် သီဟိုကျွန်း (လင်္ကာဒီပ)သို့ သွားရောက်၍ စာပေကျမ်းဂန်များ တတ်မြောက်လာသောအခါ ဇာတိသို့ ပြန်ကြွလာပြီးလျှင် မုံရွာမြို့တောင်ဘက် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းရှိ ရွှေလှေရွာတွင် တိုက်တာတည်လျက် တပည့်သံဃာများစွာတို့အား စာပေသင်ကြားပို့ချသည်။ ထိုအခါ ရွှေလှေကဿပဟု အမည်တွင်သည်။

ထိုအရပ်တွင် ကာလကြာလျှင် ပရိသတ်တို့ များလာသောကြောင့် စက်ဆုပ်လာသဖြင့် ယခုအခါ အလောင်းတော်ကဿပ တည်နေရာဖြစ်သည့် တောင်ကမ်းပါးယံတွင် သီတင်းသုံးနေတော်မူသည်။ သလေးစော်ဘွား၊ သောင်သွပ်စော်ဘွားတို့ အလာအသွားများကာ ကြည်ညိုကြပြန်သည်။ ဤအရှင်သည် အနာနှင့်ဆေး တည့်အောင်ပေးနိုင်သည့် **ဘေသဇ္ဇာဒိဆရာကြီး**လည်းဖြစ်သည်။

ပျံလွန်တော်မူသောအခါ စော်ဘွားများက ဥဒ္ဒိသ အလောင်းတော်သဏ္ဌာန် အင်္ဂတေဖြင့် ပြုလုပ်ပူဇော်ထားကြသည်။ အလောင်းတော်မှာ အလျားဆယ်တောင်ရှိကာ အရှေ့တောင်ဘက်ခေါင်းပြု၍ မြောက်ဘက်သို့ မျက်နှာမူလျက် ရှိ၏။ ဤအလောင်းကိုပင် လူတို့ နှစ်စဉ် လာရောက်ဖူးမြော်လျက် ရှိနေကြသည်လို့ ဆိုထားပါ၏။

ကဿပ အမည်ပါ အရှင်မြတ်လေးပါးတွင် ဒုတိယနှင့် စတုတ္ထ ကဿပအရှင်မြတ် နှစ်ပါးတို့မှာ ဆေးပညာတတ်မြောက်ကုသမှု တူညီနေကြပါတယ်။ ဒုတိယနှင့် တတိယ အရှင်နှစ်ပါးတို့မှာ **ပေါင်လောင်ရှင်ကဿပ**ဆိုတဲ့ နာမဝိသေသနချင်း မရိုးမစွဲ တူညီနေပါတယ်။ တောင်ကြားရွာ ကဿပအရှင်မြတ်က ပေါင်လောင်ရှင်ဘွဲ့တော်မတွင်ပါဘူး။ တောင်ကြားရွာဆိုတာ စစ်ကိုင်းနယ်၊ မန်ကျည်းကန်ချောင်း တောင်ဘက်ယွန်းယွန်းမှာရှိတဲ့ လွှမ်းချင်းကဗျာ အရေးကောင်းလှတဲ့ ဦးကြီးရဲ့ဇာတိ (စသာဈေးတက် တောင်ကြားရွာ)ဆိုတာပဲ ဖြစ်ဟန်တူတယ်လို့ ဆရာကြီး မြကေတုက ဆိုပါတယ်။

ဆိုခဲ့တဲ့ အထောက်အထားတွေကို ဉာဏ်နှင့်ဆင်ခြင်ပြီး ဝေဖန်ပိုင်းခြား ခွဲခြမ်းစိတ်ဖြာကြည့်ရင်း အလောင်းတော်ကဿပဟူသည် တတိယသာဝကကြီး ရှင်မဟာကဿပအရှင်မြတ် မဟုတ်ကြောင်း သိသာထင်ရှားနေပါပြီ။

သည့်ထက်ပိုပြီး ရှင်းချင်သေးသပဆိုပါလျှင် ကဿပသံယုတ်၊ အဋ္ဌကထာမှာ **ရာဇဂြိုဟ်ပြည်ကို အရှေ့မြောက်ယွန်းက ပဏ္ဍဝတောင်၊ မြောက်အရပ်က ဂိဇ္ဈကုဋ်တောင်၊ အနောက်မြောက်က ဝေပုလ္လတောင်၊ အနောက်တောင်က ဂိဇ္ဈကုဋ်တောင်၊ အရှေ့တောင်က ဝေဘာရတောင်၊ စရည်းပင်ပေါက်ရောက်ရာ လိုဏ်ဂူမှာ ရှင်မဟာကဿပ ပထမသင်္ဂါယနာတင်ကြောင်း၊ ထိုဝေဘာရတောင်မှာပင် ပရိနိဗ္ဗာန်ပြုတော်မူကြောင်း** ဖော်ပြထားတာ ထင်ရှားစွာ ရှိနေပါတယ်။

အလောင်းတော်ကဿပကို တတိယသာဝကကြီး ရှင်မဟာကဿပနှင့် ထင်ယောင်မှားကြစေရန် ရေးနေ ပြောနေကြခြင်းသည် တတိယသာဝကကြီး ဖြစ်တော် သည့် အရှင်မြတ်ကြီး ရှင်မဟာကဿပ၏ ဉာဏ်တော် အနန္တနှင့် တန်ခိုးတော်အနန္တတို့အား ထိခိုက်ညှိုးနွမ်း တော်မူပါလိမ့်မည်။

သမိုင်းတို့မည်သည် အထောက်အထား ခိုင်လုံ မည်။ မိမိဖြစ်စေချင်သည်ကို ဆွဲငင်စုပေါင်းခြင်း သမိုင်းမဖြစ်နိုင်ပါ။ အထောက်အထား မခိုင်လုံပါ သမိုင်းဟု မပြောနိုင်ပါ။ အစဉ်အလာမှ ပြောဆိုမှတ် လာခဲ့ကြသည့် အထောက်အထားများနှင့် ညှိနှိုင်း အလုပ်ကိုမှ သမိုင်းအလုပ်ဟု ခေါ်ရပါမည်။

ဤမျှဆိုလျှင် အလောင်းတော်ကဿပသည် သည့်အရှင် ဖြစ်နိုင်သည် ဆိုခြင်းကို စာဖတ်သူ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်နိုင်ကြပါလိမ့်မည်။

**တေဇ**



www.burmeseclassic.com

www.burmeseclassic.com


# ကျားကစ္ဆာ

佳葛巴



男性补药

## အမျိုးသားအားဆေး

အိမ်ထောင်ရှင် အမျိုးသားများ အကြောနှင့် ဗတ်သက်၍ ထုံခြင်း၊ ကျဉ်ခြင်း၊ ကိုက်ခြင်း၊ ညှိုးခြင်း၊ သေခြင်း၊ မြန်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ပြီးသူများ လေမပြန်နိုင်ခြင်း၊ အိပ်မပျော်၊ စားမဝင်၊ ကျောက်ကပ်၊ နလုံးအားနည်း၍ နလုံးတုန်ခြင်း စသည့် ရောဂါများအတွက် ဆေးတစ်ဘူးမျှ ပုံမှန် သုံးစွဲခြင်းဖြင့် ထူးခြားသော ဆေးအာနိသင်ကို သိရှိရပါလိမ့်မည်။

**စိတ်သွားတိုင်းကိုယ်ပါ လိုအင်ဆန္ဒ ပြည့်ဝပါစေ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR011424(0615) ကြော်ငြာခွင့်ပြုရက်အမှတ် - တဆဝက(တနယ်ဇင်း)၀၅၆/၀၉၁၄

အမြို့မြို့ဆိုင်တိုင်းတွင် မေးဝယ်ပါ။

## ဆင်ကာဘို ®

### ဆီးဝမ်းလေမှန် အကြောဖြေဆေးပြား

**သုံးစွဲနိုင်သောရောဂါများ**

ဤဆေးသည် ကျား/မ မရွေးဖြစ်သော အညောင်းအကိုက်၊ ပွေး၊ ဝဲ၊ ယားနာ၊ ဝက်ခြံ၊ အပူ၊ အပိမ့်များ၊ ဒူလာပါဒရက်၊ မီးယပ်ရောဂါ၊ ဆီးရောဂါ၊ လိပ်ခေါင်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ရန်ကုန်ဖြန့်ချိရေး - ကိုဝင်းမြင့်၊ မဘောဘီ၊ အမှတ်(၄၈၂)၊ (၁၅)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
☎ ၀၁-၂၂၆၃၈၂ ၊ ၀၁-၂၂၇၉၃၅
လှထုမေတ္တာစတိုး၊ အမှတ်(၁၂၁)၊ (၂၄)လမ်း၊ လသာမြို့နယ်။ ☎ ၀၁-၂၄၁၇၀၃
သိမ်ကြီးဈေး D ရုံ အတွင်းရှိ ဆေးမျိုးစုံဆိုင်များ၊ ရွှေပြည့်စုံဈေးနှင့် မင်္ဂလာဈေးရှိ ဆေးမျိုးစုံဆိုင်များ။

မန္တလေးဖြန့်ချိရေး - ကောင်းသန့်ဆေးဆိုင်၊ ၂၉ လမ်း(၈၃×၈၄ ကြား)၊ ရှင်ဘို့မယ်အရှေ့ဘက်ဝင်း၊ မန္တလေးမြို့။ ☎ ၀၂-၆၈၉၁၃
အောင်ရတနာဆေးမျိုးစုံဆိုင်၊ (၂၈×၈၃)လမ်းထောင့်၊ ☎ ၀၂-၃၅၀၆၁
မထူး၊ မစူး ဆေးမျိုးစုံဆိုင်၊ (၂၇×၂၈)လမ်းကြား၊ (၈၇)လမ်းမကြီး၊ ☎ ၀၂-၃၁၄၇၇
ဈေးချို E ရုံ (မြေညီထပ်)နှင့် F ရုံ (ပထမထပ်)ရှိ ဆေးမျိုးစုံဆိုင်များမှတစ်ဆင့် မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိနေပါသည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၈/၂၀၁၄(တဆထလ)(၂၆၂၆)
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR- ၀၁၁၄၂၃(၀၆၁၅)

**ဝင်ရင်း–ကျားကစ္ဆာဘယဆေးဆိုင် – ၄၀၂(အေ)ရုံ၊ ကုန်ဈေးတန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။**
**ဖုန်း ၀၉ ၅၅၀၆၁၀၉၊ ၀၉ ၂၅၀၅၀၉၀၆၁၊ ၀၁–၃၇၁၁၈၂၂(လိုင်းခွဲ)၅၅၃**

www.burmeseclassic.com

စာရေးသူတို့ စကားပြောတတ်ပြီ ဆိုရင်ပဲ အဘိုး၊ အဘွား၊ အဖေ၊ အမေတို့က နမောတဿကို လက်ဦးဆုံး သင်ပေးခဲ့ကြပါတယ်။ စာသင်ကျောင်းကို ရောက်တဲ့အခါမှာလည်း နမောတဿ အစချီလို့ ဘုရားဝတ်ပြုခဲ့ကြရပါတယ်။ ပြီးတော့ ဘာသာရေးဆိုင်ရာ စာအုပ်တွေမှာလည်းပဲ နမောတဿကို ထိပ်ဆုံးစာမျက်နှာတွေမှာ တွေ့မြင်ကြရပါတယ်။



သီလယူမှု စသည်တို့ကို လုပ်ဆောင်ကြတဲ့အခါမှာလည်း ဒီနမောတဿ မပါရင် မပြီးပါဘူး။ ဒါပေမဲ့လို့ နမောတဿရဲ့ သမိုင်းကြောင်းကို ဂဃနဏ မသိခဲ့ရိုးအမှန်ပါ။ ပြီးတော့ကာ-

(၁) သာတာဂိရိနတ်မင်းက နမော၊
(၂) အသူရိန်မင်းက တဿ၊
(၃) စတုမဟာရာဇ်နတ်မင်းကြီး(၄)ဦးက ဘဂဝတော၊
(၄) သိကြားမင်းကြီးက အရဟတော၊
(၅) ဗြဟ္မာမင်းက သမ္မာသမ္ဗုဒ္ဓဿ..လို့ ဆိုကြပြီး အသီးသီး ရှိခိုးကြပါတယ်။



# ဦးအောင်သန်းဝင်း
## နမောတဿ ဟူသည်



www.burmeseclassic.com

www.burmeseclassic.com

ဒါကို စုပေါင်းလိုက်တော့မှ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿလို့ ဖြစ်လာတယ်ဆိုပြီး အမှတ်မှား အသိမှားခဲ့ပါတယ်။ ဒါပေမဲ့လို့ အသက်အရွယ်လေးရလာ၊ စာဖတ်သက်လေးရင့်လာ၊ အဘိဓမ္မာသင်တန်းတွေ ဘာတွေလည်း တက်ဖူးခဲ့လေတော့ နမောတဿရဲ့ သမိုင်းကြောင်းခြင်းရာကို စေ့စေ့ငုငုသိမြင်ခဲ့ရပါတယ်။ အလုံးစုံတော့ ဟုတ်မယ် မထင်မိပါဘူး။

လွယ်လင့်တကူပြောရရင် နမောတဿဆိုတာ ဘုရားရှိခိုးပါပဲ။ ဘုရားရှိခိုးခြင်းဆိုတဲ့ ကောင်းမှုမင်္ဂလာကို ကြိုတင်ပြုလုပ်ပြီးမှ အန္တရာယ်ကင်းတယ်။ လုပ်ငန်းကိစ္စတွေပြီးပြေချောမောနိုင်မယ်။ ဒါကြောင့် နမောတဿကို နေရာတိုင်းမှာ ဦးစားပေးရတာ ဖြစ်တယ်လို့ ဆိုပါတယ်။

ပြီးတော့ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဆိုတာဟာ (၅)ပါဒရှိတဲ့ဂါထာ ဖြစ်ပါတယ်။ မြတ်စွာဘုရား သာသနာမှာ လောကီဆန်းကို မငဲ့တဲ့အတွက် (၅)ပါဒရှိတဲ့ဂါထာလို့ မှတ်သားရမယ်လို့ ဆိုပါတယ်။ အထက်ပါ နတ်မင်းကြီး(၅)ယောက်က တစ်ဦး တစ်ပုဒ်ကျ ရှိခိုးတယ်ဆိုတာ ဘယ်ပါဠိတော်၊ အဋ္ဌကထာမှာမှ မပါပါဘူး။ စဉ်းစားကြည့်တဲ့အခါ တစ်ပုဒ်ချင်းအနေနဲ့ ဘယ်လိုမှ ဘုရားရှိခိုးလို့ မဖြစ်နိုင်ပါဘူး။ ယုတ္တိယုတ္တာလည်း မရှိပါဘူး။ ဒီစကားဟာ နောက်ဆရာတို့ ကြံဖန်ရေးသားထားခဲ့တာပါလို့ ပညာရှင်ဆရာတော်၊ သခင်းတော်တို့က မိန့်ဆိုထားပါတယ်။

ပါဠိတော်တွေထဲမှာ လာရှိတာကတော့ နမောတဿဟာ ဥဒါန်းကျူးတဲ့စကား ဖြစ်တယ်လို့ ဆိုပါတယ်။ ဥဒါန်းဆိုတာဟာလည်းပဲ ဝမ်းသာလွန်းအားကြီး၊ ကြည်ညိုလွန်းအားကြီးလွန်းတာမို့ ဝမ်းထဲမှာ မျိုသိပ်မထားနိုင်ဘဲ နှုတ်က အန်ထွက်လာတဲ့ စကားမျိုးလို့ အဓိပ္ပာယ်ရပါတယ်။

နမောတဿရဲ့ သမိုင်းကြောင်းအရ အဲဒီနမောတဿနဲ့ ဥဒါန်းကျူးရင့်ခဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့အကြောင်း ဦးစွာပထမသိထားသင့်တာက–

(၁) ဗြဟ္မာယုပုဏ္ဏား၊ (၂) ဇာဏုသောဏိပုဏ္ဏား၊ (၃) ကောသလမင်း၊ (၄) ဓနဉ္စာနီအရိယာမ၊ (၅) သိကြားမင်း၊ (၆) ကာရဏပါလီပုဏ္ဏား၊ (၇) အာရာမဒဏ္ဍပုဏ္ဏား၊ (၈) မဟိန္ဒမင်း။

အဲဒီလို နမောတဿနဲ့ ဥဒါန်းကျူးသူ ဘုရားဟောပါဠိတော်မှာ အာရာမဒဏ္ဍ ပုဏ္ဏားအထိ (၇)ယောက်ကိုပဲ တွေ့ရပါတယ်။ မဟိန္ဒမင်းဆိုတာက အဋ္ဌကထာမှာ တွေ့ရပါတယ်။ ဂေါတမဘုရားရှင်လက်ထက် မဟုတ်ပါဘူး။ လွန်ခဲ့တဲ့(၉၁)ကမ္ဘာက ဖုဿဘုရားရှင်ရဲ့ ဖခမည်းတော်မျှသာ ဖြစ်ပါတယ်။ လေ့လာမိသလောက် ပြဆိုထားပါတယ်။

ဘာကြောင့် နမောတဿနဲ့ ဥဒါန်းကျူးရတယ်ဆိုတာကိုတော့ ဝတ္ထုဇာတ်ကြောင်းလေးတွေကို စေ့စေ့ငုငုကြည့်ရင် ဘဝင်ကျသွားမယ်လို့ ထင်မိပါတယ်။

(၁) <u>ဗြဟ္မာယုပုဏ္ဏား</u>

ဗုဒ္ဓမြတ်စွာဟာ ရဟန်းငါးရာနဲ့အတူ ဝိဒေဟတိုင်းမှာ ဒေသစာရီကြွလာတဲ့အခါ ဗြဟ္မာယုပုဏ္ဏားက ဗုဒ္ဓမြတ်စွာ ကျော်စောသတင်းဟာ အရပ်(၄)မျက်နှာ ပျံ့နှံ့နေတာ ဘာကြောင့်လဲဆိုပြီး တပည့်ဖြစ်သူ ဥတ္တရလုလင်ကို အကဲခတ်လေ့လာခိုင်းပါတယ်။

ဥတ္တရလုလင်ဟာ ဘုရားရှင်နောက်ကိုလိုက်ပြီး လေ့လာအကဲခတ်တာ (၇)လလောက် ကြာသွားပါတယ်။ ဘုရားဆီကပြန်ပြီး အရှင်ဂေါတမဟာ ပြောမကုန်နိုင်လောက်အောင် ဂုဏ်ပေါင်းစုံနဲ့ ပြည့်စုံပါတယ်လို့ ဗြဟ္မာယုပုဏ္ဏားကြီးကို ပြန်လည်လျှောက်ကြားလေတော့ ဗြဟ္မာယုပုဏ္ဏားဟာ ဘုရားရှင်ရှိရာဘက်သို့ လက်အုပ်ချီမိုးပြီး နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿလို့ (၃)ကြိမ်တိုင်တိုင် ဥဒါန်းကျူးပါတော့တယ်။

(၂) <u>ဇာဏုသောဏိပုဏ္ဏား</u>

ဘုရားရှင် သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေချိန်ဖြစ်ပါတယ်။ ဇာဏုသောဏိပုဏ္ဏားဟာ မွန်းတည့်ချိန်မှာ မြင်းလှည်းစီးပြီး သာဝတ္ထိမြို့က ထွက်လာချိန်နှင့် ပိလောတိကာပရိဗိုဇ်လည်းပဲ ဇေတဝန်ကျောင်းတော်က ထွက်လာချိန် လမ်းတစ်နေရာမှာ ဆုံကြပါတယ်။

ဇာဏုသောဏိ ပုဏ္ဏားက ပိလောတိကာ ပရိဗိုဇ်ကို အသင် ဘယ်ကလာသနည်းလို့ မေးလေတော့ ပိလောတိက ပရိဗိုဇ်က ရဟန်းဂေါတမဆီက လာခဲ့ကြောင်း ဖြေပါတယ်။ ပြီးတော့ ဂေါတမဟာ လွန်စွာကြည်ညိုဖွယ် အတိပြီးကြောင်း ချီးကျူးပြောဆိုပါတယ်။ အဲဒီအခါ ဇာဏုသောဏိပုဏ္ဏားက ဘယ်အကျိုးအာနိသင်တွေကို၊



www.burmeseclassic.com

www.burmeseclassic.com

ဘယ်အကြောင်းထူးတွေကိုမြင်လို့ ရဟန်းဂေါတမအပေါ်မှာ သိပ်ပြီးကြည်ညိုနေရတာလဲလို့ မေးတော့ ပိလောတိကာ ပရိဗိုဇ်က စေ့စေ့ငှငှစွာပြောရရင် ရဟန်းဂေါတမမှာ ဉာဏ် ခြေရာ(၄)ခုကို တွေ့မြင်ရပါတယ်။

ဘယ်လိုဉာဏ်ခြေရာတွေလဲဆိုတော့-

(၁) အယူဝါဒအရေးအရာမှာ အင်မတန်ထက်မြက်တဲ့ အချို့မင်း ပညာရှိတွေဟာ ရဟန်းဂေါတမအပေါ်မှာ အပြစ်တင်ရအောင်လို့ ပြဿနာအမျိုးမျိုးကို စီရင်ပြီး ရောက်လာတတ်ကြတယ်။ အဲဒီမင်း ပညာရှိတွေဟာ ရဟန်းဂေါတမရဲ့ တရားတော်ကို နာကြားရတဲ့အခါမှာတော့ တရားကျင့်ဖို့ကို စိတ်အားထက်သန်လို့ လာကြပါတယ်။ ဒီတော့ ရဟန်းဂေါတမကို ပြဿနာတောင်မှ မမေးကြတော့ပါဘူး။ အပြစ်တင်ဖို့ဆိုတာ ဝေလာဝေးပေါ့။ သူတို့ဟာ ရဟန်းဂေါတမရဲ့ တပည့်တွေသာ ဖြစ်ကုန်ကြပါတော့တယ်။ (အဲဒါဟာ ပထမဉာဏ် ခြေရာပါပဲ။)

(၂) အယူဝါဒရေးရာမှာ အင်မတန်ထက်မြက်ကြတဲ့ အချို့ပုဏ္ဏား ပညာရှိတွေဟာလည်း အထက်ပါအတိုင်း ရဟန်းဂေါတမထံမှာ တပည့်ခံခဲ့ကြပါတယ်။ (ဒါဟာ ဒုတိယဉာဏ် ခြေရာပါပဲ။)

(၃) အယူဝါဒရေးရာမှာအင်မတန်ထက်မြက်ကြတဲ့ အချို့လူပညာရှိတွေဟာလည်း အထက်ပါအတိုင်း ရဟန်း ဂေါတမထံ တပည့်ခံယူကြပါတယ်။ (ဒါဟာ တတိယဉာဏ် ခြေရာပါပဲ။)

(၄) အယူဝါဒရေးရာမှာအင်မတန်ထက်မြက်ကြတဲ့ အချို့သာသနာပြင်ပ ရဟန်းပညာရှိတွေဟာ ရဟန်းဂေါတမအပေါ် အပြစ်တင်ရအောင်လို့ ပြဿနာအမျိုးမျိုးစီရင်ပြီး လာရောက်ကြပါတယ်။ ဆိုခဲ့သလို ရဟန်းဂေါတမရဲ့ တရားကို နာကြားရလေတော့ တရားကျင့်ဖို့ကိုသာ စိတ်အားထက်သန်ကြပြီး ရဟန်းဂေါတမထံမှာ တပည့်ခံလို့ ရဟန်းပြုခွင့် တောင်းခံကြပါတော့တယ်။ ရဟန်းဂေါတမကလည်း ရဟန်းပြုခွင့် ပြုလိုက်ပါတယ်။ သူတို့တွေဟာ စိတ်ငြိမ်ရာကို ကပ်ရောက်ပြီး တရားအားထုတ်ကြလေတော့ အရဟတ္တဖိုလ်ထိအောင် ရသွားကြပါတယ်။ ရဟန်းဖြစ်သွားကြပါတယ်။

အဲဒီပုဂ္ဂိုလ်တွေကပဲ တို့ဟာ ဆုံးရှုံးပျက်စီးဖို့ နည်းနည်းလေးသာ လိုတော့တယ်။ အမှန်ကတော့ တို့တစ်တွေဟာ ရှေးတုန်းက သာမဏမဟုတ်ဘဲ သာမဏလို့ ဝန်ခံခဲ့ကြတယ်။ ရဟန္တာမဟုတ်ဘဲ ရဟန္တာလို့ ဝန်ခံခဲ့ကြတယ်။ တို့တစ်တွေဟာ အခုမှသာ သာမဏအစစ် ဖြစ်တယ်၊ ဗြဟ္မဏအစစ် ဖြစ်တယ်၊ ရဟန္တာအစစ် ဖြစ်တယ်လို့ ဝန်ခံပြောဆိုကြပါတယ်။ (ဒါဟာ စတုတ္ထဉာဏ် ခြေရာပါပဲ။)

ပိလောတိကာပရိဗိုဇ်ရဲ့ စကားကြားရလေတော့ ဇာဏုသောဏိပုဏ္ဏားဟာ မြင်းလှည်းပေါ်က ဆင်းပါတယ်။ မြတ်စွာဘုရားရှိရာ သမ္မာသမ္ဗုဒ္ဓသလို့ (၃)ကြိမ်ဥဒါန်းကျူးပါတယ်။

## (၃)ကောသလမင်း

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် မြတ်စွာဘုရားက ပူဆွေးတာ၊ ငိုကြွေးတာ၊ ကိုယ်ဆင်းရဲတာ၊ စိတ်ဆင်းရဲတာ၊ အပြင်းအထန် ပင်ပန်းရတာတွေဟာ အချစ်ကြောင့် ဖြစ်ရတာ။ အချစ်က စတာပါပဲလို့ မိန့်ကြားလေ့ရှိပါတယ်။ အဲဒီမိန့်ဆိုချက်ကို ကောသလမင်းကြီး ကြားသိရလေတော့ မင်းကြီးက မလ္လိကာမိဖုရားကို ပြောပါတယ်။

'နှမတော်··နှမတော်ရဲ့ ဆရာဖြစ်တဲ့ ရဟန်းဂေါတမဟာ ပူဆွေးတာ၊ ငိုကြွေးတာ၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ အပြင်းအထန် ပင်ပန်းရတာတွေဟာ အချစ်ကြောင့် ဖြစ်ရတယ်။ အချစ်က စလာတယ်လို့ ဟောနေတယ် ဆိုပါလား'

'အရှင်မင်းမြတ်··ဘုရားဟော စကားဟာ လွဲမှားတယ်လို့ ဘယ်ရှိပါ့မလဲ။ ဥပမာပြောရရင် အရှင်မင်းမြတ် လွန်စွာနှစ်သက်ပြီး ချစ်မြတ်နိုးနေတဲ့ မိဖုရားငယ်လေး ဝါသဘခတ္တိယာ၊ အရှင်မင်းမြတ် လက်ရုံးတစ်ဆူဖြစ်ပြီး လွန်စွာအားကိုးရတဲ့ ဝိဋူဍူဘသူကြီး၊ အရှင်မြတ် နှစ်သက်လှပါတယ်ဆိုတဲ့ မိဖုရားကြီး ကျွန်မ မလ္လိကာ၊ အရှင်မင်းကြီး အုပ်ချုပ်စိုးစံပြီး ချစ်မြတ်နိုးတော်မူတဲ့ ကာသိတိုင်း၊ ကောသလတိုင်းတို့ဟာ သေကျေပျက်စီးဆုံးရှုံးသွားပါပြီတဲ့။ အရှင်မင်းမြတ် ပူဆွေးတာ၊ ငိုကြွေးတာ၊ စိတ်ပန်းကိုယ်ပန်း ဖြစ်ဦးမှာလား'

'ဟေ့··မလ္လိကာ၊ တော်တော့၊ ရှေ့မဆက်နဲ့။ ငါ နားလည်ပြီ'

ကောသလမင်းကြီးဟာ ကိုယ်လက်သန့်စင်လို့ ရွှေ



www.burmeseclassic.com

www.burmeseclassic.com

အရှင်းသန့်စေပြီး ဘုရားရှင်တော်မြတ်ရှိရာသို့ လက်အုပ်ချီမိုးကာ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿလို့ သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်ခဲ့ပါတယ်။

(၄)မနုဉာနိ

မြတ်စွာဘုရားရှင်တော်မြတ်ဟာ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီအချိန်မှာ ဘာရဒ္ဒါဇနဲ့ မနုဉာရီဆိုတဲ့ ပုဏ္ဏားဇနီးမောင်နှံနှစ်ယောက်ဟာ ရာဇဂြိုဟ်မှာ ရှိနေပါတယ်။ လင်မယားနှစ်ယောက်ဟာ ကိုးကွယ်မှု မတူကြပါဘူး။ ဘာရဒ္ဒါဇက ဗြဟ္မာဏအယူယူပြီး ဘုရား၊ တရား၊ သံဃာဆိုတဲ့စကားကို သူ့အနားမှာ လာပြောရင် နားပိတ်ထားတတ်တဲ့သူပါ။ မနုဉာနိကတော့ သောတာပန်အရိယာမ ဖြစ်ပါတယ်။ ဘုရား၊ တရား၊ သံဃာကို လေးစားသူပါ။

ဘာရဒ္ဒါဇက အလှူအတန်းလုပ်ရင် ဗြဟ္မဏပုဏ္ဏား(၅၀၀)ကို ပင့်ဖိတ်ပြီး နို့ထမင်းလှူလေ့ရှိပါတယ်။ မနုဉာနိပုဏ္ဏေးမကတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ပင့်ဖိတ်ပြီး ရသာစုံဆွမ်း ကပ်လှူပါတယ်။

ပုဏ္ဏားက အလှူအတန်းပြုလုပ်တဲ့နေ့မှာ ပုဏ္ဏေးမကို ကိုယ်ထိလက်ရောက် ကူညီစေပေမယ့်လို့ ပုဏ္ဏေးမအလှူလုပ်တဲ့နေ့မှာ ပုဏ္ဏားက စောစောစီးစီး အိမ်ကပြေးပါတော့တယ်။

တစ်နေ့ ပုဏ္ဏားက ပုဏ္ဏား(၅၀၀) အိမ်ကို ထမင်းသုံးဆောင်ဖို့ ကြွလာပါလိမ့်မယ်။ ချက်ရေးပြုတ်ရေးအတွက် အခြားလူတွေ လုပ်ပါလိမ့်မယ်။ မင်းက ဘာမှထင်လုပ်စရာ မလိုပါဘူး။ ဒါပေမဲ့ မင်းက အမြဲတမ်းနမောတဿဆိုပြီး ရဟန်းဂေါတမကို မြည်တမ်းလေ့ရှိတယ်။ အဲဒီနေ့ မြည်တမ်းလို့ကတော့ ငါနဲ့ အတွေ့ပဲ။

ဒါပေမဲ့ ပုဏ္ဏေးမကတော့ တုံ့ဏှိဘာဝေ။ နောက်ဆုံးပုဏ္ဏားက ဓားကြိမ်း,ကြိမ်းပြီး တားပါတယ်။ ဒါပေမဲ့ ပုဏ္ဏေးမက အင်းမလုပ် အဲမလုပ်ပါ။

ဒီလိုနဲ့ ပုဏ္ဏား(၅၀၀)ကို ကျွေးမွေးပြုစုနေစဉ် ပုဏ္ဏေးမက သူ့ခင်ပွန်း ပုဏ္ဏားကြီးစားဖို့ ဟင်းတစ်ခွက်ယူပါတယ်။ လမ်းခုလတ်မှာ ခလုတ်တိုက်မိလေတော့ ဟင်းခွက်ကို အသာချပြီး ပုဏ္ဏား(၅၀၀)ရဲ့ အလယ်မှာ မြေပေါ်မှာ လက်အုပ်ကလေး တင်ထားလိုက်ပြီး နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿလို့ ဥဒါန်း(၃)ကြိမ် ကျူးရင့်လိုက်ပါတယ်။ ဒီအသံကို ကြားရလေတော့ ကျီးကို လေးနဲ့ခြောက်လိုက်သလို ပုဏ္ဏားတွေလည်း အကုန်လုံး ထွက်ပြေးကြပါတော့တယ်။

(၅) သိကြားမင်း

တစ်ချိန်က မြတ်စွာဘုရားဟာ မဂဓတိုင်း၊ ရာဇဂြိုဟ်အရှေ့ဘက် အမ္ဗသဏ္ဍာမည်တဲ့ ပုဏ္ဏားရွာရဲ့မြောက်အရပ် ဝေဒိယကတောင်၊ ဣန္ဒသာလဂူမှာ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီအချိန်မှာ သိကြားမင်းဟာ ဘုရားရှင်ကို လွန်စွာဖူးတွေ့လိုတာကြောင့် ဝေဒိယကတောင်ကို ရောက်လာပါတယ်။ မြတ်စွာဘုရားကို ခွင့်ပန်ရအောင် ပဉ္စသိခ်နတ်သားကို အရင်စေလွှတ်လိုက်ပါတယ်။ မြတ်စွာဘုရားထံမှ မိမိသိလိုရာမှန်သမျှ မေးလျှောက်ပါတယ်။ ဘုရားရှင်တော်မြတ်ကလည်း မေးသမျှကို ရှင်းလင်းပြတ်သားစွာ မိန့်ကြားဖြေဆိုတော်မူလေတော့ သိကြားမင်း နှစ်သက်မှုအပြည့်အဝ ရသွားပါတယ်။ သိကြားမင်းက–

"ရှင်တော်မြတ်ဘုရား··တပည့်တော်တို့ဟာ ရှေးအခါတုန်းကတော့ နတ်တွေနဲ့အတူ သနင်္ကုမာရဗြဟ္မာမင်းကြီးကို ရှိခိုးခဲ့ကြပါတယ်။ အခုအချိန်ကစပြီး ရှင်တော်မြတ်ဘုရားအား ရှိခိုးခွင့် ပေးသနားတော်မူပါ။

ရှင်တော်မြတ်ဘုရားကသာ တရားအားလုံးကို သိမြင်တော်မူတဲ့ ဗုဒ္ဓအစစ် ဖြစ်တော်မူပါတယ်။ ရှင်တော်မြတ်ဘုရားကသာ အတုမရှိ မြတ်တော်မူတဲ့ဆရာ ဖြစ်တော်မူပါတယ်။

နတ်နဲ့တကွဖြစ်တဲ့ လောကမှာ လူ့လောက၊ နတ်လောကမှာ ရှင်တော်မြတ်ဘုရားနဲ့တူတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ မရှိပါဘုရားလို့ နိဂုံးချုပ်အနေနဲ့ လျှောက်ထားပြီး လက်အုပ်ချီမိုးလျက် နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿဆိုပြီး သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်ခဲ့ပါတယ်။

(၆)ကာရဏပါလီ

ဘုရားရှင်ဟာ ဝေသာလီပြည်၊ မဟာဝုန်တော ကူဋာဂါရသာလာ ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအချိန်မှာ ကာရဏပါလီ ပုဏ္ဏားဟာ လစ္ဆဝီမင်းတို့ရဲ့ လုပ်ငန်းကို စီမံနေပါတယ်။ ကာရဏပါလီ


www.burmeseclassic.com

www.burmeseclassic.com

ပုဏ္ဏားက ပိင်္ဂိယာနီပုဏ္ဏား အဝေးကြီးက လာနေတာကို တွေ့နေရပါတယ်။

'အနီးသို့ ရောက်သောအခါ အလိုပိင်္ဂိယာနီပါလား။ မွန်းတည့်အချိန်ကြီးမှာ ဘယ်ကများ လာခဲ့ရပါသလဲ'

'ရဟန်းဂေါတမဆီက လာခဲ့တာပါ မိတ်ဆွေ'

'ရဟန်းဂေါတမရဲ့ ပညာစွမ်းရည်ဟာ ဘယ်လိုပါလဲ။ သူ့ကို ပညာရှိလို့ ထင်ပါသလား'

'ကျုပ်လိုလူက ရဟန်းဂေါတမရဲ့ ပညာစွမ်းရည်ကို ဘယ်လိုလုပ်ပြီး သိနိုင်မှာတဲ့လဲ။ ရဟန်းဂေါတမလို ပညာထက်မြက်သူကတော့ ရဟန်းဂေါတမရဲ့ ပညာစွမ်းရည်ကို သိနိုင်မှာပေါ့'

'မိတ်ဆွေကြီး ပိင်္ဂိယာနီက ရဟန်းဂေါတမကို သိပ်အထက်တန်းကျတဲ့ ချီးမွမ်းခြင်းမျိုးနဲ့ ချီးမွမ်းနေတာပဲ'

'မိတ်ဆွေ··အဲဒီရဟန်းဂေါတမဆိုတာ တကယ့်ကို ချီးမွမ်းထိုက်တဲ့အတွက် ချီးမွမ်းခံရသူသာ ဖြစ်ပါတယ်။ နတ်တွေ၊ လူတွေထက်လည်း မြင့်မြတ်၊ အထက်တန်းကျတော်မူပါတယ်'

'မိတ်ဆွေ··ဘယ်လိုကောင်းကျိုးတွေကို တွေ့ထားလို့ ရဟန်းဂေါတမအပေါ်မှာ ဒီလောက်ကြည်ညိုနေရတာလဲ'

'မိတ်ဆွေ··အရှင်ဂေါတမရဲ့ တရားတော်ကို နာကြားရတဲ့အခါ အခြားသာမဏ၊ ဗြဟ္မဏတွေရဲ့ အယူဝါဒတွေကို မတောင့်မတတော့ဘူး။ နှစ်လိုဝမ်းမြောက်မှုကိုလည်း ရပါတယ်။ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ အပြင်းအထန် ပင်ပန်းခြင်းတွေလည်း ချုပ်ပျောက်ခြင်းသို့ ရောက်ပါတယ်။ ပူလောင်မှု၊ ပူအိုက်မှု၊ အကုန်လုံးတို့ဟာလည်း ငြိမ်းအေးကြပါတယ်'

ဒီစကားကို ကြားရတဲ့အခါ ကာရဏပါလီပုဏ္ဏားက နေရာမှထလာပြီး လက်ယာဒူးကို မြေပေါ်မှာ ထောက်လိုက်ပါတယ်။ ဘုရားရှင်ရှိရာဘက်ကို လက်အုပ်ချီမိုးပြီး နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿလို့ (၃)ကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်ပါတော့တယ်။

### (၇) အာရာမဒဏ္ဍပုဏ္ဏား

အရှင်မဟာကစ္စည်းထေရ်ဟာ ဝရဏာမြို့ ဘဒ္ဒသာရီ မြစ်အနားမှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအချိန်မှာ အာရာမဒဏ္ဍပုဏ္ဏားက မဟာကစ္စည်းထေရ်ထံ ဆည်းကပ်ရောက်လာပါတယ်။

မင်းအချင်းချင်း၊ ပုဏ္ဏားအချင်းချင်း၊ အခြားအိမ်ေ သူအချင်းချင်း ငြင်းခုံကြရခြင်းရဲ့ အကြောင်းကို မေးပါတယ်။ မဟာကစ္စည်းထေရ်က ကာမဂုဏ်(၅)ပါးကို အကြောင်းပြုပြီးဖြစ်တဲ့ တပ်မက်မှုရာဂရဲ့ ဖမ်းစားဝါးမျိုမှု ခံနေကြရတဲ့အတွက် ငြင်းခုံနေကြရတယ်လို့ ဖြေတော်မူပါတယ်။

ပြီးတော့ ရဟန်းအချင်းချင်း ငြင်းခုံကြရခြင်းရဲ့ အကြောင်းကို မေးမြန်းပါတယ်။ အရှင်မဟာကစ္စည်းထေရ်က ဒိဋ္ဌိဒိဋ္ဌိကို အကြောင်းပြုပြီးဖြစ်တဲ့ တပ်မက်မှုရာဂရဲ့ ဖမ်းစားဝါးမျိုခံရတဲ့အတွက် ငြင်းခုံကြရခြင်း ဖြစ်တယ်လို့ ဖြေတော်မူပါတယ်။

ဒီကာမရာဂ၊ ဒိဋ္ဌိရာဂ(၂)ပါးရဲ့ ဖမ်းစားဝါးမျိုခြင်းကို မခံရတဲ့ ပုဂ္ဂိုလ်တစ်ဦးတလေများ ရှိပါသလားလို့လည်း မေးမြန်းပါတယ်။

ရှိတဲ့အကြောင်း အရှင်မဟာကစ္စည်းထေရ်က အမိန့်ရှိလေတော့ ဒါဖြင့် ဘယ်သူဖြစ်ပါသလဲလို့ မေးတဲ့အခါ-

'ဟိုးအရှေ့ဘက်တိုင်းမှာ သာဝတ္ထိမြို့ဆိုတာရှိတယ်။ အခု အဲဒီမြို့မှာ သီတင်းသုံးနေတော်မူတဲ့ ဗုဒ္ဓဘုရားရှင် ဖြစ်တဲ့အကြောင်းကို အရှင်မဟာကစ္စည်းမထေရ်က ဖြေတော်မူပါတယ်။

ဒီတော့ အာရာမဒဏ္ဍပုဏ္ဏားက နေရာက ထပြီး လက်ယာဒူးကို မြေကြီးပေါ်မှာ ထောက်လိုက်ပါတယ်။ ဘုရားရှိတော်မူရာ အရပ်ကို လက်အုပ်ချီမိုးပြီး နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿလို့ (၃)ကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်ပါတော့တယ်။

### (၈) မဟိန္ဒမင်း

ဒီကမ္ဘာကိုမရောက်ခင် (၉၁)ကမ္ဘာထက်မှာ တိဿ ဖုဿဆိုတဲ့ ဘုရား(၂)ဆူ ပွင့်တော်မူခဲ့ပါတယ်။ မဟိန္ဒမင်းဆိုတာက ဖုဿဘုရားရှင်ရဲ့ ခမည်းတော်ပါပဲ။ ပြီးတော့ မဟိန္ဒမင်းရဲ့ သားငယ်က ပထမအဂ္ဂသာဝက ပုရောဟိတ်ရဲ့သားက ဒုတိယအဂ္ဂသာဝက ဖြစ်လာတယ်။

မဟိန္ဒမင်းက ဘုရားဆီ ရောက်သွားတဲ့အခါ သားကြီးက ဘုရား၊ သားငယ်က ပထမအဂ္ဂသာဝက ပုရောဟိတ်ရဲ့သားက ဒုတိယအဂ္ဂသာဝက။ ဒီလို ဘု



www.burmeseclassic.com

www.burmeseclassic.com

အဂ္ဂသာဝက နှစ်ပါးကိုကြည့်ပြီး ပီတိဖြစ်နေပါတယ်။

ပြီးတော့-

မမေဝ ဗုဒ္ဓေါ၊ မမေဝ သံဃော၊

နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ··လို့ (၃)ကြိမ်ဥဒါန်းကျူးရင့်ပါတော့တယ်။

ဒါကြောင့် နမောတဿဆိုတာ ဗုဒ္ဓဘုရားရှင်လက်ထက်မှသာ ပေါ်ပေါက်ခဲ့တာမဟုတ်၊ ရှေးရှေးဘုရားရှင်လက်ထက်ကပင် ရှိနေကြောင်း သိသာနိုင်ပါတယ်။

နမောတဿ ကျူးရင့်တဲ့ ပုဂ္ဂိုလ်တိုင်းဟာ (၃)ကြိမ်တိုင်တိုင် ရွတ်ဆိုလေ့ရှိပါတယ်။ ဒါကြောင့် ယခုကာလ သီလယူကြတဲ့အခါ လူတွေက ဒါကို နည်းနာခံယူပြီး နမောတဿကို (၃)ခေါက်ကျူးရင့် ရွတ်ဆိုကြတာ ဖြစ်ပါလိမ့်မယ်။

ဆိုခဲ့တဲ့ နမောတဿနဲ့ ဥဒါန်းကျူးရင့်ကြတဲ့ ပုဂ္ဂိုလ်တွေအထဲမှာ ဗြဟ္မာယုပုဏ္ဏား၊ အာရာမဒဏ္ဍပုဏ္ဏား၊ ဇာဏုသောဏိပုဏ္ဏား၊ ကာရဏပါလိပုဏ္ဏားကြီးတွေဟာ အဲဒီခေတ်၊ အဲဒီအချိန်က အင်မတန်အထက်တန်းကျတဲ့ ပုဏ္ဏားတွေပါ။ တကယ့်ပညာရှိတွေပါ။ ဘုရားရှင်တော်မြတ်ရဲ့ ဂုဏ်တော်တွေကို တစ်ဆင့်ကြားရတာနဲ့ ဘုရားကို ကြည်ညိုသူတွေလို့ ဆိုရပါမယ်။

သိကြားမင်းနဲ့ ဓနဉ္စာနီပုဏ္ဏေးမတို့ကတော့ တရားကို ကိုယ်တိုင်သိမြင်ပြီးတဲ့ အရိယာပုဂ္ဂိုလ်တွေဖြစ်လို့ ဘုရားကို ကြည်ညိုကြတာပါ။

သူတို့ နမောတဿနဲ့ ဥဒါန်းကျူးရလောက်အောင် ကြည်ညိုကြရတဲ့ ဂုဏ်တော်တွေကို အာရုံပြုပြီး ဗုဒ္ဓရှင်တော်မြတ်ကြီးကို လေးလေးနက်နက် ကြည်ညိုတတ်အောင် မိရိုးဖလာဗုဒ္ဓဘာသာအဖြစ်က ကင်းလွတ်အောင် ကြိုးစားကြရမှာဖြစ်ကြောင်း ကုသိုလ်စိတ်ညွတ်ရေး သီဖွဲ့ခြင်း ဖြစ်ပါတယ်။

**ကိုမောင်သန်းဝင်း**

<u>ကျမ်းကိုး</u>

* ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း (ပထမတွဲ)၊ (အရှင်ကုမာရ)။



ပြုစုလုပ်ကျွေး မွေးမြူခြင်းငှာ စွမ်းနိုင်သောအရည်အချင်းရှိပါလျက် အသက်အရွယ် အိုမင်းရင့်ရော်ပြီဖြစ်သော အမိကိုလည်းကောင်း၊ အဖကိုလည်းကောင်း လုပ်ကျွေးပြုစုခြင်း မရှိသောသူသည် ပျက်စီးဆင်းရဲမည်ဖြစ်၏ဟု မြတ်စွာဘုရားမှ ဟောတော်မူထားသည်။

မိဘများသည် အသက်ကြီးပြီ ဖြစ်သည့်အတွက် အချိန်များစွာ မကျန်တော့ပါ။ အချိန်ရှိသခိုက်လေးမှာ



ချစ်ခင်ကြင်နာပါကြောင်း၊ လေးမြတ်ကြည်ညိုပါကြောင်း၊ ကျေးဇူးဂုဏ်အတွက် ကျေးဇူးတင်ပါကြောင်း ပြောပြနိုင်ကြမည်ဆိုလျှင် အလွန်လှပသော မေတ္တာကွန်ရက်ကို ဖြန့်ကြက်ပြီးသား ဖြစ်ပေလိမ့်မည်။

သို့ဖြစ်ပါ၍ မိခင်၏ကျေးဇူးကို မသိတတ်သော သားတစ်ယောက်ကို အကြောင်းပြု၍ တရားသေလို့ သပိတ်သွတ်သည့် ဖြစ်ရပ်တစ်ခု လူ့လောကတွင် ရှိခဲ့ဖူးပါသည်။

လောကမှာ လူတစ်ယောက် သေခဲ့ရင် သက်ပျောက်ဆွမ်းအနေနဲ့ သံဃာတစ်ပါးပါးကိုပင့်ပြီး သေသူအတွက်

# တရားသေလို့ သပိတ်သွတ်ခဲ့သူ

## ကိုရွှေဖြူသန်း(သရိုင်း)

ဆွမ်းသပိတ်သွတ် လှူဒါန်းကြပါတယ်။ ဒါဟာ
သေလို့ လုပ်ရိုးလုပ်စဉ် အစဉ်အလာရှိကြပါတယ်။ တ
သေလို့ သပိတ်သွတ်တယ်ဆိုတာ အစဉ်အလာ မရှိပါ
သို့ပေမဲ့ တရားသေလို့ သပိတ်သွတ်တယ်ဆိုတာ လော
မှာ တကယ်ရော ရှိခဲ့ဖူးပါသလားဟု ဆိုခဲ့ရင်တော့

◆◆◆

ဟိုးလွန်ခဲ့တဲ့ အတိတ်တစ်ခုတုန်းက ဗာရာဏသီ
မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်စဉ်အခါကပေါ့။ အဲဒီတုန်း
မထင်မရှား အမျိုးကောင်းသားတစ်ယောက် ရှိခဲ့ဖူးတ
အဲဒီ အမျိုးကောင်းသားဟာ သူ့ရဲ့ဖခင် မရှိတော့တဲ့နော
ပိုင်း မိခင်ကို နတ်ကဲ့သို့ လုပ်ကျွေးခဲ့ပါသတဲ့။ မိခင်
သူရဲ့ ဝေယျာဝစ္စမှန်သမျှ လုပ်ဆောင်ပေးပြီး တရိုတ
ပြုစု စောင့်ရှောက်လာခဲ့ပါတယ်။ ဒီလိုနဲ့ တစ်ရက်
မိခင်ဖြစ်သူက သူ့ရဲ့သားကို ပြောလာပါတယ်။

www.burmeseclassic.com

'ငါ့သား··ငါ့သားမှာ အမေ့ကိုလည်း ပြုစုစောင့်ရှောက်ရ၊ အလုပ်ကိစ္စတွေလည်း လုပ်ရနဲ့ တစ်ယောက်တည်း ပင်ပန်းလှတယ်။ ငါ့သားအတွက် ကူညီဖော်ကူညီဖက်ရအောင် အမျိုး၊ ဘာသာတူတဲ့ အမျိုးသမီးတစ်ယောက် အမေရှာပေးမယ်။ ငါ့သား မိန်းမယူပါတော့လား' တဲ့။

ဒီလိုနဲ့ မိခင်ဖြစ်သူက သားကို အမျိုးသမီးလေးခေါ်လာပြီး အိမ်ထောင်ချပေးလိုက်သတဲ့။

အစပထမတုန်းကတော့ ချွေးမဖြစ်သူဟာ ယောက္ခမအဘွားကြီးကို ရိုရိုသေသေနဲ့ မိခင်ရင်းကဲ့သို့ ပြုစုစောင့်ရှောက်ပါတယ်။ ဒါပေမဲ့ မကြာပါဘူး၊ သားဖြစ်သူက မိခင်ကိုပေးတဲ့ အဝတ်အစားတွေ၊ အစားအသောက်တွေအပေါ်မှာ ဝန်တိုက္ကသာ ပွားလာပါရော။ မကြည်ဖြူနိုင်တော့ဘူးလေ။

ယောက္ခမဖြစ်တဲ့ အဘွားကြီးကို အိမ်ပေါ်က နှင်ချဖို့ နည်းလမ်းရှာတော့တာပေါ့။ သားနဲ့ မအကြောင်း ကုန်းတိုက်တော့တယ်။

'ရှင့်ရဲ့အမေဟာလေ ရှင်အပြင်သွားပြီဆိုရင် ကျွန်မကို ဘာအပြစ်မှမရှိဘဲ အခြောက်တိုက် ရန်ရှာပြီး ဆဲနေတော့တာပဲ'

ဒီလို ကုန်းတိုက်ပေမယ့် ယောကျ်ားဖြစ်သူက အမေကို သိပ်ချစ်တဲ့သားဆိုတော့ ဘာမှပြန်မပြောဘဲ နေလိုက်တယ်။ ဒါပေမဲ့ မယားဖြစ်သူက ဒီနည်းနဲ့မရ ဟိုလိုနည်းနဲ့ရအောင် ကြံဆောင်ပြန်တယ်။

တစ်ရက်မှာ ယောကျ်ား အလုပ်သွားနေတုန်း အိမ်အပေါ် အိမ်အောက် နေရာအနှံ့ တံတွေးတွေ ထွေးထားပါသတဲ့။

ယောကျ်ား အလုပ်ကပြန်လာတော့ အဲဒီတံတွေးတွေပြပြီး-

'ရှင်ကြည့်ပါဦး။ ရှင့်ရဲ့အမေက သိပ်ကိုညစ်ပတ်လွန်းတယ်။ ပြောလို့လည်း မရဘူး၊ တံတွေးတွေကို ဟိုသွား ဒီထွေးနဲ့။ ရှင့်ရဲ့ အမေနဲ့တော့ ကျွန်မ ဆက်ပြီးအတူမနေနိုင်တော့ဘူး။ ရှင့်ရဲ့အမေကို အိမ်ပေါ်က နှင်ချမလား၊ ကျွန်မပဲ ဆင်းသွားရမလား' လို့ ပြောတာပေါ့။

တစ်ခါ၊ နှစ်ခါမက ပြောပါများလာတော့ သားဖြစ်သူက မယားစကား ယုံပြီးတော့ မိခင်မှားတယ်ထင်ပြီး မိခင်ကြီးကို အိမ်ပေါ်က နှင်ချလိုက်သတဲ့။

မိခင်ကြီးဟာ သားရဲ့အိမ်က ဆင်းလာရတော့ ဆောက်တည်ရာမဲ့ အားကိုးရာမဲ့ဖြစ်ပြီး သူဌေးတစ်ဦးရဲ့ အိမ်မှာ အဝတ်လျှော် ရေခပ်အလုပ်လုပ်ပြီး ဆင်းဆင်းရဲရဲ နေထိုင်ကာ အသက်မွေးရတာပေါ့။ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ချင်တော့ ယောက္ခမကြီး အိမ်က ဆင်းသွားတော့မှပဲ ချွေးမဖြစ်သူမှာ ကိုယ်ဝန်ရလာပါတယ်။

ဒီအခါမှာ ချွေးမဖြစ်သူက-

'ဒီအယုတ်မကြီး အိမ်မှာရှိစဉ်က ကိုယ်ဝန်မရဘူး။ အယုတ်မကြီး အိမ်က ဆင်းသွားတော့မှပဲ ကိုယ်ဝန်ရတော့တယ်' လို့ သူ့ယောကျ်ားကိုရော အိမ်နီးချင်းတွေကိုပါ လှည့်ပြောတော့တာပေါ့။

သားကလေး မွေးဖွားပြီးတော့လည်း သူ့ရဲ့ယောကျ်ားကို-

'ရှင့်ရဲ့အမေ အိမ်မှာနေတုန်းက ကလေးမရခဲ့ဘူး။ ရှင့်ရဲ့အမေ မရှိတော့မှ ကလေးရတော့တယ်။ ဒါကိုထောက်ဆပြီး ရှင့်ရဲ့အမေ အယုတ်မကြီး ဟုတ်,မဟုတ် ရှင်ကိုယ်တိုင် သိမြင်ပြီ မဟုတ်လား' လို့ ပြောပြန်တာပဲ။

အဲဒီစကားတွေ မိခင်ဖြစ်သူကကြားတော့ ရင်ဘတ်စည်တီးလို့ ငိုပါတော့တယ်။

'ငါ့ကို အယုတ်မကြီးတဲ့။ အယုတ်မကြီး မရှိတော့မှ ကလေးရတယ်တဲ့။ ပြောရက်လိုက်တာ။ ငါ ဘာအမှားတွေများ လုပ်ခဲ့လို့တုံး။ ငါ မတရားတာ ဘာမျှမလုပ်ခဲ့ဘူး။ အို··အသင်လောက၊ ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ တရားစောင့်ငြား ထိုသူအား တရားပြန်လည်စောင့်ရှောက်တယ်ဆို။ အခု ငါ့ကို ပြန်လည်စောင့်ရှောက်ရမယ့်တရား ဘယ်ရောက်နေလဲ။ သေများ သေနေပြီလား။

တကယ်လို့သာ တရားမသေဘူးဆိုရင် အမေကို နှင်ထုတ်လို့ ကလေး,မရနိုင်တန်ရာ၊ ချမ်းလည်း မချမ်းသာနိုင်တန်ရာ။ တရားသေလို့သာ အခုလိုဖြစ်တာပေါ့။ သေသွားတဲ့ တရားသေအတွက် ရည်စူးပြီးတော့ ငါ သပိတ်သွတ် ဆွမ်းကျွေးမယ်ဟေ့' လို့ အော်ဟစ်ကြွေးကြော်ပြီး မိခင်ဖြစ်သူဟာ နှမ်းမှုန့်၊ ဆန်၊ ထမင်းအိုး၊ ထင်း၊ ယောက်မ အစုံယူပြီး မြို့ပြင်သုသာန်ကို သွားပါရော။

သုသာန်ကိုရောက်တော့ လူဦးခေါင်းခွံ သုံးခုကို ဖိုခံလောက်လုပ်တယ်။ ထင်းထည့် မီးမွေးပြီး ရေထဲကို



www.burmeseclassic.com

ဆင်းသွားတယ်။ ဦးခေါင်းလျှော်ပြီး အဝတ်ဖြူဖြူကို ကျကျနနဝတ်တယ်။ အဲဒီနောက် မီးဖိုရှိရာကို ပြန်လာတယ်။ မီးဖိုနားရောက်တော့ ဆံပင်ကို ဖားလျားချပြီး ဆန်ဆေးပါတယ်။

အဲဒီအချိန်မှာ သိကြားမင်းဟာ ပုဏ္ဏားယောင်ဆောင်ပြီး ရောက်လာတယ်။

'အဘွားကြီး··သုသာန်လာပြီး စားစရာတွေ ချက်နေပါလား။ ဘာတွေချက်နေတာလဲ။ ဘယ်သူ့အတွက်လဲ' လို့ မေးလိုက်သတဲ့။

'ပုဏ္ဏား··ငါ နှမ်းထမင်း ချက်နေတာ။ ငါစားဖို့တော့ မဟုတ်ဘူး။ တရားသေလို့ သပိတ်သွတ်မလို့ သုသာန်လာချက်တာ'

'အဘွားကြီး··ဒီလိုမပြောနဲ့။ လောကမှာ တရားသေတယ်ဆိုတာ မရှိဘူး။ မဆင်မခြင် ဒီလိုလွယ်လွယ် မပြောမိပါစေနဲ့။ ဘယ်တော့မှ တရားမသေဘူး'

'ပုဏ္ဏားကြီး··တရားသေသွားပြီဆိုတာ ငါ သံသယမရှိ လုံးဝယုံတယ်။ တရားသေလို့သာပေါ့။ အကျင့်ဖောက်မာတဲ့ ငါ့ချွေးမ ကလေးရတယ်လေ။ ငါ့ကိုနှင်ချပြီး အခုသူတို့မှာ ချမ်းချမ်းသာသာ နေရတာ။ တရားရှိသူ ငါ့မှာတော့ ထမင်းလေးတစ်လုတ် စားရဖို့အရေး သူများအိမ်မှာ ဆင်းဆင်းရဲရဲ အလုပ်လုပ်ရတယ်။ ဒုက္ခတွေ ပင်လယ်ဝေရတယ်။ ဒါ တရားသေလို့ပေါ့'

'ဒီမယ် အဘွားကြီး၊ ကျုပ်ဟာ သိကြားမင်းဖြစ်တယ်။ ဒီအတိုင်းဆိုရင် ချွေးမနဲ့သားကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင် လုပ်ပစ်မယ်။ တရားသေ၊မသေ သက်သေပြမယ်'

အဲဒီလို သိကြားမင်းကြီးက ဖြေလိုက်တော့ အဘွားကြီးခမျာ သိကြားမင်းကို ပြန်တောင်းပန်ရှာတယ်။

'သိကြားမင်းကြီးရယ်··အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့။ မြေးကလေးကို မြင်ချင်ပါသေးတယ်။ သားတို့ဇနီးမောင်နှံလည်း အတူတူ သင့်သင့်မြတ်မြတ် နေစေချင်ပါသေးတယ်။ ဒါကြောင့် သင့်သင့်မြတ်မြတ် အတူနေနိုင်ရေးအတွက်သာ အကျိုးဆောင်ပေးပါ သိကြားမင်းကြီး'

ဒီတော့မှ သိကြားမင်းဟာ မိမိရဲ့ အရှိန်အာနုဘော်နဲ့ သားနဲ့ ချွေးမကို သုသာန်သို့ သွားစေပြီး မိခင်အား ဝန်ချတောင်းပန် ကန်တော့စေကာ အတူတကွ သင့်သင့်မြတ်မြတ် အသက်ထက်ဆုံး နေနိုင်ရေးကို အကျိုးဆောင်ကာ တရားမသေကြောင်း သက်သေပြလိုက်ပါတယ်။

အဲဒီအချိန်ကစပြီး အဘွားကြီးတို့ မိသားစုဟာ အသက်ထက်ဆုံး ကိုယ်ရောစိတ်ပါ ချမ်းချမ်းသာသာ နေသွားကြရပါတယ်။

ဒီအကြောင်းအရာလေးဟာ မြတ်ဗုဒ္ဓက ဥဒ္ဒက နိကာယ်၊ ဇာတကပါဠိ၊ အဋ္ဌကထာနိပါတ်၊ သစ္စာဇာတ်တော်မှာ မိခင်ကို လုပ်ကျွေးတဲ့ ဥပါသကာတစ်ယောက်ကို အကြောင်းပြုပြီး အတိတ်ဆောင်ကာ ဟောကြားတော်မူခဲ့တာပါ။

သို့ဖြစ်ပါ၍··။

◆◆◆

သို့ဖြစ်ပါ၍ ဇာတ်တော်လာ အဖြစ်အပျက်ကို သင်ခန်းစာယူပြီး မည်သူမဆို ယောကျ်ားဘက်ကရော မိန်းမဘက်ကပါ သူ့မိဘကို ကိုယ့်မိဘအရင်းနဲ့မခြား ရှိရိုသေသေ ကိုင်းကိုင်းရှိုင်းရှိုင်း နေသင့်ပါတယ်။ လုပ်ကျွေးပြုစု စောင့်ရှောက်သင့်ပါတယ်။ သူ့မိဘမှ ကိုယ့်မိဘမှ ဆိုတာတွေကို ခွဲခြားနေခဲ့မယ်ဆိုရင် အရာရာ အဆင်ပြေမှုတွေနဲ့ ဝေးကွာပြီး ဒုက္ခအမျိုးမျိုးနဲ့ ခံစားနေကြရမှာပါ။

လူ့အသိုင်းအဝန်းမှာ ဒီလိုအဖြစ်အပျက်တွေ များစွာ ရှိနေတတ်တာ ကိုယ်တွေ့မျက်မြင် တွေ့ကြရမှာပါ။ မိဘဖြစ်သူတွေဟာ ဒီလိုအဖြစ်အပျက်တွေကြောင့် သားသမီးတွေကြားမှာ မျက်နှာငယ်ကြရပါတယ်။

တချို့သော မိဘတွေမှာဆိုရင် သားသမီးတွေများစွာ ရှိပါလျက်နဲ့ သားက ဂရုမစိုက်၊ သမီးက ပြန်လှည့်မကြည့်၊ သမက်က မကြည်ဖြူ၊ ချွေးမက ငြူစူ အသက်အရွယ်ကြီးမှ ကိုယ့်ဘဝကို ဆင်းဆင်းရဲရဲ ရုန်းကန်ပြီး အသက်မွေးနေကြရပါတယ်။

ယခုရေးသားဖော်ပြခဲ့တဲ့ ဇာတ်ဝတ္ထုထဲက အဘွားကြီးလို တရားသေလို့ သပိတ်သွတ်ရမယ့် အဖြစ်မျိုးတွေနဲ့ ကြုံတွေ့နေရတတ်ပါတယ်။

အဲဒါကြောင့် သူ့မိဘ ကိုယ့်မိဘ သားသမီးတွေ ကြားမှာ မျက်နှာငယ်ရတဲ့ အဖြစ်မျိုး၊ ဒုက္ခရောက်ရတဲ့ အဖြစ်မျိုး မကြုံတွေ့ကြရစေဖို့ ရည်ညွှန်းရည်ရွယ် ရေးသားတင်ပြလိုက်ရပါတယ်ဟု ဟူ၍သာ··။

**ကိုရွှေမြသန်း(**



www.burmeseclassic.com

www.burmeseclassic.com



# မောင်ဉာဏ်လင်း
(တောင်ကုတ်)

## ချုပ်နှောင်ခြင်း၊ လွတ်မြောက်ခြင်းနှင့် မောရသုတ်ပရိတ်တော်

အဖမ်းအဆီး၊ အချုပ်အနှောင်၊ ထောင်ဆိုတဲ့ ဝေါဟာရများသည် မလိုလားအပ်တဲ့ အနိဋ္ဌာရုံ ဝေါဟာရများ ဖြစ်ပါသည်။ မချောင် ကျဉ်းကျပ်ခြင်း အနက်သဘောအားဖြင့် တူညီ၏။ သို့သော် တစ်ခုစီ ခွဲထုတ်စဉ်းစားလျှင် သဘောလက္ခဏာအားဖြင့် မတူကွဲပြားခြားနားပါသည်။

အဖမ်းအဆီးလို့ တစ်ပေါင်းတည်း ပြောလေ့ရှိကြ၏။ အဓိပ္ပာယ်အားဖြင့် တူသယောင်ယောင် ထင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖမ်းထားတယ်၊ ဆီးထားတယ်လို့ ခွဲပြောတော့မှ နည်းနည်းလေး ကွဲသွား၏။ လက်ဖြင့် ဆွဲကိုင်ဖမ်းဆုပ်ထားလျှင် ဖမ်းထားသည်ပင် မည်၏။ လက်ထိတ်ခတ်ထားခြင်း၊ ခြေထိတ်ခတ်ထားခြင်း စတဲ့ ချည်နှောင်တုပ်ခြင်း မပါသေးပေ။

မသွားရ၊ မလုပ်ရ၊ မထိုင်ရ၊ မစားရ၊ မပြောရ စတဲ့ ပိတ်ပင်ဟန့်တားခြင်း သဘောပါတဲ့ အမိန့်အာဏာအားလုံး တားဆီးခြင်း ဖြစ်ပါသည်။ သို့သော် ဖမ်းထားခြင်း မဟုတ်။ လက်ထိတ်၊ ခြေထိတ် ခတ်ထားခြင်းလည်း မဟုတ်ပေ။ လက်ထိတ်၊ ခြေထိတ် ခတ်ထားလိုက်ပြီဆိုလျှင် ချုပ်နှောင်ခြင်းသဘော ထင်ရှားတော့၏။ လွတ်လပ်ခြင်း မရှိတော့ချေ။

သို့သော် ထောင်ကျခြင်းကား မဟုတ်သေးပေ။ တရားဆုံးဖြတ်တဲ့အခါ လွတ်ချင်လွတ်နိုင်သေးပေသည်။ အမှုရှုံးနိမ့်လို့ မလွတ်နိုင်ဘဲ ထောင်ကျသွားလျှင် သတ်မှတ်ကာလအတိုင်း ကိုယ်ရောစိတ်ပါ ချုပ်နှောင်ခံလိုက်ရတော့၏။ လွတ်လပ်ခြင်း မရှိတော့သလို ကံ၊ ဉာဏ်၊ ဝီရိယအားလျော်စွာ ဘဝတိုးတက်နိုင်ခွင့်လည်း နည်းပါးသွားပေသည်။ မချောင် ကျဉ်းကျပ် မလွတ်လပ်နိုင်တော့ချေ။

ထို့ကြောင့် အဖမ်းအဆီး၊ အချုပ်အနှောင်နှင့် ထောင်ဆိုတဲ့ ဝေါဟာရများသည် မကြားလို မနာလို တကယ့်ကို မနှစ်သက်အပ်တဲ့ အနိဋ္ဌာရုံ ဝေါဟာရများ ဖြစ်ပါသည်။ မနှစ်သက်သော်လည်း ဘဝကံကြမ္မာ မိုးမှောင်ကျလာတဲ့အခါ ထိုဘဝ ထိုအခြေအနေသို့ မလွဲမရှောင်သာ ရောက်ကြရပေသည်။

အကြောင်းတစ်ခုခုကြောင့် အဖမ်းအဆီး အချုပ်အနှောင်ခံရပြီး မနှစ်သက်အပ်၊ မမြတ်နိုးနိုင်၊ မချောင်ကျဉ်းကျပ်၊ မလွတ်လပ်တဲ့နေရာသို့ ရောက်သွားလျှင် တွေ့ကြုံဆိုက်ဝိုင်း ဒုက္ခတိုင်းပင် မိုက်ရိုင်းကြမ်းကြုတ်စွာ နှင်းနှိပ်မြှုပ်ကြ၏။

တွေ့နေတဲ့ ဒုက္ခ၊ တွေ့လာမည့် ဒုက္ခ၊ ကြုံနေတဲ့ ဒုက္ခ၊ ကြုံလာဦးမည့် ဒုက္ခ၊ ဆိုက်နေတဲ့ ဒုက္ခ၊ ဆိုက်လာမည့် ဒုက္ခ၊ ဝိုင်းနေတဲ့ ဒုက္ခ၊ ဝိုင်းလာမည့် ဒုက္ခ၊ ထိုဒုက္ခ ဤဒုက္ခ ဒုက္ခများစွာတို့သည် မနှစ်,နှစ်အောင်၊ မမြုပ်,မြုပ်အောင် နှင်းနှိပ်မြှုပ်ကြ၏။

ဒုက္ခသည် မိမိဘဝနှင့် ဆက်စပ်လာတဲ့အခါ ဒုက္ခမှ လွတ်မြောက်လိုကြ၏။ ပျောက်ဆုံးနေသော သုခကို ပြန်လည်သတိရလာကြ၏။ ဒုက္ခထုထည် ကြီးမားလေလေ သုခကို ပိုသတိရလေလေ။ သုခကို သတိရလာလေလေ လွတ်မြောက်လိုစိတ် ပြင်းပြလေလေ ဖြစ်ပါသည်။ လွတ်မြောက်လိုစိတ်ကြောင့် လွတ်မြောက်ရာ နည်းလမ်းကို ရှာဖွေကြ၏။

လူမှုနိုင်ငံရေးမှာ ငွေကြေးဖြင့် လွတ်လမ်းရှာကြသလို ကိုးကွယ်မှုဆိုင်ရာ ဘာသာရေးအရလည်း လွတ်လမ်းရှာဖွေကြပေသည်။ လွတ်လိုတဲ့ စိတ်ဆန္ဒ ပြည့်ဝဖို့ရာ စိတ် (သို့မဟုတ်) ကုသိုလ်စွမ်းအင်တစ်မျိုး တိုးလာအောင် ဘာသာရေးအရ အားထုတ်ခြင်းဟုဆိုလျှင် မှားအံ့မထင်ပါ။ ခလုတ်ထိမှ အမိတ,သည်ဟု အပြစ်မမြင်သင့်၊ အပြစ်မတင်အပ်ပေ။

မှန်၏။ လူသည် အချုပ်အနှောင် ခံနေရ၏။ မချောင်ကျဉ်းကျပ် မလွတ်လပ်တဲ့ အနေအထားတွင် ရှိနေပေသည်။ လက်ရှိ မိမိရောက်ရှိနေတဲ့ ဘဝနှင့် ခံစားနေရတဲ့ ဒုက္ခမှလွတ်အောင် မိမိလက်ခြေတို့ကို အသုံးပြုကာ လှုပ်ရှားခွင့်မရှိ၊ လှုပ်ရှားနိုင်စွမ်းလည်း မရှိတော့ချေ။

လူခန္ဓာ၌ ရုပ်နာမ်ဟု ခန္ဓာနှစ်မျိုးရှိရာတွင် ရုပ်သည် မြင်သာထင်ရှား၏။ ဖမ်းဆီးချုပ်နှောင်၍ ရပေသည်။ လူ၏ ရုပ်ခန္ဓာကို ဖမ်းဆီးချုပ်နှောင်ကာ ထောင်ချထား၍ လူ့ရုပ်သည် မချောင် ကျဉ်းကျပ်သွား၏။ မလွတ်လပ်တော့ပေ။ ရုပ်စွမ်းအင်သည် မပေါ်လွင်နိုင်၊ မထင်ရှားတော့ချေ။

နာမ်ခေါ် စိတ်ကိုမူ မမြင်နိုင်ကြ၊ ဖမ်းဆီးလို့ မရပေ။ ထို့ကြောင့် စိတ်ကို မည်သူမျှ ချုပ်နှောင်ထားနိုင်စွမ်း မရှိပါချေ။ စိတ်သည် လွတ်လပ်လျက်ရှိ၏။ စိတ်စွမ်းအင်လည်း ပေါ်လွင်ထင်ရှားနိုင်ပေသည်။

ထို့ကြောင့် ရုပ်ခန္ဓာ အချုပ်အနှောင်ခံရလို့ ထောင်ကျတဲ့အခါ စိတ်ခန္ဓာ၏ စွမ်းအင်ကို အားကိုးရာရှာလာကြပေသည်။

စိတ်သည် ပင်ကိုအားဖြင့် ဖြူစင်၏။ ညစ်သည်ဆိုသည်များ လာရောက်လည်ပတ်ခြင်းကြောင့်သာ ဖြူရာကနေ ဆိုးပေမည်းညစ်သွားခြင်း ဖြစ်ပါသည်။ ဆိုးပေမည်းညစ်တဲ့စိတ်တွင် ထူးခြားစွာ လူကို ကူညီနိုင်တဲ့ စွမ်းအင်



www.burmeseclassic.com

www.burmeseclassic.com

ချေ။ သမထ၊ ဝိပဿနာ၊ ဘာဝနာ တစ်ခုခုဖြင့် ပွတ်တိုက်ဆေးကြောကာ ဖြူစင်အောင် ပြန်လည်သန့်စင်ပေးရပေသည်။

သမထ၊ ဝိပဿနာဟူသည် ဘာဝနာမယကုသိုလ်ပင် ဖြစ်၏။ ထို့ကြောင့် လွတ်လိုတဲ့ စိတ်ဆန္ဒ ပြည့်ဝဖို့ရာ စိတ် (သို့မဟုတ်) ကုသိုလ်စွမ်းအင်တစ်မျိုး တိုးလာအောင် ဘာသာရေးအရ အားထုတ်ခြင်းဟု ရှေ့နားတွင် ဆိုခဲ့ပါသည်။ ထိုတွင် ဝိပဿနာသည် ခန္ဓာဉာဏ်ရောက် မဂ်ဖိုလ်ပေါက်ရန် အဓိကလမ်းစဉ် ဖြစ်ပါသည်။ လောကီအရေးတွင် ထူးခြားစွာ လူကို ကူညီနိုင်တဲ့ စွမ်းအင်မပေါ်လွင်ပေ။

သမထသည် စိတ်ကို တည်ငြိမ်အေးဆေးလာအောင်၊ တစ်နည်းပြောက သမာဓိတည်ကြည်လာအောင် ပွားများခြင်း ဖြစ်ပါသည်။ သမာဓိတည်ကြည်လာသည်နှင့်အမျှ စိတ်ဖြူစင်လာ၏။ စိတ်ဖြူစင်လာသည်နှင့်အမျှ လူကို ကူညီနိုင်တဲ့ စွမ်းအင်ထူးများ ထွက်ပေါ်လာပါသည်။ ထို့ကြောင့် လူမှုရေးဒုက္ခမှ လွတ်မြောက်လိုသူများ သမထ၊ ဘာဝနာ တစ်ခုခုကို ပွားများလေ့ရှိကြပါသည်။

ဂါထာမန္တန် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် သမထဘာဝနာ အားထုတ်ခြင်းပင် ဖြစ်ပါသည်။ ရှေးရှေးက အလောင်းတော် သူတော်စင်များလည်း အချုပ်အနှောင်မှ လွတ်မြောက်ရန် ဤသမထ ဘာဝနာနည်းကို သုံးခဲ့ကြ၏။ ဤနည်းဖြင့် အချုပ်အနှောင် အဖမ်းအဆီးမှ လွတ်မြောက်ခဲ့ကြပါသည်။

လူသိများပြီး ထင်ရှားတဲ့ သာဓကကို ပြပါဆိုလျှင် မောရသုတ်ပရိတ်တော်ကို ပြချင်ပါသည်။ မှန်၏၊ မောရသုတ်ပရိတ်တော်တွင် အလောင်းတော် ရွှေဥဒေါင်းမင်းသည် အချုပ်အနှောင် အဖမ်းအဆီးမှ လွတ်မြောက်စေရန် မောရသုတ်ပရိတ်တော်ကို အမြဲရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြောင်း ဟောပြထားပါသည်။ တကယ်လည်း လွတ်မြောက်ခဲ့၏။

ထို့ကြောင့် 'ယေန သံဝိဟိတာရက္ခံ မဟာသတ္တံ-အကြင် မောရသုတ်ပရိတ်တော်ဖြင့် စီမံစောင့်ရှောက်အပ်တဲ့ အလောင်းတော် ရွှေဥဒေါင်းမင်းကို၊ စိရဿံ ဝါယန္တာပိ-နှစ်ပေါင်းခုနစ်ရာ ကာလကြာအောင် အားထုတ်အပ်ပါသော်လည်း၊ နေဝသက္ခိံသု ဂဏှိတုံ-ဖမ်းဆီးခြင်းငှာ မစွမ်းနိုင်ကြကုန်၊ ဖမ်းမရကုန်' လို့ အမွှမ်းတင်ကာ နိဒါန်းချီထားကြပေသည်။

ဘုရားလောင်း ရွှေဥဒေါင်းမင်းကို စတင်တွေ့ရှိသူသည် ဗာရာဏသီအနီးရှိ မုဆိုးရွာမှ မုဆိုးကြီးတစ်ဦး ဖြစ်ပါသည်။ သူ့သားအား ထိုအကြောင်းကို ပြောပြထားခဲ့၏။ တစ်နေ့တွင် ဗာရာဏသီမင်း၏ မိဖုရား ခေမာဒေဝီသည် ရွှေဥဒေါင်း တရားဟောသည်ကို နာရသည်ဟု မြင်မက်၍ ရွှေဥဒေါင်းတရား နာလိုကြောင်း ဘုရင်အား လျှောက်ထား၏။

ဘုရင်လည်း မုဆိုးများကို မေးမြန်းစုံစမ်း၏။ ဖခင်ထံမှ ကြားသိရဖူးသော မုဆိုးက ဒဏ္ဍကဟိရညတောင်ဝယ် ရွှေဥဒေါင်းမင်းရှိကြောင်း လျှောက်တင်လေရာ ထိုသို့လျှောက်တင်သူကိုပင် ရွှေဥဒေါင်း ဖမ်းယူလာခဲ့ရန် တာဝန်ပေးအပ်လိုက်၏။ မုဆိုးသည် ဟိမဝန္တာသို့သွားပြီး ရွှေဥဒေါင်းမင်း အစာရှာစားရာ နယ်တစ်ဝိုက်မှာ ကျော့ကွင်းထောင် ဖမ်းပါသည်။ ခုနစ်နှစ်ကြာ၍ မုဆိုးသာ တောထဲ၌ သေဆုံးသွားခဲ့၏။ ဥဒေါင်းမင်းကိုမူ အမိမဖမ်းနိုင်ခဲ့ပေ။

ခေမာမိဖုရားလည်း လိုရာမရ၍ နတ်ရွာစံခဲ့၏။ ဘုရင်သည် ဥဒေါင်းမင်းအား စိတ်နာ၍ 'ဟိမဝန္တာ ဒဏ္ဍကဟိရညတောင်က ရွှေဥဒေါင်းအသားကို စားရသူသည် မအို မသေနိုင်' လို့ ရွှေပြားပေါ်တွင် အက္ခရာရေးထိုးစေခိုင်းပြီး မိဖုရားစိတ်ကြောင့်ပင် မကြာခင် နတ်ရွာစံလေသည်။

ထိုစာကို တွေ့ရှိကြတဲ့ နောက်မင်းများလည်း မအိုမသေသားကို စားလို၍ မုဆိုးများ စေလွှတ်ကာ ဖမ်းစေကြ၏။ သို့သော် ဖမ်းမရနိုင်၊ မင်းခြောက်ဆက်တိုင်ခဲ့လေသည်။ မောရသုတ် ပရိတ်တော်၏ အစွမ်းသတ္တိကား မယုံကြည်နိုင်လောက်အောင် ထက်မြက်ပါပေ၏။ ရွတ်ဖတ်သရဇ္ဈာယ်ကာ အရံအတားပြုနေသမျှ မည်သူမျှ ဖမ်းမရနိုင်ကြပေ။

အစာရှာစားစဉ်မှာရော အိပ်တန်းတက်ချိန်မှာပါ အမြဲထာဝရပင် ရွတ်ဖတ်သရဇ္ဈာယ်ပါသည်။ ထို့ကြောင့် အစာရှာစားစဉ်မှာလည်း ဖမ်း၍မရ။ အိပ်တန်းတက်ချိန်မှာလည်း ဖမ်းမမိနိုင်ပေ။ ဖမ်းဆီးချုပ်နှောင်ခြင်း ဘေးဆိုးမှ အမြဲလွတ်လျက် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com

***သမထစည်းတား၍ နှောင်ဖွဲ့ခြင်းအား ခြားသည် မဟုတ်ပေလော။***

ခုနစ်ဆက်မြောက်မင်း စေလွှတ်လိုက်သော မုဆိုးသည်ကား အကြံကောင်းဉာဏ်ကောင်း ရှိ၏။ဖိုသတ္တဝါအား မသတ္တဝါနှင့် ထောင်ဖမ်းလျှင် လွတ်လမ်းမရှိသည်ကို နားလည်၏။ ထို့ကြောင့် ဥဒေါင်းဖိုမလေးအား မ,သံပေးရန် သင်ပြထား၏။ သင်ပြထားတဲ့အတိုင်း မ,သံပေးရာ မ,သံကြားတဲ့ ဘုရားလောင်း ရွှေဥဒေါင်းမင်းသည် မောရသုတ် ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ရန် မေ့သွား၏။

မေ့လျော့ပေါ့ဆခြင်းကြောင့် ခါတိုင်းကဲ့သို့ မရွတ်ဖတ်ဘဲ အစာရှာထွက်လာခဲ့ရာ ကျော့ကွင်းမိပြီး အဖမ်းခံရပေသည်။ အဘယ့်ကြောင့်နည်း။ မောရသုတ် ပရိတ်တော်ကို မရွတ်ဖတ်သောကြောင့်တည်း။

***သမထစည်း မတားမိ၍ နှောင်ဖွဲ့ခြင်းအား ငြိသွားခြင်း သာကေပင် မဟုတ်ပေလော။***

ဆက်ပါဦးအံ့။ မောရသုတ် ပရိတ်တော်ကို ရွတ်ဖတ်လျှင် အချုပ်အနှောင် အဖမ်းအဆီးတို့မှ လွတ်မြောက်နိုင်သည်၊ အချုပ်အနှောင် အဖမ်းအဆီး မခံရဟု အများအားဖြင့် နားလည်ကြ၏။ ယုံလည်း ယုံကြည်ကြ၏။ ရွတ်လည်း ရွတ်ကြပါသည်။

သို့သော် ဖမ်းဆီးချုပ်နှောင်ခြင်း ခံနေရပြီးမှ ရွတ်ဖတ်သရဇ္ဈာယ်လျှင် ရွတ်သူတိုင်း လွတ်နိုင်မည် မထင်ပါ။ လွတ်သူလည်း ရှိနိုင်၏။ မလွတ်သူလည်း ရှိပေလိမ့်မည်။ အကြောင်းကား ပစ္စုပ္ပန်ဘဝသည် အတိတ်ကံနှင့် ဆက်စပ်သောကြောင့် ဖြစ်ပါသည်။

အတိတ်ကံ ကြီးကြီးမားမား ရှိနေလျှင် ပစ္စုပ္ပန်တွင် မောရသုတ် ရွတ်နေရုံဖြင့် လွတ်နိုင်လိမ့်မည် မထင်ပါ။ ကံဖမ်းလျှင် လွတ်လမ်းမမြင်ပေ။ သို့သော် သက်သာနိုင်ပါသည်။

အတိတ်ကံ အားနည်းပြီး ပစ္စုပ္ပန်ရွတ်ဖတ်မှု အားကောင်းနေပါမူကား လွတ်နိုင်၏။ ဤကား ကမ္မနိယာမသဘောအရ တင်ပြခြင်း ဖြစ်ပါသည်။ ကမ္မနိယာမသဘောကို လျစ်လျူရှုပြီး မောရသုတ် ပရိတ်တော်လာဒေသနာရင်းမြစ်၊ အနှစ်သာရကို အခြေခံကာ တင်ပြရမူကား အဖမ်းအဆီး အချုပ်အနှောင် မခံရလိုလျှင် မဖမ်းမဆီးခင်ကပင် မောရသုတ် ပရိတ်တော်ကို ကြိုတင်ကာ ရွတ်ဖတ်သင့်ပေသည်။

မှန်၏။ ဇာတကအဋ္ဌကထာ၊ ဒု(စာ၀၂၉) မောရဇာတ်၌ အလောင်းတော် ရွှေဥဒေါင်းမင်းသည် အစာရှာထွက်တော့မည်ဆိုလျှင် အစာရှာမထွက်ခင် ဒဏ္ဍကပါ ရှိတောင်ထိပ်၌ ထိုင်လျက် ဥဒေတောင်စွန်းမှ ထွက်ပြူလာသော ရောင်ခြည်တစ်ထောင် အလင်းတဲ့ နေမင်းကြီးကို စိုက်ကြည့်လျက်---

*ဥဒေတယံ စက္ခုမာ ဧကရာဇာ၊*
*ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။*
*တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ*
*တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။*

ဂါထာကို ရွတ်ဆိုကာ နေမင်းအား ရှိခိုးပါသည်။

ဤဂါထာ၏ ဆိုလိုရင်းကို လိုတိုရှင်း ဘာသာပြန်ရလျှင်-

*'ကမ္ဘာသူကမ္ဘာသားတို့အား ပေးအပ်တဲ့ မျက်စိရှိသော၊ ရောင်ခြည်တို့တွင် ဘုရင်ဖြစ်သော၊ ရွှေအဆင်းသို့ ဝါဝင်းသော အဆင်းရှိသော၊ မြေအပြင်လုံး အနှံ့လင်းစေနိုင်သော ဤနေမင်းသည် ထွက်ပေါ်လာ၏။ ထိုနေမင်းအား အကျွန်ုပ် ရှိခိုးပါ၏။ ယနေ့ သင်နေမင်း၏ စောင့်ရှောက်မှုကို ခံယူ၍ အကျွန်ုပ်တို့ တစ်နေ့တာပတ်လုံး ချမ်းသာစွာ နေကြရပါကုန်အံ့'*ဟု အဓိပ္ပာယ်ရပါသည်။

ထိုသို့ နေမင်းအား ရှိခိုးပြီးနောက် ပရိနိဗ္ဗာန် စံဝင်လေပြီးသော ဘုရားရှင်နှင့် တရားတော်အား ရည်ရွယ်လျက်--

*ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊*
*တေ မေ နမော တေ စ မံ ပါလယန္တု။*
*နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊*
*နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။*

ဆိုတဲ့ ဂါထာကို ရွတ်ဆိုကာ ရှိခိုးပါသည်။

အလောင်းတော် ဘုရားဖြစ်တော်မူပြီး ဤမောရသုတ် ပရိတ်တော်ကို ပြန်လည်ဟောပြတဲ့ခါ-

*'ကမ္မံ သော ပရိတ္တံ ကတွာ၊ မောရော စရတိ ဧသနာ'*လို့ ထည့်ဟောပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အဓိပ္ပာယ်ကား ဤမောရပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးမှ၊ အရံအတား စည်းထားပြီးမှ ရှာဖွေစားသောက်ရန် လှည့်လည်သွားလာသည်ဟူ၍ ဖြစ်ပါသည်။

ညချမ်းအခါ၌ ဒဏ္ဍကဟိရည တောင်ထိပ်ပေါ်ထိုင်လျက် ဝင်လုလု နေမင်းအား ကြည့်ကာ အိပ်တန်းမတက်ခင်လေးမှာ---

*အပေတယံ စက္ခုမာ ဧကရာဇာ၊*

*ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။*

*တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊*

*တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။*

ဂါထာကို ရွတ်ဆိုပြီး နေမင်းကြီးအား ရှိခိုးပါသည်။

အဓိပ္ပာယ် ရှေ့ဂါထာနှင့် တူပါသည်။ နေထွက်သည်နှင့် နေဝင်သည်မျှသာ ထူးခြား၊ ကျန်အားလုံး ရှေ့ပိုဒ်နှင့် တူပါသည်။

ထိုသို့ နေမင်းကြီးအား ရှိခိုးပြီးနောက်-

*ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊*

*တေ မေ နမော တေ စ မံ ပါလယန္တု။*

*နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊*

*နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။*

ဂါထာဖြင့် ဘုရားနှင့် တရားတော်ကို ရှိခိုးပါသည်။

ထိုသို့ နေမင်း၊ ဘုရား၊ တရားတို့အား ရှိခိုးခြင်းဆိုတဲ့ မောရသုတ်ပရိတ်တော်ဖြင့် အရံအတား စည်းထားပြီးမှ အိပ်တန်းတက်ပါသည်။ ထို့ကြောင့် လုံခြုံ၏။ ဖမ်း၍မရ၊ ဖမ်းမမိနိုင်။ အဖမ်းအဆီး အချုပ်အနှောင်မှ လွတ်ပါသည်။

ရှေ့နှစ်ဂါထာကား နေထွက်နေတက်လာချိန်မှာ ရွတ်ရသော မောရသုတ်(ဥဒေါင်းမင်းပရိတ်) ဖြစ်ပါသည်။ နောက်နှစ်ဂါထာကား ညနေ နေဝင်ချိန် ရွတ်ဆိုရသော မောရသုတ်(ဥဒေါင်းမင်းပရိတ်) ဖြစ်ပါသည်။

အစီအမံ အရံအတားအဖြစ် ကြိုတင်ရွတ်လိုသူများသည် အချိန်အလိုက် ဆိုင်ရာအပိုဒ်ကိုသာ ရွတ်ဖတ်သင့်ပါသည်။

***သို့မှသာ အချိန်အခါနှင့် အံဝင်ခွင်ကျဖြစ်၍ ပရိတ်တန်ခိုးပြကာ အမှန်တကယ် အချုပ်အနှောင် အဖမ်းအဆီးမှ လွတ်ကင်းနိုင်ပါသည်။***

နေ့မှန်းမသိ၊ ညမှန်းမသိ၊ နေ့ရွတ်ရမည့် ဂါထာမှန်းမသိ၊ ညရွတ်ရမည့် ဂါထာမှန်းမသိ၊ နေ့ရွတ်ဂါထာကို ညမှာရွတ်၊ ညရွတ်ဂါထာကို နေ့မှာ ရွတ်နေလျှင် သဒ္ဒါပုဒ်နက် မကိုက်၊ အစီအမံ တည့်တည့်မကျ၊ မအောင်မြင်နိုင်ပေ။

မအောင်မြင်တဲ့ အစီအမံက ထက်မြက်တဲ့ အကျိုးကို ပေးလေ့မရှိပေ။ ထို့ကြောင့် ဘဝအတွက် အစီအမံ အရံအတား ပြုလုပ်ရန် မောရသုတ်ကို ရွတ်ဖတ်လျှင် အစီအစဉ်တကျ မနက်၊ည မှန်ကန်စွာ အမှန်အကန် ရွတ်သင့်ပါသည်။

အစီအမံ အရံအတားသဘော မဟုတ်ဘဲ ကုသိုလ်ပါရမီ ဖြစ်ပါစေခြင်းငှာ ရည်ရွယ်ပြီး ရွတ်ဖတ်ပူဇော်လျှင် အကုန်လုံးကို အစဉ်အတိုင်း ရွတ်သင့်၏။ ရွတ်ဖတ်ခြင်းကြောင့် ကုသိုလ်ရ၏။ နောက်နောင် ဘဝတို့၌ အဖမ်းအဆီး အချုပ်အနှောင် မခံရစေရန် အထောက်အပံ့ကောင်းတော့ ဖြစ်နိုင်ပါသည်။

မိမိလွတ်မြောက်ရေး မဟုတ်ဘဲ သူတစ်ပါး လွတ်မြောက်ရေးတွက် အားထုတ်စီမံလျှင် အချိန်အခါလိုက်၍ မနက်နေထွက်ချိန်၌ 'ဥဒေတယံ' စတဲ့ နေထွက်နေတက်ချိန်ရွတ် မောရသုတ်(ဥဒေါင်းမင်းပရိတ်)ကို ရွတ်ဖတ်ကာ စီမံရပေမည်။

ညနေဘက်ဆိုလျှင် 'အပေတယံ' စတဲ့ နေဝင်ချိန်ရွတ် မောရသုတ်(ဥဒေါင်းမင်း)ပရိတ်ကို ရွတ်ဖတ်ကာ စီမံရပေမည်။ သို့မှသာ ပုဒ်နက်နှင့် အချိန်အခါ ကွက်တိကျ၍ အစီအမံ အောင်မြင်၏။ အစီအမံ အောင်မြင်မှ အဖမ်းအဆီး အချုပ်အနှောင် ကျခံနေရသူ လွတ်မြောက်နိုင်ပေမည်။

မောရသုတ် ပရိတ်တော်ကို ရွတ်တော့ရွတ်ပါသည်။ ဘယ်အချိန်၊ ဘယ်အပုဒ် ရွတ်ရမှန်းမသိ၊ မည်သည့်ကိစ္စအတွက် ရွတ်မှန်းမသိ။ မိမိကုသိုလ်ရရေးအတွက်လား၊ မိမိလွတ်မြောက်ရေးတွက်လားလည်း မသိ။ သူတစ်ပါး လွတ်မြောက်ရေးတွက်လား၊ မည်သူ့အတွက် ရွတ်မှန်းလည်း မသိဘဲ ရွတ်နေလျှင် အလေ့အကျင့်ကောင်းတစ်ခု၊ ဘာဝနာမယကုသိုလ်မှု ဖြစ်သည်ကလွဲလို့ ဖမ်းဆီးချုပ်နှောင် ခံရခြင်းမှ လွတ်မြောက်လိမ့်မည် မဟုတ်ပေ။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ

မောင်ဉာဏ်လင်း(တောင်ကုန်း)



www.burmeseclassic.com

www.burmeseclassic.com




သုတေသီတော်တော်များများက ဗုဒ္ဓဘာသာဆိုတာ လူ့ဘောင်မှ ခွာရှောင်လိုသူတွေအတွက်သာ ရည်ရွယ်ရင်း ရှိတဲ့ လောကုတ္တရာတရားလို့ နားလည်ထားကြပါတယ်။ ဒီလိုကောက်ချက်ဆွဲပြီး ထင်မြင်ယူဆမယ် ဆိုပါကလည်း

ယူဆနိုင်စရာမျိုး ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓအနေနဲ့ သူ့တ
သက်တာရဲ့ အရေးအကြီးဆုံး အချိန်အများစုကို သူကိ
တိုင် တည်ထောင်ခဲ့တဲ့ သံဃာ့အစည်းအရုံးအတွက်



www.burmeseclassic.com

ပြုနေခဲ့လို့ပဲ ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓဟာ သံဃာ့အစည်းအရုံးကို ဦးဆောင်ဦးရွက်ပြုနေပေမယ့် သူကိုယ်တိုင်ပင်လျှင် အစည်းအရုံးရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ရှိခဲ့ပြီး ဗုဒ္ဓရဲ့ ဓမ္မလမ်းစဉ်ဟာလည်း သံဃာ့အစည်းအရုံးဝင် ရဟန်းသံဃာတော်တွေအတွက် သီးသန့်ကန့်သတ်ထားခြင်းမျိုး မဟုတ်ဘဲ မနုဿလူသားအားလုံးအတွက်ပါ သတ်မှတ်ရည်ရွယ်ထားတဲ့ လွတ်မြောက်ရေး တရားဓမ္မတွေသာ ဖြစ်ပါတယ်။

ရဟန်းသံဃာတော်တွေ လိုက်နာကျင့်သုံးဖို့ စည်းမျဉ်းစည်းကမ်းတွေကို ဝိနည်းပိဋကတ်အဖြစ် တပေါင်းတစည်းတည်း သတ်မှတ်ခဲ့ပေမယ့် လူဝတ်ကြောင်များအတွက် ပေါင်းစည်းသတ်မှတ်ချက်ဆိုပြီး သီးသန့်ပြဆိုပေးခြင်း မရှိပါ။ သိင်္ဂါလောဝါဒသုတ်၊ ရာဟုလောဝါဒသုတ်၊ ဒီဃဇာဏုသုတ်တို့တွင်သာ ပြန့်ကျဲပါဝင်နေတာဖြစ်ပြီး လူဝတ်ကြောင်တွေနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ လမ်းသွယ်တစ်ခုကိုလည်း မြတ်ဗုဒ္ဓက အခြေခံကျကျ တရားဝင်ထည့်သွင်းထားတာကို တွေ့မြင်ရပါတယ်။ အဲဒါကတော့ ကာယဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသီလမှာ ပါဝင်တဲ့ ကောင်းစွာအသက်မွေးဝမ်းကျောင်းခြင်းဆိုတဲ့ သမ္မာအာဇီဝ (Right livelihood) ဖြစ်ပါတယ်။ နောက်တစ်ခုက ကောင်းစွာပြုမူဆောင်ရွက်ခြင်းဆိုတဲ့ သမ္မာကမ္မန္တ(Right Action) ပါ။ သမ္မာကမ္မန္တဆိုတာက ကာယဒုစရိုက်မှ ရှောင်ကြဉ်ရာရှောင်ကြဉ်ကြောင်း တည့်မတ်မှုတစ်ရပ်၊ သီလလမ်းစဉ် တစ်ရပ်ပေါ့။

ငွေကြေး၊ ဥစ္စာရတနာ ကြွယ်ဝချမ်းသာခြင်းကြောင့် အောင်မြင်မှုရမယ်။ အောင်မြင်သူ ဖြစ်ရမယ်။ ဆင်းရဲမွဲတေခြင်းကြောင့် ဆုံးရှုံးရမယ်။ ရှုံးနိမ့်သူ ဖြစ်ရမယ်လို့ မြတ်ဗုဒ္ဓဟောကြားခြင်း မရှိခဲ့ပါ။ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ သန့်စင်မွန်မြတ်တဲ့ စိတ်နေစိတ်ထား ငြိမ်းသော ဘဝအလှကို တည်ဆောက်နိုင်မှာဖြစ်ပြီး သမ္မာအာဇီဝက အဓိကကျောရိုးသဖွယ် ထောက်ပံ့ပေးပါလိမ့်မယ်။ ကျင့်သုံးမှု မှန်ကန်ခြင်းဆိုတဲ့ သမ္မာကမ္မန္တမဂ္ဂင်သီလကျင့်ဝတ်ဖြစ်တည်နေပြီဆိုရင် စိတ်ထားဖြူစင်ခြင်း၊ ကောင်းမွေးခြင်း၊ သမ္မာအာဇီဝမဂ္ဂင်သီလ ကျင့်ဝတ်လည်း လိုက်ဖက်ညီစွာ ဖြစ်တည်လာမှာ ဖြစ်ပါတယ်။

ဒါမှမဟုတ် ကာယဒုစရိုက် သုံးပါးကို သိလျက်နှင့်ဖြစ်စေ၊ မသိဘဲနဲ့ဖြစ်စေ ရှောင်ကြဉ်နိုင်ခြင်းမပြုဘဲ ကောင်းစွာပြုဆောင်ရွက်ခြင်းကို ဆန့်ကျင်မယ်ဆိုရင်တော့ ပါဏာတိပါတ(Killing)၊ အဒိန္နာဒါန(Stealing)၊ ကာမေသုမိစ္ဆာစာရ(Wrong Sexual Behavior) ကံတွေကို ကျူးလွန်ဖို့ တံခါးဖွင့်ထားလိုက်ခြင်းနှင့် တူပါတယ်။ အမှန်ဆိုရပါလျှင် ကာယဒုစရိုက် သုံးမျိုးလုံးမှာ တရားဥပဒေကြောင်းအရ ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားတဲ့အတွက် ကျင့်ဝတ်သီလ သဘောထက် အကြောက်တရားနဲ့ယှဉ်ပြီး ရှောင်ကြဉ်ကြတာ များပေမယ့် အပြစ်သိသူ၊ အပြစ်မသိသူ ဆိုတာကို ခွဲခြမ်းစိတ်ဖြာကြည့်တဲ့အခါ -

"အပြစ်ကိုသိပြီး မကောင်းမှုပြုသူနဲ့ အပြစ်ကို မသိဘဲ မကောင်းမှုပြုသူ နှစ်ဦးတွင် ဘယ်သူက မကောင်းမှုပိုများပါသလဲ"

အထက်ပါ အမေးစကားကို မိလိန္ဒမင်းကြီးက အရှင်နာဂသေန မထေရ်အား မေးလိုက်ခြင်း ဖြစ်ပါတယ်။

အရှင်နာဂသေန မထေရ်က-

"မင်းကြီး..လူတစ်ယောက်ဟာ မသိဘဲ မကောင်းမှုကိုပြုတယ်။ အဲဒီလူမှာ မကောင်းမှု များတယ်။ အပြစ်လည်း ပိုကြီးပါတယ်"

သာမန်အတွေးအမြင်အရဆိုလျှင် မကောင်းမှုအပြစ်ကို မသိဘဲ ကျူးလွန်ခြင်းမှာ အပြစ်မရှိ ထင်တတ်ကြတာဖြစ်လို့ မိလိန္ဒမင်းကြီးအနေနဲ့လည်း အထူးအဆန်းသဖွယ် ဖြစ်နေရှာတယ်။

"အရှင်ဘုရား..လူ့ဘောင် လူ့လောကမှာ မင်းသားဖြစ်စေ၊ အမတ်ဖြစ်စေ သိလျက်နဲ့ မကောင်းမှုကို ပြုတယ်ဆိုပါက သူတို့ကို ဒဏ်နှစ်ဆ တပ်လေ့ရှိကြပါတယ်"

ဒီနေရာမှာတော့ လောကနဲ့ ဓမ္မ ကွာခြားချက်ကို တွေ့မြင်နိုင်ပါတယ်။ လောကလူသားတွေအတွက် ရှိသင့်ရှိထိုက်တဲ့ ဥပဒေများ ထုတ်ပြန်ထားပြီး အဲဒီဥပဒေများကို လေးစားလိုက်နာကြရတယ်။ ဥပဒေကို မသိလို့ဆိုပြီး ငြင်းပယ်ခွင့်မရှိ၊ ဥပဒေကို မသိလို့ပါဆိုပြီး လူသတ်မှုအတွက် စောဒကတက်လို့မရ။ ကျူးလွန်မိပြီဆိုလျှင် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း အပြစ်ဒဏ်ကို ခံစားကြရမှာ ဖြစ်ပါတယ်။

ဓမ္မရဲ့ အယူအဆအရဆိုလျှင် အသိဉာဏ်ပညာဟာ အလွန်အရေးပါသလို ဉာဏ်ပညာနဲ့ ဆင်ခြင်ခြင်းဟာ

www.burmeseclassic.com

လည်း အလွန်အရေးကြီးတယ်လို့ ဆိုပါတယ်။ အရာတစ်ခုကို မသိလျှင် သိအောင် လုပ်ပါ။ သိသွားပြီဆိုလျှင် အကောင်းအဆိုး အကြောင်းအကျိုး ဝေဖန်ဆန်းစစ်နိုင်တဲ့ အတွေးအခေါ်ရှိဖို့လည်း လိုပါတယ်။

လူမိုက်ကို မဆည်းကပ်ဘဲ ဉာဏ်ပညာရှိသူ (ပညာရှိ)ကို မှီခိုဆည်းကပ်ဖို့လိုကြောင်း မင်္ဂလသုတ်မှာ မြတ်ဗုဒ္ဓဟောကြားခဲ့သလို ကိုယ်တိုင်မသိသေးလျှင် ပညာပြည့်ဝသူထံ ချဉ်းကပ်မေးမြန်း စူးစမ်းသင့်ပါတယ်။ မသိတာကို သိရှိအောင် လေ့လာထားမယ်ဆိုရင် တစ်စုံတစ်ရာ အပြစ်တစ်ခုခုကို လက်တွေ့လုပ်ဆောင်ဖို့ အတားအဆီးသဖွယ် ဖြစ်စေပါတယ်။ ဆက်လက်ပြီး မိလိန္ဒမင်းကြီးကို အရှင်နာဂသေန မထေရ်က -

'မင်းကြီး··အလျှံညီးညီး ပူပြင်းစွာ တောက်လောင်ရဲရဲ သံတွေခဲကြီးကို ပူမှန်းသိသူနဲ့ ပူမှန်းမသိသူ နှစ်ဦးတို့ ကိုင်တွယ်ခဲ့မယ်ဆိုရင် ဘယ်သူက အပူလောင်ခြင်းရဲ့ဒဏ်ကို ပိုပြီးခံရစေမလဲ'

'ပူမှန်းမသိတဲ့သူက ပိုပြီးအပူဒဏ်ကို ခံစားရမှာပါ အရှင်ဘုရား'

'ဘာဖြစ်လို့ပါလဲ မင်းကြီး'

'သံတွေခဲကို ပူမှန်းမသိသူကသာ တင်းကျပ်စွာ ဆုပ်ကိုင်မိမှာ ဖြစ်လို့ပါ'

'မှန်ပါတယ် မင်းကြီး၊ ပူတာကို ပူမှန်းမသိတဲ့အခါ သံတွေခဲကို ဆုပ်ကိုင်ရင်း ကြီးစွာသော ပူလောင်ခြင်းကို ခံစားရမှာပေါ့။ ပူမှန်းသိသူကတော့ သံတွေခဲကို ကိုင်ချင်မှ ကိုင်မှာပါ။ အကယ်၍ ကိုင်တွယ်မယ်ဆိုရင်လည်း ကိုင်နိုင်တဲ့ နည်းလမ်းတစ်ခုခုကို အသုံးပြုပြီး သတိရှိရှိ ကိုင်တွယ်မှာ ဖြစ်တယ်။ ဒါကြောင့် သိသူမှာ ပူလောင်ခြင်း မသက်ရောက်နိုင်။ ကြီးစွာသော အပူဒဏ် ခံစား[ရ]အကြောင်းမရှိပါ'



လောကနဲ့ ဓမ္မ ကွာခြားချက်ကို မိလိန္ဒမင်းကြီး[...]ကောင်းစွာရှုမြင်ဆင်ခြင် သုံးသပ်နိုင်ခဲ့ပါတယ်။

အရှင်နာဂသေနက ထပ်မံပြီး-

'မင်းကြီး··မသိတဲ့သူတွေဟာ အကုသိုလ်အမှု[...]အတွက် မသိတာကို အကြောင်းပြုပြီး အင်တိုက်[...]တိုက် လုပ်တတ်ကြတယ်။ ဒါကြောင့် ပိုပြီးအပြစ်ကြီး[...]တယ်'

မိလိန္ဒမင်းကြီးဟာ သင့်တင့်လျောက်ပတ်တဲ့ အ[...]တစ်ခုကို ရလိုက်တဲ့အတွက် ကျေနပ်ပီတိများ လွှမ်း[...]သွားရပါတယ်။

◆◆◆

အရှင်မောဂ္ဂလာန်နဲ့ အရှင်လက္ခဏာတို့ နှစ်ပါး [...]ကုဋ်တောင်ပေါ်က ဆင်းသက်လာစဉ်မှာ အလွန်ကြီး[...]တဲ့ စပါးကြီးမြွေကြီး တစ်ကောင်ကို တွေ့မြင်လိုက်ရ[...]အခါ ရှင်မောဂ္ဂလာန်က ပြုံးတော်မူပါတယ်။ ဘာကြော[...]ပြုံးရတဲ့ အကြောင်းရင်းကို အရှင်လက္ခဏာက မေ[...]လျှောက်ပါတယ်။ ဒါပေမဲ့ ရှင်မောဂ္ဂလာန်ဟာ ချက်ချင်း[...]အဖြေမပေးပါဘူး။ မြတ်ဗုဒ္ဓရှေ့တော်မှောက် ရောက်[...]မှ ရှင်းပြပါတယ်။

အဲဒီအခါ မြတ်ဗုဒ္ဓက-

'လူမိုက်တစ်ယောက်ဟာ မကောင်းတဲ့အမှုတွေ[...]ပြုလုပ်တဲ့အခါ ခံစားရမယ့် အကျိုးဆက်ကို မသိနိုင်[...]ပညာမဲ့သူဟာ မိမိပြုတဲ့ မကောင်းမှုကြောင့် မီးလော[...]ခံရသူ တစ်ယောက်လို ပူပန်ရပေမယ်'

တကယ်တော့ အဲဒီစပါးကြီးမြွေ ပြိတ္တာကြီး[...]ကဿပဘုရားရှင် လက်ထက်က သူခိုးတစ်ယောက်[...]တယ်။ သူခိုးဖြစ်ရုံမက သုမင်္ဂလသူဌေးကြီးကို ရန်[...]ပြီး သူဌေးကြီးပိုင်တဲ့ လယ်ယာမြေကို ခုနစ်ကြိမ် မီး[...]ခဲ့ပါတယ်။ သူဌေးရဲ့ နွားတွေကို ခုနစ်ကြိမ်တိုင်[...]ဓားနဲ့ခုတ်ခဲ့ဖူးတယ်။ လယ်ယာလုပ်ငန်းခွင် မဝင်နိုင်အော[...]နွားတွေရဲ့ ခြေထောက်ကို ခုတ်ဖြတ်တာပါ။ ထို့[...]သူဌေးကြီးအိမ်ကိုလည်း ခုနစ်ကြိမ် မီးရှို့ခဲ့ပြန်ပါတ[...]သူခိုးဟာ မိုက်လုံးကြီးစွာ ပြုမူခဲ့ပေမယ့် အားရ[...]ခြင်းမရှိဘဲ သူဌေးကြီး လှူဒါန်းထားတဲ့ ကျောင်း[...]

www.burmeseclassic.com

www.burmeseclassic.com

ကိုပင် မီးရှို့ဖျက်ဆီးခဲ့ပါတယ်။

သူဌေးကြီးအနေနဲ့ကတော့ သူခိုးရဲ့ အပြုအမူအားလုံးအတွက် နှလုံးသွင်းမှန်စွာ ကြေကွဲဝမ်းနည်းမှု တစ်စုံတစ်ရာ ဖြစ်ပေါ်ခံစားခြင်း မရှိခဲ့ပါ။ တစ်ခါဖျက်ဆီးခံရလျှင် နောက်တစ်ကြိမ် တည်ဆောက်တယ်။ အကြိမ်ကြိမ်ဖျက်ဆီးခံရလျှင် အကြိမ်ကြိမ် ပြန်လည်တည်ဆောက်ပါတယ်။

ကျောင်းတော်ကြီး ဖျက်ဆီးခံခဲ့ရစဉ်ကဆိုလျှင်ဟာ··နောက်ထပ်ကျောင်းသစ်ကြီးတစ်ကျောင်း ပြန်လည်ဆောက်လုပ်လှူဒါန်းခွင့် ရတာပဲဆိုပြီး လက်ပမ်းပေါက်ထခတ်ပါသတဲ့။ အပြစ်တွေကို ဆက်တိုက်ကျူးလွန်ခဲ့တဲ့ သူခိုးကတော့ မြေပြိုတ္တာဘဝ ရောက်ရပါတယ်။

သဒ္ဓါ (Confidence) တရားဆိုတာ သူတော်ကောင်းတို့ရဲ့ ဥစ္စာဖြစ်သလို အလုံးစုံသော ကုသိုလ်အပေါင်းတို့ရဲ့ ရှေ့သွားဖြစ်ပါတယ်။ ကုသိုလ်က အပြုသဘောကို ပို့ဆောင်ပေးသော်လည်း အကုသိုလ်ကံက အပြစ်နဲ့တကွဖြစ်ပြီး ပူလောင်နှိပ်စက်တတ်သလို ချမ်းမြေ့ခြင်းကင်းမဲ့သော မကောင်းကျိုးကိုသာ ပေးဆောင်ပါတယ်။

အနန္တရကပ် (၁၈)ကပ်မြောက်မှာ ပွင့်တော်မူခဲ့တဲ့ ဂေါတမဗုဒ္ဓ သာသနာတော်ဟာ အရိယာသာသနာတော် ဖြစ်တဲ့အတွက် ယုံကြည်မှုသဒ္ဓါတရား ကင်းမဲ့နေလျှင် ဒါန၊ သီလ၊ စာဂ၊ ပညာနဲ့ ပြည့်စုံတဲ့ ကလျာဏမိတ္တနဲ့ ဝေးရပြီ ဖြစ်ပါတယ်။

သိလျက်နှင့်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ သမ္မာအာဇီဝရဲ့ နောက်ကွယ်မှ အခြေခံကျင့်ဝတ်တန်ဖိုးမှာ မည်သူ့ကိုမှ မထိခိုက် မနစ်နာစေသော အသက်မွေးဝမ်းကျောင်းမှု (Earning Without Dissernig) လို့သာ ဆိုရမှာ ဖြစ်ပါတယ်။

**ထက်ဘုန်းလူ**

**ကိုးကား**

* မိလိန္ဒပဉှာဝတ္ထု၊ ဓာန္တဓာန္တဒန်၊ ပါပကရကပဉှာနှင့် ဓမ္မပဒ၊ ဒဏ္ဍဝဂ်။
* သစ္စာရှာဖို့ မြင်းစီးသူ (ဗုဒ္ဓနှင့် ဗုဒ္ဓဓမ္မ)၊ မိုးဂျာနယ် (၂၀၀၅)။
* မိမိ၏ အထွေထွေမှတ်စုစာအုပ်။


**ဆရာဦးသိန်းဝင်း**

B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ-၁၄၃၂)

**ပြည်တော်စံ**

တိုင်းရင်းဆေးကုခန်း

နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အာရုံကြော အားနည်း၊ လေငန်း/လေဖြတ်၊ ကိုယ်ခံအားကျခြင်း၊ အကြောနှင့်ပတ်သက်သော ရောဂါများ ကုသပေးပါသည်။

❖ လေဖြတ်ရောဂါ ဝေဒနာရှင်များ အထူးကုသပေးပါသည် ❖

**လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်ပါ**

**လေဖြတ်မည့် လက္ခဏာများ**

* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ, လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁:၀၀)နာရီမှ ညနေ(၄:၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)

အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (မိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။

၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁၆၅၂ ၇၂၄




www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာစရိယ

# သန်းထွန်း

# ထင်ရှားကျော်ကြား သာမဏေများ(၁၂)

**သာမဏေလေးပါး**

ဇေတဝန်ကျောင်းတော်သို့ ပုဏ္ဏားတစ်ယောက် ရောက်ရှိလာခဲ့သည်။ ပုဏ္ဏားရောက်ရှိလာသော အချိန်သည် နံနက်စောစောအချိန် ဖြစ်သည်။ ပုဏ္ဏားသည် ငယ်ရွယ်သူတစ်ယောက် မဟုတ်၊ အသက်အရွယ် ကြီးရင့်နေပြီ ဖြစ်သည်။ တုန်ယင်သော ခြေလက်များ ရှိသည်။ ဖြူဖွေးသော ဆံပင်၊ မုတ်ဆိတ်များ ရှိသည်။ အသက်ကြီးနေပြီဖြစ်၍ အမြင်အာရုံ၊ အကြားအာရုံတို့သည်လည်း ချို့တဲ့လာသည်။

မြင်ကွင်းစုံတို့အား ကြည်လင်ပြတ်သားစွာ မမြင်နိုင်တော့ပေ။ မြင်ရသော မြင်ကွင်းတိုင်းသည် မှုန်ရီဝိုးတဝါး ဆန်လွန်းသည်။ အသံမျိုးစုံတို့အား ကြည်လင်ပြတ်သားစွာ မကြားနိုင်တော့ပေ။ ကြားရသော အသံတိုင်းသည် ဝိုးတဝါးဆန်လွန်းသည်။ နေရာတစ်ခုသို့ သွားရန်အတွက် နေရာတစ်ခု၌ ရပ်ကာ လမ်းခရီးအား အမှတ်အသားပြုရသည်။ ငယ်ရွယ်တုန်းကလို သွား၍မဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ်အား အကူတောင်ဝှေးဖြင့် ထိန်းမတ်ကာ သွားရသည်။

အသက်ကြီးလာခြင်း၌ ကောင်းသောအရာများ ရှိသည်က နည်း၏။ မကောင်းသော အရာများ အင်တိုက်အားတိုက် လွှမ်းမိုးလာသည်က များသည်။ ဘဝ၌ စိတ်သွားတိုင်း ကိုယ်မပါနိုင်သော အဖြစ်ကို နှစ်သိမ့်ပေးရသည်က ခက်ခဲလွန်းသည်။ ဘဝခန္ဓာကိုယ်အား တိုက်စားလာသော ဇရာတရားကို မည်သူတစ်ဦးတစ်ယောက်မှ တားဆီးပိတ်ပင်၍ မရနိုင်။ တိုက်စားလာတိုင်း ခံရသည်သာ ဖြစ်သည်။ ဇရာတိုက်စားသည်ကို မကျေနပ်ခြင်း၊ နာကျင်ခြင်းသည် ကိုယ်တိုင်ပင် စိတ်ဒုက္ခအား ဖော်စပ်နေခြင်း ဖြစ်သည်။ အသက်ကြီးလာသည်နှင့်အမျှ အသိဉာဏ် ကြီးလာခြင်းသည် ကောင်းသောအရာဖြစ်သည်။ အသိဉာဏ်သည်သာ အကောင်းဆုံးသော နှစ်သိမ့်ပေးနိုင်သူ ဖြစ်သည်။

ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသည် အများအားဖြင့် သီတင်းသုံးနေထိုင်တော်မူလျက်ရှိသည်။ ဇေတဝန်ကျောင်းတော်သို့ သာဝတ္ထိနေ ပြည်သူတို့သည် အမြဲမပြတ် ဝင်ထွက်လျက်ရှိသည်။ ပြည်သူထဲတွင် ဘုရင်လည်း ပါသည်။ သူဌေးလည်း ပါသည်။ ပုဏ္ဏား လည်း ပါသည်။ သူဆင်းရဲလည်း ပါသည်။ ပုဏ္ဏားတို့သည် ဉာဏ်ရှိ များကြသည်။ အတွေးအခေါ် ရှိကြသည်။ ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိလာသော ပုဏ္ဏားတိုင်းကိုလို သည်ပြဿနာအား မေးလေ့ရှိသည်။ ယခုကျောင်းတော်သို့ ရောက်ရှိလာသော ပုဏ္ဏားကြီးသည် ပြဿနာမေးရန် လာခြင်းမဟုတ်။ ပုဏ္ဏားသည် ဆွမ်းစားပင့်ရန် လာခြင်း ဖြစ်သည်။ ဆွမ်းစားပင့်ခြင်းသည် အစီအစဉ်တကျ ပြုလုပ်ထားခြင်း မဟုတ်။ ဆွမ်းကျွေးရန်လည်း စီစဉ်ပင်ထားရိုး မရှိ။ ပုဏ္ဏားကြီးသည် မိုးလင်းမှ သိရခြင်းဖြစ်သည်။ ဆွမ်းကျွေးဖို့ကို မိုးလင်းမှ ပုဏ္ဏေးမ ပြောသည်။ အိမ်၌ ပုဏ္ဏေးမသည် အခရာကျသည်။ အိမ်တွင်း ကိစ္စမှန်သမျှ၌ ပုဏ္ဏေးမ မပါ၍မဖြစ်၊ ပုဏ္ဏေးမ ပါသည်။ ပုဏ္ဏေးမ ပြီးမှ ပြီးသည်။ ပုဏ္ဏားကြီးသည် အိမ်ထောင်ဦးစီးဆိုသော်လည်း အိမ်ထောင်မှုအလုပ်ကိစ္စ မှန်သမျှ၌ အခွင့်မရှိ။ ပုဏ္ဏေးမသည်သာ ဦးစီးသည်။ ပုဏ္ဏေးမ စေခိုင်းလိုက်၍ ပုဏ္ဏားကြီး ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။

"အရှင်ဘုရား... ယနေ့ နေ့ဆွမ်းအတွက် ရဟန်းလေးပါး ပေးတော်မူပါဘုရား။ တပည့်တော်တို့အိမ်မှာ ရဟန်းလေးပါး ဆွမ်းကပ်ချင်လို့ပါဘုရား"

ဇေတဝန်ကျောင်းတော်၌ ဆွမ်းစားကိစ္စကို စီမံပေးသော ရဟန်းရှိသည်။ ရဟန်းတို့သည် ဆွမ်းစားလာပင့်သော ပုဏ္ဏားအား ဆွမ်းစားကိစ္စကို စီမံပေးသော ရဟန်းဆီသို့ ညွှန်ပေးလိုက်ကြသည်။ ပုဏ္ဏားသည် ဆွမ်းစားစီမံသော ရဟန်းဆီသို့ သွားသည်။ ရဟန်းလေးပါး ဆွမ်းစားပင့်သည်။ ဇေတဝန်ကျောင်းတော်၌ ဆွမ်းစားခြင်းကို အလှေ့ကျစနစ်ဖြင့် ပြုလုပ်သည်။ မထေရ်ကြီးများမှစ၍ အလှေ့ကျပြုလုပ်သည်။

ပုဏ္ဏား ဆွမ်းစားလာပင့်၍ ဆွမ်းစားကိစ္စ စီမံသော ရဟန်းသည် အလှေ့ကျစာရင်းအား ကြည့်လေသည်။ သာမဏေ လေးပါးသည် အလှေ့ကျစာရင်းထဲ၌ ဆွမ်းစားအလှေ့ကျလျက်ရှိသည်။ သာမဏေလေးပါးသည် ပဏ္ဍိတသာမဏေ၊ သံကိစ္စသာမဏေ၊ ရေဝတသာမဏေ၊ သောပါကသာမဏေတို့ ဖြစ်သည်။ ထိုသာမဏေတို့သည် သက်တော်ခုနစ်နှစ်ကတည်းက ရဟန္တာများ ဖြစ်ကြသည့် အရှင်များ ဖြစ်သည်ကို သိထားပြီးသားဖြစ်သည်။ ရဟန္တာဖြစ်သော သာမဏေလေးပါးလုံးသည် အဘိညာဉ်များ ရရှိထားသည်ချည်း ဖြစ်သည်။ သာမဏေလေးပါးအား ဆွမ်းစားရှိခြင်း အကြောင်းကြားသည်။ သာမဏေ လေးပါးသည် သမဏသာရုပ္ပကျနံ့စွာ သင်္ကန်းများရုံလျက် ပုဏ္ဏားကြီးနောက်သို့ လိုက်လာခဲ့သည်။

**ပုဏ္ဏေးမထွက်သောဒေါသ**

ပုဏ္ဏေးမသည် အိမ်၌ လုပ်စရာရှိသည်များကို လုပ်နေသည်။ ဆွမ်းချက်သည်။ ဆွမ်းဟင်းများကို ဖွယ်ဖွယ်ရာရာ လုပ်သည်။ ရောက်လာသော ရဟန်းများ သီတင်းသုံးနေထိုင်ရန်အတွက် နေရာထိုင်ခင်းများကို မြင့်မြင့်မြတ်မြတ် ခင်းကျင်းပြုလုပ်ထားသည်။ ချက်ပြုတ်ဆဲဖြစ်သာ ဟင်းများ၏ အခြေအနေကိုကြည့်လိုက်၊ ပုဏ္ဏားအလာကို စောင့်မျှော်လိုက်ဖြင့် အလုပ်များနေသည်။

ပုဏ္ဏား အိမ်ခြံထဲသို့ ဝင်လာကတည်းကပင် ပုဏ္ဏေးမ မြင်သည်။ ပုဏ္ဏားကို မြင်သည်နှင့် ပုဏ္ဏေးမ စိတ်ခတ်ကျသွားသည်။ စိတ်ခတ်ကျခြင်းနှင့်အတူ ဒေါသလည်း


www.burmeseclassic.com

www.burmeseclassic.com

ပြင်းထန်စွာ ထွက်လာခဲ့သည်။ စိတ်ဓာတ်ကျ၊ ဒေါသထွက်ရခြင်း၏ အကြောင်းရင်းသည် သာမဏေများ ဖြစ်သည်။ သာမဏေတို့သည် အသက်အရွယ်အားဖြင့် လွန်စွာ ငယ်သေးသည်။ ပုဏ္ဏားတို့နှင့် ယှဉ်ကြည့်လျှင် မြေးအရွယ်လောက်သာရှိသည်။ ပုဏ္ဏေးမသည် နဂိုကတည်းက ရဟန်းကြီး လေးပါးကို ပင့်နိုင်းခြင်း ဖြစ်သည်။ သူတို့၏ ဝေါဟာရအရ ဗြာဟ္မဏဖြစ်သောပုဂ္ဂိုလ် ဖြစ်သည်။ ခိုင်းလိုက်သည်နှင့် ဖြစ်လာသည်မှာ တခြားစီဖြစ်နေ၍ ပုဏ္ဏေးမ ဒေါသထွက်ရခြင်းဖြစ်သည်။

ပုဏ္ဏေးမ၏ ပါးစပ်ကလည်း ပေါက်ပေါက်ဖောက်သကဲ့သို့ စကားများကို မနားတမ်းပြောဆိုနေသည်။ သာမဏေငယ်တို့အား မြတ်သူတို့အတွက် ထားအပ်သောနေရာ၌ မနေခိုင်း။ နိမ့်ကျသော ခုံတန်းကို ပြုလုပ်ပြီး နေခိုင်းသည်။

ပုဏ္ဏေးမ၏ ပြုလုပ်မှုသည် ရိုင်းစိုင်းသကဲ့သို့ ရှိနေသည်။ သာမဏေငယ်တို့အား ဂရုမစိုက်၊ အလေးမထားသကဲ့သို့ရှိနေသည်။ အမှန်ဆိုလျှင် ပုဏ္ဏေးမသည် ထိုကဲ့သို့ မပြုလုပ်သင့်ပေ။ ထွက်နေသော ဒေါသအား ထိန်းချုပ်သင့်သည်။ မပြုံးချင်သော်လည်း ပြုံးပြရမည်ဖြစ်သည်။ ငယ်လွန်း၍ မကြည်ညိုသော်လည်း ကြည်ညိုသော အပြုအမူကို ပြရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုလျှင် သာမဏေငယ်တို့သည် ပုဏ္ဏားကြီး ပင့်ဖိတ်လာ၍ အိမ်သို့ ရောက်လာခြင်းဖြစ်သည်။ သာမဏေငယ်တို့ သဘောထားအတိုင်း ရောက်လာခဲ့သည် မဟုတ်သောကြောင့် ဖြစ်သည်။ မှားယွင်းသည်ဆိုလျှင် ထိုမှားယွင်းခြင်းသည် သာမဏေငယ်တို့၏ မှားယွင်းခြင်းမဟုတ်၊ ပုဏ္ဏားကြီး၏ မှားယွင်းခြင်း ဖြစ်သည်။ ပုဏ္ဏားကြီး မှားယွင်းသည်ဖြစ်၍ အပြစ်တင်မည်ဆိုလျှင်လည်း သာမဏေငယ်တို့၏ နောက်ကွယ်၌သာ ပုဏ္ဏားကြီးအား အပြစ်တင်သင့်သည်။

သာမဏေငယ်တို့သည် အာသဝေါကုန်ခန်းပြီးသား ရဟန္တာများ ဖြစ်သည်။ သာမဏေတို့ စိတ်ထဲ၌ ဒေါသလည်း မရှိ။ လောဘလည်း မရှိ။ မောဟလည်း မရှိတော့ပေ။ စိတ်ကို အကောင်းဆုံး ထုဆစ်ထားပြီးသားဖြစ်၍ ဒေါသဖြစ်စရာ၊ ရှက်စရာကောင်းသော ပုဏ္ဏေးမ၏ လုပ်ရပ်ကိုလည်း ခံနိုင်ကြသည်။ လောဘ၊ ဒေါသ စသည်တို့နှင့် ဖျော်စပ်ထားသော ပုထုဇဉ်များဆိုလျှင် ပုဏ္ဏေးမ၏ လုပ်ရပ်သည် ရန်ပွဲကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်နေသည်။ သာမဏေငယ်တို့သည် ပုဏ္ဏေးမ ခင်းပေးသော ခုံတန်းပေါ် ငြိမ်သက်စွာ ထိုင်ကြသည်။

'ကျောင်းကိုသွားပြီး မိမိမြေးထက် ငယ်လွန်း... သူငယ်တွေကို ခေါ်လာတယ်။ ပုဏ္ဏားကြီး သွားလို... ဦး။ ဗြာဟ္မဏပုဂ္ဂိုလ်ကြီးတွေကိုကြည့်ပြီး ပင့်ဆောင်လာ...'

ပုဏ္ဏေးမ မာထန်သော လေသံဖြင့် အမိန့်ပေး... သည်။ ပုဏ္ဏားကြီးသည် မိန်းမစကားကို မဖီဆန်ရဲသူ... သည်။ ခိုင်းသည်ကို လုပ်ပေးရသည်။ ပုဏ္ဏားကြီးသ... ရဟန်းပင့်ခြင်းကိစ္စအား မလုပ်ချင်တော့ပေ။ အိမ်၌ သာ... မဏေလေးပါးရှိနေပြီဖြစ်သည်။ ဆွမ်းလှူခြင်းကိစ္စသ... သာမဏေများနှင့်လည်း အဆင်ပြေသည်။ သာမဏေ... သည် အလှူခံပုဂ္ဂိုလ်များဖြစ်သည်။ လှူလိုသောစိတ်... လိုအပ်သောလှူဖွယ်ဝတ္ထုတို့ရှိ၍ ပင့်ဖိတ်ခဲ့ခြင်းဖြစ်သ... ဒါနတစ်ခု အထမြောက်ရန်အတွက် လိုအပ်သည်များ ပြ... စုံပြီးဖြစ်သည်။ လှူဒါန်းရုံသာရှိသည်။ မလှူဒါန်းသည်... ပုဏ္ဏေးမ၏ စိတ်အလိုမပြည့်သေး၍ ဖြစ်သည်။ လို... သည်များနှင့် လုံးလုံးမသက်ဆိုင်ပေ။

ပုဏ္ဏားကြီးသည် သာမဏေငယ်များအား သ... လည်း သနားနေသည်။ အားလည်း အားနာမိသ... ပုဏ္ဏေးမ စကားကို မလွန်ဆန်နိုင်၍ မျက်နှာလည်း ... နေသည်။ ပုဏ္ဏားကြီး၏ ခံစားမှုတို့သည် မည်သို့ပင် ... နေနေ အပြင်သို့ မထုတ်ဖော်ရဲ။ ရင်ထဲ၌သာ မျိုသိပ်... ဆည်းထားရသည်။ ခံစားမှုများထက် ပုဏ္ဏေးမစကား... ဦးစားပေးရသည်။ ပုဏ္ဏားကြီးသည် လေးလံသော ... လှမ်းများဖြင့် ဇေတဝန်ကျောင်းသို့ ခြေလှမ်း လှမ်းရ... သည်။

<u>**တံဆိပ်ခတ်ထားသောဆွမ်း**</u>

'ဒီဗြာဟ္မဏကြီးတွေ ဆွမ်းရပြီးပြီလား'

'မရသေးပါဘုရား'

'သင့်လက်ထဲက သပိတ်ကို ပြန်ပေး'

ပုဏ္ဏားကြီးသည် ဇေတဝန်ကျောင်းတော်သို့ ... ရောက်သွားခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် အရှင်သ... ပုတ္တရာမထေရ်နှင့် တွေ့လေသည်။ အရှင်သာရိ... မထေရ်သည် ပုဏ္ဏားကြီး ပင့်ဖိတ်ခြင်းကို လက်ခံ... တော်မူလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ပုဏ္ဏားကြီးတို့အိမ်သို့ ရောက်သည့်အခါ ကြည်ညိုဖွယ် ထိုင်နေကြသော သာမဏေလေးပါးကို တွေ့လေသည်။ သာမဏေလေးပါးကိုတွေ့၍ အိမ်ထဲသို့ ဝင်တော်မမူသေးဘဲ အထက်ပါအတိုင်း မေးလေသည်။

အကြောင်းစုံ သိရသည့်အခါ ပုဏ္ဏားကြီး ပင့်ဖိတ်ခြင်းကို ငြင်းဆန်သည်။ အရှင်သာရိပုတ္တရာမထေရ်သည် ရဟန်းလေးပါးအတွက် ဆွမ်းစီရင်ထားသည်ကို ကောင်းစွာ သိလိုက်ရသည်။ ထိုလေးပါးသည်လည်း ဇေတဝန်ကျောင်းတော်က စေလွှတ်လိုက်သော အလှည့်ကျ သာမဏေလေးပါး ဆိုသည်ကို သိလိုက်ရသည်။ ဆွမ်းသည် တံဆိပ်ခတ်ထားသောဆွမ်း ဖြစ်သည်။ တံဆိပ်ခတ်ထားသောဆွမ်းဖြစ်၍ အရှင်သာရိပုတ္တရာမထေရ် ဆွမ်းကို အလှူမခံဘဲ ပြန်ကြွတော်မူခဲ့သည်။ အရှင်သာရိပုတ္တရာမထေရ် ပြန်ကြွသွားသည်ကို ပုဏ္ဏေးမလည်း မြင်သည်။

'ဒီပုဂ္ဂိုလ် ဘယ်လိုစကားတွေ ပြောလဲ'

ပုဏ္ဏေးမသည် စိတ်ဓာတ်ကျကျနှင့် အိမ်ထဲ ဝင်ရောက်လာသော ပုဏ္ဏားကြီးအား အိမ်ပေါက်ဝမှရပ်၍ မေးသည်။

'အိမ်ထဲမှာ ထိုင်နေကြတဲ့ ဒီဗြာဟ္မဏကြီးတွေ ရသင့်တယ်လို့ပြောတယ်။ သပိတ်ကိုတောင်းပြီး ပြန်သွားတယ်'

'ဆွမ်းဘုဉ်းမပေးချင်လို့နေမယ်။ လျင်မြန်စွာသွား၊ တစ်ပါးသော ပုဂ္ဂိုလ်ကို ပင့်ဆောင်လာခဲ့ချေဦး'

ပုဏ္ဏားကြီး တစ်ဖန်သွားရပြန်သည်။ အရှင်မောဂ္ဂလာန်မထေရ်ကို တွေ့သည်။ အရှင်မောဂ္ဂလာန်မထေရ်အား ဆွမ်းစားပင့်သည်။ အရှင်မောဂ္ဂလာန်မထေရ်သည်လည်း အရှင်သာရိပုတ္တရာ မထေရ်ကဲ့သို့ ကြွတော်မူလာခဲ့သည်။ သာမဏေများကို မြင်၍ အရှင်သာရိပုတ္တရာမထေရ်ကဲ့သို့ပင် ပြောဆို၍ ပြန်ကြွတော်မူခဲ့သည်။

ပုဏ္ဏေးမသည် အားမလျှော့။ ဆက်၍ပင် ပင့်ခိုင်းနေသည်။ အချိန်သည် တဖြည်းဖြည်း နေမြင့်လာခဲ့ပြီဖြစ်သည်။ ဆွမ်းစားချိန်သည် ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။ ပုဏ္ဏေးမသည် နေမြင့်လာသည်ကိုလည်း ဂရုမစိုက်၊ သတိမထား။ ဆွမ်းစားချိန် ကျော်လွန်နေသည်ကိုလည်း ဂရုမစိုက်၊ သတိမထား။ တခြားသော ဗြာဟ္မဏကြီးတို့အား ပင့်မရတော့သည်ကိုလည်း ဂရုမစိုက်၊ သတိမထား။ ပုဏ္ဏေးမသည် အခြေအနေအား မေ့လျော့နေသည်။ သူမ၏ ဆန္ဒအား လိုက်လျောနေသည်။

သာမဏေငယ်တို့သည် ပုဏ္ဏားအိမ်၌ ထိုင်နေရသည်မှာ ကြာမြင့်နေပြီဖြစ်သည်။ ရဟန္တာများဖြစ်၍ သည်းခံအား ကောင်းကြခြင်းဖြစ်သည်။ ပုထုဇဉ်များဆိုလျှင် ဤမျှလောက် သည်းခံနိုင်လိမ့်မည်မဟုတ်၊ ဒေါသက ထိပ်ဝသို့ ရောက်လာတော့မည်။ ပုဏ္ဏေးမကို စကားတစ်စုံတစ်ရာပြောဆိုပြီး ပြန်လာကောင်း ပြန်လာကြမည်ဖြစ်သည်။ ပုဏ္ဏေးမကို မည်သည့်စကားမှ မပြောဆိုဘဲလည်း ပြန်လာကောင်း ပြန်လာကြမည်ဖြစ်သည်။ သာမဏေငယ်တို့သည် ထိုင်မြဲတိုင်း ထိုင်နေကြသည်။

ဆွမ်းစားချိန် ကျော်လွန်လာပြီဖြစ်၍ ဆာလောင်မှု ဝေဒနာတို့သည် သာမဏေငယ်တို့အား နှိပ်စက်လာလေသည်။ သတ္တဝါတို့၏ ရုပ်ခန္ဓာကိုယ်သည် အာဟာရရှိမှ တည်မြဲသည်။ အာဟာရကင်းလျှင် ဆာလောင်ခြင်းသည် ဝင်ရောက်လာတတ်သည်မှာ သဘာဝပင်ဖြစ်သည်။ ဤသဘာဝကို လူ့လောက၌ နေထိုင်သမျှ သတ္တဝါတို့သည် ရှောင်လွှဲ၍မရ၊ ကင်းကွာ၍ မရကောင်းပေ။

**လူမင်းဘုန်းကြီး နတ်မင်းမနေသာ**


သာမဏေငယ်တို့သည် ဘုန်းတန်ခိုးကြီးမားသူများ ဖြစ်သည်။ ထိုဘုန်းတန်ခိုး၏ အရှိန်တို့သည် သိကြားမင်းအား ဝင်ဆောင့်သကဲ့သို့ ရှိနေသည်။ သိကြားမင်းသည် ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်၌ နေမရဖြစ်လာသည်။ ပဏ္ဍုကမ္ဗလာကျောက်ဖျာသည် အလိုလိုနေလျက်ပင် ပူတက်လာသည်။ ထိုသို့ ကျောက်ဖျာပူလျှင် တစ်စုံတစ်ရာအား ကူညီရမည်ကို သိကြားမင်းသိသည်။ သိကြားမင်းနေထိုင်ရာ ပဏ္ဍုကမ္ဗလာကျောက်ဖျာသည် အကြောင်းမဲ့သက်သက် မပူလောင်။ လူ့ပြည်၌ သူတော်ကောင်းများ အနေကျပ် အခက်တွေ့နေသောအခါများ၌သာ ပူလောင်လေ့ရှိသည်။

ကျောက်ဖျာပူလောင်၍ သိကြားမင်း လူ့ပြည်သို့ ကြည့်သည်။ သာမဏေငယ်များနှင့် ပုဏ္ဏားတို့၏ အခြေအနေကို မြင်သည်။ သာမဏေငယ်များ ဆာလောင်နေသည်ကိုလည်းကောင်း၊ ပင်ပန်းနေသည်ကိုလည်းကောင်း သိသည်။ သာမဏေငယ်တို့အား အကူအညီပေးလို၍ သိကြားမင်းသည် လူ့ပြည်သို့ ဆင်းလာခဲ့သည်။ အသက်အရွယ်အိုမင်းပြီဖြစ်သော ပုဏ္ဏားအသွင်ကို ဖန်ဆင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇေတဝန်ကျောင်းတော်နှင့် သာဝတ္ထိသို့ သွားရာလမ်းတွင် ပုဏ္ဏားများ ရွတ်ဖတ်သရဇ္ဈာယ်မှုကိုပြုရာ နေရာတစ်ခုရှိသည်။ ထိုနေရာ၌ ကြီးကျယ်မြင့်မြတ်သောလမ်းတွင် ပုဏ္ဏားတို့အတွက် ခင်းထားသော နေရာမြတ်တစ်ခုရှိသည်။ ပုဏ္ဏားအိုအသွင် ဖန်ဆင်းထားသော သိကြားမင်းသည် ထိုနေရာမြတ်၌ ဣန္ဒြေမပျက် ထိုင်နေသည်။

ဗြာဟ္မဏကြီးနှင့် ဒုက္ခရောက်နေသော ပုဏ္ဏားကြီးသည် ဇေတဝန်ကျောင်းလမ်းတိုင်း လျှောက်လာခဲ့သည်။ ပုဏ္ဏားအိုအသွင်ဖြင့် ထိုင်နေသော သိကြားမင်းကို မြင်သည်။ ထိုင်နေသောနေရာသည် ကြီးကျယ်မြင့်မြတ်သောနေရာဖြစ်နေ၍ ပုဏ္ဏားအိုသည်လည်း ကြီးကျယ်မြင့်မြတ်သူဖြစ်လိမ့်မည်ဟု ပုဏ္ဏားကြီးတွေးသည်။ တွေးလျက်ပင် တက်ကြွစိတ်တို့ ဝင်လာသည်။ ပုဏ္ဏားကြီးသည် လေးလံစွာမသွားတော့ဘဲ ခပ်မြန်မြန်လျှောက်လာခဲ့သည်။ ပုဏ္ဏားအိုအသွင် ဖန်ဆင်းထားသော သိကြားမင်းကို ဆွမ်းစားပင့်ဖိတ်သည်။ ပုဏ္ဏားအိုသိကြားမင်းသည်လည်း ပုဏ္ဏားကြီး ပင့်ဖိတ်ရာသို့ လိုက်ပါလာခဲ့သည်။

အိမ်တံခါး၀၌ စောင့်ကြပ်နေသော ပုဏ္ဏေးမသည် အိမ်ခြံထဲသို့ဝင်လာသော ပုဏ္ဏားအို သိကြားမင်းကို မြင်ရသည်နှင့် ဝမ်းမြောက်စိတ် ဖြစ်သွားသည်။ ကမန်းကတန်း အိမ်ထဲသို့ ဝင်သည်။ လေးပါးစာ ခင်းထားသောနေရာအား တစ်ယောက်စာအဖြစ် စုပေါင်းလိုက်သည်။ ပုဏ္ဏားအို သိကြားမင်းကို ထိုနေရာ၌ ထိုင်ခိုင်းသည်။

အိမ်ထဲသို့ ဝင်ရောက်လာသော ပုဏ္ဏားအို သိကြားမင်းသည် ပုဏ္ဏေးမ စကားကို ဂရုမစိုက်၊ အလေးမထား သာမဏေငယ်တို့ကို ငါးပါးသော တည်ခြင်းဖြင့် ရှိခိုးသည်။ အစွန်ကျသော မြေနေရာ၌ ထက်ဝယ်ဖွဲ့ခွေထိုင်သည်။ ပုဏ္ဏားအို သိကြားမင်း၏ လုပ်ရပ်ကို ပုဏ္ဏေးမ အံ့သြသည်။

'ပုဏ္ဏားကြီး··သင်ပင့်ဆောင်ခဲ့တဲ့ ပုဏ္ဏားအိုကြီးက အံ့သြဖွယ်ရှိလေစွ။ အဘအရွယ်ရောက်ရှိတဲ့ ဒီပုဂ္ဂိုလ်ကြီးကို ပင့်ဆောင်ခဲ့တယ်။ သို့ဖြစ်လျက် ဒီပုဂ္ဂိုလ်ကြီးဟာ မြေးအရွယ်လောက်ပဲရှိတဲ့ သူငယ်တွေကို ရှိခိုးလှည့်လည်တယ်။ ဒီပုဏ္ဏားအိုနဲ့ ဘာအကျိုးရှိမှာလဲ။ ပုဏ္ဏားအိုကြီးကို နှင်ထုတ်ကြမယ်'

အမှန်ဆိုပါလျှင်၊ ပုဏ္ဏေးမသည် ပုဏ္ဏားအိုကြီး၏ လုပ်ရပ်အား စဉ်းစားရမည်ဖြစ်သည်။ သာမဏေငယ်တို့သည် ပုဏ္ဏားအိုကြီး၏ မြေးအရွယ်လောက်သာရှိသည်။ မြေးအရွယ်လောက်ကို ရှိခိုးခြင်း၌ အကြောင်းရှိ၍ ဖြစ်သည်ကို ပုဏ္ဏေးမ သိလာမည်ဖြစ်သည်။ ပုဏ္ဏားတို့သည် ကိုယ့်ထက် ငယ်ရွယ်သူတို့အား အလေးအမြတ်ပြုရမည်၊ အရိုအသေပေးရမည်ကို ဝန်လေးတတ်ကြသည်။ အလေးအမြတ်မပြုကြ၊ အရိုအသေမပေးကြပေ။

ထိုကို ပုဏ္ဏေးမလည်းသိသည်။ ပုဏ္ဏားအိုကြီး ရှိခိုးလောက်အောင် သာမဏေငယ်တို့မှာ ဘုန်းကံအစွမ်း ရှိသည်ကို စဉ်းစားလျှင် ပုဏ္ဏေးမ သိနိုင်သည်။ သို့သော် ပုဏ္ဏေးမသည် မစဉ်းစား။ ရှိခိုးသည်ကိုသာ အပြစ်မြင်သည်။ ရှိခိုးသည်ကိုသာ မကျေနပ်ဖြစ်သည်။ ပုဏ္ဏားအို မြင်ရ၍ ဝမ်းသာခဲ့ရသမျှ သည်ပုဏ္ဏားအို၏ လုပ်ရပ်ကြောင့် ပျောက်ဆုံးသွားရသည်။ ဒေါသစိတ်တို့ အစိုင်အခဲ ထလာသည်ဖြစ်၍ ပုဏ္ဏေးမသည် ပုဏ္ဏားအိုကို မောင်းထုတ်ဖို့သာ အားထုတ်လေသည်။ ပုဏ္ဏားအို၏ ပခုံး ကိုင်ပြီး နှင်ထုတ်သည်။ လက်ကိုဆွဲပြီး မောင်းထုတ်သည်။ လက်မောင်းကြား၌ ကိုင်၍ ဆွဲထုတ်သည်။ ပုဏ္ဏေးမ မည်သို့လုပ်လုပ် ပုဏ္ဏားအို သိကြားမင်း ရွေ့လျားခြင်း မရှိပေ။

**အပေါက်ငါးခုနှင့်အိမ်**

'ပုဏ္ဏားကြီး··လာခဲ့ဦး၊ သင် လက်တစ်ဖက်က ကိုင်၊ ငါ လက်တစ်ဖက်ကို ဆွဲကိုင်မယ်'



www.burmeseclassic.com

www.burmeseclassic.com

ပုဏ္ဏေးမသည် သူတစ်ယောက်တည်း ဆွဲထူမရဟု ထင်နေသည်။ ထို့ကြောင့် ပုဏ္ဏားကြီးအား အကူအညီခေါ်ခြင်းဖြစ်သည်။ ပြောတိုင်း လုပ်ရသော ပုဏ္ဏားကြီးသည် ပုဏ္ဏားအိုသိကြားမင်း၏ လက်တစ်ဖက်ကို ဆွဲကိုင်သည်။ ပုဏ္ဏေးမ လက်တစ်ဖက်ကို ဆွဲကိုင်သည်။ ပါးစပ်ကလည်း ပြောဆိုနှင်ထုတ်သည်။ လက်ဖြင့်လည်း ပုဏ္ဏားအိုသိကြားမင်း၏ ကျောကုန်းကို ရိုက်ပုတ်နှင်ထုတ်သည်။ သိကြားမင်းသည် ရွေ့လျားခြင်းမရှိ။ တည်လျက် တည်မြဲနေသည်။ ဆွဲကိုင်ထားသောလက်တို့သည် အလိုလိုပြေသွားသည်။

ထိုထူးဆန်းမှုကို မြင်ရသောအခါ ပုဏ္ဏေးမတို့သည် ကြောက်လန့်တကြား မြည်တမ်းကြသည်။ နောက်ထပ် မောင်းထုတ်ဖို့ကို ကြောက်ရွံ့သွားကြသည်။ သိကြားမင်းသည် ပုဏ္ဏားအိုအသွင်ကိုဖျောက်ပြီး သိကြားမင်းအသွင်ကို ပြသလိုက်သည်။ ထိုအခါမှ ပုဏ္ဏေးမသည် သာမဏေတို့အား ဆွမ်းကပ်သည်။ ဆွမ်းလောင်းသည်ကို သာမဏေတို့ ခံယူသည်။

ထို့နောက် တစ်ပါးသော သာမဏေသည် အမွှမ်းအချက်အဝန်းကို ထုတ်ချင်းဖောက်၍ ကောင်းကင်ခရီးဖြင့် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူလေသည်။ တစ်ပါးသောသာမဏေသည် ခေါင်မိုး၏ အရှေ့ဘက်ခြမ်းကို ဖောက်ထွင်းပြီး ကောင်းကင်ခရီးဖြင့် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူလေသည်။ တစ်ပါးသော သာမဏေသည် ခေါင်မိုး၏ နောက်ဘက်ခြမ်းကို ဖောက်ထွင်းပြီး ကောင်းကင်ခရီးဖြင့် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူလေသည်။ တစ်ပါးသော သာမဏေသည် မြေခွဲငုပ်လျှိုး၍ ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူလေသည်။ သိကြားမင်းသည်လည်း အပေါက်တစ်ပေါက် ဖောက်ထွင်း၍ တာဝတိံသာနတ်ပြည်သို့ ထွက်သွားလေသည်။ ထိုအခါမှစ၍ ပုဏ္ဏားအိမ်သည် အပေါက်ငါးပေါက်ရှိသောအိမ် ဖြစ်သွားလေတော့သည်။

**ဓမ္မာစရိယ သန်းထွန်း**

**ကျမ်းညွှန်း** * ဓမ္မပဒအဋ္ဌကထာ၊ ဗြာဟ္မဏဝဂ်၊ သာမဏေလေးပါး ဝတ္ထု။


"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"



**စန်းသော်တာ**

အမှတ်တံဆိပ်

ကွမ်းရွက်ဆီလိမ်းဆေး (အအေး)

- အကိုက်အခဲပျောက်လိမ်းဆေး၊
- ရင်လူးဆေး၊
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။



(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျုံ့ပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဂျက်လေး မျက်ကြောကိုက်တို့ကို အကိုက်အခဲပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘေဘီ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၇၂

ဆိုင်- စန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလှိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ ဝမ်းချောင်းမြို့နယ်၊ ဖုန်း-၇၀၀၀၆၇

www.burmeseclassic.com

ကျွန်တော်သည် ရုံးအားလပ်သည့် စနေ၊ တနင်္ဂနွေ နေ့နှင့် အခြားရုံးပိတ်ရက်များတွင် အလုံမြို့နယ်တစ်ဖက် ကမ်းရှိ ချောင်ဝိုင်းကြီးကျေးရွာတွင် ဘုရားအို၊ ဘုရား ဟောင်းတစ်ဆူအား ပြုပြင်နေသော ကျွန်ုပ်၏ သူငယ်ချင်း ဖြစ်သူ (ကျွန်ုပ်က ဆရာလေးဟု ခေါ်ဆိုသည့်) ဘိုးတော် လေးဆီသို့ မကြာခဏဆိုသလို သွားဖြစ်ခဲ့သည်။ ယင်း ဆရာလေးမှာ ကျွန်ုပ်ထက် အသက်(၈)နှစ်ခန့်ငယ်သည်။ ငယ်စဉ်ကတည်းက ဆိုးတိုင်ပင် ကောင်းတိုင်ပင် သူငယ် ချင်းများဖြစ်ကြသည်။ သူသည် ငယ်စဉ်ကတည်းက သမထအလုပ်ကို ဇောက်ချလုပ်သူ ပါရမီရှင်တစ်ဦးဖြစ် သည်။

ဆရာလေးသည် ဘာသာရေးကိစ္စမှလွဲ၍ အခြား အလုပ်မလုပ်။ သူ့မှာ အားကိုးအားထားစရာ ဘိုးတော် အောင်မင်းခေါင်နှင့် ဘိုးဘိုးအောင်တို့ အနီးကပ်စောင့် ရှောက်ခံနေရသူတစ်ဦးဖြစ်သဖြင့် ဘိုးတော်များ၏ ခိုင်း စေချက်အတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်ရ၏။ တစ် ခါတစ်ရံ သူ၏ဘိုးတော်များက ခိုင်းသဖြင့် ညပိုင်း ကွက်ထိပ်ရှိ သင်္ချိုင်းသို့ သွားကာ အာနာပါနရှုမှတ်ရ



# ရှုကျော်ညွှန့် (ရေကျော်)

# သူတော်အလုပ် မယုတ်စေရာ



www.burmeseclassic.com

www.burmeseclassic.com

ပုတီးစိပ်ရ၏။ ဆရာလေးသည် ရိုးသားဖြူစင်၏။ ဖြောင့်မတ်၏။ ဟိတ်ကြီးဟန်ကြီးမလုပ်၊ မသိသည်ကို မသိဟူ၍ ဝန်ခံသူ ဖြစ်၏။ ဖြီးတတ်ဖြန်းတတ်သောသူ မဟုတ်။ ထို့ကြောင့် ဟောလိုက် ပြောလိုက်လျှင် တိကျမှန်ကန်လှသဖြင့် ဆရာလေးတို့အိမ်သည် လာရောက်သူ ဧည့်သည်များဖြင့် တစ်နေ့တခြား စည်ကားလာ၏။

ဆရာလေး အဓိဋ္ဌာန်ဝင်တိုင်း သတ်သတ်လွတ်စား၍ ပုတီးစိပ်ရ၏။ ယခုကဲ့သို့ ဘုရားတည်ကျောင်းဆောက် အလုပ်ကို လုပ်ဆောင်ရလျှင် ပို၍ပင်အားထုတ်ရ၏။ မပြီးမချင်း သတ်သတ်လွတ်သာစားရ၏။ ဆရာလေးကား ခင်မင်စရာကောင်း၏။ ကြည်ညိုစရာလည်း ကောင်းသူဖြစ်ပေသည်။

ကျွန်ုပ်နှင့် အပေါင်းအသင်းအချို့သည် ဆရာလေးရှိရာသို့ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်ဆိုလျှင် အမြဲလိုလို ရောက်တတ်၏။ ရောက်လျှင် ဆရာလေးနေထိုင်ရာ ဓမ္မာရုံကြီးတွင် တစ်နေ့လုံး နေဖြစ်ကြသည်။ လုပ်စရာရှိသည်ကို ဝိုင်းလုပ်ကြသည်။ ဆရာလေး စားသလိုပင် သက်သတ်လွတ်စားကြ၏။ ဆရာလေးအတွက် စကားပြောဖော်တိုင်ပင်ဖော်ရရန်အတွက် နေပေးကြသည်။

တစ်နေ့သ၌ ဆရာလေးနှင့် ကျွန်ုပ်တို့ ထမင်းစားပြီး ဓမ္မာရုံကြီးထဲတွင် အာလာပသလ္လာပ စကားပြောဆိုနေကြစဉ် ဧည့်သည်တစ်ဦး ရောက်လာသည်။ သူ၏ မျက်လုံးမှာ ဟိုကြည့်သည်ကြည့်နှင့် တစ်ခုခုကို အကဲခတ်နေပုံရသည်။ ဓမ္မာရုံကြီးရှိ ဆင်းတုတော်ကြီးအား ဝတ်ဖြည့်၍ ကျွန်ုပ်တို့နှင့် အတူထိုင်ပြီး ကျွန်ုပ်တို့ကပင်စ၍ ပဋိသန္ထာရစကား ပြောဆိုမိတ်ဆက်၏။ 'ဆရာကြီး..ဘယ်က လာသလဲ၊ ဘယ်ကိုလဲ' စသည်,စသည်ဖြင့် မိတ်ဆက် မေးမြန်း စကားစမြည် ပြောနေကြသည်။

သူသည် ဆရာလေးအား အကဲခတ်နေပုံရသည်။ ၎င်းမှာ အသားညိုညို၊ ခပ်ပိန်ပိန် ခပ်ညှက်ညှက်ဖြစ်၏။ ဆရာလေးအား စိုက်ကြည့်နေပြီး စကားဖြင့် စတင်တိုက်ခိုက်ပါတော့သည်။

**ဧည့်သည်** - ဆရာလေး ထမင်းစားပြီးပါပြီလား။

**ဆရာလေး** - ခုပဲ စားပြီးပါပြီ။

**ဧည့်သည်** - ဘာဟင်းနဲ့စားလဲ ဆရာလေး။

**ဆရာလေး** - သက်သတ်လွတ် စားပါတယ်။

ထိုသို့ ဆရာလေး၏ ပြောစကားကြောင့် ဧည့်သည်မှာ သူ့ခွင်ရောက်ပြီဖြစ်သဖြင့် မျက်နှာထားမှာ ပြောင်းသွားပြီး စတင်တိုက်ခိုက်ပါတော့သည်။

'ဆရာလေး သက်သတ်လွတ်စားတာ ဘယ်လိုရည်ရွယ်ချက်နဲ့လဲ'

ဟု မေးသဖြင့် ဆရာလေးက-

'သတ္တဝါတွေအတွက် အကျိုးရှိရာရှိကြောင်းပေါ့ဗျာ'

'သက်သတ်လွတ်စားလို့ အကျိုးရှိမယ်ဆိုရင် ဆရာလေးရော ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့လည်း သက်သတ်လွတ်စားကြတာပဲ နေ့စဉ်နှင့်အမျှ တော်တော်အကျိုးရှိမှာပဲနော်'ဟု ထေ့သလို ငေါ့သလို ဧည့်သည်မှာ ပြောချလိုက်သည်။

တစ်ဆက်တည်းပင်-

'အဲဒီ သက်သတ်လွတ်ဆိုတာ ဟိုတုန်းက ပုဏ္ဏားတွေ့ရဲ့ အယူအဆတွေကတစ်ဆင့် ကူးစက်လာတာပါ ဆရာလေး။ မြတ်စွာဘုရားကလည်း ရဟန်းတွေ ရာသက်ပန် သက်သတ်လွတ်စားဖို့ ဒေဝဒတ်ရဲ့ တောင်းဆိုမှုကို ခွင့်မပြုခဲ့ဘူး မဟုတ်လား။ မြတ်စွာဘုရားက အကျိုးကို မမြင်လို့သာ ခွင့်မပြုခဲ့တာလို့ ကျွန်တော်ထင်တယ်။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့ဟာ သက်သတ်လွတ်စားပြီး ဘာဒုစရိုက်မှ မကျူးလွန်ကြဘူး။ ဝစီဒုစရိုက်၊ ကာယဒုစရိုက် စသည်ပေါ့ ဆရာလေး'

ဧည့်သည်မှ အဆက်မပြတ် တရစပ်တိုက်ခိုက်နေရာ ဆရာလေးမှာ အတန်းပညာနှင့် စာပေဗဟုသုတ ခေါင်းပါးခဲ့သဖြင့် ဘာမျှပြန်မပြောနိုင်ဘဲ ခေါင်းငုံ့လျက်သာ။ ကျွန်ုပ် စိတ်မချမ်းမြေ့စွာ မြင်တွေ့နေရသည်တွင် ကျွန်ုပ်အနေဖြင့် ဘယ်လိုမှ မနေသာတော့၍ ထိုစကားဝိုင်းကို မခေါ်ပင့်ဘဲ ဝင်လိုက်ပါတော့သည်။

'ဆရာကြီးမေးတဲ့ မေးခွန်းတွေကို ပြန်ပြီးလေ့လာသုံးသပ်ကြည့်ရင် ဒေဝဒတ်က မြတ်စွာဘုရားထံမှာ ရဟန်းတို့ ရာသက်ပန်သက်သတ်လွတ်စားဖို့ လျှောက်ထားခြင်းကိစ္စ အရင်းအမြစ်ကို လေ့လာလိုက်ရင် ဒေဝဒတ်ဟာ ဘုရားအပေါ်မှာ သံသရာတစ်လျှောက်လုံးမက ဘယ်တုန်းကမှ အကောင်းမမြင်ဘူး။ သူရဲ့အမြင်တွေဟာ ဣဿမစ္ဆရိယတွေ ဖုံးအုပ်နေတာ။ ဘုရားရဲ့ ဘုန်းတန်ခိုးကလည်း



www.burmeseclassic.com

www.burmeseclassic.com

တက်၊ တပည့်တပန်းကလည်း ပေါများ၊ နောက်ဆုံးဗျာ တိုင်းပြည်မှာ အချမ်းသာဆုံး သူဌေးသူကြွယ်တွေကစ တိုင်းပြည်ရဲ့ ဘုရင်တစ်ပါးအဆုံး ပါဝင်နေတော့ ဘုရားကို အထင်အမြင်သေးအောင် အကြိမ်ကြိမ်နှောင့်ယှက်ဖျက် ဆီး ကဖျက်ယဖျက်လုပ်ခဲ့တယ်။ အဲဒီအကြောင်းတွေကို လူတွေက သိလာကြတော့ သူ့ကို မကြည်ညိုကြတော့ ဘူး။ သူ့မှာ လာဘ်လာဘတွေ ရှားပါးလျော့ပါးလာတယ်။ အဲဒီတော့ ဒေဝဒတ်အတွေးထဲမှာ အံ့ဩစရာတစ်ခုတော့ လုပ်ဦးမှဆိုပြီး စတန့်ထွင်တဲ့အနေနဲ့ ဘုရားရှင်ထံသွားပြီး တောင်းဆိုချက်ငါးပါးကို တောင်းဆိုခဲ့တယ်။ ဒီသက် သတ်လွတ်စားဖို့ တစ်ခုတည်း မဟုတ်ပါဘူး။

(၁) ရဟန်းအားလုံး တောကျောင်းမှာ နေပါစေ။

ရွာဦးကျောင်းမှာနေတဲ့ ရဟန်း အာပတ်သင့်ပါစေ။

(၂) ရဟန်းတော်အားလုံး တစ်သက်လုံး ဆွမ်းခံစား ကြပါစေ။

ဒကာတွေလှူတဲ့ ဆွမ်းစားတဲ့ရဟန်း အာပတ်သင့်ပါ စေ။

(၃) ရဟန်းများ အသက်ဆုံးသည်အထိ ပံ့သကူသင်္ကန်း ဝတ်ကြပါစေ။

ဒကာတွေလှူတဲ့ သင်္ကန်းဝတ်တဲ့ရဟန်း အာပတ်သင့် ပါစေ။

(၄) ရဟန်းအားလုံး အသက်ဆုံးသည်အထိ သစ်ပင်ရင်း မှာ နေကြပါစေ။

အမိုးရှိသောကျောင်းမှာ နေတဲ့ရဟန်း အာပတ်သင့် ပါစေ။

(၅) ရဟန်းတော်အားလုံး အသက်ထက်ဆုံး သက်သတ် လွတ် စားကြပါစေ။

ငါး၊ အမဲ စတဲ့ အသားစားသောရဟန်း အာပတ် သင့်ပါစေ။

ဒေဝဒတ်ဟာ အဲဒီအချက်ငါးချက်ကို ဖျက်လိုဖျက် ဆီး တောင်းခဲ့တာ သူ့ဆန္ဒကို လူအများအထင်ကြီးအောင် နဲ့ သံဃာတော်တွေ ထင်ယောင်ထင်မှားဖြစ်ပြီး သွေးခွဲ လိုတဲ့သဘောနဲ့ ခွင့်တောင်းခဲ့တာပါ။ ဘုရားကိုယ်တိုင် ဒီအကျင့်တွေကိုကျင့်ပြီး အားထုတ်ခဲ့တာပဲ။ နောက်တော့ မဇ္ဈိမပဋိပဒါလမ်းစဉ်နဲ့ ကျင့်တာမို့ သုံးလောကထွတ်ထား မြတ်စွာဘုရား ဖြစ်ခဲ့ရပြီဆိုတော့ ဒေဝဒတ်တောင်းတဲ့ အချက်ကို မသင့်တော်ဘူးလို့ ပယ်မြစ်ခဲ့တာပါ'

ဆရာကြီးကို ပြောနေရင်း-

'မြတ်စွာဘုရား ဗာလပဏ္ဍိတသုတ်မှာ ဟောကြား ဖူးတဲ့ စာတစ်ပိုဒ်ကို သတိရတယ်ဗျာ။

ရဟန်းတို့..ထိုသူမိုက်သည် ဤလောက၌ ရှေးမဦး က အရသာ၌ တပ်မက်မောသည်ဖြစ်၍ မကောင်းမှုကံ တို့ကိုပြုသောကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည် နောက်၌ ထိုထိုတိရစ္ဆာန်တို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်၏လို့ ဟောကြားပါတယ်။

စဉ်းစားကြည့်ပါ။ သက်သတ်လွတ်စားခြင်းအားဖြင့် ချက်ရပြုတ်ရကိစ္စ နည်းပါးသွားတယ်။ အစားအသောက် ပေါ်မှာ တပ်နှစ်သက်တဲ့ ရသတဏှာ (ဝါ) လောလုမှု တဏှာကို သတ်ရာလည်း ရောက်တယ်။

ကျွန်တော်အပါအဝင် လူတော်တော်များများဟာ အသားငါး မပါရင် မစားတတ်ကြဘူး။ ဒါဟာ ရသ တဏှာလို့ ဆိုရပါမယ်။ အဲဒီရသတဏှာကြောင့် ဆိုးကျိုး တွေ တွေ့နိုင်ပါတယ်။ ဥပမာ-ပေါရိသာဒဟာ အသား မပါ မစားတတ်ဘူး။

တစ်နေ့မှာ အခါကြီးရက်ကြီးကြုံလို့ သားငါးဝယ်မရ တော့ ဘုရင်အတွက် အသားမပါရင် အသတ်ခံရမှာမို့ စားတော်ကဲဟာ လတ်လတ်ဆတ်ဆတ် လူသေလောင်းရဲ့ အသားကိုလှီးပြီး ချက်ကျွေးလိုက်တယ်။ အဲဒီအခါမှာ အသားစားကြူးတဲ့ ပေါရိသာဒဟာ တစ်ခါမှ မစားဖူးတဲ့ အလွန်ကောင်းတဲ့ အရသာကို စွဲမက်ပြီး ထိုအသားဟာ လူသားမှန်းသိတဲ့ အချိန်ကစပြီး စားတော်ကဲကလည်း နေ့စဉ် လူသားချက်ကျွေးရတယ်။ နောက်တော့ လူသား မရနိုင်တော့တဲ့အခါ ရာဇဝတ်ဘေးသင့်နေတဲ့ အချုပ်သား တွေကိုသတ်ပြီး ချက်ကျွေးရတဲ့ အဖြစ်ဆိုးနဲ့ ကြုံလာ ရတယ်။ စဉ်းစားကြည့်ဗျာ၊ အချုပ်သားတွေကုန်တော့ မြို့ရွာနယ်ပယ်ဇနပုဒ်မှာနေတဲ့ လူတွေကို ခိုးပြီး သတ် ဖြတ်စားသောက်တဲ့အထိ တိုင်းပြည်ဟာ ထိန်းမနိုင်သိမ်း မနိုင် ဆူပူလာတော့တယ်။ ဒါဟာ လက်သည်က ရသ တဏှာကြောင့်ပါ။

နောက်တစ်ခုက မြတ်စွာဘုရားလက်ထက် ရာဇ ဂြိုဟ်က နွားသတ်သမား နန္ဒကဟာလည်း အသားမပါရင် မစားတတ်ဘူး။ တစ်နေ့ အသားဟင်း ဝယ်မရလို့ သူ



www.burmeseclassic.com

www.burmeseclassic.com

ထမင်းဝိုင်းမှာ အသားဟင်း မပါလေတော့ ထသွားပြီး ဓားကိုဆွဲ၊ အိမ်အောက်က နွားလေးကို နဖားကြိုးဆွဲ၊ ပါးစပ်ဖြဲ လျှာဆွဲထုတ်ပြီး ဖြတ်ပစ်လိုက်ပါတယ်။ နောက် ချက်ပြီး စားပစ်လိုက်တယ်။ ဒီဝဋ်ဝကြွေးဟာ ချက်ချင်းပဲ လည်တယ်။ အဲဒီနွားသတ်သမားဟာ နွားလျှာဟင်းနဲ့ ထမင်းစားနေရင်းပဲ သူ့လျှာဟာ ထမင်းပန်းကန်ထဲ အလို လို ပြုတ်ကျလာတယ်။ လူလည်း နေရာတွင် ပွဲချင်းပြီး သေဆုံးသွားတယ်။

ဒါတွေဟာ ပုံပြင်တွေ မဟုတ်ပါဘူး။ တကယ့်အဖြစ် အမှန်တွေပါ။ ရသတဏှာရဲ့ ဆိုးဝါးတဲ့ အပြစ်တွေပါ။ ဒါကြောင့် သက်သတ်လွတ်ဟာ စားသင့်ပါတယ်။ သူ တော်ကောင်းများကလည်း သက်သတ်လွတ်စားခြင်းကို အပြစ်မမြင်ကြပါဘူး။ မြတ်စွာဘုရားက သူတပည့်တွေ ကို သက်သတ်လွတ်မစားခိုင်းတာက ရဟန်းဆိုတာဟာ ပရဒတ္တူပဇီဝီ ပြိတ္တာမျိုးလို သူတစ်ပါး ဘုန်းကံကို မှီနေ ကြရတဲ့ ပုဂ္ဂိုလ်တွေမို့ ဒကာ၊ဒကာမလောင်းတာတွေကို ရွေးများနေလို့ မရဘူးလေ။ အားလုံးရောပြွမ်း ဘုဉ်းပေး ကြရတာပဲ။

ဒါလောက်ဆိုရင် ပထမကိစ္စ ဖြေရှင်းတာ ကျေနပ် လောက်ပါပြီ။ ဒုတိယပိုင်းကို ဆက်သွားကြရအောင်။ ဆရာကြီးပြောသလို ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ် တို့ဟာ အသက်သတ်လွတ်စားတယ်ဆိုတာ သူ့အကျိုးပေး နဲ့သူမို့ပါ။ သက်သတ်လွတ်စားရတဲ့သတ္တဝါ၊ အသားကို စားရမှ အသက်ရှင်နိုင်တဲ့ သတ္တဝါတွေ အစုံစားရတဲ့ သတ္တဝါ စုံနေတာပဲ။ တိရစ္ဆာန် သက်သတ်လွတ်စားတာ က သူ့အကျိုးပေးနဲ့ သူ့ကံပစ်ချရာ ခံရတာပါ။ လူ သက် သတ်လွတ်စားတာက တစ်စုံတစ်ခုသော အကျိုးကို ရည် မှန်းပြီး စားတာပါ။ လူနဲ့တိရစ္ဆာန် သက်သတ်လွတ်စား တာချင်း အတူတူပေမယ့် လူဟာ အသိဉာဏ်ကောင်းမှု၊ ကုသိုလ်ပြုခြင်းမှာ အများကြီး ကွာခြားလှပါတယ်။

နောက်ပြီး ဓမ္မပဒပါဠိတော်၊ ဇမ္ဗူကတ္ထေရ ဝတ္ထုမှာ ဘုရားဟောထားတာရှိပါတယ်။

မာသေ မာသေ ကုသဂ္ဂေန၊
ဗာလေ ဘုဥ္စယ ဘောဇနံ၊
န သော သင်္ခတ ဓမ္မာနံ၊
ကလံ နဂ္ဃတိ သောဠသိံ။

အစိပ္ပာယ်က အကြောင်းအကျိုး အကောင်းအဆိုးကို မသိတတ်တဲ့ လူမိုက်ဟာ နိဗ္ဗာန်ရဖို့ ရည်ရွယ်ပြီး အစာ မစားဘဲ ကျင့်သည်ဖြစ်စေ၊ သမန်းမြက်များနဲ့ တစ်လမှ တစ်ကြိမ် တို့စားပြီး ကျင့်သည်ဖြစ်စေ၊ သိအပ်သော တရားကို သိတဲ့ပုဂ္ဂိုလ်တို့ရဲ့ (၁၆)စိတ်၊စိတ်ပြီး တစ်စိတ် မျှပင် မမီနိုင်ဘူးဆိုတဲ့ အစိပ္ပာယ်ပါပဲ။

များသောအားဖြင့် သက်သတ်စားတဲ့ လူတွေကို အပြစ်မြင်ကြတယ်။ နှာခေါင်းရှုံ့ကြတယ်။ သာသနာပ အကျင့်ဆိုပြီး ကဲ့ရဲ့ကြတယ်။ စောစောကလို ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်တို့လည်း သက်သတ်လွတ်စားကြတာတို့ ဘာတို့ဆိုပြီး ပြောဆိုကဲ့ရဲ့တတ်တယ်။ အဲဒီလိုတွေ မပြော သင့်ပါဘူး။ အပြစ်အများကြီး ကြီးပါတယ်။ လူတွေက အလုပ်မရှိ အလုပ်ရှာ၊ ကြောင်မ ရေချိုး၊ ချစ်တီးခေါင်း သန်းရှာနေကြတာပဲ။

လူဆိုတာက သူ့အကြိုက် ကိုယ့်အကြိုက် ဘယ်တူ နိုင်မလဲဗျာ။ ဥပမာဗျာ အရိယာပုဂ္ဂိုလ်တွေတောင် တစ်ဦး နဲ့ တစ်ဦး အကြိုက်ချင်း မတူညီကြဘူး။ ဥပမာ-မဟာ ဝဂ္ဂသံယုတ်မှာ ဖော်ပြထားတာမှာ အနာထပိဏ်၊ ဝိသာခါ၊ စူဠရတာ၊ မဟာရတာ၊ အနေကဝဏ္ဏနတ်သား၊ နာဂဒတ္တ နတ်သား၊ သိကြားမင်းတို့ကိုကြည့်ရင် သံသရာရှည်ချင် ကြတဲ့ အရိယာတွေဆိုတာ သိနိုင်ပါတယ်။

ကဲ··စကားလည်းရှည်ပြီ။ နိဂုံးချုပ်ရအောင်ဗျာ။ သက်သတ်လွတ်စားပြီး ဒုစရိုက်မလုပ်လို့ ကောင်းရာသုဂ တိရောက်ရမယ်ဆိုတဲ့စကားမှာ တိရစ္ဆာန်ဆိုတာ တရား ကျင့်ဖို့၊ ကုသိုလ်ကောင်းမှုပြုဖို့ အခွင့်အရေးမရှိရုံတင်မက အချင်းချင်းနိုင်ရာစား အလေ့အထကြောင့် နေ့စဉ် အကု သိုလ်ဖြစ်တတ်ကြပါတယ်။ အကုသိုလ်နည်းအောင်၊ ကုသိုလ်များအောင်၊ စိတ်ဓာတ်ဖြူစင်အောင် ပြုနိုင်ခြင်း များ အလျှင်းမရှိနိုင်သည့်အတွက် တိရစ္ဆာန်တွေသေရင် ဘယ်လိုလုပ်ပြီး ကောင်းရာသုဂတိ ရောက်နိုင်မလဲဗျာ။

တစ်ခါက မြတ်စွာဘုရားလက်ထက်တော်မှာ ပဋ္ဌ ကင် လက်သမားကြီးဆိုတာရှိတယ်။ အဲဒီလက်သမားကြီး ကို သမဏမုဏ္ဍိကာရဲ့သားဖြစ်တဲ့ ဥဂ္ဂဟမာနပရိဗိုဇ်က စကားတစ်ခုဆိုတယ်။

ဒကာ··လောက၌ ကိုယ်ဖြင့် မကောင်းသောအမှု ကိုမပြု၊ မကောင်းသော စကားကိုမဆို၊ မကောင်းသော



www.burmeseclassic.com

www.burmeseclassic.com

အကြံကိုမကြံ၊ မကောင်းသော အသက်မွေးမြူမှုမပြု၊ ငါသည် ဤတရားနှင့်ပြည့်စုံသော ယောက်ျားပုဂ္ဂိုလ်ကို ပြည့်စုံသောကုသိုလ်ရှိသူ၊ မြတ်သောကုသိုလ်ရှိသူ၊ မြတ်သောသူတို့သာ ရောက်သင့်သောနေရာသို့ ရောက်သူ၊ စကားစစ်ထိုး၍ မရနိုင်သူ သမဏဟူ၍ ငါမဆို။

'လက်သမားကြီး၊ အသို့ဆိုလျှင် ကလေးသူငယ် လူမမည် ပက်လက်အိပ်အရွယ်မှာ စကားဟူ၍ ဆိုတတ်သော အခြေမျှလည်းမရှိ၊ ငိုကြွေးရုံမှတစ်ပါး မကောင်းသော စကားကို အဘယ်မှာ ဆိုလိမ့်မည်နည်း'

'လက်သမားကြီး…ထိုကလေးငယ်သည် လူမမည် ပက်လက်အိပ်အရွယ်တွင် အကြံဟူ၍ သိတတ်သောဉာဏ်မျှလည်းမရှိသေး။ ငိုကြွေးရုံ၊ ရွှင်မြူးရုံမှတစ်ပါး အဘယ်မှာ မကောင်းသော အကြံကို ကြံလတ္တံ့နည်း'

'လက်သမားကြီး..ထိုပက်လက်အိပ် အရွယ်သည် အမိနို့စို့ခြင်းမှတစ်ပါး အဘယ်မှာ မကောင်းသောအသက်မွေးမြူမှု ရှိပါအံ့နည်း။ ဒုစရိုက်တစ်ခုခုကို မပြုလုပ်ခြင်းသက်သက်မျှသည် ချီးမွမ်းဖွယ်မဟုတ်။ အကုသိုလ်မဖြစ်သော်လည်း ကုသိုလ်ဖြစ်သည်ဟု မဆိုနိုင်။ မကျူးလွန်တိုင်း ကုသိုလ်ဖြစ်လျှင် ကလေးအရွယ်က သေဆုံးသူအားလုံး နတ်ပြည်ရောက်ကုန်ရာသည်။ အမှန်မှာ သံဝရစောင့်စည်းခြင်းလိုမှုနှင့် ပဟာနဖယ်ရှားလိုမှုများနှင့် ရှောင်ကြဉ်မှ သီလဟု ခေါ်ဆို၏။

ကဲ..ဆရာကြီးပြောသလို ဆင်၊ မြင်း၊ ကျွဲ၊ နွားသို့၊ ဆိတ်တို့ဟာ သက်သတ်လွတ်တင်မဟုတ်ဘဲ ကံငါးပါး လုံခြုံနေတယ်လို့ မဆိုနိုင်ဘူးလား။

ခုမှပဲ နိဂုံးအစစ် ချုပ်ရတော့မယ်။ ဆရာကြီးလည်း သဘောပေါက်လောက်ပါတယ်။ ကျွန်တော် ဆန္ဒပြုချင်တာကတော့ ကိုယ်မလုပ်ဘဲ လုပ်သူကို အပြစ်မပြောပါနဲ့ဗျာ။ အပြစ်က နေမှာမဟုတ်ဘူး။

ချစ်တီးခေါင်း သန်းမရှာပါနဲ့။ သူတော်ကောင်းအလုပ် ဆုတ်ယုတ်သွားပါ့မယ်'

စကားဆွေးနွေးလို့ ပြီးဆုံးသည့်အခါတွင် ဆရာလေးမှာ ပြုံးပြုံးကြီးဖြင့် များစွာသဘောကျ ပီတိဖြစ်လျက်။

**လှကျော်ညွန့်(ရေကင်း)**


ကြယ်ဖြူမင်း

အမှတ်တံဆိပ်

ဆီးချို၊ သွေးချိုဆေး




ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခန်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်၊

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်၊

ပင်ရင်း ကြယ်ဖြူမင်း ဆေးတိုက်

အမှတ်(၄၅၁) ၊ သမိန်ဗရမ်းနှင့် အောင်ခြေလမ်းထောင့်၊ (၃၆)ရပ်ကွက် ၊ မြောက်ဒဂုံ။

၀၉-၇၃၀၁၄၀၄၄ ၀၉-၅၀၀၁၄၃၆ ၊ ၀၉-၅၁၁၉၀၇၂ ၊ ၀၉-၅၁၉၈၇၈၅

ဖြန့်ချိရေး တိုဝင်းမြင့်+မသောဘိ (ဆေးမျိုးစုံဆိုင်)၊ (၁၅)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ (ပြည်မြို့ - ဒေသနမ်တော်ကြီးဆေးဆိုင်) ၊ (တောင်ငူမြို့ - ရွှေပေါင်းလောင်းဆေးဆိုင်) (ပုသိမ်မြို့ - မြဖူးပွင့်ဆေးခန်း) ၊ (ပဲခူးမြို့ - တာသာကုန်တွေသန့်ဆေးဆိုင် ၊ တာသာကုန်ယဉ်

မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊တဆထလ၊(၂၃၈၅)




ကြွက်သေတစ်ခု၊ အရင်းပြု၍၊ ကြွယ်မှုတတ်ဆုံး၊ သူဌေးထုံးကို၊ နှလုံးမူလျက်၊ ကြံစည်နက်၍၊ သူ့ထက်လွန်ကဲ၊ ကြွယ်စေမင်း။

အထက်ဖော်ပြပါ ပျို့လင်္ကာမှာ ကန်တော်မင်ကျောင်း ဆရာတော်၏ လောကသာရပျို့မှ ကောက်နုတ်ချက်ဟု ထင်ပါသည်။ အလယ်တန်းကျောင်းသား အရွယ်ခန့်က ကျက်မှတ်ခဲ့ရသော ပျို့၊ ကဗျာ၊ လင်္ကာများဖြစ်၍ အတိအကျ မမှတ်မိတော့ပါ။ ကြွက်သေတစ်ခုကို အရင်းပြုလျှင်ပင် ချမ်းသာနိုင်ကြောင်း ဆိုဆုံးမထားခြင်း ဖြစ်ပေသည်။ ယခုခေတ် စာဖတ်သူများ ယုံချင်မှ ယုံပေမည်။ ယုံသည်၊ မယုံသည်မှာ စာဖတ်သူ၏ ဆလိုဆန္ဒအတိုင်းသာ ဖြစ်ပါသည်။ Believe it or not ဟူသော အင်္ဂလိပ်စကားအတိုင်း ယုံချင်လည်း ယုံနိုင်ပေသည်။ မယုံလျှင်လည်း ပုံပြင်ဟုသာ မှတ်ယူကြရန် ဖြစ်ပေသည်။

အဖြစ်အပျက်ကတော့ အမှန်ပင်ရှိခဲ့ပြီး အရင်းအနှီးမရှိ၍ စိတ်ညစ်နေသူများ၊ စိတ်ပျက်နေသူများအတွက် စိတ်ဓာတ်မကျကြစေရန် ရေးသားတင်ပြလိုက်ရပေသည်။

အချိန်မှာ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု

www.burmeseclassic.com

နေသောအချိန် ဖြစ်ပေသည်။ ဘုရားအလောင်းသည် မင်းနှင့် အကျွမ်းဝင်သော စူဠသူဌေးဖြစ်သည်။ နေ့ရက်၊ နက္ခတ်ကောင်းသည် မကောင်းသည်ကိုလည်းကောင်း၊ နိမိတ်၊ အတိတ်၊ တဘောင်တို့ကိုလည်းကောင်း၊ ကျွမ်းကျင်သိရှိသူ ဖြစ်သည်။

တစ်နေ့တွင် အိမ်အနီးတွင်ရှိသော လူငယ်တစ်ဦးကို ခေါ်ယူ၍ မင်းအိမ်သို့ သွားလေရာ လမ်းခရီး၌ ကြွက်သေတစ်ကောင်ကို တွေ့လိုက်ရသည်။ နေ့ရက်၊ နက္ခတ်ကို ဆင်ခြင်လိုက်သောအခါ ကောင်းကျိုးပေးနိုင်သည်ကို တွေ့မြင်လိုက်ရသည်။ နောက်လိုက်လူငယ်အား ဤကြွက်သေကိုယူ၍ ကူးသန်းရောင်းဝယ်လျှင် ကြီးပွားမည်ဟု ပြောကြားပြီး ထိုကြွက်သေကို ပေးလိုက်လေသည်။

ထိုလူငယ်သည် ကြွက်သေကိုယူပြီး အိမ်သို့ ပြန်လာခဲ့သည်။ ထို့နောက် ကြွက်သေအား ကြောင်စာအဖြစ် ရောင်းလိုက်ရာ နှစ်ရွေးမျှ ရသည်။ နှစ်ရွေးသည် ပဲဝက်မျှသာရှိသော ငွေကြေးဖြစ်ပေသည်။ ယင်းနှစ်ရွေးဖြင့် တင်လဲကိုဝယ်၍ အရည်ကျိုလိုက်သည်။ ပန်းသည်မိန်းမများအား တင်လဲဖျော်ရည်ကို တစ်ခွက်စီ တိုက်လေရာ ပန်းသည်များက ပန်းများကို လက်ဆောင်ပေးကြသည်။ ထိုပန်းများကို ရောင်းလိုက်ပြန်ရာ ငွေကြေးမှာ တစ်မတ်အထိ ရရှိသွားလေသည်။ ယင်းငွေတစ်မတ်ဖြင့် တင်လဲကိုဝယ်၍ ဖျော်ရည်ဖျော်ပြီး ပန်းဥယျာဉ်များသို့ လိုက်၍တိုက်ပြန်သည်။ ပန်းဥယျာဉ်များမှ ကျန်သောပန်းများကို ထပ်ရ၍ ရောင်းလိုက်ပြန်ရာ ငွေကြေးထပ်၍ရပြန်သည်။ စုစုပေါင်း ရှစ်အသပြာ ဖြစ်သွားပေသည်။

တစ်နေ့သောအခါ မုန်တိုင်းကျလာလေသည်။ ရှင်ဘုရင်၏ဥယျာဉ်တွင် သစ်ပင်များ၊ သစ်ကိုင်းသစ်ခက်များ ကျိုးကျကုန်သည်။ စိတ်ညစ်နေသော ဥယျာဉ်မှူးအား သစ်ပင်၊ သစ်ခက်၊ သစ်ကိုင်းတို့အား ရှင်းပေးရန် ဖော်ပြပါ လူငယ်က တာဝန်ယူလိုက်သည်။ ရှင်းခအဖြစ် သစ်ပင်သစ်ကိုင်းတို့အား ပေးရန် ကတိကို ရရှိသည်။ ကစားနေကြသော ကလေးငယ်များအား တင်လဲရည်တိုက်၍ သစ်ကိုင်း၊ သစ်ခက်တို့ကို ရှင်းလိုက်သည်။ ရသောသစ်ကိုင်းသစ်ခက်တို့ကို ထင်းအဖြစ် အိုးလုပ်သူတို့အား ရောင်းချလိုက်သည်။ စာရင်းရှင်းလိုက်သောအခါ ထင်းဖိုးတစ်ဆယ့်ခြောက်အသပြာနှင့် အိုးငါးလုံးကို ရလိုက်သည်။ ယခင် ပန်းရောင်းရငွေများနှင့် ပေါင်းလိုက်သောအခါ နှစ်ဆယ့်လေးပြားသော အသပြာကို စုမိလေတော့သည်။

ထိုအသပြာများဖြင့်ပင် တင်လဲဖျော်ရည်ကို ဖျော်ခဲ့သည်။ အိုးစရည်းများတွင် ဖျော်ရည်များကိုထည့်ပြီး ငါးရာသော မြက်ရိတ်သမားတို့ကိုလည်းကောင်း၊ ကြည်းကြောင်း၊ ရေကြောင်း ကုန်သည်တို့ကိုလည်းကောင်း တိုက်ကျွေးပြန်သည်။ ကုန်သည်များထံမှ အရောင်းအဝယ်သတင်းများကို နားထောင်သည်။ မနက်ဖြန် မြင်းငါးရာတို့ ရောက်လာအံ့ဟု ကုန်သည်များထံမှ သတင်းရသည်။

ထို့နောက် နောက်တစ်နေ့တွင် မြက်ရိတ်သမားများအား၊ မြက်များကို ငှင်းကိုသာ ရောင်းချကြရန်၊ တစ်ယောက် တစ်စည်းစီလည်း လက်ဆောင်ပေးကြပါဟု မေတ္တာရပ်ခံလိုက်သည်။

နောက်တစ်နေ့တွင် မြင်းကုန်သည်များ ရောက်လာကြသည်။ မြက်ရှာမရသဖြင့် ဖော်ပြပါ လူငယ်ထံမှသာ မြက်များကို ဝယ်ကြရသည်။ စာရင်းရှင်းလိုက်သောအခါ ကြွက်သေတစ်ခုကို အရင်းပြုခဲ့သော ထိုလူငယ်တွင် အသပြာ တစ်ထောင်အထိ စုမိသွားတော့သည်။

များမကြာမီ ရေကြောင်းသွားလာသော မိတ်ဆွေများ၊ ကုန်သည်များ၊ သင်္ဘောများ ရောက်လာကြသည်။ လူငယ်သည် တင့်တယ်ကောင်းမွန်သော ရထားကို ရှစ်အသပြာဖြင့်ငှားပြီး အခြံအရံများဖြင့် ဆိပ်ကမ်းသို့ သွားလေသည်။ သင်္ဘောသူကြီးအား လက်ဆောင်ပဏ္ဏာပေးပြီး သင်္ဘောတွင်ပါသမျှ ကုန်ပစ္စည်းအား မိမိတို့သာရောင်းချရန် စာချုပ်ချုပ်ဆိုလိုက်လေသည်။ သင်္ဘောသူကြီးကိုလည်း ခမ်းနားစွာဖြင့် ကျွေးမွေးဧည့်ခံလေသည်။

အခြားကုန်သည်တို့ ရောက်လာသောအခါ သင်္ဘောသူကြီးက 'ငါသည် ဤသူနှင့် စာချုပ်ချုပ်ဆိုပြီးပြီ။ သင်တို့အား မရောင်းနိုင်တော့'ဟု ပြောဆိုလိုက်ကြတော့သည်။

ဤသို့ဖြင့် သင်္ဘောတစ်စင်းတွင် အသပြာ တစ်ထောင်ခန့် ရလိုက်ရာ သင်္ဘောခုနစ်စင်းအတွက် အသပြာ ခုနစ်ထောင်ခန့် ရသွားတော့သည်။

ထိုလူငယ်သည်လည်း စူဠသူဌေး၏ ဩဇာခံတပည့် ဖြစ်၍ စူဠန္တေဝါသိကဟု အမည်တွင်သွားတော့သည်။

စူဠန္တေဝါသိက သူဌေးကလေးသည် ဤကဲ့သို့ ကြံ စားအားထုတ်ရင်းဖြင့် လေးလမျှကြာသောအခါ အ

www.burmeseclassic.com

နှစ်သိန်းလောက်အထိ ရရှိသွားသည်။ ထိုအခါ စူဠသူဌေး၏ကျေးဇူးကြောင့် ဤကဲ့သို့ ကြီးပွားချမ်းသာလာသည်ကို တွေးတောသတိရပြီး စူဠသူဌေးအား တစ်သိန်းသောအသပြာကို ကျေးဇူးဆပ်လိုက်လေသည်။

စူဠသူဌေးက အဘယ်ကဲ့သို့ပြု၍ ဤကဲ့သို့ ချမ်းသာလာရသနည်းဟု မေးမြန်းလေရာ ကြွက်သေကို ရောင်းသည်ကစ၍ တင်လဲရည်များကို လှူဒါန်းပေးကမ်းသည်တို့ အပါအဝင် အလုံးစုံကို ပြန်၍ပြောပြလေသည်။

သူဌေးကြီးလည်း "အမောင်လုလင်သည် ဆင်ခြင်နိုင်သော ပညာလည်း ရှိ၏။ လွန်စွာသော လုံ့လနှင့်လည်း ပြည့်စုံ၏။ ကျေးဇူးကိုလည်း အထူးသဖြင့် သိတတ်၏။ အမောင်ကဲ့သို့သော သူသည် စည်းစိမ်ဥစ္စာရှင် ဖြစ်ထိုက်ပေသည်" ဟု ချီးမွမ်းပြောဆိုပြီး မိမိ၏သမီးနှင့် စုံဖက်ပေးလိုက်တော့သည်။

ကြွက်သေတစ်ခုကို အရင်းပြုသော လူငယ်သည် လုံ့လ၊ ဝီရိယရှိသည်ကို တွေ့ရပေမည်။ ကလေးငယ်များမှအစ ဥယျာဉ်မှူးများ၊ ဈေးသည်များအလယ် ကုန်သည်ကြီးများ၊ သင်္ဘောသူကြီးများ (သင်္ဘောကပ္ပတိန်များ) အဆုံး အားလုံးသောသူများနှင့် ပေါင်းသင်းဆက်ဆံတတ်သည်ကို တွေ့ရပေမည်။ ကူးသန်းရောင်းဝယ်တတ်၊ စဉ်းစားဆင်ခြင်တတ်သည်ကို တွေ့ရပေမည်။ လူကြီးသူကြီးများ၏ ပြောစကားများကို ယုံကြည်မှတ်သား လိုက်နာပြီး ကျေးဇူးတရား သိတတ်သူလည်း ဖြစ်ကြောင်းကို တွေ့ရသည်။ လိမ္မာပါးနပ်သကဲ့သို့ ရိုးသားဖြောင့်မတ်မှု ရှိသည်ကိုလည်း တွေ့ရပေမည်။

နေ့စဉ်သတင်းစာများကို ဖတ်ရှုရသောအခါ ခိုးဝှက်ကြသူများ၊ ခါးပိုက်နှိုက်များ သတင်းများကို ဖတ်ကြရသည်။ လုယက်သူများ၊ ဓားပြတိုက်သူများ သတင်းကို စိတ်မချမ်းသာဖွယ် ကြားသိရသည်။ နေ့ခင်းကြောင်တောင် အနုကြမ်းစီးသူများ၊ ဘုရားဝတ်ပြုနေသူကိုပင် ရိုက်နှက်လုယက်ကြသူများ၊ ကလေးငယ်ကို ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး ပြန်ပေးဆွဲ ငွေတောင်းမှုများ၊ ဘဏ်များကို ဓားပြတိုက်သူများ၏ သတင်းများကို မပြတ်ကြားသိနေရသည်။ ဤခေတ် ဤလောကတွင် ရိုးသားဖြောင့်မတ်သူမှ ရှိပါလေစဟု တွေးတောစိုးရိမ်ဖွယ်ရာဖြစ်နေပေသည်။



သို့ရာတွင် နွေရာသီကျောင်းပိတ်ရက်များ၌ ယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်နေကြသော ကျောင်းသားကျောင်းသူများသတင်း၊ အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်ကဲ့သို့သော စာမေးပွဲများကို ဖြေဆိုကြသူများ၊ အောင်မြင်ကြသူများသတင်း၊ နွေရာသီကျောင်းပိတ်ရက်များ၊ နှစ်သစ်ကူးသင်္ကြန်ပွဲတော်အခါများတွင် ရှင်ပြုကြ၊ ရဟန်းဝတ်ကြ၊ ဒုလ္လဘရဟန်းခံကြသောသတင်း၊ သီလရှင်ဝတ်ကြသော သတင်းများ၊ ရိပ်သာဝင်ကြသော သတင်းများကို ဖတ်ရှုရသောအခါ သာသနာတော် ထွန်းကား၍ လူကောင်းများ၊ လူလိမ္မာများလည်း ရှိကြပါသေးသည်ဟု တွေးတောဖြေသိမ့်ရပါသည်။

လူမိုက်တို့သည်ကား လူမိုက်တို့ သွားရာလမ်းကိုသာ လျှောက်လှမ်းပြီး ဇာတ်သိမ်းမကောင်းစွာဖြင့် နိဂုံးချုပ်ကြရပေမည်။

ရိုးသားသူများ၊ ကြိုးစားသူများ၊ အရင်းအနှီးမရှိသည်ကို အကြောင်းပြုပြီး စိတ်ပျက်အားငယ်နေသူများအတွက် နမူနာကောင်းတစ်ရပ်အဖြစ် ရေးသားတင်ပြအပ်ပေသည်။

**မောင်ညာဏ်စိန်**

<u>ရည်ညွှန်းစာအုပ်</u>

* မြွေဂန်ဖတ်စာနှင့် ပုရာဏ်ကျမ်း
(ကျီးသဲလေးထပ်ဆရာတော်)။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ကပ်ကြီးသုံးပါး၏ ကိုယ်စားလှယ်က မြို့တွင်းသို့ ဝင်ရောက်လာလေ၏။

သူက မြို့တွင်းရောက်သည်နှင့် ခေတ္တမျှရပ်ကာ စဉ်းစားလိုက်သည်။ ထို့နောက် အုပ်ချုပ်သူ လူတန်းစားများ နေထိုင်ရာ ရပ်ကွက်အတွင်းသို့ ဦးစွာဝင်ရောက်ရန် သူ ဆုံးဖြတ်ချက်ချလိုက်သည်။ ခြေလှမ်းကိုလည်း စလိုက်သည်။ ထိုရပ်ကွက်အတွင်းသို့ ရောက်သည်နှင့် သစ်လွင်တောက်ပ ခမ်းနားလှပသော အဆောက်အအုံများကို သူ တွေ့ရသည်။ လမ်းများပေါ်တွင် အမှိုက်တစ်စမျှ မတွေ့ရသလို စိမ်းစိုဝေဆာသော ပန်းခြံများကိုလည်း နေရာအနှံ့ပင် တွေ့မြင်ရလေသည်။

သို့သော် သူ ဘဝင်မကျ ဖြစ်သွားမိသည်။ အကြောင်းမှာ လမ်းပေါ်၌ ခြေကျင်လျှောက်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မတွေ့ရဘဲ လူမှန်သမျှ ပြောင်လက်ထည်ဝါသော ကားကြီးများကိုသာ အဖြိမ့်သားစီးလျက် ခရီးသွားလာနေကြခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ထက်ပို၍ ဘဝင်မကျစရာကောင်းလှသည်မှာ ရှိသမျှ ခြံဝင်းတိုင်းလိုလိုပင် အုတ်တံတိုင်းများ၊




www.burmeseclassic.com

www.burmeseclassic.com

သံတိုင်များ အထပ်ထပ်ကာရံထားလေသည်မို့ သူ့အတွက် အတွင်းသို့ မည်သို့မျှ မဝင်သာခြင်းပင် ဖြစ်လေသည်။ မျှော်လင့်ချက်ဖြင့် ခြံဝင်းများအတွင်းသို့ ချောင်းမြောင်းကြည့်မိသေးသော်လည်း အစောင့်လုပ်သူများ၏ ခက်ထန်စွာ ဟိန်းဟောက်မောင်းထုတ်မှုကြောင့် သူ့မှာ နောက်ပြန်လှည့်ခဲ့ရသည်ချည်း ဖြစ်လေသည်။

သို့သော် သူက လျှောက်မြဲလျှောက်နေမိသည်။ ထိုသို့ လျှောက်နေရင်းလည်း မျက်စိနှင့် နားတို့ကို သတိရှိရှိ ဖွင့်ထားနေမိသည်။ သို့နှင့် တဖြည်းဖြည်းလျှောက်လာခဲ့ရင်း တစ်နေရာအရောက်တွင် အဆောက်အအုံကြီးတစ်ခုအတွင်း၌ လူများ စုရုံး,စုရုံးလုပ်နေကြသည်ကို လှမ်းမြင်လိုက်ရသည်။ သူ စိတ်ဝင်စားသွားသည်။ ထိုနေရာသို့လည်း ချဉ်းကပ်သွားလိုက်သည်။ အနီးရောက်မှ ထိုလူစုက အစည်းအဝေးလုပ်နေကြမှန်း သိလိုက်ရသည်။

မကြာမီပင် အစည်းအဝေး ပြီးဆုံးသွားသည်။ လူအသီးသီးက သူတို့၏ ကားများပေါ်သို့တက်ကာ မောင်းထွက်သွားလိုက်ကြသည်။ ခန်းမကြီးက လူရှင်းသွားပြီး ရုတ်ခြည်းပင် ခြောက်သွေ့ကျန်ရစ်ခဲ့သည်။

သို့သော် လူတစ်ဦးကမူ ခန်းမအလယ်၌ ကျန်နေခဲ့လေသည်။ ထိုလူက ထိုင်ခုံတွင်ထိုင်လျက် အကြောင်းအရာတစ်ခုကို အကြိတ်အနယ် စဉ်းစားနေဟန်တူသည်။ မကြာခဏဆိုသလိုပင် မေးစေ့ကိုပွတ်လ...ကိပြင်းကို ချလိုက်နှင့် လုပ်နေလေသည်။

သူ အားတက်သွားသည်။ ထိုလူထံ ချဉ်းကပ်ပြီး ထမဆုံး တရားဟောရန် ဆုံးဖြတ်လိုက်သည်။ ထိုလူမှာ တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူကာ အသက်အရွယ် အိုမင်းသူ ဖြစ်နေသည့်အတွက် မိမိဟောမည့်တရားကို အလွယ်နှင့် လက်ခံနိုင်ကောင်းပေသည်ဟုလည်း သူက များစွာမျှော်လင့်လိုက်မိသည်။

'ဒီ..ဒီမှာခင်ဗျ'

ထိုလူ့အနီးသို့ရောက်သည်နှင့် မိတ်ဆက်ရန် စကားဆိုလိုက်သည်။ ထိုလူက လှည့်ကြည့်လိုက်သည်။ မျက်မှောင်ကြုတ်၍လည်း သူ့ကို ပြန်မေးလိုက်သည်။

'မင်းက ဘယ်သူလဲ၊ ဘာကိစ္စလဲ'

'ကျွန်တော်က ကပ်ကြီးသုံးပါးရဲ့ ကိုယ်စားလှယ်ပါခင်ဗျာ လူတွေကို တတ်အားသရွေ့ လိုက်ပြီးသတိပေးနေသူပါ'

'ဘာကွ၊ ကပ်ကြီးသုံးပါးရဲ့ကိုယ်စားလှယ် ဟုတ်စ။ တစ်ခါမှလည်း မကြားဖူးပါလား။ မင်းက ဘယ်သူတွေကို ဘာတွေ လိုက်သတိပေးနေတာလဲ'

'ဒီလိုပါခင်ဗျ၊ ကျွန်တော့်ရည်မှန်းချက်က ကယ်သင့်သူကို အချိန်မီ ကယ်တင်နိုင်ရေးပါပဲ။ လူကြီးမင်း အခုကြားနေရတယ်မဟုတ်လား။ ကမ္ဘာ့အရပ်ရပ်မှာ အခုတလော မကြုံဖူးလောက်အောင်ကို ဆင်းရဲဒုက္ခတွေ၊ ဘေးရန်အန္တရာယ်တွေနဲ့ ရင်ဆိုင်နေကြရပါတယ်။ ဒါဟာ ကပ်ကြီးသုံးပါး ဝင်မွှေနေတာပါပဲ။ ခု ကျွန်တော်တို့ဆီကိုလည်း မကြာခင် သူ ရောက်လာပါတော့မယ်။ သူရောက်လာတဲ့အခါ ရှင်းသင့်သူတွေကို ရှင်းပါလိမ့်မယ်။ ဒါကြောင့် ခုကတည်းက ပြုပြင်သင့်တာကို ပြုပြင်၊ ပြင်ဆင်သင့်တာကို ပြင်ဆင်ပြီး သတိရှိရှိနဲ့ နေထိုင်ကြဖို့၊ လုပ်ကိုင်ကြဖို့ကို..'

'တော်ကွာ..တော်'

ရုတ်တရက် ဖြတ်ဝင်လာသော အော်သံကြီးကြောင့် သူ့စကားများ ပြတ်တောက်သွားလေသည်။ ထိုလူကြီးက မျက်ထောင့်နီကြီးဖြင့် သူ့ကိုကြည့်ကာ-

'ဘယ်က ငကြောင်လဲ မသိဘူး။ ဘာတွေလာပြောမှန်း မသိဘူး။ ငါက မင်းပြောတဲ့ ကပ်ကြီးသုံးပါးအကြောင်းကို စဉ်းစားဖို့ အချိန်မရှိဘူးကွ။ အခု ငါတွေးနေတဲ့ အာဏာသုံးရပ်အကြောင်းတောင် မင်းကြောင့် ဘယ်ရောက်သွားမှန်း မသိဘူး။ သွားစမ်းကွာ။ ငါ့ရှေ့က မြန်မြန်ထွက်သွားစမ်း'

ရုတ်ခြည်းပင် မျှော်လင့်ချက်ကုန်သွားသည်။ သူထင်သလိုမဟုတ်မှန်း သိလိုက်ရလေပြီမို့ ထိုနေရာတွင် ဆက်မနေဝံ့တော့ဘဲ အသာပြန်ထွက်လာခဲ့ရသည်။ သင့်လျော်ရာနေရာတစ်ခုသို့ အရောက်တွင် သူ့မှတ်တမ်းစာအုပ်ကို ထုတ်၍ ဤရပ်ကွက်အတွင်း၌ ကယ်တင်ရမည့်သူ မရှိကြောင်းကို ရေးမှတ်လိုက်လေသည်။

◆ ◆ ◆

ရပ်ကွက်တစ်ခုအတွင်းသို့ ဝင်ရောက်ခဲ့ပြန်သည်။ ထိုရပ်ကွက်မှာ မြင်ရရုံနှင့်ပင် သူဌေးသူကြွယ်၊ ကုန်သည်၊ ပွဲစားတို့၏ ရပ်ကွက်မှန်း သိသာနေလေသည်။

သို့သော် သည်တစ်ခါတွင်လည်း သူဘဝင်မကျ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

မိရပြန်သည်။ အကြောင်းမှာ သူမြင်တွေ့ရလေသော လူတိုင်းလိုလိုပင် မည်သူမျှ မအားလပ်ကြပေ။ တယ်လီဖုန်းတကိုင်ကိုင်နှင့် စီးပွားရေးသတင်းများကို ဆက်သွယ်ပြောဆိုနေသူတွေ၊ လုပ်ငန်းကိုင်ငန်းအကြောင်း တိုင်ပင်ပြောဆိုနေသူတွေ၊ စာရင်းဇယားတို့ကို စစ်ဆေးတွက်ချက်နေသူတွေ၊ ငွေစက္ကူများအား ဝမ်းသာအားရ ရေတွက်သိမ်းဆည်းနေသူတွေကိုသာ နေရာတိုင်းလိုလို၌ တွေ့မြင်နေရလေသည်။ သူ့အနေနှင့် မည်သို့မျှ မဝင်သာပေ။ စကားမပြောသာပေ။ အချိန်ယူပြီး ဆွေးနွေးဟောပြောရမည့် သူ့အလုပ်အတွက်ကား လုံးဝပင် မျှော်လင့်ချက် မရှိပါပေ။

သူ အတော်စိတ်ပျက်သွားသည်။ အထင်ကြီးစွာသည်ရပ်ကွက်အတွင်းသို့ ဝင်လာခဲ့မိသော်လည်း အထင်နှင့်အမြင် တစ်စက်ကလေးမှ မနီးမစပ် ဖြစ်ရသည့်အတွက် စိတ်လည်း တော်တော်မောသွားသည်။ သို့သော် ရပ်ကွက်ဆုံးခါနီးသို့ အရောက်တွင်မူ သူ့မျှော်လင့်ချက်များက ပြန်လည်၍ လင်းလက်လာခဲ့ပြန်လေသည်။ အခြားမဟုတ်ပါ၊ ရေမတိုက်ကြီးတစ်လုံး၏ရှေ့တွင် သူတွေ့လိုသောသူတစ်ယောက်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်သည်။ ထိုလူက အလွန်စိတ်ပျက်လက်ပျက်ဟန်ဖြင့် ငိုင်တွေနေလေသည်။ ဆီမလိမ်း၊ ခေါင်းမဖြီးသော သူ့ဆံပင်တွေကလည်း ထိုးထိုးထောင်ထောင်နှင့် ပွလန်ကျဲလျက်ရှိသည်။ သူ့မျက်နှာကမူ ကြီးစွာသော စိတ်သောကကြောင့် မှိုင်းမှုန်လျက်၊ ညှိုးနွမ်းလျက် ရှိလေသည်။

ဟန်ကျလေပြီ။ ဤလူမှာ လူချမ်းသာတစ်ယောက်ပင်ဖြစ်သော်လည်း လောကကို စိတ်ကုန်နေသူ။ တစ်နည်းအားဖြင့် လောကအနှောင်အဖွဲ့မှ လွတ်မြောက်ရန် ကြိုးစည်နေသူမျိုး၏ လက္ခဏာရှိသူပင်ဖြစ်သည်။ ဤလူတွင် သံဝေဂဉာဏ် အလွန်ရင့်သန်အားကောင်းနေဟန်တူသည်။ မိမိအတွေ့ချင်ဆုံး ပုဂ္ဂိုလ်မျိုးပင် ဖြစ်နေသည်။ ထိုအတွေးဖြင့် ထိုလူ့အနီးသို့ သွားရပ်လိုက်သည်။ အချိန်မဆိုင်းတော့ဘဲ ချက်ချင်းပင် စကားစလိုက်တော့သည်။

'ဒီမှာ မိတ်ဆွေ..ကပ်ကြီးသုံးပါးကို ခင်ဗျား ကြားဖူးရဲ့နော်'

ထိုလူက ဘာမျှပြန်မပြောချေ။

'ကပ်ကြီးသုံးပါးရဲ့ရန်ကို တားဆီးကာကွယ်နိုင်ဖို့ဆိုတာ ကုသိုလ်ကောင်းမှုတွေ များများပြုလုပ်ဖို့လိုတယ်ဆိုတာလည်း ခင်ဗျားသိပြီးသားပဲ မဟုတ်လား'

ထိုလူက တုတ်တုတ်မလှုပ်၊ ငြိမ်နေမြဲ။

'ဒီတော့ စွန့်လွှတ်စရာရှိတာကို မြန်မြန်စွန့်လွှတ်ပြီး လုပ်သင့်လုပ်ထိုက်တာကို အမြန်ဆုံးလုပ်မှသာ ကပ်ကြီးသုံးပါးက လွတ်..လွတ်'

'ဗျန်း'

သူ စကားကောင်းနေတုန်း စားပွဲပေါ်သို့ လက်ဝါးဖြင့်ရိုက်လိုက်သံကြီးက ပေါ်ထွက်လာခြင်း ဖြစ်လေသည်။ သူ လန့်သွားသည်။ နှုတ်ဆွံ့သွားသည်။ ထိုလူက သူ့ကို အံကြီးကြိတ်၍ကြည့်နေသည်။ လက်သီးကိုလည်း ဆုပ်ထားသည်။ မျက်နှာကြီးကမူ ဒေါသအမျက်ခြောင်းခြောင်းထွက်နေဟန်ဖြင့် နီရဲပြီး ထူအမ်းနေလေသည်။

'မင်း ဘာကောင်လဲ၊ ဘာလာရှုပ်တာလဲ။ ဘယ်ကကပ်ကြီးသုံးပါးလဲ။ ငါ့ကုန်သဘော်သုံးစင်းလုံး ပင်လယ်ဝမှာ မုန်တိုင်းမိပြီး နစ်သွားပြီကြားလို့ သောကရောက်နေရတဲ့ကြားထဲ မင်းက ဘာလာပြီး ကြောင်နေတာလဲ။ မင်း အခု ထွက်သွားမလား၊ မသွားဘူးလား ပြော'

ထိုလူက လက်သီးကိုဆုပ်လျက် ထိုင်ရာမှထလာသည်။ လူရွေးမှားသွားပြန်ပြီဟု သိရလျှင် သိရချင်းပင် သူ ထိုနေရာ၌ ဆက်မနေဝံ့တော့ပေ။ ကတိုက်ကရိုက်ပင် သုတ်ခြေတင်ခဲ့ရလေတော့သည်။ တစ်နေရာသို့ရောက်မှ သူ့မှတ်တမ်းစာအုပ်ကို ထုတ်ယူကာ ဤရပ်ကွက်တွင်လည်း ကယ်တင်ရမည့်သူ လုံးဝမရှိကြောင်း မှတ်တမ်းတင်လိုက်ရလေသည်။

◆◆◆

မကြာမီ အခြားရပ်ကွက်တစ်ခုအတွင်းသို့ သူ ရောက်မှန်းမသိ ရောက်လာခဲ့ပြန်သည်။ သို့သော် ထိုရပ်ကွက်အတွင်းသို့ ဝင်မိလျှင်ဝင်မိချင်းပင် အန္တရာယ်တစ်ခုနှင့် ရင်ဆိုင်ရလုနီး ဖြစ်သွားသည်။

ထိုရပ်ကွက်မှာ လမ်း၏ တစ်ဖက်တစ်ချက်စီ၌ အိမ်များကို တန်းစီပြီး ဆောက်လုပ်ထားသည်။ ဤတွင် လူနှစ်ယောက်က လမ်းတစ်ဖက်စီတွင်ရှိသော မိမိတို့၏အိမ်ရှေ့တွင်ရပ်လျက် ဟိုဘက် သည်ဘက် ဒေါသတကြီးအော်ဟစ်ပြောဆိုကာ ရန်ဖြစ်နေကြလေသည်။ နှစ်ယောက်စလုံးမှာလည်း အရက်မူးနေကြဟန်တူသည်။ မကြာမီ လမ်းတစ်ဖက်မှလူက ဒေါသကို မထိန်းနိုင်ဘဲ အခြားလမ်း

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်မှလူကို လက်ထဲမှ ပုလင်းဖြင့် လှမ်းပစ်လိုက်ရာ ထိုပုလင်းက လမ်းပေါ်တွင် လျှောက်နေသည့် ကိုယ်စား လှယ်၏ ဦးခေါင်းအနီးမှ ကပ်လျက် ဗိုးခနဲဖြတ်သန်း သွားလေသည်။

သူ ထိတ်လန့်သွားသည်။ ထိုနေရာမှ အမြန်ဆုံးပင် ထွက်ခွာလာခဲ့သည်။ အတန်ကြာလျှင် ရပ်ကွက်အတွင်း ပိုင်းသို့ ရောက်လာခဲ့သည်။ သူက လမ်းလျှောက်ရင်း ရပ်ကွက်အခြေအနေကို အကဲခတ်လာခဲ့မိသည်။ ထိုရပ် ကွက်မှာ စာရေးစာချီကဲ့သို့ အစိုးရဝန်ထမ်းများ၊ ဈေးဆိုင် ပိုင်ရှင်များ၊ စက်ပြင်ဆရာများ၊ အထွေထွေအလုပ်သမား များ အစရှိသဖြင့် အောက်လွှာမှ လူတန်းစားများ နေထိုင် ရာ ရပ်ကွက်ဖြစ်နေလေသည်။

လမ်းပေါ်၌ လူတွေက ဥဒဟိုပင် သွားလာနေကြ သည်။ ထိုလူများမှာ တစ်ဦးနှင့်တစ်ဦး ဟောင်ဖွာ၊ဟောင် ဖွာပြောလိုက်၊ ဟားတိုက်ရယ်မောလိုက်၊ အချင်းချင်း ပုခုံးထိုးပုတ်ခတ်လိုက်နှင့် အလွန်မျက်စိရှုပ်စရာ ကောင်း လှပေသည်။ စားသောက်ဆိုင်များ၊ အရက်ဆိုင်များတွင် လည်း လူတွေက ပြည့်ကျပ်လျက်ရှိသည်။ တစ်နေရာတွင် ဆိုင်းသံဗုံသံများက တခြိမ့်ခြိမ့်ဆူညံလျက်ရှိသည်။ ဓာတ် ပြားမှ ထွက်ပေါ်လာသော အသံများပင်ဖြစ်သည်။ အခြား နေရာတစ်ခုတွင်မူ လူများ ဝိုင်းအုံနေသည်ကို တွေ့လိုက် ရပြန်သည်။ သူသွားကြည့်လိုက်ရာ လောင်းကစားဝိုင်း တစ်ခု ဖြစ်နေမှန်း သိလိုက်ရသည်။

သူ စိတ်ပျက်သွားသည်။ နေးကွေးသော ခြေလှမ်း များဖြင့် လျှောက်မှန်းမသိ လျှောက်လာရင်း ဓာတ်ရုံအနီး သို့ ရောက်သွားသည်။ ဓာတ်ရုံဘေးမှ လက်မှတ်ရောင်း သော နေရာသို့အရောက်တွင် သူက အပေါက်ဝမှ အတွင်း သို့ အသာကဲကြည့်လိုက်မိသည်။ အထဲတွင် လူတစ် ယောက်က လက်မှတ်ရောင်းရငွေများအား ရေတွက်လျက် ရှိသည်ကို သူတွေ့လိုက်ရသည်။ ထိုအချိန်မှာပင် ထိုလက် မှတ် ရောင်းသူက အပေါ်သို့ မော့ကြည့်လိုက်ရာ သူ့ကို တွေ့သွားတော့သည်။ သူ့ကိုလည်း လှမ်းမေးလိုက်သည်။

'လက်မှတ်ဝယ်မလို့လား။ နည်းနည်းပဲ ကျန်တော့ တယ်'

'မဟုတ်ပါဘူးဗျာ'

ပါးစပ်မှပြောရင်း ခေါင်းကိုပါ ခါယမ်းပြလိုက် သည်။ လက်မှတ်ရောင်းက ပြန်မေးသည်။

'ဒါဖြင့် ဘာကိစ္စလဲ'

'ဘာကိစ္စမှ မဟုတ်ပါဘူး။ ဒီလိုပဲ ကြုံလို့ဝင်လာ တာပါ။ ကျုပ်က ကပ်ကြီးသုံးပါးရဲ့ ကိုယ်စားလှယ်ပါ'

'ကပ်ကြီးသုံးပါးရဲ့ ကိုယ်စားလှယ်'

လက်မှတ်ရောင်းက အံ့အားသင့်သွားသည်။ မျက်ခုံး ကို ပင့်၍လည်း သူ့ကိုကြည့်သည်။ ထို့နောက် စိတ်ဝင်စား ဟန်ဖြင့် ထပ်မေးလိုက်သည်။

'ကပ်ကြီးသုံးပါးရဲ့ ကိုယ်စားလှယ်ဆိုတော့ အဆန်း သားပဲဗျ။ နို့··ခင်ဗျားက ဘာတွေလုပ်သလဲ'

'ကောင်းပါလေ့ဗျာ။ ပြောချင်နေတာနဲ့ အတော်ပဲ။ ကျုပ်အလုပ်က လူတွေကို လိုက်သတိပေးတဲ့ အလုပ်ပဲ ဆိုပါတော့။ ကပ်ကြီးသုံးပါးက မကြာခင်လာတော့မှာ ဆိုတော့ ကယ်သင့်တဲ့သူတွေရဲ့ စာရင်းကိုလည်း ကြိုတင် ကောက်ယူထားဖို့ပဲ ဆိုပါတော့'

'အလဲ့··တယ်ဟုတ်ပါလား။ ဆိုပါဦး။ ဘယ်လိုလူ တွေကို ကယ်နိုင်ပြီး ဘယ်လိုလူတွေကိုတော့ မကယ်နိုင် ဘူး ဆိုတာလေ'

'ဒါ လွယ်ပါတယ်ဗျာ။ ခု ခင်ဗျားတို့ ရပ်ကွက်ထဲ ကိုပဲ ကြည့်ပါလား။ လူတိုင်းလိုလို မေ့လျော့နေကြတဲ့ သူတွေချည်းပဲ။ သောက်လိုက် စားလိုက်၊ ပျော်လိုက် ပါးလိုက်နဲ့လေ။ ဒီလိုလူတွေကို ဘယ်လိုလုပ် ကယ်နိုင်ပါ့ မလဲဗျ'

သူ့စကားကို လက်မှတ်ရောင်းက စဉ်းစား၍နေလေ သည်။

ပြီးတော့မှ အသာပြုံးလိုက်ကာ-

'ဒါတော့ ကိုယ်စားလှယ်ကြီး မှားနေပြီဗျ။ ကျွန် တော်တို့ ရပ်ကွက်ကလူတွေဟာ တကယ်တော့ သူများ ခိုင်းတာကို လုပ်ရတဲ့သူတွေ၊ သူများဆန္ဒကို ဖြည့်ဆည်း ပေးရတဲ့သူတွေ၊ သူများအကျိုးကိုဆောင်ပေးမယ့် ကိုယ့် အကျိုးကျတော့ အောင်ချင်မှအောင်ကြတဲ့ လူတန်းစားတွေ ပဲ များတယ်ဗျ။ ဒီတော့ သူတို့မှာ ပင်ပန်းဆင်းရဲမှုတွေ၊ မွန်းကျပ်မောနွမ်းမှုတွေနဲ့ ပြည့်နှက်နေသဗျ။ ဒါကြောင့် သူတို့ခမျာ ခုလိုအချိန်မျိုးရောက်မှ အနားယူကြရ၊ အပန်း ဖြေကြရ ပျော်ရွှင်ကြရတာပဲ ဖြစ်တယ်ဗျ'

လက်မှတ်ရောင်း စကားဆုံးသည်နှင့် ကိုယ်စားလှယ်



www.burmeseclassic.com

www.burmeseclassic.com

ကြီးက ခေါင်းကို လျှင်မြန်စွာ ခါယမ်းလိုက်သည်။

'မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒါ လုံးဝမှားတယ်။ ဒီ အပြုအမူတွေဟာ ပင်ပန်းဆင်းရဲခြင်းကနေ တကယ်သက်သာစေတဲ့ တကယ်လွတ်မြောက်စေတဲ့ နည်းလမ်းတွေ မဟုတ်ဘူး။ ဒီအမူအကျင့်တွေကို လုံးဝရှောင်ကြဉ်နိုင်မှသာ လမ်းမှန်လို့ ဆိုနိုင်တယ်ဗျ'

'တော်ပါတော့ ဆရာကြီးရာ။ ခင်ဗျားပြောတဲ့အပြောမျိုးကို ကျွန်တော်မို့လို့သာ စိတ်ရှည်လက်ရှည်နဲ့ နားထောင်နေတာပါ။ တခြားသူတွေကများ ကြားသွားခဲ့ရင် ဆင်းရဲလှတဲ့ဘဝမှာ သက်သာရာဆိုလို့ ဒီတစ်ကွက်ကလေးပဲ ရှိရတဲ့အထဲ ဒါလေးကိုတောင် ပိတ်ပင်ရပါ့မလားဆိုပြီး ခင်ဗျားကို ဝိုင်းတွယ်ကြပါလိမ့်မယ်။ ကိုင်း‥ကိုင်း‥ ဒီကနေ မြန်မြန်သာ ကြွပါတော့ဗျာ။ ကြွပါတော့'

သူ သက်ပြင်းချလိုက်သည်။ ခေါင်းငိုက်စိုက်ချ၍လည်း ထိုနေရာမှ ထွက်ခွာလာခဲ့သည်။ လွတ်ရာကျွတ်ရာနေရာသို့ ရောက်သည်နှင့် ထုံးစံအတိုင်း သူ့မှတ်တမ်းစာအုပ်ကိုထုတ်ယူကာ ဤရပ်ကွက်အတွင်း၌လည်း ကယ်တင်ရမည့်သူ လုံးဝ(လုံးဝ) မရှိကြောင်းကို စိတ်မသက်သာလှစွာဖြင့် ရေးမှတ်လိုက်ရပေတော့သည်။

◆◆◆

ထိုမြို့၏ နောက်ဆုံးရပ်ကွက်သို့ ရောက်ခဲ့လေပြီ။ မြို့စွန်မှ ထိုရပ်ကွက်က သူ့အား အမှိုက်ပုံများ၊ ရေဆိုးမြောင်းများ၊ လမ်းပျက်လမ်းဆိုးများဖြင့် ဆီးကြိုနေလေသည်။

ရပ်ကွက်အတွင်းရှိ အိမ်များမှာလည်း အိမ်သေးအိမ်ကုပ်ကလေးများသာ အများအားဖြင့် တွေ့ရလေသည်။ ကလေးငိုသံ၊ တိရစ္ဆာန်အော်သံများကိုလည်း အတိုင်းသားပင် ကြားနေရသည်။ ရေပုပ်နံ့၊ မိလ္လာနံ့၊ တိရစ္ဆာန်အညစ်အကြေးနံ့များက လေသင့်လိုက်တိုင်း ရှူရှိုက်နေရသည်။ ဆင်းရဲသားရပ်ကွက်မှန်း သိသာလွန်းလှပါတော့သည်။

ရပ်ကွက်ထိပ်တွင်ရပ်လျက် သူမျှော်ငေးနေမိသည်။ တွေဝေနေမိသည်။ ထို့နောက် သူ့စိတ်ကို လျှော့ချလိုက်မိသည်။ ထိုရပ်ကွက်အတွင်းသို့ မဝင်တော့ရန် သူ ဆုံးဖြတ်လိုက်မိသည်။ ပြီးလျှင် မရွှင်သောစိတ်ဖြင့် မြို့ပြင်ဘက်သို့ ခြေလှမ်းစလိုက်မိတော့သည်။

ဤတွင် တစ်စုံတစ်ယောက်သောသူက သူ၏လက်မောင်းကို လှမ်းဆွဲလိုက်လေသည်မို့ သူ တုံ့ခနဲရပ်လိုက်သည်။ ထို့နောက် ချာခနဲလှည့်ကြည့်လိုက်မိသည်။ ထိုအခါ အသားအရေ ကြမ်းတမ်းသော်လည်း ပြုံးချိုသော မျက်နှာရှိသူ တစ်ဦးကို သူတွေ့လိုက်ရသည်။ ထိုသူက-

'မိတ်ဆွေက ဘယ်သွားမလို့လဲ။ ဒီအရပ်က ဟုတ်ဟန်မတူဘူး။ အဲဒါ သင်္ချိုင်းဘက်ကို သွားတဲ့လမ်းဗျ'

'သြော်‥ဟုတ်လား။ ကျွန်တော်က မြို့ပြင်သွားတဲ့ လမ်းမှတ်လို့'

'မြို့ပြင်သွားတဲ့လမ်းက အများကြီးကျော်လာခဲ့ပြီပဲ။ လမ်းမှာ ဘယ်သူ့ကိုမှ မမေးဘဲ ဒီအထိ လျှောက်လာရသလားဗျာ'

'မဟုတ်ပါဘူးဗျာ။ အရင်ကတော့ ရပ်ကွက်တစ်ခုပြီးတစ်ခု အစဉ်အတိုင်းဝင်ဖို့ ဒီအထိ လျှောက်လာတာပါပဲ။ ခုတော့ စိတ်ပြောင်းသွားပြီး လှည့်ပြန်တော့မလို့ပါ။ ကျုပ်က ကပ်ကြီးသုံးပါးရဲ့ ကိုယ်စားလှယ်ပါ'

'ဘုရားရေ‥ကပ်ကြီးသုံးပါးရဲ့ ကိုယ်စားလှယ်ဆိုတာ ခင်ဗျားလား'

ထိုလူက အံ့အားသင့်သွားသည်။ တုန်လှုပ်သော အသံဖြင့်လည်း ဆက်ပြောလိုက်သည်။

'ဘုရား‥ဘုရား‥ကျုပ်က မေးလိုက်မိလို့သာပဲ။ နို့မဟုတ်ရင် ခင်ဗျားနဲ့ လွဲပြီးသားပဲ။ ကိုင်း‥ကိုင်း‥ကိုယ်စားလှယ်တော်ကြီး ရှေ့က ကြွတော်မူပါ။ ကျုပ်တို့ဖြင့် ခင်ဗျားကို တစ်နေ့လာနိုး တစ်နေ့လာနိုးနဲ့ မျှော်နေရတာ ကြာလှပေါ့ဗျာ'

ထို့နောက်တွင် ထိုလူက သူ့လက်ကို တင်းတင်းဆုပ်ကာ ကြင်နာစွာ ဆွဲခေါ်နေလေသည်။ မမျှော်လင့်သော အဖြစ်အပျက်ကြောင့် သူက များစွာအံ့အားသင့်နေမိသည်။

မကြာမီပင် ရပ်ကွက်အတွင်းသို့ ရောက်လေတော့သည်။ ဤမှာပင် သူ မျက်လုံးပြူးသွားရတော့သည်။ ရင်သပ်ရှုမောဖြစ်သွားရတော့သည်။ အဘယ်ကြောင့်ဆိုသော် မြင်မြင်သမျှ အရာအားလုံးက သူလိုလားသော၊ သူမျှော်မှန်းသော မြင်ကွင်းတွေချည်း ဖြစ်နေသောကြောင့် ဖြစ်ပါသတည်း။

ရပ်ကွက်အတွင်းရှိ ဓမ္မာရုံ၌ လူကြီးတွေရော လူငယ်လူရွယ်တွေပါ ပြည့်နှက်နေသည်။ တရားဟောသူကဟော၍ တရားနာသူက နာနေကြလေသည်။ ထို့ပြင် ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းများ၊ ဇရပ်များ၌သာမက ဆိတ်ငြိမ်ရာ သစ်ပင်များ၊ ဝါးရုံပင်များအောက်တွင်ပါ သီလဆောက်တည်နေသူများ၊ တရားအားထုတ်နေသူများကို အများအပြားပင် တွေ့ရလေသည်။ လမ်းများပေါ်တွင်လည်း မဏ္ဍပ်များ ဆောက်လုပ်ထားသည်ကိုတွေ့ရပြီး ရဟန်းသံဃာများအား ဆွမ်းလောင်းလှူနေကြသည်ကိုလည်းကောင်း၊ ဖုန်းတောင်းယာစကာများ၊ ဆင်းရဲနွမ်းပါးသူများအား စားစရာ၊ ဝတ်စရာ ပေးဝေလှူဒါန်းနေကြသည်ကိုလည်းကောင်း အထင်အရှားပင် တွေ့ရလေသည်။

'ဟာ...တယ်ကောင်းပါလားဗျို့၊ တယ်ကောင်းပါလား။ ကျုပ်က ခင်ဗျားတို့ရပ်ကွက်ကို အထင်သေးပြီး မဝင်ဘဲ ပြန်တော့မလို့ဗျ'

'ဒီလိုပေါ့ ကိုယ်စားလှယ်တော်ကြီးရယ်၊ ကျုပ်တို့ရပ်ကွက်က လူတွေက လက်လုပ်လက်စား ဆင်းရဲသားတွေချည်းပဲဆိုတော့ လူ့လောကရဲ့ ဒုက္ခဆင်းရဲတွေကို ပိုပြီးတော့ သိတာပေါ့ဗျာ။ သိလို့လည်းပဲ ဒီဆင်းရဲဒုက္ခတွေက ပိုပြီးကျွတ်ချင် လွတ်ချင်တာပေါ့။ ဒါကြောင့် စားဝတ်နေရေးအတွက် အသင့်အတင့်ဖူလုံတာနဲ့ ကုသိုလ်ကောင်းမှုတွေကိုချည်း တွန်းလုပ်နေကြတာပေါ့ဗျာ'

'ဟုတ်တယ်၊ ဒါ အမှန်ပဲ။ ဒီလိုအရင်းအနှီး စိုက်ထုတ်မှုနဲ့ ဒီလိုအမြတ်အစွန်းရှာဖွေမှုမျိုးသာလျှင် တကယ့်အမှန်တရားပဲဗျ'

'ဒါထက် ကပ်ကြီးသုံးပါး လာတဲ့အခါ ကျုပ်တို့ကို ကယ်တင်ဖို့အတွက်တော့ လုံးဝမမေ့ပါနဲ့နော်။ ကိုယ်စားလှယ်တော်ကြီး'

'ဘယ်မေ့မလဲဗျာ၊ ဘယ်မေ့လိမ့်မလဲ။ ဒီလိုကယ်တင်ချင်လွန်းလို့လဲ ကျုပ်က လှည့်လည်သွားလာပြီး လူတိုင်းကို သတိပေးနေတဲ့သူပဲလေ။ စိတ်ချလက်ချသာ နေပေတော့ မိတ်ဆွေကြီးရေ'

ထို့နောက်တွင် ကပ်ကြီးသုံးပါး၏ ကိုယ်စားလှယ်က သူ၏မှတ်တမ်းစာအုပ်ကို ထုတ်ယူလျက် ကယ်တင်ရမည့်သူများ၏ အမည်စာရင်းကို အားရွှင်လန်းစွာ ရေးထိုးလျက်ရှိပါလေတော့သတည်း။

**ရဲမြတ်တင်**


**မန္တလေး-နေပြည်တော် ဆရာလှ၏ မြေးတပည့်**

**ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)**

**B.A (History)**

**ဗေဒင် လက္ခဏာ ဝေဒပညာရှင်**

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉ ၇၃၂၄၀၇၉၆ ၊ ၀၉ ၃၂၂၂၇၇၈၇




www.burmeseclassic.com

'မောင်ခန့်ကြည် ..ပျောက်ချက်သားကောင်းလှချည်လား။ မဂ္ဂဇင်းမှာလည်း စာရေးတာ မတွေ့ရတော့ ဖျားနာပြီး အိပ်ရာထဲမှာများ လဲနေလို့လားဆိုပြီး စစ်ကိုင်းကနေလိုက်လာတာ။ ကားစီးလာရတာ ပင်ပန်းရတဲ့အထဲ မင်းနေတဲ့ တိုက်ခန်းနေရာရောက်ဖို့ (၈)ထပ်ထိ တက်လိုက်ရတော့ လူနာလာမေးတဲ့သူက အရင် အသက်ထွက်တော့မလို့'

ဘကြီးဖြိုးတစ်ယောက် တိုက်ပေါ်ရောက်ရောက်ချင်း သူ့ဝသီအတိုင်း ဆူပြောပြောနေခြင်း ဖြစ်ပါသည်။

'မင်းမှာ နေစရာရှားလို့ ဒီလောက်မြင့်တဲ့ အထပ်မှာနေတယ်လို့။ ငါ (၃)ထပ်မှာ တစ်ခါ၊ (၅)ထပ်မှာ တစ်ခါ နားနားပြီး တက်လာရတာ။ လှေကားကလည်း ကျဉ်းပြီး မှောင်နေသေးတယ်။ (၈)ထပ်မရောက်ခင် အသက်ရှူ ရပ်သွားတော့မလို့'




ကိုခန့်ကြည်သည် တရစပ်ပြောနေသော ဘကြီးဖြိုးအား စိတ်ပြေလျော့စေရန် -

'ထိုင်ပါဦး ဘကြီးဖြိုးရာ၊ ကျွန်တော့်အခန်း ရောက်လာသူတိုင်း အမောပြေသွားအောင် မြင်းခွာရွက်ဖျော်ရည် အေးအေးလေး အသင့် လုပ်ထားပါတယ်'

ကိုခန့်ကြည်သည် ဘကြီးဖြိုးအား နံနက်စာ ကျွေးမွေးပြီးသည့်နောက်တွင် လွန်ခဲ့သော တစ်နှစ်ခြောက်လခန့်က ပလက်ဖောင်းဘေးရှိ ရေမြောင်းထဲသို့ ခြေချော်လဲကျသဖြင့် တိုက်ပေါ်မှ အဆင်းအတက် အခက်အခဲရှိ၍ (၈)လွှာတွင်ပင် ဆေးဝါးကုသမှု ခံယူရင်း ပတ်ဝန်းကျင်နှင့် အထိအတွေ့ ဆက်ဆံမှုမရှိ ဖြစ်နေကြောင်းနှင့် (၈)လွှာတွင် ငှားနေရသည့် အကြောင်းမှာလည်း ရသည့် ပင်စင်လစာနှင့် ချိန်ဆပြီး နေရကြောင်း၊ (၆)လတစ်ကြိမ် ငှားရမ်းသည့် စာချုပ်ပြည့်တိုင်း ထပ်မံငှားရမ်းနိုင်ဖို့ ငွေစုရသည့် အခက်အခဲ ရှိသည်တို့ကို ရှင်းလင်းပြောပြရတော့သည်။

နှစ်ထပ်ပျဉ်ထောင်အိမ်နှင့် ခြံကျယ်ကျယ်ကြီးထဲ နေထိုင်ကြီးပြင်းလာခဲ့သော ဘကြီးဖြိုးတစ်ယောက် ကုန်မြို့ပြ၏ တိုက်ခန်းကျဉ်းကျဉ်း အလွှာမြင့်မြင့် ပင်စင်လစာနှင့် ငှားရမ်းနေထိုင်ရသည့် ကိုခန့်ကြ လူနေမှုဘဝကို နားလည်ကာ ကရုဏာသက်သွား သည်။

www.burmeseclassic.com

'မောင်ခန့်ကြည်··မင်း အခုလို အခန်းကျဉ်းကျဉ်း အထပ်မြင့်မြင့်မှာ ငှားရမ်းပြီး နေရတဲ့ဘဝက လွတ်မြောက်အောင် ဒီစမပြန်ဂါထာကို ရွတ်ကြည့်စမ်းပါ။ အတက်အဆင်းလွယ်လွယ်၊ အခန်းကျယ်ကျယ် တိုက်ခန်းမှာ နေရပါစေလို့ ဆုတောင်းပေါ့ကွာ'

ဘကြီးဖြိုးသည် လွယ်အိတ်ထဲမှ ဇလာစာအုပ်ကို ထုတ်လိုက်ပြီး ရေးကူးထားသည့် စမပြန်ဂါထာကိုပြရင်း-

'မင်းသိတဲ့အတိုင်း ငါနေတဲ့ လင်းဇင်းရပ်ဆိုတာ ဧရာဝတီမြစ်ရေတိုးရင် တိုးတဲ့အလျောက် အိမ်ခြေရင်းကို ရေက ရောက်ရောက်လာတယ်။ ဧရာဝတီမြစ်ရေ အတိုးကြမ်းရင် လှေကားပါ မြုပ်တယ်။ ရေကျသွားပြန်ရင်လည်း ရွှံ့ညွန်အနှစ်တွေက တော်တော်နဲ့ ခြောက်တာ မဟုတ်ဘူး။ သွားရလာရ အတော့်ကို ဒုက္ခရောက်တာ။ ဒီဒုက္ခကို တို့အိမ် အလည်လာတဲ့ နန်းဦးကွက်သစ်ရပ်ထဲက ကိုတင်အောင်၊ ကိုယ်တွေ့ကြုံသွားတယ်။

နောက်တစ်ပတ်ကြာတော့ ကိုတင်အောင် လက်ထဲမှာ မဂ္ဂဇင်းစာအုပ် တစ်အုပ်ကိုင်ပြီး ရောက်လာတယ်။ မဂ္ဂဇင်းထဲမှာ ဆောင်းပါးရှင် အောင်လံထူ(မြန်မာပြည်) ရေးသားတဲ့ မယုံရင် ရွတ်ကြည့်ပါ။ အကျိုးထူးပေးမှာ အသေအချာ ခေါင်းစဉ်နဲ့ စမလေးလုံးဂါထာနဲ့ စမပြန်ဂါထာ နှစ်ပုဒ်ရဲ့ အကျိုးထူးပုံကို ကိုယ်တွေ့ဖြစ်ရပ်နဲ့တကွ ရေးထားတာကို ဖတ်ခိုင်းတယ်။ ငါလည်း မယုံရင် ရွတ်ကြည့်ပါဆိုလို့ အဓိဋ္ဌာန်တင်ပြီး ရွတ်ဆိုတယ်။

အကျိုးထူးပုံကတော့-

မင်း စစ်ကိုင်းကိုရောက်ရင် အံ့အားသင့်သွားလိမ့်မယ်။ ဧရာဝတီမြစ်ရေတိုးရင် လွတ်အောင် မြေဖို့ပြီး ဆောက်ထားတဲ့ တို့ရဲ့ ခေတ်မီတစ်ထပ်တိုက်ကို တွေ့ရပါလိမ့်မယ်။ ငါ အကျိုးခံစားခွင့်ရသလို မင်းလည်း အကျိုးထူး ခံစားစေချင်တယ်။

တစ်ခုပြောရဦးမယ်။ အောင်မြင်တဲ့ စွမ်းအားဆိုတာ ကိုယ်တိုင် ကျင့်ကြံအားထုတ်မှ ကိုယ်ရတာဆိုတော့ ငါပေးတဲ့ ဂါထာကိုကူးပြီး အဓိဋ္ဌာန်နဲ့ ရွတ်ဆိုတော့'

ဘကြီးဖြိုး ပေးသော ဂါထာနှစ်ပုဒ်မှာ-

**စမလေးလုံးဂါထာ**

စက္ခုမာစရ မာစိတ္တော၊
ဓမ္မညူ ဓမ္မသာမိကော၊
ဗလူပေတော ဗလဓဇ္ဇော၊
ဝရဒေါ ဒေတု မေဝရံ။

**အနက်အဓိပ္ပာယ်**

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် စက္ခုငါးပါးနှင့် ပြည့်စုံတော်မူပြီး ရှေးဘုရားများနည်းတူ ကျင့်ဖွယ်ဟူသမျှအဝကို ကျင့်တော်မူပြီးထသော၊ တရားပိုင်ရှင် ဖြစ်တော်မူထသော၊ ကာယ ဉာဏနှစ်ဝအားနှင့် ပြည့်စုံတော်မူထသော၊ ကာယ ဉာဏနှစ်ဝအားကို ဆောင်တော်မူထသော ဆုထူးဆုမြတ်အပေါင်းကို ပေးတော်မူသည့် မြတ်စွာဘုရား··တပည့်တော်အား ဆုထူးဆုမြတ်ကို ပေးတော်မူပါ အရှင်ဘုရား။

**စမပြန်ဂါထာ**

ဝရံ လာဘသိဒ္ဓိ သံယုတ္တံ
ဗဟုဓည ပုညပုဏ္ဏံ
ဓမ္မော ဘာသေဟိ လလိတံ
စက္ကံ ဝန္ဒာမိ သမ္ဗုဒ္ဓံ။

**အနက်အဓိပ္ပာယ်**

မြတ်သောလာဘ်လာဘကို ပြီးစီးခြင်းနှင့် ယှဉ်ထသော၊ များလှစွာသော ကုသိုလ်ကောင်းမှုဖြင့် ပြည့်စုံထသော၊ တရားဓမ္မအရောင်တို့နှင့် တင့်တယ်ထသော၊ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့နှင့် ပြည့်စုံထသော မြတ်စွာဘုရားကို ရှိခိုးပါ၏ အရှင်ဘုရား။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ဂါထာနှစ်ပုဒ်၏ အစဖြစ်သော (စ၊ ဓ၊ ဗ၊ ဝ)ဟူသော အက္ခရာလေးလုံး၏ အကျဉ်းချုပ်အဓိပ္ပာယ်ကို မသိရှိသေးသော ဓမ္မမိတ်ဆွေများ သိရှိရန် ဖော်ပြလိုပါသည်။

(၁) **စအက္ခရာ၏အဓိပ္ပာယ်**-စက္ခုတစ်ထောင်ကို အမြင်ဆောင်နိုင်သော မြတ်စွာဘုရားကို ရှိခိုးပါ၏။

(၂) **ဓအက္ခရာ၏အဓိပ္ပာယ်**-တရားအားလုံးကို သိတော်မူသဖြင့် တရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားကို ရှိခိုးပါ၏။

(၃) **ဗအက္ခရာ၏အဓိပ္ပာယ်**-အားတော်နှစ်ပါး၊ အားတော်ငါးပါး၊ အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရှိခိုးပါ၏။

(၄) **ဝအက္ခရာ၏အဓိပ္ပာယ်**-အောင်ဆုအမျိုးမျိုးကို ပေးနိုင်သော အောင်ဆုပိုင်ရှင် မြတ်စွာဘုရားကို ရှိခိုး

www.burmeseclassic.com

www.burmeseclassic.com

ပါ၏။

◆◆◆

ဘကြီးဖြိုးရွတ်ဆိုခိုင်းသည့် ဂါထာနှစ်ပုဒ်အနက် ပထမဂါထာဖြစ်သော (စ၊ ခ၊ ဗ၊ ဝ) ဘုရားရှိခိုးဂါထာမှာ ကိုခန့်ကြည် ယုံယုံကြည်ကြည်နှင့် ရွတ်ဆိုသည့် ရပြီးသားဂါထာ ဖြစ်ပါသည်။

(၁၉၆၈)ခုနှစ်က ရဲအရာရှိငယ်သင်တန်း(သူရ-၅)သို့ တက်ရောက်ခွင့်ရရှိရေးအတွက် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများ ဖြေဆိုရာတွင် အောင်မြင်စေရေးအတွက် ဘာသာရပ်များကို လေ့လာကျက်မှတ်ရင်း တစ်ဖက်မှလည်း ကံစွမ်းအားမြင့်စေရန် (စ၊ ခ၊ ဗ၊ ဝ)ဂါထာကို အမိဋ္ဌာန်တင်၍ ရွတ်ဆိုခဲ့ပါသည်။

ဂါထာ၏ စွမ်းအားပံ့ပိုးမှုဟုပင် ဆိုရပါမည်။ ရဲအရာရှိငယ်သင်တန်း အမှတ်စဉ်(၅) ဗဟိုဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည်(ဖောင်ကြီး)သို့ တက်ရောက်ခွင့်ရရှိပြီး ဒုလုံခြုံရေးမှူး(ယခုအခေါ် ဒုရဲအုပ်)အဆင့်ဖြင့် သင်တန်းဆင်းပြီး ရဲအရာရှိတစ်ယောက် ဖြစ်ခဲ့ပါသည်။

ကိုခန့်ကြည် ရှိးသားစွာဝန်ခံရပါလျှင် ဒုတိယဂါထာဖြစ်သော စမပြန်ဂါထာမှာမူ ဘကြီးဖြိုး ပေးမှပင် သိရှိရသောဂါထာ ဖြစ်ပါသည်။ ဂါထာများ၏ အဓိပ္ပာယ်ကို ထိထိမိမိ တိုရှင်းစွာ ဖော်ပြထားရာ အကျိုးထူးပေးမှာ သေချာသည်ဟု ယုံကြည်စွာဖြင့် အထပ်ထပ်အခါခါ ရွတ်ဆိုနေမိပါတော့သည်။

ကိုခန့်ကြည်သည် ဂါထာနှစ်ပုဒ်ကို အကြိမ်ကြိမ်ရွတ်ဆိုရင်း ကျောင်းသားဘဝနှင့် ဝန်ထမ်းဘဝတို့တွင် ရွတ်ဆိုခဲ့ရသော ဂါထာများမှာလည်း ဂါထာပြန်များဖြစ်နေသည်ကို တိုက်ဆိုင်စွာ ကြုံခဲ့ရပါသည်။ ဓမ္မမိတ်ဆွေများအား ပြန်လည်မျှဝေစိတ်များ ပေါ်ပေါက်ခဲ့ပါသည်။

ကိုခန့်ကြည် အထက်တန်းကျောင်းသားဘဝတွင် ကျေးဇူးရှင်ဖခင်ကြီး ဦးစံယျက-

'ကျောင်းသားဆိုတာ သင်ကြားတာကို နားလည်သဘောပေါက်နိုင်တဲ့ **ထက်မြက်တဲ့ဉာဏ်**။

ဘာသာရပ်တွေ ကျွမ်းကျင်တတ်မြောက်ပြီး ဦးနှောက်ထဲမှာ အမြဲရှိနေအောင် **မှတ်မိနိုင်တဲ့မှတ်ဉာဏ်**။

မိမိရည်မှန်းချက် မရောက်မီ တွေ့ကြုံရမည့် အဖျက်အမှောင့်တွေကို သတိတရား လက်ကိုင်ထားပြီး တိမ်းရှောင်နိုင်အောင် **အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်တဲ့ဉာဏ်**။

ဒီတော့ ဒီဉာဏ်စဉ်သုံးပါးကို အထောက်အကူရနိုင်အောင် မြတ်ဗုဒ္ဓရဲ့ ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်တော်မှာ ပါဝင်တဲ့ ဝိဇ္ဇာသုံးပါးဖြစ်တဲ့ ရှေးဘဝဘဝများစွာကို သိနိုင်တဲ့ **ပုဗ္ဗေနိဝါသဉာဏ်**။

စကြဝဠာတိုက်တစ်သောင်းကို တစ်စိုးတစ်မျှမကျန် ထိုးထွင်းသိမြင်နိုင်သည့် **ဒိဗ္ဗစက္ခုဉာဏ်**။

ကိလေသာအာသဝေါကို ကုန်ခမ်းစေပြီး မဂ်ဖိုလ် နိဗ္ဗာန်ကို ဆိုက်ရောက်စေနိုင်တဲ့ **အာသဝက္ခယဉာဏ်**။

မြတ်ဗုဒ္ဓရဲ့ အဲဒီဉာဏ်စဉ်သုံးပါးကို အာရုံပြုပြီး အစစာလုံးတွေဖြစ်တဲ့ (ပု၊ ဒိ၊ အာ)ဂါထာကို ပုတီးတစ်ပတ် စိပ်ရမယ်။ ရည်မှန်းချက်ပန်းတိုင်မရောက်မီ လေ့လော်ရင်း တက်မကျိုးရလေအောင် (ပု၊ ဒိ၊ အာ)ရဲ့ ဂါထာပြန် (အာ၊ ဒိ၊ ပု)ဂါထာကို ပုတီးတစ်ပတ် စိပ်ရမယ်'

ဖခင်ကြီး၏ သွန်သင်မှုအတိုင်း ညအိပ်ရာဝင် ပုတီးစိပ်ပြီးမှ အိပ်ခဲ့ရပါသည်။ အကျိုးကျေးဇူးကား ကျောင်းသားဘဝသာမက ဝန်ထမ်းဘဝရာထူးအဆင့် တိုးမြှင့်စာမေးပွဲများတွင်လည်း အောင်မြင်မှုရလဒ်ကို ကိုယ်တွေ့ကြုံခဲ့ခြင်း ဖြစ်ပါသည်။

◆◆◆

ကိုခန့်ကြည်သည် ဝန်ထမ်းဘဝတွင် ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်တစ်ခုကို တင်ပြလိုပါသည်။

ဦးဒေါသကုမ္ပဏ်ဟု အမည်ပြောင်ဖြင့် တစ်ရုံးလုံးက မှည့်ခေါ်ထားသည့် တိုင်းဦးစီးမှူးကြီးသည် တစ်ဦးတစ်ယောက်၏ လုပ်ဆောင်ချက်ဖြစ်စေ၊ တင်ပြချက် (သို့မဟုတ်) အစီရင်ခံစာနှင့် စပ်လျဉ်း၍ဖြစ်စေ စိတ်တိုင်းမကျလျှင်၊ စိတ်အခန့်မသင့်လျှင် ရုံးစတက်ကတည်းက ဆူငေါက်ကြိမ်မောင်းနေသည်မှာ တစ်ယောက်က စလိုက်လျှင် တစ်ရုံးလုံး တစ်ယောက်မှမလွတ်။ ဤအဖြစ်မျိုးကား တစ်ခါမခြား ဖြစ်နေ၏။

တိုင်းဦးစီးမှူးကြီး၏ ဦးစီးဌာနစိတ်တာဝန်ခံ ဖြစ်သော ကိုခန့်ကြည်သည် အလုပ်မှ ထွက်စာတင်မည်ဟု ဖခင်ကြီးအား အသိပေး တိုင်ပင်သည်တွင် ဖခင်ကြီးက စစ်ကိုင်းတောင်ရိုး ဒီပါအေးမြ ဆရာတော်ကြီးထံ ခေါ်ရောက်လျှောက်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီပါအေးမြဆရာတော်ကြီးက ဝေဒါသာကု၊ ကုသာဒါဝေ အစချီ သင်္ဂဟဂါထာပြန်ကို ချီးမြှင့်လိုက်သည်။

ကိုခန့်ကြည်သည် **သင်္ဂဟဂါထာပြန်**ကို အဓိဋ္ဌာန်ဖြင့် ရွတ်ဆိုခဲ့ရာ ရက်ပေါင်း(၃၀)အတွင်း ရန်ကုန်မြို့သာနချုပ်သို့ ပြောင်းရွှေ့မိန့် ရရှိခဲ့ပါသည်။ ထူးခြားချက်မှာ ပြောင်းရွှေ့မိန့်နှင့်အတူ ရာထူးအဆင့်တိုး အမိန့်ပါ တစ်ပါတည်း ပါလာခြင်း ဖြစ်ပါသည်။ ကံအစွမ်းကို မြှင့်တင်ပေးသည့် သင်္ဂဟဂါထာပြန်၏ အစွမ်းဟုပင် ယုံကြည်မိပါသည်။

ဖော်ပြပါ သင်္ဂဟဂါထာပြန်သည် ဘာသာရေးမဂ္ဂဇင်း၊ ဂျာနယ် စာစောင်များတွင် ဖော်ပြထားသည်များ ရှိခဲ့ပါသည်။ ဖတ်ရှုမှတ်သား သိရှိသူများအနေဖြင့် ပိုမိုယုံကြည်ကြပါစေ။ မသိရှိသေးသူ သိရှိကာ အကျိုးထူးများ ရရှိခံစားနိုင်ကြပါစေဟု မေတ္တာစိတ်ရင်းဖြင့် အနက်အဓိပ္ပာယ်နှင့်တကွ ထပ်မံဖော်ပြလိုက်ပါသည်။

**သင်္ဂဟဂါထာပြန်**

ဝေဒါသာကု၊ ကုသာဒါဝေ၊
ဒါယသာတ၊ တသာယဒါ၊
သာသာမိကု၊ ကုမိသာသာ၊
ကုတကုဘု၊ ဘုကုတကု။

**အနက်အဓိပ္ပာယ်**

(၁) ဝေ - ငါ၏ရန်သူ ဟူသမျှတို့သည်
ဒါ - ဝေးလှစွာသော အရပ်သို့
သာ - လျှင်မြန်ချက်ချင်း
ကု - ပြေးစေကုန်သတည်း။

(၂) ကု - ငါ့အား မကောင်းကြံကုန်သူတို့သည်၊
သာ - မိမိအလိုသာလျှင်
ဒါ - အကြံအစည် ပျက်သောအားဖြင့်
ဝေ - ပျောက်စေကုန်သတည်း။

(၃) ဒါ - ငါ၏ ဒါနကုသိုလ် စေတနာကြောင့်
ယသာ - အခြံအရံ အကျော်အစောတို့သည်
တ - ပွားစေကုန်သတည်း။

(၄) တသာ - ငါပြုမိသော အကုသိုလ်တို့သည်
ယ - ငါပြုသမျှ ကုသိုလ်တို့၏ တန်ခိုးတေဇော်ကြောင့်
ဒါ - ပျောက်စေကုန်သတည်း။

(၅) သာ - စက်ဆုပ်ဖွယ်သော သူတို့အားလည်းကောင်း
သာ - အမျက်မာန်စောင်ဒေါသရှိသူတို့အားလည်းကောင်း
မိ - ဆုံးမဩဝါဒ ပေးခြင်းဖြင့်သာလျှင်
ကု - အောင်မြင်ပါစေသတည်း။

(၆) ကု - ထိုထိုမာန်တက်သူတို့နှင့်
မိ - ရှည်မြင့်စွာ
သာ - မပေါင်းဖော်ရသည်
သာ - ဖြစ်ပါစေသတည်း။

(၇) ကု - ကုသိုလ်သုစရိုက် ပြုလေ့ရှိကုန်သော
တ - သူတော်ကောင်းတို့နှင့်သာလျှင်
ကု - ဖြစ်လေရာ သံသရာဘဝဆက်တိုင်း၌
ဘု - တွေ့ဆုံပေါင်းဖော်ရပါစေသတည်း။

(၈) ဘု - အကုသိုလ်ဒုစရိုက် ပွားကုန်သူတို့နှင့်
ကု - ဖြစ်လေရာ သံသရာဘဝအဆက်ဆက်၌
တ - အခါခပ်သိမ်း
ကု - မတွေ့ဆုံရ မကြုံရ မပေါင်းဖော်ရသည် ဖြစ်ပါစေသတည်း။

◆◆◆

ကိုခန့်ကြည်သည် ကျောင်းသားဘဝမှာကတည်း ကျေးဇူးရှင်ဖခင်ကြီး သွန်သင်မှုဖြင့် (ပု၊ ဒိ၊ အာ၊ အာ၊ ဒိ၊ ပု) ဂါထာပြန်ကိုလည်းကောင်း၊ ဝန်ထမ်းဘဝတွင် ဒီပါအေးမြဆရာတော်ကြီးချီးမြှင့်သော (ဝေ၊ ဒါ၊ သာ၊ ကု၊ ကု၊ သာ၊ ဒါ၊ ဝေ) အစချီ သင်္ဂဟဂါထာပြန်ကိုသော်လည်းကောင်း၊ ပင်စင်စားဘဝတွင် ဘကြီးဖြိုးညွှန်ပြသော အမှတ်(၅၂) (၂၀၁၀)ပြည့်နှစ်၊ ဇန်နဝါရီလထုတ် သိဒ္ဓိမိုးမဂ္ဂဇင်းမှ (စ၊ ဓ၊ ဗ၊ ဝ) ဂါထာပြန်တို့ကို ယုံယုံကြည်ကြည်ဖြင့် ရွတ်ဆိုပူဇော်ခဲ့ပါသည်။

**ဂါထာပြန်များကို** ယုံကြည်မှုအပြည့်ဖြင့် ရွတ်ဆိုပူဇော်ရခြင်း၏ အကျိုးရလဒ်များမှာ ဘဝသုံးသွယ်၏ အပြောင်းအလဲများ၊ ဘဝ၏လင်းလက်လာသော အရောင်တို့နှင့် မယုံကြည်နိုင်လောက်သော အကျိုးကျေးဇူးတို့ကို ခံစားရပါကြောင်း ဘဝသုံးသွယ်မှ ကိုယ်တွေ့ဖြစ်ရပ်မှန်များကို ရေးသားဖော်ပြလိုက်ပါသည်။

**လိုအင်ဆန္ဒများ ပြည့်စုံကြပါစေ**

**မောင်ကောင်းထက်(ကျောက်တံတား)**



www.burmeseclassic.com

www.burmeseclassic.com

# အဘအောင်မင်းခေါင် ရေးတဲ့ စာတွေ

စကြာကောင်းစံ



ပြီးခဲ့တဲ့ (၂၀၁၆)ခုနှစ်၊ မေလက စာတစ်စောင်နဲ့ အတူ စာမူကြမ်းတစ်ထုပ် ဤစာရေးသူဆီကို ရောက်လာပါတယ်။ စာမူကို ပေးပို့သူက ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်၊ မြင်းဝန်းကျေးရွာက မြင်းဝန်းတောရကျောင်း ဆရာတော် အရှင်သာသနောဒယ ဖြစ်ပါတယ်။ စာမူကြမ်းက အောင်မင်းခေါင်ဘဘုရား၊ အဋ္ဌာပွတ္တိကျင့်စဉ်နှင့် သာသနာပြု လုပ်ငန်းများဖြစ်ပြီး မူရင်းပြုစုသူ ဆရာစကြာအောင်က (၁၉၈၃)ခုနှစ်၊ ဇွန်လ (၂၁)ရက်နေ့မှာ လက်နှိပ်စက်နဲ့ ရိုက်နှိပ်ထားတာ ဖြစ်ပါတယ်။

ဆရာစကြာအောင်ရဲ့ စာမူကြမ်းကို လွှန်ခဲ့တဲ့အနှစ် (၂၀)ကျော်က ဦးပဠင်း ရဟန်းတစ်ဝါရခါစ မြောင်းမြမြို့ မြစိမ်းရောင်တောင် ဆရာတော်ကြီးထံမှာ ပညာဆည်းပူးနေတုန်း တပည့်ဒကာ တစ်ဦးထံမှ ရတယ်လို့ တောရကျောင်းဆရာတော် အရှင်သာသနောဒယက ဆိုပါတယ်။

ဒီစာမူကို ဒကာ့အနေနဲ့ အဆင်ပြေမယ်ဆိုရင် စာအုပ်ထုတ်ပေးဖို့ ဆရာတော်က အမိန့်ရှိပါတယ်။ စာအုပ်အဖြစ် ပြန်လည်ထုတ်ဝေဖို့ အဆင်မပြေသေးပေမယ့် စာမူကြမ်းထဲက ဘယ်စာအုပ်မှာမှ မဖော်ပြဖူးသေးတဲ့ အခန်းအချို့ကို ပြန်လည်ရေးသားပြီး ဂမ္ဘီရဆောင်းပါးတွေအဖြစ် ဂမ္ဘီရမဂ္ဂဇင်းမှာ ဖော်ပြဖြစ်တယ်။ ဓမ္မပါလရှာပုံတော်နဲ့ ဓမ္မပါလ အေးဖေမှ ဘိုးပွားသို့ဆိုတဲ့ ဆောင်းပါးရှည် နှစ်ပုဒ်ပါ။

ဝိဇ္ဇာကြီးများရဲ့ အကြောင်းကို ရေးသားထုတ်ဝေမှု အများဆုံးက အဘအောင်မင်းခေါင်အကြောင်းပါ။ အစေ ဆုံးပေါ်ထွက်ခဲ့တဲ့စာအုပ်က စာပြုဆရာကြီး ဦးပေါ်ဦး ရေးသားပြီး မိဘမေတ္တာ ဆရာဦးမောင်ကြီး တည်းဖြတ်တဲ့ ဝိဇ္ဇာဓိုရ်အောင်မင်းခေါင်၏ ထွက်ရပ်ပေါက်ရာဇဝင် စာ အုပ်ကနေ အရှင်ကဝိန္ဒ(ပုပ္ပား) ရေးသားတဲ့ ပုပ္ပားတောင် ကျွန်ုပ်တို့သိသော ဘိုးမင်းခေါင်နှင့် သာသနာတွင်း၊ သာ သနာပ ဝိဇ္ဇာဓိုရ်များ စာအုပ်အထိ စာအုပ်များစွာ ထွက် ခဲ့ပါတယ်။ ဆောင်းပါးဆိုတာကတော့ မရေတွက်နိုင် အောင် များပြားလှပါတယ်။

စာရေးသူလက်ထဲရောက်နေတဲ့ ဆရာစကြာအောင်ရဲ့ စာမူကတော့ တကယ်ရှားပါးတဲ့ အချက်အလက်တွေ ပါဝင်နေတာ တွေ့ရပါတယ်။ ဆရာစကြာအောင်ဟာ စာရေးသူလိုပဲ အဘအောင်မင်းခေါင်ကို အလောင်းတော် အဖြစ် ယုံကြည်လက်ခံသူ၊ အဘရဲ့ရုပ်ကိုမသုံး နာမ်ကိုသုံး တာကို ကိုယ်တိုင်လေ့လာသိရှိသူ မြောင်းမြ မြစိမ်းရောင် ဆရာတော်ကြီးလို အဘအောင်မင်းခေါင်ကြီးရဲ့ တပည့် အရင်းကြီးတွေဆီမှာ နေထိုင်လေ့လာ ပညာဆည်းပူးခဲ့သူ ဖြစ်ပါတယ်။ ဆရာစကြာအောင်ဟာ အောင်မင်းခေါင် ရေးထက် စူးစမ်းရေးသား သုတေသနပြုရန် ဆန္ဒပြင်း သူလို့ သူ့ကိုယ်သူ ဆိုထားပါတယ်။

မြန်မာသက္ကရာဇ်(၁၃၁၄)ခုနှစ် အဘ ပုပ္ပားက အထွက်မပြုမီ ကိုယ်တိုင်တွေ့ရှိခဲ့သလို အဘနာမ်က သာသနာပြုခဲ့တဲ့ မန္တလေးတောင်ခြေ နတ်စလင်းကျော အပေါ်ထပ်က ဘိုးပွားခတ်နန်းကိုလည်း အကြိမ်ကြိမ် ရောက်ဖူးခဲ့ကြောင်း ဆရာစကြာအောင်ရဲ့ စာတွေက သိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာစကြာအောင်ဟာ အာဘအောင်မင်းခေါင်ရဲ့ တပည့်ကြီးတွေဖြစ်ကြတဲ့ ချိုးဖြူအဘိုးဆရာတော် ဦးအာဒိစ္စဝံသ၊ နာဂလိုဏ်ဂူ(ကလေး၀)ဆရာတော် ဦးသာဂရ၊ မင်းမမ္ဘတောင်ဆရာတော် ဦးမေဓာ၊ အောင်ဆုပန်ဆရာတော် ဦးဉာဏိန္ဒ၊ မန္တလေးမြို့ မီးချောင်းတံတားအနောက်ကျောင်းဆရာတော် ဦးသူရိယ၊ ပင်းယမြို့ဟောင်းမှ ဘရသေ့၊ ယောက်ကော်ဆရာတော် (နောင် ယောက်ကော် အဖေကြီး)၊ ပုပ္ပားတောင်ကလပ် ဦးပရမဝဏ္ဏာသိဒ္ဓိ (နောင် ဦးပြည့်စုံ)၊ မုတ်ကျွန်းဆရာတော်၊ မြောင်းမြမြို့ မြစိမ်းရောင်တောင် ဆရာတော်တို့ထံကို သွားရောက်ပြီး အာဘအောင်မင်းခေါင်ရဲ့ အကြောင်းကို စူးစမ်းရေးသား သုတေသနပြုခဲ့ပါတယ်။

စာမူကြမ်းထဲမှာ အာဘရဲ့ အတ္ထုပ္ပတ္တိအပြင် ကျင့်စဉ်တွေရော အာဘရေးသားပြုစုခဲ့တဲ့ ကဗျာ၊ လင်္ကာ၊ စာတွေပါ ဖော်ပြထားပါတယ်။ ကျင့်စဉ်တွေက မဟာဂန္ဓာရီဂိုဏ်းဝင်တို့၏ ကျင့်စဉ်များ ဖြစ်ပါတယ်။ သီးခြားဆောင်းပါး ရေးသားတင်ပြပေးပါ့မယ်။

♦♦♦

အခုတင်ပြမှာက အာဘအောင်မင်းခေါင်ရေးတဲ့ စာတွေပါ။

တေဝိဇ္ဇာခေတ်၊ သုံးထောင်နှစ်တွင်၊ ရှင်ချစ်ဘုရား၊ ဟောကြားဗျာဒိတ်၊ ယင်းအတိတ်ဖြင့်၊ မဖိတ်မစောင်း၊ ကျင့်ကောင်းဝိဇ္ဇာ၊ မြတ်ဆရာတို့၊ ဒီပါတောင်ကျွန်း၊ သြဘာထွန်းလျက်၊ တောက်ထွန်းသာသနာ၊ ခုခေတ်ခါဝယ်၊ မြဲနှယ်ထက်အောက်၊ ခေါက်ခေါက်ခါခါ၊ သတ္တဝါတို့၊ [illegible]ညာတာထောက်မ၊ ဘေးမခအောင်၊ စောင်မစောင့်ကြပ်၊ [illegible]တ္တာဓာတ်ဖြင့်၊ မပြတ်သွားလာ၊ ရှိတုံပါလည်း၊ သူငါ[illegible]သိ၊ ဉာဏ်မျက်စိမှေး၊ အထင်သေးလျက်၊ မတွေးမဆင်၊ [illegible]ငြင်ပြင်ရှုပ၊ အလှဝတ်စား၊ ခါးဝတ်ကိုယ်ရုံ၊ လုံမလုံနှင့်၊ [illegible]သဏ္ဍာန်ခြား၊ ကေသာကြွက်သိုက်၊ မြေဦလှဲအိပ်၊ နေရိပ်[illegible] အပူအအေး၊ အရေးမစိုက်၊ များလူမိုက်တို့၊ ရိုက်နှက်[illegible]၊ ညှဉ်းဆဲမှုလည်း၊ မာန်မူအန္ဓ၊ မပြုရေးမှ၊ ခန္တီစ[illegible] မျှတအရိယာ၊ ဓားအစာလည်း၊ ရရာတင်းတိမ်၊ [illegible]ချဉ်ငန်၊ အဖန်အခါး၊ ဆီပျားထောပတ်၊ မကပ်လုံးစုံ၊ [illegible]ကာက်အရုံလည်း၊ မြူမှုန်မျှလောက်၊ စွဲမရောက်ရှင့်၊ [illegible]ကျောက်ရှို့စိုးထိတ်၊ ဒေါသဟိတ်လည်း၊ ဆိတ်မျှမရှိ၊ ပကတိသာ၊ ရဟန္တာသို့၊ ဣန္ဒြေနိဋ္ဌ၊ ကင်းပအမြဲ၊ ဝမ်းနည်းဝမ်းသာ၊ သာယာမရ၊ အနိစ္စနှင့်၊ ဒုက္ခလက္ခဏာ၊ တင်လျက်သာလျှင်၊ သမာဓိကြီး၊ ပွားစည်းကိုယ်ကျိုး၊ ဖွံ့ဖြိုးအဖုံဖုံ၊ သုံးပါကုန်လည်း၊ လုံးစုံသတ္တဝါ၊ များသူငှာတို့၊ ပါရမီဆက်၊ ဝိဇ္ဇာစက်ကွင်း၊ ထွက်ခွင့်ထွက်ထိုက်၊ ပါထိုက်သသူ၊ ဟူဟူသမျှ၊ မကျန်ရအောင်၊ ဉာဏသမ္ဘယုတ်၊ ချင့်ထုတ်နှိုင်းဆ၊ အမတအောင်နန်း၊ နိဗ္ဗာန်ကမ်းကို၊ ဖြတ်သန်းထွင်ကာ၊ ရောက်စိမ့်ငှာဖြင့်၊ သမ္မာဆန္ဒ၊ ဝါယမမဖက်၊ ကိုယ့်အသက်ကို၊ ငဲ့ကွက်ကင်းပ၊ ဝေနေယျတို့၊ ကာလခေတ်ကြမ်း၊ ဘီလူးကြမ်းနှင့်၊ နတ်ကြမ်းတစ်တွေ၊ တစ္ဆေသရဲ၊ ခွဲရှဲမကပ်၊ ဥပဒ်ဘေးဒဏ်၊ ရန်အသွယ်သွယ်၊ ကင်းကွယ်ငြိမ်းချမ်း၊ ရေကြာပန်းသို့၊ ရွှင်လန်းစေချင်၊ သူတော်စင်လည်း၊ ဓာတ်ဆင်ဓာတ်အုပ်၊ ဓာတ်အလုပ်ဖြင့်၊ မဆုတ်မဆိုင်း၊ အခါပိုင်း၍၊ ကသိုဏ်းလည်းရှု၊ ပြုလျက်ကျေးဇူး၊ သွင်အထူးဖြင့်၊ ချောင်းကူးမြောင်းခြား၊ ရွှံ့ရေများ၍၊ ကစားသလို၊ ဟိုဟိုသည်သည်၊ ရယ်ရယ်မောမော၊ ပြောပြောဆိုဆို၊ ချိုချိုသာသာ၊ အခါခါလည်း၊ အာဏာမာန်ပြင်း၊ ခြင်္သေ့မင်းသို့၊ ကပ်ခြင်းမဝံ့၊ ကြောက်ရွံ့အများ၊ ရှောင်ရှားတတ်စွာ၊ ဂင်္ဂါသဲမျှ၊ မကသီးစွာ၊ ဝိဇ္ဇာတို့ဉာဏ်၊ မာယာဟန်ဖြင့်၊ ရိုက်မာန်မောင်းမဲ၊ ဆဲလည်းဆဲ၏၊ နက်နဲအဓိပ္ပာယ်၊ သိမလွယ်ရှင့်၊ တစ်သွယ်ကိုမျှ၊ မြွက်ဟာစကား၊ ကြားသော်ငြားလည်း၊ ခွဲခြားမသိ၊ ဝိဝါဒထွေး၊ တွေးဆခက်တောင်း၊ ဆိုးကောင်းမရွေး၊ ကြီးသေးဦးထုပ်၊ အရုပ်အမျိုးမျိုး၊ ထီးကျိုးထီးပျက်၊ ဖိနပ်အစားစား၊ တုတ်ဓားကြိုးကြိမ်၊ ထဘီလုံကွင်း၊ ဟောင်းမြင်းစုတ်ပြတ်၊ အပ်မျှမကျန်၊ သံတိုမယ်န၊ လိုရအသုံး၊ ပေါင်းရုန်းကြွက်သိုက်၊ ဓာတ်စိုက်ရာစု၊ အမှိုက်ထုနှင့်၊ အိပ်မှုနေရာ၊ ပြုလေ့လာ၏၊ ပသာဒရုပ်၊ ဓာတ်အလုပ်ကား၊ စက်ဆုပ်ဖွယ်ရာ၊ လူတကာနှင့်၊ ထွေလာထူးခြား၊ အရူးလားသို့၊ ကွဲပြားလုံးစုံ၊ မသိကုန်ကြ၊ တွေ့ကြုံကလည်း၊ ယုံရအခက်၊ သိဝှက်ပညာ၊ တတ်ဝိဇ္ဇာထုံး၊ အုပ်ဖုံးလုံးဝ၊ စွန်းအစမျှ၊ မဟာထင်လင်း၊ လူခပင်းလည်း၊ ရှောင်ကွင်းတခြား၊ ပြစ်မှားတတ်စွာ၊ သို့စင်ပါလည်း၊ ဆရာသူမြတ်၊ ထိုက်အပ်သမျှ၊ မ,စချီးမြှင့်၊ နှရင့်မရွေး၊ ဝေးနီးမကျန်၊ ပြုမြဲမှန်၏။ ကံဉာဏ်မူလ၊ ဝီရိယတွင်၊ ဉာဏ်မရှင်လျှင်၊ အထင်လွဲကြ၊ လူအန္ဓတို့၊ မရပညာ၊ နောင်သောခါမှ၊ ဆရာကောင်းကင်း၊ လို

www.burmeseclassic.com

ရင်းထွက်ရပ်၊ ပရမတ်ဝိဇ္ဇာ၊ မြတ်ဆရာ၏၊ နည်းနာနှင့်ဝေး၊ ကဆုန်ပြေးလည်း၊ အရေးမကုန်၊ မောဟိုက်တုန်လျက်၊ ခြေကုန်လက်ပန်း၊ ဝိဇ္ဇာလမ်းတွင်၊ သောင်ကမ်းနိဗ္ဗာန်၊ ဝေးစွမှန်သည်၊ ကောန်မလွဲ နိဂုံးတည်း။

အဘအောင်မင်းခေါင် ရေးသားခဲ့တဲ့ ကဗျာတွေ၊ စာတွေ၊ လင်္ကာတွေ၊ တေးထပ်တွေထဲမှာ ဘယ်စာအုပ်မှာမှ ပုံနှိပ်ဖော်ပြခြင်း မပြုရသေးတဲ့ စာတစ်ပုဒ်ပါ။ အဘဟာ သူနဲ့ ပါရမီအဟုန် ရှေးကံကြိုလို့၊ ဆုံစည်းခဲ့ပါသော် သတိသမ္ပဇဉ် ဉာဏ်ဆင်ခြင်ပြီး ချဉ်းကပ်နိုင်အောင် ရေးသားခဲ့တဲ့ သတိပေးစာတစ်ပုဒ် ဖြစ်ပါတယ်။

စာထဲကလိုပါပဲ၊ အဘနဲ့ တွေ့ကြုံကြသူများဟာ နာမ်ကိုမမြင်လို့ ဉာဏ်ကိုမမြင်၊ ရုပ်ကိုကြည့်ကာ အထင်အမြင် သေးတတ်ကြပါတယ်။ ထူးတာလား၊ ရူးတာလား ခွဲခြားမသိကြတာ များပါတယ်။ အဘက သူ့ရဲ့ပါရမီဆက်တွေကို ကယ်တော့ ကယ်တာပဲ။ ကယ်တာကို ကယ်မှန်းမသိလို့ ဖယ်ကျန်ရ၊ အပယ်ခံဘဝမှာ နေရစ်သူတွေအတွက် ရေးခဲ့တဲ့စာ ဖြစ်ပါတယ်။

'ဝိဇ္ဇာစကား ပြိတ္တာနားမလည်ဘူးကွ'

ဒါ အဘနဲ့ အဘတပည့်တွေ မကြာခဏ မိန့်ကြားခဲ့တဲ့ သတိပေးချက် ဖြစ်ပါတယ်။ စာရေးသူကို အဘိုး



(ချိုးဖြူဆရာတော် ဦးအာဒိစ္စဝံသ) တွေ့တိုင်း ပြောပါတယ်။

*မမြင်အပ်ရာ မမြင်ရသလိုပ၊*
*မထင်အပ်ရာ၊ မထင်ရပေဘု၊*
*အသွင်မလှ၊ အဆင်မပြေ၊*
*တရားမကြိုက်သူတို့ကာ၊*
*အမှားစရိုက်ကယ်နဲ့၊*
*ငါးနှိုက်ရာ မြွေကိုစမ်းတယ်၊*
*ဖမ်းသည့်ပုံပေ။*
*အဆိပ်တက်ပြန်တော့၊*
*ထိပ်တက်၍ ဝေတေတေ၊*
*မဖြေနိုင်ဖိစီး။*
*သတင်းရယ်ပြောင်၊*
*မင်းခေါင်ကို အထင်မမှားလေနဲ့၊*
*သတ္တဝါရင်ဝယ်သားလိုပ၊*
*အခါခါကယ်ဆယ်တာ များခဲ့ပေါ့၊*
*အပါယ်ကို အလွယ်နဲ့မသွားရအောင်၊*
*ထားသတိကြီး။*

ဒီကဗျာကတော့ အဘအကြောင်း ဆောင်းပါးစာအ ထုတ်ဝေပြီးသမျှ အတော်များများမှာ ပါပြီးပါပြီ။ နှ အနည်းငယ်လည်းရှိတယ်။ အဘအောင်မင်းခေါင် ပု တောင်ကလပ်မှာ နေထိုင်စဉ် စာနဲ့လည်း ရေးထားတ လာသမျှ သာဝကတွေကိုလည်း နှုတ်ကလည်း ရွတ် တယ်လို့ ဆိုပါတယ်။

မြူခိုးရစ်မှောင်၊ နဂါးရစ်တောင်၊ မင်းခေါင်လျှော ၍ လာလတ္တံ့ဟူသော တဘောင်ကိန်းခန်း ပေါ်ပြီး နဂါးရစ်တောင် (မန္တလေးတောင်)ခြေရင်း နတ်စ ကျောင်းမှာ ဓာတ်ခန်းဖွင့်ပြီး ညီတော်ဓမ္မပါလ ကို ဖေကို ဘိုးပွား အမည်နဲ့ သာသနာပြုခဲ့ပါတယ်။ အ အောင်မင်းခေါင်ဟာ သာသနာ့ဟိတဓမ္မ ရသေ့ကြီးဦး ထွက်ရပ်မြန်းသည်နှင့်တစ်ပြိုင်နက် ဘိုးပွားကို မန္တ တောင်ခြေမှာ သာသနာ့အမွေခံစေဖို့ ကြိုတင်စီစဉ် လည်း ဖြစ်ပါတယ်။

ဘိုးပွားရဲ့ ရုပ်ခန္ဓာမှာ အဘနာမ်ကိန်းပြီး ထူး စာတစ်ပုဒ် ရွတ်ဆိုတာကို ဆရာစကြာအောင်က အ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ဘယ်စာအုပ် ဘယ်

www.burmeseclassic.com

www.burmeseclassic.com

ပါးမှာမှ ရှာမတွေ့သေးတဲ့ ရှားပါးတဲ့စာပါ။

အင္ဂါကလာပ် နာနာချေ၊ အေးအေးဆေးဆေးနေ၊ ကို ဝါသဝ ခုမှထသည်၊ ကိုဝါသဝ မျက်နှာနှင့် ဒီမျက်နှာ အတူတူပဲ။ ကရင်ကြီးကလည်း မပြီးသေးဘူး၊ ရှမ်းက လည်း ဆင်းမလို့၊ မလာနဲ့။ ကိုယ့်ပြည်ကိုယ်ပြန်၊ ကိုသာဝ အိမ်၊ ဝါးတိုက်လို့စား၊ တိုက်ဖြစ်ရော၊ ဇဝနနတ်သား၊ ဆင်း၍ကူပါလိမ့်မယ်။ ဗုဒ္ဓဝင်ကို နာနာအကဲခတ်၊ ကိုရွှေ မြတ် တွေ့ပါလိမ့်မယ်။ ပြောင်းလဲပြီး ကိုနု၊ မောင်နု၊ ကျောက်ရုပ်၊ မန်းဆိုမှအဓိပ္ပာယ် နားလည်ပြန်ရော၊ လေ ယာဉ်ပျံ၊ လယာဉ်ပျံ၊ ပုတီအပုတ်ဖွား၊ အထွန်းဖွား၊ ငါ့ သစ်ပင်တော့ လာမထိနဲ့၊ အကုန်လုံး တစ်ခါတည်း ဘော တမနမတ္တူ၊ ငါက ရှာန်တရားနဲ့နေတာ။ ဘယ်သူ့မျက် နှာမှ မထောက်ဘူး။ မှောင်ကျရင် မကြည့်ဘူး။ ငါ့ကို တရားတိုက်လို့ ပြောလို့မရဘူး။ ဟိုရုပ်ယူမယ်၊ ဒီရုပ် ယူမယ် မဟုတ်တာတွေ လာမပြောနဲ့။ စိမ့်ကြီးမြိုင်ကြီးထဲ သွားပြီး ဘယ်သူနဲ့မှ မတွေ့အောင်နေတယ်။ သမင်လို လည်း မဟုတ်၊ ဒရယ်လိုလည်း မဟုတ် ဆင်လိုဖြတ် ဘမ်းက သွားမယ်။ ငါတို့ လူကြီးတွေက တစ်ပင်ကောင်း ကောင်းမွေးတာ။ ငါ့ပိန္နဲပင် လာမထိနဲ့။ ဝိဇ္ဇာမိုရ်မောင် အောင်ပြဇာတ်၊ မန္တလေး ဆန်တောင်ထိပ်ပန်း၊ ဇယျဇယျံ ဇယျာသိ၊ ဝန်ကြီးထမ်းလို့ ဝန်ကြီးဖြစ်တယ်။ ဇာတ်ထဲက ထိုပေါ့။ အမတ်မင်းတို့ဗျူ၊ တိုးခစားကြ၊ ပွားရာဇဝင်၊ (၁၂)ရာသီပင်နှစ်ပင်၊ တစ်ပင်ကပွင့်ဖြူနဲ့၊ တစ်ပင်က အပွင့်ဝင်းဝင်း အဖြူနဲ့အဝင်း၊ ဖြူဝင်း။ သရက်တစ်ပင် အနားမှာသွားပြီး ရုပ်ပြောင်း။ ကိုမိုးကုတ်၊ ကင်းမြီး ဆောက်၊ ပတ္တမြားထွန်းလှိုင်၊ ကိုဇင်၊ ကိုဇင် တနင်္ဂနွေ နေ့က မေတ္တာပြုကြပြန်ရော။

တစ်ဖန် မန္တလေးတောင် အောင်မြေနှင်းချိန်မှာ အဘ ဆိုထားက-

နန္ဒိယလည်းနှပ်၊ ဝိမလည်းနှပ်၊ အောက်ပြည်က (ဥပ ဒေဝက) အထက်ပြည်က (ဥပပိဋ္ဌက) ရှမ်းတရုတ်တော့ ခမန်းဆင်းပြီး ချောက်ဦးမယ်။ ရန်ကုန်က လူတွေတော့ သနားလိုက်ပါသေးရဲ့ ဟူသတည်း။

အဲသည်စာဟာ အဲသည်ကာလက အခြေအနေတွေနဲ့ ထားမယ့် အတိတ်မှာ ဖြစ်ပေါ်လာမယ့် အကြောင်းအရာ တွေကို ဖော်ပြနေတာ ဖြစ်ပါတယ်။



အခုနောက်ဆုံးဖော်ပြမယ့် အဘ့စာကတော့ ကချင် ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ခရုချောင်းရွာမှာ စခန်းဖွင့်ခဲ့ချိန် ရေးခဲ့တဲ့စာပါ။ အဘရဲ့ စခန်းစောင့် ဒေါ်သောင်း(အဘ အခေါ် မှူးသာမတ်သာ)ဆီမှာ အဘ ခဲတံနဲ့ ရေးခဲ့တဲ့စာ အုပ်ရှိပါတယ်။ အဘရဲ့ စာတွေထဲက အနာဂတ်ကို ကြို တင်ဟောထားတဲ့ စာတစ်ပုဒ်ကို ရွေးထုတ်တင်ပြလိုက်ရ ပါတယ်။

စတုမရှုတဲ့၊ အထက်စကလာ၊ အညီအညာမဝေး၊ ဇမ္ဗူလင်းပါလိမ့်၊ လေးဆူမင်း ဘုရင်ကျန်တာကြောင့်၊ ပလ္လင်ပျံမှာ လာချိန်နီးပြီမို့၊ မြန်မာအရိုန်ကြီး၍ အပြည် ပြည်၊ တစ်ဆူထွန်းပါကြောင့်၊ ဤဇမ္ဗူကျွန်း၊ လက်ယာ မြေတွင်၊ ထက်သမ္မာအခြေ၊ ဘေးဘယာကုန်လို့မို့၊ အေးစွာ အဖုံဖုံ၊ သာသနာထွန်းပြီးလျှင်၊ နိုင်ငံအဝှန်း၊ တစ်ခန်းတင့် လုပေါ့၊ နန်းပလ္လင်က နက်ပျော်သူတို့၊ အလွမ်းနှင့် မပျက် မျှော်ပြီ၊ (ဝန်မင်း)စက်တော်ခေါ် စက်တော်စောင့်ကြ မင်း ကြီးများ။

စကြာရေအောင်းစံ

www.burmeseclassic.com

အညာဒေသတွင် ရေကျော်ဟုခေါ်သော နေရာများ စွာရှိသည်။ ရေကျော်ဆိုသည်မှာ ကုန်းပေါ်ရှိ ပေလမ်းကြောင်းပေါ်သို့ ရေများ ကျော်ဝင်လွှမ်းမိုးလာခြင်းကို ဆိုလိုသည်။ များသောအားဖြင့် ရေကျော်များသည် ရေနှင့်အတူပါလာသော သဲဖြူဖြူလွလွကလေးများ၊ မိုးရွာလွန်းသဖြင့် တောင်ကျချောင်းများက သယ်ယူလာခြင်း၊ ကုန်းပေါ်ရှိ လမ်းများအထိ သဲဖြူပုံများက တစ်ပုံတစ်ခေါင်း။ မိုးရွာပြီးပါက ကတ္တရာလမ်းက ကွယ်ပျောက်၍ သဲလမ်းဖြစ်သွားသည်။ သဲဖြူများလျှင် ယာဉ်များ အလွယ်တကူ မသွားနိုင်။ သဲထုက ယာဉ်ဘီးများကို နောက်ပြန်ဆွဲထားကြသည်။

ရွာနှင့်မနီးမဝေးတွင် ရေကျော်တစ်ချောင်းက အတော်လေး ကျယ်ပြန့်လှသည်။ ပေလမ်းကလည်း ခရီးသွားမပြတ်လပ်စေရ။ စဉ်ဆက်မပြတ် ကားဖြတ်ကူးသည်ဟု မဆိုသာ။ ယာဉ်တစ်စီးနှင့်တစ်စီးက ဆယ့်ငါးမိနစ်တွင် တစ်စီးနှုန်း သွားလာနေကျ။ ဤနေရာတွင် ကျွန်တော်... အတွက် စီးပွားရေးမြင်ကွင်းကျယ်။ အိမ်မှ မနက်စောစော... ထမင်းကြမ်းစားပြီးမှ ထွက်လာသည်။ ခမောက်နှင့် ... ပြားတစ်လက်ကို ထမ်းပိုးလာသည်။ အစပိုင်းက ရေဘူး... ယူလာသေးသည်။ နောက်ပိုင်း ရေဘူးမလိုတော့။

ကတ္တရာလမ်းပေါ်တွင် သဲများက တစ်ပေတစ်တော... ခန့် ထူထဲနေသည်။ ကျွန်တော်က သဲထုထည်များ... ဂေါ်ပြားဖြင့် ယာဉ်ဘီးနှင့် ကင်းရာနေရာသို့ ပို့ပေးသည်... မြင်ကွင်းကို ခပ်လှမ်းလှမ်းမှ တွေ့မြင်နိုင်သည်။ အလ... သဖြင့် ယာဉ်မောင်းသူများပင် ကျွန်တော့်အား ကျေး... တင်မှု အထပ်ထပ်အခါခါ။ ထိုစေတနာဖြင့်ယှဉ်၍ ရေ... အသပြာကလေးများပင် ပစ်ချပေးသည်ကိုပင် အား... ပါးနာ။ အချို့က သောက်ရေသန့်ဘူးကလေးများ တ... စားစရာ မုန့်ထုပ်များလည်း ပေးကမ်းစွန့်ကြဲကြသည်...



# ရန်နိုင်

## သုံးဘွဲ့ရပုဂ္ဂိုလ်မော် ဟိုးလေးတကျော်

www.burmeseclassic.com

www.burmeseclassic.com

ညနေတိုင်းလျှင် အိမ်အပြန် ငွေလည်းအပြည့်။ ရေဘူးနှင့် စားသောက်ဖွယ် မုန့်ပဲသရေစာများကလည်း အလျှံပယ်။ အိမ်မှ ကလေးများသာမက ပတ်ဝန်းကျင် ကလေးများသို့ ခွဲဝေပေးသည်။ ကလေးများသာမက လူကြီးအချို့ကလည်း ကျွန်တော့်အား စိတ်ဝင်စားကြသည်။ ပင်လယ်ရေအား တစ်ဦးတည်း သောက်၍ မကုန်ခန်းနိုင်။ ရေကျော်မှ သဲကို မည်သူမဆို ခပ်ယူသန့်ရှင်းနိုင်သည် မဟုတ်ပါလား။

ဤလုပ်ငန်းကို ဦးဆောင်သူက ကျွန်တော်ကိုယ်တိုင်။ နည်းပြဆရာဟုလည်း ခေါ်ဆိုနိုင်သည်။ သို့သော် ဤလုပ်ငန်းကို အကောင်းမမြင်ကြ။ အချို့က မေးစမ်းလာသည်။

"နေ့စဉ် ခင်ဗျား ခပ်သယ်နေတဲ့သဲတွေက နှစ်နဲ့ချီပြီး ကုန်နိုင်သေးပါလားဗျ"

သူတို့၏ အမေးက ရယ်သွမ်းသွေး၊ ကလိသလို ရှိသလို။ ကျွန်တော်က ပြန်ဖြေရန်က အဆင်သင့်။ သို့သော် မဖြေ။ အလှူခံသူနှင့် အလှူပေးသူတို့၏ ပေါင်းသင်းဆက်ဆံရေး မချို့ယွင်းစေလို။ အလှူပေးသူ၏အမြင်မှာ ရှင်းလင်းဖို့သာ လိုသည်မဟုတ်ပါလား။ တတ်နိုင်သူက စေတနာသန့်သန့်ဖြင့် ပေးလှူဒါန်းသည်။ နှစ်ဦးနှစ်ဖက် အစစအရာရာ အဆင်ပြေပြေ။

ကျွန်တော်အပါအဝင် လုပ်ငန်းခွင်တူ သုံးဦးဖြစ်လာသည်။ သုံးနေရာ ခွဲခွဲခြားခြား အလုပ်လုပ်ကြသည်။ အလှူငွေရရှိမှုက ကြိုတင်တွေးဆ၍မရ။ ပထမဆုံး ကြုံတွေ့ရသူအား အလှူငွေပေးသည်လည်း ရှိသည်။ ပထမနေရာတွင် စိတ်ကူးမပေါက်သော်လည်း ဒုတိယနေရာကျမှ အလှူငွေ စွန့်ကြသည်လည်း ရှိတတ်သည်။ အသွားတွင် ပထမနေရာ ဖြစ်၍ အပြန်လမ်းတွင် နောက်ဆုံးနေရာက ပထမဆုံး နေရာရသည်။ မည်သည့်နေရာက ငွေကြေးပိုမိုရရှိသည်ဟု ကြိုတင်ခန့်မှန်း၍ မရပါ။

သေချာသည်က မူလတွင် ကိုယ်တစ်ဦးတည်းက အလှူငွေ လုပ်အားခငွေအားလုံး ရခွင့်ရှိသည်။ ယခုမူကား သုံးနေရာ သုံးဦးခွဲဝေ၍ ခံစားခွင့်ရသည်။ အတူတူအလုပ်လုပ်ရာတွင် ညနေမှ ရသမျှငွေကြေးကို ခွဲဝေယူရန်လည်း မငြင်း၍မရ။

ပို၍ရှုပ်ထွေးလာသည်က ကလေးငယ်များ ပါဝင်မှု များလာသည်။ ကလေးအရွယ်မို့ မုန့်ထုပ်စားခွင့်ရှိသော်လည်း ငွေကြေးပေးလျှင်လည်း သူတို့အတွက် သက်ဆိုင်သည်။ ကလေးများက သဲမကျုံးကြရဘဲ လက်ဝါးဖြန့်လျက် ငွေတောင်းသည့်ပုံစံ ဝင်လာသည်။ ကလေးများက သူတောင်းစားသဖွယ်။ ကျွန်တော်တို့ လူကြီးတွေကရော လိမ်လည်ငွေတောင်းသူမို့ ထူးမခြားနား။

အမှန်က ကျွန်တော်၏ ပရဟိတလုပ်ငန်းကိုသာ အများက မြင်သာ၏။ လူတကာ၏ မျက်ကွယ်တွင် မူလက ခပ်သယ်ဖယ်ရှားပေးခဲ့သည့် သဲများကို မူလနေရာသို့ ပြန်ဖို့ထားခဲ့သည်။ ရေကျော်မှ သဲများကို ဖယ်ရှားသူလည်း ကျွန်တော်ကိုယ်တိုင်။ သဲမရှိသော လမ်းပေါ်သို့ သဲများပြန်၍ ဖို့သူများမှာလည်း ကျွန်တော်ကိုယ်တိုင်။ သဲတို့သည် အဖယ်ခံရ၊ အဖို့ခံရဖြင့် ကျွန်တော့်စိတ်ကြိုက် ဖန်တီးမှု ခံကြရသည်။ တကယ်တော့ သဲများသည်ပင် လိမ်လည်ခံ လှည့်စားခံရသည်သို့။ တစ်စုံတစ်ယောက်က သာ စောင့်ကြည့်လျှင် သိနိုင်သည့် ကလိမ်ကလည်လုပ်ရပ်။ သို့မဟုတ်ပါက ကလေးကချေတစ်ယောက်၏ ကလီကမာလုပ်ရပ်။ သို့သော် ထိုကာလက ကျွန်တော်၏ အမည်မှာ ကိုမာဃ ဖြစ်ခဲ့ဖူးသည်။

◆◆◆

နောက်နှစ်တွင် အခွင့်အရေးက မစွမ်းသာ။ ကိုယ့်ရွာသားများကလည်း ထင်ထင်ရှားရှား သိမြင်လာကြသည်။ အပြင်တွင် ကျွန်တော့်သတင်းက မသန့်ရှင်းတော့။ မနှစ်သက်သူတို့က မှိုချိုးမျှစ်ချိုး ပြောလာကြသည်။ နေစရာမြေကမရှိ။ ကျွန်တော့်အား အတုယူသူတို့ကလည်း မသင့်မြတ်။ ရလာသော လောဘစိတ်ဖြင့် စိတ်ဝမ်းကွဲလာကြသည်။

တစ်ရွာမပြောင်း သူကောင်းမဖြစ်ဟူသော ဆုံးမစကားကို လိုက်နာရတော့သည်။ ထိုအချိန်တွင် ထောက်ပံ့ကူညီသူကလည်း အရန်သင့်။ ရန်ကုန်သို့ ကြိုတင်ရောက်နေသော သူငယ်ချင်းက ဆက်သွယ်လာသည်။ ကျွန်တော်၏ နှုတ်ပြော အရည်အချင်းနှင့် ဉာဏ်ပြေးမှုများအရ အလုပ်တစ်ခု ရနိုင်သည်ဟု ကမ်းလှမ်းလာသည်။ မိသားစုအတွက် နေစရာလည်းအဆင်သင့်။ သားနှင့်သမီးအတွက် စာသင်၍ ရနိုင်သည့် အခွင့်အရေး။

မြို့သို့ရောက်သော် အလုပ်က ထင်ထားသည်ထက် ပိုသည်။ မိသားစုအတွက် နေထိုင်ရန် အခန်းက အဆင်



www.burmeseclassic.com

www.burmeseclassic.com

သင့်။ သားသမီးပညာရေးအတွက် ဤကျောင်းတွင်ပင် ထားခွင့်ရသည်။ ဟိုင်းဂျက်ကားကလေးတစ်စီး အပ်နှံသည်။ စကားပြောစက် အသံချဲ့စက် အစုံအလင် အပြည့်အစုံ။

လုပ်ငန်းနှင့်ပတ်သက်၍ မှာကြားချက်များကို ဦးစီးဆရာတစ်ဆူက မိန့်မှာသည်။ ပြောကြားရမည့် အသုံးအနှုန်း သွန်သင်ပေးသည်။ စကားပြောစက်၏ သဘာဝနှင့် အသုံးချပုံများ သင်ကြားပေးသည်။ လူတွေ၏ စိတ်ပိုင်းဆိုင်ရာ စိတ်ပညာရပ်များကို သွန်သင်ပေးသည်။ ဖြစ်နိုင်လျှင် ကားမောင်းသင်ရန်ကိုပါ လမ်းညွှန်ပေးသည်။ မိမိနှင့်အတူတကွ သွားလာလှုပ်ရှားရမည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။ အစပိုင်းက အလုပ်သင်ဘဝ။ နောက်ပိုင်း မိမိကိုယ်တိုင် ဦးစီးဦးဆောင်ရမည့်သဘော။

'တရားဟောသံကလည်း ပီပီပြင်ပြင်ပဲတော့'

တဖြည်းဖြည်း ခေါင်းနှင့် ခေါင်မိုးတိုက်ထိတော့မည့်ပုံ။ ကြားဖူးနားဝ တရားခွေများထဲမှ ကြာနီကန်ဆရာတော်၏ အသံကို တုပခဲ့ဖူးခြင်းက အကျိုးရှိသည့် အလားအလာ။ သီချင်းလည်း ဟဲ၍ရသေးသည်။ နှုတ်ချိုသျှိတစ်ပါး သွက်လက်လာသည့်သဘော။

ပထမတစ်လတွင် ကိုယ်က ထွေလီကာလီ ပျာတာအလုပ်မှ စတင်သည်။

ဆရာမှာ အခြားယာဉ်တစ်စီး၏ ဦးစီးဦးဆောင်။ ဘုန်းကြီးလူထွက်ပြီးမှ ဤအလုပ်ကို လုပ်ခဲ့ခြင်းဖြစ်သည်။ သူ့အကြောင်းကလည်း စိတ်ဝင်စားစရာ အများအပြား။ သူက မူလက ကျောင်းထိုင်ဆရာတော်တစ်ပါး။ ပြည်နယ်တစ်ခုမှ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းကို တာဝန်ယူရသည်။ သူက တရားဟောကောင်းသည်။ သို့သော် တိုင်းရင်းသားအသံဝဲနေသဖြင့် တစ်မျိုးနားထောင်ကောင်းသည်။ ရပ်ရွာက ကြည်ညိုလေးစားကြသည်။

ဘုန်းတော်ကြီးကျောင်းများ၌ တရားဝင်မဟုတ်သော မော်တော်ယာဉ်များကို ဒေသအလိုက် ဝယ်ယူသုံးစွဲခွင့်ရှိသည်။ ရဲစခန်းမှသော်လည်းကောင်း၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာနမှသော်လည်းကောင်း ဖမ်းဆီးမှုမရှိ။ ရှေ့မှန်တွင် ကျောင်းအမည်ကို တိတိလင်းလင်း ဖော်ပြနိုင်သည်။ သာသနာပြုယာဉ်ဟူ၍ မှတ်ပုံတင်ထားခြင်းရှိ၊မရှိ မသိနိုင်။ မော်တော်ယာဉ်မောင်းနှင်သူမှာ အရပ်သားဒကာ

များ မဟုတ်တော့ဘဲ သံဃာတော်ကိုယ်တိုင် ကားမောင်းနှင်မှုကလည်း တစ်ပုံတစ်ခေါင်း။

သူ့ကျောင်းတွင် ကားသုံးစီးရှိအောင် တပည့်ဒကာများက ပံ့ပိုးပေးကြသည်။ ဒကာအပေါင်း မသိနိုင်သော ဇာတ်လမ်းလျှို့ဝှက်ချက်က တဖြည်းဖြည်း တိုင်းရင်းသူဒကာမကလေးတွင် ကွက်ကွက်ကွင်းကွင်း ထင်ထင်ပေါ်ပေါ် ပေါ်ထွက်လာသည်။ ကလေးမအတွက် လိုအပ်သောငွေကြေးကိစ္စကို ကားရောင်း၍ ငွေဖော်ရာတွင် ထင်သလောက် မပေါက်ခဲ့။ နောက်တစ်စီး ကြိုးပမ်းရာတွင်လည်း လိုအပ်သည့်ငွေကြေး မရပြန်။ တတိယကားကိစ္စမပေါ်ခင် ပြဿနာအရေးအခင်းက လူသိထင်ရှားလာသည်။

မိန်းကလေးအခက်အခဲလည်း မပြေလည်။ ကားကိစ္စကလည်း ရှုပ်ရှုပ်ထွေးထွေး။ သူ တစ်ကိုယ်ကောင်းဆန်စွာ ထိုပတ်ဝန်းကျင်မှ စွန့်ခွာထွက်ပြေးခဲ့သည်ဟု သိရသည်။ သင်္ကန်းဝတ်ရာမှ လူဝတ်လဲခဲ့ရသည်။ ယခုမူသူလည်း ဆရာတစ်ဆူ။ သို့သော် မူလနေရပ်သို့ သူပြန်ခွင့်မရ။ သူ့အား ကြည်ညိုသူများ၏ မုန်းတီးမှုက အ...
တဂ္ဂ။ သူ့အတွက် အန္တရာယ်ရှိသည်မို့ ခြေရာဖျောက်ခဲ့...
သည်။ ရှေလည်း နောက်ခဲ့ရသည်။

ကျွန်တော်သည်ပင်လျှင် သူ့ထံမှ ပညာသင်ရ...
သူ၏ အစွမ်းအစကလည်း ထက်ထက်မြက်မြက်။ သူ့ကား...
ကို သူမောင်းသည်။ မည်သည့်ရက်တွင် မည်သည့်...
အရပ်ဒေသနှင့် သင့်လျော်သည်ကို သူအတပ်သိသည်...
ဆရာ့လက်ကျကို မီအောင် စတင်ကြိုးစားရသည်...

'ကျေးဇူးတော်ရှင်များခင်ဗျား' ဟူ၍ အစချီသည်...

'ကျေးဇူးရှင်များအတွက် အလှူခံမည့်အဖွဲ့ ရော...
လာပါပြီခင်ဗျာ။ ညက မိုးပြင်းပြင်းကလေး ရွာထား...
မနက်အစောကြီး ရေတွေကြီးလာလိုက်တာ ခါးလ...
လောက်အထိ ခက်ခက်ခဲခဲ ဖြတ်ကူးနေရပါတယ်ခင်...
ကျွန်တော်တို့အဖွဲ့ အလှူခံထွက်မယ်ဟန်ပြင်တော့ မိ...
ကလေးများက ဝိုင်းကူညီရင်း မှာကြားခဲ့ကြပါတယ်...
ဘဘတို့ အလှူငွေ များများရကြပါစေဟူ၍ ဆုတောင်း...
ပေးကြပါတယ်။ ပြန်ရင်လည်း ကလေးတွေက ကျော...
အထိ လိုက်ပါကြိုဆိုရင်း ဝမ်းသာအားရ မြူးထူး...
တာကို ကျေးဇူးရှင်များ မြင်တွေ့စေလိုပါတယ်။ အ...



www.burmeseclassic.com

www.burmeseclassic.com

ရတဲ့ မုန့်ထုပ်တွေ ဝေငှပေးတဲ့အခါ ကလေးတွေ ခုန်ပေါက်နေကြတာပဲခင်ဗျာ။ တကယ့် မိဘမဲ့ ပြည်နယ်အစုံက ကလေးငယ်များ သုံးရာကျော် ရှိကြပါတယ်ခင်ဗျာ'

ဆက်တိုက်ရှင်းလင်းတင်ပြချက်များသာ။

'ကလေးက အရွယ်မျိုးစုံပါပဲခင်ဗျာ။ (၁၀)တန်းကျောင်းသား (၁၀)ယောက် ရှိပါတယ်။ အလယ်တန်းကျောင်းသား (၁၇၀)ယောက် ရှိပါတယ်။ မူလတန်းကျောင်းကိုတော့ ဆရာတော်ရဲ့ ဘကကျောင်းမှာ တက်ကြရပါတယ်။ ထို့ထက်ပိုတာက နို့စို့အရွယ်ကလေး လူမမည်ကလေးများ (၁၅)ဦးရှိပါတယ်ခင်ဗျာ။ ဆရာတော်များလည်း ပဋိပတ္တိ ပရိယတ္တိ တရားကျင့်ကြံမှု မလုပ်နိုင်ကြပါဘူး။ နို့စို့အရွယ်ကလေးများနှင့် အတူအိပ် နို့တိုက်ချော့သိပ်နေရတာနဲ့ အချိန်ကုန်တော့တာပဲ။ ကလေးငယ်တို့သေးပေါက်ချီးယိုသဖြင့် ဆရာတော်များ၏ သင်္ကန်းများပင် သေးနံ့ ချေးနံ့နဲ့ မွေးကြိုင်နေတော့တာပဲ'

အရွှန်းဖောက်၍ ပြောလိုက်ရသေး။

မိဘမဲ့ကလေးပေါင်း သုံးရာကျော်ကြောင်း ကြေညာရသည်။ ကားဘေးလိုက်ကာတွင် ဗီနိုင်းဖြင့် ရေးဆွဲချိတ်ဆွဲထားသော ဓာတ်ပုံများက ကလေးများ၏ ပုံရိပ်များ။ အိပ်နေသော ပုံသဏ္ဌာန်၊ အစာစားနေသော ကလေးများ၊ စာသင်စာအံနေသော ကလေးများ၏ စိတ်ဝင်စားဖွယ်လှုပ်ရှားမှုများကို စကားပြောစက်ဖြင့် ဖြည့်စွက်တင်ပြရသေးသည်။

'ဆရာတော်က ကျွန်တော်တို့ကို အဲမိန့်ရှိလာတယ်။ ဒီနေ့ ကလေးများ စားစရိတ်ရန်ပုံငွေ၊ ဆေးဝါးကုသစရိတ်နဲ့ ပညာရေးများအတွက် ခွဲခွဲခြားခြား ဘယ်ရွေ့ဘယ်မျှရှိအောင် အလှူခံခဲ့ဖို့ မှာကြားလိုက်ပါတယ်ခင်ဗျာ'

ဆရာတော် ခိုင်းစေသဖြင့် ကျွန်တော်တို့က လုပ်ကိုင်ကြောင်းကို သနားစဖွယ် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောရသေးသည်။ ဆရာတော်ကို ကြောက်လန့်နေရကြောင်း အမွှမ်းတင်ရသေးသော်လည်း တကယ်တမ်းက ဆရာတော်ဆိုသည်မှာ ကင်ဦးမှ မပါဝင်။ ကျွန်တော်တို့ ခရီးမှူးရေးရာတွင် ဆရာတော်ချင်း မိုးမွှန်နေသော်လည်း ကျွန်တော်တို့ အလုပ်ရှင်မှာ သူဌေးတစ်ယောက်။ မြန်မာမှုကျွမ်းကျင်သောလုပ်ငန်းရှင်။ သူက ကားနှင့် လူပုဂ္ဂိုလ် လစာစရိတ်များကျခံခြင်းဖြင့် ရင်းနှီးပေးရသူ။ လိုအပ်သော ဓာတ်ပုံမှတ်တမ်းများကိုလည်း ပြည့်ပြည့်စုံစုံ စုစည်းပေးသည်။

ကျွန်တော်တို့ ဖော်ပြထားသော ဘုန်းကြီးကျောင်း ဘကကျောင်း၏ နေရပ်မှာ အလှူခံရာဒေသနှင့် မည်သို့မှ မသက်ဆိုင်။ ပြည်နယ်တစ်ခု၏ မြို့အမည်ကို ခံယူထားသည်။ အလှူခံရာဒေသရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ အလှူခံခွင့် တရားဝင်ရရှိအောင်လည်း သူဌေးက တာဝန်ခံလုပ်ပေးသည်။ ကျွန်တော်တို့က အသာအယာ ဝင်ရောက်ဟောပြော အလှူခံရုံသက်သက်။

'ဒုက္ခသည် ကလေးငယ်များအတွက် စားစရိတ်ကို သတ်မှတ်ကျွေးမွေးနေရပါတယ်ခင်ဗျာ။ ကလေးတစ်ယောက် တစ်နပ်စာ ကျပ်ငါးရာနဲ့ ထမင်းတစ်ဝိုင်းစာ ငါးဦးအတွက် ငွေကျပ်နှစ်ထောင့်ငါးရာ ကျသင့်ပါတယ်ခင်ဗျာ။ ကျေးဇူးရှင်ကြီးများ ထမင်းတစ်ဝိုင်းစာ ပေးလှူပေးပါက ထိုနေ့အတွက် ဝမ်းစိုပြည်ပါတယ်။ အသားဟင်း ငါးဟင်းကလေး စားခွင့်ရတာပေါ့ခင်ဗျာ။ အလှူငွေမရရှိတဲ့ ရက်များအတွက် ကန်စွန်းရွက်၊ အသီးအရွက်ကြော်များဖြင့် ဖြစ်သလို ကျွေးမွေးနေရပါတယ်ခင်ဗျာ။ ဆရာတော်ကလည်း ရှိသမျှငွေကြေးနဲ့ စီမံနေရပါကြောင်း အသိပေးအပ်ပါတယ်ခင်ဗျာ။

ဆရာတော် မှာကြားချက်အရ ထမင်းဝိုင်းခြောက်ဆယ် အလှူခံဖို့ မှာကြားခဲ့ပါတယ်။ အခုတော့ ထမင်းဝိုင်း နှစ်ဆယ်ဝိုင်းအတွက်သာ ရနေသေးလို့ ကျေးဇူးရှင်များထံ ထပ်မံအလှူခံနေရခြင်း ဖြစ်ကြောင်းပါခင်ဗျာ။ တစ်ဝိုင်း နှစ်ထောင့်ငါးရာဆိုတာ လက်ဖက်ရည်တစ်ဝိုင်းစာပဲ ကုန်ကျစရိတ် ညီမျှပါတယ်။ ကျေးဇူးရှင်တို့ ပေးလှူမှ ထမင်းစားရသည့် ဒုက္ခသည်မိဘမဲ့ကလေးများအတွက် ကြည့်ရှုစောင့်ရှောက်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဟော..ပြောရင်းဆိုရင်းနဲ့ ကျေးဇူးရှင်တစ်ယောက်က ထမင်းဝိုင်း လေးဝိုင်းစာ ငွေတစ်သောင်း ပေးလှူပါတယ်ခင်ဗျာ။ ကျေးဇူးရှင်ကို ဖြတ်ပိုင်းပြေစာ ထုတ်ပေးပါ။ ဂုဏ်ပြုလွှာပေးအပ်ပါတယ်ခင်ဗျာ။ ဖြတ်ပိုင်းပြေစာ ဂုဏ်ပြုလွှာမှာ ဖုန်းအမှတ် ထင်ထင်ရှားရှား ရေးထားပါတယ်။ ဆရာတော်ရဲ့ ဖုန်းနံပါတ်ဖြစ်ပါတယ်။ စုံစမ်းမေးမြန်းနိုင်ပါတယ်ခင်ဗျာ'

ပြောသာ ပြောနေရသည်။ မဟုတ်တမ်းတရမ်း။ ဖုန်းနံပါတ်က သူဌေး၏ဖုန်း။ သူဌေးကလည်း ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

နှင့် အကြံတူညာဏ်တူ။

'လသား ရက်သား အရွယ်ကလေးများ တာဝန်က လည်း ကြီးမားလှပါဘိ။ ဆရာတော်ထံမှ လသားအရွယ် (၁၅)ယောက် ပြုစုပေးရပါသေးတယ်။ ဇာတ်လမ်းစပုံက ရန်ကုန်သားနဲ့ ပြည်နယ်သူကလေးက စတင်ပါတယ်။ ဘုန်းကြီးကျောင်းအနီးရှိ ကျေးရွာသို့ ရောက်လာစဉ်က တည်းက မိန်းကလေးမှာ ကိုယ်လေးလက်ဝန်နဲ့ပါ။ ရန်ကုန်သားက ပစ်ထားခဲ့ပုံရပါတယ်။ သူတို့ ချစ်ညားခဲ့ကြပြီး ကလေးရတော့မယ့်အခါမှာ ယခုလို လုပ်ကြတာက အလွန်ဆိုးရွားလှပါတယ်။ ဆရာတော်က မေတ္တာရှင်မို့ ကိုယ်ဝန်ရှိနေတဲ့ မိန်းကလေးကို စောင့်ရှောက်ထားပါတယ်။ မိန်းကလေးမှာ အားကိုးစရာ အသိမိတ်ဆွေလည်း မရှိခဲ့ဘူး။ ဘုန်းကြီးကျောင်းမှာ ခိုကပ်နေတာကို ဆရာတော်က ခွင့်ပြုခဲ့ရပါတယ်ခင်ဗျာ။ အချိန်တန်တော့ ကလေးမျက်နှာမြင်ပြီး အမေဖြစ်သူ မိန်းကလေးက နေရပ်ပြည်နယ်သို့ ပြန်လိုပါတယ်။ ဆရာတော်က သားအမိကို တားမြစ်ပါသေးတယ်။ အမေလုပ်သူက ခါးခါးသီးသီး။ သူပြန်ဖို့ ခရီးစရိတ် သုံးသောင်းတောင်းပါတယ်။ သူတစ်ယောက်တည်း ပြန်မယ့်ပုံပေါ့။ ကလေးကိုစွ သူ တာဝန်မယူဘူး။ ဆရာတော်က နေရင်းထိုင်ရင်း တာဝန်ယူလိုက်ရပါတယ်။ ခရီးစရိတ်လည်း စိုက်ထုတ်ပေး၊ ကလေးလည်း မွေးရတော့တာပေါ့။ တဖြည်းဖြည်း တစ်ယောက်မှစ၍ ဆယ့်ငါးယောက်အထိ တိုးပွားလာတယ်။ မမွေးလိုသူ မိဘများက အနီးပတ်လျက် ကလေးကို ကျောင်းနား ထားသွားသည့် အဆင့်အထိ'

ဇာတ်လမ်းကနာနာ၊ နားထောင်သူ၏စိတ်ကို နိုးထစေသည်က အပြောအဟော။ ဤနည်းဖြင့် ကလေးဆယ့်ငါးယောက်အတွက် နို့မှုန့်ဘူးဆယ့်ငါးလုံးစာ အလှူခံရရှိသည်။ အချို့က အနီးပိတ်စဝယ်ရန် ငွေကြေးကူညီသည်။ အဝတ်အစားဖိုးကို လက်ခံခဲ့သော်လည်း အဝတ်ဟောင်း အင်္ကျီဟောင်းများ လှူဒါန်းလျှင် စိတ်က မကြည်လင်။ အင်္ကျီဂါဝန်အဟောင်းက မည်သို့လုပ်ရမည်နည်း။ ပြန်ရောင်း၍လည်း ငွေဖြစ်မလာ။ သို့သော် ယုတ္တိရှိအောင် လက်ခံရသေးသည်ကလည်း ဟန်ကျပန်ကျ။

ဘုန်းကြီးနှင့် လူမမည်ကလေးဇာတ်လမ်းက စဉ်းစားကြည့်လျှင် မဖြစ်သင့်။ ဘုန်းကြီး၏အလုပ်က ချေးပေပေ သေးစိုစိုနှင့် မသင့်မြတ်။ ကျွန်တော်၏စိတ်က လွန်လွန်းလှသည်။ ပြောရင်းဆိုရင်း နှုတ်က လွတ်သွားသော စကား။ မထိန်းသိမ်းနိုင်သော ဇာတ်လမ်းဇာတ်ကွက်။

◆◆◆

အလှူခံများ စကားပြောစက် မသုံးရဟု ပြဋ္ဌာန်းသည့်အခါ သူဌေးက ပါးပါးနပ်နပ်ပြုပြင်ပေးသည်။ လော်စပီကာခေါ် လော်ကိုမသုံးဘဲ အသံသေတ္တာဖြင့် တန်ဆာဆင်ပေးသည်။ နည်းနည်းတော့ အသံတိုးလာသော်လည်း အနေတော်။ ကျေးဇူးရှင်များ နားမငြီးစေရ။ သို့မှသာ စေတနာပိုမိုအားကောင်းလာမည်ဟု ယုံကြသည်။

မဟာရန်ကုန်တွင် ငါးရက်တစ်ဈေး စနစ်မရှိ။ သို့သော် ကျွန်တော်တို့၏ အစီအစဉ်အရ ဈေးတစ်ပတ် သတ်မှတ်ချက် ထားရှိသည်။ ကားဖြင့် သွားလာရေး လွယ်ကူသဖြင့် ရက်တစ်ရက်တွင် ဈေးနှစ်ခုမှ ငါးဈေးအထိ သွားလာနိုင်သည်။ ဒေသဆက်စပ်မှုနှင့် မြို့နယ်ချင်းနီးစပ်မှုအရ လှည့်လည်အလှူခံရတတ်သည်။ ကျွန်တော်တို့ လုပ်ငန်းခွင်သို့ သူဌေးက မကြာခဏ အကဲခတ် စုံစမ်းစစ်ဆေး ရှိသည်။ သူဌေးက စိစိစစ်စစ် အလုပ်လုပ်နေသူ။ ခ လှမ်းလှမ်းမှမြင်ရုံဖြင့် ဝင်ငွေကို ခန့်မှန်းနိုင်သည်က သူ၏ အရည်အသွေး။

ညနေပိုင်း အလုပ်သိမ်းလျှင် အလှူခံရငွေ အား ကို ပြေစာဂုဏ်ပြုလွှာ အထောက်အထားဖြင့် စနစ်တ သူဌေးသို့ အပ်နှံရသည်။ သူဌေးက အလှူခံငွေများ စိတ်မဝင်စားသလို ကျွန်တော်တို့၏မျက်နှာကို ရှုစမ်း လာကြည့်နေပုံက အထင်းသား။ တစ်ဦးနှင့်တစ်ဦး သံ သယစိတ်ဖြင့် ဆက်ဆံမှုက အခံရခက်စရာ။ နားလည် လွဲပြီး သံသယစိတ် ဝင်လာပြီဆိုလျှင် ရင်းနှီးသော မိတ် ဆွေသည်ပင်လျှင် ရန်သူဖြစ်သွားတတ်သည်။ ရေရှည် ရှည်ခံဖို့ မလွယ်လှ။ စိတ်က စနိုးစနောင့်။ များစွာမကြာ အလုပ်မှ ဖြုတ်ခံရသည်။ သို့သော် ထိုကာလ ကျွန်တော် ၏ အမည်မှာ ဦးပရဟိတ ဖြစ်ခဲ့ဖူးသည်။

◆◆◆

ရွာကုန်းဆရာတော်၏တပည့်ရင်း ဘုန်းကြီးကျော သားဘဝမှ စတင်သည်။ ဆရာတော်ထံမှ ဆေးဝါးကု ကို သင်ခဲ့ဖူးသည်။ ဆရာတော်က ပယောဂကုသ မည်ကြီးသည်။ ဆရာတော်ထံမှ ဗေဒင်ယတြာ ပ



www.burmeseclassic.com

www.burmeseclassic.com

သည်လည်း လေ့လာ၍မဆုံး။ သို့သော် ကျွန်တော်က များစွာစိတ်မဝင်စား။ လျှော့ရိလျှော့ရဲ ခပ်ပေါ့ပေါ့နေတတ်ခဲ့သူ။ ဆရာတော်က သူ့ပညာကို အလေးမထားသဖြင့် မကြာခဏဆူသည်။ ကျွန်တော်က မလွဲသာ မရှောင်သာ သင်ယူရသည်။ စိတ်အဝင်စားဆုံးမှာ လူ၏ မျက်နှာရိပ်အကဲခတ်ခြင်းပညာရပ်။ သည်ပညာရပ်တွေက ယခုအခါ ကျွန်တော့်အတွက် အကျိုးပေးသည်။

ကျွန်တော် မိဘမဲ့ပရဟိတအလှူခံရာမှ အလုပ်ဖြုတ်ခံရစဉ် ရွှေတိဂုံဘုရားပေါ်သို့ နေ့စဉ်တက်ရောက်သည်။ တရားထိုင်သည်။ ပုတီးစိပ်သည်။ ဤနည်းဖြင့် စိတ်ကို ငြိမ်သက်စေသည်။ စိတ်တွေ ငြိမ်သက်လာသောအခါ အတွေးအခေါ်များက ဆန်းသစ်လာသည်ဟု ဆိုရမည်။ မိမိ ဘာလုပ်သင့်သည့် မီးမောင်းတစ်ခု ပေါ်ပေါက်လာသလိုလို။

အလယ်ပစ္စယာတွင် တရားထိုင်ရာ၊ ပုတီးစိပ်ရာ အဖော်အဖက်ရလာသည်။ ကျွန်တော်က ပုတီးတစ်ကုံးဖြင့်သာ ရင်းနှီးသော်လည်း သူ့ထံတွင် ကန်တော့ပွဲတစ်ခုပါဝင်လာခြင်းက စိတ်ဝင်စားဖွယ်။ သူ့နောက်သို့ ခြေရာခံ၍ သူသွားလေရာသို့ လိုက်ပါရသည်။ သူစခန်းချရာမှာ ဘိုးဘိုးအောင်ဘုရား။ သူနှင့်အတူ သံဃာတော်နှစ်ပါး။ ဝတ်ဖြူစင်ကြယ်ဖြင့် ဆရာတစ်ဆူ။ သူကိုယ်တိုင်ကမူ ယောဂီရောင်ဝတ်စုံဖြင့်။ သူတို့အဖွဲ့တွင် လာရောက်ပူဇော်သော အားကိုးသူများက အဆက်မပြတ်။

နေ့စဉ် ဧည့်သည်ရှိသလို နေ့စဉ် ကန်တော့ပွဲတင်ရသည်။ ဆရာလုပ်သူက အဓိဋ္ဌာန်ဖြင့် ပုတီးစိပ် အမျှဝေပေးရသည်။ ဤအကျိုးမှာ မည်သို့ဖြစ်သည်ကို မသိရသေးသော်လည်း ကန်တော့ပွဲ တစ်ပွဲစာအတွက် အခကြေးငွေများက မြိုးမြိုးမြက်မြက်။ ဓမ္မစေတီဘုရားတွင်လည်း ဘုရားခြသေ့ဘုရားတစ်ဆူရှိသည်။ ဤနေရာသည် ဘိုးဘိုးအောင်ဘုရားနှင့် ကျောချင်းကပ်လျက် အနေအထား။

သူတို့အဖွဲ့တွင် အဖွဲ့ဝင်က အမြဲတမ်းလိုအပ်နေသဖြင့် ကျွန်တော်တစ်ယောက် တိုးမြှင့်၍ ပါဝင်ဆောင်ရွက်ရန် အဆင်သင့်နေသည်။ သူတို့ကလည်း လိုလိုလားလား။ လိုအပ်သမျှ ပညာပေးသည်။ နည်းလမ်းပြသည်။ ကန်တော့ပွဲ ရောင်းချသူနှင့် ဆက်သွယ်ပေးသည်။ ရွှေငှက်ပျောသီးဖြင့် ကန်တော့ပွဲကို ကိုယ်တိုင်ပြင်ဆင်ပေးပါက ပို၍အကျိုးဖြစ်သည်။

ရွှေတိဂုံဘုရားပေါ်က ဓာတ်ဆရာများ၊ အဓိဋ္ဌာန်ဆရာများ၊ ဗေဒင်ယတြာဆရာများ အလုပ်ဖြစ်နေကြကြောင်း ကိုယ်တိုင်ကြုံမှ သိခဲ့ရသည်။ ပုံမှန်မဟုတ်သော်လည်း ဝင်ငွေများက လောက်လောက်ငင။ လူကလည်း တည်တည်ခန့်ခန့်။

မြန်မာ့ယဉ်ကျေးမှု ဘာသာရေးကို ခုတုံးလုပ်သည့် ဖြစ်ရပ်။ မြန်မာ့ဗေဒင်ယတြာပညာရပ်ကို အလွဲသုံးသည်။ လူသားတို့၏ လောဘများလာသည့်အတွက် အရှက်မဲ့လာသည်များ ရှိခဲ့သည်။ အားနာတတ်သူ၊ အယုံကြည်လွယ်သူ၊ ဗဟုသုတ မရှိသူတို့ကြောင့် ကျွန်တော်တို့ လိမ်လည်လှည့်စားနိုင်သည့် အခွင့်အရေးက လွယ်လွယ်ကူကူ ဖုံးပေါလအော။

ကျွန်တော်ဟောပြောသမျှ မှန်ကန်သည်ဟု ယုံကြည်ကြသည်က တွန်းအားတစ်ခု။ ဟုတ်လိုက်လေ၊ မှန်လိုက်တာခင်ဗျာ စသည်ဖြင့် ထောက်ခံသူက အများအပြား။ ကျွန်တော်ညွှန်ပြသည့် ယတြာကိုလည်း ဂရုတစိုက်လိုက်နာတတ်သည်က စွမ်းအင်တစ်ခု။ သူတို့အလိုအလျောက် အောင်မြင်သည့် ကိစ္စတိုင်းအတွက် ကျွန်တော့်အား ဥဏ်ပူဇော်ခြင်းဟူသော အဆင့်မြင့်အခေါ်အဝေါ်ဖြင့် ကူညီပံ့ပိုးသည်ကလည်း အမြောက်အမြား။ ငွေကြေးစုဆောင်းပြေလည်သည်အထိ စီးပွားတက်ခဲ့သည်ဟု ဆိုရမည်။

များသောအားဖြင့် ဒုက္ခပင်လယ်ဝေသူများအတွက် အားကိုးအားထားရာ ဆရာသမားတစ်ဦး၏ ဖေးမ၊ကူညီမှုက အရေးကြီးသည်။ ဘေးမှ ဖျောင်းဖျပြုပြင်ပေးရန် လိုအပ်သည်။ ထို့ကြောင့်လည်း ကျွန်တော်တို့တွင် တပည့်ပေါ်များလာခြင်း၊ သူတို့ကလည်း ယုံကြည်စိတ်ချမှုဖြင့် နည်းပေါင်းစုံဖြင့် ချဉ်းကပ်ကြသည်။ ဆရာပြောသမျှ လိုက်နာကြသည်။ ပုတီးအပတ် မည်မျှစိပ်ရမည်နည်းဆိုလျှင် အသေအချာ။ မယ်တော်၊ ဘိုးတော်၊ ဘုရားပွဲတော်များ တင်ရမည် ဆိုပါကလည်း အပတ်တကုတ်။

ဆရာက အာရုံခံရာတွင် မည်သည့်ပုဂ္ဂိုလ်မှ မတွေ့မမြင်ရ။ ကိုယ်ထင်ရာ ပြောတတ်သည်ကများများ။ ဆရာလုပ်သူက မျက်လုံးကလေးမှေး၍ အာရုံခံနေလျှင်လည်း သူတို့ခမျာ ငြိမ်ငြိမ်သက်သက်။ ဆရာပြောမည့် စကားအား အလေးဂရုပြု ချက်ချင်းလက်ငင်း လှုပ်ရှားတော့

www.burmeseclassic.com

သည်။ အမြင့်ဆုံးက ယတြာကိစ္စ။ မည်မျှကုန်ကုန် လိုက်နာတတ်သည်။ ကုန်ကျစရိတ်၏ သုံးပုံနှစ်ပုံသည် ဆရာ့အတွက်သက်သက်။

သေလွန်ပြီးသူအား သင်္ချိုင်းမှ ခေါ်ယူတွေ့ဆုံရာတွင် သူတို့၏ မိဘဆွေမျိုးအရင်းကြီးဖြစ်သော်လည်း သူတို့ကြောက်တတ်ကြသည်။ သေသူထံမှ မှာကြားချက်ကိုလည်း ဆရာလုပ်သူက ဟောကိန်းထုတ်သည်။ အလှူအတန်းလုပ်ပေးကြရသည်။ ဆုတောင်းပွဲ လုပ်ပေးကြရသည်။ ဆရာ့အိတ်ထဲသို့ ထိုက်ထိုက်တန်တန် ထည့်ပေးတတ်ကြသည်။

ကျွန်တော်တို့ ဘိုးတော်အဖွဲ့တွင် ကျွန်တော်က ပို၍အောင်မြင်သည်။ လူပုံကလည်း ထွားထွားကျိုင်းကျိုင်း၊ လူရည်လူသွားသန့်သန့်။ သိက္ခာရသော ဆရာတစ်ဆူပမာ၊ ဆရာတော်တစ်ပါးကဲ့သို့ တည်ကြည်တတ်သည်မို့ တပည့်များက ပိုမိုအားထားလေးစားကြသည်။ အလှူခံမဟုတ်သော လုပ်အားခဝင်ငွေများက အိမ်အတွက် ဖူဖူလုံလုံ။

ထိုကာလတွင် ကျွန်တော့်အား ဘိုးတော်ဟူ၍ သတ်မှတ်ကိုးကွယ်ကြသည်။

◆ ◆ ◆

တစ်ချိန်က ကိုမာဃဆိုသည်မှာ သိကြားမင်း၏ သန့်ရှင်းရေးအမည်။ နောက်တစ်ဖန် ကိုပရဟိတ ဆိုသည်မှာ မိဘမဲ့ကလေးများနှင့် ပတ်သက်သောအမည်။

ယခု ဘိုးတော်ဆိုသည်မှာ ယုံကြည်ပူဇော် ကိုးကွယ်မှုဆိုင်ရာ အမည်ကောင်း အမည်မြတ်။

ဤအမည်များသည် ကျွန်တော်နှင့် မအပ်မရာ။ ကျွန်တော်က လိမ်လည်လှည့်စားသူမျှသာ။ မဟုတ်တမ်းတရမ်း ပြုမူဖောက်ပြန်ခြင်းကို မိမိကိုယ်တိုင် သိသည်။ လူလိမ်တစ်ယောက်အား ပညာရှိကဲ့သို့ အားကိုးနေခြင်းအတွက် မည်သူမျှ မသိခဲ့သော်လည်း မိမိကိုယ်တိုင်က လိပ်ပြာမလုံ။

ဝဋ်ဒုက္ခ မလည်သေးသမျှ ကာလပတ်လုံး သုံးဘွဲ့အမည်ရ ပုဂ္ဂိုလ်ကျော်အဖြစ် မော်ကြွားနေဦးမည်မှာ ကျွန်တော်ကိုယ်တိုင်။

ရန်နိုင်


# ဆရာကြီးဦးအေးထွန်း

## [အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြ အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ် လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို **မနာကျင်စေ အချိန်တိုမိနစ်ပိုင်းအတွင်း** သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

**ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-**

- ❖ ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း
- ❖ အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- ❖ လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်၊
- ❖ လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်
- ❖ ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်

တွေ့ချိန် - နေ့စဉ် နံနက်(၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



အစဝေသံသရာနှင့် အဝေး၏ ကြားမှာ

# အသုဘာရုပ်အလောင်းနှင့် ကောင်းမှုကုသိုလ်

ရေးနဲ့သူ

## အောင်ချမ်းဝေ

'လူသေကောင်အလောင်းက ပြဿနာထဖြစ်တာ တော်တော်အံ့သြဖို့ ကောင်းတယ်ကွာ'

'လူသေကောင် အလောင်းကတော့ ထပြီးပြဿနာ မဖြစ်နိုင်ပါဘူးကွာ။ ကျန်ခဲ့တဲ့လူတွေက ပြဿနာဖြစ်မှာ ပါ'

'ဘာက ဘယ်လိုလဲတော့ မသိပါဘူးကွာ။ လူသေ ပြီး မသာဖြစ်မှ ပြဿနာဖြစ်တာတော့ အမှန်ပဲကွ'

'ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး'

ကျွန်တော်သိချင်လို့ မြင့်သိန်းကို မမေးမဖြစ် မေးရ ပါတော့တယ်။

'မြမောင်ဆိုတဲ့ ပန်းရန်ဆရာကွာ၊ ကလေးငါးယော[illegible] နဲ့ အတော်လေး စီးပွားရေးကျပ်တည်းခဲ့တာကွ။ နော[illegible] တော့ ဆောက်လုပ်ရေးလုပ်ငန်းတွေ ခေတ်စားလာ[illegible] အလုပ်တွေက လက်မလည်အောင် လုပ်လာရတ[illegible] ပန်းရန်ဆရာ ခြောက်တီးခြောက်တက်ဘဝကနေ [illegible] ထရိုက်တွေဘာတွေ ဖြစ်လာတော့ စီးပွားတက် [illegible] လည်လာတာပေါ့ကွာ။ ပိုက်ဆံပိုပိုလျှံလျှံ ရှိလာ[illegible] အသောက်အစားရှိလာတယ်။ သူ့ကိုယ်သူ သွေးတိုး[illegible] တွေဘာတွေ ရှိမှန်းလည်း သိပုံမပေါ်ပါဘူး။ စား[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ထဲ ဘီယာတွေ၊ အရက်တွေ သောက်ရင်း ဝက်သားနဲ့ မှိုတွေ စားလိုက်တာ ဆိုင်ထဲမှာ လဲကျပြီး သေတယ်'

'ဒါကတော့ကွာ၊ အစားအသောက် အနေအထိုင် မဆင်ခြင်လို့ သေရတာပဲ။ မဆန်းပါဘူးကွာ'

'ဆန်းတယ်ကွ၊ သေမှ ပြဿနာအကြီးကြီးတက်တာပဲ။ စားသောက်ဆိုင်ထဲ လဲကျတော့ ဆေးရုံပို့တယ်။ ဆေးရုံရောက်တော့ အသက်ပါမလာတော့ဘူး။ ဆေးရုံထုံးစံကလည်း အလောင်းကို ချက်ချင်းပြန်မပေးသေးဘူး။ စစ်ဆေးရဦးမယ်ဆိုပြီး ရင်ခွဲရုံ ရေခဲတိုက်မှာ ထားတယ်။ လင်သေတယ်လို့ သတင်းရတော့ မယားနဲ့ သားသမီးတွေ ဆေးရုံကို အပြေးလိုက်လာကြတာပေါ့။ အဲဒီတော့မှ မယားက (၃)ယောက်ဖြစ်နေတယ်။ မယားကြီး၊ မယားငယ်ကြား ဒုတိယဇနီးက ရှိသေး။ နောက်မိန်းမတွေမှာလည်း ကလေး နှစ်ယောက်စီနဲ့။ အဲဒီမှာ သူက မယားကြီးပါ၊ ငါက မယားကြီးပါနဲ့ သူနဲ့ လက်ရှိပေါင်းနေတာပါ၊ ငါနဲ့ လက်ရှိ ပေါင်းနေတာပါဆိုပြီး ရေခဲတိုက်မှာ စကားများကြ၊ ရန်ဖြစ်ကြ၊ လင်လုပွဲ ကျင်းပကြတာ ရဲခေါ်ပြီး ရှင်းယူရတယ်။ အခု မသာဘယ်လိုချရမှန်းမသိ၊ ဘယ်မိန်းမလက်ထဲ အလောင်းရောက်မလဲ မသိဘူး။ လူသေကောင်အလောင်းက ပြဿနာဖြစ်တယ်ကွာ'

မြင့်သိန်းပြောပြမှ ကျွန်တော် တဟားဟား ရယ်မိတော့တယ်။ တကယ်တော့ သေနေတဲ့ လူသေကောင်အလောင်းက ထပြီး ပြဿနာဖြစ်တာ မဟုတ်ပါဘူး။ သေခင် သူလုပ်ခဲ့တဲ့ ပြဿနာတွေက သူသေမှ ပြဿနာပေါ်ပြီး ကျန်ခဲ့တဲ့သူတွေက ပြဿနာဖြစ်ကြတာပါ။

ဩော်..လူ့လောက အတော်လည်း ရှုပ်ထွေးပါလားနော်။ ဘဝသံသရာကြီးထဲမှာ ဘဝကံကြမ္မာတွေကလည်း အမျိုးမျိုးပါလား။

ကျွန်တော်ကြုံဖူးတဲ့ အဖြစ်တစ်ခုကလည်း အဆန်းသား။ မိသားစုကြီးတစ်ခု ပြေပြေလည်လည် ချစ်ချစ်ခင်ခင်နဲ့ အတော်လေး အေးချမ်းကြတယ်။ လင်နဲ့ မယား၊ ယောက္ခမနဲ့ သမက်၊ ချွေးမနဲ့ ယောက္ခမ တစုတဝေး အတူနေလာကြတာ ကြာပါပြီ။ ဘာပြဿနာမှ မရှိဘူး၊ အားလုံး အေးအေးချမ်းချမ်းပဲ။ ယောက္ခမကြီး သေတော့ လင်မယားကွဲကြပါလေရောဗျာ။

ဖြစ်ရပုံက လူသေအလောင်း အသုဘက ပြဿနာထတက်တာ ဆိုပါတော့။ ယောက္ခမကြီးသေတော့ အိမ်မှာရှိတဲ့ တစ်ဦးတည်းသော သမက်က အသုဘကိစ္စအဝဝကို ပြေးလွှားစီစဉ်ရတယ်။ အသုဘကိစ္စတွေ ဆိုတာက အတော်လေး ပင်ပန်းရှုပ်ထွေးတယ်။ သမက်ဖြစ်တဲ့သူကလည်း တတ်သလောက် မှတ်သလောက် လိုလေသေးမရှိအောင် စီမံတာပါပဲ။ ရပ်ကွက်က လူတွေကလည်း ဝိုင်းဝန်းကူညီကြပါတယ်။ အသုဘချတဲ့အခါ ဝေဖို့ ယပ်တောင်၊ လက်ဆောင်တရားစာအုပ်၊ ယပ်တောင်မှာ ကပ်ရတဲ့ စာတန်း၊ အသုဘချရက်၊ အချိန် အားလုံး အကွက်စေ့စေ့ ရက်လည်တဲ့နေ့အထိ လုပ်ရမယ့် ကိစ္စအဝဝကို စာအုပ်မှာ ရေးပြီး ဖတ်ဖတ်မောအောင် ဆောင်ရွက်ထားတယ်။ အသုဘကလည်း (၃)ရက်ထားတယ်။ သားသမီးတွေ၊ ဆွေမျိုးတွေစုံအောင် စောင့်ရမှာမို့ (၃)ရက်ထားတယ်။ အသုဘ မပုပ်မသိုး ရုပ်မပျက်အောင် နာရေးကူညီမှုအသင်းက လေအေးစက် အဲကွန်းတပ်ထားတဲ့ မှန်အခေါင်းလည်း ထားပေးထားတယ်။ အားလုံး အေးအေးချမ်းချမ်း ပြေပြေလည်လည်ပေါ့။ အမွေခွဲရင် ဒီသမက်က မယားနဲ့ ပတ်သက်ပြီး အမွေတွေ ရဦးမယ်။ ပျော်စရာ ပျော်စရာကြီးပေါ့။

ဒီလိုနဲ့ သားသမီးတွေ၊ ဆွေမျိုးတွေစုံတဲ့ အသုဘချမယ့်ရက်၊ အသုဘချမယ့်အချိန် ကရုဏာရှင် နာရေးကူညီမှုအသင်းက အသုဘကား နိဗ္ဗာန်ယာဉ်ကြီး လာပါပြီ။ အဲဒီမှာ ပြဿနာအကြီးအကျယ် တက်တော့တာပါပဲ။

မယားဖြစ်သူက စူဆောင့်၊ ယောက္ခမကြီးရဲ့ ဆွေမျိုးညီအစ်ကိုမောင်နှမ သားသမီးတွေက သမက်ဖြစ်သူကို အော်ကြဟစ်ကြ ဆူကြဆဲကြတော့တာပါပဲ။ ဘာကြောင့်လဲဆိုတော့ ယောက္ခမကြီးဟာ ကျောင်း၊ သိမ်၊ ဇရပ်၊ ရေတွင်း၊ ရေကန်တွေ လှူခဲ့သူဖြစ်တဲ့အပြင် ညီအငယ်ဆုံးကို ရဟန်းခံပေးတဲ့ ရဟန်းခမည်းတော်ကြီး ဖြစ်ခဲ့တာကို သမက်ဖြစ်သူက မေ့နေတယ်။ အသုဘချရာမှာ အသုဘကား နိဗ္ဗာန်ယာဉ်က နှစ်မျိုးနှစ်စားရှိသတဲ့။ ရိုးရိုးသာမန်အရပ်သူအရပ်သားသေရင် အသုဘချတဲ့ကား နိဗ္ဗာန်ယာဉ်က ရိုးရိုးတစ်စီး၊ ရဟန်းသံဃာ၊ သီလရှင်၊ ရဟန်းမယ်တော်၊ ရဟန်းခမည်းတော်၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် လှူခဲ့သူသေရင် အသုဘချတဲ့ကား နိဗ္ဗာန်

www.burmeseclassic.com

ယာဉ်က ရွေချထားတဲ့ ကနုတ်ပန်းတွေနဲ့ ပြာသာဒ်မှန်ခန်း ရွှေထီး(၄)လက်ပါတဲ့ ကားဆိုပြီး နှစ်မျိုးနှစ်စား ရှိသတဲ့။

လက်ဖက်ရည်ဆိုင်တွေမှာ ရိုးရိုးပုံမှန်ရှယ်၊ ထူးရှယ် ဆိုတာရှိသလို လူသေတဲ့အခါ အသုဘချရာမှာ အသုဘကား နိဗ္ဗာန်ယာဉ်က နှစ်မျိုးရှိတယ်။ ရိုးရိုးနဲ့ ရှယ် ဆိုပါတော့။ အခု ရဟန်းခမည်းတော်ကြီးဖြစ်တဲ့ ယောက္ခမကြီးကို အသုဘချမှာက ရိုးရိုးအသုဘကား၊ ရိုးရိုးနိဗ္ဗာန်ယာဉ် ဖြစ်နေတာ။ ရွှေထီးဆောင်းမထားတာ အတော်မကျေမနပ် ဖြစ်နေကြတယ်။

ယောက္ခမကြီးရဲ့ဇာတိ မွေးရပ်မြေမှာသာ ဆိုရင် အသုဘအခမ်းအနားကြီးက အတော်ကြီးကျယ်မယ်ဆိုပဲ။ ယောက္ခမကြီးဟာ သာမန်ရိုးရိုး အရပ်သားလည်း မဟုတ်ဘူး။ သူကောင်းမျိုးဆိုပဲလား။ သူကောင်းမျိုးသေရင် အသုဘရထားမှာ ရွှေထီး(၄)လက်ဆောင်းပြီး သီလရှင်တွေက ပိတ်ဖြူကြိုးကြီးကို ဆွဲကြရသတဲ့။ အသုဘရထားရှေ့က ရဟန်းသံဃာ သက်စေ့ကြွကြရပြီး ဝတ်အသင်းတွေ၊ ဗျိုင်းတောင်တီးဝိုင်းတွေနဲ့ အသုဘချမှာဆိုပဲ။ အခုတော့ ယောက္ခမကြီးကို ရိုးရိုးအသုဘကား သာမန်နိဗ္ဗာန်ယာဉ်နဲ့ အသုဘချမိလို့ သမက်ဖြစ်သူ လင်မယားကွဲတဲ့အထိ ဖြစ်သွားခဲ့ဖူးတယ်။

လူတွေ၊လူတွေ ဘယ်သူဖြစ်စေ လူတွေ သေကြရမှာ မုချပါ။ ဘယ်သူမဆို လူတိုင်း သေကြရမယ်ဆိုတာ သိသလိုလိုတော့ ရှိကြပါတယ်။ လူသေတဲ့အခါ ကြွင်းကျန်နေတဲ့ ရုပ်အလောင်းဟာ လုံးဝတန်ဖိုးမရှိတော့လို့ ဒုက္ခပေးလို့ မြေမြှုပ်ပစ်ကြ၊ မီးရှို့ပစ်ကြ၊ သုသာန်ပို့ ဂူသွင်းပစ်ကြတာ မဟုတ်လား။ ရပ်ထဲရွာထဲ ရက်ကြာကြာထားမရတဲ့ ပုပ်ပွန်စော်နေတတ်တဲ့ ရုပ်အလောင်း မဟုတ်လား။ တကယ်တော့ မသေခင် အသက်ရှင်နေသေးတဲ့ ခန္ဓာကိုယ် ဆိုတာကလည်း တန်ဖိုးရှိလှ၊ မက်မောစရာကောင်းလှတာ မဟုတ်ပါဘူး။ ခန္ဓာကိုယ်ကြီးက အချိန်တိုင်း ပျက်ပျက်နေပြီး ချွေးတွေ၊ သေးတွေ၊ သလိပ်တွေ၊ မစင်တွေ၊ နှပ်တွေ၊ ချွဲသလိပ် ဆိုတာတွေက ဆံဖျားခြေဖျားထိ နေရာတိုင်းက ထွက်နေတာ နံနေတာပါ။ ခန္ဓာကြီးကို အမြဲမပြတ် ပြုစုသုတ်သင် သန့်ရှင်းကျွေးမွေး ဂရုစိုက်နေကြရတာပါ။ ဒီကြားထဲက အပျက်ကြီး ပျက်

လာလို့ မနိုင်မနင်း ထိန်းမရတော့တဲ့အခါ ဆေးရုံဆိုတာ ပို့ပြီး ပြုပြင်ရတယ်။ ရတဲ့အခါလည်း ရတယ်၊ မရတော့ဘဲ ကွယ်လွန်ပုပ်သိုးသွားတာလည်း အမှန်ပဲ မဟုတ်လား။ အင်မတန်လှ၊ အင်မတန်မွှေး ပါတယ်ဆိုတဲ့ ရုပ်ရှင်မင်းသမီး၊ အဆိုတော်၊ မစ်(စ်)အလှမယ်ကို (၇)ရက်တစ်ပတ်လောက် အစာမကျွေး၊ ရေမချိုး၊ မျက်နှာမသစ်၊ ဆီးဝမ်းမသွား ပစ်ထားကြည့်ပါလား။ ဘယ်လိုရုပ် ပေါ်လာပြီး ဘယ်လိုအနံ့တွေ ထွက်လာမလဲဆိုတာ သိနိုင်ပါတယ်။

"ငါတော့ ရုပ်ထွေးလှတဲ့ အသုဘကိစ္စတွေနဲ့ ဒုက္ခများ ပင်ပန်းဆင်းရဲပြီး ကုန်ကျစရိတ်တွေရှိတဲ့ တန်ဖိုးမရှိတဲ့ ရုပ်အလောင်းကို ကိစ္စငြိမ်းအောင် လုပ်ထားတယ်။ ဘယ်မှာမှ တန်ဖိုးမရှိ၊ ဒုက္ခပေးလှတဲ့ ရုပ်အလောင်းဟာ တစ်နေရာမှာတော့ အင်မတန်တန်ဖိုးရှိပြီး တိုင်းပြည်အတွက်လည်း ခန္ဓာနဲ့ လုပ်ကျွေးဖြည့်ဆည်းပေးရာ ရောက်တယ်ကွ။ သေဆုံးပြီး ကျန်ရစ်တဲ့ ရုပ်အလောင်းဟာ ဆရာဝန်လောင်း ဆေးကျောင်းသားလေးတွေအတွက် ဆေးတက္ကသိုလ်နဲ့ ဆေးတက္ကသိုလ်က ဆရာ၊ဆရာမတွေအတွက် အင်မတန် အဖိုးတန်တာကွ"

"ဘယ်လိုတန်ဖိုးရှိတာလဲ ရှင်းပြစမ်းပါဦး"

မြင့်သိန်းအပြောကြောင့် ကျွန်တော် သူ့ကို ပြန်မေးမိပါတယ်။

"ဒီလိုလေကွာ၊ ဆရာဝန်ကြီးတွေ ဖြစ်လာမယ့် လူတွေကို အသက်ရှည်အောင် ကုသပြုစုပေးမယ့် ဆရာဝန်လောင်း ဆေးကျောင်းသားတွေဆိုတာ စာတွေ့နဲ့တင် မပြည့်စုံ မကျွမ်းကျင်နိုင်ဘူး။ လူ့ခန္ဓာကို အကြိမ်ကြိမ် ခွဲစိတ်လေ့လာ သုံးသပ်နိုင်မှ တကယ်တတ်ကျွမ်းတဲ့ ဆရာဝန်ကြီးတွေ ဖြစ်လာမှာ။ ဒီအတွက်က လူသေအလောင်းတွေ အများကြီးလိုတယ်လေကွာ။ ရန်ကုန်ဆေးတက္ကသိုလ်၊ မန္တလေးဆေးတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်အပြင် ကျန်းမာရေးတက္ကသိုလ်တွေက ဆေးကျောင်းသားတွေ၊ ဆရာဝန်လောင်းတွေ၊ ကျန်းမာရေးမှူး ဖြစ်လာမယ့်သူတွေအတွက်က လူသေအလောင်းတွေ ရလေ အကျိုးရှိလေပေါ့ကွာ။

လူ့လောကရဲ့ တစ်နေရာမှာ တန်ဖိုးမဲ့ပြီး အသုံးမဝင်တော့တဲ့ လွှင့်ပစ်ဖျောက်ဖျက်ပစ်ရမယ့် အမှိုက်လိုပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com

ဟာ လူ့လောကရဲ့တစ်နေရာ သားကောင်း သမီးကောင်း နိုင်ငံတော်ရဲ့ ရတနာတွေဆီမှာ ရှေးထက်ရှားတဲ့၊ ရွှေထက် တန်ဖိုးရှိတဲ့ပစ္စည်း ဖြစ်နေတယ်ကွ။ ရွှေဆိုတာက ဘယ် မှာဖြစ်ဖြစ် အချိန်မရွေး ဝယ်လို့ရတဲ့ သဘောရှိတယ်နော်။ လူသေအလောင်းကောင်ကို မင်း ငွေထုပ်ကြီးပိုက်ပြီး လိုက်ဝယ်ကြည့်စမ်းပါ၊ လွယ်လွယ်မရနိုင်ဘူး။ သဒ္ဓါ ကြည်ဖြူစွာနဲ့ လာလှူမှ ရတတ်တဲ့ ပစ္စည်းကွ။ အသက် မရှိတော့တဲ့၊ ပုပ်သိုးဆွေးမြည့်တတ်တဲ့၊ တန်ဖိုးမရှိတော့တဲ့ ရုပ်အလောင်းဆိုတာတောင် လွယ်လွယ်ဝယ်လို့မရ၊ အတင်း အဓမ္မ လုယူလို့လည်း ရတာမဟုတ်ဘူး။ ကြိုတင်ပြီး တောင်းကောင်းတဲ့ကိစ္စလည်း မဟုတ်ဘူး။ ရုပ်အလောင်း ကို ခိုးလို့လည်း မရဘူး။ ရာဇဝတ်မှုသင့်မယ်။ ရုပ်ခန္ဓာ ပိုင်သူရဲ့ ဆန္ဒသဘောမတူဘဲလည်း မဖြစ်နိုင်ဘူး။ ရုပ် ခန္ဓာပိုင်ရှင် ကိုယ်တိုင်က သဘောတူ ကြည်ဖြူပြီး ဘာ သာရေးအရလည်း သဘောပေါက်နားလည်ထားမယ်၊ ဆေးပညာသင်ရာမှာ တန်ဖိုးကြီးပါလားလို့ သိထားပြီး သဒ္ဓါစိတ်နဲ့ လှူဒါန်းမှဖြစ်တာ'

'ဒါဖြင့် သေတဲ့အခါ ကျန်ခဲ့တဲ့ ရုပ်အလောင်းကို တန် ဖိုးလည်းရှိအောင်၊ ကုသိုလ်လည်းရအောင် ဘယ်လို လှူရမလဲ'

'ဒါက လွယ်ပါတယ်ကွာ။ ခုခေတ်မှာက လမ်း ပန်းတားတွေ၊ ယာဉ်ရထားတွေကလည်းကောင်း၊ လမ်းပန်း ဆက်သွယ်ရေးကလည်းကောင်း၊ ဆက်သွယ်ရေးကိရိယာ တွေကလည်းကောင်းတော့ ဆေးတက္ကသိုလ်ရှိရာနဲ့ နေ ချင်းပေါက် ဖြစ်နိုင်ရင်တော့ (၆)နာရီအတွင်း အရောက် ပို့နိုင်မယ့် အရပ်ဒေသကလူတိုင်း လှူထားနိုင်တယ်ကွ။ ဒါပေမဲ့ ခြွင်းချက်လေးတွေ စည်းကမ်းချက်လေးတွေတော့ ရှိတယ်။

အသက်အရွယ်ကြီးလွန်းပြီး ခွဲစိတ်မရအောင် ပိန်ကပ် နေတဲ့အလောင်း၊ ပလိပ်ရောဂါ၊ ဝမ်းရောဂါ၊ ကျောက် ရောဂါ၊ ကင်ဆာရောဂါ၊ အနာကြီးရောဂါနဲ့ ကူးစက်ရော ဂါနဲ့ သေဆုံးတဲ့အလောင်း၊ ပြီးတော့ ခန္ဓာကိုယ် ထိခိုက် ဒဏ်ပြတ် အနာတရဖြစ်ထားတဲ့ ရုပ်အလောင်း၊ ကျိုးပြတ် ပေါက်ကွဲ ဒဏ်ရာရထားတဲ့ ရုပ်အလောင်း၊ ဆေးရုံမှာ ခွဲစိတ်ထားတာ ရောဂါဗေဒစစ်တမ်းလုပ်ရန် ရင်ခွဲစစ်ဆေး မှု လုပ်ထားတာမျိုး၊ ခွဲစိတ်လေ့လာမရနိုင်တဲ့ ကလေး တွေရဲ့ ရုပ်အလောင်း အဲဒါတွေဆိုရင် လက်မခံဘူး။ သေဆုံးပြီး ချက်ချင်းဖြစ်စေ၊ (၆)နာရီထက် မကျော်လွန် တဲ့ ရုပ်အလောင်းဖြစ်စေ ဆေးသွင်းဖို့ မခက်ခဲစေဖို့ စော စောမြန်မြန် ဆေးတက္ကသိုလ် ခန္ဓာဗေဒဌာနကို ဆက်သွယ် ပြီး အရောက်ပို့ရမယ်။ နာရေးကူညီမှုအသင်းတွေက ဒေသတိုင်းလိုလိုရှိနေတော့ နာရေးကူညီမှုအသင်းနဲ့ ဆက် သွယ်ပြီး ပို့ပေးရမှာဖြစ်တယ်။ အလောင်းပို့တဲ့အခါ သေ ဆုံးသူလက်မှတ်နဲ့ ခန္ဓာကိုယ်လှူဒါန်းခြင်း လက်ခံစာရွက် တစ်ပါတည်း ယူလာရမယ်။ ပြီးတော့ ရုပ်အလောင်းပို့တဲ့ အခါ အသုဘချသလိုမျိုး လူစုလူဝေးကြီးနဲ့ ယာဉ်ရထား၊ ကားတွေနဲ့ လာမပို့ရဘူး။ ရုပ်ခန္ဓာလှူချင်တဲ့သူဟာ ရုံးချိန် အတွင်း ဆေးတက္ကသိုလ်ကို ဆက်သွယ်ပြီး ဆွေမျိုးရင်းချာ တာဝန်ယူမယ့်သူနဲ့ အသိသက်သေနှစ်ဦး ပါရမယ်။ မှတ် ပုံတင်မိတ္တူတစ်စောင်၊ ဖြစ်နိုင်ရင် သန်းခေါင်စာရင်းမိတ္တူ တစ်စောင်ပါရင် ပိုပြည့်စုံတာပေါ့ကွာ။ ဆေးတက္ကသိုလ် က ထုတ်ပေးမယ့် လှူဒါန်းခြင်းစာရွက်မှာ အလှူဒါနပြုသူ ကာယကံရှင်ရယ်၊ ဆွေမျိုးရင်းချာ အတူနေ တာဝန်ယူသူ ရယ်၊ အသိသက်သေ နှစ်ဦးရယ် လက်မှတ်ထိုးပြီးရင် အဲဒီစာရွက်ကို ဆေးတက္ကသိုလ်က အလှူရှင်ကို ပေး တယ်။ အဲဒီစာရွက်ကို ဆွေမျိုးရင်းချာ တာဝန်ယူသူက သိမ်းထားရမယ်'

'စည်းကမ်းချက်တွေက အတော်များပါလားကွ'

'ဘယ်ကိစ္စမဆို စည်းကမ်းရှိလေ ကောင်းလေပေါ့ ကွာ။ ရုပ်ခန္ဓာအလောင်း လှူဒါန်းတာနဲ့ပတ်သက်ပြီး ဘာ မှ ကုန်ကျစရိတ် မရှိစေရဘူး။ သေဆုံးပြီး (၂၄)နာရီ အတွင်း ဖြစ်နိုင်ရင် (၆)နာရီအတွင်း အရောက်ပို့ပေးဖို့နဲ့ သေဆုံးလက်မှတ် လှူဒါန်းထားတဲ့စာရွက် တစ်ပါတည်း ပါဖို့လိုတယ်။ မကွေးမှာကတော့ ငါ့ကိုယ်တွေ့ တော်တော် အဆင်ပြေတယ်ကွ။ ခန္ဓာကိုယ်ရုပ်အလောင်း လှူချင်လို့ မကွေးဆေးတက္ကသိုလ် ဆက်သွယ်စုံစမ်းကြည့်တာ ဆရာ ဝန်မကြီးတွေ ချက်ချင်း အိမ်ကိုရောက်လာတာပဲ။ လှူတဲ့ လူနဲ့ အလှူခံတဲ့သူဆိုတာ အလှူခံပုဂ္ဂိုလ်က အလှူရှင် ရှိရာကို လာရမှာပေါ့တဲ့။ ချက်ချင်းပဲ စာရွက်စာတမ်းမှာ အသိသက်သေတွေနဲ့ လက်မှတ်ထိုးပြီး လုပ်ပေးသွားတယ် ကွ'

'မကွေးမှာဆို ဘယ်လိုဆက်သွယ်ရမလဲ၊ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com

လှူရမလဲ ပြောပြစမ်းပါဦး။ ငါလည်း စိတ်ဝင်စားတယ်'

'မကွေးဆေးတက္ကသိုလ်၊ ခန္ဓာဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာသစ္စာအေးမောင်သန်း၊ ၀၉၅၀၃၉၀၂၇၊ ကထိက ဒေါက်တာမိုးမိုးလွင် ၀၉၂၅၆၁၅၁၅၁၅၊ ကထိက ဒေါက်တာဥမ္မာလှိုင် ၀၉၅၃၄၁၆၆၉၊ ဒေါက်တာသီရိနွယ် ၀၉၅၃၄၃၀၃၀၊ ဆေးတက္ကသိုလ် အား/ကာနည်းပြ ဆရာဦးစိုးမင်း ၀၉၅၃၄၃၃၁၄၊ ဆေးတက္ကသိုလ် စတိုဌာနက ဦးဟန်ဝင်းအောင် ၀၉၄၃၁၂၈၆၅၄ တို့ဆီ အချိန်မရွေး ဆက်သွယ်စုံစမ်းနိုင်တယ်။ ဆေးတက္ကသိုလ်က လက်ခံနိုင်တဲ့ ခန္ဓာကိုယ်ရုပ်အလောင်းတွေက မသေဆုံးမီ ကြိုတင်လှူဒါန်းထားတဲ့ ခန္ဓာကိုယ်တွေနဲ့ ကြိုတင်မလှူဒါန်းထားပေမယ့် သေဆုံးမှ ကောင်းမှုကုသိုလ်ဖြစ်အောင်၊ တန်ဖိုးရှိအောင် လှူချင်တယ်ဆိုရင် ငါပြောပြခဲ့တဲ့ အချက်တွေနဲ့ညီရင် လက်ခံတယ်'

'မင်းပြောပြတာတွေအရဆိုရင် တန်ဖိုးမရှိတော့တဲ့ ရုပ်အလောင်းကို တန်ဖိုးရှိတဲ့နေရာပေးလှူတာ အကောင်းဆုံးပေါ့ကွာ။ တို့ဗုဒ္ဓဘာသာ တိုင်းရင်းသား မြန်မာနိုင်ငံသားတိုင်း ကုသိုလ်ယူသင့်တဲ့ ကိစ္စပဲကွာ'

'မကွေးဆေးတက္ကသိုလ်မှာ ငါ လေ့လာမိသလောက်တော့ ခွဲစိတ်မှုသင်ကြားမယ့် အခန်းကြီးထဲမှာ ရုပ်အလောင်း (၃)လောင်းကို သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ပြင်ဆင်ထားတယ်။ ပန်းအိုးလေးတွေ ထားပေးထားတယ်ကွ။ ဆရာ,ဆရာမနဲ့ ဆေးကျောင်းသားတွေက ရုပ်အလောင်းတွေကို ဝိုင်းပတ်ရပ်နေကြပြီး မခွဲစိတ်ခင် မေတ္တာပို့ ဆုတောင်းပေးကြ၊ အမျှပေးဝေကြတယ်။ ဘာကြောင့်လဲဆိုတော့ အလှူရှင်ဖြစ်တဲ့ ရုပ်အလောင်းရဲ့ ကျေးဇူးတရားကို အသိအမှတ်ပြုတဲ့သဘော။ ပြီးတော့ ဒီရုပ်အလောင်းဟာ ဘယ်သူပဲဖြစ်ဖြစ် ဆေးကျောင်းသားတွေအတွက် ဆရာဖြစ်သွားပြီ။ ခွဲစိတ်လေ့လာ ပညာယူကြဖို့ ရုပ်အလောင်း ခန္ဓာဗေဒ ပေးလှူထားတာဟာ ဆေးကျောင်းသားတွေအဖို့ ဆရာပဲ။ ဒါကြောင့် လေးလေးစားစား တန်ဖိုးထား မေတ္တာပို့ အမျှပေးဝေ ဆုတောင်းပေးကြတယ်။ ရုပ်ထဲရွာထဲမှာ တန်ဖိုးမဲ့ပြီး စွန့်ပစ်ရမယ့် အမိုက်ဟာ ပညာရှင်တွေ လက်ထဲရောက်တော့ တန်ဖိုးရှိလေးစားခံရတယ်လေ။ မကွေးဆေးတက္ကသိုလ် ခန္ဓာဗေဒဌာနက ပါမောက္ခဌာနမှူး ဆရာဝန်မကြီးနဲ့ ကထိကဒေါက်တာတွေဟာ မာန်မာနမရှိကြဘူး။ သိပ်ပြီးသိမ်မွေ့ကြတယ်။ ဌာနနဲ့ တက္ကသိုလ်ကြီးအတွက်၊ တပည့် ဆေးကျောင်းသားတွေအတွက် အပင်ပန်းခံပြီး ကိုယ်တိုင် ခန္ဓာရုပ်အလောင်းတွေရဖို့ အလှူခံထွက်ကြတယ်'

'အေးကွာ၊ ဆေးတက္ကသိုလ်တွေမှာ ဆေးကျောင်းသားတွေအတွက် ရုပ်အလောင်းတွေ ပေါပေါသီသီရရင် ပိုကောင်းတာပေါ့ကွာ။ ဆေးကျောင်းသားတွေကိုယ်တိုင် ပေါပေါသီသီ ခွဲစိတ်လေ့လာနိုင်တာပေါ့နော်'

'အခု ငါ သိရသလောက်တော့ မကွေးဆေးတက္ကသိုလ်အတွက် ရုပ်အလောင်း ရှားပါးနေလို့ ရန်ကုန်၊ မန္တလေး ဆေးတက္ကသိုလ်တွေဆီက အကူအညီတောင်း မှာယူရသတဲ့။ ငါတို့နိုင်ငံမှာ ရှေးရှေးတုန်းက သွေးသွင်းတဲ့ကိစ္စ၊ သွေးလှူတဲ့ကိစ္စတွေ ကျယ်ကျယ်ပြန့်ပြန့် သဘောမပေါက်တော့ သွေးကိစ္စ အတော်ပြဿနာကြီးခဲ့တယ်။ ပညာပေးလှုံ့ဆော်စည်းရုံးမှုတွေ တွင်တွင်ကျယ်ကျယ် လုပ်လာတဲ့အခါ အခုဆို တစ်နိုင်ငံလုံး သဘောပေါက်နားလည်ပြီး သဒ္ဓါစိတ်တွေ ထက်သန်လာကြတော့ သွေးလှူရှင်တွေ အများကြီး ပေါ်ပေါက်လာတယ်'

'အေးပေါ့ကွာ၊ အခုလည်း ကျန်းမာရေးဌာနနဲ့ ဆေးတက္ကသိုလ်တွေက ဦးဆောင်ပြီး ပညာပေးစည်းရုံးလှုံ့ဆော်ပေးရမယ်။ ဆရာတော် သံဃာတော်တွေကလည်း တရားပွဲတွေမှာ ခန္ဓာနဲ့ ဒါနပြုတဲ့ တရားတွေဟော[illegible]၊ စာနယ်ဇင်းမီဒီယာသမားတွေကလည်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ရုပ်ပြ၊ ကာတွန်းတွေနဲ့ ရေးသားကြ၊ စာပေဟောပြောပွဲတွေမှာ ဟောပြောပေးကြ၊ သဘင်၊ ဂီတ၊ ရုပ်ရှင်၊ ပန်းချီ၊ ပန်း[illegible] စတဲ့ ပညာရှင်တွေကလည်း ပညာပေး စည်းရုံးလှုံ့ဆော်ပေးရင် ကောင်းမယ်။ လူအများ မြင်နိုင် တွေ့နိုင်မယ့် နေရာတွေမှာ ဗီနိုင်းပိုစတာတွေ၊ လက်ကမ်းစာစောင်တွေ ဖြန့်ဝေသင့်တယ်။ တို့မြန်မာတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်တွေဟာ ဒါနဲ့ပတ်သက်ရင် အင်မတန် စိတ်အားထက်သန် လှူဒါန်းကြတာပါကွာ။ သိပ်မသိကြသေးလို့ပါ'

'အခုဆို မင်းကို ငါပြောပြလို့ သဘောပေါက် နားလည်လာပြီး ခန္ဓာကိုယ် လှူချင်လာပြီ မဟုတ်လား။ တကယ်တော့ မင်းလို ကောင်းမျိုးတွေ အခု အသက်ရှင် နေစဉ်ကာလမှာ ဆေးတက္ကသိုလ်ကို ခန္ဓာကိုယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

အလောင်း ကြိုတင်လှူထားသင့်တယ်ကွ’

‘ဘာဖြစ်လို့လဲ’

*‘မင်း စဉ်းစားကြည့်လေ၊ မင်း (၁၀)တန်းတဘုန်း* ဘုန်းကျပြီး (၁၀)တန်းမအောင်တော့ ဘယ်လိုမှ ဆရာဝန် မဖြစ်နိုင်ဘူး။ မင်းမှာ အိုးပိုင်အိမ်ပိုင်လည်းမရှိဘူး။ ဝေ သယန္တရာမင်းကြီးလို မယားလှူရအောင်ကလည်း မိန်းမ လည်း မရှိဘူး။ သားသမီးလှူရအောင်ကလည်း သား သမီး မရှိဘူး။ တစ်ကောင်ကြွက်။ တခြားလှူရတန်းရ အောင်ကလည်း ပိုက်ဆံမရှိလို့ ဆင်းရဲလို့ဆိုပြီး ဒီအရွယ် ထိ ဘာမှမလှူဖူးဘူး၊ ဒါနမပြုဖူးဘူး။ အလုပ်အကိုင် လည်းမရှိ၊ ငွေကြေးဥစ္စာလည်း မရှိဘူး။ ဘာဆိုဘာမှ မရှိတဲ့ကောင်။ မင်းသေရင် ပိုင်ရှင်မဲ့အလောင်းဆိုပြီး ရပ် က ရွာက ကရုဏာရှင် နာရေးကူညီမှုအသင်းခေါ်ပြီး မီးရှို့သင်္ဂြိုဟ်ပစ်လိုက်မှာပဲ။ သေတော့လည်း ရုပ်အလောင်း က တန်ဖိုးမရှိဘူး။ မသေခင်လည်း တန်ဖိုးရှိမယ့် အလုပ် တွေ မလုပ်ဘူး။ ဒီတော့ ငါအကြံပေးမယ်။ မင်း ဆေး တက္ကသိုလ်မှာ ကြိုတင်ပြီး ခန္ဓာကိုယ်ရုပ်အလောင်း လှူ ထား၊ တစ်သက်လုံး တန်ဖိုးမရှိခဲ့တဲ့ မင်းခန္ဓာကိုယ် ဆေး တက္ကသိုလ်ရောက်သွားရင် တန်ဖိုးရှိသွားမယ်။ မင်း ဒီ *တစ်သက် ဘယ်လိုမှ ဆရာဝန် မဖြစ်နိုင်ပေမယ့် သေရင်* မင်းက ဆရာဝန်ရဲ့ဆရာ ဖြစ်သွားနိုင်တယ်။ ဆေးတက္က သိုလ်က ပါမောက္ခဌာနမှူး ဆရာဝန်မကြီးက ပြောပြ တယ်ကွ။ လူတိုင်း ဆရာဝန် မဖြစ်နိုင်ပေမယ့် လူတိုင်း ဟာ ဆရာဝန်ရဲ့ဆရာ ဖြစ်နိုင်ပါတယ်တဲ့။ ခန္ဓာကိုယ် ရုပ်အလောင်းသာ ကြိုတင်လှူထားပါတဲ့။

အရှင်နိမ္မလဆိုတဲ့ ရဟန်းစာဆို (နတ်မောက်ဘုန်း နှယ်) ကဗျာလေး သိပ်ကောင်းတယ်ကွာ။

သက်မဲ့ခန္ဓာ ပေးလှူပါတဲ့၊
သေဆုံးသောအခါ လူ့ခန္ဓာကား၊
ရွံ့ရှာဖွယ်တိ ဖိုးမရှိလည်း၊
သင်၏မျိုးဆက် ကောင်းကျိုးထွက်အောင်၊
ဆေးတက္ကသိုလ် လှူဖို့လိုသည်
ကိုယ်စီလှူကြစေသတည်းတဲ့’

**ရေနံ့သာ အောင်ချမ်းဇော်**



မှတ်ပုံတင်ပြီး

# အမေ့ဆေး

အမှတ်တံဆိပ်

## ဆီးချို သွေးချို သောက်ဆေး

**ပင်ရင်း** အမှတ် (၃၀)၊ (၀၂၂)လမ်း၊
ရေတွင်းတုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။


သုံးစွဲရန် ဆေးပမာဏ

နံနက် အစာမစားမီ (၃) ပြား
နေ့လယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား

ဖုန်း – ၀၁ – ၃၇၆၇၀၁၊ ၀၁ – ၃၇၆၇၀၂၊ ၀၉ – ၇၃၂၀၀၉၇၀

**အမြို့မြို့အနယ်နယ်ရှိသော ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။**

www.burmeseclassic.com



မြေအောက်မှရသော ကျောက်လက်ဝါး

ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)

# ထူးထူးခြားခြား ကျောက်လက်ဝါးများ

လွန်ခဲ့သော လေး,ငါးနှစ်ခန့်က စာရေးသူထံသို့ ဆရာမင်းကျော်ခေါင်တို့ ဇနီးမောင်နှံ ကားနှင့် ရောက်လာသည်။ လောကီပညာရှင်ဆရာကြီး မင်းကျော်ခေါင်မှာ ဂမ္ဘီရပညာမျိုးစုံကို စိတ်ဝင်စားပြီး လက်တွေ့ လေ့လာနေသူ ဖြစ်သည်။

သူသည် မြန်မာပြည်အနှံ့ ခရီးသွားရင်း ထူးခြားသော ဂမ္ဘီရပညာရှင်နှင့် ပညာများကို သုတေသနပြု စုဆောင်း မှတ်တမ်းတင်လေ့ရှိပါသည်။ ယခုလည်း သာကေတ၊ (၆)ရပ်ကွက်ရှိ ကျောက်လက်ဝါးဆရာထံ သွားရောက် လေ့လာရန် စာရေးသူကို လာခေါ်ခြင်း ဖြစ်ပါသည်။ စာရေးသူလည်း (၇)ရပ်ကွက်နှင့် (၆)ရပ်ကွက် ကပ်နေသော်လည်း တစ်ခေါက်မှ မရောက်ဖူးပါ။ ရပ်ဝေးရပ်နီးမှ ဆေးလာကုနေတာတော့ ကြားသိနေရပါသည်။

ထားဝယ်ကျွန်းစုဘက်က ရခဲ့တာပါဟု ပြောသည်။ တစ်[illegible] က ရေအောက်ကရပြီး တစ်ခုကတော့ ကမ်းပါးကျော[illegible] နံရံမှာ ကပ်နေတာ ခွာယူခဲ့ရကြောင်း၊ အိပ်မက်အ[illegible] သွားရောက်ယူခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။

ကျောက်လက်ဝါးမှာ လူလက်ဝါးနှင့် အတော်[illegible] သည်။ သူက ဓာတ်မီးနှင့် ထိုးပြသည်။ လူလက်ထဲ[illegible] သွေးရှိသလို အနီရောင်ကို မြင်ရသည်။ သူ၏ ကျော[illegible] လက်ဝါးနှစ်ခုစလုံး အသက်ရှိကြောင်း ပြောပြသည်[illegible]

ကျွန်ုပ်စာရေးသူလည်း ဗဟုသုတအနေဖြင့်သာ[illegible] ခဲ့ပါသည်။ ဓာတ်ပုံလည်းမရိုက်ဖြစ်၊ ကျောက်လ[illegible] အကြောင်းလည်း ပြည့်ပြည့်စုံစုံ မသိရှိခဲ့ပါ။ ထိုဆရာ[illegible] ကတော့ ဆေးကုခြင်းအကြောင်းကို အဓိကပြောပါသ[illegible] သူ့အိမ်မှာ ရပ်ဝေးရပ်နီးမှ ဆေးကုသမည့်သူတွေ[illegible]

စာရေးသူတို့ ရောက်သွားသောအခါ ကျောက်လက်ဝါး ဆရာကြီးမှ သူ့အိမ်အပေါ်ထပ်သို့ ခေါ်ဆောင်သွားပါသည်။ ထို့နောက် သေတ္တာပုံစံ သစ်သားဘူးနှစ်ခု စင်ပေါ်မှ ယူလိုက်ပါသည်။ ပထမဘူးကို ဖွင့်ပြသောအခါ ကျောက်လက်ဝါးအကြီး တစ်[illegible] တွေ့ရသည်။

ဒုတိယဘူးမှ ကျောက်လက်[illegible] ဝါးမှာ သေးသည်။ လူကြီးနှင့် လူငယ်လေး လက်ဝါးလို ဖြစ်[illegible] သည်။

ထိုကျောက်လက်ဝါးကို[illegible] တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com


လာရောက်ကြသည်ဟု သိရှိရပါသည်။

လွန်ခဲ့သောနှစ်က ကျိုက်မရောမြို့သို့သွားစဉ် ကျိုက်မရောဆရာတော်က ကျောက်လက်ဝါးနှင့် ဆေးကုပေးနေတာ တွေ့မြင်ရသည်။ သာမန်အကြောရောဂါ၊ အဖုအကျိတ်ရောဂါအပြင် ပယောဂဆန်ဆန် ရောဂါတွေပါ ပျောက်ကင်းတာ မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ရပါသည်။ ထိုကျောက်လက်ဝါးကို ဒကာတစ်ယောက် နယ်က ရလာပြီး (၇)နေ့သားသမီးကယ်ရန် ဆရာတော်ကို လာရောက်လှူဒါန်းတာဟု သိရှိရပါသည်။ ကျောက်လက်ဝါးသည် အစွမ်းထက်သည်ဟု ကြားသိရပါသည်။ စာရေးသူလည်း ခေါင်းကိုက်နေ၍ ဆရာတော်က ကျောက်လက်ဝါးနှင့် ခေါင်းကို ဖိပေးရာ မကြာမီ သက်သာပျောက်ကင်းသွားပါသည်။

လွန်ခဲ့သောလ,က ဆရာတော် ရန်ကုန်ကြွလာစဉ် လူတစ်ယောက် ကျောက်လက်ဝါးအသေးတစ်ခု လာလှူတာ ထပ်မံတွေ့ရပါသည်။ ထိုကျောက်လက်ဝါးကို ဂမုန်းပင်မှ ရသည်ဟု ဆိုပါသည်။ လက်ဝါးပုံ ဂမုန်းတစ်ပင်က လက်ဝါးပုံဖြစ်နေတာ တွေ့ရပြီး တစ်လထက်တစ်လ ကာလကာ နောက်ဆုံး ကျောက်ဖြစ်သွားသည်ဟု ဆိုပါသည်။ သစ်ပင်အချို့ ကျောက်ဖြစ်သွားတာ မြင်ဖူးပါသည်။ အချို့ ကန်စွန်းဥက ကျောက်ဖြစ်သွားတာလည်း ရှိသည်။ ကျောက်အမြုတေအမျိုးမျိုး ရှိပါသည်။ ဂမ္ဘီရဆန်သော ပစ္စည်းများဖြစ်သည်။

အချို့လည်း ကျောက်လက်ဝါးအကြောင်း ကိုယ်တွေ့ဖြစ်ရပ်ဇာတ်လမ်း ရေးသားကြသည်။ ကျောက်လက်ဝါးမှာ သဘာဝမှဖြစ်သော ကျောက်လက်ဝါးမှာ ပို၍အစွမ်းထက်သည်။ လူတို့ ဖန်တီးလုပ်ထားသော ကျောက်လက်ဝါးမှာ အစွမ်းသတ္တိမရှိဟု ဆိုကြသည်။ သို့သော် ဆေးခေါင်းစုံနှင့် ပြုလုပ်ထားသော ဆေးလက်ဝါးလည်း ရှိသည်။ ကျောက်လက်ဝါး တစ်ခုနှင့်တစ်ခု ပုံစံမတူသလို အစွမ်းသတ္တိရော အကျိုးကျေး ည်း မတူညီပေ။ ယခု စာရေးသူ လေ့လာဖတ်မှတ်ထားသည်ကို ပြန်လည်ရေးသား ဖော်ပြပါမည်။

ကျောက်လက်ဝါးကို ရေအောက်၊ ကျောက်နံရံ၊ ကျောက်ကမ်းပါး၊ ရေခပ်ကျောက်တုံး၊ မြေအောက်၊ သစ်ပင်တွေမှာ တွေ့ရတတ်သည်။ လွယ်လွယ်ကူကူတော့ မရနိုင်ပေ။ လူတစ်ယောက်၏ လက်ဖဝါးကဲ့သို့ လက်ချောင်းငါးချောင်းပါရှိပြီး လက်သည်းများပင်ပါတာ တွေ့ရသည်။ လက်ဖမိုးပေါ်မှာလည်း အကြောတွေပါသည်။ ကျောက်တုံးကျောက်ကမ်းပါး၊ ကျောက်နံရံတွေနဲ့ ရေစပ်မှရသည့် ကျောက်လက်ဝါးအနံ့မှာ ညှီသည်၊ ကြမ်းရှိင်းတတ်သည်။ မြေကြီး၊ သစ်ပင်မှရသော ကျောက်လက်ဝါးမှာ သစ်ပင်၊ မြေကြီးနံ့ သင်းသည်၊ ယဉ်တယ်။ အသက်မပါသော သစ်သီး၊ သစ်ဥ၊ သစ်ဖုတွေကျွေးပြီး အသုံးပြုရ၊ ဆောင်ရသည်။ ကျောက်လက်ဝါးသည် လူတစ်ဦး



ကျောက်ကမ်းပါးမှရသော ကျောက်လက်ဝါး

www.burmeseclassic.com



သွေးစုပ်ကျောက်လက်ဝါး

နှင့် တစ်ဦး လက်ပုံစံမတူသလို ကွဲပြားခြားနားသည်။ အချို့ကျောက်လက်ဝါးသည် လက်ကောက်ဝတ်ပုံစံပင် ပါရှိသည်။ အချို့ လက်ဖမိုးမှာ အမွေးအမှင်များပင် ပါရှိသည်။

အချို့က ကျောက်လက်ဝါးအစစ်နဲ့ အတု ခွဲခြားလို့ ရသလား။ ဘာတွေအစွမ်းထက်လဲ၊ သွေးစုပ်တယ်ဆိုတာ ဟုတ်လား စသည်ဖြင့် မေးကြသည်။

ကျောက်လက်ဝါးများသည် သက်ဝင်လှုပ်ရှားတတ်ပြီး ကမ္မသိဒ္ဓိ(ဇိဒ္ဓိ)ရှိသလို အစွမ်းလည်း ထက်မြက်ကြပါသည်။ စီးနေသော ရေထဲသို့ ချကြည့်ပါက ရေစီးကိုဆန်တက်ပါသည်။ ညဘက်မှာ ဆန်အိတ်ပေါ် တင်ထားပါက မနက်ကြည့်ပါက ဆန်များ ဆန်ကွဲကဲ့သို့ ကြေနေတတ်ပါသည်။ ဝပ်နေတဲ့ကြက်၏ အောက်မှာထားပါက ကြက်သေတတ်သည်။ ပွက်ပွက်ဆူနေသော ရေနွေးအိုးထဲ ထည့်ပါက ခုန်ထွက်တတ်သည်။

ရန်ကုန်မြို့ ရွှေတိဂုံစေတီအနီးက ဘုန်းကြီးကျောင်းတစ်ကျောင်း ရောက်သောအခါ ဆရာတော်က ကျောက်ဆည်ဘက်မှာ ရှေးဟောင်းစေတီတစ်ဆူ ပျက်စီးနေလို့ ပြန်တည်တဲ့အခါ ဌာပနာပစ္စည်းအချို့နှင့် ကျောက်လက်ဝါးပုံတစ်ခု ရခဲ့ကြောင်း၊ ဌာပနာများကို ဘုရားထဲ ပြန်ထည့်ပြီး ကျောက်လက်ဝါးကို ဆရာတော်ကြီးက ယူထားသည်ဟု ဆိုပါသည်။ ထိုဆရာတော်ကြီးက သူ့ကို မြေစွန့်လိုက်ကြောင်း ပြောပြပါသည်။

မြေကြီးထဲမှရသော ကျောက်လက်ဝါးကို သူတော်ကောင်း စောင့်ရှောက်သည်ဟု ဆိုကြသည်။ ရေစင်အောင်ဆေးပြီး အသက်မပါတဲ့ ပေါက်ပေါက်၊ သစ်သီးဖွဲ့နု စတာတွေ ကျွေးပါကြောင်း ရှင်းပြပါသည်။ ကျောက်လက်ဝါးဖြင့် နာကျင်ကိုက်ခဲသည့်ဝေဒနာ၊ အကြောရောဂါ ခံစားနေရသူတွေ နှိပ်နယ်ပေးလျှင် ရောဂါဝေဒနာပျောက်ကင်းစေပါသည်။ သူတစ်ပါး ပြုလုပ်ထားသော ပယောဂအနှောင့်အယှက် ကင်းဝေးစေသည်။ ကျောက်ကမ်းပါးကပဲရရ၊ မြေကြီးထဲကပဲရရ ကောင်းသောနေရာမှာသာ အသုံးပြုသင့်သည်ဟု ဆိုပါသည်။

အချို့ မကောင်းကြံသူတွေကတော့ ကျောက်လက်ဝါးကို သားငါးတွေကျွေးပြီး သူယုတ်မာစိတ်နဲ့ အခြားသူကို ရိုက်ခိုင်း၊ သွေးထွက်သံယိုဖြစ်အောင်၊ သေကျေ



သူတော်ကောင်းစောင့်ကျောက်လက်ဝါး



www.burmeseclassic.com


www.burmeseclassic.com

အောင် ပြုလုပ်ခိုင်းတတ်ပါသည်။ ထိုသူတို့မှာ အစာမှန်မှန် မကျွေး၊ အစာမကျွေးသော အချိန်ကာလ ရောက်ခဲ့ပါက ခိုင်းစေသူကို ပြန်လည်ထိခိုက်တတ်ပါသည်။ ဂမ္ဘီရနယ်ဝင် ကျောက်လက်ဝါး ရခဲ့ပါက (၇)နေ့သားသမီးအကျိုးရှိအောင်သာ အသုံးပြုသင့်ပါသည်။ သူများကိုအန္တရာယ်ပေး ခိုင်းစေပါက တစ်နေ့ မိမိအလှည့် ပြန်ရောက်တတ်ပါသည်။

ကျောက်လက်ဝါးကို လေ့လာသောအခါ အဓိကအချက်(၂)ချက် တွေ့ရသည်။ ကျောက်လက်ဝါး အရှင်နှင့်အသေဖြစ်သည်။ အရှင်မှာ စောင့်ရှောက်သော အစောင့်အရှောက်ရှိတတ်ပြီး အသေမှာ ဘာအစောင့်မှ မရှိပါ။

နယ်က မိတ်ဆွေတစ်ဦး တောထဲသွားပြီး ကမ်းပါးမှာ ကပ်နေတဲ့ ကျောက်လက်ဝါးကို ခွာယူလာခဲ့သည်။ နားလည်လို့ ယူတာမဟုတ်၊ ထူးဆန်းလို့ ယူလာခဲ့တာဖြစ်သည်။ လွယ်အိတ်ထဲထည့်ပြီး အိမ်တိုင်မှာ ချိတ်ထားသည်။ (၃)ရက်ခန့်ကြာတော့ ညဘက် ခြေသံကြား၍ ထကြည့်သည်။ ဘာမှမတွေ့ရပေ။ နောက်တစ်ရက် ရိပ်ခနဲ တွေ့လိုက်ရ၍ မီးဖိုချောင်သို့သွားသည်။ အိုးသံခွက်သံ ကြားလိုက်ရသည်။ သို့သော် သဘောမပေါက်


ဆေးသိဒ္ဓိဝင် ဂမ္ဘီရကျောက်လက်ဝါး


မြေအောက်မှရသော ကျောက်လက်ဝါး

သေးပေ။ နောက်တစ်ည အိပ်မက်ပေးသည်။ သူ အစာစားချင်တယ်။ သားငါး ကျွေးပါဟု ပြောသည်။ ဒါနဲ့ သူလည်း ကြောက်ပြီး ဆရာတော်တစ်ပါးကို သွားလျှောက်ပြီး လှူလိုက်သည်ဟု ဆိုသည်။

အချို့ ကျောက်လက်ဝါး သွေးကြိုက်သည်။ သွေးကျွေးပါက လက်ထိပ်တွေမှာ မင်နီစွန်းသလို သွေးစွန်းနေတတ်သည်။ ကျောက်လက်ဝါးတစ်ခု မိမိလက်ဝယ်ရောက်ရှိလာပါက အရှင်လား၊ အသေလားသိအောင် စမ်းသပ်ကြည့်နိုင်သည်။ ခွဲခြားနည်းမှာ ထမင်းအိုးနပ်တဲ့အခါ ထမင်းအိုးအဖုံးပေါ်ကို ကျောက်လက်ဝါး တင်ထားလိုက်ပါက အဆိုပါ ကျောက်လက်ဝါး အဖုံးပေါ်က ခုန်ဆင်းသွားပါက အသက်ရှိသည်၊ အရှင်ဖြစ်သည်။

နောက်တစ်နည်း စားပွဲပေါ်တင် ဆေးလိပ်မီးနဲ့လိုက်ထိုးကြည့်လိုက်ပါ အရှင်ဆိုပါက ကျောက်လက်ဝါးသည် ဆေးလိပ်မီးကို ရှောင်ကွင်းပြီး နောက်ဆုတ်သွားပါလိမ့်မည်။

ကျောက်လက်ဝါးမှာ အပူကြောက်သည့် သဘောရှိသည်။ ကျောက်လက်ဝါးကို နိမ့်တဲ့နေရာမှာထား၊ ရေနွေးပူကို မြင့်တဲ့နေရာကနေ လောင်းလိုက်ပါ။ ကျောက်လက်ဝါး ခုန်ရှောင်လျှင် အသက်ရှိသည်၊ အရှင်ဖြစ်သည်။

အမှန်ဆိုရလျှင် စာရေးသူ ကျောက်လက်ဝါးကို ဆရာတော်၊ ဆရာတွေထံမှာ မကြာခဏ မြင်ဖူးသော်လည်း



www.burmeseclassic.com

www.burmeseclassic.com




ဂမုန်းပင်မှရသော ကျောက်လက်ဝါး

ကိုယ်တိုင်တော့ လက်တွေ့မစမ်းသပ်ဖူးပါ။ ဆရာတော် ပြောစကား ဂျာနယ်တစ်စောင်မှာ ရေးထားသော လင်းညို့ တာရာ ဆောင်းပါး စသည်တို့ကို မှီငြမ်းရေးသား ဖြစ်ပါသည်။

အချို့ကျောက်လက်ဝါးကို သေတ္တာထဲ ထည့်ထားပြီး ပိတ်ထားသည်။ ညလူခြေတိတ်ချိန်မှာ သေတ္တာထဲကနေ တဝုန်းဝုန်း တဒုန်းဒုန်း ထုသံကြားရသည်။ မနက်မိုးလင်းတာနဲ့ ဖွင့်ပေးလိုက်သောအခါ ခုန်ထွက်လာသည်။ ဤသို့ဆိုလျှင် အသက်ရှိ၊ အသက်ရှင်ဆိုတာ သေချာသွားပါပြီ။ ဟုတ်ပြီ၊ အရှင်ဆိုတာ သေချာသွားပြီ။ နည်းအားလုံးစမ်းသပ်စရာမလိုပါ။ တစ်နည်းစမ်းလျှင် ရပါပြီ။

အရှင်သိရင် ကောင်းသော အစောင့်အရှောက်လား၊ မကောင်းသော အစောင့်ရှောက်လား စမ်းသပ်ကြည့်ရမည်။ ကြက်အရှင် တစ်ကောင်နှင့် ကျောက်လက်ဝါးကို တောင်းတစ်တောင်းနဲ့ အုပ်ထားပါ။ နောက်နေ့မနက် တောင်းဖွင့်ကြည့်လိုက်လို့ ကြက်,မသေပါက အစောင့်ကောင်း၊ သူတော်ကောင်း အစောင့်ဖြစ်သည်။ ကြက်သေနေပါက အစောင့်ဆိုးသည်။

နောက်တစ်နည်းက ကြက်သွေး၊ အမဲသွေး စသည့် သွေးတစ်မျိုးမျိုး ပန်းကန်ထဲထည့်၊ ကျောက်လက်ဝါးနဲ့ အတူထားပြီး အုပ်ဆောင်းနဲ့ အုပ်ထားပါ။ နောက်တစ်နေ့ မနက် လှန်ကြည့်သောအခါ သွေးကုန်နေရင် သွေးစုတ် ကျောက်လက်ဝါး အစောင့်ဆိုးပါ။ သွေးမစုတ်ရင် အစောင့်ကောင်းဟု မှတ်ပါ။ အချို့ ကျောက်လက်ဝါးကို ဘုရားကျောင်းဆောင်ပေါ် တင်ထားသည်။ သူတော်ကောင်း စောင့် ကျောက်လက်ဝါးက ဘုရားနှင့် တန်းတူမနေ



ညာအက်သိဒ္ဓိဝင် ကျောက်လက်ဝါး



www.burmeseclassic.com

www.burmeseclassic.com

ခုန်ချသည်။ အစောင့်မကောင်း ကျောက်လက်ဝါး ဘာသိဘာသာ ဂရုမစိုက် နေတတ်သည်။ ခုန်ချမလာပါ။

နောက်တစ်နည်းက ညအိပ်ပါက ပိုင်ရှင်၏ ခေါင်းရင်းမှာ ထားအိပ်၊ မနက် ခြေရင်းရောက်နေပါက သူတော်ကောင်းစောင့်၊ ပိုင်ရှင်၏ခေါင်းရင်းမှာ မနေသည့်သဘော။ အစောင့်မကောင်းသော ကျောက်လက်ဝါးကတော့ မတုန်မလှုပ်ပါဘဲ။

ကျောက်လက်ဝါးကို အိမ်မှာ သူ့ချည်းပဲ ထားခဲ့ပါက ငြိမ်ငြိမ်ကလေး နေတတ်သည်။ လူစိမ်းသူခိုးသူဝှက် အိမ်ကပ်ပါက အရိပ်အယောင်ပြ၊ သိသာမြင်သာအောင် အရိပ်ပြ၊ ကြောက်လန့်အောင် ပြုလုပ်ပြီး အိမ်ထဲ မဝင်နိုင်အောင် တားဆီးကာကွယ် စောင့်ရှောက်တတ်ပါသည်။ သူတော်စောင့် ကျောက်လက်ဝါးမှာ သူ့ချည်းပဲ ထားခဲ့ပါက အိမ်နံရံ၊ ထရံ၊ အမိုးတွေကို ဖျက်ဆီးပစ်တတ်သည်။ လူ၊ ခွေး၊ ကြောင်၊ နွား၊ ဆိတ် အိမ်မွေးတိရစ္ဆာန်ကို သေကျေပျက်စီးသည်အထိ ရိုက်သတ်သည်။

တောင်သူလယ်သမားအတွက်၊ လယ်ပိုင်ရှင်များအတွက် ကျောက်လက်ဝါးအရှင် သူတော်ကောင်းစောင့်ကို မြေယာလယ်မြေ အလယ်မှာထားရင် ရန်သူအမျိုးမျိုး၊ ဘေးဥပဒ်အန္တရာယ်ပေးက လွတ်စေတယ်။ အနှောင့်အယှက် ကင်းဝေးစေပါသည်။

ကျောက်လက်ဝါးကို သေချာကြည့်ပါက ဘယ်နှင့်ညာ ရှိသည်။ ညာဘက်ကျောက်လက်ဝါးရှင်သည် သိဒ္ဓိထူးရှိပြီး သူတော်ကောင်း စောင့်ပါသည်။ ပိုင်ရှင်အကျိုးအထူးဆောင်ရွက်ပေးပါသည်။ သိမ်မွေ့နူးညံ့မှုရှိသည်။ ကျောက်လက်ဝါးကို သုံးစွဲသူအပေါ် မူတည်၍ လုပ်ကိုင်ဆောင်ရွက်မှု ကွဲပြားသွားနိုင်သည်။

စာရေးသူအနေဖြင့် သုံးနေရာ တွေ့ဖူးရာ သုံးနေရာစလုံး ဆေးကုသရာတွင်ပင် သုံးနေကြပါသည်။ ဤသို့မဟုတ်ဘဲ အတိုက်အခိုက်အဖြစ် သွေးသားကျွေး ဆောင်ရွက်ခိုင်းပါက အောက်လမ်းဆန်သွားပါမည်။ လောကီရေးရာတွင် အစွမ်းထက်လာသည်။ လောကီ၊ လောကုတ္တရာ ကောင်းကျိုးအတွက်သာ အသုံးပြုသင့်ပါသည်။

**ဂမ္ဘီရ ဆရာလှမျိုး(B.Sc)**


Dictionary for All

THALUN Bookstore Yangon

သာလွန် အင်္ဂလိပ်–မြန်မာ အဘိဓာန်

သာလွန်စာအုပ်တိုက်

ဃ ၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပတ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း – ၂၄၂၄၃၈၊ ၂၄၉၂၀၈

ဃ အမှတ်(၁၇၇/၁၇၉)၊ ဗိုလ်ဆွန်ပတ်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း – ၂၄၀၁၅၃၊ ၂၄၂၀၃၈၊ ၃၈၂၂၈၀

ဃ ၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း – ၂၉၉၂၂၈




www.burmeseclassic.com

www.burmeseclassic.com

# ကျောက်စိမ်းကျိန်စာ

အောင်မော်စံဆရာတော်(ကချင်ပြည်နယ်)

ကချင်ပြည်နယ်တွင် ကျောက်စိမ်းကို အဓိကတူးဖော်ရရှိသည့်နေရာမှာ ဖားကန့်ဖြစ်သည်။ ဖားကန့်ကျောက်စိမ်းသည် ကချင်အဘွားကြီးက စတင်ဖြစ်သည်ဟု ဆိုသည်။ တိကျအောင် လေ့လာရပါဦးမည်။

ကျောက်စိမ်းသည် အင်္ဂလိပ်နယ်ချဲ့ အုပ်စိုးစဉ်က ဂေဇက်ဝင်ရတနာ မဖြစ်သေးပါ။ မိုးကုတ်တွင်းထွက်ကျောက်များက ဂေဇက်ဝင်ဖြစ်ကြောင်း သိရပါသည်။ ဂေဇက်ဝင်ခြင်း၊ မဝင်ခြင်းသည် မည်သို့ကွာခြားမှု ရှိသနည်း။ ဂေဇက်ဝင်သည်မှာ ရတနာစာရင်းတွင် ပါဝင်ပြီး ဂေဇက်မဝင်ခြင်းမှာ ရတနာစာရင်းတွင် မပါဝင်သေးခြင်းကို ဆိုလိုသည်။ ရှေးက ဘုရားဆင်းတုတော်များတွင် ကျောက်သံပတ္တမြားကို စီခြယ်သည့် ရတနာများသည် မိုးကုတ်တွင်းထွက်ရတနာများသာ ဖြစ်သည်။ ကျောက်စိမ်းရတနာနှင့် စီခြယ်ခြင်း၊ ဘုရားထုခြင်း မရှိသေးပါ။

**ဆိပ်မူဘိုးဘိုးကြီး ကျိန်စာ**

ဆိပ်မူဘိုးဘိုးကြီးသည် လူ့ဘဝတုန်းက ရှမ်းလူမျိုး ရွာသူကြီးတစ်ဦးဖြစ်သည်။ သူ့တွင် အလွန်ချောမောလှပသော ဇနီးတစ်ဦးရှိသည်။ တစ်နေ့တွင် ဖားကန့်ဒေသသို့ လူဆိုးတစ်စု ဝင်ရောက်လာပြီး ရွာသူရွာသားများကို တိုက်ခိုက်သတ်ဖြတ်ကြသည်။ ရွာသူရွာသားများ ပိုင်ဆိုင်သော ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများကို လုယူသယ်ဆောင်သွားကြသည်။



ဖားကန့်သူကြီးသည် သူ့လူများနှင့် ပြန်လည်တိုက်ခိုက်သော်လည်း အနိုင်မရဘဲ သူနှင့် သူ့ဇနီးပါ အဖမ်းခံရသည်။ ထိုအခါ ဇနီးဖြစ်သူနှင့် နှစ်ဦးသား အဆိပ်သောက်၍ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် တိုင်ပင်ကြသည်။ ဇနီးဖြစ်သူက အဆိပ်မသောက်မီ လူဆိုးများ၏ ဖမ်းဆီးခေါ်ဆောင်မှုကို ခံရသည်။ ဖားကန့် သူကြီးသည် အဆိပ်သောက်ပြီး အဆုံးစီရင်လိုက်ပါသည်။ သူ မသေခင် ကျိန်စာတိုက်သည်။

သူ၏ ကျိန်စာမှာ-

(၁) ငါ၏နယ်မြေသို့ ဝင်ရောက်သူတိုင်းသည် ဒုစရိုက်မှု တစ်ခုခုကို ကျူးလွန်ရမည်။

(၂) အရက်သောက်တတ်ရမည်။

(၃) ဘိန်းရှူတတ်ရမည်။

(၄) ကာမဂုဏ်အမှု ကျူးလွန်ရမည်။

(၅) အချင်းချင်းလည်း ပစ္စည်းဥစ္စာကို လုယက်သတ်ဖြတ်ကြရမည်··ဟူ၍ ဖြစ်သည်။

ကျောက်စိမ်းပေါ်ခါစ (တူးခါစ၊ ရခါစ၊ ရောင်းဝယ်ခါစ)တုန်းကဆိုလျှင် ဆိပ်မူဘိုးဘိုးကြီး၏ ကျိန်စာအတိုင်း ကျောက်စိမ်းတူးဖော်သော သူတို့၏ စရိုက်သည်ကြမ်း၏။ မကောင်းသော ဒုစရိုက်များကို ကျူးလွန်ကြ၏။ အရက်သောက်၊ ဘိန်းစား၊ လော…ကစားလုပ်၊ ကာမဂုဏ်အမှု ကျူး…ကြ၏။ တစ်ဦးက ကျောက်ကော…ရသည်ဆိုလျှင် တစ်ဦးက ဝင်လုသ…ဝင်ခိုးသည်။ အချင်းချင်း လိမ်…သတ်ဖြတ်ကြသည်။ ကျောက်ကော…တစ်လုံးသည် လူဆိုးတွေ တစ်ယော…လက်မှ တစ်ယောက်လက်သို့ …ကန်သော နည်းလမ်းများဖြင့် …သွားသည်ကို တွေ့ရသည်။ မကော…



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခု ကျူးလွန်ပြီးမှ ကြီးပွားသွားသည့်အတွက် ဖားကန့် ဆိပ်မူ ဘိုးဘိုးကြီး၏ ကျိန်စာသင့်ခြင်း ခံရသည်ဟု ဆိုနိုင်ပါသည်။

လွတ်လပ်ရေးရပြီးချိန် ကချင်ပြည်နယ်သို့ ရာကျော်ဆရာတော်ကြီးနှင့် ဘိုးခင်မောင်တို့ ဆရာ,တပည့် နှစ်ဦး ရောက်ရှိလာပြီး တစ်ဂူဝင် တစ်ဂူထွက် ကျင့်ကြံအားထုတ်သည်။ ဖားကန့် ဆိပ်မူဂူကို ရာကျော်ဆရာတော်ကြီး ဝင်ရောက်ပြီး စရဏကျင့်ကြံရာ ဆိပ်မူဘိုးဘိုးကြီးက လူယောင်ဖန်ဆင်းပြီး ပြုစုသည်။ ရာကျော်ဆရာတော်ကြီးက ဆိပ်မူဘိုးဘိုးကြီးကို ဤသို့ ပြောလိုက်သည်။

'မင်း ကျိန်စာတိုက်ထားတာ ပြင်လိုက်ပါကွာ'

ရာကျော်ဆရာတော်ကြီးက ဤကျိန်စာများသည် လူသတ္တဝါများအတွက် ကောင်းကျိုးမပေးသည့်အပြင် ဆိပ်မူဘိုးဘိုးကြီးအတွက်လည်း အကျိုးမရှိကြောင်း၊ ဤအတိုင်း ရှေ့ဆက်သွားလျှင် မည်သည့်အခါမှ ကျွတ်တမ်းဝင်နိုင်မည် မဟုတ်ကြောင်း ဆုံးမသည်။

ဆိပ်မူဘိုးဘိုးကြီးသည် သူ့ကျိန်စာများကို ပြင်ဆင်ပေးလိုက်ပါသည်။

(၁) ကျွန်ုပ်၏ နယ်မြေအတွင်းသို့ လာရောက်လုပ်ကိုင်စားသောက်သူအားလုံးသည် ကောင်းမှုကုသိုလ်အလုပ်ကို လုပ်လျှင် ကြီးပွားရမည်။
(၂) အရက်သောက်ခြင်းမှ ရှောင်ကြဉ်ကြရန်။
(၃) ဘိန်းရှူခြင်းမှ ရှောင်ကြဉ်ကြရန်။
(၄) လောင်းကစားခြင်းမှ ရှောင်ကြဉ်ကြရန်။
(၅) ကာမဂုဏ်အမှု ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ကြရန်။
(၆) ကျောက်တူးသောအခါတိုင်း ဆိပ်မူဘိုးဘိုးကြီးကို ပွဲတင်၍ အဓိဋ္ဌာန်ဝင်ကြရန်။
(၇) ပုတီးစိပ်၍ သက်သတ်လွတ်စားကာ ကောင်းမှုကုသိုလ်ပြုပြီးလျှင် သူ့အား အမျှပေးဝေရန် ပြင်ဆင်ပေးခဲ့ပါသည်။



ရာကျော်ဆရာတော်

ဆိပ်မူဘိုးဘိုးကြီး ကျိန်စာပြင်ဆင်ပြီးမှ ကျောက်စိမ်းသည် [illegible]နာတန်း ဝင်လာကြောင်း သိရသည်။ ဖားကန့် ကျောက်စိမ်းမှော်မှာ ကျောက်စိမ်းတူးသည့် ကချင်အမျိုးသားတို့သည် ကျောက်စိမ်းတွင်းထဲက အဖိုးတန်ပတ္တမြားနှင့်ရွှေ ထွက်လာသော် မယူကြပါ။ ကျောက်စိမ်းကိုသာ ယူကြသည်ဟု ဆိုသည်။

ဖားကန့် ဆိပ်မူဘိုးဘိုးကြီး၏ ကျိန်စာပြင်ပြီးနောက် အခြေအနေများ ပြောင်းလဲလာသည်ဟု ဆိုနိုင်သော်လည်း ယခုထက်တိုင် (ကျိန်စာပြင်ဆင်ချက်ကို မလိုက်နာသူများ ရှိနေသေးသဖြင့်) ဖားကန့်နယ်မြေသည် ကြမ်းတမ်းလျက်ပင် ရှိနေပါသေးသည်။





www.burmeseclassic.com

www.burmeseclassic.com



## သိုက် (သို့မဟုတ်) မြေအောက်ရတနာများ

မြေအောက်ရတနာများကို အချို့က 'သိုက်'ဟုခေါ်ကြသည်။ မြန်မာနိုင်ငံတွင် သိုက်များစွာရှိသည်။ တစ်ကမ္ဘာလုံးမှာရှိသည့် ရတနာအားလုံး၏ (၉၀)ရာခိုင်နှုန်းသည် မြန်မာနိုင်ငံမှာ ရှိသည်။

သိုက်တွင် အစောင့်ဟူ၍ရှိသည်။ လူအချို့က ဒါကိုယုံကြည်ကြပြီး လူအတော်တော်များများက မယုံကြည်ကြပါ။ သိပ္ပံနည်းကို အသုံးပြုပြီး ရတနာများကို ရှာဖွေတူးဖော်ကြပါသည်။ ခေတ်မီစက်ယန္တရားများနှင့် တူးဖော်ခွင့်ပြုထားလေရာ စည်းမရှိကမ်းမရှိ တူးဖော်ကြလေသည်။ ပတ်ဝန်းကျင်ကိုလည်း



ထိခိုက်သည်။ လူတွေအတွက်လည်း အန္တရာယ်ဖြစ်စေသည်။

မြေအောက်ရတနာများသည် ဆင်းရဲသားများအတွက်သာ ဖြစ်ပါသည်။ လိုအပ်သည့်အချိန်တွင် တူးဖော်သုံးစွဲကြဖို့ရာအတွက်ဖြစ်သည်။ ဆင်းရဲသားများမှာ စက်ယန္တရားများ မဝယ်နိုင်သဖြင့် ကိုယ့်အားကိုယ်ကိုးပြီး လက်ဖြင့်တူးဖော်လုပ်ကိုင် စားသောက်ခြင်းကို သိုက်ပိုင်ရှင်များကကောင်းစွာ ခွင့်ပြုထားသည်။ သမ္မာအာဇီဝ တူးဖော်ခြင်းကို သိုက်ရှင်များက အားပေးသည်။ ရတနာများ တူးဖော်ကြသော ဆင်းရဲသားများသည် အဓိဋ္ဌာန်ဝင်ကြပြီး ကန်တော့ပွဲနှင့် ဆက်ကပ်ကြသည်။ သတ်သတ်လွတ် စားသောက်ကြသည်။ ပုတီးစိပ်သည်။ ဝတ်ဖြူစင်ကြယ်ဝတ်ပြီး တူးဖော်ကြသည်။ ကျောက်အောင်လာလျှင် ဘုရားတည်၊ ကျောင်းဆောက် အလှူဒါနပြုကြသည်။ ရတနာများ မကုန်ခန်းရအောင် လက်ဖြင့် တူးသောနည်းကသာအာမခံချက် ပေးပါသည်။

မြေအောက်ရတနာများကို မြေအောက်မှာပင် သိမ်းထားသင့်ကြောင်း သိုက်ရှင်များက ပြောပြပါသည်။ လိုအပ်သည့်အခါမှသာ ထုတ်ယူသုံးစွဲရန်ဖြစ်သည်။ တချို့ကလည်း မိုးကုတ်တွင်းများမှာ သိုက်ရှင်များက ပိတ်ထား၍ အဖိုးတန်ရတနာများ မရတော့ကြောင်း ပြောပြကြသည်။

သယံဇာတမှာ ကျိန်စာဘာကြောင့် ရှုံးနေရသလဲဆိုသော် လူအများစုက လောဘမသတ်နိုင်၍ဖြစ်သည်။ ဆင်ခြင်တုံတရား လက်ကိုင်မထား၍ ဖြစ်သည်။ သယံဇာတများကို အနာဂတ်မျိုးဆက်များအတွက် ကျန်ရှိအောင်တူးဖော်သုံးစွဲသင့်ပါသည်။ စက်ယန္တရားဖြင့် တူးဖော်၍ကျောက်များများထွက်လျှင် မြန်မြန်ချမ်းသာလာမည်ဟု အထင်ရှိနေကြဟန်တူသည်။ သမ္မာအာဇီဝနည်း မဟုတ်သည်ကိုလည်း သိကြဟန် မတူပေ။ လောဘ လျှော့ကာ လုပ်သလောက် ပြည်သူလူထုအကျိုး နိုင်ငံအကျိုးအတွက် ဖြစ်သင့်ပါသည်။

**အောင်မော်စံဆရာတော်**

(ကချင်ပြည်နယ်)

* 'ကျွန်ုပ်နှင့် ရဟန်းဒကာ ဒကာမတို့ စေတီဘုရားတည်ခြင်း' စာအုပ်



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆထက(စာနယ်ဇင်း)၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ မာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**မော်တင်ရပြီး မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ၊**

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၃၅၆၊ ပေမာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ရုပ်မြင်သံကြားတွင် အစီအစဉ်အခမ်းအနား ကျင်းပနေပုံကို ထုတ်လွှင့်နေရာ ရန်ကုန်တက္ကသိုလ်(ပင်မ)၏ အဓိကရုသစ်ပင်ဖြစ်သော သစ်ပုပ်ပင်အောက်တွင် ညစာစားပွဲ ကျင်းပနေပုံကို တွေ့မြင်လိုက်ရပါသည်။ ထို မြင်ကွင်းမှာ စာရေးသူ၏ အတိတ်ကို ပြန်လည်ရောက်ရှိ ခံစားခဲ့ပါသည်။

စာရေးသူ တက္ကသိုလ်နောက်ဆုံးနှစ် တက်နေစဉ် (၁၉၇၃)ခုနှစ်၊ ဒီဇင်ဘာလတွင် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းတွင် ပါဝင်လုပ်အားပေးခဲ့ပါသည်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် သန်းခေါင်စာရင်း ကောက်ယူခြင်းဖြစ်ရာ စာရေးသူနေထိုင်ရာ မြို့နယ်အတွက် မြို့နယ်စာရင်းစစ် တာဝန်ယူရပါသည်။

ဒီလိုနှင့်ပင် တက္ကသိုလ်နောက်ဆုံးနှစ်ဖြစ်၍ စာကို အပတ်တကုတ် ကြိုးစားကြပါသည်။ မဟာသိပ္ပံတက်ရောက်ရန် (Qualified) အတွက် ဂုဏ်ထူးထွက်ရန် စာကို မနားမနေ ကြိုးစားကြရပါသည်။ R.C ဟုခေါ်သော Recration Center ဘက်လည်း မသွား၊ တက္ကသိုလ်စာကြည့်တိုက်တွင်သာ အချိန်ကုန်ခဲ့ရပါသည်။ သို့သော်ငြား လည်းပဲ ကံကြမ္မာလှည်းဘီးက မိမိစီမံသလို မလည်ပတ်ဘဲ သူ့လည်ချင်ရာလည် ရပ်ချင်ရာ ရပ်ခဲ့ပါတော့သည်။ ထိုစဉ်ကလည်း Horold's Robin သရုပ်ဆောင်သော တော်လှန်ရေး "THE ADVENTUR" ဇာတ်ကားကလည်း သမ္မတရုပ်ရှင်ရုံတွင် တိုးဝှေ့ကြည့်ရသောကာလ ဖြစ်ပါသည်။

သိပ်မကြာလိုက်ပါ။ (၁၉၇၄)ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့် ကွယ်လွန်ကြောင်း နိုင်ငံခြားသတင်းဌာနက ကြေညာလိုက်ပါသည်။ ဦးသန့်၏ ရုပ်ကလာပ်ကို အမေရိကန် နိုင်ငံ၊ နယူးယောက်(New York) မှ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိမည်ဟု သိရပါသည်။ ကုလသမဂ္ဂအဖွဲ့ အစည်းအသီးသီး၊ နိုင်ငံခြားသံရုံးအသီးသီးကလည်း လွမ်းသူ့ပန်းခွေချ ဝမ်းနည်းပူဆွေးကြောင်းစာများ ထုတ်ပြန်ရေး စိုင်းပြင်းနေကြပါသည်။

ဦးသန့်၏ ရုပ်ကလာပ်မှာ အများသူငါ ထင်ထားသလို မဟုတ်ဘဲ မြင်းပြိုင်ကွင်းမြင်းဇောင်းတွင် သာမန် လူပုဂ္ဂိုလ်များကဲ့သို့ အရေးတယူမပြုဘဲ ပစ်ထားသကဲ့သို့ ဖြစ်နေပါသည်။ ထိုစဉ်က (၁၉၇၄)ခုနှစ်၊ ဇန်နဝါရီလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည် ပြုပြီးသော အချိန်ဖြစ်သလို ပထမအကြိမ် ပြည်သူ့လွှတ် တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက် ပွဲ ကျင်းပခဲ့ပြီး အုပ်ချုပ်ရေးတာဝန်ကို မဆလပါတီက ဦးဆောင်နေသော ကာလဖြစ်ပါသည်။

ထို့ကြောင့် ပါတီတွင် အဓိကတာဝန်ယူနေရသော လူကြီးများ၊ ကောင်စီအဆင့်ဆင့် လူကြီးများက မင်းလို လိုက် မင်းကြိုက် (မဆလဥက္ကဋ္ဌအကြိုက်) ဆောင်ရွက် သဖြင့် ဦးသန့်၏ ရုပ်ကလာပ်ထားရာသို့ ယောင်၍တောင် လှည့်မကြည့်ခဲ့ကြပါ။ မိမိ၏ လက်ရှိရထားသော ရာထူး ကုလားထိုင် ထိခိုက်မည် စိုးရိမ်သောကြောင့်ဖြစ်ပါသည်။

ထိုစဉ်က ရှေ့ပြေးနိမိတ်ဖြစ်သော တော်လှန်ရေးဇာတ်



# သစ်ပုပ်ပင် သက်သေတည် ဖွားမသားဝှက် ဂါထာရှည်

ပုရောဟိတ် ဆရာဦးမြတ်စံ

www.burmeseclassic.com

www.burmeseclassic.com

ကားပြနေ၍ လူများ၏စိတ်တွင် တော်လှန်လိုသောစိတ် ရှိနေသော်လည်း အားမတန် မာန်လျှော့၍ နေကြရပါသည်။ တက္ကသိုလ်တွင်လည်း ထောက်လှမ်းရေးမှ မွေးထားသော သစ္စာဖောက်ဒေါက်တိုင် လူငယ်တချို့မှာ ကျောင်းသားရေးရာတွင် ကြီးစိုးလို့နေပါသည်။ တက္ကသိုလ်ကျောင်းသားများကလည်း ရသမျှအချိန်၊ ရသမျှ အခွင့်အရေးကို အသုံးချ၍ နိုင်ငံတော်အစိုးရကို ဆန့်ကျင်သော စာရွက်စာတမ်းများကို ရသလို ဝေကြပါသည်။ ကဗျာတွေ စာတွေရေး၍ R.C တစ်ဝိုက် ဘွဲ့နှင်းသဘင်ခန်းမအနောက် မမြင်ကွယ်ရာတွင် လွှင့်ပစ်ကြရပါသည်။ ထိုသို့ပါဝင်ဆောင်ရွက်သော လူပုဂ္ဂိုလ်များ၏ အမည်ကိုကား အသေးစိတ် မဖော်ပြတော့ပါ။ အကြောင်းမှာ နိုင်ငံရေးဆောင်းပါး မဟုတ်သလို ပုဂ္ဂိုလ်ရေး ဖော်ထုတ်ရမည့် အချိန်မဟုတ်၍ ဖြစ်ပါသည်။

တိုတိုပြောရလျှင် ကျိုက္ကဆံမြင်းပြိုင်ကွင်းဟောင်းမှ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသို့ ဦးသန့်၏ရုပ်ကလာပ်ကို ကျောင်းသားများက သယ်ဆောင်လာကြပါသည်။ ဆရာစံလမ်းမှတစ်ဆင့် ကမ္ဘာအေးဘုရားလမ်း၊ ကုက္ကိုင်းလမ်းဆုံ၊ ထိုမှတစ်ဆင့် တက္ကသိုလ်ရိပ်သာလမ်းမှ တက္ကသိုလ်ပရိဝုဏ်အတွင်းသို့ သယ်ဆောင်လာကြပါသည်။ ထိုစဉ်က တက္ကသိုလ်ရိပ်သာလမ်းသစ် မရှိပါ။ (အာဇစ်ခြံဟုခေါ်သော ကျူးကျော်အိမ်များဖြင့် ပြည့်နေပါသည်။)

နောက်တစ်နေ့ နံနက်စောစော ကုလသမဂ္ဂငြိမ်းချမ်းရေးဖခင်ကြီး ဦးသန့်၏ ရုပ်ကလာပ်ကိုသွား၍ ဂါရဝပြုပါသည်။ မိမိလုပ်ပေးနိုင်သောကိစ္စများ ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းထားသော ကော်မတီများနှင့် ဆက်သွယ်ရာ ရေစကြိုက ကျောင်းလာတက်သော သိပ္ပံရည်ချွန်လူငယ်ချင်း၏ ထောက်ခံမှုဖြင့် အလှူခံခြင်း၊ ဆက်သွယ်ရေးဆောင်ရွက်ခြင်း၊ ပြန်ကြားရေးလုပ်ငန်းများ တာဝန်ယူခဲ့ရပါသည်။

နေ့ပိုင်းတွင် သရက်တော(ဇဝန)မှ ဆရာတော်အရှင်...ရအား သွားရောက်ဝတ်ပြု၍ အန္တရာယ်ကင်းအဆောင်...း တောင်းခံပါသည်။ ဆရာတော်က ကျောင်းရောက်...ချင်း 'ဒကာတို့ကို ဘုန်းကြီး ကြိုမပြောဘူးလား။ ...ကြယ်ဖြူကြီးတစ်ပွင့်၊ အရန်ကြယ်ငါးပွင့် အလံကို စပါးနှံ၊ ပင်နယံအလံ ပြောင်းလိုက်တော့။ အလောင်းပြန်ပြီပေါ့ဗျာ' ဟူ၍ ဖြစ်ပါသည်။

မြန်မာပြည် လွတ်လပ်ရေးရစဉ်က အင်္ဂလိပ်ယူနီယံဂျက် အလံကို ဖြုတ်ချပြီး မြန်မာ့အလံကို ဂုဏ်ယူစွာ တင်ခဲ့သော ကြယ်ငါးပွင့်အလံတော်မှာ မဆလပါတီ၏ ကောင်းမှုကြောင့် အလံပြောင်းခဲ့ရပါသည်။ ယခုအခါ အလံပြောင်း၍ ဦးသန့်၏ ရုပ်ကလာပ်(အလောင်း) ပြန်ရောက်လာရခြင်း ဖြစ်ပါသည်။ ဆရာတော်က တစ်နှစ်လောက်ကကြို၍ ဟောကိန်းထုတ်ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာတော်ထံမှ ကြေးပြားတွင် စီရင်ထားသော အန္တရာယ်ကင်းအဆောင်နှင့် ဂါထာကိုယူ၍ ဆရာတော်ကို ဦးချကာ ရန်ကုန်တက္ကသိုလ်သို့ အပြေးနှင်လာခဲ့ကြပါသည်။ ထိုစဉ်က ငွေကြေးချို့တဲ့သဖြင့် စားစရာ၊သောက်စရာများကို ကြိုတင်၍ ဝယ်ယူနိုင်ခြင်း မရှိပါ။ ရပ်ကွက်တွင်း (အထူးသဖြင့် ကမာရွတ်၊ လှည်းတန်း၊ ကြည့်မြင်တိုင်)မှ စေတနာရှင်များ၏ ထမင်းထုပ်ကိုသာ အားကိုးနေရသောအချိန် ဖြစ်ပါသည်။ ရံဖန်ရံခါ ထမင်းသိုးဟင်းသိုး၊ ငှက်ပျောသီးကို အာဟာရပြု၍ နေရပါသည်။ နောက်ပိုင်း နိုင်ငံတော်က ဖြတ်လေးဖြတ် လုပ်လာပါသည်။ ထမင်းထုပ်ပို့သောသူများကို ရပ်ကွက်မှ မဆလပါတီ ဒေါက်တိုင်များက စာရင်းမှတ်လာကြပါသည်။ လျှပ်စစ်မီး ဖြတ်လိုက်ပါသည်။ တယ်လီဖုန်းဆက်သွယ်မှု မရတော့ပါ။ ရန်ကုန်တက္ကသိုလ်တွင်းသို့ ပို့လွှတ်သော ရေလိုင်းကို ပိတ်ထားလိုက်ကြပါသည်။

လော်စပီကာကို အသုံးပြု၍ မန္တလေးဆောင်မှ ဘွဲ့နှင်းသဘင်သို့ မိုက်ကရိုဖုန်းမှ အော်ရပါသည်။ လျှို့ဝှက်သောကိစ္စဆိုလျှင် Messenger ဆက်သား (စာပို့သတင်းပို့သူ)က အပြေးသွားရပါသည်။ Eco Canteen (စီးပွားရေးတက္ကသိုလ် စားသောက်တန်းမှ) မွန်ကြီး၏ စက်ဘီးအစုတ်ကိုယူ၍ မန္တလေးဆောင်နှင့် ဘွဲ့နှင်းသဘင်ခန်းမကို ခေါက်တုံ့ခေါက်ပြန် သတင်းပို့ရပါသည်။

ဦးသန့်၏ ရုပ်ကလာပ်ရှိရာ ဘွဲ့နှင်းသဘင်ခန်းမရှေ့တွင် လူပုဂ္ဂိုလ်၊ ကျောင်းသား၊ ရဟန်းသံဃာများက မဆလပါတီ၏ အနိဋ္ဌာရုံများကို ဟောပြောကြပါသည်။ လူတွေ သိန်းဂဏန်းမျှ လာရောက်နားထောင်ကြပါသည်။ RASU (ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်)၏ ဝင်ပေါက်မိန်း



www.burmeseclassic.com

www.burmeseclassic.com

ဂိတ်တွင် အလှူခံတာဝန်ယူရသည့်အခါလည်း ရှိပါသည်။ မဆလဒေါက်တိုင်များက အင်္ကျီတွင် ပင်အပ်ထိုး၍တစ်ဖုံ၊ အပ်ချည်ကြိုး၊ ဖဲကြိုးချည်၍တစ်မျိုး လာရောက်ထောက်လှမ်းပြီး မိမိရပ်ကွက်မှ မည်သူတွေပါသည်ကို ပြန်၍ သတင်းပို့ သံတော်ဦးတင်ကြရပါသည်။ သို့မှသာ အနေချောင် အစားချောင် နေရာကောင်းရကြမည် ဖြစ်ပါသည်။ ထိုသူများမှာ ပါတီစိတ်မှူး၊ ကလာပ်စည်းခေါင်းဆောင်၊ ရပ်ကွက်ကောင်စီဝင်များ ဖြစ်ကြပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ်(RIT) မှ ကျောင်းသားများက ဦးသန့်ဂူဗိမာန်ပုံကို ဒီဇိုင်းရေးဆွဲပြီး စတင်၍ ဆောက်လုပ်ပါတော့သည်။ တက္ကသိုလ်သမဂ္ဂအဟောင်းနေရာတွင် ဖြစ်ပါသည်။ စာရေးသူအပါအဝင် အုတ်သယ်သူကသယ်၊ မဆလာဖျော်သူကဖျော် လုပ်ကြပါသည်။ ရပ်ကွက်တွင်းမှ လူများကလည်း ကျောင်းသူကျောင်းသားများနှင့်အတူ လာ၍လုပ်အားပေးကြပါသည်။

ဂူမသွင်းခင် ဦးသန့်၏ညီ ဦးခန့်နှင့် တူမဖြစ်သူ ရပ်ရှင်သရုပ်ဆောင် မင်းသမီးတစ်ဦးက လာ၍ ဂါရဝပြုကြပါသည်။ စာရေးသူတို့က သတင်းကြိုရထားသဖြင့် သိပ္ပံခန်းမ သစ်ပုပ်ပင်နားတွင် နေရာယူထားကြပါသည်။

(၁၁-၁၂-၁၉၇၄)ရက်နေ့ ညသန်းခေါင်ခန့်တွင် အရေးအခင်း စတင်ပါတော့သည်။ လက်နက်ကိုင်တပ်ဖွဲ့က အင်အားသုံး ဖြိုခွင်းပါတော့သည်။ စာရေးသူနှင့်အတူ ကျောင်းသားကျောင်းသူ(၅)ဦးခန့် ရှိပါသည်။ စာရေးသူက ကြိုတင်ပြီး ညှိနှိုင်းထားသည့်အတိုင်း သစ်ပုပ်ပင်ရှိရာသို့ စုရုံးရောက်ရှိလာကြပါသည်။ သစ်ပုပ်ပင်သည် ယခုကဲ့သို့ ခြံခတ်မထားသေးပါ။

စာရေးသူက သစ်ပုပ်ပင်ကိုကိုင်၍ သစ္စာပြုလိုက်ပါသည်။

"ယခု ကျွန်တော်တို့ ကျောင်းသူကျောင်းသားတစ်စုသည် တိုင်းပြည်နှင့် လူမျိုးအတွက် ကိုယ်ကျိုးစွန့်ခြင်းဖြစ်ရာ ဘေးဆိုးရန်ဆိုး အန္တရာယ်မှ ကင်းဝေးပါစေသား" ဟူ၍ ဖြစ်ပါသည်။

ထို့နောက် အောက်ပါဂါထာကို ဆက်၍ရွတ်ပါသည်။ ရန်သူမမြင်နိုင်သောဂါထာ ဖြစ်ပါသည်။ နွားမသားဖုက်ဂါထာဟူ၍ ဖြစ်ပါသည်။

လက်နက်ကိုင်တစ်စုက တပ်စိတ်တစ်စိတ်ပုံစံ ဖြန့်ကြက်၍ သစ်ပုပ်ပင်ကို လက်နှိပ်ဓာတ်မီးများထိုးကာ ရှာကြပါသည်။ သို့သော် စာရေးသူတို့ တက္ကသိုလ်ကျောင်းသား တစ်သိုက်ကို ရှာမတွေ့ပါ။ ယခု တက္ကသိုလ်ပါမောက္ခအဖြစ်မှ အငြိမ်းစားယူသွားသော ကျောင်းသူတစ်ယောက်မှာ ရှူရှူးတွေ ထွက်ကျလာပါသည်။ ထိုအချိန်မှစ၍ သူမ၏နာမည်ရင်း ပျောက်၍ မေသက်ထွေးဟူ၍ ဖြစ်ပါတော့သည်။

**ကိုယ်ပျောက်အင်း**

| | | | | | |
|---|---|---|---|---|---|
| | မေ့ | ဏာ | ဝါ | ရိ | |
| ဂေါ | စ | တိ | ရု | နံ | ဂေါ |
| တု | ကွ | ဍ္ဍံ | မ | ဒေ | စ |
| ရိ | န္တိ | လေ | ယာ | ဏော | နာ |
| မှု | ပိ | န | ပု | ဇာ | ကွေ |
| | တံ | ယ | ယ | ဆာ | |

ဆရာတော်အရှင်သံဝရ ကြေးပြားတွင် စီရင်ပေးထား သောအင်း ဖြစ်ပါသည်။

**နွားမသားဖုက်ဂါထာ**

ဦး··ဂေါဏာနံ နာမစရတံ

ပုဍ္ဍံ ပိယကွေ ဒေဝါ

ဂေါဏေန ဆာယာစရိတိ

တုမေ့ ရုက္ခမှုလေ ဇာယန္တိ။

လက်နက်ကိုင်တပ်ဖွဲ့များ အဝေးရောက်သွားသော အခါကျတော့မှ ဘွဲ့နှင်းသဘင်ခန်းမ နောက်ကျောဘက်... အပြေးသွားကြပြီး ရေမြောင်းအတွင်းမှဝပ်၍ အင်းလျား... ကန်ဘက်သို့ ထွက်ကြရပါသည်။ ထို့နောက် ကျိုက်... မုပ္ပလင်ဘက်သို့သွားသော ကုန်ကားတစ်စီးအား မေ... ရပ်ခံ၍ ကျိုက်ထိုမှတစ်ဆင့် ကျိုက်ထီးရိုးဘုရားသို့ သွား... ကြပါတော့သည်။ ဦးသန့်၏ ဂူဗိမာန်မှာတော့ ဘူ... ဖြင့် ထိုးကော်၍ ဖျက်ဆီးခြင်း ခံခဲ့ရပါတော့သည်။

မေတ္တာ...

ပုရောဟိတ် ဆရာဦး...



www.burmeseclassic.com

ပုရောဟိတ် ဆရာဦးမြတ်စံ

# သရဏဂုံ ကိုယ်လုံးကြွအင်း

တစ်နေ့ ရန်ကုန်-သန်လျင်-ကျောက်တန်း ဘတ်(စ်)ကားပေါ်တွင် စာရေးသူ၏ အိမ်အနီး ကားမှတ်တိုင်မှ အတူလိုက်ပါလာသော ဘတ်(စ်)ကားစီးခရီးသည် အဘိုးအို တစ်ဦးနှင့် စကား လက်ဆုံပြောဖြစ်ပါသည်။ အဘိုးက အသက်(၈၀)ခန့်ရှိပြီ ဖြစ်ပါသည်။ သန်လျင် ပါဒကြီးဘက်သို့ သွား၍ သားသမီး၊ မြေးမြစ်တို့ထံ အလည်သွားမည်ဟု သိရပါသည်။ စာရေးသူကပင် ကားခကို အဘိုးအတွက်ပါ ပေးလိုက်ပါသည်။

အဘိုးက 'လူကလေးက ဘယ်ကိုသွားမှာလဲ'ဟု မေးရာ စာရေးသူက 'ကျွန်တော်လည်း ပါဒကြီးဘက် သွားမှာပါ။ ပထမတော့ အောင်ချမ်းသာမှာ မြေကွက်ဝယ်ထားတာ သွားကြည့်မလို့ ပါ။ ဒါပေမဲ့ အဘိုးလည်း ပါဒကြီးဆိုတော့ ကျွန်တော်လည်း ပါဒကြီးမှတ်တိုင်ဆင်းပြီး ကျိုက္က မော့တောင်ကို ဘုရားလည်းဖူး ကန်တော့ပွဲလည်း လှူလို့ရတာပေါ့'ဟု ဖြေလိုက်ပါသည်။

အဘိုးက 'လူကလေးက သွားစရာရှိတာ သွားပါ။ အဘိုးကို အားနာပြီး လိုက်မလာပါနဲ့။ မိမိလုပ်စရာသာ လုပ်ပါ'ဟု မဆိုင်းမတွ ပြောပါသည်။

စာရေးသူကပင် 'အဘိုးရယ်..အဘိုး ကားပေါ်က ဆင်းရင် ကားလမ်းကူးဖို့၊ နောက်ပြီး ထော်လာဂျီစီးပြီး ရွာထဲဝင်တဲ့အခါ ထော်လာဂျီခတွေပါ ကူညီချင်လို့ပါ'ဟု ပြောရာ အဘိုးအိုက လက်ခံသည့်သဘော အသာအယာပင် ခေါင်းညိတ်လိုက်ပါသည်။

ဒီလိုနှင့်ပင် စာရေးသူတို့ စီးလာသော ဘတ်(စ်)ကားလေးသည် သန်လျင်မြစ်ကူးတံတားကို ဖြတ်လျက် မောင်းနှင်နေပါသည်။

စာရေးသူကပင် မြစ်ပြင်ကျယ်ကိုကြည့်၍ 'ဒီသန်လျင်မြစ်ကူးတံတားကြီးက ခရီးသွားလာ ရေးမှာ အလွန်အသုံးတည့်တာပဲနော်။ ဟိုအရင်ကဆိုရင် တံတားမရှိလို့ ရေလမ်းသင်္ဘော ကူးတို့ သမ္ဗန်စတဲ့ဟာတွေကိုသာ အသုံးပြုရတယ်နော်'ဟုပြောရာ အဘိုးက ၄င်း၏အတိတ်မှ အရိပ်သဖွယ် ပူဆွေးသောက မျက်နှာဖြင့် ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းပြောပြပါသည်။

အဘိုးဇာတိက ခရမ်းဘက်မှ ဖြစ်ပါသည်။ သန်လျင်တံတားမဆောက်ခင်က သန်လျင်-ရန်ကုန်ကို သင်္ဘောဖြင့်သာ လာရသဖြင့် ပုဇွန်တောင် ဆိပ်ကမ်းမှ သင်္ဘောဖြင့် လာရကြောင်း ပြောပါသည်။ တစ်နေ့ အဘိုးစီးလာသော သင်္ဘောမှာ ဆောက်လက်စ သန်လျင်တံတား ရေလယ် တိုင်နှင့်တိုက်မိကာ သင်္ဘောတိမ်းမှောက် နစ်မြုပ်ခဲ့ရကြောင်း၊ ထိုစဉ်က အဘိုးက သန်လျင်မှာ ရှိသော်ငြားလည်း ရေကူးမကျွမ်းကျင်သဖြင့် ရေလယ်ကောင်တွင် သရဏဂုံသုံးပါးကိုသာ အာရုံပြု၍ မိမိတတ်စွမ်းသလောက် ကူးခပ်နေကြောင်း ပြောပါသည်။

၄င်း၏အဆိုအရ ရေကူးနေစဉ် ခြေကုန်လက်ပန်းကျ၍ သတိမရတစ်ချက် ရတစ်ချက် မောဟိုက် လာကာ ဗိုက်ထဲသို့ ရေများဝင်လာပြီး လုံးဝသတိလစ်သွားပါတော့သည်။ ရေစီးနှင့် မျောပါလာရာ လတာပြင်တစ်ခုတွင်သွား၍ တင်နေပါသည်။ သို့သော် သတိကား လုံးဝမရပါ။ တံငါသည် လင်မယား၏ လှေနှင့်တွေ့မှသာ မိမိအသက် ပြန်ရှင်နိုင်ခဲ့ကြောင်း ပြောပါသည်။

တံငါသည် လင်မယားကလည်း မူလကတော့ လတာပြင်တွင် လဲနေသော အဘိုးအိုကို လူ သေကောင် အောက်မေ့၍ မကယ်ရဲကြကြောင်း သိရပါသည်။ သို့သော် ယောကျ်ားလုပ်သူက လှေဦးကို ရေလယ်သို့ လှော်ခတ်သွားသော်လည်း ပိတ်ဖြူစင်ကြယ် ဝတ်ထားသော သူတော်စင် တစ်ဦးက လှေပေါ်တွင် ကိုယ်ထင်ပြ၍ တံငါသည်ယောကျ်ားအား လူသေကောင် မဟုတ်ကြောင်း၊ သင်္ဘောနစ်၍ ရေထဲ မျောပါလာသည့် ဒုက္ခသည်ဖြစ်ကြောင်း အတင်းသွားကယ်ခိုင်းပါသည်။ ထိုအခါ လှေထဲ၌ ဘယ်တုန်းက လိုက်ပါလာသည်ကို မသိရသော ဝတ်ဖြူစင်ကြယ် အဘိုး၏ပုံနှင့်

www.burmeseclassic.com

လတာပြင်တွင် ရေစပ်၍ လဲနေသော အဘိုး၏ ပုံသဏ္ဍာန်မှာ တစ်ဦးတည်းဖြစ်ကြောင်း နောက်မှ သိရပါသည်။

ထို့နောက် လှေဦးကို မြစ်ကမ်းစပ်လတာပြင်ဘက်သို့ လှည့်ကာ လဲနေသော အဘိုးအိုအား သွား၍ ထူမ,ပြီး လှေပေါ်သို့တင်ကာ ၎င်းတို့၏ ရွာဘက်သို့ ကူးသွားကြပါသည်။ ရွာရောက်တော့ ရွာသူရွာသားများ၏ ကူညီမှုဖြင့် အဝတ်အစားများ လဲလှယ်ပေးခြင်း၊ လိုအပ်သော အစာအာဟာရ ဆေးဝါးများ တိုက်ကျွေးခြင်းကြောင့် အားအင်ကုန်ခန်းနေသော အဘိုးအိုမှာ ပြန်၍သတိရလာပါ သည်။ သို့သော် အဘိုးအို၏ မူလဇာတိကိုကား မမေးမိကြပါ။ တစ်ဖက်ကလည်း အဘိုး၏ မိသားစုမှာ သင်္ဘောနစ်ရာတွင် ပါသွားပြီး အလောင်းရှာမတွေ့တော့၍ သေပြီဟု ယူဆကာ နာရေးကိစ္စများ ဆောင်ရွက်လျက်ရှိပါသည်။

အဘိုးအိုက သူ၏အသက်ကို ကယ်တင်သော တံငါရွာကလေးတွင် (၁၀)ရက်ခန့်သာ အနား ယူပြီး မိမိဇာတိ ခရမ်းမြို့ကို သတိရကာ ပြန်သွားပါသည်။ အဘိုးအိုကို ကယ်တင်မည့်သူ ပေါ် လာခြင်း၊ မြစ်ရေပြင်တွင် လက်ပစ်ကူးနေစဉ် လတာပြင်သို့ ပို့ဆောင်ပေးခြင်းခံရစဉ် သရဏဂုံ (၃)ပါးကို မမေ့နဲ့ဟုသာ အသံကြားနေရကြောင်း သိရပါသည်။

သေရွာပြန် အဘိုးအိုက ဇာတိရွာ ပြန်ရောက်သောအခါ ကျန်ရစ်သူမိသားစုမှာ ဝမ်းသာအား ရ ငိုအားထက် ရယ်အားသန် ဖြစ်ခဲ့ရကြောင်း ပြောပြပါသည်။ အဘိုးအိုလည်း ခရမ်းက လယ်မြေများ ရောင်းချပြီး ရန်ကုန်မြို့သို့ ပြောင်းရွှေ့ကာ ကျောက်မြောင်း ကျူးကွက်သစ်ရပ်ကွက်တွင် ထမင်း ဆိုင်ဖွင့်ပြီး အသက်မွေးဝမ်းကျောင်းခဲ့ပါသည်။ အဘိုး၏ ထမင်းဆိုင်တွင် စားသုံးသူများ ပရိသတ် များဖြင့် စည်ကားလျက်ရှိရာ တိုတောင်းသော ကာလအတွင်း ငွေကြေးများ စုဆောင်းနိုင်ပါတော့ သည်။

ယခုသွားမည့် ပါဒကြီးရွာငယ်ကလေးမှာ အဘိုးအသက်ကို ကယ်တင်ထားသော တံငါသည် မိသားစုရှိပြီး မိမိသားသမီးများအမှတ်ဖြင့် သတိရလျှင် ရသလိုသွား၍ ငွေကြေး၊ စားစရာများ သွား၍ပေးလေ့ရှိကြောင်း သိရပါသည်။ တကယ်တော့ အဘိုးက သူဆင်းရဲတစ်ယောက် မဟုတ်ပါ။ ကျေးဇူးရှင် အသက်သခင် မိသားစုကို လာ၍ ကျေးဇူးဆပ်နေခြင်းဖြစ်ကြောင်း သိရပါသည်။

သန်လျင်မှ ကျောက်တန်းဘက်သို့ ဦးတည်နေသော ဘတ်(စ်)ကားသည် စပယ်ယာအော်တော့ ပါဒကြီးမှတ်တိုင်ရောက်မှန်း သိရပါသည်။ လမ်းတွင် အဘိုးအိုနှင့် စကားကောင်းနေသဖြင့် အဘိုးအို၏ သရဏဂုံ ကိုယ်လုံးမြဲ ကိုယ်တွေ့ကိုသာ စိတ်ဝင်စားနေမိပါသည်။

ထို့နောက် ကားပေါ်မှဆင်းကာ မှတ်တိုင်အနီးတွင် ထော်လာဂျီမလာသေးသဖြင့် (၂)ဦးသား စောင့်နေရာမှ အဘိုးအိုအား "အဘိုးကို ကျွန်တော် လက်ဖက်ရည်နှင့်မုန့် ပြုစုပါရစေ။ ကျွန်တော်တ ဒီဆိုင်ရောက်ရင် ထမင်းကြော် ဝယ်စားနေကျပါ။ နောက်ပြီး ဘေးက စတိုးဆိုင်မှာ တောင်ပေါ်က လူတွေ စားဖို့ရယ်၊ ဘုန်းကြီးကျောင်းက ဆရာတော်လှူဖို့အတွက် မုန့်တွေ ဝယ်နေကျပါ" ဟု ရှင်းပြလိုက်ပါသည်။ နှစ်ယောက်သား လက်ဖက်ရည်ဆိုင်တွင် ထိုင်လိုက်သောအခါ အဘိုးအတွက် လက်ဖက်ရည်၊ အီကြာကွေး မှာပြီး စာရေးသူက ထမင်းကြော်တစ်ပွဲ မှာစားပါသည်။

စာရေးသူကပင် အဘိုးရဲ့ သရဏဂုံ ကိုယ်လုံးမြဲအင်း အစီအရင်လေး သိခွင့်ရှိက ပြောပြပေးရန် အဘိုးအား မေတ္တာရပ်ခံလိုက်ပါသည်။ အဘိုး၏ ဒိုင်ယာယီစာအုပ် အဟောင်းကြားထဲမှ ဝါကြန့်ကြ ရေနီစက္ကူတွင် ရေးထားသော သရဏဂုံ ကိုယ်လုံးမြဲအင်းကို မိမိမှတ်စုစာအုပ်တွင် ချက်ချင်း ကူးယူလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်လုံးခြုံ သရဏဂုံ အင်းတော်ကြီး

သရဏဂုံ အင်းမြတ်ဆောင်က လုံးစုံမုချ ပြည့်စုံကြ။

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | ဂုံ | | | | | |
| | ၁ | ၂ | ၃ | ၄ | ၅ | ၄ | ၃ | ၂ | ၁ | |
| | ၂ | ဗု | ရ | ဆွာ | ၆ | ၈ | ရ | ဆွာ | ၂ | |
| | ၃ | ဂ | အာ | ဒွံ | ၇ | ဂ | သော | မွံ | ၃ | |
| | ၄ | သ | မိ | ဏံ | ဓာ | သံ | မိ | ဏံ | ၄ | |
| သံ | ၅ | ၆ | ၇ | လော | တိ | လော | ၇ | ၆ | ၅ | ပ |
| | ၄ | သီ | ဒွေါ | ဿ | မာ | သံ | ရ | ဆွာ | ၄ | |
| | ၃ | ဝိ | ဝ | သံ | ၇ | ဂ | မာ | ယံ | ၃ | |
| | ၂ | ဗု | တိ | ဘ | ၆ | သ | မိ | ဏံ | ၂ | |
| | ၁ | ၂ | ၃ | ၄ | ၅ | ၄ | ၃ | ၂ | ၁ | |
| | | | | | မ | | | | | |

အာသောမာဝ

အာ - အာကာသေ ကောင်းကင်၌

သော - သောဘတံ တင့်တယ်စွာသော၊

မာ - မာပိတံ ဖန်ဆင်းအပ်သော (စေတီ)ကို

ဝ - ဝန္ဒာမိ ရှိခိုးပါ၏။

တိလောမာလောဓာ

မမာဟုဟာ - တရုတ်ပြည်စွယ်တော်စမ

ဉာဏ်ရှိတိုင်းပင်သုံးတတ်လျှင် ဧကန်မုချချမ်းသာကြ။

ဘေးရန်ခပ်သိမ်း အကုန်ငြိမ်း အေးငြိမ်းမသွေ ချမ်းသာပေ။

အဘိုး၏ မှာကြားချက်အရ ဤအင်းကို စီရင်တော့မည်ဆိုလျှင် သက်သတ်လွတ် သက်စေ့စားရခြင်း၊ ငါးပါးသီလ ဆောက်တည်ရခြင်းအပြင် သရဏဂုံ(၃)ပါး (၁၀၈)ခေါက်ကို အဓိဋ္ဌာန်ကာလအတွင်း ရွတ်ဆိုရကြောင်း သိရပါသည်။

ထော်လာဂျီလာသဖြင့် အဘိုးအိုအား ထော်လာဂျီပေါ် တင်ပေးကာ ကျသင့်သော ထော်လာဂျီခ (၁၀၀)ကျပ်ကို ထော်လာဂျီမောင်းသူအား ပေးကာ အဘိုးအိုအား မတ်တတ်ပင် လက်အုပ်ချီ၍ရဝမ်းလိုက်ပါတော့သည်။

မေတ္တာရည်၍
ပုရောဟိတ် ဆရာဦးမြတ်စံ
ဖုန်း - ၀၉ ၅၁ ၇၆၆၄၆

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ရိုးရာ ကံကြမ္မာပြ ဇယားဗေဒင်

ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)

လွန်ခဲ့သော လေး,ငါးနှစ်ခန့် စာပေမိတ်ဆွေဖြစ်သူ ဆရာအောင်မြတ်ဦးမှ စာအုပ်တစ်အုပ် လက်ဆောင်ပေးသည်။ ထိုစာအုပ်အမည်မှာ နှစ်တစ်ရာကံကြမ္မာဇယားနှင့် လောကီဖြစ်ရပ်ဆန်းများ ဖြစ်သည်။ ဆရာအောင်မြတ်ဦးသည် ကလောင်အမည် သုံး,လေးမျိုးနှင့် စာပေများ ရေးသားထုတ်ဝေနေသူဖြစ်သည်။ အောင်မြတ်ဦး၊ အောင်စိုးဦးဟူ၍ လူသိများသည်။ ယခုနောက်ပိုင်းတွင် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ရေးသားတာ မတွေ့ရတော့ပေ။

လုံးချင်းစာအုပ်တွေ ရေးနေသည်ဟု သိရသည်။ ဆရာအောင်မြတ်ဦးက အကြောင်းအရာစုံကို ကလောင်သုံး,လေးမျိုးနှင့် ရေးနိုင်သည်။ လောကီပညာနှင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နေ၍ လောကီပညာ ဗဟုသုတစုံသည်။ ဆရာအောင်မြတ်ဦး ပေးသော စာအုပ်တွင် လောကီပညာအကြောင်းအရာ လေးငါးဆယ်ပုဒ်လောက် ပါသည်။ ထိုအကြောင်းအရာများထဲတွင် စိတ်ဝင်စားစရာအကောင်းဆုံး အကြောင်းအရာမှာ နှစ်တစ်ရာကံကြမ္မာဇယားနှင့် လောကီဖြစ်ရပ်ဆန်းများ ဖြစ်ပါသည်။

စာရေးသူလည်း ထိုဇယားကွက်ကို မိမိအတွက်သာ တွက်ကြည့်ပြီး စာအုပ်ကို သိမ်းထားလိုက်သည်။ ဆရာကြီး တစ်ဦးက အနောက်တိုင်းလောကီပညာမှရသော ဇယားဗေဒင်ပုံစံ လုပ်ထားသည်။ သို့သော် ပုံစံတူနေသည်။ အမှန်တကယ်တော့ မြန်မာ့ရိုးရာဗေဒင်ကျမ်းများစွာရှိသည်။ ဆရာတွေက ပညာလျှို့ဝှက်ထား၍ ပျောက်ကွယ်သွားရခြင်းဖြစ်သည်။ အချို့ပညာမှာလည်း စကားဝှက်နှင့် ရေးထား၍ အစဖော်မရဖြစ်သည်။

တကယ်တော့ ပညာကို သေရွာယူမသွားဘဲ နောင်လာနောက်သားများအတွက် ထားခဲ့တာ ပို၍ကောင်းပါသည်။ ကျွန်ုပ်လည်း ကံကြမ္မာပြ ဇယားကို ကွန်ပျူတာစီပြီး စိတ်ဝင်စားသူအချို့ကို ပေးလိုက်သည်။ တွက်နည်းသိလျှင် ကိုယ်တိုင်ဖြည့်လို့ရသည်။ သူတို့က ဖြည့်ပြီးသား အဆင်သင့် ယူချင်ကြသည်။ ကလေးကတည်းက အကျင့်ပါလာပုံရသည်။ ကျောင်းမှာ ဆရာက သင်္ချာတွက်နည်း ဥပမာ တစ်ပုဒ်ပြတွက်ပြီး လေ့ကျင့်ခန်းပေးသော်လည်း နောက်ဆုံး ဆရာ,ဆရာမ တွက်ပြတာကို အဆင်သင့် ကူးယူလေ့ရှိသော အကျင့်ဖြစ်သည်။ ကိုယ်တိုင် လေ့လာ သင်ယူ တွက်ပြီး အဖြေရှာတာ ပိုကောင်းပါသည်။

ထိုစာအုပ်ကို စာရေးသူလည်း မေ့မေ့ပျောက်ပျောက် ထားလိုက်သည်။ တစ်နေ့ စာရေးသူအိမ်သို့ ကားတစ်စီး နှင့် လင်မယားနှစ်ယောက် ရောက်လာသည်။ သူ၏အ... လွှတ်လိုက်တာဟု ပြောသည်။ သူတို့အဖေက ဂျပန်နိုင်ငံ မှာ ဗေဒင်ဟောနေသူဖြစ်သည်။ အမည် ဦးတင်ဦး ဖြစ် သည်။ သူတို့က နှစ်တစ်ရာပါ ကံကြမ္မာဇယားပါသော စာအုပ်လိုချင်တာ လိုက်ရှာ၍မရသောကြောင့် အဖေ... ဆရာ့ဆီ လွှတ်လိုက်တာပါဟု ပြောသည်။

စာရေးသူမှ 'လိုချင်ရင် မိတ္တူကူးသွားပါ'ဟု ခွင့်ပြု သည်။ သို့သော် ၎င်းတို့က 'ဆရာ..အဖေက မူရင်း... အုပ် လိုချင်လို့ပါ။ ဆရာ နောက်ပြန်ရှာဝယ်ပါ ဆရာ... စာအုပ်ဖိုး ထိုက်ထိုက်တန်တန် ဥဏ်ပူဇော်ခပူဇော်... မယ်'ဟု မေတ္တာရပ်ခံလာသည်။

စာရေးသူလည်း မိတ္တူလက်ခံ ကူးယူထားလိုက် သည်။ သူတို့လည်း ကျေနပ်ပီတိဖြစ်သွားသည်။ စာရေး သူလည်း ထိုကံကြမ္မာပြဇယား၊ ဗေဒင်ကို လက်တွေ့ ဆောင်ရွက်မှု အားနည်းနေသည်။ စာဖတ်ပရိသတ်များ လည်း လက်တွေ့အသုံးပြုပြီး အကျိုးရှိစေချင်သည်။ ကံ ကြမ္မာအတက်မှာ အလုပ်အကိုင် ကြိုးစားလုပ်ကိုင် ဆော ရွက်သင့်ပါသည်။ ကံကြမ္မာကျချိန်မှာ ကုသိုလ်ကောင်း ပို၍ပြုလုပ်သင့်ပါသည်။ ထိုကံကြမ္မာပြ ဇယားဗေဒင်... ဆရာတော် ဦးဥတ္တမ ဆိုသူနှင့် ရန်ကုန်မြို့ဦးဆုံစဉ်...



www.burmeseclassic.com

www.burmeseclassic.com

သွားတာဖြစ်ကြောင်း ရေးသားထားပါသည်။ ပေမူမှ ကူး ယူထားတာဟု ပြောသည်။

**တွက်နည်း**

ကံကြမ္မာပြ ဇယားဗေဒင်ဖြစ်သည်နှင့်အညီ အသက် အလိုက် ဇယားကွက်နှင့် ပြထားသည့်ဇယားကို ကြည့်ရှုံ နှင့် နှစ်အလိုက် ကံကြမ္မာအတက်အကျကို သိနိုင်သည်။

ဇယားရှာနိုင်ရန်အတွက် နှစ်၊ လ၊ နေ့နှင့် ရလဒ် စသည်တို့ကို ပုံသေနည်းအတိုင်း တွက်ယူရသည်။

တွက်နည်းမှာလည်း ခက်ခက်ခဲခဲမဟုတ်။

**(၁)နှစ်နှင့်ပတ်သက်၍တွက်နည်း**

မိမိ၏ မြန်မာမွေးသက္ကရာဇ်နှစ်ကို (၁၂)ဖြင့် စားရ မည်။ (တစ်နှစ်တွင် ၁၂ လရှိသဖြင့်)

**(၂)လနှင့်ပတ်သက်၍တွက်နည်း**

နတ်တော်လ မြန်မာတို့၏ အမြင့်မြတ်ဆုံးလ ကိုး နဝင်းလမှ စတင်၍ (၁၂)လအထိရေတွက်၍ ဇယားဖြင့် ဖြည့်သွင်းရမည်။

**(၃)နေ့နှင့်ပတ်သက်၍တွက်နည်း**

မိမိမွေးနေ့၏ ဂဏန်းမှစ၍ ဇယားတွင် (၇)ရက်ဖြည့် ရမည်။

**(၄)ရလဒ်နှင့်ပတ်သက်၍တွက်နည်း**

နှစ်၊ လ၊ ရက် (၃)ခုပေါင်းဂဏန်းကို (၁၂)နှင့်စား ရမည်။

ပြတ်လျှင် (၁၂)ပင် ရေးဖြည့်ရမည်။ မစားနိုင်လျှင် (ကြွင်းလျှင်) အကြွင်းဂဏန်း ရေးရမည်။

ဇယားတွင် -

(၁) အအောင်မြင်ဆုံး၊

(၂) အလယ်အလတ်၊

(၃) အညံ့ဆုံးဟူ၍ သုံးပိုင်းရှိသည်။

**မှတ်ချက်**

ယောကျ်ားကံဆိုးလျှင် မိန်းမရ၊ မိန်းမကံကောင်း လျှင် ယောကျ်ားရ။

**တွက်နည်းနမူနာပုံစံ**

သင်သည် (၁၃၂၆)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၈) ရက် ဗုဒ္ဓဟူးဖွား ဆိုပါစို့။

**မှတ်ချက်**

(၆)ကြွင်းသဖြင့် နှစ်ဇယားတွင် (၆)မှစဖြည့်ရမည်။

```
          ၁၁၀
(၁)၁၂ | ၁၃၂၆
      | ၁၂
       ----
        ၁၂
        ၁၂
       ----
         ၀၆
          ၀
       ----
          ၆ ကြွင်း
```

(၁၂)အထိအစဉ်လိုက်ဖြည့်ရမည်။

(၂)လဇယားတွင် သင်၏ မွေးလသည် သီတင်း ကျွတ်လ ဖြစ်သဖြင့် နတ်တော်လမှ စရေတွက်လျှင် (၁၁)လမြောက်ဖြစ်သဖြင့် ဇယားတွင် (၁၁)မှစပြီး (၁၂)လ ပြည့်အောင် ဖြည့်ပါ။

(၃)နေ့ဇယားတွင် သင်မွေးနေ့သည် ဗုဒ္ဓဟူးနေ့ဖြစ် သဖြင့် တနင်္ဂနွေနေ့မှစ၍ (၇)နေ့ရေတွက်လျှင် ဗုဒ္ဓဟူးနေ့ သည် (၄)ဖြစ်သောကြောင့် ဇယားတွင် (၄)မှစ၍ (၇) ရက်ပြည့်အောင် ဖြည့်ရမည်။

(၄)ရလဒ်ဇယားတွင် ဖြည့်ရန်ကား နှစ်၊ လ၊ ရက် နေ့ကိုပေါင်း၍ ရသည့်ဂဏန်းကို (၁၂)နှင့် စားရမည်။

(၁၃၂၆)ခုနှစ်၊ သီတင်းကျွတ်လ၊ ဗုဒ္ဓဟူးဖြစ်သဖြင့်

**နှစ်အတွက်-**

၁၃၂၆ ÷ ၁၂ = အကြွင်း ၆

**လအတွက်-**

သီတင်းကျွတ်လ = ၁၁

(နတ်တော်မှစရေ)

**နေ့နှင့်ပတ်သက်၍-**

ဗုဒ္ဓဟူးနေ့ဖြစ်၍ = ၄

၂၁

ပေါင်းဂဏန်း(၂၁)အား (၁၂)နှင့်စားလျှင် (၉)ကြွင်း သဖြင့် ရလဒ် = ၉

**ဇယားချရန် ပုံသေနည်း**

အလျားလိုက် ၁၃ ကွက်

အနံ ၂၃ ကွက်

စသည့် ပုံသေနည်းအတိုင်း တွက်ချက်၊ ဇယားချပြီး နှစ်အလိုက် အတက်အကျ ဇယားချ၍ထားလျှင် အသက် အရွယ်အလိုက် ကံကြမ္မာအတက်အကျ၊ ကံကောင်း၊ကံ

www.burmeseclassic.com

## မြန်မာ့ရိုးရာ ကံကြမ္မာပြ ဇယားဇေဒင်

-------- ခုနှစ်၊ -------------- လ၊ --------------- နေ့ဖွားများအတွက်

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| နှစ် | | | | | | | | | | | | | |
| လ | | | | | | | | | | | | | |
| နေ့ | | | | | | | | | | | | | |
| ရလဒ် | | | | | | | | | | | | | |
| ၁၂ | | | | | | | | | | | | | |
| ၁၁ | | | | | | | | | | | | | အကောင်းဆုံး |
| ၁၀ | | | | | | | | | | | | | အအောင်မြင်ဆုံး |
| ၉ | | | | | | | | | | | | | အချိန် |
| ၈ | | | | | | | | | | | | | |
| ၇ | | | | | | | | | | | | | |
| ၆ | | | | | | | | | | | | | အလယ်အလတ် |
| ၅ | | | | | | | | | | | | | |
| ၄ | | | | | | | | | | | | | |
| ၃ | | | | | | | | | | | | | |
| ၂ | | | | | | | | | | | | | ညံ့ချိန် |
| ၁ | | | | | | | | | | | | | |
| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | |
| | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | |
| | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ | ၃၃ | ၃၄ | ၃၅ | ၃၆ | |
| | ၃၇ | ၃၈ | ၃၉ | ၄၀ | ၄၁ | ၄၂ | ၄၃ | ၄၄ | ၄၅ | ၄၆ | ၄၇ | ၄၈ | |
| | ၄၉ | ၅၀ | ၅၁ | ၅၂ | ၅၃ | ၅၄ | ၅၅ | ၅၆ | ၅၇ | ၅၈ | ၅၉ | ၆၀ | |
| | ၆၁ | ၆၂ | ၆၃ | ၆၄ | ၆၅ | ၆၆ | ၆၇ | ၆၈ | ၆၉ | ၇၀ | ၇၁ | ၇၂ | |
| | ၇၃ | ၇၄ | ၇၅ | ၇၆ | ၇၇ | ၇၈ | ၇၉ | ၈၀ | ၈၁ | ၈၂ | ၈၃ | ၈၄ | |

ဆိုးကို သိနိုင်ပါသည်။

အထက်ပါ တွက်ထားသော ဗုဒ္ဓဟူးသားအတွက် နမူနာပုံစံ ဇယားဖြည့်သွင်း ရေးဆွဲပြပါမည်။ မိမိတို့ ကိုယ်တိုင် လက်တွေ့ဆောင်ရွက်နိုင်ရန် ဇယားတစ်ကွက် အပိုထည့်ပေးထားပါသည်။ မိတ္တူကူးကာ ဆောင်ရွက်နိုင်သည်။

အထက်ပါဇယားတွင် ကံညံ့ချိန်၊ အလယ်အလတ်၊ အကောင်းဆုံး၊ အအောင်မြင်ဆုံး အချိန်ဟူ၍ သုံးပိုင်းပိုင်းပြသထားသည်။ ဗုဒ္ဓဟူးသားအနေဖြင့် အသက် (၃၊ ၁၅၊ ၂၇၊ ၃၉၊ ၅၀၊ ၆၃၊ ၇၅)တို့သည် ညံ့ချိန်ဖြစ်သည်။ တစ်ဖန် (၅၊ ၁၇၊ ၂၉၊ ၄၀၊ ၅၃၊ ၆၅၊ ၇၇)နှစ်တို့သည် လည်း ညံ့နေသည်။ အသက်(၄၊ ၁၆၊ ၂၈၊ ၄၀၊ ၅ ၆၄၊ ၇၆)နှစ်တို့သည် အလယ်အလတ်ကောင်းချိန် ဖြ သည်။ အလယ်အလတ် သုံးနေရာ ပါရှိပါသည်။ အ လည်း သုံးနေရာ တွေ့ရှိရသည်။ အကောင်းဆုံး၊ အအော မြင်ဆုံး (၁၊ ၁၃၊ ၂၅၊ ၃၇၊ ၄၉၊ ၆၁၊ ၇၃)နှစ်တို့ ဖြ သည်။ အကောင်းဆုံး၊ အအောင်မြင်ဆုံး (၅)နေရာ သည်။

ဥပမာ - အသက်(၄၆)နှစ်တွင် ကံကြမ္မာကော မကောင်း ကြည့်လိုပါက ဇယားအောက်တွင် (၄




www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့ရိုးရာ ကံကြမ္မာပြ ယေားဇေဒင်

၁၃၂၆ ခုနှစ်၊ သီတင်းကျွတ် လ၊ ဗုဒ္ဓဟူး နေ့ဖွားများအတွက်

| နှစ် | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လ | ၁၁ | ၁၂ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| နေ့ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | - | - | - | - | - |
| ရလဒ် | ၉ | ၁၂ | ၃ | ၆ | ၂ | ၅ | ၈ | ၇ | ၉ | ၁၁ | ၁ | ၃ |




| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ | ၃၃ | ၃၄ | ၃၅ | ၃၆ |
| | ၃၇ | ၃၈ | ၃၉ | ၄၀ | ၄၁ | ၄၂ | ၄၃ | ၄၄ | ၄၅ | ၄၆ | ၄၇ | ၄၈ |
| | ၄၉ | ၅၀ | ၅၁ | ၅၂ | ၅၃ | ၅၄ | ၅၅ | ၅၆ | ၅၇ | ၅၈ | ၅၉ | ၆၀ |
| | ၆၁ | ၆၂ | ၆၃ | ၆၄ | ၆၅ | ၆၆ | ၆၇ | ၆၈ | ၆၉ | ၇၀ | ၇၁ | ၇၂ |
| | ၇၃ | ၇၄ | ၇၅ | ၇၆ | ၇၇ | ၇၈ | ၇၉ | ၈၀ | ၈၁ | ၈၂ | ၈၃ | ၈၄ |

ကြည့်ပါ။ (၄၆)နှစ်အပေါ်တည့်တည့် ရလဒ်သည် (၁၁) နေရာ ရောက်နေသည်။ ထို့ကြောင့် (၄၆)နှစ်တွင် ထီပေါက်ခြင်း၊ အမွေရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်း၊ အိမ်၊ ကားဝင်ခြင်းတို့ ကြုံစေနိုင်ပါသည်။

အသက်(၄၈)နှစ်ကိုကြည့်ပါက အောက်တွင် ဖော်ပြထားသော အသက်ကို ကြည့်ပါ။ (၄၈)နှစ်သည် အပေါ်ယေား (ညံ့ချိန်)နေရာတွင် တည်ရှိနေသည်။ ထို့ကြောင့် (၄၈)နှစ်တွင် အစစအရာရာ သတိထား နေထိုင်ရမည်။ ကောင်းမှုကုသိုလ်များပြုလုပ်၊ ဗုဒ္ဓယတြာ ချေထားရမည်။

ဤဇယားသည် (၇)နေ့သားသမီး အားလုံးအတွက် ရာနှုန်းပြည့် အတိအကျမှန်သည်ဟု မဆိုနိုင်သော်လည်း ပညာရပ်တစ်ခုအနေဖြင့် လေ့လာထားသင့်၊ သုတေသနပြုထားသင့်ပါသည်။

မြန်မာ့ရိုးရာဇေဒင်နည်းဖြစ်၍ ထိန်းသိမ်းထားသင့်ပါသည်။ ကွန်ပျူတာနှင့် တွက်ချက်အဖြေထုတ်ပြီး ဉာဏ်ပူဇော်ခယူ ဟောစား၍ ရနိုင်ပါသည်။ စာရေးသူအနေဖြင့် ဂမ္ဘီရစာဖတ်ပရိသတ်အတွက် မေတ္တာစေတနာဖြင့် ရေးသားဖော်ပြပေးလိုက်ရခြင်းသာ ဖြစ်ပါသည်။

**ဂမ္ဘီရ ဆရာလှမျိုး(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

တစ်ချိန်က ပညာရေးဝန်ထမ်း ဆရာ,ဆရာမတွေဟာ ဆီမီးခွက်နဲ့တူကြောင်း ကျွန်တော် ပညာတန်ဆောင် မဂ္ဂဇင်းမှာ ရေးခဲ့ဖူးပါတယ်။ ဆီမီးခွက်ဟာ ပတ်ဝန်းကျင်ကို အလင်းရောင်ပေးနိုင်ကြပေမယ့် သူ့ရဲ့ဆီမီးခွက်အောက်ကိုတော့ အလင်းရောက်အောင် မတောက်ပနိုင်ကြ(အရိပ်ဖြစ်နေလို့)ကြောင်း ရေးခဲ့တာပါ။ ဆိုလိုတာက ကိုယ်ရေးကိုယ်တာမှာ အလင်းမဖြာနိုင်တဲ့ သဘောပါ။ ကိုယ်ရေးကိုယ်တာကိစ္စကို ဥပေက္ခာရှုထားကြရတဲ့ သဘောပါ။

ဟော..ဗေဒင်လောကထဲကို တိုးဝင်ကြည့်ခဲ့မိတော့လည်း ဗေဒင်ဟောနေသူတွေဟာ သူတစ်ပါးရဲ့ ကံကြမ္မာအတက်အကျတွေကိုသာ ဆန်းစစ်ဝေဖန်ထောက်ပြ လမ်းညွှန်မှု ပေးနေကြပေမယ့် သူတို့ကံကြမ္မာနဲ့ သူ့မိသားစုကံကြမ္မာအတက်အကျကိုတော့ ဆန်းစစ်ဝေဖန်ဖို့ လစ်ဟင်းနေကြတာ အများစု တွေ့နေရပြန်ပါတယ်။ ဆိုရရင် သူတစ်ပါးရဲ့ ကံကြမ္မာကို တစ်နှစ်တစ်ခါလောက် ဆန်းစစ်ပေးနေကြပေမယ့် ကိုယ့်ကံကြမ္မာနဲ့ ကိုယ့်မိသားစုကံကြမ္မာကိုတော့ တစ်နှစ်တစ်ခါ မဆန်းစစ်မိတတ်ကြပါဘူး။ ကျွန်တော့်ကိုယ်တွေ့ပါ။

ဒီတစ်ခါတော့ ကိုယ့်ကံကြမ္မာကို ကိုယ်မဆန်းစစ်လို့ မဖြစ်လေတော့ ဆန်းစစ်ဖို့ ကြုံလာရပါတယ်။ အဲဒါကတော့ ကျွန်တော့်သားငယ် မောင်ရာဇာထွန်း(တောအုပ်) ထီးချိုင့်သစ်တောဌာနရဲ့ မင်္ဂလာပွဲအပြီး ဗန်းမောက်နယ်ထဲက ဇလုံတောင်ကိုလိုက်ပြီး ပို့ပေးမယ်ဆိုတဲ့ ကိစ္စနဲ့ ပတ်သက်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်အတွင်းမှာရှိတဲ့ ဇလုံတောင်တော်ဟာ ဒီဘက်နှစ်တွေအပိုင်းမှာ အတိုင်းအဆမရှိ ထင်ရှားကျော်ကြားလာတဲ့ တောင်တော်တစ်လုံးပါ။

# ဆီမီးခွက်အောက် အလင်းရောက်ခြင်း

## မင်းနေထွန်း (ကန့်ဘလူ)

ဗန်းမောက်မြို့မှ မြောက်ဘက်ကို (၁၂)မိုင် ကွာလောက်မှာ ဇလုံတောင် တည်ရှိပါတယ်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၃၀၉၀)မှာတည်ရှိတယ်လို့လည်း သိရပါတယ်။ တောင်တော်သမိုင်းနှင့်ပတ်သက်လို့ အတော်စိတ်ဝင်စားဖွယ်ကောင်းနေပါတယ်။ ဂေါတမမြတ်စွာဘုရားရှင်ဟာ ကောဇာသက္ကရာဇ်(၁၂၃)ခုနှစ်၊ ဝါတော်(၂၀)အရမှာ သိကြားမင်း ဖန်ဆင်းဆက်ကပ်လှူဒါန်းတဲ့ နတ်ပန်းရထား(၅၀၀)နဲ့ ရဟန္တာ(၅၀၀)ခြံရံပြီး ကောင်းကင်ခရီးတစ်ခု ကြွတယ်လို့ အဆိုရှိပါတယ်။

အဲဒီလိုကြွတဲ့ခရီးမှာ အရှေ့ ဇရာဝတီ၊ အနောက်သလ္လာဝတီ(ချင်းတွင်း)မြစ် နှစ်လီတို့ရဲ့ အလယ်လောက်ယခု ဇလုံတောင် ဂေါဒေါပလ္လင်တောင်တော်မှာ ဧရာပထနတ်နဂါးမင်းတို့ သားအဖရဲ့ တောင်းပန်လျှောက်ထားမှု





www.burmeseclassic.com

www.burmeseclassic.com

ကြောင့် (၇)ရက်တာ သီတင်းသုံးတော်မူတယ်လို့ ဆိုပါတယ်။

နတ်နဂါးမင်းတို့သားအဖ ဆက်ကပ်လှူဒါန်းတဲ့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ပြီး ကျန်ဆွမ်းဟင်းတွေကို စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ရတနာတွေဖြစ်စေကြောင်း ဆုတောင်းအဓိဋ္ဌာန်ပြီး စွန့်ကြဲပက်ဖျန်းခဲ့တယ်လို့ ဆိုပါတယ်။

နောက်ပါရဟန်း(၅၀၀)အနက်က ညီတော်အာနန္ဒာကိုခေါ်ယူပြီး 'ညီဘွား အာနန္ဒာ··အောင်မြေဟု ခေါ်အပ်သော ဤဇလုံ ဂေါဒေါပလ္လင်တောင်ကလပ်၌ ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျဘုရားရှင်သည် ငါဘုရားကဲ့သို့ အလှူခံယူတော်မူကာ တရားထူး ဟောကြားတော်မူလိမ့်မည်' လို့ ဗျာဒိတ်ပေးတော်မူပါသတဲ့။

ယနေ့ကာလ ဇလုံတောင်တော်ပေါ်မှာ ဗျာဒိတ်ပေးရုပ်ပွားတစ်ဆူကိုလည်း ဖူးတွေ့ရပါတယ်။

ဇလုံတောင်တော် (သို့မဟုတ်) ဂေါဒေါပလ္လင်တောင်တော်ဟာ အမြင့်ပေ(၆၆၆)ပေရှိပါတယ်။ ယခင်က မြန်မာပြည်မြေပုံအညွှန်းမှာ သလွန်တောင်လို့ ဖော်ပြခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒေသနယ်တစ်ဝှမ်းကတော့ ဇလုံတစ်လုံးကို မှောက်ထားတဲ့ ပုံသဏ္ဌာန်မို့ ဇလုံတောင်တော်လို့ပဲ သိမှတ်ခေါ်ဝေါ်ခဲ့ကြရာက ယခု ဇလုံတောင်တော်လို့ နာမည်တွင်နေတာလည်း ဖြစ်ပါတယ်။

အဲဒီလို နောင်ပွင့်မည့် အရိမေတ္တေယျဘုရား တရားဦးဟောမည့်နေရာအဖြစ် ကျော်ကြားလှတာကြောင့် ဘုရားဖူးလာရောက် ဖူးမြော်သူများနှင့် စည်ကားနေပါတယ်။ ကျွန်တော့်သား မောင်ရာဇာထွန်းနဲ့ သူ့ဇနီး မမေခလာတို့က လိုက်ပါပို့ဆောင်ပေးမယ်ဆိုတော့ ကျွန်တော်တွေးရပါတော့တယ်။

ကျွန်တော်ရောက်ရှိနေတဲ့ သက်ရောက်က ဗေဒင်ပညာအရ ရာဟုသက်ရောက် ဖြစ်နေပါတယ်။ သွားမယ့်အချိန်ကာလ ကောဇာ ဓေယျတိုင်မှာ ရာဟု ဗုဒ္ဓဟူးက ဒွာယနေရာမှာ ရောက်ရှိနေချိန်လည်း ဖြစ်ပါတယ်။

ပြီးတော့ သွားရမယ့် ဖန်းမောက်(ကြာသပတေးနံ) နယ်ကလည်း သက်ရောက်တိုင်မှာ တိုင်ခြေမြေလူး။ ကောဇာ ဓေယျတိုင်က ကိစ္စ အင်္ဂါ လာရောက်ပူးယှဉ် ကပ်တွယ်နေတဲ့ (စိန်+ပန်း) ပြောင်းပြန် (ပန်း+စိန်) ရန်တု

| | ၄ | ၂ |
|---|---|---|
| ပြ | *၃ | ၁ |
| | ၂ | ၀ |
| | ၁ | ၆ |
| | ၀ | ၅ |
| နှစ် | *၆ | ၄ |
| | ၅ | ၃ |

(သက်ရောက်)

| | |
|---|---|
| ၆ | ဓေယျ |
| ၂ | ဝရ |
| ၅ | လာဘ |
| (၁) | ဒွယ |
| ၄ | ဗျာယ |
| ၀ | မရဏ |
| ၃ | ကိစ္စ |

(ကောဇာ ဓေယျ)

ဖြစ်နေချိန်။

ဇလုံတောင်လို့ ခေါ်ဝေါ်သတ်မှတ်နေကြတဲ့ အင်္ဂါနံကလည်း သက်ရောက်တိုင်မှာ ပြခံနေတဲ့အပြင် ကောဇာ ဓေယျတိုင်က ဒွါယဂြိုဟ် တနင်္ဂနွေက ပူးယှဉ်ကပ်တွယ်ထားတဲ့အနေအထား။ မိမိရဲ့မွေးနံ တနင်္လာက သက်ရောက်တိုင်ရဲ့ တန်းစီးမှာ ရောက်နေပင် ရောက်နေသော်ငြားလည်း ကောဇာဓေယျတိုင်ရဲ့ မရဏဂြိုဟ် စနေက ပူးယှဉ်ထားတဲ့ အခြေအနေအထွေထွေ။

ဒီတော့ အင်္ဂါနံ ပြခံ ဇလုံတောင်တော်ကိုသွားရင် သောကြာနံ(နှစ်ခံ) သမ္ဗုဒ္ဓေကို မရွတ်မဖတ် မသရဇ္ဈာယ်လို့တော့ မဖြစ်လို့ သတ်မှတ်ခံယူလိုက်ပါတယ်။ ခံယူသတ်မှတ်လိုက်တဲ့အတိုင်းပဲ ထီးချိုင့်မှ ဖန်းမောက်ခရီးကားပေါ်တက်စကတည်းက ကားထွက်တစ်လျှောက်လုံးကာလ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို တစ်ခေါက်ပြီးတစ်ခေါက် ရွတ်ဖတ်လိုက်ပါခဲ့ပါတယ်။ နံနက်အိပ်ရာထ၊ ညဉ့်အိပ်ရာဝင်တိုင်း ထုံမွမ်းရွတ်ဖတ်ထားတဲ့ ဂါထာတော်ကြီး ဖြစ်တဲ့အတွက်လည်း အားရှုင်ကြည် တက်ကြွနေပါတယ်။

ဒီလိုနဲ့ ဖန်းမောက်ဇလုံတောင် ပို့ဆောင်ရေးကားအသင်းတည်ရာစခန်းကို ရောက်သွားပါတယ်။ ထီးချိုင့်-ဖန်းမောက် ခရီးကတော့ ချောမောစွာ၊ ဘေးရန်ကင်းစွာ၊ အနှောင့်အယှက်ကင်းစွာ၊ အဖုအထစ်ကင်းစွာ ရောက်သွားပေမယ့် ဖန်းမောက်-ဇလုံတောင်ခရီးသည် ပို့ဆောင်ရေးအသင်းဌာန ရောက်လေတော့မှပဲ စိတ်အနှောင့်အယှက်ဖြစ်ရတော့တာပါပဲ။

အသင်းကို ဆောင်ရွက်နေကြတဲ့ ပုဂ္ဂိုလ်တွေ အမျိုးသား၊ အမျိုးသမီးရဲ့ မျက်နှာပေးတွေက ငါနှင့် ငါသာ



www.burmeseclassic.com

www.burmeseclassic.com

နှိုင်းစရာလို ခရီးသည်တွေအပေါ် မာကျောထင်ထင် ရှိလှပါတယ်။ လက်အောက်ခံ ကျေးကျွန်တွေက အကူအညီတောင်းလာတာမို့ အကူအညီပေးရတဲ့ ပုံစံမျိုးနဲ့ ဘုရားဖူးခရီးသည်တွေအပေါ် အပြောမာကြပါတယ်။

ပထမအထစ်အငေါ့က တောင်ပေါ်စေလွှတ်မယ့် ကားတစ်စီးကို (၁၅)ယောက်တင်ပါသတဲ့။ အကယ်၍ သွားလိုတဲ့ခရီးသည် ကိုယ့်အစုအဝေးဟာ (၁၅)ယောက် မပြည့်ရင် ကားထွက်မပေးပါဘူးတဲ့။ ကားထွက်ပေးစေချင်ရင်တော့ လူ(၁၀)ယောက်၊ (၉)ယောက်အစုဖြစ်ရင် (၁၅)ယောက်စာ ငွေပေးမှ ထွက်ပေးပါသတဲ့။ ကျွန်တော်တို့အဖွဲ့က (၇)ယောက်ဆိုတော့ ဘယ်နည်းနဲ့မှ လူ(၈)ယောက်စာ အပိုငွေကြေး မပေးနိုင်ပါဘူး။ ကားခကလည်း အတက်(၃၅၀၀)ကျပ်၊ အဆင်း(၂၅၀၀)ကျပ်။ လူတစ်ယောက် (၆၀၀၀)ကျပ်ဆိုတော့ လူ(၈)ယောက်စာ (၄၈၀၀၀)ကျပ် မတတ်နိုင်ပါ။

ဒါနဲ့ ကျွန်တော်တို့လို လူနည်းစုအဖွဲ့တစ်ဖွဲ့ကို စောင့်ရပါတယ်။ နှစ်ဖွဲ့ပေါင်း (၁၅)ယောက်ပြည့်အောင်ပေါ့။ စဉ်းစားကြည့်ရင် ကိုယ်ချင်းစာနာလာတတ်မှာပါ။ စောင့်ရတဲ့အဖွဲ့က လူကွက်တိ (၈)ယောက်ဖြစ်ဖို့ဆိုတာ သိကြားမင်းက ဖန်ဆင်းပေးမှပဲ လွယ်မယ်။ အဲဒီလို မလွယ်တဲ့ လူဦးရေ ကွက်တိမရလေတော့ ရသလိုပဲ တစ်ယောက်လို နှစ်ယောက်လိုကို အပိုကြေးငွေပေးပြီး ဇလုံတောင်ကို တက်ကြရတော့တာပေါ့။

လူမှုကူညီရေး ဗန်းမောက်-ဇလုံတောင် ခရီးသည်ပို့ဆောင်ရေး အမည်ခံ တရားဝင် ခရီးသည်တွေအပေါ် မောက်မာခက်ထန်စွာ အကြောယူနေကြတာကို စိတ်ဘဝင် မကျပေမယ့် သြော်··ဘုရားဖူးပဲလေဆိုတဲ့ ခံယူချက်နဲ့ ဇလုံတောင်ကို ရအောင် တက်ရပါတယ်။

ကားအခက်အခဲလေ။ ကျွန်တော့်သက်ရောက်တိုင်မှာ တနင်္လာနံဂြိုဟ် ကားကို ကြည့်လိုက်ပါ။

သက်ရောက်တိုင် (တန်းစီး) တနင်္လာကို ကောဇ (မရဏ)စနေက လာပြီးပူးယှဉ်ထားတယ် မဟုတ်လား။ ကားအခက်အခဲကြုံတာ ဘာဆန်းပါတော့မလဲ။

ဒါတင်လားဆိုတော့ ဇလုံတောင်တက်တဲ့ ကားလမ်းက ဖောက်ထိုးဆင်း အမော့တက် မပြေမချောဆိုတော့ သမ္ဗုဒ္ဓေဂါထာတော်ကြီး မပြတ်ရွတ်ဖတ်နေတဲ့ကြားထဲက

| | | | |
|---|---|---|---|
| | ၄ | ၂ | ၆ |
| ပြ | ၃ | ၁ | ၂ |
| | *၂ | ၀ | ၅ |
| | ၁ | ၆ | (၁) |
| | ၀ | ၅ | ၄ |
| နိစ် | ၆ | ၄ | *၀ (မရဏ) |
| | ၅ | ၃ | ၃ |
| | (သက်ရောက်) | | (ကောဇ) |

အမော့တက်မှာ ကားစက်ရပ်ချွတ်ယွင်းပြီး တဖြည်းဖြည်း ကားဘီးနောက်ပြန်လိမ့်လိမ့်သွား၊ ချောက်ကမ်းပါးနဲ့ နှ တောင်လောက်အလိုမှ ကားနောက်ပိုင်း လူတစ်ယော က ခုန်ဆင်း ကြမ်းတုံးခုလိုက်လို့ သေဘေးက သီသီလေး လွှတ်ခဲ့ရ။ လူ(၁၅)ယောက် ကားပေါ်က အသီးသီးဆင်း ပြီး ရင်ထိတ်သည်းထိတ်ကို အရိပ်တစ်နေရာမှာ ဖြေကြ သပေါ့။ ကားဒုက္ခ နိစ်ဖြစ်တဲ့ သောကြာခရီးဒုက္ခက ထ ထင်ရှားရှား ကြုံရဆုံရပြီလေ။

ဘုရားဂုဏ်တော်ကိုပွားတဲ့အနေနဲ့ သမ္ဗုဒ္ဓေရွတ်ဖ သရဇ္ဈာယ် ကြည်ညိုအားကြောင့်လည်း မျှော်လင့်မထား ဘုန်းတော်ကြီးကားတစ်စီးက တက်လာပြီး ကျွန်တော် နားအရောက် ဘာဖြစ်သလဲပေါ့။ ကားသမားက ကားစ ချွတ်ယွင်းသွားကြောင်း၊ ဆက်တက်ဖို့ အခက်အခဲဖြ ကြောင်း လျှောက်ထားတော့ ကျွန်တော်တို့ ဘုရားဖူးတ စုကို ဆရာတော်က သူ့ကားနဲ့ ဇလုံတောင်ခြေရင်း န ခိုစခန်းအရောက် သယ်ယူပို့ဆောင်ပေးတော်မူပါတယ် သက်ရောက်တိုင် တိုင်ထိပ် ဗုဒ္ဓဟူးနံဂြိုဟ် အကျိုးပြ အစွမ်းပြလိုက်တာပဲပေါ့။ တိုင်ထိပ် ဗုဒ္ဓဟူးကို ကော ဝရဂြိုဟ်ကပ်တဲ့ ပုံရိပ်ပေါ့။

တစ်နည်းကလည်း ဒီခရီးကို ဦးဆောင်ဦးရွက်ပို့ဆေ တဲ့ သားငယ်ရဲ့ မွေးနံကလည်း ဗုဒ္ဓဟူးသား၊ နာမည်

| | | | |
|---|---|---|---|
| | * ၄ | ၂ | ၆ (ဇေယျ) |
| ပြ | ၃ | ၁ | ၂ (ဝရ) |
| | ၂ | ၀ | ၅ (လာဘ) |
| | ၁ | ၆ | (၁) (ဒွာယ) |
| | ၀ | ၅ | ၄ (ဗျာယ) |
| နိစ် | ၆ | ၄ | ၀ (မရဏ) |
| | ၅ | ၃ | ၃ (ကိစ္စ) |



www.burmeseclassic.com

www.burmeseclassic.com

လည်း ရာဇာထွန်း ဆိုလေတော့ ဘယ်လိုအခက်အခဲ၊ အဖုအထစ်၊ အနှောင့်အယှက်ပင်ကြုံစေ လိုရာခရီးပေါက် မြောက်အောင်မြင်မယ်ဆိုတာ ယုံကြည်ထားပြီး ဖြစ်ပါ တယ်။ ကျွန်တော်ကိုယ်တိုင်က အမြင့်(၇)တောင် (၈) တောင်က အောက်ကိုငုံ့မကြည့်ရဲသူ။ ငုံ့ကြည့်ရင် ခေါင်း တွေမူး ရင်တွေတုန် ချွေးပြန်တတ်ဖြစ်လင့်ကစား အမြင့် ပေ (၆၆၆)ပေမတ်စောက်စောက် အုတ်လှေကားတွေကို လက်ထောက် လေးဖက်ကုန်း တက်နိုင်အောင် တက်ပြီး အဆင်းမှာ လှေကားထစ် တစ်ထစ်ချင်း ဖင်ထိုင်ဆင်းခဲ့ တာမို့ အရိမေတ္တေယျ တရားဦးနာစာရင်းမှာ ပါဝင်သွားခဲ့ ပါပြီ။

ဗန်းမောက်နယ်က ဇလုံတောင် ဂေါဒေါပလ္လင်ကို ရောက်ဖူး တက်ဖူး ဘုရားဖူးခဲ့ဖူးရင် နောင် အရိမေတ္တေ ယျဘုရားရဲ့ တရားဦးကိုနာရတဲ့ ဘုရားဖူးပုဂ္ဂိုလ်ဖြစ်လာ မှာဆိုတဲ့ နယ်ကျော်ရပ်ကျော် အယုံအကြည်၊ အတိတ်၊ နိမိတ်၊ တဘောင်ကလည်း ဇလုံတောင်နဲ့အတူ ပျံ့နှံ့နေလို့ ပါ။ ရင်မှာ ကြည်နူးရပါတယ်။

နိဂုံးချုပ်ပါတော့မယ်။

ကျွန်တော်တင်ပြခဲ့တဲ့ ကျွန်တော့်သက်ရောက်နှစ်အရ အခြားသူတစ်ဦးတစ်ယောက်ကိုသာ ကျွန်တော် ဟောရ ပြောရ လမ်းညွှန်ရရင် ခင်ဗျား ဒီခရီးကို မသွားသင့်သေး ဘူး။ ခရီးဂြိုဟ် သောကြာက နိစ်ကြီးခံထားလို့ နိစ်ကြီး ဂြိုဟ်ကို ကောဇာဗျာယကပ်လို့ ဇလုံတောင်ဆိုတဲ့ အင်္ဂါနံ ဖြစ်ပြီး ကောဇာဒွာယကပ်လို့ စသဖြင့် ပြောမိဆိုမိ ဟန့် တားမိမှာပါ။ ကျွန်တော်ကိုယ်တိုင်ကျ ဘာကြောင့်သွား ခဲ့သလဲဆိုတော့ တိုင်ထိပ် ဗုဒ္ဓဟူးအား သားမောင်ရာဇာ ထွန်း။ နိစ်ကြီး သောကြာ သမ္ဗုဒ္ဓေဂါထာတော်ကြီးအား၊ ကျွန်တော့်မွေးနံ တနင်္လာတန်းစီးအားတွေကို ယုံကြည်လို့ ဖြစ်ပါကြောင်းခင်ဗျား။

**ပညာရှင်အပေါင်းကို မညောင်းသောဂါရဝဖြင့်**

**မင်းနေထွန်း(ကန့်ဘလူ)**

(သားငယ် မောင်ရာဇာထွန်းနှင့် မမေခလာတို့အား ကျေးဇူးတင်စွာဖြင့် ၂-၄-၂၀၁၇ နေ့ အမှတ်တရ။)


အဘဆရာကြီး မင်းသိင်္ခ ၏ တပည့်ရင်း

ဆရာ မိုးသစ်ခိုင်



Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)

ိတ်ဆွေ
ဘဝဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
ိတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
ွန်ုပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါအံ့။

တဲရော့ ပေဒ လက္ခဏာ

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၆ ၈၅၆ ၅၀၀




www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟာဒ္ဒိဇေ ဒင်ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်းရွာကလေးမှ ဒေါ်ထားထားဟူသော အမျိုးသမီးကြီးတစ်ဦး ရောက်လာလေသည်။

သူမသည် ရိုးသားဖြူစင်သော အမျိုးသမီးကြီးတစ်ဦး ဖြစ်၏။ လူအများ၏ ချစ်ခင်လေးစားမှုကို ပိုင်ဆိုင်ထားသူ ဖြစ်၏။ ချစ်သူခင်သူပေါ်များ၏။ ရပ်ရေးရွာရေးကိစ္စအဝဝ တို့တွင်လည်း တတ်အားသမျှ အမြဲလိုလို အကူအညီပေး တတ်သူဖြစ်သည်။

ထိုဒေါ်ထားထားသည် မိသားစုတာဝန်ကို အညာ ဒေသထွက် သနပ်ခါး၊ ထန်းလျက်၊ ပဲကြီးလှော်နှင့် ရာသီ ကုန် ဟင်းသီးဟင်းရွက်များ ရောင်းချပြီး ဖြေရှင်းနေသူ လည်း ဖြစ်နေပြန်သည်။ ထို့ပြင် နိုင်ငံတော်မှ ဖွင့်လှစ် ရောင်းချပေးလျက်ရှိသော အောင်ဘာလေထီကိုလည်း လစဉ်တိုင်း ရောင်းသေး၏။ ဤသို့ အလုပ်နှင့်လက် ဇယ် ဆက်သလို လုပ်ကိုင်နေသည့်ကြားကနေ ကျွန်တော့်ဆီကို လည်း ဇေဒင်ပညာ လာသင်ယူပြန်သေးသည်။

သူမသည် အလုပ်မနားမနေ ပြေးလွှားလှုပ်ရှားနေရ သော်လည်း ဇေဒင်ပညာသင်ယူခြင်းကိုမူ အားရကျေနပ် မှုမရှိ။ ရသမျှ၊ သိလိုသမျှ အကုန်မေးမြန်း သင်ယူတတ် ၏။ ပညာလောဘကြီးသူ အမျိုးသမီးကြီးတစ်ဦးဟု ခေါ် ဆိုရမည် ထင်၏။

ထိုထိုသော ဒေါ်ထားထားသည် ကျွန်တော့်ဆီရောက် လာတိုင်း ဘာစကားတစ်ခွန်းမျှ မပြောရသေးခင် တို့ဆရာ ရေဟူသည့် အာလုပ်စကားဖြင့် နိဒါန်းချီလေ့ရှိသည်။

'တို့ဆရာရေ··တစ်နေ့ညတုန်းကပေါ့။ လသာသာ ကျုပ်အိမ်ကို ရွာထဲက အပျိုကြီးကြီး၊ အပျိုကြီး၊ အပျို လတ်၊ အပျိုပေါက်၊ အပျိုမပေါက်တပေါက်၊ အပျိုစ ညှောင့်တောင့်တွေ ရောက်ချလာတယ်တော့။ အင်း··စု ပေါင်း (၂၅)ယောက်လောက် ရှိလိမ့်မယ် ထင်တယ်'

'အဲဒီလို ရောက်လာတော့ ဘာဖြစ်လဲ။ ဆိုစမ်းပါဦး'

'ပြောမှာပေါ့တော်။ ပြောချင်လွန်းလို့၊ ပြောချင်လွန်း လို့ဆိုတာထက် မေးချင်လွန်းလို့ ဆရာ့ဆီ ကျုပ်ရောက်လာ ခဲ့တာပဲ။ ဒီလို ဆရာရေ··အဲဒီအပျိုဆိုဒ်စုံ ဂိုဒ်စုံအား က သူတို့မှာ မရှိသေးတဲ့ သူတို့မှာရှိနေတဲ့ ချစ်သူရည်းစား တွေနဲ့ ဖူးစာဆုံ,မဆုံ အရမ်းသိချင်ကြလို့ ရောက်လာ တာတဲ့။ အဲဒီမှာစပြီး ဆရာ့တပည့်မ ဥမ်းတော့တာ မိုးအေးအေးကြီးပေမယ့် ချွေးဒီးဒီးတွေ ဘူးသီးလုံးလော ခသွားတယ်'

'အမယ်··ဒေါ်ထားထားကလည်း ခေတ်စကား ပြောလို့ အမိုက်စားပါလားဗျ'

'ဟဲ··ဟဲ··ဟဲ··ချေးရောင်းသွားရင်းလည်းကြား






www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာနေတော့လည်း အိမ်က သားသမီးသုံးယောက်က ပြောပြောနေကြတော့ ကျုပ်လည်း ဘာရယ်မဟုတ်ဘူး အလိုလို ပြောတတ်သွားတာ။ အဟင်းဟင်း'

'ကဲ··ဆက်ပြောပါဦး။ ခင်ဗျားရဲ့ဘူးသီးလုံးလောက် ချွေးတွေအကြောင်း'

'ဒီလိုလေ၊ ကျုပ်မှာလည်း သူတို့မေးတဲ့ ဖူးစာဖက် ဆုံ,မဆုံကိစ္စက ဆရာ့ဆီကနေ မသင်ရသေးလေတော့ အခက်ကြီး ကြုံရရှာတာပေါ့။ အဲဒါနဲ့ အရင်တုန်းကလိုပဲ ထုံးစံအတိုင်း နောက်တစ်နေ့ကျမှ အသေအချာ တွက်ပေးပါဦးမယ်။ ဒီညတော့ ငါ အရမ်းပင်ပန်းလာလို့ ဘာညာ နဲ့ ရှိုးထားလိုက်ရတယ်။ သူတို့စိတ်ကျေနပ်အောင် ဂဏန်း ဗေဒင်နည်းလေးနဲ့ သူတို့အားလုံးရဲ့ ကိုယ်တော်ချောတွေရဲ့ စိတ်နေစရိုက်လေးတွေ အမြည်းသဘော ဟောပေးလိုက်ရ တယ်။ ဟော··ဒီနေ့ညတော့ ကျုပ်အိမ်ကို သူတို့အားလုံး ချီတက်လာကြတော့မယ်။ အဲဒါ ဆရာ့တပည့်မကို သနား ကရုဏာငဲ့သောအားဖြင့် ပညာချီးမြှင့်ပေးပါဦးနော်'

'ကဲ··ဒေါ်ထားထားရေ၊ ဟောဒီမှာ ကျွန်တော် ရှာ ဖွေစုဆောင်းထားတဲ့ သင့်ချစ်သူက သင့်အိမ်ထောင်ဖက် ဟုတ်,မဟုတ် တွက်နည်းစာရွက်တွေသာ ယူသွားတော့ ဗျာ။ ခင်ဗျားအတွက် အဆင်ပြေမှာပါ'

'ဟုတ်ကဲ့၊ ကျေးဇူးပါ ဆရာရယ်။ ဆရာသာ မကူ ညီရင် ဆရာ့တပည့်မ သဲကန္တာရအလယ်က ရွှေဟင်္သာ မလေးလို ဖြစ်တော့မှာပါ'

**သင့်ချစ်သူက သင့်၏အိမ်ထောင်ဖက် ဟုတ်,မဟုတ်**

မိမိချစ်သူဟာ မိမိရဲ့ အိမ်ထောင်ဖက်ဖူးစာရှင် ဟုတ်, မဟုတ် လူတိုင်းလိုလို သိချင်ကြမှာပါ။ တွက်နည်းက လွယ်လွယ်လေးရယ်ပါ။ မိမိနဲ့ မိမိချစ်သူ မွေးနေ့သက္ကရာဇ် ကို အားလုံးပေါင်းကြည့်၊ နောက်ဆုံးရတဲ့ ကိန်းတစ်လုံး ဟာ အဖြေပါပဲ။ မိမိက (၃-၁၀-၁၉၇၁)ရက်နေ့၊ သင့် ချစ်သူက (၁-၁-၁၉၇၁)ရက်နေ့ ဆိုပါစို့။

မိမိမွေးနေ့ + သင့်ချစ်သူမွေးနေ့ = အဖြေ

၃+၁၀+၁၉၇၁ + ၁+၁+၁၉၇၁ = ၃၉၅၇

၃ + ၉ + ၅ + ၇ = ၂၄ = ၆

**အဖြေ(၁)**

သင်ဟာ သူ့ကို အသက်ပေးနိုင်လောက်အောင် ချစ် ခင်နိုးပေမယ့် သူ့အတွက်ကတော့ ရည်းစားဟောင်းက ပစ်ခွာသွားလို့ အသည်းကွဲပြီး ခဏလာနားတဲ့ ဘတ်(စ်) ကားမှတ်တိုင်လို ဖြစ်နေတာပါ။ သင်နဲ့အတူနေတဲ့အချိန် မှာ သူဟာ ပျော်ရွှင်နေပေမယ့် အဲဒီပျော်ရွှင်ခြင်းက ဟို မရောက်ဒီမရောက် ဖြစ်နေတတ်တယ်။ ဘာဖြစ်လို့လဲဆို တော့ ပွေရှုပ်တတ်တဲ့ သူ့အကျင့်က သင့်ထက်သာမယ့်သူ ကို အမြဲတမ်း ရှာဖွေနေလို့ပဲဖြစ်တယ်။ ဒါကြောင့်မို့ သူ့ရဲ့ နောက်ဆုံးအချစ်ဖြစ်ဖို့ အခွင့်အလမ်းဟာ မျောက်တစ် ကောင် သစ်ပင်ပေါ်က ပြုတ်ကျတာနဲ့ အတူတူလို ဖြစ်နေ တာပါ။ နောင်လည်း ဘတ်(စ်)ကားအသစ်ဟာ သူ့ဆီ ဆိုက်ကပ်လာခဲ့ရင် သူ တစ်ခါတည်း ပြေးထွက်သွားဖို့ ဝန်လေးမှာ မဟုတ်သလို သင့်ကို ဘယ်လိုဖြစ်ပြီး ကျန် ခဲ့မှာလဲဆိုပြီး ခေါင်းပြန်စောင်းငဲ့ကြည့်ဖို့တောင်မှ အချိန် ရှိမှာ မဟုတ်ဘူး။

**အဖြေ(၂)**

သင်နဲ့သူဟာ ချစ်တော့ ချစ်ကြပါတယ်။ ဒါပေမဲ့ မုန်းတီးမှုနဲ့ ပေါက်ဖွားလာတဲ့ ချစ်ခြင်းတရား ဖြစ်နေလိမ့် မယ်။ အတူတူနေခဲ့ရင်လည်း လက်ဝှေ့ပွဲကို ကြည့်နေရ သလို နေ့စဉ်လိုလို ရန်ထသတ်နေမှာ အမှန်ပါပဲ။ အကျင့် စရိုက်ကလည်း တစ်ယောက်နဲ့တစ်ယောက် မတူညီကြ ပါဘူး။ တစ်ယောက်က တင်းလာရင် ကျန်တစ်ယောက် ကလည်း အလျှော့ပေးမှာ မဟုတ်ဘူး။ ဒါတောင်မှ သင် တို့မှာ သုံးပွင့်ဆိုင်ချစ်ဇာတ်လမ်း မရှိသေးလို့နော်။ တစ် နေ့ကျရင် သူက ခဏ,ခဏ ဝေးဝေးလောက်နေကြည့်ကြ ရအောင်လို့ ပြောလာခဲ့ရင် သင် သူ့ကို နားလည်ပေး လိုက်ပါ။ သူက သင့်ကို မချစ်တာ မဟုတ်ပါဘူး။ တစ် ယောက်ကိုတစ်ယောက် နားလည်နိုင်တဲ့ အချိန်တစ်ခု လောက်တော့ ထားပေးလိုက်ကြစေလိုပါတယ်။

**အဖြေ(၃)**

နောက်ဆုံးမတော့ သင်ဟာ အချစ်စစ် အချစ်မှန်ကို တွေ့ရတာပဲလေ။ သင်တို့နှစ်ယောက်ရဲ့ တွေ့ဆုံခြင်းဟာ ရေစက်လို့ ခေါ်လို့ရပါတယ်။ ဘာပဲဖြစ်ဖြစ် တူညီနေကြ တာပဲလေ။ အကျင့်၊ အကြိုက်၊ ပေါတောတောနေခြင်း၊ အရူးထခြင်း၊ ညစ်ပတ်ခြင်းတွေပေါ့။ ဒါကြောင့် သူ့ကို တွေ့တဲ့အချိန်ဆို ကိုယ့်ကိုယ်ကိုယ် မှန်ကြည့်နေရသလို မျိုးပဲ။ သင်တို့နှစ်ယောက်အချစ်ဟာ ဘာအရသာမှမရှိဘဲ ခိုင်မြဲမှုတော့ ရှိနေလိမ့်မယ်။ တစ်ချက်ကြည့်လိုက်တာနဲ့

www.burmeseclassic.com

နှလုံးသားအထိ မြင်ရတယ်ဆိုတာမျိုးပေါ့။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ သင်သတိထားရမှာက ကိုယ့်စိတ်ကိုပဲ။ သင့်အတွက် သူဟာ ငြီးငွေ့စရာ ကောင်းနေလိမ့်မယ်။ ဒါကြောင့် သင်ဟာ ဒီထက်ပိုကောင်းနိုင်မယ့် အချစ်ကို ရှာဖွေနေလိမ့်မယ်။ နောက်ဆုံးတော့လည်း ဘယ်သူမှ သင့်ရဲ့ အခုလို အရသာမရှိတဲ့ ပေါ့ရွှတ်ရွှတ်လူထက် ပိုပြီးကောင်းမှာ မဟုတ်ဘူးဆိုတာ သင် တဖြည်းဖြည်း သိလာလိမ့်မယ်။

**အဖြေ(၄)**

သင်နဲ့သူရဲ့အချစ်ဟာ ပေကပ်ကပ်ကြီး ဖြစ်နေလိမ့်မယ်။ ဘယ်လိုပဲခွာခွာ ခွာလို့မရဘဲ ဖြစ်နေလိမ့်မယ်။ ဘာကိုဘယ်လို ဖြတ်သန်းရမှန်းမသိတဲ့ပုံစံမျိုး ဖြစ်နေလိမ့်မယ်။ သင်ကလည်း ဣန္ဒြေရှင်ပီပီ သူ့ကို ချစ်တယ်လို့ ဖွင့်ပြောဖို့ မရဲဘူး ဖြစ်နေမယ်။ ဒါကြောင့် ဟိုဘက်ကိုလည်းမသွား၊ ဒီဘက်ကိုလည်းမရောက် ဖြစ်နေတာပေါ့။ အကောင်းဆုံးကတော့ သင်တို့နှစ်ယောက် ခေါင်းချင်းဆိုင်ပြီး ပြဿနာကို အတူတူဖြေရှင်းကြတာ အကောင်းဆုံးပဲလေ။ ဒီလိုမှ မဟုတ်ရင်တော့ သင်တို့ထဲက တစ်ယောက်မဟုတ် တစ်ယောက်ယောက်ဟာ အချစ်သစ်တွေ့ပြီး သင်တို့ရဲ့ ဇာတ်လမ်းလေးဟာ ဇာတ်သိမ်းမကောင်း ဖြစ်သွားလိမ့်မယ်နော်။

**အဖြေ(၅)**

သင်နဲ့ သူ့ရဲ့ အချစ်က သွေးရဲရဲသံရဲရဲ အချစ်ပါ။ ဘာဂိုဏ်း ညာဂိုဏ်းတွေ၊ မာဖီးယားဂိုဏ်းတွေလိုက်လို့ အသက်လုပြီး ဖြစ်ပေါ်လာတဲ့ အချစ်စစ်ရယ်ပါ။ သင်တို့အချစ်လမ်းကြောင်းမှာ ဘယ်လောက်ပဲ အန္တရာယ်ရှိရှိ သင်တို့က တစ်ယောက်နဲ့တစ်ယောက် နားလည်ပြီး နှလုံးသားအစစ်အမှန်နဲ့ ချ[illegible]သူတွေပေါ့။ သင်တို့နှစ်ယောက်က အခုအချိန်မှာ ချစ်သူအဆင့်တွေ မဟုတ်တော့ဘူး။ နှစ်လွှာပေါင်းမှ တစ်ရွက်မည်တဲ့ စွယ်တော်ရွက်လို ဘဝမျိုး ဖြစ်နေကြပြီ။ အသက်ပေးပြီး ချစ်ကြတဲ့သူတွေအဆင့် ရောက်နေကြပါပြီ။ သင့်ဟာ သူ့ရဲ့နောက်ဆုံးအချစ် မဟုတ်ဘူးလို့ မယုံသင်္ကာစိတ် မဖြစ်လိုက်ပါနဲ့။ ဘာပြုလို့လဲဆိုတော့ သင့်ဘဝရဲ့ ဖူးစာရှင်အစစ် ဖြစ်နေလို့ပါပဲ။

**အဖြေ(၆)**

သင့်အနေနဲ့ အခုအချိန်မျိုးမှာ ဘာစားစား ချိုနေလိမ့်မယ်။ ဘာပြုလို့လဲဆိုတော့ သင်တို့အချစ်ရဲ့ ချိုမြိန်ခြင်းက သကြားရဲ့ အချိုဓာတ်ကိုတောင်မှ ဝါးမျိုသွားလို့ ဖြစ်[illegible]တယ်။ ဒါပေမဲ့လည်း ဒီပျော်ရွှင်မှုဟာ မပြည့်စုံသေးပါဘူးလို့ သင်ခံစားနေလိမ့်မယ်။ ရေမြောင်းပုပ်ထဲမှာ လမင်းကြီးကို မြင်သလိုမျိုးပေါ့။ သင်ဟာ သင့်ချစ်သူနဲ့ ဒီလိုအမှတ်တရ အချိန်လေးတွေကို ဘယ်လောက်ကြာကြာ ခံစားရဦးမလဲဆိုတာ မသေချာသေးဘူး။ ဒါပေမဲ့လည်း သင်ဟာ အခုအချိန်မှာ အရမ်းပျော်ရွှင်နေတယ်လို့တော့ ပြောနိုင်တယ်လေ။ တကယ်လို့ သူ့မှာ ပြဿနာတစ်ခုခု ရှိပြီး သင့်ကို မသိစေချင်ရင်လည်း သင်က ဘာမှ[illegible] သလိုနေမှာ အသေအချာပါပဲ။ သင်ဟာ သူ့ရဲ့ နောက်ဆုံးအချစ် ဖြစ်ပြီလားလို့ မေးရင်တော့ သင့်ရဲ့အစွမ်းအ[illegible] ပေါ်မှာ မူတည်ပါတယ်။ ပြီးတော့ သူ့ရဲ့ ခိုင်မာမှုနဲ့လည်း ဆိုင်တယ်။

**အဖြေ(၇)**

သူက သင့်ကို အမြင်ရှင်းလင်းအောင် လုပ်ပေးနိုင်စွမ်းရှိပါမယ်။ အနိမ့်စားလူတစ်ယောက်အနေနဲ့ ဘယ်လောက်အထိ စွမ်းဆောင်နိုင်စွမ်းရှိတယ်ဆိုတာကို ပြသ[illegible] သဘောပေါ့။ သူ့မှာ တစ်ကိုယ်ကောင်းဆန်တဲ့စိတ်၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှုစိတ်တွေ အများကြီးကပ်ပါ[illegible] တတ်တယ်။ သင့်ကို တစ်ခုခု ကူညီလိုက်ရင် ကျေးဇူး[illegible] အတင်ခံချင်တာက အရင်ဆုံးပါ။ ကျေးဇူးမမေ့နဲ့[illegible] ကျေးဇူးမမေ့နဲ့ ဆိုတာမျိုးတွေ သူ့ပါးစပ်က အမြဲလိုလို[illegible] တတ်တယ်။ ပွေလည်းပွေမယ်။ ကပ်စေးလည်းနည်း[illegible] ဆိုးသွမ်းတဲ့ အရသာမျိုးစုံနဲ့ ပြည့်စုံနေတဲ့သူပေါ့။ သ[illegible] ချစ်သူ ဖြစ်လာတာကလည်း ထူးထူးခြားခြားကြီး [illegible] ပါဘူး။ ဂုဏ်ဒြပ်ကြောင့်ပဲ ဖြစ်ပါတယ်။ သင်ဟာ [illegible] ဆင်းရဲပကာမရှိရင် သူက သင့်ကို မျက်စိတောင် [illegible] မကြည့်ပါဘူး။

**အဖြေ(၈)**

သူ့ရဲ့ နောက်ဆုံးအချစ် ဖြစ်ဖို့ကတော့ (၅၀)[illegible] နှုန်း=(၅၀)ရာခိုင်နှုန်းပါပဲ။ သင်တို့အချစ်ခရီးဟာ [illegible] ညောင်းခဲ့ပြီး အားလုံးလည်း နေသားတကျ ဖြစ်နေ[illegible] တစ်ယောက်အကြောင်းကို တစ်ယောက်သိနေ[illegible] အတူရှိနေကြတဲ့ အချိန်တွေမှာ စိတ်ချမ်းသာ ပျော်[illegible] ရနေလိမ့်မယ်။ သဝန်တိုခြင်း၊ လိုချင်တပ်မက်မှု[illegible]

www.burmeseclassic.com

www.burmeseclassic.com

တဲ့အချစ်မျိုး ဖြစ်နေပါတယ်။ ဒါကြောင့်မို့ သင်တို့ရဲ့အချစ်က သကြားပြတ်သွားတဲ့အချစ်နဲ့ တူနေလိမ့်မယ်။ တစ်ယောက်အပေါ်တစ်ယောက် ဘယ်ရလောက်အထိ နားလည်နိုင်စွမ်းရှိတယ် ဆိုတာကို သင်တို့နှစ်ယောက်စလုံး သိနေကြပါလိမ့်မယ်။ သူ့အပြင် သင့်အပေါ်မှာ နားလည်မှု ပေးစွမ်းနိုင်မယ့်သူ နောက်ထပ်ရှာလို့ မတွေ့နိုင်တော့ပါဘူး။

**အဖြေ(၉)**

သင်တို့နှစ်ယောက်အချစ်ကို ခိုင်းနှိုင်းရရင်တော့ နံနက် နေထွက်ချိန်နဲ့ ညနေ နေဝင်ချိန်၊ ကောင်းကင်နဲ့ မြေကြီး၊ လူချမ်းသာနဲ့ လူဆင်းရဲ၊ နတ်ပန်းနဲ့ ငရဲပန်းလို ကွာခြားနေလိမ့်မယ်။ ဒါကြောင့်မို့ သင်တို့အချစ်ကို သင်တို့ကိုယ်တိုင်တောင် နားမလည်နိုင်ဘဲ ဖြစ်နေရတယ်။ နောက်ထပ် ဘာထူးဆန်းသလဲဆိုရင် သင်တို့နှစ်ယောက် အချစ်အကြောင်းဟာ ဟာသတစ်ပုဒ် ဖတ်လိုက်ရသလို ဖြစ်နေတယ်။ သင်တို့နှစ်ယောက်ကလည်း ကြာရှည်လက်တွဲ မရဘူးဆိုတာ သိကြပါတယ်။ ခဏတစ်ဖြုတ်လေး လက်တွဲတာကလည်း ကိုယ့်ဘဝမှာ ရယ်စရာ ဟာသတစ်ပုဒ်လို အမှတ်တရထားခဲ့ချင်ရုံသက်သက်ပါပဲ။ စိတ်သဘောထား မတူညီကြဘူး။ သင်တို့နှစ်ယောက် လမ်းခွဲသွားခဲ့ရင်လည်း သူငယ်ချင်းကောင်းတွေအဖြစ် ဆက်ပြီးနေကြမှာပါ။

ဒေါ်ထားထားသည် ကျွန်တော်ပေးလိုက်သော စာရွက်များကို အသေအချာ ဖတ်ကြည့်နေလေသည်။

တစ်အောင့်မျှကြာမှ -

'ဆရာရေ··ဟောဒီမှာရေးထားတဲ့ အဟောတွေကို ဖတ်ကြည့်ရင်း ကာယကံရှင်တွေတော့မသိဘူး၊ ကျုပ်ဖြင့် ရသမျိုးစုံကို တစ်ပြိုင်နက်တည်း ခံစားရတယ် သိလား'

'အလို··ဒေါ်ထားထား၊ ခင်ဗျား ဒီနေ့ပြောသမျှဆို သမျှ စကားတွေက လန်းလှချည်လားဗျ။ ဆိုစမ်းပါဦး။ ရသမျိုးစုံတွေ ဘယ်လိုရရှိတုံး'

'ဆရာပဲ ပြန်ဖတ်ကြည့်စမ်းပါဦး။ တချို့အဟောတွေက ခေတ်နဲ့အညီ ဥပမာဥပမေယျလေးတွေနဲ့ နှိုင်းယှဉ်ပြထားတော့ ထင်သာမြင်သာရှိတာ တွေ့ရတယ်။ တချို့အဟောတွေကျတော့ သူတို့စုံတွဲတွေနောက် ထမင်းထုပ်အမြဲလိုလို လိုက်ချောင်းမြောင်း ကြည့်ရှုနေတဲ့သူကနေရေးသားထားတာမျိုး။ တချို့အဟောတွေကျတော့ ဘယာနကဆန်တယ်လို့ ခေါ်မလားမသိဘူး။ ကြမ်းတမ်းပြီးမှ ဇာတ်သိမ်းခန်းရောက်လို့ ချစ်သွားကြတယ်။ တချို့အဟောတွေကျပြန်တော့လည်း သကြားခဲလေးတွေ ငုံထားရသလို အရမ်းချိုမြိန်တယ်။ ကျုပ်တောင်မှ ဖတ်ရင်းဖတ်ရင်း ကျုပ်နဲ့ ကျုပ်ယောကျ်ား ကိုတင်လှတို့ နှစ်ယောက် ငယ်ငယ်က ချစ်ခဲ့ကြတဲ့အတိုင်း ပြန်လည်မြင်ယောင်မိပါသေးတယ်'ဟု ပြောလာသည်။

'တော်ပါတော့ ဒေါ်ထားထားရယ်၊ ကြာလာရင် ခင်ဗျား ဗေဒင်ဆရာမ မလုပ်ဘဲ အချစ်စာရေးဆရာမကြီးများ လုပ်ဦးမလား မသိတော့ပါဘူး။ အချစ်အကြောင်းတွေ ဒီလောက်အထိ ဗာရာဏသီချဲ့နေပုံထောက်တော့ ဟင်း··ဟင်း··'

'ဗေဒင်ဆရာမ လုပ်ရင်း အချစ်ဝတ္ထုရေး စာရေးဆရာမ လုပ်မယ်လေ။ တကယ်တော့ အချစ်ဆိုတာ လူတိုင်းမှာ ကိုယ်စီကိုယ်င ရှိကြပြီးသားပါ ဆရာရယ်။ ကျုပ်လို ထုတ်ဖော်မပြောကြတာကြောင့်ရယ်ပါ။ အချစ်လောက် ချစ်ဖို့ကောင်းတာ လောကကြီးမှာ မရှိပါဘူး။ လူတိုင်း,လူတိုင်းသာ အချင်းချင်း အပြန်ပြန်အလှန်လှန် ချစ်ကြမယ်ဆိုရင် ဟောဒီကမ္ဘာကြီးမှာ စစ်ဆိုတာ မရှိတော့ပါဘူး။ ချမ်းချမ်းဆိုသလို တကယ်ဆို အချစ်ပဲ လိုတယ် ဆရာရေ။ နောက်ပြီး··'

'ကဲ··တော်ပါတော့ အချစ်အဘိဓမ္မာ ဆရာမကြီးရေ။ ဟောဟိုမှာ ကျုပ်မိတ်ဆွေ ဗေဒင်မေးမယ့်သူတွေ လာနေကြပြီ။ လာရာလမ်းကို လိုတာယူပြီး လျင်စွာရွှေ့ပါတော့။ တောင်းပန်ပါတယ်ဗျာ'

'ဒီလိုတော့ မနှင်ပါနဲ့ ဆရာရယ်။ ပြန်ဆို ပြန်ပါ့မယ်။ တကတည်း'

'ဒီလို မနှင်လို့ ခင်ဗျား ကျုပ်ဆီကနေ ဘယ်နှစ်ခါ ပြန်ဖူးလို့လဲ ပြော'

'ဟုတ်ကဲ့ပါရှင့်၊ ဟုတ်ကဲ့ပါ'

ဒေါ်ထားထားသည် လက်နှစ်ဖက်ကိုပိုက်ရင်း မူလတန်း ကျောင်းသူအရွယ် ဟန်ပန်လုပ်ပြပြီး ကျွန်တော့် ဗေဒင်ဟောခန်းထဲကနေ ထွက်သွားလေတော့သည်။

**ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ**

**သာထက်ဇော်(မကွေး)**



www.burmeseclassic.com

ကျွန်တော်တို့ရဲ့ ရိုးရာဗေဒင်ပညာမှာ နှစ်မျိုးနှစ်စား တွေ့ရမှာ ဖြစ်ပါတယ်။ ပထမ တစ်မျိုးက လက်ရိုးဗေဒင် ပညာဖြစ်ပြီး နောက်တစ်မျိုးက လက်ဆန်းဗေဒင်ပညာ ဖြစ်ပါတယ်။ လက်ရိုးဗေဒင်ပညာက ဇယားတွေနှင့် တွက်ရချက်ရတာတွေ ရှုပ်လွန်းတော့ အချိန်တော်တော် လေးယူမှ အဖြေ အဟော ထွက်လာပါတယ်။ ထွက်ပေါ် လာတဲ့ ဟောကိန်းကလည်း သာမညောင်ည မဟုတ်ဘူး။ အတော်လေး မှန်ကန်တယ်လို့ ဆိုကြပါတယ်။

အခု ကျွန်တော် တင်ပြလိုတာကတော့ လက်ဆန်း ဗေဒင်ပညာက ရှေးပညာရှင်အဆက်ဆက် တီထွင်လာ ခဲ့ကြတဲ့ ထီထိုးကံစမ်းကြတဲ့အခါ ဘယ်အသက်အပိုင်း အခြားမှာ ပေါက်တတ်သလဲဆိုတဲ့ အကြောင်းပါပဲ။ တွက် ရတဲ့ နည်းစနစ်အကြောင်းကို တင်ပြသွားမှာပါ။ ထီထိုး ရင် ဘယ်တော့ ပေါက်မလဲပေါ့။ ထီထိုးတဲ့အခါမှာလည်း သူများတွေနှင့် မစပ်ဘဲ တစ်ယောက်တည်း ထိုးရမလား။ သူများတွေနှင့် ပေါင်းစပ်ပြီး ထီထိုးရမလား။ ဘယ် အသက်အပိုင်းအခြားလောက်မှာ ထီပေါက်မှာလဲ။

ပညာရှင်အတော်များများကလည်း ဒီအကြောင်းနှင့် ပတ်သက်ပြီး တင်ပြခဲ့ကြပေမဲ့ ဆရာကိုယ်တိုင် တွက် ချက်မှ အဖြေထွက်၊ အဟောထွက်လာမှာ ဖြစ်ပါတယ်။ အခု ကျွန်တော် တင်ပြလိုတာကတော့ တွက်ချက်တာ ဝါသနာပါရင် တွက်နည်းအတိုင်း လိုက်လုပ်ပါ။ မတွက် ချင်ဘူး၊ တွက်ပြီးသား အဆင်သင့်ရှိရင် ချက်ချင်းသိနိုင် အောင် ကျွန်တော့်အနေနှင့် စေတနာရည်သန်ပြီး (၇)နေ့ သားသမီးများအတွက် အသင့်တွက်ချက်ပေးလိုက်ပါတယ်။ ကျွန်တော် အပင်ပန်းခံ ဆောင်ရွက်ပေးထားတာတွေကို ကွန်ပျူတာထဲထည့်ပြီး ထားလိုက်ရင် မြန်မြန်ဆန်ဆန် အဟောရပါလိမ့်မယ်။ ခေတ်မီဗေဒင်ဆရာမှာ သူ့အကြိုက် ဖြစ်လာမှာပါ။

တွက်နည်းကလည်း လွယ်ကူပါတယ်။ သိပ်လွယ် လွန်းနေလို့ ဒီလက်ဆန်းဗေဒင်ပညာအပေါ် သံသယဝင် ပြီး အထင်အမြင်သေးနေစရာ မလိုပါဘူး။ သူ့နည်းသူ့ ဟန်နှင့် မှန်ကန်တာကို တွေ့ရပါလိမ့်မယ်။

တွက်နည်းက ဒီလိုပါ။

ဇာတာရှင်ရဲ့ မွေးသက္ကရာဇ်ကိုတည်၊ (၂၁)နဲ့ပေါင်း၊ (၄၃)နဲ့စား၊ အကြွင်းကို ဇာတာရှင်ရဲ့ အသက်နှင့် ထပ် ပေါင်း၊ နောက်ထပ်တစ်ဖန် (၇)နဲ့ ပြန်စား၊ အကြွင်းအ မိမိရဲ့ မွေးနံမှ စတင်၍ အဋ္ဌလဂ်ခွင်တွင် နာရီလက်တံ အတိုင်း လှည့်ပါ။ ရာဟုထောင့်ကို ထည့်မရေရပါ။ ဘာ ဖြစ်လို့လဲဆိုတော့ ဗုဒ္ဓဟူးနေ့သားနဲ့ ရာဟုနေ့သား အတူ တူပဲမို့ (၇)နေ့သားသမီးအနေနဲ့ပဲ တွက်ချက်ရပါတယ်။

အကြွင်းအရ နာရီလက်တံအတိုင်း လှည့်လိုက်ရင် တနင်္လာထောင့်(၂လာ)ကျရင် စပ်တူထီထိုးပါ။ ပေါက် ကိန်းရှိတယ်။ အင်္ဂါထောင့်(၃ဂါ)ကျရင် တစ်ကိုယ်တည်း ထီထိုးပါ။ ပေါက်ကိန်းမြင်တယ်။ တကယ်လို့ ဗုဒ္ဓဟူး ထောင့်(၄ဟူး)မှာကျရင် စပ်တူထီထိုးပါ။ ထီပေါက်နိုင်



ဦးဝိုး(တက္ကသိုလ်)

# ထီ တစ်ကိုယ်တည်း ထိုးမလား စပ်တူထိုးမလား



www.burmeseclassic.com

| တနင်္ဂနွေထောင့် | တနင်္လာထောင့် | အင်္ဂါထောင့် |
|---|---|---|
| ၁ (မပေါက်) | ၂ (စပ်တူ) | ၃ (တစ်ကိုယ်တည်း) |
| သောကြာ ၂၁ | | ဗုဒ္ဓဟူး(ထောင့်) ၄ (စပ်တူ) |
| X (ထည့်သွင်း မရေတွက်ပါ) | ကြာသပတေး ၅ (မပေါက်) | စနေထောင့် ၅ (မပေါက်) |

**မှတ်ရန်**

* တနင်္ဂနွေထောင့် ကျလျှင် ထီပေါက်နိုင်ပါ။
စနေထောင့် ကျလျှင် ထီမပေါက်နိုင်ပါ။
ကြာသပတေးထောင့် ကျလျှင် ထီမပေါက်နိုင်ပါ။
သောကြာထောင့်ကျလျှင် ထီမပေါက်နိုင်ပါ။
* တနင်္လာထောင့် ကျလျှင် ထီစပ်တူထိုးလျှင် ပေါက်နိုင်ပါတယ်။
အင်္ဂါထောင့် ကျလျှင် တစ်ကိုယ်တည်း ထီထိုးလျှင် ပေါက်နိုင်ပါတယ်။
ဗုဒ္ဓဟူးထောင့် ကျလျှင် ထီစပ်တူထိုးလျှင် ပေါက်နိုင်ပါတယ်။


ပါတယ်။ ကျန်နေသေးတဲ့ တနင်္ဂနွေထောင့်(၁နွေ)၊ စနေထောင့်(၀နေ)၊ သောကြာထောင့်(၆ကြာ)နဲ့ ကြာသပတေး(၅တေး)မှာ ကျနေရင် ထီပေါက်ကိန်း မရှိပါဘူး။ မှတ်သားရန် တစ်ချက်မှာ အင္ဂလက်ခွင်ဆိုပေမယ့် (၇)ကွက်ပဲ ရှိပါတယ်။ ရာဟုထောင့်ကို ချန်လှပ်ပြီး ရေတွက်ရမှာ ဖြစ်ပါတယ်။

တွက်နည်းဥပမာ ကြည့်ပါ။ (၁၂၉၈)ခုနှစ်မှာ မွေးတဲ့ ကြာသပတေးသားဆိုပါက ယခု (၁၃၇၉)ခုနှစ်မှာ အသက်(၈၁)နှစ် ဆိုပါစို့။

ထီပေါက်ကိန်း တွက်ရတာ လက်ဝင်လှကြောင်း တွေ့ရပါလျှင် အလွယ်တကူ တွက်ချက်ပေးထားပြီး ဖြစ်ပါတယ်။ ဇာတာရှင်အနေနဲ့ မိမိ၏ မွေးသက္ကရာဇ်အရ

**တွက်နည်း**

| | |
|---|---|
| မွေးသက္ကရာဇ်ကိုတည် | ၁၂၉၈ |
| (၂၁)နဲ့ပေါင်း | + ၂၁ |
| (၄၃)နဲ့စား | ၄၃ ) ၁၃၁၉ ( ၃ |
| | ၁၂၉ |
| | ၂၉ |
| ရောက်ဆဲအသက်နဲ့ပေါင်း | + ၈၁ |
| (၇)နဲ့ထပ်စား | ၇ ) ၁၁၀ ( ၁၅ |
| | ၇ |
| | ၄၀ |
| | ၃၅ |
| | ၅ ကြွင်း |




ကြာသပတေးမှ စတင်၍ နာရီလက်တံအတိုင်း (၁) ကြာသပတေး၊ (၂) သောကြာ၊ (၃) တနင်္ဂနွေ၊ (၄) တနင်္လာ၊ (၅) အင်္ဂါသို့ ရောက်၍ ဇာတာရှင်အနေနှင့် တစ်ကိုယ်တည်း ထီထိုးက ပေါက်နိုင်ပါတယ်။

တနင်္ဂနွေ၊ စနေ၊ ကြာသပတေးနဲ့ သောကြာ ကျလျှင် ထီမပေါက်နိုင်ပါ။

အကြွင်းဘယ်လောက်ရှိနေကြောင်း (၇)ဖြင့် စားစရာမလိုဘဲ ဇယား(က)တွင် ကြည့်ရှုပါ။

ဥပမာ-(၁၃၃၁)ခုနှစ် ဖွားသူဖြစ်ပါက (၁)ကြွင်းသမား ဖြစ်ပါတယ်။ (၁၃၀၀)ပြည့်နှစ် မွေးသူကတော့ (၅)ကြွင်းသမား ဖြစ်ပါတယ်။

အကြွင်းကိုသိလျှင် နောက်ဆက်တွဲ ဇယား(ခ)မှ



www.burmeseclassic.com

www.burmeseclassic.com

(ဓ)အထိ ရေးဆွဲထားသော ဇယားတွင် မွေးသက္ကရာဇ်နှင့် အကြွင်းကိုကြည့်၍ မွေးနေ့အကွက်မှ အသက်အပိုင်းအခြားတွင် ထီပေါက်ကိန်း ရှိ/မရှိ ကြည့်လျှင် တွေ့ရပါလိမ့်မည်။

(၁၃၃၁)ခုနှစ်မွေး ၁နွေ(တနင်္ဂနွေ)သား ဆိုလျှင် အကြွင်း(၁)သမား ဖြစ်ပါတယ်။ ဇယား(ခ)မှ တနင်္ဂနွေတွင်ကြည့်လျှင် အသက်(၁၀)နှစ်မှ (၈၂)နှစ်အထိ တစ်ကိုယ်တည်း (သို့မဟုတ်) စပ်တူထိုးရမည့် အသက်အပိုင်းအခြားများကို ဖော်ပြထားပါတယ်။

ထီထိုး၍ ထီပေါက်လျှင် နောင်သံသရာတွင် ငကောင်းမွန်ဖို့ လှူပါ။ တရားဘာဝနာ ပွားပါ။

**မွေးသက္ကရာဇ်အရ (၇)ဖြင့် စားလျှင် အကြွင်းရကိန်း**

| အကြွင်း | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၁၂၈၉ | ၁၂၉၆ | ၁၃၀၃ | ၁၃၁၀ | ၁၃၁၇ | ၁၃၂၄ | ၁၃၃၁ | ၁၃၃၈ | ၁၃၄၅ | ၁၃၅၂ | ၁၃၅၉ | ၁၃၆၆ | ၁၃၇၃ |
| ၂ | ၁၂၉၀ | ၁၂၉၇ | ၁၃၀၄ | ၁၃၁၁ | ၁၃၁၈ | ၁၃၂၅ | ၁၃၃၂ | ၁၃၃၉ | ၁၃၄၆ | ၁၃၅၃ | ၁၃၆၀ | ၁၃၆၇ | ၁၃၇၄ |
| ၃ | ၁၂၈၄<br>၁၃၇၅ | ၁၂၉၁ | ၁၂၉၈ | ၁၃၀၅ | ၁၃၁၂ | ၁၃၁၉ | ၁၃၂၆ | ၁၃၃၃ | ၁၃၄၀ | ၁၃၄၇ | ၁၃၅၄ | ၁၃၆၁ | ၁၃၆၈ |
| ၄ | ၁၂၈၅<br>၁၃၇၆ | ၁၂၉၂ | ၁၂၉၉ | ၁၃၀၆ | ၁၃၁၃ | ၁၃၂၀ | ၁၃၂၇ | ၁၃၃၄ | ၁၃၄၁ | ၁၃၄၈ | ၁၃၅၅ | ၁၃၆၂ | ၁၃၆၉ |
| ၅ | ၁၂၈၆<br>၁၃၇၇ | ၁၂၉၃ | ၁၃၀၀ | ၁၃၀၇ | ၁၃၁၄ | ၁၃၂၁ | ၁၃၂၈ | ၁၃၃၅ | ၁၃၄၂ | ၁၃၄၉ | ၁၃၅၆ | ၁၃၆၃ | ၁၃၇၀ |
| ၆ | ၁၂၈၇<br>၁၃၇၈ | ၁၂၉၄ | ၁၃၀၁ | ၁၃၀၈ | ၁၃၁၅ | ၁၃၂၂ | ၁၃၂၉ | ၁၃၃၆ | ၁၃၄၃ | ၁၃၅၀ | ၁၃၅၇ | ၁၃၆၄ | ၁၃၇၁ |
| ၇ | ၁၂၈၈<br>၁၃၇၉ | ၁၂၉၅ | ၁၃၀၂ | ၁၃၀၉ | ၁၃၁၆ | ၁၃၂၃ | ၁၃၃၀ | ၁၃၃၇ | ၁၃၄၄ | ၁၃၅၁ | ၁၃၅၈ | ၁၃၆၅ | ၁၃၇၂ |

**အကြွင်း(၁)** - ၁၂၉၆၊ ၁၃၀၃၊ ၁၃၁၀၊ ၁၃၁၇၊ ၁၃၂၄၊ ၁၃၃၁၊ ၁၃၃၈၊ ၁၃၄၅၊ ၁၃၅၂၊ ၁၃၅၉၊ ၁၃၆၆၊ ၁၃[illegible]

| နေ့သား | ထီပေါက်နိုင်သည့် အသက်အပိုင်းအခြား | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | စပ်တူ |
| | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | တစ်ကိုယ်တည်း |
| | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | စပ်တူ |
| တနင်္လာ | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | စပ်တူ |
| | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | တစ်ကိုယ်တည်း |
| | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | စပ်တူ |
| အင်္ဂါ | ၈ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | စပ်တူ |
| | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | တစ်ကိုယ်တည်း |
| | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | စပ်တူ |



www.burmeseclassic.com

www.burmeseclassic.com

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဗုဒ္ဓဟူး | ၇ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | စပ်တူ |
| | ၈ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | တစ်ကိုယ်တည်း |
| | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | စပ်တူ |
| စနေ | ၆ | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | စပ်တူ |
| | ၇ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | တစ်ကိုယ်တည်း |
| | ၈ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | စပ်တူ |
| ကြာသပတေး | ၅ | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | စပ်တူ |
| | ၆ | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | တစ်ကိုယ်တည်း |
| | ၇ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | စပ်တူ |
| သောကြာ | ၄ | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | စပ်တူ |
| | ၅ | ၁၂ | ၄၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | တစ်ကိုယ်တည်း |
| | ၆ | ၁၃ | ၅၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | စပ်တူ |

အကြွင်း(၂) - ၁၂၉၇၊ ၁၃၀၄၊ ၁၃၁၁၊ ၁၃၁၈၊ ၁၃၂၅၊ ၁၃၃၂၊ ၁၃၃၉၊ ၁၃၄၆၊ ၁၃၅၃၊ ၁၃၆၀၊ ၁၃၆၇၊ ၁၃၇၄

| နေ့သား | ထီပေါက်နိုင်သည့် အသက်အပိုင်းအခြား | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | စပ်တူ |
| | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | တစ်ကိုယ်တည်း |
| | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | စပ်တူ |
| တနင်္လာ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | စပ်တူ |
| | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | တစ်ကိုယ်တည်း |
| | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | စပ်တူ |
| အင်္ဂါ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | စပ်တူ |
| | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | တစ်ကိုယ်တည်း |
| | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | စပ်တူ |
| ဗုဒ္ဓဟူး | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | စပ်တူ |
| | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | တစ်ကိုယ်တည်း |
| | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | စပ်တူ |
| စနေ | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | စပ်တူ |
| | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | တစ်ကိုယ်တည်း |
| | ၁၄ | ၂၁ | ၂၉ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | စပ်တူ |


www.burmeseclassic.com

www.burmeseclassic.com

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ကြာသပတေး | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | စပ်တူ |
| | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | တစ်ကိုယ်တည်း |
| | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၈၈ | ၆၂ | ၆၉ | ၇၆ | စပ်တူ |
| သောကြာ | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | စပ်တူ |
| | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | တစ်ကိုယ်တည်း |
| | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | စပ်တူ |

**အကြွင်း(၃)** - ၁၂၉၁၊ ၁၂၉၈၊ ၁၃၀၅၊ ၁၃၁၂၊ ၁၃၁၉၊ ၁၃၂၆၊ ၁၃၃၃၊ ၁၃၄၀၊ ၁၃၄၇၊ ၁၃၅၄၊ ၁၃၆၁၊ ၁၃၆၈၊ ၁၃

| နေ့သား | ထီပေါက်နိုင်သည့် အသက်အပိုင်းအခြား | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | ၈၅ | စပ်တူ |
| | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | ၈၆ | တစ်ကိုယ်တည်း |
| | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | ၈၇ | စပ်တူ |
| တနင်္လာ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | ၈၄ | စပ်တူ |
| | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | ၈၅ | တစ်ကိုယ်တည်း |
| | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | ၈၆ | စပ်တူ |
| အင်္ဂါ | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | ၈၃ | စပ်တူ |
| | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | ၈၄ | တစ်ကိုယ်တည်း |
| | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | ၈၅ | စပ်တူ |
| ဗုဒ္ဓဟူး | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | စပ်တူ |
| | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | ၈၃ | တစ်ကိုယ်တည်း |
| | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | ၈၄ | စပ်တူ |
| စနေ | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | စပ်တူ |
| | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | တစ်ကိုယ်တည်း |
| | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၈၈ | ၆၂ | ၆၉ | ၇၆ | ၈၃ | စပ်တူ |
| ကြာသပတေး | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | စပ်တူ |
| | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | တစ်ကိုယ်တည်း |
| | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | စပ်တူ |
| သောကြာ | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | စပ်တူ |
| | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | တစ်ကိုယ်တည်း |
| | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၇ | ၈၁ | စပ်တူ |



www.burmeseclassic.com

www.burmeseclassic.com

အကြွင်း(၄) - ၁၂၉၂၊ ၁၂၉၉၊ ၁၃၀၆၊ ၁၃၁၃၊ ၁၃၂၀၊ ၁၃၂၇၊ ၁၃၃၄၊ ၁၃၄၁၊ ၁၃၄၈၊ ၁၃၅၅၊ ၁၃၆၂၊ ၁၃၆၉၊ ၁၃၇၆

| နေ့သား | ထီပေါက်နိုင်သည့် အသက်အပိုင်းအခြား | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | ၈၄ | စပ်တူ |
| | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | ၈၅ | တစ်ကိုယ်တည်း |
| | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | ၈၆ | စပ်တူ |
| တနင်္လာ | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | ၈၃ | စပ်တူ |
| | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | ၈၄ | တစ်ကိုယ်တည်း |
| | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | ၈၅ | စပ်တူ |
| အင်္ဂါ | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | စပ်တူ |
| | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | ၈၃ | တစ်ကိုယ်တည်း |
| | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | ၈၄ | စပ်တူ |
| ဗုဒ္ဓဟူး | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | စပ်တူ |
| | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | တစ်ကိုယ်တည်း |
| | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | ၈၃ | စပ်တူ |
| စနေ | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | စပ်တူ |
| | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | တစ်ကိုယ်တည်း |
| | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | စပ်တူ |
| ကြာသပတေး | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | စပ်တူ |
| | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | တစ်ကိုယ်တည်း |
| | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | စပ်တူ |
| သောကြာ | ၈ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | စပ်တူ |
| | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | တစ်ကိုယ်တည်း |
| | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | စပ်တူ |

အကြွင်း(၅) - ၁၂၉၃၊ ၁၃၀၀၊ ၁၃၀၇၊ ၁၃၁၄၊ ၁၃၂၁၊ ၁၃၂၈၊ ၁၃၃၅၊ ၁၃၄၂၊ ၁၃၄၉၊ ၁၃၅၆၊ ၁၃၆၃၊ ၁၃၇၀၊ ၁၃၇၇

| နေ့သား | ထီပေါက်နိုင်သည့် အသက်အပိုင်းအခြား | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | ၈၃ | စပ်တူ |
| | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | ၈၄ | တစ်ကိုယ်တည်း |
| | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | ၈၅ | စပ်တူ |
| တနင်္လာ | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | စပ်တူ |
| | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | ၈၃ | တစ်ကိုယ်တည်း |
| | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | ၈၄ | စပ်တူ |



www.burmeseclassic.com

www.burmeseclassic.com

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အင်္ဂါ | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | စပ်တူ |
| | ⓞ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | တစ်ကိုယ်တည်း |
| | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | ၈၃ | စပ်တူ |
| ဗုဒ္ဓဟူး | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | စပ်တူ |
| | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | တစ်ကိုယ်တည်း |
| | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | စပ်တူ |
| စနေ | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | စပ်တူ |
| | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | တစ်ကိုယ်တည်း |
| | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | စပ်တူ |
| ကြာသပတေး | ၈ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | စပ်တူ |
| | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | တစ်ကိုယ်တည်း |
| | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | စပ်တူ |
| သောကြာ | ၇ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | စပ်တူ |
| | ၈ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | တစ်ကိုယ်တည်း |
| | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | စပ်တူ |

**အကြွင်း(၆)** - ၁၂၉၄၊ ၁၃၀၁၊ ၁၃၀၈၊ ၁၃၁၅၊ ၁၃၂၂၊ ၁၃၂၉၊ ၁၃၃၆၊ ၁၃၄၃၊ ၁၃၅၀၊ ၁၃၅၇၊ ၁၃၆၄၊ ၁၃၇၁၊ ၁၃၇၈

| နေ့သား | ထိပ်ပေါက်နိုင်သည့် အသက်အပိုင်းအခြား | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | စပ်တူ |
| | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | ၈၃ | တစ်ကိုယ်တည်း |
| | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | ၈၄ | စပ်တူ |
| တနင်္လာ | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | စပ်တူ |
| | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | တစ်ကိုယ်တည်း |
| | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | ၈၃ | စပ်တူ |
| အင်္ဂါ | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | စပ်တူ |
| | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | တစ်ကိုယ်တည်း |
| | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | စပ်တူ |
| ဗုဒ္ဓဟူး | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | စပ်တူ |
| | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | တစ်ကိုယ်တည်း |
| | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | စပ်တူ |
| စနေ | ၈ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | စပ်တူ |
| | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | တစ်ကိုယ်တည်း |
| | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | စပ်တူ |



www.burmeseclassic.com

www.burmeseclassic.com

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ကြာသပတေး | ၇ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | စပ်တူ |
| | ၈ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | တစ်ကိုယ်တည်း |
| | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | စပ်တူ |
| သောကြာ | ၆ | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | စပ်တူ |
| | ၇ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | တစ်ကိုယ်တည်း |
| | ၈ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | စပ်တူ |

**အကြွင်း(၀)** - ၁၂၉၅၊ ၁၃၀၂၊ ၁၃၀၉၊ ၁၃၁၆၊ ၁၃၂၃၊ ၁၃၃၀၊ ၁၃၃၇၊ ၁၃၄၄၊ ၁၃၅၁၊ ၁၃၅၈၊ ၁၃၆၅၊ ၁၃၇၂၊ ၁၃၇၉

| နေ့သား | ထိပေါက်နိုင်သည့် အသက်အပိုင်းအခြား | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | စပ်တူ |
| | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | တစ်ကိုယ်တည်း |
| | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | ၈၃ | စပ်တူ |
| တနင်္လာ | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | စပ်တူ |
| | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | တစ်ကိုယ်တည်း |
| | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | ၈၂ | စပ်တူ |
| အင်္ဂါ | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | စပ်တူ |
| | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | တစ်ကိုယ်တည်း |
| | ၁၁ | ၁၈ | ၂၅ | ၃၂ | ၃၉ | ၄၆ | ၅၃ | ၆၀ | ၆၇ | ၇၄ | ၈၁ | စပ်တူ |
| ဗုဒ္ဓဟူး | ၈ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | စပ်တူ |
| | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | တစ်ကိုယ်တည်း |
| | ၁၀ | ၁၇ | ၂၄ | ၃၁ | ၃၈ | ၄၅ | ၅၂ | ၅၉ | ၆၆ | ၇၃ | ၈၀ | စပ်တူ |
| စနေ | ၇ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | စပ်တူ |
| | ၈ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | တစ်ကိုယ်တည်း |
| | ၉ | ၁၆ | ၂၃ | ၃၀ | ၃၇ | ၄၄ | ၅၁ | ၅၈ | ၆၅ | ၇၂ | ၇၉ | စပ်တူ |
| ကြာသပတေး | ၆ | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | စပ်တူ |
| | ၇ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | တစ်ကိုယ်တည်း |
| | ၈ | ၁၅ | ၂၂ | ၂၉ | ၃၆ | ၄၃ | ၅၀ | ၅၇ | ၆၄ | ၇၁ | ၇၈ | စပ်တူ |
| သောကြာ | ၅ | ၁၂ | ၁၉ | ၂၆ | ၃၃ | ၄၀ | ၄၇ | ၅၄ | ၆၁ | ၆၈ | ၇၅ | စပ်တူ |
| | ၆ | ၁၃ | ၂၀ | ၂၇ | ၃၄ | ၄၁ | ၄၈ | ၅၅ | ၆၂ | ၆၉ | ၇၆ | တစ်ကိုယ်တည်း |
| | ၇ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ | ၇၇ | စပ်တူ |

ရှင်လန်းချမ်းမြေ့ကြပါစေ

ဦးတိုး(ဇေယျာသီလ)



www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၇)ခုနှစ်၊ ဒီဇင်ဘာလအတွက် ဈေးကွက်ခန့်မှန်းချက်

ကရကဋ်ရာသီ၌ ရာဟုဂြိုဟ် ရပ်တည်နေသဖြင့် တိုင်းပြည်တစ်ခွင် ခိုးသား၊ ဓားပြ ပေါ်များတတ်၍ ကြေး၊ သံပစ္စည်း မပေါ်မရှား ရှိမည်။ (ဖ)လမြောက်သော် ဆန်စပါး ရှားတတ်၏။ တူရာသီ၌ အင်္ဂါဂြိုဟ်ရှိသဖြင့် မတ်ပဲ၊ ပဲနောက်၊ ဝါဂွမ်း၊ ဝါချည်တို့ အထူးရှားပါးအံ့။ ၎င်းတူရာသီတွင် ၅တေးဂြိုဟ် တည်ရှိနေပြန်သဖြင့် သတ္တဝါ အပေါင်းတို့ ဖျားနာမှု ကူးစက်ဝေဒနာကြောင့် ထိတ်လန့်ရအံ့။ ဗြိစ္ဆာရာသီနှင့် ဓနုရာသီတို့တွင် သောကြာဂြိုဟ် ရှိနေခိုက်တွင် ဏံနိမ့်သူများ ယတြာချေသင့်၏။ ၎င်းဓနုရာသီတွင် ၄ဟူးဂြိုဟ် တည်ချိန်တွင် သားသမင်၊ ဆင်၊ မြင်းတို့ ပျက်စီး၍ ပြည်သူတို့ မင်းဒဏ်သင့်အံ့။




# မင်းမပေါ်ညွှန့် နက္ခတ်ဗေဒ ရက်မြတ်ကောင်း အချိန်အခါ



**၁-၁၂-၂၀၁၇ (သောကြာနေ့)**
**(၁၃၇၉)ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက်**

အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ အမည်ကင်ပွန်း တပ်ရန်၊ မီဒီယာများတွင် ကြော်ငြာထည့်သွင်းရန်၊ ဆံရိတ်,ဆံသပြုရန်၊ အလှပြင်ရန်၊ ရဟန်းခံရှင်ပြု ရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ စပါးရိတ်သိမ်းရန်၊ ကုန်ရောင်း... ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းထက်၊ မဟန်နီထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်မွင့်၍ ယတြာအရောင်မှာ အ... ရောင် ဖြစ်သည်။



**၄-၁၂-၂၀၁၇ (တနင်္လာနေ့)**
**(၁၃၇၉)ခုနှစ်၊ နတ်တော်လဆုတ် (၁)ရက်**

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ ကုန်ပစ္စည်း ... ယူသိုလှောင်ရန်၊ အာမခံငွေကြေး ချေးငှားရန်၊ အိမ်သစ်တက်ရန်၊ အလုပ်သစ်လျှောက်ရန်၊ အိမ်ဆောက်...

www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်း ရောင်းဝယ်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ လယ်ယာသီးနှံပင်များ စိုက်ပျိုးရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားလာရန်၊ ဆေးဝါးကုသမှု ခံယူရန်၊ ဆေးရုံ၊ဆေးခန်း ဖွင့်လှစ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀) နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကျော်စိုး၊ မခင်ချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။



<u>၅-၁၂-၂၀၁၇ (အင်္ဂါနေ့)</u>

<u>(၁၃၇၉)ခုနှစ်၊ နတ်တော်လဆုတ် (၂)ရက်</u>

ကြံစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ အဆောက်အအုံ တိုင်ထူရန်၊ အုတ်မြစ်ချ၊ အုတ်စီ၊ ကျောက်သွေးလောင်းရန်၊ အိမ်တက်လှေကားထောင်ရန်၊ ကြော်ငြာ ဆိုင်းဘုတ် တင်ရန်၊ လယ်ယာဥယျာဉ် သီးနှံပင်များ ဆွတ်ခူးရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀) နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းထွန်း၊ မဆွေလှိုင်လွင်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့် ၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။



<u>၇-၁၂-၂၀၁၇ (ကြာသပတေးနေ့)</u>

<u>(၁၃၇၉)ခုနှစ်၊ နတ်တော်လဆုတ် (၄)ရက်</u>

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ ထီးတော်တင်ရန်၊ ရဟန်းခံရှင်ပြုရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ရတနာရောင်းဝယ် ဝတ်ဆင်ရန်၊ အုတ်မြစ်ချ၊အုတ်စီရန်၊ တိုင်ထူ၊လှေကား ထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်လူကြီးများထံ အစီရင်ခံစာ တင်သွင်းရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ လယ်ယာသီးနှံနှင့် ဥယျာဉ်ခြံ အသီးဆွတ်ခူးရန်၊ လေကြောင်းခရီးသွားရန်တို့ အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေး လိုပါက မောင်မင်းဟိန်းထက်၊ မမြတ်သန္တာထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။



<u>၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့)</u>

<u>(၁၃၇၉)ခုနှစ်၊ နတ်တော်လဆုတ် (၇)ရက်</u>

မင်းချီးမြှင့်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ စေ့စပ်၊လက်ထပ်ရန်၊ အောင်ဘာလေထီ ထိုးရန်၊ အိမ်၊ ခြံ၊မြေ ရောင်းဝယ်ရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ရေကြောင်း၊လေကြောင်းခရီး သွားလာရန်၊ ကုန်ပစ္စည်း အစုရှယ်ယာ ဝင်ရန်၊ အသင်းအဖွဲ့ (သို့မဟုတ်) ကုမ္ပဏီ ထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ စာရေးကိရိယာ ဖြန့်ချိရန်၊ စာနယ်ဇင်းကိစ္စ ဆောင်ရွက်ရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ စာပေ ကျမ်းဂန် ရေးသားပြုစုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတ်ိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ကျော်ထွန်း၊ မအေးချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**၁၁-၁၂-၂၀၁၇ (တနင်္လာနေ့)**

**(၁၃၇၉)ခုနှစ်၊ နတ်တော်လဆုတ် (၈)ရက်**

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ပန်းချီ,ပန်းပု,ကျောက်ဆစ်လုပ်ငန်း စတင်ရန်၊ အိမ်တိုင်ထူရန်၊ အိမ်တက်,လှေကားထောင်ရန်၊ လေကြောင်းခရီးသွားရန်၊ လယ်ယာဥယျာဥ်ထွက်သီးနှံ ဆွတ်ခူး,ရိတ်သိမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကျော်စိုး၊ မချမ်းမြေ့မေ..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင်ဖြစ်သည်။



**၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့)**

**(၁၃၇၉)ခုနှစ်၊ နတ်တော်လဆုတ် (၉)ရက်**


ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ရဟန်းခံရှင်ပြုရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ ဆံရိတ်,ဆံသ ပြုရန်၊ လက်ဝတ်ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်၊ အလှပြင်ဆိုင်ဖွင့်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်,ခြံ,မြေ,ယာဥ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပါတီပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာစကား ပြောရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃:၀၀)နာရီမှ (၄:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းထွန်း၊ မဆွေလှိုင်ဝင်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။



**၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့)**

**(၁၃၇၉)ခုနှစ်၊ နတ်တော်လဆုတ် (၁၁)ရက်**

အဆောက်အအုံတည်ရသောယုဂ် ရရှိသဖြင့် ယနေ့ ပညာစသင်ယူရန်၊ ရဟန်းခံရှင်ပြုရန်၊ အဝတ်အထည်ရက်လုပ်ရန်၊ ရေတွင်း,ရေကန် တူးဖော်ရန်၊ အလုပ်သစ်လျှောက်ရန်၊ မိတ်ဆွေသစ်နှင့် တွေ့ဆုံရန်၊ အလှကုန်ပစ္စည်း ဖြန့်ချိရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း မွေးဖွားလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မင်းဟိန်းထက်၊ မမြတ်သန္တာထွန်း ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။



**၁၅-၁၂-၂၀၁၇ (သောကြာနေ့)**

**(၁၃၇၉)ခုနှစ်၊ နတ်တော်လဆုတ် (၁၂)ရက်**

မိတ်သင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ လယ်ယာသီးနှံပင်များ ဆွတ်ခူးရိတ်သိမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဂီတအနုပညာ အဆို၊ အက၊ သရုပ်ဆောင်ခြင်းများ စတင်ရန်၊ ရုပ်ရှင်,ဗီဒီယို ကားရိုက်ကူးရေးအတွက် ကန်တော့ပွဲပေးရန်၊ စေ့စပ်,လက်ထပ်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ ဘဏ်စာရင်းဖွင့်ရန်၊ အောင်ဘာလေထီထိုးရန်၊ ခွဲစိတ်ကုသမှု ခံယူရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းထက်၊ မဟန်နီထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။



၁၈-၁၂-၂၀၁၇ (တနင်္လာနေ့)

(၁၃၇၉)ခုနှစ်၊ ပြာသိုလဆန်း (၁)ရက်


ပစ္စည်းဥစ္စာ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ပညာစသင်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ပန်းချီ,ပန်းပုစသော ပန်း(၁၀)မျိုးအလုပ်များ စတင်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားရန်၊ အချစ်ရေး (သို့မဟုတ်) မေတ္တာရေးရာ စကားဆိုရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီထိုးရန်၊ အလုပ်သစ် လျှောက်ရန်၊ ငွေကြေးချေးငှားရန်၊ ကျန်းမာရေးစစ်ဆေးရန်၊ အဝိဇ္ဇာန်ဝင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကျော်စိုး၊ မချမ်းမြေ့မေ..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။



၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့)

(၁၃၇၉)ခုနှစ်၊ ပြာသိုလဆန်း (၂)ရက်

မင်းချီးမြှင့်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ ပန်းချီ,ပန်းပုနှင့် ပန်း(၁၀)မျိုး လုပ်ငန်းများ စတင်ရန်၊ ဂီတအနုပညာလုပ်ငန်းများ ဆောင်ရွက်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ စပါးရိတ်သိမ်းရန် တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေး လိုပါက မောင်ဇော်ဝင်းထွန်း၊ မဆွေလှိုင်ဝင်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။



၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့)

(၁၃၇၉)ခုနှစ်၊ ပြာသိုလဆန်း (၃)ရက်

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်ရန်၊ ပညာစသင်ရန်၊ ဆံရိတ်,ဆံသ ပြုရန်၊ အလှုပြင်ရန်၊ အလှကုန်ပစ္စည်း ဖြန့်ချိရောင်းဝယ်ရန်၊ ဖက်ရှင်ဒီဇိုင်း တီထွင်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ သီးနှံစိုက်ပျိုးရန်၊ စပါးရိတ်သိမ်းရန်၊ ပရဟိတလုပ်ငန်း စတင်ဖွဲ့စည်းရန်၊ အလုပ်သစ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ (၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမင်းထွန်း၊ မယမင်းထက်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။



၂၃-၁၂-၂၀၁၇ (စနေနေ့)

(၁၃၇၉)ခုနှစ်၊ ပြာသိုလဆန်း (၆)ရက်

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံရှင်ပြုနှင့် နားသမင်္ဂလာပွဲ ကျင်းပရန်၊



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍာပ်နှင့် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချရန်၊ အုတ်စီ,ကျောက်သွေးလောင်းရန်၊ အိမ်တိုင်ထူရန်၊ လှေကားထောင်ရန်၊ အိမ်သစ်တက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉:၀၀)နာရီမှ (၁၀:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထွန်းနိုင်နောင်၊ မထက်ထက်ထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။



## ၂၆-၁၂-၂၀၁၇ (အင်္ဂါနေ့)

## (၁၃၇၉)ခုနှစ်၊ ပြာသိုလဆန်း (၉)ရက်

တိထိရက်မြတ်ယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချရန်၊ အုတ်စီ,ကျောက်သွေးလောင်းရန်၊ လှေကားထောင်ရန်၊ အိမ်သစ်တက်ရန်၊ အိမ်ပြောင်းရွှေ့ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ပန်းချီ,ပန်းပု စသော ပန်း(၁၀)မျိုးလုပ်ငန်း ဆောင်ရွက်ရန် တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃:၀၀)နာရီမှ (၄:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေး လိုပါက မောင်ဇော်ဝင်းထွန်း၊ မဆွေဆွေထက်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အညိုရောင် ဖြစ်သည်။



## ၂၈-၁၂-၂၀၁၇ (ကြာသပတေးနေ့)

## (၁၃၇၉)ခုနှစ်၊ ပြာသိုလဆန်း (၁၁)ရက်

ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ အနေကဇာတင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ စေ့စပ်,လက်ထပ်ရန်၊ ဆံရိတ်,ဆံသ ပြုရန်၊ အလှပြင်ရန်၊ တရားစီရင်ရန်၊ ပညာစသင်ရန်၊ အောင်ဘာလေထီ ထိုးရန်၊ ဆေးဝါးကုသမှု ခံယူရန်၊ ငွေကြေးချေးငှားရန်၊ စက်သုံးဆီ ရောင်းဝယ်ရန်၊ သစ်ပင်စိုက်ရန်၊ စပါးပျိုးကြဲရန်၊ လယ်ယာသီးနှံများ ဆွတ်ခူး,ရိတ်သိမ်းရန်၊ အချေးစကား ဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟု ကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေး ကို နာမည်ပေးလိုပါက မောင်မင်းဟိန်းထက်၊ မမြတ်သန္တာထွန်း..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့ အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။



## ၃၀-၁၂-၂၀၁၇ (စနေနေ့)

## (၁၃၇၉)ခုနှစ်၊ ပြာသိုလဆန်း (၁၃)ရက်


ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တု စူးစမ်းရှာဖွေရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ အားကစားပြိုင်ပွဲ ကျင်းပ ရန်၊ ဂီတအနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အုတ်မြစ်ချ တိုင်ထူရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ ငွေကြေးချေးငှားရန်၊ ပညာစသင်ရန်၊ တိရစ္ဆာန် ရောင်းဝယ်ရန်၊ အောင်ဘာလေထီထိုးရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန် တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထွန်းနိုင်၊ မထက်ထက်ထွန်း··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အစိမ်းရောင် ဖြစ်သည်။




**၃၁-၁၂-၂၀၁၇ (တနင်္ဂနွေနေ့)**

**(၁၃၇၉)ခုနှစ်၊ ပြာသိုလဆန်း (၁၄)ရက်**

အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆိုင်းဘုတ်တင်ရန်၊ ဆိုင်သစ်,ကုမ္ပဏီသစ် ထူထောင်ဖွင့်လှစ်ရန်၊ ရတနာရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံဆောက်လုပ်ရန်၊ အိမ်တက်၊ လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတီဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ကျော်ထွန်း၊ မအေးချမ်းမေ··ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ မိုးပြာရောင် ဖြစ်သည်။

မင်းမဟော်ညွန့်

ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃၃၄

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟောသက်ရှိခဲ့သော

# ဆရာကြီးအရဟံဆရာအောင်

## အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

**မော်လမြိုင်၊ ခေါင်းဆေးကျွန်း။ ပဲခူး ဒေးဝွန်ပါ၊ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု**

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊
  နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။
  ကုံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ(တနင်္လာနေ့ပိတ်သည်)

မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ ၀၉ ၉၇၂ ၆၃၂ ၂၇၂

အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊

အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆



www.burmeseclassic.com

www.burmeseclassic.com

# [၂၀၁၈]ခုနှစ် နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်က သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း၊ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နက္ခတ်ရွှတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချီကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇ံ ၃၂')၊ မြောက်လတ္တီတွဒ်(၁၆ံ ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉၄၀၁၅၃၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ် သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

**ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

**ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

**မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၆း၁၀ - ၈း၁၀ | မိန် |
| ၈း၁၀ - ၁၀း၁၀ | မိဿ |
| ၁၀း၁၀ - ၁၂း၁၀ | ပြိဿ |
| ၁၂း၁၀ - ၁၄း၁၀ | မေထုန် |
| ၁၄း၁၀ - ၁၆း၁၀ | ကရကဋ် |
| ၁၆း၁၀ - ၁၈း၁၀ | သိဟ် |
| ၁၈း၁၀ - ၂၀း၁၀ | ကန် |
| ၂၀း၁၀ - ၂၂း၁၀ | တူ |
| ၂၂း၁၀ - ၂၄း၁၀ | ဗြိစ္ဆာ |
| ၂၄း၁၀ - ၂း၁၀ | ဓနု |
| ၂း၁၀ - ၄း၁၀ | မကာရ |
| ၄း၁၀ - ၆း၁၀ | ကုမ် |

**ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၀၅း၄၅ - ၀၇း၄၅ | [illegible] |
| ၀၇း၄၅ - ၀၉း၄၅ | [illegible] |
| ၀၉း၄၅ - ၁၁း၄၅ | [illegible] |
| ၁၁း၄၅ - ၁၃း၄၅ | [illegible] |
| ၁၃း၄၅ - ၁၅း၄၅ | [illegible] |
| ၁၅း၄၅ - ၁၇း၄၅ | [illegible] |
| ၁၇း၄၅ - ၁၉း၄၅ | [illegible] |
| ၁၉း၄၅ - ၂၁း၄၅ | [illegible] |
| ၂၁း၄၅ - ၂၃း၄၅ | [illegible] |
| ၂၃း၄၅ - ၀၁း၄၅ | [illegible] |
| ၀၁း၄၅ - ၀၃း၄၅ | [illegible] |
| ၀၃း၄၅ - ၀၅း၄၅ | [illegible] |



www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ
ဇွန်လ (၁၄)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅း၂၅ - ၇း၂၅ | ပြိဿ |
| ၇း၂၅ - ၉း၂၅ | မေထုန် |
| ၉း၂၅ - ၁၁း၂၅ | ကရကဋ် |
| ၁၁း၂၅ - ၁၃း၂၅ | သိဟ် |
| ၁၃း၂၅ - ၁၅း၂၅ | ကန် |
| ၁၅း၂၅ - ၁၇း၂၅ | တူ |
| ၁၇း၂၅ - ၁၉း၂၅ | ဗြိစ္ဆာ |
| ၁၉း၂၅ - ၂၁း၂၅ | ဓနု |
| ၂၁း၂၅ - ၂၃း၂၅ | မကာရ |
| ၂၃း၂၅ - ၁း၂၅ | ကုမ် |
| ၁း၂၅ - ၃း၂၅ | မိန် |
| ၃း၂၅ - ၅း၂၅ | မိဿ |

ဇွန်လ (၁၅)ရက်မှ
ဇူလိုင်လ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅း၂၀ - ၇း၂၀ | မေထုန် |
| ၇း၂၀ - ၉း၂၀ | ကရကဋ် |
| ၉း၂၀ - ၁၁း၂၀ | သိဟ် |
| ၁၁း၂၀ - ၁၃း၂၀ | ကန် |
| ၁၃း၂၀ - ၁၅း၂၀ | တူ |
| ၁၅း၂၀ - ၁၇း၂၀ | ဗြိစ္ဆာ |
| ၁၇း၂၀ - ၁၉း၂၀ | ဓနု |
| ၁၉း၂၀ - ၂၁း၂၀ | မကာရ |
| ၂၁း၂၀ - ၂၃း၂၀ | ကုမ် |
| ၂၃း၂၀ - ၁း၂၀ | မိန် |
| ၁း၂၀ - ၃း၂၀ | မိဿ |
| ၃း၂၀ - ၅း၂၀ | ပြိဿ |

ဇူလိုင် (၁၆)ရက်မှ
ဩဂုတ်လ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅း၃၀ - ၇း၃၀ | ကရကဋ် |
| ၇း၃၀ - ၉း၃၀ | သိဟ် |
| ၉း၃၀ - ၁၁း၃၀ | ကန် |
| ၁၁း၃၀ - ၁၃း၃၀ | တူ |
| ၁၃း၃၀ - ၁၅း၃၀ | ဗြိစ္ဆာ |
| ၁၅း၃၀ - ၁၇း၃၀ | ဓနု |
| ၁၇း၃၀ - ၁၉း၃၀ | မကာရ |
| ၁၉း၃၀ - ၂၁း၃၀ | ကုမ် |
| ၂၁း၃၀ - ၂၃း၃၀ | မိန် |
| ၂၃း၃၀ - ၁း၃၀ | မိဿ |
| ၁း၃၀ - ၃း၃၀ | ပြိဿ |
| ၃း၃၀ - ၅း၃၀ | မေထုန် |

ဩဂုတ်လ (၁၇)ရက်မှ
စက်တင်ဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅း၄၀ - ၇း၄၀ | သိဟ် |
| ၇း၄၀ - ၉း၄၀ | ကန် |
| ၉း၄၀ - ၁၁း၄၀ | တူ |
| ၁၁း၄၀ - ၁၃း၄၀ | ဗြိစ္ဆာ |
| ၁၃း၄၀ - ၁၅း၄၀ | ဓနု |
| ၁၅း၄၀ - ၁၇း၄၀ | မကာရ |
| ၁၇း၄၀ - ၁၉း၄၀ | ကုမ် |
| ၁၉း၄၀ - ၂၁း၄၀ | မိန် |
| ၂၁း၄၀ - ၂၃း၄၀ | မိဿ |
| ၂၃း၄၀ - ၁း၄၀ | ပြိဿ |
| ၁း၄၀ - ၃း၄၀ | မေထုန် |
| ၃း၄၀ - ၅း၄၀ | ကရကဋ် |

စက်တင်ဘာလ (၁၇)ရက်မှ
အောက်တိုဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅း၅၀ - ၇း၅၀ | ကန် |
| ၇း၅၀ - ၉း၅၀ | တူ |
| ၉း၅၀ - ၁၁း၅၀ | ဗြိစ္ဆာ |
| ၁၁း၅၀ - ၁၃း၅၀ | ဓနု |
| ၁၃း၅၀ - ၁၅း၅၀ | မကာရ |
| ၁၅း၅၀ - ၁၇း၅၀ | ကုမ် |
| ၁၇း၅၀ - ၁၉း၅၀ | မိန် |
| ၁၉း၅၀ - ၂၁း၅၀ | မိဿ |
| ၂၁း၅၀ - ၂၃း၅၀ | ပြိဿ |
| ၂၃း၅၀ - ၁း၅၀ | မေထုန် |
| ၁း၅၀ - ၃း၅၀ | ကရကဋ် |
| ၃း၅၀ - ၅း၅၀ | သိဟ် |

အောက်တိုဘာလ (၁၇)ရက်မှ
နိုဝင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅း၅၅ - ၇း၅၅ | တူ |
| ၇း၅၅ - ၉း၅၅ | ဗြိစ္ဆာ |
| ၉း၅၅ - ၁၁း၅၅ | ဓနု |
| ၁၁း၅၅ - ၁၃း၅၅ | မကာရ |
| ၁၃း၅၅ - ၁၅း၅၅ | ကုမ် |
| ၁၅း၅၅ - ၁၇း၅၅ | မိန် |
| ၁၇း၅၅ - ၁၉း၅၅ | မိဿ |
| ၁၉း၅၅ - ၂၁း၅၅ | ပြိဿ |
| ၂၁း၅၅ - ၂၃း၅၅ | မေထုန် |
| ၂၃း၅၅ - ၁း၅၅ | ကရကဋ် |
| ၁း၅၅ - ၃း၅၅ | သိဟ် |
| ၃း၅၅ - ၅း၅၅ | ကန် |

နိုဝင်ဘာလ (၁၆)ရက်မှ
ဒီဇင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၅၅ - ၈း၅၅ | ဗြိစ္ဆာ |
| ၈း၅၅ - ၁၀း၅၅ | ဓနု |
| ၁၀း၅၅ - ၁၂း၅၅ | မကာရ |
| ၁၂း၅၅ - ၁၄း၅၅ | ကုမ် |
| ၁၄း၅၅ - ၁၆း၅၅ | မိန် |
| ၁၆း၅၅ - ၁၈း၅၅ | မိဿ |
| ၁၈း၅၅ - ၂၀း၅၅ | ပြိဿ |
| ၂၀း၅၅ - ၂၂း၅၅ | မေထုန် |
| ၂၂း၅၅ - ၂၄း၅၅ | ကရကဋ် |
| ၂၄း၅၅ - ၂း၅၅ | သိဟ် |
| ၂း၅၅ - ၄း၅၅ | ကန် |
| ၄း၅၅ - ၆း၅၅ | တူ |

ဒီဇင်ဘာလ (၁၆)ရက်မှ
ဇန်နဝါရီလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၅၅ - ၈း၅၅ | ဓနု |
| ၈း၅၅ - ၁၀း၅၅ | မကာရ |
| ၁၀း၅၅ - ၁၂း၅၅ | ကုမ် |
| ၁၂း၅၅ - ၁၄း၅၅ | မိန် |
| ၁၄း၅၅ - ၁၆း၅၅ | မိဿ |
| ၁၆း၅၅ - ၁၈း၅၅ | ပြိဿ |
| ၁၈း၅၅ - ၂၀း၅၅ | မေထုန် |
| ၂၀း၅၅ - ၂၂း၅၅ | ကရကဋ် |
| ၂၂း၅၅ - ၂၄း၅၅ | သိဟ် |
| ၂၄း၅၅ - ၂း၅၅ | ကန် |
| ၂း၅၅ - ၄း၅၅ | တူ |
| ၄း၅၅ - ၆း၅၅ | ဗြိစ္ဆာ |

## (၂၀၁၇)ခုနှစ်၊ ဒီဇင်ဘာလအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### မိဿလဂ် (Aries)



ကုမ္ပဏီ၊ အစုရှယ်ယာစတဲ့ သင့်ဖက်စပ်လုပ်ငန်းများ ဘေးလူများ မနှာလိုဖြစ်လောက်အောင်ထိ အောင်မြင်နေမည်။ အတိုက်အခံ ဆန့်ကျင်ဘက်များကလည်း လုပ်ငန်းရပ်တန့်သွားအောင်၊ ဂုဏ်သိက္ခာညှိုးနွမ်းသွားအောင် အမျိုးမျိုး တိုက်ခိုက်နေလိမ့်မည်။ သို့သော် သင်အောင်မြင်မည်။ ခုမှစတင်လုပ်ကိုင်မည့်သူဆိုပါက (၂၀)ရက်နောက်ပိုင်းမှ စတင်လိုက်ပါ။ ထီပေါက်တတ်၏။ မိခင်နှစ်သက်တတ်တဲ့ အစာအာဟာရတစ်ခုခု ဝယ်ကျွေးပြီးမှ (၃)စ (၅)ဆုံး ဂဏန်းများကို ရွေးချယ်ကံစမ်းလိုက်ပါ။ စပ်တူထိုးလိုသူများ အင်္ဂါ၊ ကြာသပတေး သားသမီးများနှင့် စပ်ထိုး သင့်ပါသည်။ အိမ်ထောင်ရေး အထူးသာယာနေမည်။ လျှို့ဝှက်အိမ်ထောင်ရှင်များဆိုပါက တတိယပတ်နောက်ပိုင်း ပြဿနာတက်လာတတ်ပါသည်။ လုံ့လဝီရိယများ အထူးကောင်းမွန်နေမည်။ မိမိကိုယ်ကျင့်တရားကြောင့် ဝင်ငွေကောင်းနေတတ်ပါသည်။ အခက်အခဲ တွေ့နေပါက ညီအစ်ကိုမောင်နှမ အကြံဉာဏ်ကို ယူပါ။

www.burmeseclassic.com

အဆင်ပြေလိမ့်မည်။ ဘဝရဲ့ အခြေခံကျတဲ့ လုပ်ငန်းများ ဦးစားပေး လုပ်ဆောင်ပါ။ အထူးအောင်မြင်မည်။ ဘာသာရေးဆိုင်ရာ စည်းရုံးဟောပြောပါက အထူးအောင်မြင်မည်။ အိမ်ထောင်ပြုလိုသူများ ပြုဖြစ်သွားမည်။ လိုရာသုံး အကျိုးပေးဂဏန်းများကတော့ (၅၊ ၃၊ ၀၊ ၇၊ ၈)ပါ။

**ယတြာ**

သော့ပျက်၊ သော့ဟောင်းများ ရှိနေပါက သောကြာထောင့်သို့ လွှင့်ပစ်လိုက်ပါ။

## ပြိဿလဂ် (Taurus)



ပညာသင်လူငယ်များ ယောင်ချာချာ ဖြစ်နေတတ်၏။ အိမ်ထောင်ရှင်များ ကတောက်ကဆ ဖြစ်နေမည်။ ကုမ္ပဏီ ဖက်စပ်လုပ်ငန်းရှင်များ အထူးအောင်မြင်ပြီး အကျိုးအမြတ်ကောင်း ခံစားရမည်။ အိမ်ခန်း၊ တိုက်ခန်း ဝယ်မည့်သူများ (၁၆)ရက်အတွင်း ဝယ်ပါ။ နိုင်ငံရေးလှုပ်ရှားမိပါက ပညာရေးရပ်သွားလိမ့်မည်။ စည်းရုံးရေးမှန်သမျှ ရှောင်ပါ။ သားသမီးအရေး တွေးပူနေရမည်။ တစ်ပူမှာ နှစ်ပူဆင့်ဆိုသလို အိမ်ထောင်ဖက်အတွက်ရော သားသမီးအတွက်ပါ ပူနေရတတ်၏။ အနာရောဂါ ဝေဒနာဟောင်းများ ပြန်ဖြစ်လာတတ်ပါသည်။ ပုံမှန်အိပ်၊ ပုံမှန်စားပေးပါ။ ဘာလုပ်လုပ် အဆင်မပြေချင်တဲ့ကာလမို့ အရာရာသတိလေးတော့ ထားပါလေ။ မခံချင်စိတ်ကြောင့် သွေးတိုးနေတတ်၏။ အလှပြင်ဆရာများ အလှပြင်စဉ် ဘေးဥပဒ်ဖြစ်တတ်၏။ ဂုဏ်ကိုဖက်ကာ အလုပ်မလုပ်ပါနှင့်၊ ဂုဏ်ပျက်တတ်၏။ အမှတ်တမဲ့ပြောလိုက်တဲ့ စကားတစ်ခွန်းကြောင့် ပြဿနာကြီး ဖြစ်လာတတ်၍ စကားကို ဆင်ခြင်ပြောပါ။ ရွှေလုပ်ငန်းရှင်များ ထင်သလောက် မပေါက်နိုင်တဲ့ ကာလပါ။ လိုရာသုံး အကျိုးပေးဂဏန်းများကတော့ (၄၊ ၈၊ ၆၊ ၁၊ ၀)ပါ။

**ယတြာ**

မေတ္တာသုတ်ကိုသာ မနက်ည ပုံမှန်လေးရွတ်ပေးပါ။ ဘေးရန်ကင်းကွာ ချမ်းသာရလိမ့်မည်။

## မေထုန်လဂ် (Gemini)



အိမ်ထောင်ဖက်အတွက် သောကမကင်းနိုင် ဖြစ်နေမည်။ အိမ်ထောင်ပြုလိုသူများ မပြုဖြစ်။ ပြုပြီးသူများ စိတ်ဆင်းရဲနေရမည်။ လုပ်ဖော်ကိုင်ဖက်ထံမှ ရသင့်သည်များ တောင်းမရ၍ စိတ်ညစ်နေရမည်။ သားရေးသမီးရေး စိတ်အေးရမည်။ လက်အောက်ငယ်သား၊ တပည့်တပန်းများကြောင့် စိတ်ချမ်းသာရလိမ့်မည်။ ငွေကြေးကိစ္စအားလုံး အဆင်ပြေနေမည်။ အချစ်ရေးကတော့ ပြေမြဲပြေနေမည်။ ချစ်သူမရှိသူများလည်း အဆင်တပြေ ချစ်သူတွေ့မည်။ ပညာသင်လူငယ်များ ပညာရေး အထူးအောင်မြင်မည်။ ဝင်ငွေလာဘ်လာဘ အထူးကောင်းနေမည်။ သင်တန်းတစ်ခုခု တက်ရောက်သင်ယူရတတ်၏။ ကျန်းမာရေး ကောင်းနေမည်။ ရည်မှန်းချက် အောင်မြင်မည်။ မိမိစိတ်ဝင်စားတဲ့ အရာကို မဖြစ်မနေ လုပ်ဖြစ်အောင် လုပ်လိုက်ပါ။ မုချအောင်မြင်ပါလိမ့်မည်။ ယုံကြည်စွာ အကောင်အထည်ဖော်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၅၊ ၇၊ ၀၊ ၉)ပါ။

**ယတြာ** - မွေးနေ့တိုင်း သမ္ဗုဒ္ဓေဂါထာကို မနက်၊ည သက်စေ့ ရွတ်ဆိုပါ။ အထူးအဆင်ပြေလိမ့်မည်။

## ကရကဋ်လဂ် (Cancer)



သင့်ရည်မှန်းချက်တွေကို စွန့်လွှတ်ရတော့မလိုလို ဖြစ်လာတတ်ပါသည်။ သင်ကိုယ်တိုင်လည်း ငါ လုပ်မှ လုပ်ဖြစ်ပါ့မလားလို့ တွေးတောပူပန်နေမည်။ ဘာပဲဖြစ်ဖြစ် ကျန်းမာရေးကို အထူးဂရုစိုက်ပါ။ လူမသေ ငွေမရှား ဆိုးရိုးစကားသို့ သက်ရှည်ကျန်းမာဖို့ အဓိကအာရုံစိုက်ပါ။ အိမ်ထောင်ရှင်များ လျှို့ဝှက်အိမ်ထောင်ရေးကို စိတ်ဝင်စားနေတတ်၏။ လူငယ်များ အချစ်နယ်ကျွံတတ်၍ အထူးသတိထားသင့်တဲ့ ကာလပါ။ လက်ထပ်မင်္ဂလာပြုမည့်သူများ အလွယ်က ခက်ခဲနေမည်။ အိမ်ခန်းဝယ်ယူလိုသူများ ဝယ်ဖြစ်သွားမည်။ ယာဉ်ပစ္စည်းများ ဝင်လာတတ်၏။ ကောင်းပါသည်၊ လက်ခံလိုက်ပါ။ အလုပ်တွက် မပူပါနှင့်၊ အဆင်ပြေသွားမည်။ အကြင်းသံယောဇဉ်ကြောင့် ပညာသင်လူငယ်တစ်ဦး၏ ပညာရေးအတွက် ကူညီဖြစ်သွားမည်။ လောလောဆယ် အ... ကိစ္စကို ခေါင်းထဲမထည့်ပါနှင့်။ ပြဿနာ ဖြစ်တတ်သွား...



www.burmeseclassic.com

www.burmeseclassic.com

မိမိအလုပ်ကိုသာ ကြိုးစားပါလေ။ နိုင်ငံခြားခရီး သွားရောက်လိုသူများ အဆင်တပြေ သွားဖြစ်မည်။ ရောက်နေပြီးသူများ အထူးအဆင်ပြေနေမည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၂၊ ၁၊ ၃၊ ၆)ပါ။

ယတြာ

ဗုဒ္ဓဟူးနေ့ ညနေဘက်မှာ ရွက်လှပန်းကို ဘုရားလှူပြီး လိုရာဆုတောင်းပါလေ။

## သိဟ်လဂ် (Leo)



သင်တန်းပညာ၊ အတန်းပညာ၊ အတတ်ပညာ၊ မည်သည့်ပညာမဆို အဆင်ပြေမည်။ ကျောင်းဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ ပညာရေးဝန်ဆောင်သူများ အားလုံးအကျိုးရှိမည်။ အလှပြင်သူများ၊ အိမ်ရောင်းဝယ်သူများ၊ ပန်းချီဆရာများ နာမည်ကြီး ထမင်း တတ် ဖြစ်နေတတ်ပါသည်။ ယခင် ရပ်တန့်ထားတဲ့ အလုပ်များ ပြန်လည်လုပ်ဖြစ်သွားလိမ့်မည်။ ဆုံးရှုံးထားသည်များ ပြန်ရမည်။ ဆေးရုံ၊ ဆေးခန်းကိစ္စများ အကူအညီပေးရတတ်၏။ လူမှုကူညီရေး လုပ်ကိုင်သူများ စိတ်ဓာတ်ကျရောများ ကြုံရပြီး မလုပ်ချင်မကိုင်ချင် ဖြစ်နေမည်။ အရွယ်လွန်ပြီးမှ ဘဝကိုအားမရလို့ အတတ်ပညာတစ်ခု သင်ယူလိုစိတ် ပြင်းပြနေတတ်၏။ ဖြစ်အောင် သင်လိုက်ပါ။ အကျိုးရှိလိမ့်မည်။ ဘဏ်လုပ်ငန်းရှင်များ၊ ဘဏ်ဝန်ထမ်းများ မဖြစ်သင့်တဲ့ ပြဿနာများ ဖြစ်လာတတ်၏။ စာရင်းအင်းနှင့် မိမိလုပ်ပိုင်ခွင့်ကို အထူးဂရုစိုက်ပါ။ အစုစပ်လုပ်ဆောင်ရမည့် လုပ်ငန်းဟူသမျှ လက်ရှောင်ပါ။ အင်းလုပ်၊ အိမ်းမလုပ်တဲ့ ချစ်သူကြောင့် အဆိပ်သောက်ပြီး ဘဝကို အဆုံးစီရင်ချင်စိတ် ပေါက်နေတတ်၏။ ဒီအတွက် သီးခြားယတြာကား အိပ်ရာဝင်ခါနီး အိမ်ရှိဘုရားကို ဆီမီးတိုင် ပူဇော်ပါလေ။ ဤလတွင် ကလေးမွေးမည့်သူများ ဒုတိယပတ်ကို ရှောင်နိုင်သမျှ ရှောင်သင့်ပါသည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၅၊ ၁၊ ၈၊ ၇)ပါ။

ယတြာ

တတ်နိုင်သူ ပန်ကာလှူ၊ မတတ်နိုင်သူများ ယပ်တောင်လှူပါ။ အပူကင်းသွားလိမ့်မည်။

## ကန်လဂ် (Virgo)



ကျန်းမာရေး အနည်းငယ် ညှိုနေတတ်သေး၏။ ရည်မှန်းချက်များ အောင်မြင်လိုက်၊ မအောင်မြင်လိုက် ဖြစ်နေမည်။ ဘဏ်လုပ်ငန်းရှင်များ အထူးအဆင်ပြေမည်။ ဘဏ်ဝန်ထမ်းများ၊ အစုစပ်ဝယ်သူများ အကျိုးအမြတ်များမည်။ အမွေအနှစ်များ ရတတ်၏။ အလုပ်အကိုင်ကတော့ အဆင်ပြေနေမှာ သေချာ၏။ ယခင်ကသင်နှင့် ပြိုင်ဆိုင်နေသူများ နေနီး ကြယ်ပမာ မှေးမှိန်သွားမည်။ အနာရောဂါများ သူ့အလိုလို သက်သာပျောက်ကင်းသွားမည်။ ငွေကြေး စုဆောင်းမိမည်။ မှတ်ဉာဏ်အားကောင်းပြီး ကျက်မှတ်ရ လွယ်ကူနေမည်။ နေအိမ်နေရာဒေသ၊ အကြင်နာသံယောဇဉ်၊ မိခင်၊ ဇိမ်ခံပစ္စည်း ဤလေးမျိုး တစ်မျိုးမျိုးကြောင့် ခိုက်ရန်ဒေါသဖြစ်ရတတ်ပါသည်။ ကားဝယ်ရန် စိတ်ကူးထားသူများ မဝယ်သင့်ပါ။ ဝယ်လျှင် ပြဿနာမကင်း၊ စိတ်တိုင်းမကျဖြစ်နေရတတ်ပါသည်။ ဝါတောင်သူများ ဝါရောင်းလျှင် မှန်းဈေးမရနိုင်၊ မရောင်းပါနှင့်။ လှေ၊ စက်လှေဖြင့် လုပ်ကိုင်စားသောက်သူများ အတန်အသင့်သာ အောင်မြင်မည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၁၊ ၈၊ ၇၊ ၂)ပါ။

ယတြာ - စာရေးဆရာ၊ ဗေဒင်ဆရာ၊ တရားဟောဘုန်းကြီး သင်နီးစပ်ကြည်ညိုသူအား စာအုပ်လှူပါ။

## တူလဂ် (Libra)



ဘဝရည်မှန်းချက်များ အောင်မြင်နေမည်။ ရည်မှန်းချက်သစ်များ စတင်အကောင်အထည်ဖော်လိုပါသလား၊ ဖော်ဖြစ်အောင် ဖော်လိုက်ပါ။ အောင်မြင်လိမ့်မည်။ ဘဏ်လုပ်ငန်း၊ အစုရှယ်ယာလုပ်ငန်း၊ အာမခံလုပ်ငန်း၊ ငွေတိုးငွေကြေးလုပ်ငန်း၊ အပေါင်ဆိုင်လုပ်ငန်းများအားလုံး အလုပ်ရှင်ရော ဝန်ထမ်းပါ အဆင်တပြေအောင်မြင်နေမည်။ အိမ်ထောင်ရေး အထူးသာယာမည်။ အိမ်ထောင်ပြုရန် ရည်ရွယ်သူများ တင့်တင့်တယ်တယ် အိမ်ထောင်ကျသွားမည်။ ချစ်သူစုံတွဲများ မမျှော်လင့်ဘဲ လက်ထပ်ဖြစ်သွားတတ်၏။ စကားအပြောအဆို သင်ခြင်



www.burmeseclassic.com

www.burmeseclassic.com

ပေးပါ။ မဆင်ခြင်လျှင် ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးရင်းချာများနှင့် စိတ်ဝမ်းကွဲလိမ့်မည်။ ဂုဏ်သိက္ခာရှိအောင် နေထိုင်ပြောဆိုပါက ထူးကိုထူးလိမ့်မည်။ ပညာရေးမှာ ဖွဲ့ကောင်းနေမည်။ ငွေကြေးနောက် လိုက်နေသူများ အဆင်မပြေနိုင်ပါ။ သားသမီးအရေး ပူဆွေးနေရတတ်၏။ အလုပ်အကိုင်ပြောင်းလဲချင်စိတ် ပေါက်နေတတ်၏။ မပြောင်းလဲသင့်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၆၊ ၈၊ ၅၊ ၇)ပါ။

ယတြာ

တိရစ္ဆာန်ရုံသွားပြီး ယုန်ကလေးတွေကို အစာကျွေးလိုက်ပါ။ အောင်မြင်သွားလိမ့်မည်။

## ဗြိစ္ဆာလဂ် (Scorpio)



လိုချင်တာမရ၊ မလိုချင်တာ ရနေတတ်၏။ ဘဝနှင့်ဆန္ဒ ထပ်တူမကျနိုင်ဟု ဆိုရပေမည်။ ပိုက်ဆံစုဆောင်းမရ၍ စိတ်ညစ်နေရတတ်၏။ မျက်စိတစ်ဖက်ကလည်း ကြည့်မကောင်းချင် ဖြစ်နေတတ်၏။ စိတ်မပျက်ပါနှင့်၊ ရှေ့ဆက်ချီတက်ပါ။ အောင်မြင်မှုရပါလိမ့်မည်။ အနေအထိုင် အပြောအဆို သတိထားပါလေ။ အလိုလိုနေရင်း အရှက်ရတတ်၏။ သားသမီးတစ်ယောက်ဆေးရုံ၊ ဆေးခန်း ရောက်တတ်၏။ သောက်ရေသန့် လုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များ မှန်လျက်နှင့် ကပြောင်းကပြန်ဖြစ်ကာ စိတ်ညစ်နေရတတ်ပါသည်။ ရွှေလုပ်ငန်းရှင်များ၊ ရွှေပန်းထိမ်သည်များ၊ ရွှေဆိုင်ဝန်ထမ်းများ အလုပ်အကိုင်ရော ငွေကြေးပါ ကမောက်ကမ ဖြစ်နေမည်။ ငါးပိ၊ ငါးခြောက် ရောင်းဝယ်သူများ ထင်သလောက်မဖြစ်နိုင်ပါ။ အရင်းအနှီး လျှော့ထားပါ။ ဘာကိစ္စဖြစ်ဖြစ်၊ ဘယ်အလုပ်ဖြစ်ဖြစ် မှားမှား၊မှန်မှန် အတိုက်အခံတွေက မိမိအနိုင်ရလိမ့်မည်။ ယခင်က မကောင်းခဲ့တဲ့အလုပ် ယခုကောင်းနေမည်။ အလုပ်အကိုင် ရှာဖွေနေသူများ အနှောင့်အယှက်ကင်းစွာ အလုပ်ရသွားမည်။ ဇာတ်သဘင်၊ တေးဂီတ၊ ရုပ်ရှင်အနုပညာသည်များ အဆင်မပြေနိုင်။ မနှစ်နာသင့်ဘဲ နစ်နာနေတတ်၏။ သယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်များ အထူးအောင်မြင်မည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၉၊ ၁၊ ၀၊ ၄၊ ၂)ပါ။

ယတြာ

ရွှေမဝတ်ပါနှင့်။ ရေလှော့ပေါ့ သောက်ပါ။ ဘေးရန်ကင်းကွာ ကျန်းမာလိမ့်မည်။

## ဓနုလဂ် (Sagittarius)



အဆင်ပြေမလို့ စခါစပဲ ရှိသေးသည်။ လောကဓံက နောက်တစ်မျိုး တိုးဝင်လာတတ်၏။ တည်ငြိမ်အောင် ကြိုးစားနေမှ လှုပ်ရှားစရာ ပေါ်လာတတ်ပါသည်။ သို့သော် သင်ကိုယ်တိုင် စည်းကမ်း၊ ကိုယ်ကျင့်တရား ကောင်းနေမည်ဟု ယုံကြည်၏။ ဆရာကောင်းသမားကောင်း တွေ့ပြီး နည်းကောင်းလမ်းမှန် ရောက်နေတတ်၏။ သို့မဟုတ်ပါက ဒုက္ခကို ဖိတ်ခေါ်နေသလိုဖြစ်နေတတ်ပါသည်။ အိမ်ထောင်ရေး အဆင်မပြေချင်ပါ။ အခန့်မသင့်က ကွဲတတ်ပါသည်။ အရေးကြီးကိစ္စ၊ အရေးပါတဲ့သူများကို ဆက်သွယ်လို့မရ ဖြစ်နေတတ်ပါသည်။ ပညာရေးဝန်ထမ်းများ နောက်ဆုံးအကြိမ် သတိပေးခြင်းကို ခံရတတ်၏။ ကျောင်းသားကျောင်းသူများ ပညာရေး စိုးရိမ်စရာ မရှိနိုင်ပါ။ ထူးချွန်ထက်မြက်နေမည်။ ကျန်းမာရေး ဂရုစိုက်ပေးပါ။ ညီအစ်ကိုမောင်နှမများနှင့် အကျိုးတူ ပူးပေါင်းလုပ်စရာ ပေါ်လာတတ်၏။ မလုပ်သင့်၊ ရှောင်ဖြစ်အောင် ရှောင်လိုက်ပါ။ သွားကိုက်ခြင်း၊ သွားကျင်ခြင်းစတဲ့ သွားဝေဒနာတစ်ခုခု ခံစားရတတ်၏။ ငွေများ သွားကြောင့် ကုန်နေတတ်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်များ ဒုတိယ၊ တတိယပတ်အတွင်း မွေးဖွားရမည်ဆိုပါက ကျွမ်းကျင်ဗေဒင်ဆရာနှင့် တိုင်ပင်သင့်၏။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၈၊ ၁၊ ၅၊ ၉)ပါ။

ယတြာ

ဒံပေါက်တစ်ထုပ် ပီတောက်တစ်ညွန့်စီ ရေစည်ပြီး ဒံပေါက်သုံးထုပ် သီလရှင်ကို လှူပါ။

## မကာရလဂ် (Capricon)



သင့်ကျန်းမာရေးအခြေအနေ မကောင်းနိုင်ပါ။ သွေးနှင့် ပတ်သက်တဲ့ဝေဒနာ ခံစားနေရတတ်၏။ အလုပ်လည်း ... လျက်နှင့် လုပ်အားခ မရတဲ့အဖြစ်

www.burmeseclassic.com

www.burmeseclassic.com

နှင့် ကြုံရတတ်၏။ သို့မဟုတ် အလုပ်တွင် ပြဿနာဖြစ်တတ်ပါသည်။ အလုပ်အကိုင် ရှာဖွေနေသူများ အလုပ်အဆင်ပြေမလိုလိုနှင့် မပြေနိုင်ပါ။ ရှုပ်ထွေးနေတဲ့စိတ်ကို မထိန်းနိုင်က ချုပ်နှောင်ခံရမည်။ လျှို့ဝှက်အိမ်ထောင်ရေးမှာ သူခိုးကို လူမမိသော်လည်း ကံကြမ္မာက မိသွား၍ ဒုက္ခကြီး ရောက်ရတတ်ပါသည်။ အထူးဆင်ခြင် ရှောင်ကြဉ်ပါ။ ဥပဒေမကင်းတဲ့ ဖက်စပ်လုပ်ငန်းများ စိတ်ဝင်တစား ဖြစ်နေတတ်၏။ မတတ်သာလို့ဆိုတဲ့ စကားကို ဆင်ခြေပေးနေမည့်အစား အငတ်ခံပြီး ရှောင်လိုက်ပါ။ မရှောင်နိုင်လျှင် သင့်ဘဝ အမှောင်ကျသွားလိမ့်မည်။ ပညာသင်လျက် ပညာရေးကို စိတ်မဝင်စားချင် ဖြစ်နေတတ်၏။ ငွေကြေး၊ အချစ်ရေးအတွက်ပဲ ဘဝကို အသုံးချနေတတ်၏။ လတ်တလောမှာတော့ ဘာကိုမှ စိတ်မဝင်စားဘဲ အလုပ်ပဲ လုပ်သင့်ပါသည်။ ဘဝအတွက် အသက်ရှူလေ့ကျင့်ခန်း လုပ်ပေးပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၉၊ ၂၊ ၅၊ ၈)ပါ။

ယတြာ - ရေသန့်တစ်ပုလင်းနှင့် ထီး၊ တံခွန်၊ ကုက္ကားတစ်စုံ စနေထောင့်ဘုရားမှာ လှူပါလေ။

## ကုမ်လဂ် (Aquarius)



ကံကြမ္မာက ကိုယ့်ဘက်ပါလာပြီဟု ဆိုရပေမည်။ ခက်ခဲနေတဲ့ ကိုယ်ရေးကိုယ်တာကိစ္စများ လွယ်ကူသွားမည်။ ဂုဏ်သိက္ခာရှိရှိဖြင့် ငွေဝင်ရလိမ့်မည်။ ဘာသာရေးကျင့်စဉ် ကျင့်ကြံနိုင်ပါက ဘေးရန်လည်းကင်းကွာ၊ လာဘ်လာဘလည်း အလွန်ကောင်းမည်။ မဆိုင်ပါဘူးကွာ ကိုယ်လုပ် ကိုယ်ရတာပဲလို့ ဆင်ခြေပေးနေသူများ နောင်တ,ရနေမည့် ကာလပါ။ ပညာရေး၊ အချစ်ရေးများ ဆိုးလည်းမဆိုး၊ ကောင်းလည်းမကောင်း ပုံမှန်လောက်ပဲ ရှိနေမည်။ ရာထူးတိုးတတ်၏။ မတိုးလျှင် လုပ်ပိုင်ခွင့် တိုးရမည်။ ကျန်းမာရေး မသိမသာ ညှိုးနေတတ်၏။ အလုပ်တစ်ဖက်၊ ပညာတစ်ဖက်၊ ပညာသင်ရင်း အလုပ်လုပ်သူများ အိုကေစိုပြေနေမည်။ အိမ်ထောင်ဖက်ကြောင့် နာမည်ရပြီး ဝင်ငွေကောင်းနေတတ်၏။ ဘာပဲပြောပြော၊ ဘာပဲဖြစ်ဖြစ် ယခင်ထက် မိသားစုကို သံယောဇဉ်ပိုနေမည်။ သင့်နားရွက်ကို ဂရုစိုက်ပါ။ ထိခိုက်ဒဏ်ရာရတတ်၏။ ကြွက်သတ်ဆေးစတဲ့ အဆိပ်ဆန်တဲ့ ဆေးဝါးများ ရောင်းဝယ်ခြင်း ရှောင်ပါ။ အဖမ်းအဆီးခံရတတ်ပါသည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၈၊ ၁၊ ၆၊ ၅၊ ၉)ပါ။

ယတြာ

သန့်ရှင်းရေးကုသိုလ်များ တမင်တကာ ရှာဖွေလုပ်ကိုင်ပါ။ အောင်မြင်လာလိမ့်မည်။

## မိန်လဂ် (Pisces)



ရရှိပြီးအခွင့်အရေး လက်လွတ်သွားတတ်၏။ ရည်ရွယ်ထားတဲ့ လုပ်ငန်းအချို့ ရပ်ထားရမည်။ သဘောတူစာချုပ်များ ဖျက်သိမ်းခံရတတ်၏။ နေအိမ်အတွက် အမြဲသောကဖြစ်နေမည်။ ဘာသာရေးစာရေးဆရာများ အောင်မြင်ရန် မလွယ်ကူပါ။ နိုင်ငံရေးစာပေရေးသားထုတ်ဝေသူများ အထူးမြတ်စွန်းမည်။ လလယ်ပိုင်းတွင် ကူညီမည့်သူ ပေါ်လာမည်။ အိမ်ထောင်ရေးမှာ မကြာခဏဆိုသလို စိတ်မချမ်းသာ ဖြစ်နေရတတ်ပါသည်။ သင့်ပညာရေး အရှုပ်အထွေး များနေမည်။ မှားယွင်းတဲ့အချစ်၊ ချစ်သူကြောင့် ငွေကြေးခက်ခဲနေမည်။ သားသမီးအတွက် မီးနှယ်ပူနေရတတ်ပါသည်။ အလုပ်အကိုင်ကလည်း အဆင်မပြေချင်၊ ငွေကြေးကလည်း နည်းပါး၊ လုံးပါးပါးနေတတ်တဲ့ ကာလပါ။ အကြံပြုချင်တာကတော့ ယုံယုံ,မယုံယုံ ဉုံခံကာ သမ္ဗုဒ္ဓေဂါထာကို ရွတ်ပါ။ နိုင်ငံခြား သွားလိုသူများ အဆင်ပြေမည်။ ရောက်နေပြီးသူများ အထူးအောင်မြင်မည်။ သတင်းနှင့် စာနယ်ဇင်းသမား၊ ထောက်လှမ်းရေး၊ စုံစမ်းစစ်ဆေးရေး ဝန်ထမ်းများ ထူးခြားဖြစ်စဉ်ကြောင့် ဂုဏ်သတင်း ထင်ပေါ်ကျော်ကြားနေမည်။ မည်သူမဆို အဆင်ပြေလိုပါက နာရီလှူ၊ နာရီဝတ်ဆင်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၆၊ ဝ၊ ၇၊ ၁၊ ၂)ပါ။

ယတြာ - ဆေးပစ္စည်းများ တတ်နိုင်သလောက်သာ ဝယ်ယူလှူဒါန်းလိုက်ပါ။ အဆင်ပြေပါလိမ့်မည်။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ
ဆရာကံထူး(ဝေဒသုတေသီ)
၀၉ ၄၀ ၁၅၃ ၄၄ ၉၉ ၊ ၀၉ ၇၇၂ ၁၅၀ ၅၇၃

www.burmeseclassic.com

www.burmeseclassic.com



## ဂမ္ဘီရပရိသတ် မေး၍

# ဆရာရန်အောင်ဟိန်း ဖြေသည်

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေ ကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသော အချက်အလက်ကို အတိအကျ (လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါ လိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- ✤ မေးသူ၏ အမည် ------------------------------
- ✤ မွေးနေ့ (နှစ်၊ လ၊ ရက်) ------------------------------
- ✤ မွေးဖွားရာ မြို့/ရွာ ------------------------------
- ✤ အချိန်နာရီ (နေ့/ည) ------------------------------

<u>မေးခွန်းများ</u>

(၁) ------------------------------

(၂) ------------------------------

(၃) ------------------------------




www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရပရိသတ်မေး၍ ဆရာရန်အောင်ဟိန်း ဖြေသည်

## မောင်ဝင်းထူးအောင်

(၅-၁၀-၁၉၉၇၊ ၉း၀၀ နာရီ၊ ရန်ကုန်မြို့)




၁။ *နိုင်ငံရပ်ခြား ပညာသင်ရန်ကံ ရှိ/မရှိ။*

(၄)တန့်သခင်ဂြိုဟ် စနေသည် (၃)တန့်သခင်လည်း ဖြစ်ကာ (၅)တန့်ဘာဝတွင် ရပ်တည်နေသည်။ (၃၊ ၄) တန့်သခင် စနေနှင့် (၂၊ ၅)သခင် ၅တေးတို့ အိမ်ချင်း လဲလှယ် ရပ်တည်နေသည်။ (၁၀)တန့်သခင် (၁၁)တန့် ရပ် ၄ဟူးနှင့် စနေဂြိုဟ်တို့ အပြန်အလှန် အမြင်ကြုံနေ သည်။ (၁၂)တန့်သခင်ဂြိုဟ် ၆ကြာ လဂ်တွင် ပူးယှဉ် ရပ်တည်နေသည်။ နိုင်ငံရပ်ခြား ပညာသင်ခရီး ပေါ်ဖို့ ရှိသည်။ စနေ ထူလ၊ ရာဟု ဘုတ္တိဒသာ စားဝင်မည့် (၁၉-၅-၂၀၂၀)မှ (၂၅-၃-၂၀၂၃)အတွင်း ဖြစ်နိုင်ပေ သည်။

၂။ *ဘဝအဆင့် မြင့်မားစွာ နေရမည်လား။*


လဂ်သခင် လဂ်တွင် ပူးယှဉ်ရပ်တည်၍ (၁၀)တန့် သခင် ၁နွေဂြိုဟ် (၁၁)တန့်ဘာဝတွင် (၁၁)တန့်သခင် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်၏။ ဘဝအဆင့်မြင့်မြင့် နေရ ဖို့ ရှိသည်။

၃။ *ဖူးစာရှင် နေ့နံ၊ ပညာ၊ တွေ့ပြီး/မပြီး။*

(၇)တန့်သခင်ဂြိုဟ် ၆ကြာ လဂ်တွင် လဂ်သခင်နှင့် ပူးယှဉ်နေသည်။ ဖူးစာရှင်သည် အင်္ဂါ၊ စနေ၊ သောကြာ သမီးထဲက ဖြစ်မည်။ ပညာတတ်၊ ဘွဲ့ရ ဖြစ်မည်။ ယခု စနေ ထူလ၊ (၅)တန့်ရပ် (၃၊ ၄)သခင် ဒသာစားဝင်နေ ၍ (၂၀၀၆)ခုနှစ်၊ အောက်တိုဘာလမှ စတင်ကာ ဒသာ စားဝင်ခဲ့ခြင်းဖြစ်ရာ ဖူးစာရှင်ဖြစ်မည့်သူနှင့် ဆုံတွေ့ပြီး ဖြစ်ပေမည်။

## မောင်နေလင်းအောင်

(၈-၁၂-၂၀၀၀၊ ၁၄း၁၉ နာရီ၊ လားရှိုးမြို့)




၁။ *ပညာရေး လမ်းညွှန်ပေးပါရန်။*

(၁၀)တန့်ဘာဝသခင် စနေဂြိုဟ် (၂)တန့်ဘာဝတွင် (၉၊ ၁၂)သခင် ၅တေးနှင့် ပူးယှဉ်ရပ်တည်နေသည်ကို (၈)တန့်မှ ၁နွေ၊ ၄ဟူးတို့က အပြန်အလှန် မြင်ထားသည်။ ဆေးပညာသင်ယူခွင့် ကြုံတတ်သည်။

၂။ *ဆရာဝန်အလုပ်ဖြင့် အကျိုးပေးမည်လား။*

(၁၀)တန့် သန္ဓိဘုတ္တိနက္ခတ်နှင့် စီးနက္ခတ်တို့ ၁နွေ ဂြိုဟ်ချည်းသာဖြစ်ခြင်း၊ ၁နွေသည် (၃၊ ၆)သခင် ၄ဟူး ဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်ခြင်း၊ (၁၀)တန့်သခင် စနေဂြိုဟ် ၅တေးနှင့်ပူးကာ ၁နွေ၊ ၄ဟူးတို့နှင့် အပြန်အလှန် အမြင် ကြုံနေခြင်းကြောင့် ဆရာဝန်အလုပ် လုပ်ရတတ်ပြီး အောင် မြင်မှုရဖို့ ရှိပါသည်။

၃။ *ချမ်းသာမည့်ကံ၊ အသက်အရွယ်။*


(၂)တန့်သခင်ဂြိုဟ် ၆ကြာ (၁၀)တန့်ဘာဝတွင် ရပ် တည်သည်ကို (၉)တန့်သခင် ၅တေးဂြိုဟ် (၂)တန့် (၉)တန့်အထူးမြင် ကြုံထားသည်။ သို့ဖြစ်၍ ဘဝတွင်

www.burmeseclassic.com

ချမ်းသာနိုင်သည်။ (၃)တန့်ဘာဝတွင် ရပ်တည်၍ (၂) တန့်ရပ် ၅တေးဂြိုဟ်ပိုင်နက္ခတ်ကို စီးသော ရာဟုထုလ ဒသာ စားဝင်သည်။ (၂၀၄၄)ခုနှစ်မှ (၂၀၆၂)ခုနှစ်အတွင်း ငွေကြေးပြည့်စုံချမ်းသာမှု ကြုံပါမည်။

## မောင်ကြည်စိန်

**(၁၆-၁၀-၁၉၈၈၊ ၁၀း၁၁ နာရီ၊ ရန်ကုန်မြို့)**




၁။ *နိုင်ငံခြားတွင် အလုပ်တာဝန် ထမ်းဆောင်ရမည်လား။*

(၁၀)တန့်သခင်ဂြိုဟ် ၁နေ (၁၁)တန့်တွင် (၇၊ ၁၁)သခင် ၄ဟူးဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်သည်ကို (၆၊ ၁၂)သခင် အင်္ဂါဂြိုဟ် (၅)တန့်မှ အမြင်ကြုံထားသည်။ (၁၂)တန့်သခင် အင်္ဂါ၏ ယှဉ်ဆက်သွယ်မှုကြောင့် နိုင်ငံခြားတွင် အလုပ်လုပ်ရမည့်ကိန်း ရှိပါသည်။

၂။ *ဘဝတွင် ဆောက်ချလုပ်ကိုင်ရမည့် လုပ်ငန်း။*

(၁၀)တန့်သခင် ၁နေဂြိုဟ် (၁၁)တန့်တွင် (၇၊ ၁၁)သခင် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်ကာ (၅)တန့်ရှိ (၆၊ ၁၂)သခင် အင်္ဂါနှင့် အပြန်အလှန် အမြင်ကြုံနေ၍ စက်မှုလုပ်ငန်း၊ ဆရာဝန်၊ ခွဲစိတ်အထူးကု စသည့် လုပ်ငန်းမျိုးများဖြင့် အတည်အကျ လုပ်ရတတ်မည်။


၃။ *ဘဝတွင် သာသနာပြုရမည့်ကံ ပါ/မပါ။*

(၉)တန့်သခင်ဂြိုဟ် ၂လာ လဂ်ဘာဝတွင် ရပ်တည်ကာ (၂၊ ၄)သခင် ၅တေးနှင့် အပြန်အလှန် အမြင်ကြုံနေသည်။ ဘာသာရေးစာပေ လေ့လာခြင်းမျိုး၊ အလှူဒါန ပြုခြင်းမျိုး ပြုရတတ်သော်လည်း သာသနာပြုရန်ကံ မတွေ့ရပါ။

## မောင်ကောင်းစည်သူ

**(၃၀-၇-၂၀၀၁၊ ၁၈း၃၈ နာရီ၊ ပခုက္ကူမြို့)**

၁။ *ပညာရေးကို ဘွဲ့ရသည်ထိ အောင်မြင်မည်လား။*




(၄)တန့်သခင်ဂြိုဟ် ၃ဂ်ါ (၁၁)တန့်ဘာဝတွင် (၇) တန့်သခင် ၂လာဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေပြီး (၁၊ ၂)သခင် စနေဂြိုဟ် (၅)တန့်မှ အထူးမြင်ထားသည်။ ပညာရေး ထစ်ငေါ့မှုများ ကြုံရတတ်သော်လည်း ဘွဲ့ရ သည်ထိတော့ ပြီးမြောက်ပါမည်။

၂။ *အိမ်ထောင်ရေးကံ ကောင်း/မကောင်း။ ဖူးစာရှင်၏ အသွင်အပြင်။*

(၇)တန့်သခင်ဂြိုဟ် ၂လာ (၁၁)တန့်ဘာဝတွင် (၄၊ ၁၁)တန့်သခင်ဂြိုဟ် အင်္ဂါနှင့် ပူးယှဉ်ရပ်တည်နေပြီး (၅) တန့်ရပ် (၁၊ ၂)တန့်သခင်ဂြိုဟ် စနေနှင့် အပြန်အလှန် အမြင်ကြုံနေသည်။ အိမ်ထောင်ကျ နောက်ကျတတ်သော် လည်း ချစ်ခင်နှစ်သက်သူနှင့် အိမ်ထောင်ကျရတတ်၍ အိမ်ထောင်ကံ ကောင်းပါသည်။ ဖူးစာရှင်သည် အရပ် မမြင့်လှဘဲ အသားလတ်ကာ မျက်နှာသွယ်သယောင် ရှိမည်။

၃။ *အသက်မွေးသင့်သော စီးပွားရေးလုပ်ငန်း။*

(၁၀)တန့်သခင်ဂြိုဟ် ၆ကြာ (၆)တန့်တွင် ၅တေး ရာဟုတို့နှင့် ပူးသည်။ စားသောက်ကုန်၊ အထည်၊ ဘဏ္ဍာ ရေးလုပ်ငန်းများထဲမှ လုပ်ကိုင်ရတတ်သည်။

## ဦးလွင်အောင်

**(၁၅-၁၀-၁၉၅၈၊ ၁၀း၁၅ နာရီ၊ မြိတ်မြို့)**


၁။ *သားသမီးအကျိုးပေးမည်လား။*

(၅)တန့်သခင် အင်္ဂါဂြိုဟ် (၆)တန့်တွင် ရပ်တည်၍ လဂ်ကို (၈)တန့်အထူးမြင် ကြုံထား၍ သားသမီးအကျိုး ပေးပါမည်။ သို့သော် သားသမီးထဲတွင် စိတ်ပျက်စရာ တတ်သူ၊ စိတ်ဒုက္ခပေးမည့်သူမျိုးလည်း ပါလာတတ် သည်။

၂။ *အိုဇာတာ ကောင်း/မကောင်း။*



www.burmeseclassic.com





အသက်(၆၇)နှစ်ထိ (၆၊ ၁၁)သခင်အဖြစ် (၁၀)တန့်၌ ရပ်တည်သော ဗြဟာ ထူလဒသာ စားဝင်မည်။ ထို့နောက် (၇၃)နှစ်အထိ (၉)တန့်သခင်အဖြစ် (၁၀)တန့်၌ပင် ရပ်တည်သော ဒနွေ ထူလဒသာ စားဝင်မည်။ သို့ဖြစ်၍ အိုဇာတာ ကောင်းပါမည်။

၃။ *အိုးပိုင်အိမ်ပိုင်နှင့် နေရမည်လား။*

(၄)တန့်သခင်ဂြိုဟ် ၅တေး (၁၁)တန့်ဘာဝတွင် (၇၊ ၁၀)သခင် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်သည်။ အိုးပိုင်အိမ်ပိုင်ကိန်း အားနည်းပါသည်။

## ကိုပြည့်စုံအောင်

**(၂၄-၁၁-၁၉၉၃၊ ၂း၀၀ နာရီ၊ ဒလမြို့)**




၁။ *အိမ်ထောင်ကံ၊ ကာလ။*

(၇)တန့်ဘာဝသခင်ဂြိုဟ် ၅တေး (၃)တန့်ဘာဝတွင် ၁၀)တန့်သခင်ဂြိုဟ် ၄ဟူး၊ (၁၂)တန့်သခင်ဂြိုဟ် နွေတို့နှင့် ပူးယှဉ်ရပ်တည်ကာ ရာဟု၊ ကိတ်ဂြိုဟ်တို့ ပ်ခြင်း ခံထားရသည်။ ဘဝတွင် အိမ်ထောင်ကျရန် အားနည်းသည်။ အိမ်ထောင်ကံလည်း မကောင်းနိုင်ပါ။ ထောင်မပြုသင့်သော ဇာတာဖြစ်သည်။

*သက်တမ်း၊ အိုဇာတာ ကောင်းမည်လား။*


လဂ်သခင်ဂြိုဟ် ၄ဟူး (၃)တန့်ဘာဝတွင် ရပ်တည်၍ အသက်မတိုဘဲ (၆၅)နှစ်အထိ နေရတတ်သည်။ (၂၀၃၆)ခုနှစ်မှ (၂၀၄၃)နှစ်အတွင်း (၃)တန့်ရပ် ကိတ်ဂြိုဟ်၏ ဒသာစားဝင်ပေရာ အိုဇာတာ သင့်ပါသည်။

၃။ *ကြီးပွားမည်လား၊ ကာလ။*

(၂၊ ၉)သခင် ဗြဟာဂြိုဟ် လဂ်တွင် (၃၊ ၈)သခင် အင်္ဂါနှင့် ပူး၍ ဘဝတွင် အလတ်စား ကြွယ်ဝပါမည်။ (၁၊ ၁၀)တန့်သခင်ဂြိုဟ်အဖြစ် (၃)တန့်၌ ရပ်တည်သော ၄ဟူးထူလဒသာ စားဝင်မည့် (၂၀၁၉)ခုနှစ်မှ (၂၀၃၆) ခုနှစ်အတွင်း ဘဝ၌ သင့်တင့်သော အဆင်ပြေမှု ရလာပါမည်။

## မမြင့်မြင့်စန်း

**(၂၄-၇-၁၉၈၄၊ ၉း၂၅ နာရီ၊ ကျောက်ဆည်မြို့နယ်၊ ရဲကြီးရွာ)**




၁။ *ချမ်းသာကြွယ်ဝမည့်ကံ ပါ/မပါ။*

(၂)တန့်သခင်ဂြိုဟ် ၄ဟူးသည် (၁၁)တန့်သခင်ဂြိုဟ်လည်းဖြစ်၍ လဂ်ဘာဝတွင် ပူးယှဉ်ရပ်တည်နေသည်ကို (၅)တန့်သခင်ဂြိုဟ် ၅တေး (၅)တန့်မှ (၉)တန့်အထူးမြင်ကြံနေသည်။ ဘဝကံအရ အလတ်စား ကြွယ်ဝချမ်းသာပါမည်။

၂။ *အကျိုးပေးမည့်လုပ်ငန်း။*

(၁၀)တန့်တွင် ၂လံဂြိုဟ် ရာဟုနှင့် ပူးယှဉ်ရပ်တည်နေပြီး (၁၀)တန့်သခင်ဂြိုဟ် ဗြဟာဂြိုဟ် (၁၂)တန့်တွင် ဒနွေဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်သည်။ စားသောက်ကုန်၊ အချိုရည်၊ ရေ၊အရည်နှင့် ပတ်သက်သော လုပ်ငန်း၊ ခရီးသွားလုပ်ငန်း(toruism)၊ ခရီးသွားလမ်းညွှန် အကျိုးဆောင်လုပ်ငန်းထဲမှ အကျိုးပေးပါသည်။

www.burmeseclassic.com


www.burmeseclassic.com

၃။ *သားသမီးအကျိုးပေး ကောင်း/မကောင်း။*

(၅)တန့်သခင်ဂြိုဟ် ၅တေး (၅)တန့်တွင်ပင် ရပ်တည်၍ သားသမီးအကျိုးပေး အားကောင်းပါသည်။ အိမ်ထောင်ကံ သင့်ရုံသာရှိသည်။

## မစောကလျာ

**(၉-၈-၁၉၈၈၊ ၁၉း၁၅ နာရီ၊ မန္တလေးမြို့)**




၁။ *နိုင်ငံခြားကိန်း၊ ကာလ။*

(၁၂)တန့်သခင်ဂြိုဟ် စနေ (၁၁)တန့်ဘာဝတွင် ရပ်တည်ပြီး (၉)တန့်သခင် ဗြိဟာဂြိုဟ် (၅)တန့်မှာ ရပ်တည်၍ အပြန်အလှန် အမြင်ကြုံနေပေရာ ဘဝတွင် နိုင်ငံခြားခရီးကိန်း ရှိပါသည်။ (၂၀၁၈)ခုနှစ်မှ (၂၀၂၀)ပြည့်နှစ်ကြားတွင် နိုင်ငံခြားခရီးကိန်း ရှိနေပါသည်။

၂။ *ဘဝတွင် အကျိုးပေးမည့်လုပ်ငန်း။*

(၁၀)တန့်သခင်ဂြိုဟ် အင်္ဂါ (၂)တန့်တွင် ရပ်တည်၍ စက်မှုလုပ်ငန်း၊ စက်ပစ္စည်း၊ စားသောက်ကုန်၊ အထည်လုပ်ငန်းများထဲမှ အကျိုးပေးပါသည်။


၃။ *အိမ်ထောင်ရေးကာလ။ ဖူးစာရှင်၏ အကျင့်စရိုက်။*

(၇)တန့်သခင်ဂြိုဟ် ၁နွေ (၆)တန့်ဘာဝတွင် ရပ်တည်၍ ဘဝတွင် အိမ်ထောင်ကျ နောက်ကျတတ်သည်။ အိမ်ထောင်ကျကိန်းလည်း အားနည်းပါသည်။ အသက် (၃၅)မှ (၃၈)နှစ်ကြား အိမ်ထောင်ကျကိန်း တစ်ချက်ရှိ၍ ယင်းကာလတွင် မကျပါက အပျိုကြီးဇာတာ ဖြစ်ပါမည်။

## ဦးသောင်းတင်

**(၂၃-၂-၁၉၅၉၊ ၂၂း၀၀ နာရီ၊ ညောင်ဦးမြို့နယ်၊ ကုန်းတန်းကြီးရွာ)**

၁။ *လက်ရှိလုပ်ကိုင်နေသော အလုပ်ဖြင့် ကြီးပွားနိုင်မည်လား။*




ဘာအလုပ် လုပ်နေပါသနည်း။ (၃၀-၁-၂၀၁...
နောက်ပိုင်း ၅တေး ထူလဒသာသည် (၃၊ ၆)သခင်အ...
(၂)တန့်ဘာဝတွင် ရပ်တည်နေကာ (၂၊ ၇)သခင် ...
တန့်ရပ် အင်္ဂါနှင့် အမြင်ကြုံနေပါသည်။ လက်ရှိလုပ်င...
ဖြင့် ကြီးပွားရန် ရှိနေပါသည်။ အလုပ်ပြောင်းရန်...
မမြင်ပါ။ သို့သော် ငွေကြေးနစ်နာဆုံးရှုံးရမှုအချို့ ...
ရတတ်ခြင်းကိုကား သတိပြုပါ။

၂။ *ချမ်းသာစွာနေရမည့်ကံ ပါ/မပါ။*

(၂)တန့်တွင် ၅တေးဂြိုဟ် ရပ်၍ (၂)တန့်သခင်ဂြိုဟ် ...
အင်္ဂါနှင့် အပြန်အလှန် အမြင်ကြုံနေပါသည်။ ဘဝ...
အချမ်းသာကြီး မဟုတ်သော်လည်း ပြည့်စုံကြွယ်ဝ...
အဆင့်မျိုးဖြင့် နေသွားရဖို့ ရှိပါသည်။

၃။ *ထီဆုကြီးပေါက်ကံ၊ ကာလ။*

(၁၁)တန့်သခင်ဂြိုဟ် ၁နွေ (၅)တန့်ဘာဝတွင် ...
၁၂)သခင် ၄ဟူးဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေသည်။ ...
တန့်သခင်ဂြိုဟ် ၅တေး (၂)တန့်ဘာဝတွင် ရပ်တည်...
(၈)တန့်ရပ် (၂၊ ၇)သခင် အင်္ဂါဂြိုဟ်နှင့် အပြန်အ...
အမြင်ကြုံနေသည်။ ထီဆု သိပ်မကြီးတတ်။ အစ...
ပါမှ ပေါက်အား ပိုကောင်းတတ်သည်။ (၂၀၁၈-၂...
ခုနှစ်တွင် ထီကံစမ်းကြည့်ပါလေ။

ဆရာရန်အောင်ဟိန်း(B.Sc...
(ခရစ်ရှနားမူတီးပဒ္ဓတိ ရွှေဆောင်နက္ခတ်ဗေဒင်ပညာ...
အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အ...
(CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့...
ရန်ကုန်မြို့
ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆၊ ၀၉ ၂၆၁ ၄၄ ...
၀၉ ၇၉၁ ...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




(၂၀၁၇)ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လက်နှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်များကို အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။ ယင်းအချိန်ပိုင်းများအတွင်း မဟာဝေဒဗ္ဗမန္တန်တော်၊ စူဠဝေဒဗ္ဗမန္တန်တော်၊ ရှင်သီဝလိ(၁၀)ဂါထာ အစရှိသော လာဘ,ဓနဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားပူဇော်ခြင်းဖြင့် အကျိုးထူးများ ရရှိခံစားရပါလိမ့်မည်။

အထူးမှာ (၂၂-၁၂-၂၀၁၇) ည(၇း၅၆း၀၄)နာရီမှ (၂၃-၁၂-၂၀၁၇) ည(၁၀း၂၉း၀၁)နာရီအတွင်း တွင် စန်း (ခေါ်) တနင်္လာဂြိုဟ်သည် ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ရောက်ရှိဖြတ်ကျော်နေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၂၂-၁၂-၂၀၁၇) ည(၉း၄၀း၁၅)နာရီမှ (၁၀း၂၆း၁၆) နာရီအတွင်းနှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်ခြင်းအတွက် (၂၃-၁၂-၂၀၁၇) ညနေ(၃း၁၆း၀၁)နာရီမှ (၄း၀၇း၃၉)နာရီ အတွင်း၌တွင် လာဘ,ဓနဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားခြင်း၊ ယတြာအစီအရင် များ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားရပါလိမ့်မည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၇)ခုနှစ်၊ ဒီဇင်ဘာလအတွင်း

**ခနသီခြိုနက္ခတ်နယ်ပယ်ပေါ် သက်ဖြတ်ကာသား**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၁:၀၂:၄၉ | ၁၁:၄၈:၅၀ |
| ၂ | ၁၀:၅၈:၅၃ | ၁၁:၄၄:၅၄ |
| ၃ | ၁၀:၅၄:၅၇ | ၁၁:၄၀:၅၈ |
| ၄ | ၁၀:၅၁:၀၁ | ၁၁:၃၇:၀၂ |
| ၅ | ၁၀:၄၇:၀၆ | ၁၁:၃၃:၀၇ |
| ၆ | ၁၀:၄၃:၁၀ | ၁၁:၂၉:၁၁ |
| ၇ | ၁၀:၃၉:၁၄ | ၁၁:၂၅:၁၅ |
| ၈ | ၁၀:၃၅:၁၈ | ၁၁:၂၁:၁၉ |
| ၉ | ၁၀:၃၁:၂၂ | ၁၁:၁၇:၂၃ |
| ၁၀ | ၁၀:၂၇:၂၆ | ၁၁:၁၃:၂၇ |
| ၁၁ | ၁၀:၂၃:၃၀ | ၁၁:၀၉:၃၁ |
| ၁၂ | ၁၀:၁၉:၃၄ | ၁၁:၀၅:၃၅ |
| ၁၃ | ၁၀:၁၅:၃၈ | ၁၁:၀၁:၃၉ |
| ၁၄ | ၁၀:၁၁:၄၂ | ၁၀:၅၇:၄၃ |
| ၁၅ | ၁၀:၀၇:၄၇ | ၁၀:၅၃:၄၈ |
| ၁၆ | ၁၀:၀၃:၅၁ | ၁၀:၄၉:၅၂ |
| ၁၇ | ၉:၅၉:၅၅ | ၁၀:၄၅:၅၆ |
| ၁၈ | ၉:၅၅:၅၉ | ၁၀:၄၂:၀၀ |
| ၁၉ | ၉:၅၂:၀၃ | ၁၀:၃၈:၀၄ |
| ၂၀ | ၉:၄၈:၀၇ | ၁၀:၃၄:၀၈ |
| ၂၁ | ၉:၄၄:၁၁ | ၁၀:၃၀:၁၂ |
| ၂၂ | ၉:၄၀:၁၅ | ၁၀:၂၆:၁၆ |
| ၂၃ | ၉:၃၆:၁၉ | ၁၀:၂၂:၂၀ |
| ၂၄ | ၉:၃၂:၂၃ | ၁၀:၁၈:၂၄ |
| ၂၅ | ၉:၂၈:၂၈ | ၁၀:၁၄:၂၈ |
| ၂၆ | ၉:၂၄:၃၂ | ၁၀:၁၀:၃၃ |
| ၂၇ | ၉:၂၀:၃၆ | ၁၀:၀၆:၃၇ |
| ၂၈ | ၉:၁၆:၄၀ | ၁၀:၀၂:၄၁ |
| ၂၉ | ၉:၁၂:၄၄ | ၉:၅၈:၄၅ |
| ၃၀ | ၉:၀၈:၄၈ | ၉:၅၄:၄၉ |
| ၃၁ | ၉:၀၄:၅၂ | ၉:၅၀:၅၃ |

## (၂၀၁၇)ခုနှစ်၊ ဒီဇင်ဘာလအတွင်း

**ခနသီခြိုနက္ခတ်နယ်ပယ်ပေါ် မွန်းတည့်မျဉ်းဖြတ်ကာသား**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၆:၄၂:၃၀ | ၁၇:၃၄:၀၉ |
| ၂ | ၁၆:၃၈:၃၅ | ၁၇:၃၀:၁၃ |
| ၃ | ၁၆:၃၄:၃၉ | ၁၇:၂၆:၁၇ |
| ၄ | ၁၆:၃၀:၄၃ | ၁၇:၂၂:၂၁ |
| ၅ | ၁၆:၂၆:၄၇ | ၁၇:၁၈:၂၅ |
| ၆ | ၁၆:၂၂:၅၁ | ၁၇:၁၄:၂၉ |
| ၇ | ၁၆:၁၈:၅၅ | ၁၇:၁၀:၃၃ |
| ၈ | ၁၆:၁၄:၅၉ | ၁၇:၀၆:၃၇ |
| ၉ | ၁၆:၁၁:၀၃ | ၁၇:၀၂:၄၁ |
| ၁၀ | ၁၆:၀၇:၀၇ | ၁၆:၅၈:၄၆ |
| ၁၁ | ၁၆:၀၃:၁၁ | ၁၆:၅၄:၅၀ |
| ၁၂ | ၁၅:၅၉:၁၆ | ၁၆:၅၀:၅၄ |
| ၁၃ | ၁၅:၅၅:၂၀ | ၁၆:၄၆:၅၈ |
| ၁၄ | ၁၅:၅၁:၂၄ | ၁၆:၄၃:၀၂ |
| ၁၅ | ၁၅:၄၇:၂၈ | ၁၆:၃၉:၀၆ |
| ၁၆ | ၁၅:၄၃:၃၂ | ၁၆:၃၅:၁၀ |
| ၁၇ | ၁၅:၃၉:၃၆ | ၁၆:၃၁:၁၄ |
| ၁၈ | ၁၅:၃၅:၄၀ | ၁၆:၂၇:၁၈ |
| ၁၉ | ၁၅:၃၁:၄၄ | ၁၆:၂၃:၂၂ |
| ၂၀ | ၁၅:၂၇:၄၈ | ၁၆:၁၉:၂၇ |
| ၂၁ | ၁၅:၂၃:၅၂ | ၁၆:၁၅:၃၁ |
| ၂၂ | ၁၅:၁၉:၅၇ | ၁၆:၁၁:၃၅ |
| ၂၃ | ၁၅:၁၆:၀၁ | ၁၆:၀၇:၃၉ |
| ၂၄ | ၁၅:၁၂:၀၅ | ၁၆:၀၃:၄၃ |
| ၂၅ | ၁၅:၀၈:၀၉ | ၁၅:၅၉:၄၇ |
| ၂၆ | ၁၅:၀၄:၁၃ | ၁၅:၅၅:၅၁ |
| ၂၇ | ၁၅:၀၀:၁၇ | ၁၅:၅၁:၅၅ |
| ၂၈ | ၁၄:၅၆:၂၁ | ၁၅:၄၇:၅၉ |
| ၂၉ | ၁၄:၅၂:၂၅ | ၁၅:၄၄:၀၃ |
| ၃၀ | ၁၄:၄၈:၂၉ | ၁၅:၄၀:၀၇ |
| ၃၁ | ၁၄:၄၄:၃၃ | ၁၅:၃၆:၁၅ |



www.burmeseclassic.com

www.burmeseclassic.com



# ဒုတိယအိမ်ထောင်ကျမည်လား နှင့် ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ဗေဒင်ပညာ


## KP Natal Horoscope

Current Dt: 26/8/2017 — Saya Yan Aung Hein

| | | | |
|---|---|---|---|
| Name | : JAYANTHI KRISHNAN | Longitude | : 76D 58M 05 (East) |
| Date of Birth | : 16 Jun 1978 AD | Latitude | : 11D 00M 05 (North) |
| Local Time | : 01:00:00 | Time Zone | : 05:30 |
| KP Ayana | : 23Deg 27Min 13Sec | Siderial Time | : 18 Hr 12 Min 42 Sec |
| Birth Day | : Fri | Town Name | : COIMBATORE, TAMIL NADU |

| P | DD | MM | SS | Mo | R | N | B | W | Significators |
|---|---|---|---|---|---|---|---|---|---|
| ☉ | 060 | 52 | 26 | 057 | ☿ | ♂ | ☿ | ☽ | VI III II IX VI |
| ☽ | 173 | 04 | 04 | 810 | ☿ | ☽ | ☉ | ♄ | VII VII V V |
| ♂ | 127 | 28 | 50 | 033 | ☉ | ☋ | ☊ | ♂ | I VI II IX |
| ☿ | 062 | 30 | 48 | 131 | ☿ | ♂ | ☋ | ♄ | VI III, II IX IV VII |
| ♃ | 078 | 51 | 47 | 013 | ☿ | ☊ | ☽ | ☿ | VI IV IX |
| ♀ | 096 | 00 | 55 | 071 | ☽ | ♄ | ☿ | ♀ | V IV XI XII III VIII |
| ♄ | 122 | 24 | 11 | 005 | ☉ | ☋ | ♀ | ♄ | I V XI XII |
| ☊ | 158 | 19 | 11 | -003 | ☿ | ☉ | ♀ | ☽ | III VI VI |
| ☋ | 338 | 19 | 11 | -003 | ♃ | ♄ | ♀ | ♀ | V I XI XII |
| ♅ | 199 | 22 | 56 | -002 | ♀ | ☊ | ♂ | ☊ | VI VIII |
| ♆ | 233 | 17 | 04 | -002 | ♂ | ☿ | ☽ | ☉ | III IX IV VII |
| ⊕ | 092 | 31 | 08 | | ☽ | ♃ | ☊ | ☋ | IV IV IX |

| H | DD | MM | SS | R | N | B | W | Significators |
|---|---|---|---|---|---|---|---|---|
| AS | 340 | 19 | 29 | ♃ | ♄ | ☿ | ☋ | ♂ ♄ ☋ ⊕ ♃ |
| II | 013 | 55 | 15 | ♂ | ♀ | ☿ | ☽ | ☉ ☿ ♂ |
| III | 043 | 02 | 04 | ♀ | ☽ | ☊ | ☿ | ☊ ♆ ☉ ☿ ♀ |
| IC | 069 | 27 | 36 | ☿ | ☊ | ♃ | ☋ | ⊕ ♃ ♀ ⊕ ♆ ☿ |
| V | 096 | 11 | 12 | ☽ | ♄ | ☿ | ☉ | ♀ ☋ ♄ ☽ ☽ |
| VI | 126 | 04 | 56 | ☉ | ☋ | ☊ | ♃ | ☉ ☿ ♃ ♅ ♂ ☊ ☊ ☉ |
| DS | 160 | 19 | 29 | ☿ | ☽ | ☉ | ♃ | ☽ ☽ ♆ ☿ |
| VIII | 193 | 55 | 15 | ♀ | ☊ | ☿ | ♃ | ♅ ♀ |
| IX | 223 | 02 | 04 | ♂ | ♄ | ☊ | ☊ | ♆ ☉ ☿ ♂ |
| MC | 249 | 27 | 36 | ♃ | ☋ | ♄ | ♄ | ⊕ ♃ |
| XI | 276 | 11 | 12 | ♄ | ☉ | ☿ | ☊ | ♀ ☋ ♄ |
| XII | 306 | 04 | 56 | ♄ | ♂ | ☽ | ♄ | ♀ ☋ ♄ |




Planet <= Planet Aspect...
☽045♂ ♂045♃ ♂030♀ ♂150☋
♀030☿ ♀120☋ ♄060☉ ♄060☿
♄045♃ ♄030♀ ♄144☋ ♄030⊕
☊030♂ ☊060♀ ☊180☋ ☋180☊
☋135♅ ♅135☉ ♅030☽ ♅072♂
♅135☿ ♅120♃ ♅045☊ ♆060☽
♆135♀ ♆072☊ ♆030♅ ♆144⊕
⊕030☉ ⊕030☿

House <= Planet Aspect...
I 180☊ I 144♅ II 144♆ IV 090☋
V 030☿ V 120☋ VI 060☿ VI 045♃
VI 030♀ VI 144☋ VI 150☋ VI 030⊕
VII 030♂ VII 180☋ VIII 135☉ VIII 135☿
VIII 072♄ IX 144♃ X 120♂ X 150♀
X 090☊ XI 150♂ XI 180♀ XI 150♄
XI 120☊ XI 045♆ XI 180⊕ XII 135☽
XII 180♂ XII 180♄ XII 144☊ XII 150☊
XII 072♆

End Date of Dasa

| DY | MN | Year | DSA | DY | MN | Year | BKT | DY | MN | Year | SUB |
|---|---|---|---|---|---|---|---|---|---|---|---|
| 27 | 8 | 1978 | ☽ | 15 | 10 | 2005 | ♃ | 13 | 8 | 2017 | ☊ |
| 27 | 8 | 1985 | ♂ | 27 | 4 | 2009 | ♄ | 8 | 12 | 2017 | ♃ |
| 27 | 8 | 2003 | ☊ | 3 | 8 | 2010 | ☿ | 25 | 4 | 2018 | ♄ |
| 27 | 8 | 2019 | ♃ | 9 | 7 | 2011 | ☋ | 27 | 8 | 2018 | ☿ |
| 27 | 8 | 2038 | ♄ | 8 | 3 | 2014 | ♀ | 18 | 10 | 2018 | ☋ |
| 27 | 8 | 2055 | ☿ | 27 | 12 | 2014 | ☉ | 12 | 3 | 2019 | ♀ |
| 27 | 8 | 2062 | ☋ | 27 | 4 | 2016 | ☽ | 25 | 4 | 2019 | ☉ |
| 27 | 8 | 2082 | ♀ | 3 | 4 | 2017 | ♂ | 7 | 7 | 2019 | ☽ |
| 27 | 8 | 2088 | ☉ | 27 | 8 | 2018 | ☊ | 27 | 8 | 2019 | ♂ |

Saya Yan Aung Hein

Prog: by www.mmm603@gmail.com

ဆရာရန်အောင်ဟိန်း(B.Sc)

လူ့ဘဝတွင် တွေ့ကြ၊ ကြိုက်ကြ၊ ပေါင်းဖက်ကြ၊ ကွဲကွာကြ၊ ကြင်ဖော်သစ် တစ်ဖန် ပြန်ရှာကြခြင်းကား ယနေ့ခေတ်အတွက် ထူးခြားသောကိစ္စ မဟုတ်တော့ပါချေ။

ယခု (၁၆-၆-၁၉၇၈) နံနက် (၁:၀၀)နာရီ (အိန္ဒိယစံတော်ချိန်)တွင် ကိုအင်ဘက်တို(၁၁ံ မြောက် ၀၀'၊ ၇၆ံ အရှေ့ ၅၈')တွင် မွေးဖွားခဲ့သူ အမျိုးသမီး၏ ဇာတာတစ်စောင်အား ဒုတိယ အိမ်ထောင်ကျ၊မကျ မေးမြန်းလာခြင်း အတွက် ခရစ်ရှနားမူတီးပဒ္ဓတိ နည်းစနစ်အရ သုံးသပ်ချက်များဖြင့် ဖော်ပြပေးလိုက်ပါသည်။

ဇာတာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ကေ.ပီ ဥပဒေသများ**

က။ (၇)တန့်ဘာဝ သန္ဓိဘာဝ နက္ခတ်သခင်ဂြိုဟ်သည် ၄ပဟူးပိုင်ဖြစ် ခြင်း (သို့မဟုတ်) ၄ပဟူးဂြိုဟ်ပိုင်သော နက္ခတ်ကို စီးထားခြင်း (သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ယင်းကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ စီးနက္ခတ်သခင်ဂြိုဟ်ဖြစ်စေ ဒွေးဒဟရာသီ တစ်ခုခု (မေထုန်၊ ကန်၊ ဓနု၊ မိန်)တွင် ရပ်တည်ခြင်း ကြုံနေပါက ဒုတိယအိမ်ထောင်ကျရန် အခွင့်အလမ်း ရှိသည်။

ခ။ (၂)တန့် ဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် (၇)တန့် (သို့မဟုတ်) (၁၁)တန့်ဘာဝအတွက် အကျိုးဆောင်ရမည်။

ဂ။ (၉)တန့် သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် (၂) (သို့မဟုတ်) (၉) (သို့မဟုတ်) (၁၁)တန့်ဘာဝအတွက် အကျိုးဆောင်ရမည်။

အထက်ပါ ဇာတာအား ဆန်းစစ်ကြည့်ပါမည်။

က။ (၇)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ၂လ်ာ ဖြစ်သည်။ ၂လ်ာဂြိုဟ်သည် ဒွေးဒဟရာသီ တစ်ခုဖြစ်သော ကန်ရာသီ (၇)တန့်ဘာဝတွင် မိမိပိုင် သာသတနက္ခတ်ကိုစီး၍ ရပ်တည်နေသည်။

ဥပဒေသ(က)အရ ဒုတိယအိမ်ထောင်ကျနိုင်သောကံအခွင့်အလမ်း ရှိနေပါသည်။

ခ။ (၂)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ဗြဟာဖြစ်သည်။ ဗြဟာဂြိုဟ်သည် စနေဂြိုဟ်ပိုင် ဖုသျှနက္ခတ်ကိုစီးကာ (၅)တန့်ဘာဝသန္ဓိနှင့် အံသာတူ ပူးယှဉ်နေသည်။ ဗြဟာဂြိုဟ်က စီးနင်းထားသော နက္ခတ်သခင်ဂြိုဟ် စနေသည် (၁၁၊ ၁၂)တန့်သခင်ဂြိုဟ် ဖြစ်သည်။

(၂)တန့် ဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် (၁၁)တန့်ဘာဝ၏ အကျိုးဆောင်ဂြိုဟ်ဖြစ်၍ ဥပဒေသ(ခ)နှင့် ကိုက်ညီသည်။

ဂ။ (၉)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ရာဟုဖြစ်သည်။ ရာဟုသည် ကန်ရာသီ(ဒွေးဒဟ)တွင် ရပ်တည်သော ၂လ်ာဂြိုဟ် (၇-တန့်ရပ်)နှင့် ပူးယှဉ်သည်။ ကန်ရာသီသခင်ဂြိုဟ် ၄ဟူးနှင့်လည်း (၇)တန့်သခင်ဖြစ်သည်။

ဥပဒေသ(ဂ)အရ (၉)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် (၇)တန့်ဘာဝအတွက် အကျိုးဆောင်နေပါသည်။

သို့ဖြစ်၍ ဇာတာရှင်အနေဖြင့် ဒုတိယအိမ်ထောင်ကျရန် အခွင့်အလမ်း အားကောင်းစွာ ရှိနေပါသည်။

ဆုံးဖြတ်သော ကာလသည် ၅တေး ထုလ၊ ဗြဟာဘုတ္တိဒသာ စားဝင်နေသော ကာလဖြစ်၍ (၉-၇-၂၀၁၁) မှ (၉-၃-၂၀၁၄)ထိ အကျုံးဝင်နေပါသည်။

ထုလဒသာသခင်ဂြိုဟ် ၅တေးသည် ရာဟုပိုင်နက္ခတ်နှင့် ၂လ်ာပိုင် ဘုတ္တိနက္ခတ်တို့ကို စီးထားသည်။ စီးနက္ခတ်သခင် ရာဟုသည် (၆)တန့်ဘာဝတွင် ရပ်တည်သော်လည်း (၇)တန့်သခင် ၄ဟူး၊ (၇)တန့်ရပ် ၂လ်ာတို့ကို ကိုယ်စားပြုထားပါသည်။ စီးဘုတ္တိနက္ခတ်သခင်



www.burmeseclassic.com

www.burmeseclassic.com

၂လ်ာကား ကန်ရာသီ (၇)တန့်ဘာဝတွင် ရပ်တည်သော (၅)တန့်သခင်ဂြိုဟ် ဖြစ်သည်။ ၅တေးဂြိုဟ်သည် (၁၊ ၁၀)တန့်ဘာဝ့သခင်ဂြိုဟ် ဖြစ်သည်။ သို့ဖြစ်၍ ထူလဒသာသခင်ဂြိုဟ် ၅တေးက အိမ်ထောင်ကျခြင်း၊ ကွဲခြင်း (၁၊ ၆၊ ၁၀)အတွက်ပါ အကျိုးဆောင်နေပါသည်။

ဘုတ္တိဒသာသခင်ဂြိုဟ် ဗြကြာသည် (၃၊ ၈)သခင်ဖြစ်၍ (၅)တန့်ဘာဝသန္ဓိနှင့် အံသာတူ ပူးယှဉ်ရပ်တည်နေသည်။ ဗြကြာဂြိုဟ်သည် (၁၁၊ ၁၂)တန့်သခင်အဖြစ် (၅)တန့်ဘာဝ၌ ရပ်တည်သော စနေဂြိုဟ်ပိုင် နက္ခတ်နှင့် (၃)တန့်ရပ် (၄၊ ၇)သခင် ၄ဟူးပိုင် ဘုတ္တိနက္ခတ်တို့ကို စီးထားသည်။

သို့ဖြစ်၍ ဘုတ္တိဒသာသခင်ဂြိုဟ် ဗြကြာက အိမ်ထောင်ကျရန် အားကောင်းနေပါသည်။

သောကြာ ဘုတ္တိဒသာ၏ အန္တရ(၉)ခုတွင် ရာဟုအန္တရအား ယူလိုပါသည်။ အကြောင်းမှာ ရာဟုသည် (၇)တန့်သခင် ၄ဟူးဂြိုဟ် (၇)တန့်ရပ် ၂လ်ာဂြိုဟ်တို့ကို ကိုယ်စားပြုထား၍ ဖြစ်သည်။ ထို့ပြင် ရာဟုသည် (၈)တန့်ဘာဝသန္ဓိ (ဒုတိယအိမ်ထောင်)၊ (၁၁)တန့်ဘာဝသန္ဓိ (လိုအင်ဆန္ဒ ပြည့်ဝခြင်း)၊ (၃)တန့် (လက်မှတ်ရေးထိုးခြင်း၊ စာချုပ်စာတမ်းကိစ္စ) ဘာဝများအား (၂)တန့်၊ (၅)တန့်၊ (၉)တန့် အထူးမြင်များ ကြံနေ၍ ဖြစ်ပါသည်။

ရာဟုအန္တရသည် (၂၄-၆-၂၀၁၂)မှ (၁၈-၁၁-၂၀၁၂)ထိ စားဝင်ပါသည်။ သို့ဖြစ်၍ အထက်ပါ ကာလအတွင်း ဒုတိယအိမ်ထောင်ကျရန် ရှိနေပါသည်။

ဇာတာရှင်သည် (၁၈-၁၁-၂၀၁၂)တွင် ဒုတိယအကြိမ် လက်ထပ်ခဲ့ပါသည်။

(၁၈-၁၁-၂၀၁၂)တွင် ဒသာသခင်ဂြိုဟ်များနှင့် ၁နွေ၊ ၂လ်ာဂြိုဟ်တို့၏ နံနက်(၅း၃၀)အချိန် ကောဇာဂြိုဟ်သွားခြင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁နွေဂြိုဟ် | - ၂၁ံ၂ | ၀၆' |
| ၂လ်ာဂြိုဟ် | - ၂၆ံ၈ | ၅၀' |
| ၅တေးဂြိုဟ် | - ၄ံ၉ | ၁၈' |
| ဗြကြာဂြိုဟ် | - ၁ံ၈ | ၀၃' |
| ရာဟုဂြိုဟ် | - ၂ံ၁ | ၄၆' |

ထူလဒသာသခင် ၅တေးဂြိုဟ်သည် ကောဇာသွားခြင်းဖြင့် ဘုတ္တိဒသာသခင်ဂြိုဟ် ဗြကြာပိုင်ရာသီတွင်



ကန်ရာသီ (၇)တန့်ရပ် ၂လ်ာပိုင် နက္ခတ်ကို စီးထား[illegible]သည်။

ဘုတ္တိဒသာသခင်ဂြိုဟ် ဗြကြာသည် ကောဇာသွား[illegible]ခြင်းဖြင့် မိမိပိုင် တူရာသီ (၇)တန့်ဘာဝတွင် (၂၊ [illegible])သခင် အင်္ဂါပိုင် နက္ခတ်ကို စီးထားပါသည်။

အန္တရဒသာသခင်ဂြိုဟ် ရာဟုသည် ကောဇာသွား[illegible]ခြင်းဖြင့် (၂၊ ၉)သခင် အင်္ဂါပိုင် ဗြိစ္ဆာရာသီတွင် ထူ[illegible]ဒသာသခင် ၅တေးပိုင် နက္ခတ်ကို စီးထားပါသည်။

ကောဇာ ၁နွေဂြိုဟ်သည် ကောဇာသွားခြင်း[illegible] ဗြိစ္ဆာရာသီတွင် ၅တေးပိုင် နက္ခတ်ကိုပင် စီးထားပါသည်။

ကောဇာ ၂လ်ာဂြိုဟ်သည် ကောဇာသွားခြင်း[illegible] ၅တေးပိုင် ဓနုရာသီ(ဒွေးဒဟ)တွင် ဘုတ္တိဒသာသ[illegible]ဂြိုဟ် ဗြကြာပိုင် နက္ခတ်ကို စီးထားပါသည်။

ကောဇာဂြိုဟ်များကလည်း ဒုတိယအိမ်ထော[illegible]ခြင်းအတွက် ထောက်ခံချက် ပေးထားကြပါသည်။

**ဆရာရန်အောင်ဟိန်း(B.Sc[illegible]**

<u>ကျမ်းကိုး</u>

∗ Aug 2013. K.P Ezine.



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးပညာရှင်



ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘဝတွင် မျှော်မှန်းထားသလောက် 'အထူး' အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

ကံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားတို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရပြန်ပါတယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း စီးပွားတွေ ကျလာတယ်။ မှုခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ် ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး၊ စီးပွား အဆင်ပြေပြန်တော့ အချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရပြန်တယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုးတရား ဖြစ်တယ်။ အနာသိမှ ဆေးရှိမယ်။ ဒီတော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဂမ္ဘီရသော့ကလေး တစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့ကသာ အဓိကလိုပါတယ်။ ကြော်ငြာဖတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

**ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ ဖုန်းဆက်ပါ။**

ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၉ ၅၁ ၈၄၉၀၅

www.burmeseclassic.com



မောင်ဝဏ္ဏ(IC)

# ကျွန်ုပ်တို့ကျန်းမာဖို့ ဘာတွေကို ဘယ်လောက်စားသင့်ပါသလဲ

လူတစ်ယောက်သည် အနာရောဂါ ကင်းရှင်းရုံမျှဖြင့် ကျန်းမာသော လူတစ်ယောက်ဟု မဆိုနိုင်ချေ။ ကိုယ်ခန္ဓာ၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်း၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ခြင်းတည်းဟူသော အင်္ဂါသုံးရပ်နှင့် ပြည့်စုံမှသာလျှင် အာရောဂျံ ပရမံ လာဘံ ဆိုသည့် စကားအတိုင်း ကျန်းမာခြင်း၏ အထူးမြတ်ဆုံးသော ဆုလာဘ်ကြီးကို ရရှိခံစားနိုင်ပေမည်။

လူတချို့တို့သည် မည်သည့်ရောဂါမျှ မည်မည်ရရ မရှိပါဘဲ ခေါင်းမူးသည်၊ အဆစ်မြစ် ကိုက်သည်၊ အနည်းငယ် လှုပ်ရှားရုံနှင့် မောပန်းသည်၊ မျက်စိ ဝေသည်၊ အိပ်မပျော်၊ အားမရှိသလို ခံစားရ စသည့် ဝေဒနာများကို ခံစားရတတ်ပါသည်။

လူတချို့တို့သည် သွေးအားနည်းခြင်း၊ ပိန်လှီခြင်း၊ တွေဝေနေတတ်ခြင်း၊ ဗီတာမင်ချို့တဲ့ခြင်းကြောင့် ဖြစ်ပေါ်တတ်သော ရောဂါများ ဖြစ်နေကြခြင်း၊ အသက်အရွယ်အလိုက် ကိုယ်ကာယ ကြီးထွားမှု မရှိခြင်း စသော ရောဂါများကို ခံစားနေရတတ်ပါသည်။

အထက်ပါ ခံစားနေရတတ်သော ရောဂါဝေဒနာများသည် အာဟာရပြည့်ဝသော အစားအစာများကို စနစ်တကျ မျှတစွာ မမှီဝဲ မသုံးဆောင်ခြင်းကြောင့် ဗီတာမင် ပြည့်ဝလုံလောက်စွာ မရရှိဘဲ ရောဂါဝေဒနာများ ဖိစီး နှိပ်စက်ခံရခြင်းသာ ဖြစ်ချေသည်။


ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်ကျော်သည် မျှ သော အာဟာရကို မမှီဝဲကြရ၍ ရောဂါအမျိုးမျိုး ဖိစီး နှိပ်စက်ခြင်းကို ခံစားနေကြရသည်ဟု ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ဆိုထားသည်။ မျှတသော အာဟာရ မမှီ ကြရသူ နှစ်မျိုးနှစ်စား ရှိသည်။

(၁) အစားရေစာ ခေါင်းပါးလှခြင်းကြောင့် ငတ်ပြတ် ကြခြင်း၊

(၂) အစားရေစာ ပေါများသော်လည်း အာဟာရပြည့် အောင် မစားတတ်ကြခြင်းတို့ ဖြစ်သည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် နိုင်ငံသူနိုင်ငံသားအ တို့သည် ငွေကြေးအမြောက်အမြား မကုန်ကျရဘဲ မျှ သော အာဟာရကို မှီဝဲသုံးဆောင်နိုင်ကြပါသည်။

ဥပမာ-ပဲအမျိုးမျိုးကို အဖိုးနှုန်း ချိုသာစွာဖြင့် ယူရရှိနိုင်ပါသည်။ ပဲမှာ အမျိုးအစား များသ စားသုံးသောအခါ အရသာလည်း ကွဲပြားလေ အသား၊ ငါးတို့ကို လုံလောက်စွာ မစားသုံးနိုင် သူများအဖို့ ပဲအမျိုးမျိုးကို ဉာဏ်ရှိသလို စီမံချက် တတ်မည်ဆိုပါက နေ့စဉ်နှင့်အမျှ ဟင်းလျာမျိုးစုံကို ထူးအပြားပြား အရသာရှိစွာဖြင့် စားသုံးနိုင်သည် စရိတ်စက သက်သာစွာဖြင့် အာဟာရပြည့်စုံနိုင် သည်။ စင်စစ်အားဖြင့် ပဲသည် ဆင်းရဲသား၏ ငါး မဟုတ်ပါလော။



လူတချို့တို့သည် ပဲကို ဝမ်းပွသည်၊ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com

ဟု အယူရှိကြသဖြင့် ရှောင်ကြဉ်ကြလေသည်။ အမှန်မှာ ပဲက ဝမ်းပွစေသည်မဟုတ်၊ ပဲကို စားသုံးနည်း မမှန်ကန်၍သာ အစာမကျေခြင်း ဖြစ်လေသည်။ ဥပမာ-ပဲကြီးကို ကြော်၍ စားလျှင် ကျေညက်စွာ မဝါး၍လည်းကောင်း၊ များများစားလျှင်လည်းကောင်း ဖြစ်နိုင်သော်လည်း နူးနပ်ပျော့ပျောင်းအောင် ချက်ပြုတ်စားသောက်ပါမူ အစာကျေလွယ်သော အာဟာရတစ်ခု ဖြစ်ပါသည်။

အာဟာရပြည့်ဝစွာ ရရှိရေးအတွက် နေ့စဉ် စားသုံးသော အစားအစာထဲတွင် ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ အသား၊ငါးအမျိုးမျိုး၊ ကြက်ဥ၊ ပဲအမျိုးမျိုး၊ အသီးအနှံအမျိုးမျိုးတို့ ရှိပေရာ ကျွန်ုပ်တို့ နိုင်ငံတွင် အာဟာရချို့တဲ့ကြသူ အများစုသည် ပရိုတင်းဓာတ် (အသား၊ ပဲ၊ နို့)နှင့် ဗီတာမင်(ဘီ)ဓာတ်များ ချို့တဲ့သူ အများအပြားပါဝင်လေသည်။ ဤဆောင်းပါးတွင် ပဲအမျိုးမျိုးနှင့်ပတ်သက်သော အာဟာရတန်ဖိုးကို ဦးစားပေး ဖော်ပြပါမည်။

**ပဲအမျိုးမျိုး**

ပဲအမျိုးမျိုးမှာ အာဟာရဓာတ် ကြွယ်ဝသော အစားအစာ ဖြစ်လေသည်။ အကျိုးအာနိသင် ထက်မြက်သော အသားဓာတ် (၂၀)ရာခိုင်နှုန်းမျှ ပါရှိသဖြင့် အာဟာရပညာအလိုအားဖြင့် ဆင်းရဲသားများ၏ အသား၊ ငါးပင်




ဖြစ်သည်ဟု ဆိုထားပေသည်။ အဆီဓာတ်မှာ တချို့တွင် (၁)ရာခိုင်နှုန်းမျှပါ၍ ပဲပုပ်တွင် အဆီဓာတ် (၂၀)ရာခိုင်နှုန်းမျှပါပြီး မြေပဲတွင် အဆီဓာတ် (၄၀)ရာခိုင်နှုန်း ပါရှိလေသည်။ သတ္တုဓာတ် (၃)ရာခိုင်နှုန်းပါပြီး ထုံးဓာတ်များလေသည်။ ဗီတာမင်(ဘီ)ဓာတ်များလည်း အသင့်အတင့် ကြွယ်ဝလေသည်။ အဝါရောင်ရှိသော ပဲများတွင် ကဲရိုတင်းဓာတ် ပါရှိသည်။ ဗီတာမင်(စီ)ဓာတ် နည်းသော်လည်း အပင်ပေါက်က ဗီတာမင်(ဒီ)ဓာတ် ပါလေသည်။ ပဲအမျိုးမျိုးတွင် ပါဝင်သော ဓာတ်များကို အောက်တွင် ဖော်ပြထားပါသည်။

| | ကယ်လိုရီ | ကစီဓာတ် | အသားဓာတ် | အဆီဓာတ် | ထုံးဓာတ် | သံဓာတ် | ဗီတာမင် (အေ) | ဗီတာမင် (ဘီ ၁) | ဗီတာမင် (ဘီ ၂) | နိုင်ယာစင် |
|---|---|---|---|---|---|---|---|---|---|---|
| ကုလားပဲ | ၃၆၈ | ၆၁ | ၂၀ | ၅ | ၁၂၀ | ၉ | ၂၀ | ၀.၅ | ၀.၁၅ | ၁.၅ |
| ပဲစဉ်းငုံ | ၃၂၈ | ၅၈ | ၂၀ | ၂ | ၁၀၀ | ၅ | ၅၀ | ၀.၅ | ၀.၁၅ | ၂.၃ |
| ပဲကြီး | ၃၄၇ | ၆၀ | ၂၄.၉ | ၀.၈ | ၃၀ | ၂.၇ | ၂၀ | ၀.၅၂ | ၀.၁၆ | ၁.၈ |
| ပဲလွန်း | ၃၄၀ | ၆၀ | ၂၂ | ၁.၅ | ၉၀ | ၅.၉ | ၂၀ | ၀.၉ | ၀.၁၅ | ၂ |
| ပဲပုပ် | ၄၁၅ | ၂၀ | ၃၉.၉ | ၁၇ | ၂၅၄ | ၁၁.၂ | - | ၁.၁ | ၀.၃ | ၂ |
| ပဲကတ္တီပါ | ၃၅၁ | ၅၃ | ၂၄ | ၅ | ၁၃၀ | - | ၅၀ | ၀.၅ | ၀.၅ | ၁.၇ |
| မြေပဲ | ၅၇၉ | ၁၇ | ၂၇ | ၄၅ | ၅၀ | ၂.၅ | - | ၀.၉ | ၀.၁၅ | ၁၇ |
| မတ်ပဲ | ၃၂၉ | ၅၆ | ၂၄ | ၁ | ၁၀၀ | ၈ | ၄၀ | ၀.၄၅ | ၀.၂ | ၂ |
| ပဲနောက် | ၃၂၄ | ၅၇ | ၂၂ | ၁ | ၁၅၀ | ၉ | ၄၀ | ၀.၄ | ၀.၂ | ၂ |
| ပဲကျား | ၃၇၉ | ၆၂ | ၂၀ | ၅.၈ | ၁၅၆ | ၉.၃ | - | ၀.၅ | ၀.၁၄ | ၁.၅ |

(ပဲအမျိုးမျိုး၏ ၆ $\frac{၁}{၇}$ ကျပ်သား အလေးချိန်တွင် ပါဝင်သော အာဟာရဓာတ်တန်ဖိုး)





www.burmeseclassic.com

www.burmeseclassic.com

အာဟာရဓာတ် ပြည့်ဝမှု ရှိ/မရှိကို အထူးသဖြင့် ကျောင်းသားကလေးသူငယ်များတွင် လွယ်ကူစွာ သိရှိနိုင်ပေသည်။ အောက်တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

| | အာဟာရ ပြည့်ဝသောသူ | အာဟာရ ချို့တဲ့သောသူ |
|---|---|---|
| ၁ | ခန္ဓာကိုယ်တောင့်တင်း သန်မာကြီးထွားခြင်း | ခန္ဓာကိုယ် သေးငယ်ခြင်း |
| ၂ | အရပ်အမောင်းနှင့် ခန္ဓာကိုယ်အလေးချိန် ကိုက်ညီခြင်း | ပိန်ခြင်း၊ သာမန်အနေအထားတွင် ရှိနိုင်ခြင်း၊ ဝလွန်းခြင်း |
| ၃ | ကြွက်သား သန်မာခြင်း၊ ကြီးထွားခြင်း | ကြွက်သား သေးငယ်ခြင်းနှင့် ပျော့ခြင်း |
| ၄ | အသားအရေ ကောင်းမွန်ချောမွေ့ခြင်း | အသားအရေ ဖျော့တော့ခြင်း၊ လျော့ရဲခြင်း၊ ဝါဖန့်ဖန့်အရောင်ရှိခြင်း |
| ၅ | အသားအရေအောက်တွင် ကောင်းမွန်သော အဆီထပ်ရှိခြင်း | အသားအရေအောက်တွင် အဆီမဲ့ခြင်း |
| ၆ | မျက်လုံးနှင့် နှုတ်ခမ်းတွင် အမှေးများ ပန်းရောင်အနေအထားရှိခြင်း | အပေါ်အရေလွှာ အသွေးအရောင် ဖျော့တော့ခြင်း |
| ၇ | ဆံပင်ချောမွတ် တောက်ပခြင်း | ဆံပင်ကြမ်းခြင်း၊ အရောင်မှေးမှိန်ခြင်း |
| ၈ | မျက်လုံး ကြည်လင်ခြင်း၊ မျက်ကွင်းမညိုခြင်း | မျက်ကွင်းနက်ခြင်း၊ မျက်လုံးဟောက်ခြင်း |
| ၉ | မျက်လုံးအနေအထား ရွှင်ပျပြီး ဖျတ်လတ်ပုံရခြင်း၊ နုပျိုခြင်း | မျက်နှာကြော အိုပုံရခြင်း၊ အိုမင်းပုံပေါက်ခြင်း |
| ၁၀ | မတ်မတ်ရပ်နိုင်ပြီး အနေအထားတောင့်တင်း မှန်ကန်ခြင်း | မောပန်းနေသော ပုံသဏ္ဌာန်ရှိခြင်း |
| ၁၁ | စိတ်နှလုံး ရွှင်လန်းခြင်း၊ လုပ်ချင်ကိုင်ချင်စိတ် ဖြစ်ခြင်း၊ ကောင်းစွာ အိပ်ပျော်ခြင်း | တုန်လှုပ်ခြင်း၊ ကောင်းစွာ အိပ်မပျော်ခြင်း |
| ၁၂ | အစာကျေခြင်း၊ ခံတွင်းကောင်းခြင်း | အစာမကျေ၊ ဝမ်းချုပ်ခြင်း၊ ခံတွင်းပျက်ခြင်း |
| ၁၃ | ကျန်းမာခြင်း အနေအထားကောင်းခြင်း | အအေးမိလွယ်ခြင်း၊ ရောဂါကူးစက်လွယ်ခြင်း၊ ခုခံနိုင်ရည် မရှိခြင်း |





www.burmeseclassic.com



**လူကြီးတစ်ယောက်အတွက်**
**တစ်နေ့တာ လိုအပ်သော အစားအစာ**

| | |
|---|---|
| * ဆန် | (၂)ဘူး (နို့ဆီဘူး) |
| * အသား (သို့မဟုတ်) ငါး | (၇)ကျပ်သား |
| * ငါးပိ | (၁)ကျပ်သား |
| * ငါးကလေးခြောက် | (၁)ကျပ်သား |
| * ပဲ | (၄)ကျပ်သား |
| * ဟင်းသီးဟင်းရွက် | (၁၀)ကျပ်သား |
| * ဆီ | (၁.၅)ကျပ်သား |
| * သကြား (သို့မဟုတ်) ထန်းလျက် | (၁)ကျပ်သား |
| * သစ်သီး | (၁)လုံး |

**အာဟာရတန်ဖိုး**

| | |
|---|---|
| * ကယ်လိုရီ | (၂၆၆၃) |
| * အသားဓာတ် | (၇၈.၈)ဂရမ် |
| * အဆီဓာတ် | (၄၈.၉)ဂရမ် |
| * ထုံးဓာတ် | (၇၁၂)မီလီဂရမ် |
| * သံဓာတ် | (၁၃.၃)မီလီဂရမ် |
| * ဗီတာမင်(အေ) | (၆၃၅၇)ယူနစ် |
| * ဗီတာမင်(ဘီ ၁) | (၁.၁၁)မီလီဂရမ် |
| * ဗီတာမင်(ဘီ ၂) | (၀.၆၅)မီလီဂရမ် |
| * နိုင်ယာစင် | (၁၄.၂)မီလီဂရမ် |
| * ဗီတာမင်(စီ) | (၈၅)မီလီဂရမ် |


အာဟာရပြည့်ဝစွာ စားသုံးရသူများမှာ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ရောဂါဝေဒနာများမှ ကင်းစင်တတ်လေသည်။ အကယ်၍ ရောဂါဖြစ်ချင်း တူသည့်တိုင်အောင် အာဟာရပြည့်ဝစွာ မစားသုံးရသူများက အာဟာရပြည့်ဝစွာ စားသုံးရသူများထက် ဝေဒနာ ပိုမို၍ ခံစားရတတ်လေသည်။ ကျွန်ုပ်တို့ နိုင်ငံတွင် လက်ရှိခံစားနေကြရသော ကလေးအသေအပျောက်များခြင်း၊ သက်တမ်းတိုခြင်း၊ ပေမမီ ဒေါက်မမီများ များပြားလာခြင်း၊ တီဘီရောဂါသည် အပါအဝင် ကူးစက်ရောဂါသည်များ များပြားလာခြင်းတို့သည် အရင်းစစ်ပါက အာဟာရပြည့်ဝစွာ မမှီဝဲမှုအပေါ်တွင် များစွာတည်မှီနေပါသည်။

**နိုင်ငံသူ နိုင်ငံသားအပေါင်း ကျန်းမာရွှင်လန်းကြပါစေ**

**မောင်ဝဏ္ဏ**(IC)

**ဝန်ခံချက်**

'ဒေါက်တာကြွယ်သိန်း'၏ 'အာဟာရ'စာအုပ်မှ အချက်အလက်များကို ကိုးကားဖော်ပြထားပါသည်။



www.burmeseclassic.com



ပါဂိန်း(ဘူမိ)

# ချယ်ရီသီးနှင့် တရုတ်ဆီးသီးတို့၏ ကျန်းမာရေးအကျိုးကျေးဇူးများ

လူသားတို့ အစာပြေစာအဖြစ်လည်းကောင်း၊ အရသာရှိသော အချိုတည်းစာအဖြစ်လည်းကောင်း စားသုံးလေ့ရှိကြသော စားစရာများသည် အသုံးပြုတတ်လျှင် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရစေနိုင်ပေသည်။

ယခု ဂေါက်ရောဂါ၊ ကင်ဆာရောဂါများ၊ နှလုံးရောဂါ၊ လေဖြတ်ခြင်းတို့ကို ကာကွယ်ပေးသော ချယ်ရီသီးနှင့် မျက်စိရောဂါများ၊ နှလုံးရောဂါများကို ကာကွယ်ပေးသော တရုတ်ဆီးသီးများကို မည်သို့စားသုံးသင့်ကြောင်း ရေးသားဖော်ပြပေးလိုက်ပါသည်။

## ချယ်ရီသီး (Cherries)

**ကုသပေးနိုင်သောစွမ်းအား**

- ဂေါက်ရောဂါ(gout) ကို သက်သာစေနိုင်သည်။
- ကင်ဆာရောဂါများစွာကို ကာကွယ်ပေးသည်။
- နှလုံးရောဂါနှင့် လေဖြတ်ခြင်းကို လျော့ကျစေသည်။

ချယ်ရီသီးသည် အရောင်အသွေးနှင့် ချိုမြသော အရသာကြောင့် လူအများ စားသုံးကြသော အသီးတစ်မျိုးဖြစ်သည်။ သို့သော် သုတေသီများက ချယ်ရီသီးတွင် ပါရှိသော ပါရီလိုင်းအယ်လ်ကိုဟော(perilly alcohol) အမည်ရှိ ဓာတ်ပေါင်းက တချို့သူများအတွက် အနှောင့်အယှက် ဖြစ်စေသည်ဟု ယူဆခဲ့ကြပါသည်။

ဝစ်စ်ကွန်ဆန်ဆေးတက္ကသိုလ်မှ ကင်ဆာပါမောက္ခ မိုက်ကယ်ဂေါလ်ဒ်(Michael Gould, Ph.D) က "ပါရီလိုင်းအယ်လ်ကိုဟောဓာတ်သည် ဓာတ်ခွဲခန်းအတွင်း စမ်းသပ်ချက်များအရ တိရစ္ဆာန်များတွင် ကင်ဆာရောဂါများစွာကို ကုသပေးနိုင်ကြောင်း စမ်းသပ်တွေ့ရှိခဲ့ရသည်" ဟု ဆိုပါသည်။ ယင်းအတွက်ကြောင့် ဝစ်စ်ကွန်ဆန်တက္ကသိုလ်မှ ကင်ဆာဝေဒနာရှင်များကို စမ်းသပ်ရန် ကြိုး... စားသင့်ကြောင်း အကြံပြုခဲ့ပါသည်။

ပါရီလိုင်းအယ်လ်ကိုဟောသည် မိုနိုတာပိန်းဓာတ်ပေါင်း(monoterpenes) အုပ်စုတွင် ပါဝင်သည်။ လီမွန်နင်းန်(Limonene) ဟုခေါ်သည့် ဓာတ်ပေါင်းကို အချို့သီးများ၏ အခွံတွင် တွေ့ရတတ်သည်။ ယင်းဓာတ်ပေါင်းသည် ကင်ဆာရောဂါများစွာ (ဥပမာ-ရင်သားကင်ဆာ၊ အဆုတ်ကင်ဆာ၊ ဝမ်းခေါင်းတွင်းကင်ဆာ၊ အသည်းကင်ဆာနှင့် အရေပြားကင်ဆာ စသည်ဖြင့် ကင်ဆာရောဂါများစွာ)ကို ဟန့်တားပေးနိုင်ကြောင်း တွေ့ရှိရပါသည်။ ပါရီလိုင်းအယ်လ်ကိုဟောသည် လီမွန်နင်းန်ဓာတ်ပေါင်းထက် (၅)ဆမှ (၁၀)ဆထိ ပို၍အားကောင်း ထိရောက်ကြောင်း သက်သေအထောက်အထားများစွာ ရှိထားပြီး ဖြစ်ပါသည်။

ချယ်ရီသီးတွင် ပါရီလိုင်းအယ်လ်ကိုဟော ... ပါရှိကြောင်း မသိရှိရသေးပါဟု အင်ဒီယာနာပိုး... အင်ဒီယာနာဆေးတက္ကသိုလ်၊ ဇီဝဗေဒဌာန လက်ထောက် ပါမောက္ခ ပမ်မယ်လာခရောင်းဝဲလ်(Pamela Crowell, Ph.D) မှ ဆိုခဲ့ပါသည်။ သို့သော် ပမာဏအနည်းငယ်... ပါရှိလျှင်ပင် ကောင်းကျိုးရလဒ်ကို ဖြစ်ပေါ်စေနိုင်သည်ဟု သိရပါသည်။ ထို့ကြောင့် ချယ်ရီသီးများကို စား... ပေးခြင်းသည် အရေးမပါဟု ထင်ရသည့်တိုင် ခန္ဓာကိုယ်... မှ ကင်ဆာရောဂါကို တိုက်ထုတ်ရာတွင် အရေးပါသော အထောက်အကူပြုပေးနိုင်သည့်အချက် ဖြစ်ပါသည်။

**ဗီတာမင်(စီ)နှင့် ပိုမိုပါဝင်သော အရာများ**

ချယ်ရီသီးများတွင် အခြားဓာတ်ပေါင်း အသ... ကို တွေ့ရှိရပါသည်။ ကုသပေးနိုင်သော ဓာတ်...



www.burmeseclassic.com

www.burmeseclassic.com

များစွာလည်း ပါဝင်ပါသည်။ ဥပမာ-ချဉ်သော ချယ်ရီသီး ခွက်တစ်ဝက်တွင် ဗီတာမင်(စီ) (၅)မီလီဂရမ်ထိ ပါဝင်ပေသည်။ ယင်းမှာ တစ်နေ့တာ လိုအပ်ချက်၏ (၈)ရာခိုင်နှုန်းထိ ရှိပါသည်။ ယင်းက ဗီတာမင်(အေ)နှင့် (အီး)တို့ကိုလည်း ထောက်ပံ့ပေးသည်။ ချိုသော ချယ်ရီသီးများတွင်မူ ဗီတာမင်(စီ) အလားတူ ပမာဏထိ ပါဝင်သော်လည်း ဗီတာမင်(အေ)နှင့် (အီး)တို့ ပါဝင်မှုကား လျော့နည်းသွားတတ်ပါသည်။


ချယ်ရီသီးတွင် ပါဝင်သော ဗီတာမင်(အီး)မှာ စိတ်ဝင်စားဖွယ် ကောင်းပေသည်။ သွေးဆုံးပြီး အမျိုးသမီးများပေါ် လေ့လာချက်တစ်ရပ်အရ ဗီတာမင်(အီး) ပို၍ စားသုံးလေ နှလုံးရောဂါ ခံစားရမည့်ဘေးမှ လျော့ကျလေ ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ ပို၍စိတ်ဝင်စားဖွယ် ကောင်းသည်မှာ ဖြည့်စွက်ဆေးဝါးများ (ဗီတာမင်အီး ဆေးလုံးများ) စားသုံးသည်ထက် သဘာဝစားစရာများမှ ရရှိသော ဗီတာမင်(အီး)က နှလုံးရောဂါဘေးမှ လျော့ကျစေရာ၌ သာလွန်အစွမ်းထက်သည်ဟူသော အချက်ကို တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

ပြဿနာမှာ ဗီတာမင်(အီး) တစ်နေ့တာ လိုအပ်ချက်ဖြစ်သော (၃၀)မီလီဂရမ်ကို မည်သည့်သဘာဝစားစရာမှ ရနိုင်မည်နည်းဟူသောအချက် ဖြစ်ပါသည်။ ယင်းအတွက် အဆီဓာတ် မြင့်မားသော ဟင်းချက်ဆီများ၊ အခွံမာသီးများမှ ဗီတာမင်(အီး)ကို များစွာ ရယူနိုင်ပေသည်။ ချယ်ရီသီးများ စားသုံးပေးခြင်းသည်လည်း ကောင်းမွန်သော ရင်းမြစ်တစ်ခု ဖြစ်သည်။

နောက်ဆုံးတွင် ချယ်ရီသီးများတွင် ကွာစီတင်ခေါ် ဓာတ်ပေါင်းကို တွေ့ရှိခဲ့ရပါသည်။ ဗီတာမင်(စီ)နှင့် အခြားအန်တီအောက်စီးဒန့်များကဲ့သို့ပင် ကွာစီတင်သည် ခန္ဓာကိုယ်တွင်းရှိ ဖရီးရယ်ဒီကယ်များကို တားဆီးပေးသည်။ လေ့လာချက်များအရ ကွာစီတင်နှင့် အလားတူသော ဓာတ်ပေါင်းများသည် လေဖြတ်ခြင်းအပြင် ကင်ဆာအားကိုပါ လျော့ကျစေနိုင်ကြောင်း တွေ့ရှိရပါသည်။

**ဂေါက်ရောဂါကို သက်သာစေခြင်း**

ဒဏ္ဍာရီလာ ဆေးဝါးများမှာ ပုံဝတ္ထုများဖြင့် ပြည့်နှက်နေတတ်သည်။ ဂေါက်ရောဂါဖြင့် နာကျင်ကိုက်ခဲသူတွင် နေ့စဉ် ချယ်ရီသီး စားသုံးပေးခြင်း (သို့မဟုတ်)



ချယ်ရီသီးရည် သောက်သုံးပေးခြင်းဖြင့် နာကျင်ကိုက်ခဲခြင်းကို သက်သာစေနိုင်ပါသည်။ အဆစ်အမြစ်ကိုက်ရောဂါသည်များအဖွဲ့ (the Arthritis Foundation) က ချယ်ရီသီးသည် ဂေါက်ရောဂါ၏ နာကျင်ကိုက်ခဲမှုကို အမှန်တကယ် သက်သာစေနိုင်ကြောင်း အထောက်အထား မရှိပါဟု ဆိုခဲ့ပါသည်။

ပရီဗန်းရှင်း(Prevention) (ခေါ်) ကာကွယ်ရေး စာစောင်မှ စစ်တမ်းကောက်ယူခဲ့မှုများအရ စာဖတ်သူများ၏ (၆၇)ရာခိုင်နှုန်းသည် ချယ်ရီသီးများ အသုံးပြုခဲ့ခြင်းဖြင့် ကောင်းကျိုးရလဒ် ခံစားကြရသည်ဟု သိရပါသည်။ ကင်တက်ကီပြည်နယ်၊ လူးဝစ်စ်ဗီးလ်မှ ကင်နက်စီယိုလိုဂျစ်(Kinesiologist) စတိဗ်ရှမက်ချာက ချယ်ရီသီးများကို အသုံးဝင်လှကြောင်း ထောက်ခံခဲ့သည်။ သူက ဂေါက်ရောဂါ ခံစားနေရသူများသည် အနီရောင်အသားများ(red meat)၊ ကလီစာများ စားသောက်ခြင်းကို ရှောင်ကြဉ်က တစ်နေ့လျှင် ချယ်ရီသီးရည် (၃)ခွက်အထိ နေ့စဉ် သောက်သုံးပေးရမည်ဟု ပြောကြားခဲ့ပါသည်။ သူက ချယ်ရီသီးနက်(pure black-cherry) အရည်ကို ရေဆတူရောကာ သောက်သုံးရန် အကြံပြုခဲ့ပါသည်။

ယုံကြည်စွာဖြင့် ယင်းအကြံပြုချက် (စားသုံးမှုပုံစံ)ကို လက်ခံကျင့်သုံးကြသူများမှာ ကောင်းကျိုးရလဒ်များ ခံစားကြရပြီး အချို့မှာ (၄၈)နာရီမှ (၇၂)နာရီအတွင်း သိသာထင်ရှားစွာ ကောင်းကျိုးခံစားခဲ့ကြရသည်။ အချို့မှာ တစ်ပတ်အတွင်း အကျိုးခံစားခဲ့ကြရသည်။ ယင်းသို့ ကွာခြားချက်မှာ ရောဂါ၏ ပြင်းထန်မှုနှင့် သက်ဆိုင်ပါသည်ဟု ရှမက်ချာက ဆိုခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**သတိပြုရန်**

* **အသီးအတိုင်း စားသုံးရမည်။** ချက်ပြုတ်ခြင်းက ဗီတာမင်(စီ)နှင့် အခြားအာဟာရဓာတ် ဆုံးရှုံးစေခြင်းကြောင့် ချယ်ရီသီးများကို အသီးမှည့်အတိုင်း စားသုံးပေးခြင်း ပြုသင့်ပါသည်။

* **ဖုတ်ခြင်း။** ချယ်ရီသီး အချို့များကို အသီးအတိုင်းစားရန် လွယ်ကူသော်လည်း ချဉ်သောအသီးများကိုကား ဖုတ်စားနိုင်ပါသည်။ ဖုတ်ခြင်း(baking) တွင် ပါဝင်သော အာဟာရတန်ဖိုးအချို့ကို ထိန်းသိမ်းနိုင်ပေသည်။

**ချယ်ရီတော့ပင်း (Cherry Topping)**

| | | |
|---|---|---|
| * | ပြောင်းဖူးမှုန့် (cornstarch) | စားပွဲတင်ဇွန်း(၁)ဇွန်း |
| * | ပန်းသီးရည် | ခွက်၏($\frac{၃}{၄}$) |
| * | ပျားရည် | စားပွဲတင်ဇွန်း(၂)ဇွန်း |
| * | ဗန်နီလာ | လက်ဖက်စားဇွန်း(၂)ဇွန်း |
| * | ချယ်ရီသီးရည် | ($၃\frac{၁}{၂}$)ခွက် |
| * | သစ်ကြံပိုးမှုန့် | လက်ဖက်စားဇွန်း($\frac{၁}{၄}$)ဇွန်း |
| * | ဖာလာမှုန့် | လက်ဖက်စားဇွန်း($\frac{၁}{၈}$) (မသုံးလည်းရ၏) |

လက်ကိုင်ပါ အိုးတစ်လုံးအတွင်း ပြောင်းဖူးစေ့မှုန့်များ ထည့်ပါ။ ပန်းသီးရည်များထည့်ကာ ပျော်ဝင်သွားပါစေ။ ထို့နောက် ပျားရည်နှင့် ဗန်နီလာရည်များ ထည့်ပေးပါ။

ချယ်ရီသီးရည်များ ထပ်မံထည့်ပေးပြီး (အသုံးပြုမည်ဆိုပါက ဖာလာမှုန့်)၊ သစ်ကြံပိုးမှုန့်များ ထည့်ပေးပါ။ မီးအလတ်စားတွင် (၅)မိနစ်ခန့် ချက်ပေးပါ။ ချယ်ရီသီးများကို အသာလှုပ်ပေးပါ။ (သို့မဟုတ်) အရည်များ ပျစ်၍ ကြည်လာသည်ထိ ချက်ပေးပါ။ မီးကို ငြိမ်း၍ ခပ်နွေးနွေးတွင် စားသုံးနိုင်သည်။

ယင်းမှာ လေးခွက်စာ ဖြစ်သည်။

**မှတ်ချက်**

ပန်ကိတ်(pancakes) (သို့မဟုတ်) အဆီမပါသော ဒိန်ချဉ်တို့ဖြင့် စားပေးနိုင်သည်။

ယင်းချယ်ရီသီး ချက်ထားသော အရည်ပျစ်ကို ခွက်တစ်ခုတွင်ထည့်၍ အဖုံး,ဖုံးကာ ရေခဲသေတ္တာအတွင်း သိမ်းထားပေးနိုင်သည်။ အသုံးပြုလိုသော အချိန်တွင် မိုက်ခရိုဝေ့ဖ် မီးဖိုတွင် နွေး၍ (သို့မဟုတ်) လက်ကိုင်ပါ အိုးတွင်ထည့်၍ နွေးကာ အသုံးပြုနိုင်ပါသည်။

ချယ်ရီသီး ချက်ထားသော ဆော့စ်ခွက်တစ်ခွက် ပမာဏတွင် ကယ်လိုရီ(၇၇)၊ အဆီ(၀.၇)ဂရမ်၊ ပြည့်ဝဆီ(၀.၂)ဂရမ်၊ ကော်လက်စထရော(၀)ဂရမ်၊ ဆိုဒီယမ် (၁)မီလီဂရမ်၊ အာဟာရဖြည့် အမျှင်ဓာတ်(၁.၁)ဂရမ် ပါဝင်ပါသည်။

## တရုတ်ဆီးသီး (Apricots)


**ကုသပေးနိုင်သောစွမ်းအား**

* မျက်စိများကို ကာကွယ်ပေးသည်။

* နှလုံးရောဂါကို ကာကွယ်ပေးသည်။


ရှေးခေတ်အခါက တရုတ်သတို့သမီးများသည် သားသမီးရရှိရန်အတွက် တရုတ်ဆီးသီးကို စားသုံးခဲ့ကြသော ဓလေ့ရှိခဲ့သည်။ ယနေ့အခါ ယင်းကိစ္စကို ရယ်ဖွယ်ရာ အဖြစ်ဟု ယူဆနေခဲ့ကြချေပြီ။ သို့သော် တရုတ်ဆီးသီး တွင် လိင်ဟော်မုန်း(sex hormones) ကို ထုတ်လုပ်ပေးနိုင်ရန် လိုအပ်သော သတ္တုဓာတ်များ မြင့်မားစွာ ပါဝင်နေကြောင်း တွေ့ရှိရပါသည်။

သို့အတွက် ယခုကာလတွင် လူအချို့ကသာ တရုတ်ဆီးသီးကို မိသားစုတိုးပွားရေးအတွက် အသုံးပြုခြင်းများ ရှိချေတော့သည်။ ချိုသောအရသာရှိပြီး ကတ္တီပါသားကဲ့သို့ နူးညံ့သော ယင်းတရုတ်ဆီးသီးတွင် ရောဂါပိုးဝင်ခြင်းကို တိုက်ဖျက်ပေးနိုင်ခြင်း၊ မျက်စိကန်းခြင်းကို တိုက်ဖျက်ပေးနိုင်ခြင်းနှင့် နှလုံးရောဂါကို ကာကွယ်ပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



စသည့် စွမ်းအားများရှိကြောင်း သုတေသနပြုမှုများအရ သိရှိရပေသည်။

တရုတ်ဆီးသီးများ၏ ကျန်းမာရေးအတွက် အကျိုးရှိစေခြင်းမှာ မတူကွဲပြားသော ကယ်ရိုကီနွိုက်(caro-tenoid) များ ထူးကဲစွာ ဖောဖောသီသီ ပါဝင်နေခြင်းကြောင့် ဖြစ်ရပေသည်။ ကယ်ရိုတီနွိုက်များသည် အပင်များတွင် ပါဝင်သော သဘာဝရောင်ခြည်ဓာတ်များ ဖြစ်သည်။ ယင်းသို့သော ရောင်ခြည်ဓာတ်များသည် ကျွန်ုပ်တို့၏ နှစ်သက်စွာ စားသုံးနေကြသော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များစွာတွင် ပါဝင်နေပါသည်။ အနီရောင်၊ လိမ္မော်ရောင်၊ အဝါရောင် စသည့် သဘာဝရောင်ခြည်ဓာတ်များသည် လူသားတို့၏ ကျန်းမာရေးပေါ် များစွာအထောက်အကူပြုပေးပါသည်။ သုတေသီများက မတူကွဲပြားသော ကယ်ရိုတီနွိုက်ပေါင်း(၆၀၀)ခန့် တွေ့ရှိထားပြီး အချို့မှာ အားကောင်းလှပေသည်။ ယင်းတို့ထဲတွင် ဘီတာကယ်ရိုတင်း (beta-carotene) ပါဝင်၍ တရုတ်ဆီးသီးတွင် ယင်းဘီတာကယ်ရိုတင်းကို တွေ့ရှိရသည်။

'တရုတ်ဆီးသီးများသည် ကယ်ရိုတီနွိုက်များ ပါဝင်သော စားစရာများတွင် အကောင်းဆုံးဖြစ်သည်'ဟု ရစ်ဘာဘာတန်က ဆိုခဲ့ပါသည်။ ဘာတန်သည် ဝါရှင်တန်ဒီစီရှိ အမေရိကန် ကင်ဆာသုတေသနအဖွဲ့မှ ဥက္ကဋ္ဌတစ်ဦး ဖြစ်ပါသည်။

<u>နှလုံးအတွက် အသီး</u>

တရုတ်ဆီးသီးတွင် နှလုံးရောဂါကို တိုက်ဖျက်ပေးသော ဓာတ်ပေါင်းများစွာ ရောနှောပါဝင်နေပါသည်။ တရုတ်ဆီးသီးတွင် ဘီတာကယ်ရိုတင်းနှင့်အတူ လိုင်ကိုပင်းနှ်လည်း ပါဝင်ပါသည်။ ယင်းဓာတ်ပေါင်း နှစ်မျိုးလုံးသည် မကောင်းသော အယ်လ်·ဒီ·အယ်လ်(L.D.L) ကော်လက်စထရောကို တိုက်ဖျက်ပေးနိုင်စွမ်း ရှိပါသည်။ သို့အတွက် နှလုံးရောဂါကို ကောင်းစွာကာကွယ်ပေးပါသည်။

'လိုင်ကိုပင်းသည် လောလောဆယ်တွင် ကျွန်ုပ်တို့သိရသလောက် အကောင်းဆုံး အန်တီအောက်စီးဒန့် ဖြစ်ပေသည်'ဟု ဖရက်ဒရစ်ခါချစ်(Ph.D) က ဆိုထားပါသည်။ ဖရက်ဒရစ်ခါချစ်သည် မေရီလန်းပြည်နယ်၊ ဘယ်လ်တစ်ဗီးလ်ရှိ အမေရိကန် စိုက်ပျိုးရေးဌာန အစားအစာများ ပေါင်းစည်းခြင်း ဓာတ်ခွဲခန်းမှ သုတေသနပညာရှင် ဖြစ်သည်။

(၁၃)နှစ်ကြာ လေ့လာမှုတစ်ရပ်အရ ကယ်ရိုတီနွိုက် အမြင့်ဆုံး စားသုံးသူသည် အနည်းဆုံး စားသုံးသူထက် နှလုံးရောဂါ ဖြစ်ပွားမှုအန္တရာယ် သုံးပုံတစ်ပုံမျှ လျော့ကျသွားသည်ဟု သိရပါသည်။ သူနာပြု(၉၀,၀၀၀)ခန့်၏ (၈)နှစ်ကြာ လေ့လာမှုများအရ ကယ်ရိုတီနွိုက် အကြွယ်ဝဆုံး စားစရာများသည် နှလုံးရောဂါ အန္တရာယ်ကို လေးပုံတစ်ပုံ လျော့ကျစေကြောင်း တွေ့ရပါသည်။

တရုတ်ဆီးသီးတွင် ဘီတာကယ်ရိုတင်းရင်းမြစ် ကြွယ်ဝလှသည်။ တရုတ်ဆီးသီး(၃)လုံးတွင် ဘီတာကယ်ရိုတင်း (၂)မီလီဂရမ် ပါဝင်ပေရာ နေ့စဉ် လိုအပ်ချက်ပမာဏ၏ (၃၀)ရာခိုင်နှုန်းထိ ရှိနေပေသည်။

<u>မျက်စိများအတွက် ကောင်းခြင်း</u>

သင့်တွင် မျက်စိပုံစံ အချိုးကျ၍ မလှပလျှင်ပင် တရုတ်ဆီးသီးကို စားသင့်ပါသည်။ တရုတ်ဆီးသီးတွင် ဗီတာမင်(အေ) ကြွယ်ဝသည်။ [တရုတ်ဆီးသီးတွင် ပါဝင်သော ဘီတာကယ်ရိုတင်းသည် ခန္ဓာကိုယ်တွင်း၌ ဗီတာမင်(အေ)အဖြစ် ပြောင်းလဲသွားသည်။] ယင်းအာဟာရဓာတ်က မျက်စိများကို ကာကွယ်ပေးပြီး မျက်စိများက



www.burmeseclassic.com

www.burmeseclassic.com

လိုအပ်သမျှသော အထောက်အပံ့များကို ရရှိစေနိုင်ပေသည်။

အလင်းရောင်သည် အချိန်တိုင်းဆိုသလို မျက်စိများကို ဖြတ်ကျော်ဝင်ရောက်နေရကား ယင်းက ဖရီးရယ်ဒီကယ်များကို တစ်ရှူးများတွင်းသို့ ပို့လွှတ်ပေးနေသကဲ့သို့ ရှိပေသည်။ ယင်းအောက်စီဂျင် အဖျက်မော်လီကျူးများက မျက်စိများ၏ အတွင်းမှန်ဘီလူးများ(lenses) ကို ပျက်စီးစေနိုင်ခြင်းနှင့် မျက်စိများတွင် တိမ်စွဲခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဖရီးရယ်ဒီကယ်များသည် မာကူလတ်စ် (ခေါ်) မြင်လွှာများ(retinas) ၏ ဗဟိုချက်နေရာဆီ သွေးပို့လွှတ် ထောက်ပံ့ပေးသော သွေးကြောများအားလည်း တိုက်ခိုက်မှု ပြုတတ်ပေသည်။ သွေးထောက်ပံ့မှု မရရှိတော့သောအခါတွင် ယင်းမာကူလာ အားလျော့ပျက်ပြားကာ အသက်အရွယ်ကြီးချိန်တွင် အမြင်အာရုံ ဆုံးရှုံးရခြင်း၏ အကြောင်းရင်း ဖြစ်လာရတတ်ပါသည်။

ဗီတာမင်(အေ)သည် အားကောင်းလှသော အန်တီအောက်စီးဒန့်ဖြစ်ကြောင်း လေ့လာမှုများအရ သိရပေသည်။ ယင်းက ဖရီးရယ်ဒီကယ်များ၏ အကျိုးသက်ရောက်မှုကို ဟန့်တားပေးရာတွင် အထောက်အကူပြုပေးပါသည်။ သူနာပြုပေါင်း(၅၀,၀၀၀)ခန့်အား လေ့လာချက်တစ်ရပ်တွင် အမျိုးသမီးများတွင် ယင်းတို့၏ စားသုံးမှုပုံစံ၌ ဗီတာမင်(အေ)ကို ပိုမိုထည့်သွင်း စားသုံးပေးပါက မျက်စိအတွင်းတိမ် ဖြစ်ခြင်းကို သုံးပုံတစ်ပုံခန့် လျော့ချပေးနိုင်ကြောင်း တွေ့ရှိခဲ့ကြရသည်။ တရုတ်ဆီးသီး(၃)လုံးတွင် ဗီတာမင်(အေ) အင်တာနေရှင်နယ်ယူနစ်(၂၇၆၉) ထိ ပါရှိပေရာ နေ့စဉ် လိုအပ်ချက်(Daily Value) ၏ (၅၅)ရာခိုင်နှုန်းထိရှိကြောင်း တွေ့ရှိရပါသည်။

**အမျှင်ဓာတ်၏ အထောက်အကူရရှိခြင်း**

သင့်စားသုံးမှု ပုံစံတွင်း၌ အမျှင်ဓာတ် ပါဝင်ခြင်း၏ ကောင်းကျိုးသက်ရောက်မှုကို ဖော်ပြထားချက်များမှာ ချဲ့ကားလွန်းရာ မရောက်ပါချေ။ အမျှင်ဓာတ် မြင့်မားသော စားစရာများသည် ကိုယ်အလေးချိန် လျော့ကျခြင်း၊ သွေးတွင်း အချိုဓာတ်ကို ထိန်းထားနိုင်ခြင်း၊ ကော်လက်စထရောပမာဏ ကျဆင်းစေခြင်းတို့ကို ဖြစ်စေပါသည်။ ယင်းတို့သည် ပုံမှန်အစာကြေကျက်စေခြင်းအတွက်လည်း လိုအပ်ပါသည်။



ဤနေရာတွင် တရုတ်ဆီးသီးအား စားသုံးသင့်သော အခြားအကြောင်းရင်းတစ်ရပ် ရှိနေပါသေးသည်။ တရုတ်ဆီးသီး(၃)လုံးတွင် အမျှင်ဓာတ်(၃)ဂရမ် ပါဝင်ခြင်းက နေ့စဉ် လိုအပ်ချက်၏ (၁၂)ရာခိုင်နှုန်းထိ ရှိနေပါသည်။ တရုတ်ဆီးသီး(၃)လုံးပေါင်းတွင်မှ ကယ်လိုရီ(၅၁)ထိသာ ပါ၍ ကယ်လိုရီပါဝင်မှု နည်းပါးခြင်းကလည်း ပိုမိုကောင်းမွန်သောအချက် ဖြစ်ပါသည်။ တရုတ်ဆီးသီးများကို အမျှင်ဓာတ် ရရန်အတွက် စားသုံးပါက အခေါက်ခွံကိုပါ စားသုံးပေးရန် လိုအပ်ပါမည်။ အခေါက်ခွံတွင် ယင်း၏ အမျှင်ဓာတ် အမြောက်အမြား ပါဝင်၍ ဖြစ်ပါသည်။

**သတိပြုရန်များ**

တရုတ်ဆီးသီးများကို အနည်းငယ်မျှ မာကျောကျစ်လျစ်နေသော အနေအထားမျိုးတွင် စားသုံးပေးရမည်။ မှည့်လွန်း၍ ပျော့သွားပါက ယင်းတွင် ပါရှိသော အာဟာရဓာတ်များ ပျက်ပြားဆုံးရှုံးသွားနိုင်၍ ဖြစ်ပါသည်။

တရုတ်ဆီးသီးများသည် မှည့်စပြုပါက အဝါရောင် (သို့မဟုတ်) လိမ္မော်ရောင်သို့ ပြောင်းသွားတတ်ပါသည်။ အစိမ်းရောင် မရင့်မှည့်မီ ခူးဆွတ်ထားပါက ယင်း၏ ကူသပေးနိုင်သော အာဟာရဓာတ် တန်ဖိုးများကို မရရှိနိုင်တော့ပါချေ။ သို့ဖြစ်၍ အဝါရောင် (သို့မဟုတ်) လိမ္မော်ရောင်ကိုသာ စားသုံးပေးရပါမည်။

အအေးဓာတ်သည် တရုတ်ဆီးသီးများ မှည့်မှည့်လွန်းခြင်းကို တားဆီးကာကွယ်ပေးနိုင်ပါသည်။ သို့ဖြစ်၍ ရေခဲသေတ္တာအတွင်း၌ ကောင်းစွာထုပ်ပိုး၍ သိမ်းထားပေးပါက (၇)ရက်ခန့်ထိ အထားခံပါသည်။

ဟိန်း[illegible]



www.burmeseclassic.com

# အမျိုးသားများ သတိထားဆင်ခြင်ရမည့်
# ပန်းသေပန်းညှိုးရောဂါ

ဆရာဦးသီဟ(တိုင်းရင်းဆေး)

အမျိုးသားအားနည်းရောဂါခေါ် ပန်းသေပန်းညှိုးရောဂါကို သိပ္ပံဆေးပညာရှင် ဆရာဝန်များက ERECTILE DYSFUNCTION (ED) အီးဒီရောဂါဟု ခေါ်သည်။ တိုင်းရင်းဆေးပညာရှင်များက ဓဇဘင်္ဂရောဂါဟု ခေါ်သည်။ ဓဇ=အလံတံခွန်၊ ဘင်္ဂ=ပျက်စီးခြင်းဟု အဓိပ္ပာယ်ရသည်။ တံခွန်အလံနှင့်တူသော အမျိုးသားများ၏ လိင်အင်္ဂါပျက်စီးခြင်း၊ အားလျော့နည်းခြင်း၊ လုံးဝမလန်းခြင်း၊ ပန်းသေသွားခြင်း ဖြစ်သည့်ရောဂါကို ဓဇဘင်္ဂရောဂါဟု ခေါ်ခြင်း ဖြစ်သည်။

ပန်းသေပန်းညှိုးရောဂါကို ဒေသနာနည်းနှင့် ပြောရလျှင် အပူအကြောင်းခံခြင်း၊ အအေးအကြောင်းခံခြင်းဆိုသည့် အပူပန်းသေပန်းညှိုးရောဂါ(တိက္ခပန်းသေပန်းညှိုးရောဂါ)နှင့် အအေးပန်းသေပန်းညှိုးရောဂါ(မန္ဒပန်းသေပန်းညှိုးရောဂါ)ဟူ၍ နှစ်မျိုးရှိပါသည်။

အပူပန်းသေပန်းညှိုးရောဂါ (တိက္ခပန်းသေပန်းညှိုးရောဂါ)သည် မီးလွန်ရေခန်းလေပေါ်ဆိုသည့် ဗိန္နောပရိဘာသာအတိုင်း ပန်းထကြွမှု အနည်းငယ်ရှိသော်လည်း သုက်သွေးမရှိသည့် ပန်းသေပန်းညှိုးရောဂါ ဖြစ်ပါသည်။

အအေးပန်းသေပန်းညှိုးရောဂါ (မန္ဒပန်းသေပန်းညှိုးရောဂါ)သည် ရေလွန် လေသေ မီးငြိမ်း ဆိုသည့် စကားအရ သုက်သွေးသလိပ်ဓာတ်ရှိသော်လည်း ပန်းလှုပ်ရှားထကြွမှုပေးသည့် လေဓာတ်ယုတ်လျော့ အားနည်းမှုကြောင့်ဖြစ်သော ပန်းသေပန်းညှိုးရောဂါ ဖြစ်သည်။

အပူပန်းသေပန်းညှိုးရောဂါ (တိက္ခပန်းသေပန်းညှိုးရောဂါ) လက္ခဏာများမှာ-

(၁) ဝှေးတစ်လုံး တက်ခြင်း၊
(၂) ကာမဂုဏ်ခံစားမှု နည်းခြင်း၊
(၃) ကာမဂုဏ်ခံစားလိုစိတ် ကုန်ခန်းခြင်း၊
(၄) သလုံးသားများ ခြောက်ခြင်း၊
(၅) သလိပ်အုပ်စု ခန်းခြောက်ခြင်း စသည့်လက္ခဏာများ ရှိတတ်ပါသည်။

ထိုဝေဒနာရှင်များ အပူစာများနှင့် မတည့်ပါ။ အပူစာစားမိလျှင် ဝမ်းထဲပူပြီး အန်တတ်ပါသည်။ ထိုဝေဒနာရှင်များအား အကြောပြုပြင်ခြင်း၊ သင့်လျော်သောဓာတ်စာ၊ ဆေးများတိုက်ကျွေးလျှင် သက်သာပျောက်ကင်းနိုင်ပါသည်။

အအေးပန်းသေပန်းညှိုးရောဂါ (မန္ဒပန်းသေပန်းညှိုးရောဂါ) လက္ခဏာများမှာ-

(၁) နှုတ်ခမ်း၊ လျှာ ဖြူခြင်း၊
(၂) အားအင်ကုန်ခန်းခြင်း၊
(၃) စကားပြောလျှင် မညီညာခြင်း၊
(၄) စသံ နသံ မကွဲပြားခြင်း၊
(၅) လိင်ချောင်းသေး၍ တိုဝင်ခြင်း၊
(၆) ဆီးသွားသည့်အခါ ပြတ်တောက်‚ပြတ်တောက်သွားခြင်း စသည့်လက္ခဏာများ ရှိတတ်ပါသည်။

ပန်းသေပန်းညှိုးရောဂါဖြစ်စေသည့် အကြောင်းရင်းများမှာ-

(၁) စိတ်ဖိစီးမှုများခြင်း၊
(၂) အာဟာရချို့တဲ့ခြင်း၊ ကုန်ခန်းသွားသည့်သုက်ဓာတ်နှင့် အင်အားများကို ဆေးဝါးဓာတ်စာ အာဟာရတို့နှင့် ပြန်လည်မဖြည့်ဆည်းခြင်း၊
(၃) မေထုန်မှု လွန်ကဲခြင်း၊
(၄) သဘာဝမဟုတ်သော ဟတ္ထမေထုန်ပြုခြင်း၊ (ဟတ္ထလက်ဖြင့် အာသာဖြေခြင်း)၊
(၅) ဆေးလိပ်၊ စီးကရက်၊ အရက် အလွန်အကျွံသုံးစွဲခြင်း၊
(၆) လိင်အပျော်အပါး လိုက်စားခြင်း၊
(၇) ကိုယ်လက်လှုပ်ရှား နည်းခြင်း၊
(၈) လိင်၊ ဝှေးဥ၊ ဆီးအိမ်တို့ ထိခိုက်ဒဏ်ကြောင့်လည်းကောင်း အခြားပယောဂကြောင့် ကျောရိုးမကြီး ထိခိုက် ဒဏ်ရာရခြင်း၊
(၉) ဆီးကျိတ်ခွဲစိတ်မှုနှင့် အခြားခွဲစိတ်မှုများ ပြုလုပ်ခဲ့

www.burmeseclassic.com

ခြင်း၊

(၁၀) မြစ်ခြောက်နာ၊ ခယရပ်နာ၊ အဆုတ်နာရှိခြင်း၊

(၁၁) လေဖြတ်ဖူးခြင်း၊

(၁၂) လေငန်းရောဂါရှိခြင်း၊

(၁၃) သွေးချို၊ဆီးချိုရောဂါရှိခြင်း၊

(၁၄) လိပ်ခေါင်းရောဂါရှိခြင်း၊

(၁၅) မီးယပ်ဖြူဆင်း ယားယံမှုရှိခြင်း၊ ယောနိအနာရှိသူ၊ ယောနိမသန့်ရှင်းသော အမျိုးသမီးများနှင့် လိင်ဆက်ဆံမှု များခြင်း၊

(၁၆) မိုးသောက်အရုဏ် ကာမဂုဏ်ကိစ္စ ရောင်ကြည်သင့်သော်လည်း မရောင်ကြည်ခြင်း၊

(၁၇) ခြေလေးချောင်းရှိ တိရစ္ဆာန်များနှင့် လိင်ဆက်ဆံခြင်း၊

(၁၈) အသက်အရွယ်ကြီးရင့်ခြင်း၊ (အသက် ၆၅ နှစ်မှ အသက် ၇၀ကျော် အရွယ်များ)

စသည့် အကြောင်းအမျိုးမျိုးကြောင့် ပန်းသေပန်းညှိုးရောဂါ ဖြစ်စေခြင်း ဖြစ်ပါသည်။

ပန်းညှိုးခြင်း၊ ပန်းသေခြင်းမှာ လက္ခဏာကွာခြားမှု ရှိပါသည်။ ဖြစ်စဉ်မှန်မှာ ပန်းညှိုးပြီးမှ ပန်းသေခြင်းအဆင့်သို့ ရောက်ပါသည်။ ပန်းညှိုးတော့မည်ဆိုသည်နှင့် ပန်းညှိုးလက္ခဏာများ ပြတတ်ပါသည်။

ပန်းညှိုးသည့် လက္ခဏာများမှာ-

(၁) လိင်တံတင်းတင်းရင်းရင်း သန်မာထကြွမှု မရှိခြင်း၊

(၂) လှုပ်ရှားတယ်ဆိုရုံသာ လှုပ်ရှားတတ်လာခြင်း၊

(၃) လူကသာ ဝဖြိုးပြီး ကျန်းမာသယောင်ရှိသော်လည်း စိတ်ရောကိုယ်ပါ တက်ကြွရွှင်လန်းမှု မရှိခြင်း၊

(၄) မောပန်းလွယ်ပြီး အမြဲလိုလို နွမ်းခွေနေတတ်ခြင်း၊

(၅) အစားအသောက်ပျက်ခြင်း၊

(၆) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်ပြီး တစ်ရေးနိုးလျှင် ချက်ချင်း ပြန်လည်အိပ်မရခြင်း၊

(၇) သတိမေ့လျော့တတ်ပြီး ဆုံးဖြတ်မှုနှေးကွေးခြင်း

စသည့်လက္ခဏာများမှာတော့ ပန်းညှိုးလက္ခဏာများ ဖြစ်ပါသည်။

အသက်(၆၀)နှစ်မတိုင်မီ ဤကဲ့သို့ ပန်းညှိုးလက္ခဏာများ ပြလာလျှင် ဆေးဝါးဓာတ်စာများနှင့် စားသောက်ဖြည့်ဆည်းခြင်း၊ အကြောပြုပြင်ခြင်း စသည်တို့နှင့် ကုသ



တိုင်းရင်းဆေးဆရာ ဦးသီဟ

လျှင် သက်သာပျောက်ကင်းနိုင်ပါသည်။ ပန်းညှိုးခြင်း လက္ခဏာများကို သတိမမူဘဲ ပြုပြင်ကုသမှု မလုပ်ခဲ့လျှင် ခန္ဓာကိုယ်၏ အဓိကဖြစ်သော ရသာရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက်ဓာတ် စသည့် သရီရဓာတ်(၇)ပါးမှာ တစ်ခုပြီးတစ်ခု ဆက်တိုက်ပြင်းထန်မှု ဖြစ်လာပြီး ပန်းညှိုးခြင်းဘဝမှ ပန်းသေခြင်းဘဝသို့ ရောက်သွားနိုင်ပါသည်။

ပန်းညှိုးရာမှာ တဖြည်းဖြည်း ပန်းသေရောဂါအဆင့်သို့ ရောက်ပြီဆိုလျှင် အောက်ပါလက္ခဏာများ ဖြစ်ပေါ်တတ်ပါသည်။

(၁) အားအင်ကုန်ခန်းခြင်း၊

(၂) ကာမရာဂဆန္ဒစိတ် မရှိခြင်း၊

(၃) နှုတ်ခမ်း၊ လျှာ ဖြူခြင်း၊

(၄) ဝှေးတစ်လုံးတက်ခြင်း၊

(၅) သလိပ်အုပ်စု ခန်းခြောက်ခြင်း၊

(၆) သလုံးသားများ ခြောက်ခြင်း၊

(၇) သုက်လွှတ်မြန်ခြင်း၊

(၈) စကားမပီသခြင်း (စသံ၊ နသံ မကွဲပြားခြင်း)၊

(၉) လိင်ချောင်းသေးပြီး တိုဝင်ခြင်း၊

(၁၀) ဆီးပြတ်တောက်၊ပြတ်တောက် သွားခြင်း

စသည့် လက္ခဏာများ ဖြစ်ပေါ်လာတတ်ပါသည်။

ပန်းညှိုးပန်းသေခြင်းကို အသက်(၇၀)ကျော် သ

www.burmeseclassic.com

www.burmeseclassic.com

ကြီးရှယ်မှအစ အသက်(၄၀)မှ အသက်(၆၀)အတွင်း သင့်လျော်ရာဆေးဝါးဓာတ်စာများ တိုက်ကျွေးခြင်း၊ အကြောပြိုပြင် ကုသခြင်း စသည့်တို့နှင့် ကုသလျှင် သက်သာပျောက်ကင်းနိုင်သည့်ရောဂါ ဖြစ်ပါသည်။

အမျိုးသားများအနေဖြင့် ငယ်ရွယ်စဉ်မှ သက်ရွယ်ကြီးရင့်သည်အထိ ပန်းညှိုးခြင်း၊ ပန်းသေခြင်းရောဂါ မဖြစ်စေရန် ကြိုတင်ကာကွယ်စောင့်ရှောက်ရန် လိုအပ်ပါသည်။

အမျိုးသားများအနေနှင့် ထာဝစဉ်ကျန်းမာစေရန် မိမိရဲ့ ပကတိအခြေအနေအရွယ်၊ အခါကာလ ဥတုရာသီအလိုက် စားသောက်ပြုမူနေထိုင်ရန် လိုအပ်ပါသည်။ အသက်အရွယ်နှင့်အလိုက် အားတိုးဆေး၊ အသက်ရှည်ဆေးများ မှီဝဲသုံးဆောင်ရန် လိုအပ်ပါသည်။

ဆေးလိပ်သောက်ခြင်းကြောင့် သွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်းနှင့် သွေးကြောများ ပျက်စီးခြင်းများ ဖြစ်ပေါ်ပြီး ပန်းညှိုးပန်းသေ ဖြစ်နိုင်ခြင်းကြောင့် ဆေးလိပ်၊ စီးကရက်သောက်ခြင်းမှ ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

အရက်၊ စိတ်ကြွဆေး၊ ဆေးခြောက်၊ ဘိန်း စသည့် မူးယစ်ဆေးဝါးများကြောင့် ပန်းညှိုးပန်းသေရောဂါ ဖြစ်စေနိုင်ခြင်းကြောင့် လုံးဝ(လုံးဝ)ရှောင်ကြဉ်ရန် လိုအပ်ပါသည်။ လိင်အင်္ဂါကို သဘာဝအတိုင်း မဟုတ်ဘဲ ကြီးထွားအောင် ရေမွှေးဆီ(အာဆီယံ)ထိုးခြင်းမှ လုံးဝရှောင်ကြဉ်ရန် လိုအပ်ပါသည်။

ပန်းသေပန်းညှိုးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ဆေးလိပ်၊ အရက်အပါအဝင် မူးယစ်ဆေးများ သုံးစွဲခြင်းမှ ရှောင်ကြဉ်ကာ သွေးချို၊ ဆီးချို၊ သွေးတိုးနှင့် နှလုံးရောဂါများ မဖြစ်ပွားစေရန် အဆီအဆိမ့်၊ အငန်များ လွန်ကဲစွာ စားသောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အသင့်စားအစားအသောက်များ လွန်ကဲစွာ စားသောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ စိတ်ဖိစီးမှုများကို လျှော့ချခြင်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ကာ သင့်တင့်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ အချိန်မှန် အိပ်စက်ခြင်း၊ အပန်းဖြေမှု ပြုလုပ်ခြင်းများ လိုအပ်ပါသည်။

ပန်းသေပန်းညှိုးရောဂါကို ကြိုတင်ကာကွယ်နိုင်ရန်လည်းကောင်း၊ သက်ရှည်ကျန်းမာစေရန်လည်းကောင်း အားပြု၊ အားယုတ်(၆)ပါးကို သိရှိဖို့လိုအပ်ပါသည်။

**အားပြု(၆)ပါးမှာ**

သဇ္ဇုမံသံ၊ နဝံအန္နံ၊ ဗာလိတ္ထီ၊ ခီရဘောဇနံ၊
ယတံ၊ ဥဏှောဒကေနှာနံ၊ သဗ္ဗ ပါဏကရာနိဆ။

သဇ္ဇုမံသံ = လတ်လတ်ဆတ်ဆတ်အသားလည်းကောင်း၊ နဝံအန္နံ = ထမင်းသစ်၊ ဟင်းသစ်၊ မုန့်သစ်လည်းကောင်း၊ ဗာလိတ္ထီ = တစ်ဆယ့်ခြောက်နှစ်အရွယ်ဖြစ်သော မိန်းမလည်းကောင်း၊ ခီရဘောဇနံ = နွားနို့ဘောဇဉ်လည်းကောင်း၊ ယတံ = ထောပတ်လည်းကောင်း၊ ဥဏှောဒကေနှာနံ = ရေနွေးဖြင့် ရေချိုးခြင်းလည်းကောင်း၊ ဆ = ဤခြောက်ပါးတို့သည်၊ ပါဏကရာနိ = အားအစွမ်းကို ပြုတတ်ကုန်၏။

**အားယုတ်(၆)ပါးမှာ**

ပုတိမံသံ၊ ထိယောဝုဍ္ဎါ၊ ဗာလသုတ္တော၊ တရုဏောဒဓိ၊
ပဘာတေ၊ မေထုန်နိဒ္ဒါ၊ သဗ္ဗ ပါဏဟရာနိဆ။

ပုတိမံသံ = ပုပ်သောအသားလည်းကောင်း၊ ထိယောဝုဍ္ဎါ = အသက်ငါးဆယ်ထက်ကြီးသော မိန်းမတို့လည်းကောင်း၊ ဗလသုတ္တော = နံနက်နေပူလည်းကောင်း (သို့မဟုတ်) ကန်ရာသီ၌တည်သော နေ၏အရောင်လည်းကောင်း (တော်သလင်းနေ)၊ တရုဏောဒဓိ = သုံးရက်မပြည့်သောနို့ချဉ်၊ ငါးရက်ထက်လွန်သော နို့ချဉ်လည်းကောင်း၊ ပဘာတေ = မိုးသောက်၌၊ မေထုန် = မေထုန်မှီဝဲခြင်းလည်းကောင်း၊ နိဒ္ဒါ = အိပ်ခြင်းလည်းကောင်း၊ ဆ = ဤခြောက်ပါးတို့သည်၊ သဗ္ဗ = လောလောခြင်း၊ ပါဏဟရာနိ = အားအစွမ်းကို ယုတ်စေတတ်၏။

အထက်တွင် တင်ပြခဲ့သည့် ပန်းသေပန်းညှိုးရောဂါ ဖြစ်စေသည့် အကြောင်းရင်းများနှင့် အားပြုအားယုတ်(၆)ပါးတို့ကို လေ့လာမှတ်သားပြီး တတ်ကျွမ်းနားလည်သော တိုင်းရင်းဆေးပညာရှင်များ၊ သိပ္ပံဆေးပညာရှင်ဆရာဝန်များနှင့် တိုင်ပင်ဆွေးနွေးကုသခြင်းဖြင့် ပန်းသေပန်းညှိုးရောဂါ ကြိုတင်ကာကွယ်စောင့်ရှောက်နိုင်ကြောင်း မြန်မာ့တိုင်းရင်းဆေးပညာအမြင်နှင့် သိပ္ပံဆေးပညာရှင်(ဆရာဝန်)တို့၏ အမြင်အား ပေါင်းစပ်ကာ ရေးသားတင်ပြအပ်ပါသည်။

ဆရာဦးသီဟ(တိုင်းရင်းဆေး)
(ကျန်းမာပါစေ တိုင်းရင်းဆေးကဏ္ဍ)


www.burmeseclassic.com

ရွှေတိုင် ခင်မောင်ထွေး

# တောရွာမလေး၊ တောရွာဘဝ ကြည်နူးသာယာလှ

ကျွန်တော်၏ ဇာတိသည် ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်မှ ကျေးရွာလေးတစ်ရွာ ဖြစ်ပါသည်။ ကျွန်တော့်မိဘပေးခဲ့သော အမွေအနှစ် ခြံလုပ်ငန်း၊ လယ်လုပ်ငန်းများရှိသဖြင့် ရွာသို့ မကြာခဏ သွားရောက်ရလေ့ရှိပါသည်။

ကျွန်တော်သည် ကျွန်တော်၏ မွေးဇာတိ ကျေးရွာသို့ ပြန်ရသည့် ကာလများတွင် အလွန်ပျော်ပါသည်။ ပတ်ဝန်းကျင် ဆူညံသံကင်းခြင်း၊ လေကောင်းလေသန့်ရခြင်း၊ အသက်ရှူဝခြင်း၊ ဓာတ်မြေဩဇာကင်းသော ခြံထွက်သီးနှံများ စားရခြင်း၊ လတ်ဆတ်သော သားငါးဟင်းလျာများနှင့် ထမင်းစားရခြင်း၊ ညအိပ်ရာတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်း စသည့်အတွေ့အထိများကြောင့် ရွာသို့ ရောက်ပြီးသည်နှင့် ရန်ကုန်သို့ပြန်ရန် ဝန်လေးနေတတ်ပါသည်။ သကြန်ပိတ်ရက်များတွင် ကျွန်တော်သည် မိမိဇာတိ ကျေးရွာတွင် အချိန်ကုန်လွန်ခဲ့ပါသည်။



ကျေးလက်ဒေသမှ လူများသည် ရိုးသားကြသည်၊ ပွင့်လင်းကြသည်။ ဆိုလိုသည်မှာ ဟန်ဆောင်မှုမပါ၊ သဘောရိုးဖြင့် ပြောဆိုဆက်ဆံကြသဖြင့် ကြားရ၊ မြင်ရ၊ ဆက်ဆံရသည်မှာ ပွင့်လင်းသောရသကို ခံစားရပါသည်။

ကျွန်တော့်ခြံ၏ ဘေးခြံတွင် ဒေါ်တင့်ဆိုသည့် အသက်(၈၀)ခန့် အဘွားတစ်ဦးရှိပါသည်။ သမီး၊ သမက်နှင့် အတူနေပါသည်။ သမီးမှာ တောသဘာဝ တောင်းရက်၊ ဆန်ကာရက်သည့် အလုပ်လုပ်ပြီး သမက်မှာ လယ်လုပ်ငန်း လုပ်ကိုင်ပါသည်။

အဘွားတင့်သည် အမြဲတမ်း ရွှင်လန်းကျန်းမာနေသည်ကို တွေ့ရပါသည်။ ကျွန်တော်က ဘာရောဂါများရှိပါကြောင်း မေးစမ်းသောအခါ အဘွားတင့်က ရယ်ပါသည်။ သူ့တွင် ယနေ့ထိ ဘာရောဂါမျှ မရှိကြောင်း၊ အိပ်ပျော်စားဝင်ကြောင်း၊ ဒါန၊ သီလ၊ ဘာဝနာပွားကြောင်း၊ ကြွေးမြီကင်းရှင်းကြောင်း၊ ကြွေးမြီကင်းရှင်းသဖြင့် စိတ်ချမ်းသာကြောင်း ကျွန်တော့်အား ပြောပြပါသည်။

ကျွန်တော်သည် စိတ်ဝင်စားသဖြင့် ယနေ့ အသက်(၈၀)အထိ ကျန်းမာနေသည်မှာ အဘယ်ဆေးများ မှီဝဲသဖြင့် ယခုကဲ့သို့ ကျန်းမာနေရကြောင်း စူးစမ်းသည့်အခါ တစ်ခါတစ်ရံ အအေးမိပါက နှမ်းဆေးကြီးအား ကွမ်းရွက်ရေနွေးပူဖြင့် ရောသောက်ကြောင်း မကြာမီ ပျောက်သွားကြောင်း သည်မျှသာ ဆေးဆိုသည်ကို တစ်ခါတစ်ရံ သောက်ရပါကြောင်း ပြောပါသည်။

ကျွန်တော်သည် အဘွားတင့်ကို အတော်သဘောကျမိပါသည်။ သူ၏ခြံအတွင်း ဘူးပင်၊ သခွားပင်၊ ရုံးပင်၊ မြွေသီးပင်၊ ပဲတောင့်ရှည်ပင်၊ ခဝဲပင် စသည့် ဟင်းသီး

www.burmeseclassic.com



ဟင်းရွက်ပင်များ၊ သခွားပင်၊ နာနတ်ပင်၊ ငှက်ပျောပင်၊ ပိန္နဲပင်စသည့် သီးစားပင်များ စိုက်ပျိုးထားသည်ကို တွေ့မြင်ရပါသည်။

သူ့ ဘာကြောင့် ကျန်းမာနေရသနည်း။ ကျွန်တော် လေ့လာကြည့်ပါသည်။ အဘွားတင့် နေ့စဉ် စားသောက်သည်မှာ ထမင်းအား ငါးပိရည်၊ တို့စရာနှင့် ဟင်းချိုတစ်ခွက်အပါအဝင် နေ့စဉ်စားသောက်ပါသည်။ တစ်ခါတစ်ရံ ငါးကလေးဟင်းများ၊ ငါးပိကောင်များ စားလေ့ရှိပါသည်။ အသားဟင်း စားလေ့စားထ မရှိပါ။

ကောင်းပြီ။ အဘွားတင့် ငါးပိရည် နေ့တိုင်း စားသဖြင့် ဆားဓာတ် (ဆိုဒီယမ်)ရပြီး ၎င်းဓာတ်များက အန္တရာယ်မပြုပါလော။ ဘယ်အန္တရာယ်ပြုမှာနည်း။ သူက ဆိုဒီယမ် ဆားဓာတ်အား ပယ်ဖျက်သည့် ပိုတက်စီယမ်များဖြစ်သည့် ဘူးညွန့်၊ ဘူးရွက်၊ ဘူးသီးပြုတ်၊ သခွားသီး၊ ကောက်ကောက်ညွန့်၊ ရုံးပတီသီးသည့် အတို့အမြှုပ်များ ပူးတွဲစားနေသဖြင့် ဓာတ်ဆား(ဆိုဒီယမ်)များ ကျေပျက်ကာ သူ့သဘောသူဆောင် ကက်ကင်းမိနေသဖြင့် အန္တရာယ်မဖြစ်ခြင်းဟု ကျွန်တော်ထင်မြင်မိပါသည်။

MRTV ပညာပေး ဆေးဗဟုသုတကဏ္ဍတွင် ဆရာဝန်တစ်ဦးက အစားအသောက်တွင် ဆားဓာတ်(ဆိုဒီယမ်)အား ချေဖျက်ရန် (ပိုတယ်စီယမ်)အစားအစာများ ပူးတွဲစားသင့်ကြောင်း အကြံပြုပြောကြားသည်ကို မှတ်သားဖူးပါသည်။

အထူးသဖြင့် အဘွားတင့်မှာ အငြိမ်မနေတတ်ပါ။ နေ့စဉ် လှုပ်ရှားမှုအပြည့် ရှိပါသည်။ ရွာအနီး တောခြံများသို့ လှည့်လည်သွားလာနေတတ်ပါသည်။ အလေ့ကျပေါက်သည့် တောပန်း တောင်ပန်းများကို ဘုရားလှူရန် လည်းကောင်း၊ ကောက်ကောက်ညွန့်၊ ထိကရုံး၊ ဆန်ဆေးရွက် စသည့် အတို့အမြှုပ်တို့ကိုလည်းကောင်း ရှာဖွေလေ့ရှိပါသည်။ ၎င်း၏ခြံတွင် စိုက်ပျိုးထားသော သစ်ပင်များအား ပေါင်းသင်ခြင်း၊ ရေလောင်းခြင်း၊ မြေပြင်ခြင်း လုပ်ငန်းများအား နေ့စဉ်မပြတ် ဆောင်ရွက်လေ့ရှိပါသည်။

အဘွားတင့်၏ လူ့ဘဝဖြတ်သန်းရပုံကို ကျွန်တော် လွန်စွာသဘောကျမိပါသည်။ ကျွန်တော့်မှာမူ ရန်ကုန်မြို့ဟုခေါ်သော မြို့ကြီးပြကြီးတွင် နေရသော်လည်း စားကောင်းသောက်ဖွယ်များ စားသောက်နေထိုင်ရသော်လည်း ကျန်းမာရေးမကောင်းလှပါ။ မသန့်သောလေ၊ မသန့်သောဒေသတွင် နေရသဖြင့် လတ်ဆတ်သောလေ လေကောင်းလေသန့် မရရှိဘဲ နေ့စဉ် ဓာတ်ဆီ၊ ဒီဇယ် ကားမှထုတ်လွှင့်သော မီးခိုးငွေ့များ၊ ပတ်ဝန်းကျင်မှ အဆောက်အအုံအမြင့်များ၏ လေပိတ်မှုများ၊ မကြာခဏ လျှပ်စစ်မီးပျက်ခြင်းများဖြင့် ငရဲကျရောက် ခံစားနေဘိအလား တွေ့ကြုံနေရပါသည်။ ခြေသြောင်းလက်ဆန့် လမ်းလျှောက်သည့်အခါများတွင်လည်း ရှေ့ကား၊ နောက်ကား အန္တရာယ်ကားများကို ရှောင်ရတိမ်းရ၊ ခွေးလေခွေးလွင့် ခွေးဆိုးများရန် ကြောက်ရ၊ ခိုးဆိုးလုယက်သူများ၏အန္တရာယ် တွေးပူရ စသည့် ပူပင်စရာများစွာဖြင့် နေ့စဉ်ဘဝကို ဖြတ်သန်းနေထိုင်ရပါသည်။

ကျွန်တော်၏ ဘဝရှေ့ရေးကိုတွေး၍ အဘွားတင့်တို့ဘဝကဲ့သို့ တောမလေ့ တောဘဝတွင် နေထိုင်သွားရလျှင်ကောင်းလေစွ။ ဘုရားသွားကျောင်းတက် အပူအပင်ကင်းစွာ ကျန်းမာရှင်လန်းသောဘဝကို မျှော်မှန်းတမ်းတ လွမ်းမောနေရပါတော့သည်။

**ရွှေတိုင် ခင်မောင်ထွေး**



www.burmeseclassic.com

www.burmeseclassic.com

# ဗူးဆည်မှ ထူးရှယ်နှုတ်ဆေး

ကိုကိုလတ်(ဆည်မြောင်း)

## အခန်း(၁)

ကျွန်တော်သည် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ(အငြိမ်းစား)တစ်ဦး ဖြစ်ပါသည်။ ကျွန်တော့်၌ ဖြစ်ပေါ်နေခဲ့သော သွေးတိုးရောဂါကို လုံးဝပျောက်ကင်းသွားသည်အထိ အစွမ်းထက်မြက်ခဲ့သော မြန်မာ့ဆေးစွမ်းကောင်း တစ်လက်ကို သွေးတိုးရောဂါကြောင့် အများသူငှာ စိတ်မဆင်းရဲကြစေရန်နှင့် လုံးဝပျောက်ကင်းသွားစေရန်အတွက် စေတနာရှေ့ထားပြီး ကျွန်တော်၏ ဖြစ်ရပ်မှန်ကို ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

လွန်ခဲ့သော(၂၀၀၇)ခုနှစ်က ကျွန်တော်သည် ဆည်မြောင်းဦးစီးဌာန မကွေးမြို့ရှိ တည်ဆောက်ရေး(၈)၌ တာဝန်ကျသဖြင့် စေတုတ္တရာမြို့နယ်ရှိ မုန်းဆည်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် ဗူးဆည်တည်ဆောက်ရေးအတွက် ချဉ်းကပ်လမ်း ဖောက်လုပ်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရပါသည်။ တစ်ရက်တွင် ကျွန်တော်သည် တောထဲ၌ လုပ်ငန်းများဆောင်ရွက်နေစဉ် ခေါင်းမထောင်နိုင်လောက်အောင် မူးလာသဖြင့် ရုံးကားဖြင့် စေတုတ္တရာမြို့ ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှု ခံယူခဲ့ရပါသည်။

ထိုညတွင် ခေါင်းမူးသက်သာခဲ့သော်လည်း နောက်ရက်တွင် ထပ်မံ၍ မကြာခဏ ခေါင်းမူးနေသောကြောင့် ကျွန်တော်သည် ခွင့်ယူ၍ မကွေးအခြေစိုက်စခန်းသို့ ပြန်လာခဲ့ကာ တစ်ပတ်ခန့် အနားယူခဲ့ရပါသည်။ ထိုသို့အနားယူနေစဉ် တစ်ရက်၌ ခေါင်းမူးလာပြန်သဖြင့် မကွေးမြို့ပေါ်ရှိ နာမည်ကြီးဆရာဝန်တစ်ဦးထံ ပြသပြီး လွန်ခဲ့သောတစ်ပတ်ခန့်ကလည်း ဤကဲ့သို့ မကြာခဏ ခေါင်းမူးဖူးကြောင်း ပြောပြခဲ့ရာ ဆရာဝန်က စမ်းသပ်မှုများပြုပြီးနောက် ဆေးထိုးပေးသဖြင့် သက်သာသွားပါသည်။ ထိုညက ဆရာဝန်ပေးလိုက်သော အိပ်ဆေးကြောင့် ကျွန်တော်နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ပါသည်။

နောက်တစ်ရက်တွင် မကွေးမြို့မှ စာရေးဆရာကြီးမကွေး(ဦး)ဝင်းမြင့်တို့ စာရေးဆရာအဖွဲ့ဝင်များနှင့် ဟိ[illegible] တိုက်တန်း လက်ဖက်ရည်ဆိုင်၌ လက်ဖက်ရည်သောက်နေကြစဉ် ကျွန်တော် ခေါင်းမူးလာပြီး ထိုင်ခုံပေါ်မှ လဲကျသွားရာ စာရေးဆရာများမှ ကျွန်တော့်အား ဆိုင်ကယ်ဖြင့် တင်ဆောင်၍ ယခင် ကျွန်တော် ကုသနေကျ ဆေးခန်းသို့ လိုက်ပို့ခဲ့ကြပါသည်။ ဆရာက ကျွန်တော့်အား သွေးပေါင်ချိန်တိုင်းကြည့်ပြီး ကျွန်တော့်၌ သွေးတိုးရောဂါရှိနေကြောင်း၊ ထို့ကြောင့် ယခုရက်ပိုင်း မကြာခဏမူးနေရခြင်းဖြစ်ကြောင်းနှင့် ဆောင်ရန်၊ ရှောင်ရန်များပြောကြားပြီးနောက် ဆေးထိုးပေးကာ သူ့ဆေးခန်းမှ နိုင်ငံခြားမှလာသော သွေးတိုးကျဆေးဘူးလေး တစ်ဘူး ဝယ်ခိုင်းပြီး ၎င်းဆေးကို မနက်(၁)လုံး ညနေ(၁)လုံး သောက်ခိုင်းပါသည်။ ယခုရက်ပိုင်း (၅)ရက်ခန့် ဆက်လက်၍ တစ်ရက် နှစ်ကြိမ်သောက်ရန်နှင့် နောက်ပိုင်းတွင် တစ်ရက် တစ်ကြိမ် သာသောက်ရန် ညွှန်ကြားပါသည်။

ဆေးဖိုးများ ရှင်းပြီးနောက် ဆေးခန်းမှ ပြန်လည်မထွက်ခွာမီ ဆရာ့အား ကျွန်တော်က–

'ဆရာ..ဒီဆေးကို ကျွန်တော် ဘယ်နှစ်ရက်လောက်ဆက်ပြီးသောက်ရမလဲခင်ဗျာ'

ဟု မေးရာ ဆရာက ကျွန်တော့်အား သေချာစိုက်ကြည့်လိုက်ပြီး–

'ခင်ဗျား ကျွန်တော်ပြောတာ သေသေချာချာ မှတ်သွား။ ခင်ဗျားမှာ သွေးတိုးရောဂါရှိတယ်။ ဒါကြောင့် ဒီဆေးကို ခင်ဗျား အသက်ရှုနေသရွေ့ သောက်နေရမယ်။ ရှင်းတယ်နော်။ ဒီဆေးက ခင်ဗျားတစ်သက်လုံး မသေမချင်း သောက်နေရမယ့် သွေးတိုးကျဆေးပဲ'တဲ့။

ထိုနေ့က စိတ်ညစ်သောကြောင့် ကျွန်တော် တော်တော်နှင့် အိပ်မပျော်ခဲ့ပါ။

## အခန်း(၂)

နောက်နေ့မှစ၍ ကျွန်တော်သည် ဆရာဝန်ပေးလိုက်သော အင်္ဂလိပ်သွေးတိုးကျဆေးများကို နေ့စဉ်ရက်[illegible]



www.burmeseclassic.com


www.burmeseclassic.com

သောက်နေရသဖြင့် စိတ်ဓာတ်များကျပြီး စိတ်ညစ်ခဲ့ရပါသည်။ ကျွန်တော့်သူငယ်ချင်း သွေးတိုးရောဂါ ရှိနေကြသူများသည်လည်း ကိုယ်လိုပင် သွေးတိုးကျဆေးများ သောက်ပြီး အသက်ဆက်နေရသူများချည်း ဖြစ်နေကြပါသည်။ သူတို့က မကွေးမြို့ပေါ်တွင် နေထိုင်ကြသူများဖြစ်ကြ၍ အရေးရယ်အကြောင်းရယ် သွေးအလွန်တိုးလာလျှင် ဆေးရုံ၊ ဆေးခန်းများသို့ ချက်ချင်းသွားရောက်ကုသနိုင်ကြသည်။ ကျွန်တော်သာ တောထဲ တောင်ထဲ ဆည်ဆောက်နေသည့် လုပ်ငန်းခွင်တွင် အရေးပေါ် သွေးတိုးလာပါက ဗူးဆည်နှင့် အနီးဆုံးဖြစ်သော စေတုတ္တရာမြို့သည်ပင်လျှင် မိုင်(၅၀)ကျော် ဝေးပါသည်။ မိုးတွင်းဆိုလျှင် ကားမောင်း၍ မရသဖြင့် အရေးပေါ်လူနာများရှိပါက ပုခက်ဖြင့် ထမ်း၍ စေတုတ္တရာဆေးရုံသို့ ပို့ပေးနေကြရသည်။

ဆေးရုံသို့ရောက်ရန် လမ်းတွင် (၂)ရက်ခန့် ကြာတတ်သဖြင့် အချို့လည်း လမ်းတွင် ဆုံးပါးသွားကြသည်များ ရှိခဲ့ပါသည်။ ၄င်းအနိဋ္ဌာရုံများ တွေးမိလေ ဤသွေးတိုးရောဂါအတွက် ကျွန်တော် စိတ်ညစ်ရလေဖြစ်သည်။ ဆရာဝန်ပေးသည့် နိုင်ငံခြားမှလာသည့် ဆေးဆိုတာက သွေးတိုးရောဂါကို ထိန်းရုံသာထိန်းပေးသည့်ဆေးဖြစ်ပြီး တကယ်သွေးတိုးလာပါက ဆေးရုံသို့သာ ပြေးရမည် ဖြစ်သည်။

ထိုသို့ မကွေးနေအိမ်၌ ခွင့်ဖြင့်အနားယူနေစဉ်ကာလများအတွင်း၌ ကျွန်တော်သည် မကွေးမြို့ရှိ ဆရာကြီး မကွေး(ဦး)ဝင်းမြင့်၊ ရွှေလမ်းငွေလမ်း ဝင်းကြည်၊ မကွေးမြင့်သန်း၊ ဖန်ခါး မောင်မောင်၊ ရေနံ့သာ အောင်ချမ်းဇော်၊ မောင်နန္ဒ(မြစ်ကြီးနား)၊ ဆရာနေခြည်(မကွေး)၊ ကဗျာဆရာလွမ်းရ(မကွေး) အစရှိသည့် စာရေးဆရာများ အပါအဝင် စာရေးဆရာပေါင်းစုံဖြင့် ဟိန္ဒူတိုက်တန်း လက်ဖက်ရည်ဆိုင်၌ ညနေတိုင်း ဝိုင်းဖွဲ့၍ လက်ဖက်ရည်သောက်ခဲ့ကြပါသည်။ နေ့ခင်းနေ့လယ်ပိုင်းတွင်မူ မကွေးမြို့ရှိ စာအုပ်အဟောင်းဆိုင်များသို့ လှည့်လည်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ သူရဇ္ဇ၊ လပြည့်ဝန်းမဂ္ဂဇင်း၊ လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း အစရှိသည့် ဂမ္ဘီရနှင့်ဆိုင်သော မဂ္ဂဇင်းဟောင်းများကို သွားရောက်ရှာဖွေဝယ်ယူပြီး အိမ်၌ ဖတ်ရှုလေ့ရှိပါသည်။

တစ်ရက်၌ ၄င်းမဂ္ဂဇင်းဟောင်းများထဲမှ တစ်စောင်



တွင်ပါရှိသော သွေးတိုးရောဂါနှင့်ပတ်သက်သည့် ဆောင်းပါးတစ်စောင်ကို ဖတ်ရှုမိခဲ့ပါသည်။ ထိုဆောင်းပါးတွင် ဆောင်းပါးရှင်က သူကိုယ်တိုင် ခံစားနေရသော သွေးတိုးရောဂါသက်သာ ပျောက်ကင်းသွားခဲ့သော သွေးတိုးပျောက်ဆေးကို ယုံယုံကြည်ကြည်ဖော်၍ သုံးစွဲကြရန် မေတ္တာရှေ့ထား ရေးသားထားကြောင်း ဖတ်လိုက်ရသဖြင့် ကျွန်တော်သည် ၄င်းဆေးနည်းကို မှတ်စုစာအုပ်တွင် မှတ်သားလိုက်ပြီး ဗူးဆည်လုပ်ငန်းခွင်သို့ပြန်လျှင် ဖော်၍ စမ်းသပ်သုံးစွဲမည်ဟု ဆုံးဖြတ်လိုက်ပါသည်။ ဤနေရာ၌ ၄င်းဆောင်းပါးရှင်ကို အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

ယခု ဤဖြစ်ရပ်မှန် ရေးနေချိန်တွင် ၄င်းမှတ်စုစာအုပ်အား ဦးစွာရှာဖွေခဲ့သော်လည်း အလွယ်တကူ ရှာဖွေမတွေ့သဖြင့် ဆောင်းပါးရှင်၏ အမည်နှင့် မဂ္ဂဇင်းအမည်၊ ဆောင်းပါးအမည်တို့ကို မဖော်ပြနိုင်သေးခြင်း ဖြစ်ပါသည်။ ထိုစဉ်က မှတ်သားခဲ့သော ကျွန်တော်၏ မှတ်စုကို ပြန်တွေ့လျှင် ၄င်းဆောင်းပါးရှင်၏ အမည်နှင့်တကွ ဆောင်းပါးအမည်၊ မဂ္ဂဇင်းအမည်တို့ကို ထပ်မံဖော်ပြပေးပါမည်။ စာရေးဆရာကြီး မင်းတပ် ဦးအောင်ခင်ဟု မှတ်သားထားမိပါသည်။

အခန်း(၃)

ခွင့်ရက်စေ့၍ ဗူးဆည်လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်သောအခါ ကျွန်တော်သည် အလုပ်ပါးသည့် အချိန်များ၌ ဆောင်းပါးတွင် ဖော်ပြထားသော ဆေးအမည်များကို စုဆောင်းရန်အတွက် ဝါပညာသည်များနှင့်အတူ ဗူးဆည်ပတ်ဝန်းကျင်ရှိ တောများထဲသို့ ဝင်ခဲ့ပြီး ဆေးမြစ်များကို ရှာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သွေးဆောင်းပါးပါ ဆေးအညွှန်းမှာ ထုထည်အလိုက် ရောစပ်ရမည့် ဆေးညွှန်း ဖြစ်ပါသည်။ အလေးချိန်နှင့် မဟုတ်ပါ။ ၄င်းဆေးညွှန်းမှာ-


၁။ ဘုမ္မရာဇာမြစ် (အမှုန့်တစ်ဆ)၊
၂။ အုန္နဲမြစ် (ဥနဲမြစ်အမှုန့်တစ်ဆ)၊
၃။ ငုမြစ် (ငုမြစ်အမှုန့်တစ်ဆ)

ငုကြီးကို ဖွားဖက်တော်ဟုလည်း ခေါ်ပါသည်။ ဖွားဖက်တော်အမြစ် မရပါက ငုမြစ်ကို အစားထိုး သုံးစွဲ၍ ရပါသည်။

၄။ ဆင်တုံးမနွယ် (ဆင်တုံးမနွယ်အမှုန့်တစ်ဆ)၊
၅။ နနွင်းစစ်စစ် (နနွင်းအမှုန့်စစ်စစ်တစ်ဆ)၊
၆။ ပျားရည်အနည်းငယ် (ဆေးလုံး၍ ဖြစ်ရုံသာ ထည့်ရန်)

၄င်းအမည်(၆)မျိုးကို ရောထွေးနေအောင်နယ်ပြီး ဆီးစေ့ခန့် အလုံးလေးများလုံးကာ နေရိပ်တွင် လေသလပ်၍ အခြောက်ခံရပါသည်။ ထို့နောက် တစ်နေ့လျှင်(၂)ကြိမ်နှုန်းဖြင့် မနက်တစ်ကြိမ်သောက်လျှင် (၂)လုံး၊ ညတစ်ကြိမ်သောက်လျှင် (၂)လုံး နေ့စဉ်ရက်ဆက်သောက်ရန် ဖြစ်ပါသည်။

ဘုမ္မရာဇာပင်မှာ (၂)ပေခွဲခန့် အမြင့်ရှိပြီး ၄င်း၏အပွင့်လေးများမှာ အနီရောင်ဖြစ်ကာ အလွန်လှပါသည်။ ဘုမ္မရာဇာအပင်များကို ဗူးဆည်တည်ဆောက်မည့်နေရာ၏ အောက် ပေ(၁၀၀၀)ခန့်အကွာရှိ ကျောက်ခဲငယ်များပေါများသော မုန်းချောင်းဘေး၌ ရရှိခဲ့ပါသည်။ အမြစ်များကို



သာ ဖြတ်၍ယူခဲ့ပါသည်။ အုန္နဲမြစ်ကိုတော့ ဗူးရွာမြောက်ဘက်ရှိ ရွာရေဝင်မြောင်းဘေးမှ အုန္နဲပင်ကြီး၏ အမြစ်များကို တူးယူခဲ့ပါသည်။ ဆင်းတုံးမနွယ်ပင်က ဗူးဆည်၌ အလွန်ပေါပါသည်။ နေရာမရွေး ရရှိခဲ့ပါသည်။ နနွင်းစစ်စစ်ကလည်း ချင်းလူမျိုးများ နေထိုင်သည့် ကျေးရွာများနှင့် နီးသောကြောင့် သူတို့ရွာများတွင် အိမ်တိုင်းနီးပါး၏ ရေချိုးအိုးထားသည့် နေရာတိုင်းနီးပါးတွင် နနွင်းပင်များကို စိုက်ပျိုးထားကြလေ့ရှိသဖြင့် ၄င်းရွာများသို့သွားပြီး ဝယ်လိုက်သည်။

ဆေးဖော်စပ်ရန် ရှားပါးသည့်အမြစ်က ဗူးဆည်တွင် ငုမြစ်ဖြစ်နေသည်။ ကျောက်မွဲကျေးရွာမှ တိုင်းရင်းဆေး ဆရာကြီးတစ်ဦး (အမည်မမှတ်မိတော့ပါ)၏ ပြောကြား ချက်အရ ငုပင်က ငုကြီးနှင့် ငုစပ်ဟူ၍ နှစ်မျိုးရှိကြောင်း ငုကြီးမှာ ဖွားဖက်တော်ဟုခေါ်သည့် ခရမ်းရောင်အပွင့် များပွင့်သော ပေ(၅၀)နှင့်အထက် အမြင့်ရှိသည့် အပင် စောက်အမျိုးဖြစ်ပြီး ငုစပ်မှာ ရိုးရိုးငုဝါပင်ဖြစ်ကြောင်း ငုကြီးအမြစ်ကို အလွယ်တကူမရပါက ငုဝါပင်၏ အမြစ် ကို အစားထိုးသုံးစွဲ၍လည်းရကြောင်း ပြောပြသဖြင့် ငုဝါ ပင်ကို စုံစမ်းကြရာ နောက်ဆုံး၌ ချင်းရွာတစ်ရွာဖြစ်သည့် ခွေးမလောင်ရွာရှိ မူလတန်းကျောင်းဝင်းထဲမှ ငုဝါပင်၏ အမြစ်ကို ရရှိခဲ့ပါသည်။

ထို့နောက် ၄င်းအမည်(၅)မျိုးဖြစ်သော အမြစ်(၄)မျိုး နှင့် အနွယ်(၁)မျိုးကို ပါးပါးလှီး၊ နေရိပ်မှာလှန်း၊ အမှုန့် ကြိတ်၊ ပျားရည်နှင့်နယ်ပြီး ဆီးစေ့အရွယ်ခန့် လုံးခဲ့ပါ သည်။ နေ့စဉ်လည်း မနက်နှစ်လုံး၊ ညနှစ်လုံး ပုံမှန် သောက်ခဲ့ပါသည်။ နောက်နေ့များတွင် ခေါင်းမူးခြင်း သိသိသာသာ လျော့ကျသွားပါသည်။ ဆက်လက်၍ နေ့ စဉ်သောက်ခဲ့ရာ တစ်စ,တစ်စ သက်သာလာခဲ့ပါသည်။ သို့ရာတွင် ဆရာဝန်ပေးသည့် အင်္ဂလိပ်ဆေးများကိုတော့ မသောက်သော်လည်း သွားလေရာ အရေးပေါ် ယူဆောင် သွားပါသည်။ ဗမာဆေးကိုသာ နေ့စဉ်သောက်ပြီး အင်္ဂလိပ်ဆေးများကိုတော့ လုံးဝ(လုံး) မသောက်တော့ပါ။ အကြောင်းမှာ (၁၅)ရက်ခန့် စမ်းသပ်ပြီး ဗမာဆေးကို သောက်ခဲ့ရာ သက်သာလာသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ထိုဆေးအမည်များအား မမေ့ မိစေရန် လက်ဝါလေးတစ်ပုဒ် ပြုလုပ်ထားမည်ဟု ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com

၍ အောက်ပါအတိုင်း လက်ာပြုလုပ်ကာ မှတ်သားထားလိုက်ပါသည်။

### အခန်း(၄)

ကျွန်တော်မှတ်သားထားသည့် ၎င်းဆေးနည်းလင်္ကာမှာ-

ဘ၊ အုန်း၊ ငါ့၊ ⊗ ဆင်၊ နဲ့၊ ⊗
'က'အက္ခရာ 'ဖြို'ဟူ၍ ဖြစ်ပါသည်။

၎င်းလင်္ကာ၌ 'က'အက္ခရာ 'ဖြို'ဆိုသည်မှာ လင်္ကာတွင်ပါသော 'က'ကြီးအက္ခရာကို အဓိပ္ပာယ်မယူရဟု ဆိုလိုပါသည်။

၎င်းလင်္ကာတွင် ပါဝင်သော အက္ခရာအသီးသီး၏ ကျွန်တော်ဆိုလိုသော အဓိပ္ပာယ်များမှာ

ဘ - ဘုမ္မရာဇာမြစ်၊
အုန်း - အုန်းနဲ့မြစ်၊
ငါ့ - ငုမြစ်၊
⊗ - ကအက္ခရာဖြစ်၍ အဓိပ္ပာယ်မကောက်ရပါ။ ဖြိုထားပါသည်။
ဆင် - ဆင်တုံးမနွယ်မှုန့်၊
နဲ့ - နနွင်းစစ်စစ်မှုန့်၊
⊗ - ကအက္ခရာဖြစ်၍ အဓိပ္ပာယ်မကောက်ရပါ။ ဖြိုထားပါသည်။

အထက်ပါ သွေးတိုးကျဆေးအား မှန်မှန်သောက်လာခဲ့သဖြင့် သွေးတိုးရောဂါ သိသိသာသာ သက်သာလာသော ကျွန်တော်သည် မကွေးမြို့ အခြေစိုက်စခန်းသို့ ခေတ္တပြန်ရောက်သောအခါတိုင်း မြို့ခံစာရေးဆရာများနှင့် လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြရင်း ကျွန်တော့် သွေးတိုးကျဆေး အကြောင်းပြောပြရာ အားလုံးက ၎င်းဆေးကို စမ်းသပ်သုံးစွဲလိုကြောင်း ပြောကြပါသည်။ မကွေး(ဦး)ဝင်းမြင့် ကိုယ်တိုင် တိုင်းရင်းဆေးဆရာကြီး ဖြစ်သော်လည်း ၎င်းဆေးနည်းကို သူမသိကြောင်း ဝန်ခံ၍ ကျွန်တော့်ထံမှ ၎င်းဆေးနည်းကို တောင်းသဖြင့် ကျွန်တော်မှ အထက်ဖော်ပြပါ လင်္ကာလေးနှင့်တကွ ရှင်းလင်းပြောဆိုပြီး ရေးပေးလိုက်ပါသည်။ စာရေးဆရာမောင်နန္ဒ(မြစ်ကြီးနား) (ယခု ရဲမှူးကြီးသန်းဝင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ကရင်ပြည်နယ်၊ ဘားအံမြို့)မှလည်း ၎င်း၏ ဇနီးတွင် သွေးတိုးရောဂါ ရှိနေသဖြင့် ကျွန်တော့်ထံမှ ၎င်းဆေးကို တောင်းယူပြီး စမ်းသပ်သောက်ကြည့်ရာ သွေးတိုးသက်သာလာခဲ့သဖြင့် ကျွန်တော်နှင့် လက်ဖက်ရည်ဆိုင်တွင် ကြုံတိုင်း ကျွန်တော်မှ သူ၏ဇနီးအတွက် ဒါနပြုခဲ့ပါသည်။ ထို့ပြင် မကွေးမြို့မှ စာရေးဆရာ၊ တိုင်းရင်းဆေးဆရာကြီး ဦးကျော်စိန်ဟန်မှလည်း ဤဆေးအစွမ်းကို သတင်းကြားသဖြင့် ကျွန်တော်၏နေအိမ်သို့ လိုက်လာကာ မကွေးမြို့ ဘိုးဘွားရိပ်သာရှိ အဘိုး,အဘွားများအတွက် ၎င်းသွေးကျဆေးအား တစ်ပတ်လျှင် တစ်ကြိမ်ကျ လှူဒါန်းပါရန် အလှူခံခဲ့သဖြင့် ၎င်းဘိုးဘွားရိပ်သာအတွက် ဆရာကြီး ဦးကျော်စိန်ဟန်မှ ဆေးလာ၍ အလှူခံတိုင်း ကျွန်တော် လှူဒါန်းခဲ့ပါသည်။

နောက်ပိုင်းတွင် ဤဆေး၏အစွမ်းကို ပိုမိုယုံကြည်လာသောကြောင့် စမ်းသပ်သည့်အနေဖြင့် ကျွန်တော်သည် အုန်းနို့ခေါက်ဆွဲ၊ တညင်းသီးအုန်းနို့ဆမ်း၊ ဒူးရင်းသီး စသည့် သွေးတက်စာများကို မစားသုံးမီ အထက်ဖော်ပြပါ သွေးကျဆေး(၂)လုံးအား ကြိုတင်သောက်ထားပြီး အစာများ စားပြီးနောက် (၅)မိနစ်ခန့် အကြာတွင်လည်း နောက်ထပ်(၂)လုံးကို ထပ်မံ၍ သောက်သုံးပြီး သွေးတက်စာများကို ကိုယ်တိုင်စမ်းသပ်စားသောက်ခဲ့ရာ သွေးတိုး၍မလာကြောင်း လက်တွေ့သိရှိခဲ့ရသဖြင့် ၎င်းဆေးအပေါ်တွင် ယုံကြည်မှုအား ပို၍ကောင်းလာခဲ့ပါသည်။

### အခန်း(၅)

ကျွန်တော် ပင်စင်ယူပြီး (၂၀၁၅)ခုနှစ်တွင် ဇာတိဖြစ်သော မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိပြီးနောက် ဆီးချိုရောဂါနှင့် ပတ်သက်၍ သံသယရှိလာသဖြင့် မန္တလေးမြို့ နန်းတော်ဆေးရုံရှိ ဆရာမကြီး ဒေါ်အေးအေးအောင်ထံသို့ သွားရောက်ပြသခဲ့ပါသည်။ ဆရာမကြီး



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အေးအေးအောင်သည် မန္တလေးမြို့၌ ဆီးချိုရောဂါနှင့် ပတ်သက်လာလျှင် အလွန်တော်သော သမားတော်ကြီး တစ်ဦးအဖြစ် နာမည်ကြီးပါသည်။ ပထမအကြိမ် ပြသစဉ်က ကျွန်တော့်အား ဆရာမကြီးက ဆီးချိုနှင့်ပတ်သက်၍ ဆေးအချို့ ပေးပါသည်။ ဒုတိယအကြိမ် ပြသောအခါ တစ်လအတွင်း၌ ကျွန်တော်၏ ခန္ဓာကိုယ်အလေးချိန် (၁၀)ပေါင်အထိ ကျနေသဖြင့် တခြားရောဂါများကိုပါ သံသယရှိသောကြောင့် ကျွန်တော့်အား ဓာတ်ခွဲခန်းတစ်ခု၌ Medical Checkup အားလုံးလုပ်ရန် ဆေးစာ ရေးပေးလိုက်ပါသည်။ ၎င်းဓာတ်ခွဲခန်းသို့ သွားရောက်စစ်ဆေးပြီး ဆရာမကြီးထံ ၎င်းဆေးမှတ်တမ်းကိုပြသရာ ဆရာမကြီးက ဆေးစာရွက်ပါ အချက်အလက်များကို သေချာကြည့်လိုက်၊ ကျွန်တော့်အား မျက်မှောင်ကြုတ်၍ သေချာကြည့်လိုက် လုပ်နေသဖြင့် ဘာရောဂါတွေ တွေ့နေပြီလဲ မသိဘူးဟု တွေးမိကာ ကျွန်တော် ရင်ထိတ်နေပါသည်။

ထိုသို့ ရင်တထိတ်ထိတ် ဖြစ်နေစဉ်မှာပင် ဆရာမကြီးက ကျွန်တော့်အား ထပ်မံ၍ သေချာစိုက်ကြည့်လိုက်ပြီး-

'ရှင် အသက်ဘယ်လောက်ရှိပြီလဲ'

ဟု မေးရာ ကျွန်တော်က-

'(၆၃)နှစ်ပါ ဆရာမကြီး'ဟု ဖြေလိုက်ပါသည်။

ထိုအခါ ဆရာမကြီးက-

'ဟင်..(၆၃)နှစ်သာဆိုတယ်၊ ရှင့်မှာ နှလုံးရောဂါတို့၊ သွေးတိုးရောဂါတို့ တစ်ခုမှမရှိပါလား'

ဟု ပြောသဖြင့် ကျွန်တော့်မှာ အလုံးကြီး ကျသွားသော်လည်း ယခင်က ကျွန်တော့်တွင် သွေးတိုးရောဂါ ရှိထားဖူးသဖြင့် စိတ်ထဲ၌ ၎င်းသွေးတိုးရောဂါရှိနေဆဲဟု ယူဆကာ-

'ဆရာမကြီးခင်ဗျ၊ ကျွန်တော် အရင် မကွေးမှာ နေခဲ့စဉ်တုန်းက သွေးတိုးရောဂါ ရှိခဲ့ဖူးပါတယ်။ နှစ်ရက်တစ်ခါလောက် ဆေးသွားသွားထိုးခဲ့ရဖူးပါတယ်ခင်ဗျ'

ဟု တင်ပြလိုက်ရာ ဆရာမကြီးက ကျွန်တော့်အား-

'ရှင့်ဘာသာရှင် အရင်က သွေးတိုးရောဂါ ရှိခဲ့တာ၊ မရှိခဲ့တာ ကျွန်မ မသိဘူး။ အခု ဒီဓာတ်ခွဲခန်းရဲ့ စမ်းသပ်စစ်ဆေးချက် မှတ်တမ်းတွေအရ ရှင့်မှာ သွေးတိုးရောဂါရော နှလုံးရောဂါရော လုံးဝမရှိတော့ဘူး'ဟု ထပ်မံအတည်ပြု ပြောကြားလိုက်ချိန်တွင် ကျွန်တော့်မှာ ထခုန်မိမတတ် ဝမ်းသာသွားရပါသည်။

ဆေးခန်းကို သွားပြတာက ဆီးချိုရောဂါ၊ ဆီးချိုရောဂါကလည်း နည်းနည်းပဲ ရှိတာပါတဲ့။ သမားတော်ကြီးရဲ့ အတည်ပြုချက်ရလိုက်တာက ကျွန်တော့်မှာ သွေးတိုးနဲ့ နှလုံးရောဂါ လုံးဝမရှိဘူးတဲ့။ အဲဒီတော့မှ ကျွန်တော်က ဗူးဆည်မှာ ဖော်စပ်ခဲ့ပြီး နေ့စဉ်စားသုံးနေခဲ့တဲ့ သွေးတိုးကျဆေးကို သွားပြီးသတိရမိတယ်။ အခု ဆရာမကြီးကသာ ဆီးချိုမရှိဘူးလို့ပဲ တစ်မျိုးတည်းကို ပြောပြီး ကျန်တဲ့ သွေးတိုးနဲ့ နှလုံးရောဂါတွေ မရှိဘူးလို့ မပြောခဲ့ရင် သူသွားပြတာက ဆီးချိုရောဂါလေ။ ကျွန်တော့်စိတ်ထဲ သွေးတိုးရောဂါကို ရှိနေတုန်းပဲ ထင်နေမှာ။

ဒီဗမာဆေး သောက်တဲ့နေ့ကစပြီး တစ်ခါမှ သွေးမတိုးတော့ပေမယ့် ပျောက်ကင်းသွားတယ်လို့ မထင်ထားခဲ့ဘူးလေ။ သက်သာနေတာလို့ပဲ ထင်နေမိတာ။ တကယ်ဆို ဆေးသောက်ပြီး ဘယ်အချိန်လောက်ကတည်းက သွေးတိုးရောဂါ ပျောက်နေတာလဲ မသိဘူး။ မပျောက်ဘူး ထင်နေလို့ ကျွန်တော် ဆေးမစစ်ခဲ့မိတာ မှားတယ်ဗျာ။ ခုတော့ မန္တလေးမြို့ရဲ့ တကယ့်နာမည်အကြီးဆုံး သမားတော်ကြီး ဒေါ်အေးအေးအောင်ကိုယ်တိုင်က ကျွန်တော့်မှာ သွေးတိုးရော နှလုံးရောဂါပါ မရှိဘူးဆိုလို့ အဲဒီ ဆေးစာ၊ ဆေးစစ်ဆေးချက် မှတ်တမ်းတွေနဲ့ လူနာမှတ်ပုံတင် စာအုပ်စာတမ်းတွေကို အထောက်အထားအဖြစ် ကျွန်တော် သိမ်းဆည်းထားခဲ့ပါတယ်။ ကျွန်တော့်လို သွေးတိုးရောဂါဝေဒနာရှင် တွေအား သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ပြချင်လို့ပါ။

ဒါကြောင့် ကျွန်တော့်ရဲ့ ဒီဖြစ်ရပ်မှန် ဖတ်ရှုမိသူများကလည်း သွေးတိုးဝေဒနာရှင်များအား ဤဆေးနည်း မျှဝေပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ မရှင်းလင်း၍ အသေးစိတ်မေးမြန်းလိုသူများရှိပါက ကျွန်တော်၏ ဖုန်းနံပါတ်(၀၉ ၂၀၅၃၆၁၆)သို့ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

မူရင်းဆေးနည်းကို ဖော်ထုတ်ရေးသားခဲ့သူအား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကိုကိုလတ်(

www.burmeseclassic.com

www.burmeseclassic.com

မည်သူမဆို လောဘ၊ ဒေါသ၊ မာနဟူသည့် အနည်းနှင့်အများ ဆိုသလို ရှိတတ်ကြသည်ချည်း ဖြစ်လေ၏။

မိမိကိုစော်ကားလျှင်သော်လည်းကောင်း၊ မိမိ၏ မိဘနှင့် ဆရာသမားတို့အား စော်ကားကြလျှင်သော်လည်းကောင်း စော်ကားခြင်းခံရသော (မည်သူမဆို) သူတို့သည် သည်းမခံတတ်ကြပေ။ တချို့ကား အစော်ကားခံရလျှင် စော်ကားသူအား ကိုယ်ထိလက်ရောက်ရန်တုံ့ပြန်တတ်လေသည်။

တချို့ကားမူ ဒေါသကို ရှေ့တန်းမတင်ဘဲ အဲဒီလိုတော့ မစော်ကားပါနဲ့ကွာဟု သည်းခံလျက် ဒေါသကို ချုပ်ထိန်းကာ ဖျောင်းဖျပြောဆိုတတ်ကြလေ၏။ ဤသို့ သည်းခံစိတ်ဖြင့် ဖျောင်းဖျပြောဆိုတတ်သူ လူတချို့တွင် မောင်ပီယဆိုသည့် လူငယ်တစ်ယောက်လည်း အပါအဝင်ဖြစ်လေ၏။

'မင်း ကိုးကွယ်ဆည်းကပ်နေတဲ့ တရုတ်ကြီးက အလကား အရူးကြီးပါကွာ။ မင်းက အဲဒီတရုတ်ကြီးကို



# ရှင်ဆွေးအောင်

## အသွားမတော်တစ်လှမ်း
## အပြောမတော်တော့တစ်ခွန်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာတစ်ဆူလို ကိုးကွယ်နေတော့ မင်းလည်း ရူးကြောင်ကြောင်ပဲ။ ဘာမှမထူးဘူး' ဟု ပြောင်သလို နောက်သလို ရွတ်ချသလိုဖြင့် ကိုဌေးမင်း ဆိုသူက ပြောလေရာ ရုတ်တရက်တော့ ဆရာသမားကို ထိပါးလာ၍ မောင်ပီယ ဆောင်းခနဲ ဒေါသထွက်မိလေ၏။ သို့သော် ၎င်းဒေါသကို ချက်ချင်းပင်ပြန်၍ မောင်ပီယ ထိန်းလိုက်လေ၏။ သူ့သီလို့ ပြောတာပဲဟု သဘောပေါက်ကာ သည်းခံလိုက်ခြင်း ဖြစ်သည်။

'လူတစ်ယောက်ရဲ့ အကြောင်းကို ဂဃနဏမသိဘဲ ဝေဖန်တာတော့ မကောင်းဘူး ဌေးမင်း။ လူရဲ့အတွင်းစိတ် အကောင်းအဆိုးကို လူတိုင်း သိနိုင်တာမှ မဟုတ်တာ။ ပေါင်းလည်း မပေါင်းဖူးဘူး။ သိလည်း မသိဘဲနဲ့ ဝေဖန်ရင် ဝေဖန်တဲ့သူမှာ အပြစ်ရှိတယ်။ မှန်လည်း မမှန်နိုင်ဘူး'ဟု မောင်ပီယက ပြန်ပြောသောအခါ ၎င်းဌေးမင်းဆိုသူကား ဟားတိုက်ရယ်လေ၏။

ရယ်ရင်းကလည်း 'မင်းဆရာ တရုတ်ကြီးက အလကားလူပါကွာ။ ဘာပညာမှလည်း မတတ်ပါဘူး။ ငါကတော့ အရူးတစ်ယောက်လို့ပဲမြင်တယ်' ဟု ပြောပြီး 'မင်းနဲ့ စကားပြောရတာ အာရုံစားတယ်။ ပြန်မယ်။ အေး‥ တစ်ခုတော့ မှာခဲ့မယ်။ အဲဒီတရုတ်ကြီးနဲ့ ကြပ်ကြပ်ပေါင်းမင်းပါ ရူးသွားရင် ရွာသာကြီးကို ငါတို့ ပို့ပေးမယ်' ဟုဆိုကာ လှောင်ပြောင်ရယ်မော၍ ၎င်းမိတ်ဆွေ အရက်သမားတစ်စုနှင့်အတူ ထွက်ခွာ၍ သွားလေတော့၏။

အမှန်တော့ မောင်ပီယ၏ တရုတ်ဆရာကြီးဆိုသူမှာ မောင်ဌေးမင်း ထင်သကဲ့သို့ အရူးတစ်ယောက် မဟုတ်ပေ။ အသက်(၈၀)အရွယ် တရုတ်သွေးပါသော မြန်မာပြည်ပေါက် အဘိုးကြီးတစ်ယောက်သာ ဖြစ်လေ၏။ သူ၏ အမည်မှာ ဦးဝမ်ရင်ဟူ၍ ဖြစ်လေ၏။ မျိုးမရှိ ဆွေမရှိ ခြေသလုံးအိမ်တိုင်။ ကြုံရာစား ကြုံရာအိပ် ကြုံသလို လျှောက်သွားနေသော လူပျိုအဘိုးကြီး တစ်ယောက်ဖြစ်လေ၏။ ဦးဝမ်ရင်၏ ဝတ်စားဆင်ယင်ပုံမှာလည်း အထက်ပိုင်းနှင့် အောက်ပိုင်းကို ဆက်စပ်ချုပ်လုပ်ထားသော မိုးကာကဲ့သို့ အင်္ကျီရှည်ကြီး ဖြစ်လေ၏။ အမြဲတမ်း ကိုယ်က မချွတ်ဘဲ ဝတ်ဆင်ထားလေ့ရှိသဖြင့် မိုးဒဏ်၊ လေဒဏ်၊ နေဒဏ်တို့ကြောင့်လည်း မွဲခြောက်ခြောက် ညစ်ထေးထေး ဖြစ်နေလေ၏။ ထူးခြားသည်မှာ ညစ်ထေးသော အဝတ်အစား ဆိုသော်ငြားလည်း ချွေးနံ့၊ ချေးနံ့ မရှိ။ ဘာအနံ့ဆိုးမှ မထွက်ပေ။

'မှန်တဲ့စကားကို ဆိုတတ်တဲ့ လူတိုင်းမှာ အာပုပ်နံ့မရှိဘူး။ လက်ကတီးချွေးနံ့ မရှိဘူးကွ။ ယုတ်စွအဆုံး သေရင်တောင် မပုပ်ဘူးလို့ စာမှာ တွေ့တယ်၊ ဆိုထားတယ်။ မင်း ယုံကြည်ရင် ဘယ်တော့မှ ညာမပြောနဲ့။ လိမ်မပြောနဲ့။ မှန်တာကိုပြော၊ ဟုတ်တာကိုလုပ် ဘယ်တော့မှ အပုပ်နံ့မထွက်ဘူး။ အဲဒါ အတိအကျပဲ။ မင်းတို့ခေတ်စကားနဲ့ ငါပြောတာယုံရင် ဆက်လုပ်၊ ဆက်ကျင့်ဒါပဲ'ဟူသော ဦးဝမ်ရင်၏ စကားကို မောင်ပီယ လက်ခံ၏။ လက်တွေ့လည်း ကျင့်သုံးလေ၏။

မောင်ပီယသည် အဘိုးကြီး ဦးဝမ်ရင်နှင့် ပေါင်းသင်းဆက်ဆံလာခဲ့သည်မှာ နှစ်အားဖြင့် ရေတွက်သော် (၅)နှစ်ကျော် (၆)နှစ်အတွင်း ရှိခဲ့ပေပြီ။ ပညာတတ်တစ်ယောက် ဖြစ်ကြောင်းကို မောင်ပီယ အသိဆုံးဖြစ်၏။ ပညာတတ်ဆိုရာ၌ လောကဓာတ်ပညာ BA အောင်၍ လောကုတ္တရာပညာ အကြီးတန်းအောင်ပြီးသူ ဖြစ်လေ၏။ မောင်ပီယသည် တရုတ်ဆရာကြီး ဦးဝမ်ရင်၏ အကြောင်းကို စဉ်းစားနေစဉ် ဘယ်အချိန်က မိမိ၏ အနောက်သို့ ရောက်နေမှန်း မသိသော ဦးဝမ်ရင်၏ နှုတ်ဆက်သံ စကားကို ကြားလိုက်ရသဖြင့် ဖျတ်ခနဲ နောက်သို့ လှည့်ကြည့်လိုက်လေ၏။

'မင်္ဂလာပါ မောင်ပီယ'

'မင်္ဂလာပါ ဆရာကြီး'

နှစ်ယောက်သား အပြန်အလှန် နှုတ်ဆက်လိုက်ကြလေ၏။ ထို့နောက် ဦးဝမ်ရင်က–

'ဒီနေ့ စော်ကားတတ်တဲ့ လူတစ်ယောက်ကို ခွင့်လွှတ်နားလည်ပေးလိုက်ခြင်းဟာ အင်မတန်ကောင်းတဲ့ သည်းခံခြင်းရဲ့ မင်္ဂလာတစ်ပါးပဲကွ'

ဟု ပြောလိုက်ရာ–

'ဆရာကြီးက ကျွန်တော်နဲ့ ဌေးမင်း စကားပြောတာ ကြားလို့လား'ဟု မောင်ပီယက ပြန်၍မေးလိုက်လေ၏။

'ကြားတော့ မကြားဘူး။ ဟိုကောင် ပြောင်သလို လှောင်သလို ရယ်သံနဲ့ မင်းရဲ့မျက်နှာ မလန်းတာကိုကြည့်ပြီး ဗေဒင်ဟောလိုက်တာလေ။ ဟုတ်တယ်မဟုတ်လား၊ မှန်တယ်မဟုတ်လား။ မညာနဲ့၊ မလိမ်နဲ့။ အတိအကျပြော'

www.burmeseclassic.com

ဟု ဦးဝမ်ရင်က မေးလိုက်လေ၏။

မောင်ပီယလည်း 'ဟုတ်ကဲ့၊ မှန်ပါတယ် ဆရာကြီး' ဟု ပြန်၍ဖြေကြားလေ၏။

'လူဆိုတာ အဲဒီအတိုင်းပဲရှိတယ်။ အဲဒီအတိုင်း မရှိကြရင် လူမဟုတ်တော့ဘူးကွ။ ဘာဖြစ်မယ်လို့ မင်းသိလဲ' ဟု ဦးဝမ်ရင်က မေးလေ၏။

'မသိဘူး ဆရာကြီး' ဟု မောင်ပီယက အမှန်အတိုင်း ဖြေကြားလေ၏။

'အေး..မှတ်ထား၊ နတ်ဖြစ်လို့ကွ' ဟု ဦးဝမ်ရင်က ပြောပြီး မောင်ပီယကိုကြည့်၍ ပြုံးနေလေ၏။

ထို့နောက် ပြုံးရင်းက-

'နတ်က ဘယ်တော့မှ လိမ်မပြောဘူး၊ ညာမပြောဘူး။ ဒေါသမထွက်ဘူး။ တတ်နိုင်သလောက် လှူဒါန်းတတ်လို့ နတ်ဖြစ်နေကြတာ။ နတ်ဆိုလို့ အောက်နတ်တွေ မထင်နဲ့၊ အထက်နတ်တွေကိုပြောတာ။ နတ်တွေသေတဲ့ နိမိတ်ငါးပါးရှိတယ်။ သေတယ်ဆိုတာ စုတေတာကိုပြောတာ။ အဲဒီလောက်တော့ မင်းသိပါတယ်'

ဟု ပြောလိုက်ရာ မောင်ပီယက-

'ဟုတ်ကဲ့၊ လူတွေက သေတယ်၊ နတ်တွေက စုတေတာလို့ ကျွန်တော်ကြားဖူးပါတယ် ဆရာကြီး' ဟု ပြန်၍ဖြေကြားလိုက်လေ၏။

'အေး..ဟုတ်တယ်။ နတ်တွေ စုတေခြင်းငါးပါးကို ငါပြောပြမယ်။ တစ်က နတ်ပန်းညှိုးလို့ စုတေတယ်။ နတ်ပန်းညှိုးတယ်ဆိုလို့ တလွဲအဓိပ္ပာယ် ကောက်မနေနဲ့ဦး။ နတ်တွေဝန်ဆင်တဲ့ ပန်းညှိုးတာကိုပြောတာ။ နှစ်က နတ်ဝတ်တန်ဆာညှိုးလို့ စုတေတာ။ သုံးက လက်ကတီးကြားက ချွေးထွက်လို့ စုတေတာ။ လေးက နေရာဘုံဗိမာန်မှာ မပျော်မွေ့လို့ စုတေတာ။ ငါးကတော့ မျက်တောင်ခတ်လို့ စုတေတာ' ဟု ဦးဝမ်ရင်က ရှင်းပြလေ၏။

'အဆန်းပဲနော် ဆရာကြီး' ဟု မောင်ပီယက အံ့သြစွာ ဆိုလေ၏။

'နတ်စုတေခြင်း အကြောင်းလေးပါး ဆိုတာလည်း ရှိသေးတယ်ကွ'

ဟု ဦးဝမ်ရင်က ပြောလိုက်ရာ မောင်ပီယက-

'ပြောပါဦး ဆရာကြီး၊ ဆရာကြီးနဲ့တွေ့ရတာ ဗဟုသုတ အရမ်းရတာပဲ' ဟု ပြောလေ၏။

'ဗဟုသုတဆိုတာ ယူတတ်ရင် ရတာချည်းပဲ။ ဗဟုသုတများတဲ့လူက ပညာရှိလည်း ဖြစ်သွားနိုင်တယ်'

ဟု ဦးဝမ်ရင်က ပြောလိုက်ရာ မောင်ပီယက-

'ဒါဆို ဆရာကြီးလည်း ပညာရှိကြီးပဲပေါ့' ဟု ပြောလိုက်လေ၏။

ဦးဝမ်ရင်သည် မောင်ပီယကိုကြည့်၍ တဟားဟားဖြင့် ရယ်မောလိုက်လေ၏။

'ဆရာကြီးက ဘာဖြစ်လို့ ရယ်တာလဲ။ ကျွန်တော်ပြောတာ မှားသွားလို့လား' ဟု မောင်ပီယက ပြန်၍မေးလိုက်လေ၏။

'မှားတာပေါ့ကွ။ ငါလည်း ပညာမရှိဘူး။ ပညာရှိဆိုတာ ဒီလောကမှာ မရှိဘူး။ လူတွေက သူ့အမြင် သူ့အသိနဲ့ သတ်မှတ်နေကြတာ။ တကယ်တမ်း ပညာရှိတဲ့ပုဂ္ဂိုလ်ဟာ ဒီလောကမှာ မရှိတော့ဘူးကွ' ဟု ဦးဝမ်ရင်က ပြောလိုက်ရာ မောင်ပီယ အံ့သြမှင်တက်၍ သွားလေတော့၏။

'ဗျာ..ဒါဆို အဲဒီပညာရှိကြီးက ဘယ်သူလဲ ဆရာကြီး' ဟု မောင်ပီယက မေးလိုက်လေ၏။

ဦးဝမ်ရင်က ခေါင်းကို တဆတ်ဆတ်ညိတ်၍-

'မင်းတို့ ငါတို့ ကိုးကွယ်နေတဲ့ ပုဂ္ဂိုလ်ကြီးပေါ့ကွ၊ ပညာရှိရုံတင်မကဘူး၊ ဉာဏ်လည်းကြီးတယ်။ တန်ခိုးလည်းကြီးတယ်။ မေတ္တာလည်းကြီးတယ်။ သည်းခံခြင်းလည်းကြီးတယ်။ ခွင့်လွှတ်ခြင်းလည်းကြီးတယ်။ အဲဒီလောက် အဘက်ဘက်က ပြည့်စုံပြီးမြောက်နေတဲ့ ပုဂ္ဂိုလ်မျိုးရှာကြည့်။ ဘယ်မှာမှ တွေ့မှာမဟုတ်ဘူး။ အေး..တွေ့ချင်ရင်တော့ အဲဒီပညာရှိကြီးရှိတဲ့နေရာ ငါလိုက်ပြမယ်၊ ငါနဲ့လိုက်ခဲ့' ဟုဆို၍ ဆရာကြီးက ရှေ့ကထွက်သွားရာ မောင်ပီယလည်း ဆရာကြီးဦးဝမ်ရင်၏ နောက်သို့ အမီလိုက်ပါသွားလေတော့၏။

♦♦♦

ဆရာကြီးဦးဝမ်ရင်သည် အငှားယာဉ်တစ်စီးကို ငှားရမ်း၍ မောင်ပီယနှင့်အတူ ရွှေတိဂုံစေတီသို့ ရောက်လာကြလေ၏။

ကားပေါ်မှဆင်း၍ စေတီရင်ပြင်ပေါ်သို့ နှစ်ယောက်သား တက်လာကြရင်း မောင်ပီယက သတိရကာ-

'ဆရာကြီး..နတ်တွေစုတေတဲ့အကြောင်း ပြောမယ်

www.burmeseclassic.com

www.burmeseclassic.com

ဆို။ ဆက်ပြောဦးလေ'

ဟု ပြောလိုက်ရာ ဆရာကြီးဦးဝမ်ရင်က-

'ငါ့လူက သတိကောင်းသားပဲ။ အေး..ပြောမယ်။ နတ်တွေစုတေတဲ့ အကြောင်းလေးပါး ရှိတယ်ကွ။ အဲဒီလေးပါးက-

တစ်က နတ်သက်စေ့လို့ စုတေခြင်း၊

နှစ်က သက်တမ်းမစေ့မီ ကံကုန်လို့ စုတေခြင်း၊

သုံးက စားချိန်တန် မစားရလို့ အာဟာရပြတ်ပြီး စုတေရခြင်း၊

လေးက ဒေါသကြီးလွန်းလို့ စုတေခြင်းဆိုပြီး လေးပါးရှိတယ်ကွ'ဟု ဘုရားရင်ပြင်ပေါ်သို့ တက်လာကြရင်း ဦးဝမ်ရင်က ပြောပြလေ၏။

ဘုရားရင်ပြင်ပေါ်သို့ရောက်၍ ခေတ္တအပန်းဖြေနားကြစဉ် မောင်ပီယက-

'ဆရာကြီး..ပြောလက်စ စကား ကျန်သေးတယ်နော်'ဟု သတိပေးလေ၏။

'ငါသိပါတယ်။ မင်းကို ဒီခေါ်လာတာ အတုမရှိတဲ့ ပညာရှိကြီး၊ တစ်နည်းပြောရရင် အတုမရှိတဲ့ ဉာဏ်တော်ရှင်ကြီးကို ပြမလို့ ခေါ်လာတာ။ မင်းသိချင်တာ အဲဒါမဟုတ်လား'ဟု ဦးဝမ်ရင်က ပြောလိုက်ရာ မောင်ပီယက 'ဟုတ်တယ် ဆရာကြီး'ဟု ဖြေကြားလေ၏။

'ငါတို့ဆရာကြီး၊ မင်းတို့ ငါတို့ရဲ့ အရှင်သခင်ပညာရှင်ကြီးက မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးပဲပေါ့ကွာ။ လောကမှာ ဘယ်သူရှိဦးမှာလဲ'ဟု ဆရာကြီး ဦးဝမ်ရင်က ပြောလိုက်လေ၏။

မောင်ပီယလည်း လိပ်ပတ်လည်၍ ကောင်းစွာ သဘောပေါက်၍သွားတော့သတည်း။

'ဟုတ်တယ်နော် ဆရာကြီး။ ကျွန်တော်တို့ဘုရားမှ တကယ့်ပညာရှိကြီးလို့ ပြောလို့ရတာနော်။ ကျွန်တော်က ဆရာကြီးခေါ်လာတာ တစ်ယောက်ယောက်နဲ့ မိတ်ဆက်ပေးပြီး ပညာရှိဆိုတာ အဲဒီပုဂ္ဂိုလ်ပဲလို့ ပြောမယ်ထင်နေတာ'

ဟု မောင်ပီယက ပြောလိုက်သောအခါ ဆရာကြီး ဦးဝမ်ရင်-

'လောကမှာ တကယ့်ပညာရှိကြီး မရှိလို့ မင်းကို ဘုရားခေါ်လာတာပေါ့ကွ။ မင်း သဘောပေါက်သွားပြီမဟုတ်လား'ဟု ပြောလိုက်လေ၏။

ထိုအခါ မောင်ပီယလည်း ခေါင်းကိုညိတ်၍ 'ပေါက်ပါပြီဆရာကြီး'ဟု ပြန်၍ပြောလိုက်လေတော့၏။

ထို့နောက်တော့ ဆရာကြီး ဦးဝမ်ရင်နှင့် မောင်ပီယတို့သည် စေတီတော်ကို ဖူးမြော်ကန်တော့၍ လက်ယာရစ်တစ်ပတ်ပြည့်အောင် ပတ်လျှောက်ကြလေ၏။ ဤသို့ပတ်လျှောက်ရင်း တစ်ပတ်ပြည့်သောအခါ၌ နောင်တော်ကြီးဘုရားသို့ရောက်ကာ နားကြလေ၏။

ယင်းသို့ နားကြရင်းမှ ဆရာကြီး ဦးဝမ်ရင်က-

'ရွှေတိဂုံစေတီတော်ဘုရားကြီးအကြောင်းကို မောင်ပီယ ဘယ်လောက်ထိသိလဲ'ဟု ဆရာကြီးက ရုတ်တရက် မောင်ပီယအား မေးလိုက်လေ၏။

'ကျွန်တော် ကောင်းကောင်းမသိဘူး ဆရာကြီး။ ဆရာကြီးသိရင် ကျွန်တော့်ကို ပြောပြပါ'ဟု မောင်ပီယက ပြောလေ၏။

'အေး..ငါလည်း ကိုယ်တိုင်သိတာတော့ မဟုတ်ဘူး။ စာရေးဆရာကြီး ရန်အောင်မျိုးညွန့်ရေးတဲ့ ဗုဒ္ဓကြေးမုံစာအုပ်ကို ဖတ်မိခဲ့လို့ သိခဲ့တာ'ဟု ဆရာကြီး ဦးဝမ်ရင်က ပြောလေ၏။

မောင်ပီယက 'ဆရာကြီးရန်အောင်မျိုးညွန့်က ဘယ်လိုရေးခဲ့လို့လဲ ဆရာကြီး'ဟု မေးလေ၏။

ထိုအခါ ဆရာကြီးဦးဝမ်ရင်က ၎င်းဆောင်ယူလာသော လွယ်အိတ်ကြီးထဲမှ သကြားပေါက်စီနှစ်လုံးကို ထုတ်ယူလိုက်ပြီးလျှင် မောင်ပီယအား တစ်လုံးကမ်းပေးလျက် 'စား၊ အားရှိတယ်'ဟုဆိုကာ သူကိုယ်တိုင်လည်း သကြားပေါက်စီ တစ်လုံးကို စားလေ၏။

ဤသို့ နှစ်ယောက်သား ပေါက်စီစားသောက်နေကြရင်းက ဆရာကြီးဦးဝမ်ရင်က ရွှေတိဂုံဘုရားသမိုင်းကြောင်းကို ပြောပြလေတော့၏။ မောင်ပီယမှာ ဆရာကြီး ရွှေတိဂုံဘုရားစေတီအကြောင်းကို ပြောဆိုရှင်းပြလိုက်တော့မှ ရွှေတိဂုံဘုရားသမိုင်းအကြောင်းကို ဂဃနဏ ကောင်းစွာသိခဲ့ရလေတော့သတည်း။ မြို့အကြောင်း၊ ရွာအကြောင်း၊ လူပုဂ္ဂိုလ်အကြောင်းနှင့် ဘုရားသမိုင်းအကြောင်းတို့မှာ မောင်ပီယ သိထားခဲ့သလို မဟုတ်ဘဲ တစ်မူထူးခြားနေသည်ကို ကြားနာလိုက်ရသောကြောင့် ဖြစ်လေ၏။

www.burmeseclassic.com

**မှတ်ချက်**-ငှင်းရွှေတိဂုံသမိုင်းအကြောင်းကို စာဖတ်သူများ ဗဟုသုတအလို့ငှာ ဆရာကြီးရန်အောင်မျိုးညွန့်၏ ဗုဒ္ဓကြေးမုံစာအုပ်၌ ဖော်ပြပါရှိသည့် မူရင်းအတိုင်းကို အောက်ပါအတိုင်း ရေးသားဖော်ပြလိုက်ပေသတည်း။

◆◆◆

## ရွှေတိဂုံဘုရား မည်သူတည်သလဲ

ဝိနည်းမဟာဝါ ပါဠိတော်၌ မြတ်စွာဘုရားရှင်သည် လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတော်မူစဉ် တဖုဿနှင့် ဘလ္လိက အမည်ရှိသော ကုန်သည်ညီနောင် နှစ်ဦးတို့သည် ဥက္ကလာပဇနပုဒ်မှ မြတ်စွာဘုရားရှင် သီတင်းသုံးနေတော်မူသော လင်းလွန်းပင်ရှိရာသို့ လာရောက်ကြသည်ဟု ပါရှိ၏။

မဟာဝါအဋ္ဌကထာ၌ ဥက္ကလာပဇနပုဒ်မှ မြတ်စွာဘုရားရှင် သီတင်းသုံးနေထိုင်တော်မူရာ လင်းလွန်းပင်သို့ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် လာရောက်ကြသည်ဟု ပါရှိ၏။

ထိုကုန်သည်ညီနောင် နှစ်ဦးတို့သည် မိမိတို့တွင်ပါရှိသော ကြွက်ကျစ်မုန့်နှင့် ပျားမုန့်ဆုပ်တို့ကို မြတ်စွာဘုရားရှင်အား ကပ်လှူကြ၏။ မြတ်စွာဘုရားရှင်သည် စတုမဟာရာဇ်နတ်မင်းကြီးတို့ ကပ်လှူအပ်သော ဣန္ဒနီလာကျောက်ညိုဖြင့်ပြီးသော သပိတ်တော်ဖြင့် ခံယူတော်မမူဘဲ ပဲနောက်အဆင်းရှိသော သပိတ်ဖြင့်သာ ခံယူတော်မူ၏။

ထိုကုန်သည်ညီနောင်တို့အား ဒွေဝါစိက သရဏဂုံ နှစ်ပါးကို ပေးတော်မူပြီး ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ဓာတ် တစ်လက်ဆုပ်ကို ပေးအပ်လိုက်၏ဟု ဓိနတ္ထကျမ်း၌ လာရှိ၏။

အိန္ဒိယပြည်သားတို့ အလိုအားဖြင့် ထိုတဖုဿနှင့် ဘလ္လိက ညီနောင်တို့၏နေရာ ဥက္ကလာပတိုင်းသည် အိန္ဒိယပြည်ရှိ ယခုအခါ ဥရိဿခေါ်သော ပြည်နယ်သာ ဖြစ်သည်ဟု ဆို၏။ ထိုဥရိဿနယ်ကို ဥဒြ-ဩဒြနယ် ဟူ၍လည်း ခေါ်ဆိုကြောင်းနှင့် သက္ကတဘာသာကျမ်း အစောင်စောင်တို့၌သာ ရှိသည်ဆို၏။ ထို့ကြောင့် အိန္ဒိယရှိ ဥရိဿနယ်သာလျှင် ရှေးက ဥက္ကလာပတိုင်း ဖြစ်သည်ဟု အိန္ဒိယတိုင်းပြည် ပညာရှိတို့ အလိုအားဖြင့် ဆုံးဖြတ်မှတ်ယူ ပြောဆိုလျက် ရှိကြသည် ဆို၏။

ဥက္ကလာပတိုင်းပြည်၏ အကျယ်အဝန်းကို ဟူယိုင်ဆင်ကျမ်း၌ လာရှိသည်မှာ လီပေါင်း(၇၀၀၀)ရှိ၍ ၎င်း၏ မြို့တော်သည် လီပေါင်း(၂၀)ခန့်ရှိသည် ဆို၏။ မိုင်အားဖြင့် (၁၁၁၆၆)မိုင်ခန့် ရှိသည်ဆို၏။ မြို့တော် ကျရိတြ (ယခုအခါ ဂျာဂနက်ပူရီခေါ်သော)မြို့သည် သုံးမိုင်ကျော်ခန့် ရှိသည်ဆို၏။ ၎င်းမြို့မှ ကုန်သည်တို့သည် အတိုင်းတိုင်း အပြည်ပြည်သို့ ကုန်ရောင်းကုန်ဝယ် သွားကြကုန်၏။ ဤသို့ စသည်ဖြင့် ဟူယိုင်ဆင်ကျမ်း၌ လာရှိသည် ဆို၏။

**မှတ်ချက်**-တရုတ်ဘာသာအားဖြင့် ခြောက်လီမှာ တစ်မိုင်ရှိသည်။ ၎င်းကျမ်း၏ အလိုအားဖြင့် ကျောက်စာမင်းကြီး ကနိန်ဂဟမ်က သတ်မှတ်၍ ပြထားသည်မှာ ဥက္ကလာပတိုင်း၌ မဟာနဒီမြစ်နှင့် ဆုဝရဏရိချ်ခေါ်သော မြစ်နှစ်ခုတို့၏ နယ်နိမိတ်အားလုံးလည်း ပါဝင်သည်ဆို၏။ ၎င်းပြင် ယခုကာလ ကဋကစီရင်စုနှင့် ဆမ်ဘာလ်ပုရ်စီရင်စုအားလုံးလည်း ပါဝင်သည်ဆို၏။ နယ်နိမိတ်မှာ အနောက်ဘက်၌ ဂုဏ်ဒွါန်၊ မြောက်ဘက်၌ တောင်တို့ဖြင့် ပြွမ်းသော ဂျသျှပုရ်၊ ဆိန်ဂရာဘုမ်နယ်၏ အရှေ့ဘက်၌ ပင်လယ်၊ တောင်ဘက်၌ ဂန်ဂျာမ်နယ်အထိ ကျယ်ဝန်းသည်ဆို၏။ ယခုရှိသော ဂျဂနာတ်ပုရ်မြို့၏ မြစ်ဘက်၌ ရှေးဟောင်းစေတီ(၅)ဆူ ရှိ၏။

ယခု ဟိန္ဒူလူမျိုးတို့ ကိုးကွယ်နေကြသော ဂျဂနတ်အမည်ရှိသည့် ဘုရား၊ တန်ဆောင်း၊ ပြာသာဒ်တို့သည် အထက်ပါစေတီ(၅)ဆူတွင် တစ်ဆူအပါအဝင်ဖြစ်ကြောင်းကို ထိုဘုရား၊ တန်ဆောင်းအတွင်း၌ရှိသော ရှေးဟောင်းရုပ်ပွားတော်သုံးဆူက သက်သေခံလျက် ရှိသည်ဆို၏။ ၎င်းပြင် ပုရှပဂီရိ၊ ဥဒယာဂီရိ၊ ခဏ္ဍာဂီရိတောင်နှစ်လုံး၌ ဗုဒ္ဓဘာသာကျောင်းနှင့် ကျောက်စေတီတစ်ဆူ ရှိသည်ဆို၏။

၎င်းတောင်တို့မှ ဗုဒ္ဓဘာသာဆိုင်ရာ လိုဏ်ဂူကျောက်စာ၊ ကမ္ပည်းများကို ကျောက်စာဝန်တို့ ရရှိကုန်၏။ အဆိုပါ တောင်တို့သည် ကဋကမြို့မှ တောင်ဘက် မိုင်နှစ်ဆယ်၊ ဘုဝနေသျှရ်နတ်ကွန်းမှ အနောက်ဘက် ငါးမိုင်တွင် တည်ရှိကုန်သည် ဆို၏။

ယင်းသို့ ဆိုအပ်ခဲ့ပြီးသော ပါဠိ၊ သက္ကတ၊ ပုရာဏ်ဟိန္ဒီ၊ ဟူယိုင်ဆင်ကျမ်း အမျိုးမျိုးတို့ကို ထောက်ဆ၍ မဇ္ဈိမဒေသ အိန္ဒိယပြည်ရှိ ဥက္ကလာပသည်သာ တဖုဿ

www.burmeseclassic.com

နှင့် ဘလ္လိကတို့ မြတ်စွာဘုရားရှင်ထံမှ ဆံတော်ဓာတ်တို့ကို စေတီတည်၍ ကိုးကွယ်ကြရာအစစ်ဟု အိန္ဒိယပညာရှိတို့၏ အလိုအားဖြင့် သိအပ် သိထိုက်ကြသည် ဆို၏။

ထိုဥရီဆာနယ်တွင် ပုရီစီရင်စု ဘုဝနေသျှရ်ခေါ်သော အရပ်တစ်ခု ရှိ၏။ ၎င်းအရပ်မှ တောင်ဘက်၌ (၇)မိုင် အကွာအဝေးတွင် ဇောက်လီခေါ်သော ရွာတစ်ရွာ ရှိ၏။ ထိုရွာ၏ ထက်ဝန်းကျင်အရပ်သည် ရှေးအခါက တုရာလီ အမည်ရှိသော မင်းနေပြည်တော်ကြီး ဖြစ်ဖူးသည် ဆို၏။

ထိုပြည်၌ အသောကမင်းကြီးသည် ကလိင်္ဂမင်းတို့ကို မင်းနေပြည် ပြုလုပ်၍ နေစေခဲ့ဖူး၏။ ထို့ကြောင့် အသောကမင်းကြီးသည် ကလိင်္ဂတိုင်းသားတို့ကိုအကြောင်းပြု၍ ၎င်းဇောက်လီခေါ်သော ရွာအနီးရှိ အသျှဆတမ် အမည်ဖြင့် ထင်ရှားသော ကျောက်တုံးကြီး တစ်ခု၌ ကမ္ပည်းကျောက်စာ ရေးထိုးထားခဲ့ဖူးသည် ဆို၏။

ဤနေရာ၌ မြန်မာပြည် ပညာရှိတို့၏ အယူဝါဒ ကွဲပြားပုံကို ယုတ္တိစကားနှင့်တကွ တင်ပြပါအံ့။

မြန်မာပြည်ရှိ ပညာရှိတို့တွင် အချို့သော ပညာရှိတို့က မြန်မာပြည်၌ရှိသော ရန်ကုန်မြို့သည် ဥက္ကလာပတိုင်း ဖြစ်၏။ (ရွှေတိဂုံ)စေတီတော်သည် ဥက္ကလာပတိုင်းသား တဖုဿနှင့် ဘလ္လိက ညီနောင်နှစ်ဦးတို့သည် သတ္တာဟ ဌာန လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတော်မူသော ဘုရားကိုယ်တော်မြတ်၏ ပေးအပ်သော ဆံတော်ဓာတ်ကို ယူဆောင်လာပြီး စေတီတည်၍ ကိုးကွယ်ဆည်းကပ်ကြသော စေတီတော်မြတ် ဖြစ်ပေ၏ဟု ပြောဆိုမှတ်သားကြကုန်သည် ဆို၏။

အချို့ကလည်း ရန်ကုန်မြို့မှ ရိုးမတောင်ကြီးနှင့် မြစ်ကြီး မြစ်ငယ် အသွယ်သွယ်သော ချောင်းမြောင်းတောတောင်တို့လို ဖြတ်သန်း၍လာနိုင်ရန် အလွန်ပင် ခဲယဉ်းလှသည် ဆို၏။ မဇ္ဈိမဒေသ ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်နှင့် ရန်ကုန်မြို့သည် ခရီးယူဇနာ အလွန်ဝေးကွာ၏။

တဖုဿနှင့် ဘလ္လိကတို့သည် လှည်းကုန်သည် ငါးရာနှင့် မသွားမလာနိုင်ရာ။ သို့ဖြစ်ခြင်းကြောင့် ရန်ကုန်မြို့သည် ဥက္ကလာပတိုင်းမဟုတ်၊ ရွှေတိဂုံစေတီတော်သည်လည်း တဖုဿနှင့် ဘလ္လိကတို့ တည်ထားခဲ့သော ဆံတော်ဓာတ်စေတီမဟုတ်၊ ဤသို့ စသည်ဖြင့် ဝိဝါဒကွဲပြားလျက် ရှိနေကြကုန်၏။ ထိုပညာရှိတို့၏ စကားနှစ်ရပ်ကို အိန္ဒိယပြည်ရှိ ရှေးပညာရှိတို့က ဆုံးဖြတ်ကြသည့် စကားများကို ထောက်ဆလျှင် အတူတူပင် မှတ်ယူကြရမည်ဟု ဆို၏။

ယခုအခါ အိန္ဒိယပြည်၌ ဥရီဆာခေါ်သော ပြည်နယ်သည် ရှေးက တဖုဿနှင့် ဘလ္လိကတို့၏နေရာ ဥက္ကလာပတိုင်းဖြစ်၏။ ၎င်းတိုင်းပြည်သား မြတ်စွာဘုရား၏ ဆံတော်ဓာတ်ကို စေတီတည်၍ ကိုးကွယ်ဆည်းကပ်ကြကုန်၏။ သို့ရာတွင် ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသည့်နောက် မပျက်မစီးစေခြင်းငှာ ဗုဒ္ဓဘာသာဝင် အချို့တို့သည် နိုင်ငံခြားသို့ တိမ်းရှောင်ထွက်သွားကြသည် ဆို၏။

ထိုအခါ မတရားသော မင်းတို့၏ ဘေးအန္တရာယ်ကြောင့် အိန္ဒိယရှိ ဥက္ကလာပတိုင်းသားတို့သည် မိမိတို့၏ ဗုဒ္ဓဘာသာ သာသနာကို စောင့်ရှောက်ခြင်းငှာ ကိုးကွယ်၍ထားသော တဖုဿနှင့် ဘလ္လိက စေတီတော်မှ မြတ်စွာဘုရား၏ ဆံတော်ဓာတ်ကို ယူဆောင်၍ ရှေးက ရာမညတိုင်း ပေါက္ခရဝတီခေါ်သော ရန်ကုန်မြို့သို့ ထွက်ပြေးလာကုန်သည်ဆို၏။ မိမိတို့၌ပါလာသော ဆံတော်ကိုလည်း ၎င်းမြို့၌ပင် စေတီတည်၍ ကိုးကွယ်ကုန်သည် ဆို၏။

ထို့ကြောင့် အိန္ဒိယရှိ ဥက္ကလာပတိုင်းသားတို့ လာရောက်နေထိုင်ကြသည်ကို အစွဲပြု၍ ရန်ကုန်မြို့သည် ဥက္ကလာပမြို့ဟု အမည်တွင်လေသည် ဆို၏။ စေတီတော်ကိုလည်း ရှေးဟောင်းအမည် မပျက်စေခြင်းငှာ တဖုဿနှင့် ဘလ္လိကစေတီဟု ခေါ်ဆိုသည်လည်း ဆို၏။

ဤသို့လျှင် အိန္ဒိယမှ ရှေးပညာရှိတို့ ဆုံးဖြတ်သော စကားအတိုင်း လိုက်နာခဲ့လျှင် ယခုရှိသော ရွှေတိဂုံစေတီတော်သည် တဖုဿနှင့် ဘလ္လိကတို့ ဆံတော်ဓာတ်ကို တည်၍ ကိုးကွယ်ကြသော စေတီအစစ်ဖြစ်သည်ဟု မှတ်ယူကြရမည် ဆို၏။

မဇ္ဈိမဒေသ ဗုဒ္ဓဘာသာကို မသူတော်ဖြစ်သော မင်းတို့က ဖျက်ဆီး၍ နိုင်ငံခြားသို့ ထွက်သွားပုန်းအောင်း၍ နေရခြင်းအကြောင်းကို အိန္ဒိယရာဇဝင် အစောင်စောင်တို့၌ ပါရှိကုန်သည် ဆို၏။

ဥက္ကလာပတိုင်းသို့ သွားလိုလျှင် ကာလကတ္တား မဒရပ်၊ ဘုံဘေ စသောမြို့တို့မှ သွားနိုင်၏။ ဥရီဆာပြည်နယ်အတွင်း၌ မိမိတို့အလိုရှိရာကို မီးရထားမြေပုံမှာကြည့်၍ သွားနိုင်သည် ဆို၏။ အထူးအားဖြင့် ၎င်းနယ်၌ ပုရီစီရင်စု



www.burmeseclassic.com

www.burmeseclassic.com

အတွင်းရှိ ဓောက်လီအရပ်ကို အထူးကြည့်ရှု၍ မှတ်သား အပ်သည် ဆို၏။

(အိန္ဒိယကြေးမုံကျမ်းမှ)

အထက်ပါအတိုင်း ရွှေတိဂုံစေတီတော် သမိုင်းကို ဆရာကြီးဦးဝမ်ရင်က လိပ်ပတ်လည်စွာ ပြောပြလိုက် သောအခါ မောင်ပီယသည် တအံ့တသြဖြစ်၍သွားလေ၏။

ထို့နောက် မောင်ပီယက–

'ဆရာကြီး ပြောပြတော့မှပဲ ကျွန်တော်လည်း ရွှေတိဂုံစေတီအကြောင်းကို ကောင်းကောင်းသိရတော့တယ် ဆရာကြီးရယ်။ ဆရာကြီးက တော်တော်ဗဟုသုတစုံပြီး အတွေ့အကြုံများတာပဲနော်'

ဟု ပြောလိုက်ရာ ဆရာကြီးဦးဝမ်ရင်က–

'ဗဟုသုတဆိုတာ လောကကြီးနဲ့ နှိုင်းပြီးပြောရရင် နက်ရှိုင်းတယ်။ ကျယ်ဝန်းတယ်။ နှိုက်ယူ ခပ်ယူလို့ မကုန်နိုင်အောင်များတဲ့ မဟာသမုဒ္ဒရာ ပင်လယ်ကြီးလိုပဲကွ။ ဒါကြောင့် ပြောတာပေါ့၊ ပညာရှိဆိုတာ ဘာလဲဆိုတာ မောင်ပီယ သဘောပေါက်လောက်ပြီနဲ့တူတယ်'

ဟု ပြောလိုက်ရာ–

'ဟုတ်ကဲ့၊ ပေါက်ပါပြီ ဆရာကြီး' ဟု မောင်ပီယက ခေါင်းညိတ်ကာ ပြောလိုက်လေ၏။

ထို့နောက် ဘုရားဖူးပြီး နှစ်ယောက်သား ဗဟန်း မုခ်ဘက်မှ ဆင်းလာကြလေတော့၏။

စေတီတော်၏ ခြေတော်ရင်းသို့ ရောက်လာကြသော အခါ ဆရာကြီးဦးဝမ်ရင်က 'မောင်ပီယရေ..ငါတို့ လမ်းခွဲကြစို့' ဟုဆိုကာ လမ်းခွဲလိုက်ကြလေတော့၏။

မောင်ပီယလည်း တောင်ဥက္ကလာပသို့ ပြန်လာပြီး အိမ်သို့ ချက်ချင်းမပြန်သေးဘဲ ရွှေတိဂုံစေတီတော်အတိုင်း တည်ဆောက်ထားသော တောင်ဥက္ကလာပစေတီတော်သို့ ဝင်၍ ဘုရားဖူးလေ၏။ ထို့နောက် ဘုရားဖူးပြီးနောက် မောင်မိုးဦးလက်ဖက်ရည်ဆိုင်ဘက်သို့ ဆက်၍လျှောက် လာကာ လက်ဖက်ရည်ဝင်သောက်လေ၏။

ဆိုင်ရှင် မောင်မိုးဦးက မောင်ပီယကို မြင်လျှင်မြင် ချင်း 'ကိုပီယ..ကိုငွေးမင်းအကြောင်း သိပြီးသလား' ဟု မေးလေ၏။

မောင်ပီယက 'လက်ဖက်ရည်နဲ့မုန့် ချပေးကွာ' ဟု ဆို၍ 'ကိုငွေးမင်း ဘာဖြစ်လို့လဲ' ဟု ဆက်၍ မေးလိုက်လေ၏။

'ကိုငွေးမင်း..စောစောကတင် ငမိုးရိပ်ချောင်းထဲ ငါး သွားမျှားရင်း ချောင်းထဲ ခြေချော်ကျလို့ ရေနစ်ပြီး သေ သွားလို့တဲ့ လူတွေ ဝိုင်းအုံရှာနေကြတယ်။ ခုထိ အလောင်း ရှာမတွေ့သေးဘူး' ဟု မောင်မိုးဦးက ပြောလေ၏။

'ဟာ..ဖြစ်မှဖြစ်ရလေဗျာ'

မောင်ပီယ စိတ်မကောင်းစွာ အာမေဍိတ်ဖြင့် ညည်း တွားရေရွတ်လိုက်လေ၏။

'ကိုပီယရဲ့ သူငယ်ချင်းပဲ။ ဒါပေမဲ့ ငွေးမင်းက အကုသိုလ်အလုပ်ဆို အကုန်လုပ်တဲ့ကောင်ဗျာ။ ကိုပီယနဲ့ မတူဘူး။ ခင်ဗျားကတော့ ပုတီးသမား၊ တရားသမား ဆိုတော့ အကုသိုလ်ကင်းတာပေါ့ဗျာ' ဟု မောင်မိုးဦးက ပြောလေ၏။

'အမှန်တော့ ငွေးမင်းက ကျွန်တော့်သူငယ်ချင်း မဟုတ်ဘူး၊ အသိတစ်ယောက်ပါ။ တစ်ရပ်ကွက်သားချင်း ဆိုပေမဲ့ သူနဲ့ကျွန်တော်က စရိုက်ချင်းလည်း မတူဘူး၊ အယူအဆချင်းလည်း မတူဘူး။ ဒါပေမဲ့ သူရေနစ်သေ တဲ့အတွက် အသိတစ်ယောက်အနေနဲ့ စိတ်မကောင်းဖြစ်မိ တာတော့ အမှန်ပဲ' ဟု မောင်ပီယက ဆိုလေ၏။

ထို့နောက် မောင်မိုးဦးချပေးသော လက်ဖက်ရည်နှင့် မုန့်ကို စားလေ၏။ ထိုသို့စားရင်း တစ်ချိန်က ဆရာကြီး ဦးဝမ်ရင် ပြောဖူးခဲ့သော စကားကို ပြန်လည်ကြားယောင် မိလေ၏။

'လောကမှာ လူမိုက်လို့ သိနိုင်တဲ့ အမှတ်လက္ခဏာ လူမိုက်လို့ သိနိုင်တဲ့နိမိတ်၊ လူမိုက်လို့သိနိုင်တဲ့ ထင်ရှား တဲ့ အပြုအမူတွေဟာ သုံးမျိုးရှိတယ် မောင်ပီယ။ အဲဒါ တွေက ဘာလဲဆိုတော့ မကောင်းမှုကိုသိလျက်နဲ့ မကောင်း ကြံတယ်။ မကောင်းမှန်းကိုသိလျက်နဲ့ မကောင်းပြော တယ်။ အဲ..မကောင်းမှုကိုသိလျက်နဲ့ ဇွတ်တိုးပြီး လုပ် တယ်။ အဲဒီသုံးမျိုးဟာ လူမိုက်တွေရဲ့ လုပ်ရပ်တွေပဲ၊ ဘယ်တော့မှ ကောင်းကျိုးမပေးဘူး။ အကုသိုလ်ပဲပေး တယ် မောင်ပီယ' ဟူသော စကားကြီးသုံးမျိုးပင် ဖြစ် ပေတော့သတည်း။

ရှင်ငွေးအောင်

www.burmeseclassic.com




# ညွန့်ညွန့် (ကဓလော)

## တိုက်ဆိုင်တာပဲလား ထိုက်မှုပဲလား

ကျွန်မလက်ထဲမှာရှိတဲ့ ပစ္စည်းလေးဟာ ဆရာတော်၊ ရဟန်းတော်များ၊ ဘုန်းကြီး၊ သံဃာတော်များ သုံးတဲ့ နေကာထိုင်အခင်း တစ်ထည်ပါ။ ကျွန်မတို့ လမ်းထိပ်က ကုန်မျိုးစုံစတိုးဆိုင်မှာ သွားဝယ်တာ တစ်ထည်ချင်းရောင်းဖို့ မရှိဘူးတဲ့။ အလှူဆင်ထားတဲ့ ခြင်းကြီးထဲမှာတော့ ရှိတယ်တဲ့။ ကိုယ်က အဲဒီလောက်ကြီးလှူဖို့ မဟုတ်ဘူးလေ။ နေကာထိုင်တစ်ထည်ပဲ ရချင်တာလေ။ ဒါနဲ့ပဲ လမ်း(၄၀)နဲ့ ကုန်သည်လမ်းထိပ်မှာရှိတဲ့ သင်္ကန်းပရိက္ခရာဆိုင် အပြေးသွားပြီး ဝယ်လိုက်ရတယ်။ ကတ္တီပါအပွင့်အညိုကို ပိတ်အံညိုအနားသတ်လေးနဲ့၊ ကောင်းလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com

ဝယ်ပြီးပါပြီ။ ဒါက ပြဿနာမဟုတ်ပါဘူး။ တကယ့်ပြဿနာက လောင်းလှူလိုက်ရမယ့်ပုဂ္ဂိုလ် ဆရာတော်ရဟန်းသံဃာ တစ်ပါးပါးပါ။ အခုချက်ချင်း အရေးပေါ် လှူရမှာမို့ ဘုန်းကြီးကျောင်းသွားဖို့လည်း အချိန်မရတော့။ အခုမနက်ပိုင်း လှူပေးရမှာမို့ပါ။ လက်ကနာရီ ကြည့်လိုက်တော့ နံနက်(၁၁)နာရီ ရှိနေပါပြီ။

ဒါကတော့ ကျွန်မ ပျာယာခတ်နေတဲ့ အဖြစ်အပျက်ပါ။ အကြောင်းက ဒီလိုပါ။

'ဒေါက်‥ဒေါက်‥ဒေါက်‥ဒေါက်'

အခန်းတံခါးခေါက်သံကြားလို့ ကျွန်မ လန့်နိုးသွားပါတယ်။ ဘယ်သူပါလိမ့်။ တွေးလည်းတွေး ထလည်းထနဲ့ ကျွန်မ အခန်းတံခါးကို ဖွင့်လိုက်ပါတယ်။

တွေ့လိုက်ရတာက သမီး။

'အမေ‥အမေ‥လုပ်ပါဦး၊ သမီး ဗိုက်အောင့်ပြီး ခါးတွေ ကိုက်နေတာ သမီးမခံနိုင်တော့ဘူး အမေ။ အရင်တစ်ခါလို ပြန်ဖြစ်တယ်နဲ့တူတယ်။ အမေ လုပ်ပါဦး'

အသည်းအသန်ပြောပြီး သူ့အခန်းထဲ ပြန်ဝင်ကာ ခုတင်ပေါ်မှာ လူးလိမ့်နေပါတော့တယ်။

'သမီး‥ဆေးသောက်ဖို့ရှိလား'

'သောက်လို့မရဘူး အမေ။ နေ့လယ်ကတည်းက နည်းနည်း၊နည်းနည်းအောင့်လို့ သမီး ဆရာဝန်ပြပြီး ဆေးထိုးသေးတယ်။ သက်သာသလိုလိုနဲ့ အခု တစ်အားနာလာတာ အမေ။ အဲဒီတုန်းက အမေမရှိဘူး။ အပြင်သွားနေတယ်'

ဟုတ်ပါတယ်။ လွန်ခဲ့တဲ့(၁၀)နှစ်လောက်ကလည်း ဒီလိုမျိုး ဖြစ်ခဲ့ဖူးပါတယ်။ မိသားစု ပြည်မြို့ ဘုရားဖူးသွားတုန်းကပါ။ ဘုရားကန်တော့နေတုန်း ရုတ်တရက် သမီး ဗိုက်အောင့်ပြီး ခါးနာ၊ ခါးကိုက်လာတာ။ ချက်ချင်းပဲ ပြည်မြို့က ဆေးရုံကြီးဆီ အရေးပေါ်သွားရပါတယ်။ အနာသက်သာတဲ့ဆေး ထိုးပေးပြီး ရန်ကုန်ကို အမြန်ပြန်လာတာ သျှင်ပါကူဆေးခန်းဝင် ဆေးရုံတင်လိုက်ရပါတယ်။ ပြည်က ဘယ်ဘုရားမှ မဖူးလိုက်ရပါဘူး။

ကျောက်ကပ်က ကျောက်ကြွေတာ ဆီးလမ်းကြောင်းမှာ ပိတ်နေတာတဲ့။ အဲဒါ ကျောက်ကျေအောင် လုပ်ကြည့်မယ်။ မရမှ ခွဲထုတ် စုပ်ထုတ်မယ်ပေါ့လေ။ ဒါပေမဲ့ မခွဲစိတ်ရပါဘူး။ လေဆာနဲ့ ကျောက်ချေပေးတာနဲ့ သက်သာသွားခဲ့ပါတယ်။

အခုဖြစ်တာက အရင်ဖြစ်ခဲ့တာထက် ပိုပြီးနာတယ်လို့ သမီးက ပြောပါတယ်။ နာရီကြည့်လိုက်တော့ မနက်နှစ်နာရီခွဲအချိန်ပါ။ အရေးပေါ် ပို့ရလောက်အောင် နာနေတာမို့ ကားနဲ့ လာခေါ်ပေးဖို့ကို သားကြီးဆီ ဖုန်းဆက်ရပါတယ်။ ချွေးမလည်း မနေသာဘူး။ နှစ်ယောက်စလုံးလာပြီး ဗဟိုစည်ဆေးရုံ အရေးပေါ်တင်လိုက်ရပါတယ်။ အနာသက်သာတဲ့ဆေး ထိုးပေးပြီး မနက်မိုးလင်း ဆရာဝန်ကြီးလာမှ လမ်းညွှန်မှုခံယူရမယ် ဆိုပါတယ်။ ချွေးမကြီးက ဆေးရုံမှာ စောင့်ပေးပြီး သားကြီးက အလုပ်ဆင်းရမှာမို့ ပြန်သွားပါတယ်။ ကျွန်မလည်း အိမ်မှာ ခင်ပွန်းသည်နဲ့ မြေးနှစ်ယောက် ရှိသေးလို့ သူတို့ဝေယျာဝစ္စအတွက် ပြန်ခဲ့ပါတယ်။ သမီးရဲ့ အမျိုးသားက ခရီးသွားနေလို့ အိမ်မှာ မရှိတာပါ။

မနက်(၈)နာရီ ချွေးမကြီးက ဖုန်းဆက်ပါတယ်။ အဝတ်အစားနဲ့ တခြားလိုတဲ့ ပစ္စည်းတွေကို သမီးအိမ်ကပဲ ကိုကိုယူလာပေးကြောင်း၊ စားဖို့လည်းမပူဖို့၊ မဥမှာကို ဆရာဝန်ကြီးကြည့်သွားပြီး ဆေးဓာတ်မှန်ရိုက်ရကြောင်းတို့ကို ပြောပြပါတယ်။ ဘာပဲပြောပြော ဖြေသာပါသေးတယ်။ ဆေးရုံအတွက် အလုပ်မရှုပ်တော့ဘူးပေါ့။ စိတ်တော့ပူနေရတာပေါ့လေ။

မနက်(၁၀)နာရီအချိန်မှာ သမီး ပြန်ပြီးနာလာပြန်ပါတယ်။ ဒါကို ချွေးမကြီးက ဖုန်းနဲ့ရိုက်ပြီး Viber ကနေ ပုံတွေပို့ပေးတယ်။ ပုံတွေကြည့်ပြီး သမီးကို သနားလိုက်တာ။ အမြဲပြုံးပြုံးပျော်ပျော်နေတတ်တဲ့သမီး ခံစားနေရရှာတယ်။

ကိုယ်ပျော်ရင်လိုက်ပျော်၊ ဗဟုသုတရစရာပုံတွေ စာပေတွေတွေ့ရင် Share ပေးကြတဲ့ ကိုယ့်အပေါင်းအသင်း မိတ်ဆွေတွေ စာပေရောင်းရင်းတွေကိုလည်း ကိုယ့်ခံစားချက်လေး ပြေပါစေအနေနဲ့၊ ဖြေသာပါစေအနေနဲ့ သမီးပုံတွေကို Fb မှာ တင်မိလိုက်ပါတယ်။ တင်မိလိုက်တယ်ဆိုရင်ပဲ ချက်ချင်းဆိုသလို အားပေးသူ၊ ဆုတောင်းပေးသူ၊ ဆေးရုံလာကြည့်ပေးသူ၊ ဖုန်းဆက်သူတွေနဲ့ ကိုယ့်ဒုက္ခ၊ ကိုယ့်အပူတွေ လူတကာကို ကူးစက်ကုန်ပါတော့တယ်။

နေ့လယ်ပိုင်း ဆရာဝန်ကြီးလာပြီး ဆေးဓာတ်မှန်ကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါတယ်။ စပါးလုံးအရွယ်လောက်ရှိတဲ့ ကျောက်တစ်လုံးက ဆီးလမ်းကြောင်းထိပ်မှာ ပိတ်နေတာ တွေ့ရတယ်။ ဒါကြောင့် စားဆေး၊ ထိုးဆေး ပေးပါမယ်။ ဒါနဲ့တင် ကျောက်ကျေသွားမယ်၊ ထွက်သွားမယ်ဆိုရင် ထပ်လုပ်ပေးရန် ဘာမှမလိုအပ်ပေမယ့် ကျောက်မကျေ၊ မကျရင်တော့ ဆီးလမ်းကြောင်းမှာ ပိုက်သွင်းပြီး ကျောက်ကို ထုတ်ပေးရပါလိမ့်မယ်လို့ ဆိုပါတယ်။ နောက်တစ်နေ့ နံနက်(၁၁)နာရီနောက်ပိုင်း ဘာမျှမစားရကြောင်းနဲ့ ညခုနစ်နာရီခွဲမှာ ခွဲခန်းဝင်ရမယ်လို့ သိရပါတယ်။

ဒါကြောင့် နောက်တစ်နေ့မနက်မှာ မိသားစုအားလုံး မိုးခိုအားထားရာ မြတ်စွာဘုရားရှင်ထံ ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်းကပ်ပြီး မေတ္တာပို့ ဆုတောင်းကြပါတယ်။ ခါတိုင်းထက်ပိုပြီး ဆုတောင်းမိကြတာပါ။ မနက်(၉)နာရီလောက်မှာ သမီး ထပ်အောင့်တယ်လို့ ချွေးမကြီးက ဖုန်းဆက်ပါသေးတယ်။ အေးပါလေ၊ ဒီညပြီးရင်တော့ သက်သာသွားမှာပါ။

ဒီလိုနဲ့ မနက်ချက်ပြုတ်ပြီးလို့ အိမ်ရှေ့ခန်းမှာ ခဏ အမောဖြေနေတုန်း ဖုန်းလာပါတယ်။ ညီမတစ်ယောက်လို ချစ်ခင်ရတဲ့ စာလည်းရေး၊ ဗေဒင်ဟော၊ ယတြာချေပေးတဲ့ဆရာမ ဓင်ဝေဝေနှင်းဆီကပါ။

'မမညွန့်..ညီမ ဓင်ဝေဝေနှင်းပါ။ မမညွန့်သမီး



ဆေးရုံတက်နေတာ fb မှာ အခုမှတွေ့လို့ ဖုန်းဆက်တာပါ။ မမညွန့်သမီးက ဘာနေ့သမီးလဲဟင်'

'တနင်္လာသမီးပါ'

'ဒါဆိုရင် ဘုန်းကြီးတွေ ထိုင်ရင်သုံးတဲ့ နေကာထိုင်တစ်ထည် ဘုန်းကြီးတစ်ပါးပါးကို အခုမနက်ပဲ အမြန်လှူပေးပါနော်'

'သြော်..ဟုတ်ကဲ့ ဟုတ်ကဲ့ ညီမ၊ ကျေးဇူးပါနော်'

ပြောပြောဆိုဆို ဖုန်းချပြီး နာရီကိုကြည့်လိုက်တော့ (၁၀)နာရီခွဲနေပြီ။ မြို့ထဲမှာ ဆွမ်းခံကြွတဲ့ ကိုယ်တော်တွေ ရှိတတ်ပါတယ်။ မီမှာပါဆိုပြီး အိမ်ပေါ်က အသော့လေး ဆင်းလာခဲ့ပါတယ်။ ဒါဆိုရင် ကျွန်မ ပျာယာခတ်နေရတဲ့အကြောင်း သိသွားပြီပေါ့နော်။

စောစောက ပြောတဲ့အတိုင်း နေကာထိုင်ထည့်ထားတဲ့ အိတ်ကိုကိုင်ပြီး ကျွန်မ လမ်း(၄၀)ကနေ ကုန်သည်လမ်းနဲ့ ဆိပ်ကမ်းသာလမ်းထောင့်၊ အဲဒီကနေ ဆိပ်ကမ်းသာအောက်လမ်း၊ မဟာဗန္ဓုလလမ်းနဲ့ (၃၈)လမ်းထောင့် စတဲ့ လမ်းတစ်လျှောက် လမ်းလျှောက်လာသလောက် ဘုန်းဘုန်း၊ ဦးပဥ္စင်း ကိုယ်တော်တစ်ပါးဆို တစ်ပါးမှ မတွေ့ရပါဘူးရှင်။ ဆွမ်းစားချိန်နီးပြီမို့ ဆရာတော်များ ကျောင်းအရောက် ပြန်ကြွကုန်ပြီ ဖြစ်ပါလိမ့်မယ် ထင်ပါတယ်။

ဆရာတော်တစ်ပါးမှ မတွေ့တော့လို့ စိတ်မကောင်းစွာနဲ့ပဲ အိမ်ပြန်တော့မယ်ဆိုပြီး ဆိပ်ကမ်းသာလမ်းကို ဖြတ်အကူး (၃၉)လမ်းဘက်မှ ကျက်သရေရှိလှတဲ့ ဆရာတော်တစ်ပါး ထန်းရွက်ယပ် ပခုံးမှာထမ်းလို့ သပိတ်လွယ်ပြီး ကျွန်မနဲ့ မျက်နှာချင်းဆိုင်က ကြွလာတာတွေ့ရပါတယ်။ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း။ ဆရာတော်ရှေ့ကို အပြေးလေးသွားမိပါတယ်။

ရှေ့တော်ရောက်ရင်ပဲ လက်အုပ်ချီပြီး-

'အရှင်ဘုရား..ခေတ္တရပ်တော်မူပါဘုရား။.တပည့်တော်မ၏သမီး တနင်္လာသမီး၏ ကျန်းမာရေး ကောင်းမွန်စေရန် ရည်ရွယ်ပြီး ဒီနေကာထိုင်ကို လှူပါတယ်။ လက်ခံတော်မူပါဘုရား'လို့ လျှောက်လည်းလျှောက် လှူလည်းလှူလိုက်ပါတယ်။

ဆရာတော်က လက်ခံပြီး သာဓုခေါ်ကာ ဆိပ်ကမ်းသာ အလယ်လမ်းဘက်ကွေ့ကာ ကြွသွားပါတယ်။

သတိတရနဲ့ နာရီကိုကြည့်လိုက်တော့ (၁၁)နာရီ



www.burmeseclassic.com

www.burmeseclassic.com

(၁၅)မိနစ်ရှိပါပြီ။ တော်ပါသေးရဲ့၊ မနက်ပိုင်းအချိန်မိလေးပဲလို့။ အဲဒီအခါမှ စဉ်းစားမိပါတယ်။ ဆရာတော် ဘယ်ကြွမှာလဲ၊ ဘယ်ကျောင်းကလဲ၊ ဆွမ်းစားမိပါ့မလားလို့၊ သတိတရနဲ့ ချက်ချင်းနောက်ပြန်ပြီး ဆရာတော်ကြွရာ လိုက်ကြည့်တော့ ဆရာတော့်ကို ရိပ်ခနဲ မြင်လိုက်ရသလိုနဲ့ လုံးဝမတွေ့ရတော့ပါ။ တအံ့တသြ ဖြစ်သွားမိပါတယ်။ မိုလ်အောင်ကျော်လမ်း အိမ်ပြန်ရောက်တော့ ခင်ပွန်းဖြစ်သူကို အကျိုးအကြောင်း ပြောပြရင်း အမောဖြေရပါတယ်။ ထူးဆန်းနေသလားလို့လည်း တွေးမိပါတယ်။

နံနက်(၁၁)နာရီ (၄၅)မိနစ် ဖုန်းလာပါတယ်။

'ဟဲလို··အမေ··အမေ၊ အစ်မဥမ္မာလေ ဆီးသွားရင်းနဲ့ ကျောက်ထွက်ကျသွားတယ် အမေ။ အဲဒါ ဆရာဝန်ကြီး ညလာမှ ပြရမယ်တဲ့။ ခွဲခန်းဝင်ဖို့ လို,မလိုကို အဲဒီအခါမှ သိရမယ်တဲ့ အမေ'

ချွေးမရဲ့ ဝမ်းသာအားရ ပြောပြတာတွေပါ။

ချက်ချင်းပဲ ဆေးရုံကို သွားခဲ့ပါတယ်။ ဝေဒနာရဲ့ ဒဏ် မခံရတော့လို့ ပြုံးနေတဲ့ သမီးမျက်နှာကို တွေ့ရပါတယ်။ မနက်က ရုတ်တရက် အလှူအကြောင်းလည်း ပြောပြပါရတယ်။ ည(၇)နာရီမှာတော့ ခွဲခန်းဝင်ဖို့ အသင့်ပြင်နေတုန်း ဆရာဝန်ကြီး ရောက်လာပါတယ်။ နေ့လယ်က ကြွေကျတဲ့ကျောက်ကို ဆေးဓာတ်မှန်နဲ့ သေချာစစ်ဆေးပြီး ခွဲခန်းဝင်ရန် မလိုတော့ကြောင်း ပြောပါတယ်။ သမီးအခြေအနေကို စမ်းသပ်စစ်ဆေးပြီး မနက်ဖြန်မနက် ဆေးရုံက ဆင်းနိုင်ပြီဖြစ်ကြောင်း ပြောကြားပါတယ်။


ကျွန်မကတော့ ည(၈)နာရီအချိန် အိမ်ပြန်ခဲ့ပါတယ်။ သမီးနဲ့ ချွေးမကို သားကြီးက မနက်(၉)နာရီ သွားကြိုပါတယ်။

မိသားစုအားလုံး ပြုံးပြုံးပျော်ပျော် ရှိသွားကြပါပြီ။ ကျွန်မမိသားစုရဲ့ ဖြစ်ရပ်မှန်ဓာတ်လမ်း ပြည့်ပြည့်စုံစုံကို လည်း တင်ပြလို့ ပြီးသွားပါပြီ။ 'ဒီဓာတ်လမ်းအဖြစ်အပျက် အမှန်အကန်ကို ဖတ်ရှုလို့ ပြီးသွားပါရင် မိတ်ဆွေအနေနဲ့ တိုက်ဆိုင်တာပဲလား၊ ထိရောက်မှုပဲလား ဆိုတာကိုတော့ လွတ်လပ်စွာ ထင်မြင်ယူဆပါလို့ ပမာပြုအပ်ပါတယ်ရှင်။

**ညွန့်ညွန့်(ကလော)**


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရေးမူမပျက်နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီ ဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာစာတာ၊ အင်္ဂလိပ်စာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဥဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ်နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ်ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသဘော်သားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမောသော်လည်း အဆင်မပြေဖြစ်နေသည့် လူပျိုကြီး,အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်,ခြံ,ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင်သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။

**အမှတ်-၉၄ (ဝထမထပ်)၊ မွှေးလေးလမ်း(အလယ်) (ရေမြောင်းကြီးအနီး)၊**

**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ဝိတ်ရုပ်မရှိ) ☎ (01)394727, (01)399426, 📱 09 7300 9994, 09 51 55221**




www.burmeseclassic.com

www.burmeseclassic.com

သူမနှင့် စတင်တွေ့ဆုံခဲ့သည့် အချိန်က အခုလို ကောင်းကင်မှာ ပြည့်ပြည့်ဝန်းဝန်း ထွန်းလင်းနေတဲ့ မိုးလေကင်းလွတ် သီတင်းကျွတ်လို့ အမည်ရတဲ့ မိုးလေကုန်စ သီတင်းကျွတ်လပြည့်ညရဲ့ လှပတဲ့ ညခင်းလေးတစ်ခုမှာပဲ ပေါ့။

ကျွန်တော့်ရဲ့ သူငယ်ချင်းဖြစ်တဲ့ စိုးဝင်းရယ်၊ ကျွန်တော်ရယ် ကျွန်တော်တို့ရပ်ကွက်ရဲ့ ဘုရားပွဲလေးတစ်ခု ဖြစ်တဲ့ မွန်လို ကျိုက္ကမြွမ်၊ မြန်မာလို သတ်လွတ်ချမ်းသာ စေတီတော်။ တစ်နည်းအားဖြင့် အရပ်အခေါ် လိပ်ဥကုန်း စေတီကြီးရဲ့ သီတင်းကျွတ်မီးထွန်းပွဲတော်ကြီးကို လူငယ်တို့ ဘာသာဘာဝ ပျော်ရွှင်ဖို့ ရောက်လာရတဲ့ အချိန်မှာပဲ မထင်မှတ်တဲ့ မြင်ကွင်းက ကျွန်တော်တို့ကို ဆီးကြို လေခဲ့တယ်လေ။

'ဟေ့ကောင် မောင်ဦး၊ ဟိုမှာကြည့်စမ်း။ မိန်းမလှလေးတစ်ယောက် သိုက်နန်းရှင်ဒန်းရှေ့မှာ ရှိုက်ကြီးတငင် ငိုကြွေးနေတယ်ကွ။ ကြည့်စမ်း၊ ကြည့်စမ်း' ဆိုတဲ့ စကားကြောင့် ကျွန်တော် သူငယ်ချင်းဖြစ်သူ စိုးဝင်း ညွှန်ပြရာ ဘုရားရဲ့ အရှေ့တောင်ထောင့်အရပ်မှာ ရှိတဲ့ သိုက်နန်းရှင်များအတွက်ဆိုပြီး ရည်စူးလှူဒါန်းထားတဲ့ ဒန်းပုခက် ရှေ့ကို ကျွန်တော့်အကြည့်အားလုံး ပို့လွှတ်လိုက်မိတယ် ဆိုလျှင်ပဲ ကျွန်တော့်မျက်စိကိုပင် ကျွန်တော် မယုံလောက်အောင် ရှိလှတဲ့ မြင်ကွင်းတစ်ရပ်က ကျွန်တော့်ကို အံ့သြမှင်တက်မိသွားအောင်အထိ ကိုပဲ ညို့ယူဖမ်းစားရင်း ကျွန်တော့် အသိအာရုံကို ချုပ်နှောင်လို့ ထားခဲ့ တယ်။

ဟုတ်တယ်၊ ကျွန်တော် တကယ် ကို အံ့သြသွားတယ်။ ဘယ်လိုမှ မထင်မှတ်လောက်အောင် ကြွေရုပ် ကလေးတမျှ လှပလွန်းရှာတဲ့ အပြစ် *ကင်းစင်လှတဲ့ သူမရဲ့ ပါးပြင်မှာ* မျက်ရည်စတွေ ခိုတွဲရင်း ရှိုက်ကြီး တငင် ငိုကြွေးနေပုံက တကယ့်ကို သနားစရာကောင်း လွန်းလှအောင် ရှိနေခဲ့တယ်။

သူမ ဘာကြောင့်ငိုတာလဲ၊ သူမ ဤမျှအထိ ဘယ် သို့သော သောကတွေ ဒုက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေ ရလို့ ငိုကြွေးနေတာလဲ ဆိုတာကိုတော့ ကျွန်တော် မသိ။ သို့သော် သူမ ငိုကြွေးနေခဲ့တာတော့ အမှန် ပင်။ ဤမျှအထိ ငိုကြွေးနေသော သူမ၏အနားတွင် အဖော်ဟူ၍ တစ်ယောက်မျှမရှိ။ ဒါဆိုလျှင် သူမ ငိုကြွေးနေမှုသည် အဖော်တွေနဲ့ ကွဲကွာသွား၍ ငို ကြွေးနေမှုသည်လား ကျွန်တော် မခွဲခြားတတ်။ သို့ သော် ဤသည်လည်း မဖြစ်နိုင်ဟူ၍တော့ ကျွန် တော့်ရင်မှာ အလိုလိုသိနေမိတယ်။

ဟုတ်တယ်။ သူမ ဒီအသက် ဒီ အရွယ်နှင့် မျက်စိလည် လမ်းမှား စရာ အကြောင်းမရှိ။ ဤဘုရား၏ ရင်ပြင်တော်သည်လည်း တစ် ယောက်နှင့်တစ်ယောက် လမ်းစ ပျောက်သွားလောက်အောင် အထိ မကျယ်ဝန်း။





www.burmeseclassic.com

www.burmeseclassic.com

သို့ဆိုလျှင် သူမ ဘာကြောင့်ငိုသနည်း၊ သူမ ဘာကြောင့် ဝမ်းနည်းနေသနည်း။ အတူလာ ချစ်သူကပင်လျှင် အဖော်ခွာလို့ ပစ်ခွာခဲ့ရှာလေသလား။

ဤကဲ့သို့ ကျွန်တော် အတွေးပွားနေမိစဉ်မှာပဲ-

'စံပယ်ရယ်··ငါတို့မှာဖြင့် ရှာလိုက်ရတာ။ နင်က ဒီမှာ လာငိုနေတယ်။ ဟုတ်လား'ဆိုတဲ့ အနားရောက်လာတဲ့ အမျိုးသမီးကို သူမက တစ်စက်လေးမှ လှည့်မကြည့်သလို သူ့အား မပြောနေသည့်အလား ရှိုက်ကာ ရှိုက်ကာ ငိုကြွေးနေပုံကိုကြည့်ရင်း ကျွန်တော် အံ့ဩနေမိတယ်။

'အဲဒါကြောင့် ငါ ဒီကိုမလာချင်တာ။ ဒေါ်ဒေါ်သာ သိကြည့် ငါတော့ အပြောခံရတော့မယ် မိစံပယ်ရယ်။ ကဲ··ထ··ထ။ ငါ့မှာတော့လေ သိပ်သွားချင်တဲ့ နေရာလေးကို သွားရပါစေတော့ဆိုပြီး အဒေါ်ကို လိမ်လိုက်





www.burmeseclassic.com

www.burmeseclassic.com

ညာလိုက်ရတာ။ အခုတော့ ညည်းလုပ်ပုံက ငါ့ကို ခေါင်းရော ထိပ်ရော ပူအောင် လုပ်နေပြီအေ။ ထ..ထ'ဆိုတဲ့ အဖော်လုပ်သူရဲ့ အတင်းဆွဲခေါ်မှုအပေါ် သူမ မည်သို့မျှ ခွန်းတုံ့ပြန် မငြင်းဆိုသော်ငြား သူမ၏ မျက်လုံးနှင့် အကြည့်များကတော့ ဒန်းပုခက်မှ တစ်စက်ကလေး ခွာမသွားပေ။

'မောင်ဦး..သာလဲ၊ မင်းဥစ္စာစောင့်မလေးကို စွဲလမ်းသွားပြီထင်တယ်' ဆိုတဲ့ သူငယ်ချင်းဖြစ်သူ စိုးဝင်းရဲ့စကားကြောင့် ကျွန်တော် တကယ်ကို တွေဝေသွားခဲ့ရပါတယ်။

ဟုတ်ပါတယ်။ တကယ့်ကို ကျွန်တော် တွေဝေသွားခဲ့ရပါတယ်။ ဥစ္စာစောင့်ဆိုတာ ဒီလိုခေတ် ဒီလိုအခါမှာ ဒီစကားဟာ ယုံစရာလား။ ဒဏ္ဍာရီဆန်လွန်းတဲ့ သိုက်သမိုင်းတွေ၊ ပုံပြင်ဆန်လွန်းတဲ့ သိုက်ရာဇဝင်တွေဟာ ဒီခေတ် ဒီအခါမှာ ရယ်စရာလို့သာ ဆိုရမှာဖြစ်တယ်။

ကျွန်တော် မယုံ။ သို့သော် ကျွန်တော် ယုံလိုက်မိတာက ပယောဂများစွာနဲ့ ဒန်းပုခက်ရှေ့မှာ ငိုနေတဲ့ သူမဝေဒနာတွေကို မဖြေသာစွာ ခံစားနေရရှာတဲ့သူမ။ အဖော်တွေခေါ်ရာနောက်ကို အားမပါသောခြေလှမ်း တွန့်ဆုတ်သောလိုက်ပါမှုတွေနဲ့ လိုက်ပါရင်း နွယ်ဒန်းပုခက်ကို တမ်းမှန်းလျက် အကြည့်တွေနဲ့ တွယ်တာစွာကြည့်ရင်း မျက်ဝန်းကမျက်ရည်စတွေနဲ့ လှနေရှာတဲ့ တကယ်ကိုချစ်စရာအလှလေးကတော့ ကျွန်တော့်ဘဝမှာ ကျွန်တော့်အသိအာရုံမှာ ထာဝရမေ့ပျောက်၍မရနိုင်ဘူးဆိုတာကိုတော့ ကျွန်တော် ယုံကြည်လိုက်မိပြီလေ။

◆◆◆

'ဟုတ်တယ် သူငယ်ချင်း၊ တကယ်တော့ မင်းတမ်းတစွဲလမ်းနေတဲ့ စံပယ်ဆိုတာ ဥစ္စာစောင့်မလေးပဲ သူငယ်ချင်း' ဆိုတဲ့ စိုးဝင်းစကားကို ကျွန်တော် ဘယ်လိုနည်းနဲ့မှ လက်သင့်မခံနိုင်။

စံပယ်ဆိုတာ လူ၊ လူကမွေးတဲ့ လူသားစင်စစ်လေ။ ဒါကို စိုးဝင်းက ဥစ္စာစောင့်လို့ ပြောတာကို ကျွန်တော် ဘယ်နည်းနဲ့မှ လက်သင့်မခံနိုင်။

'အေး..လက်မခံနိုင်တာတော့ မင်းအပိုင်းပဲလေ။ တို့အားလုံး သိထားတာက စံပယ်ဟာ သိုက်ကလာတာ။ ဒါကြောင့် သူဟာ အမြဲတမ်း သိုက်နန်းကို ဆက်သခြင်းအမှု အမြဲပြုရတယ်။ မနှစ်ကဆိုရင် သူ အကြီးအကျယ် နေမကောင်းဖြစ်တယ်။ ဒါကို ငါတို့ စုံစမ်းကြည့်တော့ သိုက်က ပြန်ခေါ်မလို့ လုပ်တာတဲ့။ ဒါကြောင့် သူ့ကို ပိုင်ရာဆိုင်ရာတွေနဲ့ အပ်နှံချုပ်နှောင်ပြီး အသက်တောင်းရတယ်တဲ့လေ'

'အင်း..ဒီလို တောင်းလိုက်လို့ သူ့အသက် ရှင်လာရောလား'

'အေးလေ၊ အခု မင်းတွေ့တဲ့အတိုင်းပဲ။ သူ အသက်ရှင်လို့ မင်းနဲ့ တွေ့ရတာပေါ့'

'ငါတော့ မယုံဘူး စိုးဝင်း။ ဒါဟာ အစွဲအလမ်းတရားတွေ။ လူဆိုတာ သေချိန်မှာ သေရမယ်။ သေချိန်မကျရင် သေလို့မရဘူး။ လူတစ်ယောက်ရဲ့ အသက်ရှင်ခြင်း၊ သေခြင်းကို ဘယ်လိုပုဂ္ဂိုလ်ကမှ ဟန့်တားပြုပြင်ပြောင်းလဲလို့ရတဲ့ အရာမဟုတ်ဘူးလို့ ငါမြင်တယ်။ ကံ၊ ကံရဲ့ အကျိုးအရ အသက်ရှင်ကြတယ်။ ကံ၊ကံရဲ့ အကျိုးအရ အသက်တိုကြတယ်။ ဒါတွေကိုပဲ ငါယုံတယ်။ မင်းပြောတဲ့ ဥစ္စာစောင့်တို့၊ သိုက်တို့က အသက်ရှည်ခြင်း တိုခြင်းကို မဖန်တီးနိုင်ဘူးလို့ ငါတော့မြင်တယ်'

'ဟုတ်တယ် သူငယ်ချင်း၊ တရားသဘောအရကြည့်ရင်တော့ မင်းပြောတဲ့ ကံ၊ကံရဲ့အကျိုးကြောင့် အသက်ရှည်ခြင်းမှန်တယ်။ ဒါပေမဲ့ ဥစ္စာစောင့်တို့ သိုက်တို့ဆိုတဲ့ ပုဂ္ဂိုလ်တွေ ဝင်စားတဲ့ လူတိုင်းမှာတော့ အသက်ကို သူတို့ သိုက်နန်းက လိုသလို ပြောင်းလဲပစ်နိုင်တယ် ဆိုတာကိုတော့ ငါတို့ သိထားတယ်။ ယုံလည်း ယုံတယ်'

'အေး..မင်းယုံပေမဲ့ ငါမယုံဘူး စိုးဝင်း။ တို့ငယ်ငယ်က ကက်ဆက်ဇာတ်လမ်းတွေ နားထောင်ဖူးပါတယ် ဘာတဲ့၊ မမြစိမ်းသိုက်သမိုင်းတဲ့။ ဒီသိုက်သမိုင်းဟာ တကယ့်ကို စိတ်ဝင်စားစရာ၊ သနားစရာ၊ ကရုဏာသက်စရာ၊ လွမ်းစရာ၊ ဆွေးစရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲ။ ဒါပေမဲ့ ဒါကို အမှန်ပါလို့တော့ ငါတော့ လက်သင့်မထားဘူး'

'ဒါတော့ မင်း တစ်ယူသန်တာပဲလေ။ ရွှေ... မှုလခဲ့သိုက်၊ မမြစိမ်းသိုက် ဆိုတာတွေဟာ သာမန်သိုက်တွေ မဟုတ်ဘဲ တစ်ချိန်တစ်ခါက တကယ်ကို အထင်အရှားရှိခဲ့တာတွေပဲ သူငယ်ချင်း။ ဒီလိုရှိခဲ့လို့လည်း ဒီ... အထင်ကရရှိခဲ့လို့လည်း သိုက်နန်းရှင်တို့၊ သိုက်... တော်တို့ ဆိုတာတွေကို နတ်ကွန်းနတ်နန်းတွေနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com

ပေးကြတာပဲ ဖြစ်တယ်။ တကယ်မရှိရင် ဒါတွေ ထားပါ့ မလားကွာ'

'အေး…ငါသိတာကတော့ ဒါတွေအားလုံးဟာ မိစ္ဆာ အယူတွေပဲ။ တို့ဗုဒ္ဓဘာသာမှာ ကိုးကွယ်ရာဆိုတာ ဗုဒ္ဓမှ တစ်ပါး အခြားမရှိဘူး သူငယ်ချင်း'

'အေး…ဟုတ်တယ်၊ မှန်တယ်။ ကိုးကွယ်ရာဆိုတာ ဗုဒ္ဓမှတစ်ပါး အခြားမရှိဘူး ဆိုတာကိုတော့ ငါလည်း လက်သင့်ခံတယ်။ ဒါပေမဲ့ သိုက်မရှိဘူး၊ နတ်မရှိဘူး ဆိုတာကိုတော့ လက်သင့်ခံလို့ မရဘူး သူငယ်ချင်း'

'အေး…ထားပါတော့။ ဒါဆိုရင် စံပယ်ဟာ ဥစ္စာစောင့်မလေးပေါ့။ အေး…ဥစ္စာစောင့်မကို ငါ ချစ်လို့မရဘူးလား။ ဥစ္စာစောင့်မလေးကို ငါ တွယ်တာလို့ မရဘူးလား'

'မှန်တယ် သူငယ်ချင်း၊ ဥစ္စာစောင့်မလေးကို မင်း ချစ်လို့ရတယ်။ တွယ်တာလို့ရတယ်။ သံယောဇဉ်ရှိလို့ ရတယ်။ အေး…ခက်တာက သူတို့မှာ အိမ်ထောင်သား မွေးလုပ်မရတဲ့ အချက်တွေ၊ ရသည်ထားဦး သာသနာပြု ခွင့်မရှိတဲ့ အချက်တွေ ဒါတွေ အများကြီးရှိတယ်။ အဲဒီ တော့ မင်းတို့ ချစ်ပြီး အကယ်၍ စံပယ်က အိမ်ထောင် ပြုမရပါဘူးတဲ့၊ မင်းတို့ ဘယ်လိုလုပ်မလဲ'

'အိမ်ထောင်ပြုလို့ မရဘူးဆိုတာ ငါ လက်သင့်မခံ ဘူး'

'အေး…ဒါလည်း ထားဦး၊ ပြုလို့ရလို့ ပြုတယ်ထား၊ မင်းတို့ မွေးဖွားလာမယ့် သားရတနာတွေ၊ သမီးရတနာ တွေကို မင်းတို့ သာသနာ့အမွေ ပေးချင်ပြီ။ ဒီလိုအခါ တွေမှာ ပြဿနာက စပြီ။ သူတို့က သာသနာပြုတာကို လက်သင့်မခံဘူး'

'နို့…နေစမ်းပါဦး။ သာသနာပြုတာ ကောင်းမှုလုပ် တာပဲ။ ဒါကို သူတို့က ဘာလို့လက်သင့်မခံနိုင်တာလဲ'

'အေး…ဟုတ်တယ်။ ကောင်းမှုလုပ်တာကိုပဲ သူတို့ က လက်သင့်မခံနိုင်တာ။ ဘာလို့လက်သင့်မခံလဲဆိုရင် ကောင်းမှုလုပ်သူဟာ ကောင်းရာဘုံဌာနကို ရောက်မယ်။ အဲဒီအခါမှာ သူတို့လွှတ်လိုက်လို့ လူပြည်ကို ရောက်လာ တဲ့ သူတို့လူဟာ သူတို့ဆီကို ပြန်မလာတော့ဘူး။ ကောင်း ရာဘုံကို ရောက်သွားမယ်။ တကယ်တော့ သူတို့ဟာ အပါယ်ဘုံသားတွေ။ နောင်ဘုရားပွင့်မှ ကျွတ်မယ့်လွတ် မယ့်သူတွေ။ ဒါကြောင့် ကုသိုလ်ပြုမှာကို မလိုလားဘူး။ ဒါကို မရရအောင် ပြုမယ်ဆိုရင်လည်း သူတို့ကလည်း မရရအောင် ဖျက်ကြလိမ့်မယ်။ ဒီအခါ မလိုလားအပ်တဲ့ စိတ်ဆင်းရဲမှုတွေ ကြုံတွေ့ခံစားကြရမယ်။ ဒါကြောင့် မင်း စံပယ်အပေါ်ထားမိတဲ့ သံယောဇဉ်ကို အစုကတည်း က ကြိုတင်ဖြတ်ထားသင့်တယ်။ မထားမိဖို့ကိုလည်း ငါ အတန်တန် တားမြစ်ချင်တယ် သူငယ်ချင်း' ဆိုတဲ့ စိုးဝင်းရဲ့စကား ကျွန်တော့်ရဲ့နားကို ဘယ်လိုပဲ ထိုးဖောက် ဝင်ရောက်လာခဲ့ပေမဲ့ ကျွန်တော်ဟာ ဇွတ်တဲ့ရွတ်နိုင်စွာပဲ စံပယ်အပေါ်ထားတဲ့ သံယောဇဉ်ကို မဖြတ်ရက်ခဲ့။

ဒီလိုနဲ့ ကျွန်တော် တွယ်တာပြီးရင်းသာ တွယ်တာ ခဲ့မိတယ်။ အဲဒီနောက်ပိုင်းတွေမှာ ကျွန်တော်ဟာ စံပယ့် အိမ်ဘက်ကို ချောင်းပေါက်မတတ်လျှောက်ရင်း စံပယ်နဲ့ ရင်းနှီးမှုတွေကို အရယူခဲ့တယ်။

ဟုတ်တယ်လေ။ တကယ်တော့ ကျွန်တော် စံပယ် ကို မခွဲနိုင်တော့ဘူးဆိုတဲ့ အချက်ဟာ သေချာနေခဲ့တယ် လေ။

စံပယ်ရဲ့ အငိုမျက်လုံးတွေကြားက တကယ့်ကို အပြစ်ကင်းစင်နေတဲ့ အလှဟာ ကျွန်တော့်ရဲ့ရင်ကို ကြိုး တစ်ချောင်းပမာ ခိုင်ခိုင်တုပ်နှောင်ခဲ့ပြီဆိုတာ ကျွန်တော် ယုံကြည်နေမိတယ်။

ချစ်တယ်။ ဟုတ်တယ်၊ ကျွန်တော် စံပယ့်ကို တကယ့်ကို စွဲစွဲလမ်းလမ်းကို ချစ်ခဲ့မိတယ်ဆိုတာ အခု တိုင်ပင် သိနေဆဲ။

◆◆◆

မဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတဲ့ ကြားထဲကပဲ ကျွန်တော်နဲ့ စံပယ်ဟာ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်။ အဟာန့်အတား အနှောင့်အယှက်တွေ ကြားထဲကနေ ချစ်ခဲ့ရတဲ့ အချစ်မို့ လည်း ပို၍ခိုင်မြဲလှတယ်လို့လည်း ဆိုရမှာဖြစ်တယ်။

'ညီမလေး အစ်ကို့ကိုချစ်တယ်။ အစ်ကို့ကို ချစ်ရလို့ ညီမ ဘယ်တော့မှ နောင်တရမှာ မဟုတ်ဘူး။ အစ်ကို့ကို ချစ်မိလို့ သေရမယ်ဆိုရင်တောင် ပြုံးပြုံးလေးနဲ့ ညီမ အသေခံရဲတယ်။ ချစ်တယ် အစ်ကိုရယ်' ဆိုတဲ့ စကား လေးက ကျွန်တော့်ရင်ကို ပို၍နွေးထွေးစေလွန်းလှတယ်။ အချစ်က မွေးဖွားလာတဲ့ ခွန်အားတွေနဲ့ သူမ သတ္တိတွေ ရှိလာခဲ့တယ်။

'အစ်ကိုနဲ့ လက်မထပ်ရဘူးလို့ ညီမရဲ့ အဖေတော်က



www.burmeseclassic.com

www.burmeseclassic.com

အစ်ကို၊ အစ်မတွေက ဟန့်တားကြတယ် အစ်ကို။ ဒါပေမဲ့ ညီမ နောက်မဆုတ်နိုင်ဘူး။ အစ်ကိုနဲ့ မခွဲနိုင်ဘူး။ သေချင်းသေ အစ်ကို့ရင်ခွင်ထဲမှာ သေပါစေ အစ်ကို။ ညီမ ကျေကျေနပ်နပ် သေပါ့မယ်'

သူမရဲ့စကားက ကျွန်တော့်ရင်ကို တကယ်လှုပ်ခတ်စေတဲ့ စကားတွေပဲ ဖြစ်တယ်။ တကယ်တမ်း လက်ထပ်ကြလျှင်ရော သူ့အတိတ်က အစ်ကို၊ အစ်မတွေက တကယ်ပဲ ကျွန်တော်နဲ့ သူ့ရဲ့ ချစ်ခြင်းကို ခွဲကြမှာလေလားလို့ ဥစ္စာစောင့်တွေ၊ သိုက်တွေကို အယုံအကြည်မရှိတဲ့ ကျွန်တော်ပင် အတွေးဝင်တိုင်း တုန်လှုပ်မိခဲ့တယ်။

သံသယတွေကို မဖြစ်နိုင်ပါဘူးဆိုတဲ့ အတွေးတွေနဲ့ ချေဖျက်မိနေပေမဲ့ သူမက ကျွန်တော့်အတွက်နဲ့ လောကကို စွန့်ခွာသွားရမယ့် အဖြစ်ဆိုးမျိုးကိုတော့ ရင်မဆိုင်စေချင်တာ ကျွန်တော့်ရဲ့ ဆန္ဒအမှန်ပဲ ဖြစ်တယ်။

'အန်တီတို့အနေနဲ့ သားကို မေတ္တာရပ်ခံချင်တာက သားနဲ့ သမီးတို့ ချစ်ခင်နှစ်သက်နေတာ အန်တီတို့ဘက်က သဘောမတူစရာ အကြောင်းမရှိပါဘူး။ သားက ရည်ရည်မွန်မွန် လူတော်လူကောင်းတစ်ယောက် ဖြစ်တဲ့အပြင် ဘွဲ့ရပညာတတ်တစ်ယောက်မို့ အန်တီတို့အနေနဲ့ ကန့်ကွက်စရာ အကြောင်းမရှိပါဘူး။ ဒါပေမဲ့ အန်တီတို့ မေတ္တာရပ်ခံချင်တာကတော့ သမီးလေးရဲ့ အတိတ်ကံမလှတဲ့ ကိစ္စကြောင့် သားလေးကို သမီးလေးနဲ့ တစ်ဘဝ ထူထောင်ကြဖို့ ကိစ္စကို အန်တီတို့အနေနဲ့ သမီးလေးအပေါ် ငဲ့ညှာသောအားဖြင့် မစဉ်းစားပါနဲ့လို့ မေတ္တာရပ်ခံချင်တာပါ။ သမီးလေးရဲ့ အသက်ဟာ သားလေးအပေါ်မှာ မူတည်နေပါတယ်။ သား စဉ်းစားပါ။ သားသိပ်ချစ်တဲ့ မိန်းကလေး တစ်ယောက် အသက်ရှင် ကျန်းမာစွာ နေသွားတာကို မြင်လိုတယ်ဆိုရင် သားလေး နောက်ဆုတ်ပေးပါလို့ မတန့်တားရက်တဲ့ကြားကပဲ ဟန့်တားပါရစေ သားလေးရယ်' ဆိုတဲ့ အကြမ်းမပါတဲ့ နူးညံ့တဲ့ တိုက်စစ်တွေနဲ့ ထိုးနှက်လာတဲ့ စံပယ့်မိခင် အန်တီချိုရဲ့ စကားတွေက ကျွန်တော့်အတွက် တွေဝေငေးမောစေတဲ့ စကားလုံးတွေလို့ပဲ ဆိုရမှာ ဖြစ်တယ်။

တကယ်တော့ ကျွန်တော့်ချစ်သူ စံပယ်ကို ကျွန်တော် မသေစေချင်။ သို့သော် အပြစ်မဲ့သော ချစ်သူကို ဘာမဟုတ်တဲ့ အဓိပ္ပာယ်မဲ့ အကြောင်းပြချက်တွေနဲ့ ခွဲထွက်စွန့်ပစ်ခဲ့ရမယ် ဆိုပြန်တော့လည်း ကျွန်တော့်မှာ မလုပ်ရက်။ ရက်စက်လွန်းတဲ့နှလုံးသား ကျွန်တော့်မှာမရှိ။ ဤသို့ဆိုပြန်တော့ ကျွန်တော် သူမကို လက်တွဲရမည်လား။

'စဉ်းစားပါ မောင်ဦးရာ။ ရှုပ်ထွေးလှတဲ့ မင်းတို့နှစ်ဦး ကြားက မမြင်နိုင်တဲ့ အကြောင်းတရားကိုတော့ ငါတို့လည်း ဝေဖန်ရ ခက်တယ်ကွာ။ လုပ်ပါလို့လည်း မတိုက်တွန်းရဲသလို ဖျက်ပါလို့လည်း ငါတို့ မဆိုရက်ဘူးလေ။ အဲဒီတော့ မင်းတို့ စွန့်စားကြမလား၊ အသည်းကွဲခံပြီး စွန့်လွှတ်ကြမလား။ သေချာအေးအေးနဲ့ စဉ်းစားပါ သူငယ်ချင်း' ဆိုတဲ့ သူငယ်ချင်းတွေရဲ့ စကားကလည်း ကျွန်တော့်ရဲ့ ဝေဝါးမှုကို မဖြေဖျောက်နိုင်ခဲ့။

ထိုအခါ သူမရဲ့ 'ညီမလေး အစ်ကို့ကိုချစ်တယ်။ အစ်ကို့ကို ချစ်ရလို့ ညီမ ဘယ်တော့မှ နောင်တမရဘူး။ နောင်တရမှာလည်း မဟုတ်ဘူး။ အစ်ကို့ကိုချစ်မိလို့ သေရမယ်ဆိုလျှင်တောင် ပြုံးပြုံးလေးနဲ့ ညီမ အသေခံရဲတယ်။ ချစ်တယ် အစ်ကိုရယ်' ဆိုတဲ့ စကားလုံးတွေနဲ့ ရုန်းမထွက်နိုင်အောင် ချည်နှောင်ရင်း ရင်တွင်း တိုးဝင်လာတဲ့ သူမရဲ့ စကားသံတွေကို ပြန်လည်ကြားယောင်မိပြန်တော့လည်း သူမကို ခွဲခွာရဖို့ဆိုတဲ့ အတွေးတွေ ကျွန်တော့်ရဲ့ နှလုံးအိမ်မှာ ကွယ်ပျောက်ခဲ့ရပြန်ပါတယ်။

'အချစ်ဆိုတာ စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်းတွေနဲ့ တည်ဆောက်မှ မေတ္တာစစ် မေတ္တာမှန် ဖြစ်တယ်။ အချစ်ဆိုတာကို ဖန်းပြပြီး လိုချင်တာကို အရယူမယ်ဆိုလျှင် ဒါဟာ အတ္တချစ်၊ တစ်ကိုယ်ကောင်းချစ်။ ဒီအချစ်ဟာ အချစ်စစ် အချစ်မှန်လို့ ခေါ်လို့မရတဲ့အချက်ပဲ ဖြစ်တယ်။ ဒါကြောင့် မင်းချစ်သူ ကောင်းစားရေး မင်းနှလုံးသွေးနဲ့ ရဲရဲရေးပြနိုင်ရမယ်' ဆိုတဲ့ အချစ်ဒဿန စကားလုံးတွေကို သုံးပြီး ခုချိန်ထိ ခွင့်လွှတ်ချစ်နဲ့ ကျန်ရစ်ဖြစ်နေခဲ့ရတဲ့ ဝင်းညွန့်ရဲ့ ဒဿနစကားတွေကလည်း မှန်နေလေလား မစဉ်းစားတတ်။

'အချစ်နဲ့ ပတ်သက်လာရင် သတ္တိရှိရမယ်ကွ။ ဘာမဟုတ်တာကို အကြောင်းပြပြီး ရှောင်ထွက်တာ သဘောကြောင်တဲ့သူတွေရဲ့ လုပ်ရပ်ပဲကွ။ မင်း စဉ်းစားကြည့်။ မိန်းကလေးဖြစ်တဲ့ စံပယ်ကတောင် သတ္တိရှိတယ်။ ကာယကံရှင်ကတောင် အသက်စွန့် ချစ်ရဲတယ်။ ဒါကို မင်းက တွေဝေနေတယ်ဆိုရင် ဒါဟာ မင်း



www.burmeseclassic.com

www.burmeseclassic.com

ဘောကြောင်တာပဲ။ စစ်မလာခင်က မြားကုန်တဲ့ အတွေးတွေ ဖယ်လိုက်စမ်းပါ။ သတ္တိရှိလိုက်စမ်းပါ' ဆိုတဲ့ သူငယ်ချင်းက တစ်မျိုး။

'ဟုတ်တယ် သူငယ်ချင်း၊ မင်း သူပြောတာ မှန်တယ်။ စံပယ်ဟာ မင်းကို သတ္တိရှိရှိနဲ့ ချစ်တယ်။ အရာရာကို ယုံကြည်အားကိုးစွာ မင်းကို ပုံပြီးချစ်တယ်။ မင်းသူ့ကို ဘယ်တော့မှ စွန့်ခွာသွားမှာ မဟုတ်ဘူးလို့ သူယုံကြည်ကိုးစားထားတယ်။ ဒါကို မင်းက မမြင်ရတဲ့ ပရလောကကို အကြောင်းပြပြီး ရှောင်ထွက်ခဲ့မယ် ဆိုရင်ရော စံပယ် အသက်ရှင်သွားလိမ့်မယ်လို့ မင်း ထင်သလား။ အသက်ရှင်သည်ထား၊ သူ့နှလုံးသားတစ်ခုလုံး တစ်စစီလောင်ကျွမ်းသွားရတဲ့အတွက် သူပျော်မွေ့နေလိမ့်မယ်လို့ မင်းထင်နေလား။ လူတိုင်းဟာ ကိုယ့်ချစ်သူရဲ့ ရင်ခွင်မှာ နာရီ၊ မိနစ်၊ စက္ကန့်လေးပဲ နေရ,နေရ နေချင်ကြတာ သဘာဝပါ။ သူငယ်ချင်း··သေဆုံးခြင်း၊ ကွေကွင်းရခြင်းဆိုတာ ကံတရားနဲ့ပဲ ဆိုင်တယ်လေ။ ဘေးပယောဂကြောင့် ကွေကွင်းရတယ် ဆိုတာဟာ အဓိပ္ပာယ်မရှိတဲ့ 'လုပ်ရပ်ပါဗျာ' ဆိုတဲ့ တိုက်တွန်းစကားတွေရဲ့ အဆုံးမှာတော့ သူမနဲ့ ကျွန်တော်ဟာ အခက်အခဲ အဟန့်အတားတွေကြားမှာပဲ လက်ထပ်ဖြစ်ခဲ့ကြတယ်။

ပျော်တယ်။ အဲဒီနေ့က ကျွန်တော်ရော စံပယ်ရော အပျော်ကြီး ပျော်ခဲ့ကြတယ်။ ချစ်ရည်ရွှန်းတဲ့ မျက်ဝန်းလေးတွေနဲ့ကြည့်ရင်း ပျော်နေ ကြည်နူးနေတဲ့ ဟန်ပန်တွေဟာ ကျွန်တော့်ရင်ကို ရင်ခုန်နှုန်းမြန်စေခဲ့တယ်။ အဲဒီနေ့တွေ အားလုံးဟာ ကျွန်တော့်ဘဝအတွက် မေ့မရတဲ့ နေ့လေးတွေပဲ ဖြစ်ခဲ့တယ်။ သိပ်ချစ်ခဲ့တာပေါ့။

◆◆◆

ရာစုသစ်ရဲ့ ခေတ်ကာလသားသမီးလို့ မိမိကိုယ်ကို ခံယူထားပေမယ့် တစ်ခါ,တစ်ခါတော့လည်း မိမိနေထိုင်ရာ ဒီလောကကြီးဟာ တကယ်ပဲ ထူးဆန်းအံ့သြဖွယ်တွေနဲ့ တည်ဆောက်ထားတဲ့ ကမ္ဘာကြီးလား၊ ဒါမှမဟုတ် စိတ်ကူးယဉ် အစွဲအလမ်းတွေနဲ့ တည်ဆောက်ထားတဲ့ ကမ္ဘာကြီးလား စဉ်းစားမရအောင်ဘဲ ကျွန်တော့်ရင်ထဲမှာ ဒွိဟများနဲ့ အိပ်မရတဲ့ ညတွေကို ရင်ဆိုင်ခဲ့ရတယ်။

ဟုတ်တယ်၊ သူ့ကိုယ်သူ ဥစ္စာစောင့်မလေး ဝင်စားတာပါလို့ အစွဲကြီးစွာ ခံယူထားတဲ့ ကျွန်တော့်ရဲ့ချစ်ဇနီးလေး စံပယ်မှာ အချိန့်ပြည့်နီးပါး သူ့ရဲ့ သိုက်နန်းကို့စွတွေနဲ့သာ အလုပ်ရှုပ်နေတတ်တယ်။ ပန်းအိုးကို ပန်းမညှိုးအောင်ထိုးရတာက တစ်မျိုး၊ လောပန်အမွှေးနံ့သာတွေ မပြတ်ဆက်သ,ရတာက တစ်ဖုံ စုံသမှုစုံတဲ့ သူ့အာရုံတွေဟာ သူ့သိုက်နန်းဆိုတဲ့အပေါ်မှာသာ တည်မှီနေတာကို သူမနဲ့ အတူနေရမှ ပို၍သိလာရတယ်။

'ညီမရယ်··ဒီအပေါ်မှာ သိပ်ပြီးအာရုံတွေ မထားပါနဲ့။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်တတ်ပါတယ်ကွယ်' လို့ ကျွန်တော်က ဘယ်လိုဖျောင်းဖျပြောဆိုပေမယ့် သူ့ဝတ္တရားတွေကတော့ သူ့သိုက်နန်းအတွက်ဆိုပြီး ရည်မှန်းပြီး ထိုးထားတဲ့ ပန်းအိုးလေးရှေ့မှာ ဝတ္တရားမပျက်ကွက်စွာ တာဝန်ကျေနေတာကိုပဲ တွေ့နေရတယ်။

'ဟူး'

ကျွန်တော် သူ့ကိုကြည့်ရင်း ရင်မောစွာ သက်ပြင်းမောကို မှုတ်ထုတ်ရုံမှအပ ကျွန်တော် သူ့ရဲ့အစွဲကို ကျေပျက်အောင် ဖျက်မရနိုင်ခဲ့။

'ဟင်··မင်းအဖြစ်ကလည်း တယ်ရင်မောစရာပါလား။ ခက်တာက သူတို့ပြောနေတဲ့ သိုက်ဆိုတာ မင်းလည်း မမြင်ရဘူး၊ ငါလည်း မမြင်ရဘူး။ အဲဒီတော့ ဟုတ်သလား၊ မဟုတ်သလား မင်းရော ငါရော မခွဲခြားနိုင်ဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်ကွ။ အဲဒီသိုက်ဆက်ရှိတယ်ဆိုတဲ့ လူတွေမှာ ထူးဆန်းတဲ့ ဖြစ်ရပ်တွေနဲ့ မကြာခဏ ကြုံရတတ်တယ်။ မင်း ဒါမျိုးတွေ ကြုံဖူးလား၊ ဆုံဖူးလား' တဲ့။

စိုးဝင်းရဲ့ အမေးစကားကြားမှ ထူးခြားတဲ့ဖြစ်စဉ်တွေကို ကျွန်တော် ပြန်သတိရမိတယ်။

ဟုတ်တယ်။ တစ်နေ့ပေါ့။ အဲဒီတစ်နေ့ဟာ ကျွန်တော့်အတွက် အမှုမဲ့အမှတ်မဲ့နေခဲ့တဲ့ တစ်နေ့လို့ ဆိုရပေမဲ့ ယနေ့တိုင် မမေ့နိုင်တဲ့ အမှတ်တရပစ္စည်းလေးနဲ့အတူ ကျွန်တော့်ရင်ကို စိုးရိမ်မှုတွေ ခိုင်မြဲစေတဲ့ နေ့လေးတစ်နေ့ ဖြစ်ခဲ့တယ်။

အဲဒီနေ့က ကျွန်တော်တို့နေထိုင်ရာ မြို့ကလေးရဲ့ တစ်ခုသော ဘုရားပွဲမှာ သူမနဲ့ကျွန်တော် ဘုရားပွဲ အတူလျှောက်ရင်း သူမက-

'အစ်ကိုရယ်··တို့လည်း ငွေရေးကြေးရေးတွေ ကျပ်တည်းလိုက်တာနော်။ သူများတကာတွေ ဝတ်ကောင်းစား



www.burmeseclassic.com

လှတွေနဲ့ ရွှေတွေသီးနေအောင်ဝတ်ပြီး ပွဲတိုးနေချိန်မှာ တို့မှာ လက်စွပ်ကလေး တစ်ကွင်းတောင် ပိုင်ဆိုင်ခွင့်မရဘူးနော်' လို့ အားငယ်ညှိုးနွမ်းစွာဆိုလာတဲ့ သူမကို ကျွန်တော် စိတ်မကောင်းစွာ သူမလက်ကို အားပေးသလို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပေမဲ့ သူမ ပြောသလိုပင် သူမဆန္ဒကို ကျွန်တော် အခုချိန်ထိတိုင် မဖြည့်ဆည်းပေးနိုင်ခဲ့တဲ့ လူသားတစ်ဦး ဖြစ်နေရခြင်းအပေါ် ကျွန်တော့်ကိုယ်ကျွန်တော် မကျေနပ်ခဲ့။ ဒါပေမဲ့လည်း ရှန်းရင်းကန်ရင်း လှုပ်ရှားရင်းမှာပဲ သူမဆန္ဒကို ဖြည့်ဆည်းပေးနိုင်အောင် ကျွန်တော် ကြိုးစားဖို့ အဲဒီနေ့ကပဲ ကျွန်တော် ဆုံးဖြတ်ချက်ကို ဒုန်းဒုန်းချလိုက်မိတယ်။

'အစ်ကို··အစ်ကို'

အတွေးနဲ့ နစ်မြောနေချိန်မှာပဲ သူမက တစာစာခေါ်လိုက်သံနဲ့အတူ ကတုန်ကယင်နဲ့ ကျွန်တော့်ကို ထိုးပေးလာတဲ့ သူမလက်ထဲက လက်စွပ်ကလေးကို ကျွန်တော် အံ့သြစွာ စိုက်ကြည့်နေမိတယ်။

'ဟင်··ညီမ··ညီမ၊ ဒါကို ဘယ်ကရလဲဟင်'

'ဟိုလေ၊ အစ်ကိုနဲ့ ထိုင်နေတုန်း ညီမစိတ်ထဲမှာ ဘုရားခြေတော်ရင်းမှာ ရွှေလက်စွပ်တစ်ကွင်း ကျနေတယ်လို့ စိတ်ထဲ ထင်မိတာနဲ့ ဟုတ်လိုဟုတ်ငြား သွားကြည့်မိရာက ရခဲ့တာပဲ အစ်ကို'

သူမရဲ့ ပြောစကားကို မယုံကြည်နိုင်သော်ငြား လက်တွေ့အားဖြင့် သူမလက်ထဲက လက်စွပ်ကလေးကတော့ သူမ ပြောစကားကို ဟုတ်မှန်ကြောင်း ထောက်ခံနေသယောင် ရှိနေခဲ့ပါတယ်။

'နင် တာဝန်မကျေပေမဲ့ ငါတို့တာဝန်ကျေတယ်။ ငါတို့ ညီမလေးကို ငါတို့ ဘယ်အခါမှ စိတ်ဆင်းရဲမခံနိုင်ဘူး။ ငါတို့ညီမလေး စိတ်ဆင်းရဲတဲ့နေ့ ငါတို့သိုက်နန်းကို ပြန်ခေါ်ရမယ့်နေ့ပဲ' တဲ့။

အဲဒီလို လက်စွပ်ကောက်ရပြီး တစ်ပတ်ခန့်နေအပြီးမှာပဲ သိုက်နန်းရှင်လို့ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦး ဝင်ရောက်ပူးကပ်ပြီး ကျွန်တော့်ကို ပြောခဲ့တဲ့စကားပဲ ဖြစ်တယ်။

'အေး··အဲဒါ မင်းအတွက် ထူးဆန်းတဲ့ ဖြစ်စဉ်ပေါ့'

'ဘာပြောတယ် စိုးဝင်း၊ ဒါဆိုရင် ငါ့မိန်းမဟာ ဥစ္စာစောင့်မလေးပေါ့။ ဟုတ်လား။ သူရခဲ့တဲ့ လက်စွပ်ဟာ သိုက်က သူ့ကိုပေးတယ် မင်း ယူဆလိုက်တာလား'

'အေး··ဟုတ်တယ်လေ'

'ဟ··သူတို့ပြောတော့ သူဟာ ဘုရားသိုက်က လာတာတဲ့။ ဘုရားသိုက်ဆိုတော့ နောင်ပွင့်တော်မူမယ့် မြတ်စွာဘုရားအတွက် သာသနာပြုမယ့် ပစ္စည်းတွေကို စောင့်ရှောက်ရတာ။ ဒီအပေါ်မှာ သူတို့ဟာ လောဘတက်လို့မရဘူးလို့ ဆိုတယ်ကွ။ ဒါဆိုရင် ဒီလက်စွပ်ကို သူတို့ ဘယ်ကရလို့ ဘယ်လိုပေးနိုင်တာလဲ'

'ဒါက ဒီလိုရှိတယ် သူငယ်ချင်း၊ သူတို့ဟာ ဘုရားသိုက်ကို စောင့်နေတဲ့အတွက် မတော်လောဘနဲ့ ယူလို့မရဘူး၊ ပေးလို့မရဘူး။ သို့သော် ဒီဘုရားသိုက်နဲ့ မသက်ဆိုင်တဲ့ပစ္စည်းကို သူတို့ပေးလို့ရတယ်။ ဥပမာ-ဒီလက်စွပ်ဟာ အကြောင်းအမျိုးမျိုးနဲ့ ပိုင်ရှင်မဲ့ပစ္စည်းတစ်ခု ဖြစ်နေခဲ့တယ်ဆိုပါတော့၊ သူတို့ ဒါကို ပေးနိုင်ခွင့်ရှိတယ်။ နောက်တစ်ခုက မင်းတို့ရဲ့ ကံအလျောက် ရထိုက်တဲ့အခွင့်အလမ်းတွေကို သူတို့က ရအောင်စွမ်းဆောင်ပေးနိုင်စွမ်းရှိတယ်။ ဒါကြောင့် ဒါတွေအားလုံးဟာ မင်းတို့ ကံအလျောက်ဖြစ်လာတဲ့အပေါ်ကို သူတို့ပံ့ပိုးပေးခဲ့တာလည်း ဖြစ်နိုင်တယ်' ဆိုပြီး အဆုံးသတ်သွားတဲ့ စိုးဝင်းစကားတွေကို ပြန်လည်ကြားယောင်မိတိုင်း ကျွန်တော့်ခေါင်းတစ်ခုလုံး ချာချာလည်နောက်ကျိခဲ့ရတဲ့ အချိန်တွေလည်း များလှပြီဟု ဆိုရမှာဖြစ်တယ်။

ဟုတ်တယ်။ သူမနဲ့ ကျွန်တော်ရဲ့ သက်တမ်းတစ်လျှောက်မှာ နားလည်မှု ကွဲလွဲခြင်း၊ သဘောထား မတိုက်ဆိုင်ခြင်း၊ မသင့်မြတ်ခြင်း ဆိုတာမျိုး မရှိအောင် တစ်ဦးအပေါ်တစ်ဦး နားလည်ခွင့်လွှတ်ခြင်းတွေနဲ့ ဖေးမ,လက်တွဲနိုင်ခဲ့သလောက် ဥစ္စာစောင့်ဆိုတဲ့ အစွဲအလမ်း ဖြစ်ရပ်တွေကတော့ ကျွန်တော့်ရင်ထဲကို ကပြောင်းကပြန်ဆန်စေခဲ့ရပါတော့တယ်။

◆ ◆ ◆

'အား'

ကျွန်တော့်လက်ကို အားပါးတရဆုပ်ကိုင်ရင်း နာနာကျင်ကျင် အော်ဟစ်ညည်းညူနေပုံလေးက ကျွန်တော့်ရင်ကို နာကျင်အောင် ခံစားစေလွန်းလှတယ်။

'ကိုကိုရယ်··ညီမလေး မခံနိုင်တော့ဘူး။ ညီမလေးသေရတော့မယ်နဲ့ တူပါတယ်၊ အစ်ကိုရယ်' ဆိုတဲ့စကား ကျွန်တော် မကြားချင်ဆုံးသောစကား။ ကျွန်တော့်ရင်ကို

www.burmeseclassic.com

အစိတ်စိတ်အမြွာမြွာ ကွဲကြေစေပြီလား မပြောတတ်။

'လာခေါ်နေကြပြီ အစ်ကို၊ ညီမလေးပြန်ရတော့မယ် အစ်ကိုရယ်။ အစ်ကိုနဲ့ မခွဲချင်ပေမဲ့ ညီမလေး ခွဲရတော့မယ် အစ်ကိုရဲ့'

စံပယ်ရဲ့ စကားက ဘာတွေလဲဆိုတာ ကျွန်တော် အသေအချာ မခွဲခြားတတ်ပေမယ့် ကျွန်တော့်အတွက် နိမိတ်ဆိုး စကားတွေလို့တော့ ကျွန်တော် ထင်မှတ်နေမိတယ်။

'အားတင်းထားနော် ညီမလေး။ ညီမလေးနားမှာ အစ်ကိုရှိတယ်။ ဆရာဝန်၊ ဆရာမတွေလည်း ညီမလေး အနားမှာ အကုန်ရှိတယ်။ အားမငယ်နဲ့နော် ညီမလေး။ ကျန်းမာသွားမှာ။ စိတ်ချ'လို့ ကျွန်တော် ဘယ်လိုပဲ အားပေးနေစေကာမူ တစ်စ,တစ်စ ယုတ်လျော့ဖြုဖြုပ်လာတဲ့ သူ့အသားအရေတွေက လောကကို စွန့်ခွာသွားရတော့မယ့် လက္ခဏာများအဖြစ် ကျွန်တော့်ကို အချက်ပြလို့နေပါတော့တယ်။

'စိုးရိမ်ရတယ်။ သူ့ သွေးဆင်းတာတွေ မရပ်သလို ထည့်ပေးခဲ့တဲ့သွေးကလည်း သူ့အတွက် အားဖြစ်မလာတာကို ကြည့်ခြင်းအားဖြင့် သူ့အတွက် စိုးရိမ်စရာဖြစ်နေတယ်'ဆိုတဲ့ ဆရာဝန်ရဲ့စကားက ကျွန်တော့်အတွက် အားပျက်စရာအလား ခံစားလိုက်ရတယ်။

'ခုန ငါတို့ နတ်ခေါင်းစွဲ ဆရာမကို သွားမေးတော့ သူ့ကို သူ့အစ်ကိုတွေ၊ အစ်မတွေက ပြန်ခေါ်တော့မှာတဲ့။ ဒါကြောင့် သူ့ကို ဘယ်လိုပဲကုကု ဆေးမတိုးနိုင်တော့ဘူးတဲ့ မောင်ဦးရဲ့'ဆိုတဲ့ သူ့အမေ စကားကလည်း အယုံအကြည်မဲ့နေတဲ့ ကျွန်တော့်ကို ဟုတ်လေမလား ထင်ယောင်မှားနေခဲ့တဲ့ စကားတွေ ဖြစ်နေခဲ့တယ်။

တစ်ခါ,တစ်ခါ အသိအာရုံတွေ ကင်းမဲ့စွာ ငြိမ်သက်နေတတ်တဲ့ စံပယ်ဟာ အသိအာရုံတွေ ပြန်လည်နိုးကြွလာချိန်မှာတော့ ကျွန်တော့်လက်ကို တင်းတင်းဆုပ်ကိုင်ရင်း–

'အစ်ကို‥ကျေနပ်ပါတော့နော်။ အစ်ကိုနဲ့ နေခွင့်ရှိသမျှ ကာလပတ်လုံး အစ်ကို့ကို ညီမလေး စိတ်ချမ်းသာအောင် ထားခဲ့ပါတယ်။ ဒီလိုပဲ၊ ညီမလေးအနေနဲ့လည်း အစ်ကို့ရဲ့ ကြင်နာယုယမှုတွေအပေါ် ညီမလေး ကြည်နူးနေရတာ ပျော်တယ်။ အစ်ကို့ရင်ခွင်ဟာ အေးမြတယ်။ အစ်ကို့ရင်ခွင်ဟာ ညီမလေးအတွက် မှီခိုအားထားရာ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ အစ်ကိုရယ်‥ညီမလေးကို သူတို့ မထားကြတော့ဘူး။ ညီမလေး သွားရတော့မယ်လေ'ဆိုတဲ့ စကားက တကယ်ပင် ကျွန်တော့်ရင်ကို နွမ်းနယ်ကြေကွဲစေခဲ့တယ်လေ။

ဒီလိုနဲ့ သူမ ကျွန်တော့်ကို နှုတ်ဆက်ဖို့ အချိန်ကျအလာမှာတော့ သူမမျက်နှာမှာ ကြေကွဲမှုအရိပ်အယောင်တွေ ကွယ်ပျောက်သွားပြီး အပြုံးပန်းတွေ ပွင့်လန်းရင်း–

'အစ်ကို‥ညီမလေး အစ်ကို့ကို နှုတ်ဆက်တယ်နော်'တဲ့။

'ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေနဲ့ ပြစ်မှားကျူးလွန်ခဲ့မိသည်ရှိသော် ကျေကျေနပ်နပ် ခွင့်လွှတ်ပေးပါ'ဆိုတဲ့ စကားတွေနဲ့ ဘယ်အခါမှ အပြုံးမပျက် ဆက်ဆံတတ်တဲ့ သူမဟာ သူမရဲ့ဝသီအတိုင်း ကျွန်တော့်ကို ချိုမြတဲ့ အပြုံးတွေနဲ့ စူးစူးစိုက်စိုက်ကြည့်ရင်း မခိုင်တခိုင် မနိုင်တနိုင် အင်အားတွေနဲ့ လက်အုပ်ချီမိုး ရှိခိုးဝန်ချတောင်းပန်ရင်း သူ့အပြုံးလေးနဲ့ ကျွန်တော့်ကို ခွဲခွာသွားခဲ့တယ်။

'စံပယ်ရေ‥စံပယ်'

ကျွန်တော့်ရဲ့ ကြေကြေကွဲကွဲ အော်ဟစ်လိုက်သံတွေက ဆေးရုံဆိုတဲ့ ပတ်ဝန်းကျင်ကိုတောင် သတိမထားမိနိုင်အောင် ပဲ့တင်ထပ်လို့ ညံသွားခဲ့ပေမယ့် ဝိညာဉ်ကင်းမဲ့သွားရှာပြီထင်တဲ့ စံပယ်ကတော့ ကြားနိုင်မည် မထင်ပါ။

'ညီမလေး အစ်ကို့ကိုချစ်တယ်၊ အစ်ကို့ကို ချစ်ရလို့ ညီမ ဘယ်တော့မှ နောင်တရမှာမဟုတ်ဘူး။ အစ်ကို့ကို ချစ်မိလို့ သေမယ်ဆိုရင်တောင် ပြုံးပြုံးလေးနဲ့ ညီမ အသေခံရဲတယ်။ ချစ်တယ် အစ်ကိုရယ်'ဆိုတဲ့ စကားတွေနဲ့အညီ သူမဟာ ကျွန်တော့်ကို တကယ်အပြုံးနဲ့ ခွဲခွာခဲ့တယ်။

မမြင်နိုင်တဲ့ ပရလောကကြီးရဲ့ ဖိတ်ခေါ်မှုကို သူ ကျေကျေနပ်နပ် ရဲရဲဝံ့ဝံ့ လက်ခံရင်း သူမ အပြုံးနဲ့ပြန်ခဲ့တယ်။ သူမရဲ့ သိုက်နန်းပြန်ချိန်ဟာ တကယ့်ကို ကြေကွဲစရာ ကောင်းလွန်းလှနေပေမယ့် သူမကတော့ ကျွန်တော့်ကို အပြုံးနဲ့သာ လက်ပြနှုတ်ဆက်ခဲ့တယ်လေ။

အခုတော့ သူမ ကျွန်တော့်ကို အပြုံးနဲ့ ခွဲခွာခဲ့ပါလေပြီတည်း။

ဖျာပုံ ရည်လွင်အောင်

www.burmeseclassic.com

www.burmeseclassic.com

# ရှစ်မြန်သူ ဂန္ဓာရီခိုးသွား



မြင့်ထူးက စာကဗျာဝါသနာပါသူ ဖြစ်သည်။ သူ့အထက်မှာ အစ်ကိုတစ်ယောက်နှင့် သူ့အောက်မှာ ညီမလေးတစ်ယောက် ရှိသည်။ မိဘများက ဆန်စက်ပိုင်ရှင်များမို့ လူမှန်းသိတတ်စကတည်းကပင် မည်သည့်အလုပ်မဆို ချွေးထွက်အောင် လုပ်ကိုင်ခဲ့ဖူးခြင်း အလျှင်းမရှိခဲ့။ မိဘများ ရှာဖွေကျွေးမွေးသော အစားကောင်းအသောက်ကောင်းတို့ကို စားသောက်ရင်းဖြင့်သာလျှင် အသက်အစိတ်ကျော်လာခဲ့သည်။ ဆယ်တန်းနှစ်ခါကျဖြင့် ကျောင်းထွက်ခဲ့ရသော်လည်း စာကဗျာဝါသနာပါသူမို့ စာပေဗဟုသုတများရှိကာ ဉာဏ်ပညာထက်မြက်သူ ဖြစ်သည်။

မြင့်ထူးမှာ အကျင့်ကောင်းတစ်ခုရှိသည်။ ထိုအကျင့်ကောင်းကား နေ့စဉ် နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင်ချိန်တစ်ကြိမ် မပျက်တမ်း ဘုရားရှိခိုးခြင်းပင် ဖြစ်သည်။ ဘုရားရှိခိုးပြီးတိုင်း ပုတီးစိပ်ခြင်းကိုလည်း ဝတ်မပျက်ခဲ့။ အိမ်မှာရှိစဉ်မှမဟုတ်၊ ဘယ်သွားသွား ဘယ်လာလာ နေ့ည ဘုရားရှိခိုးခြင်း ကိစ္စသည်ကား ပျက်သည်ဟူ၍ မရှိခဲ့ချေ။

တစ်နေ့ ဘုရားရှိခိုး ငါးပါးသီလခံယူပြီး ပုတီးစိပ်နေစဉ် မြင့်ထူး နားထဲမှာ တစ်ဦးဦးက သူ့ဘေးနားမှာ ရပ်ပြီး ပြောနေသံကို သူ့နားထဲမှာ အတိုင်းသား ကြားလိုက်ရသည်။ သူ့အာရုံထဲတွင်လည်း ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့် လူကြီးတစ်ဦးက သူ့ဘေးမှာရပ်ပြီး ပြောနေသည်ကို တွေ့မြင်ရသည်။


'လူလေး‥မင်းက သာသနာပြုရမယ့်သူ အစစ်ပဲ။ အဲဒါကြောင့် ခုချိန်ကစပြီး ဂန္ဓာရီခရီး စထွက်ရလိမ့်မယ်။ မင်းသွားရမယ့်ခရီးနဲ့ ရှေ့ဆက်ပြီး မင်းလုပ်ရမယ့် အလုပ်တွေကို အဘတို့လာပြီး ညွှန်ပြပေးပါ့မယ်။ စိတ်ကို ခိုင်ခိုင်ထားပြီး ဆက်လုပ်ပါ။ တစ်နေ့မှာ မင်းဟာ သာသနာပြုတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ကိုဖြစ်ရမယ်'

အစိဋ္ဌာန်ပုတီးပတ် ပြည့်ခါနီးတွင် အသံပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပုတီးပတ်ပြည့်၍ မျက်လုံးဖွင့်ကြည့်ရာ သူ့ဘေးတွင် မည်သည့်အရိပ်အယောင်မျှ မတွေ့ရတော့။ သို့ရာတွင် စောစောက ကြားခဲ့ရသော အသံများကို ပြန်လည်ကြားယောင်နေမိပြီး အာရုံထဲမှာ မြင်ခဲ့ရသည့် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ပုံရိပ်ကလည်း သူ့မျက်လုံးထဲမှာ စွဲထင်ကျန်ရစ်နေသည်။ ထို့ကြောင့် မြင့်ထူး ခေါင်းတဆတ်ဆတ်ညိတ်ရင်းမှ သက်ပြင်းရှည်ကြီး ချလိုက်မိတော့သည်။

◆◆◆

မြင့်ထူး ဘုရားဝတ်ပြုပြီး ပုတီးစိပ်တိုင်း ဂန္ဓာရီခရီးထွက်ရန် ယခင်ကအတိုင်း လာရောက်ပြောဆိုနေသည်မှာ သုံးကြိမ်မြောက် ရှိလေပြီ။ မြင့်ထူးကိုယ်တိုင်လည်း ထိုဂန္ဓာရီခရီးကိုထွက်ရန် အားသန်နေမိသည်။ သို့ရာတွင် သူ့တွင် အုပ်ထိန်းသူ မိဘနှင့် ညီအစ်ကိုမောင်နှမများ ရှိလေရာ မပြောမဆိုဘဲနှင့် အိမ်ကထွက်သွားရန် မဖြစ်နိုင်ချေ။ သည့်အတွက် ဂန္ဓာရီခရီးထွက်သွားရန် အကြောင်းကို မှန်ကန်စွာ ပြောပြပါကလည်း ယုံကြမည်ဟု သူမထင်။ သူ့ကို အရူးဟူ၍သာ စွပ်စွဲကြမည်မှာ သေချာသည်။

ထို့ကြောင့် လပြည့်ညသန်းခေါင်ယံတွင် ကျွန်တော်သာသနာပြုဖို့ ခရီးထွက်သွားပါသည်။ ဘာမှစိတ်မပူကြ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ဟူသော စာတစ်စောင်ကို မိဘတို့ဖတ်ရှုရန် ရေးထားပြီး အိမ်မှ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် ထွက်လာတော့၏။

'ပထမဦးဆုံး ဒေးစွန်ပါကိုသွား၊ အမိဋ္ဌာန်လေးဆယ့်ငါးရက်ဝင်၊ သက်သတ်လွတ်စားပြီး သတ္တဝါတွေကိုမသတ္တာပို့၊ အရဟံသိဒ္ဓိကို တစ်နေ့ ပုတီးလေးဆယ့်ငါးပတ်ရအောင် စိပ်ပေတော့'

မြင့်ထူးအားမလိုက်၍ ညွှန်ကြားနေသည့် အသံကို မြင့်ထူး အတိုင်းသား ကြားနေရသည်။ ထိုပုဂ္ဂိုလ်၏ ရုပ်ဆင်းအင်္ဂါကိုလည်း မြင့်ထူး အတိုင်းသား မြင်နေရသည့်တိုင် မြင့်ထူးကိုယ်တွင် ဘာကြက်သီးမှမထ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က သူ့နောက်သို့လိုက်၍ သူ့ကို လိုက်စောင့်ရှောက်နေသည်ဟု သူထင်သည်။ သူ၏ ခြေလှမ်းများကလည်းကောင်း၊ သူ့အသိများကလည်းကောင်း သူ့ကို ညွှန်ကြားသည့် ခရီးဆီသို့သာ ဦးတည်သွားလာနေမိတော့သည်။

သူ အမိဋ္ဌာန်ဝင်ရမည့် ဒေးစွန်ပါဟု ဆိုသော်လည်း ဒေးစွန်ပါတောင်ပေါ်ရှိ ဘုရားစေတီမှာမဟုတ်၊ ဒေးစွန်ပါ-ဘုရားမှ အနောက်ဘက်သို့ တစ်မိုင်ခန့်ဆင်းသွားရသည့် တောင်ကုန်းတောင်စွယ်မှာဖြစ်သည်။ တောင်တက်တောင်ဆင်းများဖြင့် ပြည့်နှက်နေသော ထိုနေရာတစ်ဝိုက်တွင် ဝါးပင်များနှင့် သစ်ပင်မျိုးစုံတို့ ပေါက်ရောက်နေသည်ဖြစ်ရာ အချို့နေရာများတွင် နေပြောက်မထိုးနိုင်လောက်အောင် ပင် သစ်ပင်များ ပိန်းပိတ်၍နေလေသည်။

တချို့ မြေနိမ့်ပိုင်းတွင် စမ်းချောင်းရေက သဘာဝအလျောက် တသွင်သွင်စီးဆင်းနေပြန်ရာ အလွန်အေးချမ်းဆိတ်ငြိမ်၍ တရားအားထုတ်ရန် အလွန်သင့်လျော်ရာအရပ်ဌာနဖြစ်သည်။ တစ်ခါတစ်ရံ တောခွေးအူသံ၊ ကျားဟိန်းသံနှင့် ငှက်မျိုးစုံ အသံတို့ကို အတိုင်းသား ကြားနေရသော်လည်း ကြောက်စိတ်မဝင်ဘဲ နေချင်စဖွယ်နေရာအဖြစ် မြင့်ထူး ခံစားမိသည်။ ထို့ကြောင့် အန္တရာယ်ကင်းလွတ်မည့် တောင်ကုန်းမြင့်မြင့်ပေါ်ရှိ နေပြောက်မထိုးသော ဝါးရုံပင်ရိပ်၌ စခန်းချကာ အမိဋ္ဌာန်ဝင်ရန် အစပျိုး၍ ဦးစွာမေတ္တာကမ္မဋ္ဌာန်းကို စတင်စီးဖြန်းလိုက်တော့သည်။

◆ ◆ ◆

ဒေးစွန်ပါတောင်ကုန်းနှင့် ကျိုက်စွန်ပါတောင်ကုန်းတို့မှာ ပဲခူးရိုးမ(အလယ်ရိုးမ) တောင်တန်းကြီး၏ [illegible] တောင်ကုန်းလေးများ ဖြစ်သောကြောင့် ဒေး[illegible] ကျိုက်စွန်ပါတောင်ကုန်းပေါ်မှ အနောက်ယွန်း[illegible] လှမ်းမျှော်ကြည့်ပါက စိမ်းညိုညို့တောင်တန်းကြီး[illegible] ခိုးတို့ မှိုင်းညို့ညို့ အုံ့ဆိုင်းနေသော ပဲခူးရိုးမကြီး[illegible] မြင်နေရသည်။

နေ့စဉ် နံနက်တိုင်း ပဲခူးရိုးမကြီးကို မျက်[illegible] လှမ်းကြည့်မိတိုင်း မြင့်ထူးရင်မှာ ဘာကိုလွမ်းမိ[illegible] သော ခံစားမှုတစ်ခုက လှုပ်ခတ်လာလေ့ရှိသည်၊ [illegible] ကြောင့် အမိဋ္ဌာန်ကိုဖျက်၍ လာလမ်းကိုပြန်ရန် မကြ[illegible] ခဏ တွေးမိသည်။

'တောမျောက်က ကြိုးချွေ၊ စိမ့်ကြီးမြိုင်ချောင်[illegible] ရွှေဖိုးခေါင် သံချိုညောင်း၊ ဒေါင်းက အိုးဝေ၊

တွောင်တံပြက်၊ ကျောက်စက်ကျစမ်းရေ၊ တွေ့[illegible] စိမ့် ကြည်အေး။

အို..နောင့်တည်းဟာမို့၊ ရွှေသည်းမှာ ကြေကြေ[illegible] လှတယ်၊ နန်းသူကြောင့်လေး'

ငယ်စဉ်က သင်ကြားမှတ်သားခဲ့ရသော ဦးကြင်ဥ[illegible] သဖြန့်လေးကို ပြေး၍သတိရမိသည်။ ထိုအခါ ချစ်စိတ်[illegible] ဝင်မိသော်လည်း ချစ်စကား ဖွင့်မပြောခဲ့မိသည့် ငယ်ချ[illegible] ဟောင်း မခင်နုကို မြင့်ထူး ပြေးပြီးမြင်ယောင်လာမိ[illegible] သည်။ မိမိက ချစ်စကား ဖွင့်မပြောရဲသော်လည်း [illegible] က ရေလာမြောင်းပေး အချစ်ရွေးမည့်ပုံကိုတော့ မြင်[illegible] ရိပ်မိသည်။ သို့ရာတွင် ငယ်ငယ်ရွယ်ရွယ်နှင့် တရား[illegible] တွင် ပို၍ပျော်နေမိသည်မို့ အမှားမဖက်မိစေရန် မြင်[illegible] ရှောင်ရှားနေခဲ့ခြင်း ဖြစ်သည်။

ဒီကနေ့ အိပ်ရာက ထသည်နှင့် တောမျောက်[illegible] အသံက သူ့နားထဲ ဝင်လာသည်တွင် တစ်ခါမျှ မတွေ[illegible] သော အတွေးနှင့် အမြင်များက သူ့အာရုံမှာ ထင်ဟပ်[illegible] သည်။ ခေတ္တခဏ ပတ်ဝန်းကျင်ကိုကြည့်၍ မြင်[illegible] ခဏမျှ မေ့မြောသွားမိသည်။ ထိုစဉ်-

'လူလေး..တခြားအာရုံတွေပေါ်မှာ မသာယာ[illegible] ကိုယ်လုပ်ရမယ့် အမိဋ္ဌာန်ကိုပဲ ပြည့်ဝအောင်မြင်[illegible] ကြိုးစားလုပ်ပါ။ ဒါမှ မင်းဟာ သာသနာပြုနိုင်မယ့်[illegible] ဖြစ်မှာလေ။ ကဲ..ကဲ..ကိုယ်လုပ်ရမယ့် အလုပ်ကို [illegible] ဋ္ဌာန်ပြည့်အောင် ပြုကျင့်ပေတော့'



www.burmeseclassic.com

www.burmeseclassic.com

သူတော်စင်ပုဂ္ဂိုလ် တစ်ဦးက ကြွရောက်၍ သူ့ကို သတိပေးတော့မှ မြင့်ထူး အသိပြန်ဝင်သွားရသည်။ သည်တော့မှ ခေါင်းတခါခါလုပ်ကာ ပုတီးကိုကိုင်၍ အဓိဋ္ဌာန်ဝင်ရန် လုပ်ငန်းစလိုက်တော့သည်။ သူ၏ ပတ်ဝန်းကျင်ကမူ လေပြည်လေညင်း တိုးဝှေ့သံမှလွဲ၍ ဘာမျှ ကြီးကြီးမားမား ဆူညံသံတို့ ကင်းပျောက်ကာ အေးငြိမ်းချမ်းသာ ရှိနေပါလေ၏။

တကယ်တမ်း တရားရိပ်၌ ခိုလှုံရပြီဆိုပါက တကယ်ပင် ငြိမ်းချမ်းရသည်။ သူကိုယ်တိုင် ခံစားရသည်။ မည်သည့်ငြိမ်းချမ်းမှုနှင့်မျှ နှိုင်းယှဉ်၍မရ။ အနှောင်အဖွဲ့ကင်းသော ငြိမ်းချမ်းမှုရသသည် တရားရိပ်အတွင်း၌သာရှိသည်ကို မြင့်ထူး လုံးဝယုံကြည်သွားသည်။ ထိုနေ့က ထိုပီမှတ္တိရသကြောင့်ပင် တစ်နေကုန် အဓိဋ္ဌာန်ပုတီး စိပ်ဖြစ်ကာ နောက်ပိုင်းဖြစ်ပျက်မှတ်၍ သမထကျင့်စဉ်ကိုပါ ဆက်၍ ပြုကျင့်ဖြစ်ခဲ့သည်။ အချိန်မည်မျှကြာညောင်းသွားသည် မသိ၊ ညနေစာ အာဟာရကိုပင် စားသုံးရမှန်း သတိမရတော့ပေ။ သူသတိရ၍ ဘေးဘီသို့ ဝေ့ဝဲကြည့်လိုက်တော့ မှောင်မည်းခြင်းကိုသာ တွေ့ရတော့သည်။

မြင့်ထူး စိတ်ကို တုံးတုံးချဆုံးဖြတ်လိုက်သည်။ ဆက်၍ တရားကျင့်ရန်ပင်ဖြစ်သည်။ ထို့ကြောင့် မျက်စိကိုပြန်မှိတ်ကာ ထွက်လေ ဝင်လေကိုမှတ်၍ ဖြစ်ပျက်သတိကို ကပ်လိုက်သည်နှင့် ပတ်ဝန်းကျင်ကို [illegible] မှုမြာသွားတော့သည်။ [illegible] ညဉ့်မည်မျှကြာသွားသည်မသိ၊ သူ့အာရုံထဲတွင် သူ့ထံသို့ သူတော်စင်ပုဂ္ဂိုလ်တို့ တစ်ဦးပြီးတစ်ဦး ရောက်လာပြီး ဆုံးမစကား ပြောသွားသံတို့ကို အတိုင်းသားကြားနေရသည်။ ဘုန်းတော်ကြီးတချို့လည်း ပါသည်။ ထိုမျှမကသေး၊ သူတော်စင်ပုဂ္ဂိုလ်တို့အား လှူဒါန်းပေးကမ်းရန် ရောက်ရှိလာသည့် လူအချို့ကိုလည်း မြင်တွေ့နေရသည်။ ထိုအာဂန္တုယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်တို့မှာ သူတော်စင်တို့ကိုသာမက သူ့ကိုပါ အစားအသောက်များ လှူဒါန်းသွားကြသည်ကို သူတွေ့မြင်နေ ကြားသိနေရသည်။ မကြာမီ ထိုပုဂ္ဂိုလ်များ ပြန်သွားကြမှ သူ၏ ကျင့်စဉ်အဓိဋ္ဌာန်ကို သိမ်းလိုက်သည်။

ထိုအခါ သူ့ဘေးတွင် သူ စားသောက်ရန်အတွက် အစားအသောက်များကို အံ့သြဖွယ်တွေ့လိုက်ရသည်။ သို့သော် မြင့်ထူး အံ့သြခြင်းမရှိ။ သူသိပြီးသား ကိစ္စဖြစ်၍ မေတ္တာပို့ကာ ထိုအစားအသောက်တို့ကို ခန္ဓာကိုယ် အာဟာရအဖြစ် အနည်းငယ် စားသုံးလိုက်သည်။ ထိုစဉ် အရှေ့ဘက်ဆီမှာ အရုဏ်ဦးအလင်းရောင်က ဖြာထွက်လာသည်။ ငှက်ကလေးများ၏ သဘာဝနှုတ်ခွန်းဆက်သံနှင့်အတူ တောတိရစ္ဆာန်တို့၏ တွန်ကျူးသံကလည်း ဝေဆာစွာ ထွက်ပေါ်လာသည်။

လူသူအသွားအလာ ကင်းမဲ့သော ထိုကျိုက်စွန်ပါ တောင်ကုန်း အနီးဝန်းကျင်ကား ကျေးငှက်သာရကာနှင့် တိရစ္ဆာန်တို့၏ တွန်ကျူးသံမှလွဲ၍ ပကတိတိတ်ဆိတ်ငြိမ်သက်လျက်ပင်ရှိသည်။ သူ ဤနေရာဒေသသို့ ရောက်ရှိလာခဲ့သည်မှာ ရက်ပေါင်းလေးဆယ်ပင် ပြည့်ခဲ့ပြီ ဖြစ်သည်။ အိမ်မှ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် လာခဲ့ရသော်လည်း ဤတောကြီးမျက်မည်းထဲတွင် သူ့အတွက် စားစရာ သောက်စရာနှင့် ယောဂီဝတ်စုံတို့ကို ဝတ်ဆင်ရန် ပေးကမ်းလှူဒါန်းသူများနှင့် ကြုံဆုံခဲ့ရသည်ကပင် သူ့အတွက် ကံကောင်းခြင်းဖြစ်သည်။ ထိုသို့ ကံကောင်းခြင်းမှာလည်း တစ်ဦးမေတ္တာ တစ်ဦးစေတနာ ဆိုသကဲ့သို့ သတ္တဝါအပေါင်းတို့အပေါ် မေတ္တာထားသည့် သူ၏ မေတ္တာစိတ် အစွမ်းကြောင့်ဆိုသည်ကို မြင့်ထူး လုံးဝ လက်ခံ ယုံကြည်မိပါတော့သည်။

◆◆◆

ဒေးစွန်ပါနှင့် ကျိုက်စွန်ပါ အရပ်၌ အဓိဋ္ဌာန်(၄၅) ရက် ဝင်ခဲ့ပြီးနောက် ပြည့်မြောက်သွားသည်တွင် နောက်ထပ် သင်္ချိုင်း(၂၇)ခု၌ အဓိဋ္ဌာန်ထပ်ဝင်ရန် အထက်ပုဂ္ဂိုလ်များမှ ခိုင်းစေပြန်သဖြင့် ဘုရားလေး၊ ဘုရားကြီးကျေးရွာရှိ သင်္ချိုင်းများတွင် ဦးစွာအဓိဋ္ဌာန်ဝင်ကာ အသုဘကမ္မဋ္ဌာန်းရှုခဲ့ပြန်သည်။ ထို့အပြင် တောဓောကသိုဏ်းကိုလည်း ကျင့်ကြံပွားများ အားထုတ်ခဲ့သည်။ သင်္ချိုင်း(၂၇)ခုကို လှည့်ပတ်အဓိဋ္ဌာန်ဝင်ရသည်မို့ မော်လမြိုင်မှတစ်ဆင့် သံဖြူဇရပ်သို့တိုင် ရောက်ရှိသွားသည်။ ကမ္မဋ္ဌာန်းတရားများကို ရှုမှတ်ပွားများ အားထုတ်နိုင်ခဲ့ပြီဖြစ်ရာ တရားအားထုတ်မှုကို နှစ်သက်မြတ်နိုးလာခဲ့မိတော့သည်။

"တရားကိုလည်းကျင့်၊ သတ္တဝါတွေကိုလည်းကယ်၊ သာသနာတော်ကိုလည်း စောင့်ရှောက်ဖို့ ငါ့သား ရဟန်းဝတ်မှဖြစ်မယ်။ သာသနာအတွင်းကနေပြီး ကြိုးစားအားထုတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

မြင့်ထူးအာရုံထဲမှာ ဘိုးတော်တစ်ဦးက သူ့ကိုလာ၍ သတိပေး လမ်းညွှန်လာသည်။ မြင့်ထူး အိမ်ကို သတိရ သွားမိသည်။ အိမ်သို့ ခေတ္တပြန်၍ မိခင်၊ ဖခင်တို့အား ရဟန်းဒကာ၊ဒကာမများအဖြစ် သူ့ကို ရဟန်းဝတ်ပေးရန် တောင်းဆိုမည်ဟု ဆန္ဒဖြစ်မိသည်။ သို့ရာတွင် မိဘများ က သူ့ကို ရဟန်းပြုပေးရန် ငြင်းဆန်ပါက သူ၏ဂန္ဓာရီ ခရီးမှာ ပျက်ဖွယ်ဖြစ်နိုင်သည်။ ထို့ကြောင့် သူနှင့် ရင်းနှီး ရာ ပဲခူးမြို့မှ ဘုန်းကြီးဦးကေသရထံသို့သွားကာ ရဟန်း ဝတ်ပေးရန် တောင်းဆိုရာ ဦးကေသရက အချိန်မဆိုင်းဘဲ သူ့ကို ရဟန်းပြုပေးလိုက်သည်။ ပြီးနောက် ပရိယတ္တိစာ ပေတချို့ကိုလည်း သူ့ကို သင်ကြားပေးသည်။ သူ၏ ဦးပဉ္စင်းဘွဲ့မှာ ဦးပညာသီရိ ဖြစ်သည်။

မြင့်ထူးတစ်ဖြစ်လဲ ဦးပဉ္စင်း ဦးပညာသီရိမှာ ပရိ ယတ္တိစာပေတို့ကို ဆည်းပူးသင်ကြားရင်း တစေဇော ကသိုဏ်းကိုလည်း နေ့စဉ်မပျက် ပွားများအားထုတ်လာ ခဲ့ရာ အတော်ပင် ခရီးပေါက်လာပြီဖြစ်သည်။ ထူးဆန်း သော အာရုံကြိုနိမိတ်များ ရလာကာ ဂန္ဓာရီခရီး ထွက် ချင်စိတ်များ တစ်စထက်တစ်စ ကြီးထွားဖြစ်ထွန်းလာ သောကြောင့် ကျေးဇူးရှင် ဆရာသခင်ဖြစ်သော ဦးကေ သရထံတွင် ခွင့်တောင်းကာ ဂန္ဓာရီခရီးကို စတင်လျှောက် လှမ်းခဲ့တော့သည်။ ပထမတွင် အာရုံ၌ ထင်လာမြင်လာ သည့်ခရီးကို စတင်လျှောက်လှမ်းလာခဲ့ရာ အခက်အခဲမရှိ အဆင်ပြေ ချောမွေ့ခဲ့သည်။ စားမှု၊ နေမှု၊ ထိုင်မှုနှင့် တရားကျင့်ကြံရန် နေရာကအစ အလိုအလျောက် ပြည့်စုံ မှုများက ဦးပညာသီရိကို ကြိုဆိုလာခဲ့ရာ ထိုဂန္ဓာရီခရီး ကို မပျက်မကွက် ဆက်လျှောက်ရန် ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက်ချခဲ့တော့သည်။

အာရုံကျရာ အရပ်ဒေသသို့ ဂန္ဓာရီခရီး လျှောက်ခဲ့ရ သည်ဖြစ်ရာ တစ်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရှိ အင်္ဂပူမြို့နယ်ထဲသို့ ရောက်ရှိသွားသည်။ အင်္ဂပူမြို့နယ် အတွင်းရှိ ပိန္နဲပင်ကျေးရွာ ကဗျို့(ကမ်းပြို)တောင်ရှိ မပုပ် မသိုး ဆရာတော်ကြီးသုံးပါးကို ဦးစွာဝင်ရောက်ဖူးမြော် လိုက်သည်။ ထိုခဏမှာပင် ဦးပညာသီရိစိတ်ထဲ၌ ကဗျို့ (ကမ်းပြို)တောင်၏ မျက်နှာချင်းဆိုင်၌ရှိသော စိမ်းစိုစို လျှိုမြောင်တန်းဆီသို့ သွားချင်စိတ်များ တဖွားဖွားဖြစ် ပေါ်လာသည်။ ခဏအတွင်းမှာပင် လျှိုမြောင်တောတန်း ဆီသို့ ခြေလှမ်းက လှမ်းသွားနေပြီဖြစ်သည်။ ထိုတော တန်း၏ အနောက်ယွန်းယွန်းဆီတွင် အနောက်ရိုးမတောင် တန်းကြီးကို လှမ်းမြင်နေရသည်။

ဦးစွာ တောင်ဇင်းကျေးရွာကို ဖြတ်သန်းပြီးနောက် သံပရာကုန်းကျေးရွာကို ထပ်မံဖြတ်သန်းလိုက်သည်။ လှည်းလမ်းကြောင်းဟူ၍ မရှိ။ လယ်ကွင်းလမ်း၊ လယ် ကန်သင်းလမ်းနှင့် တောလမ်းများသာ ဖြစ်သည်။ သစ်ပင် ကြီးငယ်အသွယ်သွယ်က လက်ယှက်ထိုးပေါက်နေသည်။ တစ်ခါတစ်ရံ သမင်၊ ဒရယ်ကောင်များ ဖြတ်ပြေးသွား ကြသည်ကို လှမ်းမြင်နေရသည်။ စပါးကြီးမြွေနှင့် အခြား မြွေတချို့ကိုလည်း မျက်မြင်တွေ့ရလေရာ ဦးပညာသီရိ တစ်ခုကို တွေးလိုက်သည်။ တွေးမိသည့်အတိုင်း လမ်း လျှောက်ရင်း ထိုအရပ်နေ သတ္တဝါအပေါင်းတို့ကို မေတ္တာ ပေးပို့ရင်း လျှောက်သွားနေမိသည်။

အတန်ကြာလျှောက်သောအခါ တောင်ကုန်းတစ်ခု ထက်ဆီသို့ အလိုလိုတက်မိလျက်သား ဖြစ်သွားသည်။ ကုန်းကမူကို တက်နေရခြင်းကြောင့် ရှီးရှီးလမ်းလျှောက် ရသည်နှင့်မတူဘဲ အနည်းငယ်အားစိုက်၍ လျှောက်နေရ မှန်း သတိပြုမိသွားသည်။ ဝါးရိုင်းပင်များ ပေါက်ရောက် ကာ အခြားသစ်ပင်များပါ လက်ယှက်ထိုးပေါက်နေသဖြင့် တဖြည်းဖြည်းချင်း သွားနေရသည်။ တချို့နေရာတွင် ကြ ခတ်ဝါးပင်များကို တွေ့ရပြီး ပျဉ်းမ၊ ပျဉ်းကတိုးပင်များ ကလည်း အစီအရီရှိနေသည်။ ထိုအနီးတစ်ဝိုက်သို့ ရော လာကြည့်ရှုလိုက်သောအခါ ထုံးဖြူဖြူစေတီဟောင်းတစ် ဆူကို လှမ်းမြင်ရ၍ ထိုစေတီအနီးသို့သွား၍ ဖူးမြော်လိုက် သည်။

ထိုထုံးဖြူစေတီမှာ ကိုးတောင်ခန့်မျှရှိပြီး ထုံး ရောင်များ နွမ်းဖျော့ကာ ရေညှိများ ဖုံးလွှမ်းလျက်နှင့် ချုံ နွယ်များက စေတီအား ဖုံးအုပ်ထားလျက်ရှိသည်။ ဦးပညာ သီရိ၏ စိတ်ထဲတွင် စေတီကို စတင်ဖူးမြင်ရပြီးကတည်း က ထိုစေတီအား ပြန်လည်ပြုပြင်လိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ခြေလှမ်းများက ထိုစေတီ အနီးမှ ခွာမရဖြစ်နေသည်။ သို့ဖြစ်ရာ စေတီနှင့် မနီးမဝေး ရှိ ဝါးပင်အောက်၌ ခေတ္တသီတင်းသုံးပြီး နောက်ရက်များ တွင် စေတီတော်ကို သန့်ရှင်းရေးပြုလုပ်ရန် စိတ်ပိုင်း ၍ ဝါးပင်အောက်၌ နေရာယူကာ အနားယူ သီတင်း



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

မကြာမီ နေဝင်သွားပြီဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမည်းမှောင်သွားသည်။ ထိုအခါ ဦးပဉ္ဇင်း၌ ပါလာသော ဖယောင်းတိုင်မီးထွန်းညှိ၍ ဦးစွာ မြတ်စွာဘုရားအား ရည်မှန်း၍ စေတီတော်ကို မီးပူဇော်လိုက်မိသည်။ သို့ရာတွင် လေတဖြူးဖြူး တိုက်နေသောကြောင့် မီးတိုင်မှာ မီးငြိမ်းသွားရလေရာ မှောင်မည်းမည်းဖြင့်ပင် စေတီအား ရည်မှန်းဦးခိုက်ရှိခိုး၍ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်း ပွားများအားထုတ်နေလိုက်မိသည်။

'ဒီနေရာဟာ ပိန္နဲကွင်းဆရာတော် ဦးကလျာဏနှင့် ဒုတိယ၊ တတိယ ဆရာတော်တွေ တရားကျင့်ကြံခဲ့ရာ ဌာနဖြစ်တယ်။ အနောက်ရိုးမနဲ့ ဆက်စပ်နေပြီး အမြင့်ဆုံးတောင်ဖြစ်တဲ့ သစ်စေးတောင်၊ ကဗျို့(ကမ်းပြို)တောင်၊ ရန့်ကင်းတောင်၊ ကျွဲမသနားတောင်၊ ကိုးကွယ်တောင်၊ ကိုးမောင်းတောင်၊ စိုင်တောင် စတဲ့ (၁၅)ဌာန တောရစခန်းတွေရှိတဲ့ နေရာဖြစ်တယ်။ ဒီနေရာမှာ တိရစ္ဆာန်မျိုးစုံတို့ နေထိုင်သွားလာ ကျက်စားလေ့ရှိကြတယ်။ အဲဒါကြောင့် မေတ္တာထားမှ ဒီနေရာမှာ နေလို့ရနိုင်တယ်။ မေတ္တာတန်ခိုးဟာ မြေလျှိုးမိုးပျံနိုင်တဲ့ တန်ခိုးထက် ပိုပြီး စွမ်းပါတယ်။ ကိုယ်တော် သာသနာပြုရမယ့် နေရာဟာ ဒီနေရာ အစစ်ပါပဲ'

ထိုညက သူတော်စင်တစ်ဦးက ဦးပဉ္ဇင်းသိရိထံ အာရုံထဲ၌လာ၍ ရှင်းလင်းပြောကြားသွားသည်ကို အတိုင်းသား မြင်ရ ကြားရခဲ့သည်။ နံနက်မိုးလင်းတော့ ဦးပဉ္ဇင်းကြီး သူ့ စခန်းချရာ ဝန်းကျင်ကို လေ့လာအကဲခတ်ကြည့်လိုက်သည်။ ထိုးစေတီတော်က ကုန်းကမူပေါ်တွင်ရှိပြီး အောက်ဘက်တွင် ရေကန်တစ်ခုနှင့် လိုဏ်ဂူတစ်ခုကို ချုံနွယ်များ ဖုံးလွှမ်းလျက်ဖြင့် လှမ်းမြင်နေရသည်။ ထိုနေရာသို့သွားရန် လောလောဆယ် မဖြစ်သေး။ ချုံနွယ်တော်ပေါင်းတို့ကို ခုတ်ထွင်ရှင်းလင်းပြီးမှ သွား၍ရပေသည်။ ထို့ကြောင့် လောလောဆယ် ထိုးစေတီကို သန့်ရှင်းရေးလုပ်ပြီး မိမိစခန်းချရာ နေရာတစ်ဝိုက်ကို ဦးစွာရှင်းလင်းရန် သန္နိဋ္ဌာန်ချလိုက်ပြီး စေတီကိုဦးခိုက်၍ ကူညီသည့်သူ ရောက်လာစေရန် အဓိဋ္ဌာန်လိုက်မိသည်။

ထိုးစေတီပေါ်မှ ရေညှိများနှင့် မြက်ပင်အသေးအမွှားတို့ကိုဖယ်ရှား၍ သန့်ရှင်းရေးလုပ်နေသည်မှာ မည်မျှကြာ



သွားသည်မသိ၊ ဦးပဉ္ဇင်းကြီးကိုယ်၌ ချွေးစို့ထွက်လာပြီး ဗိုက်ထဲ၌ ဆာသလိုရှိလာသည်။ ထို့ကြောင့် အနီးဝန်းကျင်သို့ လှည့်ပတ်ကြည့်ရှုလိုက်ရာ ပွေးပင်မှ ပွေးသီးများ သီးနေသည်ကို တွေ့ရသဖြင့် လှမ်းခူးရန် ကြံရွယ်လိုက်စဉ် လူတစ်ဦး ဝါးစည်းထမ်း၍ လာနေသည်ကို မြင်ရ၍ ခေတ္တရပ်ကာ စောင့်နေလိုက်သည်။ ဝါးစည်းထမ်းလာသူက ဦးပဉ္ဇင်းကြီးအနီးတွင်ရပ်ကာ ဝါးစည်းကိုချ၍ ဦးပဉ္ဇင်းကြီးအား ဦးချကန်တော့လိုက်သည်။

'နေပါဦး ဒကာကြီးရဲ့၊ ဘယ်ကလာပြီး ဘယ်ကို သွားမလို့တုံး'

'တပည့်တော်က တောင်ဇင်းရွာကပါဘုရား။ တောထဲမှာ ဝါးလာခုတ်ပြီး အခု ရွာကိုပြန်မလို့ ဒီလမ်းကလာတာ ဦးပဉ္ဇင်းနဲ့ ဆုံတွေ့ရတာပါဘုရား။ ဒါနဲ့ ဒီတော ဒီ တောင်ထဲမှာ တစ်ခါမှ ဦးပဉ္ဇင်းကြီးကို မမြင်ဖူး မတွေ့ဖူးပါဘူးဘုရား။ ဘယ်မှာသီတင်းသုံးပါသလဲဘုရား။ ဒီတော ဒီတောင်ထဲမှာ ဘယ်လိုကိစ္စများ ဆောင်ရွက်ဖွယ်ရှိလို့ ကြွလာပါသလဲဘုရား'

'အင်း..အရင်ကတော့ နေရာထိုင်ခင်း အသင့်မရှိပါဘူး။ ခုတော့ ကျုပ် ဒီမှာသီတင်းသုံးဖို့ ဆုံးဖြတ်လိုက်ပါပြီ။ ကျုပ် ဒီနေရာမှာ သာသနာစည်ပင်အောင် သာသနာပြုမယ် ဒကာကြီး'

ဦးပဉ္ဇင်းကြီး စကားကြောင့် တောင်ဇင်းရွာသားက ဦးပဉ္ဇင်းကြီးကို သေချာငေးစိုက်ကြည့်လျက် အံ့သြနေသည်။

www.burmeseclassic.com

www.burmeseclassic.com

အတန်ကြာ စူးစမ်းကြည့်ပြီးမှ-

'ဒီလိုဆိုရင်လည်း ကောင်းတာပေါ့ဘုရား။ ဪ‥ ဒါနဲ့ နေတက်စေတော့မယ်။ အရှင်ဘုရား၊ ဆွမ်းဘုဉ်းမပေးရသေးဘူးနဲ့တူတယ်'

ရှာသားစကားကို ဦးပဥ္စင်းကြီးက ရေငုံနှုတ်ပိတ်နေလိုက်သည်။ ထို့ကြောင့် ရှာသားက ထိုင်ရာမှထကာ ဝါးစည်းတွင် ကပ်ချည်ထားသည့် ဖက်ထုပ်တစ်ထုပ်ကို သွားယူပြီးနောက် ဦးပဥ္စင်းကြီးထံသို့ တရိုတသေပေးကာ-

'အရှင်ဘုရား‥ဒါက တပည့်တော် ဝါးခုတ်ရင်း အဆာပြေစားဖို့ ယူလာခဲ့တဲ့ ထမင်းထုပ်ပါဘုရား။ တပည့်တော် ဒီနေ့ အလုပ်က စောစောပြီးတာရယ်၊ ဗိုက်လည်း မဆာတာနဲ့ ဒီထမင်းထုပ်ကို အိမ်ပြန်ယူခဲ့တာပါဘုရား။ အဲဒါ အရှင်ဘုရားကို ကပ်လှူပါတယ်ဘုရား။ ဒီနေရာမှာ သီတင်းသုံးပြီး ဒီအာဟာရကို ဘုဉ်းပေးတော်မူပါဘုရား'

ရှာသားက ဦးပဥ္စင်းကြီး ထိုင်၍ဘုဉ်းပေးရန် နေရာထိုင်ခင်းကို အဆင်သင့်ပြင်ဆင်ပေးပြီးနောက် ထမင်းထုပ်ဖြည်၍ ဦးပဥ္စင်းကြီး ဆက်ကပ်လိုက်သည်။ ဦးပဥ္စင်းကြီးက ရှာသားဆက်ကပ်သည့် ဆွမ်းထမင်းကို ဣန္ဒြေရစွာ ဘုဉ်းပေးလိုက်၏။

'ကဲ‥ကဲ‥ ဒီလိုလှူရတဲ့ ကုသိုလ်အဖို့ဘာဂတို့ကြောင့် ဒီနေ့ဒီရက်မှစပြီး နိဗ္ဗာန်ရသည်အထိ မကြောင့်မကြဘဲ လိုရာဆန္ဒ တစ်လုံးတစ်ဝတည်းပြည့်ဝပြီး အလှူရေစက် လက်နဲ့မကွာ လှူနိုင်တန်းနိုင်ပါစေ။ သာဓု‥ သာဓု‥သာဓု။ ဪ‥ဒါနဲ့ ဒကာကြီးအမည်လေး ကျုပ်ကို ပြောခဲ့စမ်းပါဦး'

'တပည့်တော် နာမည်က စံလှပါဘုရား။ ဒါဆို တပည့်တော်ကို ခွင့်ပြုပါဦးဘုရား'

စံလှက ဦးပဥ္စင်းကြီးကို နှုတ်ဆက်ပြီးနောက် ဝါးစည်းကိုထမ်းကာ ဇုံးစေတီ၏အောက်ဘက် ချုံနွယ်များအတွင်း ဝင်ရောက်သွားသည်။ ထိုစဉ် ဦးပဥ္စင်းကြီး တစ်ခုကို သတိရသွားသဖြင့် စံလှသွားရာဆီသို့ အပြေးလိုက်ကြည့်ရာ ခပ်ဝေးဝေးကို လှမ်းမြင်နေရသည့်တိုင် စံလှ၏ အရိပ်အယောင်ကိုမျှ မမြင်မတွေ့ရတော့ချေ။ ထိုနေ့က နေဝင်မိုးချုပ်သွားသည့်တိုင် လူတစ်ဦးတစ်ယောက်ကိုမျှ ထပ်မတွေ့ရတော့။ သို့သော် ဆွမ်းတစ်နပ် ကပ်လှူသွားသော စံလှကိုတော့ ဦးပဥ္စင်းကြီး ဦးပညာသီရိ သတိရနေမိသည်။ ပြီးတော့ စံလှတစ်ယောက် တောင်ဇင်းရှာသားမဟုတ်မှန်းကိုလည်း ဦးပဥ္စင်းကြီး သိနေမိသည်။

နံနက်လင်းအရုဏ်ရောက်သည်နှင့် လူတချို့၏ အသံဗလံများကို အတိုင်းသား ကြားနေရသဖြင့် ဦးပဥ္စင်းကြီး အိပ်ရာမှနိုးလာသည်။ ဝါးရုံအောက်မှ ထထွက်ကာ ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်လိုက်သည်။ ဝါးရုံပင်နှင့် မလှမ်းမကမ်းရှိ ဇုံးစေတီတွင် လူပုလေးသုံးဦးက ဓား များဖြင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းနေကြသည်။ ဦးပဥ္စင်းကြီးက ထိုနေရာသို့ လျှောက်သွားလိုက်သည်တွင် လူပုလေး သုံးဦးက ရပ်နေရာမှထိုင်ကာ ဦးချကန်တော့လိုက်ကြသည်။

'ကျန်းမာပါစေ၊ ချမ်းသာကြပါစေ။ ဒကာလေးတို့က ဘုန်းကြီးဆီကိုလာပြီး ခုလို အကူအညီပေးကြတော့ ဘုန်းကြီး အဓိဋ္ဌာန်ပြုထားတဲ့ သာသနာပြုခရီးအတွက် အထောက်အပံ့ရတာပေါ့ကွယ်။ ဒကာလေးတို့တစ်တွေလည်း ကုသိုလ်ရတာပေါ့။ ကဲ‥ကဲ‥ဘုန်းကြီးလည်း ဒကာလေးတို့နဲ့အတူ ဝိုင်းကူလုပ်ပါ့မယ်။ ကဲ‥လာကြ လာကြ'

ဦးပဥ္စင်းကြီးက ပြောပြောဆိုဆိုဖြင့် စေတီရင်ပြင် အနီးတစ်ဝိုက်မှ မြက်ပင်နှင့် ချုံနွယ်များကို လက်ဖြင့် နုတ်ပစ်လိုက်သည်။ လူပုလေးသုံးဦးကလည်း ဓားမကိုယ်စီဖြင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းနေကြသည်။ နေ မွန်းတည့်ချိန် ရောက်လုနီးချိန်တွင် တောင်းကိုယ်စီ ရွက် လာသည့် အမျိုးသမီးငယ်နှစ်ဦး ဦးပဥ္စင်းကြီးနှင့် လူပု လေးများရှိရာသို့ ရောက်လာသည်။

ဦးပဥ္စင်းကြီးက ထိုအမျိုးသမီးငယ် နှစ်ဦးကို အံ့ဩစွာ ကြည့်ရင်းမှ-

'ဒကာမလေးတို့က ဘယ်ကနေ လာကြတာ ကွယ်။ ဘာအကြောင်းကိစ္စများ ရှိကြလို့လဲ'

အမျိုးသမီးငယ် နှစ်ဦးက ဦးပဥ္စင်းကြီး၏ စကား ကြောင့် တစ်ဦးမျက်နှာတစ်ဦး ကြည့်ပြီးနောက်-

'ဒီလိုပါဘုရား၊ တပည့်တော်တို့ ညီအစ်မက ပအ ကုန်းရွာကပါဘုရား။ ယောဒီကြပ်ပြင်ကုန်းက စေတီ ဘုန်းတော်ကြီးတစ်ပါး လာရောက်သီတင်းသုံးပြီး စေ ကို ပြုပြင်နေတယ်ဆိုတဲ့ သတင်းကြားလို့ အရှင်ဘု ဘုဉ်းပေးဖို့အတွက် စားသောက်စရာတွေ လာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရား။ တပည့်တော်မတို့ရဲ့ အလှူကို လက်ခံပေးပါဘုရား' ဟူ၍ ပြောကာ ဦးပဍင်းကြီးထံသို့ တောင်းများကိုမ,၍ ကပ်လှူလိုက်ကြသည်။

လူပုလေးများကလည်း အနီးမှနေ၍ ငေးကြည့်နေကြသည်။ ဒကာမနှစ်ဦးကပ်လှူသော လှူဖွယ်ပစ္စည်းတို့ကို ဦးပဍင်းကြီးက လက်ခံပြီးနောက် သာဓုခေါ်ကာ ဆုပေးလိုက်သည်။

'ခုလိုလှူဒါန်းရတဲ့ အကျိုးအားကြောင့် အလှူရေစက် လက်နဲ့မကွာ လှူနိုင်တန်းနိုင်ပြီး ကိုယ်စိတ်ချမ်းသာကျန်းမာစွာနဲ့ သာသနာအကျိုးကို သယ်ပိုးနိုင်ပါစေ။ နိဗ္ဗာန်တရားတော်မြတ်ကိုလည်း အေးချမ်းစွာ ကျင့်ကြံအားထုတ်နိုင်ပြီး မဂ်ဖိုလ်တရားများကို ရရှိခံစားနိုင်ကြပါစေကွယ်။ သာဓု··သာဓု··သာဓု'

ဦးပဍင်းကြီး ဆုပေးပြီးသည်နှင့် အမျိုးသမီးညီအစ်မနှစ်ယောက်မှာ တောင်းထဲမှ စားသောက်ဖွယ်ရာများကို ဦးပဍင်းကြီးရှေ့၌ ချထားခဲ့ပြီးနောက် ဦးချနှုတ်ဆက်၍ လာလမ်းအတိုင်း ပြန်ထွက်သွားကြသည်။ ဦးပဍင်းကြီးက ထိုအမျိုးသမီးငယ်နှစ်ယောက်ကို ငေးကြည့်နေသော်လည်း မကြာမီမှာပင် ထိုအမျိုးသမီးငယ်နှစ်ဦးမှာ ပျောက်ခြင်းမလှ ပျောက်သွားသည်။ ဦးပဍင်းကြီးက တစ်စုံတစ်ခုကို သိနေသလို ခေါင်းကို သုံးလေးကြိမ်ညိတ်ပြီးနောက် ဆွမ်းဘုဉ်းပေးရန် ပြင်လိုက်သည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါတွင် –

'ကဲ··ကဲ··မင်းတို့လည်း ငါ့ကို ဝိုင်းကူလုပ်ပေးကြရတော့ ဗိုက်ဆာနေရောပေါ့။ စားကြကွာ။ မင်းတို့ ခုလို စားရကံကြုံတာ ကံကောင်းတာပေါ့။ စား··စားကြ၊ အဝသာ စားကြဟေ့'

ဦးပဍင်းကြီး စကားကြောင့် လူပုလေး သုံးဦးမှာ သဘောအကျကြီးကျကာ ထမင်းဟင်းတို့ကို မြိန်ရေရှက်ရေ စားသောက်ကြတော့သည်။ ဦးပဍင်းကြီးက စားသောက်နေသော လူပုလေးတို့ကိုကြည့်ကာ ခေါင်းတဆတ်ဆတ် လုပ်နေ၏။ ပြီးမှ အဝေးသို့ငေးကာ တစ်ခုခုကို တွေးတောနေလေ၏။ ထိုစဉ် –

'ဒီနေရာက မေတ္တာတရားနဲ့ နေမှရတယ်။ မေတ္တာစိတ်သာ မွေးမြူရင် ဘာမဆို သူ့အလိုလို ဖြစ်လာလိမ့်မယ်။ တရားများများအားထုတ်ပြီး မေတ္တာများများထားပါ။ အကြံအစည်တွေ အားလုံးအောင်မြင်လာပါလိမ့်မယ်'

ဦးပဍင်းကြီး၏နားတွင် တစ်ဦးတစ်ယောက်က အနားကပ်၍ လာပြောနေသကဲ့သို့ အတိုင်းသားကြားနေရသည်။ ထို့ကြောင့် ခေတ္တမျက်စိမှိတ်၍ မေတ္တာစိတ်မွေးကာ သတ္တဝါအပေါင်းတို့အား မေတ္တာပေးပို့လိုက်သည်။ အတန်ကြာမှ မျက်စိဖွင့်ကြည့်ရာတွင် လူပုလေးများမှာ ထုံးစေတီရင်ပြင်ပေါ်၌ သန့်ရှင်းရေးဆောင်ရွက်နေကြသည်ကို တွေ့လိုက်ရ၍ ဦးပဍင်းကြီးလည်း ထိုနေရာသို့ သွားရောက်ကာ ဝိုင်းဝန်းလုပ်ကိုင်နေလေ၏။

ညနေမှောင်စပျိုးလာသောအခါ သန့်ရှင်းရေးလုပ်ခြင်းကို နားလိုက်ရာ လူပုလေးများက ဦးပဍင်းကြီးကို နှုတ်ဆက်ကာ ပြန်သွားကြ၏။ မကြာမီ အမှောင်ထုက လွှမ်းခြုံလာပြီဖြစ်ရာ ဦးပဍင်းက တရားအားထုတ်ရန် ပြင်ဆင်ပြီး မေတ္တာပို့၍ ပုတီးစိပ်ကာနေလေ၏။ ဝန်းကျင်တခိုတွင် လေတိုးသံမှတစ်ပါး အခြားဘာသံမျှ မကြားရတော့ချေ။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမူ ဦးပဍင်းကြီးအနီးမှနေ၍ ထိုနေရာတစ်ဝိုက်၌ ယခင်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ဟောင်းများကို အစီအရီရှင်းပြနေလေ၏။

'ဒီကျွဲမသနားတောင်တစ်ဝိုက်မှာ ပျံလွန်တော်မူသွားတဲ့ မပုပ်မသိုး ပထမဆရာတော်ကြီး ပိန္နဲကွင်းဆရာတော်လို့ခေါ်တဲ့ ဆရာတော်ဦးကလျာဏဟာ သက္ကရာဇ်(၁၂၃၀) ဝန်းကျင်က ဒီနေရာမှာ တရားကျင့်ကြံပွားများအားထုတ်ခဲ့တယ်။ အဲဒီဆရာတော်ကြီးဟာ ဆင်ရိုင်း၊ ကျားရိုင်းနဲ့ ကျွဲ၊ နွားတွေကို ကိုက်သတ်မျိုနိုင်တဲ့ မြွေဆိုးကြီးအမျိုးမျိုး၊ ဝေမာနိကတွေ ပေတတွေနဲ့ အကြိမ်ကြိမ် တွေ့ကြုံရင်ဆိုင်ရပြီး မေတ္တာတန်ခိုးတော်နဲ့ အေးချမ်းစွာ တရားအားထုတ်နိုင်ခဲ့တယ်။ ဒီကျွဲမသနားတောင်မှာ နေတော်မူစဉ်မှာ လူအများ လာရောက်ဖူးမြော်ကြရာမှ ဒကာမတစ်ဦးက စမ်းရေထွက်နေတဲ့ နတ်ရေကန်မှာ ရေချိုးတာကြောင့် ရေတွေ ခန်းခြောက်သွားတာကို ဆရာတော်စွမ်းအားကြောင့် ချက်ချင်း ရေတွေပြန်ထွက်လာခဲ့တယ်။

အဲဒီလို ဆရာတော်ကြီးကို လူတွေ လာဖူးကြရာမှာ ဆရာတော်ကို အခန်းမှာ မတွေ့မမြင်ကြရသော်လည်း ဆွမ်းစားချိန် တုံးခေါက်ပါက ဆရာတော်မှာ ဒကာ၊ ဒကာမများရှေ့ အလိုလို ရောက်လာတယ်။ ဒေါ်အမြင်

www.burmeseclassic.com

မြေသွတ္တဝါတွေကိုကြည့်ပြီး ဟိုဒကာမ နောက်ဆုတ်၊ ဟိုဒကာမ ရှေ့တိုး စသည်ဖြင့် ပြောပြီး တရားဟောလေ့လည်း ရှိခဲ့တယ်။ တကယ်တော့ ဒီနေရာဟာ တရားထူး တရားမြတ် ရှာဖွေရရှိနိုင်တဲ့နေရာ ဖြစ်တယ်။ ကြိုးစားအားထုတ်ပြီး မေတ္တာတရားနဲ့နေပါ။ အားလုံးက ဝိုင်းစောင့်ရှောက်ပါလိမ့်မယ်။ ခုလည်း ပုဂ္ဂိုလ်တွေက စောင့်ရှောက်နေတာ သိပါတယ်နော်'

ရှင်းပြပြောဆိုသံ ပျောက်သွားခဲ့သော်လည်း ဦးပဉ္ဇင်းကြီးက မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအားထုတ်ရင်း ညဥ့်ဝက်ကျော်ကို ဖြတ်သန်းခဲ့သည်။ အရုဏ်နီးမှ ခေတ္တခေါင်းချအိပ်စက်ခဲ့ရာ မိုးလင်းသည်နှင့် တစ်ရေးနိုးခဲ့သည်။ ပြီးလျှင် နေ့စဉ်ပြုနေကျ ထုံးစေတီအနီးတစ်ဝိုက်သို့ လှည့်ပတ်ကာ သန့်ရှင်းရေးလုပ်တော့သည်။ မနေ့ကလာသည့် လူပုလေးများ ရောက်မလာ။ သို့ရာတွင် ရွာသားငါးဦးခန့် အသစ်ရောက်လာပြီး ဦးပဉ္ဇင်းကြီးအား ကူလုပ်ပေးသဖြင့် ဦးပဉ္ဇင်းကြီး စခန်းချရာ အနီးတစ်ဝိုက်မှ ချုံနွယ်ပိတ်ပေါင်းများ အတော်ရှင်းသွားသည်။

ထို့ပြင် ထုံးစေတီအောက်ဘက် ချိုင့်ဝှမ်းအတွင်း၌ ကျောက်လိုဏ်ဂူတစ်ခုနှင့် နတ်ရေကန်ကို တွေ့ရပြန်ရာ မနေ့ညက လာပြောသွားသည့် စကားတချို့ကို ပြန်၍ သတိရမိလိုက်သည်။ နတ်ရေကန်ထဲ၌ စမ်းရေက စိမ့်၍ စီးဆင်းနေရာ သောက်ရေအတွက် အဆင်ပြေသွားသည်။ ထို့ပြင် ကျောက်လိုဏ်ဂူအတွင်း၌လည်း တစ်ယောက်ထိုင်၍ တရားကျင့်နေနိုင်သည့် ကျောက်ထိုင်ခုံသုံးခုမှာ ဂူပေါက်သုံးခုဆီတွင် အဆင်ဆင့်ရှိနေ၍လည်း တရားကျင့်ရန် ပို၍အဆင်ပြေသွားသည်။ ထို့ကြောင့် ယနေ့မှစ၍ ကျောက်လိုဏ်ဂူအတွင်း၌ ပြောင်းရွှေ့၍ တရားကျင့်ရန် ကြံတင်ဆုံးဖြတ်လိုက်မိလေ၏။

'တပည့်တော်တို့လည်း ဒီအရပ်မှာ နေလာတာ ကြာပါပြီ။ ဒီလို စေတီတွေ၊ လိုဏ်ဂူတွေ ရှိနေမှန်း မသိပါဘူးဘုရား။ မနေ့က ဒီနားက ဖြတ်သွားရင်း အရှင်ဘုရား သန့်ရှင်းရေးလုပ်နေတာကိုမြင်လို့ ထူးဆန်းတယ်ထင်ပြီး ရွာက သူတို့တွေကို ပြောပြပြီး ဒီနေ့ ဒီကိုလာစုံစမ်းတာပါဘုရား။ အရှင်ဘုရားက ဘယ်က ကြွလာတာပါလဲဘုရား'

'အင်း..ကျုပ်က ဂန္ဓာရီခရီးသွားရင်းက ဒီနေရာကို လမ်းညွှန်လို့ ရောက်လာခဲ့တာပေါ့။ ဒီမှာပဲ သာသနာပြုဖို့ ကျုပ်ဆုံးဖြတ်လိုက်ပါပြီ။ ဒီနေရာမှာ သာသနာထွန်းကားတော့ ဒကာကြီးတို့ ရွာသူရွာသားတွေလည်း သာသနာနဲ့နီးပြီး ကုသိုလ်တွေ ပြုနိုင်ကြတာပေါ့။ မကောင်းဘူးလား'

'ကောင်းပါတယ်ဘုရား။ တပည့်တော်တို့တွေကို လိုတာပြောပါဘုရား။ အရှင်ဘုရားအတွက် ဒီနေ့ကစပြီး ဆွမ်း၊ ကျောင်း၊ ဆေး၊ သင်္ကန်း စတဲ့ ပစ္စည်းလေးပါးကို တပည့်တော်တို့ ရွာသူရွာသားတွေ တာဝန်ယူပါ့မယ်ဘုရား။ အရှင်ဘုရား ငြိမ်းငြိမ်းချမ်းချမ်းနဲ့ သာသနာပြုတော်မူပါဘုရား'

'ကဲ..ကဲ..ဒကာတွေရဲ့ စကားကြားရတာ ဘုန်းကြီးဝမ်းသာပါတယ်။ လောလောဆယ် ဟောဒီရှေးဟောင်း စေတီတော်ကို ပြုပြင်မွမ်းမံပြီး ထီးတော်တင်နိုင်အောင် ကြိုးစားကြ။ ကြားလား'

'တင်ပါ့ဘုရား'

ထိုနေ့မှစ၍ ဦးပဉ္ဇင်းကြီး ဦးပညာသီရိ သီတင်းသုံးရန် ကျောင်းဆောင်တစ်ဆောင်ကိုလည်းကောင်း၊ ဦးပဉ္ဇင်းကြီး နေ့စဉ် ဆွမ်းဘုဉ်းပေးရန်ကိုလည်းကောင်း ထိုကြံပိပြင်ကုန်းနှင့် နီးကပ်သော သံပရာကုန်းရွာနှင့် တောင်ဇင်းရွာမှ ရွာသူရွာသားတို့က အလှည့်ကျတာဝန်ယူ လုပ်ကိုင်ပေးခဲ့ကြသည်။ တစ်နေ့ထက် တစ်နေ့လည်း လူသူအမြောက်အမြား လာရောက်ဖူးမြော်ကြကာ ဦးပဉ္ဇင်းကြီးကိုလည်း လှူဒါန်းမှုအစုစုပြုကြသည်။

ထို့ကြောင့် ဦးပဉ္ဇင်းကြီး ဦးပညာသီရိမှာ အေးချမ်းစွာ တရားကျင့်ကြံပွားများ အားထုတ်နိုင်လေသည်။ ထိုအရပ်၌ ရှိကြကုန်သော မြင်အပ်မမြင်အပ်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့နှင့် ပေတအပါအဝင် သတ္တဝါတို့အား မေတ္တာတရားထား၍ နေလာခဲ့ရာ သာသနာတော်ဖွံ့ဖြိုးတိုးတက်လာကာ မကြာမီ ထုံးစေတီတော်အား ထုံးသင်္ကန်းဆက်ကပ်၍ ထီးတော်သစ်ကို တင်လှူပူဇော်နိုင်ခဲ့သည်။ စေတီတော်၏ ဘွဲ့တော်ကိုလည်း ဆန္ဒပြည့်စေတီတော်ဟူ၍ ပေးခဲ့သည်။ ထိုသာသနာ့နယ်မြေကိုလည်း ကြံပိပြင်တောရ သာသနာ့နယ်မြေဟူ၍ မှည့်ခေါ်ကာ ယနေ့တိုင် သာသနာပြုလျက် ရှိနေပါတော့သည်။

ချစ်မင်း

www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသုခ သွေးသန့်အားတိုးဆေး



နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွှေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

**လူကြီး** – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

# အကြောသုခ ဒဏ်ကြေလိမ်းဆေး



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအဆီ)
0203 Y 4340



0203 Y 4340



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ် အကြောထုံးခြင်း၊ ဖက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆



www.burmeseclassic.com

www.burmeseclassic.com



# အမေကြွမ်း ရောက်ခဲ့သည့် တစ္ဆေပြည်

**ဦးကိုကိုကြီး**
([illegible])

စာရေးသူတို့ဒေသတွင် (၂၀၁...
ခုနှစ်မိုးသည် အရင်နှစ်တွေနှင့်...
ထူးထူးခြားခြား ပို၍ပင် ရွာသွန်း...
သည်။

(၂၀၁၇)ခုနှစ်ရဲ့ မြန်မာလပြ...
နယုန်လပြည့်နေ့ကတည်းက ...
ပြင်းထန်ထန် ရွာချလိုက်၊ ...
နားလိုက်နှင့် ရွာသွန်းလာ...
သည်မှာ နယုန်လကွယ်...



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါ၏။

မိုးရွာရက်များတွင် ရာသီက အေးနေသဖြင့် စာရေးသူ ဘယ်ကိုမှ မသွားဖြစ်ဘဲ အိပ်ရာထက်ဝယ် နွေးနွေးထွေးထွေးအိပ်နေကာ ဟိုဟိုဒီဒီ တွေးတောနေရင်းက လွန်ခဲ့သည့်နှစ်များက အဘွားအိုတစ်ဦးနှင့် တွေ့ကြုံခဲ့ရသော အတိတ်ဆီသို့ စိတ်သည် ပျံ့နှံ့ရောက်ရှိသွားခဲ့ပါသည်။

အတွေးပေါ်လာတုန်း စာကောက်ရေးရန် သတိရလာသဖြင့် အိပ်ရာထက်မှထကာ စာရေးစားပွဲဆီသို့ သွားလိုက်ပါသည်။

စာရေးစားပွဲထံရောက်သည်နှင့် ကုလားထိုင်ကို ဆွဲထိုင်လိုက်ပြီး ဘောပင်ကောက်ကိုင်ကာ စာရွက်ပေါ်သို့ စာများ ရေးချလိုက်မိပါတော့သည်။

ရေးပြီးဆိုသည်နှင့် စာရှုသူများအတွက် အကြားအမြင် အသိဆိုသည်များ ရကြပါစေဆိုသည့် စာရေးသူ၏စိတ်က ဦးစွာအရင် ဖြစ်ပေါ်မိပါသည်။

◆◆◆

မှတ်မှတ်ရရ (၅-၁၂-၂၀၁၀)ရက် တနင်္ဂနွေနေ့ နံနက်က စာရေးသူ၏ ဆိုင်ကယ်ဘရိတ် မီးမလင်းသဖြင့် (၂)မတာယမှ သင်တန်းကျောင်းလမ်းဆုံ ဆိုင်ကယ်ပြုပြင်ရေးဆိုင်သို့ ဆိုင်ကယ်မောင်းနှင်၍ ထွက်သွားခဲ့ပါသည်။

စာရေးသူသည် ဆိုင်ကယ်ချွတ်ယွင်းချက်ဖြစ်တိုင်း သင်တန်းကျောင်းလမ်းဆုံသို့သာ သွားရောက်ပြုပြင်လေ့ရှိပါသည်။

ထိုလမ်းဆုံဆိုင်တွင် ဆိုင်ကယ်ပြင်ဆိုင် တစ်ဆိုင်တည်းသာရှိပြီး ပြင်ဆိုင်ရှိ လူငယ်လေးသည် ကျွမ်းကျင်ပိုင်နိုင်စွာ ပြုပြင်နိုင်သူဖြစ်၏။ ဆက်ဆံရေးလည်း ကောင်းမွန်ကာ ပြုပြင်ခဈေးနှုန်းလည်း သက်သက်သာသာ ရှိပါသည်။

ဆိုင်သို့ ရောက်သည်နှင့် ထိုလူငယ်က 'ဦး..ဆိုင်ကယ် ဘာဖြစ်လို့လဲ' ဟု စတင်မေးလာပါသည်။

စာရေးသူမှ 'သားရေ..ဆိုင်ကယ်ဘရိတ်မီး မလင်းလို့ကွာ' ဟု ပြောပြရာ သူ၏တပည့်လေးအား ဆိုင်ကယ်ကာဗာများ ဖြုတ်နိုင်းလိုက်ပါသည်။

ဝိုင်ယာပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ဖြစ်သဖြင့် ဆိုင်ကယ်တွင် လိုက်လံ၍ အပြစ်လိုက်ရှာနေကြပါသည်။

ထိုလူငယ်များ ရှာနေစဉ် စာရေးသူလည်း ဆိုင်အပြင်ထွက်၍ ဆောင်းကာလ ချမ်းသည့်မို့ နေဆာလှုံရင်း ပြုပြင်မှုပြီးသည့်အချိန်အား စောင့်ဆိုင်းနေမိပါတော့သည်။

ထိုခဏဝယ် အဘွားအိုတစ်ဦးသည် တောင်ဝှေးတစ်ချောင်းဖြင့် စာရေးသူ၏ရှေ့မှ ဖြတ်လျှောက်လာစဉ် စာရေးသူသည် အဘွားအိုအား နှုတ်ဆက်လိုသောစိတ်များ ဖြစ်ပေါ်လာသဖြင့် 'အမေ..လမ်းလျှောက်သွားမလို့လား' ဟု မေးလိုက်မိပါသည်။

အဘွားအိုကို မြင်ရသည့်ပုံမှာ ခန္ဓာကိုယ်ဝယ် သေးသေးသွယ်သွယ်ရှိပြီး အရပ်အမောင်း သင့်တင့်စွာရှိကာ မျက်နှာမှာ ပြုံးရွှင်ချိုသာသော အနေအထားရှိသည်ကို တွေ့မြင်ရပါသည်။

စာရေးသူ၏ နှုတ်ဆက်လိုက်မှုကြောင့် စာရေးသူ၏ ရှေ့တွင် ရပ်တန့်လျက် အဘွားအိုမှ ချိုရွှင်သော မျက်နှာပေး၊ ပြုံးရွှင်သော မျက်နှာတို့ဖြင့်-

'ဟုတ်တယ် သား၊ အိမ်မှာချည်း ထိုင်နေလို့ ကျန်းမာရေးမကောင်းဘူး။ လမ်းလေးဘာလေး ထွက်လျှောက်မှ နေလို့ထိုင်လို့ ကောင်းတာကွယ့်။ အမေ့အသက်က (၈၆)နှစ်ရှိပြီလေ။ သေဖို့နီးပြီပေါ့ကွယ်။ မသေခင် နေရခိုက်မှာ အာရောဂျ ပရမံလာဘ်ဆိုတဲ့ စကားအတိုင်း နေရတာပေါ့။ အမေ့ခင်ပွန်းကတော့ အသက်(၇၀)မှာ ဆုံးသွားတယ် သား' ဟု မမေးသည့် မေးခွန်းများကိုပါ ထည့်ပြောသွားပါသည်။

အဘွားအိုသည် အသက်(၈၆)နှစ်ပင် ရှိပြီဖြစ်သော်လည်း လမ်းသွားနှုန်း မနှေးသလို စကားပြောဆိုမှုမှာလည်း သွက်သွက်လက်လက်ရှိနေဆဲ ဖြစ်ပါသည်။

မျက်လုံးများကလည်း ကြည်လင်မှု ရှိနေသေးသလို နားများကလည်း ကောင်းပုံရပါသည်။

အဘွားအိုသည် လမ်းဆက်လျှောက်ရမည်ကို ဆက်မလျှောက်သေးဘဲ စာရေးသူ၏ ရှေ့တွင်ရပ်လျက် စကားဆက်လက်ပြောချင်နေပုံရပါသဖြင့် စာရေးသူကပင်-

'အမေ..ထမင်းတွေ ဟင်းတွေရော စားကောင်းသေးရဲ့လား။ ကျန်းမာရေးကတော့ အမေ့ကို ကြည့်ရတာ ကောင်းပုံရတယ်နော်' ဟု မေးလိုက်မိပါသည်။

အဘွားအိုမှ-

'ထမင်းက တစ်ပန်းကန်တော့ စားနိုင်ပါသေးတယ်။ ကျန်းမာရေးကတော့ အသက်ကြီးပြီပဲကွယ်။ မကောင်း

www.burmeseclassic.com

တဲ့အခါလည်း ရှိတာပေါ့'

ဆက်လက်ပြီး အဘွားအိုက ပြောပြန်ပါသည်။

'ကျန်းမာရေးဆိုလို့ သွားသတိရပြန်ပြီ။ အမေ့အသက် (၂၈)နှစ်လောက်ကတော့ သေပြီလို့ ထင်ရတဲ့အထိ မကျန်းမမာ ဖြစ်ခဲ့ဖူးတယ်'

'သားလည်း အကြားအမြင်ဗဟုသုတရအောင် ပြောပြရဦးမယ်။ အဲဒီတုန်းက အမေရဲ့ရောဂါ အသည်းအသန်ဖြစ်လာပြီး အိပ်ရာထဲမှာ (၃)ရက်တိတိ သတိမရဘဲ မှောနေတယ် သား။ အမေ မေ့မြောသွားတော့ ဘယ်ရောက်သွားသလဲဆိုရင် တစ္ဆေပြည်လို့ပဲ အမေ့စိတ်ထဲမှာ ထင်တယ်။ လွင်ပြင်အကျယ်ကြီး တစ်ခုထဲကို ရောက်သွားတယ်'

အဘွားအို၏ စကားထဲတွင် တစ္ဆေပြည်ဆိုသော စကားတစ်ခွန်း ပါလာသဖြင့် စာရေးသူ အဘွားအို၏ စကားကို ပို၍နားစွင့်နားထောင်လိုက်မိပါသည်။

တစ္ဆေပြည်ဆိုသည်ကို စာရေးသူသည် ရှေးလူကြီးများ ပြောစကားအရ ကြားဖူးနားဝ ရှိခဲ့ဖူးသော်လည်း သေသေချာချာ နားမလည်ခဲ့ပါ။

ယခု အဘွားအိုက သူ၏ကိုယ်တွေ့ ဖြစ်ခဲ့ရသည့်၊ ကြုံခဲ့ရသည့် အဖြစ်အပျက်ကို ပြောပြမည်ဖြစ်သဖြင့် စာရေးသူ စိတ်ဝင်တစား ရှိလှန်းမိပါသည်။

သို့ဖြစ်၍ စာရေးသူမှ 'ပြောပါအမေ၊ ဆက်ပြောပါ။ ကျွန်တော် နားထောင်နေပါတယ်'ဟု အဘွားအိုအား ပြောလိုက်မိပါသည်။

အဘွားအိုမှ ဆက်၍-

'အဲဒီ အဆုံးအစမရှိတဲ့ လွင်ပြင်ကျယ်ကြီးထဲမှာ သတိရတဲ့အချိန်မှာ ပြန်စဉ်းစားမိတာက လွင်ပြင်ကျယ်ကြီးဟာ လေမတိုက် ဘာမတိုက်နဲ့ ပူပြင်းလိုက်တာ ပြောမယုံနိုင်စရာဘဲ။ အမေလည်း လွင်ပြင်ကျယ်ကြီးထဲမှာ ကယ်မယ့်သူကို လိုက်ရှာနေမိတယ်။ မရပ်မနား ချည့်ချည့်နဲ့နဲ့ ကယ်တင်ရှင်ကို လိုက်ရှာနေလိုက်တာ (၂)ရက်ကြာသွားတယ် သား။ ပင်ပန်းဆင်းရဲပါဘိတော့တယ်ကွယ်။ လိုက်ရှာရင်း (၃)ရက်မြောက်နေ့မှာတော့ အဲဒီလွင်ပြင်ကြီးထဲမှာ အိမ်ကလေးနှစ်လုံး သွားတွေ့ရတယ်။ အိမ်ကလေးနှစ်လုံးက သပ်သပ်ရပ်ရပ်ပဲ သားရဲ့။

အမေလည်း ခရီးပြင်းနှင်လာရတော့ ရင်ထဲမှာ ပူပြင်းစွာ ခံစားရလွန်းလို့ အဲဒီအိမ်ကလေးနှစ်လုံးရှိရာကို ရှိသမျှ အင်အားတွေ အသုံးချပြီး အရောက်ပြေးသွားမိတယ်။ ရောက်တာနဲ့ အားကိုးတကြီးနဲ့ ကြည့်လိုက်တော့ ဝဝတုတ်တုတ် မိန်းမကြီးတစ်ယောက် ဝက်စာပုံးကြီးကိုင်ပြီး အိမ်ပေါ်က ဆင်းလာတာကို တွေ့ရတယ်။ အမေ့ကို သူမြင်တော့ သူက စကားမပြောဘူး။ သူလုပ်စရာ ရှိတာကိုပဲ လုပ်နေတယ်။

အမေက အဲဒီမိန်းမကြီးကို စကားစပြောမလို့ လုပ်နေတုန်းမှာပဲ တစ်ကိုယ်လုံး နီရဲနေတဲ့ လူကြီးတစ်ယောက်က ဘယ်ကနေဘယ်လို ရောက်လာမှန်းမသိ အမေ့ရှေ့ကို ရောက်လာတယ်။ အဲဒီလူကြီးရဲ့မျက်နှာကို အမေ အသေအချာကြည့်လိုက်တော့ မျက်နှာကြီးက မျက်စိ၊ ပါးစပ်တွေ မတွေ့ရှိရဘဲ နီနီရဲရဲမျက်နှာကြီးကိုပဲ တွေ့ရတယ်။ ဆံပင်တွေကလည်း နီနီရဲရဲ အရှည်ကြီးမှာ အကုန်လုံးသော ဆံပင်တွေဟာ မိုးပေါ်ကို ထောင်ပြီးနေတာကို မြင်တွေ့ရတယ် သား။

အဲနောက် အမေ့ကို အဲဒီလူနီကြီးက လက်ယပ်လှမ်းခေါ်တယ်။ အမေလည်း မသွားချင်ဘဲနဲ့ ကြောက်ကြောက်နဲ့ပဲ လူနီကြီးနားကို ဘယ်လိုရောက်သွားမှန်းမသိ ရောက်သွားပါတယ်။

လူနီကြီးက နင့်ကို ဒီမှာခေါ်ထားရမယ်။ ဟိုမှာတွေ့လား၊ နင့်ဖို့ အိမ်တစ်လုံး အသင့်ရှိတယ်။ နင်နေဖို့ အဆင်သင့် လုပ်ပြီးသားပဲ။ ငါ့ကိုလည်း နင့်လင် လုပ်ရမယ်။ နေမယ်မဟုတ်လားလို့ အမေ့ကို အသံလုံးကြီးကြီးနဲ့ မေးတယ်။

အဲဒီအချိန်မှာ အမေ့ရင်တွေဟာ မခံစားနိုင်လောက်အောင်ကို ပူပြင်းလာတယ်။ ကြောက်အားတွေလည်း ပိုတိုးလာတယ်။ ကြောက်ကြောက်ရွံ့ရွံ့နဲ့ အမေ အားယူပြီး လူနီကြီးကို ကျွန်မလင် မလုပ်နိုင်ဘူး။ ကျွန်မ ဒီမှာလည်း မနေနိုင်ဘူး။ ကျွန်မမှာ ယောကျ်ားရှိတယ်။ ကျွန်မအိမ်ကို ကျွန်မ ပြန်မယ်ဆိုပြီး အော်ပြောလိုက်မိတယ်။

လူနီကြီးက ဩော်…အေး…အေး…နင် ပြန်ချင်ရင်တော့ ဟိုမှာတွေ့လား၊ လဲနေတဲ့ သစ်သားတုံးထဲကို နင်ဝင်လို့ရရင် နင့်အိမ်နင် ပြန်နိုင်တယ်ဆိုပြီး တစ်ပေလောက်အဝရှိပြီး အရှည်လူတစ်ရပ်သာသာ သစ်ခေါင်းတုံးထဲကို ဝင်ခိုင်းတယ် သားရယ်။



www.burmeseclassic.com

www.burmeseclassic.com

အမေကလည်း အိမ်ကို အရမ်းပြန်ချင်နေတော့ သစ်တုံးဆီကို ပြေးသွားပြီး ဦးခေါင်းနဲ့ တိုးဝင်ကြည့်လိုက်တယ်။ စိတ်ကလည်း ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ ဆိုနေမိတယ်။

အဲဒီအချိန်မှာ အမေရဲ့ကိုယ်လုံးဟာ သစ်သားတုံးလောက် ကိုယ်ခန္ဓာဖြစ်သွားပြီး ကျပ်ကျပ်တည်းတည်းနဲ့ မရမက တိုးဝင်ခဲ့ရတယ်။

တိုးဝင်ရင်း သစ်သားတုံးရဲ့ တစ်ဖက်ပေါက်ကို ခေါင်းလည်း ပြူလာရော အမေ ရေငတ်လာတယ်။ ပါးစပ်ကလည်း ရေပေးပါ၊ ရေပေးပါလို့ တောင်းနေမိတယ်။

လူနီကြီးက အမေ့ကို မပါတဲ့မျက်လုံးနဲ့ ကြည့်နေပြီး ရေမပေးဘူးကွယ့်။ အမေ့ခန္ဓာကိုယ်ကလည်း သစ်သားတုံးထဲမှာ ကျပ်ညပ်ပြီး လူကို ချုပ်နှောင်ထားသလို တင်းတင်းကျပ်ကျပ်ကြီး ခံစားနေရတယ်။

အမေလည်း မွန်းကျပ်စွာ ခံစားနေရင်းက အားကုန်အသံကုန်သုံး အော်ဟစ်ပြီး ရေတောင်းလိုက်တဲ့အချိန်မှာ အမေဟာ တိုးညင်းစွာနဲ့ ရေတောင်းနေတာကို အမေ မေ့မြောနေရာကနေ သတိရလာပြီး သိလိုက်ရတယ်။

အဲဒီလို အမေ့ရဲ့ဘဝတစ်သက်မှာ ယနေ့အထိကို မမေ့နိုင်လောက်အောင် အမေ ကိုယ်တွေ့ကြုံခဲ့ရဖူးတယ်သား'

အမေ ခဏစကားရပ်သွားခိုက် စာရေးသူမှ-

'ဪ··ဒါနဲ့ အမေ့နာမည် ဘယ်လိုခေါ်ပါသလဲ'

ဟု မေးမိရာ အဘွားအိုမှ-

'အမေ့နာမည်အရင်းက မမြသန်းတဲ့။ ဒါပေမဲ့ အမေ့ရဲ့ အဖေက အမေငယ်ငယ်က အမေတို့ရွာမှာရှိတဲ့ နွတ်ကြမ်း၊ လူကြမ်း မိန်းမကြီးလို ကြမ်းကြမ်းတမ်းတမ်း ရှိမယ်ထင်ပြီး အဲဒီမိန်းမကြီးရဲ့နာမည် မကြမ်းကို အစွဲပြုပြီး အမေ့ကို မကြမ်းလို့ ခေါ်ရင်းကနေ အမေကြမ်းလို့ လူခေါ်များကြတယ်ကွယ့်။

ဒါပေမဲ့ အဖေထင်ခဲ့သလို အမေက မကြမ်းတမ်းပါဘူးသား။ ကဲ··စကားတွေ ရှည်သွားပြီ။ လမ်းဆက်လျှောက်လိုက်ဦးမယ် သားရေ' ဟု ပြောဆိုကာ တောင်ဝှေးထောက်လျက် စာရေးသူ၏ရှေ့မှ ထွက်ခွာသွားပါလေတော့သည်။

အသက်(၈၆)နှစ် ရှိပြီဖြစ်သော်လည်း စကားများကို မမော်မပန်း ပြောသွားနိုင်သော အဘွားအို၏ ကျောပြင်ကို ငေးမောကြည့်ရှုရင်း စာရေးသူ ကျန်ရစ်ခဲ့ပါသည်။

ဆိုင်ကယ်ပြုပြင်သည်မှာ မပြီးသေးသဖြင့် ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်ကာ စောင့်ရင်းက အဘွားအို၏ ပြောဆိုမှုများကို ပြန်လည်တွေးတောနေမိပါသည်။

ဤနေရာတွင် အဘွားအိုလို မသေဘဲ မြောနေသည့် အဖြစ်မျိုး စာရေးသူတို့ မြန်မာပြည်တွင် (၃)ရက်မေ့မြောနေတာမျိုး၊ (၇)ရက်မေ့မြောနေတာမျိုး ရှိကြသည်ကို ကိုယ်တွေ့ ကြုံဖူးသူများ ရှိကြမည်ဖြစ်သလို တစ်ဆင့်စကားတစ်ဆင့်နား ကြားဖူးကြတာမျိုးတွေလည်း ရှိကြပါလိမ့်မည်။

မသေသေးဘဲ မြောနေသူတစ်ဦးဟာ မြောနေရင်းဖြင့် ငရဲပြည်ရောက်သွားသည်မျိုး ရှိသလို မြောနေသော နောက်တစ်ဦးမှလည်း နတ်ပြည်ကို ရောက်သွားသည်မျိုးလည်း ရှိပါသည်။

ပသို့ပင်ရှိကြပါစေ အဘွားအိုရောက်သွားသော တစ္ဆေပြည် ဆိုသည်ကလည်း အသက်အရွယ်ကြီးရင့်သူ၊ ဘဝအတွေ့အကြုံရင့်ကျက်သူ၊ ကိုယ်တွေ့ကြုံရသူတစ်ယောက် ပြောပြသောစကား ဖြစ်နေပါသဖြင့် ထူးခြားသည့်ဗဟုသုတ တစ်ခုတော့ ရလိုက်သည်ဟုသာ စာရေးသူ တွေးတောယုံကြည်မိလိုက်ပါတော့သည်။

ဒီနောက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိသည်ကတော့ ဂမ္ဘီရမဂ္ဂဇင်းတိုက်မှတစ်ဆင့် စာဖတ်ပရိသတ်များထံသို့ အဘွားအိုပြောပြသော တစ္ဆေပြည်သို့ ရောက်ခဲ့ဖူးသည့် အကြောင်းအား စာဖတ်ပရိသတ်များ ဗဟုသုတ တစ်ခု ရကြပါစေဆိုသော စိတ်စေတနာကောင်းဖြင့် စာရေးသူမှ မျှဝေပေးလိုက်မည်ဟုသာ ဖြစ်ပါတော့သည်။

ဤစာစုဖြင့် အမေကြမ်း (ခေါ်) ဒေါ်မြသန်းအား ဂါရဝပြုပါသည်။



ဦးကိုကိုကြီး(စစ်သေးရေး)

www.burmeseclassic.com

www.burmeseclassic.com

မျိုးကြီး (အာမရဋ္ဌာနေ)

# ရင်သွေးနိမိတ်

(တစ်)

မိခင်သည် ရင်သွေးငယ်ကို ဝမ်းကြာတိုက်မှာထား၍ ၄င်း၏ကိုယ်မှဖြစ်သော အာဟာရဖြင့် အသက်ကို ရှင်စေ၏။ ထိုအချိန် ထိုကာလ သန္ဓေသားဘဝသည် မိခင်နှင့် ရင်သွေး တစ်သားတည်းရှိလို့နေလေသည်။ မိခင်ချိုလျှင် ချို၏။ ချဉ်လျှင် ချဉ်၏။ ငံလျှင် ငံ၏။ စပ်လျှင် စပ်၏။ အနှီမိခင်မှ သူ၏ရင်သွေးအပေါ် ဖြစ်ပေါ်လာသည့် မြတ်နိုးမှု၊ တွယ်တာမှု၊ ချစ်ခင်မှု၊ စွဲလမ်းမှုတို့သည် မည်သူနှင့်မျှ တုနှိုင်းဖွယ် မရှိပါချေ။ မိခင်တို့သည် ရင်မှဖြစ်တည်လာမည့် ရင်သွေးငယ်လေးများအတွက် ကြိုတင်၍ ရင်အခုန်ကြဆုံး လူသားများလည်း ဖြစ်၏။

ရင်သွေးရင်နှစ် နှုတ်ငုံဖြစ်ကတည်းက သူတို့ ယုံကြည်ရာ ကိုးကွယ်ရာ ဘုရားရှင်တို့ကို ပိုမို၍ ကြည်ညို ဦးညွတ်ကြ၏။ ဆုတောင်းပတ္ထနာ ပြုကြလေ၏။ ထိုသို့ ဆန္ဒဓာတ်များ အားကြီးလာသောအခါ မိခင်တို့၏ စိတ်သန္တာန်တွင် ရင်သွေးနိမိတ်ထူးများ ဖြစ်ပေါ်၍ လာတတ်ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com

ယင်းနိမိတ်ထူးများကို သတိပြုမှတ်သားကြမည်ဆိုပါက ကလေး၏ ဘဝတာတစ်ခုလုံးအတွက်ပင် ကြိုတင်မျှော်မြင်နိုင်ကြမည် ဖြစ်ပါသည်။ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် မယ်တော်မာယာ၏ ဝမ်းကြာတိုက်တွင် ပဋိသန္ဓေနေစဉ်ကာလ၌ ရင်သွေးနိမိတ်အနေဖြင့် မယ်တော်မာယာ၏ လက်ယာနံစောင်းတွင် ဆင်ဖြူတော် ကိန်းဝပ်တော်မူကြောင်း အိပ်မက်နိမိတ်ထူးကို မြင်မက်ခဲ့ပြီးနောက် ဘုရားလောင်း သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့လေသည်။

တုန့်နှိုင်းအပ်သောအရာ မဟုတ်မူ၍ နှိုင်းယှဉ်ဖော်ပြခြင်း မဟုတ်ပါ။ ဆက်စပ်နေမှုများအရ ကျွန်တော့်မိသားစု ကြုံတွေ့မှတ်သားမိသမျှလေးကို ဖွင့်ဟလိုပါသည်။

ကျွန်တော်တို့တွင် သမီးနှစ်ယောက်ရှိရာ ဇနီးသည်က ကိုယ်ဝန်ဆောင်စဉ် ကာလများတွင် ထူးခြားသည့် ရင်သွေးနိမိတ် အိပ်မက်များ မြင်မက်ခဲ့သည့်အကြောင်းများ ဖြစ်ပါသည်။

ဇနီးသည် မရွှေသစ်သည် ယခင် ကျွန်တော်နှင့် အကြောင်းမပါခင် အပျိုစင်ဘဝ မိဘများနှင့် အတူနေစဉ်ကတည်းက ဘုရား၊ တရား ကြည်ညိုရင်းစွဲ သန်သူဖြစ်ပြီး နေ့စဉ်နံနက်အချိန်အခါများတွင် အာစိဏ္ဏကံအနေဖြင့် ဘုရားကန်တော့ခြင်း၊ ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း အမှုတို့ကို ပြု၏။ အလုပ်အကိုင်ကလည်း အရောင်းအဝယ် ကုန်သည်ဖြစ်၍ ရောင်းပန်းဝယ်ပန်း ကောင်းအောင် ဂုဏ်တော်များ ပွားများဖတ်ရှုမှုကိုလည်း အစဉ်ပြုလေ၏။

သမီးကြီးကို နှုတ်ငုံရလာသောအခါ ထိုထိုသော ကောင်းမှုတို့ကို ရင်သွေးလေးအတွက်ပါ အဆတိုးပြီး ဆိုထက်ပို၍ ပြုလေ၏။ တစ်နေ့တွင်တော့ နံနက်ခင်းလေးနာရီခန့်တွင် အပေါ့အပါးသွားပြီး ပြန်လည်အိပ်စက်စဉ် မြင်မက်ခဲ့သည့် ရင်သွေးနိမိတ်ကို ကျွန်တော့်အား ပြောပြလေသည်။

ဆံပင်များ၊ နှုတ်ခမ်းမွေးများ၊ မုတ်ဆိတ်မွေးများ ဖြူဆွတ်နေပြီး အဖြူရောင်ဝတ်စုံကို ဆင်မြန်းထားသည့် သူတော်စင် ပုဂ္ဂိုလ်ကြီးတစ်ဦးက အဖြူရောင်ပိတ်စဖြင့် ထုပ်၍ထားသော အထုပ်ဖြူကြီးတစ်ထုပ်ကို ဇနီးသည်အား လာ၍ပေးလေ၏။ အဆိုပါ အဝတ်ဖြူထုပ်ကို ဇနီးသည်မှ လှမ်း၍ယူဆောင်လိုက်စဉ် အိပ်မက်မှ နိုးသွားကြောင်း ပြောပြလေသည်။ အဆိုပါအိပ်မက်မှာ တစ်ကြိမ်မက နောက်ရက်များတွင်လည်း ရက်ခြား၍ နှစ်ကြိမ်၊ သုံးကြိမ်ခန့် မြင်မက်ကြောင်း ပြောပြသည်ကို သတိရမိလေသည်။ ထိုစဉ်ကတော့ အမှုမဲ့အမှတ်မဲ့ပင်။

သမီးကြီး မရွှေနှင်းအား မွေးဖွားလာသောအခါ အသားအရေက ဝါနှစ်နေပြီး မျက်ခုံးထူထူ၊ ဆံပင်မည်းမည်းနှင့် ပိန်ပိန်ပါးပါးလေး ဖြစ်၏။

အိမ်တွင် ဇနီးသည်၏ အစ်မကြီးမှမွေးသော တူ၊ တူမများ အတူလာနေကြသည်ဖြစ်ရာ မွေးဖွားပြီးကတည်းက အိပ်ချိန်၊ စားချိန်မှလွဲ၍ လက်က မချကြ။ အခြွေအရံပေါလှသလို အဝတ်အစားများမှာလည်း ဇနီးသည်က အဝတ်အထည်များလည်း အရောင်းအဝယ် ပြုလုပ်သည်မို့ ကလေးဝတ်တစ်မျိုးဝယ် တစ်ထည်ဖယ်နှင့် တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် လွန်စွာပေါလှ၏။

ငယ်စဉ်ကတည်းက သမီးလိုချင်သည့် အရာများမှာ နည်းအမျိုးမျိုးဖြင့် ရလာတတ်သည်ကိုလည်း သတိထားမိလေသည်။ လူချစ်လူခင်လည်း ပေါလှ၏။ တစ်စုံတစ်ရာသော ကိစ္စကြောင့် စိတ်လိုက်မာန်ပါ ဆူပူပြောဆိုမိလျှင်လည်း ကျွန်တော်တို့၏ လုပ်ငန်းကိစ္စများတွင် အလားတူ စိတ်ညစ်ညူးဖွယ်ရာများ ပြန်လည်ကြုံတွေ့ရတတ်သည်ကို သတိပြုမိ၏။

ကျွန်တော့်အနေဖြင့် သာမန်ဝန်ထမ်းတစ်ဦးမျှသာဖြစ်၍ မိသားစုအား အပန်းဖြေအနားယူသည့် ခရီးများကို ပို့ပေးနိုင်ခြင်းမရှိသော်လည်း သမီးကြီး မရွှေနှင်းမှာမူ ကား ပိုက်ဆံတစ်ပြားတစ်ချပ်မှ မကုန်ရဘဲ မြန်မာပြည် အနှံ့အပြားသို့ အပန်းဖြေ၊ ဘုရားဖူး စသည့်ခရီးများ မကြာခဏ သွားရလေသည်။ သမီးကို အင်မတန်ချစ်သော ငယ်စဉ်ကတည်းက အတူကြီးပြင်းလာသည့် သူငယ်ချင်းမတစ်ဦးမှာ အတော်အတန် အရာရောက်ပြီး ပြည့်စုံချမ်းသာသော အသိုင်းအဝိုင်းမှ ဖြစ်လေရာ ၎င်းတို့ မိသားစုတစ်တွေ ခရီးသွားတိုင်း အမြဲတစေ စရိတ်ငြိမ်း ခေါ်ဆောင်သွားလေ့ရှိ၍ ဖြစ်လေသည်။

ယမန်နှစ် သင်္ကြန်ကာလ ရုံးပိတ်ရက်တွင် ဆယ်ရက်တာအပန်းဖြေခရီးကို ဂျပန်နှင့် ထိုင်ဝမ်တို့သို့ သူမအတွက် သိန်းခြောက်ဆယ်ကျော် အကုန်အကျခံကာ ထိုသူငယ်

www.burmeseclassic.com

www.burmeseclassic.com

ချင်း မိသားစုမှပင် ခေါ်ဆောင်၍ သွားခဲ့လေသည်။ ကျွန်တော်တို့မိသားစု အခြေအနေအရဆိုလျှင် ရောက်နိုင်ဖို့ လွန်စွာခဲယဉ်းလှပေသည်။

သမီးကြီး ပြည်ပသို့ ခရီးသွားရောက်နေစဉ် သကြင်္န်ကာလ အားလပ်ရက်လည်းဖြစ်၍ သမီးငယ်နှင့်အတူ သမီးကြီး အခန်းအား ရှင်းလင်းပေးရာ သမီးငယ်က-

'မမအဝတ်တွေကလည်း တစ်နေ့ တစ်စုံ,တစ်စုံနဲ့ တစ်နှစ်လောက်ဝတ်တောင် ကုန်မှာမဟုတ်ဘူး'

ဟု ရယ်မောကာပြောသဖြင့် သတိထားမိသွား၍ ဇနီးသည်အား-

'ဒီလောက်အများကြီး ဝယ်ပေးရလား'

ဟု မေးမိရာ-

'အဲဒါ သူ့သူငယ်ချင်း ဝယ်ပေးထားတာတွေချည်းပဲ။ ပလာဇာတွေခေါ်သွားလိုက်၊ သူကြိုက်တာတွေ့ရင် ဝယ်ပေးလိုက်၊ သူ့အတွက် ဝယ်ရင်လည်း တစ်စုံဝယ်လာလိုက်နဲ့'ဟု ပြောပြလေသည်။

ကျွန်တော့်မှာ အလုပ်တာဝန်အရ နေပြည်တော်တွင်သာ အနေများပြီး ရန်ကုန်မှာ သမီးနှစ်ယောက်ကို မရွှေသစ်သာ အုပ်စီးနေ၍ သူမသာ အသိဆုံး ဖြစ်ပါ၏။

ယခင် နေပြည်တော်သို့ မပြောင်းခင်က ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ရာ မင်္ဂလာဒုံရှိ ဝန်ထမ်းအိမ်ရာနှင့် မနီးမဝေး၌ ရှရီရှရီဂျာဂနတ်ဟု ရေးသားထားသော ဟိန္ဒူဘုရားကျောင်းရှိ၏။ ထိုမှတစ်ဆက်တည်း ခြံစည်းရိုးသာခြား၍ အစ္စလာမ်ဘုရားရှိခိုးကျောင်းလည်း ရှိပြန်သည်။ ကျွန်တော်၏သမီးငယ် မရွှေခြူး ကိုယ်ဝန်လွယ်စတွင်လည်း ဇနီးသည်မှာ ရင်သွေးနိမိတ် အိပ်မက်မြင်မက်ပြန်သည်။

ဖော်ပြခဲ့သည့် ဟိန္ဒူဘုရားကျောင်းဘက်ဆီမှ ရှင်မီးနှင့် ဂါဝန်ခပ်နွမ်းနွမ်းလေး ဝတ်ထားသည့် ငါးနှစ်အရွယ်ခန့် ကလေးမလေးတစ်ဦး ကျွန်တော်တို့နေထိုင်ရာ ဝန်ထမ်းအိမ်ရာဘက် ပြေးလာပြီး အိမ်ရှေ့၌ရပ်နေသည့် ဇနီးသည်၏ ထဘီစကို ဆွဲကာဖက်ပြီး 'အတူနေချင်လို့'ဟု ပြောလေ၏။

ဇနီးသည်လည်း အံ့ဩစွာဖြင့် ထိုင်ပြီး ကလေးငယ်၏ ဦးခေါင်းလေးကို ပွတ်သပ်ပေးနေစဉ် အိပ်ရာမှ နိုးသွားကြောင်း ပြန်လည်ပြောပြခဲ့လေသည်။

သမီးငယ်လေး မရွှေခြူးကို မွေးလာသောအခါ နီနီရဲရဲ၊ နှာတံပေါ်ပေါ်၊ မျက်ခွံမို့မို့၊ ဝဝကစ်ကစ်လေးဖြစ်၏။ ယခု ကြီးပြင်းလာသောအခါ မျက်လုံးပြူးပြူး နှာတံချွန်ချွန်၊ အသားညိုညိုနှင့် ဟိန္ဒူ၊ အစ္စလာမ် အမျိုးအနွယ်များနှင့် အတန်ပင် တူလေ၏။ ထိုစဉ်ကလည်း လုပ်ငန်းနေရာ ပြောင်းလာရသည်မို့ ဆွေမျိုးများလည်း နယ်တွင် ကျန်ခဲ့၏။ ဇနီးသည်မှာလည်း အရောင်းအဝယ်လုပ်ငန်းများရပ်ကာ အမျိုးသမီးရေးရာ၊ မိခင်ကလေးစောင့်ရှောက်ရေး စသည့် လူမှုကိစ္စများ၊ အိမ်မှုကိစ္စ ဗာဟီရများနှင့်သာ နိစ္စဓူဝ အလုပ်များလို့နေပေရာ သမီးငယ်မှာ ဇနီးသည်၏အစ်မ အပျိုကြီးနှင့်သာ နေရရှာ၏။ အဝတ်အထည်မှာလည်း ဝန်ထမ်းမိသားစုပီပီ တစ်နှစ် နှစ်စုံ၊ သုံးစုံ စကေးနှင့်သာ ဝယ်ပေး၊ ချုပ်ပေးနိုင်လေ၏။

မိဘနှစ်ပါးက မွေးဖွားလာကြသည်ချင်း အတူတူတွင် ဘဝအကျိုးပေးများက မတူနိုင်ကြပေ။ မိခင်တို့ရင်မှဖြစ်သော ရင်သွေးနိမိတ်ပုံနှင့် သတိပြုဆက်စပ်ကြည့်လျှင် တစ်ထပ်တည်းကျနေသည်ဟု ဆိုရပါတော့မည်။

(နှစ်)

လွန်ခဲ့သော ရက်ပိုင်းက သမီးငယ်မွေးနေ့ ရုံးပိတ်ရက်နှင့် တိုက်သဖြင့် ရွှေလင်းယုန်ဆရာတော်ကြီးအား အရုဏ်ဆွမ်း ပင့်ဖိတ်၍ အလှူပြုခဲ့ကြ၏။ ထိုစဉ် ဆရာတော် ဘုရားကြီးအား ဖူးမြော်ကြည်ညိုရင်း ဝတ္ထုငွေများ၊ စားသောက်ဖွယ်များ၊ သီးနှံများ လာရောက်လှူဒါန်းကြရာ ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက် ကိုတင်မောင်ဦးတို့မိသားစုလည်း ဖိတ်ထားသဖြင့် ရောက်၍လာကြလေ၏။ ၎င်းတို့နှင့်အတူ လေးနှစ်အရွယ် သမီးငယ်လေးလည်းပါ၏။ အသားလတ်လတ်၊ နှာတံပေါ်ပေါ်၊ မျက်လုံးဝိုင်းဝိုင်းလေးနှင့် ဖအေတူလေးဖြစ်၏။ ကလေးက အိပ်ရာထနောက်ကျနေ၍ ၎င်းတို့ ရောက်လာချိန်တွင် ဆရာတော်ဘုရားမှာ နေ့ဆွမ်းအလှူရှင်ရှိနေ၍ ပြန်ကြွသွားပေပြီ။ မဖူးလိုက်ကြရပေ။

စကားစမြည် ပြောကြရင်းက 'ဖအေတူ သမီးလေးပဲဆိုတော့ ကျွန်တော့်အမေ ဝင်စားတာလို့ ပြောတာပဲ' ဟု ဆို၏။

'လုပ်ပါဦး။ အမေဝင်စားတာလို့ ဘယ်လိုသိတာလဲ'

ကျွန်တော်လည်း ရေးလက်စ ရင်သွေးနိမိတ်စာမူနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဆက်စပ်လေမလား၊ ဇာတ်လမ်းတစ်ပိုင်းတစ်စ ရလေမလားဟု ပျော်သွား၏။

'ကျွန်တော့်ဦးလေး တစ်ဝမ်းကွဲကို အိပ်မက်ပေးတာ'

'ဆိုပါဦး'

'မနက်အစောကြီး အိပ်မက်,မက်တာ။ ကျွန်တော့်အမေက သနပ်ခါးအဖွေးသားနဲ့ ဝတ်ကောင်းစားလှတွေဝတ် ဆံပင်ဖားလျားချလို့ ငါ လှူပြည်ပြန်လာမလို့ ဆိုသတဲ့။ လှူပြည် ဘယ်သူ့ဆီ လာမှာတုန်း ပြန်မေးတော့ ငါ့သားဆီ လာမှာလို့ပြောပြီး အိပ်မက်က လန့်နိုးသွားရောတဲ့။ အဲဒီတုန်းက ကျွန်တော်တို့ အိမ်ထောင်သက် တစ်နှစ်ခွဲလောက် အမေဆုံးပြီး တစ်လကျော်ကျော်လောက်ပေါ့'

ငါကြားဖူးတာက ရင်သွေးနိမိတ်ဆိုတာ မိခင်ကိုပေးတတ်တာကလားဆိုပြီး မချွေသစ်နဲ့ သမီးနှစ်ယောက်အကြောင်း ပြောပြလိုက်တော့ ကိုတင်မောင်ဦးက ရယ်မောပြီး မိန်းမကိုယ်ဝန်နဲ့တုန်းက အိပ်မက်ပေးသေးတယ်ဟုဆိုကာ ဘေးမှာထိုင်နေသော မယောသီအား ပြုံးပြုံးကြီး လှမ်းကာကြည့်၏။

မယောသီကလည်း ပြန်ပြုံးပြတော့-

'ဒီလိုလေ၊ သူက ဘုရားပွဲသွားတာ ဟုတ်တယ်မဟုတ်လားဆိုကာ တစ်ချက်မေးဆတ်ကာပြတော့ ဘေးက ဇနီးသည်က ပြုံးမြဲပြုံးနေ၏။ အဲဒါ ပွဲလမ်းသဘင်ဆိုတော့ လူတွေက အားလုံး အဝတ်အစားသစ်သစ်လွင်လွင်နဲ့ သွားလာနေကြရင်းက ဂူတစ်ဂူထဲ ရောက်သွားရော။ အဲဒီမှာ ကျွန်တော့်အမေက ချိတ်ထဘီနဲ့၊ သစ်သစ်လွင်လွင် တောက်တောက်ပပ အဝတ်အစားတွေနဲ့ ဆံပင်ဖားလျားချလို့။ ကျောက်တုံးတစ်တုံးပေါ်ထိုင်ပြီး သူ့ကိုကြည့်နေသတဲ့'ဟုဆိုကာ ဇနီးသည်အား လှမ်းကာကြည့်ပြန်၏။

ထို့နောက် စကားကို ဆက်ပြန်၏။

'သမီးသုံးလသား အရွယ်လောက်တုန်းကလည်း ဘေးအိမ်မှာ သုံးဆယ်က ဆရာတော်ကြီးတစ်ပါး ပင့်ဖိတ်ပြီး ဆွမ်းအလှူဒါနလုပ်တော့ ဖိတ်လို့သွားကြတာပေါ့။ အဲဒီမှာ ကလေးက ဆရာတော်ကြီးကို စိုက်ကြည့်နေတော့ ဆရာတော်ကြီးကလည်း ကလေးကို လှမ်းကြည့်ပြီး ခဏ အာရုံခံလိုက်တာမှာ-

ဒီကလေးက လွန်ခဲ့တဲ့ တစ်နှစ်လောက်က ဘေးအိမ်က ဆုံးသွားတဲ့ ဒကာမကြီးဝင်စားတာလို့ မိန့်သွားသေးတယ်။ အဲဒီတုန်းက ကျွန်တော့်အမေ ဆုံးသွားတာ တစ်နှစ်ကျော်ကျော်ပဲ ရှိသေးတာကိုး။ နောက်ပြီး ကျွန်တော့် အမေဆုံးတော့လည်း ညနေ(၃)နာရီ (၄၅)မိနစ်၊ သမီးမွေးတော့လည်း ညနေ (၃)နာရီ (၄၅))မိနစ်ပဲ။ ရက်တော့ မတူဘူးပေါ့။ ရုပ်ကလည်း မြင်တဲ့အတိုင်းပဲ။ ကျွန်တော်တို့ဘက်ပဲတူပြီး ရွာဘက်ပြန်သွားရင်လည်း ကျွန်တော်တို့ အိမ်မှာပဲ နေတာ။ ယောက္ခမအိမ်ဘက် သွားနိုင်းလို့ကို မရဘူး'

ကိုတင်မောင်ဝင်းကား သူ့ရဲ့သမီးငယ်ကို သူ့အမေဝင်စားကြောင်းဖြစ်စဉ်တွေ ပြောပြနေရ၍လောမသိ တက်ကြွပြုံးရွှင်လျက် ရှိလေသည်။

ဘဝတူကား ရေပွက်ပမာ တိုတောင်းလှပါ၏။ စွဲလမ်းတပ်မက်မှုများနှင့် သံသရာဝဲထဲ ရုန်းထွက်ရန် မစွမ်းနိုင်ကြ။ အဖန်ဖန်အကြော့ကြော့ အကြိမ်ကြိမ်အလီလီ ရစ်တွယ်လို့ ပျော်နေကြသည်ကသာ များပေသည်။

ရင်သွေးနိမိတ် အိပ်မက်များကား မိခင်များ သတိပြုလျှင်ပြုသလို သိနိုင်ကြပြီး ပုံရိပ်ကိုဖမ်းနိုင်လျှင် ဖမ်းနိုင်သလို မိမိတို့ ရင်သွေးငယ်များအတွက် ကြိုတင်မျှော်တွေးနိုင်ပါသဖြင့် မိခင်လောင်းများ သတိပြုနိုင်ဖွယ် ရေးသားလိုက်ရပါတော့သည်။

မျိုးကြီး(အမရပူရာနေ)



www.burmeseclassic.com

ကုန်လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀)ကျော် (၁၉၆၀)ပြည့်နှစ်ဝန်းကျင် ကျွန်တော့် မောင်ဘိုကြီး ကာလသားပေါက်စ အရွယ်က ဥစ္စာစောင့် သိုက်သမိုင်းရုပ်ရှင်ကားတွေ ကြည့် ဖူးပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

မှတ်မိသလောက် ပြောရရင် မင်းစိန်မင်းသိန်း၊ ရှင်ဖြူရှင်ညို၊ ရွှေချိုးဖြူမှုလခဲ၊ ဒေးဗလိန်းငွေစိန်၊ ဒေးစွန်ပါ ရုပ်ရှင်ကားတွေပဲ ဖြစ်ပါတယ်။

စာပေနှင့်ပတ်သက်လို့ ဘားမားစတားလို စာစောင်နဲ့ စတင်ထိတွေ့ပြီး ဆရာကြီးမြစကြာရဲ့ သိုက်သမိုင်းဇာတ်လမ်း သည်းထိတ်ရင်ဖို သိုက်တူးသမားနဲ့ သိုက်စောင့် ပရလောကသားတွေနဲ့ ပညာပြိုင်တိုက်ခိုက်တဲ့ စာတွေလည်း ဖတ်ဖူးပါတယ်။

ပန်တျာကြည်လင်လို ဥစ္စာစောင့်သိုက်သမိုင်း နောက်ပိုင်းတင်ဆက်ကပြတဲ့ ဇာတ်တွေလည်း ကြည့်ဖူးပါတယ်။ စိတ်မကောင်းစရာတွေ၊ သည်းထိတ်ရင်ဖိုတွေ၊ တုန်လှုပ်ချောက်ချားစရာတွေ၊ သနားကရုဏာ ဖြစ်ရတာတွေချည်းပါပဲ။

ဥစ္စာစောင့်ဘဝရဲ့သက်တမ်းက နောင်နှစ်ပေါင်း ဘယ်လောက်ကြာမယ်မှန်းမသိ အရိမေတ္တေယျမြတ်စွာဘုရား ပွင့်မှပဲ ကျွတ်လွတ်မှာဖြစ်ကြောင်း သိရလို့ ငြီးငွေ့စရာကောင်းလှတဲ့ သူတို့ဘဝ စာနာထောက်ထားမိပါတယ်။

သူတို့ ဘာကိုစောင့်ကြပ်ကြလို့ ဥစ္စာစောင့်ခေါ်ရတာလဲလို့ စူးစမ်းကြည့်တဲ့အခါ မြန်မာပြည်အရပ်ရပ်မှာရှိတဲ့ မမြင်မတွေ့ရတဲ့ ဘုရားပစ္စည်းရှိရာ သိုက်တွေကို မသမာသူတွေ၊ လောဘသမားတွေ၊ သိုက်တူးသမားတွေရန်က ကာကွယ်ဖို့ဆိုတာ သက်ကြီးစကား သက်ငယ်ကြား သဘောနဲ့ သိခွင့်ရပါတယ်။

ဘုရားဖြစ်ခွင့်၊ ရဟန်းသံဃာဖြစ်ခွင့်၊ အလှူရေစက်လက်နဲ့မကွာ လှူဒါန်းခွင့်၊ ဘာသာ,သာသနာအကျိုး သယ်ပိုးခွင့်ဆိုတာ လူ့ဘဝဘုံသားမှာပဲ ကုသိုလ်ပြုခွင့်ရှိတာကြောင့် ဥစ္စာစောင့်တွေဟာ သူတို့ရဲ့ အကြီးအကဲထံမှာ ခွင့်ပန်၊ အချိန်ကာလ ကန့်သတ်ချက်ကို ကတိပေးပြီး လူသားမိခင် ဝမ်းကြာတိုက်မှာ သန္ဓေတည်မွေးဖွား၊ အရွယ်ရောက်၊ အိမ်ထောင်ကျ၊ သားသမီးတွေရ၊ မိသားစုတွေ အပြန်အလှန် သံယောဇဉ်ငြိတွယ်ပြီး မိသားစုသိုက်သိုက်ဝန်းဝန်းနဲ့ ပျော်ရွှင်ချမ်းမြေ့ခြင်းအရသာကို ခံစားလို့ အကိုက်ကောင်းနေဆဲ ဝန်ခံကတိပေးထားတဲ့ အချိန်ကာလစေ့လို့ သိုက်စောင့်အကြီးအကဲတွေကပြန်ခေါ်၊ လူ့ဘဝရောက်နေသူကလည်း မိသားစုသံယောဇဉ်နဲ့ ဘဝဟောင်းကို မပြန်ချင်၊ သူ့ဘက်ကိုယ့်ဘက် လွန်ဆွဲကြာ မှုဝေခံစားရပြီး ရင်နင့်အောင် ခံစားရရင်း ကိုယ့်ဘက်ပါလာပါစေလို့ ဆန္ဒပြုဆုတောင်းသော်ငြား ဆုတောင်းမပြည့်ဘဲ အရှုံးပေး အသက်စွန့်ရချိန်မှာတော့ ဝမ်းနည်းပူဆွေးခဲ့ရပါတယ်။

သိုက်စာညွှန်းအရ ဘုရားပစ္စည်းမှန်း သိသိကြီးနှင့် မသမာသူတွေ၊ လောဘသားတွေ၊ ငရဲမကြောက်သူ သိုက်တူးသမားတွေဟာ သိုက်ရှိရာ မြေပုံညွှန်းနဲ့လိုက်ရှာ၊ တွေ့ပြီဆိုတော့ ငှက်ပျော၊ အုန်းပွဲတွေပြင်၊ ဂါထာ မန္တရားတွေနဲ့ မန်းမှုတ်၊ အင်းကွက်အစီအရင်လို အဆောင်အယောင်တွေနဲ့ သိုက်တူးသိုက်စောင့် ဘီလူးသရဲ ပရလောကသားတွေနဲ့ တိုက်ခိုက်နေစဉ်မှာ အသည်းတယားယား ရင်တဖိုဖိုနဲ့ မြင်တွေ့ရချိန်မှာ သိုက်တူးသမားကပဲ အနိုင်ရသွားလေမလား စိုးရိမ်နေချိန် တိုက်ပွဲပြီးလို့ သိုက်တူးသမားတွေ မရှုမလှ ရှုံးသွားမှပဲ ဟင်းချခဲ့ရတာချည်းပါပဲ။

မြေပြင်ကို ရေထင်ကူးတဲ့ပြကွက်၊ လက်ညှိုးလက်မ အရွယ်အစားရှိတဲ့ ပျားအုပ်ကြီး အတုပ်ခံရတဲ့ပြကွက်၊ တဝုန်းဝုန်း တဝေါဝေါနဲ့ တောက်လောင်နေတဲ့ တောမီး အဝိုင်းခံရလို့ ပြေးပေါက်မရှိတဲ့ပြကွက်တွေ မြင်ရတဲ့ အချိန် ပရိသတ်ရဲ့ ဝမ်းသာအားရ အော်ဟစ်ပြီး လက်ခုပ်တီးသံဟာ ရုပ်ရှင်ရုံကြီး ပွင့်ထွက်သွားမလိုပါပဲ။

တကယ်တော့ ဥစ္စာစောင့်တွေရဲ့ တာဝန်ဟာ ဘုရားပစ္စည်းရှိရာ သိုက်တွေကို စောင့်ကြပ်ရတာဖြစ်လို့ တာဝန်ကြီးပါတယ်။ အန္တရာယ်များပါတယ်။ နှစ်ကာလအကန့်အသတ် မရှိတာကြောင့်လည်း သနားကရုဏာ ဖြစ်ရပါတယ်။ မကျွတ်မလွတ်တောင် အနားရစေချင်ပါတယ်။ အနားရဖို့အရေးတောင် အစားထိုးပေးရမှာပါ။ မောင်ဘိုကြီး ကိုယ်တိုင်လည်း သနားကရုဏာဖြစ်မိပေမယ့် အစားဝင်ပေးဖို့ စိတ်ကူးထဲတောင် မထည့်ရဲပါဘူး။ လက်ရှိဘဝ အဆုံးခံရမှာ ဖြစ်လို့ပါပဲ။

သူတို့တစ်တွေ ဘယ်လိုနည်းလမ်းရှာကြံပြီး အစားထိုး တာဝန်လဲပေးရရင်ကောင်းမလဲ မောင်ဘိုကြီး ဘယ်လိုမှ စွမ်းဆောင်နိုင်ခြင်း မရှိတာကို ဆယ်စုနှစ် သုံးလေးခုကြာ ခေါင်းထဲမှာ ထည့်ထားပါတယ်။

သူတို့ ကိုယ်တိုင်ကရော သူတို့နည်း သူတို့ဟန်နဲ့ ဘယ်လိုအစားထိုးကြမလဲဆိုတာ ပြင်းပြတဲ့ သိလိုစိတ်ရှိပေမယ့် တကယ်သိခွင့်ရတာကတော့ ပဲခူးရိုးမ ဇန္နခိုးကြီးဘုရားတွေမှာရှိတဲ့ သိုက်စောင့် ဥစ္စာစောင့်တွေက

www.burmeseclassic.com

အရှေ့ရှိးမ တန်ခိုးကြီးဘုရားတွေက သိုက်တွေကိုပြောင်း၊ အရှေ့ရှိးမတောင်ပေါ် တန်ခိုးကြီးဘုရားတွေရှိ ဘုရားသိုက်စောင့် ဥစ္စာစောင့်တွေက အနောက်ရှိးမ တန်ခိုးကြီးဘုရားတွေက သိုက်တွေကိုပြောင်း၊ အနောက်ရှိးမ ဥစ္စာစောင့်က ပဲခူးရိုးမကိုပြောင်း အဲလိုအချိန်အပြောင်းတွေတော့ ရှိတယ် ဆိုတာပါပဲ။

မောင်ဘိုကြီး ရင်ထဲကဆန္ဒ မဟုတ်ပါဘူး။

မောင်ဘိုကြီးရင်ထဲက ဆန္ဒက ရှိရှိသမျှ ဘုရားသိုက်စောင့် ဥစ္စာစောင့်အားလုံး လူ့ဘဝ ရောက်စေချင်တာပါ။ ဘုရားပစ္စည်း ဘုရားသိုက်ဆိုတော့လည်း လက်ရှိဥစ္စာစောင့်တွေ မရှိတော့ရင် ဘယ်သူစောင့်မှာလဲ၊ ဘယ်သူကာကွယ်မှာလဲ။ မဖြစ်မနေ အစားထိုးရတော့မှာပါ။

မောင်ဘိုကြီး ဆယ်စုနှစ်သုံးလေးခုကျော် စဉ်းစားလို့မရ အဖြေမရှိတဲ့ ပဟေဠိဟာ (၁၉၈၅)ခုနှစ်အရောက်မှာ အဖြေရှာလို့ ရလိုက်ပါပြီ။

မောင်ဘိုကြီးရဲ့ အဖြေကိုတော့ တိကျမှန်ကန်ပါကြောင်း အာမမခံရဲသော်လည်း အနီးဆုံးခန့်မှန်းလို့ရတဲ့ အဖြေပါလို့တော့ သက်သေအထောက်အထားနဲ့ တင်ပြလိုက်ပါတယ်။

(၁၉၈၅)ခုနှစ်၊ မတ်လ၊ တပေါင်းလ။

ကျိုက်စကေးရွာအနောက်ဘက် သုံးမိုင်ကျော်ခန့်အကွာ ပဲခူးရိုးမတောစပ်မှာ စားသောက်ကုန်စက်ရုံများစီမံကိန်း (ဒိုက်ဦး)ဆောက်လုပ်စဉ်က ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့(၁၄)ရဲ့ ရှင်ပြု၊ ရဟန်းခံအလှူပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပပါတယ်။

မောင်ဘိုကြီး ဒုလ္လဘမဲ မပေါက်ပေမယ့် ပရိက္ခရာရှစ်ပါးဖိုး ထည့်ဝင်လှူဒါန်းပါ့မယ်လို့ အင်ဂျင်နီယာအကြီးအကဲတွေဆီ ခွင့်ပန်တဲ့အခါ အအေအီးဦးမောင်လေးက ခွင့်ပြုပြီး သူကိုယ်တိုင် ရဟန်းဒကာဘွဲ့ခံပေးလို့ မောင်ဘိုကြီး ဒုလ္လဘရဟန်း(၁၁)ရက် ဝတ်ဖြစ်လိုက်ပါတယ်။

မောင်ဘိုကြီးဟာ ကာလတို (၁၁)ရက်အတွင်းမှာဘုရားအလုပ်၊ တရားအလုပ်ကို စိတ်ရှင်းရှင်းနဲ့ ဖောက်ချလုပ်လိုတာကြောင့် အခြားမဲပေါက်တဲ့ ဒုလ္လဘရဟန်းတွေနဲ့ ရောနှောသီတင်းမသုံးဘဲ ဆွေမျိုးတော်စပ်သူ ဆရာတော်ရှိရာ ဒေးစွန်ပါတောင်ခြေ ဗုဒ္ဓဝိဟာရကျောင်းကို ကြွရောက်သီတင်းသုံးလိုက်ပါတယ်။

ဘုရားရိပ် တရားရိပ်၊ တောတောင်အရိပ်ကို ခိုမှီးရခြင်း၊ ဆိတ်ငြိမ်အေးမြခြင်း အရသာကို လက်တွေ့ခံစားရလို့ ကိုယ်တိုင်ရွေးချယ်မှုအပေါ် ဝမ်းသာပီတိ ဖြစ်ရပါတယ်။

ဒေးစွန်ပါစေတီ တည်ရှိရာ တောင်ပတ်ဝန်းကျင်မှာ ဘုရားသိုက်တွေ ပေါများကြောင်း၊ ဥစ္စာစောင့်တွေ ပေါများကြောင်း၊ မကျွတ်မလွတ်တဲ့ သရဲ၊ တစ္ဆေ၊ ပရလောကသားတွေ နေရာအနှံ့အပြားမှာ ရှိနေကြောင်းကိုတော့ ယခင်ကတည်းက ကြားဖူးပြီးသားဖြစ်လို့ ဆန်းကြယ်အံ့ဩစရာအဖြစ် မခံယူပါ။

မောင်ဘိုကြီး ဆရာတော်ပြတဲ့ နည်းနာနိဿယအတိုင်း အာရုံနှစ်မြုပ်ပြီး တရားအလုပ်ကို ကျင့်ကြံအားထုတ်ခြင်း၊ တရားမမှတ်ခင် တရားမှတ်ပြီးတိုင်း (၁၁)ဘုံသားအားလုံးကို မေတ္တာသုတ်ပရိတ်တော် ရွတ်ဆိုပြီး အမျှပေးဝေလို့ပဲ ဖြစ်မှာပါ။ မောင်ဘိုကြီး တရားမှတ်ခြင်းအလုပ်မှာ ဘာမှအနှောင့်အယှက်မရှိဘဲ အကျိုးရှိရှိ ဆောင်ရွက်နိုင်ပါတယ်။

မောင်ဘိုကြီး ယာယီသီတင်းသုံးတဲ့ ဗုဒ္ဓဝိဟာရကျောင်းမှာ ကျောင်းနေသံဃာ(၇)ပါး၊ ကိုရင်(၅)ပါး၊ ကျောင်းသားမရှိကြပေမယ့် ကျောင်းဝေယျာဝစ္စဖြစ်တဲ့ ကျောင်းမကြီး၊ ဆွမ်းစားဇရပ်၊ ဓမ္မာရုံ၊ စင်္ကြံလမ်း စတဲ့ အဆောက်အအုံတွေဟာ ကြည့်လို့ အမြင်မတင့်တယ်ပါဘူး။ ဘာကြောင့်ဆို သန့်ရှင်းသပ်ရပ်မှု မရှိလို့ပါ။

ကျောင်းဝင်းကျယ်ကြီးထဲမှာလည်း နှစ်ရှည်ပင်ကြီးတွေ ဝါးရုံတွေက ကြွေကျတဲ့ အရွက်ခြောက်တွေဟာ ခြေချစရာမရှိအောင် ပြန့်ကျဲလို့နေပါတယ်။

ကျောင်းရှေ့လမ်းမကြီးဘေး ကျောင်းတွင်းစင်္ကြံလမ်းနဲ့ ရှိသမျှ ကျောင်းဆောင်တွေမှာလည်း ရေအိုးစင်တွေရှိပါလျက် ရေဖြည့်သူကုသိုလ်ရှင် မရှိတာကြောင့် ရေအိုးတွေမှောက်ထားရတဲ့ အခြေအနေပါ။

မောင်ဘိုကြီးအတွက်တော့ အခွင့်ကောင်းကြီးပါ...

မောင်ဘိုကြီး ဘယ်သံဃာ၊ ဘယ်ကိုရင်ကိုမှ အပြ... မမြင်ပါဘူး။ သံဃာနဲ့ ကိုရင်တွေရဲ့ နိစ္စဓူဝအလုပ်... မနက်(၄)နာရီအိပ်ရာထ၊ (၄)နာရီခွဲကနေ (၅)နာရီအ... ဘုရားဝတ်တက်ပြီး အရုဏ်ဆွမ်းစား၊ (၅)နာရီဆွ... အလှမ်းဝေးတဲ့ ဝမ်းဘဲအင်းရွာအထိ ဆွမ်းခံကြွလို့ (၁...



www.burmeseclassic.com

www.burmeseclassic.com

နာရီကျော်မှ ကျောင်းပြန်ရောက်၊ ပြင်ဆင် နေ့ဆွမ်းစားပြီးရင် ညနေ(၄)နာရီထိ စာကျက်စာအံ တရားထိုင်ပြီးမှ တန်းဖြုတ်တာကြောင့် ညနေ(၆)နာရီထိ ကိုယ်ပိုင်အချိန် ရောက်တဲ့အခါ ဘယ်သံဃာ ဘယ်ကိုရင်မှ မလှုပ်ချင်ကြတော့ပါဘူး။ မောင်ဘိုကြီးအတွက် အခွင့်ကောင်းဆိုတာ ဒါပါပဲ။

ညနေ(၄)နာရီကနေ (၆)နာရီထိရရှိတဲ့ ကိုယ်ပိုင်ချိန် နှစ်နာရီအတွင်း ကျောင်းတွင်း ကျောင်းပြင် ဒေးစွန်ပါတောင်တက်လမ်းမကြီးနဲ့ ကျောင်းပေါ်တွေပါမကျန် တံမြက်စည်းလှည်း သန့်ရှင်းရေးလုပ်ပါတယ်။ သစ်ရွက်ခြောက် ,အမှိုက်သရိုက်တွေ မီးရှို့ပါတယ်။ ပြီးရင် ရှိရှိသမျှ သောက်ရေအိုးတွေ ရေဖြည့်ပါတယ်။

(၁၁)ရက်သော ကာလတိုအတွင်း မောင်ဘိုကြီး ကုသိုလ်ပြုလိုက်တာပါ။ အမြတ်ထုတ်လိုက်တာပါ။ ကျောင်းထိုင်ဆရာတော်နဲ့ ရဟန်းဒကာတွေကို ကျေးဇူးဆပ်လိုက်တာပါ။ ဒေးစွန်ပါစေတီတောင်တစ်ကြော ရှိရှိသမျှသော သိုက်စောင့်၊ ဥစ္စာစောင့်၊ ပရလောက ဝိညာဉ်လောကသားတွေ၊ (၃၁)ဘုံသားတွေအတွက် ပြုသမျှကောင်းမှုကုသိုလ်အတွက် အမျှဝေလိုက်တာပါ။

မောင်ဘိုကြီး ခေါင်းစဉ်ပေးထားတဲ့ ခြေရာထင်၍လှမြင်ပါကို ပြန်ဆက်ပါမယ်။ အဓိကပြောချင်တာက အဲဒါပါပဲ။

(၈)ရက်မြောက်နေ့ သုံးနာရီကျော်လောက်မှာ မောင်ဘိုကြီး ဆီးထသွားပြီး ပြန်ကျိန်းစဉ်မှာ နှစ်ခြိုက်စွာ ကျိန်းစက်နိုင်ခြင်း မရှိတော့ဘဲ အသိရှိနေဆဲ နိုးတစ်ဝက်အချိန်မှာ အိပ်မက်,မက်ပါတယ်။

မောင်ဘိုကြီး ကျောင်းအဝင်မုခ်ဝမှာ ဒေးစွန်ပါတောင်တက်လမ်းဘက် မျက်နှာမူပြီး ရပ်နေပါတယ်။ မြူတိမ်ကင်းတဲ့ လဝန်းကြီးရဲ့ အလင်းရောင်ကလည်း ထိန်လင်းနေပါတယ်။ အဲဒီအချိန်မှာ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး၊ ကိုယ်ဝန်ဆောင်အမျိုးသမီး စစ်ယူနီဖောင်းဝတ် သုံးလေးဦးအပါအဝင် အင်အား(၃၀)လောက်ဟာ ဒေးစွန်ပါတောင်ပေါ် ဦးတည်တက်သွားကြပါတယ်။

အိပ်မက်ဆိုတာ ရာသီဥတုအပူအအေးကြောင့်၊ စိတ်ခွဲလမ်းမှုကြောင့်၊ သွေးလေလှုပ်ရှားမှု ပုံမှန်လည်ပတ်မှုမဟုတ်ခြင်းကြောင့် မြင်မက်ခြင်းဖြစ်ကြောင်း မှတ်သားဖူးပါတယ်။ မောင်ဘိုကြီး အိပ်မက်က ဘာမှခေါင်းစဉ်ပေး အကြောင်းပြချက်မရှိတဲ့ အိပ်မက်ပါ။ အိပ်မက်ဆိုပေမယ့် တကယ့်လက်တွေ့ကြီးလို ခံစားရပါတယ်။

ထုံးစံအတိုင်း မနက်ငါးနာရီခွဲ အလင်းရောင်သဲသဲကွဲကွဲ မြင်ရတဲ့အချိန်မှာ ဝမ်းဘဲအင်းရွာ ဆွမ်းခံကြွဖို့ ကျောင်းဝင်မုခ်ဝမှာ သံဃာတွေ စုစည်းနေဆဲ သံဃာတစ်ပါးက–

'ဟာ..ခြေရာတွေဟ၊ အချိန်မတော် ဘယ်အရပ်ဒေသက ဘုရားဖူးတွေ တက်သွားလဲမသိဘူး' လို့ အဆန်းတကြယ်ဆိုလိုက်လို့ မောင်ဘိုကြီးတို့ သံဃာတွေ ဝိုင်းအုံကြည့်ပြီး အံ့သြနေပါတယ်။

အမျိုးမျိုးသော ထင်ကြေးပေးစကားတွေ မှတ်ချက်ပေးပြောဆိုကြပါတယ်။ အံ့သြမယ်ဆို အံ့သြစရာပါပဲ။ ညနေခြောက်နာရီကျော် မောင်ဘိုကြီး သစ်ရွက်နဲ့ အမှိုက်တစ်စမကျန် လှည်းကျင်းပြီးနောက်ပိုင်း နောက်နေ့မနက်ငါးနာရီအထိဟာ လူသူအသွားအလာ လုံးဝမရှိတဲ့ လမ်းပေါ်မှာ ခြေရာတွေ ထင်ကျန်နေလို့ပါပဲ။

ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီးတွေရဲ့ ခြေရာ၊ ဖိနပ်ရာ၊ စစ်ဖိနပ်ရာတွေပါ။ အင်အားသုံးဆယ်ကျော်လောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်။ မောင်ဘိုကြီး အိပ်



www.burmeseclassic.com

မက်အမြင်နဲ့ လက်တွေ့အမြင် တစ်ထပ်တည်း ဖြစ်နေလို့ ပိုပြီးအံ့ဩရပါတယ်။

ဒေးစွန်ပါတောင်တော်ပေါ် ဒီလို ညအချိန်မတော် ဘုရားဖူးဧည့်သည် ဘယ်တုန်းကမှ ရောက်တဲ့အစဉ်အလာ မရှိတာ ကျောင်းနေသံဃာအားလုံး အသိဆုံးဖြစ်လို့ အဖြေမရှိတဲ့ ပဟေဠိဖြစ်နေပါတယ်။

ပဟေဠိအဖြေမှန်ကို ဖော်ထုတ်ပေးနိုင်သူဆိုလို့ ရသေ့ကြီး ဦးဖြူကိုပဲ မြင်မိပါတယ်။ ရသေ့ကြီးက ဒေးစွန်ပါစေတီ နေ့နံအလိုက် အရပ်မျက်နှာတွေမှာ ညလုံးပေါက် တရားကျင့်နေတဲ့ ပုဂ္ဂိုလ်ထူး ဖြစ်လို့ပါပဲ။

မောင်ဘိုကြီးတို့ သံဃာတွေ စုရုံးနေစဉ်မှာပဲ ရသေ့ကြီးဦးဖြူ အလျှုခံထွက်ဖို့ ငိုက်စိုက်,ငိုက်စိုက်နဲ့ လျှောက်လှမ်းလာပါတယ်။

'ရသေ့ကြီး··ခေါင်းကြီးငုံ့ပြီး ငိုက်စိုက်,ငိုက်စိုက်နဲ့ ဘာပျောက်လို့လဲ'

သံဃာတစ်ပါးရဲ့ အမေးကို ရသေ့ကြီးဦးဖြူက 'ဘာမှမပျောက်ပါဘူး။ ခြေရာတွေ တွေ့လို့ပါ'လို့ ဖြေပါတယ်။

မေးတဲ့သံဃာကလည်း အားတက်သရောနဲ့ ဆက်ပြီး အမေးအဖြေ ပြုလုပ်ပါတယ်။

'ဦးပဉ္စင်းတို့လည်း အဲဒါ စဉ်းစားနေတာ။ ရသေ့ကြီးနဲ့တွေ့ရင် အခြေအနေမှန် သိရမှာပဲ ထင်ထားတာ။ ပြောပါဦး၊ ဘုရားဖူးဧည့်သည်တွေ ဘယ်အချိန်လောက် ဘုရားပေါ် ရောက်လဲ။ အင်အားဘယ်နှစ်ယောက်ရှိလဲ'

'ဘုရားပေါ် တစ်ယောက်မှ ရောက်မလာဘူး ဦးပဉ္စင်း။ ခြေရာတွေက တောင်တက်စကြံထိပ်မှာပဲ ပျောက်သွားတယ်။ ယောက်ျား၊ မိန်းမ၊ ကလေး၊ လူကြီး စစ်ဖိနပ်ရာတောင် ပါတယ်။ ခန့်မှန်းကြည့်ရတာတော့ အင်အားသုံးဆယ်လောက် ရှိမယ်ထင်တယ်'

ခက်တော့နေပြီ။ ပဟေဠိအရှိန်က မြင့်သထက်မြင့်လို့လာတာကြောင့် လမ်းတစ်လျှောက်လုံး စဉ်းစားလာလိုက်တာ ဝမ်းဘဲအင်းရွာရောက်လို့ ရောက်မှန်းတောင်မသိတော့ပါ။

'ဦးပဉ္စင်းတို့ မနေ့က သတင်းကြားပြီးလောက်ရောပေါ့'

ဝမ်းဘဲအင်းရွာထိပ် ပုံမှန်ဆွမ်းလောင်းဒကာ လျှောက်ထားချက်ပါ။

'ဘာသတင်းပါလိမ့်'

'အမင်္ဂလာသတင်းမို့ လျှောက်တင်ဖို့တောင် နှုတ်မထွက်ပါဘူး'

'လျှောက်ပါ၊ သိချင်လို့'

'အင်း··မနေ့က နေ့လယ်ကလေ အာတီစီဘုတ်(စ်)ကားနဲ့ သစ်တင်တဲ့ကား လမ်းဆုံမှာတိုက်ပြီး အာတီစီဘတ်(စ်)ကားကြီး မီးလောင်တာ ခရီးသည်တွေ အကုန်လုံး မီးထဲ ပါသွားတယ်လေ။ တစ်ယောက်မှ မရှင်ဘူး။ အင်အားသုံးဆယ်ကျော်လို့ ပြောတာပဲ'

'ဩော်'

ဆွမ်းခံကြွ သံဃာတွေရဲ့ တုံ့ပြန်လိုက်တဲ့ အာမေဍိတ်သံတွေပါပဲ။

မောင်ဘိုကြီး ဖြစ်စဉ်အားလုံး တစ်ခုချင်း အမှတ်စဉ်တပ်ပြီး အဖြေထုတ်ကြည့်ပါတယ်။

နံပါတ်တစ် မောင်ဘိုကြီးရဲ့အိပ်မက်။

နံပါတ်နှစ် ကျောင်းရှေ့မြင်တွေ့ရတဲ့ ခြေရာတွေ(ဖိနပ်ရာ)။

နံပါတ်သုံး ရသေ့ကြီးဦးဖြူ လျှောက်တင်ချက်။

နံပါတ်လေး ဝမ်းဘဲအင်းရွာ ဆွမ်းဒကာ လျှောက်ထားတဲ့ သတင်းစကား။

လေးချက်လုံးဟာ အချိတ်အဆက်မိ ကွင်းဆက်မပြတ်တာကြောင့် တိုက်ဆိုင်မှုလို့ ပြောမရတော့ပါ။

မောင်ဘိုကြီး အဖြေကို စဉ်းစားလို့ရပါပြီ။ မောင်ဘိုကြီးရဲ့ အဖြေဟာ တိကျမှန်ကန်ပါတယ်လို့ အာမခံချက်မပေးနိုင်ပေမယ့် ဖြစ်နိုင်ခြေအရှိဆုံးသော အဖြေပါလို့တော့ ပြောရဲပါတယ်။

ဥစ္စာစောင့်ဘဝတွေရဲ့အပေါ် စာနာထောက်ထားပြီး အချိန်ကာလ အကန့်အသတ်မရှိ စောင့်ကြပ်ရခြင်းက လွတ်မြောက်စေလိုတဲ့ဆန္ဒပါ။ ခုတော့ လွတ်မြောက်ကုန်ပြီ ထင်ပါတယ်။ ဖြစ်စေချင်တဲ့ဆန္ဒ ပြည့်ဝပေမယ့် ဝမ်းမသာနိုင်ပါဘူး။ သူတို့အစား တာဝန်ယူ လဲလှယ်ပေးဖို့ ဒေးစွန်ပါတောင်တက်လမ်းအတိုင်း တက်သွားတဲ့ခြေရာပိုင်ရှင်တွေကြောင့်ပဲ ဖြစ်ပါတယ်။

**ရွှေခွင်ကျော်(မောင်အောက်သီ)**

www.burmeseclassic.com

www.burmeseclassic.com



နတ်တောင်ပေါ်မှာ နေထိုင်တဲ့ သူ
သူနဲ့ ပထမဆုံး စတင်တွေ့ဆုံစဉ်က
ကျွန်မအသက် (၆)နှစ်ပဲ ရှိပါသေးတယ်
ဝိညာဉ်တွေအများကြီး နေထိုင်ကြတယ်ဆို
နတ်တောင်ပေါ်က တောအုပ်ထဲ
ကျွန်မ လမ်းပျောက်သွားခဲ့ချိန်ပေ
ပြန်ထွက်ဖို့ လမ်းစရှာရင် ပြေးရ
လွှားရင်း ဆက်မသွားနိုင်လောက်အေ
ပင်ပန်းလာတယ်။ ကြောက်ရွံ့စိတ်
အထီးကျန်စိတ်ကြောင့် ရှိုက်ကြီးတငင် ထိုင်ငို
မိတုန်းမှာပဲ ကျွန်မရှေ့ကို သူ ရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျီးညွှန်းကို

# နတ်တောင်ပေါ်က တစ်ယောက်သောသူ

'ဟိတ်··ကလေးမ'

ခေါ်သံတစ်သံကြားလို့ ကျွန်မ ဝေ့ဝဲရှာကြည့်တော့ သစ်ပင်တစ်ပင်နောက်မှာ ခပ်ကွယ်ကွယ်ရပ်နေတဲ့ ယောကျ်ားပျိုတစ်ယောက်၊ အသံနဲ့ ဟန်ပန်ကြောင့်သာ အမျိုးသားမှန်း သိလိုက်တာပါ။ သူ့မျက်နှာကို ကျွန်မ မမြင်ရပါဘူး။ ဘာကြောင့်လဲဆိုတော့ မျက်နှာဖုံးတစ်ခုက သူ့မျက်နှာကို အုပ်မိုးထားတယ်လေ။

'ဘာလို့ ငိုနေတာလဲ'

သူက မေးတယ်။ ကျွန်မ ကြောင်ငေးကြည့်နေမိသေးတယ်။ ချက်ချင်းပဲ တောထဲမှာ တစ်ယောက်တည်း မဟုတ်ဘူးဆိုတဲ့ အသိကြောင့် ကျွန်မ အလွန်အမင်း ဝမ်းသာသွားပြီး သူကို ပြေးဖက်လိုက်မိရဲ့။

'ဝေး··လူတစ်ယောက်ပဲ။ ကယ်တင်ရှင် တွေ့ပြီ။ ခစ်ခစ်'

'ဟာ··ဝှစ်'

'ဘိုင်း'

အနားမရောက်ခင်ဘဲ သူက ရှောင်တိမ်းလိုက်တာကြောင့် ကျွန်မမှာ ကိုယ့်အရှိန်နဲ့ကိုယ် ပစ်လဲသွားပါရောလား။ လဲကျနေရာကနေ ကျွန်မ ခေါင်းထောင်မော့ကြည့်တော့ သူက တောင်းပန်တယ်။

'စိတ်မကောင်းပါဘူးကွာ။ မင်းက လူသားမိန်းကလေး မဟုတ်လား။ လူသား တစ်ယောက်ယောက်နဲ့ ထိမိရင် ငါက ပျောက်ကွယ်သွားရမှာလေ။ အဲဒါကြောင့်'

'ဟင်··လူသားတစ်ယောက်ယောက်က ဒါဆို ကိုကြီးက လူသားမဟုတ်ဘူးလား'

'ငါက ဒီတောအုပ်ထဲမှာနေတဲ့ တစ်စုံတစ်ယောက်ဆိုပါတော့'

'ဒါဆို တစ္ဆေလား၊ ဟိဟိ။ အဲ··ဒါပေမဲ့ ပျောက်သွားမယ်ဆိုတာ ဘာအဓိပ္ပာယ်လဲဟင်'

ကျွန်မ အမေးကို သူ မဖြေဘူး။ ဒီအတိုင်း ရပ်ကြည့်နေတယ်။ ကျွန်မစိတ်ထဲ အရမ်းသိချင်လာလို့ သူ့ကို ထိကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ မတ်တတ်ထရပ်ပြီး သူ့

www.burmeseclassic.com

ကို လိုက်ဆွဲတယ်။ အစပိုင်းမှာ သူက ရှောင်တယ်၊ တိမ်းတယ်။ ဘယ်ရမလဲ၊ ကျွန်မလည်း အတင်းပြေးပြီး သူ့အသားကို ထိဖို့ ကြိုးပမ်းတာပေါ့။ ထိုအခါမှာ မမျှော်လင့်စရာ အပြုအမူတစ်ခုကို သူက လျှပ်တစ်ပြက်လုပ်လိုက်ပါရော။

'ခွပ်'

'အား'

◆◆◆

သူက အနားမှာရှိတဲ့ သစ်ကိုင်းကျိုးနဲ့ ကျွန်မခေါင်းကို ရိုက်လိုက်တာလေ။ ကျွန်မမှာ မျက်လုံးတွေ ပြာဝေသွားတဲ့အထိ နာကျင်သွားရတယ်။ လုပ်ရက်လိုက်ပုံများ။

'ရှင်က တကယ်ကို လူမဟုတ်ဘူးဘဲ။ လူဆိုရင် ကလေးတစ်ယောက်ကို ဒီလိုရိုက်မှာ မဟုတ်ဘူး'

နာနေတဲ့ခေါင်းကို ပွတ်ရင်း ကျွန်မ ရန်တွေ့တော့–

'ပျောက်ကွယ်သွားမယ်ဆိုတာ ပျက်စီးသွားမှာကို ပြောတာ သိရဲ့လား'

သူ့စကားကြောင့် ကျွန်မ အံ့သြသွားတယ်။ ဒါပေမဲ့ အံ့သြစရာတွေက ဒီလောက်တင်မကဘူး။ သူက ဆက်ပြောပြတယ်။

'ငါ့ကို တောင်စောင့်နတ်ဘုရား ပေးသနားထားတဲ့ စွမ်းအင်က လူတစ်ယောက်ကို ထိမိတဲ့အခါ ပျောက်ကွယ်သွားမှာလေ'

ကျွန်မ သဘောပေါက်သွားတယ်။ အကယ်လို့ ကျွန်မသာ သူ့အသားကို ထိမိရင် သူ ပျောက်ကွယ်သွားရမယ်။ သဘောကတော့ သေဆုံးသွားရမယ်ပေါ့။ အဲဒါကြောင့်လည်း ကျွန်မ လာမထိအောင် သူက အသည်းအသန်ကာကွယ်နေတာကိုး။

'ဟို··သမီး တောင်းပန်ပါတယ်'

သူက သစ်ကိုင်းကျိုးကို ကျွန်မဆီ ကမ်းပေးတယ်။ ကျွန်အစွန်းတစ်ဖက်ကိုတော့ သူ ကိုင်ထားပြီး–

'ကဲ··ကလေးမ အစွန်းတစ်ဖက်ကို ကိုင်လိုက်။ လမ်းပျောက်နေတာ မဟုတ်လား။ တောအုပ်အပြင်ကို ရောက်အောင် လိုက်ပို့ပေးမယ်'တဲ့။

ဘာပြောကောင်းမလဲ။ ကျွန်မ သိပ်ပျော်သွားတာပေါ့။ ကလေးပီပီ အူမြူးပြီးဆိုတာနဲ့ ဘာမှ မသိတော့ဘဲ သူ့ကို ပြေးဖက်မိပြန်ပါရော။

'ကျေးဇူးတင်လိုက်တာ'

'ဟာ··ဒီကောင်မစုတ်လေး'

'ခွပ်'

အီစိမ့်သွားတာပဲ နောက်တစ်ချက်။ ကျွန်မမှာ အရိုက်ခံထိတဲ့ခေါင်းကို ပွတ်ရင်း မြေမှာ လူးလိမ့်နေသလို သူ့ခမျာလည်း ရှောင်ရတိမ်းရလွန်းလို့ ထင်ပါရဲ့။ ဟောဟဲလိုက်နေရှာပြီ။

'ဟောဟဲ··ဟောဟဲ··မင်းကို ပြောထားတယ်လေကွာ'

'တောင်းပန်ပါတယ်။ အပျော်လွန်သွားလို့··အီး'

◆◆◆

ကျွန်မတို့နှစ်ယောက် သစ်ကိုင်းစွန်း တစ်ဖက်စီကို ကိုင်ဆွဲရင်း ယှဉ်တွဲလျှောက်ခဲ့ကြပါတယ်။ နတ်တောင်တောအုပ်ဟာ ကျွန်မစိတ်ထဲမှာတော့ စောစောကလို ချောက်ချားစရာ မကောင်းတော့ပါဘူး။ စိမ်းညို့အုပ်မှိုင်းနေတဲ့ သစ်ပင်တန်းကြီးက ခုများကျ သာယာလိုက်တာ။ မြက်တောကြားမှာ တစ်ဝက်တစ်ပျက် တွေ့မြင်နေရတဲ့ နတ်ဘုရားရုပ်တုတွေ သိပ်အံ့သြစရာ ကောင်းတာပဲလေ။

လေ့ကားထစ်တွေဆီရောက်တော့ ရှေးဟောင်းဆန်တဲ့ ကျောက်ဆစ်မီးအိမ်တွေ၊ နှမ်းတွင်းပုံစံ မုခ်ဦးဝတွေက ကျွန်မအာရုံကို ဆွဲညို့နေတယ်။ ဒီနေရာဟာ ဦးလေးပြောပြခဲ့တဲ့အတိုင်း သိပ်ကို ဂမ္ဘီရဆန်တာပဲ။ ဒီလိုနေရာမျိုးမှာ သူဟာ ဘာကြောင့်များ တစ်ယောက်တည်း ရှိနေရတာလဲ။ နောက်ပြီး ဘာလို့ မျက်နှာဖုံး စွပ်ထားတာလဲ။ ကျွန်မအတွက်တော့ ကလေးဦးနှောက်လေးနဲ့မှ မမီအောင် စဉ်းစားချင်စရာတွေချည်း။

လျှောက်လာခဲ့လိုက်တာ တစ်စ,တစ်စနဲ့ တောင်ခြေဆီ ရောက်သထက် ရောက်လာမှန်း ကျွန်မ သိနေပါပြီ။ သူကတော့ တိတ်ဆိတ်နေပါတယ်။ ကျွန်မ ရင်ထဲမှာ မေးခွန်းတွေ ပြည့်နှက်နေပေမဲ့ ဘာမှ မပြောဖြစ်သေးဘူး။

ကျွန်မ သူ့ကို လှည့်ကြည့်မိတယ်။ သူကတော့ ကျွန်မဘက်ကို ငဲ့တောင်မကြည့်ပါဘူး။ ရှေ့တည့်တည့်ကိုပဲ ကြည့်ရင်း တစ်လှမ်းချင်း ဆက်လျှောက်နေတယ်။ ကျွန်မ သူ့ကို စချင်သွားတယ်။

'ချိန်းတွေ့နေသလိုမျိုးပဲနော်'

'ဩော်··တော်တော်စိတ်လှုပ်ရှားစရာ မကောင်းဘူး



www.burmeseclassic.com

www.burmeseclassic.com

ချိန်းတွေ့မှုပဲနော်'

ခပ်ရွဲရွဲပြန်ဖြေရင်း သူက ကျွန်မကို လှည့်ကြည့်တယ်။ သူ့ပုံစံက အံ့သြနေသလိုပဲ။ ဘာကများ အံ့သြစေတာလဲ။ ကျွန်မ နားမလည်နိုင် ဖြစ်နေတုန်းမှာပဲ။

'မင်း မကြောက်တတ်ဘူးလား'

သူက မေးတယ်။ ကျွန်မလည်း သူ့ကို ပြုံးကြောင်ကြောင် မော့ကြည့်ရင်း ပြုံးလိုက်မိတယ်။

'ဘာကို ကြောက်ရမှာလဲဟင်'

'ဘာမှမဟုတ်တော့ပါဘူး'

◆◆◆

ဒီလိုနဲ့ နတ်တောင်ခြေက ဆန်းကြယ်လှပတဲ့ မုခ်ဦးဝအောက်ကို ရောက်ခဲ့ပါတယ်။ မုခ်ဦးဝရဲ့ တစ်ဖက်တစ်ချက်က တိုင်လုံးနှစ်လုံးကို ဟိုဘက်ဒီဘက် ရစ်ပတ်နေအောင်ဖွဲ့ထားတဲ့ လွန်းကြိုးတွေကို ကျွန်မ မော့ကြည့်မိရဲ့။ အဲဒီကြိုးတွေဆီမှာ ဆုတောင်းစာတွေကို ချိတ်ဆွဲထားတယ်။ ဒါဟာ ဒီရွာကလေးရဲ့ ရိုးရာယုံကြည်မှု လုပ်ရိုးလုပ်စဉ်တစ်ခုပေါ့။ ဒီနတ်တောင်အတွက် အထိမ်းအမှတ် ပြယုဂ်တစ်ခုဆိုရင်လည်း မှားမယ် မထင်ပါဘူး။

မုခ်ဦးဝအောက်ရောက်တော့ သူက ဆက်လိုက်မလာတော့ဘဲ -

'ဒီအတိုင်း တည့်တည့်သွားရင် မင်းတို့ရွာဆီ ရောက်တဲ့လမ်းကို တွေ့လိမ့်မယ်' လို့ ပြောတယ်။

ကျွန်မရင်ထဲ ဝမ်းနည်းသလိုကြီး ခံစားလိုက်ရတယ်။

'ကိုကြီးက ဒီမှာ အမြဲရှိနေတာလား။ ဒီကို ပြန်လာမယ်ဆိုရင် ထပ်တွေ့လို့ ရမလားဟင်'

'ဒီတောအုပ်က တောင်စောင့်နတ်တွေ၊ ဝိညာဉ်တွေနေတဲ့နေရာပဲ။ ခြေချမိရင် လမ်းပျောက်ပြီး ဒီအထဲမှာ တစ်သက်လုံး ပိတ်မိနေလိမ့်မယ်။ မင်း..ဒီကို မလာသင့်ဘူး။ ရွာသားတွေလည်း အဲဒီလိုပဲ ပြောကြတယ် မဟုတ်လား'

သူ ဘာပြောပြော ကျွန်မ ကြောက်လန့်ရကောင်းမယ် မသိခဲ့ပါဘူး။ လေပြည်အတိုးမှာ ယိမ်းနွဲ့လှုပ်ခါသွားတဲ့ ဆံနွယ်တွေအောက်က သူ့မျက်နှာဖုံးကို ငေးကြည့်ရင်း တစ်ခုခုပြောဖို့ စဉ်းစားနေမိတယ်။ ကျွန်မ သူနဲ့ မိတ်ဆွေဖြစ်ခွင့်ရရင် သိပ်ကောင်းမှာပဲလေ။

'သမီးနာမည်က ယုယပါ။ ကိုကြီးကရော'

ကျွန်မအမေးကြောင့် သူ တွေဝေသွားတယ်။ ဘာမှ ပြန်မဖြေသေးဘဲ ကျွန်မကို ကြောင်ငေးစိုက်ကြည့်နေတယ်။ သူ့မျက်နှာဖုံးက အမူအရာပြောင်းလဲမှုကို မဖော်ပြနိုင်တဲ့အတွက် အသေကောင်တစ်ကောင်လို အေးစက်နေပါတယ်။

သေချာတွေးကြည့်တော့ သွေးလန့်စရာကြီးပါ။ ရောက်နေတာက ဝိညာဉ်တွေပဲ ရှိတဲ့အရပ်။ ရှိနေတာက ကျွန်မနဲ့သူ နှစ်ယောက်တည်း။ သူကလည်း စကားမပြောချိန်ဆို နည်းနည်းကြောက်စရာကောင်းသလိုပဲ။ အဓိကကတော့ ဖြူဖွေးအေးစက်နေတဲ့ သူ့မျက်နှာဖုံးကြီးကြောင့်ပါ။

ညနေစောင်းမို့ လေတွေက တဝှီဝှီ တိုက်ခတ်လာတယ်။ သူကလည်း အသက်မရှိသလို ကြောင်တောင်တောင်ကြီး စိုက်ကြည့်နေဆဲ။ ကျွန်မ တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။

'ဘာပဲဖြစ်ဖြစ် မနက်ဖြန် ကိုကြီးအတွက် လက်ဆောင်ယူပြီး ပြန်လာခဲ့ဦးမယ်။ သွားပြီနော်'

ကျွန်မ သူ့ပြန်ဖြေတာကို မစောင့်တော့ဘဲ ကမူးရှူးထိုး ပြေးထွက်လာခဲ့တယ်။ ခပ်လှမ်းလှမ်းဆီ ရောက်တဲ့အခါမှာ တိုးဖွဖွအသံတစ်သံကို ကြားလိုက်ရပါတယ်။

'ဇော်ပါ'

'ဟင်'

အသံလာရာဆီ ကျွန်မ လှည့်ကြည့်လိုက်တော့ အံ့သြစရာ။ စောစောက နေရာမှာ သူ မရှိတော့ပါဘူး။

ဒီညနေဟာ ကျွန်မအတွက် စိတ်လှုပ်ရှားစရာတွေချည်းရယ်။ ကျွန်မ ကြည်နူးနေမိတယ်။ သီချင်းလေးညည်းရင်း မြက်ပင်စိမ်းလေးတွေကို တို့ထိရင်း ရွာလမ်းဆီ ပြန်လာတော့ လမ်းတစ်ဝက်မှာ ဦးလေးနဲ့ ဆုံတယ်။

'မီယုယ'

'ဟာ..ဦးလေး'

'ယုယ..အရူးမလေး'

ဦးလေးကို မြင်တော့ ကျွန်မ ဝမ်းသာသွားတာပေါ့။ ထုံးစံအတိုင်း ဝမ်းသာအားရ ပြေးဖက်ပြီလေ။ ဒါပေမဲ့ ကျွန်မ ကံဆိုးပြန်တယ်။

'ဒေါက်'

'အား'

www.burmeseclassic.com

www.burmeseclassic.com

ဦးလေးက ကျွန်မကို တွေ့လို့ ဝမ်းမသာရှာဘူး။ ခေါင်းကို စိတ်ဆိုးမာန်ဆိုးနဲ့ ခေါက်လိုက်တယ်။ ကြည့်ရတာ ကျွန်မ ပျောက်နေလို့ တော်တော်စိတ်ပူနေခဲ့ပုံပဲ။

'တစ်ယောက်တည်း လျှောက်သွားစရာလား။ တောထဲ တောင်ထဲမှာ ဒဏ်ရာရနေရင် ဘယ်လိုလုပ်မလဲဟင်'

'အာ..အဟင့်..ဟင့်..အီးဟီးဟီး'

ဆည်းဆာရောင်တောက်နေတဲ့ နေဝင်ချိန်က သိပ်ကို လှပါတယ်။ ငိုယိုနေတဲ့ ကျွန်မကို ဦးလေးက ချော့တယ်။ ခဏပါပဲ၊ ကျွန်မ စိတ်ဆိုးပြေတော့ တူဝရီးနှစ်ယောက်သား တစ်ယောက်လက် တစ်ယောက်ဆွဲပြီး အိမ်ပြန်ခဲ့ကြတယ်။

'ဦးလေးရေ'

'ဟင်..ဘာလဲ'

'နတ်တောင်ပေါ်မှာ ဝိညာဉ်တွေ နေတယ်ဆိုတာ ဟုတ်လားဟင်'

'သြော်..တောင်စောင့်နတ်ရဲ့ တောအုပ်ကို ပြောတာလား။ မသိဘူးလေ။ အဲဒီလိုတော့ ပြောကြတာပဲ။ ငါလည်း ငယ်ငယ်တုန်းက ဝိညာဉ်တွေနဲ့ တွေ့ဖူးချင်ခဲ့တယ်။ အဲဒါကြောင့် ငါနဲ့ ငါ့သူငယ်ချင်းတွေက တောအုပ်ထဲကို အမြဲသွားကြတာပေါ့။ ဒါပေမဲ့ ဘယ်ဝိညာဉ် ဘာတစ္ဆေမှ မတွေ့ခဲ့ပေါင်ကွာ။ အဲ..တစ်ခုတော့ရှိတယ်။ စိတ်ထင်တာလားတော့ မဆိုတတ်ဘူး။ တစ်ချက် တစ်ချက်တော့ မျက်စိထောင့်ကနေ ရိပ်ခနဲ တွေ့လိုက်သလို ခံစားဖူးတယ်။ နွေရာသီ ညတွေမှာဆို တောအုပ်ထဲက အသံတွေ ကြားရတတ်တယ်။ အခု ပြန်စဉ်းစားကြည့်တော့ ဖိုးအောင်နဲ့ သူ့သူငယ်ချင်းတွေအတူတူ တောအုပ်ထဲက နွေရာသီပွဲတော်မှာ ပျော်ခဲ့ကြတယ်ဆိုပဲ။ ဒါပေမဲ့ တောအုပ်ထဲမှာ ဘယ်ရွာသားတွေက ပွဲတော်လုပ်မှာလဲ။ ဒါဆို ဘယ်သူလုပ်တာဖြစ်မလဲ။ အဲဒီအချိန်ကစပြီး ဝိညာဉ်တွေလုပ်တဲ့ ပွဲတော်ထဲ ဖိုးအောင်တို့အဖွဲ့ ရောက်သွားခဲ့တယ်ဆိုတဲ့ ရူးကြောင်ကြောင်ပုံပြင်တစ်ပုဒ် ဖြစ်လာခဲ့တာပဲ။ ဟား..ဟား.. အင်း..အတိတ်ကိုတောင် ပြန်အောက်မေ့လာမိပြီကွာ။ ဦးလေးတို့ ငယ်ငယ်က တော်တော်ရူးခဲ့ကြတာကွ'

ဦးလေးရဲ့ အပြောကို ေးရင်း ကျွန်မမှာလည်း တွေးချင်စရာ။ အဲဒီနောက်တော့ ကျွန်မ ဘာမှ ထပ်မမေးဖြစ်တော့ဘူး။ နေအိမ်ကို ရောက်ပြီး ညမိုးချုပ် အိပ်စက်ချိန်အထိ ဆိုပါတော့။

◆◆◆

'မင်း ရောက်လာတယ်'

သူ့ဆီက ထွက်ကျလာတဲ့ တအံ့တသြ ရေရွတ်သံ။ သူ့အတွက် လက်ဆောင်ယူလာတဲ့ မုန့်ထုပ်ကို ကိုင်ရင်း ကျွန်မ ရပ်ကြည့်နေမိတော့ သူက ဆက်ပြောတယ်။

'မင်း တကယ်ပြန်လာလိမ့်မယ်လို့ မထင်ခဲ့ဘူး'

စကားအဆုံးမှာ သူက ထိုင်နေရာကနေ ထရပ်ဖို့ အားယူလိုက်တယ်။ ဒီခဏမှာပဲ ကျွန်မ သဘောပေါက်သွားခဲ့ပါပြီ။ မနေ့က ကျွန်မတို့နှစ်ယောက် နောက်ဆုံးတွေ့ခဲ့ကြတဲ့ မုခ်ဦးဝအောက်မှာ သူ ဘာ့ကြောင့် ထိုင်နေရသလဲ ဆိုတာကိုပေါ့။

'သမီးကို စောင့်နေတာပေါ့နော်။ အာ..ပျော်လိုက်တာ'

သတိလက်လွတ် ပြေးဖက်မိပြန်ပါရော။

'ခွပ်'

'တကယ်ကို အမှတ်မရှိတာပဲ ဟူး'

သူက ကျွန်မခေါင်းကို သစ်ကိုင်းခြောက်နဲ့ ရိုက်လိုက်ပြီး စိတ်ပျက်လက်ပျက် ရေရွတ်လိုက်တယ်။

ဟုတ်ပါတယ်။ ကျွန်မဟာ တကယ်ကို အမှတ်မရှိတဲ့ ကောင်မလေးပါပဲ။ ဝမ်းသာလာရင် ဘာကိုမှ သတိမရတော့ဘဲ ဖွတ်အတင်း ပြေးဖက်ချင်တဲ့စိတ်ခံစားက အကျင့်ပါနေပါပြီ။ အခုလည်း ထုံးစံအတိုင်း ပြေးဖက်ဖို့ ကြိုးစားမိလို့ ထုံးစံအတိုင်း အရိုက်ခံထိသွားပြီလေ။

'အီး..အပျော်လွန်သွားလို့ပါ ကိုကြီးရယ်။ အဲဒါကြောင့်'

'အင်းပါ၊ ဒီနေရာက နည်းနည်းပူတယ်။ အေးတဲ့နေရာ သိတယ်။ သွားကြမလား'

'အန်'

'စိတ်မပူပါနဲ့။ ဒီကို ပြန်လာပို့ပေးမှာပါ'

ရှေ့က ထွက်ခွာသွားတဲ့ သူ့နောက်ကို ကျွန်မ အပြေးလေး လိုက်ခဲ့ပါတယ်။ မနေ့က ဖြတ်သန်းခဲ့ရတဲ့ လှေကားထစ်တွေကို ဒီနေ့လည်း အတူဖြတ်သန်းကြတယ်။ ကျွန်မတို့ကြားမှာ သစ်ကိုင်းခြောက်လေး ခြားမထားတော့ပါဘူး။ ကြည့်ရတာ သူ ကျွန်မအပေါ် ယုံကြည်စိတ်ချ

www.burmeseclassic.com

www.burmeseclassic.com

သွားပြီတဲ့ပါရဲ့။ လမ်းသွားရင်း ကျွန်မ ယူလာတဲ့ မုန့်တွေကို နှစ်ယောက်သား ခွဲဝေစားကြတယ်။ ပျော်စရာကြီးပေါ့။

တစ်စ,တစ်စ တောက နက်နက်လာတယ်။ နေပြောက်ကလေးတွေကို ဟိုတစ်ကွက် ဒီတစ်ကွက်ပဲ မြင်ရတော့တယ်။ အဲဒီအချိန်မှာ သစ်ပင်တွေကြားက တစ်စုံတစ်ရာ ပြေးထွက်လာသလို ခံစားလိုက်ရလို့ ကျွန်မ လှည့်ကြည့်မိတော့-

'ဟင်'

တွေ့လိုက်ရတာက မီးခိုးငွေ့လို ညှိုမှိုင်းမှိုင်းအခိုးအငွေ့တန်းကြီး။ သစ်ပင်ခွကြားပေါ် တက်သွားတဲ့ အဲဒီမီးခိုးလုံးကြီးကို လိုက်ကြည့်ရင်း ကျွန်မ ထိတ်လန့်သွားမိတယ်။ ဒီခဏမှာပဲ အဲဒီမီးခိုးလုံးကြီးက တစ်စုံတစ်ရာကို ပြောဆိုလိုက်ပါတယ်။

'ဇော်··အဲဒါ လူသားလေး မဟုတ်လား။ ငါ စားလို့ရမလား'

ဘုရားရေ··စားလို့ရမလားတဲ့။ ကျွန်မကို ရှေ့ထားပြီး မေးနေပုံက။ ကျွန်မ သိပ်ကြောက်ရွံ့သွားတယ်။ သူ့ကို အားကိုးတကြီး မော့ကြည့်မိတယ်။ သူက ကျွန်မကို သူ့ကိုယ်နဲ့ ကွယ်လိုက်ပြီ။

'မရဘူး။ ဒါ ငါ့သူငယ်ချင်း'

'ဩော်··အဲဒီလိုလား။ ဟေ့ လူသားလေးရေ၊ ငါ တောင်းဆိုပါတယ်။ ကျေးဇူးပြုပြီး ဇော့်အသားကို မထိမိပါစေနဲ့နော်။ ထိခဲ့ရင် မင်းကို ငါ စားရလိမ့်မယ်'

'အမလေး'

ကျွန်မ ကြောက်လွန်းလို့ ငိုချင်လာမိတယ်။ သူကတော့ ကျွန်မကို အပြည့်အဝ အကာအကွယ်ပေးပါတယ်။

'သွားစမ်းပါကွာ၊ ရှူး··ရှူး'

မီးခိုးလုံးကြီးကို တရှူးရှူးမောင်းထုတ်လိုက်ဟော့ အံ့သြစရာ။ နှုတ်ခမ်းပြပြ၊ မျက်လုံးပြူးပြူးနဲ့ သွေးလန့်ချင်စရာ မီးခိုးလုံးကြီးကနေ ချက်ချင်းဆိုသလို မြွေခွေးတစ်ကောင်အသွင် ပြောင်းလဲသွားပြီး တောအုပ်ထဲကို ပြေးဝင်သွားလို့ပါ။

'အယ်တော်··အဲဒါ မြေခွေးလား'

'သူက ဝိညာဉ်လေ။ လူတွေကို ခြောက်လှန့်ဖို့အတွက် ပုံစံပြောင်းလိုက်တာ။ အလကားပါ၊ ဟောင်ပဲဟောင်တတ်တာ'

'အို··အဟား··အံ့သြစရာကြီးပဲ။ သရဲကို ပထမဆုံးအကြိမ် တွေ့ဖူးတာပဲ။ ပျော်လိုက်တာ။ ဝိညာဉ်ဆိုတာ တကယ်ရှိတာကိုး'

ကျွန်မ ဟစ်အော်လိုက်မိတယ်။ ပျော်လွန်းလို့ပါ။ ကျွန်မလည်း ဦးလေးလို့ပဲ တစ္ဆေ၊ သရဲကို တွေ့ဖူးချင်ခဲ့တာ။ ခုလို မျက်မြင်ကြုံရလိမ့်မယ် မထင်ခဲ့မိဘူး။

'ဟောဗျာ··ပျော်နေလိုက်တာများ၊ သရဲကို ပထမဆုံးအကြိမ် တွေ့ဖူးတာဆိုပဲ။ ငါ့ကို ဘာထင်နေလို့လဲမသိ'

သူက ခပ်တိုးတိုးညည်းတယ်။ ကျွန်မ ကြားပေမယ့် ဘာအဓိပ္ပာယ်လဲ မစဉ်းစားအားဘူး။ ကိုယ့်ဟာကိုယ် ခုန်လို့ပေါက်လို့ ပျော်လို့ အော်လို့ ကောင်းတုန်း။

တောအုပ်ရဲ့ လှပတဲ့တစ်ဖက်ကမ္ဘာတိုင်အောင် ကျွန်မတို့နှစ်ယောက် ဆက်လျှောက်လာခဲ့ကြတယ်။ ရှေ့က သွားနင့်တဲ့ သူ့ကို ငေးရင်း ကျွန်မ စပ်စုမိပြန်တယ်။

'ကိုကြီးက ဘာဖြစ်လို့ မျက်နှာဖုံးတပ်ထားတာလဲ။ မျက်နှာမရှိလို့လားဟင်'



www.burmeseclassic.com



"ဘာရယ်တော့ မဟုတ်ပါဘူး။ ငါ့အကြောင်းတွေ မသိချင်စမ်းပါနဲ့။ မင်းရဲ့ အကြောင်းပဲ ပြောပြ"

◆◆◆

နောက်ရက်တွေ၊ နောက်ရက်တွေ၊ နောက်ထပ်ရက်များစွာတိုင်တဲ့အထိ ကျွန်မ တောအုပ်ဆီကို ရောက်ဖြစ်ခဲ့ပါတယ်။ အဲဒီနွေရာသီ ကျောင်းပိတ်ရက်အားလုံး ကျွန်မဟာ နတ်တောင်ပေါ်မှာပဲ ပြေးလွှားဆော့ကစားနေခဲ့ပါတယ်။

"ဒီဘက်ခြမ်းက ပိုလှတယ်၊ သိလား"

သူက တောအုပ်ထဲက လှပတဲ့ နေရာတွေ အားလုံး လိုက်ပြခဲ့တယ်။ ကြာပန်းတွေ ဖူးနေတဲ့ ကန်နံဘေးမှာ သစ်ရွက်လှေလေးတွေ အတူတူလွှတ်ကြတယ်။ ရူးတယ်လို့ပဲပြောပြော ကျွန်မဘဝအတွက်တော့ အဲဒီအချိန်လေးတွေဟာ သိပ်ကို ပျော်စရာကောင်းခဲ့တာ။ အဖြူစင်ဆုံးနဲ့ အပျော်ရွှင်ဆုံး အချိန်လေးတွေ။

"ကိုကြီးရေ..ဒီမှာ ကြည့်ဦး။ ပန်းတွေ အများကြီး ခူးလာတယ်။ ဟင်..ဇော် ကိုကြီး အိပ်ပျော်နေတာလား"

မြက်ခင်းပြင်ပေါ်မှာ လဲလျောင်းနေတဲ့သူ့ကို တွေ့လိုက်ရတယ်။ အနားကပ်ပြီး ခပ်တိုးတိုး ခေါ်လိုက်ပေမဲ့ ပြန်မထူးတဲ့အတွက် သူအိပ်နေတာ ဖြစ်နိုင်ပါတယ်။ ကျွန်မ သူ့မျက်နှာဖုံးကို စိုက်ကြည့်ရင်း မကြံကောင်း မစည်ရာကို တွေးမိလိုက်တယ်။ အဲဒါကတော့ သူ့မျက်နှာကို ခိုးကြည့်ဖို့ပါပဲ။

မျက်နှာဖုံးကို ထိတာပဲဥစ္စာ။ အသားကို ထိတာမှ မဟုတ်။ ဘာမှမဖြစ်လောက်ပါဘူးနော်။

ကျွန်မ တွေဝေနေသေးတယ်။ ကျွန်မကြောင့် သူ ပျောက်ကွယ်သွားရင် ဘယ်လိုလုပ်မလဲ။ ဒါပေမဲ့ မျက်နှာဖုံးအောက်က သူ့မျက်နှာ ဘယ်လိုပုံစံလဲဆိုတာ သိဖို့အတွက် ဒီတစ်နည်းပဲ ရှိတာကြောင့် ခိုးကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကလေးအတွေးမို့ ဆင်ခြင်တုံတရား နည်းပါးသေးတယ်လေ။ ကျွန်မ မျက်နှာဖုံးကို ဖွဖွကိုင်ပြီး ဖြည်းဖြည်းချင်း ဆွဲမ,လိုက်တယ်။

"ဟင်"

သူက ကျွန်မ ထင်ထားသလိုမျိုး မျက်နှာမပါတာ မဟုတ်သလို သရဲရုပ်ပေါက်နေလို့လည်း မဟုတ်ပါဘူး။ မင်းသားတစ်ပါးလို ချောမောခန့်ညားသူပဲ။ ဒါနဲ့များ ဘာလို့ မျက်နှာဖုံးတပ်ထားရတာလဲ။

ကျွန်မ အံ့သြငေးမောနေတုန်း ခဏမှာပဲ သူ့မျက်လုံးတွေ ပွင့်လာတယ်။ တောက်ပစူးရှတဲ့ မျက်လုံးလှလှလေးတွေ ကျွန်မ ထိတ်လန့်သွားရပြီလေ။

"အ..တောင်းပန်ပါတယ်"

ကျွန်မလည်း အဆူခံရမှာစိုးလို့ မျက်နှာဖုံးကို ခပ်မြန်မြန်ပြန်တပ်ပေးလိုက်တယ်။ ဒါပေမဲ့ အလောတကြီး လုပ်လိုက်မိတာကြောင့် မျက်နှာဖုံး တပ်ပေးတာနဲ့ မတူဘဲ သူ့မျက်နှာကို ဖြတ်ရိုက်လိုက်သလို ဖြစ်သွားခဲ့တယ်။

"အမလေးဗျ၊ အရမ်းလုပ်တာပဲ။ အိပ်နေချိန်မှာ လုပ်ကြံတာပေါ့လေ"

အမှန်တော့ သူက အိပ်ချင်ယောင်ဆောင်နေတာပါ။ မျက်နှာဖုံးကို ကျွန်မ ဖြုတ်ချင် ဖြုတ်လို့ရအောင် အခွင့်အရေးပေးတာ ဖြစ်ပါလိမ့်မယ်။ ဒါကို ကလေးဖြစ်တဲ့ ကျွန်မက ဘယ်လိုလုပ်သိပါ့မလဲ။ အိပ်ပျော်နေတုန်း ခိုးကြည့်ရတယ် အတွေးနဲ့ သူ နိုးလာတာမြင်တော့ ထိတ်လန့်သွားတယ်။ မျက်နှာဖုံးကို ကြောက်အားလန့်အားနဲ့ တွန်းလိုက်တော့ သူ့ခမျာ အရိုက်ခံရသလို ဖြစ်သွားတာပေါ့။

"တော်တော်ကြောက်စရာကောင်းတဲ့ ကလေးမပဲ။ အား..နာလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com

'တောင်းပန်ပါတယ်။ ဟို..အဲ..နေပါဦး။ ကိုကြီး အိပ်ချင်ယောင်ဆောင်နေတာ မဟုတ်လား'

'ဟင်းဟင်း..ဟုတ်ပါပြီ။ ကဲ..ပြောပါဦး။ ငါက သာမန်လူနဲ့ တူနေသလား'

'အင်းလေ၊ ဒါနဲ့များ ဘာလို့ မျက်နှာကို ဖုံးထားရတာလဲ'

'ငါသာ ဒီမျက်နှာဖုံးကို မဝတ်ထားရင် ဝိညာဉ်တစ်ကောင်နဲ့ မတူတော့ဘူးလေ'

သူ့စကားတွေက ကျွန်မကို ခေါင်းစားသွားစေတာချည်း။ ခုလည်း ကြည့်ဦး။ သာမန်လူပုံစံ ရှိရဲ့သားနဲ့ နတ်တောင်ပေါ်မှာ နေထိုင်နေတယ်။ မျက်နှာဖုံး တပ်ထားရတာက ဝိညာဉ်တစ်ကောင်နဲ့ မတူမှာစိုးလို့တဲ့။ နားလည်ရခက်လိုက်တာ။

'ကိုကြီးရေ..သမီး မနက်ဖြန်ကစပြီး ဒီကို မလာနိုင်လောက်တော့ဘူး။ အရင်က ပြောဖူးတယ်လေ။ နွေရာသီကျောင်းပိတ်ရက်ဆို ဦးလေးရဲ့အိမ်ကို အလည်လာတယ်ဆိုတာလေ။ အဲဒါကျောင်းဖွင့်တော့မှာမို့ မနက်ဖြန်ဆိုရင် အိမ်ပြန်ရတော့မှာ'

'ဩော်..ဒါဆို။ ဒါပေမဲ့ နောင်နှစ်တော့ လာနိုင်တယ် မဟုတ်လား'

'အင်း'

ကျွန်မ ဝမ်းသာအားရ ခေါင်းညိတ်လိုက်မိပါပြီ။

◆◆◆

အဲဒီလိုနဲ့ ကျွန်မအတွက် နွေရာသီဆိုတာ အမြဲမျှော်လင့်စောင့်စားရတဲ့ အရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ သူကလည်း ကျွန်မကို ကတိပေးထားတဲ့အတိုင်း စောင့်နေခဲ့ပါတယ်။

ကျွန်မတို့နှစ်ယောက် ထုံးစံအတိုင်း နတ်တောင်ပေါ်က ပျော်စရာကောင်းတဲ့ နေရာတွေဆီ လျှောက်လည်ခဲ့ကြတယ်။ တစ်စုံတစ်ယောက် စီမံဆောက်လုပ်ထားသလိုမျိုး ဆန်းဆန်းကြယ်ကြယ် လှပနေတဲ့ သစ်သားတံတားလေးပေါ်မှာ ကျွန်မတို့ ထိုင်ကြတယ်။ အေးစိမ့်နေတဲ့ ကန်ရေက ကျွန်မကို လန်းဆန်းသွားစေတယ်။

'ရေတွေက အေးလိုက်တာ'

'မင်းကတော့ ထူးဆန်းတယ်နော်။ ရေပဲ အေးမှာပေါ့'

ဒီနှစ်မှာတော့ မနှစ်ကထက် သွေးလန့်စရာ အဖြစ်အပျက်တစ်ခုကို ကြုံလိုက်ရတယ်။ တောအုပ်ထဲက သစ်ပင်တစ်ပင်ပေါ်ကနေ လက်ရှည်ကြီးတစ်ဖက် ထွက်ကျလာတာပါ။ ကျွန်မ ကြောက်လန့်တကြား နောက်ဆုတ်လိုက်မိတယ်။ လက်သည်းရှည်တွေ ပြည့်နှက်နေတဲ့ လက်ချောင်းရှည်ကြီးတွေက သူ့လည်တိုင်ကို ဆုပ်ကိုင်လိုက်ပြီ။ အို..ဘုရားရှင်၊ ကျွန်မ ဘာလုပ်ရမလဲ။

'ဇော်..မင်း ဘာတွေလုပ်နေတာလဲ။ အန္တရာယ် များလိုက်တာ။ အဲဒါ လူသားနော်။ သူ့ကို ထိမိရင် မင်းပျောက်ကွယ်သွားရမှာ'

'ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အတွက် စိတ်ပူမနေပါနဲ့တော့'

သူက ခပ်အေးအေးပဲ ပြန်ဖြေလိုက်တယ်။ အဲဒီအခါ လက်ရှည်ကြီးက သစ်ပင်တွေကြားထဲ ပြန်လည်ဝင်ရောက်ပျောက်ကွယ်သွားတယ်။ နည်းနည်းစိတ်ငြိမ်သွားပြီဆိုပေမဲ့ ဘာတွေဖြစ်နေသလဲဆိုတာ ကျွန်မ နားမလည်သေးဘူး။

'လူသားလေးရေ..ကျေးဇူးပြုပြီး ဇော့်ကို မထိမိပါစေနဲ့နော်'

'ဟုတ်ကဲ့..သမီး သတိထားပါ့မယ်'

တောအုပ်ထဲမှာ ရှိသမျှဝိညာဉ်တွေက သူ့အတွက် စိုးရိမ်ပူပန်နေကြတာလား။ ဝိညာဉ်တွေကျတော့ သူ့ကို ထိလို့ရတယ်။ ဒါဖြင့် သူက ဘာလဲ။

◆◆◆

နွေရာသီနှစ်ခုကို ကျော်လွန်ပြီး သုံးခုမြောက်မှာတော့ ကျွန်မတို့ နှစ်ယောက်ကြားမှာ သည်းထိတ်ရင်ဖိုအဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့ရတယ်။ တစ်ယောက်ရဲ့အသက်ကို တစ်ယောက် မစောင့်ရှောက်နိုင်တဲ့ အခြေအနေတစ်ခုပေါ့။

'ယုယရေ..ဘယ်ရောက်နေတာလဲ။ ထွက်ခဲ့တော့။ ဟေး..ယုယ..ယု'

'ဝါး'

သစ်ပင်ပေါ်မှာ ပုန်းခိုနေရာကနေ ကျွန်မ ဘွားခနဲထွက်လာလိုက်တယ်။ သူ ထိတ်လန့်သွားမယ်လို့ မျှော်လင့်ခဲ့တာ။ ဒါပေမဲ့ ထင်သလို ဖြစ်မလာပါဘူး။ သူ့မျက်နှာကို ကျွန်မမှ မမြင်ရဘဲလေ၊ သူ လန့်,မလန့် ဘယ်သိရပါ့မလဲ။ ကျွန်မမှာသာ မျောက်တစ်ကောင်လို ဇောက်



www.burmeseclassic.com

www.burmeseclassic.com

ထိုးခိုနေရာကနေ ဂါဝန်လန်သွားလို့ အရှက်ကွဲပါရော။ (၉)နှစ် (၁၀)နှစ်အရွယ်ဆိုပေမဲ့ ရှက်တတ်နေပြီလေ။ ဒါပေမဲ့ သူကတော့ ကလေးမလေး ကျွန်မကို ဆူဆဲဖို့ပဲ သတိရပါတယ်။

'ဒါက ဘာတွေလုပ်နေတာလဲ။ ပြုတ်ကျဦးမယ်'

'ဟီးဟီး..ကိုကြီး ထိတ်လန့်သွားတာကို မြင်ချင်လို့ ခြောက်ကြည့်တာလေ။ ဒါပေမဲ့ ဟို..အနည်းဆုံးတော့ သမီးနဲ့ အတူရှိနေချိန်မှာ အဲဒီမျက်နှာဖုံးကြီး ချွတ်ထားပါလားဟင်'

'ပြဿနာတော့ မရှိပါဘူး။ ဘာဖြစ်လို့လဲ'

'ဘာရယ်တော့ မဟုတ်ပါဘူးပေါ့။ ခုလို..လို..အ..သစ်ကိုင်းကျိုးပြီ'

'ဟာ..သတိထား ယုယ'

'ဟင်..မ..မဖမ်းနဲ့'

'ဝုန်း'

သူက သစ်ကိုင်းကျိုးလို့ ပြုတ်ကျလာတဲ့ ကျွန်မကို လှမ်းပွေ့ဖို့ ကြိုးစားလိုက်တယ်။ အဲဒါကို မြင်လိုက်ရတော့ ကျွန်မ သိပ်စိတ်ပူသွားတယ်။ ကျွန်မကို ထိမိရင်



သူ ပျောက်ကွယ်သွားမှာ။ ကျွန်မကို သူ ဖမ်းလို့ မဖြစ်ဘူး။ အဲဒါကြောင့် မဖမ်းဖို့ လှမ်းတားတယ်။ သစ်ပင်က သိပ်မမြင့်လို့ ပြုတ်ကျချိန်က စက္ကန့်ပိုင်းလေးရယ်။ အဲဒီခဏမှာ ဘာတွေဖြစ်သွားသလဲ။ ကျွန်မပဲ ကျိုးပဲ့သွားသလား၊ ဒါမှမဟုတ် သူပဲ ထာဝရ။

'အိုက်ရား..မိတော့မလို့ဟာကို'

'ဟုတ်တယ်နော်။ ဒါပေမဲ့ ဘာမှမဖြစ်ပါဘူး။ ခါးနည်းနည်းနာရုံပဲ'

'တောင်းပန်ပါတယ် ယုယ။ အဆင်ပြေရဲ့လား'

'ရတယ် ဘာမှမဖြစ်ဘူး။ တော်ပါသေးရဲ့။ ဟိတ်..ဇော်၊ ဘာပဲဖြစ်ဖြစ် သမီးကို လုံးဝမထိပါနဲ့နော်..နော်လို့။ သမီးကိုထိမိရင် ထိမိရင် ဟင့်..ဟင့်..'

ကျွန်မ ရှိုက်ကြီးတငင် ငိုချလိုက်မိတယ်။ စောစောကများ သူ ငါ့အသားကို ထိလိုက်မိရင် ဆိုတဲ့အတွေးက ကျွန်မကို ခြောက်လှန့်နေတယ်။ ကျွန်မ သူနဲ့ ခွဲခွာရမှာကို ကြောက်ရွံ့နေမိပါတယ်။

နောက်နှစ်နွေရာသီရော၊ နောက်ထပ်နွေရာသီတွေမှာရော ကျွန်မ တောအုပ်ကို ရောက်ခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်မ အသက် (၁၃)နှစ်ထဲ ရောက်နေပြီ။ အပျိုဖြန်းအရွယ်လေးမို့ စိတ်ခံစားမှုတွေကလည်း တစ်မျိုးတစ်မည် ဖြစ်နေခဲ့ပါပြီ။

'ဒန့်..ဒန့်..ခုနှစ်တန်းတောင် ရောက်လာပြီ သိရဲ့လား'

'အင်းနော်။ မင်းတောင် တဖြည်းဖြည်းနဲ့ မိန်းကလေးရုပ် ပေါက်လာပြီ'

'ဟမ်..အစောကတည်းက မိန်းကလေးပဲဟာကို'

ကျွန်မတို့နှစ်ယောက်ရဲ့ အသက်တွေက တဖြည်းဖြည်းနဲ့ သိပ်မကွာတော့ပါဘူး။ သူက သာမန်လူတွေထက် အသက်ကြီးတာ နှေးနေသလိုပဲ။

ဒီနှစ် ဆောင်းရာသီမှာ ..တ်တောင်က အေးခဲနေလိမ့်မယ်လို့ ဦးလေးက ပြောတယ်။ ကျွန်မ စိတ်ပူသွားတယ်။ သူတော့ ချမ်းနေတော့မှာပဲ။ သူ့ကြည့်ရတာ အဝတ်အစားရှိပုံမရဘူး။ အမြဲတမ်း ဒီအင်္ကျီတစ်ထည်ကိုပဲ ဝတ်ထားရှာတယ်။ အဲဒါကြောင့် ဆောင်းရာသီမှာ အအေးဒဏ်ခံနိုင်အောင် လက်ဆောင်တစ်ခုခုပေးဖို့ ကျွန်မ တွေးလိုက်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

'မာဖလာ ဟုတ်လား'

'အင်း..ဆောင်းရောက်ရင် သုံးဖို့၊ သုံးနော်။ ကဲ.. သွားပြီး..တာ့တာ။ နောက်နှစ်မှ တွေ့မယ်'

သူ့ခမျာ ကျွန်မရဲ့ လက်ဆောင်ကြောင့် အူတူတူဖြစ်လို့ မာဖလာကိုကြည့်လိုက်၊ ကျွန်မကို ကြည့်လိုက်နဲ့။

ထုံးစံအတိုင်းပါပဲ။ သူ လက်ပြနှုတ်ဆက်ပြီး ကျန်ရစ်ခဲ့တယ်။ ဒါပေမဲ့ ခါတိုင်းနှစ်တွေနဲ့ မတူတာက ကျွန်မပါ။ သူ့ပုံရိပ်က အချိန်များစွာ ကြာမြင့်သွားတဲ့အထိ ကျွန်မအာရုံထဲမှာ စွဲမြဲတည်ရှိနေတယ်။ ကျွန်မလေ သူ့အကြောင်းတွေကို မစဉ်းစားဘဲ မနေနိုင်ခဲ့ဘူး။

'ဇော်ကို တွေ့ချင်တယ်။

အခွင့်ရှိမယ်ဆိုရင် ဇော်ကို ထိတွေ့ပွေ့ဖက်ဖူးချင်တယ်။

◆◆◆

'အချိန်တွေ အကုန်မြန်တယ်နော်။ မင်းတောင် အထက်တန်းကျောင်းသူကြီး ဖြစ်နေပြီ'

'ဟုတ်တယ်နော်'

'မင်း ငါ့ဆီကို ဒီအတောအတွင်း ရောက်မလာဖြစ်ဘူးပဲ'

'ဒီကြားထဲမှာ စာတွေ ကြိုးစားနေရလို့လေ။ ကျွန်မတွေးထားတာ ဒီသုံးနှစ်ကုန်လို့ ကျောင်းပြီးသွားရင် ဒီဒေသမှာ ကျွန်မ အလုပ်တစ်ခုခု ရှာမလားလို့။ ဒါဆိုရင်အနားမှာ ကျွန်မ အကြာကြီး နေလို့ရပြီပေါ့။ ဆောင်းဦးမှာရော ဆောင်းရာသီမှာရော၊ နွေရာသီမှာရော အိုး.. အမြဲတမ်း၊ အမြဲတမ်းနော်။ ပျော်စရာမကောင်းဘူးလား ဟင်..ဇော်'

ကျွန်မ သူ့မျက်နှာကို စိုက်ကြည့်ရင်း ဆိုလိုက်တယ်။ သူကတော့ ကန်ရေပြင်ကိုပဲ ငေးကြည့်နေတယ်။

'ယုယ..ငါ့အကြောင်းတွေ မင်းကို ပြောပြမယ်။ တကယ်တော့ ငါက ဝိညာဉ်မဟုတ်ပါဘူး'

'ဟင်..ဘယ်လို'

'ဟုတ်တယ်။ ဒါပေမဲ့ လူသားလည်း မဟုတ်တော့ဘူး။ ကလေးဘဝကတော့ လူသားအဖြစ်နဲ့ မွေးလာတာလို့ ပြောကြတယ်။ ဒီတောအုပ်ထဲမှာ ငါ့ကို စွန့်ပစ်ထားခဲ့တာတဲ့။ စွန့်ပစ်သွားတဲ့ မိဘတွေကို ပြန်ခေါ်လို့ရမယ်အထင်နဲ့ ငါဟာ သနားစရာကောင်းလောက်အောင် ငိုယိုနေခဲ့တယ်။ သူတို့ ပြောတာတော့ ငါက တော်တော်နဲ့ အငိုမရပ်ဘူး။ ဟောဒီ မျက်နှာဖုံးလေး တပ်ပေးလိုက်မှ တိတ်သွားတာတဲ့။ အဲဒီအချိန်ကတည်းက သေခဲ့ရမှာမှန်ပေမဲ့ တောင်စောင့်နတ်မင်းက ကရုဏာသက်လို့ ဆက်ပြီး အသက်ရှင်အောင် စွမ်းအားတစ်ခု ပေးခဲ့တယ်။ အဲဒါကြောင့်လည်း ငါဟာ ဒီကနေ ဘယ်ကိုမှ ထွက်သွားလို့မရဘူးလေ။ ငါကလည်း ဝိညာဉ်တစ္ဆေ တစ်မျိုးပါပဲ'

သူက သူ့ဘဝဇာတ်လမ်းကို ဆွေးဆွေးမြည့်မြည့် ပြောပြတယ်။ ကျွန်မလေ သူ့ကို ကြည့်ရင်း သူ့အကြောင်းတွေ နားထောင်ရင်း သူ့ရင်ထဲက အနက်ရှိုင်းဆုံး တစ်နေရာကို ဝင်ခံစားကြည့်မိတယ်။ သူ့ဘဝက တကယ်သနားစရာ ကောင်းတာပဲ။ သူက အဝေးကို ငေးနေရာကနေ ကျွန်မဘက်ကို လှည့်ကြည့်ပြီး–

'ယုယ..တကယ်လို့ ငါ့ကို မင်း မေ့လိုက်မယ်ဆိုရင်လည်း ရပါတယ်။ မှော်အစွမ်းတစ်ခုတည်းနဲ့ အသက်ရှင်နေရတဲ့ ငါ့ရဲ့ခန္ဓာကိုယ်က သိပ်ကို အားနည်းလွန်းတယ်။ ဘယ်တော့မှ ဆန္ဒရှိသလို အသက်ရှင်ခွင့်ရမှာ မဟုတ်ဘူး။ လူသားတစ်ယောက်ကို ထိမိရုံနဲ့တင် စွမ်းအင်တွေ ပျက်ပြယ်ပြီး ခန္ဓာကိုယ်ဟာလည်း ပျောက်ကွယ်သွားရမှာ။ အခိုးအငွေ့တွေလိုမျိုး။ မင်းကရော ဘယ်အချိန်ထိ..'

သူ့အနားကနေ ထွက်သွားဖို့ တောင်းဆိုနေတဲ့ စကားတွေ ဒီစကားတွေ ဆုံးတဲ့အထိ နားဆင်နိုင်ဖို့ အင်အား ကျွန်မမှာ မရှိပါဘူး။ အဲဒါကြောင့်–

'ထိလိုက်ရင် ပျောက်ကွယ်သွားတဲ့ အရာဆိုတော့ နှင်းတွေလိုပေါ့နော်။ ဟုတ်တယ်မဟုတ်လား ဇော်။ ကျွန်မလေ ရှင့်အကြောင်းတွေကို တစ်ချိန်လုံး တွေးနေခဲ့မိတယ်။ ဇော်ရယ်..ကျွန်မကို မမေ့လိုက်ပါနဲ့၊ မမေ့လိုက်ပါနဲ့နော်'

ရွှန်းလဲ့ဖြာနေတဲ့ နေခြည်တွေအောက်မှာ ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အချိန်အကြာကြီး စိုက်ကြည့်နေခဲ့ကြပါတယ်။ ဒါပေမဲ့ ကျွန်မ မြင်နေရတာက သူ့မျက်နှာ မဟုတ်ပါဘူး။ ကြောင်တစ်ကောင်ရဲ့ မျက်နှာပုံသဏ္ဌာန်ရှိတဲ့ အဲဒီမျက်နှာဖုံး။ တစ်ချိန်က ကျွန်မ တောင်းဆိုခဲ့ဖူးပေမဲ့ သူကတော့ အခုထက်ထိ အဲဒီ မျက်နှာဖုံးကို ဝတ်ဆင်ထားဆဲပါပဲလေ။

ကျွန်မ သိပါတယ်။ အချိန်တွေက ကျွန်မတို့ကို


www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့နေ့မှာတော့ ခွဲခွာစေမှာပါ။ ဒါပေမဲ့ အဲဒီလိုဆိုရင်တောင် အဲဒီအချိန် မတိုင်ခင်အထိ အတူတူရှိနေကြရအောင်'

◆◆◆

'ဝိညာဉ်ပွဲတော် ဟုတ်လား'

'မဟုတ်ဘူး၊ ဝိညာဉ်တွေ ကျင်းပတဲ့ နွေရာသီပွဲတော်'

'ဟင်..ဘာကွာလို့လဲ'

'ကွာတာပေါ့၊ အဓိပ္ပာယ်ချင်း တခြားစီ။ မင်း ငယ်ငယ်တုန်းက ကြောက်နေမှာစိုးလို့ မဖိတ်ခဲ့တာ။ ဒါပေမဲ့ ဒီညတော့ အိမ်က ခိုးထွက်လာလို့ ရတယ်မို့လား။ ငါ မင်းနဲ့ အချိန်အကြာကြီး လျှောက်လည်ချင်လို့။ မင်း သွားချင်ရဲ့လား'

သူ့ဆီက ပြေးထွက်လာတဲ့ နောက်ပိတ်ဆုံးစကားမှာ ကျွန်မ လုံးဝကြွေသွားတော့တာပဲ။ အိုက်တင်ခံမနေဘဲ ဟိုဟိုဒီဒီ မတွေးဘဲ ချက်ချင်းဆိုသလို လက်ခံလိုက်မိတယ်။

'သွားချင်ပါတယ်'

'ဒါဆို တွေ့နေကျနေရာကို ည(၈)နာရီ အရောက်လာခဲ့နော်'

'ဒါပေမဲ့ တစ္ဆေတွေ အများကြီး ရှိမယ့်ပွဲတော်ဆိုတော့ နည်းနည်းကြောက်မိတယ်။ ပြီးတော့လည်း ညဘက်ကြီး'

'စိတ်မပူပါနဲ့။ လူတွေလုပ်တဲ့ပွဲနဲ့ သိပ်မကွာပါဘူး။ သာမန်ပွဲတော်လို ပုံစံမျိုးပါပဲ။ ပြီးတော့လည်း မင်းကို ငါက စောင့်ရှောက်ပေးမှာပဲဥစ္စာ'

သူက မျက်နှာဖုံးကို တစ်ဝက်တစ်ပျက် လှပ်ရင်းပြောလိုက်တယ်။ သူ့ကိုကြည့်ရင်း ဘာရယ်မှန်းမသိ၊ ကျွန်မ ရင်ခုန်သွားမိပါပြီ။

'ရှင် အဲဒီလိုပြောတော့ ကျွန်မလေ ရှင့်ကို ငယ်ငယ်တုန်းကလို ပြေးဖက်လိုက်ချင်တယ်၊ သိလား'

ကျွန်မက နောက်လိုက်တာပါ။ ဒါပေမဲ့ သူကတော့ 'ဖက်လိုက်လေ။ တကယ်ပြောတာ' တဲ့။

သူ့စိတ်ထဲ ဘာတွေဖြစ်နေသလဲ ကျွန်မ တကယ် နားမလည်နိုင်အောင်ပါဘဲ။

◆◆◆

ညက လထိန်ထိန်သာနေတယ်။ တောင်ပေါ်တစ်ကြောလုံး မီးအိမ်တွေ ထွန်းလို့။ ထူးဆန်းလိုက်တာ၊ ပိုထူးဆန်းတာက သူရော ကျွန်မပါ ဒါတိုင်းလို ခေတ်ပေါ်အဝတ်အစားနဲ့ မဟုတ်ဘဲ ရိုးရာဝတ်စုံကိုယ်စီနဲ့လေ။ ပွဲတော်အထိမ်းအမှတ်အနေနဲ့ ရိုးရာမပျက် ဝတ်ဆင်လာကြတာ ဆိုပါတော့။

ဟုတ်ပါတယ်။ သူ ပြောခဲ့တဲ့အတိုင်း ဝိညာဉ်တို့ရဲ့ နွေရာသီပွဲတော်က လူတို့လုပ်တဲ့ ပွဲတော်နဲ့ သိပ်မကွာခြားပါဘူး။ မသိရင် လူတွေ သွားလာပျော်ရွှင်နေကြတဲ့အတိုင်းပါပဲ။

'ကဲ..ဘယ်လိုလဲ။ သဘောကျတယ်ဟုတ်'

'ဟုတ်တယ်နော်။ လူတွေလုပ်တဲ့ ပွဲတော်လိုပဲ။ သူတို့ အားလုံးက လူတွေလို ဟန်ဆောင်နေကြတာလား'

'ဟုတ်ပါ့။ တစ်ခါတလေ လူတွေတောင် မသိမသာ ရောပါလာတာမျိုး ရှိတတ်တယ်တဲ့'

သူပြောမှ ကျွန်မ သတိရသွားတယ်။ ငယ်ငယ်တုန်းက ဦးလေး ပြောပြဖူးတဲ့ နတ်တောင်ပေါ်က ပွဲတော်ကို ရောက်ခဲ့ဖူးတဲ့ ဦးဖိုးအောင်တို့ လူစုအကြောင်းလေ။

'ဦးဖိုးအောင်နဲ့ သူ့သူငယ်ချင်းတွေလိုမျိုး နေမှာပေါ့'

'ဘယ်သူ'

'ဟင်းဟင်း..ဘာမှမဟုတ်ဘူး'

ကျွန်မ မပြောပြတော့ဘဲ ရှေ့ကနေ ဆက်လျှောက်သွားလိုက်တယ်။

'ဟိတ်..ယုယ ခဏနေဦး။ မင်းရဲ့လက်မှာ ဒီပိတ်စကို ချည်ထားလိုက်။ တော်ကြာ လမ်းပျောက်သွားမှာ စိုးလို့'

'ဪ..ဟုတ်'

ကျွန်မတို့နှစ်ယောက် ပိတ်စလေးကို ဟိုဘက်ဒီဘက် ဆွဲယူပြီး လက်တစ်ဖက်စီမှာ ချည်နှောင်လိုက်ကြတယ်။ ကျွန်မတို့နှစ်ဦးကြားမှာ ပိတ်ကြိုးလေးနဲ့ ချည်နှောင်ထားသလို ကျွန်မတို့ရဲ့ ရင်ထဲမှာလည်း သံယောဇဉ်ကြိုးမျှင်တွေက မရေမတွက်နိုင်အောင် အချိန်ကြာမြင့်စွာ ချည်နှောင်လာခဲ့တဲ့ အဲဒီသံယောဇဉ်ကြိုးမျှင်တွေကြောင့် ထင်ရဲ့။ ဒီပိတ်စလေးဟာ ကျွန်မအဖို့ ကြည်နူးစရာ ဖြစ်နေပြန်ပါတယ်။

'ချိန်းတွေ့နေသလိုမျိုးပဲနော်'



www.burmeseclassic.com

www.burmeseclassic.com

ငယ်ငယ်တုန်းကလိုပဲ ကျွန်မ ရွတ်ရွတ်နောက်နောက် ပြောလိုက်မိတယ်။ ဒါပေမဲ့ မျှော်လင့်မထားတဲ့ စကား တစ်ခွန်းကို သူ့ဆီကနေ ကြားလိုက်ရတယ်။

'ချိန်းတွေ့နေတာပဲဟာကို'

ကျွန်မ သူ့မျက်နှာကို မော့ကြည့်မိတယ်။ ကိုယ့်နား ကိုယ် မယုံနိုင်တဲ့ အမူအရာမျိုးနဲ့ပေါ့။ သတိမထားမိတဲ့ အခိုက်အတန့်မှာပဲ ကျွန်မ နှုတ်ခမ်းတွေက ပြုံးယောင် သမ်းသွားခဲ့ပါပြီ။

'သွားကြရအောင်လေ. ယုယ'

'ဩော်..အင်း'

ပွဲတော်က ပျော်စရာကြီးပါ။ တော်တော်များများ မျက်နှာဖုံးစွပ်ထားကြတယ်။ အကောင်မျိုးစုံ၊ ပုံစံမျိုးစုံ ရှိတဲ့ မျက်နှာဖုံးတွေ။ နေရာစုံမှာလည်း ပစ္စည်းမျိုးစုံ၊ စားစရာမျိုးစုံ ရောင်းချနေတယ်။ မီးရှူးမီးပန်းတွေလည်း ဖောက်လို့ သာယာလိုက်တာ။

ငှက်သိုက်မုန့် ဝယ်စားတော့ အံ့သြစရာ။ မစားရ သေးခင်မှာပဲ ငှက်သိုက်မုန့်က လေထဲ ပျံတက်သွားပါရော လား။ လူရွှင်တော်ကလည်း စံပါပဲ။ အဝတ်အစား ကျွတ် ကျလို့ ရယ်လိုက်ရတာ။ နောက်ဆုံးမှာ မီးပုံပွဲလုပ်တဲ့အခါ မီးတောက်မီးလျှံတွေက ကောင်းကင်ယံအထိ ပျံ့နှံ့သွား ခဲ့ပါတယ်။

◆◆◆

'အိုး..သိပ်ကို ထူးဆန်းတဲ့ပွဲတော်ပဲ။ အားလုံးက ကိုယ်စီ,ကိုယ်စီ လူပုံဟန်ဆောင်ပြီး လာကြတယ်နော်။ ကြည့်ရတာ ရုပ်တုပြိုင်ပွဲလိုပဲ။ နှစ်တိုင်း ဒီလိုပဲ အမြဲလုပ် တာလား'

'အင်း..နှစ်တိုင်း နွေရာသီ ဒီအချိန်ဆို အမြဲလုပ် တယ်'

ပွဲတော်ကအပြန် တောင်ခြေဆင်းရာ လမ်းတစ် လျှောက်မှာ ကျွန်မတို့နှစ်ယောက်တည်း။ ထိန်ထိန်သာနေ တဲ့ လရောင်က ကျွန်မတို့အပေါ်ကို ဖြာကျနေပါတယ်။ ကြည်လဲ့လဲ့ ကန်ရေပြင်နံဘေးက ကုန်းဆင်းလမ်းလေး အတိုင်း လျှောက်လာကြရင်း နှစ်ယောက်လုံး နှုတ်ဆိတ် နေခဲ့မိတယ်။ ရင်ထဲမှာတော့ ပြောစရာစကားတွေ ပြည့် နှက်လို့ပေါ့။

'ယုယ'



'ရှင်'

'နောက်နှစ်နွေရာသီ ရောက်တဲ့အထိ ငါ အကြာ ကြီး မစောင့်နိုင်တော့ဘူး။ မင်း ငါ့အနားမှာ မရှိတဲ့အချိန် တွေဆိုရင် တစ်ကိုယ်ကောင်းဆန်တယ်ဆိုတာ သိပေမဲ့ လည်း ငါမင်းကို သိပ်တွေ့ချင်နေမိတယ်'

သူက ဒီစကားတွေကို လမ်းလျှောက်ရင်း ပြောနေ တာပါ။ ကျွန်မက လှည့်ကြည့်ပေမဲ့ သူကတော့ ရှေ့တည့် တည့်ကိုပဲ ကြည့်နေပါတယ်။ ကျွန်မလေ သာမန်ချစ်သူ တွေလိုပဲ သူ့လက်ကို ဆုပ်ကိုင်ဆွဲထားလိုက်ချင်ရဲ့။ ဒါပေ မဲ့လည်း ဖြစ်မှမဖြစ်နိုင်ဘဲလေ။ ကျွန်မ အဲဒီလိုလုပ်မိရင် သူ ထာဝရပျောက်ကွယ်သွားရမှာ။

ရုတ်တရက် ရှေ့ဆက်မသွားဘဲ ရပ်တန့်လိုက်တဲ့ သူ။ မျက်နှာဖုံးကို ချွတ်ပြီး ကျွန်မဘက် လှည့်ကြည့် တယ်။ သူ့မျက်နှာက လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်က တွေ့ ခဲ့ရတဲ့အတိုင်း မပြောင်းလဲ၊ ဒီအတိုင်းပဲ။ ကျွန်မအဖို့ ကိုကြီးလို့ ခေါ်ရမယ့်အရွယ် ဘယ်ဟုတ်တော့မလဲ။

ဖျတ်ခနဲဆိုသလို သူ့မျက်နှာဖုံးလေးကို ကျွန်မမျက် နှာမှာ အုပ်မိုးလိုက်တယ်။ တစ်ဆက်တည်းမှာပဲ ရင်ဖိုဖွယ် အနမ်းတစ်ပွင့်။ မျက်နှာဖုံးလေး ခြားနေပေမဲ့ ကျွန်မရဲ့ အံ့အားသင့်မှုက လျော့နည်းမသွားဘဲ ပြင်းထန်နေခဲ့။ လရောင်အောက်က ရှန်းလဲ့တဲ့ သူ့မျက်ဝန်းတွေနောက် လှပတဲ့နှုတ်ခမ်းလေး။

www.burmeseclassic.com

www.burmeseclassic.com

သူက ပြုံးလိုက်ပြီး 'အဲဒီမျက်နှာဖုံးကို ယူထားလိုက်ပါ' တဲ့။

ဒါ..ဒါဟာ ဘာအဓိပ္ပာယ်လဲ။ သူ့မျက်နှာဖုံး ချွတ်ထားဖို့ ဆုံးဖြတ်လိုက်ပြီလား။ ဒါမှမဟုတ်..။

ဘာလဲ။ တကယ်ပဲ နောက်နှစ်ခွေရာသီမှာ သူ ဒီကို ထပ်မလာတော့ဘူးလား။ ကျွန်မအာရုံထဲမှာ သူ မပါတဲ့ တောင်ခြေက ဆုံနေကျနေရာကို မြင်ယောင်မိရင်း တုန်လှုပ်ချောက်ချားသွားတယ်။ ဒါဟာ တကယ်ပဲ ကျွန်မတို့ရဲ့ နောက်ဆုံး-

'ဟာ..မပြေးနဲ့လေ။ စောင့်ပါဦးဆို'

အတွေးတွေထဲမှာ နစ်မြောနေတုန်း ကျွန်မတို့အားကနေ ကလေးနှစ်ယောက် ဖြတ်ပြေးသွားတယ်။ တောင်ခြေကို ပြေးဆင်းလာတဲ့ ကလေးတွေ၊ တစ်ယောက်ကိုတစ်ယောက် စနောက်လို့၊ ပျော်မြူးလို့။

'အား'

'သတိထား'

ကြည့်နေတုန်းမှာပဲ ကောင်လေးတစ်ယောက် ချော်လဲသွားတယ်။ လက်မတင်လေးရယ်၊ သူ ဖမ်းဆွဲလိုက်ပေလို့သာ။ မဟုတ်ရင် လိမ့်ကျရင်ကျ၊ မဟုတ်တောင် ဒီကောင်လေး ဒူးပြဲဦးမယ်။ တော်တော်ဆော့တဲ့ ကလေးတွေ။

'အဆင်ပြေရဲ့လား'

'အင်း..ကျေးဇူးပဲနော် ကိုကြီးနဲ့ မကြီး'

'အေးပါကွယ်။ မောင်လေးနဲ့ ညီမလေး ဂရုစိုက်သွားဦး'

ကလေးတွေကို ငေးနေရာကနေ နံဘေးကို လှည့်ကြည့်လိုက်ချိန်မှာတော့ အခိုးအငွေ့တွေပမာ တဖြည်းဖြည်း ပျောက်ကွယ်လာတဲ့သူ။

'ဟင်..ဇော်၊ ဘာ..ဘာဖြစ်။ ဒါဆို အဲဒီကောင်လေးက လူလား'

◆ ◆ ◆

သူက ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားတဲ့ လက်ဖဝါးပြင်ကို စိုက်ကြည့်နေတယ်။ ခဏအကြာမှာ ကျွန်မကို လှည့်ကြည့်တယ်။ သူ့မျက်ဝန်းတွေက အံ့သြနေတာလား၊ ထိတ်လန့်နေတာလား၊ ဒါမှမဟုတ် ဝမ်းနည်းနေတာလား၊ ကျွန်မ ဝေခွဲမရခဲ့ပါဘူး။ ကျွန်မလေ သူ့နာမည်ကို ဆို့ဆို့နစ်နစ် ခေါ်လိုက်မိတယ်။

'ဇော်ရယ်'

(၁၀)နှစ်တာလုံးလုံး ပွေ့ဖက်ချင်ပါလျက် မထိရက် မကိုင်ရက်ဘဲ အရိပ်တကြည့်ကြည့် ချစ်ခဲ့ရတဲ့သူ။ အခုတော့ ကျွန်မရှေ့မှာတင် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားပါတော့မယ်။

ရုတ်တရက် သူ့မျက်နှာမှာ အပြုံးတစ်ပွင့် ပေါ်လာတယ်။ သူက လက်နှစ်ဖက်ကို ခပ်သွယ်သွယ်ဆန့်တန်းလိုက်ပြီး-

'လာလေ ယုယ၊ နောက်ဆုံးတော့ ငါ မင်းကို ပွေ့ဖက်လို့ရပြီ'

ဒါဟာ ပျော်စရာအခြေအနေ မဟုတ်မှန်း ကျွန်မသိတယ်။ ဒါပေမဲ့ သူ့ရင်ခွင်ထဲကို ကျွန်မ ဝမ်းသာအားရ ပြေးဝင်သွားလိုက်မိတယ်။ တစ်သက်လုံး တောင့်တခဲ့တဲ့ မျှော်လင့်ချက်တစ်ခု ပြည့်မြောက်သွားခဲ့သလို ခံစားချက်တွေနဲ့ ကျွန်မ သူ့ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်မိတယ်။ သူတစ်ကိုယ်လုံး မပျောက်ကွယ်သွားခင်အထိ။

'မင်းကို ချစ်တယ် ကောင်မလေး'

'ကျွန်မလည်း အတူတူပါပဲ ဇော်ရယ်'

သူ ပျောက်ကွယ်သွားချိန်မှာ နတ်တောင်ပေါ်ကနေ ကျွန်မတစ်ယောက်တည်း ပြန်လာခဲ့ပါတယ်။ အိပ်မက်တစ်ပုဒ်ကနေ နိုးထလာသလိုမျိုး။ ဒါပေမဲ့ ကျွန်မ လက်ထဲမှာတော့ မျက်နှာဖုံးလေးတစ်ခု။

သူ ပေးခဲ့တဲ့ မျက်နှာဖုံးလေးကို ကျွန်မ တစ်သက်လုံး သိမ်းထားလိုက်တော့မယ်။ သေချာတာက ကျွန်မဟာ အချိန်အတော်ကြာတဲ့အထိ နွေရာသီကို စောင့်မျှော်နေတော့မှာ မဟုတ်ပါဘူး။ နှလုံးသားတွေ နာကျင်ပြီး မျက်ရည်တွေ အဆက်မပြတ် ကျနေရရင်တောင် မေ့ပစ်လိုက်မှာ မဟုတ်ပါဘူး။ ကျွန်မလက်နဲ့ ထိတွေ့ခွင့်ရခဲ့တဲ့ နွေးထွေးမှုနဲ့ အမှတ်တရတွေ ပြည့်နေတဲ့ ဒီနွေရာသီဟာ ကျွန်မရင်ထဲမှာ အမြဲထာဝရ တည်ရှိနေမှာပါ။

စေတနာရှေ့ထားလျက်

ဂါဦးနွန်းကို

(The light of the firefly forest ဂျပန်ကာတွန်းရုပ်ရှင်ကို မှီငြမ်းခံစား ရေးဖွဲ့ထားပါသည်။)



www.burmeseclassic.com

www.burmeseclassic.com


# မြန်မာပြည် ဆရာ ဦးမင်းသန်းထိုက်

တဆ ၃၃၅၈ **အနာပေါက် အထူးကုသမားတော်** အသင်း၀င်ကတ် ၂၅၇

ခန္ဓာကိုယ် အတွင်း,အပြင် အကျိတ်မျိုးစုံ၊ မှိုနာ၊ ကင်ဆာ၊ အမြစ်ပွားနာ ရောဂါအမျိုးမျိုးကို မခွဲမစိတ်၊ မဖြတ်မလှီး၊ စုတ်အပ်မထိုး၊ ဆေးရည်အမျိုးမျိုး ထိုးမသွင်း။ အနာလုပ်မကျ၊ ဆွမကျ၊ အမြစ်သတ်၊ ဆေးအုံ၊ ဆေးအုပ်ထားရုံဖြင့် အမြစ်အားလုံး သေကျေပြီး အမြစ် မကျန်ရအောင် ကုသပေးနေတယ်။ အမြစ်တွေ အစုစုအပြုံပြုံ ထွက်လာအောင် ဆေးက ဆွဲစုပ်ပေးနိုင်တဲ့ ဆေးစွမ်းကောင်း ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။ ဂရင်ဂျီနာ၊ လိပ်ခေါင်း အတွင်း,အပြင် မခွဲမဖြတ်၊ မပူမစပ်၊ ရက်ပိုင်းအတွင်း သက်သာရမယ်။ ခရုသင်း၊ သမင်ဖြူ (၁၂)မျိုး၊ ကိုယ်အရေပြား၊ ဆင်နှင်းခူ၊ ၀ဲနှင်းခူ (အစို၊ အခြောက်) မည်သည့်ရောဂါမျိုးကိုမဆို ဆေးမမှားစေရ၊ ကုထုံးမမှားစေရ၊ အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေး မခက်ပါ၊ အနာနဲ့ဆေး ကိုက်အောင်ပေး သောက်ရေး မခက်ပါ။

**မကုသခင် လာရောက်ဆွေးနွေးပါ။**

အမှတ်-၄၄၄၊ ရွှေဘုံသာ(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၂၅၂ ၀၆၇ ၇၃၀ ၊ ၀၉ ၃၁ ၀၇ ၃၆ ၁၉



**စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ**

**ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး**

**ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာဗေဒပညာ**



(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်လာတတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အစည်ပေးခြင်း၊ ကလေးအစည်ပေးခြင်း၊ ဆိုင်အစည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ၀ယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့ဓာတ်လာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအ၀၀ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဗိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368




www.burmeseclassic.com

www.burmeseclassic.com

လူတို့သည် အသံကျယ်ကျယ်ဖြစ်အောင် မှုတ်ရှုပ်ပြုလုပ်၍ အသံထွက်တတ်သည်။

အော်သည်။ ဟစ်သည်။ ကြွေးကြော်သည်။ ကြုံးဝါးသည်။ ကြိမ်းမောင်းသည်။ ဆူသည်။ ဆဲသည်။ ဆိုမြည်သည်။ မြည်တွန်တောက်တီးသည်။

တိရစ္ဆာန်များကျတော့ သာမန်အားဖြင့် အသံကျယ်ကျယ်အော်ရာတွင် တစ်သံတည်း (သို့မဟုတ်) နှစ်သံလောက်သာ ထွက်လေ့ရှိသည်။ ခွေးဆိုလျှင် ဟောင်သည်၊ အူသည်။ ကျားဆိုလျှင် ဟိန်းသည်၊ ဟုန်းသည်။ ခြင်္သေ့ကျတော့ ဟောက်သည်။ ချေကလေးများကလည်း ဟောက်သည် ဆို၏။ သမင်ကတော့ တောက်သည်။ မြင်းကျတော့ ဟီသည်။ ကြက်တို့၊ မြွေတို့၏ အော်သံကို တွန်သည် ဆို၏။ ခိုအစရှိသော အသံပေးသည့် ငှက်များကို ညည်းသံဟု ဆိုသည်။ ညည်းသံထဲတွင် လူတို့ ကြက်သီးထအောင် ကြောက်လေ့ရှိသော ဘာသံမှန်းမသိ၊ ဘယ်ကမှန်းမသိ ထွက်ပေါ်လာသော အသံကြီးများလည်း ရှိသည်။ ထိုအသံများကို တစ္ဆေသရဲတို့၏ ညည်းသံဟုထင်၍ ကြောက်ကြခြင်း ဖြစ်သည်။

တိရစ္ဆာန်အကောင်ကြီးကြီးများ၏ ကျယ်လောင်စွာ အသံပြုခြင်းကိုမူ တိုးတိုးအော်သံဟုသာ ဆိုလေ့ရှိသည်။ ဥပမာ-ဆင်အော်သည်၊ ကျွဲအော်သည်၊ နွားအော်သည် စသည်တို့ဖြစ်သည်။ ဆင်သည် အကောင်ကြီးသလောက် အော်သံက စူးစူးသေးသေး ဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com

နွားအော်သံကတော့ ကျေးလက်ဒေသမှ လူအများ ရိုးနေသည့် အသံဖြစ်သည်။ မြန်မာတို့က နွားအော်သံကို ဘွတ်အဲဟုကြား၍ အသံသတ်မှတ်ထားသည်။ ကြက်တွန်သံကို အောက်အီးအီးအွတ်ဟု ဆိုသကဲ့သို့ ဖြစ်သည်။

သာမန်အားဖြင့် နွားအော်သံဟူသည် ဘာမျှကြောက်စရာမကောင်း။

သို့သော် ရှေးသရောအခါက ဖြစ်သည်။ နွားအော်သံကြောင့် မြို့ပြကြီးတစ်ခု ပျက်သုဉ်းခဲ့ဖူးသည်။

အော်သံ၊ ထိုအော်သံသည် နွားအော်သံပဲ ဖြစ်သည်။ သာမန်အားဖြင့် နွားအော်သံကို မည်သည့်လူသားမျှ မကြောက်ကြ။ ယခု အိန္ဒိယမြစ်ဝှမ်းတွင် လျှင်မြန်စွာ ထွန်းကားတိုးတက်လာသော မြို့ပြကြီးတစ်ခုတွင်မူ နွားအော်သံကြောင့် တစ်မြို့လုံး ထိတ်လန့်တကြား ဖြစ်ခဲ့ရသည်။

လူသားတို့သည် လွန်ခဲ့သော နှစ်ပေါင်း(၁၀၀၀၀) လောက်မှစ၍ သီးနှံများကို ထွန်ယက်စိုက်ပျိုး၍ ရိတ်သိမ်းစားသောက်လာတတ်သည့်ဓလေ့ကို ရရှိခဲ့သည်။ စောစောပိုင်းတွင်တော့ လယ်ထွန်သည်ကို လူတို့ခွန်အားနှင့် ထွန်ခြစ်၊ ထွန်တုံးကိုဆွဲ၍ ထွန်တတ်ရာမှ လွန်ခဲ့သော အနှစ် (၇၀၀၀)ကစ၍ မြင်းနှင့် ကျွဲ၊ နွားများကို ထွန်တုံးဆွဲ၍ ထွန်ခိုင်းတတ်ခဲ့သည်။

ထိုအချိန်မှစ၍ နွားတို့သည် လူတို့၏ ခိုင်းဖတ်ကျွေးကျွန်ဘဝသို့ ရောက်ကြရသည်။ တစ်နေ့သော် ခိုင်းနွားကြီးတစ်ကောင် အခိုင်းလွန်၍ အမောဆို့ပြီး သေလေသည်။ နွားရှင်တို့က ဤမျှ ခန္ဓာကြီးသော အကောင်ကို အသားပေါ်ပြီး စားရလျှင် ကောင်းလေစွဟုဆိုကာ အမဲဖျက်၍ အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ် ဝေငှချက်ပြုတ် စားသောက်ကြသည်။ နွားသားသည် ချက်တတ် ပြုတ်တတ်လျှင် စားလို့ ကောင်းလေစွတကားဟုဆိုကာ တစ်ရွာလုံး နွားများမွေး၍ နွားသားစားကြသည်။ သို့ဖြင့် ထိုဒေသတွင် နွားသားအလွန်စားလာကြသည်။

အိန္ဒုမြစ်ကမ်းရှိ အစ္စကူမန်မြို့လေးသည် ကူးသန်းသွားလာရေး၏ ကုန်သွယ်မှု အချက်အချာမြို့ ဖြစ်လာသည်။ နေ့ချင်းညချင်း လူဦးရေတိုးပွားလာသည်။ တိုးလာသော လူဦးရေအတွက် စားနပ်ရိက္ခာ လုံလောက်စေရန် ဝန်းကျင်ပတ်လည်၌ အသားစားနွားမွေးခြံများ ပေါ်များလာသည်။ နေ့စဉ် အနောက်ဘက်တောင်ကုန်း၏ တောင်ခြေ၌ အရုဏ်တက်အလင်းရောင် ထွက်လာသည်နှင့် နွားဈေးများ လူစည်ကားလာသည်။ နွားများ အရောင်းအဝယ် အလွန်ကောင်းသည်။ နေ့စဉ် နေဝင်ရီတရော တောင်စွယ်တွင် နေကွယ်လုချိန်ရောက်လေတိုင်း တောင်ခါးပန်းတွင် နွားသတ်ရုံများ၌ နွားသတ်ကြကုန်၏။

ဤသို့ဖြင့် လျှင်မြန်စွာကြီးထွားလာသော အစ္စကူမန်မြို့အတွက် နွားသားလိုအပ်ချက်က ကြီးမားလာသည်။ ပတ်ဝန်းကျင်ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုသောနွားများ ရှားပါးလာသည်။ စိုက်ပျိုးရေးထက် နွားမွေးမြူရေးကပင် ပို၍ စီးပွားဖြစ်လာသည်။

တစ်နေ့ညနေ ဒေါင်းဖန်ဝါသူရိယနေမင်း ဂေါယာကျွန်း ယွန်းလုတျားတျားအချိန်၊ တောင်ခါးပန်း နွားသတ်ရုံများ အပေါ်ဘက်ရှိ ကျောက်တောင်တန်းကြီးအလယ်ထိပ်ဆုံးက ကျောက်ဆောင်ကြီးဆီမှ အော်သံကြီးတစ်ခု ထွက်ပေါ်လာသည်။

'အုပ်အဲ..အဲ..ဟဲ..ဟဲ..ဟဲ'

အာလုတ်သံကြီးက ဟိန်း၍ထွက်လာပြီး ပဲ့တင်သံမြည်ဟည်းသွားသည်။

တောင်ခါးပန်းတွင် နွားများ အသတ်ခံရ၍ အော်သံများ စီစီညံနေသည့်ကြားက ထိုတောင်ထိပ်မှ နွားအော်သံကြီးကို နွားသတ်ကုန်းက အမဲဖျက်သမားများ ကြားကြရသည်။

'အုပ်အဲ..အဲ..ဟဲ..ဟဲ..ဟဲ'

ထပ်ဆင့်၍ ဒုတိယအော်သံ ထွက်လာသည်။

ပဲ့တင်ရိုက်၍ အသံပင် မစဲသေး-,

'အုပ်အဲ..အဲ..ဟဲ..ဟဲ..ဟဲ'

နောက်ထပ် အော်သံထွက်လာသည်နှင့် တောင်ထိပ်ကျောက်ဆောင်ကြီးပေါ်တွင် နေရောင်မှိုင်းနီနီကို နောက်ခံပြုလျက် နွားသိုးကြီးတစ်ကောင်၏ သဏ္ဌာန်ကြီး ထွက်ပေါ်လာသည်။

မည်းမည်းရိပ်ကြီးက ချိုကြီးများ ကား၍၊ ရှည်၍၊ ထောင်၍ ကော့ပျံနေသည်။ လည်ကိုမော့၍ အော်လိုက်ခြင်းကြောင့် အသံလာရာကို လှမ်းကြည့်နေသူများ နွားသိုးကြီး၏ နှာမှုတ်သံနှင့် နှာခေါင်း၊ ပါးစပ်တို့မှ ထွက်ပေါ်လာသည့် အာငွေ့များ နှာငွေ့များကိုပါ အထိုင်းထောင်း

www.burmeseclassic.com

www.burmeseclassic.com

ထောင်း ထသွားပုံကို တွေ့လိုက်ကြရသည်။

'အို..အသံကြီးက ကျယ်လှချည်လား'

'ဟာ..အကောင်ကြီးက ကြီးလှချည်လား'

မြင်ရသူများ အံ့သြစွာ အာမေဋိတ်ပြုကြရသည်။

ဤဖြစ်ရပ်က တစ်မြို့လုံး အုတ်အော်သောင်းတင်း ဖြစ်သွားသည်။ မြို့မိမြို့ဖများက နတ်ဖုရားမယ်တော်ကြီး ကို သွားမေးကြသည်။

ဂြိုဟ်စီးဂြိုဟ်နင်းအရ နက္ခတ္တဗေဒအရ မကောင်းတဲ့ နိမိတ်ပဲဟု နတ်ဖုရားမယ်တော်ကြီးက မိန့်သည်။ ဝေဒ စတင်ထွန်းကားသောခေတ်တွင် ဗေဒပညာ၏ သန္ဓေတည် ရာ ဒေသဖြစ်၍ ဝေဒပညာနှင့် တွက်ချက်သည်လည်း မကောင်း။ နတ်မျက်စိနှင့်ကြည့်တော့ ပို၍ဆိုးဝါးစွာ မြင် သည် ဆို၏။

'ဒီအရပ်မှာ မိုးကြိုးမုန်တိုင်းကြီး ကျကိန်းရှိတယ်။ ရေကြီးမယ်။ အရပ်လေးမျက်နှာ ရေမြုပ်မယ်'

နတ်ဖုရားမယ်တော်ကြီးက အပြတ်ပြောသည်။

'နွားတွေကို သတ်စားနေတာကို မကြိုက်လို့ နိဿ ရိရနတ်မင်းကြီးက နိမိတ်ပေးတာ။ အသားစားနွား မွေး တဲ့လူတွေ သတိထား၊ နွားရောင်းဝယ်တဲ့လူတွေ ဆင်ခြင်၊ နွားသတ်သမားတွေ ရှောင်ကြဉ်ကြ'

ထိုသတင်း ပျံ့နှံ့သွားသည်။ နွားနှင့် စီးပွားဖြစ်နေ သော လုပ်ငန်းရှင်များ မယုံချင်ကြ။ အလကားပါ၊ တိုက် ဆိုင်လို့ ဖြစ်တဲ့ကိစ္စပါ။ တောင်ပေါ်မှာ မြေပြိုတာတို့ဘာ တို့ တစ်ခုခုဖြစ်ပြီး ကျောက်ဆောင်ကြီး ပြိုတဲ့ပုံကို ထင် ယောင်ထင်မှား မြင်ကြ တွေးထင်ကြတာပါဟု လူငယ် ပိုင်းနှင့် နွားနှင့် စီးပွားဖြစ်နေသူများက ဆိုကြသည်။

သို့သော် ထိုလကွယ်နေ့မှ နောက်သုံးလမြောက် လကွယ်နေ့ ညနေပိုင်း မှောင်ရီဖျိုးဖျ နေဝင်စအချိန်တွင် အနောက်ဘက်ကျောက်တောင်ထိပ် ကျောက်တောင်ကြီး ပေါ်မှ အော်သံကြီး ထွက်ပေါ်လာပြန်သည်။

အော်သံ၊ နွားအော်သံ။

'အုပ်အဲ..အဲ..ဟဲ..ဟဲ..ဟဲ'

အော်သံကြား၍ လူအများမော့ကြည့်ကြရာ ကျောက် ဆောင်ကြီးပေါ်တွင် ကြီးမားသော နွားသိုးကြီးတစ်ကောင် ၏ ပုံသဏ္ဌာန်ကြီးကို နေလုံးနီနီနောက်ခံနှင့် မည်းမည်းကြီး တွေ့ကြရသည်။

အော်သံ၊ ဟုတ်ပါသည်။ နွားအော်သံကြီး။

သုံးကြိမ်တိတိ အော်၍ ပျောက်ကွယ်သွားသည်။ စောင့်ကြည့်ကြသည်။ မမြင်လိုက်ရသူများလည်း အော်သံ ကိုတော့ ကြားလိုက်ရ၍ မြင်နိုင်မည့်နေရာများမှ ထွက်၍ တက်၍ စောင့်ကြည့်ကြသည်။ နေသာဝင်သွားသည်၊ နောက်ထပ်ဘာသံမျှ ထွက်ပေါ်မလာတော့။ မှောင်သွား၍ ဘာကိုမျှ မမြင်တော့။

'အဲဒါ တကယ့်အော်သံကြီးပဲ။ ကျောက်တောင်ပြိုတဲ့ အသံ မဟုတ်ဘူး၊ နွားသိုးကြီးအော်တဲ့ အသံပဲ'

မြို့အုပ်ချုပ်သည့် လူကြီးများကြားတွင်ပင် ဤအော် သံအကြောင်း အလေးထားပြောလာသည်။ နတ်ဖုရားမယ် တော်ကြီး အဆိုအရ နိမိတ်မကောင်း၊ ဘာလုပ်ရမလဲဟု လူကြီးများက သွားရောက်တင်လျှောက်ကြသည်။ နိဿ ရိရနတ်မင်းကြီးကို ပူဇော်ရင် ရမလားဟု မေးကြသည်။ နတ်ဖုရားမယ်တော်လည်း တွက်ချက်မန်းမှုတ်ပြီး ပူဇော် ရင်တော့ အေးလွတ်တန်ကောင်းရဲ့ဟု ဆိုသဖြင့် တစ်ပတ် အကြာ နေဝင်ချိန်၌ အနောက်ဘက် ကျောက်တောင်တန်း ကြီး၏ တောင်ခါးပန်း ပထမကုန်းမြင့်လွင်ပြင်လေးတစ်ခု တွင် ကောက်ရိုးများစင်း၍ နမ်းဖတ်နှင့်မွှေထားသော နွား စာများကို နွားစားခေါင်းလှလှကြီးလုပ်၍ ပတ်ပတ်လည် တွင် မြက်ပင်စိမ်းများကို အဖတ်လိုက်ခွာယူလာပြီး စိုက် ထူ၍ နွားသိုးကြီးပူဇော်ပွဲ ကျင်းပကြသည်။

မီးပုံကြီးဖို၍ ဝိုင်းကန်တော့စဉ် နွားသတ်ရုံထဲမှ အချမ်းသာဆုံး ပိုင်ရှင်သူဌေးကြီး ဆွာမီကာဆင်ကို ဝင်ပူး လေသည်။

'သယ်..ဘွတ်အဲ..ငါတို့က အစာငတ်နေတာ မဟုတ် ဘူး။ နင်တို့ နွားစာဝအောင်ကျွေးလို့ များများစား မြန်မြန်ဝ မြန်မြန်ကြီးထွားတော့ သတ်ရောင်း သတ်စားကြတယ်။ အဲဒါကို မကျေနပ်လို့ တို့ဘိုးဘိုး နိဿရိရနတ်မင်းက နိမိတ်ပေးနေတာ။ မှတ်ထား။ နွားတွေကိုသတ်၊ နွား သားကို အကြိုက်ကြီး ကြိုက်နေကြတဲ့ နင်တို့လူမျိုးတွေ နွားသားစားရင် ဒုက္ခကြီးကြီး တွေ့စေရမယ်။ မနက်ဖြန် က စပြီး မြို့လူကြီးတွေကစလို့ နွားသားမစားဘဲ လျှံကြ။ ဒီလိုမလုပ်လို့ကတော့ မြို့ပျက်ပြီသာမှတ်'

ဤသို့ နတ်ပူးပြီးပြောသောသူသည် နွားသတ်ရုံပိုင် ရှင်သူဌေးကြီးကိုယ်တိုင် ဖြစ်နေ၍ အားလုံးက အံ့သြကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။ နွားသတ်သမားတွေ၊ နွားမွေးသမားတွေက ဟုတ်ရဲ့လားဟု ဒွိဟသံသယဖြင့် ဆွာမီကာဆင်ကို ဝိုင်းမေးကြသည်။

'ဟုတ်လို့လား၊ ငါ ဒီအတိုင်း ပြောမိလို့လား'

'ဟာ‥အူလည်လည် မလုပ်ပါနဲ့။ ခင်ဗျားပဲ ပြောခဲ့တာပဲ'

'အို‥မြို့လူကြီး၊ ကျုပ် စောစောက မူးပြီး မိုက်ခဲ့ဖြစ်သွားတာပါ။ ဘာပြောမိလို့လဲ'

'အဲဒါ စုန်းပြူးစားတာ၊ ကဝေမ ဝင်ပူးတာ။ ဘာမှ မကြောက်ကြနဲ့။ အဲဒီစုန်းကိုရှာပြီး ပွစော်လိုက်ရင် ပြီးပြီ'

အခြားနွားမွေးမြူရေးသူဌေး မာမူက ဝင်ပြောသည်။

'အဲဒီ ကဝေတွေ၊ စုန်းတွေ ခဏထား။ ဒီကိစ္စတစ်စုံတစ်ယောက်က ကျွန်တော်တို့ နွားသတ်လုပ်ငန်းနဲ့ ချမ်းသာနေကြသူတွေကို မနာလိုလို့ ဖန်တီးတာဖြစ်မယ်။ လူစုပြီးတော့ တောင်ပေါ် တက်ကြည့်မယ်'

'ဟုတ်တယ်၊ ဟုတ်တယ်'

နွားနှင့် စီးပွားဖြစ်နေသော လူတစ်စုက တောင်ပေါ်တက်လေ့လာရန် သဘောတူလိုက်ကြသည်။ နွားသတ်ရုံက အမဲဖျက်မှူးကြီး ယာရှင်က ဦးဆောင်ပြီး နံနက်အရုဏ်တက် နေထွက်ချိန်ကစ၍ အနောက်ဘက်တောင်တန်းရှိ ကျောက်တောင်ကြီးပေါ်ကို တက်ကြသည်။ ထိုနေရာမှာ တောင်တန်းရှည်၏ အမြင့်ဆုံးနေရာဖြစ်၍ လူသူအရောက်အပေါက် မရှိခဲ့ဖူးသေး။ အနောက်ဘက်ကို တောင်ကြားမှ ဖြတ်ပြီး ပန်း၍သွားရရာ ထိုတောင်ထိပ်အမြင့်ဆုံးနှင့်ဆို တောင်က အတော်ကျယ်၍ တစ်ဝက်ကျော်အထိသာ အရင်တက်ဖူးသူတို့ ဖောက်ထားသောလမ်းရှိသည်။ ကျွန်ုပ်သုံးပုံတစ်ပုံကျော်ကို ခဲရာခဲဆစ် တက်ပြီးမှ နွားသိုးကြီး တက်၍တက်၍ အော်သံပေးခဲ့သော ကျောက်ဆောင်ကြီးပေါ်ကို လူရှစ်ယောက် ရောက်ရှိကြသည်။

ထိုနေရာတွင် ဘေးမှ ပိုမြင့်သော ကျောက်တောင်စွယ်မရှိ၍ တောင်နံရံပြိုသည့်ပုံ မဖြစ်နိုင်။ ပြိုထားသည့် ကျောက်တုံးများလည်း မရှိ။ ကျောက်ဆောင်ကြီးပေါ်တွင် ကျောက်သားက ချောနေသည်။ ထူးဆန်းသည်ကား ကျောက်တောင်ထိပ် အစွန်းနားတွင် နွားခြေရာခွာရာကြီးလေးခု ရှိနေသည်ကို တွေ့ကြရသည်။ ကျောက်သားပေါ်တွင် ခွာရာဖြစ်ပေါ်နေသည်မှာ မဖြစ်နိုင်သောအရာဟု ဆိုရမည်။

'ဒီခွာရာက လတ်လတ်ဆတ်ဆတ်တော့ မဟုတ်ဘူး။ ရှေးကတည်းက ရှိနေတဲ့အရာပဲ။ ပြီးတော့ ဒီခွာရာလေးခုရဲ့ အကွာအဝေးကိုကြည့် ရှေ့ခြေ၊ နောက်ခြေ အကွာအဝေးက ဆယ်တောင်ရှိတယ်။ ရှေ့နှစ်ဖက် နောက်နှစ်ဖက်တို့ရဲ့ အကျယ်အကွာအဝေးက သုံးတောင်စီရှိတယ်။ ဒီခွာရာအရဆို လာရပ်တဲ့ နွားသိုးကြီးဟာ တို့တွေ့ဖူးသမျှ အကြီးဆုံးနွားရဲ့ သုံးကောင်ကျော်စာလောက်ပိုကြီးတယ်။ မဖြစ်နိုင်ဘူး'

နွားပွဲစားကြီး ဂျူဒန်းက သေချာတိုင်းထွာပြီး မှတ်ချက်ပေးသည်။

'ဒီခွာရာဆိုတာက တကယ့်နွားခွာရာလည်း မဟုတ်ပါဘူး။ ဒါမျိုးဟာ သဘာဝအလျောက် ဖြစ်ပေါ်နေတတ်တာပဲ'

အမဲဖျက်သမားကြီး ယာရှင်၏ စကားကို အားလုံးက လက်ခံလိုက်ကြပြီး ညနေအမှောင်မလွှမ်းခင် တောင်အောက်ရောက်ဖို့ ပြန်ဆင်းခဲ့ကြသည်။ တောင်အောက်လည်းရောက် မှောင်လည်းမှောင်ပြီ။ မောမောနှင့် ခဏနားကြသည်။ ထိုစဉ် နွားသတ်ရုံပိုင်ရှင် သူဌေးကြီးသားကာကာ မူးလဲသည်။ မီးတုတ်များထွန်း၍ ဝိုင်းပြီး နှာနှပ်ကြသည်။

'သယ်‥ဘွတ်အဲ၊ နင်တို့က မယုံသလိုနဲ့ လာပြီးစစ်လားစမ်းလား လုပ်တယ်ပေါ့။ ရတယ်။ မယုံရင် လုပ်ကြည့်၊ နောက်တစ်လကြာလို့မှ နွားသားမစားတော့ဘူးလို့ အဲဒီမြို့ လူကြီးတို့ ဦးဆောင်ပြီး မလုပ်ရင် ဘိုးတော်ရဲ့ နွားသိုးကြီး အဲဒီတောင်ထိပ်က လာအော်မယ်။ သုံးကြိမ်မြောက် အော်သံပေးမယ်။ အဲဒါ နောက်ဆုံးသတိပေးခြင်းပဲ။ ဆက်ပြီး အမဲသားစားကြရင် မြို့ပျက်ပြီသာမှတ်'

သတိလစ်နေသည်ဆိုသော ကာကာက ပီပီသသ ပြောပြီး ခဏငြိမ်သွားသည်။ ပြီးတော့ ရုတ်တရက်ထထိုင်ပြီး 'ဟင်‥ငါ့ကို ဘာလို့ဝိုင်းကြည့်နေကြတာလဲ' ဟု မေးသည်။

သို့ဖြင့် မြို့ပြန်ရောက်တော့ သူတို့ထံမှ သတင်းစကားတွေ သတင်းပြန့်သွားသည်။ အချို့ကယုံကြသည်။ အချို့က မယုံကြ။ လောကီပညာတတ်သူများ၊ ဗေဒပညာ



www.burmeseclassic.com

www.burmeseclassic.com

ရှင်များနှင့် ရှေးရိုးဓလေ့ထုံးတမ်းကို ယုံကြည်သူများက နွားသိုးကြီးပူး၍ ပြောသည်ကို အလေးအနက်ထားကြသည်။

'မပြေးသော်ကန်ရာရှိ တို့မြို့မှာက နွားတွေသတ်၊ အမဲသားတွေစားနဲ့ တော်တော်လွန်နေပြီပဲ။ တို့တက္ကဒွန်းကြီးတွေ၊ ရသေ့ကြီးတွေ ဦးဆောင်ပြီး အမဲသားမစားရေး ဆော်ဩကြရအောင်'

မြို့အရှေ့ပိုင်းက လူအများစုသည် အမဲသားရှောင်ခြင်း၊ နွားမွေးမြူရေး မလုပ်တော့ခြင်း၊ နွားဈေးသို့ မသွားခြင်း၊ နွားသတ်ရုံများနှင့် အဆက်အသွယ်မလုပ်ခြင်းအပြင် တစ်မြို့လုံးကို အမဲသားမစားရေး လှုံ့ဆော်စည်းရုံးကြသည်။ သို့ရာတွင် မအောင်မြင်လှ။

'အလကား··ဒီလူတွေ တို့စီးပွားဖြစ်တာ မရှုဆိတ်လို့ ထလုပ်နေတာပါ'ဟု နွားနှင့် ဆက်စပ်ပတ်သက်စွာ စီးပွားရေးလုပ်သူများက ဆိုကြသည်။

တစ်လပြည့်သွားသည်။ လကွယ်ရက် ညနေတွင်ဖြစ်သည်။ အော်သံ၊ နွားသိုးကြီး၏ အော်သံသည် တစ်မြို့လုံးသို့ ပဲ့တင်ရိုက်သွားသည်။ တရုန်းရုန်းနှင့် အနောက်ဘက်တောင်ထိပ်ကို မျှော်ကြည့်ကြရာ နွားသိုးကြီးသည် ဦးချိုကားကားကြီးနှင့် ခေါင်းမော့နှာမှုတ်၍ သုံးကြိမ်အော်လေသည်။

'အုပ်အဲ··အဲ··ဟဲ··ဟဲ··ဟဲ'

'အုပ်အဲ··အဲ··ဟဲ··ဟဲ··ဟဲ'

'အုပ်အဲ··အဲ··ဟဲ··ဟဲ··ဟဲ'

သုံးကြိမ်ဆက်တိုက် အော်သွား၍ ပဲ့တင်သံဟိန်း၍ ကျန်ခဲ့သည်။

မြို့ထဲတွင်တော့ အုပ်ချုပ်သူပိုင်းကအစ လူအများ ကြောက်လန့်လာကြသည်။ အော်သံကြီးသည် တကယ့်ပင် နွားအော်သံလော၊ အခြားဘာသံရော ဖြစ်နိုင်မည်နည်း။

အော်သံကြောင့် ကြက်သီးထကြရသည်။ လန့်သူ လန့်၊ ကြောက်သူကြောက်၍ အချို့ နှလုံးတုန်ရင်ခုန်ဖြစ်ကာ အိပ်ရာထဲလဲသူ လဲကြလေသည်။

ဤတွင် နောက်နေ့နံနက်တွင် နွားမွေးသူများ၊ နွားရောင်းဝယ်သူများ၊ နွားပွဲစားများနှင့် နွားသတ်ရုံမှ အမဲဖျက်သမားများ စုပေါင်းကာ အနောက်ဘက်တောင်တန်းပေါ်တက်၍ နွားသိုးကြီးအကောင်ပြ၍ အော်သံပေးသောနေရာတွင် နွားခွာရာများကို တူးဆွဖျက်ဆီးကြသည်။ ကျောက်တောင်ကြီးပေါ်တွင် နွားသွေးများ ပက်ဖျန်း၍ ကောက်ရိုးများစွာပုံကာ တစ်ညလုံး မီးပုံရှို့ကြလေသည်။

ဆယ်ရက်။ ထိုနေ့မှ ဆယ်ရက်ကြာသော် နေဝင်ရီတရော မှောင်လုတျားတျားအချိန်တွင် နွားအော်သံကြီး တစ်သံတည်း ဟိန်းခနဲ ထွက်လာသည်။

'အုပ်အဲ'

ထိုအသံ၏ နောက်မှကပ်၍ မိုးချုန်းသံများ ပါလာသည်။

'ဂျိမ်း··ဂျိမ်း··ဂျိမ်း'

လျှပ်စီးများ တဖျတ်ဖျတ်လက်သည်။ မိုးကြိုးတွေ အကြိမ်ကြိမ်ပစ်သည်။ မိုးမုန်တိုင်းကြီး ကျရောက်လာခဲ့သည်။

နွားသားအလွန်စားသော အိန္ဒုမြစ်ကမ်းမှ ထိုမြို့ကြီး ရေကြီးရေလွှမ်းသွားလေ၏။ မြို့အရှေ့ဘက်ခြမ်း ကွက်ကွက်လေးသာ ကျန်ခဲ့သည်။ ကျန်ရပ်ကွက်အားလုံး ရေမြုပ်ရုံမက အိန္ဒုမြစ်ကြီးထဲ တက်ရေနှင့်အတူ လူများ၊ အိမ်များ၊ နွားခြံများ၊ နွားများပါ မျော၍ပါသွားလေသည်။ တောင်ခါးပန်းမှ နွားသတ်ရုံဟူ၍ တစ်ရုံမျှမကျန်အောင် တောင်ကျရေနှင့် မြေပြိုတိုက်စားမှုကြောင့် ပြိုပြောင်သွားလေသည်။

ထိုအချိန်မှစ၍ ကျန်ရစ်သော အိန္ဒုမြစ်ကမ်းသားက မြို့၏အရှေ့ဘက်ရပ်ကွက်မှ လူတို့သည် နွားသားကို လုံးဝ မစားတော့ချေ။ နွားကို ဘေးမဲ့ထားရုံမက နွားကိုပင် ကိုးကွယ်ကြလေတော့သည်။ အော်သံပေးသော နွားသိုးကြီးကို ဦးထိပ်ထား ကိုးကွယ်ရာ ထိုလူမျိုးမှ ဆင်းသက်လာသော မျိုးနွယ်စုများ ယနေ့တိုင် နွားသား(အမဲသား)ကို မစားဘဲ ရှောင်ကြဉ်ကြလေသတည်း။

<u>မှတ်ချက်</u>

ဆရာကြီးဦးဘချို ပြောသော ဒဏ္ဍာရီပုံပြင် ဖြစ်ပါသည်။ စာရေးသူ၏ ဘာသာရေးစာပေနှင့် ဂမ္ဘီရဝတ္ထု ဆောင်းပါးများကို ဖတ်ဖူးသူများ စာရေးသူ ညွှန်းဆိုလေ့ရှိသော ဆရာကြီးဦးဘချိုကို သိကျွမ်းပြီးဖြစ်မည် ထင်ပါသည်။

အောင်မျိုးသွား

www.burmeseclassic.com

www.burmeseclassic.com

မြူနှင်းမှုန်များ ရီဝေနေသော နံနက်အရုဏ်ဦး ဝယ် ကျွန်တော်သည် ရွှေဟောင်းသမိုင်းဝင် ကျိုက္ကဆံစေတီတော်သို့ သွားရောက်ပြီး ဘုရား၏ အနောက်ဘက်မုခ် အဘယကျွဲသီနောင်တန်ဆောင်း အရှေ့ ကားရပ်နားစခန်းတွင် ကားကို ရပ်ထားပြီး ဘုရားဝင်းအတွင်းသို့ ဝင်ခဲ့လေ၏။

# ပရလောကသူနှင့် တစ်ခဏတာ




ထို့နောက် ကျွန်တော်သည် သောကြာထောင့် မြောက်ဘက်တန်ဆောင်းတွင် ဘုရားရှိခိုးခြင်း၊ သရဏဂုံသုံးပါး ပုတီးစိပ်ခြင်း စသည့်အမှုကိုပြုပြီး ဘုရားရင်ပြင်တွင် လမ်းလျှောက်လေ့ရှိသည်။

ကျွန်တော်၏ နောက်ဘက်နားဆီက တဖျတ်ဖျတ် ခြေသံလိုလို ကြားရလေ၏။ သာမန်လျှောက်သူတို့ရဲ့ ခြေသံမျိုး မဟုတ်ဘဲ အမြန်ခပ်သုတ်သုတ် လျှောက်လာသော ခြေသံမျိုးဖြစ်နေပြန်၍ နောက်သို့ ရုတ်တရက် လှည့်ကြည့် မိလိုက်၏။ ခြေသံသည် ရုတ်ခြည်းပျောက်သွားသကဲ့သို့ လူရိပ်လူယောင်ကိုလည်း မတွေ့ရသောကြောင့် ကျွန်ုပ်၏ စိတ်ထဲ၌ ထင့်ခနဲဖြစ်၍သွားလေ၏။

နေရောင်ကို မမြင်ရသေးသော်လည်း ပတ်ဝန်းကျင် က ထင်သာမြင်သာ ရှိနေလေ၏။ ကျွန်တော့်လက်မှ နာရီကို ကြည့်လိုက်သောအခါ ငါးနာရီ ဆယ့်သုံးမိနစ်သာ ရှိနေ၏။ ယခင်နေ့များကဆိုလျှင် တချို့တချို့သော လူ တို့သည် ကျွန်တော်ကဲ့သို့ပင် ဘုရားလာ၍ အဓိဋ္ဌာန်ဝင် ဘုရားဖူးပြီး တရားမှတ် ပုတီးစိပ် လမ်းလျှောက်သူများ ရှိကြလေ၏။

www.burmeseclassic.com

ယနေ့တွင် လူသူအရိပ်အယောင်မျှပင် မတွေ့မမြင်ရဘဲ ကျွန်တော်တစ်ယောက်တည်းသာ ရှိနေလေ၏။ အချိန်ကာလအားဖြင့် စောသည်လည်းမဟုတ်၊ နောက်ကျသည်လည်း မဟုတ်ချေ။

စောစောပိုင်း ကျွန်တော်ရောက်ရောက်ချင်း ဘုရားရှိခိုး ပုတီးစိပ်နေစဉ်က ကျွန်တော့်အနီးပါးတွင် ဘုရားဝတ်ပြုနေသော ယောကျ်ားသားတစ်ယောက်ကို သတိပြုမိ၏။ ကျွန်တော် လမ်းလျှောက်ရန် ထွက်သွားစဉ် ၄င်းပုဂ္ဂိုလ်မှာ ဘုရားဝတ်ပြုနေဆဲပင်။ ကျွန်တော့်နောက်မှ ခပ်သုတ်သုတ် လျှောက်သံ၏ ခြေသံရှင်မှာ ကျွန်တော်သောမှ ဘုရားဝတ်ပြုနေသော ပုဂ္ဂိုလ်များ ဖြစ်နေမလားဟု စိတ်ထဲ သံသယအတွေးဝင်ပြီး တွေးလိုက်မိလေ၏။

ထို့နောက် ကျွန်တော် လမ်းကို တော်တော်လေးဆက်လျှောက်မိသောအခါ၌ တဖျတ်ဖျတ်ဖြင့် နောက်က ပြေးလိုက်လာသလို ခြေသံကို ဆက်၍ ကြားရပြန်လေ၏။

နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့လည်း ခြေသံဆိတ်၍ လူရိပ်သဏ္ဍာန်လည်း မမြင်ဘဲ ရှိနေပြန်လေ၏။

သည်တစ်ခါတော့ ကျွန်တော့်စိတ်ထဲ၌ စိတ်အနှောင့်အယှက်ဖြစ်လာသလို ခံစားရမိလေ၏။ ကျွန်တော်သည် သတိကောင်းသူ တစ်ယောက်ဖြစ်သလို မျက်စိရှင်အကင်းပါးသူ တစ်ယောက်လည်းဖြစ်၏။ အသံပျောက်လူပျောက်နေသော ကိစ္စမှာ ကျွန်တော်၏ စိတ်ထင်မဟုတ်နိုင်မှန်း ကျွန်တော်ကိုယ်တိုင် သိ၏။

ပယောဂအနှောင့်အယှက်လား၊ ပရလောကအနှောင့်အယှက်လား တစ်ခုခုတော့ တစ်ခုခုပဲဟု ကျွန်တော်၏ စိတ်ထဲ မှတ်ယူလိုက်ပြီး လမ်းဆက်မလျှောက်တော့ဘဲ ရပ်၍နေလိုက်လေတော့၏။

ထိုသို့ ရပ်လိုက်ပြန်သောအခါ၌လည်း နောက်က တဖျတ်ဖျတ် ခြေသံနှင့် လူရိပ်လူကဲက တိတ်ဆိတ်၍ ပျောက်ကွယ်နေပြန်လေ၏။ ထိုအခါ ကျွန်တော်၏ စိတ်ထဲ၌ ပတ်ဝန်းကျင်တွင် လူသူကင်းရှင်းပြီး မလင်းတလင်းအချိန်ဖြစ်၍ ကြောက်စိတ်ဝင်လာမိလေတော့၏။

အတန်ကြာရပ်၍ စောင့်ကြည့်နေသော်လည်း ခြေသံက ဆိတ်နေမြဲပင် ကျွန်တော် ဆက်လျှောက်မိပြန်၏။ ကျိုက္ကဆံစေတီတော်ကြီးကို တစ်ပတ်ပြည့်သည်အထိ ကျွန်တော်လျှောက်ခဲ့ရာ အာရုံနှောက်စရာ စိတ်အနှောင့်အယှက်ဖြစ်စရာ မကြုံရ၊ မကြားရတော့ပေ။

ကျွန်တော် နားနေ ထိုင်နေကျဖြစ်သော မြောက်ဘက်တန်ဆောင်းနားရောက်ပြီး သောကြာဂြိုဟ်တိုင်၌ စိတ်လူ အပန်းဖြေထိုင်လိုက်လေ၏။ ထိုအချိန်တွင် ဘုရားသို့လာရောက်ဖူးမြော်ကြသူများ တစ်စ,တစ်စ ရောက်လာကြ၏။ သိပ်အများကြီးတော့ မဟုတ်ပေ။ လူသုံးလေးငါးယောက်လောက်တော့ ရှိမည်ထင်သည်။

ကျွန်တော်သည် ခေတ္တထိုင်နေရင်းမှ စောစောကကျွန်တော်၏နောက်သို့ တစ်စုံတစ်ယောက် ပြေးလိုက်လာသကဲ့သို့ ထင်ရသော ခြေသံတို့ကို ပြန်၍သုံးသပ်ဆင်ခြင်နေမိလေ၏။

ငါ့နောက်က ကြားရတဲ့ခြေသံ လူတစ်ယောက်ပြေးလိုက်လာတဲ့ ခြေသံပဲ။ လှည့်ကြည့်တော့လည်း ခြေသံကမကြားရတော့ဘဲ ငြိမ်နေ၍ လူကိုလည်း မတွေ့ရဘူး၊ ဘယ်လိုများပါလိမ့်။ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေထဲက တစ်ယောက်ယောက်များလားဟူ၍ တွေးတောဆင်ခြင် စဉ်းစားနေမိလေ၏။

ထိုစဉ် မိန်းမပျိုတစ်ယောက်သည် ကျွန်တော်ထိုင်နေသော သောကြာဂြိုဟ်တိုင်အနီး ဘေးချင်းယှဉ်လျက် လာရောက် ဘုရားဝတ်ပြုလေ၏။ မထင်မှတ်ဘဲ သူမထံမှ နှင်းဆီပန်းရနံ့ကို ရရှိခံစားမိသော်လည်း သူမ၏ ဆံမျှင်ထက်၌ နှင်းဆီပန်းပန်ထားခြင်း အလျှင်းမရှိသည်ကို ကျွန်တော် သတိပြုမိလေ၏။

ဘာပန်းမှလည်း ပန်ထားခြင်းမရှိဘဲ မြန်မာဆန်ဆန်တစ်ပတ်လျှိုဆံတုံးကလေးဖြင့် ချည်မျှင်ထည် ပင်နီအင်္ကျီနှင့် ယောထဘီ အနက်ကလေးကို ဝတ်ဆင်ထားခြင်းသာရှိ၏။ နှင်းဆီပန်းရနံ့ ရနေခြင်းမှာ ထူးဆန်းသကဲ့သို့ ရှိနေလေ၏။

သူမ ဘုရားဝတ်ပြုပြီး ထပြန်သွားသောအခါ နှင်းဆီပန်းရနံ့ မရတော့ပေ။ ထူးဆန်းသော မိန်းကလေးတစ်ယောက်ဖြစ်သောကြောင့် ကျွန်တော်သည် သူမသွားရာနောက်သို့လိုက်၍ အကဲခတ်ကာ ကြည့်နေမိလေ၏။

ထိုသို့ ကြည့်နေစဉ်မှာပင် တစ်စုံတစ်ယောက်က ကျွန်တော်၏ ပခုံးကို လက်ဖြင့်လာပုတ်၍ 'ကိုမျိုး... သူ့ကို လိုက်ကြည့်နေတာလဲ' ဟု ရုတ်တရက် မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် အတွေးပြတ်၊ အကြည့်ပြတ်ကာ လှည့်ကြည့်လိုက်သည်။

အနုပညာလုပ်ဖော်ကိုင်ဖက် တည်းဖြတ်အယ်ဒီတာ စန်းသော်တာဆိုသူ ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။ နံနက်ပိုင်း ဘုရားကို လာနေကျဖြစ်သည်။

'ကိုသော်တာ ဒီနေ့ ခင်ဗျား ဘုရားလာတာ နောက်ကျတယ်နော်။ ဘယ်လိုဖြစ်တာလဲ။ ညက အိပ်ရာဝင်နောက်ကျလို့လား' ဟု ကျွန်တော်က မေးလိုက်လေ၏။

'ဟုတ်တယ်ဗျာ၊ အိပ်ရာဝင်ခါနီး ကော်ဖီသောက်မိလို့ နဲ့တူပါရဲ့။ တစ်ညလုံး မျက်စိကြောင်ပြီး အိပ်မရဘဲဖြစ်နေတယ်။ မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားလို့ နောက်ကျသွားတာ ကိုမျိုးရေ' ဟု ပြန်၍ဖြေကြားလေ၏။

ထို့နောက် ကိုသော်တာကပင်-

'ဒီနေ့တော့ လမ်းမလျှောက်တော့ဘူးဗျာ။ ဘုရားရှိခိုးပြီး ပြန်မယ်'

ဟု ပြော၍ ကျွန်တော်က-

'လျှောက်ချင် လျှောက်လေ။ ကျွန်တော် စောင့်နေပါ့မယ်။ ပြီးတော့မှ နှစ်ယောက်အတူ လက်ဖက်ရည်သောက်ကြတာပေါ့။ ကျွန်တော် ဒကာခံပါ့မယ်' ဟု ပြောလိုက်လေ၏။

'ကျွန်တော် လက်စမသတ်ရသေးတဲ့ ဇာတ်ကားတွေကို မနက်ဖြန်ပေးမယ်လို့ ကတိပေးထားတယ်။ ဘုရားရှိခိုးပြီး ခင်ဗျားနဲ့အတူ လက်ဖက်ရည်သောက်ပြီးမှ တိုက်ပြန် ဇာတ်ကားတွေ ပြီးအောင် ဆက်မယ်'

ဟု ကိုသော်တာ ပြောပြီး ဘုရားဝင်းရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် ဝင်ထိုင်ကြရင်း ကျွန်တော်က-

'ကိုသော်တာ ခင်ဗျား တစ္ဆေသရဲကို မြင်ဖူးလား' ဟု မေးလိုက်ရာ ကိုသော်တာက ကျွန်တော့်အား တအံ့တသြ အကြည့်မျိုးဖြင့် ကြည့်ကာ-

'ထူးထူးဆန်းဆန်း မေးခွန်းပါလား။ ဘာလဲ၊ ကိုမျိုးက တစ္ဆေသရဲကို မြင်ခဲ့ဖူးလို့နဲ့တူတယ်' ဟု ကိုသော်တာက ပြန်၍မေးလေ၏။

'မမြင်ဖူးပါဘူး။ ဒါကြောင့် ခင်ဗျားကို ကျွန်တော်မေးတာ' ဟု ကျွန်တော်က ပြန်၍ပြောလေ၏။

'ကျွန်တော်လည်း မမြင်ဖူးဘူးဗျာ။ ဒါပေမဲ့ ရှိတယ်လို့တော့ ပြောကြတာပဲ။ ဘာဖြစ်လို့ ကိုမျိုးက ဒီမေးခွန်းကို မေးရတာလဲ' ဟု ကိုသော်တာက ကျွန်တော့်ကို ပြန်၍ မေးလေ၏။

'ကျွန်တော် လမ်းလျှောက်နေတုန်းက ကျွန်တော့်နောက်ကနေပြီး ပြေးလိုက်လာတဲ့ ခြေသံကိုကြားလို့ လှည့်ကြည့်တာ ဘာမှလည်း မတွေ့ဘူး။ ခြေသံလည်း မကြားရတော့ဘူးဗျာ။ အဲဒီအတွေ့အကြုံလေး စောစောကတင် ကျွန်တော်ကြုံခဲ့ရတယ် ကိုသော်တာ' ဟု ဖြစ်စဉ်အစအဆုံးကို ကိုသော်တာအား ပြောပြလိုက်လေ၏။

'ခင်ဗျားက လိမ်ပြီး ညာပြီး မပြောတတ်တဲ့လူဆိုတော့ ခင်ဗျားစကားကို ကျွန်တော်ယုံကြည်တယ်။ ဒါပေမဲ့ ခင်ဗျားနောက်က ခြေသံတော့ တစ္ဆေသရဲလည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် တခြားမမြင်အပ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးလည်း ဖြစ်နိုင်တာပဲ ကိုမျိုး။ တပ်အပ်ကြီးတော့ ကျွန်တော်လည်း မပြောတတ်ဘူး'

'နောက်တစ်ခုက ကိုသော်တာ ရောက်မလာခင်က ခပ်စောစောလေးတင် မိန်းကလေးတစ်ယောက် ကျွန်တော့်အနားလာပြီး ဘုရားဝတ်ပြုတယ်။ သူ့ခေါင်းမှာ ဘာပန်းမှ ပန်မထားဘဲ နှင်းဆီပန်းအနံ့တွေ ရတယ်ဗျာ။ သူထပြန်သွားတော့ နှင်းဆီပန်းအနံ့လည်း ပျောက်သွားတယ်။ ဘာအနံ့မှ မရတော့ဘူး'

ကျွန်တော်က ဆက်၍ပြောလိုက်ရာ ကိုသော်တာက ခဏစဉ်းစားလိုက်ပြီး-

'ဟုတ်မဟုတ်တော့ မသေချာဘူး ကိုမျိုး။ ဥစ္စာစောင့်တွေလည်း လူယောင်ဖန်ဆင်းပြီး ဘုရားလာဖူးတတ်တယ်လို့ အဘိုးပြောတာ ကြားဖူးတာတော့ရှိတယ်။ အဲဒါ ခင်ဗျားမြင်တဲ့ မိန်းကလေးဟာ ဥစ္စာစောင့်လည်း ဖြစ်နိုင်တာပဲ' ဟု ကိုသော်တာက သူသိသရွေ့ ပြောလေ၏။

ထို့နောက် ကျွန်တော်တို့သည် လက်ဖက်ရည်နှင့် မုန့်များစားသောက်ပြီး ကိုသော်တာက ဇာတ်ကားလက်စ သိမ်းဖို့ သူ့တိုက်ကိုသွား ကျွန်တော်ကတော့ ကျိုက္ကဆံ ဘုရားဆီသို့ ထပ်မံ၍ ပုတီးစိပ်ရန် သွားခဲ့ကြသည်။

လူသူကင်းရှင်းကာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ ကျွန်တော်သည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ တန်ဆောင်းသို့ လျှောက်လာကာ တန်ဆောင်းအတွင်း၌ထိုင်၏။ ထို့နောက် အာဘိုးတော်အောင်မင်းခေါင်ရုပ်တုရှေ့၌ ပုတီးစိပ်ချင်စိတ် ပေါ်လာ၍ အာဘရှေ့သို့ ရွှေ့ထိုင်ကာ

www.burmeseclassic.com



ပုတီးစိပ်လေ၏။

အရဟံဂုဏ်တော် (၉)ပတ်စိပ်မည်ဟု အဓိဋ္ဌာန်ပြု၍ စတင်စိပ်လေတော့၏။ ပုတီး(၃)ပတ်အရောက်၌ ကျွန်တော်၏ဘေးသို့ ခြေသံဖွဖွနင်း၍ တစ်စုံတစ်ယောက် ရောက်လာကာ ပုတီးစိပ်သည်ဟု ထင်၏။ အာရုံပြုပျက်မည်စိုး၍ ကျွန်တော် မကြည့်ဖြစ်ပေ။ ကျွန်တော်၏ အဓိဋ္ဌာန်ကိုလည်း အပျက်မခံနိုင်ပေ။ ထို့ကြောင့် ကျွန်တော်သည် အရဟံဂုဏ်တော်၌ အာရုံစိုက်လျက် ပုတီးကိုသာ ဆက်၍စိပ်နေလေတော့၏။

ထိုသို့စိပ်နေစဉ်မှာလည်း တစ်ချက်,တစ်ချက် စံပယ်နံ့ကဲ့သို့ အနံ့တစ်မျိုး ရရှိခံစားနေရလေ၏။ တစ်ခါတစ်ရံ၌မူ စံပယ်ပန်းရနံ့ပျောက်၍ နှင်းဆီပန်းနံ့ကိုလည်း ရရှိခံစားရပြန်လေ၏။ အမျိုးသမီးတစ်ယောက် ထပ်၍ရောက်လာသကဲ့သို့ ကျွန်တော့်စိတ်၌ ထင်လေ၏။

အရဟံဂုဏ်တော်ပုတီး ကိုးပတ်ပြည့်သောအခါ စောစောက ရရှိခံစားခဲ့မိသော စံပယ်နံ့တို့၊ နှင်းဆီနံ့တို့ ပျောက်ကွယ်၍ စူးရှသော ဒေါနပန်းရနံ့ကို ရရှိခံစားမိလေ၏။ တစ်ဆက်တည်း ထသွားသော ခြေသံကိုလည်း တဖျတ်ဖျတ် ကြားရလေ၏။

ကျွန်တော် မျက်စိဖွင့်၍ ကြည့်လိုက်သောအခါ ဘာမှမတွေ့ မမြင်ရတော့ပေ။ နေရာအနှံ့ အကြည့်များလွှင့်၍ ရှာဖွေသော်လည်း ဘာလူရိပ်လူယောင်မျှ မတွေ့ရပေ။ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ဖျင်းဖျင်းထ၍သွားလေတော့၏။

ရိုးသားစွာ ဝန်ခံရလျှင် စိတ်ထဲ ထိတ်လန့်ကြောက်ရွံ့သွားသည်တော့ အမှန်ပင်။

ကျွန်တော်သည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များကို ကန်တော့ပြီး တန်ဆောင်းအတွင်းမှ ထွက်လာခဲ့လေ၏။ မုခ်ဝထွက်ပေါက်သို့ အရောက်တွင် မိန်းကလေးနှစ်ယောက် ပန်းစည်းများကိုင်၍ ဝင်လာသည်နှင့် ဂိတ်ဝ၌ ဆုံဖြစ်ကြလေ၏။

မိန်းကလေးနှစ်ယောက်မှာ အမြွှာကဲ့သို့ပင် ရုပ်ချင်းခွဲမရအောင် တူကြလေ၏။ မူလ သောကြာတန်ဆောင်းတွင် ပုတီးစိပ်နေစဉ် တွေ့ရသော မိန်းကလေး ကိုယ်များ ခွဲထားလေသလားဟု ထင်ရ၏။ ၎င်းတို့ ဝတ်ဆင်ထားသော ချည်မျှင်ပင်နီအင်္ကျီနှင့် ယောထဘီ ဆင်တူများ ဖြစ်ကြပြီး မျက်နှာများမှာလည်း ပြုံး၍နေကြ၍ အလွန်ပင် ကျက်သရေရှိလှပေသည်။ ပန်းစည်းတို့မှာမူ သပြေခက်အနုများ ဖြစ်ကြလေသည်။

မိန်းကလေး နှစ်ယောက်မှာ စံပယ်တင်မှဲ့ပါသော မိန်းကလေးက ကျွန်တော့်အား ပြုံးရွှင်စွာဖြင့်-

'ဒီက အစ်ကို၊ ကျွန်မတို့ကို တစ်ဆိတ်လောက်ကူညီပါရှင်'

ဟု အကူအညီတောင်းလာသဖြင့် ကျွန်တော်က-

'ဟုတ်ကဲ့၊ ကျွန်တော် ဘာအကူအညီပေးရမလဲခင်ဗျာ' ဟု ပြန်၍မေးလိုက်လေ၏။

'သခင်မမြနန်းနွယ်ရဲ့ နန်းဆောင်ကို သွားချင်လို့ တစ်ဆိတ်လောက် လမ်းညွှန်ပြပါရှင်'

သူမကပင် ဆက်၍ ပြောလေ၏။

ထိုအခါ ကျွန်တော်က-

'ဟိုရှေ့မှာ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီး ပြာသာဒ်ဆောင်ကြီးရဲ့ မျက်စောင်းထိုးမှာရှိတဲ့ နန်းဆောင်ဟာ သခင်မမြနန်းနွယ် နန်းဆောင်ပဲ'

ဟု လက်ညှိုးညွှန်၍ ပြလိုက်သောအခါ-

'ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မတို့က နယ်ကပါ'

'ဪ··နယ်ကကိုး။ ဘယ်နယ်ကလဲဟင်'

'ပဲခူး ဖလေးရွာ ကျိုက်မတ်ကော်ဘုရားကပါ' ဟု ပြောလေ၏။

ကျွန်တော်လည်း ပဲခူး၊ ဖလေးရွာ ကျိုက်မတ်ကော်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားဆို၍ တစ်ချိန်က ဖေဖေဒါရိုက်တာဦးသန်းကျော် ဌေးရိုက်ခဲ့တဲ့ လူလူနဲ့ရူပ သိုက်သမိုင်း ရိုက်ခဲ့တဲ့ရွာကကိုး။ အဲဒီမှာက ဥစ္စာစောင့်သိုက်တွေ အလွန်ပေါတဲ့ နေရာက ပဲဟု စိတ်ထဲ တွေးမိလေ၏။

ကျွန်တော်ညွှန်ပြလိုက်သော လမ်းညွှန်အတိုင်း သူမတို့ နှစ်ယောက်သည် ပြုံးပြုံးရွှင်ရွှင်ဖြင့် ကျွန်တော့်ကို လှည့်ကြည့် ကွက်ကြည့်ကြည့်ကာ ထွက်ခွာသွားကြလေ၏။

သူမတို့နှစ်ယောက် ထွက်ခွာသွားချိန်လောက်မှာပင် ထူးဆန်းသော နှင်းဆီနံ့နှင့် စံပယ်နံ့တို့သည် လှိုင်လှိုင်သင်း၍သွားလေ၏။ ကျွန်တော့်စိတ်ထဲ သူမတို့နှစ်ယောက်ကို သံသယဝင်လာသဖြင့် သူမတို့သွားရာနောက်သို့ မယောင်မလည်ဖြင့် နောက်ယောင်ခံ၍ လိုက်သွားလေ၏။ သူမတို့နှစ်ယောက်မှာ မျက်ခြည်ပြတ်၍သွားသကဲ့သို့ ချက်ချင်းကြီး ဘယ်နေရာဘယ်ဆီသို့ ဝင်သွားမှန်း မသိလိုက်။ ပျောက်ခြင်းမလှ ပျောက်၍သွားလေတော့၏။

ကျွန်တော် သခင်မမြနှန်းနွယ်နန်းဆောင်ရှေ့သို့ရောက်ပြီး နန်းဆောင်ကို ကြည့်လိုက်သောအခါ နန်းဆောင်တံခါးမှာ ပိတ်၍ သော့ဖြင့် ခတ်ထားသည်ကို တွေ့ရလေ၏။

ထူးဆန်းအံ့သြဖွယ် ကောင်းသည်မှာ သခင်မ မြနန်းနွယ်ရုပ်တုရှေ့ရှိ ပန်းအိုးနှစ်အိုးတွင် သပြေပန်းနုများ လှိုင်လှိုင်ထိုးထားပြီး အလင်းတိုင်နှင့် အမွှေးတိုင်များကို မီးထွန်းညှိပူဇော်ထားသည်ကို တွေ့လိုက်ရလေတော့သတည်း။

ထိုစဉ် 'ကျေးဇူးတင်ပါတယ် အစ်ကို။ အစ်ကို့ရဲ့အနုပညာလုပ်ငန်းတွေ အောင်မြင်ပါစေလို့ ကျွန်မတို့ညီအစ်မက ဆုတောင်းပေးလိုက်ပါတယ်' ဟူသော အသံကို ဘယ်က ထွက်ပေါ်လာမှန်းမသိဘဲ ပီပီသသကြီး ကြားလိုက်ရလေ၏။

ကျွန်တော် နေရာအနှံ့သို့ လိုက်ရှာကြည့်တော့လည်း ဘာအရိပ်အယောင်မျှ မတွေ့ရပေ။

သို့သော် စံပယ်နံ့နှင့် နှင်းဆီနံ့တို့ကမူ ကျွန်တော့်အနား၌ လှိုင်လှိုင်သင်းပျံ့လျက်နေတော့သတည်း။

**ဒါရိုက်တာမျိုးဇော်အောင်**


# ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်
Ph.D (Hon - Doctor of Astrology)

**[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]**

**အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။**

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်၊

စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်၊

**အခန်း(၄)၊ အနောက်ဘက်မုခ်၊ မြသုံ့နှစ်တောင်အနီး။ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၀ ၇၇၅၀၂၇**

# ဒေါက်တာယတြာဆေဒီ
Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့

ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ

လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်

ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...

**ကြိုတင် ရက်ချိန်းယူပါ**

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။


**အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ တုန်ရှောတန်းလမ်း(အောက်)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၀ ၁၀၇၇၃၅**




www.burmeseclassic.com

www.burmeseclassic.com

နေလုံးကြီးသည် အနောက်တောင်ဆီတွင် မေးတင်နေလေပြီ။ သူ၏တာဝန် တစ်နေ့တာ ကျေပွန်၍ မကြာမီပင် လောကကြီးကို နှုတ်ဆက်ကာ အပြီးတိုင် ငုပ်လျှိုးသွားပေတော့မည်။



မြန်မာနိုင်ငံ၏ မြောက်ဖျားဒေသ ကချင်ပြည်နယ်၏ သဘာဝအလျောက် အအေးပိုသည်။ ထို့ကြောင့် ယခုအချိန်ကပင် နှင်းလိုက်စ ပြုလာနေချေပြီ။ အဝေးဆီက တောတန်းတောင်စွယ်များတွင် နှင်းတို့၏ ဂုဏ်သတ္တိကြောင့် အုံ့မှိုင်းစ ပြုနေချေပြီ။

မံစီနယ်ထဲတွင် ပါဝင်သော ကံစီရွာ၏ ပတ်ဝန်းကျင်သည် ချိုင့်ဝှမ်းဒေသဖြစ်၍ လယ်ယာကိုင်းကျွန်း ပေါသည်။ လုပ်စားကွင်း ကျယ်သည်။ စပါးခင်းကြီးများ ရွှေဝါရောင်တောက်လျှက် မှဲ့ဝင်းစပြုနေချေပြီ။

ကျွန်တော့်တပ်စု လူသုံးဆယ့်ခြောက်ယောက်၊ စီခန်းကြီး တပ်စခန်းသို့ နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ယူလာသည်မှာ နှစ်ပတ်မျှ ရှိခဲ့ပြီ။

နေ့ဖို့ပင် ပတ်ဝန်းကျင် ကျေးရွာများကို လေ့လာရေး ခရီးထွက်ကြသည်။ ရွာသူကြီးများ၊ ရွာသူရွာသားများ၊ ကျောင်းထိုင်ဆရာတော်များနှင့် အဆင်ပြေအောင် ဆက်ဆံရသည်။ ဤပတ်ဝန်းကျင်၌ ရန်သူများ မရှိ၍

www.burmeseclassic.com

www.burmeseclassic.com



ချုံခိုတိုက်ခိုက်ခံရမည်ကိုလည်း မစိုးရိမ်ရပေ။

ထို့ကြောင့် ကျွန်တော်သည် တပည့်ဖြစ်သူ တပ်သား ခေါင်လွမ်းနှင့်အတူ နယ်မြေလေ့လာရေး ထွက်ကြရင်း ခရီးလွန်ကာ အတော်လေးပင် နေညိုသွားလေပြီ။ မျက်စိ လည်သလိုဖြစ်ကာ ဦးတည်ရာမဲ့ လျှောက်သွားနေမိကြ၍ လာလမ်းအတိုင်းသာ စခန်းကို ပြန်နေလျှင် ညနက်သွား နိုင်သည်။

ထို့ကြောင့် နီးစပ်ရာ လမ်းတစ်ခုခုကို တွေ့လိုတွေ့ ငြား စူးစမ်းကြည့်ရင်း လိုက်ရှာကြသည်။ ထိုအခိုက်တွင် အဘိုးအို တစ်ယောက်ကို လှမ်းမြင်လိုက်ရ၍ ဆရာ, တပည့် နှစ်ယောက် ဝမ်းသာသွားကြသည်။ ထိုအဘိုးအို ကို မေးမြန်းလျှင် နီးရာလမ်းတစ်ခုကို ရောက်နိုင်ပေလိမ့် မည်။

'အဘိုး ဒီလမ်းအတိုင်း ရှေ့ကိုဆက်သွားရင် ဘယ် ကို ရောက်နိုင်ပါသလဲ'ဟု ကျွန်တော်က လှမ်းမေးလိုက် သည်။

အဘိုးအိုက ကျွန်တော်တို့ကို စူးစမ်းသလို တစ်ချက် ကြည့်လိုက်ပြီး မေးသည်။

'ငါ့မြေးတို့က ဘယ်ကို သွားချင်ကြတာလဲ'

'သားတို့က ကံစီရွာကို သွားချင်လို့ပါ အဘိုး'

အဘိုးအိုက ထောက်ထားသော တောင်ဝှေးကို ဆန့်

# ထွန်းတောက်

## ကံစီရွာက သွေးစက်များ၏ ရင်နင့်ဖွယ် ဆိုးကျိုးကြီး

တန်းလျက် ဝင်လုဆဲ နေလုံးကြီး ရှိရာဘက်ကို ညွှန်ပြ ကာ-

'ဒီဘက်ကို မိုင်နှစ်ဆယ်လောက် ဆက်သွားရင် ဧရာ ဝတီမြစ်ကြီးကို ရောက်လိမ့်မယ်'

ဟု ဆိုပြီး တောင်ဝှေးကို ဆန့်ကျင်ဘက်သို့ ပြောင်း ကာ-

'ဒီဘက်ကို သွားမယ်ဆိုရင်တော့ မံစီ၊ စီအူနဲ့ မဘိန်း ကားလမ်းမကြီးကို ရောက်သွားမယ်။ စီခန်းကြီးချောင်း ဘေးက ကံစီရွာသစ်ကိုလည်း ပေါက်တယ်။ ချောင်းကူး ပြီး တစ်အောင့်လောက်သွားရင် သံတံတားရွာကို ရောက် တယ်။ ဒါပေမဲ့ ခုချိန်ကြီးသာ ဆက်သွားနေရင်တော့ လမ်းရယ်လို့ ထင်ထင်ရှားရှား မရှိတာကြောင့် လမ်း ပျောက်သွားနိုင်တယ်။ ဒါကြောင့် ဒီည အဘိုးတို့ရွာမှာပဲ အိပ်လိုက်ကြပါ။ မနက်ကျမှ လိုရာခရီးကို ဆက်သွားကြ ပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'ကျေးဇူးတင်ပါတယ် အဘိုးရယ်၊ ကျွန်တော်တို့ အဘိုးနဲ့သာ မတွေ့ရင် ဆက်သွားရင်း ဧရာဝတီမြစ်ထိ တောင် ရောက်သွားနိုင်ပါတယ်'

'မြေးတို့က လမ်းပြောင်းပြန် သွားနေကြတာကိုးကွ။ လာ..လာ..အဘိုးနောက်ကို လိုက်ခဲ့ကြပေရော့'

ထိုအချိန်၌ မိုးချုပ်စပြုနေလေပြီ။

အဘိုးအို၏ နောက်မှလိုက်ရင်း တစ်အောင့်အကြာ တွင် အဘိုးအိုက-

'ဒါဟာ အဘိုးရဲ့ လယ်စောင့်တဲလေးပဲကွယ့်'

'ဩော်..ဟုတ်ကဲ့ပါ အဘိုး။ ကျွန်တော်တို့ အဘိုးနဲ့ အတူ ညအိပ်လို့ ရပါသလားခင်ဗျ'

'ဟေ..အဘိုးတဲက ငယ်တယ်လေ။ မြေးတို့က နှစ် ယောက်ဆိုတော့ အဆင်ပြေမှာ မဟုတ်ပါဘူး။ မြေးတို့ ကလည်း ညနေစာ မစားကြသေးတော့ နောက်တစ်ခေါ် လောက် ဆက်သွားရင် အဘိုးရဲ့ သမီးအိမ်ကို ရောက်လိမ့် မယ်။ အဲဒီအထိလိုက်ပြီး ညအိပ်ကြရင် အဆင်မပြေဘူး လား'

ကျွန်တော် ချက်ချင်း မပြောသေးဘဲ ရဲဘော်ခေါင် လွမ်းကို ကြည့်သည်။ ခေါင်လွမ်း ဘာမျှမပြောပေ။ မိုးလည်း ချုပ်နေလေပြီ။

'ကျွန်တော်က ရှေ့ကို ဆက်သွားနေရရင် အဘိုး ပင်ပန်းမှာကိုလည်း အားနာနေမိလို့ပါ'

'ရပါတယ်။ ဒါက အဘိုးသွားနေကျ လမ်းတွေပါ။ ဟိုမယ်လေ၊ ဓာတ်မီးရောင် မြင်ရတာ။ အဲဒါ အဘိုးရဲ့ သမီးအိမ်က မီးရောင်ပဲ။ ဆက်သွားရင် ဘယ်လောက်မှ မဝေးတော့ပါဘူး'

ကျွန်တော်လည်း ဘာမျှမပြောတော့ဘဲ အဘိုးအို ဦးဆောင်ပြီး ခေါ်ရာနောက်ကို အလိုက်သင့်ပင် လိုက် ပါနေမိသည်။ လမိုက်ညဖြစ်၍ ကြယ်ရောင်မှိန်မှိန်လေး မျှသာရှိသည်။ ထိုကြယ်ရောင်လေးကိုပင် အားပြုပြီး လမ်း ကလေး ပျောက်မသွားအောင် ကြည့်လျှောက်နေကြသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံး မှောင်မိုက်နေသည်။ ပုရစ် တွန်သံ၊ ဖားအော်သံများ ညံစီနေသည်။ တစ်ခါတစ်ရံ ညငှက်လေးများ ခေါင်းပေါ်မှ ဖြတ်ပျံသွားကြသည်။

အနားသို့ရောက်၍ ကြည့်လိုက်ရာ ပျဉ်ထောင်၊ သွပ်မိုး နှစ်ထပ်အိမ်ကြီးကို တွေ့လိုက်ရသည်။ အောက် လင်းဓာတ်မီးကြီးသုံးလုံး ထွန်းညှိထား၍ လင်းထိန်နေ သည်။ ယောကျ်ား၊ မိန်းမ ဦးရေသုံးဆယ်ခန့်တို့လည်း ထုထောင်းချက်ပြုတ် ကြော်လှော်နေကြသည်ကို တွေ့ရ၍ အလှူတစ်ခုခု လုပ်နေကြလေသလားဟု ယူဆရသည်။

အိမ်အောက်သို့ရောက်လျှင် အသက်သုံးဆယ်အရွယ် ခန့်ခန့်ချောချော အမျိုးသားတစ်ယောက်နှင့် အမျိုးသမီး တစ်ယောက်တို့ ထွက်လာပြီး ကြိုကြသည်။

ထို့ကြောင့် အဘိုးအိုက-

'သမီးရေ၊ ဒီမှာ ဧည့်သည်နှစ်ယောက် ပါလာကြ တယ်။ သူတို့ ဒီမှာ ညအိပ်ကြလိမ့်မယ်။ အခုလောလော ဆယ်တော့ သူတို့ကို ညနေစာ ထမင်းလေး ကျွေးလိုက် ပါဦးကွယ်'

အမျိုးသမီးက ကျွန်တော်တို့ နှစ်ယောက်ကို စူးစမ်း သလို တစ်ချက်ကြည့်သည်။ ထို့နောက် သူ့ယောကျ်ား ဖြစ်ဟန်တူသော လူဘက်ကိုလည်း တစ်ချက်ကြည့်ကာ-

'ရပါတယ် အဖေ၊ သမီး စီစဉ်လိုက်ပါ့မယ်။ မောင် လေးတို့က ခရီးသွားဧည့်သည်တွေများလား။ ညလည်း အိပ်ကြမှာဆိုတော့ လာ..လာ..အပေါ်ထပ်ကို သွားရ အောင်။ အဲဒီမှာပဲ လွတ်လပ်စွာ နေကြ၊ အိပ်ကြပါ'

'ရပါတယ် အစ်မရယ်၊ ဖြစ်နိုင်ရင်တော့ ကျွန်တော် တို့ ဒီအောက်ထပ်မှာပဲ နေချင်ပါတယ်'

'မဟုတ်ဘူးကွယ့်။ ဒီမှာက ချက်ပြုတ်နေကြတာ ဆိုတော့ တစ်ညလုံး ဆူညံနေမှာ။ မနက်ကျ ဘုရားဆွမ်း တော်ကပ်၊ ဧည့်သည်တွေကို ကျွေးမွေးပြီး ကံစီဘုန်းတော် ကြီးကျောင်းကိုလည်း ဆွမ်းသွားပို့မယ့် အလုပ်တွေက ရှိနေလေတော့ အရမ်းလည်း အလုပ်များပါတယ်'

သူ၏ ယောကျ်ားဖြစ်ဟန်တူသော လူကလည်း-

'အပေါ်ထပ်ကိုပဲ သွားနေကြပါ ညီလေးတို့ရာ။ အစ် ကိုတို့မှာ သားသမီးရယ်လို့လည်း မရှိကြတော့ အပေါ်ထပ် မှာဆို ပိုတောင်လွတ်လပ်ပြီး အဆင်ပြေပါတယ်'

'ဟုတ်ကဲ့၊ ဒါဆိုလည်း ကျွန်တော်တို့ ရေမိုးချိုးပြီး မှပဲ အပေါ်ထပ်ကို တက်ချင်ပါတယ်။ အခုတော့ ကျွန် တော်တို့ကို ရေတွင်းရှိတဲ့ နေရာပဲ ပြပေးစေချင်ပါတယ် ခင်ဗျ'

'ကိစ္စမရှိပါဘူး ညီလေးတို့ရာ၊ အဲဒါကို စီစဉ်ပေး မှာပေါ့'ဟု ပြောပြီး ကျွန်တော်တို့နှင့်အတူ ရေတွင်းရှိရာ



www.burmeseclassic.com

www.burmeseclassic.com

သို့ လူငယ်တစ်ယောက်အား လိုက်ပို့ပေးစေသည်

ထိုလူငယ်မှာ လက်ဆွဲရေပုံး၊ ဆပ်ပြာခွက်နှင့် ရေစိုပုဆိုး၊ တဘက်များ ပါလာသည်။

ရေမိုးချိုးပြီးနောက် ကျွန်တော်တို့ အပေါ်ထပ်ကို တက်လိုက်ကြသည်။ အပေါ်ထပ်မှာလည်း အောက်လင်း ဓာတ်မီးကြီးတစ်လုံး ထွန်းညှိထားသည်။ သင်ဖြူးဖျာများလည်း အပြည့်ခင်းထားသည်။ အပေါ်ထပ်တွင် ဘုရားကျောင်းဆောင် တစ်ခုနှင့် အိပ်ခန်းတစ်ခုမျှသာ ရှိသည်။

တစ်အောင့်ကြာလျှင် အဘိုးအိုလည်း အပေါ်ထပ်သို့ တက်လာသည်။ ထို့နောက် ညနေစာ ကျွေးကြသည်။ သားငါးမပါသော အသီးအရွက်ဟင်းများကို စားကောင်းအောင် ချက်ပြုတ်ကျွေးထားသည်။

စားသောက်ပြီးချိန်တွင် ညကိုးနာရီ ကျော်နေလေပြီ။ ထို့ကြောင့် ဘုရားကို ပေါက်ဖူးပေါက် ဦးချရှိခိုးပြီး အိပ်လိုက်ကြသည်။ အဘိုးအိုလည်း ကျွန်တော်တို့နှင့် အတူ (ထိုဘက် ဘေးနားကပင်) အိပ်စက်လေသည်။

* * *

ကျွန်တော်တို့ ဆရာ,တပည့်မှာ ခရီးပင်ပန်းလာကြ၍ တစ်ရေးတည်း မိုးလင်းသွားကြသည်။ နိုးလာ၍ မျက်စိကို ဖွင့်ကြည့်လိုက်ကြရာ အနားမှာလည်း အဘိုးအိုမရှိ။ အိမ်အောက်ထပ်မှာလည်း တစ်ယောက်မျှ မရှိတော့ဘဲ တိတ်ဆိတ်နေလေသည်။

အနားမှာ ဘိန်းမုန့်နှစ်ချပ်နှင့် နွားနို့နှစ်ခွက်ကိုသာ တွေ့ရသည်။ လူများအားလုံး ဘုန်းတော်ကြီးကျောင်းကို အလှူကိစ္စအတွက် သွားကြဟန်ရှိသည်။ ဘိန်းမုန့်နှင့် နွားနို့က ကျွန်တော်တို့ ဆရာတပည့် မနက်စာအတွက် လုပ်ပေးထားခဲ့ကြဟန် ရှိသည်။

ကျွန်တော်တို့လည်း သူတို့ ပြန်ရောက်အောင် စောင့်မနေတော့ဘဲ မျက်နှာသစ်၊ အဆာပြေ ဘိန်းမုန့်နှင့် နွားနို့ကို စားသောက်ကာ ထိုအိမ်ကြီးမှ ထွက်လာခဲ့ကြသည်။

ညက အဘိုးအို ညွှန်ပြသည်ကို ပြန်လည်၍ စဉ်းစားမှတ်သားပြီး လျှောက်သွားကြသည်။ လမ်းတစ်လျှောက်တွင် လယ်တော၊ ကိုင်းတောနှင့် ဥယျာဉ်ပင်များကို မပြတ်တွေ့နေရသည်။

ခရီးငါးမိုင်ခန့် ဆက်လျှောက်လျှင် အိမ်ခြေငါးဆယ်ကျော်သော ကံစီရွာသစ်ကို ရောက်သွားကြသည်။ တစ်ဖက်တွင် စီခန်းကြီးချောင်းက ရွာခြေမှ ကပ်လျက် စီးဆင်းနေသည်။ စီခန်းကြီးချောင်းဘေးတွင် ဘုန်းတော်ကြီးကျောင်း ရှိသည်။

ကျွန်တော်တို့ ဆရာ,တပည့်နှစ်ယောက် ဘုန်းတော်ကြီးကျောင်းဘက်ကို ဆက်လျှောက်ကြသည်။ ဘုန်းတော်ကြီးကျောင်းမှာ ကျွန်းသစ်များဖြင့် ကျယ်ကျယ်ဝန်းဝန်း ဆောက်လုပ်ထားသည်။ ဘုံကိုးဆင့်ရှိသော နှစ်ထပ်ကျောင်းဆောင်ကြီး ဖြစ်သည်။

ဘုန်းတော်ကြီးကျောင်းက ကြီးမားကျယ်ဝန်းသော်လည်း ကျောင်းနေ ဦးပဉ္စင်း၊ ကိုရင်ဟူ၍ မရှိဘဲ ဘုန်းတော်ကြီးတစ်ပါးနှင့် ကျောင်းသားတစ်ယောက်သာ ရှိသည်။ ကျွန်တော်တို့ ရောက်သွားကြချိန်တွင် ဘုန်းတော်ကြီးက တရားထိုင်နေပြီး ကျောင်းသားက ရေနွေးကြိုနေသည်။ ကျွန်တော်တို့လည်း အသံမပြုဘဲ ငြိမ်၍နေကြသည်။

တစ်အောင့်အကြာတွင် ဘုန်းတော်ကြီး တရားဖြုတ်သည်။ ဘုရားကို ရှိခိုး၊ ဆုတောင်း၊ အမျှဝေပြီးမှ ကျွန်တော်တို့ဘက်ကို လှည့်ကြည့်ပြီး မေးသည်။

'ဒကာတို့ ရောက်နေကြတာ ကြာပြီလား'

'မှန်လှပါ၊ နာရီဝက်လောက်တော့ ရှိပါပြီဘုရား'

'သြော်..သြော်..နယ်မြေလေ့လာရေး ထွက်လာကြတာ ထင်ပါရဲ့'

'မှန်လှပါ၊ နယ်မြေလေ့လာရေးထွက်ရင်း ဆရာတော့်ကျောင်းကို ရောက်လာကြတယ်လို့ ဆိုပါတော့ဘုရား'

'အေး..စောသားပဲ။ ခုမှ မနက်ရှစ်နာရီပဲ ရှိသေးတယ်။ စခန်းက မိုးမလင်းခင် ထလာကြတာ ဖြစ်မယ် ထင်တယ်'

'စခန်းက တန်းလာကြတာ မဟုတ်ပါဘူးဘုရား။ မနေ့က ဆရာ,တပည့် နယ်မြေလေ့လာရေး သွားကြရင်း ခရီးလွန်ပြီး မျက်စိလည်ကာ ရေဝတီမြစ်ဘက် ဦးတည်လျှောက်သွားနေမိကြလို့ လမ်းမှာ အဘိုးအို တစ်ယောက်နဲ့ တွေ့လို့ တော်သေးတာပေါ့ဘုရား။ အဲဒီအဘိုးအိုက ခေါ်လာပြီး ဟိုဘက်ရွာက သူ့သမီးအိမ်မှာပဲ ညအိပ်ခဲ့ပါတယ်။ အခု အဲဒီအိမ်က ထလာကြတာပါ'

ဆရာတော်က ကျွန်တော် လျှောက်ထားပြောပြသည်ကို နားထောင်နေပြီး တစ်ချက်ပြုံးကာ တည်တည်



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်ငြိမ်ဖြင့်ပင် ပြန်ပြောပြသည်။

'ဒကာတို့၊ အဲဒါ လူနေရွာ မဟုတ်ဘူး။ သရဲတွေ စုပေါင်းနေကြတဲ့ ကံစီရွာဟောင်းပဲ'

'ဘုရား'

ကျွန်တော်တို့ ဆရာ,တပည့် မျက်လုံးပြူးပြီး ယိုးစဝ်ဝိုင်းသွားကြသည်။

'အဲဒါ သရဲရွာပါ။ ဒါပေမဲ့ ဘာမှ မစိုးရိမ်ကြပါနဲ့။ အဲဒီသရဲတွေက လူကို ဒုက္ခမပေးတတ်ပါဘူး'

ကျွန်တော် သက်မတစ်ချက်ကို ချလိုက်သည်။ ကျွန်တော်က ဆံပင်၊ ကျားထက် သရဲတစ္ဆေကို ပိုကြောက်သည်။ သည်အထဲ သရဲတွေရဲ့ ကျွေးမွေးစာကို စားသောက်ပြီး သရဲများနှင့်အတူ ညအိပ်ခဲ့မိသဖြင့် တွေးရင်းက ကျောချမ်းကာ ခေါင်းကြီးနေမိသည်။

'ဒီတော့ ဒကာတို့ တွေ့ခဲ့ကြတဲ့ အဲဒီသရဲရွာ အတွေ့အကြုံနဲ့ အကြောင်းတွေကို မှတ်မိသလောက် လျှောက်တင်ကြပါဦး'

'တပည့်တော်တို့နဲ့ စတွေ့ရတဲ့ အဘိုးအိုက ခါးကုန်းပြီး တောင်ဝှေးထောက် ပါတယ်။ ပုဆိုးကွက်ကျားကြီးနဲ့ ပင်နီတိုက်ပုံကို ကြယ်သီးမတပ်ဘဲ ဝတ်ဆင်ထားတာ တွေ့ရပါတယ်'



'အင်း..သူ့နာမည် ဦးမောင်ခန်းတဲ့။ ဗမာလိုတော့ ဦးရွှေပေါ့'ဟု ဆရာတော်က ဝင်ထောက်သည်။

'သူ့သမီးက အသက်သုံးဆယ်လောက် ရှိပါတယ်။ ရုပ်ရည်လည်း ချောပါတယ်'

'အင်း..နာမည်က နန်းကြာပွင့်တဲ့'

'သူ့ယောက်ျားက တုတ်တုတ်ခိုင်ခိုင်၊ ဗလလည်း ကောင်းပါတယ်ဘုရား''

'သူ့နာမည်က ကိုအိုက်ထွန်းတဲ့'

'ပြီးတော့ သူတို့အိမ်မှာ ချက်ပြုတ်ကြော်လှော်နေကြတဲ့ သူတွေလည်း အားလုံး ယောကျ်ား၊ မိန်းမ ဦးရေ သုံးဆယ်ကျော်လောက် ရှိပါတယ်'

'အေး..အဲဒါတွေ အားလုံးဟာ လူတစ်ယောက်မှ မဟုတ်ကြဘူး။ အားလုံး နာနာဘာဝ၊ သရဲ၊ တစ္ဆေတွေ ချည်းပါပဲ'

ကျွန်တော် ယံခုအချိန်ထိ ကြောက်စိတ်ကြောင့် ခေါင်းကြီးနေဆဲဖြစ်သည်။ ထို့နောက် ကျွန်တော် သက်မတစ်ချက်ကို ချလိုက်ပြီး သိချင်နေသော အကြောင်းအရာများကို ဆရာတော်အား လျှောက်ထားလိုက်သည်။

'သူတို့တွေ အားလုံးက သရဲတွေချည်းဆိုတော့ သူတို့ ဘာကြောင့်များ သရဲတစ္ဆေတွေ ဖြစ်သွားကြတယ်ဆိုတာ အမိန့်ရှိပါဦးဘုရား'

ဘုန်းတော်ကြီး တစ်အောင့်ကြာအောင် ငိုင်တွေနေသည်။ ထို့နောက်မှ ဖြစ်စဉ်ကြီးကို တစ်ခုချင်း ပြောပြလေသည်။

'အဲဒီပျက်သုဉ်းသွားတဲ့ ကံစီရွာကြီးက ဘုန်းကြီးရဲ့ ဇာတိပါပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်လောက်ကပေါ့။ ဘုန်းကြီးတို့တောင် ကျောင်းသားကြီးအရွယ်ပဲ ရှိပါသေးတယ်။ အဲဒီကံစီရွာက ဒီပတ်ဝန်းကျင်မှာတော့ အိမ်ခြေနှစ်ရာကျော်တဲ့ ရွာကြီးပေါ့။ ရှမ်းတိုင်းရင်းသားတွေချည်း စုပေါင်းပြီး နေထိုင်ကြပါတယ်။ တစ်နေ့မှာတော့ ရောဝတီအနောက်ဘက်ခြမ်းဆီက လူသုံးယောက်တို့ ဈေးရောင်းရင်း သူတို့ ကုန်ပစ္စည်းတွေနဲ့ ဦးမောင်ခန်းရဲ့ ဒေသထွက် ပစ္စည်းတွေနဲ့ လဲလှယ်ကြတယ်။ ဒီလိုနဲ့ စကားအခြေအတင်ပြောရင်း ခပ်စွာစွာ နန်းကြာပွင့်နဲ့ စကားတွေများပြီး ရန်ဖြစ်ကြတယ်။ နန်းကြာပွင့်ဘာသာက လွန်တဲ့သဘောပါပဲ။ ဒါကြောင့် ကုန်သည်သုံးယောက်

www.burmeseclassic.com

www.burmeseclassic.com

တို့လည်း အလွန်အမင်း ဒေါသထွက်ပြီး အလဲအလှယ် ပြုလုပ်နေကြတဲ့ ပစ္စည်းတွေကိုတောင် မယူဘဲ ရွာက ထွက်သွားကြတယ်။ ဦးမောင်ခန်းက လဲလှယ်ထားတဲ့ သူတို့ပစ္စည်းတွေကို ယူသွားကြပါလို့ ပြောမယ်ဆိုပြီး ပြေးလိုက်သွားတော့ ရွာထိပ်က ညောင်ပင်ကြီးအောက်မှာ မှီတယ်။ သူတို့သုံးယောက်မှာ တစ်ယောက်က ခါးမြောင်နဲ့ သူ့လက်ဖျံကို ထိုးဖောက်ပြီး သွေးစက်ချရင်း ဂါထာ၊ မန္တန်တွေကို ရွတ်နေတာမြင်တော့ ဦးမောင်ခန်းလည်း စိတ်တွေ ပြောင်းလဲသလို ဖြစ်သွားပြီး ဘာမှမပြောဖြစ်တော့ဘဲ ပြန်လာခဲ့တယ်။ စိတ်ထဲမှာလည်း ခေါင်းကြီးလောက်အောင်ထိ ကြောက်လာနေမိတယ်။ ဘယ်လိုခံစားရမှန်း မသိလည်း ဖြစ်လာမိတယ်။ ဒါကြောင့် စိတ်ဂနာမငြိမ်သလို ဖြစ်နေရာကနေ လယ်တောကို ထွက်သွားတယ်'

ကျွန်တော်စိတ်ဝင်စားစွာဖြင့် နားထောင်နေသလို ခေါင်လွမ်းလည်း ပါးစပ်အဟောင်းဖြင့် ဆရာတော်အား စိုက်ကြည့်နေသည်။

'ဖခင်ဖြစ်သူ နောက်နေ့အထိ ရောက်မလာလို့ သမီးဖြစ်သူ နန်းကြာပွင့် လိုက်သွားတော့ ဟိုမှာ ဖခင်ဖြစ်သူဟာ လယ်တောအိမ်လေးမှာပဲ ဝမ်းတွေ အကြီးအကျယ်သွားနေပြီး မထနိုင်တော့ဘူး။ ဒါကြောင့် ချက်ချင်း အိမ်ကို ပြန်လာပြီး ယောကျ်ားဖြစ်သူ အိုက်ထွန်းနဲ့ ရွာသားအချို့ကိုခေါ်ပြီး စောင်ပုခက်နဲ့ ထမ်းသယ်လာကြပေမယ့် ဆေးကုချိန်တောင် မရလိုက်ဘဲ ကွယ်လွန်သွားရှာတယ်။ အဲဒီနောက် သမီး၊ ပြီးတော့ သမက်၊ ပြီးတော့ အဘိုးအိုကို သွားသယ်ကြတဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ရက်ပြီးတစ်ရက် ဆက်တိုက်ကွယ်လွန်သွားကြတာ မကြည့်ရက်၊ မကြားရက်လောက်အောင်ပါဘဲ။ ဟိုကုန်သည်တွေက ဘယ်လိုကျိန်စာ၊ အတိုက်အမှောင့်တွေနဲ့ တိုက်ခိုက်ထားခဲ့မှန်းလည်း မသိဘူး။ ဒါကြောင့် အဲဒီ တိုက်ခိုက်ခံနေရတဲ့ ကံစီရွာကြီးမှာ မနေရဲကြတော့ဘဲ နီးစပ်ရာ ရွာတွေကို ပြောင်းပြေးကုန်ကြတယ်။ တချို့လည်း ကိုယ့်လုပ်စားကွင်းနဲ့ နီးချင်လို့ ဒီနေရာမှာ ရွာသစ်လာတည်ကြတယ်။ ရွာသစ်တည်ကြတဲ့ အထဲမှာ ဘုန်းကြီးရဲ့ မိဘတွေလည်း ပါတာပေါ့။ အခု ဒီကံစီရွာသစ်မှာ အိမ်ခြေငါးဆယ်ကျော် ရှိတယ်။ရွာသစ်တည်နေကြတဲ့လူတွေနဲ့ အခြားရွာတွေကို ပြောင်းပြေးသွားကြတဲ့ လူတွေပဲ အသက်ချမ်းသာ ရကြတာပါ။ ရွာဟောင်းမှာတော့ တစ်ယောက်၊ တစ်အိမ်တောင် မကျန်တော့ပါဘူး'

မဆိုစလောက်သော အပြစ်သည် အဆိပ်ဖြစ်သော အခါ အသက်ကိုလည်း သေတတ်သည်။ ဘဝကိုလည်း ပျက်တတ်သည်။ လူပေါင်းများစွာကိုလည်း ဒုက္ခပေးတတ်သည်။

သူတော်ကောင်း ဖြစ်ချင်သူတို့ ဆင်ခြင်သင့်သည်။ အကြီးအမှူး ပြုချင်သူတို့ ရှောင်ကြဉ်သင့်သည်။ ဗဟုသုတ ရလိုသူတို့ မှတ်သားသင့်သည်။

* * *

သရဲ၊ တစ္ဆေဟူသည်မှာ ခြောက်လှန့်တတ်သည်။ နှောင့်ယှက်တတ်သည်။ မကောင်းသော အနံ့ကို ပေးတတ်သည်။ မှားသော အယူရှိသည်ဟု ကျွန်တော်မှတ်သားဖူးသည်။

ယခု ကျွန်တော်နှင့် တပ်သား ခေါင်လွမ်းတို့ တွေ့ကြုံခဲ့ကြရသော သရဲ၊ တစ္ဆေများမှာ မိစ္ဆာအယူဝါဒများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။

ခြောက်လှန့်ခြင်း မရှိ၊ ကူညီခြင်းသာ ရှိကြသည်။ မကောင်းသောအနံ့လည်း ပေးလေ့မရှိ။ သမ္မာအယူဆန္ဒနှင့် ဒါနပြုရန်ကိုပင် ဝိုင်းဝန်းကြိုးပမ်းပြီး လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့် မယုံနိုင်လောက်အောင်လည်း ဖြစ်ရသည်။

ကံစီရွာကြီး ပျက်သုဉ်းသွားရပုံနှင့် ပတ်သက်၍လည်း ဘုန်းတော်ကြီး၏ မိန့်ကြားချက်အရ အသည်းတထိတ် ရင်တဖိုဖိုဖြစ်ရသည်။ အိမ်ခြေနစ်ရာကျော်သော ရွာကြီးတစ်ရွာ ပျက်စီးသွားရသည်အထိ အဖြစ်ဆိုးကြီး ပေတကား။

မည်သို့ပင်ဆိုစေကာမူ ကျွန်တော်သည် ထိုနေရာသို့ အလည်တစ်ခေါက် ပြန်ရောက်ချင်နေသည်။ အဘိုးအို၏ လယ်တောအိမ်လေး၊ သမီးဖြစ်သူ၏ နှစ်ထပ်အိမ်ကြီးနှင့် ကံစီရွာ ပတ်ဝန်းကျင်များသို့ တစ်ခေါက်တစ်ဖန် ပြန်သွားပြီး လေ့လာကြည့်ရှု စူးစမ်းရန်လည်း သင့်သည်။

သို့သော်လည်း ကြာကြာမစောင့်လိုက်ရပေ။ ကျွန်တော်၏ ဆန္ဒများ ပြည့်ဝမည့် အကြောင်းတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

'ဗိုလ်လုံ၊ ကျွန်တော်တို့ ကံစီရွာဟောင်း ဘုရားပွဲတော်ကြီးကို ကျင်းပလိုပါတယ်။ နှစ်စဉ် ကျင်းပမြဲဖြစ်လို့ လာမယ့် လပြည့်နေ့ဆိုရင် ဘုရားပူဇော်ပွဲတော်ကြီးကို စတင်ပါတော့မယ်။ ဒါကြောင့် ဗိုလ်လုံဆီမှာ ခွင့်တောင်းပြီး ဗိုလ်လုံကိုယ်တိုင်လည်း ဘုရားပွဲတော်ကို ကြွရောက်အားပေးဖို့ရာအတွက် လာဖိတ်တာပါ'

သံတံတားရွာ ဥက္ကဋ္ဌကြီး ဦးကျော်စိမ်းက ခွင့်တောင်းစကား ဆိုသည်။ ထို့ကြောင့် ကျွန်တော်လည်း အတော်လေးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိသည်။ ကျွန်တော် သွားရောက်လေ့လာချင်နေသော လမ်းကြောင်းသည်လည်း ဘွင်းဘွင်းကြီး ပွင့်သွားလေသည်။

'ဟုတ်ကဲ့ ဥက္ကဋ္ဌကြီး၊ ခွင့်ပြုပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း လာမှာပါ။ ဘုရားပူဇော်ပွဲတော်ကို ဘယ်နှစ်ရက်လောက် ကျင်းပလေ့ ရှိပါသလဲ'

'တစ်ရက်တည်းပါ ဗိုလ်လုံ။ ဒီပတ်ဝန်းကျင် ရွာတွေမှာ ဘုရားဆင်းတုတော်တွေကို အိမ်တွေမှာ ပူဇော်ထားလေ့ မရှိကြပါဘူး။ အိမ်တွေက ဘုရားကျောင်းဆောင်တွေမှာ ညောင်ရေအိုးတွေလောက်ပဲ ထားကြတာပါ။ ဘုရားဆင်းတုတော်တွေကို တောတွေတောင်တွေမှာပဲ ဂူကျောင်းတွေ ပြုလုပ်ပြီး ထားကြပါတယ်။ အခုလို တစ်နှစ်တစ်ခါ ဘုရားပူဇော်ပွဲ ပြုလုပ်မှ ကိုယ့်ဘုရား ကိုယ်ပင့်ပြီး ဆွမ်းတော်ကြီး ကပ်လှူပွဲနဲ့တကွ လှူဒါန်းပူဇော်ကန်တော့ကြပါတယ်'

ကျွန်တော် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ သူတို့ ဘုရားကိုးကွယ်ကြပုံက အတော်လေးပင် ထူးဆန်းပါလားဟုလည်း တွေးလိုက်မိသည်။

'ဥက္ကဋ္ဌကြီး၊ ဒီလိုဆိုရင် ဘုန်းတော်ကြီးကျောင်းတွေမှာရော ဘုရားဆင်းတုတော်တွေကို ထားပါသလား'ဟု မေးလိုက်သည်။

ဘုန်းတော်ကြီးကျောင်းများတွင် ဘုရားဆင်းတုတော်များ ကိုးကွယ်၍ ရှိနေသည်ကို ကျွန်တော်ကိုယ်တိုင် မြင်ဖူးနေသော်လည်း သူတို့၏ ထုံးတမ်းအရ ဥက္ကဋ္ဌကြီး ပြောပြမည့် အကြောင်းကို နားလည်ချင်၍ တမင်တကာ မေးမြန်းကြည့်လိုက်ခြင်း ဖြစ်သည်။

'ဘုန်းကြီးကျောင်းတိုင်းမှာ စေတီတော်တွေရော ဘုရားဆင်းတုတော်တွေပါ ရှိကြပါတယ်။ ရွာတွေ၊ အိမ်တွေမှာသာ မရှိကြတာပါ။ ကျွန်တော်ပြောခဲ့သလို ကိုယ်ပိုင်ဆင်းတုတော်တွေကို ဘုန်းကြီးကျောင်းတွေမှာဖြစ်စေ တောတောင်တွေမှာဖြစ်စေ အဆင်ပြေသလိုထားပြီး အခုလို တစ်နှစ်တစ်ခါသာ ကိုယ့်ဘုရားကိုယ်ပင့်ပြီး ဆွမ်းတော်ကြီးကပ်လှူပွဲ၊ ဘုရားပူဇော်ပွဲတော်တွေကို ပြုလုပ်ကြတာပါ'

'ဟုတ်ကဲ့။ ထူးဆန်းပါတယ် ဥက္ကဋ္ဌကြီး။ အခုလို ဘုရားပူဇော်ပုံနဲ့ ပွဲတော်ကျင်းပပုံတွေကိုလည်း ဒီမှာသာတွေ့ဖူးတာကြောင့် တကယ့်အမှတ်တရကြီးပါပဲ။ ဒါကြောင့် ဥက္ကဋ္ဌကြီးတို့ရဲ့ ဘုရားပူဇော်တဲ့ ပွဲတော်ကို စိတ်ဝင်စားလွန်းလို့လည်း ကျွန်တော်ကိုယ်တိုင် လာခဲ့ပါ့မယ်လို့ ကတိပေးပါတယ်'

ဥက္ကဋ္ဌကြီး ပြန်သွားပြီးနောက် ကျွန်တော် ရဲဘော်ခေါင်လွှမ်းအား လိုက်ရှာသည်။ ခေါင်လွှမ်း တပ်စခန်း၏ အပြင်ဘက် ချုံစပ်နားတွင် လောက်လေးဖြင့် ငှက်ချောင်းနေသည်ကို တွေ့လိုက်ရသည်။

'ဟိုက်ကောင် ခေါင်လွှမ်း'

ကျွန်တော့်အသံကိုကြားလျှင် ခေါင်လွှမ်း ဆတ်ခနဲ လှည့်ကြည့်သည်။

'လာဦးကွ'

ခေါင်လွှမ်းသည် လောက်လေးကို ခါးမှာ ထိုးလိုက်ပြီး ကျွန်တော့်ဆီသို့ ခပ်သွက်သွက် လျှောက်လာနေသည်။ အနားသို့ရောက်လျှင် ကျွန်တော်က ပြောလိုက်သည်။

'တစ်နေ့က မင်းနဲ့ငါ ညအိပ်ခဲ့ကြတဲ့ သရဲရွာ(ကံစီရွာဟောင်း )ကို သွားရောက်ရမယ့် အကြောင်းရှိလာပြီကွ။ အဲဒီ ကံစီရွာဟောင်းမှာပဲ ဘုရားပူဇော်ပွဲရှိလို့ဆိုပြီး သံတံတား ဥက္ကဋ္ဌကြီးကိုယ်တိုင် ခွင့်ပြုမိန့်လာတောင်းရင်း ငါ့ကို ဖိတ်သွားတာ။ လာမယ့် လပြည့်နေ့မနက် စမယ်ဆိုတော့ သန်ဘက်ခါပေါ့'

ခေါင်လွှမ်း ခေါင်းတဆက်ဆက်ညိတ်ပြီး နားထောင်နေသည်။ ခေါင်လွှမ်းက စကားနည်းသည်။ တစ်ရက်လုံးနေ၍ တစ်ခွန်းပြောချင်မှ ပြောသည်။

* * *

ဘုရားပူဇော်ပွဲကြီး အတော်လေးပင် စည်ကားသည်။ အိုးစည် ဒိုးပတ်စသော ဒေသခံတီးဝိုင်းများကို ဆူညံစွာတီးမှုတ်ပြီး ရတုရကန်များကို သံပြိုင်သီဆိုကနေကြလျက်

www.burmeseclassic.com

www.burmeseclassic.com

သံတံတားရွာလယ် လမ်းမကြီးအတိုင်း (ရွာလုံးကျွတ်) ချီတက်လာကြလေသည်။

သံတံတားရွာမှ အနောက်ဘက် လမ်းကလေးဘက်ကို ချိုးကွေ့ကာ စီခန်းကြီးချောင်းလေးကို ဖြတ်ကူးပြီး ကံစီရွာသစ်သို့ ရောက်လာကြသည်။ ကံစီရွာသစ်မှတစ်ဆင့် ကံစီရွာဟောင်း (သရဲရွာ)ဘက်သို့ ဆက်သွားကြသည်။

ကျွန်တော် လေ့လာချင်နေသော ကံစီရွာဟောင်းဘက်သို့ ဦးတည်ပြီး သွားနေကြ၍ ပို၍ပင် အဆင်ပြေလေသည်။

ထို့ကြောင့် ကျွန်တော်လည်း တပည့်ကျော် ခေါင်လွှမ်းအား လက်ကုပ်ခေါ်ကာ-

'ဟိုက်ကောင်၊ တို့ အဓိက လေ့လာရမှာက အဘိုးအိုရဲ့ လယ်စောင့်တဲလေးနဲ့ မင်းနဲ့ငါ တည်းခိုစားသောက်ညအိပ်ခဲ့ကြတဲ့ နှစ်ထပ် ပျဉ်စီပျဉ်ထောင် သွပ်မိုးအိမ်ကြီးနဲ့ ပတ်ဝန်းကျင်နေရာတွေပဲကွ'

ခေါင်လွှမ်းမှာ ထုံးစံအတိုင်း စကားနည်းသူ ဖြစ်သည့်အလျောက် ဘာမျှမပြောဘဲ ကျွန်တော်ပြောသည်ကို နားထောင်၍သာ နေသည်။

ကျွန်တော်လည်း အကြံရှိနေသည့်အလျောက် လူအုပ်နှင့် သိပ်ပြီးမရောဘဲ ခပ်ခွာခွာနေသည်။ သူတို့ သီဆိုကခုန်နေကြသည်ကို ကြည့်ရှုအားပေးသလို အမူအရာဖြင့် မိမိသိချင်နေသည်များကိုသာ အကဲခတ်ပြီး ရှာဖွေကြည့်နေသည်။

ထို့နောက် လူအုပ်မှခွာကာ ကျွန်တော်မှတ်သားထားခဲ့ဖူးသည့် နေရာဘက်သို့ ဆရာ၊တပည့် လျှောက်သွားကြသည်။ ထိုအခါ ကျွန်တော်တို့ တည်းခို၊ စားသောက်၊ ညအိပ်ခဲ့ကြသော နှစ်ထပ်အိမ်ကြီး နေရာ၌ ခက်မငါးဖြာထွက်လျက် ကြီးမားကျယ်ပြန့်သည့် ပျဉ်ညောင်ပင်ကြီးတစ်ပင်ကိုသာ တွေ့ကြရလေသည်။

'ကံစည်ရွာသစ် ဆရာတော် ပြောလိုက်တာ ဒါပဲကွ။ လူနေရွာ/အိမ် တစ်ခုမှ မဟုတ်ဘူး ဆိုတာလေ။ မင်း မှတ်မိတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ မှတ်မိပါတယ်'

'အေး...လာ၊ ရှေ့မှာ လေ့လာစရာ ကျန်သေးတယ်' ဟု ပြောပြီး ဆက်လျှောက်ကြသည်။

အဘိုးအို၏ လယ်ကွင်းနှင့် လယ်တောအိမ်လေးကို ရှာဖွေကြရာတွင်လည်း ကျူတော၊ကိုင်း တောများ ထူထပ်စွာ ပေါက်နေသည့် အင်ဒိုင်းတောကြီး၏ အလယ်တွင် ဖုန်းဆိုးချုံနွယ်များနှင့် ကုန်းကမူလေး တစ်ခုကိုသာ တွေ့ကြရသည်။

ကျွန်တော်တို့ ရေချိုးခဲ့ကြသော ကျောက်ရေတွင်းနေရာတွင်လည်း ကျွဲလူးအိုင်တစ်အိုင် ရှိနေသည်ကိုသာ တွေ့ကြရသည်။ ထို့ကြောင့် ကျွန်တော့်မှာ အံ့သြ၍ပင် မဆုံးနိုင်တော့ပေ။


ကျွန်တော်ဖတ်ဖူးသည့်စာပေ၊ မှတ်ဖူးသည့် သရဲအကြောင်းများမှာ သရဲများသည် ဇော်ဇော်ပြတ်ပြတ်ဖြင့် အလွန်အမင်း အနေအစား ဆင်းရဲ၍ အပုပ်အစပ် အညှီအဟောက်များကိုသာ စားသောက်ကြရသည်။ ရတနာမြတ် သုံးပါးကို ပစ်ပယ်လျက် မိစ္ဆာအယူ ရှိကြသည်။ အလင်းရောင်မှာလည်း ကိုယ်လုံးကိုယ်ထည် ထင်ရှားပေါ်အောင် နေလေ့မရှိကြ...စသည်ဖြင့်။

သို့သော်လည်း ယခု (ဤနေရာ၌) ကျွန်တော်တို့ တွေ့ကြုံလိုက်ရသော သရဲများမှာ ထိုကဲ့သို့ တစ်ခုမျှ မဟုတ်ပေ။ အလုံးစုံ ဆန့်ကျင်လျက် ရှိသည်။

နှစ်ထပ် သွပ်မိုး၊ ပျဉ်စီပျဉ်ထောင် အိမ်ကြီးနှင့် ချမ်းချမ်းသာသာ နေကြရသည်။ သင်းပျံ့မွှေးကြိုင်သော သက်သတ်လွတ် အစာအာဟာရများကို စားသောက်ကြရသည်။ ဆွမ်းချိုင့်ပို့ခြင်း စသော အလှူအတန်းများကိုလည်း ပြုလုပ်ကြသည်။ အလင်းရောင် အားကောင်းသော အော်က်လင်းဓာတ်မီးရောင်များဖြင့်လည်း နေထိုင်ကြသည်။

ထိုသို့သဘောရှိ၍ ကျွန်တော် နားမလည်တော့ပေ။ နားမလည်သောကြောင့်လည်း ကြားခဲ့ဖူးသော သရဲများအကြောင်းနှင့် ကြုံခဲ့ဖူးသော သရဲများ၏ အကြောင်းအရာများကို ယှဉ်ပြ၊ တင်ပြလိုက်ရပေသည်။


**ထွန်းတောက်**



www.burmeseclassic.com

ငြိမ်းချမ်းမှုစာစဉ်

# ဖော်ပြပါသည် (ဆင်ဖြူကျွန်း) နှလုံးသားထောက်ကား ကာမွှည်းအာကျရာ



(၁)

ရန်ထောင်အမျက်၊ အခိုးထွက်လည်း၊
ညှံ့လက်နက်ချ၊ လျှော့ဘိကလျှင်၊
ရေစရောက်လေ၊ မီးသို့သော၏။

(ပါရမီတော်ခန်းပျို့)

(၂)

လွန်ခဲ့သော နှစ်ပေါင်း(၇၀)ကျော် ဒုတိယကမ္ဘာစစ်ကြီး ပြီးစက ဆင်ဖြူကျွန်းမြို့။

ထိုခေတ် ထိုအခါက တစ်နေရာမှ တစ်နေရာသို့ သွားလိုလျှင် ယခုခေတ်ကဲ့သို့မဟုတ်၊ လမ်းပန်းဆက်သွယ်ရေးမှာ နွားလှည်း၊ မြင်း၊ မြင်းလှည်း၊ စက်ဘီးမျှသာရှိ၍ ကုန်းကြောင်းခရီးတွင် အမြန်ဆုံးဖြစ်သော ကားဆိုသည်မှာ အလွန်ပင် ရှားပါးလှ၏။

www.burmeseclassic.com

www.burmeseclassic.com




ကားတစ်စီး မောင်းလာ
ပြီဟေ့ဆိုလျှင် လူကြီး,လူငယ်
မရွေး ကလေးများအပါအဝင် အထူးအဆန်း
ဝိုင်း၍ကြည့်ကြ၊ လက်ခုပ်လက်ဝါးတီးကြ၊
ဗွက်နစ်ပြီဆိုလျှင် ဝိုင်း၍ တွန်းပေးကြနှင့်
တပျော်တပါး တဝါးဝါး တဟားဟားနှင့်။
ကားဖြတ်မောင်းသွားလျှင် ကားနောက်သို့
ကလေးငယ်များ တပျော်တပါးကြီး ပြေးလိုက်တတ်ကြ၏။
ကလေးငယ်တချို့မှာ ကိုယ်တုံးလုံး၊ တချို့က အင်္ကျီတိုမည်း
နှပ်တွဲလဲ၊ ဗွေးငေါက်တောက်၊ သျှောင်ပေစုး၊ ဆံပင်ဖုတ်သိုက်နှင့်။
ကားလမ်း ဆိုသည်မှာလည်း ကျောက်ခင်းကတ္တရာလမ်း မဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com

မြေသားပကတိ။ ထို့ကြောင့် မိုးရွာလျှင် မကြာခဏ ဗွက်နှစ်တတ်၏။ ယခုခေတ်လို တီဗွီ၊ ရုပ်ရှင်၊ ဓာတ်ပွဲများ မရှိ။ တစ်နှစ်လုံးနေမှ တစ်ခါ၊နှစ်ခါလောက်သာ ဆိုင်းသံ ဗုံသံများ ကြားရတတ်၏။ တစ်ခါတစ်ရံ ဘုရားခွမ်းလုံးချပွဲများရှိလျှင်လည်း အိုးစည်၊ ဒိုးပတ်သံများ ကြားရတတ်သေး၏။

ဒုတိယလမ်းပန်းဆက်သွယ်ရေးမှာ ရေလမ်းဖြစ်ပြီး မြစ်ချောင်းများကို အားပြုကြရ၏။ ဤတွင် မြို့ကြီးများနှင့် ဆက်သွယ်မိနေသော အဓိကကျသည့် မြစ်မှာ ရေဝတီမြစ်ပင်ဖြစ်၏။ မြစ်ကြောင်းတွင် လှေသင်္ဘော၊ မော်တော်များ ခုတ်မောင်းနေကြသော်လည်း ဆင်းရဲသားအများစု အသုံးပြုနိုင်သည်မှာ အညာရန်ကုန် အစုန်အဆန် ရွက်တပ်လှေကြီးများသာဖြစ်၏။

ထိုစဉ်က ရေဝတီမြစ်မှာ ရေစီးသန်သန် လှိုင်းထန်ကြမ်းကြမ်းနှင့်။ ဒါကြောင့်ပင် ဆိုသည် မဟုတ်ပါလား။ ရေစီး 'ကသာ'၊ ရေသာ 'စစ်ကိုင်း'၊ လှိုင်းမှာ 'ပခန်းငယ်'၊ လယ်မှာ 'တောင်တွင်း'၊ အင်းမှာ 'တောင်သမန်'၊ ကန်မှာ 'မိတ္ထီလာ'ဟူ၍။ ယခုတော့ ရေဝတီမှာ မိခင်အိုတစ်ယောက်သဖွယ် အားပျော့အိမင်း ချည့်နဲ့နေချေပြီ။

လှိုင်းထန်သော ပခန်းငယ်သည် ဆင်ဖြူကျွန်းနှင့် မျက်စောင်းထိုး၊ အရှေ့မြောက်ယွန်းယွန်း အရှေ့ဘက်ကမ်း၊ ရှေးခေတ် တစ်ချိန်က ပုဂံငယ်ဟု ခေါ်ခဲ့ကြ၏။

ဒုတိယကမ္ဘာစစ်ကြီး ပြီးစခေတ်မို့ အစစအရာရာ ရှားပါးလှ၏။ အင်္ကျီစဆိုလျှင် လေထီးမှ ဖြုတ်ယူသော အစ(လေထီးပိုးစ)ကို အင်္ကျီချုပ်ဝတ်ကြရ၏။ ချည်ထည်ဆိုလျှင် မြေနု၊ ပခုက္ကူဘက်မှလာသော လက်ရက်ကန်းထည်များကို ဈေးကြီးပေး ဝယ်ကြရ၏။ ထဘီဆိုလျှင် 'ဖျင်ကြမ်းနှစ်နံစပ်' ထဘီနှင့် 'စပ်ထဘီ'ဟူ၍ နှစ်မျိုးရှိ၏။ 'မြေနုပင်နီ'ထည်မှာလည်း နာမည်ကြီး၏။ တစ်ခါတစ်ရံ အိန္ဒိယချည်ချောထည်များလည်း ရတတ်၏။ သို့သော် ဈေးက မသေးလှ။

ထိုခေတ် ထိုအချိန်ခါက ဆင်ဖြူကျွန်းတစ်မြို့လုံးရှိ ဈေးသည်များ စုစုပေါင်း အလွန်ဆုံးရှိမှ လေးငါးရာခန့်သာရှိ၏။ အစည်ကားဆုံး နေရာမှာ ဈေးမြောက်ဘက် တိုက်နှစ်လုံးခန့်အကွာ၊ ဈေးတောင်ဘက် တိုက်သုံးလုံးခန့်အကွာနှင့် ဈေးအရှေ့ဘက် တိုက်သုံးလေးလုံးခန့်အကွာ ကွက်ကွက်ကလေးသာ စည်ကားဆုံး ဖြစ်၏။ အထူးသဖြင့် ဈေးအရှေ့ဘက်မှ ရေဝတီမြစ်ဆိပ်သို့ သွားရသောကြောင့် ဈေးမြောက်ဘက်နှင့် ဈေးအရှေ့ဘက်သည် မြစ်ဆိပ်သို့သွားသော ကျွန်းညီမြင်းလှည်းသမားများ စုဝေးရာ မြင်းလှည်းဆိပ်၊ စလင်းမြင်းလှည်းဂိတ်ကမူ ဈေးတောင်ဘက် ဒုတိယလမ်း၊ ဂတ်တဲ(ရဲစခန်း)၏ မြောက်ဘက် လက်ဖက်ရည်ဆိုင်အနီးတွင် ဂိတ်ထိုးကြသည်။

ဈေးမြောက်ဘက် လမ်းသွယ်ငါးလမ်းခြား၍ တစ်ပြခန့်အကွာတွင် ရှေးဟောင်းသမိုင်းဝင် ရှင်ပင်ဆုတောင်းပြည့်စေတီတော်ကြီး တစ်ဆူရှိ၏။ 'ကတုံ'တို့၏ အကြီးအကဲ 'သက်'မင်း (ခေါ်) ရခိုင်ဘုရင် 'မင်းပတိ'သည် အလောင်းစည်သူမင်းအား ထောင်ထားခြားနားမှု(ပုန်ကန်မှု)ပြုသောကြောင့် အလောင်းစည်သူမင်းသည် စစ်မက်ပြုရန် ထွက်ခဲ့စဉ် ခေတ္တတပ်စခန်းချရာ တပ်ဦးမှ ပါလာသော ဆင်ဖြူတော်သည် ကျပင်းမြို့၏ အရှေ့တောင်ယွန်းယွန်းအရပ်၌ ဝပ်နေ၏။ ထိုအရပ်၌ ဘုရားတည်၍ 'ကတုံသက်မင်း' (မင်းပတိ)ကို အောင်မြင်ရပါစေသားဟု ဆုတောင်းခဲ့ရာ ပြည့်သောကြောင့် 'ဆုတောင်းပြည့်' ဘုရားဟု ကမ္ဗည်းတွင်သည်။

ဆုတောင်းပြည့်စေတီကို အမှီပြု၍ ဘုန်းတော်ကြီးကျောင်းများလည်း ပေါ်ပေါက်ခဲ့၏။ ဘုရားကြီး၏ စနေထောင့် (အနောက်တောင်)ဘက်တွင် ဆုတောင်းပြည့်ကျောင်း၊ ထိုကျောင်း၏ တောင်ဘက်တွင် လေသာကျောင်းဟူ၍ ရှိ၏။ လေသာကျောင်းနှင့် ဆုတောင်းပြည့်ကျောင်း၏ အနောက်ဘက်၌ ရှယ်တူဇရပ်နှစ်ဆောင်ရှိ၏။ စလင်းချောင်းတိမ်ထဲ၌လည်း သုံးပင်ပတ်လည် ဇရပ်တစ်လုံးရှိ၏။ အနီးဇရပ်၌ ပညာတော်လွန်း၍ စိတ်ဖောက်နေသော သီလရှင်တစ်ပါး အမြဲနေ၏။ မည်သို့ပင်ဆိုစေ ထိုဇရပ်သုံးလုံးကို သီလရှင်ဇရပ်၊ ချောင်းထဲသို့ ဆင်းသွားရာနေရာကိုလည်း သီလရှင်ဆိပ်ဟု အမည်တွင်လေသည်။

ကျောင်းခြေရင်းမှ ဇရပ်ကြီးနှစ်ဆောင်မှာ လေးထွာစိုင် ကျွန်းလုံးကြီးများဖြင့် သွပ်မိုး၊ ပျဉ်ခင်းနှင့် အမိုးအောက်မျဉ်းနားတစ်လျှောက်တွင် သွပ်ပြားကို ပန်းဖောက်၍ ပန်းဆွဲများ တပ်ဆင်ထားသည်။ တည်းခိုမည့်သူ မရှိလျှင် ဇရပ်တစ်ခုလုံး ဖုန်များဖြင့် ဖွေးဖွေးလှုပ်ရှိနေတတ်၏။ များသောအားဖြင့် သီလရှင်များ၊ ချောင်းအနောက်

www.burmeseclassic.com

www.burmeseclassic.com

ဘက် ဆွမ်းဆန်စိမ်းအလှူခံသွားရာ၌ နားခိုရာနေရာ ဖြစ်ခြင်းကြောင့်လည်း သီလရှင်ဇရပ်ဟူ၍ ခေါ်ကြခြင်းဖြစ်၏။

နွေအခါ ပူပူလောင်လောင် ရှိနေသော်လည်း မန်ကျည်းပင်ကြီးများ၊ ကုက္ကိုပင်ကြီးများအပေါ်ရှိ ကျေးသံ၊ ငှက်သံများမှ လွဲလျှင် အလွန်အေးချမ်း တိတ်ဆိတ်သော နေရာ ဖြစ်သည်။ ပူပြင်းသော သဲသောင်ပြင်ပေါ်မှ ဖြတ်သန်းလာသော လေပူတို့သည် ချောင်းကမ်းပါးစပ်ရှိ အပင်များကြောင့် အေးမြသွား၏။ ထို့ကြောင့်လည်း ဤဇရပ်နှစ်ဆောင်လုံး၌ ညအိပ်ညနေ ဧည့်သည်များ မပြတ်ရှိတတ်၏။ တစ်ခါတစ်ရံ နတ်မတောင်ကြော၊ ယော၊ ဆော၊ စေတုတ္တရာဘက်တို့မှ လှည်းများဖြင့် ဆင်းလာသော 'ပါးရဲထိုး၊ သင်တိုင်းဝတ်' ချင်းလူမျိုးများ တည်းခိုရာ အရပ်လည်း ဖြစ်၏။ ထိုခေတ် ထိုအခါက ဧရာဝတီ သင်္ဘောကုမ္ပဏီ ပြေးဆွဲနေသော ကာလဖြစ်၍ ဆင်ဖြူကျွန်းသည် စည်ကားသော ဆိပ်ကမ်းမြို့ဖြစ်ပြီး ကုန်စည်စီးဆင်းရာ အချက်အချာဒေသ ဖြစ်ခဲ့၏။

ဘုရားကြီးတောင်ဘက် ဆုတောင်းပြည့်ကျောင်းတိုက်မှ ကိုရင်များ၊ ကျောင်းသားများ ကစားနေရာ ဇရပ်သို့ အသက်ကြီးကြီး ရှမ်းဆရာကြီးတစ်ဦးသည် ထင်းရှူးသေတ္တာကြီးနှစ်လုံးနှင့် သစ်စေးသုတ် တောင်းကြီးတစ်လုံးကို ထမ်းပိုးဖြင့်ထမ်း၍ သီလရှင်ဇရပ်ပေါ်သို့ ရောက်ရှိလာသည်။

ထိုရှမ်းဆရာကြီးမှာ ပျော့ခမောက် အပြားဝိုင်းကြီး ဆောင်းထား၍ တိုက်ပုံအင်္ကျီ၊ ရှမ်းဘောင်းဘီနှင့်။ လွယ်အိတ်နှင့် ဓားရှည်ကို စလွယ်သိုင်းထားသည်မို့ တစ်မူထူးခြားနေသောကြောင့် ကျောင်းသားလေးများနှင့် ကိုရင်များသည် ကစားနေရာမှ သီလရှင်ဇရပ်ပေါ်သို့ အပြေးအလွှား ရောက်ရှိလာကြ၏။ ကလေးများနှင့် ကိုရင်များသည် စူးစမ်းသောအကြည့်၊ သိလိုသော မျက်လုံးများဖြင့် ငေးမောကြည့်ရှုနေကြ၏။

ရှမ်းဆရာကြီးလည်း ထမ်းလာသော အထုပ်အပိုးများကို ဇရပ်ပေါ်သို့ ချလိုက်၏။ ပျော့ခမောက် လွယ်အိတ်နှင့် ဓားရှည်ကိုလည်း ခေါင်းရင်းတစ်နေရာမှာ ချလိုက်ပြန်၏။ ထို့နောက် ဇရပ်ပေါ်မှ ဖုန်များကိုပင် မလှည်းကျင်းတော့ဘဲ တုံးလုံးလှဲချလိုက်၏။ မျက်နှာမှာလည်း နီရဲနေပြီး အတော်လေး ပင်ပန်းလာပုံရ၏။ မလှုပ်မယှက် တုံးလုံးလှဲနေသော ရှမ်းဆရာကြီးကိုကြည့်၍ ကိုရင်များနှင့် ကျောင်းသားကလေးများလည်း သို့လော၊ သို့လော တီးတိုးစကားပြောရင်း ပြန်သွားကြ၏။

နွေတောရှင် ဥဩငှက်ကလေး တစ်ကောင်သည် ကုက္ကိုပင်ယံထက်ဆီက 'ဥဩ..ဥဩ' ဟူသော လေးတွဲ့တွဲ့အသံဖြင့် မနားတမ်း တေးဆိုနေကော့၏။ နေညိုချိန်မို့ တိမ်တောက်နေသည်။ ဆည်းဆာအလှတရားသည် နတ်မတောင်တန်းကြီးကို ဖမ်းစားနေ၏။

(၃)

နံနက်ခင်းအလှအပ ကျေးငှက်သံများ ဆူညံနေ၏။ နွေဦး လေနုအေးကလေးလည်း ဖြူးနေ၏။ နေလည်း ရင့်စပြုပြီ။ ချောင်းအနောက်ဘက် သပြေပင်ရွာ၊ မြောင်းဘောင်ရွာဘက်ဆီမှ ဈေးသွား ဈေးလာ၊ ဈေးဝယ် ဈေးသည်များလည်း ခြေမျက်စိသာသာ၊ ဝါးနှစ်ပြန် သုံးပြန်ခန့်ရှိသော ဆိုးဆိုးဆတ်ဆတ် ချောင်းရေပြင်ကို ဖြတ်၍ ဈေးသို့ လာကြပြီဖြစ်၏။ အချို့မှာ ဇရပ်ပေါ်ရှိ ရှမ်းဆရာကြီးကိုကြည့်၍ သွားကြပြီး ဝေဖန်သံများ ဆူညံနေကြ၏။

'ဆေးဆရာကြီးပါအေ'

'အို..မြွေအလမ္ပာယ်ဆရာများလားအေ' ဟူသော အသံများဖြင့်။

အချို့ မောပန်းပြန်လာကြသော ဈေးပြန်များသည် ချောင်းပြင်တွင်ရှိ ထန်းရွက်တဲလေးများအောက်မှ လက်ယက်တွင်း (ရေတွင်း)ငယ်လေးများဆီသို့ ဆင်း၍ ရေသောက်ကြ၊ ကိုယ်လက်သန့်စင်ခြင်းအမှုကိစ္စကို ပြုလုပ်ပြီးမှ ရွာသို့ ပြန်ကြလေ၏။

ဇရပ်ပေါ်ရှိ ရှမ်းဆရာကြီးသည် ထိန်ထိန်လင်းနေသော အလင်းရောင်ကြောင့် နိုးလာ၏။ မျက်စိဖွင့်၍ အနီးပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ မြင်လိုက်ရသော မြင်ကွင်းကြောင့် အလွန်ပင် အံ့ဩသွား၏။

သူ၏အနီးတွင် ကြွေရည်သုတ် မောင်းထောင်ချိုင့် (ရေတည်ချိုင့်) တစ်လုံးပေါ်၌ ပန်းကန်ပြားတစ်ချပ် ၄င်း ပန်းကန်ပြားတစ်ချပ်ပေါ်တွင် သောက်ရေခွက်တစ်လုံးနှင့်။ ခေါင်းရင်းဘက်တွင်လည်း သောက်ရေအိုးတစ်လုံး ရောက်ရှိနေပြီး အဖုံးနှင့် သောက်ရေခွက်တစ်ခွက် အဆင်သင့်။ ထို့အပြင် ပန်းကန်ပြားတစ်ချပ်ပေါ်ရှိ ဟင်းသောက်ပန်း



www.burmeseclassic.com

www.burmeseclassic.com

ကန်စောက်တစ်လုံး အဖုံးဖုံးလျက် ဖွန်းတင်လျက်။

'ဒကာကြီး နိုးပြီလား'

ဘယ်အချိန်က ရောက်နေမှန်း မသိသော ကိုရင်က မေးလိုက်၏။

'တင်ပါ့..ဘုရား'

'ညက..ဒကာကြီး ကယောင်ကတမ်းနဲ့ ယောင်နေတာကြားလို့။ ဆရာတော်ကိုယ်တိုင် လာကြည့်ပြီး ဒကာကြီးကို အနန္တသုခဆိုတဲ့ ဆေးတိုက်ပြီး ပြန်သိပ်ထားခဲ့တာ'

'တင်ပါ့ဘုရား..တပည့်တော် အိပ်မက်လိုလို၊ ဘာလိုလို ထင်နေတာဘုရား'

'ဘယ်ဟုတ်ရမလဲ ဒကာကြီးရဲ့..ညက ဒကာကြီး အဖျားကြီးပြီး သတိလစ်၊ ကယောင်ကတမ်း ဖြစ်နေတာ။ မနက်အစောကြီး တုံးခေါက်(အုန်းမောင်းခေါက်)ပြီးတော့ တစ်ခါ ဆင်းကြည့်သေးတယ်။ ဒကာကြီးက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတယ်'

'တင်ပါ့ဘုရား။ ဒါ့ထက် ကိုရင့်ဘွဲ့က..'

'ပညာသိရိ'

ကိုရင်သည် တုံးတိတိနှင့် ဖြေလိုက်၏။

ပြီးတော့ ဆက်လက်၍-

'ဒီဘက်က မောင်းထောင်ချိုင့်ထဲက ရေက မျက်နှာသစ်ဖို့၊ မျက်နှာသစ်ပြီးရင် ဒီဘက်က ပန်းကန်စောက်ထဲမှာ ယာဂု(ဆန်ပြုတ်)၊ ခေါင်းရင်းမှာ သောက်ရေအိုး လိုတာရှိ ကျုပ်ပြော'

'တင်ပါ့ဘုရား၊ ကျေးဇူးကြီးမားလှပါတယ်ဘုရား'

'အဲ..ယာဂုသောက်ပြီးတော့ စားဖို့ဆေး၊ ရော့'

ကိုရင်သည် လက်ထဲမှ စက္ကူဖြင့် ထုပ်လုပ်ထားသော ဆေးထုပ်ကို ပေးလိုက်၏။

'ကျုပ် ကျောင်းပေါ် သွားလိုက်ဦးမယ်'

'တင်ပါ့ဘုရား'

ရှမ်းဆရာကြီး လက်အုပ်ချီလျက်။ ကိုရင်လည်း ကျောင်းပေါ်သို့ ပြန်ကြွသွား၏။

ရှမ်းဆရာကြီးသည် မကြာမီ အချိန်အတွင်းမှာ မျက်နှာသစ်၊ ယာဂုသောက်၊ ပြီးသည်နှင့် ဆရာတော်၏ ဆေးကို သောက်လိုက်၏။ အဖျားကတော့ မကျသေး။ တစ်ကိုယ်လုံးမှာ တောင့်တင်းကိုက်ခဲ နာကျင်နေသေး၏။ မနေ့က ဘာမှ မစားရသေးသောကြောင့် ယာဂုသောက်လိုက်ရ၍ အားရှိသလိုပင် ဖြစ်လာ၏။ သို့သော် မတ်မတ် မရပ်နိုင်သေးပေ။ မျက်လုံးနှင့် ခန္ဓာကိုယ်ကံ ကြာရှည်စွာ မနေနိုင်တော့၍ တုံးလုံးလှဲလိုက်ရပြန်သည်။ ခဏလေး အတွင်း၌ပင် အိပ်ပျော်သွား၏။

(၄)

ခွေးအူသံများ ဆူညံစွာ ကြားနေရ၏။ နေ့ခင်းကြောင်တောင် ခွေးအူသံများမှာ ဆုတောင်းပြည့်ကျောင်း ဆရာတော် ဆွမ်းမစားမီ ဖားစည်တီးသံကြောင့် ဖြစ်၏။ ဖားစည်တီးလျှင် ဆွမ်းပွဲပြင် ဘုရားဆွမ်းတော်ကပ်၊ အမျှအတန်းဝေကာ ဆွမ်းတော်တင် စွန့်ပြီးမှ ဆရာတော် ဆွမ်းဘုဉ်းပေးလေ့ရှိသည်။

ရှမ်းဆရာကြီးလည်း ဆူညံသော ခွေးအူသံများကြောင့် နိုးလာ၏။ မိမိဘေး၌ ဖနောလင်ပန်း၊ နီးအုပ်ဆောင်း အုပ်ထားသည်ကို တွေ့ရ၍ ကိုရင် နေ့လယ်စာ လာပို့သွားပြီဟု သိလိုက်၏။ ကပျာကသီ မျက်နှာသစ်၊ ပလုတ်ကျင်း၍ တဘက်စောင်ဖြင့် သုတ်ကာ နေ့လယ်စာ ကြက်သားဆန်ပြုတ်ကို သောက်လိုက်သည်။ မနက်ကထက်စာလျှင် အနည်းငယ် သက်သာစပြုလာပြီ။ သို့သော် အားက မရှိသေး။ အဖျားကလည်း ရှိနေဆဲမို့ ဆေးစားပြီး တုံးလုံးလှဲရပြန်သည်။ သိပ်မကြာချေ၊ ရှမ်းဆရာကြီးသည် ထိုနေ့အဖို့ ဒုတိယအကြိမ် အိပ်ပျော်သွားပြန်၏။

ဆရာတော်က အာဂန္တုဧည့်သည် ပြုစုနိုင်ရန် ကိုရင်ပညာသိရိကို တာဝန်ပေးထား၏။ ရှမ်းဆရာကြီး နေမကောင်းနေသောကြောင့် နေ့လယ်ခင်း ကလေးများ ကစားလျှင်ပင် အသံကျယ်ကျယ်ဖြင့် မကစားရချေ။ ကျောင်းပေါ်က ဖျာ၊ သောက်ရေအိုး၊ ရေနွေးကရားမှအစ လိုလေသေးမရှိအောင် ကိုရင်ပညာသိရိက လုပ်ဆောင်ပေးရသည်။ မွန်းလွဲတစ်ချက်တီးချိန် (မွန်းလွဲတစ်နာရီချိန်) ကျော်ပြီမို့ ကျောင်းခြေရင်းဘက် သီလရှင်ဇရပ်နှင့် မဝေးလှသော ကွင်းပြင်မှာ ကိုရင်လေးများ ကျောင်းသားလေးများလည်း ထွေထုတမ်း၊ ခွေးရူးလိုက်တမ်း၊ တူတူပုန်းတမ်း၊ ခွေလိမ့်တမ်း ကစားနေကြ၏။

ကုက္ကိုပင်ပေါ်မှ ချိုးကူသံ၊ ကျီးကန်းတို့၏ အာမြည်သံ၊ ဥဩတို့၏ ဥဩဟူသော တွန်သံ၊ ဆက်ရက်



www.burmeseclassic.com

ကလေးများ၏ ချစ်ခွန်းတုံ့တင်သံတို့နှင့် မန်ကျည်းတန်း၊ ကုက္ကိုပြင်တန်းကို ဖြတ်သန်းလာသော အေးမြလှသည့် လေပြေလေညင်းတို့သည် သီလရှင်ဇရပ်ပေါ်မှာ နားနေခိုအောင်းသူတို့အား ကြည်နူးရွှင်လန်းစေလိမ့်မည်မှာတော့ အမှန်ပင်။

(၅)

ဤသို့ဖြင့် ရက်သတ္တပတ် တစ်ပတ်ခန့်ကြာသော်-

(၆)

ယနေ့နံနက်တွင် ပိတောက်တွေ ပွင့်နေပြန်သည်။ ပိတောက်သည် မိုးကိုမျှော်၏။ မိုးရနံ့ရလျှင် ဝါဝါထိန်ထိန်လွင်လွင် ပင်လုံးကျွတ်ညွှတ်အောင် ပွင့်ဖူးဆင်ကြ၏။

'တစ်နှစ်တွင် ဒီတစ်လပေပ၊ တစ်လတွင် ဒီတစ်ရက်တည်း ခက်ခဲတဲ့ ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြ စုံမြိုင်တွင်း' ဟု အဆိုရှိခဲ့သော ပန်းဖြစ်၏။

မနေ့ညက မိုးပြေးတစ်ပြိုက် သည်းသည်းကြီး ရွာလိုက်ပြီဖြစ်၍ ပိတောက်တွေ ဝေခဲ့ခြင်းဖြစ်သည် မဟုတ်ပါလော။

မယ်သီတော်ဆိပ် သီလရှင်ဇရပ်ပေါ်ရှိ ရှမ်းဆရာကြီးလည်း ကျန်းမာလာပြီဖြစ်၏။ မနက်စာ ဆွမ်းခံမထွက်မီ ကလေးငယ်များ ကိုရင်များကို ဂမ္ဘီရပညာစွမ်းများ ပြလေ့ရှိ၏။ ကိုရင်များ၊ ကျောင်းသားများလည်း ဝိုင်းအုံ၍ ကြည့်ကြ၏။ ယခုလည်း ကျောင်းပေါ်မှ သံကြိုးများယူပြီး ကျောင်းသားကလေးများက ရှမ်းဆရာကြီးကို လှုပ်၍မရအောင် တုပ်နှောင်ထားကြ၏။ တုပ်နှောင်ထားရုံမျှမက သော့ပါ ခတ်လိုက်သေး၏။

ရှမ်းဆရာကြီးက-

'ကဲ··ကလေးတို့ တော်ပြီလား၊ တော်ပြီဆိုရင် စောင်တစ်ထည်နဲ့ လုံအောင်အုပ်လိုက်' ဟု ပြောလိုက်၏။

စောင်ခြုံအောက်က ဆရာကြီး မည်သို့လှုပ်ရှားသည်ကိုတော့ မသိရ၊ မမြင်ရ။ သို့သော် ခဏလေးအတွင်းမှာပင် ရှမ်းဆရာကြီးမှာ သံကြိုးများ မရှိတော့ဘဲ လွတ်မြောက်လာ၏။ သို့သော် သော့မှာလည်း ခတ်လျက်သား။ သံကြိုးများမှာလည်း အချည်အနှောင်မပျက်။

ကိုရင်များ၊ ကလေးများသည် ပျော်ရွှင်စွာ ဝိုင်း၍ လက်ခုပ်တီးကြသည်။ အော်ကြ၊ ဟစ်ကြ၊ ချီးမွမ်းကြနှင့်။



'ဟင်'

'ဟာ'

'မဖြစ်နိုင်တာကွာ'

အံ့သြခြင်းများစွာဖြင့် သံကြိုးကို စစ်ဆေးကြ၊ သော့ခလောက်ကို ပွင့်၊မပွင့်၊ ပျက်၊မပျက် စစ်ဆေးကြနှင့် ကလေးများ အလုပ်ရှုပ်နေကြ၏။

'ကဲ··ကဲ··ကိုရင်တို့ ပစ္စည်းတွေ သိမ်းလိုက်ပါဦး။ တပည့်တော်လည်း နားဦးမယ်' ဟု ရှမ်းဆရာကြီးက ကိုရင်များကို ပြောလိုက်သဖြင့် ကလေးငယ်များလည်း ပြေးထွက်သွားကြ၏။

သို့သော် ကိုရင်ပညာသီရိ တစ်ပါးသာ ဆရာတော်၏ အမိန့်အရ ရှမ်းဆရာကြီးအတွက် ယာဂုနှင့် အကြော်တစ်ပန်းကန် ပို့လာရင်းမှ-

'ဒကာကြီး··တော်တော်နေကောင်းသွားပြီပဲ'

'တင်ပါ့ဘုရား··ဆရာတော်ဘုရားကြီးနဲ့ ကိုရင်တို့ကြောင့် တပည့်တော် တော်တော်ကလေး နေကောင်းသွားပါပြီဘုရား'

ဆက်လက်၍-

'ဒါထက်··ကိုရင်ကို တပည့်တော် တစ်ခုမေးပါရစေဘုရား'

'ဘာလဲ ဒကာကြီးရဲ့'

'တပည့်တော်က တစ်သက်လုံးစာ ကျေးဇူးဆပ်တဲ့အနေနဲ့ ပညာတစ်ရပ် သင်ပေးချင်တယ်ဘုရား'

'ဘာပညာများလဲ ဒကာကြီးရဲ့'

'မြွေကိုက်တဲ့သူတွေကို ဆေးကုသပေးတဲ့ ပညာရယ် မြွေနဲ့ပတ်သက်တဲ့ ပညာပေါ့။ မလိုချင်ဘူးလား၊ ဘုရား

www.burmeseclassic.com

အသက်တစ်ချောင်း ကယ်နိုင်တာပေါ့'

'အာ..မလိုချင်ပါဘူး ဒကာကြီးရယ်၊ ရှုပ်ရှုပ်ယှက်ယှက်'

'အင်း'

ဆရာကြီး သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်၏။ ပြီးတော့ တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးတောနေ၏။ ဒီလိုမေးနေလို့ကတော့ ကိုရင် ပညာယူလိမ့်မည် မဟုတ်၊ ယူမည့်ပုံမပေါ်။

ဆရာကြီး၏ စိတ်ထဲ၌ 'ကိုရင်ကို ကျေးဇူးဆပ်စရာ ဆိုလို့ ဒီနည်းလမ်းတစ်လမ်းပဲ ရှိတယ်။ ဒီတော့..'

စိတ်ထဲမှ ကြံစည်နေသော အကြံအစည်ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ချက်ချလိုက်တော့သည်။

(၇)

'နဂါးရယ်သွန် ရသာမွန်၊ ဂဠုန်စို့ပါတဲ့ ပင်နို့ရည်ထူး'

နဂါးသည် စနေနံ(တ၊ ထ၊ ဒ၊ ဓ၊ န) ဖြစ်၏။ ထန်းနို့သည်လည်း စနေနံဖြစ်၏။ ထိုစနေနံ ထန်းနို့နဂါးက သွန်ချသော နို့အား ဂဠုန်ဟူသော တနင်္ဂနွေနံ(အ) အိုးဖြင့် ခံယူထားသည်ကို ဂဠုန်စို့သည့် နဂါးနို့ဟု တင်စားခေါ်ဆိုခြင်းဖြစ်၏။ ဆင်ဖြူကျွန်းဘက်မှ ကြည့်လျှင် နွယ်တမယ်ရွာ အစပ်မှစ၍ မြောင်းဘောင်၊ သပြေပင်၊ ချောင်းဖြူရွာများအပါအဝင် ကျပင်းရွာထိအောင် ထန်းတော ကမ္ဗလာကြီးတစ်ချပ် လွှမ်းခြုံထားသလို အတိုင်းသား မြင်နေရ၏။ ထန်းရည်ချို၊ ထန်းရည်ခါး၊ ထန်းလျက်များ အလွန်ပင် ပေါများသောဒေသ ဖြစ်၏။

နံနက်လင်းစပြုပြီမို့ မြောင်းဘောင်ရွာ၊ သပြေပင်ရွာ စသည်တို့မှလာသော ဈေးသည်များသည် မယ်သီတော်ဆိပ်မှ လာတက်ကြသလို မယ်သီတော်ဆိပ်အထက်နား ဆုတောင်းပြည့်ဘုရားကြီး၏ မြောက်ဘက် ပြည်တော်သာဆိပ်မှလည်း လာတက်ကြ၏။ သပြေပင်ဘက်မှ ဈေးသည်အမျိုးသမီးကြီးတစ်ဦးသည် ခံတောင်း(ဈေးတောင်း)ကို ခေါင်းပေါ်မှ ချ၍ သီလရှင်ဇရပ်ပေါ်သို့ တင်လိုက်၏။ ခေါင်းခုကို ခေါင်းပေါ်မှ ယူပြီးဖြန့်ကာ ယပ်ခတ်နေ၏။

မျက်နှာပေါ်ရှိ ချွေးများကို သုတ်နေရင်းမှ-

'မောင်ကြီး..ချောင်းဖြူကြာပုံထန်းလျက် ပါတယ် မောင်ကြီး၊ ယူဦးမလား'

'ဟုတ်ကဲ့ အစ်မတော်၊ ငါးဆယ်သားလောက် ရောင်းခဲ့ပါ အစ်မတော်'

ရှမ်းဆရာကြီးက ချောင်းဖြူကြာပုံ ထန်းလျက်ကို ငွေပေးချေပြီး ဝယ်ယူလိုက်၏။

ထိုခေတ်ထိုအခါက ညီတော်၊ ညီတော်မောင်၊ အစ်ကိုတော်၊ အစ်မတော်ဟူ၍ သုံးနှုန်းကြ၏။ 'တော်'ဟူသော အသုံးနှုန်းသည် ယဉ်ကျေးသော 'ထီးသုံး၊ နန်းသုံး' စကားဖြစ်၏။ မင်းမျိုးမင်းနွယ်များကို 'အနွယ်တော်'၊ 'တော်ဘုရား'၊ 'ဦးကြီးတော်'၊ 'ဘကြီးတော်'၊ 'သားတော်'ဟူ၍ သုံးနှုန်းလေ့ရှိသလို အချို့အညာဒေသ ကျေးလက်များ၌လည်း ယနေ့တိုင် ဤကဲ့သို့ သုံးစွဲလျက်ရှိသေး၏။ ဇနီးမောင်နှံများကြား သုံးလေ့ရှိသော 'တော်'မှာ ဇနီးဖြစ်သူက ခင်ပွန်းဖြစ်သူအား အရှင်သခင်အဖြစ် 'တော်'၊ 'တော်ဘုရား'ဟု ထူးခြင်းဖြစ်၍ အလွန်ပင် ယဉ်ကျေးသော စကားဖြစ်၏။ သို့သော် ယနေ့ခေတ်တွင် မှေးမှိန်စပြုလာပြီ။ ထိန်းသိမ်းသင့်သည့် စကားလုံးဟု မသိကြတော့။

ထုံးစံအတိုင်း နံနက်စာ ယာဂုနှင့် အကြော်ပို့ရန် ကိုရင် ပညာသိရီ ရောက်ရှိလာ၏။ နံနက်စာရေနွေးနှင့် မြည်းရန် မုန့်လုံးရေပေါ်၊ အထုပ်လည်း ပါလာသေး၏။

ကိုရင် ပညာသိရီက-

'ဒကာကြီး..နောက်သုံးရက်လောက်နေပြီး ပြန်တော့မယ်ဆို'

'တင်ပါ့ဘုရား'

'ကျန်းမာရေးကရော ကောင်းပြီလား'

'တင်ပါ့ဘုရား..အတော်လေး ကောင်းပါပြီဘုရား'

ရှမ်းဆရာကြီးက ဆက်လက်ပြီး-

'ဪ..ကိုရင်၊ စောစောကလေးက ချောင်းဖြူကြာပုံထန်းလျက်ခဲ ဖြူဖြူကလေးတွေ ကိုရင် ကြိုက်တတ်လို့ ဝယ်ထားလိုက်တယ်ဘုရား။ ဟောဟိုလွယ်အိတ်ထဲမှာ ရှိတယ်'

လေးထွာဝိုင်ခန့်ရှိသော ကျွန်းတိုင်လုံးမှာရှိသည့် သံငုတ်ပေါ်တွင် ချိတ်ဆွဲထားသော လွယ်အိတ်ကို လက်ညိုးထိုးပြလိုက်၏။

ကိုရင် ထန်းလျက်ကြိုက်သည်ကို ရှမ်းဆရာကြီးက



www.burmeseclassic.com

www.burmeseclassic.com

သိရှိ၏။

ကိုရင်ကလည်း-

'ချောင်းဖြူ ကြာပုံထန်းလျက်ဆို အကြိုက်ပဲ ဒကာကြီး'

ချောင်းဖြူထန်းလျက်သည် အချိုလေး၏။ သနပ်ခါးရည်ကြိုကဲ့သို့ဖွေး၏။ ဆွတ်ဆွတ်ဖြူတော့မဟုတ်၊ နူးညံ့ပျော့ပျောင်း၏။ လျှာပေါ်တင်၍ ဖိချလိုက်ရုံဖြင့် အိခနဲပျော်သွား၏။ ထို့ကြောင့် ကလေးများ ကြိုက်၏။

ကိုရင်သည် လွယ်အိတ်ရှိရာသို့သွားပြီး လွယ်အိတ်ထဲမှ ထန်းလျက်ထုပ်ကို လက်ဖြင့် နှိုက်လိုက်ပြီးနောက်တွင် 'အား..အား..အား..အား' ဟု ကျယ်လောင်စွာ အော်၍ ရှမ်းဆရာကြီးရှိရာသို့ ပြေးလာ၏။ ထန်းလျက်ထုပ်လည်း ကြမ်းပြင်ပေါ်သို့ကျပြီး တစ်ခဲစီ ပြန့်ကျဲသွား၏။

'ကျုပ်..ကျုပ်ကို..လွယ်အိတ်ထဲက မြွေ..မြွေ ကိုက်လိုက်တာဗျ'

လက်တစ်ဖက်မှလည်း ညာဘက်လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထား၏။ လက်ဖမိုးမှ အစွယ်ရာနှစ်ပေါက်က သွေးယိုလျက်။

'ဟုတ်ကော ဟုတ်ရဲ့လား ကိုရင်ရယ်'

ရှမ်းဆရာကြီးက မေးလိုက်၏။

ကိုရင်လည်း ပြင်းထန်စွာ ခံစားနေရသည့်ကြားက-

'မြွေကို ကျုပ်မြင်လိုက်ရတာဗျ။ ဒကာကြီး ကျုပ်..ကျုပ်ကို ကယ်ပါဦးဗျာ'

'ကိုရင်..သိပ်ပြီး မစိုးရိမ်ပါနဲ့၊ စိတ်အေးအေးထားပါ။ ဘာမှမဖြစ်ပါဘူး။ မကြောက်ပါနဲ့။ တပည့်တော်ဒီလောက်တော့ ကုနိုင်ကောင်းပါရဲ့ဘုရား'

ရှမ်းဆရာကြီးသည် ကပျာကသီထ၍ ဟင်္သာပြဒါးသုတ် ယွန်းအစ်ထဲမှ မြွေဆိပ်ဖြေဆေးတောင့်ကို ယူလိုက်ပြီး ဆေးကို တစ်ချိုးချိုးကာ ရေတစ်ခွက်နှင့် တိုက်လိုက်၏။ လက်ဖမိုးပေါ်မှ သွေးထွက်နေသော အစွယ်ရာပေါ်သို့ ပါးစပ်ထဲ နှမ်းဆီငုံ၍ စုပ်ကာ အဆိပ်ရှိသော သွေးများကို ထွေးထုတ်လိုက်၏။ ဤသို့ အကြိမ်များစွာ ပြုလုပ်ပြီး လက်ဖမိုးကို ဆေးလိမ်းပေး၏။

ကိုရင်က-

'ဒကာကြီး...ကျုပ်..ကျုပ်..မသေလောက်ပါဘူးနော်'

စိတ်အားငယ်စွာဖြင့် မေး၏။

'ကြံကြံဖန်ဖန် ကိုရင်ရယ်၊ အခု ခဏလေးအတွင်း သက်သာသွားအောင် တပည့်တော် စုတ်ပေါက်ပေးရလိမ့်မယ်။ သိပ်ပြီးမနာပါဘူး ကိုရင်'

ထို့နောက် တောင်ဆုပ်ခန့်ရှိသော ကြေးဝါး'စုတ်'ကို ယူ၍ ဆေးအုပ်သေးသေးကလေးထဲမှ ဆေးကိုယူပြီး ဦးခေါင်းမှစ၍ အဆိပ်ပြေ 'စမ'ပီယလာဘ 'စမ'များ ပေါက်ပေးလေ၏။

'အဆိပ်တက်ပုံ ကြည့်ရခြင်းအားဖြင့် ကိုရင်ကို ကိုက်တဲ့ မြွေက တောကြီးမြွေဟောက် ဖြစ်ဖို့များတယ်။ အဆိပ်ပြင်းတယ်။ အချိန်ကြာသွားမယ်ဆိုရင် သွေးကြောတွေ ပေါက်ထွက်ပြီး ခန္ဓာကိုယ်မှာ အနီရောင်အကွက်တွေ (သွေးခြည်ဥတွေ) ထွက်လာတတ်တယ်။ အဲဒီလိုမျိုးမှာဆိုရင် အသက်ဟာ လူနာဘက်မှာတစ်ဝက်၊ ဆရာဘက်မှာ တစ်ဝက်စီ ဖြစ်သွားရော၊ အကုရခက်ရော'

တကယ်တော့ ရှမ်းဆရာကြီးမှာ ကိုရင်ကို သတိမလစ်စေရန် ကြံဖန်ပြီး စကားပြောနေခြင်းသာ ဖြစ်၏။

'ဒကာကြီး..ကျုပ်မျက်စိတွေ ကြည့်မကောင်းတော့ဘူး'

မြွေဆိပ်ရှိန်လာပြီဖြစ်၍ ကိုရင်မျက်လုံးများ မှိန်ဝါးစပြုလျက်ရှိ၏။

ရှမ်းဆရာကြီးက-

'ကိုရင်..ကြည့်မကောင်းရင် မျက်စိမှိတ်ထားလိုက်'

ကိုရင် မျက်စိမှိတ်လိုက်သည်နှင့် သတိလစ်သွားပြီး ပက်လက်လန်ကျသွား၏။ အခြေအနေကို ကြည့်နေသော ရှမ်းဆရာကြီးက အလိုက်သင့် ပွေ့ယူလိုက်ပြီး သူ့အိပ်ရာပေါ်သို့ သိပ်ထားလိုက်၏။

ကိုရင်၏ ဦးနှောက်ထဲတွင်တော့ အမှောင်အတိဖုံးသွားသည်။

## (၈)

ဆင်ဖြူကျွန်းမြို့ ချောင်းကမ်းပါးမှ အနောက်ဘက်သို့ မျှော်ကြည့်လိုက်လျှင် မြူခိုးတွေဝေနေသော မှိုင်းပျပျ နတ်မတောင်တန်းကြီးကို နောက်ခံအဖြစ် တွေ့မြင်နေရ၏။ ချောင်းညာဘက် ရာဟုတောင့်ဆီမှ မိုးညို့သည်မှာ နှစ်ရက် သုံးရက်ခန့်ရှိပြီဖြစ်၍ ချောင်းရေမှာ တိုးလာသည်။ လက်ယက်တွင်းကလေးများကို နေပူသက်သာအောင် ဝါး

www.burmeseclassic.com



တိုင်ဖြင့် ခယိုခယိုင် ပြုလုပ်ထားသော ထန်းရွက်တဲငယ်လေးများသည် ပြိုလဲသွားကြ၏။ လက်ယက်တွင်းများမှာလည်း ရေစီးအားကြောင့် သဲဖို့သွားပြီး ရေပြင်လွှမ်းသွားသည်။ ဒိုက်သရောများသည်လည်း စီးမြောနေကြ၏။

ချောင်းမှာ တောင်ကျချောင်းဖြစ်၍ တစ်ဟုန်ထိုး ပြေးဆင်းလာသော ချောင်းရေကို ကျောင်းသားများနှင့် ကိုရင်များ တပျော်တပါးကြည့်နေကြသည်။ ခပ်လှမ်းလှမ်းမှ မျောပါလာသော ဒိုက်ပုံပေါ်တွင် မြွေတစ်ကောင် ပါးပျဉ်းထောင်လျက် ပါလာခဲ့၏။ ခဲတစ်ပစ်စာ အကွာအဝေးသို့ရောက်လျှင် ကိုရင်များနှင့် ကျောင်းသားများက ခဲဖြင့်ပစ်ပေါက်ကြ၏။ ခုနစ်ပေခန့်ရှည်ပြီး လက်မောင်းလုံးလောက်တုတ်သော မြွေကြီးသည် ခဲများကို ရှောင်တိမ်းရင်းမှ ဒေါသပိုထွက်လာပြီး ပါးပျဉ်းကို ရှေ့တိုးနောက်ဆုတ် ဘယ်ညာလှည့်ကြည့်၍ ရေစီးထဲသို့ ဆင်းသွားကာ သီလရှင်ဆိပ်အနီးရှိ ချုံပုတ်များအတွင်း ပျောက်ကွယ်သွား၏။ ချောင်းရေသည် တဝေါဝေါမြည်သံပေးလျက် အရှိန်အဟုန်ပြင်းစွာ စီးဆင်းနေဆဲ။

'ဝေး..ဝေးဟေးဟေး'

ကလေးများလည်း ပျော်ရွှင်သွားပြီး လက်ခုပ်လက်ဝါးတီးကာ ညာသံပေး အော်ဟစ်ကြ၏။ ကိုရင်များ၊ ကျောင်းသားများနောက်မှာ ကိုရင် ပညာသီရိ ရှိနေ၏။

ကျောင်းသားတစ်ယောက်က နောက်လှည့်ကြည့်လိုက်ပြီးနောက် 'မြွေကြီး..မြွေကြီး' ဟု ကြောက်လန့်တကြား ထွက်ပြေး၏။

ကျန်သော ကျောင်းသားများ၊ ကိုရင်များလည်း နောက်လှည့်ကြည့်ကြရာ ကိုရင်ပညာသီရိအား 'ကိုရင်.. ကိုရင် နောက်မှာ မြွေကြီး' ပြောပြော ပြေးပြေး ထွက်ပြေးကြ၏။

မြွေမှာ စောစောကမြွေ ဖြစ်၍ ဒေါသထွက်နေ၏။ ပါးပျဉ်းထောင်နေသည်မှာ နှစ်တောင်ခန့်မြင့်၏။ ရှူးရှူးနှင့်လည်း တွန်သံပေးနေ၏။ အရှည်မှာ ခုနစ်ပေခန့်ရှိပြီး ပါးပျဉ်းခွက်ထားသည်မှာ လက်ဖဝါး နှစ်ဖဝါးခန့်ရှိ၍ အလွန်ပင် ကြီးလှ၏။

ကိုရင် ပညာသီရိ မှင်တက်မိ၍ ကြောင်နေ၏။ နောက်မှ သတိရ၍ လှည့်ပြေးမည်ပြုလိုက်ရာ မြွေကြီးသည် လျှင်မြန်စွာ ပေါက်လိုက်ချလိုက်သည်။ ကိုရင် မလွတ်တော့ချေ။ ညာဘက်လက်ကို မြွေစွယ်နှင့် ငြိမိသွား၍ သွေးစို့လာ၏။ ထို့နောက် မြွေမှာ ချောင်းစပ်ရှိ ချုံပုတ်များထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

စောစောက မြင်နေရသော မြင်ကွင်းအားလုံးသည် ရုတ်တရက် အမှောင်ကျသွား၏။ မှောင်သည်မှ ပိန်းပိတ်ပိတ်မှောင် ဘာဆိုဘာမျှ မမြင်ရတော့။ ကောင်းကင်ကို မော့ကြည့်တော့လည်း ဘာမျှမမြင်ရ။

ကိုရင် ရှေ့ကိုတိုး၍ သွားနေသည်။ နောက်ဘက်ဆီမှ 'ကိုရင်..ပညာသီရိ' ဟိုးအဝေးတစ်နေရာဆီက အသံဖြစ်၏။

ကိုရင် ပညာသီရိ နောက်လှည့်ကြည့်လိုက်၏။ သို့သော် ဘာမှမမြင်ရ၊ မှောင်အတိ။ ထိုသို့ တကြော်ကြော်ခေါ်နေသော အသံကို ကြားဖူး၏။ ဒီအသံကို ယဉ်ပါး



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ဖူးသည်။ မဝေခွဲတတ်တော့ချေ။

'ကိုရင်...ပညာ...သီ...ရိ'

ယခုတစ်ခါ ခေါ်သံသည် ရှမ်းဆရာကြီး၏ အသံဖြစ်သည်ကို ကိုရင် ပညာသီရိ မှတ်မိနေ၏။ စောစောက မှောင်ပိန်းနေသော မြင်ကွင်းများသည် ဝါးတားတား မြင်လာရ၏။ မြင်ကွင်းက ကြည်လင်မှု မရှိသေး။

'ဟား..ဟား..ဟား..မြေပညာ မယူချင်လို့ ခုလို ခံစားနေရတာ။ ဟား..ဟား..ဟား'

'ဒကာကြီး..ကျုပ် ဒီပညာ ယူမယ်ဗျ။ ယူမယ်။ မရရအောင် ယူမယ်'ဟု ကိုရင် ပညာသီရိ အော်ဟစ်လိုက်၏။

'ဒီပညာ ကျုပ်ယူမယ်၊ ကျုပ်ယူမယ်'

'ဟား..ဟား..ဟား..ဟား...'

'ဟား..ဟား..ဟား..ဟား'

လှောင်ပြောင်ရယ်မောသံများ ကိုရင် ပညာသီရိ နားထဲ၌ ဆူညံနေ၏။

'ဒီပညာ ကျုပ်ကို သင်ပေးပါ ဒကာကြီး။ ကျုပ် ပညာယူမယ်၊ ယူမယ်..ယူမယ်'

မြင်ကွင်းများမှာလည်း ကြည်လင်လာ၏။ တဖြည်းဖြည်းနှင့် လှောင်ပြောင်ရယ်မောသံများမှာလည်း ဝေးသထက် ဝေး၍ဝေး၍ ပျောက်ကွယ်သွား၏။

(၉)

လေပွေတစ်ချက် တွေ့လိုက်သည်နှင့် သစ်ရွက်ခြောက်များ ဝဲကတော့ထိုး၍ ကောင်းကင်သို့ ပျံတက်သွားကြ၏။ ထိုနည်းတူ သီလရှင်ဇရပ်ပေါ်ရှိ အမှိုက်များကိုလည်း ဆွဲမြှုခေါ်ယူသွားကြ၏။ လေပွေသည် တဖြည်းဖြည်းနှင့် မြောက်ဘက်အရပ်ဆီသို့ ရွေ့လျားသွား၏။ လေပွေပျက်ပြယ်ပြီဟုဆိုလျှင် ကောင်းကင်ထက် ပျံတက်သွားသော သစ်ရွက်တို့သည် မြေပြင်သို့ ပြန်ကြစမြဲမှာ ဓမ္မတာပင်ဖြစ်၏။

ယခုလည်း ထိုနည်းနှင်နှင်။ သီလရှင် ဇရပ်ပေါ်ရှိ ကိုရင် ပညာသီရိ၏ ခန္ဓာကိုယ်ထဲမှ မြေဆိပ်များသည် တဖြည်းဖြည်း လျှောကျလာ၏။ ဦးခေါင်းယမ်းလာပြီး မျက်နှာမှာလည်း ချွေးသီးချွေးပေါက်ဖြင့် စိုရွှဲနေ၏။

နောက်ပြီး ပါးစပ်မှလည်း 'ဒီပညာ ကျုပ်ယူမယ်၊ ဒီပညာ ကျုပ်ယူမယ်'ဟူ၍ ကယောင်ကတမ်း ပြောနေသည်။

'ဟော..ကိုရင် သတိရလာပြီ'

ရှမ်းဆရာကြီးသည် တစ်ယောက်တည်း အသံထွက်သည်အထိ ရေရွတ်လိုက်မိ၏။ ကိုရင်သည် မျက်စိကို ဖွင့်ကြည့်သည်။ သို့သော် ကျိန်းစပ်နေပုံရ၏။ တော်တော်နှင့် မဖွင့်နိုင်။ မျက်နှာသုတ်စောင် ရေစွတ်၍ ညှစ်ပြီး ကိုရင့်မျက်နှာကို ရှမ်းဆရာကြီးကိုယ်တိုင် သုတ်ပေးနေ၏။

ကိုရင်သည် သူ့အားဘယ်ညာကို လှည့်ပတ်ကြည့်လိုက်ပြီး-

'ဒကာကြီး ချောင်းရေ မတိုးဘူးနော်'

'တင်ပါ့..မတိုးပါဘူးဘုရား'

'ဒါဖြင့် လက်ယက်ရေတွင်းလေးတွေ သဲမဖို့ဘူးပေါ့နော်။ နောက်ပြီး ထန်းရွက်တဲလေးတွေလည်း ပြိုမသွားဘူးပေါ့။ ကိုရင်တွေ ကျောင်းသားတွေကော ဟို..ဟို မြေကြီးကော'

ကိုရင်သည် မနားတမ်းဆက်တိုက်ပြောရင်း မေးလိုက်၏။

'နဂိုအတိုင်းပါပဲ။ လက်ယက်တွင်းလေးတွေ ထန်းရွက်တဲလေးတွေ၊ ဟိုမှာလေ ဒီအတိုင်းပဲ'ဟု ပြောလိုက်ရင်း လက်ညှိုးထိုး၍ ပြလိုက်သည်။

ဆက်လက်၍-

'ကျောင်းသားတွေ၊ ကိုရင်တွေက ကျောင်းထဲမှာ စာအံနေကြတယ်လေ။ ပြီးတော့ ဘာမြေမှလည်း ဒီနားမှာ မမြင်မိပါလား'

'ဩော်..ဒါဆို ကျုပ် အိပ်မက်,မက်နေတာပဲ'

'ကိုရင် ဘယ်လိုနေသေးသလဲ။ အတော်လေးသက်သာသွားပြီမို့လား'

ရှမ်းဆရာကြီးက မေးလိုက်၏။

'သက်သာသွားပါပြီ ဒကာကြီး။ သူတစ်ပါးအသက်ကို ကယ်လို့ရတဲ့ ဒီပညာကို ကျုပ်ကို သင်ပေးပါတော့ ဒကာကြီး'

'တင်ပါ့ဘုရား'

ရှမ်းဆရာကြီး မျက်နှာပြုံးရွှင် ဝင်းပသွား၏။

သူဆပ်ချင်သော ကျေးဇူးတရားကို ဆပ်ခွင့်ကြုံချေပြီ။ ဤနေ့မှစ၍ ကိုရင့်ကို မြွေနှင့်ပတ်သက်သော ပညာ

www.burmeseclassic.com

ရပ်များ၊ အတွေ့အကြုံများ၊ ဆေးဝါးများကို လိုလေသေး မရှိ သင်ကြားပေးလေတော့၏။

ရှမ်းဆရာကြီး၏ မျက်နှာမှာ အမြဲတမ်းလိုလို ပြုံးပန်း ရာထောင့်ပွင့်လျက်။ ရာဟုမှ လွတ်သော လမင်းနှယ်။

(၁၀)

ဆုတောင်းပြည့်ဘုရားကြီး၏ ဆည်းလည်းသံများသည် ချိုလွင်နေသည်။ ဆုတောင်းပြည့်ကျောင်း၊ သီလရှင်ဇရပ်နှင့် ရွှေရောင်တဝင်းဝင်းလက်နေသော ဆုတောင်းပြည့်ဘုရားကြီးသည် ချောင်းထဲ သဲသောင်ပြင်ပေါ်မှ ကြည့်လျှင် ကြည်နူးဖွယ်ရာအတိ။ ဆုတောင်းပြည့်ဘုရားကြီး၏ အနောက်ဘက်ကပ်လျက် စလင်းချောင်းသည် ဆင်ဖြူကျွန်းမြေ၏ ကောက်ကြောင်းတစ်မျှင် ဖြစ်၏။ ချောင်းထဲတွင် ကုန်းတန်းကမူ၊ ခင်တန်းနှင့် ကိုင်းတောကြီးလည်း ရှိ၏။ ဒီနောက်တော့ ထန်းတောက တစ်လွှာ၊ နတ်မတောင်ကြောက တစ်သွယ်၊ ထို့နောက်ဝယ်မှာတော့ အနောက် ရိုးမတောင်တန်း၊ တစ်လွှာချင်း ထပ်၍ ကပ်ထားသော ပန်းချီကား တစ်ချပ်သဖွယ်။ စိမ်းစိုမြမောင်း သစ်တောများလည်း ကောင်းလှ၏။

သီလရှင်ဇရပ်ပေါ်ရှိ ရှမ်းဆရာကြီးသည် ဆင်ဖြူကျွန်းမှ အပြီးအပိုင် ထွက်ခွာတော့မည်ဖြစ်၍ နောက်ဆုံးအနေဖြင့် ဆရာတော်အား ဖူးမြော်နှုတ်ဆက်ရင်း ကိုရင်ပညာသီရိကို တွေ့လို၍ ကျောင်းပေါ်သို့ တက်သွား၏။

ကျောင်းပေါ်တွင် ဆရာတော်သည် ရေနွေးကြမ်းသုံးဆောင် ဘုန်းပေးနေ၏။



ရှမ်းဆရာကြီးကို မြင်သောအခါ -

'လာ..ဒကာကြီး..ထိုင်'

'တင်ပါ့ဘုရား၊ တပည့်တော် ပြန်ရတော့မှာမို့ ကန်တော့နှုတ်ဆက်ရင်း ဝန်ချတောင်းပန်စရာ ရှိလို့ပါဘုရား'

'ကဲ..ဆိုစမ်းပါဦး ဒကာကြီး'

ရှမ်းဆရာကြီးသည် ဆရာတော်အား ဝတ်ပြုပြီးနောက် ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်၏။ ကိုရင်ပညာသီရိလည်း ဆရာတော်၏ ဘေး၌ ရှိနေသည်။

'ဆရာတော်ဘုရားကြီးနှင့် ကိုရင်ပညာသီရိတို့ဘုရား တပည့်တော် လွန်ခဲ့တဲ့ တစ်ပတ်ကျော်လောက်က ခုနစ်ရက်ခန့်က အမှားကြီးတစ်ခု ကျူးလွန်ခဲ့ပါတယ်ဘုရား။ အဲဒီအမှားက တပည့်တော် ကိုယ်ကျိုးအတွက် မဟုတ်တဲ့ ဒီနယ်တစ်ဝိုက်မှာရှိတဲ့ လူသားတွေရဲ့အကျိုး၊ ကိုရင့်ရဲ့အကျိုးကို ရည်မျှော်ပြီးတော့ တပည့်တော် ကိုရင်လေး ပညာသီရိအပေါ် အမှားတစ်ခု ကျူးလွန်လိုက်ပါတယ်ဘုရား'

ဆရာတော်ကြီးနှင့်တကွ ကိုရင်လေးများ၊ ကျောင်းသားများ အားလုံး စိတ်ဝင်စားစွာဖြင့် ရှမ်းဆရာကြီးကို စိုက်ကြည့်၍ နားထောင်နေကြသည်။

'ဆက်ပြီး ပြောစမ်းပါဦး ဒကာကြီး'

'တင်ပါ့ဘုရား။ တပည့်တော် ကျူးလွန်လိုက်တဲ့ အမှားဟာ တခြားမဟုတ်ပါဘူး။ ကိုရင်ကို ပညာပေးချင်လွန်းလို့၊ ကျေးဇူးဆပ်ချင်လွန်းလို့ ထန်းလျက်ဝယ် လွယ်အိတ်ထဲ မြွေဟောက်တစ်ကောင် ထည့်ထားလိုက်ပါတယ်။

ကိုရင်ရောက်လာတော့ ကိုရင် ထန်းလျက်စားချင်ရင် ဟောဟိုလွယ်အိတ်ထဲမှာ ရှိတယ်လို့ လက်ညှိုးထိုးလမ်းညွှန်လိုက်ပါတယ်။ ထန်းလျက်ကြိုက်တတ်တဲ့ ကိုရင်ကလည်း လွယ်အိတ်ထဲက ထန်းလျက်ကို နှိုက်လိုက်တဲ့အခါ မြွေက ကိုရင့်ကို ကိုက်လိုက်ပါတယ်။ အဲဒီ မြွေကိုက်တဲ့ အပြစ်သည် တပည့်တော်ပြုလုပ်လိုက်တဲ့ အပြစ်ပါဘုရား'

'ဟေ..'

ဆရာတော် အံ့သြသွား၏။

ရှမ်းဆရာကြီး ဆက်၍-



www.burmeseclassic.com

www.burmeseclassic.com

'အဲဒီအပြစ်ကို ဝန်ချတောင်းပန်ချင်လွန်းလို့ အရှင်ဘုရားနဲ့ ကိုရင်လေး မျက်နှာစုံညီရှိတုန်း တပည့်တော် အများအကျိုးအတွက် ရည်ရွယ်ပြီး ပြုလုပ်လိုက်တာမို့ အရှင်ဘုရားကိုယ်တိုင်ကလည်း တပည့်တော်ကို အပြစ်မှ ခွင့်လွှတ်ပေးပြီး ကိုရင်လေး ပညာသီရိကိုလည်း တပည့်တော် ကန်တော့ပြီး တောင်းပန်ပါတယ်ဘုရား၊ အပြစ်မှ ခွင့်လွှတ်ပေးပါဘုရား'

ရှမ်းဆရာကြီး တောင်းပန်ချက်ကို ဆရာတော်က လေးလေးနက်နက် စဉ်းစားပြီး ကိုရင်ဘက်သို့ လှည့်၍-

'ကဲ..ကိုရင်၊ သူ တောင်းပန်တာ ခွင့်လွှတ်ပေးလိုက်။ အများအကျိုး၊ ကိုရင့်အကျိုးအတွက် လုပ်လိုက်တာပဲ။ ဒါပေမဲ့လို့ အသက်နဲ့ရင်းပြီး လုပ်လိုက်တာဖြစ်တဲ့အတွက်..'

ဆရာတော်စကားမဆုံးမီ ရှမ်းဆရာကြီးက စကားဖြတ်၍-

'မှန်လှပါဘုရား၊ အသက်နဲ့ရင်းပြီး လုပ်လိုက်တာတော့ မှန်ပါတယ်ဘုရား။ အကယ်၍ ကိုရင် တစ်ခုခုဖြစ်သွားရင် တပည့်တော်လည်း မိမိကိုယ်မိမိ အဆုံးစီရင်ဖို့အထိ ရည်ရွယ်ပြီး လည်ပင်းမှာ အဆိပ်ဘူးလေး ဆွဲထားပါတယ်ဘုရား။ ဟောဒီ အဆိပ်ဘူးလေးပါဘုရား'

ရှမ်း ဆရာကြီးသည် လည်ပင်းမှ အဆိပ်ဘူးကိုင်၍ ပြလိုက်၏။

'သို့ပေမယ့် တပည့်တော် ပညာကို တပည့်တော် ယုံကြည်ပါတယ်ဘုရား။ တပည့်တော်ဟာ နှစ်ပေါင်းများစွာ ကုစားလာခဲ့တဲ့ မြွေလမ္ဘာယ်ဆရာ ဖြစ်တဲ့အတွက် အတိမ်းစောင်း မရှိနိုင်ဘူးဆိုတာကို တပည့်တော် သိပါတယ်ဘုရား'

'ဒါကြောင့်မို့လို့ ကိုရင် ပညာသီရိရဲ့ ခြေထောက်ကို တပည့်တော်နဖူးနဲ့ ဦးတိုက်ပြီး ကန်တော့ပါရစေပါဘုရား'

ရှမ်းဆရာကြီးသည် ရုတ်တရက် ကိုရင်ဘက်လှည့်သွားပြီး ကိုရင်၏ ခြေထောက်နှင့် နဖူးဦးတိုက်၍-

'ကိုရင်လေး၊ တပည့်တော်ကို အပြစ်မှ ခွင့်လွှတ်ပေးပါဘုရား၊ အပြစ်မှ ခွင့်လွှတ်ပေးပါဘုရား'

ကိုရင် ပညာသီရိကလည်း-

'ခွင့်လွှတ်ပါတယ် ဒကာကြီး။ ဒကာကြီး ခုလိုလုပ်လိုက်လို့လည်း ဒီပညာကို ကျုပ်ရသွားပြီး လူသားတွေရဲ့ အသက်ကယ်တင်ခွင့် ရသွားတာပါ။ အသက်ချင်းလောင်းကြေးထပ်ပြီး သင်ပေးတဲ့ ပညာမို့ ပိုပြီးကျေးဇူးတင်ရဦးမှာပါ ကျေကျေနပ်နပ်ကြီး ခွင့်လွှတ်ပါတယ်'

ဆရာတော်ကြီးကလည်း ခေါင်းတညိတ်ညိတ်နှင့် ရှိနေရင်းမှ-

'အင်..ဒီလိုပေါ့ ဒကာကြီးရယ်၊ ကိုယ့်အမှားကို ကိုယ် ဝန်ခံရင်ပဲ ပညာရှိလို့ ခေါ်ကြတာကိုး ဒကာကြီးရဲ့။ ဒကာကြီးက ဒီလို တောင်းပန်မှတော့ အားလုံးကို ခွင့်လွှတ်ပြီး ကျေနပ်ရတော့မှာပေါ့။ အဲ..ပါရမီတော်ခန်း ပျို့ထဲမှာ-

ရန်ထောင်အမျက် အခိုးထွက်လည်း
ညှိုလက်နက်ချ လျှော့ဘိကလျှင်
ရေစရောက်လေ မီးသို့သေ၏..တဲ့ ဒကာကြီးရဲ့။

အေး..အဲဒီလိုပေါ့ ဒကာကြီး။ လက်နက်ချလို့ အညံ့ခံရင်ပဲ ရန်ဟာ ပြေငြိမ်းပါတယ် ဒကာကြီး။

အင်း..ဆက်ပြီး ပြောရဦးမှာပေါ့။

မထီမဲ့မြင် မြူမှုန်တင်လည်း
ရေစင်သွန်းချိုး ခန္တီမိုးဖြင့်
မျက်ငြိုးငြိမ်းစေ သည်းသည်းခွေလျက်..တဲ့။

အဲ..ဒကာကြီးက အညံ့ခံပြီး တောင်းပန်တယ်နော်။ ကိုရင်ကလည်း ခန္တီမိုးရွာပေါ့။ ဒါပဲပေါ့ ဒကာကြီးရယ်'

ထို့နောက် တည်ငြိမ်အေးချမ်းသော ကရုဏာအသံဖြင့် ဆရာတော်က ဆုတောင်းပေးလိုက်၏။

'သွားလမ်း လာလမ်း ဖြောင့်ပါစေ ဒကာကြီးရယ်'

'တင်ပါ့ဘုရား'

'ဒကာကြီး'

'ဘုရား'

'ဒကာကြီး ဆင်ဖြူကျွန်းမြေ ချောင်းထဲရေကို သောက်မိတဲ့သူဟာ ဆင်ဖြူကျွန်းမြို့ကို ပြန်ရောက်တတ်ပါတယ်.ဒကာကြီးရဲ့'

'တင်ပါ့ဘုရား၊ တပည့်တော်ကလည်း ဆင်ဖြူကျွန်းဆိုတဲ့ စကားလုံးကို တပည့်တော်ရဲ့ နှလုံးသားထက်မှာ ကမ္ပည်းအက္ခရာလို ထားပါတယ်ဘုရား။ အခွင့်သာတဲ့ အချိန်မှာ တပည့်တော် ရောက်လာဦးမှာပါဘုရား'

'အေးကွယ်..သာဓု..သာဓု..သာဓု'

မောင်ဒဿန(ဆင်ဖြူကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

ဈေးကြီးသုတ်ပျာဖြင့် အိမ်ထဲသို့ဝင်လာသော ဒေါ်ခင်ဆင့်ကို တွေ့လိုက်ရသည့် ဦးတင်ဦးက 'ဟဲ့.. ခင်ဆင့်၊ ဘာဖြစ်လာပြန်ပလဲ' ဟု မေးလိုက်၏။

'ဘသော် ဘာဖြစ်လာတာလဲ မသိဘူး ဆရာ'

'သူ ပြန်လာလို့လား'

'ရဲဘော်ကာံမြင့် လိုက်ပို့လို့ အခုပဲ ရောက်လာတယ်'

'ဘာဖြစ်လာလို့လဲ'

'အိမ်ထဲဝင်တာနဲ့ ကျွန်မတို့ကို စိမ်းစိမ်းကားကား လိုက်ကြည့်ပြီး ရန်ထောင်နေတယ်။ မေးတော့လည်း မေးလို့မရဘူး. ဖြစ်နေတယ်'

'ဟုတ်လား'

'ပုံပျက် ပန်းပျက်နဲ့ တစ်အိမ်လုံးကို လျှောက်ကြည့်နေတာပဲ။ ဘာမှန်းကို မသိဘူး ဆရာ' ဟု ဒေါ်ခင်ဆင့် စကားကို နားထောင်ရာမှ ဦးတင်ဦးသည် တိုင်ကပ်နာရီလေးကို ကြည့်လိုက်၏။

'အင်း..(၁၀) နာရီပဲ ထိုးတော့မယ်'




www.burmeseclassic.com

www.burmeseclassic.com

'လာပါ ဆရာရယ်၊ လိုက်ကြည့်ပေးပါဦး'

'အေးပါ..အေးပါ၊ ရပါတယ်'ဟုဆို၍ ဦးတင်ဦးသည် ယူစရာရှိသည်များကို ထယူလိုက်ပြီး ခေါင်းဆင့်နှင့် လိုက်လာခဲ့၏။

ဦးတင်ဦး အိမ်ထဲသို့ ဝင်လာသည်ကို သိလိုက်သော ဘသော်သည် တစ်ဖက်သို့ မျက်နှာလွှဲ၍ ကျောခိုင်းပြလိုက်၏။

ဦးတင်ဦးသည် မှုပျက်နေသော ဘသော်၏ အမူအရာကို အတန်ငယ် အကဲခတ်ကြည့်ရာမှ 'အင်း..ဟုတ်ပြီ၊ ဟုတ်ပြီ'ဟုဆိုလျက် ဘုရားစင်ရှိရာသို့ သွားလိုက်၏။

ဘုရားစင်သို့ ရောက်သောအခါ ကပ်ထားသော သောက်တော်ရေခွက်ကို ဦးချ၍ အသင့်ယူလာခဲ့သည့် (၉)လုံးပုတီးလေးကို ဖန်ခွက်ထဲသို့ စိမ်လိုက်ပြီး ဘသော်ရှိရာသို့ ယူလာခဲ့၏။

ဘသော်သည် ဦးတင်ဦး ရောက်လာသည်ကို သိလိုက်သော်လည်း ပမာမခန့်ဖြင့် လှည့်မကြည့်ဘဲ ကျောခိုင်း၍ နေမြဲသာ နေနေ၏။

ဦးတင်ဦးသည် ဖန်ခွက်ကို မြှောက်ပြလိုက်ပြီး-

'ဆရာရှစ်သောင်း ဝိဇ္ဇာအပေါင်းတို့ စောင်မ,ပေးကြပါကုန်'

ဟု ရွတ်ဆိုတိုင်တည်၍-

'ဟေ့..ငါ့ဘက်ကိုကြည့်စမ်း'ဟု အမိန့်ပေးလိုက်၏။

ဘသော်သည် မကြားဟန်ဖြင့် မထီလေးစားပြုလျက်သာ ရှိနေ၏။

'အဲဒါ ငါ့အမိန့်မဟုတ်ဘူး။ ရွှေရင်ကျော်ရဲ့အမိန့်' ဟု တင်းမာသောလေသံဖြင့် ထပ်ပြောလိုက်သောကြောင့် ဘသော်သည် ကျောပေးထားရာမှ မလှည့်ချင် လှည့်ချင်ဖြင့် ဦးတင်ဦးနှင့် မျက်နှာချင်းဆိုင်လိုက်၏။

'မင်း ဘယ်သူလဲ'

ဘသော်သည် မျက်လုံးကို ထောင့်သို့ကပ်၍ ပြန်မပြောဘဲ စွေကြည့်နေ၏။

'အေး..ရတယ်။ မင်း မပြောဘူးလား'ဟုဆိုပြီး ဦးတင်ဦးသည် သောက်တော်ရေခွက်မှရေဖြင့် မျက်နှာကို တောက်ပေးလိုက်ရာ ရေစက်များ စဉ်သွားသည်နှင့် ဘသော်သည် တုန်ခါသွားပြီး စစ်သားများ သတိခွဲသော အနေအထားသို့ပြောင်း၍ မလှုပ်မယှက်ဖြင့် စိမ်းကားစွာ ကြည့်မြဲကြည့်နေ၏။

ဦးတင်ဦးသည် အပေါ်သို့ မော့ကြည့်လိုက်ပြီး ရေခွက်ကို မြှောက်ပြရာက 'သက်ဆိုင်ရာ ဗုဂ္ဂိုလ်များအနေဖြင့် သူ့ကို ဒဏ်ခတ်ပေးချိန်တန်ပါပြီ'ဟု အကူအညီ တောင်းခံလိုက်ရ၏။

ထိုအခါ ဘသော်၏ လက်နှစ်ဖက်သည် နောက်ကျောဘက်သို့ အလိုလို ရွေ့လျားသွားပြီး လက်ပြန်ကြိုး အချည်နှောင်ခံလိုက်ရသည့်အလား ရှိသွားတော့၏။

'ကောင်းကောင်းမေးရင် ကောင်းကောင်းဖြေမှပေါ့ကွာ။ သိချင်လို့ မေးနေရတာ'ဟု ချိုသာသောစကားဖြင့် ထပ်မေးသော်လည်း ဘသော်သည် အလေးမထားဘဲ သူ၏လက်များကို အားယူ၍ ရုန်းကန်နေ၏။

'ကဲ..ဒီလောက်တောင် ခေါင်းမာချင်နေတဲ့ကောင် မင်းနဖူးနဲ့ ကြမ်းပြင်ကို ဆောင့်လိုက်စမ်းကွာ။ အဲဒါ ရွှေရင်ကျော်အမိန့်'

ဦးတင်ဦး စကားဆုံးသည်နှင့် ဘသော်သည် သူ့နဖူးနှင့် ကြမ်းပြင် အကြိမ်ကြိမ်ဆောင့်နေသော အဖြစ်ကို တွေ့ကြရသော ရဲဘော်ကံမြင့်နှင့် အိမ်သူအိမ်သားများသည် တအံ့တသြရှိနေကြ၏။

'မနာချင်စမ်းပါနဲ့ကွာ၊ ဒုက္ခပေးမလို့ မဟုတ်ပါဘူး။ ကူညီချင်လို့ပါ။ ပြောလေကွာ'ဟု ဖျောင်းဖျပြီး သိမ်းသွင်းသောစကားကို ဆိုလိုက်သဖြင့် ဘသော်သည် တုန်တုန်ယင်ယင်ဖြင့် 'ဒုတပ်ကြပ် ဆန်းလွင်ပါ'ဟု ဖြေလေ၏။

ဦးတင်ဦးသည် ရဲဘော်ကံမြင့်ကို မျက်ရိပ်ပြသော အမေးဖြင့် လှမ်းကြည့်လိုက်ရာ-

'ကျွန်တော် သိတော့သိပါတယ်။ ဒါပေမဲ့ သိပ်မရင်းနှီးပါဘူး။ သူနဲ့ ဘသော်က ဆရာ,တပည့်ဖြစ်လို့ ပိုပြီး ခင်ကြပါတယ်'ဟု ရဲဘော်ကံမြင့်က ဖြေပြလိုက်ရ၏။

ဦးတင်ဦးသည် အတန်ငယ် စဉ်းစားကြည့်လိုက်ပြီးမှ 'နေဦးကွ၊ မင်းတို့ ရှေ့တန်းက ပြန်လာကြတာလား' ဟု မေးလိုက်၏။

'မဟုတ်ပါဘူး'

'ဘယ်က လာကြတာလဲ'

'ကျွန်တော်တို့ ပြန်ကြရတော့မှာမို့ အဲဒီညနေပဲ အေးရုံတက်နေတဲ့ သူ့ဆီကိုသွားပြီး နှုတ်ဆက်တာ ည(၇)နာရီကျော်မှ တွေ့ခွင့်ရတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဆိုစမ်းပါဦး'

'ရှေ့တန်းက ရထားတဲ့ ဒဏ်ရာနဲ့ ကျွန်တော်တို့ရှေ့မှာပဲ သူ ဆုံးသွားတာပါ။ ဘေးခုတင်မှာ တက်နေတဲ့ ရဲဘော်က သူဟာ အိမ်ပြန်ချင်တယ်၊ အိမ်ပြန်ချင်တယ်လို့ တဖွဖွ ညည်းနေတာပဲလို့ ပြောပြပါတယ်'

'အေး..ဟုတ်ပြီ၊ ငါ အမြေရသွားပြီပေါ့ ကံမြင့်ရာ။ အင်း'

'အပြန်ခရီးမှာ ဘသော်ဟာ အချိုးတစ်မျိုး ပြောင်းနေပြီး တမှိုင်မှိုင်နဲ့ မပြောနိုင် မဆိုနိုင်ဘဲ လိုက်ပါလာတာကို တွေ့ရလို့ စိတ်မချတာနဲ့ အိမ်အရောက် လိုက်ပို့ပေးခဲ့တာပါ'

ဦးတင်ဦးသည် ဘသော်ကို စေ့စေ့စပ်စပ်ထပ်ကြည့်ရာမှ-

'အင်း..လက်စသတ်တော့ မင်းဟာ ဆန်းလွင်ပဲကိုး' ဟု ဆို၍ ခေါင်းညိတ်နေလေ၏။

'ဒီအထိ လိုက်လာပြီး မင်း ဘာဖြစ်လို့ နောင့်ယှက်နေရတာလဲကွာ'

'ကျွန်တော့်မိန်းမနဲ့ တွေ့ချင်လို့'

'မင်းမိန်းမက ဘယ်သူလဲ'

'မခင်သန်းပါ'

'မင်း သူ့ကို မတွေ့ချင်စမ်းပါနဲ့တော့ကွာ။ မင်းတို့ဟာ ဘဝချင်း ခြားနေကြပါပြီ။ မင်း ဒီနေရာကပဲ ပြန်သွားပါတော့။ ငါပြောတာ နားထောင်ပါ စန်းလွင်'

'မှာစရာ ရှိနေလို့ပါ'

ထိုစကားကို ကြားလိုက်ရသော ဦးတင်ဦးသည် စဉ်းစားကြည့်လိုက်ပြီးနောက်-

'ကဲ..ကဲ..ဒါဆိုလည်း ပြောပေါ့ကွာ' ဟု ခွင့်ပြုလိုက်လေ၏။

'ကျွန်တော့်ရဲ့ ကလေးနှစ်ယောက်ကို နောင်ချိုမှာနေတဲ့ ကျွန်တော့်အဖေနဲ့ အမေဆီကို ပို့လိုက်ပါလို့ ပြောပေးပါ'

'ကောင်းပြီလေ။ မင်းပြောချင်တာ ဒါပဲလား။ ဘာပြောချင်သေးလဲ'

'မပြောတော့ပါဘူး'

'ငါ ကူညီပေးမယ်။ မင်း ဘာမှကြောင့်ကြမနေနဲ့ စန်းလွင်။ စိတ်ချလက်ချနဲ့ မင်းလိုရာခရီးကို သွားပါ။ အချုပ်အနှောင်ကနေ လွတ်ပေးမယ်။ ဘယ်သူ့ကိုမှ အနှောင့်အယှက် ထပ်မပေးပါနဲ့တော့။ အခု မင်း လွတ်ရာကျွတ်ရာကို သွားဖို့ အချိန်တန်ပြီ။ ကြားလား' ဟု ပြောလိုက်သော ထိုစကားကို နားထောင်၍ ခေါင်းညိတ်ပြရာမှ ဘသော်သည် တဖြည်းဖြည်း နောက်ဘက်သို့ လန်ကျသွားတော့၏။

'ကဲ..ခင်ဆင့်၊ နင်ရှင်းသွားပြီ မဟုတ်လား'

'ကျေးဇူးတင်ပါတယ် ဆရာ'

'ရပါတယ်။ ဘသော်သောက်ဖို့ ရေတစ်ခွက်သွားခပ်ပေးပါ' ဟုခိုင်းသဖြင့် ဒေါ်ခင်ဆင့် ရေသွားခပ်လိုက်ရ၏။

ဘသော်သည် မျက်လုံးပြန်ပွင့်လာပြီး ရဲဘော်ကံမြင့်နှင့် အိမ်သားအချို့တို့ကို တွေ့လိုက်ရသောကြောင့် ကြောင်စီစီဖြင့် နဝေတိမ်တောင်ဖြစ်နေ၏။

ဦးတင်ဦးသည် ဘသော်ကို အတန်ငယ်အကဲခတ်ရာမှ ရဲဘော်ကံမြင့်ဘက်သို့လှည့်၍-

'ဒီလိုကွ ကံမြင့်ရ။ ပရလောကမှာ ဒါမျိုးတွေနဲ့ ကြုံရတတ်ပါတယ်'

'ဟုတ်လား'

'ရန်ပြုချင်လို့ လိုက်လာသလို ချစ်လို့ခင်လို့ ပူးကပ်ပြီး ပါလာတာမျိုးလည်း ရှိတတ်တယ်။ တချို့က ကျွန်တော့်အကူအညီ လိုချင်လို့ပဲကွ။ ဘာပဲဖြစ်ဖြစ် အဲဒီသုံးမျိုးစလုံးဟာ အခွင့်သာတဲ့ အချိန်မှဲ့အခါမှဲ့မှာ အပကို အမှီသဟဲပြုပြီး လိုက်လာခဲ့ကြတာပဲ။ သစ်ပင်ကြီးတွေမှာ ကပ်ပါးပင်ဆိုတာ ရှိသလိုမျိုးပေါ့ကွာ'

'သြော်..သြော်'

'ရန်လုပ်ချင်လို့ လိုက်လာရင် နှိပ်ကွပ်ပြီး နှင်ထုတ်ရတယ်။ ချစ်လို့ ပါလာရင် လိမ်ပြောခွဲပေးရတယ်။ အေး..အကူအညီလိုလို့ လိုက်လာရင်တော့လည်း အကူအညီပေးရတာပဲ။ တို့လို ဆရာတွေအနေနဲ့က အကြမ်းနည်းရော အနုနည်းပါသုံးပြီး လုပ်ပေးကြရတယ်ကွ။ အရေးကြီးတာက အဆင်ပြေသွားဖို့ပဲ မဟုတ်လား ကံမြင့်'

'ဟုတ်ပါတယ်'

ဦးတင်ဦးသည် ဒေါ်ခင်ဆင့် ယူလာသော ရေကို ဘသော်အား တိုက်လိုက်ပြီး 'မင်း ငါ့ကို သိသလား' ဟု မေးလိုက်၏။

'ဆရာဦးတင်ဦးပါ'



www.burmeseclassic.com

www.burmeseclassic.com

'အေး‥ဟုတ်တယ်။ မင်း အခု အိမ်ပြန်ရောက်နေပြီ ဘသော်'

'ကျွန်တော် ဘာဖြစ်လာမှန်းမသိ ဖြစ်နေတယ်'

'မင်း ဘာဖြစ်လာတာလဲဆိုတာ ငါ နောက်တော့ ပြောပြပါ့မယ်ကွာ။ လောလောဆယ် ငါသိချင်တာလေး မေးပါရစေဦး'

'ရပါတယ် ဆရာ'

'ဒုတပ်ကြပ်ဆန်းလွင် ဆိုတာကို မင်းသိလား'

'ကျွန်တော့်ဆရာပါ'

'သူ့မိန်းမကိုရော သိလား'

'အစ်မ မခင်သန်းပါ'

ဦးတင်ဦးသည် ဘသော်ပြောသော စကားများကို နားထောင်ကြည့်လိုက်ပြီး-

'အေးကွ၊ သူပြောသွားတဲ့ စကားတွေက အမှန်တွေချည်းပါပဲကွာ'ဟု ပြောလိုက်သဖြင့် ဘသော် မရှင်းမရှင်း ရှိသွားရ၏။

'ဒီလိုကွ။ မင်းဆရာက ကပ်ပါးအဖြစ်နဲ့ လိုက်လာခဲ့တာ'

'ဗျာ'

'သူ့မိန်းမကို မှာစရာရှိလို့ဆိုပဲ'

'ဟောဗျ'

'နေဦးကွ၊ သူ့မိဘတွေ ဘယ်မှာနေသလဲ'

'နောင်ချိုမှာပါ'

'မခင်သန်းကရော'

'ရမည်းသင်းမှာ'

ဦးတင်ဦးသည် ခေါင်းညိတ်လိုက်ရာက-

'ဒါဆိုရင် မင်းဆရာအတွက် မင်းလုပ်ပေးလို့ ရသွားပြီကွဲ့'

'ပြောပါ ဆရာ'

'ငါ သူ့ကို ကတိပေးလိုက်ပြီ'

'ဘာလဲ ဆရာ'

'သူ့ရဲ့ ကလေးနှစ်ယောက်ကို နောင်ချိုမှာနေတဲ့ သူ့မိဘတွေဆီကို ပို့ပေးပါ့မယ်ဆိုတဲ့ အာမခံချက်ပဲ'

'ဟုတ်လား'

'မင်း ကူညီမှဖြစ်မှာ'

'ရပါတယ် ဆရာ'



'ငါဟာ အထက်ပုဂ္ဂိုလ်တွေဆီမှာ အုန်းပွဲ၊ ငှက်ပျောပွဲထိုးပြီး အဆင့်တက်လာခဲ့ရတာ။ ငါ ကတိပျက်ရင် ငါ ဆရာလုပ်လို့ မရတော့ဘူး။ မင်းသိအောင် ပြောတာပါ'

'သိပါတယ် ဆရာ'

'မင်းဆရာ သနားပါတယ် ဘသော်ရာ။ သူ့ဆန္ဒကို ဖြည့်ပေးရာကျသလို ငါ့ကိုလည်း ကူညီရာ ရောက်ပါတယ်'

'ဟုတ်ကဲ့ပါ'

'အဲဒီတော့ သူမှာသွားတဲ့ကိစ္စကို မင်း တာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးပါ။ ရဲဘော်ကံမြင့် သက်သေရှိတယ်'

'စိတ်ချပါ ဆရာ'

'ကဲ‥မင်း ဘာဖြစ်လာတယ်ဆိုတာ မင်းသဘောပေါက်သွားပြီလား ဘသော်'

'ပေါက်ပါပြီ'

'မင်းဆရာ ကောင်းရာသုဂတိလားပါစေ'

ရဲဘော်ကံမြင့်သည် ဦးတင်ဦး၏ ပြောပုံဆိုပုံနှင့် လုပ်ရည်ကိုင်ရည်တို့ကိုကြည့်လျက် ရပ်ကွက်ထဲ၌ ပြောဆိုနေကြသော ရွှေရင်ကျော်ဆရာတစ်ဦးနှင့် ကြုံလိုက်ရသကဲ့သို့ ရှိနေလေ၏။

ဂန္ဓီရ လှမော်



www.burmeseclassic.com

www.burmeseclassic.com

သက်သာပန်းတောင်း ဘွဲ့အမည်ဖြင့် ထင်ရှားကျော်ကြားသော ကျုံ့စုရွာ ရွှေရင်အေးစေတီတော်မြတ်ကြီးအနီးတွင် ရွှေရင်အေးကျောင်းတိုက်ကြီးကား အင်းစိန်ကမ်းနားမှ လှမ်းမျှော်ကြည့်လျှင် ရွှေရောင်တဝင်းဝင်းနှင့် ရှေးအတိတေကာလက စူဠဟိန္ဒက၊ မဟာဟိန္ဒက ဘီလူးညီနောင်၏ ကောင်းမှုတော်အဖြစ် သမိုင်းတွင်ရစ်စေမည့် ရွှေရင်အေးစေတီတော်မြတ်ကြီးအား ဖူးမြော်ရင်း ကုန်လွန်ခဲ့သောနှစ်ပေါင်း(၆၀)ကျော်ကာလသို့ စိတ်အစဉ်က ရောက်ရှိ၍သွားလေတော့သည်။

◆◆◆

'ဒေါင်..ဒေါင်..ဒေါင်'

'တုတ်..တုတ်..တုတ်'

ရွှေရင်အေးကျောင်းတိုက်ကြီး၏ ဆွမ်းစားကျောင်းမှ ကျောက်စည်(ကြေးနောင်)နှင့် ဆွမ်းစား အုန်းမောင်းခေါက်သံကား မကြာမီ သံဃာတော်များ ဆွမ်းဘုဉ်းပေးတော့မည်ဖြစ်ကြောင်း ကြားသိလိုက်ရပေတော့သည်။

ဆရာတော်ကြီး ဦးအာစိဏ္ဏကား သက်တော်(၆၀)ကျော်အတွင်း ဝင်ရောက်ခဲ့သည့်အားလျော်စွာ ပရိယတ္တိစာပေများပို့ချလျက် စာသင်သား တပည့်(၅)ပါးခန့်နှင့်



# သေနတ်ပြိုးသောအာင်း



www.burmeseclassic.com

www.burmeseclassic.com

သာမဏေ(၁၀)ပါးရှိလေသည်။ ဆွမ်းခံကျောင်းသားများအဖြစ် မောင်စံလှိုင်၊ မောင်မြထွေးတို့ကား ဆရာတော်၏ တပည့်ရင်းချာများ ဖြစ်သကဲ့သို့ ကျုံ့စုရွာသားများလည်း ဖြစ်လေသည်။

ပရိယတ်အလုပ်နှင့် ပဋိပတ်အလုပ်များ အားထုတ်သော်လည်း ဆရာတော်ကြီးတွင် ထူးခြားသော ဝါသနာတစ်ခုလည်း လူသိနည်းစွာ ရှိသေးသည်။ ထိုဝါသနာကား လောကီဂန္ဓာရီပညာ၊ အင်းအတတ်ပညာအား လေ့လာလိုက်စားခြင်းပင် ဖြစ်လေသည်။ ထိုသို့ အင်းပညာလေ့လာလိုက်စားခြင်းကိုကား ကျောင်းသားများလည်းမသိ၊ ရဟန်းသာမဏေများလည်းမသိ။ ရွာတွင်းမှ ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမများပင် မသိရပါပေ။ ဆွမ်းစားကျောင်းနှင့် သိမ်ကျောင်းကြားတွင် ကြီးမားသော အကိုင်းအခက် ဝေဆာအုံ့ဆိုင်းနေသော မန်ကျည်းပင်ကြီးလည်း ရှိလေသည်။ ထိုမန်ကျည်းပင်ကြီးတွင် အထူးသဖြင့် မိုးတွင်းလေးလခန့်တွင် ဖျိုင်းငှက်များ နားကြခိုကြ၊ ညအိပ်ကြ၊ အကောင်ပေါက်များအား အစာခွံ့ကျွေးကြနှင့် နေဝင်ချိန်တွင် ငှက်သံများ ဆူညံလျက်ရှိလေတော့သည်။

ရွာတွင်းမှလည်းကောင်း၊ အခြားရွာမှလည်းကောင်း ဆရာတော်အလစ်တွင် ဖျိုင်းငှက်များအား လေးခွဖြင့် ဖမ်းယူစားသောက်တတ်ခြင်း၊ သောင်းကျန်းသူ (ကရင်သူပုန်ကွန်မြူနစ်)များ ဖြတ်သွားဖြတ်လာကြုံလျှင် ထိုဖွေးဖွေးလှုပ်မျှ ပေါများလှသော ဖျိုင်းငှက်များအား သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးသွားလေတော့သည်။ ရမှန်းသိသောအခါ ညဘက်သာမက ရံခါ ညနေစောင်းလျှင် သေနတ်တစ်လက်ဖြင့် ဖျိုင်းများကို လာရောက်ပစ်ခတ်လေတော့သည်။

တစ်နေ့သောအခါ ဆရာတော်ကြီး ဆွမ်းစားပြီးချိန် သာမဏေတစ်ပါးအား ခေါ်လျက်–

'ဟဲ့··ကိုရင်ဝိစာရ'

'မှန်ပါ အရှင်ဘုရား'

'မြထွေးတို့၊ စံလှိုင်တို့ အလုပ်ပြီးရင် ငါ့ဆီ လွှတ်လိုက်စမ်းဟဲ့၊ ကြားလား'

'မှန်ပါ၊ ကြားပါတယ်ဘုရား'

ဆွမ်းစားပြီးနောက် ဆေးကြောသိမ်းဆည်းပြီး မောင်စံလှိုင်၊ မောင်မြထွေးတို့ နှစ်ဦး ဆရာတော်ကြီးအနီးသို့ ရောက်ရှိသွားကြလေတော့သည်။

'စံလှိုင်'

'အရှင်ဘုရား'

'မန်ကျည်းပင်ပေါ်က ဖျိုင်းတွေ ဘယ်သူတွေ လာပစ်ကြသလဲကွ။ တော်တော်သေကုန်ပြီလား။ သတ္တဝါတွေ အေးချမ်းစွာ နေနေတာ တယ်ဖျက်ဆီးကြတာပဲကွယ်'

'မှန်ပါ။ ဘယ်ကလူတွေမှန်းတော့ မသိပါဘူး။ သေနတ်တွေနဲ့ပါဘုရား'

'အင်း··တယ်မိုက်တဲ့ ကောင်တွေပဲ။ သတ္တဝါတွေ အေးချမ်းစွာနေတဲ့ဟာ သတ်ဖြတ်စားချင်ကြတယ်။ အေး··နောက်ပစ်ရဦးမလား ကြည့်ကြသေးတာပေါ့။ ကဲ··မင်းတို့သွားတော့။ မြထွေးက ရွာထဲက လက်သမားဆရာ မောင်ခင်ကို သွားခေါ်ခဲ့စမ်း။ ဆရာတော် ခေါ်နေတယ်။ အခု လိုက်လာခဲ့ပါလို့ပြော၊ ကြားလား မြထွေး'

'မှန်ပါ၊ ကြားပါတယ် အရှင်ဘုရား'

ကျောင်းသား မောင်မြထွေးကား လက်သမားဆရာ ဦးမောင်ခင်အား ဆရာတော် အဘယ်ကြောင့် အခေါ်ခိုင်းသည်ကို မသိရပါပေ။

ထိုနေ့လွန်မြောက်၍ နှစ်ရက်ခန့်ကြာသောအခါ မောင်မြထွေး ရေကန်မှ ရေခပ်၍ ရေပုံးအား ဆွမ်းစားကျောင်းသို့ ဆွဲလာစဉ် မန်ကျည်းပင်အောက်၌ လူနှစ်ယောက် ရောက်နေပေပြီ။ အချိန်ကား နေဝင်ရီတရောအချိန်။ မန်ကျည်းပင်ပေါ်၌ကား ဖျိုင်းငှက်များ ရှာ၍ရလာသော အစာများအား ဖျိုင်းငယ်များအား ခွံ့ကျွေးလျက် အော်သံမြည်သံ၊ တောင်ပံခတ်သံ၊ အိပ်တန်းလုကြဟန်ကား အပင်အောက်တွင် မိမိတို့ အသက်ဇီဝိန်ကိုခြွေမည့် သေနတ်သမား နှစ်ယောက်ကိုပင် ဂရုမပြုမိနိုင်ကြပေ။ အော်သံနှင့် ညံလျက်။

'ဖောင်း'

သေနတ်သံတစ်ချက် ခပ်အုပ်အုပ် ထွက်ပေါ်လာသည်။ မောင်မြထွေး လက်ထဲမှ ရေပုံးအားချ၍ ကျောင်းအဝင်မှ ရပ်၍ ကြည့်နေလိုက်မိလေသည်။

'ချောက်··ချောက်··ချောက်'

ပထမတစ်ချက် ဖျိုင်းအား မှန်ပုံမရသောကြောင့် နောက်တစ်ချက်ပစ်ရာ ကျည်ဆန်မထွက်တော့ဘဲ ဂျမ်းဖြစ်၍ ချောက်ဟူသော အသံကိုသာ ကြားရလေသည်။ ထို့နောက် အကြိမ်ကြိမ် ပစ်ခတ်သော်လည်း သေနတ်သံ



www.burmeseclassic.com

www.burmeseclassic.com

ထွက်မလာတော့ဘဲ ခဏအကြာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍လည်းကောင်း၊ စကားငြင်းခုံ၍လည်းကောင်း ထွက်ခွာသွားကြလေသည်။

'မြထွေး..ဘာလဲဟေ့။ ဘာလျှောက်စရာရှိသလဲ'

'ဟိုမန်ကျည်းပင်အောက်က လူနှစ်ယောက် ဗျိုင်းတွေကို သေနတ်နဲ့ လာပစ်တယ်ဘုရား။ အဲဒါ..အဲဒါ'

'အေး..ငါသိတယ် မြထွေးရယ်၊ သူတို့ပစ်တာ မှန်လည်း မမှန်ဘူး။ ပြီးတော့ သေနတ်က ကျည်ဆန်မထွက်တော့ဘူး မဟုတ်လား'

'မှန်ပါ၊ မှန်ပါဘုရား။ ချောက်ခနဲ,ချောက်ခနဲ အသံပဲ ကြားရတော့တယ်ဘုရား'

'အေး..ဟုတ်ပြီ၊ ဗျိုင်းတွေ အန္တရာယ်ကင်းသွားပါပြီကွာ။ အင်း'

'အေး..မန်ကျည်းပင်ပေါ် မတက်အောင် သံဆူးကြိုးနဲ့ သွပ်ပြားစုတ်တွေ ကပ်ရိုက်ထားတာရော တွေ့လား'

'မှန်ပါ အရှင်ဘုရား၊ တွေ့ပါတယ်ဘုရား'

'ကဲ..ဟုတ်ပြီ၊ ဒါဆို သွားတော့။ စိတ်ပူစရာ မရှိတော့ပါဘူးကွာ။ ဟင်း..ဗျိုင်းတွေ ဘယ်သူမှလာပြီး ပစ်လို့ မရတော့ပါဘူးကွာ'

မောင်မြထွေး ဆရာတော်ကြီးအမိန့်ရှိသော စကားအား အလုံးစုံခြုံငုံ၍ နားမလည်သော်လည်း သေနတ်သမားများ ကျည်မထွက်တော့ဘဲ ဂျမ်းဖြစ်၍သွားသည်ကို မျက်မြင်ဖြစ်သောကြောင့်လည်းကောင်း၊ ဆရာတော်ကြီး၏ နောက်ဆုံးစကားရပ်ကြောင့်လည်းကောင်း ဗျိုင်းများ အန္တရာယ်ကင်းအောင် ဆရာတော်ကြီး တစ်ခုခု လုပ်လိုက်သည်ကတော့ သေချာသည်။ ဘာလုပ်လိုက်သည် ဆိုသည်ကိုတော့ မသိရပါပေ။

ထို့ကြောင့် တစ်နေ့ ဆွမ်းဟင်းခွက် ပန်းကန်များ ဆေးကြောရင်းက-

'ဟေ့ကောင် စံလှိုင်'

'ဘာလဲဟ မြထွေးရဲ့'

'ဟိုနေ့က လူနှစ်ယောက် သေနတ်နဲ့ ဗျိုင်းတွေ လာပစ်တာ ကျည်ဆန်မထွက်ဘဲ ချောက်ခနဲ ချောက်ခနဲ အသံပဲ ကြားရတယ်။ ငါ သေချာကြည့်နေတာကွ'

'ဟုတ်ပါ့မလားကွာ မင်းကလည်း၊ သေနတ်အစုတ် ယူလာလို့နေမှာကွ။ မင်းကလည်း'

'ငါပြောမယ်။ ဆရာတော်ကြီးက ငါ့ကိုမေးတယ်။ ဗျိုင်းပစ်တဲ့ကောင်တွေ လာသေးလားတဲ့။ ကျည်မထွက်တော့ဘူး မဟုတ်လား။ ကောင်းတယ်၊ ဗျိုင်းတွေအန္တရာယ်ကင်းသွားပြီတဲ့ကွ'

'အင်း..ပြောစကား နားထောင်ရတာ အဖြေတစ်ခုတော့ ရှိနေပြီပဲ။ ဆရာတော်ကြီးများ မန်ကျည်းပင်မှာ တစ်ခုခုလုပ်ထားသလား မသိဘူး။ ပရိတ်ရေတွေဘာတွေ ပက်တာတို့ ဘာတို့ပေါ့ကွာနော်'

'လက်သမား ဦးမောင်ခင် ခေါ်ပေးခိုင်းပြီး မန်ကျည်းပင်ပေါ်တက် တစ်ခုခုလုပ်တယ် ထင်တယ်ကွ။ သံဆူးကြိုးနဲ့ သွပ်ပြားစုတ်တွေ ကာထား ရိုက်ထားတာ တွေ့လား'

'အေး..ထူးဆန်းတာတော့ အမှန်ပဲကွ။ သေနတ်သမားတွေလည်း လာတာမတွေ့တော့ဘူးနော် ဟေ့ကောင်'

'အေး..ဟုတ်ပါ့၊ မလာတာ ကြာပြီကွ'

◆ ◆ ◆

ဆရာတော်ကြီး ဦးအာစိဏ္ဏ၊ ဦးရေဝတ၊ ဆရာတော် ဦးကောဝိဒ အစဉ်အတိုင်း သာသနာပြုကြလေသည်။ ဆရာတော် ဦးကောဝိဒနောက် ဆရာတော် ဦးနန္ဒ ကျောင်းထိုင်သည်။ ဆရာတော် ဦးနန္ဒကား (၂၀၁၃)ခုနှစ် ပျံလွန်တော်မူသောအခါ ဆရာတော်ဦးဝိလာသ(B.A၊ ဓမ္မာစရိယ)က ဆက်လက်ကျောင်းထိုင်လေသည်။ (ဤကား စကားချပ်။)

ဤသို့နှင့် ဆောင်းအကုန် နွေအကူးကာလတွင်ကား ထိုမန်ကျည်းပင်ကြီးမှ အသီးများ အလွန်လည်း သီးလေသည်။ မန်ကျည်းသီးကား လွန်စွာလည်း ချိုသကဲ့သို့ရှိသဖြင့် အချဉ်ဓာတ်မရှိသလောက် နည်းလေသည်။ စား၍ အလွန်ကောင်းလှ၏။ ထိုအချိန် ရောက်လျှင်တော့ ကျောင်းသားများ ဆရာတော်အလစ် တက်၍ ခူးစားကြသော အလေ့အထရှိကြ၏။

မောင်စံလှိုင်ကား မန်ကျည်းပင်ပေါ်တက်၍ မန်ကျည်းသီးများ ခူးလေရာ မန်ကျည်းကိုင်းခွဆုံ နှစ်ခုကြားတွင် ပြောင်လက်၍ ရွှေရောင်တောက်နေသော အရာဝတ္ထုတစ်ခုအား တွေ့လေရာ သေသေချာချာ ကြည့်မိလေသည်။

ကြေးပြားဟု ထင်ရသော အပြားတစ်ခု (၂)ကော်မ



www.burmeseclassic.com

www.burmeseclassic.com

ပတ်လည်ခန့်တွင် လေးထောင့်ကွက်များ သေးသေးမျှင်မျှင် ဂဏန်းလည်းတွေ့ရပြီး သံမှိုနှင့်ပတ်လည်ရိုက်၍ ညှပ်ထားပြီး ကုပ်ထားလေသည်။ လက်နှင့် ဒီအတိုင်း ဖြုတ်၍မရနိုင်ပေ။ မောင်စံလှိုင် အောက်ပြန်ဆင်း၍ မန်ကျည်းသီးများအား သိမ်းပြီးလျှင် မည်သူ့ကိုမျှမပြောတော့ဘဲ ပလာယာနှင့် သံနုတ်တစ်ချောင်းအား ခါးထိုးပြီးလျှင် မန်ကျည်းပင်ပေါ်သို့ ပြန်တက်ပြီး ထိုအင်းကွက်သဏ္ဍာန် ကြေးပြားကလေးအား အခြေမပျက် ဖြုတ်ယူလာခဲ့ပြီးနောက် သိမ်းထားလိုက်လေတော့သည်။ ထိုအင်းပြားကလေး၏ အစွမ်းသတ္တိအား သိရှိ၍တော့ မဟုတ်ပါပေ။ သဘောကျသလိုလိုရှိ၍ ဖြုတ်ယူလာခြင်းပင် ဖြစ်လေသည်။ မောင်မြထွေးကိုတော့ အသိပေးခြင်း မရှိပါပေ။

မောင်စံလှိုင်သည်ကား အဆိုပါပစ္စည်းလေးအား မည်သည့်နေရာတွင် ထားရမှန်းမသိ၊ ဘယ်နေရာမှာထားထား လုံခြုံသည်ဟု မထင်ပါပေ။ နောက်ဆုံး အကြံရသည်နှင့် ၄င်း၏ အမြဲတန်ဖိုးထားသော သျှောင်ထုံးအတွင်းတွင် ထည့်သိမ်းထားလျှင် ကောင်းမည်ဟု အကြံရသောကြောင့် ထိုအင်း(ကြေးပြား)ကလေးအား လိပ်၍ အပ်ချည်ဖြင့် သေချာစွာပတ်ချည်ပြီးနောက် ၄င်း၏ သျှောင်ထုံးထဲတွင် မသိစိတ်၏ တိုက်တွန်းချက်ကြောင့်လည်းကောင်း အမြဲသိမ်းထားလေတော့သည်။

ထိုနေ့မှစ၍ မောင်စံလှိုင်ကား ကြီးမားသော ဘဝအပြောင်းအလဲကြီးတစ်ခု စတင်လိုက်ပြီဖြစ်ကြောင်း သူကိုယ်တိုင်ပင် မသိရှာပါပေ။

တစ်စ,တစ်စ နွေ၊ မိုး၊ ဆောင်း ရာသီများ ပြောင်းလဲလျက် အချိန်ယန္တရားကြီးလည်း လည်ပတ်လျက်ရှိရာ မောင်စံလှိုင်သည်လည်း ဆရာတော်ကြီး ဦးအာစိဏ္ဏ ပျံလွန်တော်မူပြီးနောက် ကျောင်းထွက်လိုက်လေတော့သည်။ ကျုံ့စုရွာမှ မောင်မြထွေးလည်း လယ်ကိစ္စအလုပ်များသဖြင့် ၄င်း၏ဖခင်က ကျောင်းထုတ်သွားပြီး လယ်တောသို့ ဆင်းရလေတော့သည်။ ထိုအချိန်၌ မောင်စံလှိုင်၊ မောင်မြထွေးတို့ကား အသက်(၁၈)နှစ်ကျော်ခန့်သို့ ရောက်ရှိလာကြတော့သည်။

◆◆◆

'မြထွေး'

'ဟာ..စံလှိုင် သူငယ်ချင်း၊ မင်း ဘယ်လဲ။ ငါ့ဆီလာတာလားဟ'

မောင်စံလှိုင်တစ်ယောက် လွယ်အိတ်တစ်လုံးနှင့် မောင်မြထွေးရှိရာ ကျုံ့စုရွာ၏အရှေ့ဘက် လယ်တဲသို့ ရောက်ရှိလာလေသည်။

'အေး..ဒါ ခရီးသွားမလို့ကွ။ အလုပ်လည်း ရှာရင်းပေါ့။ အဲဒါ မင်းကို လာပြီး နှုတ်ဆက်တာကွ သူငယ်ချင်းရ'

'ဟကောင်ရ၊ မင်း ဘယ်ကိုသွားမလို့လဲဟ'

'ပုသိမ်ဘက်၊ သာပေါင်းဘက် ရောက်မယ် ထင်တယ်'

'ဟ..ဟော့ကောင် စံလှိုင်၊ အဲဒီဘက်မှ ဟိုသောင်းကျန်းသူတွေ ဒုက္ခပေးနေတာ၊ ဓားပြကလည်း ပူသေး။ မင်းက သွားဦးမယ်။ မေးလို့စမ်းလို့ စိတ်ထဲမတွေ့ရင် တစ်ခါတည်း ပစ်သတ်လိုက်တာတဲ့။ မင်းကလည်း အဲဒီနေရာ သွားဦးမယ်'

'အေးကွာ၊ ငါ့ကိစ္စကလည်း အရေးကြီးနေတော့ လမ်းခရီးကိစ္စ ကြောက်နေလို့ မရတော့ဘူးကွ။ သေခါမှ သေရော မတတ်နိုင်ဘူး။ မသေတော့လည်း တို့တွေ့ကြသေးတာပေါ့'

'အေးပေါ့ကွာ၊ ဒါဆိုလည်း သွားပေါ့ကွာ။ သတိနဲ့လည်း သွားပေါ့ကွာ'

'ကဲ..သူငယ်ချင်း၊ ငါသွားတော့မယ်'

'အေးပါကွာ၊ အေး..အေး..အေး'

မောင်စံလှိုင်တစ်ယောက် မြထွေးအား နှုတ်ဆက်ပြီးနောက် ညောင်တုန်းကားလမ်းမပေါ်သို့တက်ပြီးလျှင် ကားစောင့်ရလေသည်။ ညောင်တုန်းကား လာသောအခါ စီး၍ ညောင်တုန်းရောက်ပြီးလျှင်ကား တစ်ဖက်ကမ်းသို့ ကူးတို့ဖြင့် ကူးရသေးသည်။ ထို့နောက် ညောင်တုန်းတစ်ဖက်ကမ်း စက်ဆော့ကားဂိတ်တွင် ပုသိမ်သို့သွားမည့် ကားအား စုံစမ်းရှာဖွေရသည်။ မကြာမီ ရှားရှားပါးပါး ကားတစ်စီး (ဟိုင်းလတ်) ကုန်ပစ္စည်းများနှင့် လူအနည်းငယ်သာပါသော ကားတစ်စီးထွက်ရန် အသင့်ဖြစ်ကြောင်း သိရသဖြင့် ထိုကားအားစီး၍ လိုက်ခဲ့လေရာ မကြာမီ မိုးချုပ်၍ သွားလေတော့သည်။

လမ်းကား တဖြည်းဖြည်း ကျဉ်းလည်း ကျဉ်း၏။ ကြမ်းလည်း ကြမ်း၏။ မှောင်လည်း မှောင်သည်။ တမင်း



www.burmeseclassic.com

www.burmeseclassic.com

ကလည်း ဆာလာလေသည်။ မောင်စံလှိုင်ကား သည်းခံလေတော့သည်။ ကားပေါ်တွင် အခြားခရီးသည်များနှင့်အတူ မောင်စံလှိုင်နှင့် ရှယ်တူလူငယ် သုံးယောက်လည်း လွယ်အိတ်ကိုယ်စီဖြင့် ကားစီးကြလျက် အတူပါလာကြလေသည်။ လမ်းကြမ်း၍ ဖြည်းဖြည်းမောင်းရလေသည်။

ကားမီးက ခပ်မှိန်မှိန် တောလမ်းခရီးအတိုင်း ကားကို မီးထိုး၍ မောင်းလာရာ လမ်းတစ်နေရာ ကွေ့တစ်ခုသို့ ရောက်သောအခါ-

'ဒိုင်း'

'ဟိုက်..ဘာလဲ။ အား..ဓားပြတွေထင်တယ်။ ဒုက္ခပဲဟေ့'

ရှေ့တွင် သေနတ်သံပေး၍ လူငါးယောက် မျက်နှာဖုံးစွပ်များနှင့် လမ်းလယ်တွင် တန်းစီမတ်တတ်ရပ်နေခြင်းကို တွေ့လိုက်ရလေသည်။ သေနတ်ကိုယ်စီနှင့် ကားအားရပ်ပေးရန် တားလိုက်လေတော့သည်။ မတတ်သာသောအခြေအနေကြောင့် ကားသမားကား ရပ်ပေးလိုက်ရလေတော့သည်။

'ကဲ..ကားပေါ်ကလူတွေ ကိုယ့်အထုပ် ကိုယ်ဆိုက်ပြီး အောက်ကိုဆင်းခဲ့ပါ။ မြန်မြန်လေး၊ ဟောဒီမယ်လာပြီး တန်းစီပါ။ ပြောစကား နားမထောင်ရင် သေမယ်သာမှတ်'

ကားပေါ်မှ ကုန်သည်ဟု ထင်ရသော လူကြီးသုံးယောက်၊ အမျိုးသမီးကြီးနှစ်ယောက်တို့ထံမှ ငွေနှင့် လက်ဝတ်ရတနာများအားယူ၍လည်းကောင်း၊ မောင်စံလှိုင်အပါအဝင် လူရွယ်သုံးယောက်ထံမှ လွယ်အိတ်များကိုသော်လည်းကောင်း ရှာလေသည်။ မည်သည့်အထုပ်မှန်း မသိရသော ကားပေါ်မှ အထုပ်များကို အောက်သို့ချစေ၏။ မောင်စံလှိုင်တို့ထံမှ မည်သည့်ပစ္စည်းမှ မယူတော့ဘဲ အဆိုပါ အထုပ်များအား အထမ်းခိုင်း၍ တောတွင်းဓားပြစခန်းသို့ ခေါ်ဆောင်သွားလေသည်။ ၎င်းတို့ အထမ်းသမားလေးယောက် နောက်ဆုံးတွင် သေနတ်သမားတစ်ယောက်လိုက်လာလေသည်။

တောလမ်းအတွင်း လမ်းကွေ့တစ်နေရာသို့ ရောက်သောအခါ မောင်စံလှိုင်က နောက်ဆုံးတွင် သေနတ်သမားနှင့် အနီးဆုံးဖြစ်သဖြင့် သူ့စိတ်ထဲ ပေါ်လာသော အကြံအား ချက်ချင်းအကောင်အထည်ဖော်လေတော့သည်။

ပခုံးပေါ်က အထုပ်အား ဖျတ်ခနဲပစ်ချ၍ သေနတ်သမား ပေါင်ခွအား လှည့်၍ လျင်မြန်စွာ အားထည့်၍ ကန်ထည့်လိုက်လေသောကြောင့် ခွေအကျတွင်-

'ဖြောင်း..ခွပ်..အ'

'အ'

ညွှတ်လာသော ခန္ဓာကိုယ်အား ဖျတ်ခနဲကပ်၍ လည်ပင်းအား လိမ်ချိုးလိုက်လေသည်။ ပြီးနောက် သေနတ်အား ကောက်ယူ၍ စစ်ဆေးပြီး မောင်းတင်လိုက်လေသည်။

ထို့နောက် အထမ်းသမား လူရွယ်သုံးယောက်အား ကျော်တက်ပြီး-

'ဟေ့ကောင်တွေ၊ ငါပြောတဲ့အတိုင်းလုပ်၊ ကိုလွတ်မယ်။ မင်းတို့အားလုံး ချုံထဲ ဝင်နေကြ၊ ငါ ရှင်းမယ်။ ကဲ..စတော့'

ဤအထမ်းသမား လူငယ်များလည်း မောင်စံလှိုင်၏ ခြေမြန်လက်မြန် လှုပ်ရှားမှုအား ဖြုန်းခနဲ ဝမ်းသာထောက်ခံ သဘောကျ၍ ချုံထဲ ဝင်ပုန်းကြလေတော့သည်။

'ဟေ့ကောင်တွေ၊ မြန်မြန်လာလေ။ ခွေးမသားလေးတွေ ကူလီကူမာ မလုပ်ကြနဲ့။ လုပ်ရင်တော့ ပစ်သာထည့်လိုက်။ ကြာလို့'

ရှေ့ကသွားနေသူများ နောက်က အသံမကြားရသဖြင့် နှစ်ယောက်က နောက်ပြန်လှည့်လာလေသည်။ မောင်စံလှိုင်ကား သေနတ်ကို ကောင်းစွာကိုင်တွယ် ပစ်ခတ်တတ်လေသည်။ သစ်ပင်၏ အကွယ်မှစောင့်၍ အနည်းငယ်လွန်သောအခါ နောက်ကျောမှကပ်၍ (အနီးကပ်)ပစ်လိုက်လေရာ နေရာတွင်ပင် ပွဲချင်းပြီး ကိစ္စတုံးသွားလေတော့သည်။ ဓားပြနှစ်ယောက်ကား သေနတ်အား ပခုံးလွယ်လာကြသည်မှာ အရာရာအား လျှော့တွက်ထားခြင်းကြောင့် မောင်စံလှိုင်၏ လက်ချက်ဖြင့် သေရခြင်း ဖြစ်လေသည်။

မောင်စံလှိုင်က လူငယ်များအား အချက်ပေး၍ ၎င်းတို့အိတ်များ၊ သေနတ်များအား သိမ်းစေကာ အကာအကွယ်ဖြင့် နေစေပြီး မောင်စံလှိုင်ရှေ့သို့ ခပ်သွက်သွက်သွားလေသည်။ ညအမှောင်ကား တောလမ်းကျဉ်းကလေးအတွင်း၌ ပို၍ပင် မှောင်နေလေသည်။

'ဟေ့ကောင်တွေ၊ ဘာတွေ ဖြစ်နေတာလဲကွ။



www.burmeseclassic.com

www.burmeseclassic.com

တောက်··ကွာ၊ မြန်မြန်လာကြ။ အထမ်းသမားတွေရောတယ်ခက်တဲ့ ကောင်တွေပဲကွ'

ထိုစဉ် ရှေ့ဆုံးမှ သွားနေသူ ဓားပြက ခတ်မီးနှင့် တဖြည်းဖြည်း နီးလာသူအား မာန်မဲပြောဆိုလျက် ရပ်စောင့်နေစဉ် ဦးထုပ်အား ရှေ့ငိုက်ဆောင်းထားသော မောင်စံလှိုင်က တတိယဓားပြအား ဖျတ်ခနဲ မုဆိုးဒူးထောက်ထိုင်၍-

'ဖောင်း'

'အ··အ··ဟ'

'ဟာ··အောင်ကြီး၊ ဘာဖြစ်လို့ မင်း··'

'ဒိုင်း'

'အ့··အ··မင်း··ဟင်း··အ'

မြန်လည်းမြန်၊ မထင်မှတ်သည်ကို အဒိုက်ဖမ်း၍ အနီးကပ်လည်းဖြစ်၊ ချက်ကောင်း ဘယ်ရင်အုံကိုချည်း အပစ်ခံရသဖြင့် စက္ကန့်(၄၀)အတွင်း ဓားပြငါးဦးကို ကိစ္စချောပြီးသား ဖြစ်သွားလေတော့သည်။ မြန်လိုက်သည့် မောင်စံလှိုင်။ သေနတ်ငါးလက်ကား ရိုင်ဖယ်(အမေရိကန်)(၂)လက်၊ စတင်းဂန်း(၁)လက်၊ ကာဘိုင်(၁)လက်၊ ပွိုင့်တူးတူး(၁)လက်တို့အားလည်းကောင်း၊ ရွှေ ငွေများ၊ လွယ်အိတ်များ၊ အထုပ်များအား အားလုံးကိုယ်စီ မျှသယ်၍ ကားလမ်းတစ်နေရာသို့ ထွက်ပြီးနောက်တွင်ကား··။

◆◆◆

'ကဲ··မင်းတို့နဲ့ ငါနဲ့ ခရီးအတူသွားရင်းက ဓားပြတွေကို အခုလို အဒိုက်ဖမ်းပြီး လုပ်လိုက်ပြီ။ သူတို့စခန်းက သိရင် ငါတို့ကိုရှာမယ်။ မလွယ်ဘူး။ မင်းတို့ ဘာလုပ်မယ် စိတ်ကူးရှိလည်း ပြောကြပါ။ ခပ်မြန်မြန် ဒီနေရာက ထွက်သွားကြမှဖြစ်မယ်'

'ကျွန်တော်တို့လည်း ပုသိမ်ကို အလုပ်လုပ်ရအောင် ထွက်လာခဲ့တာ။ အခုလို ဓားပြနဲ့တွေ့တဲ့အချိန် အစ်ကိုရဲ့ သတ္တိနဲ့ ဆုံးဖြတ်ချက်ကို သဘောအရမ်းကျတယ်။ အစ်ကို ဘယ်သွားမလဲ၊ ဘာလုပ်မလဲ။ ကျွန်တော်တို့ လိုက်ပြီးသားပဲ။ ဖြစ်ချင်တာဖြစ်'

ကျန်သော လူရွယ်များကလည်း-

'ကျွန်တော်တို့လည်း အတူတူပဲ။ နောက်ကြောင်းသံယောဇဉ်ရှင်းတယ်။ အစ်ကို လုပ်ချင်တာလုပ်'

'ဟုတ်ပြီ။ ကဲ··ဒါဆို သွားကြမယ်။ နောက်မှ ဘာဆက်လုပ်သင့်သလဲဆိုတာ ဆက်ပြီးတိုင်ပင်မယ်။ လောလောဆယ်တော့ မြန်မြန်လေး သွားကြရအောင်ဟေ့'

မောင်စံလှိုင် ဦးစီးသော လူငယ်လေးယောက်ကား ဓားပြများထံမှရသော ပစ္စည်းများ၊ လက်နက်များ၊ ကျည်ဆန်၊ ခါးပတ်များပါ ယူဆောင်၍ ဆန့်ကျင်ဘက်အရပ်သို့ ထွက်ခွာသွားကြလေတော့သည်။

မောင်စံလှိုင်ကား သတ္တိရှိသလို ရဲရင့်သည့်အလျောက် ၎င်း၏ သျှောင်ထုံးအတွင်းမှ အင်းအစွမ်းကြောင့်လေမသိ။ သေနတ်ပြီးသည်ဟု (နောင်သောအခါ) နာမည်ကြီးလျက် မြေပိုင်ရှင်များ၊ ချစ်တီးများ၊ သူဌေးအိမ်များကိုသာ ဓားပြတိုက်၍ ဆင်းရဲသားမိသားစုအား ထောက်ပံ့သော ပုသိမ်သာပေါင်းနယ်မှ နာမည်ကြီးလှသော ဓားပြဗိုလ်ကြီး ဗိုလ်မိုးသီးအဖြစ် လူသိများ ထင်ရှား၍လာလေတော့သည်။

ဤသို့ ဓားပြကြီးဖြစ်လိမ့်မည်ဟု သူ့ကိုယ်သူလည်း မထင်မိ။ ပတ်ဝန်းကျင်အခြေအနေနှင့် ကံအကြောင်းတရားက တွန်းပို့လိုက်ခြင်းအား ခံစားရလေ၏။ ဤသို့ ဓားပြကြီးအဖြစ်ဖြင့် (၁၅)နှစ်ခန့်အကြာတွင် တော်လှန်ရေးအစိုးရ တက်သောအခါတွင်ကား ရှမ်းဆရာကြီးတစ်ဦးနှင့် တွေ့ဆုံလျက် ဆေးပညာသင်ကြားခြင်း၊ ဗေဒင်နှင့် နက္ခတ်ပညာများ သင်ခြင်းများ ပြုလုပ်လျက် ဓားပြဗိုလ်အလုပ်အား အပြီးအပိုင်စွန့်လွှတ်ကာ ဆေးကုသပေးခြင်း၊ ဗေဒင်ဟောပြောခြင်း၊ အခါပေးခြင်းဖြင့် အသက်မွေးနေတော့ရာ သာပေါင်းရွာမှ ဒေါ်ရင်ရွှေနှင့် အိမ်ထောင်ကျလေသည်။ သားသမီးသုံးယောက် ထွန်းကားလေသည်။

ဦးစံလှိုင်သည် အသက်(၈၀)ကျော်တွင် လူကြီး ရောဂါဖြင့် ကွယ်လွန်ခဲ့သော်လည်း ၎င်း၏ ဆေးပညာ၊ ဗေဒင်ပညာတို့အား အမွေဟူ၍ တပည့်မွေးပေးခဲ့ခြင်း မရှိသကဲ့သို့ အဆိုပါ သေနတ်ပြီး၊ တုတ်၊ ဓားပြီး အင်းအားလည်း သားသမီးတို့အား မပေးခဲ့ကြောင်း လေ့လာသိရှိရလေသည်။

'အစွမ်းထက်တဲ့ ပညာတစ်ခုဟာ လူကောင်းသူကောင်းတွေရမှ ကောင်းမှာ၊ လူဆိုးသူခိုး လက်ထဲရောက်ရင် အားလုံးပျက်စီးတော့တာပဲ။ အန္တရာယ်လည်း ကြီးတော့တာပဲ။ ဒါကြောင့် ဘယ်သူမှ တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီး ဆေးနည်း လာမတောင်းနဲ့။ မပေးဘူးကွ' ဟု ဦးစံလှိုင် ပြောခဲ့ဖူးသည်ဟု စာရေးသူတို့အား ဒေါ်ရင်ရွှေ



www.burmeseclassic.com

www.burmeseclassic.com

က ပြောပြလေသည်။

(၁၃၇၄)ခုနှစ်၊ ဝါဆိုလက ဒေါ်ရင်ရွှေ ကျုံစုရွာကို အလည်အပတ်ရောက်လာပြီးနောက် ဦးစံလှိုင်၏ မြေးတော်သူများ၊ တူတော်စပ်သူများထံ အလည်လာခဲ့သေး၏။ ထိုအချိန်က ဒေါ်ရင်ရွှေကား အသက်(၉၂)နှစ်ပင် ရှိ၍နေချေပြီ။

တစ်ချိန်က မောင်စံလှိုင် နေခဲ့သော ရွှေရင်အေးကျောင်းကြီးကိုလည်းကောင်း၊ မောင်စံလှိုင်၏ဘဝကို ထူးခြားစွာ ပြောင်းလဲပစ်လိုက်သော ဆွမ်းစားကျောင်းနှင့် သိမ်ကျောင်းအကြားမှ မန်ကျည်းပင်ကြီးကိုလည်းကောင်း ကြည့်ရှုပြီး–

'အင်း..မင်းတို့ ဦးလေးဘဝဟာ ပဟာဒီဖျိုင်းတွေကို အကာအကွယ်ပေးတဲ့ ဆရာတော်ကြီးရဲ့ မန်ကျည်းပင်ပေါ်က အင်းကို စိတ်ဝင်စားမိရာက တစ်ခါတည်း စကတည်းက ယဉ်သကို ဖြစ်တော့တာ။ ဓားပြငါးယောက်ကို (၄၅)စက္ကန့်လောက်အတွင်း သတ်ပစ်လိုက်တာ အံ့ဩစရာပဲ။ အဲဒီကစ ဓားပြသံနေ့ ရသွားသလား မသိပါဘူးကွယ်' ဟု မျက်ရည်များစမ်းစမ်းနှင့် ပြောပြလေသည်။

ယခု ကျုံစုရွာလယ်တွင် ရပ်မိရပ်ဖအဖြစ် ကျန်းမာစွာ နေထိုင်လျက်ရှိသော မောင်စံလှိုင်၏သူငယ်ချင်း ဦးမြထွေး(၉၄ နှစ်)အားလည်း ဒေါ်ရင်ရွှေက ဝင်ရောက်နှုတ်ဆက်သွားလေသည်။

တစ်ချိန်သောအခါက ရွှေရင်အေးကျောင်းတိုက်ကြီး ဦးစီးပဓာနအဖြစ် အုပ်ချုပ်ခဲ့သော ဆရာတော်ကြီး ဦးအာစိဏ္ဏ၏တပည့်ရင်း မောင်စံလှိုင်၏ ဖြစ်ရပ်မှန်ဇာတ်လမ်းအား နှစ်များစွာကြာသောအခါ တဖြည်းဖြည်း ဒဏ္ဍာရီသဖွယ် မဖြစ်အောင် အမှတ်ထင်ထင် ရေးသားမှတ်တမ်းတင်ရပါတော့သည်။

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ

ဆန်းဝင်း(အောင်မြေ)


**<u>မှီငြမ်း</u>**

ကျုံစုရွာ အုပ်ချုပ်ရေးမှူးဟောင်း ဦးဝင်းရွှေ ပြောပြချက်၊ ဦးစံလှိုင်၏ဇနီး ဒေါ်ရင်ရွှေတို့၏ ပြောပြချက်အား ခြယ်မှုန်းပါသည်။

---


ဘုရားသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ

အထူးအမိဋ္ဌာန်ဖြင့် သာသနာပြုလျက်ရှိသော



ဆရာမကြီး အေးမိုးမိုး

စိတ်မနှောအာရုံ အကြားအမြင်လက္ခဏာဖြင့် ဂုဏ်ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်

ပညာရေး စီးပွားရေး အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ မြေ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ ပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊

ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး

အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉၂၅၅၉၄၂၅၂၀ ၊ ၀၉၄၂၁၀၂၁၆၈




www.burmeseclassic.com

www.burmeseclassic.com


ပဍ္ဂုလ်ဆ အဟံ ဝန္ဒာမိ

# ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

## ဓအောင်ဧကောင်းမြ (ဘာဘော)

## ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

✤ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။

✤ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။

✤ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်၊လုပ်ငန်း အမည်ပေးခြင်း။

✤ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

**ဟောခန်းလိပ်စာ** ကြံတိုင်းအောင် စာပေနှင့် ဟောခန်း
အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

**လမ်းညွှန်** ၄၊ ၅၊ ၉၊ ၃၂၊ ၃၃ ၃၄၊ ၇၀၊ ၇၆ ၈၀၊ ၈၅ စီး၍ (၈)ဂိတ်မှတ်တိုင် ဆင်းပါ။

**ဟောပြောအချိန်** နံနက်(၁၀:၀၀)နာရီမှ ညနေ(၄:၀၀)နာရီ။

ရပ်ဝေးမှ လာမည့်သူများ ဖုန်း ၀၉၄၂၀၀၄၇၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်။



## အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လေးယေးမက်

**နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး** **ဟိမဝန္တာ သွေးသန့်ဆေး**

# ခရုသင်း သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊
ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊
**ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကဗျိုက်၊ ရေယုန်၊ မုက္ခရုနာ၊ ကြွက်နို့၊
ငါးမျက်စိ၊ ဖဲ၊ ရိဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို
**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

## လေးယေးမက် အရေပြားရောဂါ အထူးကုဆေးတိုက်

**အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com




မော်ဘီအပိုင် မိုးကြိုးပစ်ရွာ၊ ရေကျော်ရွာ၊ သဲဖြူရွာ၊ ဖလုံရွာတို့က ရွာနီးချင်းတွေ မီးရထားလမ်း၊ ကားလမ်းပဲ ခြား သည်။ မိုးကြိုးပစ်ရွာက ယခင်အချိန်တုန်းဆီတွင် ရွာလို့ပြော ရန်ပင် ခက်၏။ အိမ်ခြေလေး၊ငါးလုံး အစုရှိသည့် လူများ နေကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။ (၁၉၀၀)ပြည့်နှစ်နောက်ပိုင်း နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာပြည်သူလူထု ကျေးရွာနေလူများကို စေတနာထား၍ မဟုတ်ဘဲ သူတို့၏ စစ်လက်နက်ပစ္စည်းရိက္ခာများကို သယ်ယူရန် လွယ်ကူရေးအတွက် ကားလမ်းများ၊ မီးရထားလမ်းများကို ဖောက်လုပ်ခဲ့သည်။ ဧရာဝတီတိုင်းကိုလည်း ရန်ကုန်နှင့် သယ်ယူမှု လွယ်ကူစေရန် (၁၉၀၁)ခုနှစ်တွင် တွံတေးတူးမြောင်းကို တူးဖော်လိုက်သည်။

အဲဒီရဲ့ အကျိုးကျေးဇူးကြောင့်ဟုပဲ ဆိုရပေမည်။ တွံတေးသားလေး ထွန်းပိုင်က ရေကျော်ရွာနှင့် သဲဖြူရွာမှ မိုးအောင်နှင့် လှခင်ဆိုသည့် တက္ကသိုလ်တက်ဖက် သူငယ်ချင်း နှစ်ယောက်နှင့် အလည်အပတ်လိုက်ရင်း မိုးကြိုးပစ်ရွာကိုပါ ရောက်ဖြစ်နေသည်။ ရေကျော်ရွာမှ မိုးအောင်၏ အမျိုးဆွေတွေနှင့်ပတ်သက်ပြီး ထွန်းပိုင်ရော လှခင်ပါ ရောက်ဖြစ်ခြင်း ဖြစ်သည်။

တွံတေးသားလေးက ရေကျော်ရွာသား မိုးအောင်ကြောင့် မိုးကြိုးပစ်ရွာကို ရောက်သလို မိုးကြိုးပစ်ရွာကို ရထားလမ်း၊ ကားလမ်းအပြင် ရေလမ်းပေါက်တော့မည်။ ရွာနီးချင်းရွာသားဖြစ်သည့် သဲဖြူရွာသား လှခင်က ယခုမှ မိုးအောင်ကို အကြောင်းပြုပြီး နှင်းသွယ်ဆိုသည့် အပျိုချောကြောင့်ဟုဆိုလျှင် လှခင်က မငြင်းပါဘူး။ ဒါပေမဲ့ မိုးကြိုးပစ်ရွာသူ ယဉ်ချောလှပသိမ်မွေ့တဲ့ မနှင်းသွယ်ဆိုသည့် မိန်းမချောလေးက သုံးယောက်လာတဲ့အထဲမှ မိုးအောင်က ဆွေမျိုးမကင်းလို့ ဖယ်လိုက်ရင် နှစ်ယောက်ထဲမှ တည်ကြည်ခန့်ချော တွံတေးသား ထွန်းပိုင်ကို အကြည့်မျက်လုံးတွေက ပိုပိုရောက်နေသည်။ အတည်အခံ့ ထွန်းပိုင်နှင့် အချောအယဉ် နှင်းသွယ်တို့က အချစ်ဆိုတဲ့ ကန့်သတ်မှုဘောင်ထဲကို မေတ္တာဆိုတာ ထည့်ပေါင်းပြီး သစ္စာဆိုလိုက်သည့် ဘဝအဖော်စာရင်းဝင် ဖြစ်သွားကြသည်။

ရထားလမ်းဘေး ရွာအဝင်လမ်းစ လယ်ရေသွင်းတဲ့မြောင်းကို တံတားထိုးပြီး ခရီးသွားနားခိုဇရပ်ပါ ဆောက်ထားသဖြင့် ခရီးသွား ခရီးလာတို့ ခိုနားလို့ရသည်။

'သွယ်လေး..စောင့်နေရတာ ကြာပြီလား'

'မကြာသေးပါဘူး အစ်ကို'

'သွယ်လေးရယ်၊ စောင့်နေတာကို အားနာလို့ မစောင့်ပါနဲ့ဆိုကွာ'

'ဟင်..အားနာရမယ့် လူတွေလား အစ်ကိုရယ်'

အချိန်ပြည့်မတွေ့နိုင်သော ချစ်သူနှစ်ယောက် လက်ချင်းတွဲ၍ စကားပြောပြီး ဇရပ်ကြီးမှ ရွာအဝင်လမ်းကို လျှောက်ဝင်လိုက်ကြသည်။

'သွယ်လေး..အိမ်မှာ ဘာပြောလာခဲ့လဲ'

'ဒေါ်လေးညွှပ်တို့အိမ်မှာ မနက်ဖြန် ဆွမ်းကပ်ရှိလို့ လုပ်ပေးမယ်ဆိုပြီး ပြောလာတာ။ အေးပုံနဲ့ မိသိုင်းတို့ကို မှာခဲ့တယ် အစ်ကို'

'အစ်ကို..နောက်တစ်နေ့မှ ပြန်မယ်။ မိုးအောင် လာပြီး ဒီရွာမှာ ညအိပ်မယ်လေ'

'ဟုတ်ကဲ့ အစ်ကို၊ သွယ့်ကို လိုက်ပို့ပေးဦးလေ'

'ဒေါ်လေးညွှပ် အိမ်ကိုလား သွယ်လေး'

'ဟုတ်တယ်၊ အစ်ကို့ကို ဒေါ်လေးညွှပ်က မြင်ဖူးချင်လို့တဲ့'

ထွန်းပိုင်နှင့် မနှင်းသွယ်တို့ နှစ်ယောက် လက်ချင်းတွဲ၍ ဆွမ်းလှူမည့် ဒေါ်ညွှက် အိမ်ကို လာကြသည်။

လက်တွဲ၍ ရှေ့မှသွားနေသော ချစ်သူနှစ်ယောက်၏ နောက်မှ လိုက်လာသူက လက်သီးဆုပ် အံကြိတ်၍ ကျော်တက်သွားသည်။

သူက မိုးကြိုးပစ်ရွာမှာ လယ်ပိုင်၊ ခြံပိုင်၊ မြေပိုင်နဲ့ ငွေကြေးပြည့်စုံသည့် ရွာသူဌေး ဦးဖူးမောင်နှင့် ဒေါ်စိန်ဒီတို့၏သား သောင်းချိတ် ဆိုသူ။ ရွာလမ်း လူရှောင် ခွေးမဟောင်သမား ဖြစ်သည်။

မိဘ၏စီးပွားဥစ္စာ ငွေကြေးအရှိန်နှင့် ဖဲရိုက်၊ အရက်သောက်၊ ကြက်တိုက် လောင်းကစားမျိုးစုံ၊ အပျော်မျိုးစုံသူဖြစ်ပြီး မနှင်းသွယ်ကို အရှင်ပဲ လိုချင်သူ။ အသေရရင်တော့ ဖဲပိုင်းဒိုင်ခံမည့်သူ ဖြစ်သည်။ တစ်ရွာတစ်ကျေးက လာပြီး မနှင်းသွယ်ကို ရအောင် စွမ်းနိုင်သော ထွန်းပိုင်ကို မကျေနပ်သလို ရွာလွန်ရှက်တိုက်သူ၊ မနှင်းသွယ်ကိုတော့ မရ,ရအောင်ယူမည်ဟု ဆုံးဖြတ်ထားသလို အမြင်အတွေ့ကို မကျေနပ်လို့ ယမကာနှင့်ဖြေရန် ထွန်းပိုင်နှင့် မနှင်းသွယ်တို့ကို ကျော်ဖြတ်သွားခြင်း ဖြစ်သည်။

ဒေါ်ညွှပ် အိမ်ပေါ်တွင် ရောက်နေကြသူများ ဆွမ်းကျွေးအတွက် လုပ်ကိုင်ပေးနေကြသူများက ထွန်းပိုင်နှင့် မနှင်းသွယ်ကို အတွဲညီလိုက်ဖက်၍ အားကျကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ညှပ်က–

'အေးကွယ်၊ ငါ့တူကို အခေါ်က အခုမှ မြင်ဖူးတာ။ ဒါကြောင့် မိသွယ်ကို ခေါ်လာဖို့ မှာတာပါကွယ်'

'ဟုတ်ကဲ့ပါ ဒေါ်ဒေါ်၊ ကျွန်တော့်ကို တူသားလို ဆုံးမနိုင်ပါတယ်'

'အေး··အေး'

'သွယ်လေး··အစ်ကို မိုးအောင်ဆီကို သွားဦးမယ်။ ဒေါ်ဒေါ်··ကျွန်တော်သွားပါဦးမယ်'

'အေး··အေး··မနက်ကျရင် မိုးအောင်နဲ့ လာကြနော်'

'ဟုတ်ကဲ့ပါ'

အားလုံးကို နှုတ်ဆက်ပြီး ရွာလယ်လမ်း လျှောက်သွားသော ထွန်းပိုင်၏ နောက်ကျောပြင်ကို မနှင်းသွယ်က ကြည့်နေသည်။

နောက်တစ်နေ့မနက် ဒေါ်ညှပ်အိမ်တွင် သံဃာတော်များကို အရုဏ်ဆွမ်းကပ်လှူသည့် ဒေါ်ညှပ်၏ အိမ်တွင် ထွန်းပိုင်၊ လှခင်တို့က တရားနာ ဆွမ်းပွဲပြင် လုပ်ကိုင်ပေးပြီး သံဃာတော်များကို ဆွမ်းကပ်ကာ ညှေ့သည်တရားနာသူများကို ထမင်းကျွေးသည်။ ထမင်းဝိုင်းတစ်ဝိုင်းတွင် အားရပါးရစားနေသော သောင်းချိတ်က ထမင်းစားရင်းနှင့် ထွန်းပိုင်ကိုရော မနှင်းသွယ်ကိုပါ မကြာ,မကြာ ကြည့်နေသည်။

◆ ◆ ◆

နံနက်စောစောပင် သောင်းချိတ်၏သတင်း ကြားလိုက်ရသူတို့က ဟုတ်ပါစေလို့ ဆုတောင်းကြသည်။ ကြားရသည့်သတင်းက မီးရထားလမ်းဘေး ရွာအဝင်ထိပ် ဇရပ်ကြီးဘေးမှ လက်ပံပင်ကြီးအောက်တွင် ညကတည်းက သေဆုံးနေသော သောင်းချိတ်၏အလောင်း။ ရထားဘူတာစာရေး စိုးတင့်က ရွာမှထွက်ပြီး အလုပ်ဆင်းရန် အသွားတွင် တွေ့၍ ရွာမှလူကြီးများကို ပြန်၍အကြောင်းကြားခဲ့သည့် သတင်းဖြစ်သည်။

မိုးကြိုးပစ်ဘူတာ မရောက်ခင် ဘူတာ၏ ခြံစည်းရိုးအစပ်တွင်ရှိသော ထိုနေရာက ယခင်ဗြိတိသျှအင်္ဂလိပ်လက်ထက်က မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်းတို့ကို မီးရထားလမ်း ဖောက်လုပ်ရာတွင် ခရီးအကွာအဝေး (၇) မိုင်ဆိုလျှင် ဘူတာရုံတစ်ရုံဆောက်ရာ ယခု မိုးကြိုးပစ်ရွာက အိမ်ခြေငါးလုံး၊ ခြောက်လုံးရှိသော တဲအိမ်နေရာလေး ဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့က ပြည်သူလူထုအတွက် လမ်းပန်းဆက်သွယ်မှုကို ချောမွေ့အောင် ပြုလုပ်ပေးခြင်းမဟုတ်။ သူတို့၏ စစ်ပစ္စည်း စားနပ်ရိက္ခာများ သယ်ယူရန် လွယ်ကူစေလို၍ ဖောက်လုပ်ခြင်းဖြစ်ရာ ယခု မိုးကြိုးပစ်ရွာနေရာတွင် ဘူတာရုံ ဆောက်လုပ်ရာ အဆောက်အအုံပြီး၍ အမိုးတင်သည်တွင် မိုးကြိုးပစ်ချလိုက်သည်။ နောက်တစ်ကြိမ် အဆောက်အအုံကိုပြုပြင်၍ အမိုးတင်ရာ ထပ်မံ၍ မိုးကြိုးပစ်ပြန်သည်။ သစ်ပင်ချုံနွယ်များကိုရှင်းပြီး ဘူတာရုံကို အသစ်ဆောက်၍ အမိုးတင်ရာတွင် မိုးကြိုးထပ်ပစ်ပြန်သည်။ အဆောက်အအုံက လုံးဝပျက်စီးသွားသည်။

လေးကြိမ်မြောက် ထပ်ဆောက်၍ အမိုးတင်ရာ မိုးကြိုးပစ်သဖြင့် ထိုနေရာတွင် ဘူတာရုံမဆောက်ဘဲ လက်မှတ်ရောင်းနေရာသာလုပ်ပြီး မိုးကြိုးပစ်ရွာဟု အမည်တွင်ပြီး လူနေအိမ်များ တိုးပွား၍ လယ်ယာလုပ်ကိုင်သူများနေထိုင်ကြပြီး မိုးကြိုးပစ်ရွာဟု ဖြစ်သွားသည်။ ထိုမိုးကြိုးပစ်ခံရသောနေရာတွင် သစ်ပင်မပေါက်ပါ။ ယခင်က ခြံခတ်ထားသည့် ဘူတာရုံမြေဖြစ်သည်။ နောက်ပိုင်းတွင် ပေါက်လာသော သစ်ပင်များတွင် ကုက္ကိုပင်၊ လက်ပံပင်၊ ညောင်ပင်များဖြစ်ပြီး ရထားလမ်းဘေး မိုးကြိုးပစ်ရွာအဝင်နေရာ ဖြစ်သည်။

သောင်းချိတ်က မိုးကြိုးပစ်ရွာထဲမှနွားကို တခြားရွာမှ နခိုး(နွားခိုးသူ)များနှင့်ပေါင်း၍ နွားခိုးရာ အရက်မူးနေသော သောင်းချိတ် နွားများ မြန်မြန်သွားရန် ရိုက်နှက်မောင်း၏။ သောင်းချိတ် မောင်းသောနွားက နွားဆိုး၊ ရုန်းကန်၍ ဝှေ့ရာ နွားဝှေ့သောဒဏ်ရာနှင့် သောင်းချိတ်လဲသွားရာ နွားမှာ လွတ်၍ ထွက်ပြေးသွားပြီး ကျန်နွားခိုးများက ရသည့်နွားကိုဆွဲ၍ ရှောင်သွားခြင်းဖြစ်လို့ နွားဝှေ့သည့်ဒဏ်နှင့် သောင်းချိတ်က သေဆုံးခြင်းဖြစ်သည်။ ဒါကိုတော့ မည်သူမှမသိဘဲ ဒဏ်ရာများနှင့် သေဆုံးနေသော သောင်းချိတ် အလောင်းကို ကြည့်မြင်ပြီး မိခင်ကြီး ဒေါ်စိန်ဒီက ဝမ်းပန်းတနည်း ငိုနေသည်။

သောင်းချိတ်၏ အသုဘက ရွာမှာ စည်စည်ကားကား ဖြစ်သည်။ မိဘများ၏ အရှိန်အဝါနှင့် မကောင်းရာမကောင်းကြောင်း ပို့ရသူများ၊ ရွာအမှိုက်ရှင်း၍ ဝမ်းသာ၍ ပို့သူများကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သောင်းချိတ် သေပြီး၍ ရက်လည်ဆွမ်းကျွေးညတွင် ရွာရှိ ခွေးများမှ အိမ်စေ့ ဟောင်ကြသည်၊ အူကြသည်။ ခွေးအူသည်မှာ တစ်ညလုံးပင်ဖြစ်သဖြင့် အိပ်ရေးပျက်ကြသည်။ တချို့က ဆဲကြဆိုကြ ကြိမ်းကြသည်။ တချို့က တော့ ခွေးတွေကတောင် သောင်းချိတ် သေတာကို ဝမ်းသာလို့ ရက်လည်နေ့မှာ နှုတ်ဆက်တာဟု ပြောကြသည်။

တစ်ရွာလုံးတွင် သောင်းချိတ်သေလို့ စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းစာက အဖေ ဦးဖူးမောင်နှင့် အမေ ဒေါ်စိန်ဒီတို့ နှစ်ယောက်ဖြစ်ကြသလို သောင်းချိတ်၏ စားဖော်သောက်ဖော် ပွဲဖက်များဖြစ်ကြသည့် လက်ကောက်၊ ပါးရွဲ့၊ ငကျီးတို့ သုံးယောက်ကလည်း ဝမ်းနည်းကြသည်။

အေးပုံ၊ မိသိုင်းတို့က မနှင်းသွယ်ကို သောင်းချိတ် သေသွားသည်၊ ရန်တစ်ခု ရှင်းသွားပြီဟုပြော၍ တွံတေးသိန်းတန် သီချင်းဆိုပြီး စကြသည်။

'ဟဲ့..မိသိုင်းနဲ့ မိအေးပုံ၊ နင်တို့လုပ်တာနဲ့ အဖေနဲ့ အမေ သိသွားပါ့မယ်'

'အောင်မယ်တော်..ဦးကြီးနဲ့ ဒေါ်ကြီးတို့က သိပါ့တော်။ ကိုထွန်းက မွန်မွန်ရည်ရည်မို့ ဘာမှမပြောတာ'

'ဟုတ်ပါ့အေ ကောင်မရယ်၊ ကိုသောင်းချိတ်ကြီးက သူ့အဖေနဲ့ အမေကို နားဖောက်တော့ ဦးကြီးနဲ့ ဒေါ်ကြီးတို့က နှင်းသွယ်မှာ ရည်ရွယ်ပြီးသား။ ပြောဆိုပြီးသားရှိလို့ ပါလို့ တိုးတိုးတိတ်တိတ် အကြောင်းပြန်လိုက်တာ ဒါကို ညည်းမသိပါဘူး နှင်းသွယ်ရယ်'

'ဒါကြောင့်လည်း သောင်းချိတ်ကြီးက သူများလက်အပါမခံဘူး။ ငါ ရအောင်ယူမယ်လို့ ပြောပြောနေတာဟ'

'ဟုတ်ပါတော်'

'အို..မိအေးပုံရယ်၊ တော်ကြပါတော့ မိသိုင်းရာ'

'အေးပါ၊ တော်ပါပြီ။ ကိုထွန်းပိုင် လာမှ ဆက်ပြောမယ်'

မိသိုင်း၏ စကားအဆုံးတွင် ရယ်ကြသည်။ သူငယ်ချင်းတွေ ပြောမှပင် ချစ်သူ ထွန်းပိုင်ကို လာစေချင်လိုက်သည်။

ရွာထိပ်မှ လက်ပံပင်အောက်တွင် ရထားနှင့် ပါလာသော ပစ္စည်းများ၊ ကုန်များ ထမ်းပိုးရွက်သယ်သောအလုပ်ကို လုပ်စားသည့် မိုးကြိုးပစ်ရွာထဲမှ အေးမော်၊ မလုံး၊ ငဟန်၊ မောင်အုန်းတို့တစ်သိုက် နံနက်ဝေလီဝေလင်း ရထားအလာကို စောင့်နေကြရင်း တုံးလုံးပက်လက်နေကြရာမှ အေးမော်သည်-

'အူး..ဟူး..ဟာ..ဟာ'

'ဟ..အေးမော်ရာ ဘာဖြစ်တာလဲ၊ ဒီလင်တရှူးမ'

'ဝူး...ဝူး..ဟတ်..ဟတ်..ဟား..ဟား'

'ဟော့ကောင် မောင်အုန်း၊ ဘာလဲ မသိဘူးကွ။ ဒါ ရှိုးရိုးမဟုတ်ဘူး'

'ဟုတ်တယ် ကိုငဟန် ပြောတာ အေးမော်ကို သရဲစီးတယ်နဲ့တူတယ်'

'အဲဒါဆိုလည်း လုပ်ကြပါဟ။ မလုံး ရွာထဲသွား၊ အဘစိန်ကို နှိုးပြီး ခေါ်လာ'

'အင်း..အင်း'

မလုံးမှာ အပြေးတစ်ပိုင်းနှင့် ရွာထဲကို ပြန်ဝင်သွားသည်။ ခဏအကြာတွင် လူကြီးတစ်ယောက် အဘွားကြီးတစ်ယောက် မိလုံးနှင့် လူရွယ်နှစ်ယောက် ပါလာသည်။

'ဟဲ့..မိအေးမော်၊ ဘာဖြစ်တာလဲ။ ငါ့ကို သိလား'

'သိတယ်ကွ။ မင်း..မင်း..ဖိုးစိန်လေ'

'ငါက ဖိုးစိန်ဆိုတော့ မင်းက ဘယ်သူလဲ။ သူတို့တရော ဘယ်သူတွေလဲ'

'သူတို့က ကုန်ထမ်းတဲ့ကောင်တွေ၊ ကောင်မတွေ။ ငါ..ငါက. သ..သောင်း..သောင်းချိတ်..ချိတ်ကွာ'

'ဟာ..သရဲသောင်းချိတ်'

'ဟုတ်တယ်ကွာ..ဟုတ်တယ်'

အားလုံးက အံ့သြကြသည်။ သောင်းချိတ်နှင့် ဦးဖိုးစိန်က တူအရီးတော်သည်။ ဦးဖိုးစိန်က ဆေးဂိုဏ်းဝင် ဆရာတစ်ဦး။

'ကဲ..သောင်းချိတ်၊ ရော့..ဒါကို လည်ပင်းမှာ ဆွဲပြီး ငါနဲ့ လိုက်ခဲ့'

ဦးဖိုးစိန်က ပုရိတ်ကြိုးကို သောင်းချိတ် ဝင်နေသော အေးမော်၏ လည်ပင်းကို ဆွဲပေးလိုက်သည်။

'အား..အား.. အ..အ..အင့်'

အေးမော်ကြီးမှာ မိလုံး၏ ပေါင်ပေါ်ကို လဲကျသွားပြီး အေးမော်ကို မိလုံးနှင့် သူ့အမေက တွဲ၍ ရွာထဲ ပြန်ခေါ်လာသည်။

ထိုနေ့တွင် ရွာထဲမှ အေးမော်ကို သရဲသောင်းချိတ်



www.burmeseclassic.com

www.burmeseclassic.com

ဝင်ပူးသည်ဟု သတင်းကြီးသွားသည်။

◆◆◆

သောင်းချိတ်၏ သောက်ဖော်သောက်ဖက် ပွေဖော်ပွေဖက်များဖြစ်သော လက်ကောက်၊ ပါးရွဲ၊ ငကျိုးတို့က လက်ကောက်၏အိမ်တွင် အရက်ဝိုင်းဖွဲ့၍ အေးမော်ကြီးကို သောင်းချိတ်သရဲဖြစ်လို့ ဝင်ပူးတဲ့အကြောင်းကို ပြောနေကြသည်။

အရက်ဝိုင်းဘေးတွင်ထိုင်၍ အမြည်းနှိုက်စားနေသော လက်ကောက်၏မိန်းမ ကြာစူးက–

'ဟီး..ဟီး..အ.. ငါ..ငါ..ဟ'

'ဟာ..ဟေ့ကောင်လက်ကောက်၊ မင်းမိန်းမ ကြာစူးက ဘာဖြစ်တာလဲ'

'အေး..လုပ်ပါဦးကွာ'

'ပူး..အ.ခွီး.. ဟီး..ဟီး'

'ဟဲ့..ကြာစူး၊ ကြာစူး၊ဘာဖြစ်တာလဲဟ'

'ဝုတ်ဟူး။ ငါ..ငါ..သ..သ..သောင်းချ..ချိတ်..ဟိတ်'

'ဟာ..သောင်းချိတ် ဟုတ်လား။ သရဲ..သရဲ..လုပ်ကြပါဦး'

'အောင်မယ်လေး..သရဲ'

ပါးရွဲနှင့် ငကျိုးက အော်၍ အိမ်ပေါ်မှ ခုန်ချထွက်ပြေးကြသည်။ သရဲဝင်နေသော ကြာစူးနှင့် လင်ဖြစ်သူ လက်ကောက်ပဲ ကျန်ခဲ့သည်။

'အရီးငွေရေ၊ ဘကြီးအုံး..လာကြပါဦး။ ကြာစူး ဘာဖြစ်မှန်းမသိလို့ လာကြပါဦး'

လက်ကောက်၏ အော်ခေါ်သံကြောင့် ဘေးအိမ်များမှ လူကြီးများ အဘွားကြီးနှင့် သုံးလေးဦး ရောက်လာကြသည်။ အခါတိုင်းဆိုလျှင် လက်ကောက်က အရက်မူး၍ ထိုးကြိတ်ကန်ကျောက်သဖြင့် ကြာစူးက အော်သည်။ သည်တစ်ခါ လက်ကောက်က အော်၍ ထူးဆန်းပြီး လာကြခြင်း ဖြစ်သည်။

'ဟဲ့..ဟဲ့..လက်ကောက်ရဲ့၊ ကြာစူး ဘာပူးနေတာလဲ။ တစ်ခုခုပူးနေတာ၊ လုပ်ကြပါဦးဟယ်'

'အေး..အေး..ဒါဆိုရင် သရဲပူးတာနဲ့ တူတယ်'

'ငါ..သရဲဝုတ်ဟူး သောင်း..ချိတ်..ချိတ်..ဟိတ်'

'ဟယ်..အဲ..သေပြီးသား သောင်းချိတ်တဲ့'

'သွား..သွား..မြန်မြန်သွား၊ ဦးဖိုးစိန်ကို သွားခေါ်'

လူရွယ်တစ်ယောက်က ပြေးထွက်သွားပြီး ဦးဖိုးစိန်ကို သွားခေါ်လေသည်။ ဦးဖိုးစိန်ကလည်း ချက်ချင်းလိုက်လာသည်။

'ကဲဟေ့၊ ဘယ်သူလဲကွ'

'ငါ..ငါ..သ..သောင်း..ချိတ်'

'မင်း ဘာဖြစ်လို့ ခဏ,ခဏ သူများကို အနှောင့်အယှက်ပေးနေတာလဲ'

'ဝုတ်ဝူး၊ ငါ..ငါ..နှင်း..နှင်းသွယ်ကို လို..လို..ချင်လို့'

'ဘာကွ'

'ဟာ..ဒီသရဲက'

ကြားရသူများက တအံ့တသြနှင့် ဝိုင်းပြောကြသည်။ လက်ကောက်ကပါ ဒီသရဲကဟု ပြောလိုက်သဖြင့် သရဲဝင်ပူးနေသော ကြာစူးမှာ ခုန်ပေါက်ပြီး ဒေါကန်၍ ခြေကားရား လက်ကားရား ဖြစ်သွားသည်။

'ကဲ..ကဲ..သောင်းချိတ်၊ မင်း သွားတော့။ မဟုတ်တာကွာ၊ ဒါနဲ့ပတ်သက်ပြီး လူတွေကို ဒုက္ခမပေးနဲ့။ ရော့၊ ဒီရေကို သောက်လိုက်'

ဦးဖိုးစိန်က ရေတိုက်ပြီး ပရိတ်ကြိုးကို ကြာစူး၏ ခေါင်းမှစွပ်၍ လည်ပင်းတွင် ဆွဲပေးလိုက်သည်။ ကြာစူးမှာ ရေခွက်ကိုင်လျက် နောက်ပြန်လဲသွားသည်။

လက်ကောက်မိန်းမ ကြာစူးကို သရဲသောင်းချိတ်ဝင်ပူးပြီး မနှင်းသွယ်ကို လိုချင်လို့ဟု ပြောသည့်စကားက ရွာထဲတွင် ပွသွားသည်။

'မိသွယ်ရေ၊ နင့်ကို သရဲက ကြိုက်လို့ လိုချင်လို့တဲ့။ ကိုထွန်းပိုင်ခမျာ ကျန်ရစ်ဖြစ်ပါပြီဟာ'

'ဟင်.. မိအေးပုံရယ်၊ မဟုတ်က ဟုတ်ကတွေ လျှောက်မပြောပါနဲ့ဟာ။ ငါ ရှက်လို့ပါ'

'နင်က ရှက်နေ၊ သရဲက အရှက်မရှိလို့ လိုချင်တယ် ပြောနေတာ'

အေးပုံစကားကြောင့် မိသိုင်းက အားရပါးရ ရယ်လေသည်။

အေးပုံက လိုက်ရယ်ရင်းမှ–

'ငါတို့သူငယ်ချင်းကို သရဲကပါ ကြိုက်ရတယ်လို့ဟယ်။ တကယ်ဆို ရုပ်ရှင်မင်းသားက ကြိုက်ရေါ်လား'



www.burmeseclassic.com

www.burmeseclassic.com

'ဟား··ဟား··ဟိ··အဟိ'

သူငယ်ချင်းသုံးယောက် ခြံထဲမှ ခုံတွင်ထိုင်၍ စကားပြောနေစဉ် နောက်မှ-

'ဘယ်မင်းသားလဲဗျ မအေးပုံ'

'ဟို··ဟိုမင်းသား၊ အယ်··အယ်'

'အဲတော့'

'ဟင်··အစ်ကို၊ ဘယ်တုန်းက ရောက်တာလဲ'

'နေ့လယ်ကရောက်တာ။ မိုးအောင်ကို စောင့်နေရလို့ နောက်ကျတာ။ အစ်ကို အားလုံးကြားပါတယ် သွယ်လေးရယ်'

'ဟင်··ရှက်လိုက်တာ အစ်ကိုရယ်'

'မနက်ကျရင် အာဘဆရာကြီးက ဦးဖိုးစိန်တို့အိမ်ကို လာမယ်။ ဆရာကြီး လာရင် နောက် အဲဒါမျိုး မဖြစ်တော့ပါဘူး'

ထွန်းပိုင်က သူသိ သူကြားတာများကို ပြော ပြရင်း ဆရာကြီးက ဦးဖိုးစိန်၏အိမ်ကို လာလည်ရာ ယခု ရေကျော်ရွာတွင် ရှိနေသည်ကို ပြောပြလိုက်သည်။

အေးပုံနှင့် မိသိုင်းတို့က-

'မိသွယ်··တို့ သွားမယ်။ အနှောင့်အယှက် ဖြစ်ဦးမယ်'

'အေး··ဟုတ်တယ်၊ ဝဋ္ဌလိုက်နေဦးမယ်။ လာ··သွားမယ်'

'နေကြပါဗျာ။ ဘာမှအနှောင့်အယှက် မဖြစ်ပါဘူးဗျ'

'ဟင်း··အင်း··အင်း'

မိသိုင်းနှင့် အေးပုံက မနှင်းသွယ်ကို မေးငေါ့ပြပြီး အနားမှ ထွက်သွားကြသည်။

ထွန်းပိုင်က ကွပ်ပျစ်(ကပြင်စွန်း)တွင် ဝင်ထိုင်ပြီး-

'သွယ်လေး··ဘဘနဲ့ ကြီးကြီးတို့ ဘယ်သွားကြလဲ။ ဒီမှာ တွဲတေးငါးကောင်လေးတွေ ပါလာလို့ပါ'

'အဖေနဲ့ အမေတို့ ရွာဦးကျောင်းကို သွားကြတယ် အစ်ကို'

ထွန်းပိုင်က နေရာရွှေ့ထိုင်ပြီး မနှင်းသွယ်၏ လက်ကလေးကို ကိုင်၍-

'သွယ်လေး··အစ်ကို့အဖေနဲ့ အမေကို ခေါ်လာပြီး နားဖောက်ခိုင်းမယ်နော်။ သွယ်လေး ကျေနပ်တယ် မဟုတ်လား'

'အစ်ကို ကောင်းမယ်ထင်သလို လုပ်ပါ။ သွယ်နဲ့ အစ်ကိုနဲ့ မဝေးရင် ပြီးရောလေ'

ခြံဝင်းအတွင်းကို အေးပုံနှင့် မိသိုင်းတို့ ခပ်သွက်သွက် ဝင်လာကြသည်။

နှစ်ယောက်သား ဝင်ထိုင်ပြီးမှ-

'မိသွယ်··လက်ကောက်ရဲ့မိန်းမ ကြာစူးကို သရဲပူးတာ ဦးဖိုးစိန်က ပရိတ်ကြိုးစွပ်ပေးလိုက်တာ ငြိမ်သွားပြီ။ ကုန်ထမ်းတဲ့ အေးမော်ကြီး သွားပူးနေလို့ သွားကြည့်ကြတာ အများကြီးပဲ။ မိသိုင်းနဲ့တို့ သွားကြည့်မလို့ လိုက်ဦးမလား'

'မလိုက်တော့ပါဘူး အေးပုံရယ်။ အဖေတို့ အမေတို့လည်း ရှိတာမဟုတ်ဘူး။ အစ်ကိုလည်း ရောက်နေတာ'

'အေး··အေး··တို့ သွားမယ်၊ သွားမယ်နော်'

'အေး··အေး'



www.burmeseclassic.com

'ဩော်..ဟုတ်ကဲ့၊ ဟုတ်ကဲ့'

◆ ◆ ◆

လူအများအုံနေသော အေးမော်၏အိမ်တွင် ဦးဖိုးစိန်ပါ ရောက်နေပြီး သရဲသောင်းချိတ် ဝင်ပူးသည်မှာ အတော်ပင် ကြမ်းကြမ်းတမ်းတမ်းဖြစ်သဖြင့် ရွာလူကြီး ဦးရွှေမောင်က ရေကျော်ရွာကို လူလွှတ်၍ ဦးဖိုးစိန်၏ ဆရာကြီးကို ပင့်ခိုင်းလိုက်သည်။

ရွာထဲမှ ခိုင်းလိုက်သူနှင့် ဆရာကြီး လိုက်ပါလာသဖြင့် အေးမော်ကြီး၏အိမ်တွင်,လူတွေ တိုး၍ များသွားသည်။

ထွန်းပိုင်ပါ ရောက်လာပြီး-

'ဟဲ့..ဖိုးစိန်၊ မင်းကွာ။ အမျိုးသရဲမို့လို့ ညှာနေတာလား။ သူများအတွက် အနှောင့်အယှက် ဖြစ်ပါတယ်'

'မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်တော် လုပ်ပေးလိုက်ရင် ထွက်သွားပြီး ပြန်ပြန်ရောက်လာတာပါ'

'အိမ်း..သူမှာက တဏှာစွဲ ရှိနေတာကိုး။ တယ်အတ္တကြီးတဲ့သူပဲကွယ်။ ပရိတ်ကြိုးနဲ့ချည်ပေးပြီး ပရိတ်ရေမန်းနဲ့ လုပ်ပေးပါ့မယ်။ ညှာညှာတာတာပေါ့'

သောင်းချိတ်သရဲက ဝူးဝူးဝါးဝါးနှင့် ခုန်ပေါက်နေသည်။

'မသွားဝူး၊ နှင်းသွယ်ကို ခေါ်သွားမယ်။ ငါ..ငါကွ'

ဆရာကြီးက ဘုရားရှိခိုး၊ ရေခွက်ထဲကို ဆေးမှုန့်အနည်းငယ်ထည့်ပြီး ပရိတ်ကြိုး ဂါထာမန်း၍ သောင်းချိတ်သရဲ ပူးနေသော အေးမော်ကို ရေမန်းနှင့်တောက်ပြီး ပရိတ်ကြိုးနှင့် လည်ပင်းကို စွပ်ပေးလိုက်သည်။

'ဝူး..ဝူး..ပူတယ်၊ ဖြုတ်ပေး။ ငါ..ငါ..အား'

'ကဲ..ကဲ၊ ကောင်းကောင်းမွန်မွန်နဲ့ စကားကိုပြောပါ။ ဘာဖြစ်လို့ ဒီလိုချည်းပဲ ဖြစ်နေရတာလဲ'

'ဟို..ဟို..နှင်း..နှင်းသွယ်ကို လိုချင်လို့။ အခု ပြန်တော့မယ်'

'ဘယ်ကိုပြန်မှာလဲ'

'လက်..လက်ပံပင်ကို'

ကြည့်နေသူများက ရယ်ကြသည်။ သောင်းချိတ် ပူးနေတဲ့ အေးမော်က ထွန်းပိုင်ကို မျက်ထောက်နီနှင့် သေချာစိုက်ကြည့်ပြီး တောက်ခေါက်လိုက်သည်။ အေးပုံနှင့် မိသိုင်းတို့က ပခုံးတွန့်သွားသည်။

'ကဲကွယ်..မင်းကို ဘာမှမလုပ်ဘူး။ ပြန်လွှတ်ပေးမယ်။ လက်ပံပင်မှာလည်း မနေနဲ့။ မင်းတို့ အကြီးအကဲဆီကို သွားမလား'

'မသွားဘူး။ ဒီကိုလာရမှာ မဟုတ်ဘူး'

ရယ်သံများ ထွက်လာသည်။ မနှင်းသွယ်ရဲ့ အဖေနှင့် အမေတို့ပါ ရောက်လာသည်။ ဦးဖိုးစိန်က ခေါ်၍ နေရာပေးလိုက်သည်။

'အိမ်း...တော်ပဲဗျာ၊ မိန်းကလေးရဲ့မိဘများ ရောက်လာတာနဲ့ ဒီဘဝခြားနေတဲ့ မောင်သောင်းချိတ်က ကလေးမလေး မနှင်းသွယ်ကို စုံမက်လို့ အခုပူးကပ်နေတယ်လို့ ပြောတယ်။ အဲဒီတော့ မိဘများက သဘောတူ လက်ခံနိုင်ကြလား'

'ဟာ..ဆရာကြီးရယ်၊ လူ့ဘဝတုန်းကလည်း ဆိုးသွမ်းပြီး ပရမ်းပတာနဲ့၊ သေတော့လည်း စိတ်ထားမဖြောင့်လို့ ဒီဘဝရောက်နေတာ။ ပြီးတော့ မတူလည်း မတူတာကို ကျွန်တော်တို့သမီးနဲ့ လုံးဝသဘောမတူပါဘူး။ သူတို့ ကလေးချင်း သဘောညီနေတာနဲ့ပဲ စုံဖက်ပေးဖို့ ဆုံးဖြတ်ထားပါတယ်'

'ကဲ..ကဲ..မောင်သောင်းချိတ် ကြားတယ်နော်။ ဒါကြောင့် ဒီနေ့ကစပြီး ဘယ်သောအခါမှ အနှောင့်အယှက် မပေးနဲ့တော့။ ဒီနေရာ ဒီအရပ်ကနေ ဝေးရာကို သွားတော့။ ဘုရားအမိန့်၊ သံဃာအမိန့်၊ သူတော်ကောင်းတို့ အမိန့်'

'အေးမော်ကြီးကို ရေမန်းနှင့် ပက်လိုက်ရာ အေးမော်ကြီးမှာ နောက်ပြန်လဲကျပြီး လှိမ့်၍ အော်ဟစ်နေသည်။ ဘေးလူများက သဘောကျကြသည်။

'ကဲ..ကဲ..တော်ပါပြီ။ သွားတော့၊ သွား..သွား'

ဆရာကြီးက အေးမော်ကြီးကို ရေမန်းနှင့်ပက်ပြီး ဆေးမှုန့်နှင့်ပါ နဖူးကို တို့ပေးလိုက်ရာ အေးမော်ကြီးမှာ ငြိမ်သွားသည်။

'ကဲကွယ်၊ သက်ဆိုင်သူများက အလှူဒါနပြုပြီး အမျှဝေပေးလိုက်ပါ'

'ဟုတ်ကဲ့ ဆရာကြီး'

ထွန်းပိုင်က ဆရာကြီးကိုရော မနှင်းသွယ်၏ မိဘများကိုပါ ကန်တော့လိုက်လေသည်။

ရှီးသဥ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

ကိုအေးသိန်း ဆိုလျှင် မသိသူရှား အိမ်ပွဲစား၊ မြေပွဲစားပါ။ ရွှေပြည်သာမြို့နယ်အတွင်းရှိ အိမ်၊ ခြံ၊ မြေတို့ အရောင်းအဝယ်လုပ်လိုလျှင် ကိုအေးသိန်းနှင့်တွေ့မှ အဆင်ပြေတတ်သည်။ ကိုအေးသိန်းသည် ယခင်က မြန်မာနိုင်ငံ ဆေးဝါးစက်ရုံ(B.P.I) မှ လျှပ်စစ်ဝန်ထမ်း တစ်ဦးဖြစ်၏။ အင်းစိန်မြို့၊ ပိန္နဲကုန်းရပ်ကွက်မှာ နေသည်။ သူ နေထိုင်သော ရပ်ကွက်အစွန်တွင် အ·ထ·က(၅) ကျောင်းဆောက်လုပ်ရန် စီမံချက်ကျလာ၍ ရွှေပြည်သာမြို့သို့ ပြောင်းရွှေ့ပေးရ၏။ ကိုအေးသိန်း တစ်ယောက် ကံ ကောင်းသည်ဟု ဆိုရမည်။ နေရာကောင်းကလေး တစ်ခုကို အစားရလိုက်သည်။

ရန်ကုန်မြို့ပေါ်တွင် လူနေထူထပ်လာသည်။ အစားကျပ် အနေကျပ်ဖြစ်ပြီး အိမ်၊ ခြံ၊ မြေဈေးတွေ တရိပ်ရိပ်တက်လာ၏။ မြို့နေလူတချို့က အိမ်နှင့်ခြံကို ဈေးကောင်းရ၍ ရောင်းချလိုက်ပြီး မြို့သစ်တွေကို ပြောင်းရွှေ့သွားကြသည်။ ပိုလျှံသည့် ငွေများဖြင့် အရင်းအနှီးလုပ်ကြသည်။ တချို့ကလည်း ရန်ကုန်မြို့၏ အိမ်၊ခြံ၊ မြေဈေးကွက်ကို မကပ်နိုင်သဖြင့် ဈေးသက်သာသည့် ရွှေပြည်သာမြို့သို့ ပြောင်းရွှေ့လာကြ၏။ တချို့ကျပြန်တော့လည်း လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း နေချင်ကြသည်။

ကိုအေးသိန်းက အကင်းပါးပြီး ဈေးကွက်ကို မြင်သည်။ မြေစာရင်းက လူတစ်ယောက်နှင့် ပူးပေါင်းပြီး အိမ်၊ ခြံ၊ မြေ ပွဲစားလုပ်ကိုင်သည်။ သုံးနှစ်အတွင်း ကြီးပွားချမ်းသာလာ၏။ ကိုအေးသိန်းတစ်ယောက် အင်းစိန်မှာနေပြီး ဆေးဝါးစက်ရုံမှာ အလုပ်လုပ်နေစဉ်က သမထ ပုတီးသမားဖြစ်သည်။ ကွမ်းမစား၊ ဆေးလိပ်မသောက်၊ အရက်မသောက်တတ်တဲ့ သူတော်ကောင်းလေးပါ။

မြန်မာလူမျိုးတွေမှာ မကောင်းသောအကျင့် တစ်ခုရှိ၏။ ကြီးပွားချမ်းသာလာတဲ့ဒဏ်ကို မခံနိုင်ခြင်း





www.burmeseclassic.com

www.burmeseclassic.com

ပင် ဖြစ်သည်။ အနုပညာသမားတွေ နာမည်ကြီးပြီး ငွေရှင်လာရင် အရက်သမား၊ ဘိန်းစား ဖြစ်တတ်၏။ အားကစားသမားများ ငယ်ငယ်ရွယ်ရွယ်နှင့် ကြီးပွားချမ်းသာလာသူများလည်း ထိုနည်းနှင်ပင်။

ကိုအေးသိန်းတစ်ယောက်လည်း ချမ်းသာလာတဲ့ဒဏ်ကို မခံနိုင်တော့သဖြင့် အရက်သောက်၊ ကွမ်းစားတတ်လာသည်။ ငယ်စဉ်က ရိုးသားလိမ္မာ သိမ်မွေ့သလောက် ကြီးလာမှ ကမ်းကုန်အောင် မိုက်နေ၏။ ကြီးမှမိုက်တဲ့ ကြီးမိုက်ကြီး တစ်ယောက်ပင်။ ကွမ်းနှင့် အရက်ကို တစ်နေ့ကုန် မပြတ်စေရ။ တစ်ရေးနိုးရင် ကွမ်းယာကို ထစားလိုက်သေးသည်။ ထိုသို့ ကွမ်းကျွန်၊ အရက်ကျွန်ဖြစ်ပြီး နွံနစ်နေသည်မှာ ငါးနှစ်ကျော်သွားပြီ ဖြစ်၏။ ကျန်းမာရေးကို ဂရုမစိုက်။ အစားအသောက် အနေအထိုင်လည်း စည်းကမ်းမရှိသဖြင့် ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါများ ဧည့်သည်အဖြစ် ရောက်လာကြကုန်သည်။

ရောဂါတွေ ရလာတော့လည်း ဘုရား၊ တရား၊ သံဃာကို သတိရအားကိုးလာ၏။ ပုတီးကို နေ့စဉ် ပြန်စိပ်သည်။ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းများ ကပ်လှူသည်။ လစဉ်နီးပါးမျှ ဘုန်းတော်ကြီးများကို ဆွမ်းပင့်ကျွေးသည်။ သို့သော် ကွမ်းနှင့် အရက်ကိုတော့ မဖြတ်နိုင်။ ငါးပါးသီလယူလျှင် သုရာမေရယကံကို ကျော်၍တောင်းသည်။ အရက်နှင့် ပုတီး ဆန့်ကျင်နေမှန်းတော့သိသည်။ ဘုရားဖက်မှ အသက်ရှည်မည်ဟု ခံယူချက် အပြည့်အဝထား၏။

တစ်နေ့ ညနေဆည်းဆာအချိန်–

အရက်ကို ဇိမ်ခံသောက်လိုက်၏။ ပြီးနောက် ကွမ်းယာကို တစ်စိမ့်စိမ့်ဝါးနေသည်။ ကွမ်းတစ်ယာမညက်ခင်တွင် ရင်ထဲမှ အောင့်လာသည်။ မခံမရပ်နိုင်သဖြင့် မိသားစုက အင်းစိန်ဆေးရုံကြီးသို့ တင်လိုက်ရ၏။ ရောဂါကို အတိအကျ ပြောမရ။ ရောဂါအစုံက တစ်ပြေးညီ နှိပ်စက်ကလူနေသည်။ သွေးကတက်၊ နှလုံးကအောင့်၊ ဆီးချိုကလည်း တရိပ်ရိပ်တက် အားလုံးက သေလိမ့်မည်ဟု ထင်ကြေးပေးကြ၏။ ဆရာဝန်ကြီးကိုယ်တိုင် ကြပ်မတ်၍ ကိုယ်တိုင်ဆေးကုပေးသည်။ ကိုအေးသိန်းတစ်ယောက် သူတော်ကောင်း နတ်မ,သည်ဟု ဆိုချင်သေးသည်။ သုံးရက်မြောက်နေ့တွင် ကိုအေးသိန်းတစ်ယောက် ပြုံးရွှင်စွာ ဆေးရုံမှ ပြန်ဆင်းလာသည်။

မိတ်ဆွေအားလုံးက စုရုံးလာပြီး လူနာအခြေအနေကိုမေးကြ၏။ ကိုအေးသိန်းက လူနာသတင်း လာမေးသူမိတ်ဆွေများကို ထူးဆန်းသောစကားကို ပြန်ပြောပြသည်။

'ဆရာဝန်ကြီးကလည်း ဆေးရုံက ပြန်ဆင်းခိုင်းတယ်။ သေမင်းကလည်း မင်း ရက်မစေ့သေးဘူး။ အိမ်ပြန်လိုက်ဦးလို့ ပြောတယ်'

အားလုံးက တအံ့တသြဖြစ်ပြီး ကိုအေးသိန်းတစ်ယောက် အရက်ကြောင်သွားပြီလို့ ထင်ကြသည်။ ကိုအေးသိန်းက သူ့စကားကို မယုံကြမှန်းသိ၍ ထပ်၍ပြောပြပြန်၏။

'တစ်ည အိပ်မက်ထဲမှာ သေမင်းကိုတွေ့တယ်။ ရုပ်ပုံတွေထဲက ငရဲမင်းကြီးလိုပဲ။ လူအလုံးအထည်က သာမန်လူတွေထက် နည်းနည်းကြီးတယ်။ ခက်ထန်မာကျောတဲ့အကြည့်နဲ့ ကျုပ်ကိုကြည့်ပြီး မင်း အေးသိန်း မဟုတ်လား။ အချိန်မကျသေးဘူး။ အိမ်ကိုပြန်လိုက်ဦးလို့ ပြောတယ်။ အိပ်ရာက လန့်နိုးလာတော့ ရောဂါက နည်းနည်းသက်သာသွားသလိုပဲ'

တချို့က အရက်သမားစကား မှုသားမပါပေမယ့် မယုံချင်ကြ။ အိပ်မက်ဆိုးတွေ မက်နေတာဟုသာ မှတ်ချက်ပြုပြီး ပြန်သွားကြသည်။ ကျွန်တော်ကတော့ အကြွင်းမဲ့ ယုံကြည်မိ၏။ ကိုအေးသိန်းသည် အသက်(၃၈)နှစ်အရွယ်အထိ ပုတီးစိပ်ပြီး မွေးနေ့တိုင်း သက်သတ်လွတ်စားနေကျဖြစ်သည်။ ရက်ပေါင်းကိုးဆယ် အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်သည်မှာလည်း မကြာခဏ။ ကျွန်တော်နှင့်လည်း လပြည့်နေ့တိုင်း ရွှေတိဂုံဘုရားရှိ ဓမ္မစေတီတွင် အတူပုတီးစိပ်နေကျ။ ကြီးမှမိုက်သွား၍ ကြီးမိုက်ဖြစ်သော်လည်း ငယ်ရွယ်စဉ်က စရဏအားက အထောက်အကူပြုပေးမည်မှာ အမှန်ပါ။

ဆေးရုံမှ ဆင်းလာပြီး မကြာခင် ကိုအေးသိန်းတစ်ယောက် ကျန်းမာလာ၏။ စီးပွားရေးအလုပ်ကို ကြိုးစား၍ မလုပ်တော့။ ပုတီးကို အားလပ်တိုင်း စိပ်နေသည်။ အရက်ကို အနည်းငယ်လျှော့သောက်သော်လည်း ကွမ်းကို အားကိုး၍ အဆက်မပြတ်စား၏။ တစ်နေ့ တစ်နေ့ စားသည့် ကွမ်းယာဖိုးကလည်း မနည်း။

ကိုးလခန့်ကြာသောအခါ ရောဂါများ တစ်ကျော့ပြန်



www.burmeseclassic.com

www.burmeseclassic.com

လာသည်။ ကိုအေးသိန်းတစ်ယောက် သွေးတိုး၊ နှလုံးရောဂါဖြင့် အိပ်ရာထဲ လဲနေတော့၏။ ဆရာစုံ အိမ်သို့ ပင့်ပြီး ကုသသဖြင့် ရောဂါမှာ အနည်းငယ် သက်သာသလောက် ရှိလာသည်။

တစ်နေ့တွင် ရင်ဘတ်အောင့်သည်ဟု ပြောသဖြင့် ဆေးရုံသို့တင်ရန် မိသားစုက စီစဉ်ကြ၏။ ညဉ့်နက်သန်းခေါင်ကျော်နေပြီဖြစ်သဖြင့် မနက်မှ ဆေးရုံကို သွားမည်ဟု ပြောပြီး အိပ်မောကျသွားသည်။

'ငါ့ကို ဆေးရုံမတင်ကြနဲ့တော့။ အချိန်တန်ပြီလို့ သေမင်းက ညက ငါ့ကို လာပြောသွားတယ်'

ဇနီးဖြစ်သူက ရိုက်ကြီးတငင်ငိုပြီး-

'မဟုတ်တာ အစ်ကိုရယ်၊ အစွဲအလမ်းမကြီးစမ်းပါနဲ့။ ဆေးရုံကိုသာ သွားကြရအောင်ပါ'

'ဟုတ်တယ် မစန်း၊ ငါ တကယ်သွားရတော့မှာ ငါ့ကို ခေါ်နေကြပြီလေ'ဟု ပြောပြီး ညင်သာစွာ အသက်ထွက်သွားတော့သည်။

ဆေးရုံကို အချိန်မီမတင်လိုက်ရ၍ အားလုံးက ယူကျုံးမရဖြစ်ကြ၏။ ကိုအေးသိန်းတစ်ယောက် သေမင်းက လာခေါ်သွားသည်ကို ပြောပြ၍ မယုံကြသော်လည်း ကိုအေးသိန်း၏ ဆရာရင်း ဦးပဥ္ဇင်းဦးနန္ဒက အောက်ပါအတိုင်း မိန့်တော်မူသည်။

'ကြီးမှ မိုက်ပေမယ့် ငယ်ငယ်က စရဏအားက အတော်ကောင်းခဲ့တယ်။ အခု ရက်စေ့လို့ သေမင်းခေါ်သွားပေမယ့် နတ်ပြည်သွားမလား၊ ငရဲသွားမလားဆိုတာကိုတော့ တစ်ထစ်ချပြောလို့ မရဘူးကွယ့်။ ဦးပဥ္ဇင်းသေချာတာတစ်ခုကို ပြောရမယ်ဆိုရင် မောင်အေးသိန်းရဲ့ ဝိညာဉ်က မသွားသေးဘဲ အိမ်ပတ်ဝန်းကျင်မှာ ရှိနေသေးတယ်'

ကိုအေးသိန်း ကွယ်လွန်ပြီး ရက်လည်ဆွမ်းကျွေးမည့်ညတွင် ကျွန်တော် ရွှေပြည်သာနေအိမ်သို့ ရောက်သွား၏။ နေအိမ်ထဲသို့ ဝင်လိုက်သောအခါ စားပွဲတစ်လုံးပေါ်တွင် အရက်တစ်ပုလင်း၊ ဖန်ခွက်တစ်လုံး၊ ကွမ်းယာတစ်ပန်း ကန်တင်ထားသည်ကို တွေ့လိုက်ရသည်။ စားပွဲအောက်တွင် ကွမ်းတံထွေးခံ တစ်လုံးပင် ထားပေးလိုက်သေးသည်။ ကိုအေးသိန်းကို ဧည့်ခံကျွေးမွေးထားပုံရသည်။ အရက်ပုလင်းက ဂျော်နီဝါကား အကောင်းစားကို အေးသိန်း သောက်နေကျအရက်၊ ကွမ်းယာက ဆယ်ယာလောက် ရှိမည်ထင်သည်။ ကွမ်းယာများကို မုန့်ပန်းကန်အဝိုင်းထဲတွင် ထည့်ထား၏။

စားပွဲကို အိမ်ခေါင်းရင်းတွင် ပြင်ထားပြီး အားလုံးမှာ အလှာပသလှာပ စကားပြောနေကြ၏။ ကျွန်တော် စားပွဲနားသို့ ကပ်သွားသောအခါ ကွမ်းယာများ ထည့်ထားသော ပန်းကန်ပေါ်တွင် ပုရွက်ဆိတ်အနည်းငယ်တက်နေသည်ကို တွေ့လိုက်ရသည်။ ပုရွက်ဆိတ်များဖယ်ပေးရန်အတွက် ကွမ်းယာထည့်ထားသော ပန်းကန်ကို ယူလိုက်သောအခါ ပန်းကန်တစ်ဖက်မှ တစ်ယောက်ယောက်က ဆွဲထားသလို ခံစားရသည်။ ကျွန်တော် အတင်းဆွဲသော်လည်းမရ။

နောက်တော့ သဘောပေါက်သွားပြီး-

'သူငယ်ချင်းကို ကွမ်းယာအသစ် လဲပေးမလို့ပါ။ ကွမ်းယာက ပုရွက်ဆိတ်တက်နေပြီလေ'ဟု ပြောလိုက်မှ ကွမ်းယာပန်းကန်သည် လက်ထဲသို့ ပေါ့ပါးပါလာတော့သည်။

လမ်းထိပ်ရှိ ကွမ်းယာဆိုင်မှ ကွမ်းယာအသစ်များဝယ်၍ လဲပေးပြီး စားပွဲပေါ်သို့ ပြန်တင်ပေးထားလိုက်သည်။ အိမ်သားအားလုံးက သိပုံမရ။

ကျွန်တော်သည် စိတ်မကောင်းစွာဖြင့်-

'ကိုအေးသိန်းရေ..တို့ပြုခဲ့သမျှ ကုသိုလ်တွေအတွက် အမျှပေးဝေပါတယ်။ အမျှ..အမျှ..အမျှ..သာဓုခေါ်ပါ' လို့ အမျှပေးဝေရင်း စားပွဲနားမှ လှည့်ထွက်လာခဲ့သည်။

ထိုစဉ် စားပွဲခေါက်သံ သုံးချက်တိတိကို ကြားလိုက်ရသည်။ သာဓုခေါ်သံပေလားမသိ။

'ဒေါက်..ဒေါက်..ဒေါက်'

မနက်ဖြန်ဆိုလျှင် ရက်လည်ပေတော့မည်။ မိသားစုက ရက်လည်ဆွမ်းကျွေးပြီး ပြုခဲ့သမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့အတွက် အမျှပေးဝေကြတော့မည်ဖြစ်သည်။ အမျှပေးဝေပါက ကိုအေးသိန်းတစ်ယောက် သာဓုခေါ်ဆို အမျှရပြီး နတ်ပြည်သွားမလား ငရဲပြည်သွားမလားဆိုတာ တပ်အပ်မသိနိုင်ပါ။ သို့ပေမဲ့ ကောင်းရာမွန်ရာ ဘဝသို့သာ ရောက်ပါစေလို့ ဆုတောင်းပေးရတော့မည်။

တက္ကသိုလ်ပန်းနှင်ငယ်



www.burmeseclassic.com

www.burmeseclassic.com

ဝယ်ပြီးပါပြီ။ ဒါက ပြဿနာမဟုတ်ပါဘူး။ တကယ့်ပြဿနာက လောင်းလှူလိုက်ရမယ့်ပုဂ္ဂိုလ် ဆရာတော်ရဟန်းသံဃာ တစ်ပါးပါးပါ။ အခုချက်ချင်း အရေးပေါ်လှူရမှာမို့ ဘုန်းကြီးကျောင်းသွားဖို့လည်း အချိန်မရတော့။ အခုမနက်ပိုင်း လှူပေးရမှာမို့ပါ။ လက်ကနာရီ ကြည့်လိုက်တော့ နံနက်(၁၁)နာရီ ရှိနေပါပြီ။

ဒါကတော့ ကျွန်မ ပျာယာခတ်နေတဲ့ အဖြစ်အပျက်ပါ။ အကြောင်းက ဒီလိုပါ။

'ဒေါက်··ဒေါက်··ဒေါက်··ဒေါက်'

အခန်းတံခါးခေါက်သံကြားလို့ ကျွန်မ လန့်နိုးသွားပါတယ်။ ဘယ်သူပါလိမ့်။ တွေးလည်းတွေး ထလည်းထနဲ့ ကျွန်မ အခန်းတံခါးကို ဖွင့်လိုက်ပါတယ်။

တွေ့လိုက်ရတာက သမီး။

'အမေ··အမေ··လုပ်ပါဦး၊ သမီး ဗိုက်အောင့်ပြီး ခါးတွေ ကိုက်နေတာ သမီးမခံနိုင်တော့ဘူး အမေ။ အရင်တစ်ခါလို ပြန်ဖြစ်တယ်နဲ့တူတယ်။ အမေ လုပ်ပါဦး'

အသည်းအသန်ပြောပြီး သူ့အခန်းထဲ ပြန်ဝင်ကာ ခုတင်ပေါ်မှာ လူးလိမ့်နေပါတော့တယ်။

'သမီး··ဆေးသောက်ဖို့ရှိလား'

'သောက်လို့မရဘူး အမေ။ နေ့လယ်ကတည်းက နည်းနည်း,နည်းနည်းအောင့်လို့ သမီး ဆရာဝန်ပြပြီး ဆေးထိုးသေးတယ်။ သက်သာသလိုလိုနဲ့ အခု တစ်အားနာလာတာ အမေ။ အဲဒီတုန်းက အမေမရှိဘူး။ အံပြင်သွားနေတယ်'

ဟုတ်ပါတယ်။ လွန်ခဲ့တဲ့(၁၀)နှစ်လောက်ကလည်း ဒီလိုမျိုး ဖြစ်ခဲ့ဖူးပါတယ်။ မိသားစု ပြည်မြို့ ဘုရားဖူးသွားတုန်းကပါ။ ဘုရားကန်တော့နေတုန်း ရုတ်တရက် သမီး ဗိုက်အောင့်ပြီး ခါးနာ၊ ခါးကိုက်လာတာ။ ချက်ချင်းပဲ ပြည်မြို့က ဆေးရုံကြီးဆီ အရေးပေါ်သွားရပါတယ်။ အနာသက်သာတဲ့ဆေး ထိုးပေးပြီး ရန်ကုန်ကို အမြန်ပြန်လာတာ သျှင်ပါကူဆေးခန်းဝင် ဆေးရုံတင်လိုက်ရပါတယ်။ ပြည်က ဘယ်ဘုရားမှ မဖူးလိုက်ရပါဘူး။

ကျောက်ကပ်က ကျောက်ကြွေတာ ဆီးလမ်းကြောင်းမှာ ပိတ်နေတာတဲ့။ အဲဒါ ကျောက်ကျေအောင် လုပ်ကြည့်မယ်။ မရမှ ခွဲထုတ် စုပ်ထုတ်မယ်ပေါ့လေ။ ဒါပေမဲ့ မခွဲစိတ်ရပါဘူး။ လေဆာနဲ့ ကျောက်ချေပေးတာနဲ့ သက်သာသွားခဲ့ပါတယ်။

အခုဖြစ်တာက အရင်ဖြစ်ခဲ့တာထက် ပိုပြီးနာတယ်လို့ သမီးက ပြောပါတယ်။ နာရီကြည့်လိုက်တော့ မနက်နှစ်နာရီခွဲအချိန်ပါ။ အရေးပေါ် ပို့ရလောက်အောင် နာနေတာမို့ ကားနဲ့ လာခေါ်ပေးဖို့ကို သားကြီးဆီ ဖုန်းဆက်ရပါတယ်။ ချွေးမလည်း မနေသာဘူး။ နှစ်ယောက်စလုံး လာပြီး ဗဟိုစည်ဆေးရုံ အရေးပေါ်တင်လိုက်ရပါတယ်။ အနာသက်သာတဲ့ဆေး ထိုးပေးပြီး မနက်မိုးလင်း ဆရာဝန်ကြီးလာမှ လမ်းညွှန်မှုခံယူရမယ် ဆိုပါတယ်။ ချွေးမကြီးက ဆေးရုံမှာ စောင့်ပေးပြီး သားကြီးက အလုပ်ဆင်းရမှာမို့ ပြန်သွားပါတယ်။ ကျွန်မလည်း အိမ်မှာ ခင်ပွန်းသည်နဲ့ မြေးနှစ်ယောက် ရှိသေးလို့ သူတို့ဝေယျာဝစ္စအတွက် ပြန်ခဲ့ပါတယ်။ သမီးရဲ့ အမျိုးသားက ခရီးသွားနေလို့ အိမ်မှာ မရှိတာပါ။

မနက်(၈)နာရီ ချွေးမကြီးက ဖုန်းဆက်ပါတယ်။ အဝတ်အစားနဲ့ တခြားလိုတဲ့ ပစ္စည်းတွေကို သမီးအိမ်ကပဲ ကိုကိုယူလာပေးကြောင်း၊ စားဖို့လည်းမပူဖို့၊ မဉ္စမှာကို ဆရာဝန်ကြီးကြည့်သွားပြီး ဆေးဓာတ်မှန်ရိုက်ရကြောင်းတို့ကို ပြောပြပါတယ်။ ဘာပဲပြောပြော ဖြေသာပါသေးတယ်။ ဆေးရုံအတွက် အလုပ်မရှုပ်တော့ဘူးပေါ့။ စိတ်တော့ပူနေရတာပေါ့လေ။

မနက်(၁၀)နာရီအချိန်မှာ သမီး ပြန်ပြီးနာလာပြန်ပါတယ်။ ဒါကို ချွေးမကြီးက ဖုန်းနဲ့ရိုက်ပြီး Vibet ကနေ ပုံတွေပို့ပေးတယ်။ ပုံတွေကြည့်ပြီး သမီးကို သနားလိုက်တာ။ အမြဲပြုံးပြုံးပျော်ပျော်နေတတ်တဲ့သမီး ခံစားနေရရှာတယ်။

ကိုယ်ပျော်ရင်လိုက်ပျော်၊ ဗဟုသုတရစရာပုံတွေ စာပေတွေတွေ့ရင် Share ပေးကြတဲ့ ကိုယ့်အပေါင်းအသင်းမိတ်ဆွေတွေ စာပေရောင်းရင်းတွေကိုလည်း ကိုယ့်ခံစားချက်လေး ပြေပါစေအနေနဲ့၊ ဖြေသာပါစေအနေနဲ့ သမီးပုံတွေကို Fb မှာ တင်မိလိုက်ပါတယ်။ တင်မိလိုက်တယ်ဆိုရင်ပဲ ချက်ချင်းဆိုသလို အားပေးသူ၊ ဆုတောင်းပေးသူ၊ ဆေးရုံလာကြည့်ပေးသူ၊ ဖုန်းဆက်သူတွေနဲ့ ကိုယ့်ဒုက္ခ၊ ကိုယ့်အပူတွေ လူတကာကို ကူးစက်ကုန်ပါတော့တယ်။

နေ့လယ်ပိုင်း ဆရာဝန်ကြီးလာပြီး ဆေးခွက်တိုကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါတယ်။ စပါးလုံးအရွယ်လောက်ရှိတဲ့ ကျောက်တစ်လုံးက ဆီးလမ်းကြောင်းထိပ်မှာ ပိတ်နေတာ တွေ့ရတယ်။ ဒါကြောင့် စားဆေး၊ ထိုးဆေး ပေးပါမယ်။ ဒါနဲ့တင် ကျောက်ကျေသွားမယ်၊ ထွက်သွားမယ်ဆိုရင် ထပ်လုပ်ပေးရန် ဘာမှမလိုအပ်ပေမယ့် ကျောက်မကျေ၊ မကျရင်တော့ ဆီးလမ်းကြောင်းမှာ ပိုက်သွင်းပြီး ကျောက်ကို ထုတ်ပေးရပါလိမ့်မယ်လို့ ဆိုပါတယ်။ နောက်တစ်နေ့နံနက်(၁၁)နာရီနောက်ပိုင်း ဘာမှမစားရကြောင်းနဲ့ ညခုနစ်နာရီခွဲမှာ ခွဲခန်းဝင်ရမယ်လို့ သိရပါတယ်။

ဒါကြောင့် နောက်တစ်နေ့မနက်မှာ မိသားစုအားလုံး မှီခိုအားထားရာ မြတ်စွာဘုရားရှင်ထံ ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်းကပ်ပြီး မေတ္တာပို့ ဆုတောင်းကြပါတယ်။ ခါတိုင်းထက်ပိုပြီး ဆုတောင်းမိကြတာပါ။ မနက်(၉)နာရီလောက်မှာ သမီး ထပ်အောင့်တယ်လို့ ချွေးမကြီးက ဖုန်းဆက်ပါသေးတယ်။ အေးပါလေ၊ ဒီညပြီးရင်တော့ သက်သာသွားမှာပါ။

ဒီလိုနဲ့ မနက်ချက်ပြုတ်ပြီးလို့ အိမ်ရှေ့ခန်းမှာ ခဏအမောဖြေနေတုန်း ဖုန်းလာပါတယ်။ ညီမတစ်ယောက်လို ချစ်ခင်ရတဲ့ စာလည်းရေး၊ ဗေဒင်ဟော၊ ယတြာချေပေးတဲ့ဆရာမ ဇင်ဝေဝေနှင်းဆီကပါ။

'မမညွန့်..ညီမ ဇင်ဝေဝေနှင်းပါ။ မမညွန့်သမီး



ဆေးရုံတက်နေတာ fb မှာ အခုမှတွေ့လို့ ဖုန်းဆက်တာပါ။ မမညွန့်သမီးက ဘာနေ့သမီးလဲဟင်'

'တနင်္လာသမီးပါ'

'ဒါဆိုရင် ဘုန်းကြီးတွေ ထိုင်ရင်သုံးတဲ့ နေကာထိုင်တစ်ထည် ဘုန်းကြီးတစ်ပါးပါးကို အခုမနက်ပဲ အမြန်လှူပေးပါနော်'

'ဩော်..ဟုတ်ကဲ့ ဟုတ်ကဲ့ ညီမ၊ ကျေးဇူးပါနော်'

ပြောပြောဆိုဆို ဖုန်းချပြီး နာရီကိုကြည့်လိုက်တော့ (၁၀)နာရီခွဲနေပြီ။ မြို့ထဲမှာ ဆွမ်းခံကြွတဲ့ ကိုယ်တော်တွေ ရှိတတ်ပါတယ်။ မီမှာပါဆိုပြီး အိမ်ပေါ်က အသော့လေး ဆင်းလာခဲ့ပါတယ်။ ဒါဆိုရင် ကျွန်မ ပျာယာခတ်နေရတဲ့အကြောင်း သိသွားပြီပေါ့နော်။

စောစောက ပြောတဲ့အတိုင်း နေကာထိုင်ထည့်ထားတဲ့ အိတ်ကိုကိုင်ပြီး ကျွန်မ လမ်း(၄၀)ကနေ ကုန်သည်လမ်းနဲ့ ဆိပ်ကမ်းသာလမ်းထောင့်၊ အဲဒီကနေ ဆိပ်ကမ်းသာအောက်လမ်း၊ မဟာဗန္ဓုလလမ်းနဲ့ (၃၈)လမ်းထောင့် စတဲ့လမ်းတစ်လျှောက် လမ်းလျှောက်လာသလောက် ဘုန်းဘုန်း၊ ဦးပဉ္ဇင်း ကိုယ်တော်တစ်ပါးဆို တစ်ပါးမှ မတွေ့ရပါဘူးရှင်။ ဆွမ်းစားချိန်နီးပြီမို့ ဆရာတော်များ ကျောင်းအရောက် ပြန်ကြွကုန်ပြီ ဖြစ်ပါလိမ့်မယ် ထင်ပါတယ်။

ဆရာတော်တစ်ပါးမှ မတွေ့တော့လို့ စိတ်မကောင်းစွာနဲ့ပဲ အိမ်ပြန်တော့မယ်ဆိုပြီး ဆိပ်ကမ်းသာလမ်းကို ဖြတ်အကူး (၃၉)လမ်းဘက်မှ ကျက်သရေရှိလှတဲ့ ဆရာတော်တစ်ပါး ထန်းရွက်ယပ် ပခုံးမှာထမ်းလို့ သပိတ်လွယ်ပြီး ကျွန်မနဲ့ မျက်နှာချင်းဆိုင်က ကြွလာတာတွေ့ရပါတယ်။ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း။ ဆရာတော်ရှေ့ကို အပြေးလေးသွားမိပါတယ်။

ရှေ့တော်ရောက်ရင်ပဲ လက်အုပ်ချီပြီး-

'အရှင်ဘုရား..ခေတ္တရပ်တော်မူပါဘုရား။ တပည့်တော်မ၏သမီး တနင်္လာသမီး၏ ကျန်းမာရေး ကောင်းမွန်စေရန် ရည်ရွယ်ပြီး ဒီနေကာထိုင်ကို လှူပါတယ်။ လက်ခံတော်မူပါဘုရား'လို့ လျှောက်လည်းလျှောက် လှူလည်းလှူလိုက်ပါတယ်။

ဆရာတော်က လက်ခံပြီး သာဓုခေါ်ကာ ဆိပ်ကမ်းသာ အလယ်လမ်းဘက်တွေ့ကာ ကြွသွားပါတယ်။

သတိတရနဲ့ နာရီကိုကြည့်လိုက်တော့ (၁၁)နာရီခွဲ



www.burmeseclassic.com

www.burmeseclassic.com

(၁၅)မိနစ်ရှိပါပြီ။ တော်ပါသေးရဲ့၊ မနက်ပိုင်းအချိန်မို့လေး ပဲလို့။ အဲဒီအခါမှ စဉ်းစားမိပါတယ်။ ဆရာတော် ဘယ်ကြွမှာလဲ၊ ဘယ်ကျောင်းကလဲ၊ ဆွမ်းစားမိပါ့မလားလို့၊ သတိတရနဲ့ ချက်ချင်းနောက်ပြန်ပြီး ဆရာတော်ကြွရာ လိုက်ကြည့်တော့ ဆရာတော့်ကို ရိပ်ခနဲ မြင်လိုက်ရသလိုနဲ့ လုံးဝမတွေ့ရတော့ပါ။ တအံ့တသြ ဖြစ်သွားမိပါတယ်။ ဗိုလ်အောင်ကျော်လမ်း အိမ်ပြန်ရောက်တော့ ခင်ပွန်း ဖြစ်သူကို အကျိုးအကြောင်း ပြောပြရင်း အမောဖြေရပါ တယ်။ ထူးဆန်းနေသလားလို့လည်း တွေးမိပါတယ်။

နံနက်(၁၁)နာရီ (၄၅)မိနစ် ဖုန်းလာပါတယ်။

'ဟဲလို‥အမေ‥အမေ၊ အစ်မဥမ္မာလေ ဆီးသွား ရင်းနဲ့ ကျောက်ထွက်ကျသွားတယ် အမေ။ အဲဒါ ဆရာ ဝန်ကြီး ညလာမှ ပြရမယ်တဲ့။ ခွဲခန်းဝင်ဖို့ လို,မလိုကို အဲဒီအခါမှ သိရမယ်တဲ့ အမေ'

ချွေးမရဲ့ ဝမ်းသာအားရ ပြောပြတာတွေပါ။

ချက်ချင်းပဲ ဆေးရုံကို သွားခဲ့ပါတယ်။ ဝေဒနာရဲ့ ဒဏ် မခံရတော့လို့ ပြုံးနေတဲ့ သမီးမျက်နှာကို တွေ့ရ ပါတယ်။ မနက်က ရုတ်တရက် အလှူအကြောင်းလည်း ပြောပြပါရတယ်။ ည(၇)နာရီမှာတော့ ခွဲခန်းဝင်ဖို့ အသင့် ပြင်နေတုန်း ဆရာဝန်ကြီး ရောက်လာပါတယ်။ နေ့လယ် က ကြွေကျတဲ့ကျောက်ကို ဆေးဓာတ်မှန်နဲ့ သေချာစစ် ဆေးပြီး ခွဲခန်းဝင်ရန် မလိုတော့ကြောင်း ပြောပါတယ်။ သမီးအခြေအနေကို စမ်းသပ်စစ်ဆေးပြီး မနက်ဖြန်မနက် ဆေးရုံက ဆင်းနိုင်ပြီဖြစ်ကြောင်း ပြောကြားပါတယ်။

ကျွန်မကတော့ ည(၈)နာရီအချိန် အိမ်ပြန်ခဲ့ပါတယ်။ သမီးနဲ့ ချွေးမကို သားကြီးက မနက်(၉)နာရီ သွားကြိုပါ တယ်။

မိသားစုအားလုံး ပြုံးပြုံးပျော်ပျော် ရှိသွားကြပါပြီ။ ကျွန်မမိသားစုရဲ့ ဖြစ်ရပ်မှန်ဓာတ်လမ်း ပြည့်ပြည့်စုံစုံကို လည်း တင်ပြလို့ ပြီးသွားပါပြီ။ 'ဒီဓာတ်လမ်းအဖြစ်အပျက် အမှန်အကန်ကို ဖတ်ရှုလို့ ပြီးသွားပါရင် မိတ်ဆွေအနေနဲ့ တိုက်ဆိုင်တာပဲလား၊ ထိရောက်မှုပဲလား ဆိုတာကိုတော့ လွတ်လပ်စွာ ထင်မြင်ယူဆပါလို့ ပမာပြုအပ်ပါတယ်ရှင်။

**ညွန့်ညွန့်(ကလော)**


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမူမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီ ဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဉာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ် မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမော သော်လည်း အဆင်မပြေဖြစ်နေသည့် လူပျိုကြီး,အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်, ခြံ,ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။

**အမှတ်-၉၄ (ဝထမထပ်)၊ မွှေးလေးလမ်း(အလယ်) (ရေမြောင်းကြီးအနီး)၊**

**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ဝိတ်ရက်မရှိ) ☎ (01)394727, (01)399426, 09 7300 9994, 09 51 52?21**




www.burmeseclassic.com

www.burmeseclassic.com

သူမနှင့် စတင်တွေ့ဆုံခဲ့သည့် အချိန်က အခုလို ကောင်းကင်မှာ ပြည့်ပြည့်ဝန်းဝန်း ထွန်းလင်းနေတဲ့ မိုးလေ ကင်းလွတ် သီတင်းကျွတ်လို့ အမည်ရတဲ့ မိုးလေကုန်စ သီတင်းကျွတ်လပြည့်ညရဲ့ လှပတဲ့ ညခင်းလေးတစ်ခုမှာပဲ ပေါ့။

ကျွန်တော့်ရဲ့ သူငယ်ချင်းဖြစ်တဲ့ စိုးဝင်းရယ်၊ ကျွန်တော်ရယ် ကျွန်တော်တို့ရပ်ကွက်ရဲ့ ဘုရားပွဲလေးတစ်ခု ဖြစ်တဲ့ မွန်လို ကျိုက္ကမွမ်၊ မြန်မာလို သတ်လွတ်ချမ်းသာ စေတီတော်။ တစ်နည်းအားဖြင့် အရပ်အခေါ် လိပ်ဥကုန်း စေတီကြီးရဲ့ သီတင်းကျွတ်မီးထွန်းပွဲတော်ကြီးကို လူငယ် တို့ ဘာသာဘာဝ ပျော်ရွှင်ဖို့ ရောက်လာရတဲ့ အချိန်မှာပဲ မထင်မှတ်တဲ့ မြင်ကွင်းက ကျွန်တော်တို့ကို ဆီးကြို လေခဲ့တယ်လေ။

'ဟော့ကောင် မောင်ဦး၊ ဟိုမှာကြည့်စမ်း။ မိန်းမလှလေးတစ်ယောက် သိုက်နန်းရှင်ဒန်းရှေ့မှာ ရှိုက်ကြီးတငင် ငိုကြွေးနေတယ်ကွ။ ကြည့်စမ်း၊ ကြည့်စမ်း' ဆိုတဲ့ စကားကြောင့် ကျွန်တော် သူငယ်ချင်းဖြစ်သူ စိုးဝင်း ညွှန်ပြရာ ဘုရားရဲ့ အရှေ့တောင်ထောင့်အရပ်မှာ ရှိတဲ့ သိုက်နန်းရှင်များအတွက်ဆိုပြီး ရည်စူးလှူဒါန်းထားတဲ့ ဒန်းပုခက် ရှေ့ကို ကျွန်တော့်အကြည့်အားလုံး ပို့လွှတ်လိုက်မိတယ် ဆိုလျှင်ပဲ ကျွန်တော့်မျက်စိကိုပင် ကျွန်တော် မယုံလောက်အောင် ရှိလှတဲ့ မြင်ကွင်းတစ်ရပ်က ကျွန်တော့်ကို အံ့သြမှင်တက်မိသွားအောင်အထိ ကိုပဲ ညှို့ယူဖမ်းစားရင်း ကျွန်တော့် အသိအာရုံကို ချုပ်နှောင်လို့ ထားခဲ့ တယ်။

ဟုတ်တယ်၊ ကျွန်တော် တကယ် ကို အံ့သြသွားတယ်။ ဘယ်လိုမှ မထင်မှတ်လောက်အောင် ကြွေရုပ် ကလေးတမျှ လှပလွန်းရှာတဲ့ အပြစ် *ကင်းစင်လှတဲ့ သူမရဲ့ ပါးပြင်မှာ* မျက်ရည်စတွေ ခိုတွဲရင်း ရှိုက်ကြီး တငင် ငိုကြွေးနေပုံက တကယ့်ကို သနားစရာကောင်း လွန်းလှအောင် ရှိနေခဲ့တယ်။

သူမ ဘာကြောင့်ငိုတာလဲ၊ သူမ ဤမျှအထိ ဘယ် သို့သော သောကတွေ ဒုက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေ ရလို့ ငိုကြွေးနေတာလဲ ဆိုတာကိုတော့ ကျွန်တော် မသိ။ သို့သော် သူမ ငိုကြွေးနေခဲ့တာတော့ အမှန် ပင်။ ဤမျှအထိ ငိုကြွေးနေသော သူမ၏အနားတွင် အဖော်ဟူ၍ တစ်ယောက်မျှမရှိ။ ဒါဆိုလျှင် သူမ ငိုကြွေးနေမှုသည် အဖော်တွေနဲ့ ကွဲကွာသွား၍ ငို ကြွေးနေမှုသည်လား ကျွန်တော် မခွဲခြားတတ်။ သို့ သော် ဤသည်လည်း မဖြစ်နိုင်ဟူ၍တော့ ကျွန် တော့်ရင်မှာ အလိုလိုသိနေမိတယ်။

ဟုတ်တယ်။ သူမ ဒီအသက် ဒီ အရွယ်နှင့် မျက်စိလည် လမ်းမှား စရာ အကြောင်းမရှိ။ ဤဘုရား၏ ရင်ပြင်တော်သည်လည်း တစ် ယောက်နှင့်တစ်ယောက် လမ်းစ ပျောက်သွားလောက်အောင် အထိ မကျယ်ဝန်း။



www.burmeseclassic.com

www.burmeseclassic.com

သို့ဆိုလျှင် သူမ ဘာကြောင့်ငိုသနည်း၊ သူမ ဘာကြောင့် ဝမ်းနည်းနေသနည်း။ အတူလာ ချစ်သူကပင်လျှင် အဖော်ခွာလို့ ပစ်ခွာခဲ့ရော့လေသလား။

ဤကဲ့သို့ ကျွန်တော် အတွေးပွားနေမိစဉ်မှာပဲ-

'စံပယ်ရယ်··ငါတို့မှာဖြင့် ရှာလိုက်ရတာ။ နင်က ဒီမှာ လာငိုနေတယ်။ ဟုတ်လား' ဆိုတဲ့ အနားရောက်လာတဲ့ အမျိုးသမီးကို သူမက တစ်စက်လေးမှ လှည့်မကြည့်သလို သူ့အား မပြောနေသည့်အလား ရှိုက်ကာ ရှိုက်ကာ ငိုကြွေးနေပုံကိုကြည့်ရင်း ကျွန်တော် အံ့သြနေမိတယ်။

'အဲဒါကြောင့် ငါ ဒီကိုမလာချင်တာ။ ဒေါ်ဒေါ်သာ သိကြည့် ငါတော့ အပြောခံရတော့မယ် မိစံပယ်ရယ်။ ကဲ··ထ··ထ။ ငါ့မှာတော့လေ သိပ်သွားချင်တဲ့ နေရာလေးကို သွားရပါစေတော့ဆိုပြီး အဒေါ်ကို လိမ်လိုက်





www.burmeseclassic.com

www.burmeseclassic.com

ညာလိုက်ရတာ။ အခုတော့ ညည်းလုပ်ပုံက ငါ့ကို ခေါင်းရော ထိပ်ရော ပူအောင် လုပ်နေပြီအေ။ ထ‥ထ' ဆိုတဲ့ အဖော်လုပ်သူ့ရဲ့ အတင်းဆွဲခေါ်မှုအပေါ် သူမ မည်သို့မျှ ခွန်းတုံ့ပြန် မငြင်းဆိုသော်ငြား သူမ၏ မျက်လုံးနှင့် အကြည့်များကတော့ ဒန်းပုခက်မှ တစ်စက်ကလေး ခွာမသွားပေ။

'မောင်ဦး‥ဘာလဲ၊ မင်းဥစ္စာစောင့်မလေးကို စွဲလမ်းသွားပြီထင်တယ်' ဆိုတဲ့ သူငယ်ချင်းဖြစ်သူ စိုးဝင်းရဲ့စကားကြောင့် ကျွန်တော် တကယ်ကို တွေဝေသွားခဲ့ရပါတယ်။

ဟုတ်ပါတယ်။ တကယ့်ကို ကျွန်တော် တွေဝေသွားခဲ့ရပါတယ်။ ဥစ္စာစောင့်ဆိုတာ ဒီလိုခေတ် ဒီလိုအခါမှာ ဒီစကားဟာ ယုံစရာလား။ ဒဏ္ဍာရီဆန်လွန်းတဲ့ သိုက်သမိုင်းတွေ၊ ပုံပြင်ဆန်လွန်းတဲ့ သိုက်ရာဇဝင်တွေဟာ ဒီခေတ် ဒီအခါမှာ ရယ်စရာလို့သာ ဆိုရမှာဖြစ်တယ်။

ကျွန်တော် မယုံ။ သို့သော် ကျွန်တော် ယုံလိုက်မိတာက ပယောဇ္ဇမျိုးများစွာနဲ့ ဒန်းပုခက်ရှေ့မှာ ငိုနေတဲ့ သူမဝေဒနာတွေကို မဖြေသာစွာ ခံစားနေရရှာတဲ့သူမ။ အဖော်တွေခေါ်ရာနောက်ကို အားမပါသောခြေလှမ်း တွန့်ဆုတ်သောလိုက်ပါမှုတွေနဲ့ လိုက်ပါရင်း နွယ်ဒန်းပုခက်ကို တမ်းမှန်းလျက် အကြည့်တွေနဲ့ တွယ်တာစွာကြည့်ရင်း မျက်ဝန်းကမျက်ရည်စတွေနဲ့ လှနေရှာတဲ့ တကယ်ကိုချစ်စရာအလှလေးကတော့ ကျွန်တော့်ဘဝမှာ ကျွန်တော့်အသိအာရုံမှာ ထာဝရမေ့ပျောက်၍မရနိုင်ဘူးဆိုတာကိုတော့ ကျွန်တော် ယုံကြည်လိုက်မိပြီလေ။

◆◆◆

'ဟုတ်တယ် သူငယ်ချင်း၊ တကယ်တော့ မင်း တမ်းတစွဲလမ်းနေတဲ့ စံပယ်ဆိုတာ ဥစ္စာစောင့်မလေးပဲ သူငယ်ချင်း' ဆိုတဲ့ စိုးဝင်းစကားကို ကျွန်တော် ဘယ်လိုနည်းနဲ့မှ လက်သင့်မခံနိုင်။

စံပယ်ဆိုတာ လူ၊ လူကမွေးတဲ့ လူသားစင်စစ်လေ။ ဒါကို စိုးဝင်းက ဥစ္စာစောင့်လို့ ပြောတာကို ကျွန်တော် ဘယ်နည်းနဲ့မှ လက်သင့်မခံနိုင်။

'အေး‥လက်မခံနိုင်တာတော့ မင်းအပိုင်းပဲလေ။ တို့အားလုံး သိထားတာက စံပယ်ဟာ သိုက်ကလာတာ။ ဒါကြောင့် သူဟာ အမြဲတမ်း သိုက်နန်းကို ဆက်သခြင်းအမှု အမြဲပြုရတယ်။ မနှစ်ကဆိုရင် သူ့ အကြီးအကျယ် နေမကောင်းဖြစ်တယ်။ ဒါကို ငါတို့ စုံစမ်းကြည့်တော့ သိုက်က ပြန်ခေါ်မလို့ လုပ်တာတဲ့။ ဒါကြောင့် သူ့ကို ပိုင်ရာဆိုင်ရာတွေနဲ့ အပ်နှံချုပ်နှောင်ပြီး အသက်တောင်း ရတယ်တဲ့လေ'

'အင်း‥ဒီလို တောင်းလိုက်လို့ သူ့အသက် ရှင်လာရောလား'

'အေးလေ၊ အခု မင်းတွေ့တဲ့အတိုင်းပဲ။ သူ အသက် ရှင်လို့ မင်းနဲ့ တွေ့ရတာပေါ့'

'ငါတော့ မယုံဘူး စိုးဝင်း။ ဒါဟာ အစွဲအလမ်းတရားတွေ။ လူဆိုတာ သေချိန်မှာ သေရမယ်။ သေချိန် မကျရင် သေလို့မရဘူး။ လူတစ်ယောက်ရဲ့ အသက်ရှင်ခြင်း၊ သေခြင်းကို ဘယ်လိုပုဂ္ဂိုလ်ကမှ ဟန့်တားပြုပြင် ပြောင်းလဲလို့ရတဲ့ အရာမဟုတ်ဘူးလို့ ငါမြင်တယ်။ ကံ၊ ကံရဲ့ အကျိုးအရ အသက်ရှင်ကြတယ်။ ကံ,ကံရဲ့ အကျိုးအရ အသက်တိုကြတယ်။ ဒါတွေကိုပဲ ငါယုံတယ်။ မင်းပြောတဲ့ ဥစ္စာစောင့်တို့၊ သိုက်တို့က အသက်ရှည်ခြင်း တိုခြင်းကို မဖန်တီးနိုင်ဘူးလို့ ငါတော့မြင်တယ်'

'ဟုတ်တယ် သူငယ်ချင်း၊ တရားသဘောအရကြည့် ရင်တော့ မင်းပြောတဲ့ ကံ,ကံရဲ့အကျိုးကြောင့် အသက် ရှည်ခြင်းမှန်တယ်။ ဒါပေမဲ့ ဥစ္စာစောင့်တို့ သိုက်တို့ဆိုတဲ့ ပုဂ္ဂိုလ်တွေ ဝင်စားတဲ့ လူတိုင်းမှာတော့ အသက်ကို သူ တို့ သိုက်နန်းက လိုသလို ပြောင်းလဲပစ်နိုင်တယ် ဆိုတာ ကိုတော့ ငါတို့ သိထားတယ်။ ယုံလည်း ယုံတယ်'

'အေး‥မင်းယုံပေမဲ့ ငါမယုံဘူး စိုးဝင်း။ တို့ငယ်ငယ်က ကာဆက်ဇာတ်လမ်းတွေ နားထောင်ဖူးပါတယ် ဘာတဲ့၊ မမြစိမ်းသိုက်သမိုင်းတဲ့။ ဒီသိုက်သမိုင်း တကယ့်ကို စိတ်ဝင်စားစရာ၊ သနားစရာ၊ ကရုဏာသက် စရာ၊ လွမ်းစရာ၊ ဆွေးစရာကောင်းတဲ့ ဇာတ်လမ်းတစ် ပဲ။ ဒါပေမဲ့ ဒါကို အမှန်ပါလို့တော့ ငါတော့ လက်သ မထားဘူး'

'ဒါတော့ မင်း တစ်ယူသန်တာပဲလေ။ ရွှေ မူလခဲသိုက်၊ မမြစိမ်းသိုက် ဆိုတာတွေဟာ သာမန် တွေ မဟုတ်ဘဲ တစ်ချိန်တစ်ခါက တကယ်ကို အ အရှုံးရှိခဲ့တာတွေပဲ သူငယ်ချင်း။ ဒီလိုရှိခဲ့လို့လည်း အထင်ကရရှိခဲ့လို့လည်း သိုက်နန်းရှင်တို့၊ သိုက် တော်တို့ ဆိုတာတွေကို နတ်ကွန်းနတ်နန်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

ပေးကြတာပဲ ဖြစ်တယ်။ တကယ်မရှိရင် ဒါတွေ ထားပါ မလားကွာ’

‘အေး··ငါသိတာကတော့ ဒါတွေအားလုံးဟာ မိစ္ဆာ အယူတွေပဲ။ တို့ဗုဒ္ဓဘာသာမှာ ကိုးကွယ်ရာဆိုတာ ဗုဒ္ဓမှ တစ်ပါး အခြားမရှိဘူး သူငယ်ချင်း’

‘အေး··ဟုတ်တယ်၊ မှန်တယ်။ ကိုးကွယ်ရာဆိုတာ ဗုဒ္ဓမှတစ်ပါး အခြားမရှိဘူး ဆိုတာကိုတော့ ငါလည်း လက်သင့်ခံတယ်။ ဒါပေမဲ့ သိုက်မရှိဘူး၊ နတ်မရှိဘူး ဆိုတာကိုတော့ လက်သင့်ခံလို့ မရဘူး သူငယ်ချင်း’

‘အေး··ထားပါတော့။ ဒါဆိုရင် စံပယ်ဟာ ဥစ္စာ စောင့်မလေးပေါ့။ အေး··ဥစ္စာစောင့်မကို ငါ ချစ်လို့မရဘူး လား။ ဥစ္စာစောင့်မလေးကို ငါ တွယ်တာလို့ မရဘူးလား’

‘မှန်တယ် သူငယ်ချင်း၊ ဥစ္စာစောင့်မလေးကို မင်း ချစ်လို့ရတယ်။ တွယ်တာလို့ရတယ်။ သံယောဇဉ်ရှိလို့ ရတယ်။ အေး··ခက်တာက သူတို့မှာ အိမ်ထောင်သား မွေးလုပ်မရတဲ့ အချက်တွေ၊ ရသည်ထားဦး သာသနာပြု ခွင့်မရှိတဲ့ အချက်တွေ ဒါတွေ အများကြီးရှိတယ်။ အဲဒီ တော့ မင်းတို့ ချစ်ပြီး အကယ်၍ စံပယ်က အိမ်ထောင် ပြုမရပါဘူးတဲ့၊ မင်းတို့ ဘယ်လိုလုပ်မလဲ’

‘အိမ်ထောင်ပြုလို့ မရဘူးဆိုတာ ငါ လက်သင့်မခံ ဘူး’

‘အေး··ဒါလည်း ထားဦး၊ ပြုလို့ရလို့ ပြုတယ်ထား မင်းတို့ မွေးဖွားလာမယ့် သားရတနာတွေ၊ သမီးရတနာ တွေကို မင်းတို့ သာသနာ့အမွေ ပေးချင်ပြီ။ ဒီလိုအခါ တွေမှာ ပြဿနာက စပြီ။ သူတို့က သာသနာပြုတာကို လက်သင့်မခံဘူး’

‘နို့··နေစမ်းပါဦး။ သာသနာပြုတာ ကောင်းမှုလုပ် တာပဲ။ ဒါကို သူတို့က ဘာလို့လက်သင့်မခံနိုင်တာလဲ’

‘အေး··ဟုတ်တယ်။ ကောင်းမှုလုပ်တာကိုပဲ သူတို့ က လက်သင့်မခံနိုင်တာ။ ဘာလို့လက်သင့်မခံလဲဆိုရင် ကောင်းမှုလုပ်သူဟာ ကောင်းရာဘုံဌာနကို ရောက်မယ်။ အဲဒီအခါမှာ သူတို့လွှတ်လိုက်လို့ လူ့ပြည်ကို ရောက်လာ တဲ့ သူတို့လူဟာ သူတို့ဆီကို ပြန်မလာတော့ဘူး။ ကောင်း ရာဘုံကို ရောက်သွားမယ်။ တကယ်တော့ သူတို့ဟာ အပါယ်ဘုံသားတွေ။ နောင်ဘုရားပွင့်မှ ကျွတ်မယ့်လွတ် မယ့်သူတွေ။ ဒါကြောင့် ကုသိုလ်ပြုမှာကို မလိုလားဘူး။ ဒါကို မရရအောင် ပြုမယ်ဆိုရင်လည်း သူတို့ကလည်း မရရအောင် ဖျက်ကြလိမ့်မယ်။ ဒီအခါ မလိုလားအပ်တဲ့ စိတ်ဆင်းရဲမှုတွေ ကြုံတွေ့ခံစားကြရမယ်။ ဒါကြောင့် မင်း စံပယ်အပေါ်ထားမိတဲ့ သံယောဇဉ်ကို အခုကတည်း က ကြိုတင်ဖြတ်ထားသင့်တယ်။ မထားမိဖို့ကိုလည်း ငါ အတန်တန် တားမြစ်ချင်တယ် သူငယ်ချင်း’ဆိုတဲ့ စိုးဝင်းရဲ့စကား ကျွန်တော့်ရဲ့နားကို ဘယ်လိုပဲ ထိုးဖောက် ဝင်ရောက်လာခဲ့ပေမဲ့ ကျွန်တော်ဟာ ဖွတ်တဲ့ရွတ်နိုင်စွာပဲ စံပယ်အပေါ်ထားတဲ့ သံယောဇဉ်ကို မဖြတ်ရက်ခဲ့။

ဒီလိုနဲ့ ကျွန်တော် တွယ်တာပြီးရင်းသာ တွယ်တာ ခဲ့မိတယ်။ အဲဒီနောက်ပိုင်းတွေမှာ ကျွန်တော်ဟာ စံပယ့် အိမ်ဘက်ကို ချောင်းပေါက်မတတ်လျှောက်ရင်း စံပယ်နဲ့ ရင်းနှီးမှုတွေကို အရယူခဲ့တယ်။

ဟုတ်တယ်လေ။ တကယ်တော့ ကျွန်တော် စံပယ် ကို မခွဲနိုင်တော့ဘူးဆိုတဲ့ အချက်ဟာ သေချာနေခဲ့တယ် လေ။

စံပယ်ရဲ့ အငိုမျက်လုံးတွေကြားက တကယ့်ကို အပြစ်ကင်းစင်နေတဲ့ အလှဟာ ကျွန်တော့်ရဲ့ရင်ကို ကြိုး တစ်ချောင်းပမာ ခိုင်ခိုင်တုပ်နှောင်ခဲ့ပြီဆိုတာ ကျွန်တော် ယုံကြည်နေမိတယ်။

ချစ်တယ်။ ဟုတ်တယ်၊ ကျွန်တော် စံပယ့်ကို တကယ့်ကို စွဲစွဲလမ်းလမ်းကို ချစ်ခဲ့မိတယ်ဆိုတာ အခု တိုင်ပင် သိနေဆဲ။

◆ ◆ ◆

မဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတဲ့ ကြားထဲကပဲ ကျွန်တော်နဲ့ စံပယ်ဟာ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်။ အဟာန့်အတား အနှောင့်အယှက်တွေ ကြားထဲကနေ ချစ်ခဲ့ရတဲ့ အချစ်မို့ လည်း ပို၍ခိုင်မြဲလှတယ်လို့လည်း ဆိုရမှာဖြစ်တယ်။

‘ညီမလေး အစ်ကို့ကိုချစ်တယ်။ အစ်ကို့ကို ချစ်ရလို့ ညီမ ဘယ်တော့မှ နောင်တရမှာ မဟုတ်ဘူး။ အစ်ကို့ကို ချစ်မိလို့ သေရမယ်ဆိုရင်တောင် ပြုံးပြုံးလေးနဲ့ ညီမ အသေခံရဲတယ်။ ချစ်တယ် အစ်ကိုရယ်’ ဆိုတဲ့ စကား လေးက ကျွန်တော့်ရင်ကို ပို၍နွေးထွေးစေလွန်းလှတယ်။ အချစ်က မွေးဖွားလာတဲ့ ခွန်အားတွေနဲ့ သူမ သတ္တိတွေ ရှိလာခဲ့တယ်။

‘အစ်ကိုနဲ့ လက်မထပ်ရဘူးလို့ ညီမရဲ့ အဖေတော်က



www.burmeseclassic.com

www.burmeseclassic.com

အစ်ကို၊ အစ်မတွေက ဟန့်တားကြတယ် အစ်ကို။ ဒါပေမဲ့ ညီမ နောက်မဆုတ်နိုင်ဘူး။ အစ်ကိုနဲ့ မခွဲနိုင်ဘူး။ သေချင်းသေ အစ်ကို့ရင်ခွင်ထဲမှာ သေပါစေ အစ်ကို။ ညီမ ကျေကျေနပ်နပ် သေပါ့မယ်'

သူမရဲ့စကားက ကျွန်တော့်ရင်ကို တကယ်လှုပ်ခတ်စေတဲ့ စကားတွေပဲ ဖြစ်တယ်။ တကယ်တမ်း လက်ထပ်ကြလျှင်ရော သူ့အတိတ်က အစ်ကို၊ အစ်မတွေက တကယ်ပဲ ကျွန်တော်နဲ့ သူ့ရဲ့ ချစ်ခြင်းကို ခွဲကြမှာလေလားလို့ ဥစ္စာစောင့်တွေ၊ သိုက်တွေကို အယုံအကြည်မရှိတဲ့ ကျွန်တော်ပင် အတွေးဝင်တိုင်း တုန်လှုပ်မိခဲ့တယ်။

သံသယတွေကို မဖြစ်နိုင်ပါဘူးဆိုတဲ့ အတွေးတွေနဲ့ ချေဖျက်မိနေပေမဲ့ သူမက ကျွန်တော့်အတွက်နဲ့ လောကကို စွန့်ခွာသွားရမယ့် အဖြစ်ဆိုးမျိုးကိုတော့ ရင်မဆိုင်စေချင်တာ ကျွန်တော့်ရဲ့ ဆန္ဒအမှန်ပဲ ဖြစ်တယ်။

'အန်တီတို့အနေနဲ့ သားကို မေတ္တာရပ်ခံချင်တာက သားနဲ့ သမီးတို့ ချစ်ခင်နှစ်သက်နေတာ အန်တီတို့ဘက်က သဘောမတူစရာ အကြောင်းမရှိပါဘူး။ သားက ရည်ရည်မွန်မွန် လူတော်လူကောင်းတစ်ယောက် ဖြစ်တဲ့အပြင် ဘွဲ့ရပညာတတ်တစ်ယောက်မို့ အန်တီတို့အနေနဲ့ ကန့်ကွက်စရာ အကြောင်းမရှိပါဘူး။ ဒါပေမဲ့ အန်တီတို့ မေတ္တာရပ်ခံချင်တာကတော့ သမီးလေးရဲ့ အတိတ်ကံမလှတဲ့ ကိစ္စကြောင့် သားလေးကို သမီးလေးနဲ့ တစ်ဘဝ ထူထောင်ကြဖို့ ကိစ္စကို အန်တီတို့အနေနဲ့ သမီးလေးအပေါ် ငဲ့ညှာသောအားဖြင့် မစဉ်းစားပါနဲ့လို့ မေတ္တာရပ်ခံချင်တာပါ။ သမီးလေးရဲ့ အသက်ဟာ သားလေးအပေါ်မှာ မူတည်နေပါတယ်။ သား စဉ်းစားပါ။ သားသိပ်ချစ်တဲ့ မိန်းကလေးတစ်ယောက် အသက်ရှင် ကျန်းမာစွာ နေသွားတာကို မြင်လိုတယ်ဆိုရင် သားလေး နောက်ဆုတ်ပေးပါလို့ မတန့်တားရက်တဲ့ကြားကပဲ ဟန့်တားပါရစေ သားလေးရယ်'

ဆိုတဲ့ အကြမ်းမပါတဲ့ နူးညံ့တဲ့ တိုက်စစ်တွေနဲ့ ထိုးနှက်လာတဲ့ စံပယ့်မိခင် အန်တီချိုရဲ့ စကားတွေက ကျွန်တော့်အတွက် တွေဝေငေးမောစေတဲ့ စကားလုံးတွေလို့ပဲ ဆိုရမှာ ဖြစ်တယ်။

တကယ်တော့ ကျွန်တော့်ချစ်သူ စံပယ်ကို ကျွန်တော် မသေစေချင်။ သို့သော် အပြစ်မဲ့သော ချစ်သူကို ဘာမဟုတ်တဲ့ အဓိပ္ပာယ်မဲ့ အကြောင်းပြချက်တွေနဲ့ ခွဲထွက်

စွန့်ပစ်ခဲ့ရမယ် ဆိုပြန်တော့လည်း ကျွန်တော့်မှာ မလုပ်ရက်။ ရက်စက်လွန်းတဲ့နှလုံးသား ကျွန်တော့်မှာမရှိ။ ဤသို့ဆိုပြန်တော့ ကျွန်တော် သူမကို လက်တွဲရမည်လား။

'စဉ်းစားပါ မောင်ဦးရာ။ ရှုပ်ထွေးလှတဲ့ မင်းတို့နှစ်ဦး ကြားက မမြင်နိုင်တဲ့ အကြောင်းတရားကိုတော့ ငါတို့လည်း ဝေဖန်ရ ခက်တယ်ကွာ။ လုပ်ပါလို့လည်း မတိုက်တွန်းရဲသလို ဖျက်ပါလို့လည်း ငါတို့ မဆိုရက်ဘူးလေ။ အဲဒီတော့ မင်းတို့ စွန့်စားကြမလား၊ အသည်းကွဲခံပြီး စွန့်လွှတ်ကြမလား။ သေွးအေးအေးနဲ့ စဉ်းစားပါ သူငယ်ချင်း'ဆိုတဲ့ သူငယ်ချင်းတွေရဲ့ စကားကလည်း ကျွန်တော့်ရဲ့ ဝေဝါးမှုကို မဖြေဖျောက်နိုင်ခဲ့။

ထို့အတူ သူမရဲ့ 'ညီမလေး အစ်ကို့ကိုချစ်တယ်။ အစ်ကို့ကို ချစ်ရလို့ ညီမ ဘယ်တော့မှ နောင်တမရဘူး။ နောင်တရမှာလည်း မဟုတ်ဘူး။ အစ်ကို့ကိုချစ်မိလို့ သေရမယ်ဆိုလျှင်တောင် ပြုံးပြုံးလေးနဲ့ ညီမ အသေခံရဲတယ်။ ချစ်တယ် အစ်ကိုရယ်'ဆိုတဲ့ စကားလုံးတွေနဲ့ ရုန်းမထွက်နိုင်အောင် ချည်နှောင်ရင်း ရင်တွင်း တိုးဝင်လာတဲ့ သူမရဲ့ စကားသံတွေကို ပြန်လည်ကြားယောင်မိပြန်တော့လည်း သူမကို ခွဲခွာရဖို့ဆိုတဲ့ အတွေးတွေ ကျွန်တော့်ရဲ့ နှလုံးအိမ်မှာ ကွယ်ပျောက်ခဲ့ရပြန်ပါတယ်။

'အချစ်ဆိုတာ စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်းတွေနဲ့ တည်ဆောက်မှ မေတ္တာစစ် မေတ္တာမှန် ဖြစ်တယ်။ အချစ်ဆိုတာကို ဗန်းပြပြီး လိုချင်တာကို အရယူမယ်ဆိုလျှင် ဒါဟာ အတ္တချစ်၊ တစ်ကိုယ်ကောင်းချစ်။ ဒီအချစ်ဟာ အချစ်စစ် အချစ်မှန်လို့ ခေါ်လို့မရတဲ့အချက်ပဲ ဖြစ်တယ်။ ဒါကြောင့် မင်းချစ်သူ ကောင်းစားရေး မင်းနှလုံးသွေးနဲ့ ရဲရဲရေးပြနိုင်ရမယ်'ဆိုတဲ့ အချစ်ဒဿန စကားလုံးတွေကို သုံးပြီး ခုချိန်ထိ ခွင့်လွှတ်ချစ်နဲ့ ကျန်ရစ်ဖြစ်နေခဲ့ရတဲ့ ဝင်းညွန့်ရဲ့ ဒဿနစကားတွေကလည်း မှန်နေလေလား မစဉ်းစားတတ်။

'အချစ်နဲ့ ပတ်သက်လာရင် သတ္တိရှိရမယ်ကွ။ ဘာမဟုတ်တာကို အကြောင်းပြပြီး ရှောင်ထွက်တာ သဘောကြောင်တဲ့သူတွေရဲ့ လုပ်ရပ်ပဲကွ။ မင်း စဉ်းစားကြည့်။ မိန်းကလေးဖြစ်တဲ့ စံပယ်ကတောင် သတ္တိရှိ[illegible]တယ်။ ကာယကံရှင်ကတောင် အသက်စွန့် ချစ်ရဲတ[illegible] ဒါကို မင်းက တွေဝေနေတယ်ဆိုရင် ဒါဟာ မင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘောကြောင်တာပဲ။ စစ်မလာခင်က မြားကုန်တဲ့ အတွေးတွေ ဖယ်လိုက်စမ်းပါ။ သတ္တိရှိလိုက်စမ်းပါ' ဆိုတဲ့ သူငယ်ချင်းက တစ်မျိုး။

'ဟုတ်တယ် သူငယ်ချင်း၊ မင်း သူပြောတာ မှန်တယ်။ စံပယ်ဟာ မင်းကို သတ္တိရှိရှိနဲ့ ချစ်တယ်။ အရာရာကို ယုံကြည်အားကိုးစွာ မင်းကို ပုံပြီးချစ်တယ်။ မင်းသူ့ကို ဘယ်တော့မှ စွန့်ခွာသွားမှာ မဟုတ်ဘူးလို့ သူယုံကြည်ကိုးစားထားတယ်။ ဒါကို မင်းက မမြင်ရတဲ့ ပရလောကကို အကြောင်းပြပြီး ရှောင်ထွက်ခဲ့မယ် ဆိုရင်ရော စံပယ် အသက်ရှင်သွားလိမ့်မယ်လို့ မင်း ထင်သလား။ အသက်ရှင်သည်ထား၊ သူ့နှလုံးသားတစ်ခုလုံး တစ်စစီလောင်ကျွမ်းသွားရတဲ့အတွက် သူပျော်မွေ့နေလိမ့်မယ်လို့ မင်းထင်နေလား။ လူတိုင်းဟာ ကိုယ့်ချစ်သူရဲ့ ရင်ခွင်မှာ နာရီ၊ မိနစ်၊ စက္ကန့်လေးပဲ နေရ,နေရ နေချင်ကြတာ သဘာဝပါ။ သူငယ်ချင်း..သေဆုံးခြင်း၊ ကွေကွင်းရခြင်းဆိုတာ ကံတရားနဲ့ပဲ ဆိုင်တယ်လေ။ ဘေးပယောဂကြောင့် ကွေကွင်းရတယ် ဆိုတာဟာ အဓိပ္ပာယ်မရှိတဲ့ လုပ်ရပ်ပါဗျာ' ဆိုတဲ့ တိုက်တွန်းစကားတွေရဲ့ အဆုံးမှာတော့ သူမနဲ့ ကျွန်တော်ဟာ အခက်အခဲ အဟန့်အတားတွေကြားမှာပဲ လက်ထပ်ဖြစ်ခဲ့ကြတယ်။

ပျော်တယ်။ အဲဒီနေ့က ကျွန်တော်ရော စံပယ်ရော အပျော်ကြီး ပျော်ခဲ့ကြတယ်။ ချစ်ရည်ရွှန်းတဲ့ မျက်ဝန်းလေးတွေနဲ့ကြည့်ရင်း ပျော်နေ ကြည်နူးနေတဲ့ ဟန်ပန်တွေဟာ ကျွန်တော့်ရင်ကို ရင်ခုန်နှုန်းမြန်စေခဲ့တယ်။ အဲဒီနေ့တွေ အားလုံးဟာ ကျွန်တော့်ဘဝအတွက် မေ့မရတဲ့ နေ့လေးတွေပဲ ဖြစ်ခဲ့တယ်။ သိပ်ချစ်ခဲ့တာပေါ့။

◆◆◆

ရာစုသစ်ရဲ့ ခေတ်ကာလသားသမီးလို့ မိမိကိုယ်ကို ခံယူထားပေမယ့် တစ်ခါ,တစ်ခါတော့လည်း မိမိနေထိုင်ရာ ဒီလောကကြီးဟာ တကယ်ပဲ ထူးဆန်းအံ့သြဖွယ်တွေနဲ့ တည်ဆောက်ထားတဲ့ ကမ္ဘာကြီးလား၊ ဒါမှမဟုတ် စိတ်ကူးယဉ် အစွဲအလမ်းတွေနဲ့ တည်ဆောက်ထားတဲ့ ကမ္ဘာကြီးလား စဉ်းစားမရအောင်ဘဲ ကျွန်တော့်ရင်ထဲမှာ ဒွိဟများနဲ့ အိပ်မရတဲ့ ညတွေကို ရင်ဆိုင်ခဲ့ရတယ်။

ဟုတ်တယ်၊ သူ့ကိုယ်သူ ဥစ္စာစောင့်မလေး ဝင်စားတာပါလို့ အစွဲကြီးစွာ ခံယူထားတဲ့ ကျွန်တော့်ရဲ့ချစ်ဇနီးလေး စံပယ်မှာ အချိန်ပြည့်နီးပါး သူ့ရဲ့ သိုက်နန်းကိစ္စတွေနဲ့သာ အလုပ်ရှုပ်နေတတ်တယ်။ ပန်းအိုးကို ပန်းမညှိုးအောင်ထိုးရတာက တစ်မျိုး၊ လောပန်အမွှေးနဲ့သာတွေ မပြတ်ဆက်သ,ရတာက တစ်ဖုံ စုံသမုစုံတဲ့ သူ့အာရုံတွေဟာ သူ့သိုက်နန်းဆိုတဲ့အပေါ်မှာသာ တည်မှီနေတာကို သူမနဲ့ အတူနေရမှ ပို၍သိလာရတယ်။

'ညီမရယ်..ဒီအပေါ်မှာ သိပ်ပြီးအာရုံတွေ မထားပါနဲ့။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်တတ်ပါတယ်ကွယ်' လို့ ကျွန်တော်က ဘယ်လိုဖျောင်းဖျပြောဆိုပေမယ့် သူ့ဝတ္တရားတွေကတော့ သူ့သိုက်နန်းအတွက်ဆိုပြီး ရည်မှန်းပြီး ထိုးထားတဲ့ ပန်းအိုးလေးရှေ့မှာ ဝတ္တရားမပျက်ကွက်စွာ တာဝန်ကျေနေတာကိုပဲ တွေ့နေရတယ်။

'ဟူး'

ကျွန်တော် သူ့ကိုကြည့်ရင်း ရင်မောစွာ သက်ပြင်းမောကို မှုတ်ထုတ်ရုံမှအပ ကျွန်တော် သူ့ရဲ့အစွဲကို ကျေပျက်အောင် ဖျက်မရနိုင်ခဲ့။

'ဟင်..မင်းအဖြစ်ကလည်း တယ်ရင်မောစရာပါလား။ ခက်တာက သူတို့ပြောနေတဲ့ သိုက်ဆိုတာ မင်းလည်း မမြင်ရဘူး၊ ငါလည်း မမြင်ရဘူး။ အဲဒီတော့ ဟုတ်သလား၊ မဟုတ်သလား မင်းရော ငါရော မခွဲခြားနိုင်ဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်ကွ။ အဲဒီသိုက်ဆက်ရှိတယ်ဆိုတဲ့ လူတွေမှာ ထူးဆန်းတဲ့ ဖြစ်ရပ်တွေနဲ့ မကြာခဏ ကြုံရတတ်တယ်။ မင်း ဒါမျိုးတွေ ကြုံဖူးလား၊ ဆုံဖူးလား' တဲ့။

စိုးဝင်းရဲ့ အမေးစကားကြားမှ ထူးခြားတဲ့ဖြစ်စဉ်တွေကို ကျွန်တော် ပြန်သတိရမိတယ်။

ဟုတ်တယ်။ တစ်နေ့ပေါ့။ အဲဒီတစ်နေ့ဟာ ကျွန်တော့်အတွက် အမှုမဲ့အမှတ်မဲ့နေခဲ့တဲ့ တစ်နေ့လို့ ဆိုရပေမဲ့ ယနေ့တိုင် မမေ့နိုင်တဲ့ အမှတ်တရပစ္စည်းလေးနဲ့အတူ ကျွန်တော့်ရင်ကို စိုးရိမ်မှုတွေ ခိုင်မြဲစေတဲ့ နေ့လေးတစ်နေ့ ဖြစ်ခဲ့တယ်။

အဲဒီနေ့က ကျွန်တော်တို့နေထိုင်ရာ မြို့ကလေးရဲ့ တစ်ခုသော ဘုရားပွဲမှာ သူမနဲ့ကျွန်တော် ဘုရားပွဲ အတူလျှောက်ရင်း သူမက-

'အစ်ကိုရယ်..တို့လည်း ငွေရေးကြေးရေးတွေ ချောင်တည်းလိုက်တာနော်။ သူများတကာတွေ ဝတ်ကောင်းစား


www.burmeseclassic.com

www.burmeseclassic.com

လှတွေနဲ့ ရွှေတွေသီးနေအောင်ဝတ်ပြီး ပွဲတိုးနေချိန်မှာ တို့မှာ လက်စွပ်ကလေး တစ်ကွင်းတောင် ပိုင်ဆိုင်ခွင့်မရဘူးနော်' လို့ အားငယ်ညှိုးနွမ်းစွာဆိုလာတဲ့ သူမကို ကျွန်တော် စိတ်မကောင်းစွာ သူမလက်ကို အားပေးသလို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပေမဲ့ သူမ ပြောသလိုပင် သူမဆန္ဒကို ကျွန်တော် အခုချိန်ထိတိုင် မဖြည့်ဆည်းပေးနိုင်ခဲ့တဲ့ လူသားတစ်ဦး ဖြစ်နေရခြင်းအပေါ် ကျွန်တော့်ကိုယ်ကျွန်တော် မကျေနပ်ခဲ့။ ဒါပေမဲ့လည်း ရုန်းရင်းကန်ရင်း လှုပ်ရှားရင်းမှာပဲ သူမဆန္ဒကို ဖြည့်ဆည်းပေးနိုင်အောင် ကျွန်တော် ကြိုးစားဖို့ အဲဒီနေ့ကပဲ ကျွန်တော် ဆုံးဖြတ်ချက်ကို ဒုန်းဒုန်းချလိုက်မိတယ်။

'အစ်ကို..အစ်ကို'

အတွေးနဲ့ နစ်မြောနေချိန်မှာပဲ သူမက တစာစာခေါ်လိုက်သံနဲ့အတူ ကတုန်ကယင်နဲ့ ကျွန်တော့်ကို ထိုးပေးလာတဲ့ သူမလက်ထဲက လက်စွပ်ကလေးကို ကျွန်တော် အံ့သြစွာ စိုက်ကြည့်နေမိတယ်။

'ဟင်..ညီမ..ညီမ၊ ဒါကို ဘယ်ကရလဲဟင်'

'ဟိုလေ၊ အစ်ကိုနဲ့ ထိုင်နေတုန်း ညီမစိတ်ထဲမှာ ဘုရားခြေတော်ရင်းမှာ ရွှေလက်စွပ်တစ်ကွင်း ကျနေတယ်လို့ စိတ်ထဲ ထင်မိတာနဲ့ ဟုတ်လိုဟုတ်ငြား သွားကြည့်မိရာက ရခဲ့တာပဲ အစ်ကို'

သူမရဲ့ ပြောစကားကို မယုံကြည်နိုင်သော်ငြား လက်တွေ့အားဖြင့် သူမလက်ထဲက လက်စွပ်ကလေးကတော့ သူမ ပြောစကားကို ဟုတ်မှန်ကြောင်း ထောက်ခံနေသယောင် ရှိနေခဲ့ပါတယ်။

'နင် တာဝန်မကျေပေမဲ့ ငါတို့တာဝန်ကျေတယ်။ ငါတို့ ညီမလေးကို ငါတို့ ဘယ်အခါမှ စိတ်ဆင်းရဲမခံနိုင်ဘူး။ ငါတို့ညီမလေး စိတ်ဆင်းရဲတဲ့နေ့ ငါတို့သိုက်နန်းကို ပြန်ခေါ်ရမယ့်နေ့ပဲ' တဲ့။

အဲဒီလို လက်စွပ်ကောက်ရပြီး တစ်ပတ်ခန့်နေအပြီးမှာပဲ သိုက်နန်းရှင်လို့ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦး ဝင်ရောက်ပူးကပ်ပြီး ကျွန်တော့်ကို ပြောခဲ့တဲ့စကားပဲ ဖြစ်တယ်။

'အေး..အဲဒါ မင်းအတွက် ထူးဆန်းတဲ့ ဖြစ်စဉ်ပေါ့'

'ဘာပြောတယ် စိုးဝင်း၊ ဒါဆိုရင် ငါ့မိန်းမဟာ ဥစ္စာစောင့်မလေးပေါ့။ ဟုတ်လား။ သူရခဲ့တဲ့ လက်စွပ်ဟာ သိုက်က သူ့ကိုပေးတယ် မင်း ယူဆလိုက်တာလား'

'အေး..ဟုတ်တယ်လေ'

'ဟ..သူတို့ပြောတော့ သူဟာ ဘုရားသိုက်က လာတာတဲ့။ ဘုရားသိုက်ဆိုတော့ နောင်ပွင့်တော်မူမယ့် မြတ်စွာဘုရားအတွက် သာသနာပြုမယ့် ပစ္စည်းတွေကို စောင့်ရှောက်ရတာ။ ဒီအပေါ်မှာ သူတို့ဟာ လောဘတက်လို့မရဘူးလို့ ဆိုတယ်ကွ။ ဒါဆိုရင် ဒီလက်စွပ်ကို သူတို့ ဘယ်ကရလို့ ဘယ်လိုပေးနိုင်တာလဲ'

'ဒါက ဒီလိုရှိတယ် သူငယ်ချင်း၊ သူတို့ဟာ ဘုရားသိုက်ကို စောင့်နေတဲ့အတွက် မတော်လောဘနဲ့ ယူလို့မရဘူး၊ ပေးလို့မရဘူး။ သို့သော် ဒီဘုရားသိုက်နဲ့ မသက်ဆိုင်တဲ့ပစ္စည်းကို သူတို့ပေးလို့ရတယ်။ ဥပမာ-ဒီလက်စွပ်ဟာ အကြောင်းအမျိုးမျိုးနဲ့ ပိုင်ရှင်မဲ့ပစ္စည်းတစ်ခု ဖြစ်နေခဲ့တယ်ဆိုပါတော့၊ သူတို့ ဒါကို ပေးနိုင်ခွင့်ရှိတယ်။ နောက်တစ်ခုက မင်းတို့ရဲ့ ကံအလျောက် ရထိုက်တဲ့အခွင့်အလမ်းတွေကို သူတို့က ရအောင်စွမ်းဆောင်ပေးနိုင်စွမ်းရှိတယ်။ ဒါကြောင့် ဒါတွေအားလုံးဟာ မင်းတို့ ကံအလျောက်ဖြစ်လာတဲ့အပေါ်ကို သူတို့ပံ့ပိုးပေးခဲ့တာလည်း ဖြစ်နိုင်တယ်'

ဆိုပြီး အဆုံးသတ်သွားတဲ့ စိုးဝင်းစကားတွေကို ပြန်လည်ကြားယောင်မိတိုင်း ကျွန်တော့်ခေါင်းတစ်ခုလုံး ချာချာလည်နောက်ကျိခဲ့ရတဲ့ အချိန်တွေလည်း များလှပြီဟု ဆိုရမှာဖြစ်တယ်။

ဟုတ်တယ်။ သူမနဲ့ ကျွန်တော်ရဲ့ သက်တမ်းတစ်လျှောက်မှာ နားလည်မှု ကွဲလွဲခြင်း၊ သဘောထား မတိုက်ဆိုင်ခြင်း၊ မသင့်မြတ်ခြင်း ဆိုတာမျိုး မရှိအောင် တစ်ဦးအပေါ်တစ်ဦး နားလည်ခွင့်လွှတ်ခြင်းတွေနဲ့ ဖေးမ,လက်တွဲနိုင်ခဲ့သလောက် ဥစ္စာစောင့်ဆိုတဲ့ အစွဲအလမ်း ဖြစ်ရပ်တွေကတော့ ကျွန်တော့်ရင်ထဲကို ကပြောင်းကပြန်ဆန်စေခဲ့ရပါတော့တယ်။

◆ ◆ ◆

'အား'

ကျွန်တော့်လက်ကို အားပါးတရဆုပ်ကိုင်ရင်း နာနာကျင်ကျင် အော်ဟစ်ညည်းညူနေပုံလေးက ကျွန်တော့်ရင်ကို နာကျင်အောင် ခံစားစေလွန်းလှတယ်။

'ကိုကိုရယ်..ညီမလေး မခံနိုင်တော့ဘူး။ ညီမလေးသေရတော့မယ်နဲ့ တူပါတယ် အစ်ကိုရယ်' ဆိုတဲ့စကား ကျွန်တော် မကြားချင်ဆုံးသောစကား။ ကျွန်တော့်ရင်ကို



www.burmeseclassic.com

www.burmeseclassic.com

အစိတ်စိတ်အမြွှာမြွှာ ကွဲကြေစေပြီလား မပြောတတ်။

'လာခေါ်နေကြပြီ အစ်ကို၊ ညီမလေးပြန်ရတော့မယ် အစ်ကိုရယ်။ အစ်ကိုနဲ့ မခွဲချင်ပေမဲ့ ညီမလေး ခွဲရတော့မယ် အစ်ကိုရဲ့'

စံပယ်ရဲ့ စကားက ဘာတွေလဲဆိုတာ ကျွန်တော် အသေအချာ မခွဲခြားတတ်ပေမယ့် ကျွန်တော့်အတွက် နိမိတ်ဆိုး စကားတွေလို့တော့ ကျွန်တော် ထင်မှတ်နေမိတယ်။

'အားတင်းထားနော် ညီမလေး။ ညီမလေးနားမှာ အစ်ကိုရှိတယ်။ ဆရာဝန်၊ ဆရာမတွေလည်း ညီမလေး အနားမှာ အကုန်ရှိတယ်။ အားမငယ်နဲ့နော် ညီမလေး။ ကျန်းမာသွားမှာ။ စိတ်ချ'လို့ ကျွန်တော် ဘယ်လိုပဲ အားပေးနေစေကာမူ တစ်စ,တစ်စ ယုတ်လျော့ဖြုဖြုပ်လာတဲ့ သူ့အသားအရေတွေက လောကကို စွန့်ခွာသွားရတော့မယ့် လက္ခဏာများအဖြစ် ကျွန်တော့်ကို အချက်ပြလို့နေပါတော့တယ်။

'စိုးရိမ်ရတယ်။ သူ့ သွေးဆင်းတာတွေ မရပ်သလို ထည့်ပေးခဲ့တဲ့သွေးကလည်း သူ့အတွက် အားဖြစ်မလာတာကို ကြည့်ခြင်းအားဖြင့် သူ့အတွက် စိုးရိမ်စရာဖြစ်နေတယ်'ဆိုတဲ့ ဆရာဝန်ရဲ့စကားက ကျွန်တော့်အတွက် အားပျက်စရာအလား ခံစားလိုက်ရတယ်။

'ခုန ငါတို့ နတ်ခေါင်းစွဲ ဆရာမကို သွားမေးတော့ သူ့ကို သူ့အစ်ကိုတွေ၊ အစ်မတွေက ပြန်ခေါ်တော့မှာတဲ့။ ဒါကြောင့် သူ့ကို ဘယ်လိုပဲကုကု ဆေးမတိုးနိုင်တော့ဘူးတဲ့ မောင်ဦးရဲ့'ဆိုတဲ့ သူ့အမေ စကားကလည်း အယုံအကြည်မဲ့နေတဲ့ ကျွန်တော့်ကို ဟုတ်လေမလား ထင်ယောင်မှားနေခဲ့တဲ့ စကားတွေ ဖြစ်နေခဲ့တယ်။

တစ်ခါ,တစ်ခါ အသိအာရုံတွေ ကင်းမဲ့စွာ ငြိမ်သက်နေတတ်တဲ့ စံပယ်ဟာ အသိအာရုံတွေ ပြန်လည်နိုးကြွလာချိန်မှာတော့ ကျွန်တော့်လက်ကို တင်းတင်းဆုပ်ကိုင်ရင်း–

'အစ်ကို··ကျေနပ်ပါတော့နော်။ အစ်ကိုနဲ့ နေခွင့်ရှိသမျှ ကာလပတ်လုံး အစ်ကို့ကို ညီမလေး စိတ်ချမ်းသာအောင် ထားခဲ့ပါတယ်။ ဒီလိုပဲ၊ ညီမလေးအနေနဲ့လည်း အစ်ကို့ရဲ့ ကြင်နာယုယမှုတွေအပေါ် ညီမလေး ကြည်နူးနေရတာ ပျော်တယ်။ အစ်ကို့ရင်ခွင်ဟာ အေးမြတယ်။ အစ်ကို့ရင်ခွင်ဟာ ညီမလေးအတွက် မှီနိုအားထားရာ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ အစ်ကိုရယ်··ညီမလေးကို သူတို့ မထားကြတော့ဘူး။ ညီမလေး သွားရတော့မယ်လေ'ဆိုတဲ့ စကားက တကယ်ပင် ကျွန်တော့်ရင်ကို နွမ်းနယ်ကြေကွဲစေခဲ့တယ်လေ။–

ဒီလိုနဲ့ သူမ ကျွန်တော့်ကို နှုတ်ဆက်ဖို့ အချိန်ကျအလာမှာတော့ သူမမျက်နှာမှာ ကြေကွဲမှုအရိပ်အယောင်တွေ ကွယ်ပျောက်သွားပြီး အပြုံးပန်းတွေ ပွင့်လန်းရင်း–

'အစ်ကို··ညီမလေး အစ်ကို့ကို နှုတ်ဆက်တယ်နော်'တဲ့။

'ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေနဲ့ ပြစ်မှားကျူးလွန်ခဲ့မိသည်ရှိသော် ကျေကျေနပ်နပ် ခွင့်လွှတ်ပေးပါ'ဆိုတဲ့ စကားတွေနဲ့ ဘယ်အခါမှ အပြုံးမပျက် ဆက်ဆံတတ်တဲ့ သူမဟာ သူမရဲ့ဝသီအတိုင်း ကျွန်တော့်ကို ချိုမြတဲ့ အပြုံးတွေနဲ့ စူးစူးစိုက်စိုက်ကြည့်ရင်း မခိုင်တခိုင် မနိုင်တနိုင် အင်အားတွေနဲ့ လက်အုပ်ချီမိုး ရှိခိုးဝန်ချတောင်းပန်ရင်း သူ့အပြုံးလေးနဲ့ ကျွန်တော့်ကို ခွဲခွာသွားခဲ့တယ်။

'စံပယ်ရေ··စံပယ်'

ကျွန်တော့်ရဲ့ ကြေကြေကွဲကွဲ အော်ဟစ်လိုက်သံတွေက ဆေးရုံဆိုတဲ့ ပတ်ဝန်းကျင်ကိုတောင် သတိမထားမိနိုင်အောင် ပဲ့တင်ထပ်လို့ ညံ့သွားခဲ့ပေမယ့် ဝိညာဉ်ကင်းမဲ့သွားရှာပြီထင်တဲ့ စံပယ်ကတော့ ကြားနိုင်မည် မထင်ပါ။

'ညီမလေး အစ်ကို့ကိုချစ်တယ်၊ အစ်ကို့ကို ချစ်ရလို့ ညီမ ဘယ်တော့မှ နောင်တရမှာမဟုတ်ဘူး။ အစ်ကို့ကို ချစ်မိလို့ သေမယ်ဆိုရင်တောင် ပြုံးပြုံးလေးနဲ့ ညီမ အသေခံရဲတယ်။ ချစ်တယ် အစ်ကိုရယ်'ဆိုတဲ့ စကားတွေနဲ့ အညီ သူမဟာ ကျွန်တော့်ကို တကယ်အပြုံးနဲ့ ခွဲခွာခဲ့တယ်။

မမြင်နိုင်တဲ့ ပရလောကကြီးရဲ့ ဖိတ်ခေါ်မှုကို သူ ကျေကျေနပ်နပ် ရဲရဲဝံ့ဝံ့ လက်ခံရင်း သူမ အပြုံးနဲ့ပြန်ခဲ့တယ်။ သူမရဲ့ သိုက်နန်းပြန်ချိန်ဟာ တကယ့်ကို ကြေကွဲစရာ ကောင်းလွန်းလှနေပေမယ့် သူမကတော့ ကျွန်တော့်ကို အပြုံးနဲ့သာ လက်ပြနှုတ်ဆက်ခဲ့တယ်လေ။

အခုတော့ သူမ ကျွန်တော့်ကို အပြုံးနဲ့ ခွဲခွာခဲ့ပါလေပြီတည်း။

ဖျာပုံ ရည်လွင်အောင်



www.burmeseclassic.com

www.burmeseclassic.com

# ချစ်မေ့သူ ဂန္ဓာရီဖြစ်သွား



မြင့်ထူးက စာကဗျာဝါသနာပါသူ ဖြစ်သည်။ သူ့အထက်မှာ အစ်ကိုတစ်ယောက်နှင့် သူ့အောက်မှာ ညီမလေးတစ်ယောက် ရှိသည်။ မိဘများက ဆန်စက်ပိုင်ရှင်များမို့ လူမှန်းသိတတ်စကတည်းကပင် မည်သည့်အလုပ်မဆို ချွေးထွက်အောင် လုပ်ကိုင်ခဲ့ဖူးခြင်း အလျှင်းမရှိခဲ့။ မိဘများ ရှာဖွေကျွေးမွေးသော အစားကောင်းအသောက်ကောင်းတို့ကို စားသောက်ရင်းဖြင့်သာလျှင် အသက်အစိတ်ကျော်လာခဲ့သည်။ ဆယ်တန်းနှစ်ခါကျဖြင့် ကျောင်းထွက်ခဲ့ရသော်လည်း စာကဗျာဝါသနာပါသူမို့ စာပေဗဟုသုတများရှိကာ ဉာဏ်ပညာထက်မြက်သူ ဖြစ်သည်။

မြင့်ထူးမှာ အကျင့်ကောင်းတစ်ခုရှိသည်။ ထိုအကျင့်ကောင်းကား နေ့စဉ် နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင်ချိန်တစ်ကြိမ် မပျက်တမ်း ဘုရားရှိခိုးခြင်းပင် ဖြစ်သည်။ ဘုရားရှိခိုးပြီးတိုင်း ပုတီးစိပ်ခြင်းကိုလည်း ဝတ်မပျက်ခဲ့။ အိမ်မှာရှိစဉ်မှမဟုတ်၊ ဘယ်သွားသွား ဘယ်လာလာ နေ့ညဘုရားရှိခိုးခြင်း ကိစ္စသည်ကား ပျက်သည်ဟူ၍ မရှိခဲ့ချေ။

တစ်နေ့ ဘုရားရှိခိုး ငါးပါးသီလခံယူပြီး ပုတီးစိပ်နေစဉ် မြင့်ထူး နားထဲမှာ တစ်ဦးဦးက သူ့ဘေးနားမှာရပ်ပြီး ပြောနေသံကို သူ့နားထဲမှာ အတိုင်းသား ကြားလိုက်ရသည်။ သူ့အာရုံထဲတွင်လည်း ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့် လူကြီးတစ်ဦးက သူ့ဘေးမှာရပ်ပြီး ပြောနေသည်ကို တွေ့မြင်ရသည်။

'လူလေး‥မင်းက သာသနာပြုရမယ့်သူ အစစ်ပဲ။ အဲဒါကြောင့် ခုချိန်ကစပြီး ဂန္ဓာရီခရီး စထွက်ရလိမ့်မယ်။ မင်းသွားရမယ့်ခရီးနဲ့ ရှေ့ဆက်ပြီး မင်းလုပ်ရမယ့် အလုပ်တွေကို အဘတို့လာပြီး ညွှန်ပြပေးပါ့မယ်။ စိတ်ကို ခိုင်ခိုင်ထားပြီး ဆက်လုပ်ပါ။ တစ်နေ့မှာ မင်းဟာ သာသနာပြုတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ကိုဖြစ်ရမယ်'

အဓိဋ္ဌာန်ပုတီးပတ် ပြည့်ခါနီးတွင် အသံပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပုတီးပတ်ပြည့်၍ မျက်လုံးဖွင့်ကြည့်ရာ သူ့ဘေးတွင် မည်သည့်အရိပ်အယောင်မျှ မတွေ့ရတော့။ သို့ရာတွင် စောစောက ကြားခဲ့ရသော အသံများကို ပြန်လည်ကြားယောင်နေမိပြီး အာရုံထဲမှာ မြင်ခဲ့ရသည့် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ပုံရိပ်ကလည်း သူ့မျက်လုံးထဲမှာ စွဲထင်ကျန်ရစ်နေသည်။ ထို့ကြောင့် မြင့်ထူး ခေါင်းတဆတ်ဆတ်ညိတ်ရင်းမှ သက်ပြင်းရှည်ကြီး ချလိုက်မိတော့သည်။

◆◆◆

မြင့်ထူး ဘုရားဝတ်ပြုပြီး ပုတီးစိပ်တိုင်း ဂန္ဓာရီခရီးထွက်ရန် ယခင်ကအတိုင်း လာရောက်ပြောဆိုနေသည်မှာ သုံးကြိမ်မြောက် ရှိလေပြီ။ မြင့်ထူးကိုယ်တိုင်လည်း ထိုဂန္ဓာရီခရီးကိုထွက်ရန် အားသန်နေမိသည်။ သို့ရာတွင် သူ့တွင် အုပ်ထိန်းသူ မိဘနှင့် ညီအစ်ကိုမောင်နှမများ ရှိလေရာ မပြောမဆိုဘဲနှင့် အိမ်ကထွက်သွားရန် မဖြစ်နိုင်ချေ။ သည့်အတွက် ဂန္ဓာရီခရီးထွက်သွားရန် အကြောင်းကို မှန်ကန်စွာ ပြောပြပါကလည်း ယုံကြမည်ဟု သူမထင်။ သူ့ကို အရူးဟူ၍သာ စွပ်စွဲကြမည်မှာ သေချာသည်။

ထို့ကြောင့် လပြည့်ညသန်းခေါင်ယံတွင် ကျွန်တော်သာသနာပြုဖို့ ခရီးထွက်သွားပါသည်။ ဘာမှစိတ်မပူကြ

www.burmeseclassic.com

နဲ့ဟူသော စာတစ်စောင်ကို မိဘတို့ဖတ်ရှုရန် ရေးထားပြီး အိမ်မှ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် ထွက်လာတော့၏။

'ပထမဦးဆုံး ဒေးစွန်ပါကိုသွား၊ အဓိဋ္ဌာန်လေးဆယ့်ငါးရက်ဝင်၊ သက်သတ်လွတ်စားပြီး သတ္တဝါတွေကို မသတ်ဘို့၊ အရယ်သိဒ္ဓိကို တစ်နေ့ ပုတီးလေးဆယ့်ငါးပတ်ရအောင် စိပ်ပေတော့'

မြင့်ထူးအားမှလိုက်၍ ညွှန်ကြားနေသည့် အသံကို မြင့်ထူး အတိုင်းသား ကြားနေရသည်။ ထိုပုဂ္ဂိုလ်၏ ရုပ်ဆင်းအင်္ဂါကိုလည်း မြင့်ထူး အတိုင်းသား မြင်နေရသည့်တိုင် မြင့်ထူးကိုယ်တွင် ဘာကြက်သီးမှမထ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က သူ့နောက်သို့လိုက်၍ သူ့ကို လိုက်စောင့်ရှောက်နေသည်ဟု သူထင်သည်။ သူ၏ ခြေလှမ်းများကလည်းကောင်း၊ သူ့အသိများကလည်းကောင်း သူ့ကို ညွှန်ကြားသည့် ခရီးဆီသို့သာ ဦးတည်သွားလာနေမိတော့သည်။

သူ အဓိဋ္ဌာန်ဝင်ရမည့် ဒေးစွန်ပါဟု ဆိုသော်လည်း ဒေးစွန်ပါတောင်ပေါ်ရှိ ဘုရားစေတီမှာမဟုတ်၊ ဒေးစွန်ပါဘုရားမှ အနောက်ဘက်သို့ တစ်မိုင်ခန့်ဆင်းသွားရသည့် တောင်ကုန်းတောင်စွယ်မှာဖြစ်သည်။ တောင်တက်တောင်ဆင်းများဖြင့် ပြည့်နှက်နေသော ထိုနေရာတစ်ဝိုက်တွင် ဝါးပင်များနှင့် သစ်ပင်မျိုးစုံတို့ ပေါက်ရောက်နေသည်ဖြစ်ရာ အချို့နေရာများတွင် နေပြောက်မထိုးနိုင်လောက်အောင် ပင် သစ်ပင်များ ပိန်းပိတ်၍နေလေသည်။

တချို့ မြေနိမ့်ပိုင်းတွင် စမ်းချောင်းရေက သဘာဝအလျောက် တသွင်သွင်စီးဆင်းနေပြန်ရာ အလွန်အေးချမ်းဆိတ်ငြိမ်၍ တရားအားထုတ်ရန် အလွန်သင့်လျော်ရာ အရပ်ဌာနဖြစ်သည်။ တစ်ခါတစ်ရံ တောခွေးအူသံ၊ ကျားဟိန်းသံနှင့် ငှက်မျိုးစုံ အသံတို့ကို အတိုင်းသား ကြားနေရသော်လည်း ကြောက်စိတ်မဝင်ဘဲ နေချင်စဖွယ်နေရာအဖြစ် မြင့်ထူး ခံစားမိသည်။ ထို့ကြောင့် အနောက်ရာယ်ကင်းလွတ်မည့် တောင်ကုန်းမြင့်မြင့်ပေါ်ရှိ နေပြောက်မထိုးသော ဝါးရုံပင်ရိပ်၌ စခန်းချကာ အဓိဋ္ဌာန်ဝင်ရန် အစပျိုး၍ ဦးစွာမေတ္တာကမ္မဋ္ဌာန်းကို စတင်စီးဖြန်းလိုက်တော့သည်။

◆ ◆ ◆

ဒေးစွန်ပါတောင်ကုန်းနှင့် ကျိုက်စွန်ပါတောင်ကုန်းတို့မှာ ပဲခူးရိုးမ(အလယ်ရိုးမ) တောင်တန်းကြီး၏ ... တောင်ကုန်းလေးများ ဖြစ်သောကြောင့် ဒေးစွန်... ကျိုက်စွန်ပါတောင်ကုန်းပေါ်မှ အနောက်ယွန်း... လှမ်းမျှော်ကြည့်ပါက စိမ်းညို့ညို့တောင်တန်းကြီး... ခိုးတို့ မှိုင်းညို့ညို့ အုံ့ဆိုင်းနေသော ပဲခူးရိုးမကြီး... မြင်နေရသည်။

နေ့စဉ် နံနက်တိုင်း ပဲခူးရိုးမကြီးကို မျှော်... လှမ်းကြည့်မိတိုင်း မြင့်ထူးရင်မှာ ဘာကိုလွမ်းမိမှန်း ... သော ခံစားမှုတစ်ခုက လှုပ်ခတ်လာလေ့ရှိသည်။ ... ကြောင့် အဓိဋ္ဌာန်ကိုဖျက်၍ လာလမ်းကိုပြန်ရန် မကြံ... ခဏ တွေးမိသည်။

'တောမျောက်က ကြိုးခွေ၊ စိမ့်ကြီးမြိုင်ချောင်... ရွှေဖိုးခေါင် သံချိုညောင်း၊ ခေါင်းက အိုးဝေ၊

တွောင်တံပြက်၊ ကျောက်စက်ကျစမ်းရေ၊ တွဲ... စိမ့် ကြည်အေး။

အို..နောင့်တည်းဟာမို့၊ ရွှေသည်းမှာ ကြေကြေ... လှုတယ်၊ နန်းသူကြောင့်လေး'

ငယ်စဉ်က သင်ကြားမှတ်သားခဲ့ရသော ဦးကြင်ဥ... သဖြန်လေးကို ပြေး၍သတိရမိသည်။ ထိုအခါ ချစ်စိတ်... ဝင်မိသော်လည်း ချစ်စကား ဖွင့်မပြောခဲ့မိသည့် ငယ်ချ... ယောင်း မခင်နုကို မြင့်ထူး ပြေးပြီးမြင်ယောင်လာမိ... သည်။ မိမိက ချစ်စကား ဖွင့်မပြောရဲသော်လည်း ... က ရေလာမြောင်းပေး အချစ်ရွေးမည့်ပုံကိုတော့ မြင်... ရိပ်မိသည်။ သို့ရာတွင် ငယ်ငယ်ရွယ်ရွယ်နှင့် တရား... တွင် ပို၍ပျော်နေမိသည်မို့ အမှားမဖက်မိစေရန် မြင့်... ရှောင်ရှားနေခဲ့ခြင်း ဖြစ်သည်။

ဒီကနေ့ အိပ်ရာက ထသည်နှင့် တောမျောက်... အသံက သူ့နားထဲ ဝင်လာသည်တွင် တစ်ခါမျှ မ... သော အတွေးနှင့် အမြင်များက သူ့အာရုံမှာ ထင်ဟပ်... သည်။ ခေတ္တခဏ ပတ်ဝန်းကျင်ကိုကြည့်၍ မြင့်... ခဏမျှ မေ့မြောသွားမိသည်။ ထိုစဉ်-

'လူလေး..တခြားအာရုံတွေပေါ်မှာ မသာယာ... ကိုယ်လုပ်ရမယ့် အဓိဋ္ဌာန်ကိုပဲ ပြည့်ဝအောင်မြင်... ကြိုးစားလုပ်ပါ။ ဒါမှ မင်းဟာ သာသနာပြုနိုင်မယ့်... ဖြစ်မှာလေ။ ကဲ..ကဲ..ကိုယ်လုပ်ရမယ့် အလုပ်... ဋ္ဌာန်ပြည့်အောင် ပြုကျင့်ပေတော့'



www.burmeseclassic.com

www.burmeseclassic.com

သူတော်စင်ပုဂ္ဂိုလ် တစ်ဦးက ကြွရောက်၍ သူ့ကို သတိပေးတော့မှ မြင့်ထူး အသိပြန်ဝင်သွားရသည်။ သည်တော့မှ ခေါင်းတခါခါလုပ်ကာ ပုတီးကိုကိုင်၍ အဓိဋ္ဌာန်ဝင်ရန် လုပ်ငန်းစလိုက်တော့သည်။ သူ၏ ပတ်ဝန်းကျင်ကမူ လေပြည်လေညင်း တိုးဝှေ့သံမှလွဲ၍ ဘာမျှ ကြီးကြီးမားမား ဆူညံသံတို့ ကင်းပျောက်ကာ အေးငြိမ်းချမ်းသာရှိနေပါလေ၏။

တကယ်တမ်း တရားရိပ်၌ ခိုလှုံရပြီဆိုပါက တကယ်ပင် ငြိမ်းချမ်းရသည်။ သူကိုယ်တိုင် ခံစားရသည်။ မည်သည့်ငြိမ်းချမ်းမှုနှင့်မျှ နှိုင်းယှဉ်၍မရ။ အနှောင်အဖွဲ့ကင်းသော ငြိမ်းချမ်းမှုရသသည် တရားရိပ်အတွင်း၌သာရှိသည်ကို မြင့်ထူး လုံးဝယုံကြည်သွားသည်။ ထိုနေ့က ထိုပီမှတ္တိရသကြောင့်ပင် တစ်နေ့ကုန် အဓိဋ္ဌာန်ပုတီး စိပ်ဖြစ်ကာ နောက်ပိုင်းဖြစ်ပျက်မှတ်၍ သမထကျင့်စဉ်ကိုပါ ဆက်၍ ပြုကျင့်ဖြစ်ခဲ့သည်။ အချိန်မည်မျှကြာညောင်းသွားသည်မသိ၊ ညနေစာ အာဟာရကိုပင် စားသုံးရမှန်း သတိမရတော့ပေ။ သူသတိရ၍ ဘေးဘီသို့ ဝေ့ဝဲကြည့်လိုက်တော့ မှောင်မည်းခြင်းကိုသာ တွေ့ရတော့သည်။

မြင့်ထူး စိတ်ကို တုံးတုံးချဆုံးဖြတ်လိုက်သည်။ ဆက်၍ တရားကျင့်ရန်ပင်ဖြစ်သည်။ ထို့ကြောင့် မျက်စိကိုပြန်မှိတ်ကာ ထွက်လေ,ဝင်လေကိုမှတ်၍ ဖြစ်ပျက်သတိကို ကပ်လိုက်သည်နှင့် ပတ်ဝန်းကျင်ကို ... မှေးမှိန်သွားတော့သည်။ ... မည်မျှကြာသွားသည်မသိ၊ သူ့အာရုံထဲတွင် သူ့ထံသို့ သူတော်စင်ပုဂ္ဂိုလ်တို့ တစ်ဦးပြီးတစ်ဦး ရောက်လာပြီး ဆုံးမစကား ပြောသွားသံတို့ကို အတိုင်းသားကြားနေရသည်။ ဘုန်းတော်ကြီးတချို့လည်း ပါသည်။ ထိုမျှမကသေး၊ သူတော်စင်ပုဂ္ဂိုလ်တို့အား လှူဒါန်းပေးကမ်းရန် ရောက်ရှိလာသည့် လူအချို့ကိုလည်း မြင်တွေ့နေရသည်။ ထိုအာဂန္တုယောကျ်ား,မိန်းမ ပုဂ္ဂိုလ်တို့မှာ သူတော်စင်တို့ကိုသာမက သူ့ကိုပါ အစားအသောက်များ လှူဒါန်းသွားကြသည်ကို သူတွေ့မြင်နေ ကြားသိနေရသည်။ မကြာမီ ထိုပုဂ္ဂိုလ်များ ပြန်သွားကြမှ သူ၏ ကျင့်စဉ်အဓိဋ္ဌာန်ကို သိမ်းလိုက်သည်။

ထိုအခါ သူ့ဘေးတွင် သူ စားသောက်ရန်အတွက် အစားအသောက်များကို အံ့သြဖွယ်တွေ့လိုက်ရသည်။ သို့သော် မြင့်ထူး အံ့သြခြင်းမရှိ။ သူသိပြီးသား ကိစ္စဖြစ်၍ မေတ္တာပို့ကာ ထိုအစားအသောက်တို့ကို ခန္ဓာကိုယ် အာဟာရအဖြစ် အနည်းငယ် စားသုံးလိုက်သည်။ ထိုစဉ် အရှေ့ဘက်ဆီမှာ အရုဏ်ဦးအလင်းရောင်က ဖြာထွက်လာသည်။ ငှက်ကလေးများ၏ သဘာဝနှုတ်ခွန်းဆက်သံနှင့်အတူ တောတိရစ္ဆာန်တို့၏ တွန်ကျူးသံကလည်း ဝေဆာစွာ ထွက်ပေါ်လာသည်။

လူသူအသွားအလာ ကင်းမဲ့သော ထိုကျိုက်စွန်ပါ တောင်ကုန်း အနီးဝန်းကျင်ကား ကျေးငှက်သာရကာနှင့် တိရစ္ဆာန်တို့၏ တွန်ကျူးသံမှလွဲ၍ ပကတိတိတ်ဆိတ်ငြိမ်သက်လျက်ပင်ရှိသည်။ သူ ဤနေရာဒေသသို့ ရောက်ရှိလာခဲ့သည်မှာ ရက်ပေါင်းလေးဆယ်ပင် ပြည့်ခဲ့ပြီ ဖြစ်သည်။ အိမ်မှ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် လာခဲ့ရသော်လည်း ဤတောကြီးမျက်မည်းထဲတွင် သူ့အတွက် စားစရာ သောက်စရာနှင့် ယော်ဂီဝတ်စုံတို့ကို ဝတ်ဆင်ရန် ပေးကမ်းလှူဒါန်းသူများနှင့် ကြုံဆုံခဲ့ရသည်ကပင် သူ့အတွက် ကံကောင်းခြင်းဖြစ်သည်။ ထိုသို့ ကံကောင်းခြင်းမှာလည်း တစ်ဦးမေတ္တာ တစ်ဦးစေတနာ ဆိုသကဲ့သို့ သတ္တဝါအပေါင်းတို့အပေါ် မေတ္တာထားသည့် သူ၏ မေတ္တာစိတ် အစွမ်းကြောင့်ဆိုသည်ကို မြင့်ထူး လုံးဝ လက်ခံ ယုံကြည်မိပါတော့သည်။

◆ ◆ ◆

ဒေးစွန်ပါနှင့် ကျိုက်စွန်ပါ အရပ်၌ အဓိဋ္ဌာန်(၄၅) ရက် ဝင်ခဲ့ပြီးနောက် ပြည့်မြောက်သွားသည်တွင် နောက်ထပ် သချိုင်း(၂၇)ခု၌ အဓိဋ္ဌာန်ထပ်ဝင်ရန် အထက်ပုဂ္ဂိုလ်များမှ ခိုင်းစေပြန်သဖြင့် ဘုရားလေး၊ ဘုရားကြီးကျေးရွာရှိ သချိုင်းများတွင် ဦးစွာအဓိဋ္ဌာန်ဝင်ကာ အသုဘကမ္မဋ္ဌာန်းရှုခဲ့ပြန်သည်။ ထို့အပြင် တေဇောကသိုဏ်းကိုလည်း ကျင့်ကြံပွားများ အားထုတ်ခဲ့သည်။ သချိုင်း(၂၇)ခုကို လှည့်ပတ်အဓိဋ္ဌာန်ဝင်ရသည်မို့ မော်လမြိုင်မှတစ်ဆင့် သံဖြူဇရပ်သို့တိုင် ရောက်ရှိသွားသည်။ ကမ္မဋ္ဌာန်းတရားများကို ရှုမှတ်ပွားများ အားထုတ်နိုင်ခဲ့ပြီဖြစ်ရာ တရားအားထုတ်မှုကို နှစ်သက်မြတ်နိုးလာခဲ့မိတော့သည်။

"တရားကိုလည်းကျင့်၊ သတ္တဝါတွေကိုလည်းကယ်၊ သာသနာတော်ကိုလည်း စောင့်ရှောက်ဖို့ ငါ့သား ရဟန်းဝတ်မှဖြစ်မယ်။ သာသနာအတွင်းကနေပြီး ကြိုးစားအားထုတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com

မြင့်ထူးအာရုံထဲမှာ ဘိုးတော်တစ်ဦးက သူ့ကိုလာ၍ သတိပေး လမ်းညွှန်လာသည်။ မြင့်ထူး အိမ်ကို သတိရသွားမိသည်။ အိမ်သို့ ခေတ္တပြန်၍ မိခင်၊ ဖခင်တို့အား ရဟန်းဒကာ၊ဒကာမများအဖြစ် သူ့ကို ရဟန်းဝတ်ပေးရန် တောင်းဆိုမည်ဟု ဆန္ဒဖြစ်မိသည်။ သို့ရာတွင် မိဘများက သူ့ကို ရဟန်းပြုပေးရန် ငြင်းဆန်ပါက သူ၏ဂန္ဓာရီခရီးမှာ ပျက်ဖွယ်ဖြစ်နိုင်သည်။ ထို့ကြောင့် သူနှင့် ရင်းနှီးရာ ပဲခူးမြို့မှ ဘုန်းကြီးဦးကေသရထံသို့သွားကာ ရဟန်းဝတ်ပေးရန် တောင်းဆိုရာ ဦးကေသရက အချိန်မဆိုင်းဘဲ သူ့ကို ရဟန်းပြုပေးလိုက်သည်။ ပြီးနောက် ပရိယတ္တိစာပေတချို့ကိုလည်း သူ့ကို သင်ကြားပေးသည်။ သူ၏ ဦးပဉ္စင်းဘွဲ့မှာ ဦးပညာသီရိ ဖြစ်သည်။

မြင့်ထူးတစ်ဖြစ်လဲ ဦးပဉ္စင်း ဦးပညာသီရိမှာ ပရိယတ္တိစာပေတို့ကို ဆည်းပူးသင်ကြားရင်း တေဇောကသိုဏ်းကိုလည်း နေ့စဉ်မပျက် ပွားများအားထုတ်လာခဲ့ရာ အတော်ပင် ခရီးပေါက်လာပြီဖြစ်သည်။ ထူးဆန်းသော အာရုံကြိုနိမိတ်များ ရလာကာ ဂန္ဓာရီခရီး ထွက်ချင်စိတ်များ တစ်စထက်တစ်စ ကြီးထွားဖြစ်ထွန်းလာသောကြောင့် ကျေးဇူးရှင် ဆရာသခင်ဖြစ်သော ဦးကေသရထံတွင် ခွင့်တောင်းကာ ဂန္ဓာရီခရီးကို စတင်လျှောက်လှမ်းခဲ့တော့သည်။ ပထမတွင် အာရုံ၌ ထင်လာမြင်လာသည့်ခရီးကို စတင်လျှောက်လှမ်းလာခဲ့ရာ အခက်အခဲမရှိ အဆင်ပြေ ချောမွေ့ခဲ့သည်။ စားမှု၊ နေမှု၊ ထိုင်မှုနှင့် တရားကျင့်ကြံရန် နေရာကအစ အလိုအလျောက် ပြည့်စုံမှုများက ဦးပညာသီရိကို ကြိုဆိုလာခဲ့ရာ ထိုဂန္ဓာရီခရီးကို မပျက်မကွက် ဆက်လျှောက်ရန် ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက်ချခဲ့တော့သည်။

အာရုံကျရာ အရပ်ဒေသသို့ ဂန္ဓာရီခရီး လျှောက်ခဲ့ရသည်ဖြစ်ရာ တစ်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အင်္ဂပူမြို့နယ်ထဲသို့ ရောက်ရှိသွားသည်။ အင်္ဂပူမြို့နယ်အတွင်းရှိ ပိန္နဲပင်ကျေးရွာ ကဖျို့(ကမ်းပြို)တောင်ရှိ မပုပ်မသိုး ဆရာတော်ကြီးသုံးပါးကို ဦးစွာဝင်ရောက်ဖူးမြော်လိုက်သည်။ ထိုခဏမှာပင် ဦးပညာသီရိစိတ်ထဲ၌ ကဖျို့(ကမ်းပြို)တောင်၏ မျက်နှာချင်းဆိုင်၌ရှိသော စိမ်းစိုစိုလျှိုမြောင်တန်းဆီသို့ သွားချင်စိတ်များ တဖွားဖွားဖြစ်ပေါ်လာသည်။ ခဏအတွင်းမှာပင် လျှိုမြောင်တောတန်းဆီသို့ ခြေလှမ်းက လှမ်းသွားနေပြီဖြစ်သည်။ ထိုတောတန်း၏ အနောက်ယွန်းယွန်းဆီတွင် အနောက်ရိုးမတောင်တန်းကြီးကို လှမ်းမြင်နေရသည်။

ဦးစွာ တောင်ဇင်းကျေးရွာကို ဖြတ်သန်းပြီးနောက် သံပရာကုန်းကျေးရွာကို ထပ်မံဖြတ်သန်းလိုက်သည်။ လှည်းလမ်းကြောင်းဟူ၍ မရှိ။ လယ်ကွင်းလမ်း၊ လယ်ကန်သင်းလမ်းနှင့် တောလမ်းများသာ ဖြစ်သည်။ သစ်ပင်ကြီးငယ်အသွယ်သွယ်က လက်ယှက်ထိုးပေါက်နေသည်။ တစ်ခါတစ်ရံ သမင်၊ ဒရယ်ကောင်များ ဖြတ်ပြေးသွားကြသည်ကို လှမ်းမြင်နေရသည်။ စပါးကြီးမြွေနှင့် အခြားမြွေတချို့ကိုလည်း မျက်မြင်တွေ့ရလေရာ ဦးပညာသီရိ တစ်ခုကို တွေးလိုက်သည်။ တွေးမိသည့်အတိုင်း လမ်းလျှောက်ရင်း ထိုအရပ်နေ သတ္တဝါအပေါင်းတို့ကို မေတ္တာပေးပို့ရင်း လျှောက်သွားနေမိသည်။

အတန်ကြာလျှောက်သောအခါ တောင်ကုန်းတစ်ခုထက်ဆီသို့ အလိုလိုတက်မိလျက်သား ဖြစ်သွားသည်။ ကုန်းကမူကို တက်နေရခြင်းကြောင့် ရိုးရိုးလမ်းလျှောက်ရသည်နှင့်မတူဘဲ အနည်းငယ်အားစိုက်၍ လျှောက်နေရမှန်း သတိပြုမိသွားသည်။ ဝါးရိုင်းပင်များ ပေါက်ရောက်ကာ အခြားသစ်ပင်များပါ လက်ယှက်ထိုးပေါက်နေသဖြင့် တဖြည်းဖြည်းချင်း သွားနေရသည်။ တချို့နေရာတွင် ကြခတ်ဝါးပင်များကို တွေ့ရပြီး ပျဉ်းမ၊ ပျဉ်းကတိုးပင်များကလည်း အစီအရီရှိနေသည်။ ထိုအနီးတစ်ပိုက်သို့ ရောက်လာကြည့်ရှုလိုက်သောအခါ ထုံးဖြူဖြူစေတီဟောင်းတစ်ဆူကို လှမ်းမြင်ရ၍ ထိုစေတီအနီးသို့သွား၍ ဖူးမြော်လိုက်သည်။

ထိုထုံးဖြူစေတီမှာ ကိုးတောင်ခန့်မျှရှိပြီး ထုံးဖြူရောင်များ နွမ်းဖျော့ကာ ရေညှိများ ဖုံးလွှမ်းလျက်နှင့် ချုံနွယ်များက စေတီအား ဖုံးအုပ်ထားလျက်ရှိသည်။ ဦးပညာသီရိ၏ စိတ်ထဲတွင် စေတီကို စတင်ဖူးမြင်ရပြီးကတည်းက ထိုစေတီအား ပြန်လည်ပြုပြင်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ခြေလှမ်းများက ထိုစေတီအနီးမှ ခွာမရဖြစ်နေသည်။ သို့ဖြစ်ရာ စေတီနှင့် မနီးမဝေးရှိ ဝါးပင်အောက်၌ ခေတ္တသီတင်းသုံးပြီး နောက်ရက်များတွင် စေတီတော်ကို သန့်ရှင်းရေးပြုလုပ်ရန် စိတ်ပိုင်းဖြတ်၍ ဝါးပင်အောက်၌ နေရာယူကာ အနားယူ သီတင်း



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

မကြာမီ နေဝင်သွားပြီဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမည်းမှောင်သွားသည်။ ထိုအခါ ဦးပဥ္ဇင်း၌ ပါလာသော ဖယောင်းတိုင်မီးထွန်းညှိ၍ ဦးစွာ မြတ်စွာဘုရားအား ရည်မှန်း၍ စေတီတော်ကို မီးပူဇော်လိုက်မိသည်။ သို့ရာတွင် လေတဖြူးဖြူး တိုက်နေသောကြောင့် မီးတိုင်မှာ မီးငြိမ်းသွားရလေရာ မှောင်မည်းမည်းဖြင့်ပင် စေတီအား ရည်မှန်းဦးခိုက်ရှိခိုး၍ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်း ပွားများအားထုတ်နေလိုက်မိသည်။

'ဒီနေရာဟာ ပိန္နဲကွင်းဆရာတော် ဦးကလျာဏနှင့် ဒုတိယ၊ တတိယ ဆရာတော်တွေ တရားကျင့်ကြံခဲ့ရာ ဌာနဖြစ်တယ်။ အနောက်ရိုးမနဲ့ ဆက်စပ်နေပြီး အမြင့်ဆုံးတောင်ဖြစ်တဲ့ သစ်စေးတောင်၊ ကဗျို(ကမ်းပြို)တောင်၊ ရန်ကင်းတောင်၊ ကျွဲမသနားတောင်၊ ကိုးကွယ်တောင်၊ ကိုးမောင်းတောင်၊ စိုင်တောင် စတဲ့ (၁၅)ဌာန တောရစခန်းတွေရှိတဲ့ နေရာဖြစ်တယ်။ ဒီနေရာမှာ တိရစ္ဆာန်မျိုးစုံတို့ နေထိုင်သွားလာ ကျက်စားလေ့ရှိကြတယ်။ အဲဒါကြောင့် မေတ္တာထားမှ ဒီနေရာမှာ နေလို့ရနိုင်တယ်။ မေတ္တာတန်ခိုးဟာ မြေလျှိုးမိုးပျံနိုင်တဲ့ တန်ခိုးထက် ပိုပြီးစွမ်းပါတယ်။ ကိုယ်တော် သာသနာပြုရမယ့် နေရာဟာ ဒီနေရာ အစစ်ပါပဲ'

ထိုညက သူတော်စင်တစ်ဦးက ဦးပဥ္ဇင်းသိရိထံ အာရုံထဲ၌လာ၍ ရှင်းလင်းပြောကြားသွားသည်ကို အတိုင်းသား မြင်ရ ကြားရခဲ့သည်။ နံနက်မိုးလင်းတော့ ဦးပဥ္ဇင်းကြီး သူ စခန်းချရာ ဝန်းကျင်ကို လေ့လာအကဲခတ်ကြည့်လိုက်သည်။ ထုံးစေတီတော်က ကုန်းကမူပေါ်တွင်ရှိပြီး အောက်ဘက်တွင် ရေကန်တစ်ခုနှင့် လိုဏ်ဂူတစ်ခုကို ချုံနွယ်များ ဖုံးလွှမ်းလျက်ဖြင့် လှမ်းမြင်နေရသည်။ ထိုနေရာသို့သွားရန် လောလောဆယ် မဖြစ်သေး။ ချုံနွယ်တော်ပေါင်းတို့ကို ခုတ်ထွင်ရှင်းလင်းပြီးမှ သွား၍ရပေသည်။ ထို့ကြောင့် လောလောဆယ် ထုံးစေတီကို သန့်ရှင်းရေးလုပ်ပြီး မိမိစခန်းချရာ နေရာတစ်ဝိုက်ကို ဦးစွာရှင်းလင်းရန် သန္နိဋ္ဌာန်ချလိုက်ပြီး စေတီကိုဦးခိုက်၍ ကူညီသည့်သူ ရောက်လာစေရန် အဓိဋ္ဌာန်လိုက်မိသည်။

ထုံးစေတီပေါ်မှ ရေညှိများနှင့် မြက်ပင်အသေးအမွှားတို့ကိုဖယ်ရှား၍ သန့်ရှင်းရေးလုပ်နေသည်မှာ မည်မျှကြာ



သွားသည်မသိ၊ ဦးပဥ္ဇင်းကြီးကိုယ်၌ ချွေးစို့ထွက်လာပြီး ဗိုက်ထဲ၌ ဆာသလိုရှိလာသည်။ ထို့ကြောင့် အနီးဝန်းကျင်သို့ လှည့်ပတ်ကြည့်ရှုလိုက်ရာ ဖွေးပင်မှ ဖွေးသီးများ သီးနေသည်ကို တွေ့ရသဖြင့် လှမ်းခူးရန် ကြံရွယ်လိုက်စဉ် လူတစ်ဦး ဝါးစည်းထမ်း၍ လာနေသည်ကို မြင်ရ၍ ခေတ္တရပ်ကာ စောင့်နေလိုက်သည်။ ဝါးစည်းထမ်းလာသူက ဦးပဥ္ဇင်းကြီးအနီးတွင်ရပ်ကာ ဝါးစည်းကိုချ၍ ဦးပဥ္ဇင်းကြီးအား ဦးချကန်တော့လိုက်သည်။

'နေပါဦး ဒကာကြီးရဲ့၊ ဘယ်ကလာပြီး ဘယ်ကိုသွားမလို့တုံး'

'တပည့်တော်က တောင်ဇင်းရွာကပါဘုရား။ တောထဲမှာ ဝါးလာခုတ်ပြီး အခု ရွာကိုပြန်မလို့ ဒီလမ်းကလာတာ ဦးပဥ္ဇင်းနဲ့ ဆုံတွေ့ရတာပါဘုရား။ ဒါနဲ့ ဒီတောဒီတောင်ထဲမှာ တစ်ခါမှ ဦးပဥ္ဇင်းကြီးကို မမြင်ဖူး မတွေ့ဖူးပါဘူးဘုရား။ ဘယ်မှာသီတင်းသုံးပါသလဲဘုရား။ ဒီတော ဒီတောင်ထဲမှာ ဘယ်လိုကိစ္စများ ဆောင်ရွက်ဖွယ်ရှိလို့ ကြွလာပါသလဲဘုရား'

'အင်း...အရင်ကတော့ နေရာထိုင်ခင်း အသင့်မရှိပါဘူး။ ခုတော့ ကျုပ် ဒီမှာသီတင်းသုံးဖို့ ဆုံးဖြတ်လိုက်ပါပြီ။ ကျုပ် ဒီနေရာမှာ သာသနာစည်ပင်အောင် သာသနာပြုမယ် ဒကာကြီး'

ဦးပဥ္ဇင်းကြီး စကားကြောင့် တောင်ဇင်းရွာသားက ဦးပဥ္ဇင်းကြီးကို သေချာငေးစိုက်ကြည့်လျက် အံ့သြနေသည်။

www.burmeseclassic.com

www.burmeseclassic.com

အတန်ကြာ စူးစမ်းကြည့်ပြီးမှ-

'ဒီလိုဆိုရင်လည်း ကောင်းတာပေါ့ဘုရား။ သြော်.. ဒါနဲ့ နေတက်တော့မယ်။ အရှင်ဘုရား၊ ဆွမ်းဘုဉ်းမပေးရ သေးဘူးနဲ့တူတယ်'

ရှာသားစကားကို ဦးပဥ္စင်းကြီးက ရေငုံနှုတ်ပိတ်နေလိုက်သည်။ ထို့ကြောင့် ရှာသားက ထိုင်ရာမှထကာ ဝါးစည်းတွင် ကပ်ချည်ထားသည့် ဖက်ထုပ်တစ်ထုပ်ကို သွားယူပြီးနောက် ဦးပဥ္စင်းကြီးထံသို့ တရိုတသေပေးကာ-

'အရှင်ဘုရား..ဒါက တပည့်တော် ဝါးခုတ်ရင်း အဆာပြေစားဖို့ ယူလာခဲ့တဲ့ ထမင်းထုပ်ပါဘုရား။ တပည့်တော် ဒီနေ့ အလုပ်က စောစောပြီးတာရယ်၊ ဗိုက်လည်း မဆာတာနဲ့ ဒီထမင်းထုပ်ကို အိမ်ပြန်ယူခဲ့တာပါဘုရား။ အဲဒါ အရှင်ဘုရားကို ကပ်လှူပါတယ်ဘုရား။ ဒီနေရာမှာ သီတင်းသုံးပြီး ဒီအာဟာရကို ဘုဉ်းပေးတော်မူပါဘုရား'

ရှာသားက ဦးပဥ္စင်းကြီး ထိုင်၍ဘုဉ်းပေးရန် နေရာထိုင်ခင်းကို အဆင်သင့်ပြင်ဆင်ပေးပြီးနောက် ထမင်းထုပ်ဖြည်၍ ဦးပဥ္စင်းကြီး ဆက်ကပ်လိုက်သည်။ ဦးပဥ္စင်းကြီးက ရှာသားဆက်ကပ်သည့် ဆွမ်းထမင်းကို ဣန္ဒြေရစွာ ဘုဉ်းပေးလိုက်၏။

'ကဲ..ကဲ.. ဒီလိုလှူရတဲ့ ကုသိုလ်အဖို့ဘာဂတို့ကြောင့် ဒီနေ့ဒီရက်မှစပြီး နိဗ္ဗာန်ရသည်အထိ မကြောင့်မကြဘဲ လိုရာဆန္ဒ တစ်လုံးတစ်ဝတည်းပြည့်ဝပြီး အလှူရေစက် လက်နဲ့မကွာ လှူနိုင်တန်းနိုင်ပါစေ။ သာဓု.. သာဓု..သာဓု။ သြော်..ဒါနဲ့ ဒကာကြီးအမည်လေး ကျုပ်ကို ပြောခဲ့စမ်းပါဦး'

'တပည့်တော် နာမည်က စံလှပါဘုရား။ ဒါဆို တပည့်တော်ကို ခွင့်ပြုပါဦးဘုရား'

စံလှက ဦးပဥ္စင်းကြီးကို နှုတ်ဆက်ပြီးနောက် ဝါးစည်းကိုထမ်းကာ ဇုံးစေတီ၏အောက်ဘက် ချုံနွယ်များအတွင်း ဝင်ရောက်သွားသည်။ ထိုစဉ် ဦးပဥ္စင်းကြီး တစ်ခုကို သတိရသွားသဖြင့် စံလှသွားရာဆီသို့ အပြေးလိုက်ကြည့်ရာ ခပ်ဝေးဝေးကို လှမ်းမြင်နေရသည့်တိုင် စံလှ၏ အရိပ်အယောင်ကိုမျှ မမြင်မတွေ့ရတော့ချေ။ ထိုနေ့က နေဝင်မိုးချုပ်သွားသည့်တိုင် လူတစ်ဦးတစ်ယောက်ကိုမျှ ထပ်မတွေ့ရတော့။ သို့သော် ဆွမ်းတစ်နပ် ကပ်လှူသွားသော စံလှကိုတော့ ဦးပဥ္စင်းကြီး ဦးပညာသီရိ သတိရနေမိသည်။ ပြီးတော့ စံလှတစ်ယောက် တောင်ဇင်းရှာသားမဟုတ်မှန်းကိုလည်း ဦးပဥ္စင်းကြီး သိနေမိသည်။

နံနက်လင်းအရုဏ်ရောက်သည်နှင့် လူတချို့၏ အသံဗလံများကို အတိုင်းသား ကြားနေရသဖြင့် ဦးပဥ္စင်းကြီး အိပ်ရာမှနိုးလာသည်။ ဝါးရုံအောက်မှ ထထွက်ကာ ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်လိုက်သည်။ ဝါးရုံပင်နှင့် မလှမ်းမကမ်းရှိ ဇုံးစေတီတွင် လူပုလေးသုံးဦးက ဓားများဖြင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းနေကြသည်။ ဦးပဥ္စင်းကြီးက ထိုနေရာသို့ လျှောက်သွားလိုက်သည်တွင် လူပုလေး သုံးဦးက ရပ်နေရာမှထိုင်ကာ ဦးချကန်တော့လိုက်ကြသည်။

'ကျန်းမာပါစေ၊ ချမ်းသာကြပါစေ။ ဒကာလေးတို့က ဘုန်းကြီးဆီကိုလာပြီး ခုလို အကူအညီပေးကြတော့ ဘုန်းကြီး အဓိဋ္ဌာန်ပြုထားတဲ့ သာသနာပြုခရီးအတွက် အထောက်အပံ့ရတာပေါ့ကွယ်။ ဒကာလေးတို့တစ်တွေလည်း ကုသိုလ်ရတာပေါ့။ ကဲ..ကဲ..ဘုန်းကြီးလည်း ဒကာလေးတို့နဲ့အတူ ဝိုင်းကူလုပ်ပါ့မယ်။ ကဲ..လာကြလာကြ'

ဦးပဥ္စင်းကြီးက ပြောပြောဆိုဆိုဖြင့် စေတီရင်ပြင်အနီးတစ်ဝိုက်မှ မြက်ပင်နှင့် ချုံနွယ်များကို လက်ဖြင့်နုတ်ပစ်လိုက်သည်။ လူပုလေးသုံးဦးကလည်း ဓားမကိုယ်စီဖြင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းနေကြသည်။ နေမွန်းတည့်ချိန် ရောက်လုနီးချိန်တွင် တောင်းကိုယ်စီ ရွက်လာသည့် အမျိုးသမီးငယ်နှစ်ဦး ဦးပဥ္စင်းကြီးနှင့် လူပုလေးများရှိရာသို့ ရောက်လာသည်။

ဦးပဥ္စင်းကြီးက ထိုအမျိုးသမီးငယ် နှစ်ဦးကို အံ့ဩစွာ ကြည့်ရင်းမှ-

'ဒကာမလေးတို့က ဘယ်ကနေ လာကြတာလဲကွယ်။ ဘာအကြောင်းကိစ္စများ ရှိကြလို့လဲ'

အမျိုးသမီးငယ် နှစ်ဦးက ဦးပဥ္စင်းကြီး၏ စကားကြောင့် တစ်ဦးမျက်နှာတစ်ဦး ကြည့်ပြီးနောက်-

'ဒီလိုပါဘုရား၊ တပည့်တော်တို့ ညီအစ်မက ပဒဲကုန်းရွာကပါဘုရား။ ယောဒီကြပ်ပြင်ကုန်းက စေတီမှာ ဘုန်းတော်ကြီးတစ်ပါး လာရောက်သီတင်းသုံးပြီး စေတီကို ပြုပြင်နေတယ်ဆိုတဲ့ သတင်းကြားလို့ အရှင်ဘုရား ဘုဉ်းပေးဖို့အတွက် စားသောက်စရာတွေ လာလှူတာပါ



www.burmeseclassic.com

www.burmeseclassic.com

ဘုရား။ တပည့်တော်မတို့ရဲ့ အလှူကို လက်ခံပေးပါဘုရား' ဟူ၍ ပြောကာ ဦးပဥ္စင်းကြီးထံသို့ တောင်းများကိုမ,၍ ကပ်လှူလိုက်ကြသည်။

လူပုလေးများကလည်း အနီးမှနေ၍ ငေးကြည့်နေကြသည်။ ဒကာမနှစ်ဦးကပ်လှူသော လှူဖွယ်ပစ္စည်းတို့ကို ဦးပဥ္စင်းကြီးက လက်ခံပြီးနောက်. သာဓုခေါ်ကာ ဆုပေးလိုက်သည်။

'ခုလိုလှူဒါန်းရတဲ့ အကျိုးအားကြောင့် အလှူရေစက် လက်နဲ့မကွာ လှူနိုင်တန်းနိုင်ပြီး ကိုယ်စိတ်ချမ်းသာကျန်းမာစွာနဲ့ သာသနာအကျိုးကို သယ်ပိုးနိုင်ပါစေ။ နိဗ္ဗာန်တရားတော်မြတ်ကိုလည်း အေးချမ်းစွာ ကျင့်ကြံအားထုတ်နိုင်ပြီး မဂ်ဖိုလ်တရားများကို ရရှိခံစားနိုင်ကြပါစေကွယ်။ သာဓု..သာဓု..သာဓု'

ဦးပဥ္စင်းကြီး ဆုပေးပြီးသည်နှင့် အမျိုးသမီးညီအစ်မနှစ်ယောက်မှာ တောင်းထဲမှ စားသောက်ဖွယ်ရာများကို ဦးပဥ္စင်းကြီးရှေ့၌ ချထားခဲ့ပြီးနောက် ဦးချနှုတ်ဆက်၍ လာလမ်းအတိုင်း ပြန်ထွက်သွားကြသည်။ ဦးပဥ္စင်းကြီးက ထိုအမျိုးသမီးငယ်နှစ်ယောက်ကို ငေးကြည့်နေသော်လည်း မကြာမီမှာပင် ထိုအမျိုးသမီးငယ်နှစ်ဦးမှာ ပျောက်ခြင်းမလှ ပျောက်သွားသည်။ ဦးပဥ္စင်းကြီးက တစ်စုံတစ်ခုကို သိနေသလို ခေါင်းကို သုံးလေးကြိမ်ညိတ်ပြီးနောက် ဆွမ်းဘုဉ်းပေးရန် ပြင်လိုက်သည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါတွင်-

'ကဲ..ကဲ..မင်းတို့လည်း ငါ့ကို ဝိုင်းကူလုပ်ပေးကြရတော့ ဗိုက်ဆာနေရောပေါ့။ စားကြကွာ။ မင်းတို့ ခုလိုစားရကံကြုံတာ ကံကောင်းတာပေါ့။ စား..စားကြ၊ အဝသာ စားကြပေ့'

ဦးပဥ္စင်းကြီး စကားကြောင့် လူပုလေး သုံးဦးမှာ သဘောအကျကြီးကျကာ ထမင်းဟင်းတို့ကို မြိန်ရေရှက်ရေ စားသောက်ကြတော့သည်။ ဦးပဥ္စင်းကြီးက စားသောက်နေသော လူပုလေးတို့ကိုကြည့်ကာ ခေါင်းတဆတ်ဆတ် လုပ်နေ၏။ ပြီးမှ အဝေးသို့ငေးကာ တစ်ခုခုကို တွေးတောနေလေ၏။ ထိုစဉ်-

'ဒီနေရာက မေတ္တာတရားနဲ့ နေမှရတယ်။ မေတ္တာစိတ်သာ မွေးမြူရင် ဘာမဆို သူ့အလိုလို ဖြစ်လာလိမ့်မယ်။ တရားများများအားထုတ်ပြီး မေတ္တာများများထားပါ။ အကြံအစည်တွေ အားလုံးအောင်မြင်လာပါလိမ့်မယ်'

ဦးပဥ္စင်းကြီး၏နားတွင် တစ်ဦးတစ်ယောက်က အနားကပ်၍ လာပြောနေသကဲ့သို့ အတိုင်းသားကြားနေရသည်။ ထို့ကြောင့် ခေတ္တမျက်စိမှိတ်၍ မေတ္တာစိတ်မွေးကာ သတ္တဝါအပေါင်းတို့အား မေတ္တာပေးပို့လိုက်သည်။ အတန်ကြာမှ မျက်စိဖွင့်ကြည့်ရာတွင် လူပုလေးများမှာ ထုံးစေတီရင်ပြင်ပေါ်၌ သန့်ရှင်းရေးဆောင်ရွက်နေကြသည်ကို တွေ့လိုက်ရ၍ ဦးပဥ္စင်းကြီးလည်း ထိုနေရာသို့ သွားရောက်ကာ ဝိုင်းဝန်းလုပ်ကိုင်နေလေ၏။

ညနေမှောင်စပျိုးလာသောအခါ သန့်ရှင်းရေးလုပ်ခြင်းကို နားလိုက်ရာ လူပုလေးများက ဦးပဥ္စင်းကြီးကို နှုတ်ဆက်ကာ ပြန်သွားကြ၏။ မကြာမီ အမှောင်ထုက လွှမ်းခြုံလာပြီဖြစ်ရာ ဦးပဥ္စင်းက တရားအားထုတ်ရန် ပြင်ဆင်ပြီး မေတ္တာပို့၍ ပုတီးစိပ်ကာနေလေ၏။ ဝန်းကျင်တခိုတွင် လေတိုးသံမှတစ်ပါး အခြားဘာသံမျှ မကြားရတော့ချေ။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမူ ဦးပဥ္စင်းကြီးအနီးမှနေ၍ ထိုနေရာတစ်ဝိုက်၌ ယခင်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ပေါင်းများကို အစီအရီရှင်းပြနေလေ၏။

'ဒီကျွဲမသနားတောင်တစ်ဝိုက်မှာ ပျံလွန်တော်မူသွားတဲ့ မပုပ်မသိုး ပထမဆရာတော်ကြီး ပိန္နဲကွင်းဆရာတော်လို့ခေါ်တဲ့ ဆရာတော်ဦးကလျာဏဟာ သက္ကရာဇ်(၁၂၃၀) ဝန်းကျင်က ဒီနေရာမှာ တရားကျင့်ကြံပွားများအားထုတ်ခဲ့တယ်။ အဲဒီဆရာတော်ကြီးဟာ ဆင်ရိုင်း၊ ကျားရိုင်းနဲ့ ကျွဲ၊ နွားတွေကို ကိုက်သတ်မျိုနိုင်တဲ့ မြွေဆိုးကြီးအမျိုးမျိုး၊ ဝေမာနိကတွေ ပေတတွေနဲ့ အကြိမ်ကြိမ် တွေ့ကြုံရင်ဆိုင်ရပြီး မေတ္တာတန်ခိုးတော်နဲ့ အေးချမ်းစွာ တရားအားထုတ်နိုင်ခဲ့တယ်။ ဒီကျွဲမသနားတောင်မှာ နေတော်မူစဉ်မှာ လူအများ လာရောက်ဖူးမြော်ကြရာမှ ဒကာမတစ်ဦးက စမ်းရေထွက်နေတဲ့ နတ်ရေကန်မှာ ရေချိုးတာကြောင့် ရေတွေ ခန်းခြောက်သွားတာကို ဆရာတော်စွမ်းအားကြောင့် ချက်ချင်း ရေတွေပြန်ထွက်လာခဲ့တယ်။

အဲဒီလို ဆရာတော်ကြီးကို လူတွေ လာဖူးကြရာမှာ ဆရာတော်ကို အခန်းမှာ မတွေ့မမြင်ကြရသော်လည်း သဲ ဆွမ်းစားချိန် တုံးခေါက်ပါက ဆရာတော်မှာ ဒကာ၊ ဒကာမများရှေ့ အလိုလို ရောက်လာတယ်။ ဒါ့အပြင်

www.burmeseclassic.com

မြေသွတ္တဝါတွေကိုကြည့်ပြီး ဟိုဒကာမ နောက်ဆုတ်၊ ဟိုဒကာမ ရှေ့တိုး စသည်ဖြင့် ပြောပြီး တရားဟောလေ့လည်း ရှိခဲ့တယ်။ တကယ်တော့ ဒီနေရာဟာ တရားထူး တရားမြတ် ရှာဖွေရရှိနိုင်တဲ့နေရာ ဖြစ်တယ်။ ကြိုးစား အားထုတ်ပြီး မေတ္တာတရားနဲ့နေပါ။ အားလုံးက ဝိုင်းစောင့်ရှောက်ပါလိမ့်မယ်။ ခုလည်း ပုဂ္ဂိုလ်တွေက စောင့်ရှောက်နေတာ သိပါတယ်နော်'

ရှင်းပြပြောဆိုသံ ပျောက်သွားခဲ့သော်လည်း ဦးပဥ္စင်းကြီးက မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအားထုတ်ရင်း ညဥ့်ဝက်ကျော်ကို ဖြတ်သန်းခဲ့သည်။ အရဏ်နီးမှ ခေတ္တခေါင်းချအိပ်စက်ခဲ့ရာ မိုးလင်းသည်နှင့် တစ်ရေးနိုးခဲ့သည်။ ပြီးလျှင် နေ့စဉ်ပြုနေကျ ထုံးစေတီအနီးတစ်ဝိုက်သို့ လှည့်ပတ်ကာ သန့်ရှင်းရေးလုပ်တော့သည်။ မနေ့ကလာသည့် လူပုလေးများ ရောက်မလာ။ သို့ရာတွင် ရွာသားငါးဦးခန့် အသစ်ရောက်လာပြီး ဦးပဥ္စင်းကြီးအား ကူလုပ်ပေးသဖြင့် ဦးပဥ္စင်းကြီး စခန်းချရာ အနီးတစ်ဝိုက်မှ ချုံနွယ်ပိတ်ပေါင်းများ အတော်ရှင်းသွားသည်။

ထို့ပြင် ထုံးစေတီအောက်ဘက် ချိုင့်ဝှမ်းအတွင်း၌ ကျောက်လိုဏ်ဂူတစ်ခုနှင့် နတ်ရေကန်ကို တွေ့ရပြန်ရာ မနေ့ညက လာပြောသွားသည့် စကားတချို့ကို ပြန်၍ သတိရမိလိုက်သည်။ နတ်ရေကန်ထဲ၌ စမ်းရေက စိမ့်၍ စီးဆင်းနေရာ သောက်ရေအတွက် အဆင်ပြေသွားသည်။ ထို့ပြင် ကျောက်လိုဏ်ဂူအတွင်း၌လည်း တစ်ယောက်ထိုင်၍ တရားကျင့်နေနိုင်သည့် ကျောက်ထိုင်ခုံသုံးခုမှာ ဂူပေါက်သုံးခုဆီတွင် အဆင့်ဆင့်ရှိနေ၍လည်း တရားကျင့်ရန် ပို၍အဆင်ပြေသွားသည်။ ထို့ကြောင့် ယနေ့မှစ၍ ကျောက်လိုဏ်ဂူအတွင်း၌ ပြောင်းရွှေ့၍ တရားကျင့်ရန် ကြံတင်ဆုံးဖြတ်လိုက်မိလေ၏။

'တပည့်တော်တို့လည်း ဒီအရပ်မှာ နေလာတာ ကြာပါပြီ။ ဒီလို စေတီတွေ၊ လိုဏ်ဂူတွေ ရှိနေမှန်း မသိပါဘူးဘုရား။ မနေ့က ဒီနားက ဖြတ်သွားရင်း အရှင်ဘုရား သန့်ရှင်းရေးလုပ်နေတာကိုမြင်လို့ ထူးဆန်းတယ်ထင်ပြီး ရွာက သူတို့တွေကို ပြောပြပြီး ဒီနေ့ ဒီကိုလာစုံစမ်းတာပါဘုရား။ အရှင်ဘုရားက ဘယ်က ကြွလာတာပါလဲဘုရား'

'အင်း..ကျုပ်က ဂန္ဓာရီခရီးသွားရင်းက ဒီနေရာကို လမ်းညွှန်လို့ ရောက်လာခဲ့တာပေါ့။ ဒီမှာပဲ သာသနာပြုဖို့ ကျုပ်ဆုံးဖြတ်လိုက်ပါပြီ။ ဒီနေရာမှာ သာသနာထွန်းကားတော့ ဒကာကြီးတို့ ရွာသူရွာသားတွေလည်း သာသနာနဲ့ နီးပြီး ကုသိုလ်တွေ ပြုနိုင်ကြတာပေါ့။ မကောင်းပေဘူးလား'

'ကောင်းပါတယ်ဘုရား။ တပည့်တော်တို့တွေကို လိုတာပြောပါဘုရား။ အရှင်ဘုရားအတွက် ဒီနေ့ကစပြီး ဆွမ်း၊ ကျောင်း၊ ဆေး၊ သင်္ကန်း စတဲ့ ပစ္စည်းလေးပါးကို တပည့်တော်တို့ ရွာသူရွာသားတွေ တာဝန်ယူပါ့မယ်ဘုရား။ အရှင်ဘုရား ငြိမ်းငြိမ်းချမ်းချမ်းနဲ့ သာသနာပြုတော်မူပါဘုရား'

'ကဲ..ကဲ..ဒကာတွေရဲ့ စကားကြားရတာ ဘုန်းကြီးဝမ်းသာပါတယ်။ လောလောဆယ် ဟောဒီရှေးဟောင်းစေတီတော်ကို ပြုပြင်မွမ်းမံပြီး ထီးတော်တင်နိုင်အောင် ကြိုးစားကြ။ ကြားလား'

'တင်ပါ့ဘုရား'

ထိုနေ့မှစ၍ ဦးပဥ္စင်းကြီး ဦးပညာသီရိ သီတင်းသုံးရန် ကျောင်းဆောင်တစ်ဆောင်ကိုလည်းကောင်း၊ ဦးပဥ္စင်းကြီး နေ့စဉ် ဆွမ်းဘုဉ်းပေးရန်ကိုလည်းကောင်း ထိုကြပ်ပြင်ကုန်းနှင့် နီးကပ်သော သံပရာကုန်းရွာနှင့် တောင်ဇင်းရွာမှ ရွာသူရွာသားတို့က အလှည့်ကျတာဝန်ယူ လုပ်ကိုင်ပေးခဲ့ကြသည်။ တစ်နေ့ထက် တစ်နေ့လည်း လူသူအမြောက်အမြား လာရောက်ဖူးမြော်ကြကာ ဦးပဥ္စင်းကြီးကိုလည်း လှူဒါန်းမှုအစုစုပြုကြသည်။

ထို့ကြောင့် ဦးပဥ္စင်းကြီး ဦးပညာသီရိမှာ အေးချမ်းစွာ တရားကျင့်ကြံပွားများ အားထုတ်နိုင်လေသည်။ ထိုအရပ်၌ ရှိကြကုန်သော မြင်အပ်မမြင်အပ်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့နှင့် ပေတာအပါအဝင် သတ္တဝါတို့အား မေတ္တာတရားထား၍ နေလာခဲ့ရာ သာသနာတော်ဖွံ့ဖြိုးတိုးတက်လာကာ မကြာမီ ထုံးစေတီတော်အား ထုံးသင်္ကန်းဆက်ကပ်၍ ထီးတော်သစ်ကို တင်လှူပူဇော်နိုင်ခဲ့သည်။ စေတီတော်၏ ဘွဲ့တော်ကိုလည်း ဆန္ဒပြည့်စေတီတော်ဟူ၍ ပေးခဲ့သည်။ ထိုသာသနာ့နယ်မြေကိုလည်း ကြပ်ပြင်တောရသာသနာ့နယ်မြေဟူ၍ မှည့်ခေါ်ကာ ယနေ့တိုင် သာသနာပြုလျက် ရှိနေပါတော့သည်။

ချစ်မင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသုခ သွေးသန့်အားတိုးဆေး



နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွှေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

**လူကြီး** – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

**ဖြန့်ချိရေး**

မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

# အကြောသုခ ဒဏ်ကြေလိမ်းဆေး



အကြောသုခ(ဒဏ်ကြေလိမ်းဆေး အဆီ)
0203 Y 4340



0203 Y 4340



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ်၊ အကြောထုံးခြင်း၊ ဖက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**

မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆



www.burmeseclassic.com

www.burmeseclassic.com



# အမေကြွမ်း ရောက်ခဲ့သည့် တစ္ဆေပြည်

## ဦးကိုကိုကြီး

([illegible])

စာရေးသူတို့ဒေသတွင် (၂၀၁...
ခုနှစ်မိုးသည် အရင်နှစ်တွေနှင့်...
ထူးထူးခြားခြား ပို၍ပင် ရွာသွန်း...
သည်။

(၂၀၁၇)ခုနှစ်ရဲ့ မြန်မာလ...
နယုန်လပြည့်နေ့ကတည်းက ...
ပြင်းထန်ထန် ရွာချလိုက်၊ ...
နားလိုက်နှင့် ရွာသွန်းလာ...
သည်မှာ နယုန်လကွယ်...

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါ၏။

မိုးရွာရက်များတွင် ရာသီက အေးနေသဖြင့် စာရေးသူ ဘယ်ကိုမှ မသွားဖြစ်ဘဲ အိပ်ရာထက်ဝယ် နွေးနွေးထွေးထွေးအိပ်နေကာ ဟိုဟိုဒီဒီ တွေးတောနေရင်းက လွန်ခဲ့သည့်နှစ်များက အဘွားအိုတစ်ဦးနှင့် တွေ့ကြုံခဲ့ရသော အတိတ်ဆီသို့ စိတ်သည် ပျံ့နှံ့ရောက်ရှိသွားခဲ့ပါသည်။

အတွေးပေါ်လာတုန်း စာကောက်ရေးရန် သတိရလာသဖြင့် အိပ်ရာထက်မှထကာ စာရေးစားပွဲဆီသို့ သွားလိုက်ပါသည်။

စာရေးစားပွဲထံရောက်သည်နှင့် ကုလားထိုင်ကို ဆွဲထိုင်လိုက်ပြီး ဘောပင်ကောက်ကိုင်ကာ စာရွက်ပေါ်သို့ စာများ ရေးချလိုက်မိပါတော့သည်။

ရေးပြီးသိုသည်နှင့် စာရှုသူများအတွက် အကြားအမြင် အသိဆိုသည်များ ရကြပါစေဆိုသည့် စာရေးသူ၏စိတ်က ဦးစွာအရင် ဖြစ်ပေါ်မိပါသည်။

◆◆◆

မှတ်မှတ်ရရ (၅-၁၂-၂၀၁၀)ရက် တနင်္ဂနွေနေ့ နံနက်က စာရေးသူ၏ ဆိုင်ကယ်ဘရိတ် မီးမလင်းသဖြင့် (၂)မိုင်ခန့်ဝေးသော သင်တန်းကျောင်းလမ်းဆုံ ဆိုင်ကယ်ပြုပြင်ရေးဆိုင်သို့ ဆိုင်ကယ်မောင်းနှင်၍ ထွက်သွားခဲ့ပါသည်။

စာရေးသူသည် ဆိုင်ကယ်ချွတ်ယွင်းချက်ဖြစ်တိုင်း သင်တန်းကျောင်းလမ်းဆုံသို့သာ သွားရောက်ပြုပြင်လေ့ရှိပါသည်။

ထိုလမ်းဆုံဆိုင်တွင် ဆိုင်ကယ်ပြင်ဆိုင် တစ်ဆိုင်တည်းသာရှိပြီး ပြင်ဆိုင်ရှိ လူငယ်လေးသည် ကျွမ်းကျင်ပိုင်နိုင်စွာ ပြုပြင်နိုင်သူဖြစ်၏။ ဆက်ဆံရေးလည်း ကောင်းမွန်ကာ ပြုပြင်ခဈေးနှုန်းလည်း သက်သက်သာသာ ရှိပါသည်။

ဆိုင်သို့ ရောက်သည်နှင့် ထိုလူငယ်က 'ဦး…ဆိုင်ကယ် ဘာဖြစ်လို့လဲ' ဟု စတင်မေးလာပါသည်။

စာရေးသူမှ 'သားရေ…ဆိုင်ကယ်ဘရိတ်မီး မလင်းလို့ကွာ' ဟု ပြောပြရာ သူ၏တပည့်လေးအား ဆိုင်ကယ်ကာဗာများ ဖြုတ်နိုင်းလိုက်ပါသည်။

ပိုင်ယာပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ဖြစ်သဖြင့် ဆိုင်ကယ်တွင် လိုက်လံ၍ အပြစ်လိုက်ရှာနေကြပါသည်။

ထိုလူငယ်များ ရှာနေစဉ် စာရေးသူလည်း ဆိုင်အပြင်ထွက်၍ ဆောင်းကာလ ချမ်းသည့်မို့ နေဆာလှုံရင်း ပြုပြင်မှုပြီးသည့်အချိန်အား စောင့်ဆိုင်းနေမိပါတော့သည်။

ထိုခဏဝယ် အဘွားအိုတစ်ဦးသည် တောင်ဝှေးတစ်ချောင်းဖြင့် စာရေးသူ၏ရှေ့မှ ဖြတ်လျှောက်လာစဉ် စာရေးသူသည် အဘွားအိုအား နှုတ်ဆက်လိုသောစိတ်များ ဖြစ်ပေါ်လာသဖြင့် 'အမေ…လမ်းလျှောက်သွားမလို့လား' ဟု မေးလိုက်မိပါသည်။

အဘွားအိုကို မြင်ရသည့်ပုံမှာ ခန္ဓာကိုယ်ဝယ် သေးသေးသွယ်သွယ်ရှိပြီး အရပ်အမောင်း သင့်တင့်စွာရှိကာ မျက်နှာမှာ ပြုံးရွှင်ချိုသာသော အနေအထားရှိသည်ကို တွေ့မြင်ရပါသည်။

စာရေးသူ၏ နှုတ်ဆက်လိုက်မှုကြောင့် စာရေးသူ၏ ရှေ့တွင် ရပ်တန့်လျက် အဘွားအိုမှ ချိုရွှင်သော မျက်နှာပေး၊ ပြုံးရွှင်သော မျက်နှာတို့ဖြင့်-

'ဟုတ်တယ် သား၊ အိမ်မှာချည်း ထိုင်နေလို့ ကျန်းမာရေးမကောင်းဘူး။ လမ်းလေးဘာလေး ထွက်လျှောက်မှ နေလို့ထိုင်လို့ ကောင်းတာကွယ့်။ အမေ့အသက်က (၈၆)နှစ်ရှိပြီလေ။ သေဖို့နီးပြီပေါ့ကွယ်။ မသေခင် နေရခိုက်မှာ အာရောဂျံ ပရမံလာဘ်ဆိုတဲ့ စကားအတိုင်း နေရတာပေါ့။ အမေ့ခင်ပွန်းကတော့ အသက်(၇၀)မှာ ဆုံးသွားတယ် သား' ဟု မမေးသည့် မေးခွန်းများကိုပါ ထည့်ပြောသွားပါသည်။

အဘွားအိုသည် အသက်(၈၆)နှစ်ပင် ရှိပြီဖြစ်သော်လည်း လမ်းသွားနှုန်း မနှေးသလို စကားပြောဆိုမှုမှာလည်း သွက်သွက်လက်လက်ရှိနေဆဲ ဖြစ်ပါသည်။

မျက်လုံးများကလည်း ကြည်လင်မှု ရှိနေသေးသလို နားများကလည်း ကောင်းပုံရပါသည်။

အဘွားအိုသည် လမ်းဆက်လျှောက်ရမည်ကို ဆက်မလျှောက်သေးဘဲ စာရေးသူ၏ ရှေ့တွင်ရပ်လျက် စကားဆက်လက်ပြောချင်နေပုံရပါသဖြင့် စာရေးသူကပင်-

'အမေ…ထမင်းတွေ ဟင်းတွေရော စားကောင်းသေးရဲ့လား။ ကျန်းမာရေးကတော့ အမေ့ကို ကြည့်ရတာ ကောင်းပုံရတယ်နော်' ဟု မေးလိုက်မိပါသည်။

အဘွားအိုမှ-

'ထမင်းက တစ်ပန်းကန်တော့ စားနိုင်ပါသေးတယ်။ ကျန်းမာရေးကတော့ အသက်ကြီးပြီပဲကွယ်။ မကောင်း

www.burmeseclassic.com

တဲ့အခါလည်း ရှိတာပေါ့'

ဆက်လက်ပြီး အဘွားအိုက ပြောပြန်ပါသည်။

'ကျန်းမာရေးဆိုလို့ သွားသတိရပြန်ပြီ။ အမေ့အသက် (၂၈)နှစ်လောက်ကတော့ သေပြီလို့ ထင်ရတဲ့အထိ မကျန်းမမာ ဖြစ်ခဲ့ဖူးတယ်'

'သားလည်း အကြားအမြင်ဗဟုသုတရအောင် ပြောပြဦးမယ်။ အဲဒီတုန်းက အမေရဲ့ရောဂါ အသည်းအသန် ဖြစ်လာပြီး အိပ်ရာထဲမှာ (၃)ရက်တိတိ သတိမရဘဲ မြောနေတယ် သား။ အမေ မေ့မြောသွားတော့ ဘယ်ရောက်သွားသလဲဆိုရင် တဇ္ဈေပြည်လို့ပဲ အမေ့စိတ်ထဲမှာ ထင်တယ်။ လွင်ပြင်အကျယ်ကြီး တစ်ခုထဲကို ရောက်သွားတယ်'

အဘွားအို၏ စကားထဲတွင် တဇ္ဈေပြည်ဆိုသော စကားတစ်ခွန်း ပါလာသဖြင့် စာရေးသူ အဘွားအို၏ စကားကို ပို၍နားစွင့်နားထောင်လိုက်မိပါသည်။

တဇ္ဈေပြည်ဆိုသည်ကို စာရေးသူသည် ရှေးလူကြီးများ ပြောစကားအရ ကြားဖူးနားဝ ရှိခဲ့ဖူးသော်လည်း သေသေချာချာ နားမလည်ခဲ့ပါ။

ယခု အဘွားအိုက သူ၏ကိုယ်တွေ့ ဖြစ်ခဲ့ရသည့်၊ ကြုံခဲ့ရသည့် အဖြစ်အပျက်ကို ပြောပြမည်ဖြစ်သဖြင့် စာရေးသူ စိတ်ဝင်တစား ရှိလှန်းမိပါသည်။

သို့ဖြစ်၍ စာရေးသူမှ 'ပြောပါအမေ၊ ဆက်ပြောပါ။ ကျွန်တော် နားထောင်နေပါတယ်'ဟု အဘွားအိုအား ပြောလိုက်မိပါသည်။

အဘွားအိုမှ ဆက်၍-

'အဲဒီ အဆုံးအစမရှိတဲ့ လွင်ပြင်ကျယ်ကြီးထဲမှာ သတိရတဲ့အချိန်မှာ ပြန်စဉ်းစားမိတာက လွင်ပြင်ကျယ်ကြီးဟာ လေမတိုက် ဘာမတိုက်နဲ့ ပူပြင်းလိုက်တာ ပြောမယုံနိုင်စရာဘဲ။ အမေလည်း လွင်ပြင်ကျယ်ကြီးထဲမှာ ကယ်မယ့်သူကို လိုက်ရှာနေမိတယ်။ မရပ်မနား ချည့်ချည့်နဲ့နဲ့ ကယ်တင်ရှင်ကို လိုက်ရှာနေလိုက်တာ (၂)ရက်ကြာသွားတယ် သား။ ပင်ပန်းဆင်းရဲပါဘိတော့တယ်ကွယ်။ လိုက်ရှာရင်း (၃)ရက်မြောက်နေ့မှာတော့ အဲဒီလွင်ပြင်ကြီးထဲမှာ အိမ်ကလေးနှစ်လုံး သွားတွေ့ရတယ်။ အိမ်ကလေးနှစ်လုံးက သပ်သပ်ရပ်ရပ်ပဲ သားရဲ့။

အမေလည်း ခရီးပြင်းနှင်လာရတော့ ရင်ထဲမှာ ပူပြင်းစွာ ခံစားရလွန်းလို့ အဲဒီအိမ်ကလေးနှစ်လုံးရှိရာကို ရှိသမျှ အင်အားတွေ အသုံးချပြီး အရောက်ပြေးသွားမိတယ်။ ရောက်တာနဲ့ အားကိုးတကြီးနဲ့ ကြည့်လိုက်တော့ ဝဝတုတ်တုတ် မိန်းမကြီးတစ်ယောက် ဝက်စာပုံးကြီးကိုင်ပြီး အိမ်ပေါ်က ဆင်းလာတာကို တွေ့ရတယ်။ အမေ့ကို သူမြင်တော့ သူက စကားမပြောဘူး။ သူလုပ်စရာ ရှိတာကိုပဲ လုပ်နေတယ်။

အမေက အဲဒီမိန်းမကြီးကို စကားစပြောမလို့ လုပ်နေတုန်းမှာပဲ တစ်ကိုယ်လုံး နီရဲနေတဲ့ လူကြီးတစ်ယောက်က ဘယ်ကနေဘယ်လို ရောက်လာမှန်းမသိ အမေ့ရှေ့ကို ရောက်လာတယ်။ အဲဒီလူကြီးရဲ့မျက်နှာကို အမေ အသေအချာကြည့်လိုက်တော့ မျက်နှာကြီးက မျက်စိ၊ ပါးစပ်တွေ မတွေ့ရှိရဘဲ နီနီရဲရဲမျက်နှာကြီးကိုပဲ တွေ့ရတယ်။ ဆံပင်တွေကလည်း နီနီရဲရဲ အရှည်ကြီးမှာ အကုန်လုံးသော ဆံပင်တွေဟာ မိုးပေါ်ကို ထောင်ပြီးနေတာကို မြင်တွေ့ရတယ် သား။

အဲနောက် အမေ့ကို အဲဒီလူနီကြီးက လက်ယပ်လှမ်းခေါ်တယ်။ အမေလည်း မသွားချင်ဘဲနဲ့ ကြောက်ကြောက်နဲ့ပဲ လူနီကြီးနားကို ဘယ်လိုရောက်သွားမှန်းမသိ ရောက်သွားပါတယ်။

လူနီကြီးက နင့်ကို ဒီမှာခေါ်ထားရမယ်။ ဟိုမှာတွေ့လား၊ နင့်ဖို့ အိမ်တစ်လုံး အသင့်ရှိတယ်။ နင်နေဖို့ အဆင်သင့် လုပ်ပြီးသားပဲ။ ငါ့ကိုလည်း နင့်လင် လုပ်ရမယ်။ နေမယ်မဟုတ်လားလို့ အမေ့ကို အသံလုံးကြီးကြီးနဲ့ မေးတယ်။

အဲဒီအချိန်မှာ အမေ့ရင်တွေဟာ မခံစားနိုင်လောက်အောင်ကို ပူပြင်းလာတယ်။ ကြောက်အားတွေလည်း ပိုတိုးလာတယ်။ ကြောက်ကြောက်ရွံ့ရွံ့နဲ့ အမေ အားယူပြီး လူနီကြီးကို ကျွန်မလင် မလုပ်နိုင်ဘူး။ ကျွန်မ ဒီမှာလည်း မနေနိုင်ဘူး။ ကျွန်မမှာ ယောကျ်ားရှိတယ်။ ကျွန်မအိမ်ကို ကျွန်မ ပြန်မယ်ဆိုပြီး အော်ပြောလိုက်မိတယ်။

လူနီကြီးက ဪ...အေး...အေး...နင် ပြန်ချင်ရင်တော့ ဟိုမှာတွေ့လား၊ လဲနေတဲ့ သစ်သားတုံးထဲကို နင်ဝင်လို့ရရင် နင့်အိမ်နင် ပြန်နိုင်တယ်ဆိုပြီး တစ်ပေလောက်အဝရှိပြီး အရှည်လူတစ်ရပ်သာသာ သစ်ခေါင်းတုံးထဲကို ဝင်ခိုင်းတယ် သားရယ်။



www.burmeseclassic.com

www.burmeseclassic.com

အမေကလည်း အိမ်ကို အရမ်းပြန်ချင်နေတော့ သစ်တုံးဆီကို ပြေးသွားပြီး ဦးခေါင်းနဲ့ တိုးဝင်ကြည့်လိုက်တယ်။ စိတ်ကလည်း ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ ဆိုနေမိတယ်။

အဲဒီအချိန်မှာ အမေရဲ့ကိုယ်လုံးဟာ သစ်သားတုံးလောက် ကိုယ်ခန္ဓာဖြစ်သွားပြီး ကျပ်ကျပ်တည်းတည်းနဲ့ မရမက တိုးဝင်ခဲ့ရတယ်။

တိုးဝင်ရင်း သစ်သားတုံးရဲ့ တစ်ဖက်ပေါက်ကို ခေါင်းလည်း ပြူလာရော အမေ ရေငတ်လာတယ်။ ပါးစပ်ကလည်း ရေပေးပါ၊ ရေပေးပါလို့ တောင်းနေမိတယ်။

လူနီကြီးက အမေ့ကို မပါတဲ့မျက်လုံးနဲ့ ကြည့်နေပြီး ရေမပေးဘူးကွယ့်။ အမေ့ခန္ဓာကိုယ်ကလည်း သစ်သားတုံးထဲမှာ ကျပ်ညပ်ပြီး လူကို ချုပ်နှောင်ထားသလို တင်းတင်းကျပ်ကျပ်ကြီး ခံစားနေရတယ်။

အမေလည်း မွန်းကျပ်စွာ ခံစားနေရင်းက အားကုန်အသံကုန်သုံး အော်ဟစ်ပြီး ရေတောင်းလိုက်တဲ့အချိန်မှာ အမေဟာ တိုးညင်းစွာနဲ့ ရေတောင်းနေတာကို အမေမေ့မြောနေရာကနေ သတိရလာပြီး သိလိုက်ရတယ်။

အဲဒီလို အမေ့ရဲ့ဘဝတစ်သက်မှာ ယနေ့အထိကို မမေ့နိုင်လောက်အောင် အမေ ကိုယ်တွေ့ကြုံခဲ့ရဖူးတယ်သား'

အမေ ခဏစကားရပ်သွားခိုက် စာရေးသူမှ-

'ဩော်··ဒါနဲ့ အမေ့နာမည် ဘယ်လိုခေါ်ပါသလဲ'

ဟု မေးမိရာ အဘွားအိုမှ-

'အမေ့နာမည်အရင်းက မမြသန်းတဲ့။ ဒါပေမဲ့ အမေ့ရဲ့ အဖေက အမေငယ်ငယ်က အမေတို့ရွာမှာရှိတဲ့ နွားကြမ်း၊ လူကြမ်း မိန်းမကြီးလို ကြမ်းကြမ်းတမ်းတမ်းရှိမယ်ထင်ပြီး အဲဒီမိန်းမကြီးရဲ့နာမည် မကြမ်းကို အစွဲပြုပြီး အမေ့ကို မကြမ်းလို့ ခေါ်ရင်းကနေ အမေကြမ်းလို့ လူခေါ်များကြတယ်ကွယ့်။

ဒါပေမဲ့ အဖေထင်ခဲ့သလို အမေက မကြမ်းတမ်းပါဘူးသား။ ကဲ··စကားတွေ ရှည်သွားပြီ။ လမ်းဆက်လျှောက်လိုက်ဦးမယ် သားရေ'ဟု ပြောဆိုကာ တောင်ဝှေးထောက်လျက် စာရေးသူ၏ရှေ့မှ ထွက်ခွာသွားပါလေတော့သည်။

အသက်(၈၆)နှစ် ရှိပြီဖြစ်သော်လည်း စကားများကို မဗောမပန်း ပြောသွားနိုင်သော အဘွားအို၏ ကျောပြင်ကို ငေးမောကြည့်ရှုရင်း စာရေးသူ ကျန်ရစ်ခဲ့ပါသည်။

ဆိုင်ကယ်ပြုပြင်သည်မှာ မပြီးသေးသဖြင့် ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်ကာ စောင့်ရင်းက အဘွားအို၏ ပြောဆိုမှုများကို ပြန်လည်တွေးတောနေမိပါသည်။

ဤနေရာတွင် အဘွားအိုလို မသေဘဲ မြောနေသည့် အဖြစ်မျိုး စာရေးသူတို့ မြန်မာပြည်တွင် (၃)ရက်မေ့မြောနေတာမျိုး၊ (၇)ရက်မေ့မြောနေတာမျိုး ရှိကြသည်ကို ကိုယ်တွေ့ ကြုံဖူးသူများ ရှိကြမည်ဖြစ်သလို တစ်ဆင့်စကားတစ်ဆင့်နား ကြားဖူးကြတာမျိုးတွေလည်း ရှိကြပါလိမ့်မည်။

မသေသေးဘဲ မြောနေသူတစ်ဦးဟာ မြောနေရင်းဖြင့် ငရဲပြည်ရောက်သွားသည်မျိုး ရှိသလို မြောနေသောနောက်တစ်ဦးမှလည်း နတ်ပြည်ကို ရောက်သွားသည်မျိုးလည်း ရှိပါသည်။

ပသို့ပင်ရှိကြပါစေ အဘွားအိုရောက်သွားသော တစ္ဆေပြည် ဆိုသည်ကလည်း အသက်အရွယ်ကြီးရင့်သူ၊ ဘဝအတွေ့အကြုံရင့်ကျက်သူ၊ ကိုယ်တွေ့ကြုံရသူတစ်ယောက်ပြောပြသောစကား ဖြစ်နေပါသဖြင့် ထူးခြားသည့်ဗဟုသုတ တစ်ခုတော့ ရလိုက်သည်ဟုသာ စာရေးသူ တွေးတောယုံကြည်မိလိုက်ပါတော့သည်။

ဒီနောက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိသည်ကတော့ ဂမ္ဘီရမဂ္ဂဇင်းတိုက်မှတစ်ဆင့် စာဖတ်ပရိသတ်များထံသို့ အဘွားအိုပြောပြသော တစ္ဆေပြည်သို့ ရောက်ခဲ့ဖူးသည့် အကြောင်းအား စာဖတ်ပရိသတ်များ ဗဟုသုတတစ်ခု ရကြပါစေဆိုသော စိတ်စေတနာကောင်းဖြင့် စာရေးသူမှ မျှဝေပေးလိုက်မည်ဟုသာ ဖြစ်ပါတော့သည်။

ဤစာစုဖြင့် အမေကြမ်း (ခေါ်) ဒေါ်မြသန်းအား ဂါရဝပြုပါသည်။



ဦးကိုကိုကြီး(စစ်သေးရေး)

www.burmeseclassic.com

(တစ်)

မိခင်သည် ရင်သွေးငယ်ကို ဝမ်းကြာတိုက်မှာထား၍ ၄င်း၏ကိုယ်မှဖြစ်သော အာဟာရဖြင့် အသက်ကို ရှင်စေ၏။ ထိုအချိန် ထိုကာလ သန္ဓေသားဘဝသည် မိခင်နှင့် ရင်သွေး တစ်သားတည်းရှိလို့နေလေသည်။ မိခင်ချိုလျှင် ချို၏။ ချဉ်လျှင် ချဉ်၏။ ငံလျှင် ငံ၏။ စပ်လျှင် စပ်၏။ အနီ့မိခင်မှ သူ၏ရင်သွေးအပေါ် ဖြစ်ပေါ်လာသည့် မြတ်နိုးမှု၊ တွယ်တာမှု၊ ချစ်ခင်မှု၊ စွဲလမ်းမှုတို့သည် မည်သူနှင့်မျှ တုနှိုင်းဖွယ် မရှိပါချေ။ မိခင်တို့သည် ရင်မှဖြစ်တည်လာမည့် ရင်သွေးငယ်လေးများအတွက် ကြိုတင်၍ ရင်အခုန်ကြဆုံး လူသားများလည်း ဖြစ်၏။

ရင်သွေးရင်နှစ် နှုတ်ငုံဖြစ်ကတည်းက သူတို့ ယုံကြည်ရာ ကိုးကွယ်ရာ ဘုရားရှင်တို့ကို ပိုမို၍ ကြည်ညိုဦးညွှတ်ကြ၏။ ဆုတောင်းပတ္တနာ ပြုကြလေ၏။ ထိုသို့ ဆန္ဒဓာဓောများ အားကြီးလာသောအခါ မိခင်တို့၏ စိတ်သန္တာန်တွင် ရင်သွေးနိမိတ်ထူးများ ဖြစ်ပေါ်၍ လာတတ်ကြလေသည်။

ဗျိုးကြီး ([illegible])

# ရင်သွေးနိမိတ်





www.burmeseclassic.com

www.burmeseclassic.com

ယင်းနိမိတ်ထူးများကို သတိပြုမှတ်သားကြမည်ဆိုပါက ကလေး၏ ဘဝတာတစ်ခုလုံးအတွက်ပင် ကြိုတင်မျှော်မြင်နိုင်ကြမည် ဖြစ်ပါသည်။ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် မယ်တော်မာယာ၏ ဝမ်းကြာတိုက်တွင် ပဋိသန္ဓေနေစဉ်ကာလ၌ ရင်သွေးနိမိတ်အနေဖြင့် မယ်တော်မာယာ၏ လက်ယာနံစောင်းတွင် ဆင်ဖြူတော် ကိန်းဝပ်တော်မူကြောင်း အိပ်မက်နိမိတ်ထူးကို မြင်မက်ခဲ့ပြီးနောက် ဘုရားလောင်း သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့လေသည်။

တုန့်နှိုင်းအပ်သောအရာ မဟုတ်မူ၍ နှိုင်းယှဉ်ဖော်ပြခြင်း မဟုတ်ပါ။ ဆက်စပ်နေမှုများအရ ကျွန်တော့်မိသားစုကြုံတွေ့မှတ်သားမိသမျှလေးကို ဖွင့်ဟလိုပါသည်။

ကျွန်တော်တို့တွင် သမီးနှစ်ယောက်ရှိရာ ဇနီးသည်က ကိုယ်ဝန်ဆောင်စဉ် ကာလများတွင် ထူးခြားသည့် ရင်သွေးနိမိတ် အိပ်မက်များ မြင်မက်ခဲ့သည့်အကြောင်းများ ဖြစ်ပါသည်။

ဇနီးသည် မရွှေသစ်သည် ယခင် ကျွန်တော်နှင့်အကြောင်းမပါခင် အပျိုစင်ဘဝ မိဘများနှင့် အတူနေစဉ်ကတည်းက ဘုရား၊ တရား ကြည်ညိုရင်းစွဲ သန်သူဖြစ်ပြီး နေ့စဉ်နံနက်အချိန်အခါများတွင် အာစီဏ္ဏကံအနေဖြင့် ဘုရားကန်တော့ခြင်း၊ ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း အမှုတို့ကို ပြု၏။ အလုပ်အကိုင်ကလည်း အရောင်းအဝယ် ကုန်သည်ဖြစ်၍ ရောင်းပန်းဝယ်ပန်း ကောင်းအောင် ဂုဏ်တော်များ ပွားများဖတ်ရှုမှုကိုလည်း အစဉ်ပြုလေ၏။

သမီးကြီးကို နှုတ်ငုံရလာသောအခါ ထိုထိုသောကောင်းမှုတို့ကို ရင်သွေးလေးအတွက်ပါ အဆတိုးပြီး ဆိုထက်ပို၍ ပြုလေ၏။ တစ်နေ့တွင်တော့ နံနက်ခင်းလေးနာရီခန့်တွင် အပေါ့အပါးသွားပြီး ပြန်လည်အိပ်စက်စဉ် မြင်မက်ခဲ့သည့် ရင်သွေးနိမိတ်ကို ကျွန်တော့်အားပြောပြလေသည်။

ဆံပင်များ၊ နှုတ်ခမ်းမွေးများ၊ မုတ်ဆိတ်မွေးများဖြူဆွတ်နေပြီး အဖြူရောင်ဝတ်စုံကို ဆင်မြန်းထားသည့် သူတော်စင် ပုဂ္ဂိုလ်ကြီးတစ်ဦးက အဖြူရောင်ပိတ်စဖြင့် ထုပ်၍ထားသော အထုပ်ဖြူကြီးတစ်ထုပ်ကို ဇနီးသည်အား လာ၍ပေးလေ၏။ အဆိုပါ အဝတ်ဖြူထုပ်ကို ဇနီးသည်မှ လှမ်း၍ယူဆောင်လိုက်စဉ် အိပ်မက်မှ နိုးသွားကြောင်း ပြောပြလေသည်။ အဆိုပါအိပ်မက်မှာ တစ်ကြိမ်မက နောက်ရက်များတွင်လည်း ရက်ခြား၍ နှစ်ကြိမ်၊ သုံးကြိမ်ခန့် မြင်မက်ကြောင်း ပြောပြသည်ကို သတိရမိလေသည်။ ထိုစဉ်ကတော့ အမှုမဲ့အမှတ်မဲ့ပင်။

သမီးကြီး မရွှေနှင်းအား မွေးဖွားလာသောအခါ အသားအရေက ဝါနှစ်နေပြီး မျက်ခုံးထူထူ၊ ဆံပင်မည်းမည်းနှင့် ပိန်ပိန်ပါးပါးလေး ဖြစ်၏။

အိမ်တွင် ဇနီးသည်၏ အစ်မကြီးမှမွေးသော တူ၊ တူမများ အတူလာနေကြသည်ဖြစ်ရာ မွေးဖွားပြီးကတည်းက အိပ်ချိန်၊ စားချိန်မှလွဲ၍ လက်က မချကြ။ အခြွေအရံပေါလှသလို အဝတ်အစားများမှာလည်း ဇနီးသည်က အဝတ်အထည်များလည်း အရောင်းအဝယ် ပြုလုပ်သည်မို့ ကလေးဝတ်တစ်မျိုးဝယ် တစ်ထည်ဖယ်နှင့် တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် လွှမ်းစွာပေါလှ၏။

ငယ်စဉ်ကတည်းက သမီးလိုချင်သည့် အရာများမှာနည်းအမျိုးမျိုးဖြင့် ရလာတတ်သည်ကိုလည်း သတိထားမိလေသည်။ လူချစ်လူခင်လည်း ပေါလှ၏။ တစ်စုံတစ်ရာသော ကိစ္စကြောင့် စိတ်လိုက်မာန်ပါ ဆူပူပြောဆိုမိလျှင်လည်း ကျွန်တော်တို့၏ လုပ်ငန်းကိစ္စများတွင် အလားတူစိတ်ညစ်ညျူးဖွယ်ရာများ ပြန်လည်ကြုံတွေ့ရတတ်သည်ကို သတိပြုမိ၏။

ကျွန်တော့်အနေဖြင့် သာမန်ဝန်ထမ်းတစ်ဦးမျှသာဖြစ်၍ မိသားစုအား အပန်းဖြေအနားယူသည့် ခရီးများကို ပို့ပေးနိုင်ခြင်းမရှိသော်လည်း သမီးကြီး မရွှေနှင်းမှာမူကား ပိုက်ဆံတစ်ပြားတစ်ချပ်မှ မကုန်ရဘဲ မြန်မာပြည်အနှံ့အပြားသို့ အပန်းဖြေ၊ ဘုရားဖူး စသည့်ခရီးများ မကြာခဏ သွားရလေသည်။ သမီးကို အင်မတန်ချစ်သော ငယ်စဉ်ကတည်းက အတူကြီးဖြင်းလာသည့် သူငယ်ချင်းမတစ်ဦးမှာ အတော်အတန် အရာရောက်ပြီး ပြည့်စုံချမ်းသာသော အသိုင်းအဝိုင်းမှ ဖြစ်လေရာ ၎င်းတို့မိသားစုတစ်တွေ ခရီးသွားတိုင်း အမြဲတစေ စရိတ်ငြိမ်းခေါ်ဆောင်သွားလေ့ရှိ၍ ဖြစ်လေသည်။

ယမန်နှစ် သင်္ကြန်ကာလ ရုံးပိတ်ရက်တွင် ဆယ်ရက်တာအပန်းဖြေခရီးကို ဂျပန်နှင့် ထိုင်ဝမ်တို့သို့ သူမအတွက်သိန်းခြောက်ဆယ်ကျော် အကုန်အကျခံကာ ထိုသူငယ်

www.burmeseclassic.com

ချင်း မိသားစုမှပင် ခေါ်ဆောင်၍ သွားခဲ့လေသည်။ ကျွန်တော်တို့မိသားစု အခြေအနေအရဆိုလျှင် ရောက်နိုင်ဖို့ လွန်စွာခဲယဉ်းလှပေသည်။

သမီးကြီး ပြည်ပသို့ ခရီးသွားရောက်နေစဉ် သကြံန်ကာလ အားလပ်ရက်လည်းဖြစ်၍ သမီးငယ်နှင့်အတူ သမီးကြီး အခန်းအား ရှင်းလင်းပေးရာ သမီးငယ်က-

'မမအဝတ်တွေကလည်း တစ်နေ့ တစ်စုံ၊တစ်စုံနဲ့ တစ်နှစ်လောက်ဝတ်တောင် ကုန်မှာမဟုတ်ဘူး'

ဟု ရယ်မောကာပြောသဖြင့် သတိထားမိသွား၍ ဇနီးသည်အား-

'ဒီလောက်အများကြီး ဝယ်ပေးရလား'

ဟု မေးမိရာ-

'အဲဒါ သူ့သူငယ်ချင်း ဝယ်ပေးထားတာတွေချည်းပဲ။ ပလာဇာတွေခေါ်သွားလိုက်၊ သူကြိုက်တာတွေ့ရင် ဝယ်ပေးလိုက်၊ သူ့အတွက် ဝယ်ရင်လည်း တစ်စုံဝယ်လာလိုက်နဲ့'ဟု ပြောပြလေသည်။

ကျွန်တော့်မှာ အလုပ်တာဝန်အရ နေပြည်တော်တွင်သာ အနေများပြီး ရန်ကုန်မှာ သမီးနှစ်ယောက်ကို မရွေသစ်သာ အုပ်စီးနေ၍ သူမသာ အသိဆုံး ဖြစ်ပါ၏။

ယခင် နေပြည်တော်သို့ မပြောင်းခင်က ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ရာ မင်္ဂလာဒုံရှိ ဝန်ထမ်းအိမ်ရာနှင့် မနီးမဝေး၌ ရှရီရှရီဂျာဂနတ်ဟု ရေးသားထားသော ဟိန္ဒူဘုရားကျောင်းရှိ၏။ ထိုမှတစ်ဆက်တည်း ခြံစည်းရိုးသာခြား၍ အစ္စလာမ်ဘုရားရှိခိုးကျောင်းလည်း ရှိပြန်သည်။ ကျွန်တော်၏သမီးငယ် မရွှေခြူး ကိုယ်ဝန်လွယ်စတွင်လည်း ဇနီးသည်မှာ ရင်သွေးနိမိတ် အိပ်မက်မြင်မက်ပြန်သည်။

ဖော်ပြခဲ့သည့် ဟိန္ဒူဘုရားကျောင်းဘက်ဆီမှ ရှင်မီးနှင့် ဂါဝန်ခပ်နွမ်းနွမ်းလေး ဝတ်ထားသည့် ငါးနှစ်အရွယ်ခန့် ကလေးမလေးတစ်ဦး ကျွန်တော်တို့နေထိုင်ရာ ဝန်ထမ်းအိမ်ရာဘက် ပြေးလာပြီး အိမ်ရှေ့၌ရပ်နေသည့် ဇနီးသည်၏ ထဘီစကို ဆွဲကာဖက်ပြီး 'အတူနေချင်လို့'ဟု ပြောလေ၏။

ဇနီးသည်လည်း အံ့သြစွာဖြင့် ထိုင်ပြီး ကလေးငယ်၏ ဦးခေါင်းလေးကို ပွတ်သပ်ပေးနေစဉ် အိပ်ရာမှ နိုးသွားကြောင်း ပြန်လည်ပြောပြခဲ့လေသည်။

သမီးငယ်လေး မရွှေခြူးကို မွေးလာသောအခါ နီနီရဲရဲ၊ နှာတံပေါ်ပေါ်၊ မျက်ခွံမို့မို့၊ ဝဝကစ်ကစ်လေးဖြစ်၏။ ယခု ကြီးပြင်းလာသောအခါ မျက်လုံးပြူးပြူး နှာတံချွန်ချွန်၊ အသားညိုညိုနှင့် ဟိန္ဒူ၊ အစ္စလာမ် အမျိုးအနွယ်များနှင့် အတန်ပင် တူလေ၏။ ထိုစဉ်ကလည်း လုပ်ငန်းနေရာ ပြောင်းလာရသည်မို့ ဆွေမျိုးများလည်း နယ်တွင် ကျန်ခဲ့၏။ ဇနီးသည်မှာလည်း အရောင်းအဝယ်လုပ်ငန်းများရပ်ကာ အမျိုးသမီးရေးရာ၊ မိခင်ကလေးစောင့်ရှောက်ရေး စသည့် လူမှုကိစ္စများ၊ အိမ်မှုကိစ္စ ဗာဟီရများနှင့်သာ နိစ္စဓူဝ အလုပ်များလို့နေပေရာ သမီးငယ်မှာ ဇနီးသည်၏အစ်မ အပျိုကြီးနှင့်သာ နေရရှာ၏။ အဝတ်အထည်မှာလည်း ဝန်ထမ်းမိသားစုပီပီ တစ်နှစ် နှစ်စုံ၊ သုံးစုံ စကေးနှင့်သာ ဝယ်ပေး၊ ချုပ်ပေးနိုင်လေ၏။

မိဘနှစ်ပါးက မွေးဖွားလာကြသည်ချင်း အတူတူတွင် ဘဝအကျိုးပေးများက မတူနိုင်ကြပေ။ မိခင်တို့ ရင်မှဖြစ်သော ရင်သွေးနိမိတ်ပုံနှင့် သတိပြုဆက်စပ်ကြည့်လျှင် တစ်ထပ်တည်းကျနေသည်ဟု ဆိုရပါတော့မည်။

(နှစ်)

လွန်ခဲ့သော ရက်ပိုင်းက သမီးငယ်မွေးနေ့ ရုံးပိတ်ရက်နှင့် တိုက်သဖြင့် ရွှေလင်းယုန်ဆရာတော်ကြီးအား အရုဏ်ဆွမ်း ပင့်ဖိတ်၍ အလှူပြုခဲ့ကြ၏။ ထိုစဉ် ဆရာတော် ဘုရားကြီးအား ဖူးမြော်ကြည်ညိုရင်း ဝတ္ထုငွေများ၊ စားသောက်ဖွယ်များ၊ သီးနှံများ လာရောက်လှူဒါန်းကြရာ ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက် ကိုတင်မောင်ဦးတို့မိသားစုလည်း ဖိတ်ထားသဖြင့် ရောက်၍လာကြလေ၏။ ၄င်းတို့နှင့်အတူ လေးနှစ်အရွယ် သမီးငယ်လေးလည်း ပါ၏။ အသားလတ်လတ်၊ နှာတံပေါ်ပေါ်၊ မျက်လုံးဝိုင်းဝိုင်းလေးနှင့် ဖအေတူလေးဖြစ်၏။ ကလေးက အိပ်ရာထနောက်ကျနေ၍ ၄င်းတို့ ရောက်လာချိန်တွင် ဆရာတော်ဘုရားမှာ နေ့ဆွမ်းအလှူရှင်ရှိနေ၍ ပြန်ကြွသွားပေပြီ။ မဖူးလိုက်ကြရပေ။

စကားစမြည် ပြောကြရင်းက 'ဖအေတူ သမီးလေးပဲဆိုတော့ ကျွန်တော့်အမေ ဝင်စားတာလို့ ပြောတာပဲ' ဟု ဆို၏။

'လုပ်ပါဦး။ အမေဝင်စားတာလို့ ဘယ်လိုသိတာလဲ'

ကျွန်တော်လည်း ရေးလက်စ ရင်သွေးနိမိတ်စာစုနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဆက်စပ်လေမလား၊ ဇာတ်လမ်းတစ်ပိုင်းတစ်စ ရလေမလားဟု ပျော်သွား၏။

'ကျွန်တော့်ဦးလေး တစ်ဝမ်းကွဲကို အိပ်မက်ပေးတာ'

'ဆိုပါဦး'

'မနက်အစောကြီး အိပ်မက်,မက်တာ။ ကျွန်တော့်အမေက သနပ်ခါးအဖွေးသားနဲ့ ဝတ်ကောင်းစားလှတွေဝတ် ဆံပင်ဖားလျားချလို့ ငါ လူ့ပြည်ပြန်လာမလို့ ဆိုသတဲ့။ လူ့ပြည် ဘယ်သူ့ဆီ လာမှာတုန်း ပြန်မေးတော့ ငါ့သားဆီ လာမှာလို့ပြောပြီး အိပ်မက်က လန့်နိုးသွားရောတဲ့။ အဲဒီတုန်းက ကျွန်တော်တို့ အိမ်ထောင်သက်တစ်နှစ်ခွဲလောက် အမေဆုံးပြီး တစ်လကျော်ကျော်လောက်ပေါ့'

ငါကြားဖူးတာက ရင်သွေးနိမိတ်ဆိုတာ မိခင်ကိုပေးတတ်တာကလားဆိုပြီး မရွှေသစ်နဲ့ သမီးနှစ်ယောက်အကြောင်း ပြောပြလိုက်တော့ ကိုတင်မောင်ဦးက ရယ်မောပြီး မိန်းမကိုယ်ဝန်နဲ့တုန်းက အိပ်မက်ပေးသေးတယ်ဟုဆိုကာ ဘေးမှာထိုင်နေသော မဟေသီအား ပြုံးပြုံးကြီးလှမ်းကာကြည့်၏။

မဟေသီကလည်း ပြန်ပြုံးပြတော့-

'ဒီလိုလေ၊ သူက ဘုရားပွဲသွားတာ ဟုတ်တယ်မဟုတ်လားဆိုကာ တစ်ချက်မေးဆတ်ကာပြတော့ ဘေးက ဇနီးသည်က ပြုံးမြဲပြုံးနေ၏။ အဲဒါ ပွဲလမ်းသဘင်ဆိုတော့ လူတွေက အားလုံး အဝတ်အစားသစ်သစ်လွင်လွင်နဲ့ သွားလာနေကြရင်းက ဂူတစ်ဂူထဲ ရောက်သွားရော။ အဲဒီမှာ ကျွန်တော့်အမေက ချိတ်ထဘီနဲ့၊ သစ်သစ်လွင်လွင် တောက်တောက်ပပ အဝတ်အစားတွေနဲ့ ဆံပင်ဖားလျားချလို့။ ကျောက်တုံးတစ်တုံးပေါ်ထိုင်ပြီး သူ့ကိုကြည့်နေသတဲ့'ဟုဆိုကာ ဇနီးသည်အား လှမ်းကာကြည့်ပြန်၏။

ထို့နောက် စကားကို ဆက်ပြန်၏။

'သမီးသုံးလသား အရွယ်လောက်တုန်းကလည်း ဘေးအိမ်မှာ သုံးဆယ်က ဆရာတော်ကြီးတစ်ပါး ပင့်ဖိတ်ပြီး ဆွမ်းအလှူဒါနလုပ်တော့ ဖိတ်လို့သွားကြတာပေါ့။ အဲဒီမှာ ကလေးက ဆရာတော်ကြီးကို စိုက်ကြည့်နေတော့ ဆရာတော်ကြီးကလည်း ကလေးကို လှမ်းကြည့်ပြီး ခဏအာရုံခံလိုက်တာမှာ-

ဒီကလေးက လွန်ခဲ့တဲ့ တစ်နှစ်လောက်က ဘေးအိမ်က ဆုံးသွားတဲ့ ဒကာမကြီးဝင်စားတာလို့ မိန့်သွားသေးတယ်။ အဲဒီတုန်းက ကျွန်တော့်အမေ ဆုံးသွားတာ တစ်နှစ်ကျော်ကျော်ပဲ ရှိသေးတာကိုး။ နောက်ပြီး ကျွန်တော့် အမေဆုံးတော့လည်း ညနေ(၃)နာရီ (၄၅)မိနစ်၊ သမီးမွေးတော့လည်း ညနေ (၃)နာရီ (၄၅))မိနစ်ပဲ။ ရက်တော့ မတူဘူးပေါ့။ ရုပ်ကလည်း မြင်တဲ့အတိုင်းပဲ။ ကျွန်တော်တို့ဘက်ပဲတူပြီး ရွာဘက်ပြန်သွားရင်လည်း ကျွန်တော်တို့ အိမ်မှာပဲ နေတာ။ ယောက္ခမအိမ်ဘက် သွားနိုင်းလို့ကို မရဘူး'

ကိုတင်မောင်ဝင်းကား သူရဲ့သမီးငယ်ကို သူ့အမေဝင်စားကြောင်းဖြစ်စဉ်တွေ ပြောပြနေရ၍လောမသိ တက်ကြွပြုံးရွှင်လျက် ရှိလေသည်။

ဘဝတာကား ရေပွက်ပမာ တိုတောင်းလှပါ၏။ စွဲလမ်းတပ်မက်မှုများနှင့် သံသရာဝဲထဲ ရုန်းထွက်ရန် မစွမ်းနိုင်ကြ။ အဖန်ဖန်အကြော့ကြော့ အကြိမ်ကြိမ်အလီလီ ရစ်တွယ်လို့ ပျော်နေကြသည်ကသာ များပေသည်။

ရင်သွေးနိမိတ် အိပ်မက်များကား မိခင်များ သတိပြုလျှင်ပြုသလို သိနိုင်ကြပြီး ပုံရိပ်ကိုဖမ်းနိုင်လျှင် ဖမ်းနိုင်သလို မိမိတို့ ရင်သွေးငယ်များအတွက် ကြိုတင်မျှော်တွေးနိုင်ပါသဖြင့် မိခင်လောင်းများ သတိပြုနိုင်ဖွယ် ရေးသားလိုက်ရပါတော့သည်။

မျိုးကြီး(အမရဗျာနေ)





www.burmeseclassic.com

www.burmeseclassic.com

ကုန်လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀)ကျော် (၁၉၆၀)ပြည့်နှစ်ဝန်းကျင် ကျွန်တော့်မောင်ဘိုကြီး ကာလသားပေါက်စ အရွယ်က ဥစ္စာစောင့် သိုက်သမိုင်းရုပ်ရှင်ကားတွေကြည့် ဖူးပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

မှတ်မိသလောက် ပြောရရင် မင်းစိန်မင်းသိန်း၊ ရှင်ဖြူ ရှင်ညို၊ ရွှေချိုးဖြူမူလခဲ၊ ဒေးဗလိန်းငွေစိန်၊ ဒေးစွန်ပါ ရုပ်ရှင်ကားတွေပဲ ဖြစ်ပါတယ်။

စာပေနှင့်ပတ်သက်လို့ ဘားမားစတားလို စာစောင်နဲ့ စတင်ထိတွေ့ပြီး ဆရာကြီးမြစကြာရဲ့ သိုက်သမိုင်းဇာတ်လမ်း သည်းထိတ်ရင်ဖို သိုက်တူးသမားနဲ့ သိုက်စောင့် ပရလောကသားတွေနဲ့ ပညာပြိုင်တိုက်ခိုက်တဲ့ စာတွေလည်း ဖတ်ဖူးပါတယ်။

ပန်းတျာကြည်လင်လို ဥစ္စာစောင့်သိုက်သမိုင်း နောက်ပိုင်းတင်ဆက်ကပြတဲ့ ဇာတ်တွေလည်း ကြည့်ဖူးပါတယ်။ စိတ်မကောင်းစရာတွေ၊ သည်းထိတ်ရင်ဖိုတွေ၊ တုန်လှုပ်ချောက်ချားစရာတွေ၊ သနားကရုဏာ ဖြစ်ရတာတွေချည်း ပါပဲ။

ဥစ္စာစောင့်ဘဝရဲ့သက်တမ်းက နောင်နှစ်ပေါင်း ဘယ်လောက်ကြာမယ်မှန်းမသိ အရိမေတ္တေယျမြတ်စွာဘုရား ပွင့်မှပဲ ကျွတ်လွတ်မှာဖြစ်ကြောင်း သိရလို့ ငြီးငွေ့စရာကောင်းလှတဲ့ သူတို့ဘဝ စာနာထောက်ထားမိပါတယ်။

သူတို့ ဘာကိုစောင့်ကြစ်ကြလို့ ဥစ္စာစောင့်ခေါ်ရတာလဲလို့ စူးစမ်းကြည့်တဲ့အခါ မြန်မာပြည်အရပ်ရပ်မှာရှိတဲ့ မမြင်မတွေ့ရတဲ့ ဘုရားပစ္စည်းရှိရာ သိုက်တွေကို မသမာသူတွေ၊ လောဘသမားတွေ၊ သိုက်တူးသမားတွေရန်က ကာကွယ်ဖို့ဆိုတာ သက်ကြီးစကား သက်ငယ်ကြား သဘောနဲ့ သိခွင့်ရပါတယ်။

ဘုရားဖြစ်ခွင့်၊ ရဟန်းသံဃာဖြစ်ခွင့်၊ အလှူရေစက်လက်နဲ့မကွာ လှူဒါန်းခွင့်၊ ဘာသာ,သာသနာအကျိုး သယ်ပိုးခွင့်ဆိုတာ လူ့ဘဝဘုံသားမှာပဲ ကုသိုလ်ပြုခွင့်ရှိတာကြောင့် ဥစ္စာစောင့်တွေဟာ သူတို့ရဲ့ အကြီးအကဲထံမှာ ခွင့်ပန်၊ အချိန်ကာလ ကန့်သတ်ချက်ကို ကတိပေးပြီး လူသားမိခင် ဝမ်းကြာတိုက်မှာ သန္ဓေတည်မွေးဖွား၊ အရွယ်ရောက်၊ အိမ်ထောင်ကျ၊ သားသမီးတွေရ၊ မိသားစုတွေ အပြန်အလှန် သံယောဇဉ်ငြိတွယ်ပြီး မိသားစုသိုက်သိုက်ဝန်းဝန်းနဲ့ ပျော်ရွှင်ချမ်းမြေ့ခြင်းအရသာကို ခံစားလို့ အရှိန်ကောင်းနေဆဲ ဝန်ခံကတိပေးထားတဲ့ အချိန်ကာလစေ့လို့ သိုက်စောင့်အကြီးအကဲတွေကပြန်ခေါ်၊ လူ့ဘဝရောက်နေသူကလည်း မိသားစုသံယောဇဉ်နဲ့ ဘဝဟောင်းကို မပြန်ချင်၊ သူ့ဘက်ကိုယ့်ဘက် လွန်ဆွဲကာ မျှဝေခံစားရပြီး ရင်နင့်အောင် ခံစားရရင်း ကိုယ့်ဘက်ပါလာပါစေလို့ ဆန္ဒပြုဆုတောင်းသော်ငြား ဆုတောင်းမပြည့်ဘဲ အရှုံးပေးအသက်စွန့်ရချိန်မှာတော့ ဝမ်းနည်းပူဆွေးခဲ့ရပါတယ်။

သိုက်စာညွှန်းအရ ဘုရားပစ္စည်းမှန်း သိသိကြီးနှင့် မသမာသူတွေ၊ လောဘသားတွေ၊ ငရဲမကြောက်သူ သိုက်တူးသမားတွေဟာ သိုက်ရှိရာ မြေပုံညွှန်းနဲ့လိုက်ရှာ၊ တွေ့ပြီဆိုတော့ ငှက်ပျော၊ အုန်းပွဲတွေပြင်၊ ဂါထာ မန္တရားတွေနဲ့ မန်းမှုတ်၊ အင်းကွက်အစီအရင်လို အဆောင်အယောင်တွေနဲ့ သိုက်တူးသိုက်စောင့် ဘီလူးသရဲ ပရလောကသားတွေနဲ့ တိုက်ခိုက်နေစဉ်မှာ အသည်းတယားယား ရင်တဖိုဖိုနဲ့ မြင်တွေ့ရချိန်မှာ သိုက်တူးသမားကပဲ အနိုင်ရသွားလေမလား စိုးရိမ်နေချိန် တိုက်ပွဲပြီးလို့ သိုက်တူးသမားတွေ မရှုမလှ ရှုံးသွားမှပဲ ဟင်းချခဲ့ရတာချည်းပါပဲ။

မြေပြင်ကို ရေထင်ကူးတဲ့ပြကွက်၊ လက်ညှိုးလက်မ အရွယ်အစားရှိတဲ့ ပျားအုပ်ကြီး အတုပ်ခံရတဲ့ပြကွက်၊ တဝုန်းဝုန်း တဝေါဝေါနဲ့ တောက်လောင်နေတဲ့ တောမီးအဝိုင်းခံရလို့ ပြေးပေါက်မရှိတဲ့ပြကွက်တွေ မြင်ရတဲ့ အချို့ ပရိသတ်ရဲ့ ဝမ်းသာအားရ အော်ဟစ်ပြီး လက်ခုပ်တီးသံဟာ ရုပ်ရှင်ရုံကြီး ပွင့်ထွက်သွားမလိုပါပဲ။

တကယ်တော့ ဥစ္စာစောင့်တွေရဲ့ တာဝန်ဟာ ဘုရားပစ္စည်းရှိရာ သိုက်တွေကို စောင့်ကြပ်ရတာဖြစ်လို့ တာဝန်ကြီးပါတယ်။ အန္တရာယ်များပါတယ်။ နှစ်ကာလအကန့်အသတ် မရှိတာကြောင့်လည်း သနားကရုဏာ ဖြစ်ရပါတယ်။ မကျွတ်မလွတ်တောင် အနားရစေချင်ပါတယ်။ အနားရဖို့အရေးတောင် အစားထိုးပေးရမှာပါ။ မောင်ဘိုကြီး ကိုယ်တိုင်လည်း သနားကရုဏာဖြစ်မိပေမယ့် အစားဝင်ပေးဖို့ စိတ်ကူးထဲတောင် မထည့်ရဲပါဘူး။ လက်ရှိဘဝ အဆုံးခံရမှာ ဖြစ်လို့ပါပဲ။

သူတို့တစ်တွေ ဘယ်လိုနည်းလမ်းရှာကြံပြီး အစားထိုး တာဝန်လဲပေးရရင်ကောင်းမလဲ မောင်ဘိုကြီး ဘယ်လိုမှ စွမ်းဆောင်နိုင်ခြင်း မရှိတာကို ဆယ်စုနှစ် သုံးလေးခုကြာ ခေါင်းထဲမှာ ထည့်ထားပါတယ်။

သူတို့ ကိုယ်တိုင်ကရော သူတို့နည်း သူတို့ဟန်နဲ့ ဘယ်လိုအစားထိုးကြမလဲဆိုတာ ပြင်းပြတဲ့ သိလိုစိတ်ရှိပေမယ့် တကယ်သိခွင့်ရတာကတော့ ပဲခူးရိုးမ ခြေနင်းကြီးဘုရားတွေမှာရှိတဲ့ သိုက်စောင့် ဥစ္စာစောင့်တွေက

www.burmeseclassic.com

အရှေ့ရိုးမ တန်ခိုးကြီးဘုရားတွေက သိုက်တွေကိုပြောင်း၊ အရှေ့ရိုးမတောင်ပေါ် တန်ခိုးကြီးဘုရားတွေရှိ ဘုရားသိုက်စောင့် ဥစ္စာစောင့်တွေက အနောက်ရိုးမ တန်ခိုးကြီးဘုရားတွေက သိုက်တွေကိုပြောင်း၊ အနောက်ရိုးမ ဥစ္စာစောင့်က ပဲခူးရိုးမကိုပြောင်း အဲလိုအချိန်အပြောင်းတွေတော့ ရှိတယ် ဆိုတာပါပဲ။

မောင်ဘိုကြီး ရင်ထဲကဆန္ဒ မဟုတ်ပါဘူး။

မောင်ဘိုကြီးရင်ထဲက ဆန္ဒက ရှိရှိသမျှ ဘုရားသိုက်စောင့် ဥစ္စာစောင့်အားလုံး လူ့ဘဝ ရောက်စေချင်တာပါ။ ဘုရားပစ္စည်း ဘုရားသိုက်ဆိုတော့လည်း လက်ရှိဥစ္စာစောင့်တွေ မရှိတော့ရင် ဘယ်သူစောင့်မှာလဲ၊ ဘယ်သူကာကွယ်မှာလဲ။ မဖြစ်မနေ အစားထိုးရတော့မှာပါ။

မောင်ဘိုကြီး ဆယ်စုနှစ်သုံးလေးခုကျော် စဉ်းစားလို့မရ အဖြေမရှိတဲ့ ပဟေဠိဟာ (၁၉၈၅)ခုနှစ်အရောက်မှာ အဖြေရှာလို့ ရလိုက်ပါပြီ။

မောင်ဘိုကြီးရဲ့ အဖြေကိုတော့ တိကျမှန်ကန်ပါကြောင်း အာမမခံရဲသော်လည်း အနီးဆုံးခန့်မှန်းလို့ရတဲ့ အဖြေပါလို့တော့ သက်သေအထောက်အထားနဲ့ တင်ပြလိုက်ပါတယ်။

(၁၉၈၅)ခုနှစ်၊ မတ်လ၊ တပေါင်းလ။

ကျိုက်စကော့ရွာအနောက်ဘက် သုံးမိုင်ကျော်ခန့်အကွာ ပဲခူးရိုးမတောစပ်မှာ စားသောက်ကုန်စက်ရုံများစီမံကိန်း (ဒိုက်ဦး)ဆောက်လုပ်စဉ်က ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့(၁၄)ရဲ့ ရှင်ပြု၊ ရဟန်းခံအလှူပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပပါတယ်။

မောင်ဘိုကြီး ဒုလ္လဘမဲ မပေါက်ပေမယ့် ပရိက္ခရာရှစ်ပါးဖိုး ထည့်ဝင်လှူဒါန်းပါ့မယ်လို့ အင်ဂျင်နီယာအကြီးအကဲတွေဆီ ခွင့်ပန်တဲ့အခါ အေအီးဦးမောင်လေးက ခွင့်ပြုပြီး သူကိုယ်တိုင် ရဟန်းဒကာဘွဲ့ခံပေးလို့ မောင်ဘိုကြီး ဒုလ္လဘရဟန်း(၁၁)ရက် ဝတ်ဖြစ်လိုက်ပါတယ်။

မောင်ဘိုကြီးဟာ ကာလတို (၁၁)ရက်အတွင်းမှာ ဘုရားအလုပ်၊ တရားအလုပ်ကို စိတ်ရှင်းရှင်းနဲ့ ခေါက်ချလုပ်လိုတာကြောင့် အခြားမဲပေါက်တဲ့ ဒုလ္လဘရဟန်းတွေနဲ့ ရောနှောသီတင်းမသုံးဘဲ ဆွေမျိုးတော်စပ်သူ ဆရာတော်ရှိရာ ဒေးစွန်ပါတောင်ခြေ ဗုဒ္ဓဝိဟာရကျောင်းကို ကြွရောက်သီတင်းသုံးလိုက်ပါတယ်။

ဘုရားရိပ် တရားရိပ်၊ တောတောင်အရိပ်ကို ခိုမှီးရခြင်း၊ ဆိတ်ငြိမ်အေးမြခြင်း အရသာကို လက်တွေ့ခံစားရလို့ ကိုယ်တိုင်ရွေးချယ်မှုအပေါ် ဝမ်းသာပီတိ ဖြစ်ရပါတယ်။

ဒေးစွန်ပါစေတီ တည်ရှိရာ တောင်ပတ်ဝန်းကျင်မှာ ဘုရားသိုက်တွေ ပေါများကြောင်း၊ ဥစ္စာစောင့်တွေ ပေါများကြောင်း၊ မကျွတ်မလွတ်တဲ့ သရဲ၊ တစ္ဆေ၊ ပရလောကသားတွေ နေရာအနှံ့အပြားမှာ ရှိနေကြောင်းကိုတော့ ယေ်စဉ်ကတည်းက ကြားဖူးပြီးသားဖြစ်လို့ ဆန်းကြယ်အံ့ဩစရာအဖြစ် မခံယူပါ။

မောင်ဘိုကြီး ဆရာတော်ပြတဲ့ နည်းနာနိဿယအတိုင်း အာရုံနှစ်မြုပ်ပြီး တရားအလုပ်ကို ကျင့်ကြံအားထုတ်ခြင်း၊ တရားမမှတ်ခင် တရားမှတ်ပြီးတိုင်း (၃၁)ဘုံသားအားလုံးကို မေတ္တာသုတ်ပရိတ်တော် ရွတ်ဆိုပြီး အမျှပေးဝေလို့ပဲ ဖြစ်မှာပါ။ မောင်ဘိုကြီး တရားမှတ်ခြင်းအလုပ်မှာ ဘာမှအနှောင့်အယှက်မရှိဘဲ အကျိုးရှိရှိ ဆောင်ရွက်နိုင်ပါတယ်။

မောင်ဘိုကြီး ယာယီသီတင်းသုံးတဲ့ ဗုဒ္ဓဝိဟာရကျောင်းမှာ ကျောင်းနေသံဃာ(၇)ပါး၊ ကိုရင်(၅)ပါး ကျောင်းသားမရှိကြပေမယ့် ကျောင်းဝေယျာဝစ္စဖြစ်တဲ့ ကျောင်းမကြီး၊ ဆွမ်းစားဇရပ်၊ ဓမ္မာရုံ၊ စင်္ကြံလမ်း စတဲ့ အဆောက်အအုံတွေဟာ ကြည့်လို့ အမြင်မတင့်တယ်ပါဘူး။ ဘာကြောင့်ဆို သန့်ရှင်းသပ်ရပ်မှု မရှိလို့ပါ။

ကျောင်းဝင်းကျယ်ကြီးထဲမှာလည်း နှစ်ရှည်ပင်ကြီးတွေ ဝါးရုံတွေက ကြွေကျတဲ့ အရွက်ခြောက်တွေဟာ ခြေချစရာမရှိအောင် ပြန့်ကျဲလို့နေပါတယ်။

ကျောင်းရှေ့လမ်းမကြီးအေား ကျောင်းတွင်းစင်္ကြံလမ်းနဲ့ ရှိသမျှ ကျောင်းဆောင်တွေမှာလည်း ရေအိုးစင်တွေရှိပါလျက် ရေဖြည့်သူကုသိုလ်ရှင် မရှိတာကြောင့် ရေအိုးတွေမှောက်ထားရတဲ့ အခြေအနေပါ။

မောင်ဘိုကြီးအတွက်တော့ အခွင့်ကောင်းကြီးပါ...

မောင်ဘိုကြီး ဘယ်သံဃာ၊ ဘယ်ကိုရင်ကိုမှ အပြ... မမြင်ပါဘူး။ သံဃာနဲ့ ကိုရင်တွေရဲ့ နိစ္စဓူဝအလုပ်... မနက်(၄)နာရီအိပ်ရာထ၊ (၄)နာရီခွဲကနေ (၅)နာရီအ... ဘုရားဝတ်တက်ပြီး အရုဏ်ဆွမ်းစား၊ (၅)နာရီဆွမ်း... အလှမ်းဝေးတဲ့ ဝမ်းဘဲအင်းရွာအထိ ဆွမ်းခံကြွလို့ (...



www.burmeseclassic.com

www.burmeseclassic.com

နာရီကျော်မှ ကျောင်းပြန်ရောက်၊ ပြင်ဆင် နေ့ဆွမ်းစားပြီးရင် ညနေ(၄)နာရီထိ စာကျက်စာအံ တရားထိုင်ပြီးမှ တန်းဖြုတ်တာကြောင့် ညနေ(၆)နာရီထိ ကိုယ်ပိုင်အချိန် ရောက်တဲ့အခါ ဘယ်သံဃာ ဘယ်ကိုရင်မှ မလှုပ်ချင်ကြတော့ပါဘူး။ မောင်ဘိုကြီးအတွက် အခွင့်ကောင်းဆိုတာ ဒါပါပဲ။

ညနေ(၄)နာရီကနေ (၆)နာရီထိရရှိတဲ့ ကိုယ်ပိုင်ချိန် နှစ်နာရီအတွင်း ကျောင်းတွင်း ကျောင်းပြင် ဒေးစွန်ပါတောင်တက်လမ်းမကြီးနဲ့ ကျောင်းပေါ်တွေပါမကျန် တံမြက်စည်းလှည်း သန့်ရှင်းရေးလုပ်ပါတယ်။ သစ်ရွက်ခြောက် အမှိုက်သရိုက်တွေ မီးရှို့ပါတယ်။ ပြီးရင် ရှိရှိသမျှ သောက်ရေအိုးတွေ ရေဖြည့်ပါတယ်။

(၁၁)ရက်သော ကာလတိုအတွင်း မောင်ဘိုကြီး ကုသိုလ်ပြုလိုက်တာပါ။ အမြတ်ထုတ်လိုက်တာပါ။ ကျောင်းထိုင်ဆရာတော်နဲ့ ရဟန်းဒကာတွေကို ကျေးဇူးဆပ်လိုက်တာပါ။ ဒေးစွန်ပါစေတီတောင်တစ်ကြော ရှိရှိသမျှသော သိုက်စောင့်၊ ဥစ္စာစောင့်၊ ပရလောက ဝိညာဉ်လောကသားတွေ၊ (၃၁)ဘုံသားတွေအတွက် ပြုသမျှကောင်းမှုကုသိုလ်အတွက် အမျှဝေလိုက်တာပါ။

မောင်ဘိုကြီး ခေါင်းစဉ်ပေးထားတဲ့ ခြေရာထင်၍လူမမြင်ပါကို ပြန်ဆက်ပါမယ်။ အဓိကပြောချင်တာက အဲဒါပါပဲ။

(၈)ရက်မြောက်နေ့ သုံးနာရီကျော်လောက်မှာ မောင်ဘိုကြီး ဆီးထသွားပြီး ပြန်ကျိန်းစဉ်မှာ နှစ်ခြိုက်စွာ ကျိန်းစက်နိုင်ခြင်း မရှိတော့ဘဲ အသိရှိနေဆဲ နိုးတစ်ဝက်အချိန်မှာ အိပ်မက်,မက်ပါတယ်။

မောင်ဘိုကြီး ကျောင်းအဝင်မုခ်ဝမှာ ဒေးစွန်ပါတောင်တက်လမ်းဘက် မျက်နှာမူပြီး ရပ်နေပါတယ်။ မြူတိမ်ကင်းတဲ့ လဝန်းကြီးရဲ့ အလင်းရောင်ကလည်း ထိန်လင်းနေပါတယ်။ အဲဒီအချိန်မှာ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး၊ ကိုယ်ဝန်ဆောင်အမျိုးသမီး စစ်ယူနီဖောင်းဝတ်သုံးလေးဦးအပါအဝင် အင်အား(၃၀)လောက်ဟာ ဒေးစွန်ပါတောင်ပေါ် ဦးတည်တက်သွားကြပါတယ်။

အိပ်မက်ဆိုတာ ရာသီဥတုအပူအအေးကြောင့်၊ စိတ်ရှုလမ်းမှုကြောင့်၊ သွေးလေလှုပ်ရှားမှု ပုံမှန်လည်ပတ်မှု မဟုတ်ခြင်းကြောင့် မြင်မက်ခြင်းဖြစ်ကြောင်း မှတ်သားဖူးပါတယ်။ မောင်ဘိုကြီး အိပ်မက်က ဘာမှခေါင်းစဉ်ပေး အကြောင်းပြချက်မရှိတဲ့ အိပ်မက်ပါ။ အိပ်မက်ဆိုပေမယ့် တကယ့်လက်တွေ့ကြီးလို ခံစားရပါတယ်။

ထုံးစံအတိုင်း မနက်ငါးနာရီခွဲ အလင်းရောင်သဲသဲကွဲကွဲ မြင်ရတဲ့အချိန်မှာ ဝမ်းဘဲအင်းရွာ ဆွမ်းခံကြွဖို့ ကျောင်းဝင်မုခ်ဝမှာ သံဃာတွေ စုစည်းနေဆဲ သံဃာတစ်ပါးက–

'ဟာ··ခြေရာတွေဟ၊ အချိန်မတော် ဘယ်အရပ်ဒေသက ဘုရားဖူးတွေ တက်သွားလဲမသိဘူး' လို့ အဆန်းတကြယ်ဆိုလိုက်လို့ မောင်ဘိုကြီးတို့ သံဃာတွေ ဝိုင်းအုံကြည့်ပြီး အံ့ဩနေပါတယ်။

အမျိုးမျိုးသော ထင်ကြေးပေးစကားတွေ မှတ်ချက်ပေးပြောဆိုကြပါတယ်။ အံ့ဩမယ်ဆို အံ့ဩစရာပါပဲ။ ညနေခြောက်နာရီကျော် မောင်ဘိုကြီး သစ်ရွက်နဲ့ အမှိုက်တစ်စမကျန် လှည်းကျင်းပြီးနောက်ပိုင်း နောက်နေ့မနက်ငါးနာရီအထိဟာ လူသူအသွားအလာ လုံးဝမရှိတဲ့ လမ်းပေါ်မှာ ခြေရာတွေ ထင်ကျန်နေလို့ပါပဲ။

ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီးတွေရဲ့ ခြေရာ၊ ဖိနပ်ရာ၊ စစ်ဖိနပ်ရာတွေပါ။ အင်အားသုံးဆယ်ကျော်လောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်။ မောင်ဘိုကြီး အိပ်



www.burmeseclassic.com

မက်အမြင်နဲ့ လက်တွေ့အမြင် တစ်ထပ်တည်း ဖြစ်နေလို့ ပိုပြီးအံ့ဩရပါတယ်။

ဒေးစွန်ပါတောင်တော်ပေါ် ဒီလို ညအချိန်မတော် ဘုရားဖူးဧည့်သည် ဘယ်တုန်းကမှ ရောက်တဲ့အစဉ်အလာ မရှိတာ ကျောင်းနေသံဃာအားလုံး အသိဆုံးဖြစ်လို့ အဖြေမရှိတဲ့ ပဟေဠိဖြစ်နေပါတယ်။

ပဟေဠိအဖြေမှန်ကို ဖော်ထုတ်ပေးနိုင်သူဆိုလို့ ရသေ့ကြီး ဦးဖြူကိုပဲ မြင်မိပါတယ်။ ရသေ့ကြီးက ဒေးစွန်ပါစေတီ နေ့နံအလိုက် အရပ်မျက်နှာတွေမှာ ညလုံးပေါက် တရားကျင့်နေတဲ့ ပုဂ္ဂိုလ်ထူး ဖြစ်လို့ပါပဲ။

မောင်ဘိုကြီးတို့ သံဃာတွေ စုရုံးနေစဉ်မှာပဲ ရသေ့ကြီးဦးဖြူ အလျှုခံထွက်ဖို့ ဒိုက်စိုက်,ဒိုက်စိုက်နဲ့ လျှောက်လှမ်းလာပါတယ်။

'ရသေ့ကြီး··ခေါင်းကြီးငုံ့ပြီး ဒိုက်စိုက်,ဒိုက်စိုက်နဲ့ ဘာပျောက်လို့လဲ'

သံဃာတစ်ပါးရဲ့ အမေးကို ရသေ့ကြီးဦးဖြူက 'ဘာမှမပျောက်ပါဘူး။ ခြေရာတွေ တွေ့လို့ပါ'လို့ ဖြေပါတယ်။

မေးတဲ့သံဃာကလည်း အားတက်သရောနဲ့ ဆက်ပြီး အမေးအဖြေ ပြုလုပ်ပါတယ်။

'ဦးပဥ္စင်းတို့လည်း အဲဒါ စဉ်းစားနေတာ။ ရသေ့ကြီးနဲ့တွေ့ရင် အခြေအနေမှန် သိရမှာပဲ ထင်ထားတာ။ ပြောပါဦး၊ ဘုရားဖူးဧည့်သည်တွေ ဘယ်အချိန်လောက် ဘုရားပေါ် ရောက်လဲ။ အင်အားဘယ်နှစ်ယောက်ရှိလဲ'

'ဘုရားပေါ် တစ်ယောက်မှ ရောက်မလာဘူး ဦးပဥ္စင်း။ ခြေရာတွေက တောင်တက်စကြံထိပ်မှာပဲ ပျောက်သွားတယ်။ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး စစ်ဖိနပ်ရာတောင် ပါတယ်။ ခန့်မှန်းကြည့်ရတာတော့ အင်အားသုံးဆယ်လောက် ရှိမယ်ထင်တယ်'

ခက်တော့နေပြီ။ ပဟေဠိအရှိန်က မြင့်သထက်မြင့်လို့လာတာကြောင့် လမ်းတစ်လျှောက်လုံး စဉ်းစားလာလိုက်တာ ဝမ်းဘဲအင်းရွာရောက်လို့ ရောက်မှန်းတောင်မသိတော့ပါ။

'ဦးပဥ္စင်းတို့ မနေ့က သတင်းကြားပြီးလောက်ရောပေါ့'

ဝမ်းဘဲအင်းရွာထိပ် ပုံမှန်ဆွမ်းလောင်းဒကာ လျှောက်ထားချက်ပါ။

'ဘာသတင်းပါလိမ့်'

'အမင်္ဂလာသတင်းမို့ လျှောက်တင်ဖို့တောင် နှုတ်မထွက်ပါဘူး'

'လျှောက်ပါ၊ သိချင်လို့'

'အင်း··မနေ့က နေ့လယ်ကလေ အာတီစီဘုတ်(စ်)ကားနဲ့ သစ်တင်တဲ့ကား လမ်းဆုံမှာတိုက်ပြီး အာတီစီဘတ်(စ်)ကားကြီး မီးလောင်တာ ခရီးသည်တွေ အကုန်လုံး မီးထဲ ပါသွားတယ်လေ။ တစ်ယောက်မှ မရှင်ဘူး။ အင်အားသုံးဆယ်ကျော်လို့ ပြောတာပဲ'

'ဩော်'

ဆွမ်းခံကြွ သံဃာတွေရဲ့ တုံ့ပြန်လိုက်တဲ့ အာမေဍိတ်သံတွေပါပဲ။

မောင်ဘိုကြီး ဖြစ်စဉ်အားလုံး တစ်ခုချင်း အမှတ်စဉ်တပ်ပြီး အဖြေထုတ်ကြည့်ပါတယ်။

နံပါတ်တစ် မောင်ဘိုကြီးရဲ့အိပ်မက်။

နံပါတ်နှစ် ကျောင်းရှေ့မြင်တွေ့ရတဲ့ ခြေရာတွေ(ဖိနပ်ရာ)။

နံပါတ်သုံး ရသေ့ကြီးဦးဖြူ လျှောက်တင်ချက်။

နံပါတ်လေး ဝမ်းဘဲအင်းရွာ ဆွမ်းဒကာ လျှောက်ထားတဲ့ သတင်းစကား။

လေးချက်လုံးဟာ အချိတ်အဆက်မိ ကွင်းဆက်မပြတ်တာကြောင့် တိုက်ဆိုင်မှုလို့ ပြောမရတော့ပါ။

မောင်ဘိုကြီး အဖြေကို စဉ်းစားလို့ရပါပြီ။ မောင်ဘိုကြီးရဲ့ အဖြေဟာ တိကျမှန်ကန်ပါတယ်လို့ အာမခံချက် မပေးနိုင်ပေမယ့် ဖြစ်နိုင်ခြေအရှိဆုံးသော အဖြေပါလို့တော့ ပြောရဲပါတယ်။

ဥစ္စာစောင့်ဘဝတွေရဲ့အပေါ် စာနာထောက်ထားပြီး အချိန်ကာလ အကန့်အသတ်မရှိ စောင့်ကြပ်ရခြင်းက လွတ်မြောက်စေလိုတဲ့ဆန္ဒပါ။ ခုတော့ လွတ်မြောက်ကုန်ပြီ ထင်ပါတယ်။ ဖြစ်စေချင်တဲ့ဆန္ဒ ပြည့်ဝပေမယ့် ဝမ်းမသာနိုင်ပါဘူး။ သူတို့အစား တာဝန်ယူ လဲလှယ်ပေးဖို့ ဒေးစွန်ပါတောင်တက်လမ်းအတိုင်း တက်သွားတဲ့ခြေရာပိုင်ရှင်တွေကြောင့်ပဲ ဖြစ်ပါတယ်။

**ရှစ်ခွင်ကျော်(ဖောင်းတော်သီ)**



www.burmeseclassic.com

www.burmeseclassic.com



နတ်တောင်ပေါ်မှာ နေထိုင်တဲ့ သူ
သူနဲ့ ပထမဆုံး စတင်တွေ့ဆုံစဉ်က
ကျွန်မအသက် (၆)နှစ်ပဲ ရှိပါသေးတယ်
ဝိညာဉ်တွေအများကြီး နေထိုင်ကြတယ်ဆို
နတ်တောင်ပေါ်က တောအုပ်ထဲမှာ
ကျွန်မ လမ်းပျောက်သွားခဲ့ချိန်ပေါ့
ပြန်ထွက်ဖို့ လမ်းစရှာရင် ပြေးရင်း
လျှောက်ရင်း ဆက်မသွားနိုင်လောက်အောင်
ပင်ပန်းလာတယ်။ ကြောက်ရွံ့စိတ်တွေ
အထီးကျန်စိတ်ကြောင့် ရှိုက်ကြီးတင်င် ထိုင်ငိုနေ
မိတုန်းမှာပဲ ကျွန်မရှေ့ကို သူ ရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျဦးဆွန်းကို

# နတ်တောင်ပေါ်က တစ်ယောက်သောသူ

'ဟိတ်..ကလေးမ'

ခေါ်သံတစ်သံကြားလို့ ကျွန်မ ဝေ့ဝဲရှာကြည့်တော့ သစ်ပင်တစ်ပင်နောက်မှာ ခပ်ကွယ်ကွယ်ရပ်နေတဲ့ယောကျ်ားပျိုတစ်ယောက်၊ အသံနဲ့ ဟန်ပန်ကြောင့်သာ အမျိုးသားမှန်း သိလိုက်တာပါ။ သူ့မျက်နှာကို ကျွန်မ မမြင်ရပါဘူး။ ဘာကြောင့်လဲဆိုတော့ မျက်နှာဖုံးတစ်ခုက သူ့မျက်နှာကို အုပ်မိုးထားတယ်လေ။

'ဘာလို့ ငိုနေတာလဲ'

သူက မေးတယ်။ ကျွန်မ ကြောင်ငေးကြည့်နေမိသေးတယ်။ ချက်ချင်းပဲ တောထဲမှာ တစ်ယောက်တည်း မဟုတ်ဘူးဆိုတဲ့ အသိကြောင့် ကျွန်မ အလွန်အမင်း ဝမ်းသာသွားပြီး သူကို ပြေးဖက်လိုက်မိရဲ့။

'ဝေး..လူတစ်ယောက်ပဲ။ ကယ်တင်ရှင် တွေ့ပြီ။ ခစ်ခစ်'

'ဟာ..ဝုစ်'

'ဘိုင်း'

အနားမရောက်ခင်ဘဲ သူက ရှောင်တိမ်းလိုက်တာကြောင့် ကျွန်မမှာ ကိုယ့်အရှိန်နဲ့ကိုယ် ပစ်လဲသွားပါရောလား။ လဲကျနေရာကနေ ကျွန်မ ခေါင်းထောင်မော့ကြည့်တော့ သူက တောင်းပန်တယ်။

'စိတ်မကောင်းပါဘူးကွာ။ မင်းက လူသားမိန်းကလေး မဟုတ်လား။ လူသား တစ်ယောက်ယောက်နဲ့ ထိမိရင် ငါက ပျောက်ကွယ်သွားရမှာလေ။ အဲဒါကြောင့်'

'ဟင်..လူသားတစ်ယောက်ယောက်က ဒါဆို ကိုကြီးက လူသားမဟုတ်ဘူးလား'

'ငါက ဒီတောအုပ်ထဲမှာနေတဲ့ တစ်စုံတစ်ယောက်ဆိုပါတော့'

'ဒါဆို တစ္ဆေလား၊ ဟိဟိ။ အဲ..ဒါပေမဲ့ ပျောက်သွားမယ်ဆိုတာ ဘာအဓိပ္ပာယ်လဲဟင်'

ကျွန်မ အမေးကို သူ မဖြေဘူး။ ဒီအတိုင်း ရပ်ကြည့်နေတယ်။ ကျွန်မစိတ်ထဲ အရမ်းသိချင်လာလို့ သူ့ကို ထိကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ မတ်တတ်ထရပ်ပြီး သူ့

www.burmeseclassic.com

ကို လိုက်ဆွဲတယ်။ အစပိုင်းမှာ သူက ရှောင်တယ်၊ တိမ်းတယ်။ ဘယ်ရမလဲ၊ ကျွန်မလည်း အတင်းပြေးပြီး သူ့အသားကို ထိဖို့ ကြိုးပမ်းတာပေါ့။ ထိုအခါမှာ မမျှော်လင့်စရာ အပြုအမူတစ်ခုကို သူက လျှပ်တစ်ပြက်လုပ်လိုက်ပါရော။

'ခွပ်'

'အား'

◆◆◆

သူက အနားမှာရှိတဲ့ သစ်ကိုင်းကျိုးနဲ့ ကျွန်မခေါင်းကို ရိုက်လိုက်တာလေ။ ကျွန်မမှာ မျက်လုံးတွေ ပြာဝေသွားတဲ့အထိ နာကျင်သွားရတယ်။ လုပ်ရက်လိုက်ပုံများ။

'ရှင်က တကယ်ကို လူမဟုတ်ဘူးဘဲ။ လူဆိုရင် ကလေးတစ်ယောက်ကို ဒီလိုရိုက်မှာ မဟုတ်ဘူး'

နာနေတဲ့ခေါင်းကို ပွတ်ရင်း ကျွန်မ ရန်တွေ့တော့–

'ပျောက်ကွယ်သွားမယ်ဆိုတာ ပျက်စီးသွားမှာကို ပြောတာ သိရဲ့လား'

သူ့စကားကြောင့် ကျွန်မ အံ့သြသွားတယ်။ ဒါပေမဲ့ အံ့သြစရာတွေက ဒီလောက်တင်မကဘူး။ သူက ဆက်ပြောပြတယ်။

'ငါ့ကို တောင်စောင့်နတ်ဘုရား ပေးသနားထားတဲ့ စွမ်းအင်က လူတစ်ယောက်ကို ထိမိတဲ့အခါ ပျောက်ကွယ်သွားမှာလေ'

ကျွန်မ သဘောပေါက်သွားတယ်။ အကယ်လို့ ကျွန်မသာ သူ့အသားကို ထိမိရင် သူ ပျောက်ကွယ်သွားရမယ်။ သဘောကတော့ သေဆုံးသွားရမယ်ပေါ့။ အဲဒါကြောင့်လည်း ကျွန်မ လာမထိအောင် သူက အသည်းအသန် ကာကွယ်နေတာကိုး။

'ဟို..သမီး တောင်းပန်ပါတယ်'

သူက သစ်ကိုင်းကျိုးကို ကျွန်မဆီ ကမ်းပေးတယ်။ ကျန်အစွန်းတစ်ဖက်ကိုတော့ သူ ကိုင်ထားပြီး–

'ကဲ..ကလေးမ အစွန်းတစ်ဖက်ကို ကိုင်လိုက်။ လမ်းပျောက်နေတာ မဟုတ်လား။ တောအုပ်အပြင်ကို ရောက်အောင် လိုက်ပို့ပေးမယ်'တဲ့။

ဘာပြောကောင်းမလဲ။ ကျွန်မ သိပ်ပျော်သွားတာပေါ့။ ကလေးပီပီ အူမြူးပြီဆိုတာနဲ့ ဘာမှ မသိတော့ဘဲ သူ့ကို ပြေးဖက်မိပြန်ပါရော။

'ကျေးဇူးတင်လိုက်တာ'

'ဟာ..ဒီကောင်မစုတ်လေး'

'ခွပ်'

အိမ့်သွားတာပဲ နောက်တစ်ချက်။ ကျွန်မမှာ အရိုက်ခံထိတဲ့ခေါင်းကို ပွတ်ရင်း မြေမှာ လူးလိမ့်နေသလို သူ့ခမျာလည်း ရှောင်ရတိမ်းရလွန်းလို့ ထင်ပါရဲ့။ ဟောဟဲလိုက်နေရှာပြီ။

'ဟောဟဲ..ဟောဟဲ..မင်းကို ပြောထားတယ်လေကွာ'

'တောင်းပန်ပါတယ်။ အပျော်လွန်သွားလို့..အီး'

◆◆◆

ကျွန်မတို့နှစ်ယောက် သစ်ကိုင်းစွန်း တစ်ဖက်စီကို ကိုင်ဆွဲရင်း ယှဉ်တွဲလျှောက်ခဲ့ကြပါတယ်။ နတ်တောင်တောအုပ်ဟာ ကျွန်မစိတ်ထဲမှာတော့ စောစောကလို ချောက်ချားစရာ မကောင်းတော့ပါဘူး။ စိမ်းညို့အုပ်မိုင်းနေတဲ့ သစ်ပင်တန်းကြီးက ခုများကျ သာယာလိုက်တာ။ မြက်တောကြားမှာ တစ်ဝက်တစ်ပျက် တွေ့မြင်နေရတဲ့ နတ်ဘုရားရုပ်တုတွေ သိပ်အံ့သြစရာ ကောင်းတာပဲလေ။

လေ့ကားထစ်တွေဆီရောက်တော့ ရှေးဟောင်းဆန်တဲ့ ကျောက်ဆစ်မီးအိမ်တွေ၊ နှင်းတွင်းပုံစံ မှိုဦးဝတွေက ကျွန်မအာရုံကို ဆွဲညို့နေတယ်။ ဒီနေရာဟာ ဦးလေး ပြောပြခဲ့တဲ့အတိုင်း သိပ်ကို ဂမ္ဘီရဆန်တာပဲ။ ဒီလိုနေရာမျိုးမှာ သူဟာ ဘာကြောင့်များ တစ်ယောက်တည်း ရှိနေရတာလဲ။ နောက်ပြီး ဘာလို့ မျက်နှာဖုံး စွပ်ထားတာလဲ။ ကျွန်မအတွက်တော့ ကလေးဦးနှောက်လေးနဲ့မှ မမီအောင် စဉ်းစားချင်စရာတွေချည်း။

လျှောက်လာခဲ့လိုက်တာ တစ်စ,တစ်စနဲ့ တောင်ခြေဆီ ရောက်သထက် ရောက်လာမှန်း ကျွန်မ သိနေပါပြီ။ သူကတော့ တိတ်ဆိတ်နေပါတယ်။ ကျွန်မ ရင်ထဲမှာ မေးခွန်းတွေ ပြည့်နှက်နေပေမဲ့ ဘာမှ မပြောဖြစ်သေးဘူး။

ကျွန်မ သူ့ကို လှည့်ကြည့်မိတယ်။ သူကတော့ ကျွန်မဘက်ကို ငဲ့တောင်မကြည့်ပါဘူး။ ရှေ့တည့်တည့်ကိုပဲ ကြည့်ရင်း တစ်လှမ်းချင်း ဆက်လျှောက်နေတယ်။ ကျွန်မ သူ့ကို စချင်သွားတယ်။

'ချိန်းတွေ့နေသလိုမျိုးပဲနော်'

'ဩော်..တော်တော်စိတ်လှုပ်ရှားစရာ မကောင်းဘူးဲ့

www.burmeseclassic.com

www.burmeseclassic.com

ချိန်းတွေ့မှုပဲနော်'

ခပ်ရွှံရွှံပြန်ဖြေရင်း သူက ကျွန်မကို လှည့်ကြည့်တယ်။ သူ့ပုံစံက အံ့ဩနေသလိုပဲ။ ဘာကများ အံ့ဩစေတာလဲ။ ကျွန်မ နားမလည်နိုင် ဖြစ်နေတုန်းမှာပဲ။

'မင်း မကြောက်တတ်ဘူးလား'

သူက မေးတယ်။ ကျွန်မလည်း သူ့ကို ပြူးကြောင်ကြောင် မော့ကြည့်ရင်း ပြုံးလိုက်မိတယ်။

'ဘာကို ကြောက်ရမှာလဲဟင်'

'ဘာမှမဟုတ်တော့ပါဘူး'

◆◆◆

ဒီလိုနဲ့ နတ်တောင်ခြေက ဆန်းကြယ်လှပတဲ့ မုခ်ဦးဝအောက်ကို ရောက်ခဲ့ပါတယ်။ မုခ်ဦးဝရဲ့ တစ်ဖက်တစ်ချက်က တိုင်လုံးနှစ်လုံးကို ဟိုဘက်ဒီဘက် ရစ်ပတ်နှောင်ဖွဲ့ထားတဲ့ လွန်းကြိုးတွေကို ကျွန်မ မော့ကြည့်မိရဲ့။ အဲဒီကြိုးတွေဆီမှာ ဆုတောင်းစာတွေကို ချိတ်ဆွဲထားတယ်။ ဒါဟာ ဒီရွာကလေးရဲ့ ရိုးရာယုံကြည်မှု လုပ်ရိုးလုပ်စဉ်တစ်ခုပေါ့။ ဒီနတ်တောင်အတွက် အထိမ်းအမှတ် ပြယုဂ်တစ်ခုဆိုရင်လည်း မှားမယ် မထင်ပါဘူး။

မုခ်ဦးဝအောက်ရောက်တော့ သူက ဆက်လိုက်မလာတော့ဘဲ-

'ဒီအတိုင်း တည့်တည့်သွားရင် မင်းတို့ရွာဆီ ရောက်တဲ့လမ်းကို တွေ့လိမ့်မယ်' လို့ ပြောတယ်။

ကျွန်မရင်ထဲ ဝမ်းနည်းသလိုကြီး ခံစားလိုက်ရတယ်။

'ကိုကြီးက ဒီမှာ အမြဲရှိနေတလား။ ဒီကို ပြန်လာမယ်ဆိုရင် ထပ်တွေ့လို့ ရမလားဟင်'

'ဒီတောအုပ်က တောင်စောင့်နတ်တွေ၊ ဝိညာဉ်တွေနေတဲ့နေရာပဲ။ ခြေချမိရင် လမ်းပျောက်ပြီး ဒီအထဲမှာ တစ်သက်လုံး ပိတ်မိနေလိမ့်မယ်။ မင်း..ဒီကို မလာသင့်ဘူး။ ရွာသားတွေလည်း အဲဒီလိုပဲ ပြောကြတယ် မဟုတ်လား'

သူ ဘာပြောပြော ကျွန်မ ကြောက်လန့်ရကောင်းမယ် မသိခဲ့ပါဘူး။ လေပြည်အတိုးမှာ ယိမ်းနွဲ့လှုပ်ခါသွားတဲ့ ဆံနွယ်တွေအောက်က သူ့မျက်နှာဖုံးကို ငေးကြည့်ရင်း တစ်ခုခုပြောဖို့ စဉ်းစားနေမိတယ်။ ကျွန်မ သူနဲ့ မိတ်ဆွေဖြစ်ခွင့်ရရင် သိပ်ကောင်းမှာပဲလေ။

'သမီးနာမည်က ယုယပါ။ ကိုကြီးကရော'

ကျွန်မအမေးကြောင့် သူ တွေဝေသွားတယ်။ ဘာမှ ပြန်မဖြေသေးဘဲ ကျွန်မကို ကြောင်ငေးစိုက်ကြည့်နေတယ်။ သူ့မျက်နှာဖုံးက အမူအရာပြောင်းလဲမှုကို မဖော်ပြနိုင်တဲ့အတွက် အသေကောင်တစ်ကောင်လို အေးစက်နေပါတယ်။

သေချာတွေးကြည့်တော့ သွေးလန့်စရာကြီးပါ။ ရောက်နေတာက ဝိညာဉ်တွေပဲ ရှိတဲ့အရပ်။ ရှိနေတာက ကျွန်မနဲ့သူ နှစ်ယောက်တည်း။ သူကလည်း စကားမပြောချိန်ဆို နည်းနည်းကြောက်စရာကောင်းသလိုပဲ။ အဓိကကတော့ ဖြူဖွေးအေးစက်နေတဲ့ သူ့မျက်နှာဖုံးကြီးကြောင့်ပါ။

ညနေစောင်းမို့ လေတွေက တဝှီဝှီ တိုက်ခတ်လာတယ်။ သူကလည်း အသက်မရှိသလို ကြောင်တောင်တောင်ကြီး စိုက်ကြည့်နေဆဲ။ ကျွန်မ တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။

'ဘာပဲဖြစ်ဖြစ် မနက်ဖြန် ကိုကြီးအတွက် လက်ဆောင်ယူပြီး ပြန်လာခဲ့ဦးမယ်။ သွားပြီနော်'

ကျွန်မ သူ့ပြန်ဖြေတာကို မစောင့်တော့ဘဲ ကမူးရှူးထိုး ပြေးထွက်လာခဲ့တယ်။ ခပ်လှမ်းလှမ်းဆီ ရောက်တဲ့အခါမှာ တိုးဖွဖွအသံတစ်သံကို ကြားလိုက်ရပါတယ်။

'ဇော်ပါ'

'ဟင်'

အသံလာရာဆီ ကျွန်မ လှည့်ကြည့်လိုက်တော့ အံ့ဩစရာ။ စောစောက နေရာမှာ သူ မရှိတော့ပါဘူး။

ဒီညနေဟာ ကျွန်မအတွက် စိတ်လှုပ်ရှားစရာတွေ ချည်းရယ်။ ကျွန်မ ကြည်နူးနေမိတယ်။ သီချင်းလေး ညည်းရင်း မြက်ပင်စိမ်းလေးတွေကို တို့ထိရင်း ရွာလမ်းဆီ ပြန်လာတော့ လမ်းတစ်ဝက်မှာ ဦးလေးနဲ့ ဆုံတယ်။

'မိယုယ'

'ဟာ..ဦးလေး'

'ယုယ..အရူးမလေး'

ဦးလေးကို မြင်တော့ ကျွန်မ ဝမ်းသာသွားတာပေါ့။ ထုံးစံအတိုင်း ဝမ်းသာအားရ ပြေးဖက်ပြီလေ။ ဒါပေမဲ့ ကျွန်မ ကံဆိုးပြန်တယ်။

'ဒေါက်'

'အား'



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးက ကျွန်မကို တွေ့လို့ ဝမ်းမသာရှာဘူး။ ခေါင်းကို စိတ်ဆိုးမာန်ဆိုးနဲ့ ခေါက်လိုက်တယ်။ ကြည့်ရတာ ကျွန်မ ပျောက်နေလို့ တော်တော်စိတ်ပူနေခဲ့ပုံပဲ။

'တစ်ယောက်တည်း လျှောက်သွားစရာလား။ တောထဲ တောင်ထဲမှာ ဒဏ်ရာရနေရင် ဘယ်လိုလုပ်မလဲဟင်'

'အာ..အဟင့်..ဟင့်..အီးဟီးဟီး'

ဆည်းဆာရောင်တောက်နေတဲ့ နေဝင်ချိန်က သိပ်ကို လှပါတယ်။ ငိုယိုနေတဲ့ ကျွန်မကို ဦးလေးက ချော့တယ်။ ခဏာပါပဲ၊ ကျွန်မ စိတ်ဆိုးပြေတော့ တူဝရီးနှစ်ယောက်သား တစ်ယောက်လက် တစ်ယောက်ဆွဲပြီး အိမ်ပြန်ခဲ့ကြတယ်။

'ဦးလေးရေ'

'ဟင်..ဘာလဲ'

'နတ်တောင်ပေါ်မှာ ဝိညာဉ်တွေ နေတယ်ဆိုတာ ဟုတ်လားဟင်'

'သြော်..တောင်စောင့်နတ်ရဲ့ တောအုပ်ကို ပြောတာလား။ မသိဘူးလေ။ အဲဒီလိုတော့ ပြောကြတာပဲ။ ငါလည်း ငယ်ငယ်တုန်းက ဝိညာဉ်တွေနဲ့ တွေ့ဖူးချင်ခဲ့တယ်။ အဲဒါကြောင့် ငါနဲ့ ငါ့သူငယ်ချင်းတွေက တောအုပ်ထဲကို အမြဲသွားကြတာပေါ့။ ဒါပေမဲ့ ဘယ်ဝိညာဉ် ဘာတစ္ဆေမှ မတွေ့ခဲ့ပေါင်ကွာ။ အဲ..တစ်ခုတော့ရှိတယ်။ စိတ်ထင်တာလားတော့ မဆိုတတ်ဘူး။ တစ်ချက် တစ်ချက်တော့ မျက်စိထောင့်ကနေ ရိပ်ခနဲ တွေ့လိုက်သလို ခံစားဖူးတယ်။ နွေရာသီ ညတွေမှာဆို တောအုပ်ထဲက အသံတွေ ကြားရတတ်တယ်။ အခု ပြန်စဉ်းစားကြည့်တော့ ဖိုးအောင်နဲ့ သူ့သူငယ်ချင်းတွေအတူတူ တောအုပ်ထဲက နွေရာသီပွဲတော်မှာ ပျော်ခဲ့ကြတယ်ဆိုပဲ။ ဒါပေမဲ့ တောအုပ်ထဲမှာ ဘယ်ရွာသားတွေက ပွဲတော်လုပ်မှာလဲ။ ဒါဆို ဘယ်သူလုပ်တာဖြစ်မလဲ။ အဲဒီအချိန်ကစပြီး ဝိညာဉ်တွေလုပ်တဲ့ ပွဲတော်ထဲ ဖိုးအောင်တို့အဖွဲ့ ရောက်သွားခဲ့တယ်ဆိုတဲ့ ရူးကြောင်ကြောင်ပုံပြင်တစ်ပုဒ် ဖြစ်လာခဲ့တာပဲ။ ဟား..ဟား.. အင်း..အတိတ်ကိုတောင် ပြန်အောက်မေ့လာမိပြီကွာ။ ဦးလေးတို့ ငယ်ငယ်က တော်တော်ရူးခဲ့ကြတာကွ'

ဦးလေးရဲ့ အပြောကို ဒေးရင်း ကျွန်မမှာလည်း တွေးချင်စရာ။ အဲဒီနောက်တော့ ကျွန်မ ဘာမှ ထပ်မမေးဖြစ်တော့ဘူး။ နေအိမ်ကို ရောက်ပြီး ညမိုးချုပ် အိပ်စက်ချိန်အထိ ဆိုပါတော့။

♦ ♦ ♦

'မင်း ရောက်လာတယ်'

သူဆီက ထွက်ကျလာတဲ့ တအံ့တသြ ရေရွတ်သံ။ သူ့အတွက် လက်ဆောင်ယူလာတဲ့ မုန့်ထုပ်ကို ကိုင်ရင်း ကျွန်မ ရပ်ကြည့်နေမိတော့ သူက ဆက်ပြောတယ်။

'မင်း တကယ်ပြန်လာလိမ့်မယ်လို့ မထင်ခဲ့ဘူး'

စကားအဆုံးမှာ သူက ထိုင်နေရာကနေ ထရပ်ဖို့ အားယူလိုက်တယ်။ ဒီခဏမှာပဲ ကျွန်မ သဘောပေါက်သွားခဲ့ပါပြီ။ မနေ့က ကျွန်မတို့နှစ်ယောက် နောက်ဆုံးတွေ့ခဲ့ကြတဲ့ မုခ်ဦးဝအောက်မှာ သူ ဘာ့ကြောင့် ထိုင်နေရသလဲ ဆိုတာကိုပေါ့။

'သမီးကို စောင့်နေတာပေါ့နော်။ အာ..ပျော်လိုက်တာ'

သတိလက်လွှတ် ပြေးဖက်မိပြန်ပါရော။

'ခွပ်'

'တကယ်ကို အမှတ်မရှိတာပဲ ဟူး'

သူက ကျွန်မခေါင်းကို သစ်ကိုင်းခြောက်နဲ့ ရိုက်လိုက်ပြီး စိတ်ပျက်လက်ပျက် ရေရွတ်လိုက်တယ်။

ဟုတ်ပါတယ်။ ကျွန်မဟာ တကယ်ကို အမှတ်မရှိတဲ့ ကောင်မလေးပါပဲ။ ဝမ်းသာလာရင် ဘာကိုမှ သတိမရတော့ဘဲ ဖွတ်အတင်း ပြေးဖက်ချင်တဲ့စိတ်ဓာတ်က အကျင့်ပါနေပါပြီ။ အခုလည်း ထုံးစံအတိုင်း ပြေးဖက်ဖို့ ကြိုးစားမိလို့ ထုံးစံအတိုင်း အရိုက်ခံထိသွားပြီလေ။

'အီး..အပျော်လွန်သွားလို့ပါ ကိုကြီးရယ်။ အဲဒါကြောင့်'

'အင်းပါ၊ ဒီနေရာက နည်းနည်းပူတယ်။ အေးတဲ့နေရာ သိတယ်။ သွားကြမလား'

'အန်'

'စိတ်မပူပါနဲ့။ ဒီကို ပြန်လာပို့ပေးမှာပါ'

ရှေ့က ထွက်ခွာသွားတဲ့ သူ့နောက်ကို ကျွန်မ အပြေးလေး လိုက်ခဲ့ပါတယ်။ မနေ့က ဖြတ်သန်းခဲ့ရတဲ့ လှေကားထစ်တွေကို ဒီနေ့လည်း အတူဖြတ်သန်းကြတယ်။ ကျွန်မတို့ကြားမှာ သစ်ကိုင်းခြောက်လေး ခြားမထားတော့ပါဘူး။ ကြည့်ရတာ သူ ကျွန်မအပေါ် ယုံကြည်စိတ်ချ



www.burmeseclassic.com

www.burmeseclassic.com

သွားပြီတူပါရဲ့။ လမ်းသွားရင်း ကျွန်မ ယူလာတဲ့ မုန့်တွေကို နှစ်ယောက်သား ခွဲဝေစားကြတယ်။ ပျော်စရာကြီးပေါ့။

တစ်စ,တစ်စ တောက နက်နက်လာတယ်။ နေပြောက်ကလေးတွေကို ဟိုတစ်ကွက် ဒီတစ်ကွက်ပဲ မြင်ရတော့တယ်။ အဲဒီအချိန်မှာ သစ်ပင်တွေကြားက တစ်စုံတစ်ရာ ပြေးထွက်လာသလို ခံစားလိုက်ရလို့ ကျွန်မ လှည့်ကြည့်မိတော့-

'ဟင်'

တွေ့လိုက်ရတာက မီးခိုးငွေ့လို ညှိမှိုင်းမှိုင်းအခိုးအငွေ့တန်းကြီး။ သစ်ပင်ခွကြားပေါ် တက်သွားတဲ့ အဲဒီ မီးခိုးလုံးကြီးကို လိုက်ကြည့်ရင်း ကျွန်မ ထိတ်လန့်သွားမိတယ်။ ဒီခဏမှာပဲ အဲဒီမီးခိုးလုံးကြီးက တစ်စုံတစ်ရာကို ပြောဆိုလိုက်ပါတယ်။

'ဇော်··အဲဒါ လူသားလေး မဟုတ်လား။ ငါ စားလို့ရမလား'

ဘုရားရေ··စားလို့ရမလားတဲ့။ ကျွန်မကို ရှေ့ထားပြီး မေးနေပုံက။ ကျွန်မ သိပ်ကြောက်ရွံ့သွားတယ်။ သူ့ကို အားကိုးတကြီး မော့ကြည့်မိတယ်။ သူက ကျွန်မကို သူ့ကိုယ်နဲ့ ကွယ်လိုက်ပြီ။

'မရဘူး။ ဒါ ငါ့သူငယ်ချင်း'

'ဩော်··အဲဒီလိုလား။ ဟေ့ လူသားလေးရေ၊ ငါ တောင်းဆိုပါတယ်။ ကျေးဇူးပြုပြီး ဇော့်အသားကို မထိမိပါစေနဲ့နော်။ ထိခဲ့ရင် မင်းကို ငါ စားရလိမ့်မယ်'

'အမလေး'

ကျွန်မ ကြောက်လွန်းလို့ ငိုချင်လာမိတယ်။ သူကတော့ ကျွန်မကို အပြည့်အဝ အကာအကွယ်ပေးပါတယ်။

'သွားစမ်းပါကွာ၊ ရှူး··ရှူး'

မီးခိုးလုံးကြီးကို တရှူးရှူးမောင်းထုတ်လိုက်ဟော့ အံ့သြစရာ။ နှုတ်ခမ်းပြုပြု၊ မျက်လုံးပြူးပြူးနဲ့ သွေးလန့်ချင်စရာ မီးခိုးလုံးကြီးကနေ ချက်ချင်းဆိုသလို မြေခွေးတစ်ကောင်အသွင် ပြောင်းလဲသွားပြီး တောအုပ်ထဲကို ပြေးဝင်သွားလို့ပါ။

'အယ်တော်··အဲဒါ မြေခွေးလား'

'သူက ဝိညာဉ်လေ။ လူတွေကို ခြောက်လှန့်ဖို့အတွက် ပုံစံပြောင်းလိုက်တာ။ အလကားပါ၊ ဟောင်ပဲဟောင်တတ်တာ'

'အို··အဟား··အံ့သြစရာကြီးပဲ။ သရဲကို ပထမဆုံးအကြိမ် တွေ့ဖူးတာပဲ။ ပျော်လိုက်တာ။ ဝိညာဉ်ဆိုတာ တကယ်ရှိတာကိုး'

ကျွန်မ ဟစ်အော်လိုက်မိတယ်။ ပျော်လွန်းလို့ပါ။ ကျွန်မလည်း ဦးလေးလို့ပဲ တစ္ဆေ၊ သရဲကို တွေ့ဖူးချင်ခဲ့တာ။ ခုလို မျက်မြင်ကြုံရလိမ့်မယ် မထင်ခဲ့မိဘူး။

'ဟောဗျာ··ပျော်နေလိုက်တာများ၊ သရဲကို ပထမဆုံးအကြိမ် တွေ့ဖူးတာဆိုပဲ။ ငါ့ကို ဘာထင်နေလို့လဲ မသိ'

သူက ခပ်တိုးတိုးညည်းတယ်။ ကျွန်မ ကြားပေမယ့် ဘာအဓိပ္ပာယ်လဲ မစဉ်းစားအားဘူး။ ကိုယ့်ဟာကိုယ် ခုန်လို့ပေါက်လို့ ပျော်လို့ အော်လို့ ကောင်းတုန်း။

တောအုပ်ရဲ့ လှပတဲ့တစ်ဖက်ကမ္ဘာတိုင်အောင် ကျွန်မတို့နှစ်ယောက် ဆက်လျှောက်လာခဲ့ကြတယ်။ ရှေ့က သွားနှင့်တဲ့ သူ့ကို ငေးရင်း ကျွန်မ စပ်စုမိပြန်တယ်။

'ကိုကြီးက ဘာဖြစ်လို့ မျက်နှာဖုံးတပ်ထားတာလဲ။ မျက်နှာမရှိလို့လားဟင်'



www.burmeseclassic.com



'ဘာရယ်တော့ မဟုတ်ပါဘူး။ ငါ့အကြောင်းတွေ မသိချင်စမ်းပါနဲ့။ မင်းရဲ့ အကြောင်းပဲ ပြောပြ'

◆ ◆ ◆

နောက်ရက်တွေ၊ နောက်ရက်တွေ၊ နောက်ထပ်ရက်များစွာတိုင်တဲ့အထိ ကျွန်မ တောအုပ်ဆီကို ရောက်ဖြစ်ခဲ့ပါတယ်။ အဲဒီနွေရာသီ ကျောင်းပိတ်ရက်အားလုံး ကျွန်မဟာ နတ်တောင်ပေါ်မှာပဲ ပြေးလွှားဆော့ကစားနေခဲ့ပါတယ်။

'ဒီဘက်ခြမ်းက ပိုလှတယ်၊ သိလား'

သူက တောအုပ်ထဲက လှပတဲ့ နေရာတွေ အားလုံး လိုက်ပြခဲ့တယ်။ ကြာပန်းတွေ ဖွေးနေတဲ့ ကန်နံဘေးမှာ သစ်ရွက်လှေလေးတွေ အတူတူလွှတ်ကြတယ်။ ရှုးတယ်လို့ပဲပြောပြော ကျွန်မဘဝအတွက်တော့ အဲဒီအချိန်လေးတွေဟာ သိပ်ကို ပျော်စရာကောင်းခဲ့တာ။ အဖြူစင်ဆုံးနဲ့ အပျော်ရွှင်ဆုံး အချိန်လေးတွေ။

'ကိုကြီးရေ..ဒီမှာ ကြည့်ဦး။ ပန်းတွေ အများကြီး ခူးလာတယ်။ ဟင်..ဇော် ကိုကြီး အိပ်ပျော်နေတာလား'

မြက်ခင်းပြင်ပေါ်မှာ လဲလျောင်းနေတဲ့သူ့ကို တွေ့လိုက်ရတယ်။ အနားကပ်ပြီး ခပ်တိုးတိုး ခေါ်လိုက်ပေမဲ့ ပြန်မထူးတဲ့အတွက် သူအိပ်နေတာ ဖြစ်နိုင်ပါတယ်။ ကျွန်မ သူ့မျက်နှာဖုံးကို စိုက်ကြည့်ရင်း မကြံကောင်း မစည်ရာကို တွေးမိလိုက်တယ်။ အဲဒါကတော့ သူ့မျက်နှာကို ခိုးကြည့်ဖို့ပါပဲ။

မျက်နှာဖုံးကို ထိတာပဲဥစ္စာ။ အသားကို ထိတာမှ မဟုတ်။ ဘာမှမဖြစ်လောက်ပါဘူးနော်။

ကျွန်မ တွေဝေနေသေးတယ်။ ကျွန်မကြောင့် သူ ပျောက်ကွယ်သွားရင် ဘယ်လိုလုပ်မလဲ။ ဒါပေမဲ့ မျက်နှာဖုံးအောက်က သူ့မျက်နှာ ဘယ်လိုပုံစံလဲဆိုတာ သိဖို့အတွက် ဒီတစ်နည်းပဲ ရှိတာကြောင့် ခိုးကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကလေးအတွေးမို့ ဆင်ခြင်တုံတရား နည်းပါးသေးတာယ်လေ။ ကျွန်မ မျက်နှာဖုံးကို ဖွဖွကိုင်ပြီး ဖြည်းဖြည်းချင်း ဆွဲမ,လိုက်တယ်။

'ဟင်'

သူက ကျွန်မ ထင်ထားသလိုမျိုး မျက်နှာမပါတာ မဟုတ်သလို သရဲရုပ်ပေါက်နေလို့လည်း မဟုတ်ပါဘူး။ မင်းသားတစ်ပါးလို ချောမောခန့်ညားသူပဲ။ ဒါနဲ့များ ဘာလို့ မျက်နှာဖုံးတပ်ထားရတာလဲ။

ကျွန်မ အံ့သြငေးမောနေတုန်း ခဏမှာပဲ သူ့မျက်လုံးတွေ ပွင့်လာတယ်။ တောက်ပစူးရှတဲ့ မျက်လုံးလှလှလေးတွေ ကျွန်မ ထိတ်လန့်သွားရပြီလေ။

'အ..တောင်းပန်ပါတယ်'

ကျွန်မလည်း အဆူခံရမှာစိုးလို့ မျက်နှာဖုံးကို ခပ်မြန်မြန်ပြန်တပ်ပေးလိုက်တယ်။ ဒါပေမဲ့ အလောတကြီးလုပ်လိုက်မိတာကြောင့် မျက်နှာဖုံး တပ်ပေးတာနဲ့ မတူဘဲ သူ့မျက်နှာကို ဖြတ်ရိုက်လိုက်သလို ဖြစ်သွားခဲ့တယ်။

'အမလေးဗျ၊ အရမ်းလုပ်တာပဲ။ အိပ်နေချိန်မှာ လုပ်ကြံတာပေါ့လေ'

အမှန်တော့ သူက အိပ်ချင်ယောင်ဆောင်နေတာပါ။ မျက်နှာဖုံးကို ကျွန်မ ဖြုတ်ချင် ဖြုတ်လို့ရအောင် အခွင့်အရေးပေးတာ ဖြစ်ပါလိမ့်မယ်။ ဒါကို ကလေးဖြစ်တဲ့ ကျွန်မက ဘယ်လိုလုပ်သိပါ့မလဲ။ အိပ်ပျော်နေတုန်း ခိုးကြည့်ရတယ် အတွေးနဲ့ သူ နိုးလာတာမြင်တော့ ထိတ်လန့်သွားတယ်။ မျက်နှာဖုံးကို ကြောက်အားလန့်အားနဲ့ တွန်းလိုက်တော့ သူ့ခမျာ အရိုက်ခံရသလို ဖြစ်သွားတာပေါ့။

'တော်တော်ကြောက်စရာကောင်းတဲ့ ကလေးမပဲ။ အား..နာလိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com

'တောင်းပန်ပါတယ်။ ဟို··အဲ··နေပါဦး။ ကိုကြီး အိပ်ချင်ယောင်ဆောင်နေတာ မဟုတ်လား'

'ဟင်းဟင်း··ဟုတ်ပါပြီ။ ကဲ··ပြောပါဦး။ ငါက သာမန်လူနဲ့ တူနေသလား'

'အင်းလေ၊ ဒါနဲ့များ ဘာလို့ မျက်နှာကို ဖုံးထားရတာလဲ'

'ငါသာ ဒီမျက်နှာဖုံးကို မဝတ်ထားရင် ဝိညာဉ်တစ်ကောင်နဲ့ မတူတော့ဘူးလေ'

သူ့စကားတွေက ကျွန်မကို ခေါင်းစားသွားစေတာချည်း။ ခုလည်း ကြည့်ဦး။ သာမန်လူပုံစံ ရှိရဲ့သားနဲ့ နတ်တောင်ပေါ်မှာ နေထိုင်နေတယ်။ မျက်နှာဖုံး တပ်ထားရတာက ဝိညာဉ်တစ်ကောင်နဲ့ မတူမှာစိုးလို့တဲ့။ နားလည်ရခက်လိုက်တာ။

'ကိုကြီးရေ··သမီး မနက်ဖြန်ကစပြီး ဒီကို မလာနိုင်လောက်တော့ဘူး။ အရင်က ပြောဖူးတယ်လေ။ နွေရာသီကျောင်းပိတ်ရက်ဆို ဦးလေးရဲ့အိမ်ကို အလည်လာတယ်ဆိုတာလေ။ အဲဒါကျောင်းဖွင့်တော့မှာမို့ မနက်ဖြန်ဆိုရင် အိမ်ပြန်ရတော့မှာ'

'ဪ··ဒါဆို။ ဒါပေမဲ့ နောင်နှစ်တော့ လာနိုင်တယ် မဟုတ်လား'

'အင်း'

ကျွန်မ ဝမ်းသာအားရ ခေါင်းညိတ်လိုက်မိပါပြီ။

◆◆◆

အဲဒီလိုနဲ့ ကျွန်မအတွက် နွေရာသီဆိုတာ အမြဲမျှော်လင့်စောင့်စားရတဲ့ အရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ သူကလည်း ကျွန်မကို ကတိပေးထားတဲ့အတိုင်း စောင့်နေခဲ့ပါတယ်။

ကျွန်မတို့နှစ်ယောက် ထုံးစံအတိုင်း နတ်တောင်ပေါ်က ပျော်စရာကောင်းတဲ့ နေရာတွေဆီ လျှောက်လည်ခဲ့ကြတယ်၊ တစ်စုံတစ်ယောက် စီမံဆောက်လုပ်ထားသလိုမျိုး ဆန်းဆန်းကြယ်ကြယ် လှပနေတဲ့ သစ်သားတံတားလေးပေါ်မှာ ကျွန်မတို့ ထိုင်ကြတယ်။ အေးစိမ့်နေတဲ့ ကန်ရေက ကျွန်မကို လန်းဆန်းသွားစေတယ်။

'ရေတွေက အေးလိုက်တာ'

'မင်းကတော့ ထူးဆန်းတယ်နော်။ ရေပဲ အေးမှာပေါ့'

ဒီနှစ်မှာတော့ မနှစ်ကထက် သွေးလန့်စရာ အဖြစ်အပျက်တစ်ခုကို ကြုံလိုက်ရတယ်။ တောအုပ်ထဲက သစ်ပင်တစ်ပင်ပေါ်ကနေ လက်ရှည်ကြီးတစ်ဖက် ထွက်ကျလာတာပါ။ ကျွန်မ ကြောက်လန့်တကြား နောက်ဆုတ်လိုက်မိတယ်။ လက်သည်းရှည်တွေ ပြည့်နှက်နေတဲ့ လက်ချောင်းရှည်ကြီးတွေက သူ့လည်တိုင်ကို ဆုပ်ကိုင်လိုက်ပြီ။ အို··ဘုရားရှင်၊ ကျွန်မ ဘာလုပ်ရမလဲ။

'ဇော်··မင်း ဘာတွေလုပ်နေတာလဲ။ အန္တရာယ် များလိုက်တာ။ အဲဒါ လူသားနော်။ သူ့ကို ထိမိရင် မင်း ပျောက်ကွယ်သွားရမှာ'

'ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အတွက် စိတ်ပူမနေပါနဲ့တော့'

သူက ခပ်အေးအေးပဲ ပြန်ပြောလိုက်တယ်။ အဲဒီအခါ လက်ရှည်ကြီးက သစ်ပင်တွေကြားထဲ ပြန်လည်ဝင်ရောက်ပျောက်ကွယ်သွားတယ်။ နည်းနည်းစိတ်ငြိမ်သွားပြီဆိုပေမဲ့ ဘာတွေဖြစ်နေသလဲဆိုတာ ကျွန်မ နားမလည်သေးဘူး။

'လူသားလေးရေ··ကျေးဇူးပြုပြီး ဇော့်ကို မထိမိပါစေနဲ့နော်'

'ဟုတ်ကဲ့··သမီး သတိထားပါ့မယ်'

တောအုပ်ထဲမှာ ရှိသမျှဝိညာဉ်တွေက သူ့အတွက် စိုးရိမ်ပူပန်နေကြတာလား။ ဝိညာဉ်တွေကျတော့ သူ့ကို ထိလို့ရတယ်။ ဒါဖြင့် သူက ဘာလဲ။

◆◆◆

နွေရာသီနှစ်ခုကို ကျော်လွန်ပြီး သုံးခုမြောက်မှာတော့ ကျွန်မတို့ နှစ်ယောက်ကြားမှာ သည်းထိတ်ရင်ဖိုအဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့ရတယ်။ တစ်ယောက်ရဲ့အသက်ကို တစ်ယောက် မစောင့်ရှောက်နိုင်တဲ့ အခြေအနေတစ်ခုပေါ့။

'ယုယရေ··ဘယ်ရောက်နေတာလဲ။ ထွက်ခဲ့တော့။ ဟေး··ယုယ··ယု'

'ဝါး'

သစ်ပင်ပေါ်မှာ ပုန်းခိုနေရာကနေ ကျွန်မ ဘွားခနဲ ထွက်လာလိုက်တယ်။ သူ ထိတ်လန့်သွားမယ်လို့ မျှော်လင့်ခဲ့တာ။ ဒါပေမဲ့ ထင်သလို ဖြစ်မလာပါဘူး။ သူ့မျက်နှာကို ကျွန်မမှ မမြင်ရဘဲလေ၊ သူ လန့်,မလန့် ဘယ်သိရပါ့မလဲ။ ကျွန်မမှာသာ မျောက်တစ်ကောင်လို ဇောက်



www.burmeseclassic.com

www.burmeseclassic.com

ထိုးခိုနေရာကနေ ဂါဝန်လန်သွားလို့ အရှက်ကွဲပါရော။ (၉)နှစ် (၁၀)နှစ်အရွယ်ဆိုပေမဲ့ ရှက်တတ်နေပြီလေ။ ဒါပေမဲ့ သူကတော့ ကလေးမလေး ကျွန်မကို ဆူဆဲဖို့ပဲ သတိရပါတယ်။

'ဒါက ဘာတွေလုပ်နေတာလဲ။ ပြုတ်ကျဦးမယ်'

'ဟီးဟီး··ကိုကြီး ထိတ်လန့်သွားတာကို မြင်ချင်လို့ ခြောက်ကြည့်တာလေ။ ဒါပေမဲ့ ဟို··အနည်းဆုံးတော့ သမီးနဲ့ အတူရှိနေချိန်မှာ အဲဒီမျက်နှာဖုံးကြီး ချွတ်ထားပါလားဟင်'

'ပြဿနာတော့ မရှိပါဘူး။ ဘာဖြစ်လို့လဲ'

'ဘာရယ်တော့ မဟုတ်ပါဘူးပေါ့။ ခုလို··လို··အ··သစ်ကိုင်းကျိုးပြီ'

'ဟာ··သတိထား ယုယ'

'ဟင်··မ··မဖမ်းနဲ့'

'ဝုန်း'

သူက သစ်ကိုင်းကျိုးလို့ ပြုတ်ကျလာတဲ့ ကျွန်မကို လှမ်းပွေ့ဖို့ ကြိုးစားလိုက်တယ်။ အဲဒါကို မြင်လိုက်ရတော့ ကျွန်မ သိပ်စိတ်ပူသွားတယ်။ ကျွန်မကို ထိမိရင်



သူ ပျောက်ကွယ်သွားမှာ။ ကျွန်မကို သူ ဖမ်းလို့ မဖြစ်ဘူး။ အဲဒါကြောင့် မဖမ်းဖို့ လှမ်းတားတယ်။ သစ်ပင်က သိပ်မမြင့်လို့ ပြုတ်ကျချိန်က စက္ကန့်ပိုင်းလေးရယ်။ အဲဒီခဏမှာ ဘာတွေဖြစ်သွားသလဲ။ ကျွန်မပဲ ကျိုးပဲ့သွားသလား၊ ဒါမှမဟုတ် သူပဲ ထာဝရ။

'အိုက်ရား··မိတော့မလို့ဟာကို'

'ဟုတ်တယ်နော်။ ဒါပေမဲ့ ဘာမှမဖြစ်ပါဘူး။ ခါးနည်းနည်းနာရုံပဲ'

'တောင်းပန်ပါတယ် ယုယ။ အဆင်ပြေရဲ့လား'

'ရတယ် ဘာမှမဖြစ်ဘူး။ တော်ပါသေးရဲ့။ ဟိတ်··ဇော်၊ ဘာပဲဖြစ်ဖြစ် သမီးကို လုံးဝမထိပါနဲ့နော်··နော်လို့။ သမီးကိုထိမိရင် ထိမိရင် ဟင့်··ဟင့်··'

ကျွန်မ ရှိုက်ကြီးတငင် ငိုချလိုက်မိတယ်။ စောစောကများ သူ ငါ့အသားကို ထိလိုက်မိရင် ဆိုတဲ့အတွေးက ကျွန်မကို ခြောက်လှန့်နေတယ်။ ကျွန်မ သူနဲ့ ခွဲခွာရမှာကို ကြောက်ရွံ့နေမိပါတယ်။

နောက်နှစ်နွေရာသီရော၊ နောက်ထပ်နွေရာသီတွေမှာရော ကျွန်မ တောအုပ်ကို ရောက်ခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်မ အသက် (၁၃)နှစ်ထဲ ရောက်နေပြီ။ အပျိုဖြန်းအရွယ်လေးမို့ စိတ်ခံစားမှုတွေကလည်း တစ်မျိုးတစ်မည် ဖြစ်နေခဲ့ပါပြီ။

'ဒန့်··ဒန့်··ခုနစ်တန်းတောင် ရောက်လာပြီ သိရဲ့လား'

'အင်းနော်။ မင်းတောင် တဖြည်းဖြည်းနဲ့ မိန်းကလေးရုပ် ပေါက်လာပြီ'

'ဟမ်··အစောကတည်းက မိန်းကလေးပဲဟာကို'

ကျွန်မတို့နှစ်ယောက်ရဲ့ အသက်တွေက တဖြည်းဖြည်းနဲ့ သိပ်မကွာတော့ပါဘူး။ သူက သာမန်လူတွေထက် အသက်ကြီးတာ နှေးနေသလိုပဲ။

ဒီနှစ် ဆောင်းရာသီမှာ ··တ်တောင်က အေးခဲနေလိမ့်မယ်လို့ ဦးလေးက ပြောတယ်။ ကျွန်မ စိတ်ပူသွားတယ်။ သူတော့ ချမ်းနေတော့မှာပဲ။ သူကြည့်ရတာ အဝတ်အစားရှိပုံမရဘူး။ အမြဲတမ်း ဒီအင်္ကျီတစ်ထည်ကိုပဲ ဝတ်ထားရှာတယ်။ အဲဒါကြောင့် ဆောင်းရာသီမှာ အအေးဒဏ်ခံနိုင်အောင် လက်ဆောင်တစ်ခုခုပေးဖို့ ကျွန်မ တွေးလိုက်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

'မာဖလာ ဟုတ်လား'

'အင်း..ဆောင်းရောက်ရင် သုံးဖို့၊ သုံးနော်။ ကဲ.. သွားပြီး..တာ့တာ။ နောက်နှစ်မှ တွေ့မယ်'

သူ့ခမျာ ကျွန်မရဲ့ လက်ဆောင်ကြောင့် အူတူတူဖြစ် လို့ မာဖလာကိုကြည့်လိုက်၊ ကျွန်မကို ကြည့်လိုက်နဲ့။

ထုံးစံအတိုင်းပါပဲ။ သူ လက်ပြနှုတ်ဆက်ပြီး ကျန် ရစ်ခဲ့တယ်။ ဒါပေမဲ့ ခါတိုင်းနှစ်တွေနဲ့ မတူတာက ကျွန်မ ပါ။ သူ့ပုံရိပ်က အချိန်များစွာ ကြာမြင့်သွားတဲ့အထိ ကျွန်မအာရုံထဲမှာ စွဲမြဲတည်ရှိနေတယ်။ ကျွန်မလေ သူ့ အကြောင်းတွေကို မစဉ်းစားဘဲ မနေနိုင်ခဲ့ဘူး။

'ဇော်ကို တွေ့ချင်တယ်။

အခွင့်ရှိမယ်ဆိုရင် ဇော်ကို ထိတွေ့ပွေ့ဖက်ဖူးချင် တယ်။

◆◆◆

'အချိန်တွေ အကုန်မြန်တယ်နော်။ မင်းတောင် အထက်တန်းကျောင်းသူကြီး ဖြစ်နေပြီ'

'ဟုတ်တယ်နော်'

'မင်း ငါ့ဆီကို ဒီအတောအတွင်း ရောက်မလာဖြစ် ဘူးပဲ'

'ဒီကြားထဲမှာ စာတွေ ကြိုးစားနေရလို့လေ။ ကျွန်မ တွေးထားတာ ဒီသုံးနှစ်ကုန်လို့ ကျောင်းပြီးသွားရင် ဒီ ဒေသမှာ ကျွန်မ အလုပ်တစ်ခုခု ရှာမလားလို့။ ဒါဆို ရှင့်အနားမှာ ကျွန်မ အကြာကြီး နေလို့ရပြီပေါ့။ ဆောင်း ဦးမှာရော ဆောင်းရာသီမှာရော၊ နွေရာသီမှာရော အိုး.. အမြဲတမ်း၊ အမြဲတမ်းနော်။ ပျော်စရာမကောင်းဘူးလား ဟင်..ဇော်'

ကျွန်မ သူ့မျက်နှာကို စိုက်ကြည့်ရင်း ဆိုလိုက်တယ်။ သူကတော့ ကန်ရေပြင်ကိုပဲ ငေးကြည့်နေတယ်။

'ယုယ..ငါ့အကြောင်းတွေ မင်းကို ပြောပြမယ်။ တကယ်တော့ ငါက ဝိညာဉ်မဟုတ်ပါဘူး'

'ဟင်..ဘယ်လို'

'ဟုတ်တယ်။ ဒါပေမဲ့ လူသားလည်း မဟုတ်တော့ ဘူး။ ကလေးဘဝကတော့ လူသားအဖြစ်နဲ့ မွေးလာတာ လို့ ပြောကြတယ်။ ဒီတောအုပ်ထဲမှာ ငါ့ကို စွန့်ပစ်ထား ခဲ့တာတဲ့။ စွန့်ပစ်သွားတဲ့ မိဘတွေကို ပြန်ခေါ်လို့ရမယ် အထင်နဲ့ ငါဟာ သနားစရာကောင်းလောက်အောင် ငိုယို နေခဲ့တယ်။ သူတို့ ပြောတာတော့ ငါက တော်တော်နဲ့ အငိုမရပ်ဘူး။ ယောဒီ မျက်နှာဖုံးလေး တပ်ပေးလိုက်မှ တိတ်သွားတာတဲ့။ အဲဒီအချိန်ကတည်းက သေခဲ့ရမှာ မှန်ပေမဲ့ တောင်စောင့်နတ်မင်းက ကရုဏာသက်လို့ ဆက် ပြီး အသက်ရှင်အောင် စွမ်းအားတစ်ခု ပေးခဲ့တယ်။ အဲဒါ ကြောင့်လည်း ငါဟာ ဒီကနေ ဘယ်ကိုမှ ထွက်သွားလို့ မရဘူးလေ။ ငါကလည်း ဝိညာဉ်တစ္ဆေ တစ်မျိုးပါပဲ'

သူက သူ့ဘဝဇာတ်လမ်းကို ဆွေးဆွေးမြည့်မြည့် ပြောပြတယ်။ ကျွန်မလေ သူ့ကို ကြည့်ရင်း သူ့အကြောင်း တွေ နားထောင်ရင်း သူ့ရင်ထဲက အနက်ရှိုင်းဆုံး တစ် နေရာကို ဝင်ခံစားကြည့်မိတယ်။ သူ့ဘဝက တကယ် သနားစရာ ကောင်းတာပဲ။ သူက အဝေးကို ငေးနေရာ ကနေ ကျွန်မဘက်ကို လှည့်ကြည့်ပြီး-

'ယုယ..တကယ်လို့ ငါ့ကို မင်း မေ့လိုက်မယ်ဆို ရင်လည်း ရပါတယ်။ မှော်အစွမ်းတစ်ခုတည်းနဲ့ အသက် ရှင်နေရတဲ့ ငါ့ရဲ့ခန္ဓာကိုယ်က သိပ်ကို အားနည်းလွန်း တယ်။ ဘယ်တော့မှ ဆန္ဒရှိသလို အသက်ရှင်ခွင့်ရမှာ မဟုတ်ဘူး။ လူသားတစ်ယောက်ကို ထိမိရုံနဲ့တင် စွမ်း အင်တွေ ပျက်ပြယ်ပြီး ခန္ဓာကိုယ်ဟာလည်း ပျောက်ကွယ် သွားရမှာ။ အခိုးအငွေ့တွေလိုမျိုး။ မင်းကရော ဘယ် အချိန်ထိ..'

သူ့အနားကနေ ထွက်သွားဖို့ တောင်းဆိုနေတဲ့ စကား တွေ ဒီစကားတွေ ဆုံးတဲ့အထိ နားဆင်နိုင်ဖို့ အင်အား ကျွန်မမှာ မရှိပါဘူး။ အဲဒါကြောင့်-

'ထိလိုက်ရင် ပျောက်ကွယ်သွားတဲ့ အရာဆိုတော့ နှင်းတွေလိုပေါ့နော်။ ဟုတ်တယ်မဟုတ်လား ဇော်။ ကျွန်မ လေ ရှင့်အကြောင်းတွေကို တစ်ချိန်လုံး တွေးနေခဲ့မိတယ်။ ဇော်ရယ်..ကျွန်မကို မမေ့လိုက်ပါနဲ့၊ မမေ့လိုက်ပါနဲ့နော်'

ရွှန်းလဲ့ဖြာနေတဲ့ နေခြည်တွေအောက်မှာ ကျွန်မတို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အချိန်အကြာ ကြီး စိုက်ကြည့်နေခဲ့ကြပါတယ်။ ဒါပေမဲ့ ကျွန်မ မြင်နေ ရတာက သူ့မျက်နှာ မဟုတ်ပါဘူး။ ကြောင်တစ်ကောင် ရဲ့ မျက်နှာပုံသဏ္ဌာန်ရှိတဲ့ အဲဒီမျက်နှာဖုံး။ တစ်ချိန်က ကျွန်မ တောင်းဆိုခဲ့ဖူးပေမဲ့ သူကတော့ အခုထက်ထိ အဲဒီ မျက်နှာဖုံးကို ဝတ်ဆင်ထားဆဲပါပဲလေ။

ကျွန်မ သိပါတယ်။ အချိန်တွေက ကျွန်မတို့ကို



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့နေ့မှာတော့ ခွဲခွာစေမှာပါ။ ဒါပေမဲ့ အဲဒီလိုဆိုရင်တောင် အဲဒီအချိန် မတိုင်ခင်အထိ အတူတူရှိနေကြရအောင်'

◆◆◆

'ဝိညာဉ်ပွဲတော် ဟုတ်လား'

'မဟုတ်ဘူး၊ ဝိညာဉ်တွေ ကျင်းပတဲ့ နွေရာသီပွဲတော်'

'ဟင်..ဘာကွာလို့လဲ'

'ကွာတာပေါ့၊ အစိမ်းမယ်ချင်း တခြားစီ။ မင်း ငယ်ငယ်တုန်းက ကြောက်နေမှာစိုးလို့ မဖိတ်ခဲ့တာ။ ဒါပေမဲ့ ဒီညတော့ အိမ်က ခိုးထွက်လာလို့ ရတယ်မို့လား။ ငါ မင်းနဲ့ အချိန်အကြာကြီး လျှောက်လည်ချင်လို့။ မင်း သွားချင်ရဲ့လား'

သူ့ဆီက ပြေးထွက်လာတဲ့ နောက်ပိတ်ဆုံးစကားမှာ ကျွန်မ လုံးဝကြွေသွားတော့တာပဲ။ အိုက်တင်ခံမနေဘဲ ဟိုဟိုဒီဒီ မတွေးဘဲ ချက်ချင်းဆိုသလို လက်ခံလိုက်မိတယ်။

'သွားချင်ပါတယ်'

'ဒါဆို တွေ့နေကျနေရာကို ည(၈)နာရီ အရောက်လာခဲ့နော်'

'ဒါပေမဲ့ တစ္ဆေတွေ အများကြီး ရှိမယ့်ပွဲတော်ဆိုတော့ နည်းနည်းကြောက်မိတယ်။ ပြီးတော့လည်း ညဘက်ကြီး'

'စိတ်မပူပါနဲ့။ လူတွေလုပ်တဲ့ပွဲနဲ့ သိပ်မကွာပါဘူး။ သာမန်ပွဲတော်လို ပုံစံမျိုးပါပဲ။ ပြီးတော့လည်း မင်းကို ငါက စောင့်ရှောက်ပေးမှာပဲဥစ္စာ'

သူက မျက်နှာဖုံးကို တစ်ဝက်တစ်ပျက် လှပ်ရင်း ပြောလိုက်တယ်။ သူ့ကိုကြည့်ရင်း ဘာရယ်မှန်းမသိ၊ ကျွန်မ ရင်ခုန်သွားမိပါပြီ။

'ရှင် အဲဒီလိုပြောတော့ ကျွန်မလေ ရှင့်ကို ငယ်ငယ်တုန်းကလို ပြေးဖက်လိုက်ချင်တယ်၊ သိလား'

ကျွန်မက နောက်လိုက်တာပါ။ ဒါပေမဲ့ သူကတော့ 'ဖက်လိုက်လေ။ တကယ်ပြောတာ'တဲ့။

သူ့စိတ်ထဲ ဘာတွေဖြစ်နေသလဲ ကျွန်မ တကယ်နားမလည်နိုင်အောင်ပါဘဲ။

◆◆◆

ညက လထိန်ထိန်သာနေတယ်။ တောင်ပေါ်တစ်ကြောလုံး မီးအိမ်တွေ ထွန်းလို့။ ထူးဆန်းလိုက်တာ၊ ပိုထူးဆန်းတာက သူရော ကျွန်မပါ ဓါတ်ပုံးလို ခေတ်ပေါ်အဝတ်အစားနဲ့ မဟုတ်ဘဲ ရိုးရာဝတ်စုံကိုယ်စီနဲ့လေ။ ပွဲတော်အထိမ်းအမှတ်အနေနဲ့ ရိုးရာမပျက် ဝတ်ဆင်လာကြတာ ဆိုပါတော့။

ဟုတ်ပါတယ်။ သူ ပြောခဲ့တဲ့အတိုင်း ဝိညာဉ်တို့ရဲ့ နွေရာသီပွဲတော်က လူတို့လုပ်တဲ့ ပွဲတော်နဲ့ သိပ်မကွာခြားပါဘူး။ မသိရင် လူတွေ သွားလာပျော်ရွှင်နေကြတဲ့အတိုင်းပါပဲ။

'ကဲ..ဘယ်လိုလဲ။ သဘောကျတယ်ဟုတ်'

'ဟုတ်တယ်နော်။ လူတွေလုပ်တဲ့ ပွဲတော်လိုပဲ။ သူတို့ အားလုံးက လူတွေလို ဟန်ဆောင်နေကြတာလား'

'ဟုတ်ပါ့။ တစ်ခါတလေ လူတွေတောင် မသိမသာ ရောပါလာတာမျိုး ရှိတတ်တယ်တဲ့'

သူပြောမှ ကျွန်မ သတိရသွားတယ်။ ငယ်ငယ်တုန်းက ဦးလေး ပြောပြဖူးတဲ့ နတ်တောင်ပေါ်က ပွဲတော်ကို ရောက်ခဲ့ဖူးတဲ့ ဦးဖိုးအောင်တို့ လူစုအကြောင်းလေ။

'ဦးဖိုးအောင်နဲ့ သူ့သူငယ်ချင်းတွေလိုမျိုး နေမှာပေါ့'

'ဘယ်သူ'

'ဟင်းဟင်း..ဘာမှမဟုတ်ဘူး'

ကျွန်မ မပြောပြတော့ဘဲ ရှေ့ကနေ ဆက်လျှောက်သွားလိုက်တယ်။

'ဟိတ်..ယုယ ခဏနေဦး။ မင်းရဲ့လက်မှာ ဒီပိတ်စကို ချည်ထားလိုက်။ တော်ကြာ လမ်းပျောက်သွားမှာ စိုးလို့'

'သြော်..ဟုတ်'

ကျွန်မတို့နှစ်ယောက် ပိတ်စလေးကို ဟိုဘက်ဒီဘက်ဆွဲယူပြီး လက်တစ်ဖက်စီမှာ ချည်နှောင်လိုက်ကြတယ်။ ကျွန်မတို့နှစ်ဦးကြားမှာ ပိတ်ကြိုးလေးနဲ့ ချည်နှောင်ထားသလို ကျွန်မတို့ရဲ့ ရင်ထဲမှာလည်း သံယောဇဉ်ကြိုးမျှင်တွေက မရေမတွက်နိုင်အောင် အချိန်ကြာမြင့်စွာ ချည်နှောင်လာခဲ့တဲ့ အဲဒီသံယောဇဉ်ကြိုးမျှင်တွေကြောင့် ထင်ရဲ့။ ဒီပိတ်စလေးဟာ ကျွန်မအဖို့ ကြည်နူးစရာ ဖြစ်နေပြန်ပါတယ်။

'ချိန်းတွေ့နေသလိုမျိုးပဲနော်'



www.burmeseclassic.com

www.burmeseclassic.com

ငယ်ငယ်တုန်းကလိုပဲ ကျွန်မ ရွတ်ရွတ်နောက်နောက် ပြောလိုက်မိတယ်။ ဒါပေမဲ့ မျှော်လင့်မထားတဲ့ စကား တစ်ခွန်းကို သူ့ဆီကနေ ကြားလိုက်ရတယ်။

'ချိန်းတွေ့နေတာပဲဟာကို'

ကျွန်မ သူ့မျက်နှာကို မော့ကြည့်မိတယ်။ ကိုယ့်နား ကိုယ် မယုံနိုင်တဲ့ အမူအရာမျိုးနဲ့ပေါ့။ သတိမထားမိတဲ့ အခိုက်အတန့်မှာပဲ ကျွန်မ နှုတ်ခမ်းတွေက ပြုံးယောင် သမ်းသွားခဲ့ပါပြီ။

'သွားကြရအောင်လေ. ယုယ'

'ဪ..အင်း'

ပွဲတော်က ပျော်စရာကြီးပါ။ တော်တော်များများ မျက်နှာဖုံးစွပ်ထားကြတယ်။ အကောင်မျိုးစုံ၊ ပုံစံမျိုးစုံ ရှိတဲ့ မျက်နှာဖုံးတွေ။ နေရာစုံမှာလည်း ပစ္စည်းမျိုးစုံ၊ စားစရာမျိုးစုံ ရောင်းချနေတယ်။ မီးရှူးမီးပန်းတွေလည်း ဖောက်လို့ သာယာလိုက်တာ။

ငှက်သိုက်မုန့် ဝယ်စားတော့ အံ့သြစရာ။ မစားရ သေးခင်မှာပဲ ငှက်သိုက်မုန့်က လေထဲ ပျံတက်သွားပါရော လား။ လူရွှင်တော်ကလည်း စံပါပဲ။ အဝတ်အစား ကျွတ် ကျလို့ ရယ်လိုက်ရတာ။ နောက်ဆုံးမှာ မီးပုံပွဲလုပ်တဲ့အခါ မီးတောက်မီးလျှံတွေက ကောင်းကင်ယံအထိ ပျံ့နှံ့သွား ခဲ့ပါတယ်။

◆◆◆

'အိုး..သိပ်ကို ထူးဆန်းတဲ့ပွဲတော်ပဲ။ အားလုံးက ကိုယ်စီ,ကိုယ်စီ လူပုံဟန်ဆောင်ပြီး လာကြတယ်နော်။ ကြည့်ရတာ ရုပ်တုပြိုင်ပွဲလိုပဲ။ နှစ်တိုင်း ဒီလိုပဲ အမြဲလုပ် တာလား'

'အင်း..နှစ်တိုင်း နွေရာသီ ဒီအချိန်ဆို အမြဲလုပ် တယ်'

ပွဲတော်ကအပြန် တောင်ခြေဆင်းရာ လမ်းတစ် လျှောက်မှာ ကျွန်မတို့နှစ်ယောက်တည်း။ ထိန်ထိန်သာနေ တဲ့ လရောင်က ကျွန်မတို့အပေါ်ကို ဖြာကျနေပါတယ်။ ကြည်လဲ့လဲ့ ကန်ရေပြင်နံဘေးက ကုန်းဆင်းလမ်းလေး အတိုင်း လျှောက်လာကြရင်း နှစ်ယောက်လုံး နှုတ်ဆိတ် နေခဲ့မိတယ်။ ရင်ထဲမှာတော့ ပြောစရာစကားတွေ ပြည့် နှက်လို့ပေါ့။

'ယုယ'



'ရှင်'

'နောက်နှစ်နွေရာသီ ရောက်တဲ့အထိ ငါ အကြာ ကြီး မစောင့်နိုင်တော့ဘူး။ မင်း ငါ့အနားမှာ မရှိတဲ့အချိန် တွေဆိုရင် တစ်ကိုယ်ကောင်းဆန်တယ်ဆိုတာ သိပေမဲ့ လည်း ငါမင်းကို သိပ်တွေ့ချင်နေမိတယ်'

သူက ဒီစကားတွေကို လမ်းလျှောက်ရင်း ပြောနေ တာပါ။ ကျွန်မက လှည့်ကြည့်ပေမဲ့ သူကတော့ ရှေ့တည့် တည့်ကိုပဲ ကြည့်နေပါတယ်။ ကျွန်မလေ သာမန်ချစ်သူ တွေလိုပဲ သူ့လက်ကို ဆုပ်ကိုင်ဆွဲထားလိုက်ချင်ရဲ့။ ဒါပေ မဲ့လည်း ဖြစ်မှမဖြစ်နိုင်ဘဲလေ။ ကျွန်မ အဲဒီလိုလုပ်မိရင် သူ ထာဝရပျောက်ကွယ်သွားရမှာ။

ရုတ်တရက် ရှေ့ဆက်မသွားဘဲ ရပ်တန့်လိုက်တဲ့ သူ။ မျက်နှာဖုံးကို ချွတ်ပြီး ကျွန်မဘက် လှည့်ကြည့် တယ်။ သူ့မျက်နှာက လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်က တွေ့ ခဲ့ရတဲ့အတိုင်း မပြောင်းလဲ၊ ဒီအတိုင်းပဲ။ ကျွန်မအဖို့ ကိုကြီးလို့ ခေါ်ရမယ့်အရွယ် ဘယ်ဟုတ်တော့မလဲ။

ဖျတ်ခနဲဆိုသလို သူ့မျက်နှာဖုံးလေးကို ကျွန်မမျက် နှာမှာ အုပ်မိုးလိုက်တယ်။ တစ်ဆက်တည်းမှာပဲ ရင်ဖိုဖွယ် အနမ်းတစ်ပွင့်။ မျက်နှာဖုံးလေး ခြားနေပေမဲ့ ကျွန်မရဲ့ အံ့အားသင့်မှုက လျော့နည်းမသွားဘဲ ပြင်းထန်နေခဲ့။ လရောင်အောက်က ရှန်းလဲ့တဲ့ သူ့မျက်ဝန်းတွေနောက် လှပတဲ့နှုတ်ခမ်းလေး။

www.burmeseclassic.com

သူက ပြုံးလိုက်ပြီး 'အဲဒီမျက်နှာဖုံးကို ယူထားလိုက်ပါ'တဲ့။

ဒါ..ဒါဟာ ဘာအဓိပ္ပာယ်လဲ။ သူ့မျက်နှာဖုံး ချွတ်ထားဖို့ ဆုံးဖြတ်လိုက်ပြီလား။ ဒါမှမဟုတ်..။

ဘာလဲ။ တကယ်ပဲ နောက်နှစ်နွေရာသီမှာ သူ ဒီကို ထပ်မလာတော့ဘူးလား။ ကျွန်မအာရုံထဲမှာ သူ မပါတဲ့ တောင်ခြေက ဆုံနေကျနေရာကို မြင်ယောင်မိရင်း တုန်လှုပ်ချောက်ချားသွားတယ်။ ဒါဟာ တကယ်ပဲ ကျွန်မတို့ရဲ့ နောက်ဆုံး-

'ဟာ..မပြေးနဲ့လေ။ စောင့်ပါဦးဆို'

အတွေးတွေထဲမှာ နစ်မြောနေတုန်း ကျွန်မတို့အားကနေ ကလေးနှစ်ယောက် ဖြတ်ပြေးသွားတယ်။ တောင်ခြေကို ပြေးဆင်းလာတဲ့ ကလေးတွေ၊ တစ်ယောက်ကိုတစ်ယောက် စနောက်လို့၊ ပျော်မြူးလို့။

'အား'

'သတိထား'

ကြည့်နေတုန်းမှာပဲ ကောင်လေးတစ်ယောက် ချော်လဲသွားတယ်။ လက်မတင်လေးရယ်၊ သူ ဖမ်းဆွဲလိုက်ပေလို့သာ။ မဟုတ်ရင် လိမ့်ကျရင်ကျ၊ မဟုတ်ဖောင် ဒီကောင်လေး ဒူးပြဲဦးမယ်။ တော်တော်ဆော့တဲ့ ကလေးတွေ။

'အဆင်ပြေရဲ့လား'

'အင်း..ကျေးဇူးပဲနော် ကိုကြီးနဲ့ မကြီး'

'အေးပါကွယ်။ မောင်လေးနဲ့ ညီမလေး ဂရုစိုက်သွားဦး'

ကလေးတွေကို ငေးနေရာကနေ နံဘေးကို လှည့်ကြည့်လိုက်ချိန်မှာတော့ အခိုးအငွေ့တွေပမာ တဖြည်းဖြည်း ပျောက်ကွယ်လာတဲ့သူ။

'ဟင်..ဇော်၊ ဘာ..ဘာဖြစ်။ ဒါဆို အဲဒီကောင်လေးက လူလား'

◆ ◆ ◆

သူက ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားတဲ့ လက်ဖဝါးပြင်ကို စိုက်ကြည့်နေတယ်။ ခဏအကြာမှာ ကျွန်မကို လှည့်ကြည့်တယ်။ သူ့မျက်ဝန်းတွေက အံ့ဩနေတာလား၊ ထိတ်လန့်နေတာလား၊ ဒါမှမဟုတ် ဝမ်းနည်းနေတာလား၊ ကျွန်မ ဝေခွဲမရခဲ့ပါဘူး။ ကျွန်မလေ သူ့နာမည်ကို ဆို့ဆို့နစ်နစ် ခေါ်လိုက်မိတယ်။

'ဇော်ရယ်'

(၁၀)နှစ်တာလုံးလုံး ပွေ့ဖက်ချင်ပါလျက် မထိရက် မကိုင်ရက်ဘဲ အရိပ်တကြည့်ကြည့် ချစ်ခဲ့ရတဲ့သူ။ အခုတော့ ကျွန်မရှေ့မှာတင် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားပါတော့မယ်။

ရုတ်တရက် သူ့မျက်နှာမှာ အပြုံးတစ်ပွင့် ပေါ်လာတယ်။ သူက လက်နှစ်ဖက်ကို ခပ်သွယ်သွယ်ဆန့်တန်းလိုက်ပြီး-

'လာလေ ယုယ၊ နောက်ဆုံးတော့ ငါ မင်းကို ပွေ့ဖက်လို့ရပြီ'

ဒါဟာ ပျော်စရာအခြေအနေ မဟုတ်မှန်း ကျွန်မသိတယ်။ ဒါပေမဲ့ သူ့ရင်ခွင်ထဲကို ကျွန်မ ဝမ်းသာအားရ ပြေးဝင်သွားလိုက်မိတယ်။ တစ်သက်လုံး တောင့်တခဲ့တဲ့ မျှော်လင့်ချက်တစ်ခု ပြည့်မြောက်သွားခဲ့သလို ခံစားချက်တွေနဲ့ ကျွန်မ သူ့ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်မိတယ်။ သူ့တစ်ကိုယ်လုံး မပျောက်ကွယ်သွားခင်အထိ။

'မင်းကို ချစ်တယ် ကောင်မလေး'

'ကျွန်မလည်း အတူတူပါပဲ ဇော်ရယ်'

သူ ပျောက်ကွယ်သွားချိန်မှာ နတ်တောင်ပေါ်ကနေ ကျွန်မတစ်ယောက်တည်း ပြန်လာခဲ့ပါတယ်။ အိပ်မက်တစ်ပုဒ်ကနေ နိုးထလာသလိုမျိုး။ ဒါပေမဲ့ ကျွန်မ လက်ထဲမှာတော့ မျက်နှာဖုံးလေးတစ်ခု။

သူ ပေးခဲ့တဲ့ မျက်နှာဖုံးလေးကို ကျွန်မ တစ်သက်လုံး သိမ်းထားလိုက်တော့မယ်။ သေချာတာက ကျွန်မဟာ အချိန်အတော်ကြာတဲ့အထိ နွေရာသီကို စောင့်မျှော်နေတော့မှာ မဟုတ်ပါဘူး။ နှလုံးသားတွေ နာကျင်ပြီး မျက်ရည်တွေ အဆက်မပြတ် ကျနေရရင်တောင် မေ့ပစ်လိုက်မှာ မဟုတ်ပါဘူး။ ကျွန်မလက်နဲ့ ထိတွေ့ခွင့်ရခဲ့တဲ့ နွေးထွေးမှုနဲ့ အမှတ်တရတွေ ပြည့်နေတဲ့ ဒီနွေရာသီဟာ ကျွန်မရင်ထဲမှာ အမြဲထာဝရ တည်ရှိနေမှာပါ။

စေတနာရှေ့ထားလျက်

ဂါဦးနွန်းက်

(The light of the firefly forest ဂျပန်ကာတွန်းရုပ်ရှင်ကို မှီငြမ်းခံစား ရေးဖွဲ့ထားပါသည်။)



www.burmeseclassic.com

www.burmeseclassic.com


# မြန်မာပြည် ဆရာ ဦးမင်းသန်းထိုက်

တဆ ၃၃၅၈ **အနာပေါက် အထူးကုသမားတော်** အသင်းဝင်ကတ် ၂၅၇

ခန္ဓာကိုယ် အတွင်း,အပြင် အကျိတ်မျိုးစုံ၊ မှိုနာ၊ ကင်ဆာ၊ အမြစ်ပွားနာ ရောဂါအမျိုးမျိုးကို မခွဲမစိတ်၊ မဖြတ်မလှီး၊ စုတ်အပ်မထိုး၊ ဆေးရည်အမျိုးမျိုး ထိုးမသွင်း၊ အနာလုပ်မကု၊ ခွဲမကု၊ အမြစ်သတ်၊ ဆေးအုံ၊ ဆေးအုပ်ထားရုံဖြင့် အမြစ်အားလုံး သေကျေပြီး အမြစ် မကျန်ရအောင် ကုသပေးနေတယ်။ အမြစ်တွေ အစုစုအပြုံပြုံ ထွက်လာအောင် ဆေးက ဆွဲစုပ်ပေးနိုင်တဲ့ ဆေးစွမ်းကောင်း ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။ ဂရင်ဂျီနာ၊ လိပ်ခေါင်း အတွင်း,အပြင် မခွဲမဖြတ်၊ မပူမစပ်၊ ရက်ပိုင်းအတွင်း သက်သာရမယ်။ ခရုသင်း၊ သမင်မြို့ (၁၂)မျိုး၊ ကိုယ်အရေပြား၊ ဆင်နှင်းခူ၊ ဝဲနှင်းခူ (အစို၊ အခြောက်) မည်သည့်ရောဂါမျိုးကိုမဆို ဆေးမမှားစေရ၊ ကုထုံးမမှားစေရ၊ အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေး မခက်ပါ၊ အနာနဲ့ဆေး ကိုက်အောင်ပေး သောက်ရေး မခက်ပါ။

**မကုသခင် လာရောက်ဆွေးနွေးပါ။**

အမှတ်-၄၄၄၊ ရွှေဘုံသာ(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၂၅၂ ၀၆၇ ၇၃၀၊ ၀၉ ၃၁ ၀၇ ၃၆ ၁၉



## စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ

## ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

## ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာဗေဒပညာ



(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အစည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ မြေ၊ ကား၊ တိုက်ခန်း၊ ခြေကူး၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့ခရီးလာရတ် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စိစစ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်စိတ် စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အရှေ့တောင်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ **Ph : 09 253 361 368**




www.burmeseclassic.com

www.burmeseclassic.com

လူတို့သည် အသံကျယ်ကျယ်ဖြစ်အောင် မှုံးစုံပြုလုပ်၍ အသံထွက်တတ်သည်။

အော်သည်။ ဟစ်သည်။ ကြွေးကြော်သည်။ ကြုံးဝါးသည်။ ကြိမ်းမောင်းသည်။ ဆူသည်။ ဆဲသည်။ ဆိုမြည်သည်။ မြည်တွန်တောက်တီးသည်။

တိရစ္ဆာန်များကျတော့ သာမန်အားဖြင့် အသံကျယ်ကျယ်အော်ရာတွင် တစ်သံတည်း (သို့မဟုတ်) နှစ်သံလောက်သာ ထွက်လေ့ရှိသည်။ ခွေးဆိုလျှင် ဟောင်သည်၊ အူသည်။ ကျားဆိုလျှင် ဟိန်းသည်၊ ဟုန်းသည်။ ခြင်္သေ့ကျတော့ ဟောက်သည်။ ချေကလေးများကလည်း ဟောက်သည် ဆို၏။ သမင်ကတော့ တောက်သည်။ မြင်းကျတော့ ဟီသည်။ ကြက်တို့၊ မြွေတို့၏ အော်သံကို တွန်သည် ဆို၏။ ခိုအစရှိသော အသံသေးသည့် ငှက်များကို ညည်းသံဟု ဆိုသည်။ ညည်းသံထဲတွင် လူတို့ ကြက်သီးထအောင် ကြောက်လေ့ရှိသော ဘာသံမှန်းမသိ၊ ဘယ်ကမှန်းမသိ ထွက်ပေါ်လာသော အသံကြီးများလည်း ရှိသည်။ ထိုအသံများကို တစ္ဆေသရဲတို့၏ ညည်းသံဟုထင်၍ ကြောက်ကြခြင်း ဖြစ်သည်။

တိရစ္ဆာန်အကောင်ကြီးကြီးများ၏ ကျယ်လောင်စွာအသံပြုခြင်းကိုမူ တိုးတိုးအော်သံဟုသာ ဆိုလေ့ရှိသည်။ ဥပမာ-ဆင်အော်သည်၊ ကျွဲအော်သည်၊ နွားအော်သည် စသည်တို့ဖြစ်သည်။ ဆင်သည် အကောင်ကြီးသလောက် အော်သံက စူးစူးသေးသေး ဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com

နွားအော်သံကတော့ ကျေးလက်ဒေသမှ လူအများ ရင်းနေသည့် အသံဖြစ်သည်။ မြန်မာတို့က နွားအော်သံကို ဘွတ်အဲဟုကြား၍ အသံသတ်မှတ်ထားသည်။ ကြက်တွန်သံကို အောက်အီးအီးအွတ်ဟု ဆိုသကဲ့သို့ ဖြစ်သည်။

သာမန်အားဖြင့် နွားအော်သံဟူသည် ဘာမျှကြောက်စရာမကောင်း။

သို့သော် ရှေးသရောအခါက ဖြစ်သည်။ နွားအော်သံကြောင့် မြို့ပြကြီးတစ်ခု ပျက်သုဉ်းခဲ့ဖူးသည်။

အော်သံ၊ ထိုအော်သံသည် နွားအော်သံပဲ ဖြစ်သည်။ သာမန်အားဖြင့် နွားအော်သံကို မည်သည့်လူသားမျှ မကြောက်ကြ။ ယခု အိန္ဒုမြစ်ဝှမ်းတွင် လျှင်မြန်စွာ ထွန်းကားတိုးတက်လာသော မြို့ပြကြီးတစ်ခုတွင်မူ နွားအော်သံကြောင့် တစ်မြို့လုံး ထိတ်လန့်တကြား ဖြစ်ခဲ့ရသည်။

လူသားတို့သည် လွန်ခဲ့သော နှစ်ပေါင်း(၁၀၀၀၀) လောက်မှစ၍ သီးနှံများကို ထွန်ယက်စိုက်ပျိုး၍ ရိတ်သိမ်းစားသောက်လာတတ်သည့်ဓလေ့ကို ရရှိခဲ့သည်။ စောစောပိုင်းတွင်တော့ လယ်ထွန်သည်ကို လူတို့ခွန်အားနှင့် ထွန်ခြစ်၊ ထွန်တုံးကိုဆွဲ၍ ထွန်တတ်ရာမှ လွန်ခဲ့သော အနှစ် (၇၀၀၀)ကစ၍ မြင်းနှင့် ကျွဲ၊ နွားများကို ထွန်တုံးဆွဲ၍ ထွန်ခိုင်းတတ်ခဲ့သည်။

ထိုအချိန်မှစ၍ နွားတို့သည် လူတို့၏ ခိုင်းဖတ်ကျေးကျွန်ဘဝသို့ ရောက်ကြရသည်။ တစ်နေ့သော် ခိုင်းနွားကြီးတစ်ကောင် အခိုင်းလွန်၍ အမောဆို့ပြီး သေလေသည်။ နွားရှင်တို့က ဤမျှ ခန္ဓာကြီးသော အကောင်ကို အသားပေါ်ပြီး စားရလျှင် ကောင်းလေစွဟုဆိုကာ အမဲဖျက်၍ အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ် ဝေငှချက်ပြုတ် စားသောက်ကြသည်။ နွားသားသည် ချက်တတ် ပြုတ်တတ်လျှင် စားလို့ ကောင်းလေစွတကားဟုဆိုကာ တစ်ရွာလုံး နွားများမွေး၍ နွားသားစားကြသည်။ သို့ဖြင့် ထိုဒေသတွင် နွားသားအလွန်စားလာကြသည်။

အိန္ဒုမြစ်ကမ်းရှိ အစ္စကူမန်မြို့လေးသည် ကူးသန်းသွားလာရေး၏ ကုန်သွယ်မှု အချက်အချာမြို့ ဖြစ်လာသည်။ နေ့ချင်းညချင်း လူဦးရေတိုးပွားလာသည်။ တိုးလာသော လူဦးရေအတွက် စားနပ်ရိက္ခာ လုံလောက်စေရန် ဝန်းကျင်ပတ်လည်၌ အသားစားနွားမွေးခြံများ ပေါ်များလာသည်။ နေ့စဉ် အနောက်ဘက်တောင်ကုန်း၏ တောင်ခြေ၌ အရုဏ်တက်အလင်းရောင် ထွက်လာသည်နှင့် နွားဈေးများ လူစည်ကားလာသည်။ နွားများ အရောင်းအဝယ် အလွန်ကောင်းသည်။ နေ့စဉ် နေဝင်ရီတရော တောင်စွယ်တွင် နေကွယ်လုချိန်ရောက်လေတိုင်း တောင်ခါးပန်းတွင် နွားသတ်ရုံများ၌ နွားသတ်ကြကုန်၏။

ဤသို့ဖြင့် လျှင်မြန်စွာကြီးထွားလာသော အစ္စကူမန်မြို့အတွက် နွားသားလိုအပ်ချက်က ကြီးမားလာသည်။ ပတ်ဝန်းကျင်ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုသောနွားများ ရှားပါးလာသည်။ စိုက်ပျိုးရေးထက် နွားမွေးမြူရေးကပင် ပို၍ စီးပွားဖြစ်လာသည်။

တစ်နေ့ညနေ ဒေါင်းဖန်ဝါသူရိယနေမင်း ဂေါယာကျွန်း ယွန်းလုတျားတျားအချိန်၊ တောင်ခါးပန်း နွားသတ်ရုံများ အပေါ်ဘက်ရှိ ကျောက်တောင်တန်းကြီးအလယ်ထိပ်ဆုံးက ကျောက်ဆောင်ကြီးဆီမှ အော်သံကြီးတစ်ခု ထွက်ပေါ်လာသည်။

'အုပ်အဲ··အဲ··ဟဲ··ဟဲ··ဟဲ'

အာလုတ်သံကြီးက ဟိန်း၍ထွက်လာပြီး ပဲ့တင်သံမြည်ဟည်းသွားသည်။

တောင်ခါးပန်းတွင် နွားများ အသတ်ခံရ၍ အော်သံများ စီစီညံနေသည့်ကြားက ထိုတောင်ထိပ်မှ နွားအော်သံကြီးကို နွားသတ်ကုန်းက အမဲဖျက်သမားများ ကြားကြရသည်။

'အုပ်အဲ··အဲ··ဟဲ··ဟဲ··ဟဲ'

ထပ်ဆင့်၍ ဒုတိယအော်သံ ထွက်လာသည်။

ပဲ့တင်ရိုက်၍ အသံပင် မစဲသေး-

'အုပ်အဲ··အဲ··ဟဲ··ဟဲ··ဟဲ'

နောက်ထပ် အော်သံထွက်လာသည်နှင့် တောင်ထိပ်ကျောက်ဆောင်ကြီးပေါ်တွင် နေရောင်မှိန်နီနီကို နောက်ခံပြုလျက် နွားသိုးကြီးတစ်ကောင်၏ သဏ္ဌာန်ကြီး ထွက်ပေါ်လာသည်။

မည်းမည်းရိပ်ကြီးက ချိုကြီးများ ကား၍၊ ရှည်၍၊ ထောင်၍ ကော့ပျံနေသည်။ လည်ကိုမော့၍ အော်လိုက်ခြင်းကြောင့် အသံလာရာကို လှမ်းကြည့်နေသူများ နွားသိုးကြီး၏ နှာမှုတ်သံနှင့် နှာခေါင်း၊ ပါးစပ်တို့မှ ထွက်ပေါ်လာသည့် အာငွေ့များ နှာငွေ့များကိုပါ အသိုးထောင်း

www.burmeseclassic.com

ထောင်း ထသွားပုံကို တွေ့လိုက်ကြရသည်။

'အို··အသံကြီးက ကျယ်လှချည်လား'

'ဟာ··အကောင်ကြီးက ကြီးလှချည်လား'

မြင်ရသူများ အံ့သြစွာ အာမေဋိတ်ပြုကြရသည်။

ဤဖြစ်ရပ်က တစ်မြို့လုံး အုတ်အော်သောင်းတင်း ဖြစ်သွားသည်။ မြို့မိမြို့ဖများက နတ်ဖုရားမယ်တော်ကြီး ကို သွားမေးကြသည်။

ဂြိုဟ်စီးဂြိုဟ်နင်းအရ နက္ခတ္တဗေဒအရ မကောင်းတဲ့ နိမိတ်ပဲဟု နတ်ဖုရားမယ်တော်ကြီးက မိန့်သည်။ ဝေဒ စတင်ထွန်းကားသောခေတ်တွင် ဗေဒပညာ၏ သန္ဓေတည် ရာ ဒေသဖြစ်၍ ဝေဒပညာနှင့် တွက်ချက်သည်လည်း မကောင်း။ နတ်မျက်စိနှင့်ကြည့်တော့ ပို၍ဆိုးဝါးစွာ မြင် သည် ဆို၏။

'ဒီအရပ်မှာ မိုးကြိုးမုန်တိုင်းကြီး ကျကိန်းရှိတယ်။ ရေကြီးမယ်။ အရပ်လေးမျက်နှာ ရေမြုပ်မယ်'

နတ်ဖုရားမယ်တော်ကြီးက အပြတ်ပြောသည်။

'နွားတွေကို သတ်စားနေတာကို မကြိုက်လို့ နိသ ရိရနတ်မင်းကြီးက နိမိတ်ပေးတာ။ အသားစားနွား မွေး တဲ့လူတွေ သတိထား၊ နွားရောင်းဝယ်တဲ့လူတွေ ဆင်ခြင်၊ နွားသတ်သမားတွေ ရှောင်ကြဉ်ကြ'

ထိုသတင်း ပျံ့နှံ့သွားသည်။ နွားနှင့် စီးပွားဖြစ်နေ သော လုပ်ငန်းရှင်များ မယုံချင်ကြ။ အလကားပါ၊ တိုက် ဆိုင်လို့ ဖြစ်တဲ့ကိစ္စပါ။ တောင်ပေါ်မှာ မြေပြိုတာတို့ဘာ တို့ တစ်ခုခုဖြစ်ပြီး ကျောက်ဆောင်ကြီး ပြိုတဲ့ပုံကို ထင် ယောင်ထင်မှား မြင်ကြ တွေးထင်ကြတာပါဟု လူငယ် ပိုင်းနှင့် နွားနှင့် စီးပွားဖြစ်နေသူများက ဆိုကြသည်။

သို့သော် ထိုလကွယ်နေ့မှ နောက်သုံးလမြောက် လကွယ်နေ့ ညနေပိုင်း မှောင်ရီဖျိုးဖျ နေဝင်စအချိန်တွင် အနောက်ဘက်ကျောက်တောင်ထိပ် ကျောက်တောင်ကြီး ပေါ်မှ အော်သံကြီး ထွက်ပေါ်လာပြန်သည်။

အော်သံ၊ နွားအော်သံ။

'အုပ်အဲ··အဲ··ဟဲ··ဟဲ··ဟဲ'

အော်သံကြား၍ လူအများမော့ကြည့်ကြရာ ကျောက် ဆောင်ကြီးပေါ်တွင် ကြီးမားသော နွားသိုးကြီးတစ်ကောင် ၏ ပုံသဏ္ဌာန်ကြီးကို နေလုံးနီနီနောက်ခံနှင့် မည်းမည်းကြီး တွေ့ကြရသည်။

အော်သံ၊ ဟုတ်ပါသည်။ နွားအော်သံကြီး။

သုံးကြိမ်တိတိ အော်၍ ပျောက်ကွယ်သွားသည်။ စောင့်ကြည့်ကြသည်။ မမြင်လိုက်ရသူများလည်း အော်သံ ကိုတော့ ကြားလိုက်ရ၍ မြင်နိုင်မည့်နေရာများမှ ထွက်၍ တက်၍ စောင့်ကြည့်ကြသည်။ နေသာဝင်သွားသည်၊ နောက်ထပ်ဘာသံမျှ ထွက်ပေါ်မလာတော့။ မှောင်သွား၍ ဘာကိုမျှ မမြင်တော့။

'အဲဒါ တကယ့်အော်သံကြီးပဲ။ ကျောက်တောင်ပြိုတဲ့ အသံ မဟုတ်ဘူး၊ နွားသိုးကြီးအော်တဲ့ အသံပဲ'

မြို့အုပ်ချုပ်သည့် လူကြီးများကြားတွင်ပင် ဤအော် သံအကြောင်း အလေးထားပြောလာသည်။ နတ်ဖုရားမယ် တော်ကြီး အဆိုအရ နိမိတ်မကောင်း၊ ဘာလုပ်ရမလဲဟု လူကြီးများက သွားရောက်တင်လျှောက်ကြသည်။ နိသ ရိရနတ်မင်းကြီးကို ပူဇော်ရင် ရမလားဟု မေးကြသည်။ နတ်ဖုရားမယ်တော်လည်း တွက်ချက်မန်းမှုတ်ပြီး ပူဇော် ရင်တော့ ဘေးလွတ်တန်ကောင်းရဲ့ဟု ဆိုသဖြင့် တစ်ပတ် အကြာ နေဝင်ချိန်၌ အနောက်ဘက် ကျောက်တောင်တန်း ကြီး၏ တောင်ခါးပန်း ပထမကုန်းမြင့်လွင်ပြင်လေးတစ်ခု တွင် ကောက်ရိုးများစင်း၍ နှမ်းဖတ်နှင့်မွှေထားသော နွား စာများကို နွားစားခေါင်းလှလှကြီးလုပ်၍ ပတ်ပတ်လည် တွင် မြက်ပင်စိမ်းများကို အဖတ်လိုက်ခွာယူလာပြီး စိုက် ထူ၍ နွားသိုးကြီးပူဇော်ပွဲ ကျင်းပကြသည်။

မီးပုံကြီးဖို၍ ဝိုင်းကန်တော့စဉ် နွားသတ်ရုံထဲမှ အချမ်းသာဆုံး ပိုင်ရှင်သူဌေးကြီး ဆွာမီကာဆင်ကို ဝင်ပူး လေသည်။

'သယ်··ဘွတ်အဲ··ငါတို့က အစာငတ်နေတာ မဟုတ် ဘူး။ နင်တို့ နွားစာဝအောင်ကျွေးလို့ များများစား မြန်မြန်ဝ မြန်မြန်ကြီးထွားတော့ သတ်ရောင်း သတ်စားကြတယ်။ အဲဒါကို မကျေနပ်လို့ တို့ဘိုးဘိုး နိသရိရနတ်မင်းက နိမိတ်ပေးနေတာ။ မှတ်ထား။ နွားတွေကိုသတ်၊ နွား သားကို အကြိုက်ကြီး ကြိုက်နေကြတဲ့ နင်တို့လူမျိုးတွေ နွားသားစားရင် ဒုက္ခကြီးကြီး တွေ့စေရမယ်။ မနက်ဖြန် က စပြီး မြို့လူကြီးတွေကစလို့ နွားသားမစားဘဲ လျှကြ။ ဒီလိုမလုပ်လို့ကတော့ မြို့ပျက်ပြီသာမှတ်'

ဤသို့ နတ်ပူးပြီးပြောသောသူသည် နွားသတ်ရုံပိုင် ရှင်သူဌေးကြီးကိုယ်တိုင် ဖြစ်နေ၍ အားလုံးက အံ့သြကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။ နွားသတ်သမားတွေ၊ နွားမွေးသမားတွေက ဟုတ်ရဲ့လားဟု ဒွိဟသံသယဖြင့် ဆွာမီကာဆင်ကို ဝိုင်းမေးကြသည်။

'ဟုတ်လို့လား၊ ငါ ဒီအတိုင်း ပြောမိလို့လား'

'ဟာ..အူလည်လည် မလုပ်ပါနဲ့။ ခင်ဗျားပဲ ပြောခဲ့တာပဲ'

'အို..မြို့လူကြီး၊ ကျုပ် စောစောက မူးပြီး မိုက်ခနဲဖြစ်သွားတာပါ။ ဘာပြောမိလို့လဲ'

'အဲဒါ စုန်းပြူစားတာ၊ ကဝေမ ဝင်ပူးတာ။ ဘာမှ မကြောက်ကြနဲ့။ အဲဒီစုန်းကိုရှာပြီး ပူဇော်လိုက်ရင် ပြီးပြီ'

အခြားနွားမွေးမြူရေးသူဌေး မာမူက ဝင်ပြောသည်။

'အဲဒီ ကဝေတွေ၊ စုန်းတွေ ခဏထား။ ဒီကိစ္စတစ်စုံတစ်ယောက်က ကျွန်တော်တို့ နွားသတ်လုပ်ငန်းနဲ့ ချမ်းသာနေကြသူတွေကို မနာလိုလို့ ဖန်တီးတာဖြစ်မယ်။ လူစုပြီးတော့ တောင်ပေါ် တက်ကြည့်မယ်'

'ဟုတ်တယ်၊ ဟုတ်တယ်'

နွားနှင့် စီးပွားဖြစ်နေသော လူတစ်စုက တောင်ပေါ်တက်လေ့လာရန် သဘောတူလိုက်ကြသည်။ နွားသတ်ရုံက အမဲဖျက်မှူးကြီး ယာရှင်က ဦးဆောင်ပြီး နံနက်အရုဏ်တက် နေထွက်ချိန်ကစ၍ အနောက်ဘက်တောင်တန်းရှိ ကျောက်တောင်ကြီးပေါ်ကို တက်ကြသည်။ ထိုနေရာမှာ တောင်တန်းရှည်၏ အမြင့်ဆုံးနေရာဖြစ်၍ လူသူအရောက်အပေါက် မရှိခဲ့ဖူးသေး။ အနောက်ဘက်ကို တောင်ကြားမှ ဖြတ်ပြီး ပန်း၍သွားရရာ ထိုတောင်ထိပ်အမြင့်ဆုံးနှင့်ဆို တောင်က အတော်ကျယ်၍ တစ်ဝက်ကျော်အထိသာ အရင်တက်ဖူးသူတို့ ဖောက်ထားသောလမ်းရှိသည်။ ကျွန်သုံးပုံတစ်ပုံကျော်ကို ခဲရာခဲဆစ် တက်ပြီးမှ နွားသိုးကြီး တက်၍,တက်၍ အော်သံပေးခဲ့သောကျောက်ဆောင်ကြီးပေါ်ကို လူရှစ်ယောက် ရောက်ရှိကြသည်။

ထိုနေရာတွင် ဘေးမှ ပိုမြင့်သော ကျောက်တောင်စွယ်မရှိ၍ တောင်နံရံပြိုသည့်ပုံ မဖြစ်နိုင်။ ပြိုထားသည့်ကျောက်တုံးများလည်း မရှိ။ ကျောက်ဆောင်ကြီးပေါ်တွင် ကျောက်သားက ချောနေသည်။ ထူးဆန်းသည်ကား ကျောက်တောင်ထိပ် အစွန်းနားတွင် နွားခြေရာခွာရာကြီးလေးခု ရှိနေသည်ကို တွေ့ကြရသည်။ ကျောက်သားပေါ်တွင် ခွာရာဖြစ်ပေါ်နေသည်မှာ မဖြစ်နိုင်သောအရာဟု ဆိုရမည်။

'ဒီခွာရာက လတ်လတ်ဆတ်ဆတ်တော့ မဟုတ်ဘူး။ ရှေးကတည်းက ရှိနေတဲ့အရာပဲ။ ပြီးတော့ ဒီခွာရာလေးခုရဲ့ အကွာအဝေးကိုကြည့် ရှေ့ခြေ၊ နောက်ခြေ အကွာအဝေးက ဆယ်တောင်ရှိတယ်။ ရှေ့နှစ်ဖက် နောက်နှစ်ဖက်တို့ရဲ့ အကျယ်အကွာအဝေးက သုံးတောင်စီရှိတယ်။ ဒီခွာရာအရဆို လာရပ်တဲ့ နွားသိုးကြီးဟာ တို့တွေ့ဖူးသမျှ အကြီးဆုံးနွားရဲ့ သုံးကောင်ကျော်စာလောက်ပိုကြီးတယ်။ မဖြစ်နိုင်ဘူး'

နွားပွဲစားကြီး ဂျူဒန်းက သေချာတိုင်းထွာပြီး မှတ်ချက်ပေးသည်။

'ဒီခွာရာဆိုတာက တကယ့်နွားခွာရာလည်း မဟုတ်ပါဘူး။ ဒါမျိုးဟာ သဘာဝအလျောက် ဖြစ်ပေါ်နေတတ်တာပဲ'

အမဲဖျက်သမားကြီး ယာရှင်၏ စကားကို အားလုံးက လက်ခံလိုက်ကြပြီး ညနေအမှောင်မလွှမ်းခင် တောင်အောက်ရောက်ဖို့ ပြန်ဆင်းခဲ့ကြသည်။ တောင်အောက်လည်းရောက် မှောင်လည်းမှောင်ပြီ။ မောမောနှင့် ခဏနားကြသည်။ ထိုစဉ် နွားသတ်ရုံပိုင်ရှင် သူဌေးကြီးသားကာကာ မူးလဲသည်။ မီးတုတ်များထွန်း၍ ဝိုင်းပြီး နာနပ်ကြသည်။

'သယ်..ဘွတ်အဲ၊ နင်တို့က မယုံသလိုနဲ့ လာပြီးစစ်လားစမ်းလား လုပ်တယ်ပေါ့။ ရတယ်။ မယုံရင် လုပ်ကြည့်၊ နောက်တစ်လကြာလို့မှ နွားသားမစားတော့ဘူးလို့ အဲဒီမြို့ လူကြီးတို့ ဦးဆောင်ပြီး မလုပ်ရင် ဘိုးတော်ရဲ့ နွားသိုးကြီး အဲဒီတောင်ထိပ်က လာအော်မယ်။ သုံးကြိမ်မြောက် အော်သံပေးမယ်။ အဲဒါ နောက်ဆုံးသတိပေးခြင်းပဲ။ ဆက်ပြီး အမဲသားစားကြရင် မြို့ပျက်ပြီသာမှတ်'

သတိလစ်နေသည်ဆိုသော ကာကာက ဗိုဗိုသသပြောပြီး ခဏငြိမ်သွားသည်။ ပြီးတော့ ရုတ်တရက်ထထိုင်ပြီး 'ဟင်..ငါ့ကို ဘာလို့ဝိုင်းကြည့်နေကြတာလဲ'ဟု မေးသည်။

သို့ဖြင့် မြို့ပြန်ရောက်တော့ သူတို့ထံမှ သတင်းစကားတွေ သတင်းပြန့်သွားသည်။ အချို့ကယုံကြသည်၊ အချို့က မယုံကြ။ လောကီပညာတတ်သူများ၊ ဗေဒပညာ

www.burmeseclassic.com

ရှင်များနှင့် ရှေးရိုးဓလေ့ထုံးတမ်းကို ယုံကြည်သူများက နွားသိုးကြီးပူး၍ ပြောသည်ကို အလေးအနက်ထားကြသည်။

'မပြေးသော်ကန်ရာရှိ တို့မြို့မှာက နွားတွေသတ်၊ အမဲသားတွေစားနဲ့ တော်တော်လွန်နေပြီပဲ။ တို့တက္ကဒွန်းကြီးတွေ၊ ရသေ့ကြီးတွေ ဦးဆောင်ပြီး အမဲသားမစားရေး ဆော်သြကြရအောင်'

မြို့အရှေ့ပိုင်းက လူအများစုသည် အမဲသားရှောင်ခြင်း၊ နွားမွေးမြူရေး မလုပ်တော့ခြင်း၊ နွားဈေးသို့ မသွားခြင်း၊ နွားသတ်ရုံများနှင့် အဆက်အသွယ်မလုပ်ခြင်းအပြင် တစ်မြို့လုံးကို အမဲသားမစားရေး လှုံ့ဆော်စည်းရုံးကြသည်။ သို့ရာတွင် မအောင်မြင်လှ။

'အလကား··ဒီလူတွေ တို့စီးပွားဖြစ်တာ မရှုဆိတ်လို့ ထလုပ်နေတာပါ'ဟု နွားနှင့် ဆက်စပ်ပတ်သက်စွာ စီးပွားရေးလုပ်သူများက ဆိုကြသည်။

တစ်လပြည့်သွားသည်။ လကွယ်ရက် ညနေတွင်ဖြစ်သည်။ အော်သံ၊ နွားသိုးကြီး၏ အော်သံသည် တစ်မြို့လုံးသို့ ပဲ့တင်ရိုက်သွားသည်။ တရုန်းရုန်းနှင့် အနောက်ဘက်တောင်ထိပ်ကို မျှော်ကြည့်ကြရာ နွားသိုးကြီးသည် ဦးချိုကားကားကြီးနှင့် ခေါင်းမော့နာမှုတ်၍ သုံးကြိမ်အော်လေသည်။

'အုပ်အဲ··အဲ··ဟဲ··ဟဲ··ဟဲ'

'အုပ်အဲ··အဲ··ဟဲ··ဟဲ··ဟဲ'

'အုပ်အဲ··အဲ··ဟဲ··ဟဲ··ဟဲ'

သုံးကြိမ်ဆက်တိုက် အော်သွား၍ ပဲ့တင်သံဟိန်း၍ ကျန်ခဲ့သည်။

မြို့ထဲတွင်တော့ အုပ်ချုပ်သူပိုင်းကအစ လူအများ ကြောက်လန့်လာကြသည်။ အော်သံကြီးသည် တကယ့်ပင် နွားအော်သံလော၊ အခြားဘာသံရော ဖြစ်နိုင်မည်နည်း။

အော်သံကြောင့် ကြက်သီးထကြရသည်။ လန့်သူလန့်၊ ကြောက်သူကြောက်၍ အချို့ နှလုံးတုန်ရင်ခုန်ဖြစ်ကာ အိပ်ရာထဲလဲသူ လဲကြလေသည်။

ဤတွင် နောက်နေ့နံနက်တွင် နွားမွေးသူများ၊ နွားရောင်းဝယ်သူများ၊ နွားပွဲစားများနှင့် နွားသတ်ရုံမှ အမဲဖျက်သမားများ စုပေါင်းကာ အနောက်ဘက်တောင်တန်းပေါ်တက်၍ နွားသိုးကြီးအကောင်ပြ၍ အော်သံပေးသောနေရာတွင် နွားခွာရာများကို တူးဆွဖျက်ဆီးကြသည်။ ကျောက်တောင်ကြီးပေါ်တွင် နွားသွေးများ ပက်ဖျန်း၍ ကောက်ရိုးများစွာပုံကာ တစ်ညလုံး မီးပုံရှို့ကြလေသည်။

ဆယ်ရက်။ ထိုနေ့မှ ဆယ်ရက်ကြာသော် နေဝင်းတာရော မှောင်လုတျားတျားအချိန်တွင် နွားအော်သံကြီးတစ်သံတည်း ဟိန်းခနဲ ထွက်လာသည်။

'အုပ်အဲ'

ထိုအသံ၏ နောက်မှကပ်၍ မိုးချုန်းသံများ ပါလာသည်။

'ဂျိမ်း··ဂျိမ်း··ဂျိမ်း'

လျှပ်စီးများ တဖျတ်ဖျတ်လက်သည်။ မိုးကြိုးတွေ အကြိမ်ကြိမ်ပစ်သည်။ မိုးမုန်တိုင်းကြီး ကျရောက်လာခဲ့သည်။

နွားသားအလွန်စားသော အိန္ဒုမြစ်ကမ်းမှ ထိုမြို့ကြီး ရေကြီးရေလွှမ်းသွားလေ၏။ မြို့အရှေ့ဘက်ခြမ်း ကွက်ကွက်လေးသာ ကျန်ခဲ့သည်။ ကျန်ရပ်ကွက်အားလုံး ရေမြုပ်ရုံမက အိန္ဒုမြစ်ကြီးထဲ တက်ရေနှင့်အတူ လူများ၊ အိမ်များ၊ နွားခြံများ၊ နွားများပါ မျော၍ပါသွားလေသည်။ တောင်ခါးပန်းမှ နွားသတ်ရုံဟူ၍ တစ်ရုံမျှမကျန်အောင် တောင်ကျရေနှင့် မြေပြိုတိုက်စားမှုကြောင့် ပြိုပြောင်သွားလေသည်။

ထိုအချိန်မှစ၍ ကျန်ရစ်သော အိန္ဒုမြစ်ကမ်းဘေးက မြို့၏အရှေ့ဘက်ရပ်ကွက်မှ လူတို့သည် နွားသားကို လုံးဝမစားတော့ချေ။ နွားကို ဘေးမဲ့ထားရုံမက နွားကိုပင် ကိုးကွယ်ကြလေတော့သည်။ အော်သံပေးသော နွားသိုးကြီးကို ဦးထိပ်ထား ကိုးကွယ်ရာ ထိုလူမျိုးမှ ဆင်းသက်လာသော မျိုးနွယ်စုများ ယနေ့တိုင် နွားသား(အမဲသား)ကို မစားဘဲ ရှောင်ကြဉ်ကြလေသတည်း။

မှတ်ချက်

ဆရာကြီးဦးဘချို ပြောသော ဒဏ္ဍာရီပုံပြင် ဖြစ်ပါသည်။ စာရေးသူ၏ ဘာသာရေးစာပေနှင့် ဂမ္ဘီရဝတ္ထုဆောင်းပါးများကို ဖတ်ဖူးသူများ စာရေးသူ ညွှန်းဆိုလေ့ရှိသော ဆရာကြီးဦးဘချိုကို သိကျွမ်းပြီးဖြစ်မည် ထင်ပါသည်။

အောင်မြင့်ဘွား

www.burmeseclassic.com

www.burmeseclassic.com

မြူနှင်းမှုန်များ ရီဝေနေသော နံနက်အရုဏ်ဦး ဝယ် ကျွန်တော်သည် ရွှေဟောင်းသမိုင်းဝင် ကျိုက္ကဆံစေတီတော်သို့ သွားရောက်ပြီး ဘုရား၏ အနောက်ဘက်မုခ် အဘယကူညီနောင်တန်ဆောင်း အရှေ့ ကားရပ်နားစခန်းတွင် ကားကို ရပ်ထားပြီး ဘုရားဝင်းအတွင်းသို့ ဝင်ခဲ့လေ၏။

# ပရလောကသူနှင့် တစ်ခဏတာ



ထို့နောက် ကျွန်တော်သည် သောကြာထောင့် မြောက်ဘက်တန်ဆောင်းတွင် ဘုရားရှိခိုးခြင်း၊ သရဏဂုံသုံးပါး ပုတီးစိပ်ခြင်း စသည့်အမှုကိုပြုပြီး ဘုရားရင်ပြင်တွင် လမ်းလျှောက်လေ့ရှိသည်။

ကျွန်တော်၏ နောက်ဘက်နားဆီက တဖျတ်ဖျတ် ခြေသံလိုလို ကြားရလေ၏။ သာမန်လျှောက်သူတို့ရဲ့ ခြေသံမျိုး မဟုတ်ဘဲ အမြန်ခပ်သုတ်သုတ် လျှောက်လာသော ခြေသံမျိုးဖြစ်နေပြန်၍ နောက်သို့ ရုတ်တရက် လှည့်ကြည့်မိလိုက်၏။ ခြေသံသည် ရုတ်ခြည်းပျောက်သွားသကဲ့သို့ လူရိပ်လူယောင်ကိုလည်း မတွေ့ရသောကြောင့် ကျွန်ုပ်၏ စိတ်ထဲ၌ ထင့်ခနဲဖြစ်၍သွားလေ၏။

နေရောင်ကို မမြင်ရသေးသော်လည်း ပတ်ဝန်းကျင်က ထင်သာမြင်သာ ရှိနေလေ၏။ ကျွန်တော့်လက်မှ နာရီကို ကြည့်လိုက်သောအခါ ငါးနာရီ ဆယ့်သုံးမိနစ်သာ ရှိနေ၏။ ယခင်နေ့များကဆိုလျှင် တချို့တချို့သော လူတို့သည် ကျွန်တော်ကဲ့သို့ပင် ဘုရားလာ၍ အဓိဋ္ဌာန်ဝင် ဘုရားဖူးပြီး တရားမှတ် ပုတီးစိပ် လမ်းလျှောက်သူများ ရှိကြလေ၏။

www.burmeseclassic.com

ယနေ့တွင် လူသူအရိပ်အယောင်မျှပင် မတွေ့မမြင်ရဘဲ ကျွန်တော်တစ်ယောက်တည်းသာ ရှိနေလေ၏။ အချိန်ကာလအားဖြင့် စောသည်လည်းမဟုတ်၊ နောက်ကျသည်လည်း မဟုတ်ချေ။

စောစောပိုင်း ကျွန်တော်ရောက်ရောက်ချင်း ဘုရားရှိခိုး ပုတီးစိပ်နေစဉ်က ကျွန်တော့်အနီးပါးတွင် ဘုရားဝတ်ပြုနေသော ယောကျ်ားသားတစ်ယောက်ကို သတိပြုမိ၏။ ကျွန်တော် လမ်းလျှောက်ရန် ထွက်သွားစဉ် ၄င်းပုဂ္ဂိုလ်မှာ ဘုရားဝတ်ပြုနေဆဲပင်။ ကျွန်တော့်နောက်မှ ခပ်သုတ်သုတ် လျှောက်သံ၏ ခြေသံရှင်မှာ ကျွန်တော်ဘေးမှ ဘုရားဝတ်ပြုနေသော ပုဂ္ဂိုလ်များ ဖြစ်နေမလားဟု စိတ်ထဲ သံသယအတွေးဝင်ပြီး တွေးလိုက်မိလေ၏။

ထို့နောက် ကျွန်တော် လမ်းကို တော်တော်လေးဆက်လျှောက်မိသောအခါ၌ တဖျတ်ဖျတ်ဖြင့် နောက်က ပြေးလိုက်လာသလို ခြေသံကို ဆက်၍ ကြားရပြန်လေ၏။

နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့လည်း ခြေသံဆိတ်၍ လူရိပ်သဏ္ဍာန်လည်း မမြင်ဘဲ ရှိနေပြန်လေ၏။

သည်တစ်ခါတော့ ကျွန်တော့်စိတ်ထဲ၌ စိတ်အနှောင့်အယှက်ဖြစ်လာသလို ခံစားရမိလေ၏။ ကျွန်တော်သည် သတိကောင်းသူ တစ်ယောက်ဖြစ်သလို မျက်စိရှင်အကင်းပါးသူ တစ်ယောက်လည်းဖြစ်၏။ အသံပျောက် လူပျောက်နေသော ကိစ္စမှာ ကျွန်တော်၏ စိတ်ထင်မဟုတ်နိုင်မှန်း ကျွန်တော်ကိုယ်တိုင် သိ၏။

ပယောဂအနှောင့်အယှက်လား၊ ပရလောကအနှောင့်အယှက်လား တစ်ခုခုတော့ တစ်ခုခုပဲဟု ကျွန်တော်၏ စိတ်ထဲ မှတ်ယူလိုက်ပြီး လမ်းဆက်မလျှောက်တော့ဘဲ ရပ်၍နေလိုက်လေတော့၏။

ထိုသို့ ရပ်လိုက်ပြန်သောအခါ၌လည်း နောက်က တဖျတ်ဖျတ် ခြေသံနှင့် လူရိပ်လှုပ်ကက တိတ်ဆိတ်၍ ပျောက်ကွယ်နေပြန်လေ၏။ ထိုအခါ ကျွန်တော်၏ စိတ်ထဲ၌ ပတ်ဝန်းကျင်တွင် လူသူကင်းရှင်းပြီး မလင်းတလင်းအချိန်ဖြစ်၍ ကြောက်စိတ်ဝင်လာမိလေတော့၏။

အတန်ကြာရပ်၍ စောင့်ကြည့်နေသော်လည်း ခြေသံက ဆိတ်နေမြဲပင် ကျွန်တော် ဆက်လျှောက်မိပြန်၏။ ကျိုက္ကဆံစေတီတော်ကြီးကို တစ်ပတ်ပြည့်သည်အထိ ကျွန်တော်လျှောက်ခဲ့ရာ အာရုံနောက်စရာ စိတ်အနှောင့်အယှက်ဖြစ်စရာ မကြုံရ၊ မကြားရတော့ပေ။

ကျွန်တော် နားနေ ထိုင်နေကျဖြစ်သော မြောက်ဘက်တန်ဆောင်းနားရောက်ပြီး သောကြာဂြိုဟ်တိုင်၌ စိတ်၊ လူ အပန်းဖြေထိုင်လိုက်လေ၏။ ထိုအချိန်တွင် ဘုရားသို့ လာရောက်ဖူးမြော်ကြသူများ တစ်စ၊တစ်စ ရောက်လာကြ၏။ သိပ်အများကြီးတော့ မဟုတ်ပေ။ လူသုံးလေးငါးယောက်လောက်တော့ ရှိမည်ထင်သည်။

ကျွန်တော်သည် ခေတ္တထိုင်နေရင်းမှ စောစောက ကျွန်တော်၏နောက်သို့ တစ်စုံတစ်ယောက် ပြေးလိုက်လာသကဲ့သို့ ထင်ရသော ခြေသံတို့ကို ပြန်၍သုံးသပ်ဆင်ခြင်နေမိလေ၏။

ငါ့နောက်က ကြားရတဲ့ခြေသံ လူတစ်ယောက်ပြေးလိုက်လာတဲ့ ခြေသံပဲ။ လှည့်ကြည့်တော့လည်း ခြေသံက မကြားရတော့ဘဲ ငြိမ်နေ၍ လူကိုလည်း မတွေ့ရဘူး၊ ဘယ်လိုများပါလိမ့်။ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေထဲက တစ်ယောက်ယောက်များလားဟူ၍ တွေးတောဆင်ခြင် စဉ်းစားနေမိလေ၏။

ထိုစဉ် မိန်းမပျိုတစ်ယောက်သည် ကျွန်တော်ထိုင်နေသော သောကြာဂြိုဟ်တိုင်အနီး ဘေးချင်းယှဉ်လျက် လာရောက် ဘုရားဝတ်ပြုလေ၏။ မထင်မှတ်ဘဲ သူမထံမှ နှင်းဆီပန်းရနံ့ကို ရရှိခံစားမိသော်လည်း သူမ၏ ဆံမြှင်ထက်၌ နှင်းဆီပန်းပန်ထားခြင်း အလျှင်းမရှိသည်ကို ကျွန်တော် သတိပြုမိလေ၏။

ဘာပန်းမှလည်း ပန်ထားခြင်းမရှိဘဲ မြန်မာဆန်ဆန် တစ်ပတ်လျှိုဆံထုံးကလေးဖြင့် ချည်မျှင်ထည် ပင်နီအင်္ကျီနှင့် ယောထဘီ အနက်ကလေးကို ဝတ်ဆင်ထားခြင်းသာ ရှိ၏။ နှင်းဆီပန်းရနံ့ ရနေခြင်းမှာ ထူးဆန်းသကဲ့သို့ ရှိနေလေ၏။

သူမ ဘုရားဝတ်ပြုပြီး ထပြန်သွားသောအခါ နှင်းဆီပန်းရနံ့ မရတော့ပေ။ ထူးဆန်းသော မိန်းကလေးတစ်ယောက်ဖြစ်သောကြောင့် ကျွန်တော်သည် သူမသွားရာနောက်သို့လိုက်၍ အကဲခတ်ကာ ကြည့်နေမိလေ၏။

ထိုသို့ ကြည့်နေစဉ်မှာပင် တစ်စုံတစ်ယောက်က ကျွန်တော်၏ ပခုံးကို လက်ဖြင့်လာပုတ်၍ 'ကိုမျိုး [illegible] သူ့ကို လိုက်ကြည့်နေတာလဲ' ဟု ရုတ်တရက် မေးလိုက်

www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် အတွေးပြတ်၊ အကြည့်ပြတ်ကာ လှည့်ကြည့်လိုက်သည်။

အနုပညာလုပ်ဖော်ကိုင်ဖက် တည်းဖြတ်အယ်ဒီတာ စန်းသော်တာဆိုသူ ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။ နံနက်ပိုင်း ဘုရားကို လာနေကျဖြစ်သည်။

'ကိုသော်တာ ဒီနေ့ ခင်ဗျား ဘုရားလာတာ နောက်ကျတယ်နော်။ ဘယ်လိုဖြစ်တာလဲ။ ညက အိပ်ရာဝင်နောက်ကျလို့လား' ဟု ကျွန်တော်က မေးလိုက်လေ၏။

'ဟုတ်တယ်ဗျာ၊ အိပ်ရာဝင်ခါနီး ကော်ဖီသောက်မိလို့ နဲ့တူပါရဲ့။ တစ်ညလုံး မျက်စိကြောင်ပြီး အိပ်မရဘဲဖြစ်နေတယ်။ မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားလို့ နောက်ကျသွားတာ ကိုမျိုးရေ' ဟု ပြန်၍ဖြေကြားလေ၏။

ထို့နောက် ကိုသော်တာကပင်-

'ဒီနေ့တော့ လမ်းမလျှောက်တော့ဘူးဗျာ။ ဘုရားရှိခိုးပြီး ပြန်မယ်'

ဟု ပြော၍ ကျွန်တော်က-

'လျှောက်ချင် လျှောက်လေ။ ကျွန်တော် စောင့်နေပါ့မယ်။ ပြီးတော့မှ နှစ်ယောက်အတူ လက်ဖက်ရည်သောက်ကြတာပေါ့။ ကျွန်တော် ဒကာခံပါ့မယ်' ဟု ပြောလိုက်လေ၏။

'ကျွန်တော် လက်စမသတ်ရသေးတဲ့ ဇာတ်ကားတွေကို မနက်ဖြန်ပေးမယ်လို့ ကတိပေးထားတယ်။ ဘုရားရှိခိုးပြီး ခင်ဗျားနဲ့အတူ လက်ဖက်ရည်သောက်ပြီးမှ တိုက်ပြန် ဇာတ်ကားတွေ ပြီးအောင် ဆက်မယ်'

ဟု ကိုသော်တာ ပြောပြီး ဘုရားဝင်းရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် ဝင်ထိုင်ကြရင်း ကျွန်တော်က-

'ကိုသော်တာ ခင်ဗျား တစ္ဆေသရဲကို မြင်ဖူးလား'

ဟု မေးလိုက်ရာ ကိုသော်တာက ကျွန်တော့်အား တအံ့တသြ အကြည့်မျိုးဖြင့် ကြည့်ကာ-

'ထူးထူးဆန်းဆန်း မေးခွန်းပါလား။ ဘာလဲ၊ ကိုမျိုးက တစ္ဆေသရဲကို မြင်ခဲ့ဖူးလို့နဲ့တူတယ်' ဟု ကိုသော်တာက ပြန်၍မေးလေ၏။

'မမြင်ဖူးပါဘူး။ ဒါကြောင့် ခင်ဗျားကို ကျွန်တော် မေးတာ' ဟု ကျွန်တော်က ပြန်၍ပြောလေ၏။

'ကျွန်တော်လည်း မမြင်ဖူးဘူးဗျာ။ ဒါပေမဲ့ ရှိတယ်လို့တော့ ပြောကြတာပဲ။ ဘာဖြစ်လို့ ကိုမျိုးက ဒီမေးခွန်းကို မေးရတာလဲ' ဟု ကိုသော်တာက ကျွန်တော့်ကို ပြန်၍ မေးလေ၏။

'ကျွန်တော် လမ်းလျှောက်နေတုန်းက ကျွန်တော့်နောက်ကနေပြီး ပြေးလိုက်လာတဲ့ ခြေသံကိုကြားလို့ လှည့်ကြည့်တာ ဘာမှလည်း မတွေ့ဘူး။ ခြေသံလည်း မကြားရတော့ဘူးဗျာ။ အဲဒီအတွေ့အကြုံလေး စောစောကတင် ကျွန်တော်ကြုံခဲ့ရတယ် ကိုသော်တာ' ဟု ဖြစ်စဉ်အစအဆုံးကို ကိုသော်တာအား ပြောပြလိုက်လေ၏။

'ခင်ဗျားက လိမ်ပြီး ညာပြီး မပြောတတ်တဲ့လူဆိုတော့ ခင်ဗျားစကားကို ကျွန်တော်ယုံကြည်တယ်။ ဒါပေမဲ့ ခင်ဗျားနောက်က ခြေသံတော့ တစ္ဆေသရဲလည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် တခြားမမြင်အပ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးလည်း ဖြစ်နိုင်တာပဲ ကိုမျိုး။ တပ်အပ်ပြီးတော့ ကျွန်တော်လည်း မပြောတတ်ဘူး'

'နောက်တစ်ခုက ကိုသော်တာ ရောက်မလာခင်က ခပ်စောစောလေးတင် မိန်းကလေးတစ်ယောက် ကျွန်တော့်အနားလာပြီး ဘုရားဝတ်ပြုတယ်။ သူ့ခေါင်းမှာ ဘာပန်းမှ ပန်မထားဘဲ နှင်းဆီပန်းအနံ့တွေ ရတယ်ဗျာ။ သူထပြန်သွားတော့ နှင်းဆီပန်းအနံ့လည်း ပျောက်သွားတယ်။ ဘာအနံ့မှ မရတော့ဘူး'

ကျွန်တော်က ဆက်၍ပြောလိုက်ရာ ကိုသော်တာက ခဏစဉ်းစားလိုက်ပြီး-

'ဟုတ်မဟုတ်တော့ မသေချာဘူး ကိုမျိုး။ ဥစ္စာစောင့်တွေလည်း လူယောင်ဖန်ဆင်းပြီး ဘုရားလာဖူးတတ်တယ်လို့ အဘိုးပြောတာ ကြားဖူးတာတော့ရှိတယ်။ အဲဒါ ခင်ဗျားမြင်တဲ့ မိန်းကလေးဟာ ဥစ္စာစောင့်လည်း ဖြစ်နိုင်တာပဲ' ဟု ကိုသော်တာက သုံးသပ်ရှေ ပြောလေ၏။

ထို့နောက် ကျွန်တော်တို့သည် လက်ဖက်ရည်နှင့် မုန့်များစားသောက်ပြီး ကိုသော်တာက ဇာတ်ကားလက်စသိမ်းဖို့ သူ့တိုက်ကိုသွား ကျွန်တော်ကတော့ ကျိုက္ကဆံဘုရားဆီသို့ ထပ်မံ၍ ပုတီးစိပ်ရန် သွားခဲ့ကြသည်။

လူသူကင်းရှင်းကာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ ကျွန်တော်သည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ တန်ဆောင်းသို့ လျှောက်လာကာ တန်ဆောင်းအတွင်း၌ထိုင်၏။ ထို့နောက် အဘဘိုးတော်အောင်မင်းခေါင်ရုပ်တု၏ရှေ့၌ ပုတီးစိပ်ချင်စိတ် ပေါ်လာ၍ အဘရှေ့သို့ ရွှေ့ထိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com

ပုတီးစိပ်လေ၏။

အရဟံဂုဏ်တော် (၉)ပတ်စိပ်မည်ဟု အဓိဋ္ဌာန်ပြု၍ စတင်စိပ်လေတော့၏။ ပုတီး(၃)ပတ်အရောက်၌ ကျွန်တော်၏ဘေးသို့ ခြေသံဖွဖွနင်း၍ တစ်စုံတစ်ယောက် ရောက်လာကာ ပုတီးစိပ်သည်ဟု ထင်၏။ အာရုံပြုပျက်မည်စိုး၍ ကျွန်တော် မကြည့်ဖြစ်ပေ။ ကျွန်တော်၏ အဓိဋ္ဌာန်ကိုလည်း အပျက်မခံနိုင်ပေ။ ထို့ကြောင့် ကျွန်တော်သည် အရဟံဂုဏ်တော်၌ အာရုံစိုက်လျက် ပုတီးကိုသာ ဆက်၍စိပ်နေလေတော့၏။

ထိုသို့စိပ်နေစဉ်မှာလည်း တစ်ချက်,တစ်ချက် စံပယ်နံ့ကဲ့သို့ အနံ့တစ်မျိုး ရှူရှိုက်မိခံစားနေရလေ၏။ တစ်ခါတစ်ရံ၌မူ စံပယ်ပန်းရနံ့ပျောက်၍ နှင်းဆီပန်းနံ့ကိုလည်း ရှူရှိုက်ခံစားရပြန်လေ၏။ အမျိုးသမီးတစ်ယောက် ထပ်၍ရောက်လာသကဲ့သို့ ကျွန်တော့်စိတ်၌ ထင်လေ၏။

အရဟံဂုဏ်တော်ပုတီး ကိုးပတ်ပြည့်သောအခါ စောစောက ရှူရှိုက်ခံစားခဲ့မိသော စံပယ်နံ့တို့၊ နှင်းဆီနံ့တို့ ပျောက်ကွယ်၍ စူးရှသော ဒေါနပန်းရနံ့ကို ရှူရှိုက်ခံစားမိလေ၏။ တစ်ဆက်တည်း ထသွားသော ခြေသံကိုလည်း တဖျတ်ဖျတ် ကြားရလေ၏။

ကျွန်တော် မျက်စိဖွင့်၍ ကြည့်လိုက်သောအခါ ဘာမှမတွေ့ မမြင်ရတော့ပေ။ နေရာအနှံ့ အကြည့်များလွှင့်၍ ရှာဖွေသော်လည်း ဘာလူရိပ်လူယောင်မျှ မတွေ့ရပေ။ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ဖျင်းဖျင်း ထ၍သွားလေတော့၏။

ရိုးသားစွာ ဝန်ခံရလျှင် စိတ်ထဲ ထိတ်လန့်ကြောက်ရွံ့သွားသည်တော့ အမှန်ပင်။

ကျွန်တော်သည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များကို ကန်တော့ပြီး တန်ဆောင်းအတွင်းမှ ထွက်လာခဲ့လေ၏။ မုခ်ဝထွက်ပေါက်သို့ အရောက်တွင် မိန်းကလေးနှစ်ယောက် ပန်းစည်းများကိုင်၍ ဝင်လာသည်နှင့် ဂိတ်ဝ၌ ဆုံဖြစ်ကြလေ၏။

မိန်းကလေးနှစ်ယောက်မှာ အမြွှာကဲ့သို့ပင် ရုပ်ချင်းခွဲမရအောင် တူကြလေ၏။ မူလ သောကြာတန်ဆောင်းတွင် ပုတီးစိပ်နေစဉ် တွေ့ရသော မိန်းကလေး ကိုယ်များ ခွဲထားလေသလားဟု ထင်ရ၏။ ၄င်းတို့ ဝတ်ဆင်ထားသော ချည်မျှင်ပင်နီအင်္ကျီနှင့် ယောထဘီ ဆင်တူများ



ဖြစ်ကြပြီး မျက်နှာများမှာလည်း ပြုံး၍နေကြ၍ အလွန်ပင်ကျက်သရေရှိလှပေသည်။ ပန်းစည်းတို့မှာမူ သပြေခက်အနုများ ဖြစ်ကြလေသည်။

မိန်းကလေး နှစ်ယောက်မှာ စံပယ်တင်မှဲ့ပါသော မိန်းကလေးက ကျွန်တော့်အား ပြုံးရွှင်စွာဖြင့်-

'ဒီက အစ်ကို၊ ကျွန်မတို့ကို တစ်ဆိတ်လောက်ကူညီပါရှင်'

ဟု အကူအညီတောင်းလာသဖြင့် ကျွန်တော်က-

'ဟုတ်ကဲ့၊ ကျွန်တော် ဘာအကူအညီပေးရမလဲခင်ဗျာ'ဟု ပြန်၍မေးလိုက်လေ၏။

'သခင်မမြနန်းနွယ်ရဲ့ နန်းဆောင်ကို သွားချင်လို့ တစ်ဆိတ်လောက် လမ်းညွှန်ပြပါရှင်'

သူမကပင် ဆက်၍ ပြောလေ၏။

ထိုအခါ ကျွန်တော်က-

'ဟိုရှေ့မှာ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီး ပြာသာဒ်ဆောင်ကြီးရဲ့ မျက်စောင်းထိုးမှာရှိတဲ့ နန်းဆောင်ဟာ သခင်မမြနန်းနွယ် နန်းဆောင်ပဲ'

ဟု လက်ညှိုးညွှန်၍ ပြလိုက်သောအခါ-

'ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မတို့က နယ်ကပါ'

'ဪ..နယ်ကကိုး။ ဘယ်နယ်ကလဲဟင်'

'ပဲခူး ဖလေးရွာ ကျိုက်မတ်ကော်ဘုရားကပါ'ဟု ပြောလေ၏။

ကျွန်တော်လည်း ပဲခူး၊ ဖလေးရွာ ကျိုက်မတ်ကော်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဆို၍ တစ်ချိန်က ဖေဖေဒါရိုက်တာဦးသန်းကျော် ဌေးရိုက်ခဲ့တဲ့ လူလုနဲ့ရုပ ချိုက်သမိုင်း ရိုက်ခဲ့တဲ့ရွာကကိုး။ အဲဒီမှာက ဥစ္စာစောင့်သိုက်တွေ အလွန်ပေါတဲ့ နေရာက ပဲဟု စိတ်ထဲ တွေးမိလေ၏။

ကျွန်တော်ညွှန်ပြလိုက်သော လမ်းညွှန်အတိုင်း သူမ တို့ နှစ်ယောက်သည် ပြုံးပြုံးရွှင်ရွှင်ဖြင့် ကျွန်တော့်ကို လှည့်ကြည့် ကွက်ကြည့်ကြည့်ကာ ထွက်ခွာသွားကြလေ၏။

သူမတို့နှစ်ယောက် ထွက်ခွာသွားချိန်လောက်မှာပင် ထူးဆန်းသော နှင်းဆီနံ့နှင့် စံပယ်နံ့တို့သည် လှိုင်လှိုင်သင်း၍သွားလေ၏။ ကျွန်တော့်စိတ်ထဲ သူမတို့နှစ်ယောက်ကို သံသယဝင်လာသဖြင့် သူမတို့သွားရာနောက်သို့ မယောင်မလည်ဖြင့် နောက်ယောင်ခံ၍ လိုက်သွားလေ၏။ သူမတို့နှစ်ယောက်မှာ မျက်ခြည်ပြတ်၍သွားသကဲ့သို့ ချက်ချင်းကြီး ဘယ်နေရာဘယ်ဆီသို့ ဝင်သွားမှန်း မသိလိုက်။ ပျောက်ခြင်းမလှ ပျောက်၍သွားလေတော့၏။

ကျွန်တော် သခင်မမြနန်းနွယ်နန်းဆောင်ရှေ့သို့ရောက်ပြီး နန်းဆောင်ကို ကြည့်လိုက်သောအခါ နန်းဆောင်တံခါးမှာ ပိတ်၍ သော့ဖြင့် ခတ်ထားသည်ကို တွေ့ရလေ၏။

ထူးဆန်းအံ့ဩဖွယ် ကောင်းသည်မှာ သခင်မ မြနန်းနွယ်ရုပ်တုရှေ့ရှိ ပန်းအိုးနှစ်အိုးတွင် သပြေပန်းနုများ လှိုင်လှိုင်ထိုးထားပြီး အလင်းတိုင်နှင့် အမွှေးတိုင်များကို မီးထွန်းညှိပူဇော်ထားသည်ကို တွေ့လိုက်ရလေတော့သတည်း။

ထိုစဉ် 'ကျေးဇူးတင်ပါတယ် အစ်ကို။ အစ်ကို့ရဲ့အနုပညာလုပ်ငန်းတွေ အောင်မြင်ပါစေလို့ ကျွန်မတို့ညီအစ်မက ဆုတောင်းပေးလိုက်ပါတယ်' ဟူသော အသံကို ဘယ်က ထွက်ပေါ်လာမှန်းမသိဘဲ ပီပီသသကြီး ကြားလိုက်ရလေ၏။

ကျွန်တော် နေရာအနှံ့သို့ လိုက်ရှာကြည့်တော့လည်း ဘာအရိပ်အယောင်မျှ မတွေ့ရပေ။

သို့သော် စံပယ်နံ့နှင့် နှင်းဆီနံ့တို့ကမူ ကျွန်တော့်အနား၌ လှိုင်လှိုင်သင်းပျံ့လျက်နေတော့သတည်း။

**ဒါရိုက်တာမျိုးဇော်အောင်**


# ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်

Ph.D (Hon - Doctor of Astrology)

[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]

**အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။**

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်၊

စာမေးပွဲ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်၊

**အခန်း(၄)၊ အနောက်ဘက်မုစ်၊ မြဘုံနှစ်ထောင်အနီး၊ ဗဟာစီဃလမ်းထောင်တီ၊ ရန်ကုန်မြို့၊ ၀၉ ၅၁ ၇၅၁၀၂၇**



# ဒေါက်တာယတြာဆေဒီ

Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့

ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ

လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်

ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...


**ကြိုတင် ရက်ချိန်းယူပါ**

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

**အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ တုန်ချောထန်းလမ်း(အောက်)၊ ဝန်းဘဲထန်းမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉ ၅၁ ၁၀၇၃၅**

www.burmeseclassic.com

နေလုံးကြီးသည် အနောက်တောင်ဆီတွင် မေးတင်နေလေပြီ။ သူ၏တာဝန် တစ်နေ့တာ ကျေပွန်၍ မကြာမီပင် လောကကြီးကို နှုတ်ဆက်ကာ အပြီးတိုင် ငုပ်လျှိုး သွားပေတော့မည်။



မြန်မာနိုင်ငံ၏ မြောက်ဖျားဒေသ ကချင်ပြည်နယ်၏ သဘာဝအလျောက် အအေးပိုသည်။ ထို့ကြောင့် ယခုအချိန်ကပင် နှင်းလိုက်စ ပြုလာနေချေပြီ။ အဝေးဆီက တောတန်းတောင်စွယ်များတွင် နှင်းတို့၏ ဂုဏ်သတ္တိကြောင့် အုံ့မှိုင်းစ ပြုနေချေပြီ။

မံစီနယ်ထဲတွင် ပါဝင်သော ကံစီရွာ၏ ပတ်ဝန်းကျင်သည် ချိုင့်ဝှမ်းဒေသဖြစ်၍ လယ်ယာကိုင်းကျွန်း ပေါသည်။ လုပ်စားကွင်း ကျယ်သည်။ စပါးခင်းကြီးများ ရွှေဝါရောင်တောက်လျှက် မှဲ့ဝင်းစပြုနေချေပြီ။

ကျွန်တော့်တပ်စု လူသုံးဆယ့်ခြောက်ယောက်၊ စီခန်းကြီး တပ်စခန်းသို့ နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ယူလာသည်မှာ နှစ်ပတ်မျှ ရှိခဲ့ပြီ။

နေ့ဆိုပင် ပတ်ဝန်းကျင် ကျေးရွာများကို လှည့်လာရေး ခရီးထွက်ကြသည်။ ရွာသူကြီးများ၊ ရွာသူရွာသားများ၊ ကျောင်းထိုင်ဆရာတော်များနှင့် အဆင်ပြေအောင် ဆက်ဆံရသည်။ ဤပတ်ဝန်းကျင်၌ ရန်သူများ မရှိ၍



www.burmeseclassic.com

www.burmeseclassic.com



ချုံခိုတိုက်ခိုက်ခံရမည်ကိုလည်း မစိုးရိမ်ရပေ။

ထို့ကြောင့် ကျွန်တော်သည် တပည့်ဖြစ်သူ တပ်သား ခေါင်လွမ်းနှင့်အတူ နယ်မြေလေ့လာရေး ထွက်ကြရင်း ခရီးလွန်ကာ အတော်လေးပင် နေညိုသွားလေပြီ။ မျက်စိလည်သလိုဖြစ်ကာ ဦးတည်ရာမဲ့ လျှောက်သွားနေမိကြ၍ လာလမ်းအတိုင်းသာ စခန်းကို ပြန်နေလျှင် ညနက်သွားနိုင်သည်။

ထို့ကြောင့် နီးစပ်ရာ လမ်းတစ်ခုခုကို တွေ့လိုတွေ့ငြား စူးစမ်းကြည့်ရင်း လိုက်ရှာကြသည်။ ထိုအခိုက်တွင် အဘိုးအို တစ်ယောက်ကို လှမ်းမြင်လိုက်ရ၍ ဆရာ၊ တပည့် နှစ်ယောက် ဝမ်းသာသွားကြသည်။ ထိုအဘိုးအိုကို မေးမြန်းလျှင် နီးရာလမ်းတစ်ခုကို ရောက်နိုင်ပေလိမ့်မည်။

'အဘိုး ဒီလမ်းအတိုင်း ရှေ့ကိုဆက်သွားရင် ဘယ်ကို ရောက်နိုင်ပါသလဲ' ဟု ကျွန်တော်က လှမ်းမေးလိုက်သည်။

အဘိုးအိုက ကျွန်တော်တို့ကို စူးစမ်းသလို တစ်ချက်ကြည့်လိုက်ပြီး မေးသည်။

'ငါ့မြေးတို့က ဘယ်ကို သွားချင်ကြတာလဲ'

'သားတို့က ကံစီရွာကို သွားချင်လို့ပါ အဘိုး'

အဘိုးအိုက ထောက်ထားသော တောင်ဝှေးကို ဆန့်

# ထွန်းတောက်

## ကံစီရွာက သွေးစက်များ၏ ရင်နင့်ဖွယ် ဆိုးကျိုးကြီး

တန်းလျက် ဝင်လုဆဲ နေလုံးကြီး ရှိရာဘက်ကို ညွှန်ပြကာ-

'ဒီဘက်ကို မိုင်နှစ်ဆယ်လောက် ဆက်သွားရင် ဧရာဝတီမြစ်ကြီးကို ရောက်လိမ့်မယ်'

ဟု ဆိုပြီး တောင်ဝှေးကို ဆန့်ကျင်ဘက်သို့ ပြောင်းကာ-

'ဒီဘက်ကို သွားမယ်ဆိုရင်တော့ မံစီ၊ စီအူနဲ့ မဘိန်းကားလမ်းမကြီးကို ရောက်သွားမယ်။ စီခန်းကြီးချောင်းဘေးက ကံစီရွာသစ်ကိုလည်း ပေါက်တယ်။ ချောင်းကူးပြီး တစ်အောင့်လောက်သွားရင် သံတံတားရွာကို ရောက်တယ်။ ဒါပေမဲ့ ခုချိန်ကြီးသာ ဆက်သွားနေရင်တော့ လမ်းရယ်လို့ ထင်ထင်ရှားရှား မရှိတာကြောင့် လမ်းပျောက်သွားနိုင်တယ်။ ဒါကြောင့် ဒီည အဘိုးတို့ရွာမှာပဲ အိပ်လိုက်ကြပါ။ မနက်ကျမှ လိုရာခရီးကို ဆက်သွားကြပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'ကျေးဇူးတင်ပါတယ် အဘိုးရယ်၊ ကျွန်တော်တို့ အဘိုးနဲ့သာ မတွေ့ရင် ဆက်သွားရင်း ဧရာဝတီမြစ်ထိတောင် ရောက်သွားနိုင်ပါတယ်'

'မြေးတို့က လမ်းပြောင်းပြန် သွားနေကြတာကိုးကွ။ လာ..လာ..အဘိုးနောက်ကို လိုက်ခဲ့ကြပေရော့'

ထိုအချိန်၌ မိုးချုပ်စပြုနေလေပြီ။

အဘိုးအို၏ နောက်မှလိုက်ရင်း တစ်အောင့်အကြာတွင် အဘိုးအိုက-

'ဒါဟာ အဘိုးရဲ့ လယ်စောင့်တဲလေးပဲကွယ့်'

'သြော်..ဟုတ်ကဲ့ပါ အဘိုး။ ကျွန်တော်တို့ အဘိုးနဲ့ အတူ ညအိပ်လို့ ရပါသလားခင်ဗျ'

'ဟော..အဘိုးတဲက ငယ်တယ်လေ။ မြေးတို့က နှစ်ယောက်ဆိုတော့ အဆင်ပြေမှာ မဟုတ်ပါဘူး။ မြေးတို့ကလည်း ညနေစာ မစားကြသေးတော့ နောက်တစ်ခေါ်လောက် ဆက်သွားရင် အဘိုးရဲ့ သမီးအိမ်ကို ရောက်လိမ့်မယ်။ အဲဒီအထိလိုက်ပြီး ညအိပ်ကြရင် အဆင်မပြေဘူးလား'

ကျွန်တော် ချက်ချင်း မပြောသေးဘဲ ရဲဘော်ခေါင်လွမ်းကို ကြည့်သည်။ ခေါင်လွမ်း ဘာမျှမပြောပေ။ မိုးလည်း ချုပ်နေလေပြီ။

'ကျွန်တော်က ရှေ့ကို ဆက်သွားနေရရင် အဘိုးပင်ပန်းမှာကိုလည်း အားနာနေမိလို့ပါ'

'ရပါတယ်။ ဒါက အဘိုးသွားနေကျ လမ်းတွေပါ။ ဟိုမယ်လေ၊ ဓာတ်မီးရောင် မြင်ရတာ။ အဲဒါ အဘိုးရဲ့ သမီးအိမ်က မီးရောင်ပဲ။ ဆက်သွားရင် ဘယ်လောက်မှ မဝေးတော့ပါဘူး'

ကျွန်တော်လည်း ဘာမျှမပြောတော့ဘဲ အဘိုးအို ဦးဆောင်ပြီး ခေါ်ရာနောက်ကို အလိုက်သင့်ပင် လိုက်ပါနေမိသည်။ လမိုက်ညဖြစ်၍ ကြယ်ရောင်မှိန်မှိန်လေးမျှသာရှိသည်။ ထိုကြယ်ရောင်လေးကိုပင် အားပြုပြီး လမ်းကလေး ပျောက်မသွားအောင် ကြည့်လျှောက်နေကြသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံး မှောင်မိုက်နေသည်။ ပုရစ်တွန်သံ၊ ဖားအော်သံများ ညံစီနေသည်။ တစ်ခါတစ်ရံ ညငှက်လေးများ ခေါင်းပေါ်မှ ဖြတ်ပျံသွားကြသည်။

အနားသို့ရောက်၍ ကြည့်လိုက်ရာ ပျဉ်စီပျဉ်ထောင်၊ သွပ်မိုး နှစ်ထပ်အိမ်ကြီးကို တွေ့လိုက်ရသည်။ အောက်လင်းဓာတ်မီးကြီးသုံးလုံး ထွန်းညှိထား၍ လင်းထိန်နေသည်။ ယောကျ်ား၊ မိန်းမ ဦးရေသုံးဆယ်ခန့်တို့လည်း ထုထောင်းချက်ပြုတ် ကြော်လှော်နေကြသည်ကို တွေ့ရ၍ အလှူတစ်ခုခု လုပ်နေကြလေသလားဟု ယူဆရသည်။

အိမ်အောက်သို့ရောက်လျှင် အသက်သုံးဆယ်အရွယ်ခန့်ခန့်ချောချော အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ ထွက်လာပြီး ကြိုကြသည်။

ထို့ကြောင့် အဘိုးအိုက-

'သမီးရေ၊ ဒီမှာ ဧည့်သည်နှစ်ယောက် ပါလာကြတယ်။ သူတို့ ဒီမှာ ညအိပ်ကြလိမ့်မယ်။ အခုလောလောဆယ်တော့ သူတို့ကို ညနေစာ ထမင်းလေး ကျွေးလိုက်ပါဦးကွယ်'

အမျိုးသမီးက ကျွန်တော်တို့ နှစ်ယောက်ကို စူးစမ်းသလို တစ်ချက်ကြည့်သည်။ ထို့နောက် သူ့ယောကျ်ားဖြစ်ဟန်တူသော လူဘက်ကိုလည်း တစ်ချက်ကြည့်ကာ-

'ရပါတယ် အဖေ၊ သမီး စီစဉ်လိုက်ပါ့မယ်။ မောင်လေးတို့က ခရီးသွားဧည့်သည်တွေများလား။ ညလည်း အိပ်ကြမှာဆိုတော့ လာ..လာ..အပေါ်ထပ်ကို သွားရအောင်။ အဲဒီမှာပဲ လွတ်လပ်စွာ နေကြ၊ အိပ်ကြပါ'

'ရပါတယ် အစ်မရယ်၊ ဖြစ်နိုင်ရင်တော့ ကျွန်တော်တို့ ဒီအောက်ထပ်မှာပဲ နေချင်ပါတယ်'

'မဟုတ်ဘူးကွယ့်။ ဒီမှာက ချက်ပြုတ်နေကြတာဆိုတော့ တစ်ညလုံး ဆူညံနေမှာ။ မနက်ကျ ဘုရားဆွမ်းတော်ကပ်၊ ဧည့်သည်တွေကို ကျွေးမွေးပြီး ကံစီဘုန်းတော်ကြီးကျောင်းကိုလည်း ဆွမ်းသွားပို့မယ့် အလုပ်တွေကရှိနေလေတော့ အရမ်းလည်း အလုပ်များပါတယ်'

သူ၏ ယောကျ်ားဖြစ်ဟန်တူသော လူကလည်း-

'အပေါ်ထပ်ကိုပဲ သွားနေကြပါ ညီလေးတို့ရာ။ အစ်ကိုတို့မှာ သားသမီးရယ်လို့လည်း မရှိကြတော့ အပေါ်ထပ်မှာဆို ပိုတောင်လွတ်လပ်ပြီး အဆင်ပြေပါတယ်'

'ဟုတ်ကဲ့၊ ဒါဆိုလည်း ကျွန်တော်တို့ ရေမိုးချိုးပြီးမှပဲ အပေါ်ထပ်ကို တက်ချင်ပါတယ်။ အခုတော့ ကျွန်တော်တို့ကို ရေတွင်းရှိတဲ့ နေရာပဲ ပြပေးစေချင်ပါတယ် ခင်ဗျ'

'ကိစ္စမရှိပါဘူး ညီလေးတို့ရာ၊ အဲဒါကို စီစဉ်ပေးမှာပေါ့'ဟု ပြောပြီး ကျွန်တော်တို့နှင့်အတူ ရေတွင်းရှိရာ

www.burmeseclassic.com

www.burmeseclassic.com

သို့ လှူငယ်တစ်ယောက်အား လိုက်ပို့ပေးစေသည်

ထိုလှူငယ်မှာ လက်ဆွဲရေပုံး၊ ဆပ်ပြာခွက်နှင့် ရေစိုပုဆိုး၊ တဘက်များ ပါလာသည်။

ရေမိုးချိုးပြီးနောက် ကျွန်တော်တို့ အပေါ်ထပ်ကို တက်လိုက်ကြသည်။ အပေါ်ထပ်မှာလည်း အောက်လင်းဓာတ်မီးကြီးတစ်လုံး ထွန်းညှိထားသည်။ သင်ဖြူးဖျာများလည်း အပြည့်ခင်းထားသည်။ အပေါ်ထပ်တွင် ဘုရားကျောင်းဆောင် တစ်ခုနှင့် အိပ်ခန်းတစ်ခုမျှသာ ရှိသည်။

တစ်အောင့်ကြာလျှင် အဘိုးအိုလည်း အပေါ်ထပ်သို့ တက်လာသည်။ ထို့နောက် ညနေစာ ကျွေးကြသည်။ သားငါးမပါသော အသီးအရွက်ဟင်းများကို စားကောင်းအောင် ချက်ပြုတ်ကြော်လှော်ထားသည်။

စားသောက်ပြီးချိန်တွင် ညကိုးနာရီ ကျော်နေလေပြီ။ ထို့ကြောင့် ဘုရားကို ပေါက်ဈေးပေါက် ဦးချရှိခိုးပြီး အိပ်လိုက်ကြသည်။ အဘိုးအိုလည်း ကျွန်တော်တို့နှင့်အတူ (ထိုဘက် ဘေးနားကပင်) အိပ်စက်လေသည်။

* * *

ကျွန်တော်တို့ ဆရာ,တပည့်မှာ ခရီးပင်ပန်းလာကြ၍ တစ်ရေးတည်း မိုးလင်းသွားကြသည်။ နိုးလာ၍ မျက်စိကို ဖွင့်ကြည့်လိုက်ကြရာ အနားမှာလည်း အဘိုးအိုမရှိ။ အိမ်အောက်ထပ်မှာလည်း တစ်ယောက်မျှ မရှိတော့ဘဲ တိတ်ဆိတ်နေလေသည်။

အနားမှာ ဘိန်းမုန့်နှစ်ချပ်နှင့် နွားနို့နှစ်ခွက်ကိုသာ တွေ့ရသည်။ လူများအားလုံး ဘုန်းတော်ကြီးကျောင်းကို အလှူကိစ္စအတွက် သွားကြဟန်ရှိသည်။ ဘိန်းမုန့်နှင့် နွားနို့က ကျွန်တော်တို့ ဆရာတပည့် မနက်စာအတွက် လုပ်ပေးထားခဲ့ကြဟန် ရှိသည်။

ကျွန်တော်တို့လည်း သူတို့ ပြန်ရောက်အောင် စောင့်မနေတော့ဘဲ မျက်နှာသစ်၊ အဆာပြေ ဘိန်းမုန့်နှင့် နွားနို့ကို စားသောက်ကာ ထိုအိမ်ကြီးမှ ထွက်လာခဲ့ကြသည်။

ညက အဘိုးအို ညွှန်ပြသည်ကို ပြန်လည်၍ စဉ်းစားမှတ်သားပြီး လျှောက်သွားကြသည်။ လမ်းတစ်လျှောက်တွင် လယ်တော၊ ကိုင်းတောနှင့် ဥယျာဉ်ပင်များကို မပြတ်တွေ့နေရသည်။

ခရီးငါးမိုင်ခန့် ဆက်လျှောက်လျှင် အိမ်ခြေငါးဆယ်ကျော်သော ကံစီရွာသစ်ကို ရောက်သွားကြသည်။ တစ်ဖက်တွင် စီခန်းကြီးချောင်းက ရွာခြေမှ ကပ်လျက် စီးဆင်းနေသည်။ စီခန်းကြီးချောင်းဘေးတွင် ဘုန်းတော်ကြီးကျောင်း ရှိသည်။

ကျွန်တော်တို့ ဆရာ,တပည့်နှစ်ယောက် ဘုန်းတော်ကြီးကျောင်းဘက်ကို ဆက်လျှောက်ကြသည်။ ဘုန်းတော်ကြီးကျောင်းမှာ ကျွန်းသစ်များဖြင့် ကျယ်ကျယ်ဝန်းဝန်းဆောက်လုပ်ထားသည်။ အုံကိုးဆင့်ရှိသော နှစ်ထပ်ကျောင်းဆောင်ကြီး ဖြစ်သည်။

ဘုန်းတော်ကြီးကျောင်းက ကြီးမားကျယ်ဝန်းသော်လည်း ကျောင်းနေ ဦးပဥ္ဇင်း၊ ကိုရင်ဟူ၍ မရှိဘဲ ဘုန်းတော်ကြီးတစ်ပါးနှင့် ကျောင်းသားတစ်ယောက်သာ ရှိသည်။ ကျွန်တော်တို့ ရောက်သွားကြချိန်တွင် ဘုန်းတော်ကြီးက တရားထိုင်နေပြီး ကျောင်းသားက ရေနွေးကြိုနေသည်။ ကျွန်တော်တို့လည်း အသံမပြုဘဲ ငြိမ်၍နေကြသည်။

တစ်အောင့်အကြာတွင် ဘုန်းတော်ကြီး တရားဖြုတ်သည်။ ဘုရားကို ရှိခိုး၊ ဆုတောင်း၊ အမျှဝေပြီးမှ ကျွန်တော်တို့ဘက်ကို လှည့်ကြည့်ပြီး မေးသည်။

'ဒကာတို့ ရောက်နေကြတာ ကြာပြီလား'

'မှန်လှပါ၊ နာရီဝက်လောက်တော့ ရှိပါပြီဘုရား'

'ဩော်..ဩော်..နယ်မြေလှေ့လာရေး ထွက်လာကြတာ ထင်ပါရဲ့'

'မှန်လှပါ၊ နယ်မြေလေ့လာရေးထွက်ရင်း ဆရာတော့်ကျောင်းကို ရောက်လာကြတယ်ပဲ ဆိုပါတော့ဘုရား'

'အေး..စောသားပဲ။ ခုမှ မနက်ရှစ်နာရီပဲ ရှိသေးတယ်။ စခန်းက မိုးမလင်းခင် ထလာကြတာ ဖြစ်မယ်ထင်တယ်'

'စခန်းက တန်းလာကြတာ မဟုတ်ပါဘူးဘုရား။ မနေ့က ဆရာ,တပည့် နယ်မြေလေ့လာရေး သွားကြရင်း ခရီးလွန်ပြီး မျက်စိလည်ကာ ရေဝတီမြစ်ဘက် ဦးတည်လျှောက်သွားနေမိကြလို့ လမ်းမှာ အဘိုးအို တစ်ယောက်နဲ့ တွေ့လို့ တော်သေးတာပေါ့ဘုရား။ အဲဒီအဘိုးအိုက ခေါ်လာပြီး ဟိုဘက်ရွာက သူ့သမီးအိမ်မှာပဲ ညအိပ်ခဲ့ပါတယ်။ အခု အဲဒီအိမ်က ထလာကြတာပါ'

ဆရာတော်က ကျွန်တော် လျှောက်ထားပြောပြသည်ကို နားထောင်နေပြီး တစ်ချက်ပြုံးကာ တအံ့တသြ

www.burmeseclassic.com

ငြိမ်ငြိမ်ဖြင့်ပင် ပြန်ပြောပြသည်။

'ဒကာတို့၊ အဲဒါ လူနေရွာ မဟုတ်ဘူး။ သရဲတွေ စုပေါင်းနေကြတဲ့ ကံစီရွာဟောင်းပဲ'

'ဘုရား'

ကျွန်တော်တို့ ဆရာ,တပည့် မျက်လုံးပြူးပြီး ယါးစပ်ဝိုင်းသွားကြသည်။

'အဲဒါ သရဲရွာပါ။ ဒါပေမဲ့ ဘာမှ မစိုးရိမ်ကြပါနဲ့။ အဲဒီသရဲတွေက လူကို ဒုက္ခမပေးတတ်ပါဘူး'

ကျွန်တော် သက်မတစ်ချက်ကို ချလိုက်သည်။ ကျွန်တော်က ဆင်၊ ကျားထက် သရဲတစ္ဆေကို ပိုကြောက်သည်။ သည်အထဲ သရဲတွေရဲ့ ကျွေးမွေးစာကို စားသောက်ပြီး သရဲများနှင့်အတူ ညအိပ်ခဲ့မိသဖြင့် တွေးရင်းက ကျောချမ်းကာ ခေါင်းကြီးနေမိသည်။

'ဒီတော့ ဒကာတို့ တွေ့ခဲ့ကြတဲ့ အဲဒီသရဲရွာ အတွေ့အကြုံနဲ့ အကြောင်းတွေကို မှတ်မိသလောက် လျှောက်တင်ကြပါဦး'

'တပည့်တော်တို့နဲ့ စတွေ့ရတဲ့ အဘိုးအိုက ခါးကုန်းပြီး တောင်ဝှေးထောက် ပါတယ်။ ပုဆိုးကွက်ကျားကြီးနဲ့ ပင်နီတိုက်ပုံကို ကြယ်သီးမတတ်ဘဲ ဝတ်ဆင်ထားတာ တွေ့ရပါတယ်'



'အင်း..သူ့နာမည် ဦးမောင်ခန်းတဲ့။ ဗမာလိုတော့ ဦးရွှေပေါ့'ဟု ဆရာတော်က ဝင်ထောက်သည်။

'သူ့သမီးက အသက်သုံးဆယ်လောက် ရှိပါတယ်။ ရုပ်ရည်လည်း ချောပါတယ်'

'အင်း..နာမည်က နန်းကြာပွင့်တဲ့'

'သူ့ယောက်ျားက တုတ်တုတ်ခိုင်ခိုင်၊ ဗလလည်း ကောင်းပါတယ်ဘုရား'

'သူ့နာမည်က ကိုအိုက်ထွန်းတဲ့'

'ပြီးတော့ သူတို့အိမ်မှာ ချက်ပြုတ်ကြော်လှော်နေကြတဲ့ သူတွေလည်း အားလုံး ယောက်ျား၊ မိန်းမ ဦးရေ သုံးဆယ်ကျော်လောက် ရှိပါတယ်'

'အေး..အဲဒါတွေ အားလုံးဟာ လူတစ်ယောက်မှ မဟုတ်ကြဘူး။ အားလုံး နာနာဘာဝ၊ သရဲ၊ တစ္ဆေတွေချည်းပါပဲ'

ကျွန်တော် ယခုအချိန်ထိ ကြောက်စိတ်ကြောင့် ခေါင်းကြီးနေဆဲဖြစ်သည်။ ထို့နောက် ကျွန်တော် သက်မတစ်ချက်ကို ချလိုက်ပြီး သိချင်နေသော အကြောင်းအရာများကို ဆရာတော်အား လျှောက်ထားလိုက်သည်။

'သူတို့တွေ အားလုံးက သရဲတွေချည်းဆိုတော့ သူတို့ ဘာကြောင့်များ သရဲတစ္ဆေတွေ ဖြစ်သွားကြတယ်ဆိုတာ အမိန့်ရှိပါဦးဘုရား'

ဘုန်းတော်ကြီး တစ်အောင့်ကြာအောင် ငိုင်တွေနေသည်။ ထို့နောက်မှ ဖြစ်စဉ်ကြီးကို တစ်ခုချင်း ပြောပြလေသည်။

'အဲဒီပျက်သုဉ်းသွားတဲ့ ကံစီရွာကြီးက ဘုန်းကြီးရဲ့ ဇာတိပါပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်လောက်ကပေါ့။ ဘုန်းကြီးတို့တောင် ကျောင်းသားကြီးအရွယ်ပဲ ရှိပါသေးတယ်။ အဲဒီကံစီရွာက ဒီပတ်ဝန်းကျင်မှာတော့ အိမ်ခြေနှစ်ရာကျော်တဲ့ ရွာကြီးပေါ့။ ရှမ်းတိုင်းရင်းသားတွေချည်း စုပေါင်းပြီး နေထိုင်ကြပါတယ်။ တစ်နေ့မှာတော့ ရောဝတီအနောက်ဘက်ခြမ်းဆီက လူသုံးယောက်တို့ ဈေးရောင်းရင်း သူတို့ ကုန်ပစ္စည်းတွေနဲ့ ဦးမောင်ခန်းရဲ့ ဒေသထွက် ပစ္စည်းတွေနဲ့ လဲလှယ်ကြတယ်။ ဒီလိုနဲ့ စကားအခြေအတင်ပြောရင်း ခပ်စွာစွာ နန်းကြာပွင့်နဲ့ စကားတွေများပြီး ရန်ဖြစ်ကြတယ်။ နန်းကြာပွင့်ဘက်က လွန်တဲ့သဘောပါပဲ။ ဒါကြောင့် ကုန်သည်သုံးယောက်

www.burmeseclassic.com

တို့လည်း အလွန်အမင်း ဒေါသထွက်ပြီး အလဲအလှယ် ပြုလုပ်နေကြတဲ့ ပစ္စည်းတွေကိုတောင် မယူဘဲ ရွာက ထွက်သွားကြတယ်။ ဦးမောင်ခန်းက လဲလှယ်ထားတဲ့ သူတို့ပစ္စည်းတွေကို ယူသွားကြပါလို့ ပြောမယ်ဆိုပြီး ပြေးလိုက်သွားတော့ ရွာထိပ်က ညောင်ပင်ကြီးအောက်မှာ မှီတယ်။ သူတို့သုံးယောက်မှာ တစ်ယောက်က ဓါးမြောင်နဲ့ သူ့လက်ဖျံကို ထိုးဖောက်ပြီး သွေးစက်ချရင်း ဂါထာ၊ မန္တန်တွေကို ရွတ်နေတာမြင်တော့ ဦးမောင်ခန်းလည်း စိတ်တွေ ပြောင်းလဲသလို ဖြစ်သွားပြီး ဘာမှမပြောဖြစ်တော့ဘဲ ပြန်လာခဲ့တယ်။ စိတ်ထဲမှာလည်း ခေါင်းကြီးလောက်အောင်ထိ ကြောက်လာနေမိတယ်။ ဘယ်လိုခံစားရမှန်း မသိလည်း ဖြစ်လာမိတယ်။ ဒါကြောင့် စိတ်ဂနာမငြိမ်သလို ဖြစ်နေရာကနေ လယ်တောကို ထွက်သွားတယ်’

ကျွန်တော်စိတ်ဝင်စားစွာဖြင့် နားတောင်နေသလို ခေါင်လွမ်းလည်း ပါးစပ်အဟောင်းဖြင့် ဆရာတော်အား စိုက်ကြည့်နသည်။

‘ဖခင်ဖြစ်သူ နောက်နေ့အထိ ရောက်မလာလို့ သမီးဖြစ်သူ နန်းကြာပွင့် လိုက်သွားတော့ ဟိုမှာ ဖခင်ဖြစ်သူဟာ လယ်တောအိမ်လေးမှာပဲ ဝမ်းတွေ အကြီးအကျယ်သွားနေပြီး မထနိုင်တော့ဘူး။ ဒါကြောင့် ချက်ချင်း အိမ်ကို ပြန်လာပြီး ယောက်ျားဖြစ်သူ အိုက်ထွန်းနဲ့ ရွာသားအချို့ကိုခေါ်ပြီး စောင်ပုခက်နဲ့ ထမ်းသယ်လာကြပေမယ့် ဆေးကုချိန်တောင် မရလိုက်ဘဲ ကွယ်လွန်သွားရှာတယ်။ အဲဒီနောက် သမီး၊ ပြီးတော့ သမက်၊ ပြီးတော့ အဘိုးအိုကို သွားသယ်ကြတဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ရက်ပြီးတစ်ရက် ဆက်တိုက်ကွယ်လွန်သွားကြတာ မကြည့်ရက်၊ မကြားရက်လောက်အောင်ပါဘဲ။ ဟိုကုန်သည်တွေက ဘယ်လိုကျိန်စာ၊ အတိုက်အမှောင့်တွေနဲ့ တိုက်ခိုက်ထားခဲ့မှန်းလည်း မသိဘူး။ ဒါကြောင့် အဲဒီ တိုက်ခိုက်ခံနေရတဲ့ ကံစီရွာကြီးမှာ မနေရဲကြတော့ဘဲ နီးစပ်ရာ ရွာတွေကို ပြောင်းပြေးကုန်ကြတယ်။ တချို့လည်း ကိုယ့်လုပ်စားကွင်းနဲ့ နီးချင်လို့ ဒီနေရာမှာ ရွာသစ်လာတည်ကြတယ်။ ရွာသစ်တည်ကြတဲ့ အထဲမှာ ဘုန်းကြီးရဲ့ မိဘတွေလည်း ပါတာပေါ့။ အခု ဒီကံစီရွာသစ်မှာ အိမ်ခြေငါးဆယ်ကျော် ရှိတယ်။ရွာသစ်တည်နေကြတဲ့လူတွေနဲ့ အခြားရွာတွေကို ပြောင်းပြေးသွားကြတဲ့လူတွေပဲ အသက်ချမ်းသာ ရကြတာပါ။ ရွာဟောင်းမှာတော့ တစ်ယောက်၊ တစ်အိမ်တောင် မကျန်တော့ပါဘူး’

မဆိုစလောက်သော အပြစ်သည် အဆိပ်ဖြစ်သော အခါ အသက်ကိုလည်း သေတတ်သည်။ ဘဝကိုလည်း ပျက်တတ်သည်။ လူပေါင်းများစွာကိုလည်း ဒုက္ခပေးတတ်သည်။

သူတော်ကောင်း ဖြစ်ချင်သူတို့ ဆင်ခြင်သင့်သည်။ အကြီးအမှူး ပြုချင်သူတို့ ရှောင်ကြဉ်သင့်သည်။ ဗဟုသုတ ရလိုသူတို့ မှတ်သားသင့်သည်။

* * *

သရဲ၊ တစ္ဆေဟူသည်မှာ ခြောက်လှန့်တတ်သည်။ နှောင့်ယှက်တတ်သည်။ မကောင်းသော အနံ့ကို ပေးတတ်သည်။ မှားသော အယူရှိသည်ဟု ကျွန်တော်မှတ်သားဖူးသည်။

ယခု ကျွန်တော်နှင့် တပ်သား ခေါင်လွမ်းတို့ တွေ့ကြုံခဲ့ကြရသော သရဲ၊ တစ္ဆေများမှာ မိစ္ဆာအယူဝါဒများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။

ခြောက်လှန့်ခြင်း မရှိ၊ ကူညီခြင်းသာ ရှိကြသည်။ မကောင်းသောအနံ့လည်း ပေးလေ့မရှိ။ သမ္မာအယူဆန္ဒနှင့် ဒါနပြုရန်ကိုပင် ဝိုင်းဝန်းကြိုးပမ်းပြီး လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့် မယုံနိုင်လောက်အောင်လည်း ဖြစ်ရသည်။

ကံစီရွာကြီး ပျက်သုဉ်းသွားရပုံနှင့် ပတ်သက်၍လည်း ဘုန်းတော်ကြီး၏ မိန့်ကြားချက်အရ အသည်းတထိတ် ရင်တဖိုဖိုဖြစ်ရသည်။ အိမ်ခြေနှစ်ရာကျော်သော ရွာကြီးတစ်ရွာ ပျက်စီးသွားရသည်အထိ အဖြစ်ဆိုးကြီးပေတကား။

မည်သို့ပင်ဆိုစေကာမူ ကျွန်တော်သည် ထိုနေရာသို့ အလည်တစ်ခေါက် ပြန်ရောက်ချင်နေသည်။ အဘိုးအို၏ လယ်တောအိမ်လေး၊ သမီးဖြစ်သူ၏ နှစ်ထပ်အိမ်ကြီးနှင့် ကံစီရွာ ပတ်ဝန်းကျင်များသို့ တစ်ခေါက်တစ်ဖန် ပြန်သွားပြီး လေ့လာကြည့်ရှု စူးစမ်းရန်လည်း သင့်သည်။

သို့သော်လည်း ကြာကြာမစောင့်လိုက်ရပေ။ ကျွန်တော်၏ ဆန္ဒများ ပြည့်ဝမည့် အကြောင်းတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဗိုလ်လုံ၊ ကျွန်တော်တို့ ကံစီရွာဟောင်း ဘုရားပွဲတော်ကြီးကို ကျင်းပလိုပါတယ်။ နှစ်စဉ် ကျင်းပမြဲဖြစ်လို့ လာမယ့် လပြည့်နေ့ဆိုရင် ဘုရားပူဇော်ပွဲတော်ကြီးကို စတင်ပါတော့မယ်။ ဒါကြောင့် ဗိုလ်လုံ့ဆီမှာ ခွင့်တောင်းပြီး ဗိုလ်လုံကိုယ်တိုင်လည်း ဘုရားပွဲတော်ကို ကြွရောက်အားပေးဖို့ရာအတွက် လာဖိတ်တာပါ'

သံတံတားရွာ ဥက္ကဋ္ဌကြီး ဦးကျော်စိမ်းက ခွင့်တောင်းစကား ဆိုသည်။ ထို့ကြောင့် ကျွန်တော်လည်း အတော်လေးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိသည်။ ကျွန်တော် သွားရောက်လေ့လာချင်နေသော လမ်းကြောင်းသည်လည်း ဘွင်းဘွင်းကြီး ပွင့်သွားလေသည်။

'ဟုတ်ကဲ့ ဥက္ကဋ္ဌကြီး၊ ခွင့်ပြုပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း လာမှာပါ။ ဘုရားပူဇော်ပွဲတော်ကို ဘယ်နှစ်ရက်လောက် ကျင်းပလေ့ ရှိပါသလဲ'

'တစ်ရက်တည်းပါ ဗိုလ်လုံ။ ဒီပတ်ဝန်းကျင် ရွာတွေမှာ ဘုရားဆင်းတုတော်တွေကို အိမ်တွေမှာ ပူဇော်ထားလေ့ မရှိကြပါဘူး။ အိမ်တွေက ဘုရားကျောင်းဆောင်တွေမှာ ညောင်ရေအိုးတွေလောက်ပဲ ထားကြတာပါ။ ဘုရားဆင်းတုတော်တွေကို တောတွေတောင်တွေမှာပဲ ဂူကျောင်းတွေ ပြုလုပ်ပြီး ထားကြပါတယ်။ အခုလို တစ်နှစ်တစ်ခါ ဘုရားပူဇော်ပွဲ ပြုလုပ်မှ ကိုယ့်ဘုရား ကိုယ်ပင့်ပြီး ဆွမ်းတော်ကြီး ကပ်လှူပွဲနဲ့တကွ လှူဒါန်းပူဇော်ကန်တော့ကြပါတယ်'

ကျွန်တော် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ သူတို့ ဘုရားကိုးကွယ်ကြပုံက အတော်လေးပင် ထူးဆန်းပါလားဟုလည်း တွေးလိုက်မိသည်။

'ဥက္ကဋ္ဌကြီး၊ ဒီလိုဆိုရင် ဘုန်းတော်ကြီးကျောင်းတွေမှာရော ဘုရားဆင်းတုတော်တွေကို ထားပါသလား' ဟု မေးလိုက်သည်။

ဘုန်းတော်ကြီးကျောင်းများတွင် ဘုရားဆင်းတုတော်များ ကိုးကွယ်၍ ရှိနေသည်ကို ကျွန်တော်ကိုယ်တိုင် မြင်ဖူးနေသော်လည်း သူတို့၏ ထုံးတမ်းအရ ဥက္ကဋ္ဌကြီး ပြောပြမည့် အကြောင်းကို နားလည်ချင်၍ တမင်တကာ မေးမြန်းကြည့်လိုက်ခြင်း ဖြစ်သည်။

'ဘုန်းကြီးကျောင်းတိုင်းမှာ စေတီတော်တွေရော ဘုရားဆင်းတုတော်တွေပါ ရှိကြပါတယ်။ ရွာတွေ၊ အိမ်တွေမှာသာ မရှိကြတာပါ။ ကျွန်တော်ပြောခဲ့သလို ကိုယ်ပိုင်ဆင်းတုတော်တွေကို ဘုန်းကြီးကျောင်းတွေမှာဖြစ်စေ တောတောင်တွေမှာဖြစ်စေ အဆင်ပြေသလိုထားပြီး အခုလို တစ်နှစ်တစ်ခါသာ ကိုယ့်ဘုရားကိုယ်ပင့်ပြီး ဆွမ်းတော်ကြီးကပ်လှူပွဲ၊ ဘုရားပူဇော်ပွဲတော်တွေကို ပြုလုပ်ကြတာပါ'

'ဟုတ်ကဲ့။ ထူးဆန်းပါတယ် ဥက္ကဋ္ဌကြီး။ အခုလို ဘုရားပူဇော်ပုံနဲ့ ပွဲတော်ကျင်းပပုံတွေကိုလည်း ဒီမှာသာ တွေ့ဖူးတာကြောင့် တကယ့်အမှတ်တရကြီးပါပဲ။ ဒါကြောင့် ဥက္ကဋ္ဌကြီးတို့ရဲ့ ဘုရားပူဇော်တဲ့ ပွဲတော်ကို စိတ်ဝင်စားလွန်းလို့လည်း ကျွန်တော်ကိုယ်တိုင် လာခဲ့ပါ့မယ်လို့ ကတိပေးပါတယ်'

ဥက္ကဋ္ဌကြီး ပြန်သွားပြီးနောက် ကျွန်တော် ရဲဘော်ခေါင်လွှမ်းအား လိုက်ရှာသည်။ ခေါင်လွှမ်း တပ်စခန်း၏ အပြင်ဘက် ချုံစပ်နားတွင် လောက်လေးဖြင့် ငှက်ချောင်းနေသည်ကို တွေ့လိုက်ရသည်။

'ဟိုက်ကောင် ခေါင်လွှမ်း'

ကျွန်တော့်အသံကိုကြားလျှင် ခေါင်လွှမ်း ဆတ်ခနဲ လှည့်ကြည့်သည်။

'လာဦးကွ'

ခေါင်လွှမ်းသည် လောက်လေးကို ခါးမှာ ထိုးလိုက်ပြီး ကျွန်တော့်ဆီသို့ ခပ်သွက်သွက် လျှောက်လာနေသည်။ အနားသို့ရောက်လျှင် ကျွန်တော်က ပြောလိုက်သည်။

'တစ်နေ့က မင်းနဲ့ငါ ညအိပ်ခဲ့ကြတဲ့ သရဲရွာ(ကံစီရွာဟောင်း )ကို သွားရောက်ရမယ့် အကြောင်းရှိလာပြီကွ။ အဲဒီ ကံစီရွာဟောင်းမှာပဲ ဘုရားပူဇော်ပွဲရှိလို့ဆိုပြီး သံတံတား ဥက္ကဋ္ဌကြီးကိုယ်တိုင် ခွင့်ပြုမိန့်လာတောင်းရင်း ငါ့ကို ဖိတ်သွားတာ။ လာမယ့် လပြည့်နေ့မနက် စမယ်ဆိုတော့ သန်ဘက်ခါပေါ့'

ခေါင်လွှမ်း ခေါင်းတဆက်ဆက်ညိတ်ပြီး နားထောင်နေသည်။ ခေါင်လွှမ်းက စကားနည်းသည်။ တစ်ရက်လုံးနေ၍ တစ်ခွန်းပြောချင်မှ ပြောသည်။

* * *

ဘုရားပူဇော်ပွဲကြီး အတော်လေးပင် စည်ကားသည်။ အိုးစည် ဒိုးပတ်စသော ဒေသခံတီးဝိုင်းများကို ဆူညံစွာ တီးမှုတ်ပြီး ရတုရကန်များကို သံပြိုင်သီဆိုကနေလျက်



www.burmeseclassic.com

www.burmeseclassic.com

သံတံတားရွာလယ် လမ်းမကြီးအတိုင်း (ရွာလုံးကျွတ်) ချီတက်လာကြလေသည်။

သံတံတားရွာမှ အနောက်ဘက် လမ်းကလေးဘက်ကို ချိုးကွေ့ကာ စီခန်းကြီးချောင်းလေးကို ဖြတ်ကူးပြီး ကံစီရွာသစ်သို့ ရောက်လာကြသည်။ ကံစီရွာသစ်မှတစ်ဆင့် ကံစီရွာဟောင်း (သရဲရွာ)ဘက်သို့ ဆက်သွားကြသည်။

ကျွန်တော် လေ့လာချင်နေသော ကံစီရွာဟောင်းဘက်သို့ ဦးတည်ပြီး သွားနေကြ၍ ပို၍ပင် အဆင်ပြေလေသည်။

ထို့ကြောင့် ကျွန်တော်လည်း တပည့်ကျော် ခေါင်လွှမ်းအား လက်ကုပ်ခေါ်ကာ–

'ဟိုက်ကောင်၊ တို့ အဓိက လေ့လာရမှာက အဘိုးအိုရဲ့ လယ်စောင့်တဲလေးနဲ့ မင်းနဲ့ငါ တည်းခိုစားသောက် ညအိပ်ခဲ့ကြတဲ့ နှစ်ထပ် ပျဉ်စီပျဉ်ထောင် သွပ်မိုးအိမ်ကြီးနဲ့ ပတ်ဝန်းကျင်နေရာတွေပဲကွ'

ခေါင်လွှမ်းမှာ ထုံးစံအတိုင်း စကားနည်းသူ ဖြစ်သည့်အလျောက် ဘာမျှမပြောဘဲ ကျွန်တော်ပြောသည်ကို နားထောင်၍သာ နေသည်။

ကျွန်တော်လည်း အကြံရှိနေသည့်အလျောက် လူအုပ်နှင့် သိပ်ပြီးမရောဘဲ ခပ်ခွာခွာနေသည်။ သူတို့ သီဆိုကခုန်နေကြသည်ကို ကြည့်ရှုအားပေးသလို အမူအရာဖြင့် မိမိသိချင်နေသည်များကိုသာ အကဲခတ်ပြီး ရှာဖွေကြည့်နေသည်။

ထို့နောက် လူအုပ်မှခွာကာ ကျွန်တော်မှတ်သားထားခဲ့ဖူးသည့် နေရာဘက်သို့ ဆရာ့တပည့် လျှောက်သွားကြသည်။ ထိုအခါ ကျွန်တော်တို့ တည်းခို၊ စားသောက်၊ ညအိပ်ခဲ့ကြသော နှစ်ထပ်အိမ်ကြီး နေရာ၌ ခက်မငါးဖြာထွက်လျက် ကြီးမားကျယ်ပြန့်သည့် ပျဉ်ညောင်ပင်ကြီးတစ်ပင်ကိုသာ တွေ့ကြရလေသည်။

'ကံစည်ရွာသစ် ဆရာတော် ပြောလိုက်တာ ဒါပဲကွ။ လူနေရွာ/အိမ် တစ်ခုမှ မဟုတ်ဘူး ဆိုတာလေ။ မင်း မှတ်မိတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ မှတ်မိပါတယ်'

'အေး . . လာ၊ ရှေ့မှာ လေ့လာစရာ ကျန်သေးတယ်' ဟု ပြောပြီး ဆက်လျှောက်ကြသည်။

အဘိုးအို၏ လယ်ကွင်းနှင့် လယ်တောအိမ်လေးကို ရှာဖွေကြရာတွင်လည်း ကျူတောၤကိုင်း တောများ ထူထပ်စွာ ပေါက်နေသည့် အင်ဒိုင်းတောကြီး၏ အလယ်တွင် ဖုန်းဆိုးချုံနွယ်များနှင့် ကုန်းကမူလေး တစ်ခုကိုသာ တွေ့ကြရသည်။

ကျွန်တော်တို့ ရေချိုးခဲ့ကြသော ကျောက်ရေတွင်းနေရာတွင်လည်း ကျွဲလူးအိုင်တစ်အိုင် ရှိနေသည်ကိုသာ တွေ့ကြရသည်။ ထို့ကြောင့် ကျွန်တော့်မှာ အံ့ဩ၍ပင် မဆုံးနိုင်တော့ပေ။


ကျွန်တော်ဖတ်ဖူးသည့်စာပေ၊ မှတ်ဖူးသည့် သရဲအကြောင်းများမှာ သရဲများသည် ဇော်ဇော်ပြတ်ပြတ်ဖြင့် အလွန်အမင်း အနေအစား ဆင်းရဲ၍ အပုပ်အစပ် အညှီအဟောက်များကိုသာ စားသောက်ကြရသည်။ ရတနာမြတ် သုံးပါးကို ပစ်ပယ်လျက် မိစ္ဆာအယူ ရှိကြသည်။ အလင်းရောင်မှာလည်း ကိုယ်လုံးကိုယ်ထည် ထင်ရှားပေါ်အောင် နေလေ့မရှိကြ . . စသည်ဖြင့်။

သို့သော်လည်း ယခု (ဤနေရာ၌) ကျွန်တော်တို့ တွေ့ကြုံလိုက်ရသော သရဲများမှာ ထိုကဲ့သို့ တစ်ခုမျှ မဟုတ်ပေ။ အလုံးစုံ ဆန့်ကျင်လျက် ရှိသည်။

နှစ်ထပ် သွပ်မိုး ပျဉ်စီပျဉ်ထောင် အိမ်ကြီးနှင့် ချမ်းချမ်းသာသာ နေကြရသည်။ သင်းပျံ့မွှေးကြိုင်သော သက်သတ်လွတ် အစားအသောက်များကို စားသောက်ကြရသည်။ ဆွမ်းချိုင့်ပို့ခြင်း စသော အလှူအတန်းများကိုလည်း ပြုလုပ်ကြသည်။ အလင်းရောင် အားကောင်းသော အောက်လင်းဓာတ်မီးရောင်များဖြင့်လည်း နေထိုင်ကြသည်။


ထိုသို့သာဖြစ်၍ ကျွန်တော် နားမလည်တော့ပေ။ နားမလည်သောကြောင့်လည်း ကြားခဲ့ဖူးသော သရဲများအကြောင်းနှင့် ကြုံခဲ့ဖူးသော သရဲများ၏ အကြောင်းအရာများကို ယှဉ်ပြ၊ တင်ပြလိုက်ရပေသည်။

**ထွန်းတောက်**



မြစ်ရှိန်မှန်ဝေ့အား

# မြောင်းမြသယ် (ဆင်ဖြူကျွန်း) ရှလုံးသားလေကကြီး ကမ္ဘည်းအာကွာရာ



(၁)

ရန်ထောင်အမျက်၊ အခိုးထွက်လည်း၊
ညှံ့လက်နက်ချ၊ လျှော့ဘိကလျှင်၊
ရေစရောက်လေ၊ မီးသို့သေ၏။

(ပါရမီတော်ခန်းပျို့)

(၂)

လွန်ခဲ့သော နှစ်ပေါင်း(၇၀)ကျော် ဒုတိယကမ္ဘာစစ်ကြီး ပြီးစက ဆင်ဖြူကျွန်းမြို့။

ထိုခေတ် ထိုအခါက တစ်နေရာမှ တစ်နေရာသို့ သွားလိုလျှင် ယခုခေတ်ကဲ့သို့မဟုတ်၊ လမ်းပန်းဆက်သွယ်ရေးမှာ နွားလှည်း၊ မြင်း၊ မြင်းလှည်း၊ စက်ဘီးမျှသာရှိ၍ ကုန်းကြောင်းခရီးတွင် အမြန်ဆုံးဖြစ်သော ကားဆိုသည်မှာ အလွန်ပင် ရှားပါးလှ၏။

www.burmeseclassic.com




ကားတစ်စီး မောင်းလာ
ပြီဟော့ဆိုလျှင် လူကြီး,လူငယ်
မရွေး ကလေးများအပါအဝင် အထူးအဆန်း
ဝိုင်း၍ကြည့်ကြ၊ လက်ခုပ်လက်ဝါးတီးကြ၊
ဗွက်နစ်ပြီဆိုလျှင် ဝိုင်း၍ တွန်းပေးကြနှင့်
တပျော်တပါး တဝါးဝါး တဟားဟားနှင့်။
ကားဖြတ်မောင်းသွားလျှင် ကားနောက်သို့
ကလေးငယ်များ တပျော်တပါးကြီး ပြေးလိုက်တတ်ကြ၏။
ကလေးငယ်တချို့မှာ ကိုယ်တုံးလုံး၊ တချို့က အင်္ကျီတိုမည်း
နှပ်တွဲလဲ၊ ဗေးငေါက်တောက်၊ ချောင်ပေစုး၊ ဆံပင်ဖုတ်သိုက်နှင့်။
ကားလမ်း ဆိုသည်မှာလည်း ကျောက်ခင်းကတ္တရာလမ်း မဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com

မြေသားပကတိ။ ထို့ကြောင့် မိုးရွာလျှင် မကြာခဏ ဗွက်နစ်တတ်၏။ ယခုခေတ်လို တီဗွီ၊ ရုပ်ရှင်၊ ဓာတ်ပွဲများ မရှိ။ တစ်နှစ်လုံးနေမှ တစ်ခါ,နှစ်ခါလောက်သာ ဆိုင်းသံ ဗုံသံများ ကြားရတတ်၏။ တစ်ခါတစ်ရံ ဘုရားဆွမ်းလုံးချပွဲများရှိလျှင်လည်း အိုးစည်၊ ဒိုးပတ်သံများ ကြားရတတ်သေး၏။

ဒုတိယလမ်းပန်းဆက်သွယ်ရေးမှာ ရေလမ်းဖြစ်ပြီး မြစ်ချောင်းများကို အားပြုကြရ၏။ ဤတွင် မြို့ကြီးများနှင့် ဆက်သွယ်မိနေသော အဓိကကျသည့် မြစ်မှာ ရေဝတီမြစ်ပင်ဖြစ်၏။ မြစ်ကြောင်းတွင် လှေသင်္ဘော၊ မော်တော်များ ခုတ်မောင်းနေကြသော်လည်း ဆင်းရဲသားအများစု အသုံးပြုနိုင်သည်မှာ အညာရန်ကုန် အစုန်အဆန် ရွက်တပ်လှေကြီးများသာဖြစ်၏။

ထိုစဉ်က ရေဝတီမြစ်မှာ ရေစီးသန်သန် လှိုင်းထန်ကြမ်းကြမ်းနှင့်။ ဒါကြောင့်ပင် ဆိုသည် မဟုတ်ပါလား။ ရေစီး 'ကသာ'၊ ရေသာ 'စစ်ကိုင်း'၊ လှိုင်းမှာ 'ပခန်းငယ်'၊ လယ်မှာ 'တောင်တွင်း'၊ အင်းမှာ 'တောင်သမန်'၊ ကန်မှာ 'မိတ္ထီလာ'ဟူ၍။ ယခုတော့ ရေဝတီမှာ မိခင်အိုတစ်ယောက်သဖွယ် အားပျော့အိမင်း ချည့်နဲ့နေချေပြီ။

လှိုင်းထန်သော ပခန်းငယ်သည် ဆင်ဖြူကျွန်းနှင့် မျက်စောင်းထိုး၊ အရှေ့မြောက်ယွန်းယွန်း အရှေ့ဘက်ကမ်း၊ ရှေးခေတ် တစ်ချိန်က ပုဂံငယ်ဟု ခေါ်ခဲ့ကြ၏။

ဒုတိယကမ္ဘာစစ်ကြီး ပြီးစခေတ်မို့ အစစအရာရာ ရှားပါးလှ၏။ အင်္ကျီစဆိုလျှင် လေထီးမှ ဖြုတ်ယူသော အစ(လေထီးပိုးစ)ကို အင်္ကျီချုပ်ဝတ်ကြရ၏။ ချည်ထည်ဆိုလျှင် မြေနု၊ ပခုက္ကူဘက်မှလာသော လက်ရက်ကန်းထည်များကို ဈေးကြီးပေး ဝယ်ကြရ၏။ ထဘီဆိုလျှင် 'ဖျင်ကြမ်းနှစ်နံစပ်' ထဘီနှင့် 'စပ်ထဘီ'ဟူ၍ နှစ်မျိုးရှိ၏။ 'မြေနုပင်နီ'ထည်မှာလည်း နာမည်ကြီး၏။ တစ်ခါတစ်ရံ အိန္ဒိယချည်ချောထည်များလည်း ရတတ်၏။ သို့သော် ဈေးက မသေးလှ။

ထိုခေတ် ထိုအချိန်ခါက ဆင်ဖြူကျွန်းတစ်မြို့လုံးရှိဈေးသည်များ စုစုပေါင်း အလွန်ဆုံးရှိမှ လေးငါးရာခန့်သာရှိ၏။ အစည်ကားဆုံး နေရာမှာ ဈေးမြောက်ဘက်တိုက်နှစ်လုံးခန့်အကွာ၊ ဈေးတောင်ဘက် တိုက်သုံးလုံးခန့်အကွာနှင့် ဈေးအရှေ့ဘက် တိုက်သုံးလေးလုံးခန့်အကွာကွက်ကွက်ကလေးသာ စည်ကားဆုံး ဖြစ်၏။ အထူးသဖြင့် ဈေးအရှေ့ဘက်မှ ရေဝတီမြစ်ဆိပ်သို့ သွားရသောကြောင့် ဈေးမြောက်ဘက်နှင့် ဈေးအရှေ့ဘက်သည် မြစ်ဆိပ်သို့သွားသော ကျွန်းညိုမြင်းလှည်းသမားများ စုဝေးရာ မြင်းလှည်းဆိပ်၊ စလင်းမြင်းလှည်းဂိတ်ကမူ ဈေးတောင်ဘက် ဒုတိယလမ်း၊ ဂတ်တဲ(ရဲစခန်း)၏ မြောက်ဘက်လက်ဖက်ရည်ဆိုင်အနီးတွင် ဂိတ်ထိုးကြသည်။

ဈေးမြောက်ဘက် လမ်းသွယ်ငါးလမ်းခြား၍ တစ်ပြခန့်အကွာတွင် ရှေးဟောင်းသမိုင်းဝင် ရှင်ပင်ဆုတောင်းပြည့်စေတီတော်ကြီး တစ်ဆူရှိ၏။ 'ကတုံ'တို့၏ အကြီးအကဲ 'သက်'မင်း (ခေါ်) ရခိုင်ဘုရင် 'မင်းပတိ'သည် အလောင်းစည်သူမင်းအား ထောင်ထားခြားနားမှု(ပုန်ကန်မှု)ပြုသောကြောင့် အလောင်းစည်သူမင်းသည် စစ်မက်ပြုရန် ထွက်ခဲ့စဉ် ခေတ္တတပ်စခန်းချရာ တပ်ဦးမှ ပါလာသော ဆင်ဖြူတော်သည် ကျပင်းမြို့၏ အရှေ့တောင်ယွန်းယွန်းအရပ်၌ ဝပ်နေ၏။ ထိုအရပ်၌ ဘုရားတည်၍ 'ကတုံသက်မင်း' (မင်းပတိ)ကို အောင်မြင်ရပါစေသားဟု ဆုတောင်းခဲ့ရာ ပြည့်သောကြောင့် 'ဆုတောင်းပြည့်'ဘုရားဟု ကမ္ပည်းတွင်သည်။

ဆုတောင်းပြည့်စေတီကို အမှီပြု၍ ဘုန်းတော်ကြီးကျောင်းများလည်း ပေါ်ပေါက်ခဲ့၏။ ဘုရားကြီး၏ စနေထောင့် (အနောက်တောင်)ဘက်တွင် ဆုတောင်းပြည့်ကျောင်း၊ ထိုကျောင်း၏ တောင်ဘက်တွင် လေသာကျောင်းဟူ၍ ရှိ၏။ လေသာကျောင်းနှင့် ဆုတောင်းပြည့်ကျောင်း၏ အနောက်ဘက်၌ ရှယ်တူဇရပ်နှစ်ဆောင်ရှိ၏။ စလင်းချောင်းတိမ်ထဲ၌လည်း သုံးပင်ပတ်လည် ဇရပ်တစ်လုံးရှိ၏။ အနီးဇရပ်၌ ပညာတော်လွန်း၍ စိတ်ဖောက်နေသော သီလရှင်တစ်ပါး အမြဲနေ၏။ မည်သို့ပင်ဆိုစေ ထိုဇရပ်သုံးလုံးကို သီလရှင်ဇရပ်၊ ချောင်းထဲသို့ ဆင်းသွားရာနေရာကိုလည်း သီလရှင်ဆိပ်ဟု အမည်တွင်လေသည်။

ကျောင်းခြေရင်းမှ ဇရပ်ကြီးနှစ်ဆောင်မှာ လေးထွာစိုင် ကျွန်းလုံးကြီးများဖြင့် သွပ်မိုး၊ ပျဉ်ခင်းနှင့် အမိုးအောက်မျဉ်းနားတစ်လျှောက်တွင် သွပ်ပြားကို ပန်းဖောက်၍ ပန်းဆွဲများ တပ်ဆင်ထားသည်။ တည်းခိုမည့်သူ မရှိလျှင် ဇရပ်တစ်ခုလုံး ဖုန်များဖြင့် ဖွေးဖွေးလှုပ်ရှိနေတတ်၏။ များသောအားဖြင့် သီလရှင်များ၊ ချောင်းအနောက်

www.burmeseclassic.com

ဘက် ဆွမ်းဆန်စိမ်းအလှူခံသွားရာ၌ နားခိုရာနေရာ ဖြစ်ခြင်းကြောင့်လည်း သီလရှင်ဇရပ်ဟူ၍ ခေါ်ကြခြင်းဖြစ်၏။

နွေအခါ ပူပူလောင်လောင် ရှိနေသော်လည်း မန်ကျည်းပင်ကြီးများ၊ ကုက္ကိုပင်ကြီးများအပေါ်ရှိ ကျေးသံ၊ ငှက်သံများမှ လွဲလျှင် အလွန်အေးချမ်း တိတ်ဆိတ်သောနေရာ ဖြစ်သည်။ ပူပြင်းသော သဲသောင်ပြင်ပေါ်မှ ဖြတ်သန်းလာသော လေပူတို့သည် ချောင်းကမ်းပါးစပ်ရှိ အပင်များကြောင့် အေးမြသွား၏။ ထို့ကြောင့်လည်း ဤဇရပ်နှစ်ဆောင်လုံး၌ ညအိပ်ညနေ ဧည့်သည်များ မပြတ်ရှိတတ်၏။ တစ်ခါတစ်ရံ နတ်မတောင်ကြော၊ ယော၊ ဆော၊ စေတုတ္တရာဘက်တို့မှ လှည်းများဖြင့် ဆင်းလာသော 'ပါးရဲထိုး၊ သင်တိုင်းဝတ်' ချင်းလူမျိုးများ တည်းခိုရာအရပ်လည်း ဖြစ်၏။ ထိုခေတ် ထိုအခါက ဧရာဝတီသင်္ဘောကုမ္ပဏီ ပြေးဆွဲနေသော ကာလဖြစ်၍ ဆင်ဖြူကျွန်းသည် စည်ကားသော ဆိပ်ကမ်းမြို့ဖြစ်ပြီး ကုန်စည်စီးဆင်းရာ အချက်အချာဒေသ ဖြစ်ခဲ့၏။

ဘုရားကြီးတောင်ဘက် ဆုတောင်းပြည့်ကျောင်းတိုက်မှ ကိုရင်များ၊ ကျောင်းသားများ ကစားနေရာ ဇရပ်သို့ အသက်ကြီးကြီး ရှမ်းဆရာကြီးတစ်ဦးသည် ထင်းရှူးသေတ္တာကြီးနှစ်လုံးနှင့် သစ်စေးသုတ် တောင်းကြီးတစ်လုံးကို ထမ်းပိုးဖြင့်ထမ်း၍ သီလရှင်ဇရပ်ပေါ်သို့ ရောက်ရှိလာသည်။

ထိုရှမ်းဆရာကြီးမှာ ပျော့ခမောက် အပြားဝိုင်းကြီးဆောင်းထား၍ တိုက်ပုံအင်္ကျီ၊ ရှမ်းဘောင်းဘီနှင့်။ လွယ်အိတ်နှင့် ဓားရှည်ကို စလွယ်သိုင်းထားသည်မို့ တစ်မူထူးခြားနေသောကြောင့် ကျောင်းသားလေးများနှင့် ကိုရင်များသည် ကစားနေရာမှ သီလရှင်ဇရပ်ပေါ်သို့ အပြေးအလွှားရောက်ရှိလာကြ၏။ ကလေးများနှင့် ကိုရင်များသည် စူးစမ်းသောအကြည့်၊ သိလိုသော မျက်လုံးများဖြင့် ငေးမောကြည့်ရှုနေကြ၏။

ရှမ်းဆရာကြီးလည်း ထမ်းလာသော အထုပ်အပိုးများကို ဇရပ်ပေါ်သို့ ချလိုက်၏။ ပျော့ခမောက် လွယ်အိတ်နှင့် ဓားရှည်ကိုလည်း ခေါင်းရင်းတစ်နေရာမှာ ချလိုက်ပြန်၏။ ထို့နောက် ဇရပ်ပေါ်မှ ဖုန်များကိုပင် မလှည်းကျင်းတော့ဘဲ တုံးလုံးလှဲချလိုက်၏။ မျက်နှာမှာလည်း နီရဲနေပြီး အတော်လေး ပင်ပန်းလာပုံရ၏။ မလှုပ်မယှက် တုံးလုံးလှဲနေသော ရှမ်းဆရာကြီးကိုကြည့်၍ ကိုရင်များနှင့် ကျောင်းသားကလေးများလည်း သို့လော၊သို့လော တီးတိုးစကားပြောရင်း ပြန့်သွားကြ၏။

နွေတေးရှင် ဥသြငှက်ကလေး တစ်ကောင်သည် ကုက္ကိုပင်ယံထက်ဆီက 'ဥသြ..ဥသြ' ဟူသော လေးတွဲ့တွဲ့အသံဖြင့် မနားတမ်း တေးဆိုနေကော့၏။ နေညိုချိန်မို့ တိမ်တောက်နေသည်။ ဆည်းဆာအလှတရားသည် နတ်မတောင်တန်းကြီးကို ဖမ်းစားနေ၏။

(၃)

နံနက်ခင်းအလှအပ ကျေးငှက်သံများ ဆူညံနေ၏။ နွေဦး လေနုအေးကလေးလည်း ဖြူးနေ၏။ နေလည်း ရင့်စပြုပြီ။ ချောင်းအနောက်ဘက် သပြေပင်ရွာ၊ မြောင်းဘောင်ရွာဘက်ဆီမှ ဈေးသွား ဈေးလာ၊ ဈေးဝယ် ဈေးသည်များလည်း ခြေမျက်စိသာသာ၊ ဝါးနှစ်ပြန် သုံးပြန်ခန့်ရှိသော ဆိုးဆိုးဆတ်ဆတ် ချောင်းရေပြင်ကို ဖြတ်၍ဈေးသို့ လာကြပြီဖြစ်၏။ အချို့မှာ ဇရပ်ပေါ်ရှိ ရှမ်းဆရာကြီးကိုကြည့်၍ သွားကြပြီး ဝေဖန်သံများ ဆူညံနေကြ၏။

'ဆေးဆရာကြီးပါအေ'

'အို..မြွေအလမ္ပာယ်ဆရာများလားအေ' ဟူသော အသံများဖြင့်။

အချို့ မောပန်းပြန်လာကြသော ဈေးပြန်များသည် ချောင်းပြင်တွင်ရှိ ထန်းရွက်တဲလေးများအောက်မှ လက်ယက်တွင်း (ရေတွင်း)ငယ်လေးများဆီသို့ ဆင်း၍ ရေသောက်ကြ၊ ကိုယ်လက်သန့်စင်ခြင်းအမှုကိစ္စကို ပြုလုပ်ပြီးမှ ရွာသို့ ပြန်ကြလေ၏။

ဇရပ်ပေါ်ရှိ ရှမ်းဆရာကြီးသည် ထိန်ထိန်လင်းနေသော အလင်းရောင်ကြောင့် နိုးလာ၏။ မျက်စိဖွင့်၍ အနီးပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ မြင်လိုက်ရသော မြင်ကွင်းကြောင့် အလွန်ပင် အံ့ဩသွား၏။

သူ၏အနီးတွင် ကြွေရည်သုတ် မောင်းထောင်ချိုင့် (ရေတည်ချိုင့်) တစ်လုံးပေါ်၌ ပန်းကန်ပြားတစ်ချပ် ၄င်းပန်းကန်ပြားတစ်ချပ်ပေါ်တွင် သောက်ရေခွက်တစ်လုံးနှင့်။ ခေါင်းရင်းဘက်တွင်လည်း သောက်ရေအိုးတစ်လုံး ရောက်ရှိနေပြီး အဖုံးနှင့် သောက်ရေခွက်တစ်ခွက် အဆင်သင့်။ ထို့အပြင် ပန်းကန်ပြားတစ်ချပ်ပေါ်ရှိ ဟင်းသောက်ပန်း



www.burmeseclassic.com

www.burmeseclassic.com

ကန်စောက်တစ်လုံး အဖုံးဖုံးလျက် ဖွန်းတင်လျက်။

'ဒကာကြီး နိုးပြီလား'

ဘယ်အချိန်က ရောက်နေမှန်း မသိသော ကိုရင်က မေးလိုက်၏။

'တင်ပါ့..ဘုရား'

'ညက..ဒကာကြီး ကယောင်ကတမ်းနဲ့ ယောင်နေတာကြားလို့။ ဆရာတော်ကိုယ်တိုင် လာကြည့်ပြီး ဒကာကြီးကို အနန္တသုခဆိုတဲ့ ဆေးတိုက်ပြီး ပြန်သိပ်ထားခဲ့တာ'

'တင်ပါ့ဘုရား..တပည့်တော် အိပ်မက်လိုလို၊ ဘာလိုလို ထင်နေတာဘုရား'

'ဘယ်ဟုတ်ရမလဲ ဒကာကြီးရဲ့..ညက ဒကာကြီး အဖျားကြီးပြီး သတိလစ်၊ ကယောင်ကတမ်း ဖြစ်နေတာ။ မနက်အစောကြီး တုံးခေါက်(အုန်းမောင်းခေါက်)ပြီးတော့ တစ်ခါ ဆင်းကြည့်သေးတယ်။ ဒကာကြီးက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတယ်'

'တင်ပါ့ဘုရား။ ဒါ့ထက် ကိုရင့်ဘွဲ့က..'

'ပညာသီရိ'

ကိုရင်သည် တုံးတိတိနှင့် ဖြေလိုက်၏။

ပြီးတော့ ဆက်လက်၍-

'ဒီဘက်က မောင်းထောင်ချိုင့်ထဲက ရေက မျက်နှာသစ်ဖို့၊ မျက်နှာသစ်ပြီးရင် ဒီဘက်က ပန်းကန်စောက်ထဲမှာ ယာဂု(ဆန်ပြုတ်)၊ ခေါင်းရင်းမှာ သောက်ရေအိုးလိုတာရှိ ကျုပ်ပြော'

'တင်ပါ့ဘုရား၊ ကျေးဇူးကြီးမားလှပါတယ်ဘုရား'

'အဲ..ယာဂုသောက်ပြီးတော့ စားဖို့ဆေး၊ ရော့'

ကိုရင်သည် လက်ထဲမှ စက္ကူဖြင့် ထုပ်လုပ်ထားသော ဆေးထုပ်ကို ပေးလိုက်၏။

'ကျုပ် ကျောင်းပေါ် သွားလိုက်ဦးမယ်'

'တင်ပါ့ဘုရား'

ရှမ်းဆရာကြီး လက်အုပ်ချီလျက်။ ကိုရင်လည်း ကျောင်းပေါ်သို့ ပြန်ကြွသွား၏။

ရှမ်းဆရာကြီးသည် မကြာမီ အချိန်အတွင်းမှာ မျက်နှာသစ်၊ ယာဂုသောက်၊ ပြီးသည်နှင့် ဆရာတော်၏ ဆေးကို သောက်လိုက်၏။ အဖျားကတော့ မကျသေး။ တစ်ကိုယ်လုံးမှာ တောင့်တင်းကိုက်ခဲ နာကျင်နေသေး၏။ မနေ့က ဘာမှ မစားရသေးသောကြောင့် ယာဂုသောက်လိုက်ရ၍ အားရှိသလိုပင် ဖြစ်လာ၏။ သို့သော် မတ်မတ်မရပ်နိုင်သေးပေ။ မျက်လုံးနှင့် ခန္ဓာကိုယ်ကံ ကြာရှည်စွာ မနေနိုင်တော့၍ တုံးလုံးလှဲလိုက်ရပြန်သည်။ ခဏလေး အတွင်း၌ပင် အိပ်ပျော်သွား၏။

(၄)

ခွေးအူသံများ ဆူညံစွာ ကြားနေရ၏။ နေ့ခင်းကြောင်တောင် ခွေးအူသံများမှာ ဆုတောင်းပြည့်ကျောင်း ဆရာတော် ဆွမ်းမစားမီ ဖားစည်တီးသံကြောင့် ဖြစ်၏။ ဖားစည်တီးလျှင် ဆွမ်းပွဲပြင် ဘုရားဆွမ်းတော်ကပ်၊ အမျှအတန်းဝေကာ ဆွမ်းတော်တင် စွန့်ပြီးမှ ဆရာတော် ဆွမ်းဘုဉ်းပေးလေ့ရှိသည်။

ရှမ်းဆရာကြီးလည်း ဆူညံသော ခွေးအူသံများကြောင့် နိုးလာ၏။ မိမိဘေး၌ ဖနောလင်ပန်း၊ နီးအုပ်ဆောင်း အုပ်ထားသည်ကို တွေ့ရ၍ ကိုရင် နေ့လယ်စာ လာပို့သွားပြီဟု သိလိုက်၏။ ကပျာကသီ မျက်နှာသစ်၊ ပလုတ်ကျင်း၍ တဘက်စောင်ဖြင့် သုတ်ကာ နေ့လယ်စာ ကြက်သားဆန်ပြုတ်ကို သောက်လိုက်သည်။ မနက်ကထက်စာလျှင် အနည်းငယ် သက်သာစပြုလာပြီ။ သို့သော် အားက မရှိသေး။ အဖျားကလည်း ရှိနေဆဲမို့ ဆေးစားပြီး တုံးလုံးလှဲရပြန်သည်။ သိပ်မကြာချေ၊ ရှမ်းဆရာကြီးသည် ထိုနေ့အဖို့ ဒုတိယအကြိမ် အိပ်ပျော်သွားပြန်၏။

ဆရာတော်က အာဂန္တုဧည့်သည် ပြုစုနိုင်ရန် ကိုရင်ပညာသီရိကို တာဝန်ပေးထား၏။ ရှမ်းဆရာကြီး နေမကောင်းနေသောကြောင့် နေ့လယ်ခင်း ကလေးများ ကစားလျှင်ပင် အသံကျယ်ကျယ်ဖြင့် မကစားရချေ။ ကျောင်းပေါ်က ဖျာ၊ သောက်ရေအိုး၊ ရေနွေးကရားမှအစ လိုလေသေးမရှိအောင် ကိုရင်ပညာသီရိက လုပ်ဆောင်ပေးရသည်။ မွန်းလွဲတစ်ချက်တီးချိန် (မွန်းလွဲတစ်နာရီချိန်) ကျော်ပြီမို့ ကျောင်းခြေရင်းဘက် သီလရှင်ဇရပ်နှင့် မဝေးလှသော ကွင်းပြင်မှာ ကိုရင်လေးများ ကျောင်းသားလေးများလည်း ထွေထုတမ်း၊ ခွေးရူးလိုက်တမ်း၊ တူတူပုန်းတမ်း၊ ခွေလိမ့်တမ်း ကစားနေကြ၏။

ကုက္ကိုပင်ပေါ်မှ ချိုးကူသံ၊ ကျီးကန်းတို့၏ အာမြည်သံ၊ ဥဩတို့၏ ဥဩဟူသော တွန်သံ၊ ဆက်ရက်



www.burmeseclassic.com

www.burmeseclassic.com

ကလေးများ၏ ချစ်ခွန်းတုံ့တင်သံတို့နှင့် မန်ကျည်းတန်း၊ ကုက္ကိုပြင်တန်းကို ဖြတ်သန်းလာသော အေးမြလှသည့် လေပြေလေညင်းတို့သည် သီလရှင်ဇရပ်ပေါ်မှာ နားနေ ခိုအောင်းသူတို့အား ကြည်နူးရွှင်လန်းစေလိမ့်မည်မှာတော့ အမှန်ပင်။

(၅)

ဤသို့ဖြင့် ရက်သတ္တပတ် တစ်ပတ်ခန့်ကြာသော်-

(၆)

ယနေ့နံနက်တွင် ပိတောက်တွေ ပွင့်နေပြန်သည်။ ပိတောက်သည် မိုးကိုမျှော်၏။ မိုးရနံ့ရလျှင် ဝါဝါထိန် ထိန်လွင်လွင် ပင်လုံးကျွတ်ညွတ်အောင် ပွင့်ဖူးဆင်ကြ၏။

'တစ်နှစ်တွင် ဒီတစ်လပေပ၊ တစ်လတွင် ဒီတစ်ရက် တည်း ခက်ခဲတဲ့ ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြ စုံမြိုင်တွင်း'ဟု အဆိုရှိခဲ့သော ပန်းဖြစ်၏။

မနေ့ညက မိုးပြေးတစ်ပြိုက် သည်းသည်းကြီး ရွာ လိုက်ပြီဖြစ်၍ ပိတောက်တွေ ဝေခဲ့ခြင်းဖြစ်သည် မဟုတ် ပါလော။

မယ်သီတော်ဆိပ် သီလရှင်ဇရပ်ပေါ်ရှိ ရှမ်းဆရာကြီး လည်း ကျန်းမာလာပြီဖြစ်၏။ မနက်စာ ဆွမ်းခံမထွက်မီ ကလေးယ်များ ကိုရင်များကို ဂမ္ဘီရပညာစွမ်းများ ပြ လေ့ရှိ၏။ ကိုရင်များ၊ ကျောင်းသားများလည်း ဝိုင်းအုံ၍ ကြည့်ကြ၏။ ယခုလည်း ကျောင်းပေါ်မှ သံကြိုးများယူ ပြီး ကျောင်းသားကလေးများက ရှမ်းဆရာကြီးကို လှုပ်၍ မရအောင် တုပ်နှောင်ထားကြ၏။ တုပ်နှောင်ထားရုံမျှမက သော့ပါ ခတ်လိုက်သေး၏။

ရှမ်းဆရာကြီးက-

'ကဲ··ကလေးတို့ တော်ပြီလား၊ တော်ပြီဆိုရင် စောင် တစ်ထည်နဲ့ လုံအောင်အုပ်လိုက်'ဟု ပြောလိုက်၏။

စောင်ခြုံအောက်က ဆရာကြီး မည်သို့လှုပ်ရှားသည် ကိုတော့ မသိရ၊ မမြင်ရ။ သို့သော် ခဏလေးအတွင်းမှာ ပင် ရှမ်းဆရာကြီးမှာ သံကြိုးများ မရှိတော့ဘဲ လွတ် မြောက်လာ၏။ သို့သော် သော့မှာလည်း ခတ်လျက်သား။ သံကြိုးများမှာလည်း အချည်အနှောင်မပျက်။

ကိုရင်များ၊ ကလေးများသည် ပျော်ရွှင်စွာ ဝိုင်း၍ လက်ခုတ်တီးကြသည်။ အော်ကြ၊ ဟစ်ကြ၊ ချီးမွမ်းကြ နှင့်။



'ဟင်'

'ဟာ'

'မဖြစ်နိုင်တာကွာ'

အံ့သြခြင်းများစွာဖြင့် သံကြိုးကို စစ်ဆေးကြ၊ သော့ ခလောက်ကို ပွင့်,မပွင့်၊ ပျက်,မပျက် စစ်ဆေးကြနှင့် ကလေးများ အလုပ်ရှုပ်နေကြ၏။

'ကဲ··ကဲ··ကိုရင်တို့ ပစ္စည်းတွေ သိမ်းလိုက်ပါဦး။ တပည့်တော်လည်း နားဦးမယ်'ဟု ရှမ်းဆရာကြီးက ကိုရင်များကို ပြောလိုက်သဖြင့် ကလေးငယ်များလည်း ပြေးထွက်သွားကြ၏။

သို့သော် ကိုရင်ပညာသီရိ တစ်ပါးသာ ဆရာတော် ၏ အမိန့်အရ ရှမ်းဆရာကြီးအတွက် ယာဂုနှင့် အကြော် တစ်ပန်းကန် ပို့လာရင်းမှ-

'ဒကာကြီး··တော်တော်နေကောင်းသွားပြီပဲ'

'တင်ပါ့ဘုရား··ဆရာတော်ဘုရားကြီးနဲ့ ကိုရင်တို့ ကြောင့် တပည့်တော် တော်တော်ကလေး နေကောင်းသွား ပါပြီဘုရား'

ဆက်လက်၍-

'ဒါထက်··ကိုရင်ကို တပည့်တော် တစ်ခုမေးပါရ စေဘုရား'

'ဘာလဲ ဒကာကြီးရဲ့'

'တပည့်တော်က တစ်သက်လုံးစာ ကျေးဇူးဆပ်တဲ့ အနေနဲ့ ပညာတစ်ရပ် သင်ပေးချင်တယ်ဘုရား'

'ဘာပညာများလဲ ဒကာကြီးရဲ့'

'မြွေကိုက်တဲ့သူတွေကို ဆေးကုသပေးတဲ့ ပညာရယ် မြွေနဲ့ပတ်သက်တဲ့ ပညာပေါ့။ မလိုချင်ဘူးလား၊ ဘုန်းများ



www.burmeseclassic.com

www.burmeseclassic.com

အသက်တစ်ချောင်း ကယ်နိုင်တာပေါ့'

'အာ..မလိုချင်ပါဘူး ဒကာကြီးရယ်၊ ရှုပ်ရှုပ်ယှက်ယှက်'

'အင်း'

ဆရာကြီး သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်၏။ ပြီးတော့ တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးတောနေ၏။ ဒီလိုမေးနေလို့ကတော့ ကိုရင် ပညာယူလိမ့်မည် မဟုတ်၊ ယူမည့်ပုံမပေါ်။

ဆရာကြီး၏ စိတ်ထဲ၌ 'ကိုရင်ကို ကျေးဇူးဆပ်စရာဆိုလို့ ဒီနည်းလမ်းတစ်လမ်းပဲ ရှိတယ်။ ဒီတော့..'

စိတ်ထဲမှ ကြံစည်နေသော အကြံအစည်ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်ချက်ချလိုက်တော့သည်။

(၇)

'နဂါးရယ်သွန် ရသာမွန်၊ ဂျုန်စို့ပါတဲ့ ပင်နီရည်ထူး'

နဂါးသည် စနေနံ(တ၊ ထ၊ ဒ၊ ဓ၊ န) ဖြစ်၏။ ထန်းနို့သည်လည်း စနေနံဖြစ်၏။ ထိုစနေနံ ထန်းနို့နဂါးက သွန်ချသော နို့အား ဂျုန်ဟူသော တနင်္ဂနွေနံ(အ) အိုးဖြင့် ခံယူထားသည်ကို ဂျုန်စို့သည့် နဂါးနို့ဟု တင်စားခေါ်ဆိုခြင်းဖြစ်၏။ ဆင်ဖြူကျွန်းဘက်မှ ကြည့်လျှင် နွယ်တမယ်ရွာ အစပ်မှစ၍ မြောင်းဘောင်၊ သပြေပင်၊ ချောင်းဖြူရွာများအပါအဝင် ကျပင်းရွာထိအောင် ထန်းတော ကမ္ဗလာကြီးတစ်ချပ် လွှမ်းခြုံထားသလို အတိုင်းသား မြင်နေရ၏။ ထန်းရည်ချို၊ ထန်းရည်ခါး၊ ထန်းလျက်များ အလွန်ပင် ပေါများသောဒေသ ဖြစ်၏။

နံနက်လင်းစပြုပြီမို့ မြောင်းဘောင်ရွာ၊ သပြေပင်ရွာစသည်တို့မှလာသော ဈေးသည်များသည် မယ်သီတော်ဆိပ်မှ လာတတ်ကြသလို မယ်သီတော်ဆိပ်အထက်နား ဆုတောင်းပြည့်ဘုရားကြီး၏ မြောက်ဘက် ပြည်တော်သာဆိပ်မှလည်း လာတတ်ကြ၏။ သပြေပင်ဘက်မှ ဈေးသည်အမျိုးသမီးကြီးတစ်ဦးသည် ခံတောင်း(ဈေးတောင်း)ကို ခေါင်းပေါ်မှ ချ၍ သီလရှင်ဇရပ်ပေါ်သို့ တင်လိုက်၏။ ခေါင်းခုကို ခေါင်းပေါ်မှ ယူပြီးဖြန့်ကာ ယပ်ခတ်နေ၏။

မျက်နှာပေါ်ရှိ ချွေးများကို သုတ်နေရင်းမှ-

'မောင်ကြီး..ချောင်းဖြူကြာပုံထန်းလျက် ပါတယ် မောင်ကြီး၊ ယူဦးမလား'

'ဟုတ်ကဲ့ အစ်မတော်၊ ငါးဆယ်သားလောက် ရောင်းခဲ့ပါ အစ်မတော်'

ရှမ်းဆရာကြီးက ချောင်းဖြူကြာပုံ ထန်းလျက်ကို ငွေပေးချေပြီး ဝယ်ယူလိုက်၏။

ထိုခေတ်ထိုအခါက ညီတော်၊ ညီတော်မောင်၊ အစ်ကိုတော်၊ အစ်မတော်ဟူ၍ သုံးနှုန်းကြ၏။ 'တော်'ဟူသော အသုံးနှုန်းသည် ယဉ်ကျေးသော 'ထီးသုံး၊ နန်းသုံး' စကားဖြစ်၏။ မင်းမျိုးမင်းနွယ်များကို 'အနွယ်တော်'၊ 'တော်ဘုရား'၊ 'ဦးကြီးတော်'၊ 'ဘကြီးတော်'၊ 'သားတော်'ဟူ၍ သုံးနှုန်းလေ့ရှိသလို အချို့အညာဒေသ ကျေးလက်များ၌လည်း ယနေ့တိုင် ဤကဲ့သို့ သုံးစွဲလျက်ရှိသေး၏။ ဇနီးမောင်နှံများကြား သုံးလေ့ရှိသော 'တော်'မှာ ဇနီးဖြစ်သူက ခင်ပွန်းဖြစ်သူအား အရှင်သခင်အဖြစ် 'တော်'၊ 'တော်ဘုရား'ဟု ထူးခြင်းဖြစ်၍ အလွန်ပင် ယဉ်ကျေးသော စကားဖြစ်၏။ သို့သော် ယနေ့ခေတ်တွင် မှေးမှိန်စပြုလာပြီ။ ထိန်းသိမ်းသင့်သည့် စကားလုံးဟု မသိကြတော့။

ထုံးစံအတိုင်း နံနက်စာ ယာဂုနှင့် အကြော်ပို့ရန် ကိုရင် ဝညာသီရိ ရောက်ရှိလာ၏။ နံနက်စာရေနွေးနှင့် မြည်းရန် မုန့်လုံးရေပေါ်၊ အထုပ်လည်း ပါလာသေး၏။

ကိုရင် ပညာသီရိက-

'ဒကာကြီး..နောက်သုံးရက်လောက်နေပြီး ပြန်တော့မယ်ဆို'

'တင်ပါ့ဘုရား'

'ကျန်းမာရေးကရော ကောင်းပြီလား'

'တင်ပါ့ဘုရား..အတော်လေး ကောင်းပါပြီဘုရား'

ရှမ်းဆရာကြီးက ဆက်လက်ပြီး-

'ဩော်..ကိုရင်၊ စောစောကလေးက ချောင်းဖြူကြာပုံထန်းလျက်ခဲ ဖြူဖြူကလေးတွေ ကိုရင် ကြိုက်တတ်လို့ ဝယ်ထားလိုက်တယ်ဘုရား။ ယောဟိုလွယ်အိတ်ထဲမှာ ရှိတယ်'

လေးထွာဆိုင်ခန့်ရှိသော ကျွန်းတိုင်လုံးမှာရှိသည့် သံငုတ်ပေါ်တွင် ချိတ်ဆွဲထားသော လွယ်အိတ်ကို လက်ညိုးထိုးပြလိုက်၏။

ကိုရင် ထန်းလျက်ကြိုက်သည်ကို ရှမ်းဆရာကြီးက



www.burmeseclassic.com

www.burmeseclassic.com

သိရှိ၏။

ကိုရင်ကလည်း-

'ချောင်းဖြူ ကြာပုံထန်းလျက်ဆို အကြိုက်ပဲ ဒကာကြီး'

ချောင်းဖြူထန်းလျက်သည် အချိုလေး၏။ သနပ်ခါးရည်ကြိုကဲ့သို့ဖွေး၏။ ဆွတ်ဆွတ်ဖြူတော့မဟုတ်၊ နူးညံ့ပျော့ပျောင်း၏။ လျှာပေါ်တင်၍ ဖိချလိုက်ရုံဖြင့် အိခနဲပျော်သွား၏။ ထို့ကြောင့် ကလေးများ ကြိုက်၏။

ကိုရင်သည် လွယ်အိတ်ရှိရာသို့သွားပြီး လွယ်အိတ်ထဲမှ ထန်းလျက်ထုပ်ကို လက်ဖြင့် နှိုက်လိုက်ပြီးနောက်တွင် 'အား··အား··အား··အား'ဟု ကျယ်လောင်စွာ အော်၍ ရှမ်းဆရာကြီးရှိရာသို့ ပြေးလာ၏။ ထန်းလျက်ထုပ်လည်း ကြမ်းပြင်ပေါ်သို့ကျပြီး တစ်ခဲစီ ပြန့်ကျဲသွား၏။

'ကျုပ်··ကျုပ်ကို··လွယ်အိတ်ထဲက မြွေ··မြွေ ကိုက်လိုက်တာဗျ'

လက်တစ်ဖက်မှလည်း ညာဘက်လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထား၏။ လက်ဖမိုးမှ အစွယ်ရာနှစ်ပေါက်က သွေးယိုလျက်။

'ဟုတ်ကော ဟုတ်ရဲ့လား ကိုရင်ရယ်'

ရှမ်းဆရာကြီးက မေးလိုက်၏။

ကိုရင်လည်း ပြင်းထန်စွာ ခံစားနေရသည့်ကြားက-

'မြွေကို ကျုပ်မြင်လိုက်ရတာဗျ။ ဒကာကြီး ကျုပ်··ကျုပ်ကို ကယ်ပါဦးဗျာ'

'ကိုရင်··သိပ်ပြီး မစိုးရိမ်ပါနဲ့၊ စိတ်အေးအေးထားပါ။ ဘာမှမဖြစ်ပါဘူး။ မကြောက်ပါနဲ့။ တပည့်တော်ဒီလောက်တော့ ကုနိုင်ကောင်းပါရဲ့ဘုရား'

ရှမ်းဆရာကြီးသည် ကပျာကသီထ၍ ဟင်္သာပြဒါးသုတ် ယွန်းအစ်ထဲမှ မြွေဆိပ်ဖြေဆေးတောင့်ကို ယူလိုက်ပြီး ဆေးကို တစ်ချိုးချိုးကာ ရေတစ်ခွက်နှင့် တိုက်လိုက်၏။ လက်ဖမိုးပေါ်မှ သွေးထွက်နေသော အစွယ်ရာပေါ်သို့ ပါးစပ်ထဲ နှမ်းဆီငုံ၍ စုပ်ကာ အဆိပ်ရှိသော သွေးများကို ထွေးထုတ်လိုက်၏။ ဤသို့ အကြိမ်များစွာ ပြုလုပ်ပြီး လက်ဖမိုးကို ဆေးလိမ်းပေး၏။

ကိုရင်က-

'ဒကာကြီး···ကျုပ်··ကျုပ်··မသေလောက်ပါဘူးနော်'

စိတ်အားငယ်စွာဖြင့် မေး၏။

'ကြံကြံဖန်ဖန် ကိုရင်ရယ်၊ အခု ခဏလေးအတွင်း သက်သာသွားအောင် တပည့်တော် စုတ်ပေါက်ပေးရလိမ့်မယ်။ သိပ်ပြီးမနာပါဘူး ကိုရင်'

ထို့နောက် တောင်ဆုပ်ခန့်ရှိသော ကြေးဝါး'စုတ်'ကို ယူ၍ ဆေးအုပ်သေးသေးကလေးထဲမှ ဆေးကိုယူပြီး ဦးခေါင်းမှစ၍ အဆိပ်ပြေ 'စမ'ဝိဇ္ဇာလာသာ 'စမ'များ ပေါက်ပေးလေ၏။

'အဆိပ်တက်ပုံ ကြည့်ရခြင်းအားဖြင့် ကိုရင်ကို ကိုက်တဲ့ မြွေက တောကြီးမြွေဟောက် ဖြစ်ဖို့များတယ်။ အဆိပ်ပြင်းတယ်။ အချိန်ကြာသွားမယ်ဆိုရင် သွေးကြောတွေ ပေါက်ထွက်ပြီး ခန္ဓာကိုယ်မှာ အနီရောင်အကွက်တွေ (သွေးခြည်ဥတွေ) ထွက်လာတတ်တယ်။ အဲဒီလိုမျိုးမှာဆိုရင် အသက်ဟာ လူနာဘက်မှာတစ်ဝက်၊ ဆရာဘက်မှာ တစ်ဝက်စီ ဖြစ်သွားရော၊ အကုရခက်ရော'

တကယ်တော့ ရှမ်းဆရာကြီးမှာ ကိုရင်ကို သတိမလစ်စေရန် ကြံဖန်ပြီး စကားပြောနေခြင်းသာ ဖြစ်၏။

'ဒကာကြီး··ကျုပ်မျက်စိတွေ ကြည့်မကောင်းတော့ဘူး'

မြွေဆိပ်မွှန်လာပြီဖြစ်၍ ကိုရင်မျက်လုံးများ မှုန်ဝါးစပြုလျက်ရှိ၏။

ရှမ်းဆရာကြီးက-

'ကိုရင်··ကြည့်မကောင်းရင် မျက်စိမှိတ်ထားလိုက်'

ကိုရင် မျက်စိမှိတ်လိုက်သည်နှင့် သတိလစ်သွားပြီး ပက်လက်လန်ကျသွား၏။ အခြေအနေကို ကြည့်နေသော ရှမ်းဆရာကြီးက အလိုက်သင့် ပွေ့ယူလိုက်ပြီး သူ့အိပ်ရာပေါ်သို့ သိပ်ထားလိုက်၏။

ကိုရင်၏ ဦးနှောက်ထဲတွင်တော့ အမှောင်အတိဖုံးသွားသည်။

(၈)

ဆင်ဖြူကျွန်းမြို့ ချောင်းကမ်းပါးမှ အနောက်ဘက်သို့ မျှော်ကြည့်လိုက်လျှင် မြူခိုးတွေဝေနေသော မှိုင်းပျပျ နတ်မတောင်တန်းကြီးကို နောက်ခံအဖြစ် တွေ့မြင်နေရ၏။ ချောင်းညာဘက် ရာဟုထောင့်ဆီမှ မိုးညို့သည်မှာ နှစ်ရက် သုံးရက်ခန့်ရှိပြီဖြစ်၍ ချောင်းရေမှာ တိုးလာသည်။ လက်ယက်တွင်းကလေးများကို နေပူသက်သာအောင် ဝါး



www.burmeseclassic.com

www.burmeseclassic.com



တိုင်ဖြင့် ခယိုခယိုင် ပြုလုပ်ထားသော ထန်းရွက်တဲငယ်လေးများသည် ပြိုလဲသွားကြ၏။ လက်ယက်တွင်းများမှာလည်း ရေစီးအားကြောင့် သဲဖို့သွားပြီး ရေပြင်လွှမ်းသွားသည်။ ဒိုက်သရောများသည်လည်း စီးမြောနေကြ၏။

ချောင်းမှာ တောင်ကျချောင်းဖြစ်၍ တစ်ဟုန်ထိုးပြေးဆင်းလာသော ချောင်းရေကို ကျောင်းသားများနှင့် ကိုရင်များ တပျော်တပါးကြည့်နေကြသည်။ ခပ်လှမ်းလှမ်းမှ မျောပါလာသော ဒိုက်ပုံပေါ်တွင် မြွေတစ်ကောင် ပါးပျဉ်းထောင်လျက် ပါလာခဲ့၏။ ခဲတစ်ပစ်စာ အကွာအဝေးသို့ရောက်လျှင် ကိုရင်များနှင့် ကျောင်းသားများက ခဲဖြင့်ပစ်ပေါက်ကြ၏။ ခုနစ်ပေခန့်ရှည်ပြီး လက်မောင်းလုံးလောက်တုတ်သော မြွေကြီးသည် ခဲများကို ရှောင်တိမ်းရင်းမှ ဒေါသပိုထွက်လာပြီး ပါးပျဉ်းကို ရှေ့တိုးနောက်ဆုတ် ဘယ်ညာလှည့်ကြည့်၍ ရေစီးထဲသို့ ဆင်းသွားကာ သီလရှင်ဆိပ်အနီးရှိ ချုံပုတ်များအတွင်း ပျောက်ကွယ်သွား၏။ ချောင်းရေသည် တဝေါဝေါမြည်သံပေးလျက် အရှိန်အဟုန်ပြင်းစွာ စီးဆင်းနေဆဲ။

'ဝေး..ဝေးဟေးဟေး'

ကလေးများလည်း ပျော်ရွှင်သွားပြီး လက်ခုပ်လက်ဝါးတီးကာ ညာသံပေး အော်ဟစ်ကြ၏။ ကိုရင်များ၊ ကျောင်းသားများနောက်မှာ ကိုရင် ပညာသီရိ ရှိနေ၏။

ကျောင်းသားတစ်ယောက်က နောက်လှည့်ကြည့်လိုက်ပြီးနောက် 'မြွေကြီး..မြွေကြီး' ဟု ကြောက်လန့်တကြား ထွက်ပြေး၏။

ကျန်သော ကျောင်းသားများ၊ ကိုရင်များလည်း နောက်လှည့်ကြည့်ကြရာ ကိုရင်ပညာသီရိအား 'ကိုရင်..ကိုရင် နောက်မှာ မြွေကြီး' ပြောပြော ပြေးပြေး ထွက်ပြေးကြ၏။

မြွေမှာ စောစောကမြွေ ဖြစ်၍ ဒေါသထွက်နေ၏။ ပါးပျဉ်းထောင်နေသည်မှာ နှစ်တောင်ခန့်မြင့်၏။ ရှူးရှူးနှင့်လည်း တွန်သံပေးနေ၏။ အရှည်မှာ ခုနစ်ပေခန့်ရှိပြီး ပါးပျဉ်းခွက်ထားသည်မှာ လက်ဖဝါး နှစ်ဖဝါးခန့်ရှိ၍ အလွန်ပင် ကြီးလှ၏။

ကိုရင် ပညာသီရိ မှင်တက်မိ၍ ကြောင်နေ၏။ နောက်မှ သတိရ၍ လှည့်ပြေးမည်ပြုလိုက်ရာ မြွေကြီးသည် လျှင်မြန်စွာ ပေါက်လိုက်ချလိုက်သည်။ ကိုရင် မလွတ်တော့ချေ။ ညာဘက်လက်ကို မြွေစွယ်နှင့် ငြိမိသွား၍ သွေးစို့လာ၏။ ထို့နောက် မြွေမှာ ချောင်းစပ်ရှိ ချုံပုတ်များထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

စောစောက မြင်နေရသော မြင်ကွင်းအားလုံးသည် ရုတ်တရက် အမှောင်ကျသွား၏။ မှောင်သည်မှ ပိန်းပိတ်ပိတ်မှောင် ဘာဆိုဘာမျှ မမြင်ရတော့။ ကောင်းကင်ကို မော့ကြည့်တော့လည်း ဘာမျှမမြင်ရ။

ကိုရင် ရှေ့ကိုတိုး၍ သွားနေသည်။ နောက်ဘက်ဆီမှ 'ကိုရင်..ပညာသီရိ' ဟိုးအဝေးတစ်နေရာဆီက အသံဖြစ်၏။

ကိုရင် ပညာသီရိ နောက်လှည့်ကြည့်လိုက်၏။ သို့သော် ဘာမှမမြင်ရ၊ မှောင်အတိ။ ထိုသို့ တကြော်ကြော်ခေါ်နေသော အသံကို ကြားမှူး၏။ ဒီအသံကို ယဉ်ပါး



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ဖူးသည်။ မဝေခွဲတတ်တော့ချေ။

'ကိုရင် ..ပညာ..သီ..ရိ'

ယခုတစ်ခါ ခေါ်သံသည် ရှမ်းဆရာကြီး၏ အသံဖြစ်သည်ကို ကိုရင် ပညာသီရိ မှတ်မိနေ၏။ စောစောက မှောင်ပိန်းနေသော မြင်ကွင်းများသည် ဝါးတားတား မြင်လာရ၏။ မြင်ကွင်းက ကြည်လင်မှု မရှိသေး။

'ဟား..ဟား..ဟား..မြွေပညာ မယူချင်လို့ ခုလို ခံစားနေရတာ။ ဟား..ဟား..ဟား'

'ဒကာကြီး..ကျုပ် ဒီပညာ ယူမယ်ဗျ။ ယူမယ်။ မရရအောင် ယူမယ်'ဟု ကိုရင် ပညာသီရိ အော်ဟစ်လိုက်၏။

'ဒီပညာ ကျုပ်ယူမယ်၊ ကျုပ်ယူမယ်'

'ဟား..ဟား..ဟား..ဟား...'

'ဟား..ဟား..ဟား..ဟား'

လှောင်ပြောင်ရယ်မောသံများ ကိုရင် ပညာသီရိ နားထဲ၌ ဆူညံနေ၏။

'ဒီပညာ ကျုပ်ကို သင်ပေးပါ ဒကာကြီး။ ကျုပ်ပညာယူမယ်၊ ယူမယ်..ယူမယ်'

မြင်ကွင်းများမှာလည်း ကြည်လင်လာ၏။ တဖြည်းဖြည်းနှင့် လှောင်ပြောင်ရယ်မောသံများမှာလည်း ဝေးသထက် ဝေး၍ဝေး၍ ပျောက်ကွယ်သွား၏။

(၉)

လေပွေတစ်ချက် ဝှေ့လိုက်သည်နှင့် သစ်ရွက်ခြောက်များ ဝဲကတော့ထိုး၍ ကောင်းကင်သို့ ပျံတက်သွားကြ၏။ ထိုနည်းတူ သီလရှင်ဇရပ်ပေါ်ရှိ အမှိုက်များကိုလည်း ဆွဲမြှူခေါ်ယူသွားကြ၏။ လေပွေသည် တဖြည်းဖြည်းနှင့် မြောက်ဘက်အရပ်ဆီသို့ ရွေ့လျားသွား၏။ လေပွေပျက်ပြယ်ပြီဟုဆိုလျှင် ကောင်းကင်ထက် ပျံတက်သွားသော သစ်ရွက်တို့သည် မြေပြင်သို့ ပြန်ကြစမြဲမှာ ဓမ္မတာပင်ဖြစ်၏။

ယခုလည်း ထိုနည်းနှင်နှင်။ သီလရှင် ဇရပ်ပေါ်ရှိ ကိုရင် ပညာသီရိ၏ ခန္ဓာကိုယ်ထဲမှ မြွေဆိပ်များသည် တဖြည်းဖြည်း လျှောကျလာ၏။ ဦးခေါင်းယမ်းလာပြီး မျက်နှာမှာလည်း ချွေးသီးချွေးပေါက်ဖြင့် စိုရွဲနေ၏။

နောက်ပြီး ပါးစပ်မှလည်း 'ဒီပညာ ကျုပ်ယူမယ်၊ ဒီပညာ ကျုပ်ယူမယ်'ဟူ၍ ကယောင်ကတမ်း ပြောနေသည်။

'ဟော..ကိုရင် သတိရလာပြီ'

ရှမ်းဆရာကြီးသည် တစ်ယောက်တည်း အသံထွက်သည်အထိ ရေရွတ်လိုက်မိ၏။ ကိုရင်သည် မျက်စိကို ဖွင့်ကြည့်သည်။ သို့သော် ကျိန်းစပ်နေပုံရ၏။ တော်တော်နှင့် မဖွင့်နိုင်။ မျက်နှာသုတ်စောင် ရေစွတ်၍ ညှစ်ပြီး ကိုရင့်မျက်နှာကို ရှမ်းဆရာကြီးကိုယ်တိုင် သုတ်ပေးနေ၏။

ကိုရင်သည် သူ့အားဘယ်ညာကို လှည့်ပတ်ကြည့်လိုက်ပြီး-

'ဒကာကြီး ချောင်းရေ မတိုးဘူးနော်'

'တင်ပါ့..မတိုးပါဘူးဘုရား'

'ဒါဖြင့် လက်ယက်ရေတွင်းလေးတွေ သဲမဖို့ဘူးပေါ့နော်။ နောက်ပြီး ထန်းရွက်တဲလေးတွေလည်း ပြိုမသွားဘူးပေါ့။ ကိုရင်တွေ ကျောင်းသားတွေကော ဟို..ဟို မြွေကြီးကော'

ကိုရင်သည် မနားတမ်းဆက်တိုက်ပြောရင်း မေးလိုက်၏။

'နဂိုအတိုင်းပါပဲ။ လက်ယက်တွင်းလေးတွေ ထန်းရွက်တဲလေးတွေ၊ ဟိုမှာလေ ဒီအတိုင်းပဲ'ဟု ပြောလိုက်ရင်း လက်ညှိုးထိုး၍ ပြလိုက်သည်။

ဆက်လက်၍-

'ကျောင်းသားတွေ၊ ကိုရင်တွေက ကျောင်းထဲမှာ စာအံနေကြတယ်လေ။ ပြီးတော့ ဘာမြွေမှလည်း ဒီနားမှာ မမြင်မိပါလား'

'သြော်..ဒါဆို ကျုပ် အိပ်မက်,မက်နေတာပဲ'

'ကိုရင် ဘယ်လိုနေသေးသလဲ။ အတော်လေးသက်သာသွားပြီမို့လား'

ရှမ်းဆရာကြီးက မေးလိုက်၏။

'သက်သာသွားပါပြီ ဒကာကြီး။ သူတစ်ပါးအသက်ကို ကယ်လို့ရတဲ့ ဒီပညာကို ကျုပ်ကို သင်ပေးပါတော့ ဒကာကြီး'

'တင်ပါ့ဘုရား'

ရှမ်းဆရာကြီး မျက်နှာပြုံးရွှင် ဝင်းပသွား၏။

သူဆပ်ချင်သော ကျေးဇူးတရားကို ဆပ်ခွင့်ကြုံရ၍ပြီ။ ဤနေ့မှစ၍ ကိုရင့်ကို မြွေနှင့်ပတ်သက်သော ပညာ



www.burmeseclassic.com

www.burmeseclassic.com

ရပ်များ၊ အတွေ့အကြုံများ၊ ဆေးဝါးများကို လိုလေသေးမရှိ သင်ကြားပေးလေတော့၏။

ရှမ်းဆရာကြီး၏ မျက်နှာမှာ အမြဲတမ်းလိုလို ပြုံးပန်းရာထောင့်ပွင့်လျက်။ ရာဟုမှ လွတ်သော လမင်းနှယ်။

(၁၀)

ဆုတောင်းပြည့်ဘုရားကြီး၏ ဆည်းလည်းသံများသည် ချိုလွင်နေသည်။ ဆုတောင်းပြည့်ကျောင်း၊ သီလရှင်ဇရပ်နှင့် ရွှေရောင်တဝင်းဝင်းလက်နေသော ဆုတောင်းပြည့်ဘုရားကြီးသည် ချောင်းထဲ သဲသောင်ပြင်ပေါ်မှ ကြည့်လျှင် ကြည်နူးဖွယ်ရာအတိ။ ဆုတောင်းပြည့်ဘုရားကြီး၏ အနောက်ဘက်ကပ်လျက် စလင်းချောင်းသည် ဆင်ဖြူကျွန်းမြေ၏ ကောက်ကြောင်းတစ်မျှင် ဖြစ်၏။ ချောင်းထဲတွင် ကုန်းတန်းကမူ၊ ခင်တန်းနှင့် ကိုင်းတောကြီးလည်း ရှိ၏။ ဒီနောက်တော့ ထန်းတောက တစ်လွှာ၊ နတ်မတောင်ကြောက တစ်သွယ်၊ ထို့နောက်ဝယ်မှာတော့ အနောက် ရိုးမတောင်တန်း၊ တစ်လွှာချင်း ထပ်၍ ကပ်ထားသော ပန်းချီကား တစ်ချပ်သဖွယ်။ စိမ်းစိုမြမောင်း သစ်တောများလည်း ကောင်းလှ၏။

သီလရှင်ဇရပ်ပေါ်ရှိ ရှမ်းဆရာကြီးသည် ဆင်ဖြူကျွန်းမှ အပြီးအပိုင် ထွက်ခွာတော့မည်ဖြစ်၍ နောက်ဆုံးအနေဖြင့် ဆရာတော်အား ဖူးမြော်နှုတ်ဆက်ရင်း ကိုရင်ပညာသီရိကို တွေ့လို၍ ကျောင်းပေါ်သို့ တက်သွား၏။

ကျောင်းပေါ်တွင် ဆရာတော်သည် ရေနွေးကြမ်းသုံးဆောင် ဘုန်းပေးနေ၏။



ရှမ်းဆရာကြီးကို မြင်သောအခါ –

'လာ..ဒကာကြီး..ထိုင်'

'တင်ပါ့ဘုရား၊ တပည့်တော် ပြန်ရတော့မှာမို့ ကန်တော့နှုတ်ဆက်ရင်း ဝန်ချတောင်းပန်စရာ ရှိလို့ပါဘုရား'

'ကဲ..ဆိုစမ်းပါဦး ဒကာကြီး'

ရှမ်းဆရာကြီးသည် ဆရာတော်အား ဝတ်ပြုပြီးနောက် ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်၏။ ကိုရင်ပညာသီရိလည်း ဆရာတော်၏ ဘေး၌ ရှိနေသည်။

'ဆရာတော်ဘုရားကြီးနှင့် ကိုရင်ပညာသီရိတို့ဘုရား တပည့်တော် လွန်ခဲ့တဲ့ တစ်ပတ်ကျော်လောက်က ခုနစ်ရက်ခန့်က အမှားကြီးတစ်ခု ကျူးလွန်ခဲ့ပါတယ်ဘုရား။ အဲဒီအမှားက တပည့်တော် ကိုယ်ကျိုးအတွက် မဟုတ်တဲ ဒီနယ်တစ်ဝိုက်မှာရှိတဲ့ လူသားတွေရဲ့အကျိုး၊ ကိုရင့်ရဲ့အကျိုးကို ရည်မျှော်ပြီးတော့ တပည့်တော် ကိုရင်လေး ပညာသီရိအပေါ် အမှားတစ်ခု ကျူးလွန်လိုက်ပါတယ်ဘုရား'

ဆရာတော်ကြီးနှင့်တကွ ကိုရင်လေးများ၊ ကျောင်းသားများ အားလုံး စိတ်ဝင်စားစွာဖြင့် ရှမ်းဆရာကြီးကို စိုက်ကြည့်၍ နားထောင်နေကြသည်။

'ဆက်ပြီး ပြောစမ်းပါဦး ဒကာကြီး'

'တင်ပါ့ဘုရား။ တပည့်တော် ကျူးလွန်လိုက်တဲ့ အမှားဟာ တခြားမဟုတ်ပါဘူး။ ကိုရင်ကို ပညာပေးချင်လွန်းလို့၊ ကျေးဇူးဆပ်ချင်လွန်းလို့ ထန်းလျက်ဝယ်လွယ်အိတ်ထဲ မြွေဟောက်တစ်ကောင် ထည့်ထားလိုက်ပါတယ်။

ကိုရင်ရောက်လာတော့ ကိုရင် ထန်းလျက်စားချင်ရင် ဟောဟိုလွယ်အိတ်ထဲမှာ ရှိတယ်လို့ လက်ညှိုးထိုး လမ်းညွှန်လိုက်ပါတယ်။ ထန်းလျက်ကြိုက်တတ်တဲ့ ကိုရင်ကလည်း လွယ်အိတ်ထဲက ထန်းလျက်ကို နှိုက်လိုက်တဲ့အခါ မြွေက ကိုရင့်ကို ကိုက်လိုက်ပါတယ်။ အဲဒီ မြွေကိုက်တဲ့ အပြစ်သည် တပည့်တော်ပြုလုပ်လိုက်တဲ့ အပြစ်ပါဘုရား'

'ဟေ..'

ဆရာတော် အံ့သြသွား၏။

ရှမ်းဆရာကြီး ဆက်၍–



www.burmeseclassic.com

www.burmeseclassic.com

'အဲဒီအပြစ်ကို ဝန်ချတောင်းပန်ချင်လွန်းလို့ အရှင်ဘုရားနဲ့ ကိုရင်လေး မျက်နှာစုံညီရှိတုန်း တပည့်တော် အများအကျိုးအတွက် ရည်ရွယ်ပြီး ပြုလုပ်လိုက်တာမို့ အရှင်ဘုရားကိုယ်တိုင်ကလည်း တပည့်တော်ကို အပြစ်မှ ခွင့်လွှတ်ပေးပြီး ကိုရင်လေး ပညာသီရိကိုလည်း တပည့်တော် ကန်တော့ပြီး တောင်းပန်ပါတယ်ဘုရား၊ အပြစ်မှ ခွင့်လွှတ်ပေးပါဘုရား'

ရှမ်းဆရာကြီး တောင်းပန်ချက်ကို ဆရာတော်က လေးလေးနက်နက် စဉ်းစားပြီး ကိုရင်ဘက်သို့ လှည့်၍-

'ကဲ..ကိုရင်၊ သူ တောင်းပန်တာ ခွင့်လွှတ်ပေးလိုက်။ အများအကျိုး၊ ကိုရင့်အကျိုးအတွက် လုပ်လိုက်တာပဲ။ ဒါပေမဲ့လို့ အသက်နဲ့ရင်းပြီး လုပ်လိုက်တာဖြစ်တဲ့အတွက်..'

ဆရာတော်စကားမဆုံးမီ ရှမ်းဆရာကြီးက စကားဖြတ်၍-

'မှန်လှပါဘုရား၊ အသက်နဲ့ရင်းပြီး လုပ်လိုက်တာတော့ မှန်ပါတယ်ဘုရား။ အကယ်၍ ကိုရင် တစ်ခုခုဖြစ်သွားရင် တပည့်တော်လည်း မိမိကိုယ်မိမိ အဆုံးစီရင်ဖို့ အထိ ရည်ရွယ်ပြီး လည်ပင်းမှာ အဆိပ်ဘူးလေး ဆွဲထားပါတယ်ဘုရား။ ဟောဒီ အဆိပ်ဘူးလေးပါဘုရား'

ရှမ်း ဆရာကြီးသည် လည်ပင်းမှ အဆိပ်ဘူးကိုင်၍ ပြလိုက်၏။

'သို့ပေမယ့် တပည့်တော် ပညာကို တပည့်တော် ယုံကြည်ပါတယ်ဘုရား။ တပည့်တော်ဟာ နှစ်ပေါင်းများစွာ ကုစားလာခဲ့တဲ့ မြွေလမ္မာယ်ဆရာ ဖြစ်တဲ့အတွက် အတိမ်းစောင်း မရှိနိုင်ဘူးဆိုတာကို တပည့်တော် သိပါတယ်ဘုရား'

'ဒါကြောင့်မို့လို့ ကိုရင် ပညာသီရိရဲ့ ခြေထောက်ကို တပည့်တော်နဖူးနဲ့ ဦးတိုက်ပြီး ကန်တော့ပါရစေပါဘုရား'

ရှမ်းဆရာကြီးသည် ရုတ်တရက် ကိုရင်ဘက်လှည့်သွားပြီး ကိုရင်၏ ခြေထောက်နှင့် နဖူးဦးတိုက်၍-

'ကိုရင်လေး၊ တပည့်တော်ကို အပြစ်မှ ခွင့်လွှတ်ပေးပါဘုရား၊ အပြစ်မှ ခွင့်လွှတ်ပေးပါဘုရား'

ကိုရင် ပညာသီရိကလည်း-

'ခွင့်လွှတ်ပါတယ် ဒကာကြီး။ ဒကာကြီး ခုလိုလုပ်လိုက်လို့လည်း ဒီပညာကို ကျုပ်ရသွားပြီး လူသားတွေရဲ့ အသက်ကယ်တင်ခွင့် ရသွားတာပါ။ အသက်ချင်းလောင်းကြေးထပ်ပြီး သင်ပေးတဲ့ ပညာမို့ ပိုပြီးကျေးဇူးတင်ရဦးမှာပါ ကျေကျေနပ်နပ်ကြီး ခွင့်လွှတ်ပါတယ်'

ဆရာတော်ကြီးကလည်း ခေါင်းတညိတ်ညိတ်နှင့် ရှိနေရင်းမှ-

'အင်..ဒီလိုပေါ့ ဒကာကြီးရယ်၊ ကိုယ့်အမှားကို ကိုယ် ဝန်ခံရင်ပဲ ပညာရှိလို့ ခေါ်ကြတာကိုး ဒကာကြီးရဲ့။ ဒကာကြီးက ဒီလို တောင်းပန်မှတော့ အားလုံးကို ခွင့်လွှတ်ပြီး ကျေနပ်ရတော့မှာပေါ့။ အဲ..ပါရမီတော်ခန်း ပျို့ထဲမှာ-

ရန်ထောင်အမျက် အခိုးထွက်လည်း
ညွတ်လက်နက်ချ လျှော့ဘိကလျှင်
ရေစရောက်လေ မီးသို့သေ၏..တဲ့ ဒကာကြီးရဲ့။

အေး..အဲဒီလိုပေါ့ ဒကာကြီး။ လက်နက်ချလို့ အညံ့ခံရင်ပဲ ရန်ဟာ ပြေငြိမ်းပါတယ် ဒကာကြီး။

အင်း..ဆက်ပြီး ပြောရဦးမှာပေါ့။
မထိမဲ့မြင် မြူမှုန်တင်လည်း
ရေစင်သွန်းချိုး ခန္တီမိုးဖြင့်
မျက်ငြိုးငြိမ်းစေ သည်းသည်းခွေလျက်..တဲ့။

အဲ..ဒကာကြီးက အညံ့ခံပြီး တောင်းပန်တယ်နော်။ ကိုရင်ကလည်း ခန္တီမိုးရွာပေါ့။ ဒါပဲပေါ့ ဒကာကြီးရယ်'

တို့နောက် တည်ငြိမ်အေးချမ်းသော ကရုဏာအသံဖြင့် ဆရာတော်က ဆုတောင်းပေးလိုက်၏။

'သွားလမ်း လာလမ်း ဖြောင့်ပါစေ ဒကာကြီးရယ်'

'တင်ပါ့ဘုရား'

'ဒကာကြီး'

'ဘုရား'

'ဒကာကြီး ဆင်ဖြူကျွန်းမြေ ချောင်းထဲရေကို သောက်မိတဲ့သူဟာ ဆင်ဖြူကျွန်းမြို့ကို ပြန်ရောက်တတ်ပါတယ် ဒကာကြီးရဲ့'

'တင်ပါ့ဘုရား၊ တပည့်တော်ကလည်း ဆင်ဖြူကျွန်း ဆိုတဲ့ စကားလုံးကို တပည့်တော်ရဲ့ နှလုံးသားထက်မှာ ကမ္ပည်းအက္ခရာလို ထားပါတယ်ဘုရား။ အခွင့်သာတဲ့ အချိန်မှာ တပည့်တော် ရောက်လာဦးမှာပါဘုရား'

'အေးကွယ်..သာဓု..သာဓု..သာဓု'

**မောင်ဒဿနု(ဆင်ဖြူကျွန်း)**



www.burmeseclassic.com

www.burmeseclassic.com

ရေးကြီးသုတ်ပျာဖြင့် အိမ်ထဲသို့ဝင်လာသော ဒေါ်ခင်ဆင့်ကို တွေ့လိုက်ရသည့် ဦးတင်ဦးက 'ဟဲ့.. ခင်ဆင့်၊ ဘာဖြစ်လာပြန်ပလဲ' ဟု မေးလိုက်၏။

'ဘသော် ဘာဖြစ်လာတာလဲ မသိဘူး ဆရာ'

'သူ ပြန်လာလို့လား'

'ရဲဘော်ကံမြင့် လိုက်ပို့လို့ အခုပဲ ရောက်လာတယ်'

'ဘာဖြစ်လာလို့လဲ'

'အိမ်ထဲဝင်တာနဲ့ ကျွန်မတို့ကို စိမ်းစိမ်းကားကား လိုက်ကြည့်ပြီး ရန်ထောင်နေတယ်။ မေးတော့လည်း မေးလို့မရဘူး. ဖြစ်နေတယ်'

'ဟုတ်လား'

'ပုံပျက် ပန်းပျက်နဲ့ တစ်အိမ်လုံးကို လျှောက်ကြည့်နေတာပဲ။ ဘာမှန်းကို မသိဘူး ဆရာ' ဟု ဒေါ်ခင်ဆင့် စကားကို နားထောင်ရာမှ ဦးတင်ဦးသည် တိုင်ကပ်နာရီလေးကို ကြည့်လိုက်၏။

'အင်း..(၁၀) နာရီပဲ ထိုးတော့မယ်'






www.burmeseclassic.com

www.burmeseclassic.com

'လာပါ ဆရာရယ်၊ လိုက်ကြည့်ပေးပါဦး'

'အေးပါ‥အေးပါ၊ ရပါတယ်'ဟုဆို၍ ဦးတင်ဦးသည် ယူစရာရှိသည်များကို ထယူလိုက်ပြီး ခေါင်းဆင့်နှင့် လိုက်လာခဲ့၏။

ဦးတင်ဦး အိမ်ထဲသို့ ဝင်လာသည်ကို သိလိုက်သော ဘသော်သည် တစ်ဖက်သို့ မျက်နှာလွှဲ၍ ကျောခိုင်းပြလိုက်၏။

ဦးတင်ဦးသည် မှုပျက်နေသော ဘသော်၏ အမူအရာကို အတန်ငယ် အကဲခတ်ကြည့်ရာမှ 'အင်း‥ဟုတ်ပြီ၊ ဟုတ်ပြီ'ဟုဆိုလျက် ဘုရားစင်ရှိရာသို့ သွားလိုက်၏။

ဘုရားစင်သို့ ရောက်သောအခါ ကပ်ထားသော သောက်တော်ရေခွက်ကို ဦးချ၍ အသင့်ယူလာခဲ့သည့် (၉)လုံးပုတီးလေးကို ဖန်ခွက်ထဲသို့ စိမ်လိုက်ပြီး ဘသော်ရှိရာသို့ ယူလာခဲ့၏။

ဘသော်သည် ဦးတင်ဦး ရောက်လာသည်ကို သိလိုက်သော်လည်း ပမာမခန့်ဖြင့် လှည့်မကြည့်ဘဲ ကျောခိုင်း၍ နေမြဲသာ နေနေ၏။

ဦးတင်ဦးသည် ဖန်ခွက်ကို မြှောက်ပြလိုက်ပြီး–

'ဆရာရှစ်သောင်း ဝိဇ္ဇာအပေါင်းတို့ စောင်မ,ပေးကြပါကုန်'

ဟု ရွတ်ဆိုတိုင်တည်၍–

'ဟေ့‥ငါ့ဘက်ကိုကြည့်စမ်း'ဟု အမိန့်ပေးလိုက်၏။

ဘသော်သည် မကြားဟန်ဖြင့် မထီလေးစားပြုလျက်သာ ရှိနေ၏။

'အဲဒါ ငါ့အမိန့်မဟုတ်ဘူး။ ရွှေရင်ကျော်ရဲ့အမိန့်' ဟု တင်းမာသောလေသံဖြင့် ထပ်ပြောလိုက်သောကြောင့် ဘသော်သည် ကျောပေးထားရာမှ မလှည့်ချင် လှည့်ချင်ဖြင့် ဦးတင်ဦးနှင့် မျက်နှာချင်းဆိုင်လိုက်၏။

'မင်း ဘယ်သူလဲ'

ဘသော်သည် မျက်လုံးကို ထောင့်သို့ကပ်၍ ပြန်မပြောဘဲ စွေကြည့်နေ၏။

'အေး‥ရတယ်။ မင်း မပြောဘူးလား'ဟုဆိုပြီး ဦးတင်ဦးသည် သောက်တော်ရေခွက်မှရေဖြင့် မျက်နှာကို တောက်ပေးလိုက်ရာ ရေစက်များ စဉ်သွားသည်နှင့် ဘသော်သည် တုန်ခါသွားပြီး စစ်သားများ သတိဆွဲသော အနေအထားသို့ပြောင်း၍ မလှုပ်မယှက်ဖြင့် စိမ်းကားစွာ ကြည့်မြဲကြည့်နေ၏။

ဦးတင်ဦးသည် အပေါ်သို့ မော့ကြည့်လိုက်ပြီး ရေခွက်ကို မြှောက်ပြရာက 'သက်ဆိုင်ရာ ပုဂ္ဂိုလ်များအနေဖြင့် သူ့ကို ဒဏ်ခတ်ပေးချိန်တန်ပါပြီ'ဟု အကူအညီတောင်းခံလိုက်ရ၏။

ထိုအခါ ဘသော်၏ လက်နှစ်ဖက်သည် နောက်ကျောဘက်သို့ အလိုလို ရွေ့လျားသွားပြီး လက်ပြန်ကြိုးအချည်နှောင်ခံလိုက်ရသည့်အလား ရှိသွားတော့၏။

'ကောင်းကောင်းမေးရင် ကောင်းကောင်းဖြေမှပေါ့ကွာ။ သိချင်လို့ မေးနေရတာ'ဟု ချိုသာသောစကားဖြင့် ထပ်မေးသော်လည်း ဘသော်သည် အလေးမထားဘဲ သူ၏လက်များကို အားယူ၍ ရုန်းကန်နေ၏။

'ကဲ‥ဒီလောက်တောင် ခေါင်းမာချင်နေတဲ့ကောင် မင်းနဖူးနဲ့ ကြမ်းပြင်ကို ဆောင့်လိုက်စမ်းကွာ။ အဲဒါ ရွှေရင်ကျော်အမိန့်'

ဦးတင်ဦး စကားဆုံးသည်နှင့် ဘသော်သည် သူ့နဖူးနှင့် ကြမ်းပြင် အကြိမ်ကြိမ်ဆောင့်နေသော အဖြစ်ကို တွေ့ကြရသော ရဲဘော်ကံမြင့်နှင့် အိမ်သူအိမ်သားများသည် တအံ့တသြရှိနေကြ၏။

'မနာချင်စမ်းပါနဲ့ကွာ၊ ဒုက္ခပေးမလို့ မဟုတ်ပါဘူး။ ကူညီချင်လို့ပါ။ ပြောလေကွာ'ဟု ဖျောင်းဖျပြီး သိမ်းသွင်းသောစကားကို ဆိုလိုက်သဖြင့် ဘသော်သည် တုန်တုန်ယင်ယင်ဖြင့် 'ဒုတပ်ကြပ် ဆန်းလွင်ပါ'ဟု ဖြေလေ၏။

ဦးတင်ဦးသည် ရဲဘော်ကံမြင့်ကို မျက်ရိပ်ပြသော အမေးဖြင့် လှမ်းကြည့်လိုက်ရာ–

'ကျွန်တော် သိတော့သိပါတယ်။ ဒါပေမဲ့ သိပ်မရင်းနှီးပါဘူး။ သူနဲ့ ဘသော်က ဆရာ,တပည့်ဖြစ်လို့ ပိုပြီးခင်ကြပါတယ်'ဟု ရဲဘော်ကံမြင့်က ဖြေပြလိုက်ရ၏။

ဦးတင်ဦးသည် အတန်ငယ် စဉ်းစားကြည့်လိုက်ပြီးမှ 'နေဦးကွ၊ မင်းတို့ ရှေ့တန်းက ပြန်လာကြတာလား' ဟု မေးလိုက်၏။

'မဟုတ်ပါဘူး'

'ဘယ်က လာကြတာလဲ'

'ကျွန်တော်တို့ ပြန်ကြရတော့မှာမို့ အဲဒီညနေပဲ စောရုံတက်နေတဲ့ သူ့ဆီကိုသွားပြီး နှုတ်ဆက်တာ ည(၇)နာရီကျော်မှ တွေ့ခွင့်ရတယ်'

www.burmeseclassic.com

'ဆိုစမ်းပါဦး'

'ရှေ့တန်းက ရထားတဲ့ ဒဏ်ရာနဲ့ ကျွန်တော်တို့ရှေ့မှာပဲ သူ ဆုံးသွားတာပါ။ ဘေးခုတင်မှာ တက်နေတဲ့ ရဲဘော်က သူဟာ အိမ်ပြန်ချင်တယ်၊ အိမ်ပြန်ချင်တယ်လို့ တဖွဖွ ညည်းနေတာပဲလို့ ပြောပြပါတယ်'

'အေး..ဟုတ်ပြီ၊ ငါ အဖြေရသွားပြီပေါ့ ကံမြင့်ရာ။ အင်း'

'အပြန်ခရီးမှာ ဘသော်ဟာ အချိုးတစ်မျိုး ပြောင်းနေပြီး တမှိုင်မှိုင်နဲ့ မပြောနိုင် မဆိုနိုင်ဘဲ လိုက်ပါလာတာကို တွေ့ရလို့ စိတ်မချတာနဲ့ အိမ်အရောက် လိုက်ပို့ပေးခဲ့တာပါ'

ဦးတင်ဦးသည် ဘသော်ကို စေ့စေ့စပ်စပ်ထပ်ကြည့်ရာမှ–

'အင်း..လက်စသတ်တော့ မင်းဟာ ဆန်းလွင်ပဲကိုး' ဟု ဆို၍ ခေါင်းညိတ်နေလေ၏။

'ဒီအထိ လိုက်လာပြီး မင်း ဘာဖြစ်လို့ နှောင့်ယှက်နေရတာလဲကွာ'

'ကျွန်တော့်မိန်းမနဲ့ တွေ့ချင်လို့'

'မင်းမိန်းမက ဘယ်သူလဲ'

'မခင်သန်းပါ'

'မင်း သူ့ကို မတွေ့ချင်စမ်းပါနဲ့တော့ကွာ။ မင်းတို့ဟာ ဘဝချင်း ခြားနေကြပါပြီ။ မင်း ဒီနေရာကပဲ ပြန်သွားပါတော့။ ငါပြောတာ နားထောင်ပါ စန်းလွင်'

'မှာစရာ ရှိနေလို့ပါ'

ထိုစကားကို ကြားလိုက်ရသော ဦးတင်ဦးသည် စဉ်းစားကြည့်လိုက်ပြီးနောက်–

'ကဲ..ကဲ..ဒါဆိုလည်း ပြောပေါ့ကွာ' ဟု ခွင့်ပြုလိုက်လေ၏။

'ကျွန်တော့်ရဲ့ ကလေးနှစ်ယောက်ကို နောင်ချိုမှာနေတဲ့ ကျွန်တော့်အဖေနဲ့ အမေဆီကို ပို့လိုက်ပါလို့ ပြောပေးပါ'

'ကောင်းပြီလေ။ မင်းပြောချင်တာ ဒါပဲလား။ ဘာပြောချင်သေးလဲ'

'မပြောတော့ပါဘူး'

'ငါ ကူညီပေးမယ်။ မင်း ဘာမှကြောင့်ကြမနေနဲ့ စန်းလွင်။ စိတ်ချလက်ချနဲ့ မင်းလိုရာခရီးကို သွားပါ။ အချုပ်အနှောင်ကနေ လွှတ်ပေးမယ်။ ဘယ်သူ့ကိုမှ အနှောင့်အယှက် ထပ်မပေးပါနဲ့တော့။ အခု မင်း လွတ်ရာကျွတ်ရာကို သွားဖို့ အချိန်တန်ပြီ။ ကြားလား' ဟု ပြောလိုက်သော ထိုစကားကို နားထောင်၍ ခေါင်းညိတ်ပြရာမှ ဘသော်သည် တဖြည်းဖြည်း နောက်ဘက်သို့ လန်ကျသွားတော့၏။

'ကဲ..ခင်ဆင့်၊ နှင်ရှင်းသွားပြီ မဟုတ်လား'

'ကျေးဇူးတင်ပါတယ် ဆရာ'

'ရပါတယ်။ ဘသော်သောက်ဖို့ ရေတစ်ခွက်သွားခပ်ပေးပါ' ဟုခိုင်းသဖြင့် ဒေါ်ခင်ဆင့် ရေသွားခပ်လိုက်ရ၏။

ဘသော်သည် မျက်လုံးပြန်ပွင့်လာပြီး ရဲဘော်ကံမြင့်နှင့် အိမ်သားအချို့တို့ကို တွေ့လိုက်ရသောကြောင့် ကြောင်စီစီဖြင့် နဝေတိမ်တောင်ဖြစ်နေ၏။

ဦးတင်ဦးသည် ဘသော်ကို အတန်ငယ်အကဲခတ်ရာမှ ရဲဘော်ကံမြင့်ဘက်သို့လှည့်၍–

'ဒီလိုကွ ကံမြင့်ရ။ ပရလောကမှာ ဒါမျိုးတွေနဲ့ ကြုံရတတ်ပါတယ်'

'ဟုတ်လား'

'ရန်ပြုချင်လို့ လိုက်လာသလို ချစ်လို့ခင်လို့ ပူးကပ်ပြီး ပါလာတာမျိုးလည်း ရှိတတ်တယ်။ တချို့က ကျွန်တော့်အကူအညီ လိုချင်လို့ပဲကွ။ ဘာပဲဖြစ်ဖြစ် အဲဒီသုံးမျိုးစလုံးဟာ အခွင့်သာတဲ့ အချိန်မဲ့အခါမဲ့မှာ အပကို အမှီသဟဲပြုပြီး လိုက်လာခဲ့ကြတာပဲ။ သစ်ပင်ကြီးတွေမှာ ကပ်ပါးပင်ဆိုတာ ရှိသလိုမျိုးပေါ့ကွာ'

'ဩော်..ဩော်'

'ရန်လုပ်ချင်လို့ လိုက်လာရင် နှိပ်ကွပ်ပြီး နှင်ထုတ်ရတယ်။ ချစ်လို့ ပါလာရင် လိမ်ပြောခွဲပေးရတယ်။ အေး..အကူအညီလိုလို့ လိုက်လာရင်တော့လည်း အကူအညီပေးရတာပဲ။ တို့လို ဆရာတွေအနေနဲ့က အကြမ်းနည်းရော အနုနည်းပါသုံးပြီး လုပ်ပေးကြရတယ်ကွ။ အရေးကြီးတာက အဆင်ပြေသွားဖို့ပဲ မဟုတ်လား ကံမြင့်'

'ဟုတ်ပါတယ်'

ဦးတင်ဦးသည် ဒေါ်ခင်ဆင့် ယူလာသော ရေကို ဘသော်အား တိုက်လိုက်ပြီး 'မင်း ငါ့ကို သိသလား' ဟု မေးလိုက်၏။

'ဆရာဦးတင်ဦးပါ'

www.burmeseclassic.com

www.burmeseclassic.com

'အေး‥ဟုတ်တယ်။ မင်း အခု အိမ်ပြန်ရောက်နေပြီ ဘသော်'

'ကျွန်တော် ဘာဖြစ်လာမှန်းမသိ ဖြစ်နေတယ်'

'မင်း ဘာဖြစ်လာတာလဲဆိုတာ ငါ နောက်တော့ ပြောပြပါ့မယ်ကွာ။ လောလောဆယ် ငါသိချင်တာလေး မေးပါရစေဦး'

'ရပါတယ် ဆရာ'

'ဒုတပ်ကြပ်ဆန်းလွင် ဆိုတာကို မင်းသိလား'

'ကျွန်တော့်ဆရာပါ'

'သူ့မိန်းမကိုရော သိလား'

'အစ်မ မခင်သန်းပါ'

ဦးတင်ဦးသည် ဘသော်ပြောသော စကားများကို နားထောင်ကြည့်လိုက်ပြီး-

'အေးကွ၊ သူပြောသွားတဲ့ စကားတွေက အမှန်တွေချည်းပါပဲကွာ'ဟု ပြောလိုက်သဖြင့် ဘသော် မရှင်းမရှင်း ရှိသွားရ၏။

'ဒီလိုကွ။ မင်းဆရာက ကပ်ပါးအဖြစ်နဲ့ လိုက်လာခဲ့တာ'

'ဗျာ'

'သူ့မိန်းမကို မှာစရာရှိလို့ဆိုပဲ'

'ဟောဗျ'

'နေဦးကွ၊ သူ့မိဘတွေ ဘယ်မှာနေသလဲ'

'နောင်ချိုမှာပါ'

'မခင်သန်းကရော'

'ရမည်းသင်းမှာ'

ဦးတင်ဦးသည် ခေါင်းညိတ်လိုက်ရာက-

'ဒါဆိုရင် မင်းဆရာအတွက် မင်းလုပ်ပေးလို့ ရသွားပြီကွဲ'

'ပြောပါ ဆရာ'

'ငါ သူ့ကို ကတိပေးလိုက်ပြီ'

'ဘာလဲ ဆရာ'

'သူ့ရဲ့ ကလေးနှစ်ယောက်ကို နောင်ချိုမှာနေတဲ့ သူ့မိဘတွေဆီကို ပို့ပေးပါ့မယ်ဆိုတဲ့ အာမခံချက်ပဲ'

'ဟုတ်လား'

'မင်း ကူညီမှဖြစ်မှာ'

'ရပါတယ် ဆရာ'



'ငါဟာ အထက်ပုဂ္ဂိုလ်တွေဆီမှာ အုန်းပွဲ၊ ငှက်ပျောပွဲထိုးပြီး အဆင့်တက်လာခဲ့ရတာ။ ငါ ကတိပျက်ရင် ငါ ဆရာလုပ်လို့ မရတော့ဘူး။ မင်းသိအောင် ပြောတာပါ'

'သိပါတယ် ဆရာ'

'မင်းဆရာ သနားပါတယ် ဘသော်ရာ။ သူ့ဆန္ဒကို ဖြည့်ပေးရာကျသလို ငါ့ကိုလည်း ကူညီရာ ရောက်ပါတယ်'

'ဟုတ်ကဲ့ပါ'

'အဲဒီတော့ သူမှာသွားတဲ့ကိစ္စကို မင်း တာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးပါ။ ရဲဘော်ကံမြင့် သက်သေရှိတယ်'

'စိတ်ချပါ ဆရာ'

'ကဲ‥မင်း ဘာဖြစ်လာတယ်ဆိုတာ မင်းသဘောပေါက်သွားပြီလား ဘသော်'

'ပေါက်ပါပြီ'

'မင်းဆရာ ကောင်းရာသုဂတိလားပါစေ'

ရဲဘော်ကံမြင့်သည် ဦးတင်ဦး၏ ပြောပုံဆိုပုံနှင့် လုပ်ရည်ကိုင်ရည်တို့ကိုကြည့်လျက် ရပ်ကွက်ထဲ၌ ပြောဆိုနေကြသော ရှေးရင်ကျော်ဆရာတစ်ဦးနှင့် ကြုံလိုက်ရသကဲ့သို့ ရှိနေလေ၏။

ဂမ္ဘီရ လှမော်

www.burmeseclassic.com

www.burmeseclassic.com

သက်သာပန်းတောင်း ဘွဲ့အမည်ဖြင့် ထင်ရှားကျော်ကြားသော ကျုံ့စုရွာ ရွှေရင်အေးစေတီတော်မြတ်ကြီးအနီးတွင် ရွှေရင်အေးကျောင်းတိုက်ကြီးကား အင်းစိန်ကမ်းနားမှ လှမ်းမျှော်ကြည့်လျှင် ရွှေရောင်တဝင်းဝင်းနှင့် ရှေးအတိတေကာလက စူဠဟိန္ဒက၊ မဟာဟိန္ဒက ဘီလူးညီနောင်၏ ကောင်းမှုတော်အဖြစ် သမိုင်းတွင်ရစ်စေမည့် ရွှေရင်အေးစေတီတော်မြတ်ကြီးအား ဖူးမြော်ရင်း ကုန်လွန်ခဲ့သောနှစ်ပေါင်း(၆၀)ကျော်ကာလသို့ စိတ်အစဉ်က ရောက်ရှိ၍သွားလေတော့သည်။

◆◆◆

'ဒေါင်··ဒေါင်··ဒေါင်'

'တုတ်··တုတ်··တုတ်'

ရွှေရင်အေးကျောင်းတိုက်ကြီး၏ ဆွမ်းစားကျောင်းမှ ကျောက်စည်(ကြေးနောင်)နှင့် ဆွမ်းစား အုန်းမောင်းခေါက်သံကား မကြာမီ သံဃာတော်များ ဆွမ်းဘုဉ်းပေးတော့မည်ဖြစ်ကြောင်း ကြားသိလိုက်ရပေတော့သည်။

ဆရာတော်ကြီး ဦးအာစိဏ္ဏကား သက်တော်(၆၀)ကျော်အတွင်း ဝင်ရောက်ခဲ့သည့်အားလျော်စွာ ပရိယတ္တိစာပေများပို့ချလျက် စာသင်သား တပည့်(၅)ပါးခန့်နှင့်



# သေနတ်ပြိုးသောအာင်း



www.burmeseclassic.com

www.burmeseclassic.com

သာမဏေ(၁၀)ပါးရှိလေသည်။ ဆွမ်းခံကျောင်းသားများအဖြစ် မောင်စံလှိုင်၊ မောင်မြထွေးတို့ကား ဆရာတော်၏ တပည့်ရင်းချာများ ဖြစ်သကဲ့သို့ ကျုံ့စုရွာသားများလည်း ဖြစ်လေသည်။

ပရိယတ်အလုပ်နှင့် ပဋိပတ်အလုပ်များ အားထုတ်သော်လည်း ဆရာတော်ကြီးတွင် ထူးခြားသော ဝါသနာတစ်ခုလည်း လျှို့သိနည်းစွာ ရှိသေးသည်။ ထိုဝါသနာကား လောကီဂန္ဓာရီပညာ၊ အင်းအတတ်ပညာအား လေ့လာလိုက်စားခြင်းပင် ဖြစ်လေသည်။ ထိုသို့ အင်းပညာလေ့လာလိုက်စားခြင်းကိုကား ကျောင်းသားများလည်းမသိ၊ ရဟန်းသာမဏေများလည်းမသိ။ ရွာတွင်းမှ ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမများပင် မသိရပါပေ။ ဆွမ်းစားကျောင်းနှင့် သိမ်ကျောင်းကြားတွင် ကြီးမားသော အကိုင်းအခက် ဝေဆာအုံ့ဆိုင်းနေသော မန်ကျည်းပင်ကြီးလည်း ရှိလေသည်။ ထိုမန်ကျည်းပင်ကြီးတွင် အထူးသဖြင့် မိုးတွင်းလေးလခန့်တွင် ဖျိုင်းငှက်များ နားကြခိုကြ၊ ညအိပ်ကြ၊ အကောင်ပေါက်များအား အစာခွံ့ကျွေးကြနှင့် နေဝင်ချိန်တွင် ငှက်သံများ ဆူညံလျက်ရှိလေတော့သည်။

ရွာတွင်းမှလည်းကောင်း၊ အခြားရွာမှလည်းကောင်း ဆရာတော်အလစ်တွင် ဖျိုင်းငှက်များအား လေးခွဖြင့် ဖမ်းယူစားသောက်တတ်ခြင်း၊ သောင်းကျန်းသူ (ကရင်သူပုန်ကွန်မြူနစ်)များ ဖြတ်သွားဖြတ်လာကြုံလျှင် ထိုဖွေးဖွေးလှုပ်မျှ ပေါများလှသော ဖျိုင်းငှက်များအား သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးသွားလေတော့သည်။ ရမ္မန်းသိသောအခါ ညဘက်သာမက ရံခါ ညနေစောင်းလျှင် သေနတ်တစ်လက်ဖြင့် ဖျိုင်းများကို လာရောက်ပစ်ခတ်လေတော့သည်။

တစ်နေ့သောအခါ ဆရာတော်ကြီး ဆွမ်းစားပြီးချိန် သာမဏေတစ်ပါးအား ခေါ်လျက်-

'ဟဲ့··ကိုရင်ဝိစာရ'

'မှန်ပါ အရှင်ဘုရား'

'မြထွေးတို့၊ စံလှိုင်တို့ အလုပ်ပြီးရင် ငါ့ဆီ လွှတ်လိုက်စမ်းဟဲ့၊ ကြားလား'

'မှန်ပါ၊ ကြားပါတယ်ဘုရား'

ဆွမ်းစားပြီးနောက် ဆေးကြောသိမ်းဆည်းပြီး မောင်စံလှိုင်၊ မောင်မြထွေးတို့ နှစ်ဦး ဆရာတော်ကြီးအနီးသို့ ရောက်ရှိသွားကြလေတော့သည်။

'စံလှိုင်'

'အရှင်ဘုရား'

'မန်ကျည်းပင်ပေါ်က ဖျိုင်းတွေ ဘယ်သူတွေ လာပစ်ကြသလဲကွ။ တော်တော်သေကုန်ပြီလား။ သတ္တဝါတွေ အေးချမ်းစွာ နေနေတာ တယ်ဖျက်ဆီးကြတာပဲကွယ်'

'မှန်ပါ။ ဘယ်ကလူတွေမှန်းတော့ မသိပါဘူး။ သေနတ်တွေနဲ့ပါဘုရား'

'အင်း··တယ်မိုက်တဲ့ ကောင်တွေပဲ။ သတ္တဝါတွေ အေးချမ်းစွာနေတဲ့ဟာ သတ်ဖြတ်စားချင်ကြတယ်။ အေး··နောက်ပစ်ရဦးမလား ကြည့်ကြသေးတာပေါ့။ ကဲ··မင်းတို့သွားတော့။ မြထွေးက ရွာထဲက လက်သမားဆရာ မောင်ခင်ကို သွားခေါ်ခဲ့စမ်း။ ဆရာတော် ခေါ်နေတယ်။ အခု လိုက်လာခဲ့ပါလို့ပြော၊ ကြားလား မြထွေး'

'မှန်ပါ၊ ကြားပါတယ် အရှင်ဘုရား'

ကျောင်းသား မောင်မြထွေးကား လက်သမားဆရာ ဦးမောင်ခင်အား ဆရာတော် အဘယ်ကြောင့် အခေါ်ခိုင်းသည်ကို မသိရပါပေ။

ထိုနေ့လွန်မြောက်၍ နှစ်ရက်ခန့်ကြာသောအခါ၌ မောင်မြထွေး ရေကန်မှ ရေခပ်၍ ရေပုံးအား ဆွမ်းစားကျောင်းသို့ ဆွဲလာစဉ် မန်ကျည်းပင်အောက်၌ လူနှစ်ယောက် ရောက်နေပေပြီ။ အချိန်ကား နေဝင်ရီတရောအချိန်။ မန်ကျည်းပင်ပေါ်၌ကား ဖျိုင်းငှက်များ ရှာ၍ရလာသော အစာများအား ဖျိုင်းငယ်များအား ခွံ့ကျွေးလျက် အော်သံမြည်သံ၊ တောင်ပံခတ်သံ၊ အိပ်တန်းလုကြဟန်ကား အပင်အောက်တွင် မိမိတို့ အသက်ဇီဝိန်ကိုခြွေမည့် သေနတ်သမား နှစ်ယောက်ကိုပင် ဂရုမပြုမိနိုင်ကြပေ။ အော်သံနှင့် ညံလျက်။

'ဖောင်း'

သေနတ်သံတစ်ချက် ခပ်အုပ်အုပ် ထွက်ပေါ်လာသည်။ မောင်မြထွေး လက်ထဲမှ ရေပုံးအားချ၍ ကျောင်းအဝင်မှ ရပ်၍ ကြည့်နေလိုက်မိလေသည်။

'ချောက်··ချောက်··ချောက်'

ပထမတစ်ချက် ဖျိုင်းအား မှန်ပုံမရသောကြောင့် နောက်တစ်ချက်ပစ်ရာ ကျည်ဆန်မထွက်တော့ဘဲ ဂျမ်းဖြစ်၍ ချောက်ဟူသော အသံကိုသာ ကြားရလေသည်။ ထို့နောက် အကြိမ်ကြိမ် ပစ်ခတ်သော်လည်း သေနတ်သံ



www.burmeseclassic.com

www.burmeseclassic.com

ထွက်မလာတော့ဘဲ ခဏအကြာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍လည်းကောင်း၊ စကားငြင်းခုံ၍လည်းကောင်း ထွက်ခွာသွားကြလေသည်။

'မြထွေး..ဘာလဲဟေ့။ ဘာလျှောက်စရာရှိသလဲ'

'ဟိုမန်ကျည်းပင်အောက်က လူနှစ်ယောက် ဗျိုင်းတွေကို သေနတ်နဲ့ လာပစ်တယ်ဘုရား။ အဲဒါ..အဲဒါ'

'အေး..ငါသိတယ် မြထွေးရယ်၊ သူတို့ပစ်တာ မှန်လည်း မမှန်ဘူး။ ပြီးတော့ သေနတ်က ကျည်ဆန်မထွက်တော့ဘူး မဟုတ်လား'

'မှန်ပါ၊ မှန်ပါဘုရား။ ချောက်ခနဲ့,ချောက်ခနဲ့ အသံပဲ ကြားရတော့တယ်ဘုရား'

'အေး..ဟုတ်ပြီ၊ ဗျိုင်းတွေ အန္တရာယ်ကင်းသွားပါပြီကွာ။ အင်း'

'အေး..မန်ကျည်းပင်ပေါ် မတက်အောင် သံဆူးကြိုးနဲ့ သွပ်ပြားစုတ်တွေ ကပ်ရိုက်ထားတာရော တွေ့လား'

'မှန်ပါ အရှင်ဘုရား၊ တွေ့ပါတယ်ဘုရား'

'ကဲ..ဟုတ်ပြီ၊ ဒါဆို သွားတော့။ စိတ်ပူစရာ မရှိတော့ပါဘူးကွာ။ ဟင်း..ဗျိုင်းတွေ ဘယ်သူမှလာပြီး ပစ်လို့ မရတော့ပါဘူးကွာ'

မောင်မြထွေး ဆရာတော်ကြီးအမိန့်ရှိသော စကားအား အလုံးစုံခြုံငုံ၍ နားမလည်သော်လည်း သေနတ်သမားများ ကျည်မထွက်တော့ဘဲ ဂျမ်းဖြစ်၍သွားသည်ကို မျက်မြင်ဖြစ်သောကြောင့်လည်းကောင်း၊ ဆရာတော်ကြီး၏ နောက်ဆုံးစကားရပ်ကြောင့်လည်းကောင်း ဗျိုင်းများ အန္တရာယ်ကင်းအောင် ဆရာတော်ကြီး တစ်ခုခု လုပ်လိုက်သည်ကတော့ သေချာသည်။ ဘာလုပ်လိုက်သည် ဆိုသည်ကိုတော့ မသိရပါပေ။

ထို့ကြောင့် တစ်နေ့ ဆွမ်းဟင်းခွက် ပန်းကန်များ ဆေးကြောရင်းက–

'ဟေ့ကောင် စံလှိုင်'

'ဘာလဲဟ မြထွေးရဲ့'

'ဟိုနေ့က လူနှစ်ယောက် သေနတ်နဲ့ ဗျိုင်းတွေ လာပစ်တာ ကျည်ဆန်မထွက်ဘဲ ချောက်ခနဲ့ ချောက်ခနဲ့ အသံပဲ ကြားရတယ်။ ငါ သေချာကြည့်နေတာကွ'

'ဟုတ်ပါ့မလားကွာ မင်းကလည်း၊ သေနတ်အစုတ်ယူလာလို့နေမှာကွ။ မင်းကလည်း'

'ငါပြောမယ်။ ဆရာတော်ကြီးက ငါ့ကိုမေးတယ်။ ဗျိုင်းပစ်တဲ့ကောင်တွေ လာသေးလားတဲ့။ ကျည်မထွက်တော့ဘူး မဟုတ်လား။ ကောင်းတယ်၊ ဗျိုင်းတွေအန္တရာယ်ကင်းသွားပြီတဲ့ဗျ'

'အင်း..ပြောစကား နားထောင်ရတာ အဖြေတစ်ခုတော့ ရှိနေပြီပဲ။ ဆရာတော်ကြီးများ မန်ကျည်းပင်မှာ တစ်ခုခုလုပ်ထားသလား မသိဘူး။ ပရိတ်ရေတွေဘာတွေ ပက်တာတို့ ဘာတို့ပေါ့ကွာနော်'

'လက်သမား ဦးမောင်ခင် ခေါ်ပေးခိုင်းပြီး မန်ကျည်းပင်ပေါ်တက် တစ်ခုခုလုပ်တယ် ထင်တယ်ကွ။ သံဆူးကြိုးနဲ့ သွပ်ပြားစုတ်တွေ ကာထား ရိုက်ထားတာ တွေ့လား'

'အေး..ထူးဆန်းတာတော့ အမှန်ပဲကွ။ သေနတ်သမားတွေလည်း လာတာမတွေ့တော့ဘူးနော် ဟေ့ကောင်'

'အေး..ဟုတ်ပါ့၊ မလာတာ ကြာပြီကွ'

♦ ♦ ♦

ဆရာတော်ကြီး ဦးအာစိဏ္ဏ၊ ဦးရေဝတ၊ ဆရာတော် ဦးကောဝိဒ အစဉ်အတိုင်း သာသနာပြုကြလေသည်။ ဆရာတော် ဦးကောဝိဒနောက် ဆရာတော် ဦးနန္ဒ ကျောင်းထိုင်သည်။ ဆရာတော် ဦးနန္ဒကား (၂၀၁၃)ခုနှစ် ပျံလွန်တော်မူသောအခါ ဆရာတော်ဦးဝိလာသ(B.A၊ ဓမ္မာစရိယ)က ဆက်လက်ကျောင်းထိုင်လေသည်။ (ဤကား စကားချပ်။)

ဤသို့နှင့် ဆောင်းအကုန် နွေအကူးကာလတွင်ကား ထိုမန်ကျည်းပင်ကြီးမှ အသီးများ အလွန်လည်း သီးလေသည်။ မန်ကျည်းသီးကား လွန်စွာလည်း ချိုသကဲ့သို့ရှိသဖြင့် အချဉ်ဓာတ်မရှိသလောက် နည်းလေသည်။ စား၍ အလွန်ကောင်းလှ၏။ ထိုအချိန် ရောက်လျှင်တော့ ကျောင်းသားများ ဆရာတော်အလစ် တက်၍ ခူးစားကြသော အလေ့အထရှိကြ၏။

မောင်စံလှိုင်ကား မန်ကျည်းပင်ပေါ်တက်၍ မန်ကျည်းသီးများ ခူးလေရာ မန်ကျည်းကိုင်းခွဆုံ နှစ်ခုကြားတွင် ပြောင်လက်၍ ရွှေရောင်တောက်နေသော အရာဝတ္ထုတစ်ခုအား တွေ့လေရာ သေသေချာချာ ကြည့်မိလေသည်။

ကြေးပြားဟု ထင်ရသော အပြားတစ်ခု (၂)ခေါက်မ



www.burmeseclassic.com

www.burmeseclassic.com

ပတ်လည်ခန့်တွင် လေးထောင့်ကွက်များ သေးသေးမှျင်မှျင် ဂဏန်းလည်းတွေ့ရပြီး သံမှိုနှင့်ပတ်လည်ရိုက်၍ ညှပ်ထားပြီး ကုပ်ထားလေသည်။ လက်နှင့် ဒီအတိုင်း ဖြုတ်၍မရနိုင်ပေ။ မောင်စံလှိုင် အောက်ပြန်ဆင်း၍ မန်ကျည်းသီးများအား သိမ်းပြီးလျှင် မည်သူ့ကိုမျှမပြောတော့ဘဲ ပလာယာနှင့် သံနုတ်တစ်ချောင်းအား ခါးထိုးပြီးလျှင် မန်ကျည်းပင်ပေါ်သို့ ပြန်တက်ပြီး ထိုအင်းကွက်သဏ္ဍာန် ကြေးပြားကလေးအား အခြေမပျက် ဖြုတ်ယူလာခဲ့ပြီးနောက် သိမ်းထားလိုက်လေတော့သည်။ ထိုအင်းပြားကလေး၏ အစွမ်းသတ္တိအား သိရှိ၍တော့ မဟုတ်ပါပေ။ သဘောကျသလိုလိုရှိ၍ ဖြုတ်ယူလာခြင်းပင် ဖြစ်လေသည်။ မောင်မြထွေးကိုတော့ အသိပေးခြင်း မရှိပါပေ။

မောင်စံလှိုင်သည်ကား အဆိုပါပစ္စည်းလေးအား မည်သည့်နေရာတွင် ထားရမှန်းမသိ၊ ဘယ်နေရာမှာထားထားလုံခြုံသည်ဟု မထင်ပါပေ။ နောက်ဆုံး အကြံရသည်နှင့် ၎င်း၏ အမြိတန်ဖိုးထားသော သျှောင်ထုံးအတွင်းတွင် ထည့်သိမ်းထားလျှင် ကောင်းမည်ဟု အကြံရသောကြောင့် ထိုအင်း(ကြေးပြား)ကလေးအား လိပ်၍ အပ်ချည်ဖြင့် သေချာစွာပတ်ချည်ပြီးနောက် ၎င်း၏ သျှောင်ထုံးထဲတွင် မသိစိတ်၏ တိုက်တွန်းချက်ကြောင့်လည်းကောင်း အမြဲသိမ်းထားလေတော့သည်။

ထိုနေ့မှစ၍ မောင်စံလှိုင်ကား ကြီးမားသော ဘဝအပြောင်းအလဲကြီးတစ်ခု စတင်လိုက်ပြီဖြစ်ကြောင်း သူကိုယ်တိုင်ပင် မသိရှာပါပေ။

တစ်စ,တစ်စ နွေ၊ မိုး၊ ဆောင်း ရာသီများ ပြောင်းလဲလျက် အချိန်ယန္တရားကြီးလည်း လည်ပတ်လျက်ရှိရာ မောင်စံလှိုင်သည်လည်း ဆရာတော်ကြီး ဦးအာစိဏ္ဏ ပျံလွန်တော်မူပြီးနောက် ကျောင်းထွက်လိုက်လေတော့သည်။ ကျုံစုရွာမှ မောင်မြထွေးလည်း လယ်ကိစ္စအလုပ်များသဖြင့် ၎င်း၏ဖခင်က ကျောင်းထုတ်သွားပြီး လယ်တောသို့ ဆင်းရလေတော့သည်။ ထိုအချိန်၌ မောင်စံလှိုင်၊ မောင်မြထွေးတို့ကား အသက်(၁၈)နှစ်ကျော်ခန့်သို့ ရောက်ရှိလာကြတော့သည်။

◆◆◆

'မြထွေး'

'ဟာ..စံလှိုင် သူငယ်ချင်း၊ မင်း ဘယ်လဲ။ ငါ့ဆီလာတာလားဟ'

မောင်စံလှိုင်တစ်ယောက် လွယ်အိတ်တစ်လုံးနှင့် မောင်မြထွေးရှိရာ ကျုံစုရွာ၏အရှေ့ဘက် လယ်တဲသို့ ရောက်ရှိလာလေသည်။

'အေး..ငါ ခရီးသွားမလို့ကွ။ အလုပ်လည်း ရှာရင်းပေါ့။ အဲဒါ မင်းကို လာပြီး နှုတ်ဆက်တာကွ သူငယ်ချင်းရ'

'ဟကောင်ရ၊ မင်း ဘယ်ကိုသွားမလို့လဲဟ'

'ပုသိမ်ဘက်၊ သာပေါင်းဘက် ရောက်မယ် ထင်တယ်'

'ဟ..ဟော့ကောင် စံလှိုင်၊ အဲဒီဘက်မှ ဟိုသောင်းကျန်းသူတွေ ဒုက္ခပေးနေတာ၊ ဓားပြကလည်း ပွသေး။ မင်းက သွားဦးမယ်။ မေးလို့စမ်းလို့ စိတ်ထဲမတွေ့ရင် တစ်ခါတည်း ပစ်သတ်လိုက်တာတဲ့။ မင်းကလည်း အဲဒီနေရာ သွားဦးမယ်'

'အေးကွာ၊ ငါ့ကိစ္စကလည်း အရေးကြီးနေတော့ လမ်းခရီးကိစ္စ ကြောက်နေလို့ မရတော့ဘူးကွ။ သေခါမှ သေရော မတတ်နိုင်ဘူး။ မသေတော့လည်း တို့တွေ့ကြသေးတာပေါ့'

'အေးပေါ့ကွာ၊ ဒါဆိုလည်း သွားပေါ့ကွာ။ သတိနဲ့လည်း သွားပေါ့ကွာ'

'ကဲ..သူငယ်ချင်း၊ ငါသွားတော့မယ်'

'အေးပါကွာ၊ အေး..အေး..အေး'

မောင်စံလှိုင်တစ်ယောက် မြထွေးအား နှုတ်ဆက်ပြီးနောက် ညောင်တုန်းကားလမ်းမပေါ်သို့တက်ပြီးလျှင် ကားစောင့်ရလေသည်။ ညောင်တုန်းကား လာသောအခါ စီး၍ ညောင်တုန်းရောက်ပြီးလျှင်ကား တစ်ဖက်ကမ်းသို့ ကူးတို့ဖြင့် ကူးရသေးသည်။ ထို့နောက် ညောင်တုန်းတစ်ဖက်ကမ်း စက္ကော့ကားဂိတ်တွင် ပုသိမ်သို့သွားမည့် ကားအားစုံစမ်းရှာဖွေရသည်။ မကြာမီ ရှားရှားပါးပါး ကားတစ်စီး (ဟိုင်းလတ်) ကုန်ပစ္စည်းများနှင့် လူအနည်းငယ်သာပါသော ကားတစ်စီးထွက်ရန် အသင့်ဖြစ်ကြောင်း သိရသဖြင့် ထိုကားအားစီး၍ လိုက်ခဲ့လေရာ မကြာမီ မိုးချုပ်၍ သွားလေတော့သည်။

လမ်းကား တဖြည်းဖြည်း ကျဉ်းလည်း ကျဉ်း၏၊ ကြမ်းလည်း ကြမ်း၏။ မှောင်လည်း မှောင်သည်။ ထမင်း



www.burmeseclassic.com

www.burmeseclassic.com

ကလည်း ဆာလာလေသည်။ မောင်စံလှိုင်ကား သည်းခံလေတော့သည်။ ကားပေါ်တွင် အခြားခရီးသည်များနှင့်အတူ မောင်စံလှိုင်နှင့် ရွယ်တူလူငယ် သုံးယောက်လည်း လွယ်အိတ်ကိုယ်စီဖြင့် ကားစီးကြလျက် အတူပါလာကြလေသည်။ လမ်းကြမ်း၍ ဖြည်းဖြည်းမောင်းရလေသည်။

ကားမီးက ခပ်မှိန်မှိန် တောလမ်းခရီးအတိုင်း ကားကို မီးထိုး၍ မောင်းလာရာ လမ်းတစ်နေရာ ကွေ့တစ်ခုသို့ ရောက်သောအခါ–

'ဒိုင်း'

'ဟိုက်..ဘာလဲ။ အား..ဓားပြတွေထင်တယ်။ ဒုက္ခပဲဟ'

ရှေ့တွင် သေနတ်သံပေး၍ လူငါးယောက် မျက်နှာဖုံးစွပ်များနှင့် လမ်းလယ်တွင် တန်းစီမတ်တတ်ရပ်နေခြင်းကို တွေ့လိုက်ရလေသည်။ သေနတ်ကိုယ်စီနှင့် ကားအားရပ်ပေးရန် တားလိုက်လေတော့သည်။ မတတ်သာသောအခြေအနေကြောင့် ကားသမားကား ရပ်ပေးလိုက်ရလေတော့သည်။

'ကဲ..ကားပေါ်ကလူတွေ ကိုယ့်အထုပ် ကိုယ်ဆိုက်ပြီး အောက်ကိုဆင်းခဲ့ပါ။ မြန်မြန်လေး၊ ဟောဒီမယ်လာပြီး တန်းစီပါ။ ပြောစကား နားမထောင်ရင် သေမယ်သာမှတ်'

ကားပေါ်မှ ကုန်သည်ဟု ထင်ရသော လူကြီးသုံးယောက်၊ အမျိုးသမီးကြီးနှစ်ယောက်တို့ထံမှ ငွေနှင့် လက်ဝတ်ရတနာများအားယူ၍လည်းကောင်း၊ မောင်စံလှိုင်အပါအဝင် လူရွယ်သုံးယောက်ထံမှ လွယ်အိတ်များကိုသော်လည်းကောင်း ရှာလေသည်။ မည်သည့်အထုပ်မှန်း မသိရသော ကားပေါ်မှ အထုပ်များကို အောက်သို့ချစေ၏။ မောင်စံလှိုင်တို့ထံမှ မည်သည့်ပစ္စည်းမှ မယူတော့ဘဲ အဆိုပါ အထုပ်များအား အထမ်းခိုင်း၍ တောတွင်းဓားပြစခန်းသို့ ခေါ်ဆောင်သွားလေသည်။ ၎င်းတို့ အထမ်းသမားလေးယောက် နောက်ဆုံးတွင် သေနတ်သမားတစ်ယောက် လိုက်လာလေသည်။

တောလမ်းအတွင်း လမ်းကွေ့တစ်နေရာသို့ ရောက်သောအခါ မောင်စံလှိုင်က နောက်ဆုံးတွင် သေနတ်သမားနှင့် အနီးဆုံးဖြစ်သဖြင့် သူ့စိတ်ထဲ ပေါ်လာသော အကြံအား ချက်ချင်းအကောင်အထည်ဖော်လေတော့သည်။

ပခုံးပေါ်က အထုပ်အား ဖျတ်ခနဲပစ်ချ၍ သေနတ်သမား ပေါင်ခွအား လှည့်၍ လျင်မြန်စွာ အားထည့်၍ ကန်ထည့်လိုက်လေသောကြောင့် ခွေအကျတွင်–

'ဖြောင်း..ခွပ်..အ'

'အ'

ညွှတ်လာသော ခန္ဓာကိုယ်အား ဖျတ်ခနဲကပ်၍ လည်ပင်းအား လိမ်ချိုးလိုက်လေသည်။ ပြီးနောက် သေနတ်အား ကောက်ယူ၍ စစ်ဆေးပြီး မောင်းတင်လိုက်လေသည်။

ထို့နောက် အထမ်းသမား လူရွယ်သုံးယောက်အား ကျော်တက်ပြီး–

'ဟေ့ကောင်တွေ၊ ငါပြောတဲ့အတိုင်းလုပ်၊ ကိုလွတ်မယ်။ မင်းတို့အားလုံး ချုံထဲ ဝင်နေကြ၊ ငါ ရှင်းမယ်။ ကဲ..စတော့'

ဤအထမ်းသမား လူငယ်များလည်း မောင်စံလှိုင်၏ ခြေမြန်လက်မြန် လှုပ်ရှားမှုအား ဖြန့်းခနဲ ဝမ်းသာထောက်ခံ သဘောကျ၍ ချုံထဲ ဝင်ပုန်းကြလေတော့သည်။

'ဟေ့ကောင်တွေ၊ မြန်မြန်လာလေ။ ခွေးမသားလေးတွေ ကူလီကူမာ မလုပ်ကြနဲ့။ လုပ်ရင်တော့ ပစ်သာထည့်လိုက်။ ကြားလို့'

ရှေ့ကသွားနေသူများ နောက်က အသံမကြားရသဖြင့် နှစ်ယောက်က နောက်ပြန်လှည့်လာလေသည်။ မောင်စံလှိုင်ကား သေနတ်ကို ကောင်းစွာကိုင်တွယ် ပစ်ခတ်တတ်လေသည်။ သစ်ပင်၏ အကွယ်မှစောင့်၍ အနည်းငယ်လွန်သောအခါ နောက်ကျောမှကပ်၍ (အနီးကပ်)ပစ်လိုက်လေရာ နေရာတွင်ပင် ပွဲချင်းပြီး ကိစ္စတုံးသွားလေတော့သည်။ ဓားပြနှစ်ယောက်ကား သေနတ်အား ပခုံးလွယ်လာကြသည်မှာ အရာရာအား လျှော့တွက်ထားခြင်းကြောင့် မောင်စံလှိုင်၏ လက်ချက်ဖြင့် သေရခြင်း ဖြစ်လေသည်။

မောင်စံလှိုင်က လူငယ်များအား အချက်ပေး၍ ၎င်းတို့အိတ်များ၊ သေနတ်များအား သိမ်းစေကာ အကာအကွယ်ဖြင့် နေစေပြီး မောင်စံလှိုင်ရှေ့သို့ ခပ်သွက်သွက်သွားလေသည်။ ညအမှောင်ကား တောလမ်းကျဉ်းကလေးအတွင်း၌ ပို၍ပင် မှောင်နေလေသည်။

'ဟေ့ကောင်တွေ၊ ဘာတွေ ဖြစ်နေတာလဲကွ။



www.burmeseclassic.com

www.burmeseclassic.com

တောက်··ကွာ၊ မြန်မြန်လာကြ။ အထမ်းသမားတွေရောက်တယ်ခက်တဲ့ ကောင်တွေပဲကွ'

ထိုစဉ် ရှေ့ဆုံးမှ သွားနေသူ ဓားပြက ခတ်မီးနှင့် တဖြည်းဖြည်း နီးလာသူအား မာန်မဲပြောဆိုလျက် ရပ်စောင့်နေစဉ် ဦးထုပ်အား ရှေ့ငိုက်ဆောင်းထားသော မောင်စံလှိုင်က တတိယဓားပြအား ဖျတ်ခနဲ မုဆိုးဒူးထောက်ထိုင်၍-

'ဖောင်း'

'အ··အ··ဟ'

'ဟာ··အောင်ကြီး၊ ဘာဖြစ်လို့ မင်း··'

'ဒိုင်း'

'အေ့··အ့··မင်း··ဟင်း··အ'

မြန်လည်းမြန်၊ မထင်မှတ်သည်ကို အငိုက်ဖမ်း၍ အနီးကပ်လည်းဖြစ်၊ ချက်ကောင်း ဘယ်ရင်အုံကိုချည်း အပစ်ခံရသဖြင့် စက္ကန့်(၄၀)အတွင်း ဓားပြငါးဦးကို ကိစ္စချောပြီးသား ဖြစ်သွားလေတော့သည်။ မြန်လိုက်သည့် မောင်စံလှိုင်။ သေနတ်ငါးလက်ကား ရိုင်ဖယ်(အမေရိကန်)(၂)လက်၊ စတင်းဂန်း(၁)လက်၊ ကာဘိုင်(၁)လက်၊ ပွိုင့်တူးတူး(၁)လက်တို့အားလည်းကောင်း၊ ရွှေ၊ ငွေများ၊ လွယ်အိတ်များ၊ အထုပ်များအား အားလုံးကိုယ်စီ မျှသယ်၍ ကားလမ်းတစ်နေရာသို့ ထွက်ပြီးနောက်တွင်ကား··။

◆◆◆

'ကဲ··မင်းတို့နဲ့ ငါနဲ့ ခရီးအတူသွားရင်းက ဓားပြတွေကို အခုလို အငိုက်ဖမ်းပြီး လုပ်လိုက်ပြီ။ သူတို့စခန်းက သိရင် ငါတို့ကိုရှာမယ်။ မလွယ်ဘူး။ မင်းတို့ ဘာလုပ်မယ် စိတ်ကူးရှိလည်း ပြောကြပါ။ ခပ်မြန်မြန် ဒီနေရာက ထွက်သွားကြမှဖြစ်မယ်'

'ကျွန်တော်တို့လည်း ပုသိမ်ကို အလုပ်လုပ်ရအောင် ထွက်လာခဲ့တာ။ အခုလို ဓားပြနဲ့တွေ့တဲ့အချိန် အစ်ကိုရဲ့ သတ္တိနဲ့ ဆုံးဖြတ်ချက်ကို သဘောအရမ်းကျတယ်။ အစ်ကို ဘယ်သွားမလဲ၊ ဘာလုပ်မလဲ။ ကျွန်တော်တို့ လိုက်ပြီးသားပဲ။ ဖြစ်ချင်တာဖြစ်'

ကျန်သော လူရွယ်များကလည်း-

'ကျွန်တော်တို့လည်း အတူတူပဲ။ နောက်ကြောင်းသံယောဇဉ်ရှင်းတယ်။ အစ်ကို လုပ်ချင်တာလုပ်'

'ဟုတ်ပြီ။ ကဲ··ဒါဆို သွားကြမယ်။ နောက်မှ ဘာဆက်လုပ်သင့်သလဲဆိုတာ ဆက်ပြီးတိုင်ပင်မယ်။ လောလောဆယ်တော့ မြန်မြန်လေး သွားကြရအောင်ဟေ့'

မောင်စံလှိုင် ဦးစီးသော လူငယ်လေးယောက်ကား ဓားပြများထံမှရသော ပစ္စည်းများ၊ လက်နက်များ၊ ကျည်ဆန်၊ ခါးပတ်များပါ ယူဆောင်၍ ဆန့်ကျင်ဘက်အရပ်သို့ ထွက်ခွာသွားကြလေတော့သည်။

မောင်စံလှိုင်ကား သတ္တိရှိသလို ရဲရင့်သည့်အလျောက် ၄င်း၏ သျှောင်ထုံးအတွင်းမှ အင်းအစွမ်းကြောင့်လေမသိ။ သေနတ်ပြီးသည်ဟု (နောင်သောအခါ) နာမည်ကြီးလျက် မြေပိုင်ရှင်များ၊ ချစ်တီးများ၊ သူဌေးအိမ်များကိုသာ ဓားပြတိုက်၍ ဆင်းရဲသားမိသားစုအား ထောက်ပံ့သော ပုသိမ်သာပေါင်းနယ်မှ နာမည်ကြီးလှသော ဓားပြဗိုလ်ကြီး ဗိုလ်မိုးသီးအဖြစ် လူသိများ ထင်ရှား၍လာလေတော့သည်။

ဤသို့ ဓားပြကြီးဖြစ်လိမ့်မည်ဟု သူ့ကိုယ်သူလည်း မထင်မိ။ ပတ်ဝန်းကျင်အခြေအနေနှင့် ကံအကြောင်းတရားက တွန်းပို့လိုက်ခြင်းအား ခံစားရလေ၏။ ဤသို့ ဓားပြကြီးအဖြစ်ဖြင့် (၁၅)နှစ်ခန့်အကြာတွင် တော်လှန်ရေးအစိုးရ တက်သောအခါတွင်ကား ရှမ်းဆရာကြီးတစ်ဦးနှင့် တွေ့ဆုံလျက် ဆေးပညာသင်ကြားခြင်း၊ ဗေဒင်နှင့်နက္ခတ်ပညာများ သင်ခြင်းများ ပြုလုပ်လျက် ဓားပြဗိုလ်အလုပ်အား အပြီးအပိုင်စွန့်လွှတ်ကာ ဆေးကုသပေးခြင်း၊ ဗေဒင်ဟောပြောခြင်း၊ အခါပေးခြင်းဖြင့် အသက်မွေးနေတော့ရာ သာပေါင်းရွာမှ ဒေါ်ရင်ရွှေနှင့် အိမ်ထောင်ကျလေသည်။ သားသမီးသုံးယောက် ထွန်းကားလေသည်။

ဦးစံလှိုင်သည် အသက်(၈၀)ကျော်တွင် လူကြီး ရောဂါဖြင့် ကွယ်လွန်ခဲ့သော်လည်း ၄င်း၏ ဆေးပညာ၊ ဗေဒင်ပညာတို့အား အမွေဟူ၍ တပည့်မွေးပေးခဲ့ခြင်း မရှိသကဲ့သို့ အဆိုပါ သေနတ်ပြီး၊ တုတ်၊ ဓားပြီး အင်းအားလည်း သားသမီးတို့အား မပေးခဲ့ကြောင်း လေ့လာသိရှိရလေသည်။

'အစွမ်းထက်တဲ့ ပညာတစ်ခုဟာ လူကောင်းသူကောင်းတွေရမှ ကောင်းမှာ၊ လူဆိုးသူခိုး လက်ထဲရောက်ရင် အားလုံးပျက်စီးတော့တာပဲ။ အန္တရာယ်လည်း ကြီးတော့တာပဲ။ ဒါကြောင့် ဘယ်သူမှ တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီး ဆေးနည်း လာမတောင်းနဲ့။ မပေးဘူးကွ' ဟု ဦးစံလှိုင် ပြောခဲ့ဖူးသည်ဟု စာရေးသူတို့အား ဒေါ်ရင်ရွှေ

www.burmeseclassic.com

က ပြောပြလေသည်။

(၁၃၇၄)ခုနှစ်၊ ဝါဆိုလက ဒေါ်ရင်ရွှေ ကျုံစုရွာကို အလည်အပတ်ရောက်လာပြီးနောက် ဦးစံလှိုင်၏ မြေးတော်သူများ၊ တူတော်စပ်သူများထံ အလည်လာခဲ့သေး၏။ ထိုအချိန်က ဒေါ်ရင်ရွှေကား အသက်(၈၂)နှစ်ပင် ရှိ၍နေချေပြီ။

တစ်ချိန်က မောင်စံလှိုင် နေခဲ့သော ရွှေရင်အေးကျောင်းကြီးကိုလည်းကောင်း၊ မောင်စံလှိုင်၏ဘဝကို ထူးခြားစွာ ပြောင်းလဲပစ်လိုက်သော ဆွမ်းစားကျောင်းနှင့် သိမ်ကျောင်းအကြားမှ မန်ကျည်းပင်ကြီးကိုလည်းကောင်း ကြည့်ရှုပြီး–

'အင်း..မင်းတို့ ဦးလေးဘဝဟာ ယောဒီဖျိုင်းတွေကို အကာအကွယ်ပေးတဲ့ ဆရာတော်ကြီးရဲ့ မန်ကျည်းပင်ပေါ်က အင်းကို စိတ်ဝင်စားမိရာက တစ်ခါတည်း စကတည်းက ယဉ်သကို ဖြစ်တော့တာ။ ဓားပြငါးယောက်ကို (၄၅) စက္ကန့်လောက်အတွင်း သတ်ပစ်လိုက်တာ အံ့သြစရာပဲ။ အဲဒီကစ ဓားပြသဲနွေ ရသွားသလား မသိပါဘူးကွယ်'ဟု မျက်ရည်များစမ်းစမ်းနှင့် ပြောပြလေသည်။

ယခု ကျုံစုရွာလယ်တွင် ရပ်မိရပ်ဖအဖြစ် ကျန်းမာစွာ နေထိုင်လျက်ရှိသော မောင်စံလှိုင်၏သူငယ်ချင်း ဦးမြထွေး(၉၄ နှစ်)အားလည်း ဒေါ်ရင်ရွှေက ဝင်ရောက်နှုတ်ဆက်သွားလေသည်။

တစ်ချိန်သောအခါက ရွှေရင်အေးကျောင်းတိုက်ကြီး ဦးစီးပဓာနအဖြစ် အုပ်ချုပ်ခဲ့သော ဆရာတော်ကြီး ဦးအာစိဏ္ဏ၏တပည့်ရင်း မောင်စံလှိုင်၏ ဖြစ်ရပ်မှန်ဇာတ်လမ်းအား နှစ်များစွာကြာသောအခါ တဖြည်းဖြည်း ဒဏ္ဍာရီသဖွယ် မဖြစ်အောင် အမှတ်ထင်ထင် ရေးသားမှတ်တမ်းတင်ရပါတော့သည်။

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ

**ဆန်းဝင်း(အောင်မြေ)**

**မှီငြမ်း**

ကျုံစုရွာ အုပ်ချုပ်ရေးမှူးဟောင်း ဦးဝင်းရွှေ ပြောပြချက်၊ ဦးစံလှိုင်၏ဇနီး ဒေါ်ရင်ရွှေတို့၏ ပြောပြချက်အား ခြယ်မှုန်းပါသည်။

ဘုရားသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ

အထူးအစီအစဉ်ဖြင့် သာသနာပြုလျက်ရှိသော

ဆရာမကြီး အေးမိုးမိုး



စိတ်မနှောအာရုံ အကြားအမြင်လက္ခဏာဖြင့် ဂုဏ်ရည်ရှိသားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်

ပညာရေး စီးပွားရေး အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း၊

မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊

ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး

အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ

ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၂၈၈၉၈၂၅၂၀ ၊ ၀၉ ၄၂၀၀၂၃၆၈



www.burmeseclassic.com

www.burmeseclassic.com


ပဉ္စဂုဏ် အဟံ ဝန္ဒာမိ

# ဂန္ဓာရီ ဆရာလှမျိုး (B.Sc)

ဓအောင်ကောင်းမြ(သာဓကာ)

## ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

❖ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။

❖ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။

❖ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေးခြင်း။

❖ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

**ဟောခန်းလိပ်စာ** ကြံတိုင်းအောင် စာပေနှင့် ဟောခန်း
အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

**လမ်းညွှန်** ၄၊ ၅၊ ၉၊ ၃၂၊ ၃၃ ၃၄၊ ၇၀၊ ၇၆ ၈၀၊ ၈၅ စီး၍ (၈)ဂိတ်မှတ်တိုင် ဆင်းပါ။

**ဟောပြောအချိန်** နံနက်(၁၀:၀၀)နာရီမှ ညနေ(၄:၀၀)နာရီ။

ရပ်ဝေးမှ လာမည့်သူများ ဖုန်း ၀၉၄၂၀၀၄၇၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်။



အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လေးယေးမင်္ဂ

နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး — ဟိမဝန္တာ သွေးသန့်ဆေး

# ခရုသင်း — သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကဗ္ဗိုက်၊ ရေယုန်၊ မုက္ခရုနာ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဖဲ၊ ရိဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို **အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လေးယေးမင်္ဂ** အရေပြားရောဂါ အထူးကုဆေးတိုက်

**အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



မှော်ဘီအပိုင် မိုးကြိုးပစ်ရွာ၊ ရေကျော်ရွာ၊ သဲဖြူရွာ၊ ဖလုံ့ရွာတို့က ရွာနီးချင်းတွေ မီးရထားလမ်း၊ ကားလမ်းပဲ ခြား သည်။ မိုးကြိုးပစ်ရွာက ယခင်အချိန်တုန်းဆီတွင် ရွာလို့ ပြော ရန်ပင် ခက်၏။ အိမ်ခြေလေး၊ ငါးလုံး အစုရှိသည့် လူများ နေကြ

www.burmeseclassic.com

သည်။ (၁၉၀၀)ပြည့်နှစ်နောက်ပိုင်း နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာပြည်သူလူထု ကျေးရွာနေလူများကို စေတနာထား၍ မဟုတ်ဘဲ သူတို့၏ စစ်လက်နက်ပစ္စည်းရိက္ခာများကို သယ်ယူရန် လွယ်ကူရေးအတွက် ကားလမ်းများ၊ မီးရထားလမ်းများကို ဖောက်လုပ်ခဲ့သည်။ ဧရာဝတီတိုင်းကိုလည်း ရန်ကုန်နှင့် သယ်ယူမှု လွယ်ကူစေရန် (၁၉၀၁)ခုနှစ်တွင် တွံတေးတူးမြောင်းကို တူးဖော်လိုက်သည်။

အဲဒီရဲ့ အကျိုးကျေးဇူးကြောင့်ဟုပဲ ဆိုရပေမည်။ တွံတေးသားလေး ထွန်းပိုင်က ရေကျော်ရွာနှင့် သဲဖြူရွာမှ မိုးအောင်နှင့် လှခင်ဆိုသည့် တက္ကသိုလ်တက်ဖက် သူငယ်ချင်း နှစ်ယောက်နှင့် အလည်အပတ်လိုက်ရင်း မိုးကြိုးပစ်ရွာကိုပါ ရောက်ဖြစ်နေသည်။ ရေကျော်ရွာမှ မိုးအောင်၏ အမျိုးဆွေတွေနှင့်ပတ်သက်ပြီး ထွန်းပိုင်ရော လှခင်ပါ ရောက်ဖြစ်ခြင်း ဖြစ်သည်။

တွံတေးသားလေးက ရေကျော်ရွာသား မိုးအောင်ကြောင့် မိုးကြိုးပစ်ရွာကို ရောက်သလို မိုးကြိုးပစ်ရွာကို ရထားလမ်း၊ ကားလမ်းအပြင် ရေလမ်းပေါက်တော့မည်။ ရွာနီးချင်းရွာသားဖြစ်သည့် သဲဖြူရွာသား လှခင်က ယခုမှ မိုးအောင်ကို အကြောင်းပြုပြီး နှင်းသွယ်ဆိုသည့် အပျိုချောကြောင့်ဟုဆိုလျှင် လှခင်က မငြင်းပါဘူး။ ဒါပေမဲ့ မိုးကြိုးပစ်ရွာသူ ယဉ်ချောလှပသိမ်မွေ့တဲ့ မနှင်းသွယ်ဆိုသည့် မိန်းမချောလေးက သုံးယောက်လာတဲ့အထဲမှ မိုးအောင်က ဆွေမျိုးမကင်းလို့ ဖယ်လိုက်ရင် နှစ်ယောက်ထဲမှ တည်ကြည်ခန့်ချော တွံတေးသား ထွန်းပိုင်ကို အကြည့်မျက်လုံးတွေက ပိုပိုရောက်နေသည်။ အတည်အခံ့ ထွန်းပိုင်နှင့် အချောအယဉ် နှင်းသွယ်တို့က အချစ်ဆိုတဲ့ ကန့်သတ်မှုဘောင်ထဲကို မေတ္တာဆိုတာ ထည့်ပေါင်းပြီး သစ္စာဆိုလိုက်သည့် ဘဝအဖော်စာရင်းဝင် ဖြစ်သွားကြသည်။

ရထားလမ်းဘေး ရွာအဝင်လမ်းစ လယ်ရေသွင်းတဲ့မြောင်းကို တံတားထိုးပြီး ခရီးသွားနားခိုဇရပ်ပါ ဆောက်ထားသဖြင့် ခရီးသွား ခရီးလာတို့ ခိုနားလို့ရသည်။

'သွယ်လေး..စောင့်နေရတာ ကြာပြီလား'

'မကြာသေးပါဘူး အစ်ကို'

'သွယ်လေးရယ်၊ စောင့်နေတာကို အားနာလို့ မစောင့်ပါနဲ့ဆိုကွာ'

'ဟင်..အားနာရမယ့် လူတွေလား အစ်ကိုရယ်'

အချိန်ပြည့်မတွေ့နိုင်သော ချစ်သူနှစ်ယောက် လက်ချင်းတွဲ၍ စကားပြောပြီး ဇရပ်ကြီးမှ ရွာအဝင်လမ်းကို လျှောက်ဝင်လိုက်ကြသည်။

'သွယ်လေး..အိမ်မှာ ဘာပြောလာခဲ့လဲ'

'ဒေါ်လေးညွှပ်တို့အိမ်မှာ မနက်ဖြန် ဆွမ်းကပ်ရှိလို့ လုပ်ပေးမယ်ဆိုပြီး ပြောလာတာ။ အေးပုံနဲ့ မိသိုင်းတို့ကို မှာခဲ့တယ် အစ်ကို'

'အစ်ကို..နောက်တစ်နေ့မှ ပြန်မယ်။ မိုးအောင် လာပြီး ဒီရွာမှာ ညအိပ်မယ်လေ'

'ဟုတ်ကဲ့ အစ်ကို၊ သွယ့်ကို လိုက်ပို့ပေးဦးလေ'

'ဒေါ်လေးညွှပ် အိမ်ကိုလား သွယ်လေး'

'ဟုတ်တယ်၊ အစ်ကို့ကို ဒေါ်လေးညွှပ်က မြင်ဖူးချင်လို့တဲ့'

ထွန်းပိုင်နှင့် မနှင်းသွယ်တို့ နှစ်ယောက် လက်ချင်းတွဲ၍ ဆွမ်းလှူမည့် ဒေါ်ညွှက် အိမ်ကို လာကြသည်။

လက်တွဲ၍ ရှေ့မှသွားနေသော ချစ်သူနှစ်ယောက်၏ နောက်မှ လိုက်လာသူက လက်သီးဆုပ် အံကြိတ်၍ ကျော်တက်သွားသည်။

သူက မိုးကြိုးပစ်ရွာမှာ လယ်ပိုင်၊ ခြံပိုင်၊ မြေပိုင်နဲ့ ငွေကြေးပြည့်စုံသည့် ရွာသူဌေး ဦးဖိုးမောင်နှင့် ဒေါ်စိန်ဒီတို့၏သား သောင်းချိတ် ဆိုသူ။ ရွာလမ်း လူရှောင် ခွေးမဟောင်သမား ဖြစ်သည်။

မိဘ၏စီးပွားဥစ္စာ ငွေကြေးအရှိန်နှင့် ဖဲရိုက်၊ အရက်သောက်၊ ကြက်တိုက် လောင်းကစားမျိုးစုံ၊ အပျော်မျိုးစုံ သူဖြစ်ပြီး မနှင်းသွယ်ကို အရှင်ပဲ လိုချင်သူ။ အသေရရင်တော့ ဖဲဝိုင်းဒိုင်ခံမည့်သူ ဖြစ်သည်။ တစ်ရွာတစ်ကျေးက လှာပြီး မနှင်းသွယ်ကို ရအောင် စွမ်းနိုင်သော ထွန်းပိုင်ကို မကျေနပ်သလို ရွာလွန်ရွက်တိုက်သူ၊ မနှင်းသွယ်ကိုတော့ မရ,ရအောင်ယူမည်ဟု ဆုံးဖြတ်ထားသလို အမြင်အတွေ့ကို မကျေနပ်လို့ ယမကာနှင့်ဖြေရန် ထွန်းပိုင်နှင့် မနှင်းသွယ်တို့ကို ကျော်ဖြတ်သွားခြင်း ဖြစ်သည်။

ဒေါ်ညွှပ် အိမ်ပေါ်တွင် ရောက်နေကြသူများ ဆွမ်းကျွေးအတွက် လုပ်ကိုင်ပေးနေကြသူများက ထွန်းပိုင်နှင့် မနှင်းသွယ်ကို အတွဲညီလိုက်ဖက်၍ အားကျကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ညှပ်က–

'အေးကွယ်၊ ငါတို့ကို အဒေါ်က အခုမှ မြင်ဖူးတာ။ ဒါကြောင့် မိသွယ်ကို ခေါ်လာဖို့ မှာတာပါကွယ်'

'ဟုတ်ကဲ့ပါ ဒေါ်ဒေါ်၊ ကျွန်တော့်ကို တူသားလို့ ဆိုးမနိုင်ပါတယ်'

'အေး··အေး'

'သွယ်လေး··အစ်ကို မိုးအောင်ဆီကို သွားဦးမယ်။ ဒေါ်ဒေါ်··ကျွန်တော်သွားပါဦးမယ်'

'အေး··အေး··မနက်ကျရင် မိုးအောင်နဲ့ လာကြနော်'

'ဟုတ်ကဲ့ပါ'

အားလုံးကို နှုတ်ဆက်ပြီး ရွာလယ်လမ်း လျှောက်သွားသော ထွန်းပိုင်၏ နောက်ကျောပြင်ကို မနှင်းသွယ်က ကြည့်နေသည်။

နောက်တစ်နေ့မနက် ဒေါ်ညှပ်အိမ်တွင် သံဃာတော်များကို အရုဏ်ဆွမ်းကပ်လှူသည့် ဒေါ်ညှပ်၏ အိမ်တွင် ထွန်းပိုင်၊ လှခင်တို့က တရားနာ ဆွမ်းပွဲပြင် လုပ်ကိုင်ပေးပြီး သံဃာတော်များကို ဆွမ်းကပ်ကာ ဧည့်သည်တရားနာသူများကို ထမင်းကျွေးသည်။ ထမင်းဝိုင်းတစ်ဝိုင်းတွင် အားရပါးရစားနေသော သောင်းချိုက ထမင်းစားရင်းနှင့် ထွန်းပိုင်ကိုရော မနှင်းသွယ်ကိုပါ မကြာ‚မကြာ ကြည့်နေသည်။

◆◆◆

နံနက်စောစောပင် သောင်းချို၏သတင်း ကြားလိုက်ရသူတို့က ဟုတ်ပါ့စေလို့ ဆုတောင်းကြသည်။ ကြားရသည့်သတင်းက မီးရထားလမ်းဘေး ရွာအဝင်ထိပ် ဇရပ်ကြီးဘေးမှ လက်ပံပင်ကြီးအောက်တွင် ညကတည်းက သေဆုံးနေသော သောင်းချို၏အလောင်း။ ရထားဘူတာစာရေး စိုးတင့်က ရွာမှထွက်ပြီး အလုပ်ဆင်းရန် အသွားတွင် တွေ့၍ ရွာမှလူကြီးများကို ပြန်၍အကြောင်းကြားခဲ့သည့် သတင်းဖြစ်သည်။

မိုးကြိုးပစ်ဘူတာ မရောက်ခင် ဘူတာ၏ ခြစည်းရိုးအစပ်တွင်ရှိသော ထိုနေရာက ယခင်ဗြိတိသျှအင်္ဂလိပ်လက်ထက်က မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်းတို့ကို မီးရထားလမ်း ဖောက်လုပ်ရာတွင် ခရီးအကွာအဝေး (၇) မိုင်ဆိုလျှင် ဘူတာရုံတစ်ရုံဆောက်ရာ ယခု မိုးကြိုးပစ်ရွာက အိမ်ခြေငါးလုံး၊ ခြောက်လုံးရှိသော တဲအိမ်နေရာလေးဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့က ပြည်သူလူထုအတွက် လမ်းပန်းဆက်သွယ်မှုကို ချောမွေ့အောင် ပြုလုပ်ပေးခြင်းမဟုတ်။ သူတို့၏ စစ်ပစ္စည်း စားနပ်ရိက္ခာများ သယ်ယူရန် လွယ်ကူစေလို၍ ဖောက်လုပ်ခြင်းဖြစ်ရာ ယခု မိုးကြိုးပစ်ရွာနေရာတွင် ဘူတာရုံ ဆောက်လုပ်ရာ အဆောက်အအုံပြီး၍ အမိုးတင်သည်တွင် မိုးကြိုးပစ်ချလိုက်သည်။ နောက်တစ်ကြိမ် အဆောက်အအုံကိုပြုပြင်၍ အမိုးတင်ရာ ထပ်မံ၍ မိုးကြိုးပစ်ပြန်သည်။ သစ်ပင်ချုံနွယ်များကိုရှင်းပြီး ဘူတာရုံကို အသစ်ဆောက်၍ အမိုးတင်ရာတွင် မိုးကြိုးထပ်ပစ်ပြန်သည်။ အဆောက်အအုံက လုံးဝပျက်စီးသွားသည်။

လေးကြိမ်မြောက် ထပ်ဆောက်၍ အမိုးတင်ရာ မိုးကြိုးပစ်သဖြင့် ထိုနေရာတွင် ဘူတာရုံမဆောက်ဘဲ လက်မှတ်ရောင်းနေရာသာလုပ်ပြီး မိုးကြိုးပစ်ရွာဟု အမည်တွင်ပြီး လူနေအိမ်များ တိုးပွား၍ လယ်ယာလုပ်ကိုင်သူများ နေထိုင်ကြပြီး မိုးကြိုးပစ်ရွာဟု ဖြစ်သွားသည်။ ထိုမိုးကြိုးပစ်ခံရသောနေရာတွင် သစ်ပင်မပေါက်ပါ။ ယခင်က ခြံခတ်ထားသည့် ဘူတာရုံမြေဖြစ်သည်။ နောက်ပိုင်းတွင် ပေါက်လာသော သစ်ပင်များတွင် ကုက္ကိုပင်၊ လက်ပံပင်၊ ညောင်ပင်များဖြစ်ပြီး ရထားလမ်းဘေး မိုးကြိုးပစ်ရွာအဝင်နေရာ ဖြစ်သည်။

သောင်းချိုက မိုးကြိုးပစ်ရွာထဲမှနွားကို တခြားရွာမှ နခိုး(နွားခိုးသူ)များနှင့်ပေါင်း၍ နွားခိုးရာ အရက်မူးနေသော သောင်းချိုတ် နွားများ မြန်မြန်သွားရန် ရိုက်နှက်မောင်း၏။ သောင်းချိုတ် မောင်းသောနွားက နွားဆိုး၊ ရုန်းကန်၍ ဝှေ့ရာ နွားဝှေ့သောဒဏ်ရာနှင့် သောင်းချိုတ် လဲသွားရာ နွားမှာ လွတ်၍ ထွက်ပြေးသွားပြီး ကျန်နွားခိုးများက ရသည့်နွားကိုဆွဲ၍ ရှောင်သွားခြင်းဖြစ်လို့ နွားဝှေ့သည့်ဒဏ်နှင့် သောင်းချိုက သေဆုံးခြင်းဖြစ်သည်။ ဒါကိုတော့ မည်သူမှမသိဘဲ ဒဏ်ရာများနှင့် သေဆုံးနေသော သောင်းချိုတ် အလောင်းကို ကြည့်မြင်ပြီး မိခင်ကြီးဒေါ်စိန်ဒီက ဝမ်းပန်းတနည်း ငိုနေသည်။

သောင်းချို၏ အသုဘက ရွာမှာ စည်စည်ကားကား ဖြစ်သည်။ မိဘများ၏ အရှိန်အဝါနှင့် မကောင်းရာမကောင်းကြောင်း ပို့ရသူများ၊ ရွာအမှိုက်ရှင်း၍ ဝမ်းသာ၍ ပို့သူများကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သောင်းချိတ် သေပြီး၍ ရက်လည်ဆွမ်းကျွေးညတွင် ရွာရှိ ခွေးများမှ အိမ်စေ့ ဟောင်ကြသည်၊ အူကြသည်။ ခွေးအူသည်မှာ တစ်ညလုံးပင်ဖြစ်သဖြင့် အိပ်ရေးပျက်ကြသည်။ တချို့က ဆဲကြဆိုကြ ကြိမ်းကြသည်။ တချို့က တော့ ခွေးတွေကတောင် သောင်းချိတ် သေတာကို ဝမ်းသာလို့ ရက်လည်နေ့မှာ နှုတ်ဆက်တာဟု ပြောကြသည်။

တစ်ရွာလုံးတွင် သောင်းချိတ်သေလို့ စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းတာက အဖေ ဦးဖူးမောင်နှင့် အမေ ဒေါ်စိန်ဒီတို့ နှစ်ယောက်ဖြစ်ကြသလို သောင်းချိတ်၏ စားဖော်သောက်ဖော် ပွဲဖက်များဖြစ်ကြသည့် လက်ကောက်၊ ပါးရွဲ၊ ငကျီးတို့ သုံးယောက်ကလည်း ဝမ်းနည်းကြသည်။

အေးပုံ၊ မိသိုင်းတို့က မနှင်းသွယ်ကို သောင်းချိတ် သေသွားသည်၊ ရန်တစ်ခု ရှင်းသွားပြီဟုပြော၍ တွံတေးသိန်းတန် သီချင်းဆိုပြီး စကြသည်။

'ဟဲ့..မိသိုင်းနဲ့ မိအေးပုံ၊ နင်တို့လုပ်တာနဲ့ အဖေနဲ့ အမေ သိသွားပါ့မယ်'

'အောင်မယ်တော်..ဦးကြီးနဲ့ ဒေါ်ကြီးတို့က သိပါ့တော်။ ကိုထွန်းက မွန်မွန်ရည်ရည်မို့ ဘာမှမပြောတာ'

'ဟုတ်ပါ့အေ ကောင်မရယ်၊ ကိုသောင်းချိတ်ကြီးက သူ့အဖေနဲ့ အမေကို နားဖောက်တော့ ဦးကြီးနဲ့ ဒေါ်ကြီးတို့က နှင်းသွယ်မှာ ရည်ရွယ်ပြီးသား။ ပြောဆိုပြီးသားရှိလို့ ပါလို့ တိုးတိုးတိတ်တိတ် အကြောင်းပြန်လိုက်တာ ဒါကို ညည်းမသိပါဘူး နှင်းသွယ်ရယ်'

'ဒါကြောင့်လည်း သောင်းချိတ်ကြီးက သူများလက် အပါမခံဘူး။ ငါ ရအောင်ယူမယ်လို့ ပြောပြောနေတာဟ'

'ဟုတ်ပါတော်'

'အို..မိအေးပုံရယ်၊ တော်ကြပါတော့ မိသိုင်းရာ'

'အေးပါ၊ တော်ပါပြီ။ ကိုထွန်းပိုင် လာမှ ဆက်ပြောမယ်'

မိသိုင်း၏ စကားအဆုံးတွင် ရယ်ကြသည်။ သူငယ်ချင်းတွေ ပြောမှပင် ချစ်သူ ထွန်းပိုင်ကို လာစေချင်လိုက်သည်။

ရွာထိပ်မှ လက်ပံပင်အောက်တွင် ရထားနှင့် ပါလာသော ပစ္စည်းများ၊ ကုန်များ ထမ်းပိုးရွက်သယ်သောအလုပ်ကို လုပ်စားသည့် မိုးကြိုးပစ်ရွာထဲမှ အေးမော်၊ မလုံး၊ ငဟာန်၊ မောင်အုန်းတို့တစ်သိုက် နံနက်ဝေလီဝေလင်း ရထားအလာကို စောင့်နေကြရင်း တုံးလုံးပက်လက်နေကြရာမှ အေးမော်သည်-

'အူး..ဟူး..ဟ..ဟ'

'ဟ..အေးမော်ရ ဘာဖြစ်တာလဲ၊ ဒီလင်တရှူးမ'

'ဝူး...ဝူး..ဟတ်..ဟတ်..ဟား..ဟား'

'ဟေ့ကောင် မောင်အုန်း၊ ဘာလဲ မသိဘူးကွ။ ဒါ ရှိုးရိုးမဟုတ်ဘူး'

'ဟုတ်တယ် ကိုငဟာန် ပြောတာ အေးမော်ကို သရဲစီးတယ်နဲ့တူတယ်'

'အဲဒါဆိုလည်း လုပ်ကြပါဟ။ မလုံး ရွာထဲသွား၊ အဘစိန်ကို နှိုးပြီး ခေါ်လာ'

'အင်း..အင်း'

မလုံးမှာ အပြေးတစ်ပိုင်းနှင့် ရွာထဲကို ပြန်ဝင်သွားသည်။ ခဏအကြာတွင် လူကြီးတစ်ယောက် အဘွားကြီးတစ်ယောက် မိလုံးနှင့် လူရွယ်နှစ်ယောက် ပါလာသည်။

'ဟဲ့..မိအေးမော်၊ ဘာဖြစ်တာလဲ။ ငါ့ကို သိလား'

'သိတယ်ကွ။ မင်း..မင်း..ဖိုးစိန်လေ'

'ငါက ဖိုးစိန်ဆိုတော့ မင်းက ဘယ်သူလဲ။ သူတို့တရော ဘယ်သူတွေလဲ'

'သူတို့က ကုန်ထမ်းတဲ့ကောင်တွေ၊ ကောင်မတွေ။ ငါ..ငါက. သ..သောင်း..သောင်းချိတ်..ချိတ်ကွာ'

'ဟာ..သရဲသောင်းချိတ်'

'ဟုတ်တယ်ကွာ..ဟုတ်တယ်'

အားလုံးက အံ့သြကြသည်။ သောင်းချိတ်နှင့် ဦးဖိုးစိန်က တူအရီးတော်သည်။ ဦးဖိုးစိန်က ဆေးဂိုဏ်းဝင်ဆရာတစ်ဦး။

'ကဲ..သောင်းချိတ်၊ ရော့..ဒါကို လည်ပင်းမှာ ဆွဲပြီး ငါနဲ့ လိုက်ခဲ့'

ဦးဖိုးစိန်က ပရိတ်ကြိုးကို သောင်းချိတ် ဝင်နေသော အေးမော်၏ လည်ပင်းကို ဆွဲပေးလိုက်သည်။

'အား..အား.. အ..အ..အင့်'

အေးမော်ကြီးမှာ မိလုံး၏ ပေါင်ပေါ်ကို လဲကျသွားပြီး အေးမော်ကို မိလုံးနှင့် သူ့အမေက တွဲ၍ ရွာထဲပြန်ခေါ်လာသည်။

ထိုနေ့တွင် ရွာထဲမှ အေးမော်ကို သရဲသောင်းချိတ်



www.burmeseclassic.com

www.burmeseclassic.com

ဝင်ပူးသည်ဟု သတင်းကြီးသွားသည်။

◆◆◆

သောင်းချိတ်၏ သောက်ဖော်သောက်ဖက် ပွေဖော်ပွေဖက်များဖြစ်သော လက်ကောက်၊ ပါးရွဲ၊ ငကျိုးတို့က လက်ကောက်၏အိမ်တွင် အရက်ဝိုင်းဖွဲ့၍ အေးမော်ကြီးကို သောင်းချိတ်သရဲဖြစ်လို့ ဝင်ပူးတဲ့အကြောင်းကို ပြောနေကြသည်။

အရက်ဝိုင်းဘေးတွင်ထိုင်၍ အမြည်းနှိုက်စားနေသော လက်ကောက်၏မိန်းမ ကြာစူးက−

'ဟီး..ဟီး..အ.. ငါ..ငါ..ဟ'

'ဟာ..ဟေ့ကောင်လက်ကောက်၊ မင်းမိန်းမ ကြာစူးက ဘာဖြစ်တာလဲ'

'အေး..လုပ်ပါဦးကွာ'

'ပူး..အ..ခွီး.. ဟီး..ဟီး'

'ဟဲ့..ကြာစူး၊ ကြာစူး၊ဘာဖြစ်တာလဲဟ'

'ဝုတ်ဟူး။ ငါ..ငါ..သ..သ..သောင်းချ..ချိတ်..ဟိတ်'

'ဟာ..သောင်းချိတ် ဟုတ်လား။ သရဲ..သရဲ..လုပ်ကြပါဦး'

'အောင်မယ်လေး..သရဲ'

ပါးရွဲနှင့် ငကျိုးက အော်၍ အိမ်ပေါ်မှ ခုန်ချထွက်ပြေးကြသည်။ သရဲဝင်နေသော ကြာစူးနှင့် လင်ဖြစ်သူ လက်ကောက်ပဲ ကျန်ခဲ့သည်။

'အရီးငွေရေ၊ ဘကြီးအုံး..လာကြပါဦး။ ကြာစူး ဘာဖြစ်မှန်းမသိလို့ လာကြပါဦး'

လက်ကောက်၏ အော်ခေါ်သံကြောင့် ဘေးအိမ်များမှ လူကြီးများ အဘွားကြီးနှင့် သုံးလေးဦး ရောက်လာကြသည်။ အခါတိုင်းဆိုလျှင် လက်ကောက်က အရက်မူး၍ ထိုးကြိတ်ကန်ကျောက်သဖြင့် ကြာစူးက အော်သည်။ သည်တစ်ခါ လက်ကောက်က အော်၍ ထူးဆန်းပြီး လာကြခြင်း ဖြစ်သည်။

'ဟဲ့..ဟဲ့..လက်ကောက်ရဲ့၊ ကြာစူး ဘာပူးနေတာလဲ။ တစ်ခုခုပူးနေတာ၊ လုပ်ကြပါဦးဟယ်'

'အေး..အေး..ဒါဆိုရင် သရဲပူးတာနဲ့ တူတယ်'

'ငါ..သရဲဝုတ်ဟူး သောင်း..ချိတ်..ချိတ်..ဟိတ်'

'ဟယ်..အဲ..သေပြီးသား သောင်းချိတ်တဲ့'

'သွား..သွား..မြန်မြန်သွား၊ ဦးဖိုးစိန်ကို သွားခေါ်'

လူရွယ်တစ်ယောက်က ပြေးထွက်သွားပြီး ဦးဖိုးစိန်ကို သွားခေါ်လေသည်။ ဦးဖိုးစိန်ကလည်း ချက်ချင်းလိုက်လာသည်။

'ကဲဟေ့၊ ဘယ်သူလဲကွ'

'ငါ..ငါ..သ..သောင်း..ချိတ်'

'မင်း ဘာဖြစ်လို့ ခဏ,ခဏ သူများကို အနှောင့်အယှက်ပေးနေတာလဲ'

'ဝုတ်ဝူး၊ ငါ..ငါ..နှင်း..နှင်းသွယ်ကို လို..လို..ချင်လို့'

'ဘာကွ'

'ဟာ..ဒီသရဲက'

ကြားရသူများက တအံ့တသြနှင့် ဝိုင်းပြောကြသည်။ လက်ကောက်ကပါ ဒီသရဲကဟု ပြောလိုက်သဖြင့် သရဲဝင်ပူးနေသော ကြာစူးမှာ ခုန်ပေါက်ပြီး ဒေါကန်၍ ခြေကားရား လက်ကားရား ဖြစ်သွားသည်။

'ကဲ..ကဲ..သောင်းချိတ်၊ မင်း သွားတော့။ မဟုတ်တာကွာ၊ ဒါနဲ့ပတ်သက်ပြီး လူတွေကို ဒုက္ခမပေးနဲ့။ ရော့၊ ဒီရေကို သောက်လိုက်'

ဦးဖိုးစိန်က ရေတိုက်ပြီး ပရိတ်ကြိုးကို ကြာစူး၏ ခေါင်းမှစွပ်၍ လည်ပင်းတွင် ဆွဲပေးလိုက်သည်။ ကြာစူးမှာ ရေခွက်ကိုင်လျက် နောက်ပြန်လဲသွားသည်။

လက်ကောက်မိန်းမ ကြာစူးကို သရဲသောင်းချိတ် ဝင်ပူးပြီး မနှင်းသွယ်ကို လိုချင်လို့ဟု ပြောသည့်စကားက ရွာထဲတွင် ပွသွားသည်။

'မိသွယ်ရေ၊ နင့်ကို သရဲက ကြိုက်လို့ လိုချင်လို့တဲ့။ ကိုထွန်းဝိုင်ခမျာ ကျန်ရစ်ဖြစ်ပါပြီဟာ'

'ဟင်.. မိအေးပုံရယ်၊ မဟုတ်က ဟုတ်ကတွေ လျှောက်မပြောပါနဲ့ဟာ။ ငါ ရှက်လို့ပါ'

'နင်က ရှက်နေ၊ သရဲက အရှက်မရှိလို့ လိုချင်တယ်ပြောနေတာ'

အေးပုံစကားကြောင့် မိသိုင်းက အားရပါးရ ရယ်လေသည်။

အေးပုံက လိုက်ရယ်ရင်းမှ−

'ငါတို့သူငယ်ချင်းကို သရဲကပါ ကြိုက်ရတယ်လို့ဟယ်။ တကယ်ဆို ရုပ်ရှင်မင်းသားက ကြိုက်ပါလား'



www.burmeseclassic.com

www.burmeseclassic.com

'ဟား..ဟား..ဟိ..အဟိ'

သူငယ်ချင်းသုံးယောက် ခြံထဲမှ ခုံတွင်ထိုင်၍ စကားပြောနေစဉ် နောက်မှ-

'ဘယ်မင်းသားလဲဗျ မအေးပုံ'

'ဟို..ဟိုမင်းသား၊ အယ်..အယ်'

'အဲတော့'

'ဟင်..အစ်ကို၊ ဘယ်တုန်းက ရောက်တာလဲ'

'နေ့လယ်ကရောက်တာ။ မိုးအောင်ကို စောင့်နေရလို့ နောက်ကျတာ။ အစ်ကို အားလုံးကြားပါတယ် သွယ်လေးရယ်'

'ဟင်..ရှက်လိုက်တာ အစ်ကိုရယ်'

'မနက်ကျရင် အဘဆရာကြီးက ဦးဖိုးစိန်တို့အိမ်ကို လာမယ်။ ဆရာကြီး လာရင် နောက် အဲဒါမျိုး မဖြစ်တော့ပါဘူး'

ထွန်းပိုင်က သူသိ သူကြားတာများကို ပြော ပြရင်း ဆရာကြီးက ဦးဖိုးစိန်၏အိမ်ကို လာလည်ရာ ယခု ရေကျော်ရွာတွင် ရှိနေသည်ကို ပြောပြလိုက်သည်။

အေးပုံနှင့် မိသိုင်းတို့က-

'မိသွယ်..တို့ သွားမယ်။ အနှောင့်အယှက် ဖြစ်ဦးမယ်'

'အေး..ဟုတ်တယ်၊ ဝင့်လိုက်နေဦးမယ်။ လာ..သွားမယ်'

'နေကြပါဗျာ။ ဘာမှအနှောင့်အယှက် မဖြစ်ပါဘူးဗျ'

'ဟင်း..အင်း..အင်း'

မိသိုင်းနှင့် အေးပုံက မနှင်းသွယ်ကို မေးငေါ့ပြပြီး အနားမှ ထွက်သွားကြသည်။

ထွန်းပိုင်က ကွပ်ပျစ်(ကပြင်စွန်း)တွင် ဝင်ထိုင်ပြီး-

'သွယ်လေး..ဘဘနဲ့ ကြီးကြီးတို့ ဘယ်သွားကြလဲ။ ဒီမှာ တွံတေးငါးကြော်လေးတွေ ပါလာလို့ပါ'

'အဖေနဲ့ အမေတို့ ရွာဦးကျောင်းကို သွားကြတယ် အစ်ကို'

ထွန်းပိုင်က နေရာရွှေ့ထိုင်ပြီး မနှင်းသွယ်၏ လက်ကလေးကို ကိုင်၍-

'သွယ်လေး..အစ်ကို့အဖေနဲ့ အမေကို ခေါ်လာပြီး နားဖောက်ခိုင်းမယ်နော်။ သွယ်လေး ကျေနပ်တယ် မဟုတ်လား'

'အစ်ကို ကောင်းမယ်ထင်သလို လုပ်ပါ။ သွယ်နဲ့ အစ်ကိုနဲ့ မဝေးရင် ပြီးရောလေ'

ခြံဝင်းအတွင်းကို အေးပုံနှင့် မိသိုင်းတို့ ခပ်သွက်သွက် ဝင်လာကြသည်။

နှစ်ယောက်သား ဝင်ထိုင်ပြီးမှ-

'မိသွယ်..လက်ကောက်ရဲ့မိန်းမ ကြာစူးကို သရဲပူးတာ ဦးဖိုးစိန်က ပရိတ်ကြိုးစွပ်ပေးလိုက်တာ ငြိမ်သွားပြီ။ ကုန်ထမ်းတဲ့ အေးမော်ကြီး သွားပူးနေရလို့ သွားကြည့်ကြတာ အများကြီးပဲ။ မိသိုင်းနဲ့တို့ သွားကြည့်မလို့ လိုက်ဦးမလား'

'မလိုက်တော့ပါဘူး အေးပုံရယ်။ အဖေတို့ အမေတို့လည်း ရှိတာမဟုတ်ဘူး။ အစ်ကိုလည်း ရောက်နေတာ'

'အေး..အေး..တို့ သွားမယ်၊ သွားမယ်နော်'

'အေး..အေး'





www.burmeseclassic.com

www.burmeseclassic.com

'ဩော်..ဟုတ်ကဲ့၊ ဟုတ်ကဲ့'

◆ ◆ ◆

လူအများအုံနေသော အေးမော်၏အိမ်တွင် ဦးဖိုးစိန် ပါ ရောက်နေပြီး သရဲသောင်းချိတ် ဝင်ပူးသည်မှာ အတော် ပင် ကြမ်းကြမ်းတမ်းတမ်းဖြစ်သဖြင့် ရွာလူကြီး ဦးရွှေ မောင်က ရေကျော်ရွာကို လူလွှတ်၍ ဦးဖိုးစိန်၏ ဆရာ ကြီးကို ပင့်ခိုင်းလိုက်သည်။

ရွာထဲမှ ခိုင်းလိုက်သူနှင့် ဆရာကြီး လိုက်ပါလာ သဖြင့် အေးမော်ကြီး၏အိမ်တွင်,လူတွေ တိုး၍ များသွား သည်။

ထွန်းပိုင်ပါ ရောက်လာပြီး-

'ဟဲ့..ဖိုးစိန်၊ မင်းကွာ။ အမျိုးသရဲမို့လို့ ညှာနေတာ လား။ သူများအတွက် အနှောင့်အယှက် ဖြစ်ပါတယ်'

'မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်တော် လုပ်ပေးလိုက် ရင် ထွက်သွားပြီး ပြန်ပြန်ရောက်လာတာပါ'

'အိမ်း..သူမှာက တဏှာစွဲ ရှိနေတာကိုး။ တယ် အတ္တကြီးတဲ့သူပဲကွယ်။ ပရိတ်ကြိုးနဲ့ချည်ပေးပြီး ပရိတ် ရေမန်းနဲ့ လုပ်ပေးပါ့မယ်။ ညှာညှာတာတာပေါ့'

သောင်းချိတ်သရဲက ဝူးဝူးဝါးဝါးနှင့် ခုန်ပေါက်နေ သည်။

'မသွားဝူး၊ နှင်းသွယ်ကို ခေါ်သွားမယ်။ ငါ..ငါကွ'

ဆရာကြီးက ဘုရားရှိခိုး၊ ရေခွက်ထဲကို ဆေးမှုန့် အနည်းငယ်ထည့်ပြီး ပရိတ်ကြိုး ဂါထာမန်း၍ သောင်း ချိတ်သရဲ ပူးနေသော အေးမော်ကို ရေမန်းနှင့်တောက်ပြီး ပရိတ်ကြိုးနှင့် လည်ပင်းကို စွပ်ပေးလိုက်သည်။

'ဝူး..ဝူး..ပူတယ်၊ ဖြုတ်ပေး။ ငါ..ငါ..အား'

'ကဲ..ကဲ၊ ကောင်းကောင်းမွန်မွန်နဲ့ စကားကိုပြော ပါ။ ဘာဖြစ်လို့ ဒီလိုချည်းပဲ ဖြစ်နေရတာလဲ'

'ဟို..ဟို..နှင်း..နှင်းသွယ်ကို လိုချင်လို့။ အခု ပြန် တော့မယ်'

'ဘယ်ကိုပြန်မှာလဲ'

'လက်..လက်ပံပင်ကို'

ကြည့်နေသူများက ရယ်ကြသည်။ သောင်းချိတ် ပူး နေတဲ့ အေးမော်က ထွန်းပိုင်ကို မျက်ထောက်နီနှင့် သေ ချာစိုက်ကြည့်ပြီး တောက်ခေါက်လိုက်သည်။ အေးပုံနှင့် မိသိုင်းတို့က ပခုံးတွန့်သွားသည်။

'ကဲကွယ်..မင်းကို ဘာမှမလုပ်ဘူး။ ပြန်လွှတ်ပေး မယ်။ လက်ပံပင်မှာလည်း မနေနဲ့။ မင်းတို့ အကြီးအကဲ ဆီကို သွားမလား'

'မသွားဘူး။ ဒီကိုလာရမှာ မဟုတ်ဘူး'

ရယ်သံများ ထွက်လာသည်။ မနှင်းသွယ်ရဲ့ အဖေနှင့် အမေတို့ပါ ရောက်လာသည်။ ဦးဖိုးစိန်က ခေါ်၍ နေရာ ပေးလိုက်သည်။

'အိမ်း...တော်ပဲဗျာ၊ မိန်းကလေးရဲ့မိဘများ ရောက် လာတာနဲ့ ဒီဘဝခြားနေတဲ့ မောင်သောင်းချိတ်က ကလေး မလေး မနှင်းသွယ်ကို စုံမက်လို့ အခုပူးကပ်နေတယ်လို့ ပြောတယ်။ အဲဒီတော့ မိဘများက သဘောတူ လက်ခံ နိုင်ကြလား'

'ဟာ..ဆရာကြီးရယ်၊ လူ့ဘဝတုန်းကလည်း ဆိုး သွမ်းပြီး ပရမ်းပတာနဲ့၊ သေတော့လည်း စိတ်ထားမဖြောင့် လို့ ဒီဘဝရောက်နေတာ။ ပြီးတော့ မတူလည်း မတူတာ ကို ကျွန်တော်တို့သမီးနဲ့ လုံးဝသဘောမတူပါဘူး။ သူ တို့ ကလေးချင်း သဘောညီနေတာနဲ့ပဲ စုံဖက်ပေးဖို့ ဆုံး ဖြတ်ထားပါတယ်'

'ကဲ..ကဲ..မောင်သောင်းချိတ် ကြားတယ်နော်။ ဒါ ကြောင့် ဒီနေ့ကစပြီး ဘယ်သောအခါမှ အနှောင့်အယှက် မပေးနဲ့တော့။ ဒီနေရာ ဒီအရပ်ကနေ ဝေးရာကို သွား တော့။ ဘုရားအမိန့်၊ သံဃာအမိန့်၊ သူတော်ကောင်းတို့ အမိန့်'

အေးမော်ကြီးကို ရေမန်းနှင့် ပက်လိုက်ရာ အေးမော် ကြီးမှာ နောက်ပြန်လဲကျပြီး လိုမ့်၍ အော်ဟစ်နေသည်။ ဘေးလူများက သဘောကျကြသည်။

'ကဲ..ကဲ..တော်ပါပြီ။ သွားတော့၊ သွား..သွား'

ဆရာကြီးက အေးမော်ကြီးကို ရေမန်းနှင့်ပက်ပြီး ဆေးမှုန့်နှင့်ပါ နဖူးကို တို့ပေးလိုက်ရာ အေးမော်ကြီးမှာ ငြိမ်သွားသည်။

'ကဲကွယ်၊ သက်ဆိုင်သူများက အလှူဒါနပြုပြီး အမျှ ဝေပေးလိုက်ပါ'

'ဟုတ်ကဲ့ ဆရာကြီး'

ထွန်းပိုင်က ဆရာကြီးကိုရော မနှင်းသွယ်၏ မိဘမျိုး ကိုပါ ကန်တော့လိုက်လေသည်။

ကိုသည်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

ကိုအေးသိန်း ဆိုလျှင် မသိသူရှား အိမ်ပွဲစား၊ မြေပွဲစားပါ။ ရွှေပြည်သာမြို့နယ်အတွင်းရှိ အိမ်၊ ခြံ၊ မြေတို့ အရောင်းအဝယ်လုပ်လိုလျှင် ကိုအေးသိန်းနှင့်တွေ့မှ အဆင်ပြေတတ်သည်။ ကိုအေးသိန်းသည် ယခင်က မြန်မာနိုင်ငံ ဆေးဝါးစက်ရုံ(B.P.I) မှ လျှပ်စစ်ဝန်ထမ်း တစ်ဦးဖြစ်၏။ အင်းစိန်မြို့၊ ပိန္နဲကုန်းရပ်ကွက်မှာ နေသည်။ သူ နေထိုင်သော ရပ်ကွက်အစွန်တွင် အ·ထ·က(၅) ကျောင်းဆောက်လုပ်ရန် စီမံချက်ကျလာ၍ ရွှေပြည်သာမြို့သို့ ပြောင်းရွှေ့ပေးရ၏။ ကိုအေးသိန်း တစ်ယောက် ကံ ကောင်းသည်ဟု ဆိုရမည်။ နေရာကောင်းကလေး တစ်ခုကို အစားရလိုက်သည်။



# တက္ကသိုလ် အာယနိုင်ငယ် ဘယ်ကိုသွားမှာလဲ

ရန်ကုန်မြို့ပေါ်တွင် လူနေထူထပ်လာသည်။ အစားကျပ် အနေကျပ်ဖြစ်ပြီး အိမ်၊ ခြံ၊ မြေဈေးတွေ တရိပ်ရိပ်တက်လာ၏။ မြို့နေလူတချို့က အိမ်နှင့်ခြံကို ဈေးကောင်းရ၍ ရောင်းချလိုက်ပြီး မြို့သစ်တွေကို ပြောင်းရွှေ့သွားကြသည်။ ပိုလျှံသည့် ငွေများဖြင့် အရင်းအနှီးလုပ်ကြသည်။ တချို့ကလည်း ရန်ကုန်မြို့၏ အိမ်၊ခြံ၊ မြေဈေးကွက်ကို မကပ်နိုင်သဖြင့် ဈေးသက်သာသည့် ရွှေပြည်သာမြို့သို့ ပြောင်းရွှေ့လာကြ၏။ တချို့ကျပြန်တော့လည်း လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း နေချင်ကြသည်။

ကိုအေးသိန်းက အကင်းပါးပြီး ဈေးကွက်ကို မြင်သည်။ မြေစာရင်းက လူတစ်ယောက်နှင့် ပူးပေါင်းပြီး အိမ်၊ ခြံ၊ မြေ ပွဲစားလုပ်ကိုင်သည်။ သုံးနှစ်အတွင်း ကြီးပွားချမ်းသာလာ၏။ ကိုအေးသိန်းတစ်ယောက် အင်းစိန်မှာနေပြီး ဆေးဝါးစက်ရုံမှာ အလုပ်လုပ်နေစဉ်က သမထ ပုတီးသမားဖြစ်သည်။ ကွမ်းမစား၊ ဆေးလိပ်မသောက်၊ အရက်မသောက်တတ်တဲ့ သူတော်ကောင်းလေးပါ။

မြန်မာလူမျိုးတွေမှာ မကောင်းသောအကျင့် တစ်ခုရှိ၏။ ကြီးပွားချမ်းသာလာတဲ့ဒဏ်ကို မခံနိုင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

ပင် ဖြစ်သည်။ အနုပညာသမားတွေ နာမည်ကြီးပြီး ငွေရှင်လာရင် အရက်သမား၊ ဘိန်းစား ဖြစ်တတ်၏။ အားကစားသမားများ ငယ်ငယ်ရွယ်ရွယ်နှင့် ကြီးပွားချမ်းသာလာသူများလည်း ထိုနည်းနှင်ပင်။

ကိုအေးသိန်းတစ်ယောက်လည်း ချမ်းသာလာတဲ့ဒဏ်ကို မခံနိုင်တော့သဖြင့် အရက်သောက်၊ ကွမ်းစားတတ်လာသည်။ ငယ်စဉ်က ရိုးသားလိမ္မာ သိမ်မွေ့သလောက် ကြီးလာမှ ကမ်းကုန်အောင် မိုက်နေ၏။ ကြီးမှမိုက်တဲ့ ကြီးမိုက်ကြီး တစ်ယောက်ပင်။ ကွမ်းနှင့် အရက်ကို တစ်နေ့ကုန် မပြတ်စေရ။ တစ်ရေးနိုးရင် ကွမ်းယာကို ထစားလိုက်သေးသည်။ ထိုသို့ ကွမ်းကျွန်၊ အရက်ကျွန်ဖြစ်ပြီး နှံ့နှစ်နေသည်မှာ ငါးနှစ်ကျော်သွားပြီ ဖြစ်၏။ ကျန်းမာရေးကို ဂရုမစိုက်။ အစားအသောက် အနေအထိုင်လည်း စည်းကမ်းမရှိသဖြင့် ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါများ ဧည့်သည်အဖြစ် ရောက်လာကြကုန်သည်။

ရောဂါတွေ ရလာတော့လည်း ဘုရား၊ တရား၊ သံဃာကို သတိရအားကိုးလာ၏။ ပုတီးကို နေ့စဉ် ပြန်စိပ်သည်။ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းများ ကပ်လှူသည်။ လစဉ်နီးပါးမျှ ဘုန်းတော်ကြီးများကို ဆွမ်းပင့်ကျွေးသည်။ သို့သော် ကွမ်းနှင့် အရက်ကိုတော့ မဖြတ်နိုင်။ ငါးပါးသီလယူလျှင် သုရာမေရယကံကို ကျော်၍တောင်းသည်။ အရက်နှင့် ပုတီး ဆန့်ကျင်နေမှန်းတော့သိသည်။ ဘုရားဖက်မှ အသက်ရှည်မည်ဟု ခံယူချက် အပြည့်အဝထား၏။

တစ်နေ့ ညနေဆည်းဆာအချိန်-

အရက်ကို ဇိမ်ခံသောက်လိုက်၏။ ပြီးနောက် ကွမ်းယာကို တစ်စိမ့်စိမ့်ဝါးနေသည်။ ကွမ်းတစ်ယာမညက်ခင်တွင် ရင်ထဲမှ အောင့်လာသည်။ မခံမရပ်နိုင်သဖြင့် မိသားစုက အင်းစိန်ဆေးရုံကြီးသို့ တင်လိုက်ရ၏။ ရောဂါကို အတိအကျ ပြောမရ။ ရောဂါအစုံက တစ်ပြေးညီ နှိပ်စက်ကလူနေသည်။ သွေးကတက်၊ နှလုံးကအောင့်၊ ဆီးချိုကလည်း တရိပ်ရိပ်တက် အားလုံးက သေလိမ့်မည်ဟု ထင်ကြေးပေးကြ၏။ ဆရာဝန်ကြီးကိုယ်တိုင် ကြပ်မတ်၍ ကိုယ်တိုင်ဆေးကုပေးသည်။ ကိုအေးသိန်းတစ်ယောက် သူတော်ကောင်း နတ်မ,သည်ဟု ဆိုချင်သေးသည်။ သုံးရက်မြောက်နေ့တွင် ကိုအေးသိန်းတစ်ယောက် ပြုံးရွှင်စွာ ဆေးရုံမှ ပြန်ဆင်းလာသည်။

မိတ်ဆွေအားလုံးက စုရုံးလာပြီး လူနာအခြေအနေကို မေးကြ၏။ ကိုအေးသိန်းက လူနာသတင်း လာမေးသူ မိတ်ဆွေများကို ထူးဆန်းသောစကားကို ပြန်ပြောပြသည်။

'ဆရာဝန်ကြီးကလည်း ဆေးရုံက ပြန်ဆင်းခိုင်းတယ်။ သေမင်းကလည်း မင်း ရက်မစေ့သေးဘူး။ အိမ်ပြန်လိုက်ဦးလို့ ပြောတယ်'

အားလုံးက တအံ့တသြဖြစ်ပြီး ကိုအေးသိန်းတစ်ယောက် အရက်ကြောင်သွားပြီလို့ ထင်ကြသည်။ ကိုအေးသိန်းက သူ့စကားကို မယုံကြမှန်းသိ၍ ထပ်၍ပြောပြပြန်၏။

'တစ်ည အိပ်မက်ထဲမှာ သေမင်းကိုတွေ့တယ်။ ရုပ်ပုံတွေထဲက ငရဲမင်းကြီးလိုပဲ။ လူအလုံးအထည်က သာမန်လူတွေထက် နည်းနည်းကြီးတယ်။ ခက်ထန်မာကျောတဲ့ အကြည့်နဲ့ ကျုပ်ကိုကြည့်ပြီး မင်း အေးသိန်း မဟုတ်လား။ အချိန်မကျသေးဘူး။ အိမ်ကိုပြန်လိုက်ဦးလို့ ပြောတယ်။ အိပ်ရာက လန့်နိုးလာတော့ ရောဂါက နည်းနည်းသက်သာသွားသလိုပဲ'

တချို့က အရက်သမားစကား မုသားမပါပေမယ့် မယုံချင်ကြ။ အိပ်မက်ဆိုးတွေ မက်နေတာဟုသာ မှတ်ချက်ပြုပြီး ပြန်သွားကြသည်။ ကျွန်တော်ကတော့ အကြွင်းမဲ့ ယုံကြည်မိ၏။ ကိုအေးသိန်းသည် အသက်(၃၈)နှစ်အရွယ်အထိ ပုတီးစိပ်ပြီး မွေးနေ့တိုင်း သက်သတ်လွတ်စားနေကျဖြစ်သည်။ ရက်ပေါင်းကိုးဆယ် အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်သည်မှာလည်း မကြာခဏ။ ကျွန်တော်နှင့်လည်း လပြည့်နေ့တိုင်း ရွှေတိဂုံဘုရားရှိ ဓမ္မစေတီတွင် အတူပုတီးစိပ်နေကျ။ ကြီးမှမိုက်သွား၍ ကြီးမိုက်ဖြစ်သော်လည်း ငယ်ရွယ်စဉ်က စရဏအားက အထောက်အကူပြုပေးမည်မှာ အမှန်ပါ။

ဆေးရုံမှ ဆင်းလာပြီး မကြာခင် ကိုအေးသိန်းတစ်ယောက် ကျန်းမာလာ၏။ စီးပွားရေးအလုပ်ကို ကြိုးစား၍ မလုပ်တော့။ ပုတီးကို အားလပ်တိုင်း စိပ်နေသည်။ အရက်ကို အနည်းငယ်လျှော့သောက်သော်လည်း ကွမ်းကို အားကိုး၍ အဆက်မပြတ်စား၏။ တစ်နေ့ တစ်နေ့ စားသည့် ကွမ်းယာဖိုးကလည်း မနည်း။

ကိုးလခန့်ကြာသောအခါ ရောဂါများ တစ်ကျော့ပြန်



www.burmeseclassic.com

www.burmeseclassic.com

လာသည်။ ကိုအေးသိန်းတစ်ယောက် သွေးတိုး၊ နှလုံး ရောဂါဖြင့် အိပ်ရာထဲ လဲနေတော့၏။ ဆရာစုံ အိမ်သို့ ပင့်ပြီး ကုသသဖြင့် ရောဂါမှာ အနည်းငယ် သက်သာ သလောက် ရှိလာသည်။

တစ်နေ့တွင် ရင်ဘတ်အောင့်သည်ဟု ပြောသဖြင့် ဆေးရုံသို့တင်ရန် မိသားစုက စီစဉ်ကြ၏။ ညဉ့်နက် သန်းခေါင်ကျော်နေပြီဖြစ်သဖြင့် မနက်မှ ဆေးရုံကို သွား မည်ဟု ပြောပြီး အိပ်မောကျသွားသည်။

'ငါ့ကို ဆေးရုံမတင်ကြနဲ့တော့။ အချိန်တန်ပြီလို့ သေမင်းက ညက ငါ့ကို လာပြောသွားတယ်'

ဇနီးဖြစ်သူက ရိုက်ကြီးတငင်ငိုပြီး–

'မဟုတ်တာ အစ်ကိုရယ်၊ အစွဲအလမ်းမကြီးစမ်း ပါနဲ့။ ဆေးရုံကိုသာ သွားကြရအောင်ပါ'

'ဟုတ်တယ် မစန်း၊ ငါ တကယ်သွားရတော့မှာ ငါ့ကို ခေါ်နေကြပြီလေ'ဟု ပြောပြီး ညင်သာစွာ အသက် ထွက်သွားတော့သည်။

ဆေးရုံကို အချိန်မီမတင်လိုက်ရ၍ အားလုံးက ယူ ကျုံးမရဖြစ်ကြ၏။ ကိုအေးသိန်းတစ်ယောက် သေမင်းက လာခေါ်သွားသည်ကို ပြောပြ၍ မယုံကြသော်လည်း ကို အေးသိန်း၏ ဆရာရင်း ဦးပဥ္စင်းဦးနန္ဒက အောက်ပါ အတိုင်း မိန့်တော်မူသည်။

'ကြီးမှ မိုက်ပေမယ့် ငယ်ငယ်က စရဏအားက အတော်ကောင်းခဲ့တယ်။ အခု ရက်စေ့လို့ သေမင်းခေါ် သွားပေမယ့် နတ်ပြည်သွားမလား၊ ငရဲသွားမလားဆိုတာ ကိုတော့ တစ်ထစ်ချပြောလို့ မရဘူးကွယ့်။ ဦးပဥ္စင်း သေချာတာတစ်ခုကို ပြောရမယ်ဆိုရင် မောင်အေးသိန်းရဲ့ ဝိညာဉ်က မသွားသေးဘဲ အိမ်ပတ်ဝန်းကျင်မှာ ရှိနေသေး တယ်'

ကိုအေးသိန်း ကွယ်လွန်ပြီး ရက်လည်ဆွမ်းကျွေးမည့် ညတွင် ကျွန်တော် ရွှေပြည်သာနေအိမ်သို့ ရောက်သွား ၏။ နေအိမ်ထဲသို့ ဝင်လိုက်သောအခါ စားပွဲတစ်လုံးပေါ် တွင် အရက်တစ်ပုလင်း၊ ဖန်ခွက်တစ်လုံး၊ ကွမ်းယာ တစ်ပန်း ကန်တင်ထားသည်ကို တွေ့လိုက်ရသည်။ စားပွဲ အောက်တွင် ကွမ်းတံထွေးခံ တစ်လုံးပင် ထားပေးလိုက် သေးသည်။ ကိုအေးသိန်းကို ဧည့်ခံကျွေးမွေးထားပုံ ရသည်။ အရက်ပုလင်းက ဂျော်နီဝါကား အကောင်းစား ကို အေးသိန်း သောက်နေကျအရက်၊ ကွမ်းယာက ဆယ် ယာလောက် ရှိမည်ထင်သည်။ ကွမ်းယာများကို မှန်ပန်း ကန်အဝိုင်းထဲတွင် ထည့်ထား၏။

စားပွဲကို အိမ်ခေါင်းရင်းတွင် ပြင်ထားပြီး အားလုံး မှာ အလ္လာပသလ္လာပ စကားပြောနေကြ၏။ ကျွန်တော် စားပွဲနားသို့ ကပ်သွားသောအခါ ကွမ်းယာများ ထည့် ထားသော ပန်းကန်ပေါ်တွင် ပုရွက်ဆိတ်အနည်းငယ် တက်နေသည်ကို တွေ့လိုက်ရသည်။ ပုရွက်ဆိတ်များ ဖယ်ပေးရန်အတွက် ကွမ်းယာထည့်ထားသော ပန်းကန်ကို ယူလိုက်သောအခါ ပန်းကန်တစ်ဖက်မှ တစ်ယောက် ယောက်က ဆွဲထားသလို ခံစားရသည်။ ကျွန်တော် အတင်းဆွဲသော်လည်းမရ။

နောက်တော့ သဘောပေါက်သွားပြီး–

'သူငယ်ချင်းကို ကွမ်းယာအသစ် လဲပေးမလို့ပါ။ ကွမ်းယာက ပုရွက်ဆိတ်တက်နေပြီလေ'ဟု ပြောလိုက်မှ ကွမ်းယာပန်းကန်သည် လက်ထဲသို့ ပေါ့ပါးပါလာတော့ သည်။

လမ်းထိပ်ရှိ ကွမ်းယာဆိုင်မှ ကွမ်းယာအသစ်များ ဝယ်၍ လဲပေးပြီး စားပွဲပေါ်သို့ ပြန်တင်ပေးထားလိုက် သည်။ အိမ်သားအားလုံးက သိပုံမရ။

ကျွန်တော်သည် စိတ်မကောင်းစွာဖြင့်–

'ကိုအေးသိန်းရေ..တို့ပြုခဲ့သမျှ ကုသိုလ်တွေအတွက် အမျှပေးဝေပါတယ်။ အမျှ..အမျှ..အမျှ..သာဓုခေါ်ပါ' လို့ အမျှပေးဝေရင်း စားပွဲနားမှ လှည့်ထွက်လာခဲ့သည်။

ထိုစဉ် စားပွဲခေါက်သံ သုံးချက်တိတိကို ကြားလိုက် ရသည်။ သာဓုခေါ်သံပေလားမသိ။

'ဒေါက်..ဒေါက်..ဒေါက်'

မနက်ဖြန်ဆိုလျှင် ရက်လည်ပေတော့မည်။ မိသားစု က ရက်လည်ဆွမ်းကျွေးပြီး ပြုခဲ့သမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့အတွက် အမျှပေးဝေ ကြတော့မည်ဖြစ်သည်။ အမျှပေးဝေပါက ကိုအေးသိန်း တစ်ယောက် သာဓုခေါ်ဆို အမျှရပြီး နတ်ပြည်သွားမလား ငရဲပြည်သွားမလားဆိုတာ တပ်အပ်မသိနိုင်ပါ။ သို့ပေမဲ့ ကောင်းရာမွန်ရာ ဘဝသို့သာ ရောက်ပါစေလို့ ဆုတောင်း ပေးရတော့မည်။

တက္ကသိုလ်ဆန်နီငယ်

www.burmeseclassic.com

www.burmeseclassic.com



'အောင်ပြည့် ··မင်း ဘာမှစဉ်းစားမနေနဲ့။ ငါနဲ့သာ လိုက်ခဲ့။ ဒီမှာနေရင် မင်းမှာ ဆွေမျိုးသားချင်းလည်းမရှိ၊ ဖနီးကလည်း ဆုံးပြီဆိုတော့ မင်း ဘယ်သူနဲ့ နေမလဲ'

အဘိုးက သူ့မြေးကို သူနဲ့ လိုက်ခဲ့ဖို့ ခေါ်သော်လည်း အောင်ပြည့်က မလိုက်ချင်သဖြင့် ငြင်းဆန်လျက် ရှိပါသည်။

'ကျွန်တော် ဒီဘုန်းကြီးကျောင်းမှာ ကပ္ပိယကြီးလုပ်ရင်း ဝိပဿနာတရားအားထုတ်ပါရစေ အဘိုး'

'မင်းက ငါ့နောက်ကို မလိုက်ချင်လို့ ငြင်းနေပေမယ့် တစ်နေ့ မင်း ငါ့နောက်ကို လိုက်ကို လိုက်ရမှာပါ'

'ကျွန်တော်က တောထဲ တောင်ထဲ မနေချင်လို့ပါ အဘိုး'

'အေးလေ၊ အခု မလိုက်ပေမယ့် တပေါင်းလပြည့်မှာ မင်း ငါ့ဆီကို လိုက်လာမယ်ဆိုတာ ငါသိတယ်။ မင်း လာကို လာရမယ်'

အဘိုးက အခိုင်အမာပြောနေသော်လည်း အောင်ပြည့်က မယုံကြည်ပါ။ အဘိုးသည် တောထဲတွင် တရားကျင့်ကြံသည်မှာ ကြာပြီဖြစ်၍ အရာရာကို ကြိုတင်သိနေတတ်သည်။ အဘိုးပြောပါက ဖြစ်လာသည်ချည်းပင်။ သို့သော် အောင်ပြည့်ကတော့ အဘိုးနောက် လိုက်ရမည်ဆိုခြင်းကို လက်မခံပါ။ အဘိုးသည် ဝိဇ္ဇာနည်းလမ်းစဉ်ကို လိုက်စားသူဖြစ်၍ အရာရာကို မှန်အောင်ပြောနိုင်ပြီး ဒိဗ္ဗစက္ခုအမြင် ရနေပြီဟု လူအများက ပြောကြသော်လည်း အောင်ပြည့်က သူ့အတွက် မဖြစ်နိုင်ဟု ထင်ခဲ့သည်။

အောင်ပြည့် ဘုန်းကြီးကျောင်းတွင် ကပ္ပိယလုပ်ရင်း ငယ်သူငယ်ချင်း မောင်ညွန့်နှင့် အတူနေရသည်ကို ပျော်သည်။ ဆွေမျိုးမရှိ၊ ဖနီးမရှိသော်လည်း သူငယ်ချင်း မောင်ညွန့်နှင့်သာ နေရပါက သူ့ဘဝကိုသူ ပျော်နေပါသည်။ သူငယ်ချင်းကို မခွဲနိုင်၍ အဘိုးနောက်သို့ မလိုက်ခဲ့ခြင်းသာ ဖြစ်သည်။ အဘိုး၏ ဒိဗ္ဗစက္ခုအမြင်ကို လူတိုင်းက ယုံကြည်နေကြသဖြင့် အထင်မသေးရသော



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းသော အပြန်လမ်း



လည်း သူ့အတွက် အဘိုး၏ပြောချက် မမှန်နိုင်ဟု ယုံကြည်နေခဲ့သည်။ တစ်စ ၊ တစ်စ အချိန်တွေ ကုန်လာသဖြင့် သည်တစ်ချီ အဘိုး၏ဟောကိန်း လွဲပြီဟု ထင်လိုက်သည်။ သို့သော် အဘိုး၏ ဟောကိန်းမှာ မှန်ဖြစ်အောင် မှန်ခဲ့ပါသည်။

တပေါင်းလပြည့်တွင် ပွဲတော်ရှိသည်။ တောဘုရားပွဲတော်ဖြစ်၍ အလွန်စည်ကားပါသည်။ မောင်ညွှန့်က ပွဲတော်သွားရန် ခေါ်သော်လည်း အောင်ပြည့်မှာ ပင်ပန်းသဖြင့် မလိုက်ဘဲ နေခဲ့သည်။ ညဘက် သန်းခေါင်အချိန်လောက် အောင်ပြည့် နှစ်နှစ်ကာကာ အိပ်ပျော်နေချိန် မောင်ညွှန့် အရေးတကြီး ရောက်လာသည်။

'အောင်ပြည့်..သူငယ်ချင်း၊ ငါ့ကို ကယ်ပါဦး'

'မောင်ညွှန့်..မင်း ဘာဖြစ်လာသလဲ'

'ဘုရားပွဲမှာ ရန်ဖြစ်တယ်။ တို့အဖွဲ့နဲ့ ရန်အောင်တို့အဖွဲ့ ရန်ဖြစ်ကြရင်း ရန်အောင် ဓားထိုးခံရလို့ သေသွားတယ်။ ရန်အောင်ကို ငါ မသတ်ရပါဘူးကွာ။ ညီကြီးက သတ်တာပါ။ ဒါပေမဲ့ ဓားက ငါ့ဓားဆိုတော့ ညီကြီးနဲ့ ငါ့ကို ဖမ်းဖို့ ရဲက လိုက်နေတယ်။ ငါ မသတ်ဘဲနဲ့တော့ အဖမ်းမခံနိုင်ဘူး။ ငါ အဝေးကို ထွက်ပြေးမယ်။ ငါ ဘယ်ကိုပြေးရင် ကောင်းမလဲ'

မောင်ညွှန့်၏စကားကြောင့် အောင်ပြည့် အစဉ်းစားရခက်သွားတယ်။ နောက်ဆုံး သူစဉ်းစားရသည်မှာ အဘိုးထံ သွားရန်သာ ရှိတော့သည်။ အဘိုးထံသွားလျှင် မောင်ညွှန့်တစ်ယောက်တည်း မဖြစ်။ သူပါ လိုက်ရတော့မည်။ သူငယ်ချင်းအတွက် ကူညီမှု ဖြစ်တော့မည်။ ပြင်ဆင်သင့်

www.burmeseclassic.com

သည်များကို ပြင်ဆင်၍ ညတွင်းချင်း ခရီးထွက်ခဲ့ကြသည်။

အဘိုးသည် တမူးမြို့၏ အနောက်မြောက်ဘက်ရှိ အင်ကြင်းမြိုင်တောရတွင် ရှိသည်။ အဘိုးက တပေါင်းလပြည့် သူ့ထံလာလျှင် လာရမည့်ခရီးစဉ်ကို အသေးစိတ်ပြောသွားသဖြင့် ထိုခရီးစဉ်အတိုင်း သွားရတော့မည်။ တစ်ညလုံး လမ်းလျှောက်ခဲ့ကြရာ မိုးလင်းမှ ကားလမ်းသို့ ရောက်သည်။

ကားအဆင့်ဆင့်စီးပြီး နှစ်ရက်ကြာမှ ကလေးမြို့သို့ ရောက်သည်။ ကလေးမှ တမူးသို့ ကားဆက်စီး၍ တမူးက အနောက်မြောက်သို့ ခြေကျင်လျှောက်ကြရသည်။ ညနေမှ အင်ကြင်းတောသို့ရောက်သည်။ အင်ကြင်းပင်ကြီးများ အလယ်တွင် ဝါးကျောင်းကလေးများကို တွေ့ရသည်။ ဝါးကျောင်းများအလယ် တောင်ကုန်းပေါ်က ကျောင်းကြီးမှာ ဆရာတော်ကြီး၏ကျောင်းဟုသိရပြီး ထိုကျောင်းကြီး၏ အနောက်ဘက်ရှိ ကျောင်းများကို လိုက်လံစုံစမ်းရာ အဘိုးရှိမည့်ကျောင်းသို့ ရောက်ရှိခဲ့ပြီး အဘိုးကို အသင့်တွေ့လိုက်ရပါသည်။

'ဟဲ့ကောင် အောင်ပြည့်၊ မင်း ဒီနေ့ရောက်လာမယ်။ အဖော်တစ်ဦး ပါမယ်ဆိုတာသိလို့ မင်းတို့အတွက် ညစာပါ စီစဉ်ထားတယ်'

'အဘိုးကို ကန်တော့ပါတယ် အဘိုးရယ်။ အဘိုးကိုလည်း သိပ်လေးစားမိပါတယ်။ ဒီနေ့ တပေါင်းလပြည့်နေ့ အဘိုးထံ ကျွန်တော်ရောက်လာခဲ့ပါတယ်။ ဒါက ကျွန်တော့်သူငယ်ချင်း မောင်ညွန့်ပါ။ သူ ဒုက္ခရောက်လာလို့ ချက်ချင်းထွက်လာရတာပါ။ အဘိုး..သူ့ကို ကယ်ပါဦး'

'အဘိုး သိပြီးပါပြီ။ ဘာမှမဖြစ်နိုင်ပါဘူး။ ဒီမှာ တစ်လလောက်တော့ နေရမယ်။ တစ်လပြည့်ရင် အားလုံး အဆင်ပြေသွားမှာပါ' •

'အဘိုး သူ့အမှုက လူသတ်မှုနော်'

'အဘိုး သိပါတယ်။ သူ့အစား အင်္ဂါသားက ခံရမှာပါ။ ဘာမှစိတ်မပူနဲ့'

မောင်ညွန့်မှာ အဘိုးစကားကြောင့် အားရဝမ်းသာ အဘိုးကို ပြန်ပြောလိုက်သည်။

'ဝမ်းသာလိုက်တာ အဘိုးရယ်။ အဖမ်းမခံရရင် ကျေနပ်ပါပြီ။ ဒီမှာ အောင်ပြည့်နှင့်အတူ တရားကျင့်ပါ့မယ်'

'ကဲ..မင်းတို့ ဟိုဘက်ခန်းမှာ နေကြပါကွယ်'

အောင်ပြည့်နှင့် မောင်ညွန့်တို့နှစ်ယောက် အဘိုးပေးသည့်အခန်းသို့ ဝင်ခဲ့ကြသည်။ ပင်ပန်းလာသဖြင့် အိပ်ရာပေါ်လှဲရင်း အောင်ပြည့် စဉ်းစားနေမိသည်။ အဘိုးကြိုတင်ပြောသည့်အတိုင်း တပေါင်းလပြည့်တွင် အဘိုးထံရောက်ခဲ့ရသည်။ မောင်ညွန့် လွတ်မြောက်မည်ဆိုခြင်းမှာလည်း မှန်မည်ဖြစ်ကြောင်း ယုံကြည်မိသည်။ အဘိုး၏ ပညာကို ပိုမိုလေးစားမိတော့သည်။ ထိုညက ညစာစားပြီး စောစောအိပ်လိုက်ကြသည်။ နံနက်လင်းသည်နှင့် အဘိုးက သစ်သီးများ ကျွေးပါသည်။

'ဒီနေရာက လူနေဝေးတော့ အစားအသောက်ရှားတယ်။ ဒါပေမဲ့ ဟိုအဝေးက ရွာတွေက ဒီမှာ တရားကျင့်နေတဲ့ လူတွေအတွက် ရိက္ခာတွေ ပို့ပေးကြတယ်။ နွားလှည်းတွေနဲ့ ဆန်၊ ဆီ၊ ဆား မပြတ်အောင် ပို့ပေးကြပါတယ်။ ရိက္ခာပြတ်ရင်တော့ တောထဲက သစ်သီးသစ်ဥတွေ ရှာရတာပေါ့ကွယ်။ အဘိုးက မနက်တိုင်း တောထဲ လမ်းလျှောက်ရင်း သစ်သီးရှာလေ့ရှိတယ်'

'ကျွန်တော်တို့ကို လမ်းပြပေးပါ အဘိုး။ နောက်နေ့က စပြီး တောထဲမှာ သစ်သီးရှာတဲ့အလုပ် ကျွန်တော်တို့ နှစ်ယောက် တာဝန်ယူပါရစေ အဘိုး'

'ကဲ..ဒါဆို စားသောက်ပြီးရင် တောထဲ သွားကြရအောင်'

ထို့နောက် အဘိုး ဦးဆောင်ပြီး တောထဲသို့ သွားကြသည်။ တောထဲတွင် သဘာဝအလျောက် သီးနေသော သစ်သီးမျိုးစုံ ရှိသည်။ အဘိုးက သစ်သီးရှိသည့် နေရာများကို လိုက်လံပြသပါသည်။ အုန်းတောတွင် အုန်းသီးများ အခိုင်လိုက် ပြွတ်သီးနေသည်ကို တွေ့ရသည်။ ထို့ပြင် မာလကာ၊ ဩဇာ၊ ရောက်သီး၊ လိမ္မော်သီး၊ ဉသျှစ်သီး စသည့် အသီးများရှိသည့် နေရာများကို လိုက်လံပြသပါသည်။ နောက်ဆုံး ငှက်ပျောတောသို့ဝင်၍ အကောင်းဆုံး ငှက်ပျော နှစ်ခိုင်ယူပြီး အောင်ပြည့်နှင့် မောင်ညွန့်တို့ ကိုယ်စီ ထမ်း၍ ပြန်ခဲ့ကြသည်။ နောက်နေ့များတွင် သူတို့ နှစ်ယောက် သစ်သီးရှာထွက်ရန် လမ်းများကို မှတ်ခဲ့ကြသည်။

ကျောင်းသို့ ပြန်ရောက်သည်နှင့် ဆရာတော်များ



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းစားနေကြသဖြင့် ဆွမ်းပွဲအပြီးတွင် ငှပ်ပျောသီးများ ကပ်ရန် စီစဉ်ရသည်။ ဆရာတော်များ ဆွမ်းကိစ္စ ပြီးစီးသည်နှင့် ဆွမ်းစားကျောင်းတွင် အဘိုးနှင့်အတူ နေ့လယ်စာ စားကြရပါသည်။ နေ့လယ်စာ စားပြီးသည်နှင့် အဘိုးနောက်သို့ လိုက်ခဲ့ရသည်။ ကျောက်ဂူကြီး တစ်လုံးထဲသို့ ဝင်ရသည်။ ဂူထဲတွင် ဝါးဖျာများ ခင်းထားပြီး ဂူထိပ်တွင် ဆင်းတုတော်တစ်ဆူကို တွေ့ရကာ ပန်း၊ ဆီမီးများ ပူဇော်ထားသည်ကို တွေ့ရသည်။

ရှေ့ဆုံးတန်းတွင် ကော်ဇောခင်းထားပြီး ဆရာတော်ကြီး နှစ်ပါးက ရှေ့ဆုံးက ထိုင်သည်။ နောက်တွင် ရဟန်း ငါးပါး ထိုင်သည်။ ရဟန်းများ အနောက်တွင် အဘိုးက ထိုင်သဖြင့် အဘိုး၏နောက်တွင် အောင်ပြည့်နှင့် မောင်ညွန့်တို့ ထိုင်ရသည်။ နောက်ဆုံးတွင် ကပ္ပိယကြီး ဦးညိုနှင့် မြေးနှစ်ယောက် ထိုင်ကြသည်။ တစ်နာရီ တရားမှတ်ပြီး နားခွင့်ရသည်။ တစ်နာရီပြည့်သည်နှင့် ဦးညိုနှင့် မြေးနှစ်ယောက်တို့ ပြန်သွားကြသည်။

အဘိုးက ကျွန်တော်တို့နှစ်ဦးအား ခေတ္တနားချိန်ပေးသဖြင့် ဂူပြင်ထွက်၍ အညောင်းဖြေရသည်။ အဘိုးနှင့် ရဟန်းများကမူ နေရာက လုံးဝလှုပ်ရှားခြင်းမရှိဘဲ တရားမှတ်နေကြသည်ကို တွေ့ရသည်။ ဒုတိယအကြိမ်နှင့် တတိယအကြိမ်အထိ အောင်ပြည့်တို့နှစ်ယောက် တရားထိုင်ပြီး အဘိုးက ကျောင်းကိုပြန်၍ နားခွင့်ပေးသဖြင့် သူတို့နှစ်ယောက် ပြန်ခဲ့ကြသော်လည်း ကျန်ပုဂ္ဂိုလ်ကြီးများမှာ နေဝင်သည်အထိ တရားမှတ်နေကြသည်ကို တွေ့ရပါသည်။

ညနေပိုင်းတွင် ရေချိုး ကိုယ်လက်သန့်စင်ချိန် တစ်နာရီလောက်သာ အနားယူပြီး ညဘက် တရားဆက်၍ ထိုင်ကြပါသည်။ အောင်ပြည့်နှင့် မောင်ညွန့်တို့ကို ညပိုင်း နှစ်နာရီလောက်သာ တရားထိုင်စေပြီး အဘိုးက အိပ်ရန် ပြန်လွှတ်လေ့ရှိသည်။ ဘုန်းကြီးများနှင့် အဘိုးတို့ မည်သည့်အချိန်အထိ တရားမှတ်ကြသည်ကို မသိနိုင်ပါ။ အောင်ပြည့်နှင့် မောင်ညွန့်တို့အတွက် ညစာစားခွင့်ရပြီး တရားကို ပြင်းပြင်းထန်ထန် ကျင့်ကြံရန် တိုက်တွန်းခြင်း မရှိ၍ သူငယ်ချင်းနှစ်ယောက် စိတ်ချမ်းသာစွာ နေခွင့်ရလျက် ရှိပါသည်။

တစ်နေ့တွင် နံနက်စာစားပြီးချိန် အဘိုးက ဝမ်းသာစရာစကား ပြောပါသည်။

'ညိုကြီးက တရားရုံးမှာ ဖြောင့်ချက်ပေးလိုက်ပြီ။ လူသတ်စေားဟာ မောင်ညွန့်ရဲ့ဓား မှန်သော်လည်း မောင်ညွန့်နှင့် လုံးဝပတ်သက်ခြင်းမရှိဘဲ သူသတ်တယ်ဆိုတာ ဖြောင့်ချက်ပေးလိုက်လို့ မောင်ညွန့်အတွက် ဘာအန္တရာယ်မှ မရှိနိုင်တော့ဘူး'

အဘိုး၏စကားကို ယုံကြည်သူများဖြစ်၍ စိတ်ချမ်းသာမှု ရကြပါသည်။ မောင်ညွန့်မှာ ယခုမှ စိတ်အေးပြီး ပျော်ရွှင်မှုရသွားပါသည်။ အဘိုး၏စကားကို အကြွင်းမဲ့ ယုံကြည်ပြီး သူကိုယ်တိုင် ရွာကို ပြန်ချင်နေသဖြင့် အဘိုးထံ ရွာပြန်ခွင့်တောင်းနေပါသည်။

'အဘိုး ကျွန်တော် ရွာကို ခဏပြန်ချင်ပါတယ်။ အဖမ်းခံရမှာကြောက်လို့ အမြန်ပြေးလာခဲ့ရတာကြောင့် မပြီးပြတ်သေးတဲ့ ကိစ္စလေးတွေ ကျန်နေသေးလို့ ပြန်ပြီး ရှင်းလင်းချင်ပါတယ်။ ရှင်းလင်းပြီးတာနဲ့ အဘိုးဆီ ချက်ချင်းပြန်လာပါ့မယ်။ တရားမှတ်ခြင်းဟာ အလွန်အေးချမ်းတဲ့ အလုပ်ဆိုတာ ကျွန်တော်သဘောပေါက်ပါပြီ။ တရားအလုပ်ကို အောင်ပြည့်နှင့်အတူ ဆက်လုပ်ဖို့ ဆုံးဖြတ်ထားပါတယ်'

'အေးလေ၊ မင်းက ပြန်ချင်နေရင် ပြန်ပါ။ သတ္တဝါ တစ်ခု ကံတစ်ခုဆိုသလို လူတွေဟာ ကိုယ့်ဘဝ ကိုယ်ဖန်နေပြီး ကိုယ့်တရား ကိုယ်စီရင်ကြရတာပဲ။ မင်းပြန်လာမယ်ဆိုတာ အဘိုး ယုံပါတယ်။ ပြန်ချင်ရင် ပြန်ပါ။ အဘိုး ခွင့်ပြုပါတယ်'

နောက်နေ့တွင် မောင်ညွန့် ရွာသို့ပြန်သွားပါသည်။ မောင်ညွန့်က သူပြန်လာခဲ့မည်ဟု အောင်ပြည့်ကို မှာသွားပါသည်။ အောင်ပြည့်သည် မောင်ညွန့် မရှိတော့သည့်နောက် အဘိုး၏ ဒိဗ္ဗစက္ခုပညာကို အထူးအားကျနေပါသည်။ ထိုပညာကို အဘိုးထံက ရအောင်ယူရန် ဆုံးဖြတ်လိုက်ပါသည်။ တရားကျင့်ကြံမှုကိုလည်း အနားမယူတော့ဘဲ အဘိုးနှင့်အတူ အဘိုး ထိုင်ချိန်အတိုင်း ထိုင်နိုင်ခဲ့ပါသည်။

အောင်ပြည့်သည် တရားကို အထူးကြိုးစားရုံသာမက အဘိုးထံမှ ပညာရစေရန် အဘိုးထံမှ တောင်းခံခဲ့ပါသည်။ အဘိုးကလည်း အောင်ပြည့်ရောက်လာကတည်းက အောင်ပြည့်၏ ရည်မှန်းချက်ကို ရိပ်စားမိခဲ့ပါသည်။

www.burmeseclassic.com



'ငါ့မြေးက အဘိုးရဲ့ပညာမျိုး လိုချင်တယ်ဆိုတာ အဘိုး ရိပ်စားမိပါတယ်။ တစ်နေ့ မင်းလည်း အဘိုးလို ဒီပညာရမှာ အဘိုးသိနေပါတယ်။ ဒီပညာက အဘိုး လုပ်ပေးလို့ရနိုင်တဲ့ ပညာမျိုးတော့ မဟုတ်ဘူး။ အဘိုးက နည်းလမ်းပြပေးရုံပြီး မင်းကိုယ်တိုင် ကြိုးစားအားထုတ်မှ ရမှာဖြစ်တယ်'

'ဘယ်လိုကြိုးစားရမယ် ဆိုတာသာ လမ်းညွှန်ပါ အဘိုး၊ ကျွန်တော် ရအောင် ကြိုးစားနိုင်ပါတယ်'

'ဒီပညာက ရှေးက ဦးနုရိန္ဒဆိုတဲ့ အင်းဝိဇ္ဇာကြီးထားခဲ့တဲ့ အကျိုးထူးရ မန္တန်တော်(၂၂၇)သွယ်ရှိတယ်။ အဘိုးလည်း ဒီမန္တန်တော်တွေကို နှစ်နှစ်လောက် ရွတ်ခဲ့ရတယ်။ မင်း ကျက်နိုင်၊ ရွတ်နိုင်မယ်ဆိုရင် အဘိုးပေးနိုင်ပါတယ်'

'ကျက်နိုင်ပါတယ် အဘိုး'

နောက်နေ့တွင် အဘိုးက အလွန်ဟောင်းနွမ်းနေသော ဂါထာမန္တန်များ ရေးသားထားသော ပေစာရွက်တစ်ထုပ် ပေးပါသည်။ ပေစာရွက်များပေါ်တွင် မန္တန်(၂၂၇)ပုဒ်ပါကြောင်း အဘိုးက ရှင်းလင်းပြသပြီး ရွတ်ဆိုပုံရွတ်ဆိုနည်းများကိုလည်း သင်ကြားပေးပါသည်။

'ငါ့မြေးက မန္တန်တစ်ပုဒ်ချင်း ကြည့်ပါ။ အဘိုးရွတ်ပြတာကို သေသေချာချာ နားထောင်ပါ။ မရှင်းတာရှိရင် မေးပါ။ တရားရှုမှတ်ခြင်းကို မနက်ပိုင်း မပျက်စေဘဲ မှန်မှန်ကျင့်ပါ။ မန္တန်ရွတ်ဆိုခြင်းကိုတော့ နေ့လယ်ပိုင်းမှာ တိတ်ဆိတ်တဲ့ အပြင်တစ်နေရာရာမှာသွားပြီး ရွတ်ပေါ့။ မန္တန်အားလုံးကို (၁၀၈)ခေါက် နေ့စဉ်မပျက်မကွက် ရွတ်ရမယ်။ တိတိကျကျ လိုက်နာနိုင်မယ်ဆိုရင် သုံးလပြည့်တာနဲ့ နောက်နေ့ ဘာဖြစ်မယ်ဆိုတာ မြင်နိုင်လာမယ်ဆိုတာ သိလာလိမ့်မယ်။ ခြောက်လပြည့်ရင် တစ်နှစ်အတွင်း ဘာတွေဖြစ်မယ်ဆိုတာ မြင်နိုင်လိမ့်မယ်။ တစ်နှစ်ပြည့်ပြီဆိုရင် အားလုံးမြင်ပြီပေါ့ကွယ်။ ဒါကလည်း တိတိကျကျ မပျက်မကွက် လုပ်နိုင်မှ ရတာနော်။ မတိကျရင် ရတော့ရမယ်။ အချိန်တော့ ပိုပြီးကြာတတ်တယ်။ ဒါကြောင့် ဝိပဿနာနဲ့ တွဲပြီးကျင့်ဖို့ တိုက်တွန်းရတာ။ ဝိပဿနာက သမာဓိအားကောင်းစေတော့ ပိုပြီးမြန်တာပေါ့။ နောက်ဆက်ပြီး ကြိုးစားရင် ဝိဇ္ဇာလမ်းပဲ။ ဝိဇ္ဇာအထိ ဖြစ်နိုင်တယ်'

'ဝမ်းသာလိုက်တာ အဘိုးရယ်၊ ကျွန်တော် ဖြစ်အောင် ကြိုးစားပါမယ်'

'မန္တန်ရွတ်ရင် အပြင်မှာရွတ်ပေါ့။ အပြင်မှာဆိုတော့ အသံထွက်ပြီး ကြိုက်သလိုအော်ပြီး ရွတ်နိုင်တာပေါ့။ သုံး၊လေးလကြာလို့ စာသားတွေ အားလုံးရသွားရင် ဂူထဲမှာ ရွတ်လို့လည်း ရပါတယ်။ နေ့လယ်ပိုင်း အဘိုးနဲ့ တရားထိုင်ရင်း ရွတ်လို့ရတာပဲ'

အောင်ပြည့်သည် အဘိုးထံမှ မန္တန်ကိုလည်းရ၊ အသံထွက်မှန်အောင် ရွတ်ဖတ်နည်းလည်း ရသဖြင့် ပေစာအဟောင်းများကို အားပါးတရ ရွတ်ပါတော့သည်။ စိတ်အားထက်သန်ပြီး စိတ်ပါလက်ပါ ရွတ်ရသဖြင့် မန္တန်ရွတ်ရသည်ကို ပင်ပန်းသည်ဟုမထင်ဘဲ ပျော်ရွှင်လျက်ရှိနေပါသည်။ မနက်ပိုင်း တရားထိုင်ပြီး နေ့လယ်တွင် တောစပ်သို့သွားကာ အရိပ်ကောင်းသော သစ်ပင်အောက်တွင် အသံထွက်၍ ရွတ်ပေတော့သည်။ ရွတ်စပထမရက်များတွင် နေဝင်သည်အထိ ရွတ်သော်လည်း ရက်ကြာလာသည်နှင့်အမျှ အချိန်တိုး၍ လာပါသည်။ အဘိုး၏ ဒိဗ္ဗစက္ခုဉာဏ် ရလိုသည်ဖြစ်၍ မနားမနေကြိုးစားခဲ့ပါသည်။

မန္တန်ကို ကြိုးစား၍ရွတ်သော်လည်း သုံးလကျော်သည်အထိ ထူးခြားမှုမရှိသဖြင့် အနည်းငယ်အားငယ်မိပါသည်။ အဘိုးကိုယ်တိုင် အနီးတွင်ရှိသဖြင့် အားတင်းကာ ပိုမိုကြိုးစား၍ ရွတ်ခဲ့ပါသည်။ ခြောက်လကျော်သည်နှင့် ထူးခြားချက်ကို တွေ့ရတော့သည်။

တစ်နေ့ ဂူထဲတွင် တရားမှတ်နေစဉ် မော်စာကျေးရွာက အလှူရှင်များ နွားလှည်းနှစ်စီးနှင့် လာနေသည်ကို အာရုံတွင် ပေါ်နေပါသည်။ မိမိမကြဲသေးသည့်ကိစ္စဖြစ်၍ အခြားလူများကို ဖွင့်မပြောတံ့ဘဲ နောက်နေ့တွင် အမှန်

www.burmeseclassic.com

တကယ် အလှူရှင်များ လာလေမလားဟု တွေးနေမိပါသည်။ နောက်နေ့နံနက် အိပ်ရာထသည်နှင့် ကပ္ပိယကြီးနှင့် မြေးနှစ်ဦး အလုပ်ရှုပ်နေသည်ကို တွေ့ရပါသည်။ ကပ္ပိယကြီးက ဆန်ပုံးများကို ရှင်းရင်း ပြောပြပါသည်။

'မှော်ဇာက အလှူရှင်တွေက နွားလှည်းနှစ်စီးနဲ့ ဆန်တွေ၊ ဆီတွေ လာပို့ကြတာပါ။ သူတို့လာမယ်ဆိုတာ ကြိုတင်မသိရလို့ ဆန်ပုံးတွေရှင်းမထားမိလို့ အခုမှ ချက်ချင်း ရှင်းနေရတာပါ'

ကပ္ပိယကြီး၏ ပြောစကားကို ကြားလိုက်ရ၍ ဝမ်းသာမိပါသည်။ မိမိအာရုံတွင် ထင်မြင်သည့်အတိုင်း အလှူရှင်များ ရောက်လာခြင်းဖြစ်သည်။ မိမိအာရုံရလာပြီဖြစ်သည်။ အဘိုးထံ ပြေး၍ပြောရန် ကြံမိသော်လည်း မိမိအမှန်တကယ် အမြင်အာရုံရ,မရ စောင့်ကြည့်ချင်သေး၍ အောင့်အည်းမျိုသိပ်နေလိုက်ရသည်။ ယခုအချိန် မောင်ညွန့်ရှိပါက မည်မျှကောင်းလိုက်မည်နည်း၊ မောင်ညွန့်ကို ကြွားလိုက်ရလျှင် ဝမ်းသာရလိမ့်မည်။

မောင်ညွန့်၏အကြောင်းကို တွေးလိုက်မှ မောင်ညွန့်ကို မြင်ယောင်မိသည်။ မောင်ညွန့်သည် ကျောင်းသို့ ပြန်လာရန် ပြင်ဆင်နေသည်ကို တွေ့ရသည်။ အောင်ပြည့် အလွန်ဝမ်းသာမိပါသည်။ မောင်ညွန့် ရောက်လာပါက မိမိ၏ အမြင်အာရုံ မှန်ကန်မှုကို ဝမ်းသာရမည့်အပြင် သူငယ်ချင်း ပြန်ရောက်လာခြင်းအတွက်လည်း ဝမ်းသာရတော့မည်ဖြစ်သည်။ ထိုနေ့က မောင်ညွန့် ရောက်မည့်ရက်ဖြစ်သည်။ မိမိအာရုံရလာသည်ကို အဘိုး သိအောင် ပြောချင်လှသော်လည်း မဝံ့မရဲဖြစ်သဖြင့် တရားတစ်ချိန် ထိုင်ပြီးသည်နှင့် အပြင်ထွက်ရန် အဘိုးထံ ခွင့်တောင်းရသည်။

'အဘိုး··ဒီနေ့ မောင်ညွန့် ရောက်မယ်။ ကျွန်တော် တောင် အောက်ကဆင်းပြီး ကြိုချင်လို့ တောင်အောက်ကို ဆင်းခွင့်ပြုပါ အဘိုး'

အဘိုးသည် မျက်နှာဝင်းပလျက် ကျေနပ်စွာပြုံးပြီး ကြည့်ရင်း ပြောပါသည်။

'ငါ့မြေးက အတော်ခရီးပေါက်နေပြီပဲ။ ဟုတ်တယ်၊ မောင်ညွန့် အင်ကြင်းတောထိပ်ကို ရောက်နေပြီ။ သွားကြိုလိုက်ပါ။ နောက်ပြီး အာရုံရပြီဆိုပြီး စိတ်နဲ့ ဝီရိယမလျှော့လိုက်နဲ့နော်။ ဆက်ကြိုးစားပါ'

အောင်ပြည့်သည် အဘိုးကို နှုတ်ဆက်ပြီး တောင်အောက်သို့ ဆင်းခဲ့သည်။ လမ်းဆုံရှိ အင်ကြင်းပင်ကြီးတစ်ပင်အောက်တွင် အရိပ်ခိုရင်း တောင်အောက်သို့ ငေးကြည့်နေခဲ့သည်။ နာရီဝက်ခန့်အကြာတွင် အဝေးမှ လာနေသော မောင်ညွန့်ကို မြင်လိုက်ရသည်။ မောင်ညွန့်ဆီသို့ အပြေးသွားလိုက်ကာ မောင်ညွန့်လက်က ပစ္စည်းများကို ခွဲဝေယူလိုက်သည်။ မောင်ညွန့်မှာလည်း အားရဝမ်းသာ အောင်ပြည့်ကို ဖက်လိုက်သည်။

'အောင်ပြည့်၊ ငါ ရွာပြန်ရောက်တော့ ညီကြီးက ထောင်ဆယ်နှစ်ကျသွားပြီ။ ငါကတော့ အပြစ်မရှိတော့ဘူးပေါ့ကွာ'

'ဒါတွေ အဘိုးပြောပြလို့ ငါသိပြီးပြီ။ အခုလည်း အဘိုးက မင်းပြန်လာနေပြီ သွားကြိုပါဆိုလို့ ငါလာကြိုတာ'

'အဘိုးရဲ့ ဒိဗ္ဗစက္ခုပညာကတော့ အံ့မခန်းပညာပဲကွာ။ အရာရာကို ပြေးကြည့်စရာမလိုဘဲ မှန်းကြည့်ရုံနဲ့ သိနေတော့တာပဲ'

'မင်းပြန်လာမယ့်ကိစ္စလောက်တော့ ငါတောင် သိနိုင်နေပြီကွ။ အဘိုးထံက ဒီပညာကို ရအောင်ကြိုးစားခဲ့တာ။ ရသင့်သလောက်တော့ ရနေပါပြီ။ တစ်နှစ်ပြည့်ရင် ပိုမိုထက်မြက်လာတော့မယ်လို့ အဘိုးက ပြောတယ်'

'ဝမ်းသာပါတယ်ကွာ။ ငါကတော့ ဝိပဿနာတရားကိုပဲ စိတ်အားထက်သန်နေတယ်။ တရားမလုပ်နိုင်သေးတာအတွက် စိတ်မကောင်းဖြစ်ရတယ်။ ဒီတစ်ခေါက်တော့ တရားကိုပဲ အားထုတ်တော့မယ်'

'ကောင်းတယ် သူငယ်ချင်း၊ အဘိုးကလည်း တရားအားထုတ်ဖို့ပဲပြောတယ်'

သူငယ်ချင်းနှစ်ယောက် စကားပြောရင်း ကျောင်းသို့ ရောက်ခဲ့သည်။ မောင်ညွန့် ပါလာသော မုန့်များကို ရဟန်းများ ဆွမ်းစားအပြီး ကပ်လှူလိုက်ပါသည်။ နေ့လယ်စာစားအပြီး ဂူထဲတွင် ထိုင်ကြရသည်။ အားလုံး တရားမှတ်နေကြစဉ် အောင်ပြည့်မှာ မန္တန်ကို သတ်မှတ်သည့် အရေအတွက်ပြည့်ရန် စိတ်ဖြင့် ရွတ်နေရသည်။ တရားမှတ်နေသူများအတွက် အနှောင့်အယှက် မဖြစ်စေရန် အသံမထွက်ဘဲ ရွတ်နေကျဖြစ်သည်။ မောင်ညွန့်မှာလည်း ယခုတစ်ခေါက် ပြန်ရောက်သည်နှင့် ယခင်နှင့်မတူတော့ ကြိုးစားမှုရှိလာ

www.burmeseclassic.com

ပါသည်။ အဘိုးမှာ မြေးနှစ်ယောက်၏ တစ်ယောက်တစ်မျိုး ကြိုးစားမှုကို အားရကျေနပ်လျက် ရှိပါသည်။

အောင်ပြည့်သည် မန္တန်ရွတ်ရာတွင် အားလုံးအလွတ်ရနေပြီဖြစ်၍ ယခင်လောက် အချိန်မကြာတော့ပါ။ အောင်ပြည့် မန္တန်ရွတ်၍ တစ်နှစ်ကျော်ကာလသို့ ရောက်ရှိသည်နှင့် အဘိုးက သူတို့နှစ်ယောက်ကိုခေါ်၍ တွေ့ပါသည်။

'ကဲ..ငါ့မြေးကို အဘိုး မေးစရာရှိတယ်။ မင်းရဲ့အမြင်အာရုံ ဘယ်လောက်ရှိပြီဆိုတာ အဘိုးသိချင်တယ်။ နောက်တစ်လအကြာ ကဆုန်လပြည့်နေ့မှာ ထူးခြားချက်တစ်ခုရှိနေတယ်။ ဘာထူးခြားလဲဆိုတာ ငါ့မြေး အာရုံခံကြည့်စမ်းပါ'

အောင်ပြည့်သည် သရဏဂုံကို ရွတ်ဆိုလိုက်ပြီး မျက်စိမှိတ်၍ အာရုံခံကြည့်ပါသည်။ မြင်ကွင်းကို ကြည့်ခါစက ဝေဝါးနေသော်လည်း နောက်ပိုင်း ထင်ရှားလာပါသည်။ ရွှေဝါရောင်သင်္ကန်းဝတ် ရဟန်းနှစ်ပါး ကျောင်းဝင်းအတွင်းသို့ ဝင်လာသည်ကို မြင်နေရသည်။ သူမြင်ရသည့်အတိုင်း အဘိုးကို ပြောပြလိုက်ပါသည်။ အဘိုးက ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်လျက်ရှိပါသည်။

'မှန်ပါတယ်။ ငါ့မြေး အောင်မြင်ပြီ။ အဲဒါ မဟာနန္ဒာက ကြွလာတဲ့ ဦးပဥ္စင်းနှစ်ပါးပဲ။ သူတို့က ဟိမဝန္တာတောစပ်မှာ တရားရှာနေကြတာ။ သူတို့နေရာကို မဟာနန္ဒာလို့ ခေါ်တယ်။ အဲဒီနေရာမှာ တရားရှာရင်း သောတာပန်ဖြစ်တဲ့လူ များတယ်။ သူတို့ပြန်ရင် တို့ကျောင်းက ရဟန်းနှစ်ပါး လိုက်သွားကြမယ်'

အဘိုး၏ စကားကို နားထောင်ရင်း အောင်ပြည့်က မျက်စိမှိတ်၍ အာရုံခံကြည့်ပါသည်။ သူ၏အာရုံတွင် မြင်ရချက်ကြောင့် ထိတ်လန့်ပြီး အဘိုးကို မေးလိုက်မိသည်။

'အဘိုး..ဒီကျောင်းက ရဟန်းနှစ်ပါးအပြင် အဘိုးပါ လိုက်သွားတယ်လို့ မြင်နေရတယ်။ အဘိုး တကယ်လိုက်သွားမှာလား အဘိုးရယ်'

'ဟုတ်တယ်။ ငါ့မြေးမြင်တာ အမှန်ပဲ'

'ဒါဆို အဘိုးက ကျွန်တော်တို့နှစ်ယောက်ကို ထားသွားတော့မှာလား အဘိုးရယ်'

'စိတ်မကောင်းမဖြစ်ပါနဲ့ ငါ့မြေးတို့ရယ်၊ အဘိုးလိုက်သွားမယ့် စကားကို ပြောမထွက်လို့ စကားအစပျိုးခဲ့ရတာပါ။ လူ့ဘဝမှာ အချိန်တန်ရင် ခွဲကြရမှာချည်းပါ။ အဘိုးအတွက် အချိန်သိပ်မရှိတော့ဘူး။ ဒီတော့ ကျန်ရှိနေတဲ့အချိန် မဟာနန္ဒာမှာ တရားမှတ်ခွင့်ရအောင် အနှစ်နှစ်အလလ ကြိုးစားခဲ့ရတာ အခုမှ အခွင့်ရတာပါ'

'အဘိုးအတွက် ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အားငယ်တာတော့ အမှန်ပဲ အဘိုးရယ်'

'ငါ့မြေး အောင်ပြည့်ကို အဘိုးပြောချင်တာရှိတယ်။ မင်းဟာ အခု ဒိဗ္ဗစက္ခုပညာကို ရနေပြီ။ ဒါပေမဲ့ နောက်ငါးနှစ် မပြည့်မချင်း ဒိဗ္ဗစက္ခုအမြင်နဲ့ မင်းကိုယ်မင်း ပြန်မကြည့်ရဘူး။ မကြည့်ပါဘူးလို့ အဘိုးကို ကတိပေးရမယ်'

'ဘာကြောင့်ပါလဲ အဘိုးရယ်'

'နောက်ငါးနှစ်အတွင်း မင်းကိုယ်မင်း ပြန်ကြည့်မိရင် မင်း အဘိုးနောက်ကို လိုက်လာမှာစိုးလို့ပါ'

'ကျွန်တော်က အဘိုးနောက်ကိုလိုက်ရင် မကောင်းဘူးလား အဘိုး'

'သူ့အချိန်နဲ့သူ ရှိတယ်။ အဘိုး မဟာနန္ဒာကို သွားချင်နေတာ ကြာပြီ။ ဒါပေမဲ့ အချိန်မကျသေးတော့ စောင့်ရတာပေါ့။ ဒီတော့ အဘိုးစကားကို နားထောင်ပြီး အဘိုးတောင်းတဲ့ ကတိကိုပေးပါ။ ဒီအချိန်မှာ မင်းတို့နှစ်ယောက်က ဝိပဿနာတရားကို ကြိုးစားရမယ်။ အချိန်ကျတဲ့အခါရောက်ရင် မင်းတို့လည်း အဘိုးနောက်ကို လိုက်ရမှာပဲ။ မဟာနန္ဒာကို လိုက်ခွင့်ရအောင် ဒီမှာကြိုးစားပါ။ ကြိုးစားမှုကြောင့် မဟာနန္ဒာ လိုက်ရပြီဆိုရင်လည်း တရားကို ရအောင်ယူကြဖို့ အဘိုး မှာပါရစေ'

'အဘိုးတောင်းတဲ့ ကတိကိုလည်း ပေးပါတယ်။ အဘိုးစကားကိုလည်း နားထောင်ပါ့မယ်။ ကျွန်တော် အဘိုးနောက်ကိုလိုက်ရင် မောင်ညွန့်ကို တစ်ယောက်တည်း ထားခဲ့ရမှာလား အဘိုး'

'အေး..တစ်ခါတည်း ပြောလိုက်မယ်။ မင်းတို့ သေသေချာချာ မှတ်ထားကြ။ အဘိုးသွားပြီး ငါးနှစ်ကြာရင် အောင်ပြည့် လိုက်ခွင့်ရမယ်။ အောင်ပြည့် ဟိုကိုရောက်လို့ ငါးနှစ်ကြာမှ မောင်ညွန့် လိုက်ခွင့်ရမယ်။ ဒါကလည်း နိယာမတရားတွေပဲ။ တို့က ဧည့်သည်တွေဆိုတော့ အချိန်တန်တော့ အိမ်ပြန်ရမှာပဲလေ'

အဘိုး၏ စကားကို ကြားပြီး စိတ်မကောင်းဖြစ်ရသည်။ သေသေချာချာ စဉ်းစားကြည့်မှ အဘိုး၏ စကား

www.burmeseclassic.com

www.burmeseclassic.com

ကို သဘောပေါက်ပါသည်။ လူ့ဘဝတွင် နေရစိုက် တရားကို ရအောင်ရှာနိုင်မှ လူဖြစ်ကျိုးနပ်ပေမည်။ သည်ဘဝတွင် တရားကို ရအောင်ယူသွားနိုင်မှ နောင်ဘဝအတွက် ဘဝလှပပေလိမ့်မည်။ အဘိုးသည် သူ၏ နောင်ဘဝလှပရေးအတွက် တရားရအောင် ရှာသွားပေလိမ့်မည်။ တရားသဘောနှင့်ဆင်ခြင်မှ ဝိပဿနာတရား၏ အရေးပါမှုကို သဘောပေါက်ရသည်။ ဝိပဿနာတရားစစ် တရားမှန်ရှိနေပါလျက် လမ်းလွဲလိုက်မိပါက လူဖြစ်ကျိုးနပ်မည် မဟုတ်တော့ပေ။ ဒိဋ္ဌစက္ခုရရှိရေးကို အလေးထားပါက အရေးပါသည့် တရားများအတွက် နောင့်နှေးနိုင်မည်ဖြစ်၍ လောကီရေးရာကိုလျှော့ပြီး ဝိပဿနာကိုသာ အဓိကထားရန်လိုအပ်ကြောင်း သဘောပေါက်မိပါတော့သည်။

ကဆုန်လပြည့်နေ့တွင် အဘိုး ကြိုတင်ပြောထားသကဲ့သို့ မဟာနန္ဒာမှ ရဟန်းနှစ်ပါး ကြွရောက်လာပါသည်။ ရဟန်းတော်များမှာ အသက်အရွယ် ငယ်သေးသော်လည်း တရားပြည့်ဝနေပုံရသည်။ ကျောင်းရှိ ကျောင်းထိုင်ဆရာတော်ကြီး ကိုယ်တိုင်ကပင် ရဟန်းတော်နှစ်ပါးအား လေးစားသည်ကို တွေ့ရသည်။ ရဟန်းတော်နှစ်ပါး အပြန်တွင် ကျောင်းမှ ရဟန်းနှစ်ပါးနှင့်အတူ အဘိုးပါ လိုက်ပါသွားတော့သည်။

အဘိုး သွားမှ အောင်ပြည့်နှင့် မောင်ညွန့်တို့ တရားသဘောကို ပိုမိုနားလည်ကာ ကြိုးစားကြရတော့သည်။ အောင်ပြည့်မှာ အဘိုးမရှိတော့မှ အဘိုးပြောသည့် တရားကို နားလည်ခဲ့ပြီး အဘိုးကို တမ်းတမိပါတော့သည်။ အဘိုးရှိစဉ်က တရားကို နှစ်နှစ်ကာကာ မလုပ်မိဘဲ ဒိဋ္ဌစက္ခုနောက်သို့လိုက်ရင်း အချိန်ကုန်လွန်ခဲ့သည်များအတွက် နောင်တရမဆုံးအောင် ရှိပါတော့သည်။ အဘိုးကို တမ်းတလေ တရားကို ပိုမိုကြိုးစားရင်း အဘိုးကို မေ့နိုင်ခဲ့သည်။

'ဘာလိုလိုနဲ့ အဘိုးထွက်သွားတာ ငါးနှစ်ရှိပြီနော်'

မောင်ညွန့်က အမှတ်တမဲ့ ပြောလိုက်ခြင်းဖြစ်သော်လည်း အောင်ပြည့်တစ်ကိုယ်လုံး တုန်လှုပ်သွားပါသည်။ အဘိုး မှာခဲ့သည့်စကားကို ချက်ချင်းသတိရမိသည်။ အမြင်အာရုံကိုမကြည့်ရန် ပိတ်ပင်ထားသည့်ကာလ ပြည့်သွားပြီဖြစ်သည်။ အဘိုး တားမြစ်ထားသောရက်များ ကုန်ဆုံးလွန်မြောက်ပြီဖြစ်၍ ရှေ့ဖြစ်ကိုကြည့်လိုက ကြည့်နိုင်ပြီ ဖြစ်ပါသည်။



တရားရှုမှတ်ရင်း မိမိ ရှေ့ဘဝဖြစ်မည်ကို အာရုံခံကြည့်လိုက်မိသည်။ ဘုရား..ဘုရား..သူမြင်လိုက်ရသည့် မြင်ကွင်းကြောင့် တုန်လှုပ်သွားသည်။ အာရုံတွင် အဘိုးကို မြင်နေရသည်။ အဘိုးကို မြင်ရုံသာမက အဘိုးပြောသည့် စကားကိုပင် ကြားနေရသည်။

'ငါ့မြေး..အဘိုး သွားဖို့အချိန်တန်ပြီ။ ကောင်းသောသွားခြင်းနဲ့ အဘိုးသွားရတော့မယ်။ အဘိုးရည်ရွယ်ချက်အောင်မြင်ပါတယ်။ ဒီတစ်ခါ ငါ့မြေးရဲ့ အလှည့်ပဲ။ ဒီနေ့ရောက်လာမယ့် ရဟန်းနှစ်ပါးနဲ့ လိုက်ခဲ့ပါ။ မင်းမှာလည်း အချိန်သိပ်မကျန်တော့လို့ ဒီကို မြန်မြန်ရောက်အောင်လာပြီး တရားရအောင် ကြိုးစားပေတော့။ အဘိုးနှုတ်ဆက်ခဲ့ပါတယ်'

စကားဆုံးသည်နှင့် အဘိုး၏ရုပ်ပုံ ပျောက်ကွယ်သွားပါသည်။ မိမိသွားရတော့မည်ကို သတိရမိသည်။ အဘိုးပြောသည့်အတိုင်း မိမိကိုယ်မိမိ ပြန်ကြည့်ပါက ရှင်သန်ခွင့်မကျန်တော့ကြောင်း သိလိုက်ရသဖြင့် တရားကို ရအောင် အမြန်ကြိုးစားရပေတော့မည်။ အဘိုးအတွက် သူ့အတွက်ပါတွေးရင်း စိတ်မကောင်းဖြစ်နေရပါသည်။ တရားနှင့်ဆင်ခြင်နှစ်သိမ့်နေရပါသည်။

နောက်နေ့တွင် မဟာနန္ဒာက ရဟန်းနှစ်ပါး ကြွရောက်လာပါသည်။ ထိုရဟန်းများအပြန်တွင် အောင်ပြည့်လိုက်ရတော့မည်ဖြစ်သည်။ မောင်ညွန့်က အောင်ပြည့်ကို ကြည့်ရင်း စိတ်မကောင်းဖြစ်နေသည်။

'အောင်ပြည့်..မင်း ငါ့ကို တကယ်ထားခဲ့တော့မှာလား'

'ဒါဟာ သဘာဝပဲ သူငယ်ချင်းရယ်၊ မင်းမိဘတွေလည်း မင်းကို ထားခဲ့ရတာပဲမဟုတ်လား။ အဘိုးလည်း

www.burmeseclassic.com

တို့ကို ထားခဲ့တာပဲလေ။ ဒီတော့ ငါ မင်းကို ထားခဲ့တာ ဘာအဆန်းသလဲ။ မင်းကို အခုထားခဲ့တာက ခဏပါကွာ။ မင်းလည်း တစ်နေ့ ငါ့နောက်ကို လိုက်ရမှာပဲ။ အဘိုးက ဘဝကူးတော့မှာ။ အဘိုး ဘဝမကူးခင် မှီလိုမှီငြား ငါ လိုက်သွားရတော့မယ်'

'ငါပါ လိုက်လို့မရဘူးလား အောင်ပြည့်'

'အဘိုးမှာခဲ့တဲ့အတိုင်း ပြောရရင် နောက်ငါးနှစ်ကြာမှ မင်းလိုက်လာရမှာပါ။ အချိန်ပြည့်အောင်တော့ စောင့်ရမှာပေါ့။ မင်း သေသေချာချာ မှတ်ထားပါ။ နောက်ငါးနှစ်ကြာရင် မဟာနန္ဒာက ရဟန်းတစ်ပါး မင်းကို လာခေါ်မှာပါ။ ဟိုရောက်ရင် တရားထူးရအောင် ကြိုးစားခွင့်ရမယ်။ ဒီငါးနှစ်အတွင်း ဒီမှာပဲ အထူးကြိုးစားပေါ့ကွာ။ မင်းကို ငါ တစ်ခါတည်း နှုတ်ဆက်လိုက်တယ် သူငယ်ချင်း'

မဟာနန္ဒာက ရဟန်းများ အပြန်တွင် အောင်ပြည့် လိုက်သွားရသည်။ အောင်ပြည့် မရှိတော့သည့်နောက် မောင်ညွန့် တရားသဘောပေါက်လာသည်။ ဘယ်အရာမှ မမြဲသော သင်္ခါရတရားကို မြင်လာသည်။ အဘိုး ကွယ်ပျောက်တော့မည်။ အဘိုး ပြီးတော့ အောင်ပြည့် ကွယ်ပျောက်ဦးမည်။ နောက်တော့ သူ့အလှည့် ရောက်တော့မည်။ ထိုတရားသည် အစစ်အမှန်ဖြစ်၍ မည်သူမှ တားဆီး၍ ရမည်မဟုတ်သော တရားအစစ်ဖြစ်သည်။ တစ်ယောက်တည်းကျန်ခဲ့ရ၍ အားငယ်သလို ခံစားရသော်လည်း စကားပြောဖော် မရှိတော့သဖြင့် တရားအလုပ်ကို အာရုံစူးစိုက်၍ လုပ်ခွင့်ရပါသည်။ မည်သူနှင့်မျှ စကားမပြောတော့ဘဲ ဝစီပိတ် တရားကျင့်ခဲ့သည်။ တရားအာရုံ ရပါများပြီး တရားကို တွေ့ရ၍ ကြည်နူးဝမ်းသာရပါသည်။ တရားကိုမြင်လေ တရားနောက် လိုက်ချင်လေ ဖြစ်၍ အချိန်ပြည့် တရားကို နှလုံးသွင်းမိသဖြင့် အချိန်များ ကုန်မှန်းမသိ ကုန်ဆုံးခဲ့ပါသည်။

ဖြစ်ပြီး ပျက်နေသော လောကတွင် တစ်ရက်ပြီး တစ်ရက် ပြောင်းသလို တစ်နှစ်ပြီးတစ်နှစ် ပြောင်းခဲ့ရာ ငါးနှစ်တာကာလသည် ကြာလိုက်သည်ဟုပင် မထင်ရပါ။ မဟာနန္ဒာက ရဟန်းတစ်ပါး ရောက်လာမှ သူ မဟာနန္ဒာသို့ လိုက်ရတော့မည်ကို သိလိုက်ရသည်။ မဟာနန္ဒာသို့ ရောက်ချင်လှပါသည်။ မဟာနန္ဒာသို့ရောက်မှ အဘနှင့် အောင်ပြည့်တို့ကို တွေ့ရမည်။ ထို့ထက်အရေးကြီးသည်က တရားကို တွေ့ဖို့သာ ဖြစ်သည်။

မဟာနန္ဒာသို့ ရောက်သည့်အခါ အတူလာသည့် ရဟန်းက မောင်ညွန့် နေရမည့်နေရာသို့ လိုက်ပို့ပါသည်။ သူနေရမည့်နေရာထက် သူတွေ့လိုသူကိုသာ တွေ့လိုသဖြင့် ရဟန်းကို တောင်းပန်လိုက်ရသည်။

'အဘိုးနဲ့ အောင်ပြည့်ကို တွေ့ချင်တယ်။ အဲဒီနေရာကို ပို့ပေးပါ'

ရဟန်းကလည်း မောင်ညွန့်ကို လမ်းညွှန်ပါသည်။

'ဒီတောင်ရဲ့အောက်ကို ဆင်းသွားပါ။ ဟိုမြင်ရတဲ့ သင်္ချိုင်းအနီးမှာ သူတို့ကို တွေ့ရမှာပါ'

မောင်ညွန့်သည် သူငယ်ချင်းနှင့် အဘိုးကို တွေ့ရတော့မည်ဖြစ်၍ အားရဝမ်းသာ ထွက်ခဲ့သည်။ တောင်အောက်သို့ရောက်၍ သင်္ချိုင်းကို မြင်နေရသော်လည်း သူတွေ့ချင်သူများကို မတွေ့ရ၍ လှည့်ပတ်ရှာကြည့်မိသည်။

သင်္ချိုင်းတွင်နားခိုရင်း သူတွေ့မြင်လိုက်ရသည်မှာ-

'ဦးသက်ရှည်၊ အသက်(၈၈)နှစ်'

'ဦးအောင်ပြည့်၊ အသက်(၄၈)နှစ်'

အုတ်ဂူနှစ်လုံးမှာ ယှဉ်တွဲလျက် ရှိနေပါသည်။ သူတို့နှစ်ဦး၏ ဘဝများသည် ငြိမ်းချမ်းခဲ့လေပြီ။ သူတို့၏ ကျင့်ကြံအားထုတ်မှုအရ သူတို့ တရားအမြတ်ရရှိမှာ သေချာသည်ဟု သူယုံကြည်ပါသည်။ မိမိလည်း တစ်နေ့ သူတို့နောက်သို့ လိုက်ရမည်ဖြစ်၍ အထူးဝမ်းနည်းစရာမရှိပါ။ မိမိနေထိုင်ရမည့် အဆောင်သို့ ပြန်ခဲ့သည်။ အဆောင်သို့ ဝင်လိုက်သည်နှင့် မဟာနန္ဒာသို့ ခေါ်လာသော ရဟန်းက သူ့ကို ပြောလိုက်သည်။

'အလာလမ်းရှိသလို အပြန်လမ်းဆိုတာလည်း ရှိတယ်။ ဒကာကြီး နှစ်ယောက်ကတော့ အောင်မြင်စွာပြန်သွားနိုင်ကြပြီ။ ဒကာလည်း သူတို့လို အပြန်လမ်း ကောင်းဖို့ ကြိုးစားပေတော့'

'အပြန်လမ်း ကောင်းဖို့'

မောင်ညွန့်နှုတ်က တိုးတိုးလေး ရေရွတ်လိုက်သည်။ ဟုတ်သည်။ အပြန်လမ်း ကောင်းအောင် သူကြိုးစားရပေတော့မည်။

ကောင်းဆော်



www.burmeseclassic.com